အခြားပိဋကဝင်ကျမ်းများ၌ ဗုဒ္ဓ၏အတိတ်ဘဝဖြစ်စဉ်များ၊ ဗုဒ္ဓကိုယ်တိုင် ဟောကြား ထားခဲ့သည်တို့ကို ထည့်သွင်း ဖော်ပြ ထားပါလျက် ဤအဓိကကျသည့် ဇာတကပါဠိတော်၌ ဗုဒ္ဓ၏ အတိတ်ဘဝဇာတ်ဝတ္ထုကြောင်းများ ပူးတွဲဖော်ပြမထားသည်မှာ စဉ်းစားဘွယ်ဖြစ်သည်။ ဇာတ်ဝတ္ထုများကို ဗုဒ္ဓကိုယ်တိုင် အမှန်တကယ် ဟောခဲ့ပါ၏လော စသည့်ပြဿနာများလည်း ပေါ်ပေါက်စေသည်။ ဗုဒ္ဓသည် မိမိမျက်မှောက်ရှိ တပည့်သာဝက မထေရ်များနှင့် ပတ်သက်ပြီး ဂါထာများဖြင့် ဟောကြားခဲ့သည့် တရားဒေသနာများကို တစုတည်းပေါင်း၍ ဖော်ပြထားသည့် "ဓမ္မပဒကျမ်း"၌ မည်သည့် မထေရ်နှင့် ပတ်သက်၍ မည်သည့်အကြောင်းကြောင့် မည်သည့်ဂါထာများကို ဟောကြားခဲ့ကြောင်း ဝတ္ထုကြောင်းများ မပါရှိသည်မှာ ပို၍ပင် ထူးဆန်းသည်။ ဤအချက်ကို ထောက်ရှု၍ ပါဠိစာပေကို မှတ်တမ်း တင်ရာတွင် ဟာကွက်အချို့ရှိသည်ဟု ယူဆဘွယ် ဖြစ်ပေသည်။

ဇာတကအဋ္ဌကထာ

ဇာဝံတ်အဋ္ဌကထာဟုပင်ခေါ်တွင်သည်။ ဇာတကပါဠိတော်လာဂါထာများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းသည့်အပြင် ယင်းဂါထာများ ပေါ်ပေါက်ရာ အတိတ်ဇာတ်ကြောင်းတို့ကိုပါ ထည့်သွင်း ဖော်ပြထားသည်။ ဇာတကပါဠိတော်တွင်ဇာတ်ဝတ္ထုများမပါ၊ ဂါထာများသာပါရှိပြီး ဤဇာတ်အဋ္ဌကထာ၌သာ ဇာတ်ဝတ္ထုများပါဝင်သည်။ ဇာတ်အဋ္ဌကထာတွင် ဗုဒ္ဓသည် မည်သည့် အရပ်၌ သီတင်းသုံးစဉ်၊ မည်သည့် အဖြစ်အပျက်ကို တွေ့မြင်၍ မည်သူ့ကို အကြောင်းပြုပြီး မည်သည့် ဇာတ်ကို ဟောကြားကြောင်း ဇာတ်ဝတ္ထု၏ အချိန်နှဒါန်းကိုပါ ဖော်ပြပေသည်။

ဇာတ်အဋ္ဌကထာသည် မည်သည့်ခေတ်က ပေါ်ပေါက် လာခဲ့သနည်း။ ဗုဒ္ဓသာသနာ့သမိုင်းနောက်ကြောင်းကိုသုံးသပ်ကြည့်မှရှင်းမည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက်၊ နှစ်ပေါင်း ၁၅၀ ခန့်အကြာ ဘီစီ ၃ ရာစုတွင် အိန္ဒိယနိုင်ငံ၌ အသောက(ဓမ္မာသောက၊သီရိဓမ္မာသောက)မင်းတရားကြီးသည် သာသနာတော် တိုးတက် ပြန့်ပွားရေးအတွက် တတိယသင်္ဂါယနာ တင်ပြီးနောက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့သည်။ သီဟိုဠ်ကျွန်းသို့ သာသနာပြုတာဝန်ကျသူကား အသောကမင်းတရားကြီး၏သားတော် အရှင်မဟိန္ဒမထေရ်ဖြစ်သည်။ ရှင်မဟိန္ဒသည် တတိယ သင်္ဂါယနာမှ တည်းဖြတ် သုတ်သင်အပ်သော ပိဋကတော်များသာမက ယင်းတို့၏အဖွင့်အဋ္ဌကထာများကိုပါ သီဟိုဠ်ကျွန်းသို့ယူဆောင်သွားသည်ဟု သီဟိုဠ်မှတ်တမ်းများကဆိုသည်။

အသောကမင်းကြီး နတ်ရွာစံပြီးနောက် နှစ်ပေါင်း အတော်ကြာသော် အိန္ဒိယပြည်၌ဗြာဟ္မဏဝါဒ ကြီးထွားလှမ်းမိုးလာ၍ ဗုဒ္ဓသာသနာမှာတဖြည်းဖြည်း ဆုတ်ယုတ်လာပြီး ကွယ်လုနီးပါးဖြစ်သွားသည်။ ထိုအခါ သီဟိုဠ်ကျွန်းသည် ဗုဒ္ဓသာသနာအတွက် ထောက်တည်အားထားခိုလှုံရာဌာနဖြစ်လာသည်။ ရှင်မဟိန္ဒလာပြီး သာသနာပြုချိန်မှ စ၍ သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓသာသနာတဟုန်ထိုး တိုးတက်ထွန်းကားလာခဲ့သည်။ ဘီစီ ၁၀၁-၇၇ အတွင်း သီဟိုဠ်ကျွန်းတွင် ထီးနန်းစိုးစံသော "အဘယဝဋ္ဋဂါမဏိ" မင်းလက်ထက်၌ စတုတ္ထအကြိမ် သင်္ဂါယနာတင်ခြင်း ပြုလုပ်သည်။ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်သည်သာမက မပျောက်မပျက်ထိန်းသိမ်းနိုင်ရန် ပေထက် အက္ခရာတင်ခဲ့သည်။ သီဟိုဠ်ရဟန်းတို့သည် ပါဠိပိဋကတ်တော်များကို အပတ်တကုတ် လေ့လာကြသည်။ နောက် မိမိတို့ သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုကြပြီး လေ့လာ

သင်ကြား ပို့ချကြသည်။ ပိဋကများ လေ့လာရာတွင် အထောက်အကူပြုမည့် အကျဉ်း၊ အကျယ်၊ အဖွင့်၊ ဂန္ထဋ္ဌရကျမ်း မြောက်မြားစွာတို့ကို ရေးသားပြုစုကြသည်။ "ပိဋက တတ်လိုလျှင် သီဟိုဠ်သွား" ဟု ဆောင်ပုဒ် ပြုလောက် အောင်ပင် သီဟိုဠ်ကျွန်းသည် ဗုဒ္ဓသာသနာ ပါဠိစာပေ ထိန်းသိမ်း စောင့် မျှောက် ကာကွယ်ရာ ဌာနကြီး ဖြစ်လာသည်။

အေဒီ ၅ ရာစုလောက်တွင် အိန္ဒိယပြည် ဗုဒ္ဓသာသနာမှာ ကွယ်လုနီး ဖြစ်နေသည်။ ထိုအချိန်၌ အိန္ဒိယပြည်၌ ဗောဓိမဏ္ဍိုင်အနီးရှိ ဒေသတွင် နောင်အခါ အဋ္ဌကထာဆရာကြီး "ဗုဒ္ဓဃောသ" ဟု ကျော်ကြားလာသည့် ဗြာဟ္မဏပုဂ္ဂိုလ်ထူးတဦး ပေါ်ထွန်းသည်။ သူသည် ရှင်ရေဝတမထေရ်ထံ ရဟန်းပြု၍ ဗုဒ္ဓစာပေကို ဆည်းပူးသည်။ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်၍ မကြာမီ ပိဋကပါရဂူ ဖြစ်လာသည်။ သူသည် အလွန် ခက်ခဲ နက်နဲသော အဘိဓမ္မာပိဋက၏ ပထမဆုံးကျမ်း ဓမ္မသင်္ဂဏီ၏ အဖွင့် နာမည်ကျော် "အဋ္ဌသာလိနီ" ကျမ်းကို ရေးသားသည်။

ထိုအချိန်တွင် အိန္ဒိယပြည်၌ စာဆိုအရ ပါဠိပိဋကတ်တော်ကျမ်းများသာ ရှိပြီး ပါဠိတော်၏ အဖွင့် အဋ္ဌကထာကျမ်းများမရှိ ဖြစ်နေသဖြင့် ဗုဒ္ဓဃောသ သည် ဆရာရေဝတမထေရ်၏ တိုက်တွန်းချက်အရ သီဟိုဠ်ကျွန်း၌ သီဟိုဠ် ဘာသာဖြင့် ရှိနေသော အဋ္ဌကထာကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆို ရေးသားရန် သီဟိုဠ်ကျွန်းသို့ ကူလေ၏။ ယင်းအဋ္ဌကထာ ကျမ်းများကား မူလက ပါဠိဘာသာဖြင့် ရှိခဲ့ပြီး ရှင်မဟိန္ဒဒေါင့်အတူ သီဟိုဠ်ကျွန်းသို့ ရောက်ရှိ သွားသည်ဟု သီဟိုဠ်ပညာရှင်များက ဆိုသည်။

ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း အနုရာဓပြိုရှိ မဟာဝိဟာရကျောင်းတွင် သံဃပါလ မထေထံ၌ သီဟိုဠ်ဘာသာဖြင့် ရှိသော ယင်းအဋ္ဌကထာကျမ်းများ ကို လေ့လာဆည်းပူးပြီး ပါဠိဘာသာသို့ပြန်ဆိုရေးသားခွင့် တောင်းခံသည်။ သီဟိုဠ်ရဟန်းများက သူ့မှာ ယင်းသို့ ရေးသားနိုင်စွမ်းရှိမရှိ စမ်းသပ်လို၍ ပါဠိ ကျမ်းတစောင် ရေးခိုင်းသည်။ဗုဒ္ဓဃောသသည်ခက်ခဲနက်နဲလှသည့် အဘိဓမ္မာ နှင့်ပတ်သက်သော နာမည်ကျော် "ဝိသုဒ္ဓိမဂ်"(ဝိသုဒ္ဓိမဂ္ဂ) ကျမ်းကိုရေးသား တင်ပြသည်။သီဟိုဠ်ရဟန်းများလက်ဖျားခါရသည့်ကျမ်းကြီးတဆူဖြစ်၍ပိဋက ကျမ်းများ၏ အဖွင့် အဋ္ဌကထာ ကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုခွင့် ရလေသည်။

သူသည် သီဟိုဠ် အဋ္ဌကထာများကို ပါဠိဘာသာဖြင့် ပြန်ဆိုရေးသား ခဲ့သည်။ ယင်းကျမ်းများတွင် ဇာတကပါဠိတော်၏ အဖွင့်ဖြစ်သော ဇာတ်

အဋ္ဌကထာကျမ်းလည်းပါဝင်သည်။ "ဇာတကဋ္ဌကထာ"ဟုဎင်၊ "ဇာတကတ္ထဝဏ္ဏနာ"ဟုဎင်း ခေါ်သည်။ ဇာတကဋ္ဌကထာကျမ်း၏ ရေးဟန် ဖွဲ့နွဲ့ဟန်တို့ကို စိစစ်ကြည့်သော် ယင်းကျမ်းသည်ဗုဒ္ဓဃောသ၏လက်ရာမဟုတ်နိုင်၊အမည်မသိ မထေရ်တပါး၏ လက်ရာဖြစ်သည်ဟူ၍ ပါဠိသုတေသီအချို့က ယူဆကြသည်။

မည်သို့ပင်ဖြစ်စေ ယင်းကျမ်းသည် သီဟိုဠ် အဋ္ဌကထာကျမ်းတွင် ဇာတ်ပါဠိတော်(ပါဋဇာတ်)လာ ဂါထာများကို အနက်အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုရုံသာမက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓလက်ထက်တွင် ဖြစ်ပျက်ခဲ့သော ပစ္စုပ္ပန်ဝတ္ထုဇာတ်လမ်းများ၊ ယင်းဝတ္ထုများကဲ့သို့ပင် ဗုဒ္ဓမဖြစ်မီက ပါရမီဖြည့် ဆည်းပူးခဲ့သည့် ရှေးရှေးဗောဓိသတ္တ အလောင်းတော်ဘဝများ၌ အလားတူ ဖြစ်ပျက်ခဲ့သော အတိတ်ဝတ္ထု (ဇာတ်ဝတ္ထု) ဇာတ်လမ်းများ၊ ယင်းဝတ္ထုနှစ်ခု အသီးသီးပါ ဇာတ်ဆောင်များကို "အတိတ်ဘဝက မည်သူသည် ယခုဘဝ၌ မည်သူ ဖြစ်ကြောင်း" ဇာတ်ပေါင်းခန်းများ ထည့်သွင်းဖော်ပြထားပေသည်။

ယင်းဇာတ်အဋ္ဌကထာ၌ ဇာတ်ပါဠိတော်အတိုင်းပင် နိပါတ် (နိပါတ) ခေါ် အခန်းကဏ္ဍများ ၂၂ ခု ခွဲခြားထားသည်။ ဧကနိပါတ်၊ ဒုကနိပါတ်စသည်ဖြင့် ဂါထာ ၁ ခု၊ ၂ခု စသည် ပိုများလာသည့် ဂါထာအရေအတွက်ကိုလိုက်၍ ယင်းသို့ အမည်ပေးခြင်း ဖြစ်သည်။ ဧကနိပါတ်မှ အသီတိနိပါတ် အထိ ရှေ့ဆုံးနိပါတ် ၂၁ ခုတွင် ဇာတ်ပေါင်း ၅၂၇ ဇာတ် ပါဝင်ပြီး နောက်ဆုံးဖြစ်သော မဟာနိပါတ်ခေါ်သည့် အခန်းကဏ္ဍတွင် ကြီးကျယ်ရှည်လျားသည့် ဇာတ်ကြီး ဆယ်ဇာတ်(ဝါ)ဇာတ်ကြီးဆယ်ဘုံ ပါဝင်သည်။

ယင်းနိပါတ် ၂၂ ခု၌ ပါဝင်သည့် ဇာတ်ဝတ္ထု အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁)	ဧကနိပါတ်၌ဇာတ်	၁၅၀	(၁၂) ဒွါဒသကနိပါတ်၌ဇာတ် ၁၀
(၂)	ဒုကနိပါတ်၌ဇာတ်	၁၀၀	(၁၃) တေရသကနိပါတ်၌ဇာတ် ၁၀
(၃)	တိကနိပါတ်၌ ဇာတ်	၅၀	(၁၄) ပကိဏ္ဏကနိပါတ်၌ ဇာတ် ၁၃
(၄)	စတုက္ကနိပါတ်၌ဇာတ်	၅၀	(၁၅) ဝီသတိနိပါတ်၌ဇာတ် ၁၄
(၅)	ပဉ္စကနိပါတ်၌ ဇာတ်	၂၅	(၁၆) တိံသနိပါတ်၌ ဇာတ် ၁၀
(၆)	ဆက္ကနိပါတ်၌ ဇာတ်	၂၀	(၁၇) စတ္တာလီသနိပါတ်၌ ဇာတ် ၅
(၇)	သတ္တကနိပါတ်၌ ဇာတ်	၂၁	(၁၈) ပဏ္ဏာသနိပါတ်၌ ဇာတ် ၃
(၈)	အဋ္ဌကနိပါတ်၌ ဇာတ်	၁၀	(၁၉) သဋ္ဌိနိပါတ်၌ ဇာတ် ၂
(၉)	နဝကနိပါတ်၌ ဇာတ်	၁၂	(၂၀) သတ္တတိနိပါတ်၌ ဇာတ် ၂
(၁၀)	ဒသကနိပါတ်၌ ဇာတ်	၁၆	(၂၁) အသီတိနိပါတ်၌ ဇာတ် ၅
(၁၁)	ဧကာဒသကနိပါတ်၌ ဇာတ်	၉	(၂၂) မဟာနိပါတ်၌ ဇာတ် ၁၀

ဇာတ်အဋ္ဌကထာသည် အလွန်ကြီးမားသည့်ပါဠိကျမ်းကြီးဖြစ်သည်။ ယခု မြန်မာနိုင်ငံသုံး ပုံနှိပ်မူအရ အတွဲ ၇ တွဲ ရှိသည်။ ရှေ့ ၅ တွဲ၌ ကနိပါတ်မှ အသီတိနိပါတ်အထိဇာတ်ငယ်ပေါင်း ၅၁၇ ဇာတ် ပါဝင်ပြီး၊ နောက်ဆုံး ၂ တွဲတွင် ဇာတ်ကြီး ဆယ်ဘွဲ့ ပါဝင်သည်။ ယခုလက်ရှိ ဆဋ္ဌသင်္ဂါယနာ ပုံနှိပ်မူအရ ယင်းအတွဲ ၇ တွဲပါ စာမျက်နှာများကို (ရှေ့ဆုံးက ဇာတ်တော် စာရင်း မာတိကာနှင့် နောက်ဆုံးပုဒ်စဉ် အကွာရာဝလိမပါဘဲ) ရေတွက်သော် ရှေ့ဆုံး ၅ တွဲ၌ စာမျက်နှာပေါင်း (၂၅၁၉)ခန့် ပါဝင်၍ နောက်ဆုံး ၂ တွဲမှာ (၇၁၉) မျက်နှာခန့် ပါဝင်သည်။ သို့ဖြစ်၍ ၇ တွဲရှိသော ဇာတ် အဋ္ဌကထာကျမ်းကြီး၌ စာမျက်နှာပေါင်း (၃၂၃၈)ခန့် ပါဝင်သည်။

ဇာတ်ဦးကာများ

ဇာတ် အဋ္ဌကထာကျမ်း၌ ပါရှိသော ခက်ခဲသည့် ပုဒ်ပါဠိများကို အနက် အဓိပ္ပာယ် ဖွင့်သည့် ဦးကာကျမ်း ၂ စောင်ရှိသည်။ (၁) ပထမ ဇာတ်ဦးကာ မှာ သီဟိုဠ်ကျွန်း အနုရာဓမြို့အနောက် ဗဒရတိတ္ထ ဧကျောင်းတိုက်နေ အရှင် ဓမ္မပါလမထေရ် ပါဠိဘာသာဖြင့် ရေးသားသည့် ဇာတ်ဦးကာဖြစ်သည်။ "လိနတ္ထပကာသနီဒီကာ" ဟု ခေါ်သည်။ ပထမဆုံးရေးသားသည့် ဦးကာ ဖြစ်၍ "ဇာတ်ဦးကာဟောင်း" ဟု အမည်ပေးသည်။

(၂) ဒုတိယဇာတ်ဦးကာမှာ မြန်မာနိုင်ငံမင်းတုန်းမင်းကြီးလက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရုပ ကျောင်းတိုက်နေ ရှင်ပညာသာမိ မထေရ် ခေါ် ဒုတိယ မောင်းထောင်ဆရာတော်ပါဠိသာသာဖြင့် ရေးသည့် ဦးကာဖြစ်သည်။ "အသမ္မောဟဝိလာသိနီ" ဟု ခေါ်သည်။ သက္ကရာဇ် ၁၂၃၀ တွင် ရေးသားသည်။ နောက်မှ ပေါ်သည့် ဦးကာဖြစ်၍ "ဇာတ်ဦးကာသစ်" ဟု ခေါ်တွင်သည်။

သက္ကရာဇ် ၈၀၄ ခု၊ အင်းဝ နန်းတက်သည့် နရပတိမင်းလက်ထက် တွင်ရှင်အရိယဝံသ ဓမ္မသေနာပတိမထေရ်သည် ဇာတ်ပါဠိတော်၊အဋ္ဌကထာ၊ ဦးကာကျမ်းများ၌ပါရှိသော ခက်ခဲသည့်အဲနက်အဓိပ္ပာယ်တို့ကိုထပ်မံရှင်းလင်း သော "ဇာတ်ဂဏ္ဌိကျမ်း" ကို ပါဠိ-မြန်မာ ရောပြွမ်း၍ ရေးသည်။ ယင်းဂဏ္ဌိ ကျမ်းသည်။ "ဇာတကဝိသောဓနီ" ဟုဌင်း၊ "အရိယဝံသဇာတ်ဂဏ္ဌိ" ဟုဌင်း ခေါ်တွင်သည်။

ဇာတ်ပါဠိတော်နိသျများ

ဇာတ်ပါဠိတော်နိသျ ၂ ခုရှိသည်။ (၁) သက္ကရာဇ် ၁၁၉၉-၁၂၀၈ တွင် အမရပူရမြို့တွင် နန်းစံသည့် သာယာဝတီမင်း လက်ထက်ပွင့် ကြံခင်းဆရာတော်သည် ဇာတ်ပါဠိတော် နိသျ(ဟောင်း)ကို ရေးသည်။

(၂) နောက် မင်းတုန်းမင်းကြီး လက်ထက်တွင် ပြည်ဆရာတော်က ဇာတ်ပါဠိတော်နိသျ (သစ်)ကို ရေးပြန်သည်။

ဇာတ်အဋ္ဌကထာနိသျများ

ဘိုးတော်ဘုရား လက်ထက်၌ ၎င်း၏ လျှောက်ထား တောင်းပန်ချက်အရ ဇာတ်အဋ္ဌကထာ၏ ဇာ့ကွ်ငယ်ပေါင်း ၅၃၇ ခုသာ ပါဝင်သည့် ကေနိပါတ် မှ အသီတိ နိပါတ်အထိ အခန်း (နိပါတ်) ပေါင်း ၂၁ ခုကို ဆရာတော် ၁၃ပါးတို့အသီးသီးခွဲပြီးပါဠိ မြန်မာတွဲဘက်၍နိသျပြန်ဆိုရေးသားကြသည်။

တောင်တွင်းဆရာတော် ဦးကေသရသည် ကေနိပါတ်ကိုဌင်း၊
ပလိုင်းဆရာတော်သည် ဒုကနိပါတ်ကိုဌင်း၊
မဲထီးဆရာတော်သည် တိကနိပါတ်ကိုဌင်း၊
ရွှေတောင်ဆရာတော်သည် စတုက္ကနှင့် ပဉ္စကနိပါတ်များကိုဌင်း၊
ပထမ ငါးခုန်ဆရာတော် (တောင်လေးလုံးဆရာတော်)သည် ဆက္ကနှင့် သတ္တက နိပါတ်များကိုဌင်း၊
ကတိုးဆရာတော်သည် အဋ္ဌကနှင့် နဝကနိပါတ်များကိုဌင်း၊
ပထမ ဗားကရာဆရာတော်သည် ဒသကနှင့် ဧကာဒသက နိပါတ်များကိုဌင်း၊
ဆုံတား ဆရာတော်သည် ဒွါဒသကနှင့် တေရသက နိပါတ်များကိုဌင်း၊
ပထမ မောင်းထောင် သာသနာပိုင်ဆရာတော်သည် ပကိဏ္ဏကနိပါတ်ကိုဌင်း၊
မုန်တော ဆရာတော်သည် ဝီသတိနှင့် တိံသနိပါတ်များကိုဌင်း၊
ညောင်ကန် ဆရာတော်သည် စတ္တာလီသနှင့် ပဏ္ဏာသ နိပါတ်များကိုဌင်း၊
မင်းရွာ ဆရာတော်သည် သင်္ဌီနှင့် သတ္တတိနိပါတ်များကိုဌင်း၊
ပထမ ဆင်တဲ ဆရာတော်သည်အသီတိနိပါတ်ကိုဌင်း အသီးသီးနိသျများကိုရေးကြသည်။

ထို့ပြင် ဘိုးတော်ဘုရား လက်ထက်၌ပင် ဝက်ခုတ်ဆရာတော်သည် အထက်ဖော်ပြပါကေနိပါတ်မှ အသီတိ နိပါတ်အထိ ၂၁ ခန်းလုံးကိုဂျင်း၊ ဇာတ်ကြီးဆယ်ဘဲ့ ပါဝင်သည့် မဟာနိပါတ်ကိုဂျင်း၊အခန်း ၂၂ခန်းရှိ ဇာတ်အဋ္ဌကထာတခုလုံးကို တပါတည်း နိသျှပြန်ဆို ရေးသားခဲ့သည်။

ဆင်ဖြူရှင်လက်ထက်တွင် ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ မထေရ်သည်လည်း မဟာနိပါတ်ဇာတ်ကြီးဆယ်ဘဲ့ ဇာတ်အဋ္ဌကထာနိသျှကို ရေးသားခဲ့သည်။

တဖန် မြစ်ကွေ့ ဆရာတော်၏ ပိဋကတ်သမိုင်းသစ်၏ မှတ်တမ်းအရ ပင်းယ မဟာ ဥပါလိ မထေရ်လည်း ဇာတ်ကြီးဆယ်ဘဲ့ နိသျှ ရေးခဲ့ကြောင်း သိရသည်။

ဇာတ်နိပါတ်မြန်မာစကားပြေကျမ်းများ

ဇာတ်အဋ္ဌကထာလာ ဇာတ်ဝတ္ထုများကို မြန်မာဘာသာဖြင့် လွယ်ကူစွာ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ မြန်မာစကားပြေသက်သက်ဖြင့် ရေးသားထားသည့် ကျမ်းများရှိသည်။ ဇာတ် အဋ္ဌကထာ တခုလုံးကို တိုက်ရိုက် မြန်မာပြန်ထားသည့် ဘာသာပြန်ဝတ္ထုများဖြစ်သည်။

ဇာတ်ငယ်ပေါင်း ၅၃၇ ဇာတ် ပါရှိသည့် မြန်မာစကားပြေ ဇာတ်နိပါတ်တော်ကျမ်းမှာ ၂ ခုရှိသည်။ (၁) ပိဋကသမိုင်း၌ မုန်တိုင်ဆရာတော်သည် ဇာတ်ဝတ္ထုစကားပြေများကို ရေးသည်ဟု ဆိုသည်။ (၂) ဘိုးတော်ဘုရားလက်ထက် ဒုတိယ ညောင်ကန်ဆရာတော် အရှင်ကဝိန္ဒာဘိဝံသ စီရင်သည့် ဇာတ်နိပါတ်တော် စကားပြေကျမ်းများကား ယခု အများ ဖတ်ရှုသုံးစွဲနေသည့် ကျမ်းများဖြစ်သည်။ မူလဇာတ်အဋ္ဌကထာ၏ ပထမ ၅ တွဲကို တတွဲချင်း မြန်မာပြန်ထားခြင်းဖြစ်၍ ဇာတ်နိပါတ်တော် စကားပြေကျမ်းမှာ ၅ တွဲပင် ရှိလေ၏။

အတွဲ ၂ တွဲရှိသည့် မဟာနိပါတ်၌ ပါဝင်သော ဇာတ်ကြီးဆယ်ဘဲ့ခေါ် ဇာတ်တော်ကြီး ၁၀ ခုလုံးကို မြန်မာစကားပြေဖြင့် တဦးတည်း စီရင်သူ မတွေ့ရပေ။ နှစ်သက်ရာ ဇာတ်တော်ကြီး အချို့ကိုသာ ရွေးပြီး မြန်မာပြန်ခဲ့သည်ကို တွေ့ရသည်။ ယင်းဇာတ်တော်ကြီး ၁၀ ခု အနက် သုဝဏ္ဏသာမနှင့် ဘူရိဒတ်မှတပါးကျန်ဇာတ်တော်ကြီး ၈ ခုကို မင်းပူးဆရာတော် ဦးဩဘာသ

ကဎင်း၊ဘူရိဒတ်ဇာတ်ကို မင်းပူးဆရာတော်၏တပည့် အရှင်နန္ဒမေဓာကဎင်း၊ သုဝဏ္ဏသာမ(သုဝဏ္ဏသျှ ံ) ဇာတ်ကို မင်းပူးမြို့ ရန်ကုန်ကျောင်းတိုက် ရန်ကုန်ဆရာတော်၏တပည့် အရှင်ပညာတိက္ခကဎင်း အသီးသီး မြန်မာစကားပြေဖြင့် ရေးသားကြ၏။

ဤဖော်ပြပါ မြန်မာစကားပြေ ဇာတ်နိပါတ်တော် ကျမ်းများမှာ ပါဠိဘာသာဖြင့်ရှိသော ဇာတ်အဋ္ဌကထာကျမ်းကြီး၏ အတွဲ ၇ တွဲ လုံးကို တတွဲချင်း မြန်မာပြန်ထားသည့် ကျမ်းများဖြစ်၍ ၇ တွဲပင်ရှိသည်။ဇာတ်အဋ္ဌကထာ၏ ပထမ ၅ တွဲမှာ စာမျက်နှာပေါင်း (၂၅၁၉)ခန့် ပါဝင်ပြီး၊ ယင်းတို့ကို မြန်မာစကားပြေဖြင့်ရေးထားသည့် အတွဲ ၅ တွဲမှာ ယခုလက်ရှိ စာအုပ်များအတိုင်း ပါရှိသည့် စာမျက်နှာပေါင်းမှာ (၃၃၆၀)ခန့် ပါရှိသည်။

ဇာတ်အဋ္ဌကထာ၏ မဟာနိပါတ်နှင့်သက်ဆိုင်သော နောက်ဆုံး ၂-တွဲမှာ စာမျက်နှာပေါင်း(၇၁၉)ခန့်ရှိပြီး ယင်းတို့ကို မြန်မာစကားပြေဖြင့်ရေးထားသည့် အတွဲ ၂-တွဲမှာ ယခုလက်ရှိ စာအုပ်များအတိုင်းရှိသည့် စာမျက်နှာပေါင်းမှာ(၁၄၂၂)ခန့်ပါရှိသည်။ သို့ဖြစ်၍ ဇာတ်အဋ္ဌကထာကျမ်းကြီးတခုလုံးမှာ စာမျက်နှာပေါင်း (၃၂၃၈)ရှိ၍ မြန်မာစကားပြေ ဇာတ် နိပါတ်တော် ကျမ်းကြီးမှာ (ရှုိင် ဂ-ချိုးအရွယ်ဖြင့်)စာမျက်နှာပေါင်း(၄၈၀၀) ကျော်ရှိလေသည်။

အကျဉ်းချုပ်ရေး ဇာတ်နိပါတ်တော် မြန်မာစကားပြေကျမ်းများ

မြန်မာစကားဖြင့် ဘာသာပြန်ထားသည့် ဇာတ်နိပါတ်တော် ကျမ်းကြီးမှာ အထက် ဖော်ပြပါအတိုင်း အတွဲပေါင်း ၇-တွဲရှိ၍ (ရှိုင်ဂ-ချိုးအရွယ်ဖြင့်) စာမျက်နှာပေါင်း(၄၈၀၀)ကျော်ပါရှိသည်။ ကြီးမား ကျယ်ပြန့်လွန်းလှ၍ ဇာတ်ဥတ္ထုတို့ကို နှံ့စပ်အောင် ဖတ်ရှုလေ့လာရန် မလွယ်ကူ၊ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရသည်။ဇာတ်နိပါတ်တော်တို့မှာ မြန်မာနိုင်ငံ၌ စာပေနှင့်အနုပညာကလွှာ အမျိုးမျိုးတွင် အလွန်အသုံးများကြသဖြင့် ယုတေသီတို့ အထူးတလည် လေ့လာ မှတ်သားကြရသည်။ သို့ဖြစ်၍ ယင်းဇာတ်နိပါတ်တော်များကို ကျမ်းကျင်သူတို့က အကျဉ်းချုံ့ ရေးသားဘို့ လိုအပ်လာပေသည်။ ယင်းသို့ လိုအပ်ချက်ကို ပညာရှင်အချို့က ဖြည့်ပေးခဲ့သည်။

ငါးရှဉ့်ငါးဆယ် ကောက်နုတ်ချက်များ

ဤကျမ်းကို အမျိုးသားပညာဝန် ဦးဖိုးကျားရေးသည်။ ဇာတ်ဝတ္ထုများကို အကျဉ်းချုံ့၍ ရေးသားခြင်း ဖြစ်ဃည်။ ၁၉၂၉-ခုကရေး၍ ပုံနှိပ်ထုတ်ဝေသည်ဟု သိရသည်။ အကြိမ်အတော်များများ ပြန်ရိုက်သည်။အတွဲ ၃-တွဲ ရှိ၍ (ကရောင်း ၁၆-ချိုးအရွယ်ဖြင့်) စာမျက်နှာပေါင်း (၇၆၀)ရှိသည်။ ဇာတ်နိပါတ်တော် မြန်မာစကားပြေကျမ်း၏ အတွဲ ၇-တွဲအနက် ရှေ့ ၅-တွဲ ဥပါရှိသော ဇာတ်ငယ် ၅၃၇-ဇာတ်ထဲမှ မောင်းနှိုးရာရာတုတ်ယူထားသည့် ဇာတ်ဝတ္ထုပေါင်း ၂၄၉-ဇာတ်(တဝက်နီးပါး)ရှိသည်။ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တခုမျှ မပါပေ။

လူငယ်လူရွယ်များ ရတနာသုံးပါးနှင့် နီးစပ်ယဉ်ကျေးစေရန် ကိုယ်ကျင့်တရားများ ပါသည့် ဇာတ်ဝတ္ထုတို့နှင့် ဖတ်ရှုရင်းနှီးစေရန် ရည်ရွယ်ချက် ၂ ရပ်ဖြင့်ရေးသည်ဟု ကျမ်းပြုသူကဆိုထားသည်။ မူလဇာတ်ဝတ္ထုများထဲမှ ရွေးထုတ်ရာတွင် "သဘောတူသော ဝတ္ထုများအနက် ထင်ရှားသည့် ဝတ္ထုများကိုသာ ရွေးထုတ်ပြီး လူငယ်တို့အတွက် မြင့်လွန်းသည့် ဝတ္ထုများကို ချန်ထားသည်"ဟုဆိုသည်။ ဇာတ်ဝတ္ထုများကို အကျဉ်းချုံ့ရာတွင်လည်း "မြန်မာစကားပြေသက်သက်ဖြင့်နားလည်လွယ်သောစကားလွယ်တို့ကိုအသုံးပြုပြီး မူလဇာတ်ဝတ္ထုများ၏ လိုရင်းအဓိပ္ပာယ်မပျက်အောင် ရေးသားထားသည်"ဟုသိရသည်။ရေးသားပုံမှာ ရှေးဦးစွာ အတိတ်ဇာတ်ဝတ္ထုကိုဗုဒ္ဓဟောရခြင်းအကြောင်း ပစ္စုပ္ပန်ဝတ္ထုကို အကျဉ်းမျဖေပြပြီး အတိတ် ဇာတ်ဝတ္ထုရင်းကို အကျဉ်းချုံ့ရေးသား၍ အဆုံးတွင် ဇာတ်ပေါင်းခန်းကိုဖော်ပြသည်။

မူရင်းဇာတ်နိပါတ်တော်ကျမ်းလာ ဧကနိပါတ်မှ အသီတိနိပါတ် အထိ နိပါတ်ပေါင်း ၂၁-ခုအနက် သင်္ဌိနိပါတ်တခုမှတပါး ကျန်နိပါတ် ၂၀-ထဲမှ ဇာတ်ဝတ္ထုများ ထုတ်နုတ်၍ ဤကျမ်း၌ ဖော်ပြထားသဖြင့် နိပါတ်များ စုံလှသည်။ ယင်းသို့ မူရင်းဇာတ်ငယ် ၅၃၇-ထဲမှ ဇာတ်ပေါင်း ၂၄၉-ခု ရွေးထုတ်ရာတွင် မည်သည့် ဇာတ်နိပါတ်အခန်းပါ ဇာတ်ပေါင်း မည်မျှ ရွေးထုတ်ယူကြောင်း ဖော်ပြရမူ-

(၁) ဧကနိပါတ်ဇာတ် ၁၅၀ ထဲမှ ၉၀။ (၂) ဒုကနိပါတ်ပါ ၁၀၀ ထဲမှ ၃၈။ (၃)တိကနိပါတ်ပါ ၁၀၀ ထဲမှ ၃၈။(၄)စတုက္ကနိပါတ်ပါ ၅၀ ထဲမှ ၂၁။(၅)ပဉ္စကနိပါတ်ပါ ၂၅ ထဲမှ ၈။(၆)ဆက္ကနိပါတ်ပါ ၂၀ ထဲမှ

၇။ (၇)သတ္တကနိပါတ်ပါ ၂၁ ထဲမှ ၇။(၈)အဋ္ဌကနိပါတ်ပါ ၁၀ ထဲမှ ၆။ (၉)နဝကနိပါတ်ပါ ၁၂ ထဲမှ ၄။(၁၀)ဒသကနိပါတ်ပါ ၁၆ထဲမှ ၈။(၁၁) ဧကာဒသကနိပါတ်ပါ ၉ ထဲမှ ၃။ (၁၂)ဒွါဒသကနိပါတ်ပါ ၁၀ ထဲမှ ၃။ (၁၃)တေရသကနိပါတ်ပါ ၁၀ ထဲမှ ၄။ (၁၄)ပကိဏ္ဏကနိပါတ်ပါ ၁၃ ထဲမှ ၇။ (၁၅)ဝီသတိနိပါတ်ပါ ၁၄ ထဲမှ ၇။ (၁၆)တိံသနိပါတ်ပါ ၁၀ ထဲမှ ၈။(၁၇)စတ္တာလီသနိပါတ်ပါ ၅ ထဲမှ ၁။ (၁၈) ပဏ္ဏာသနိပါတ်ပါ ၃ ထဲမှ ၁။ (၁၉)သတ္တတိနိပါတ်မှ ၂ ဇာတ်လုံး။ (၂၀) အသီတိပါတ်ပါ ၅ ထဲမှ ၂။ ပေါင်း ၂၄၉ ဇာတ်။

ငါးရာ့ငါးဆယ် နိပါတ်တော် စကားပြေ

ဤကျမ်းကို ပထမကျော် ဦးကြီးဖေ ရေးသည်။ ဧကနိပါတ်မှ အသီတိနိပါတ် အထိ နိပါတ် ၂၁ ထဲပါဇာတ်ငယ်ပေါင်း ၅၁၇ ခုလုံးကိုအကျဉ်းချုံ့၍ရေးသားခြင်းဖြစ်သည်။(ကရောင်း ၁၆ ချိုးအရွယ်ဖြင့်)အတွဲ ၉ တွဲရှိပြီး နိဒါန်းနှင့် မာတိကာမပါဘဲ စာမျက်နှာပေါင်း(၃၅၀၀)ခန့်ပါဝင်သည်။၁၉၄၇ ခုက ရေးသားပြီးစီး၍ ၁၉၅၆ ခုမှ ၁၉၅၈ အတွင်း ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှ ၉ တွဲလုံး အပြီးပုံနှိပ်ထုတ်ဝေခဲ့သည်။

ဤကျမ်းရေးသားပုံမှာ ဇာတ်နိပါတ်တော်ကျမ်းရင်းအတိုင်း အနီးကပ်ဆုံးလိုက်၍ အတော်အသင့် အကျဉ်းချုံ့ပြီး ရေးသားသည်။ထူးခြားချက်တခုမှာ ဇာတ်ဝတ္ထုအသီးသီး၏ အဆုံး၌ ဇာတ်ဝတ္ထုမှ သိမှတ်ဘွယ် အချက်တို့ကို နည်းများအလိုက် သံပေါက် ၃၊၄၊၅ ပုဒ် ရေးစပ်ဖော်ပြထားသည်။အကျဉ်းချုံ့ရေးရာတွင် ဦးကြီးဖေသည် ဦးဖိုးကျားလောက် အကျဉ်းမချုံ့ပေ။ ဦးကြီးဖေ၏ကျမ်းမှာ ဇာတ်ငယ်ပေါင်း ၅၁၇ ခုလုံးအတွက် အတွဲ ၉ တွဲ၊ စာမျက်နှာပေါင်း (၃၅၀၀)ခန့် ရှိသည်။ ဦးဖိုးကျားကမူ ၂၄၉ ဇာတ် (တဝက်နီးပါး)ကို အတွဲ ၃ တွဲ၊စာမျက်နှာပေါင်း (၇၆၀)ဖြင့် အပြီးရေးသည်။ဇာတ်နိပါတ်တော်ကျမ်းရင်း၌ ဇာတ် ၃၀ ခန့်မှာ အခြားဇာတ်များနှင့် တူသည့်ဇာတ်များဖြစ်၍ဇာတ်လမ်းကိုမဖော်ပြဘဲအညွှန်းမျှဖော်ပြထားသည်။ သို့ဖြစ်၍ ယင်းဇာတ် ၅၁၇ ခုလုံးကို ဦးဖိုးကျား၏ကျမ်းအတိုင်း အကျဉ်းချုံ့ရေးလျှင် အကြမ်းဖျင်းအားဖြင့် အတွဲ ၆တွဲ၊စာမျက်နှာပေါင်း(၁၅၀၀) ကျော်ကျော်နှင့် ပြီးနိုင်မည်ဟု ခန့်မှန်းရသည်။

ဇာတ်ကြီးဆယ်ဘဲ့

ဤကျမ်းကို လွန်ခဲ့သည့် ၂ နှစ် ခန့်က ကွယ်လွန်သွားသော ဒဂုန်ဦးထွန်းမြင့် ရေးခဲ့သည်။နှလုံးလှစာပေဖြန့်ခါရေးပုံနှိပ်တိုက်မှာ ၁၉၇၄ ခုနှစ်ကပထမအကြိမ် ပုံနှိပ်သည်။(ဒီမိုင်း ဂ ချိုးအရွယ်ဖြင့်) စာမျက်နှာပေါင်း(၁၄၂၂) ရှိသည့် မူရင်းဇာတ်ကြီးဆယ်ဘဲ့ ၂ တဲ့လုံးကို ယင်းစာအုပ်အရွယ် စာမျက်နှာ(၃၆၆) ရှိ အတဲ့တတဲ့တည်းနှင့် အပြီးအကျဉ်းချုံ့၍ ရေးသားသည်။ ကျမ်း၏နိဒါန်း အဖြစ် ၃၄ မျက်နှာရှိ"ဇာတကသမိုင်း"ကို စာရေးဆရာ ပါရဂူ(ဦးလှကြိုင်) က အခြားနိုင်ငံများသုံး ဝတ္ထုပုံပြင်ကျမ်းတို့နှင့် နှိုင်းယှဉ်၍ မှတ်သားစဘွယ် ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည်။ ဤကျမ်းတွင် ပစ္စုပ္ပန်ဝတ္ထုကို ချန်လှပ်ထားပြီး အတိတ်ဝတ္ထုကြီး ၁၀ ခုသက်သက်ကိုသာ အကျဉ်းချုံ့ရေးခြင်း ဖြစ်သည်။ဇာတ်အသီးသီး၏ အဆုံးတွင်မူ ဇာတ်ပေါင်းခန်း ထည့်ပေးထား သည်။ မူရင်းဇာတ်ကြီးဆယ်ဘဲ့ကျမ်း၏ ၄ ပုံ ၁ ပုံခန့်မျှသာ ရှိသဖြင့် ဇာတ် ကြီးဆယ်ဘဲ့ကို လေ့လာရာတွင် အထူးကျေးဇူးပြုသည့် ကျမ်းတခုဖြစ်သည်။

ငါးရာ့ငါးဆယ် အဘိဓာန်

ဤကျမ်းကို "ဇာတ်တော် ငါးရာ့ငါးဆယ်" ကျမ်းရေးသူ ကျွန်ုပ်ကပင် ၁၉၇၂ ခုနှစ်က ရေးသားပြုစုသည်။ ၁၉၇၃ ခုနှစ်က မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် သမိုင်းအသင်းမှ စာကူးစက်ဖြင့် ထုတ်ဝေသည်။ စာမျက်နှာ ၁၀၀ ခန့်သာ ရှိသည်။ ဇာတ်ကြီးဆယ်ဘဲ့ အပါအဝင် ၅၄၇ ဇာတ်လုံးကို အကွာရာစဉ်အတိုင်း စီစဉ်၍ ရေးပြီး ကျမ်း၏အဆုံး၌ မူရင်းဇာတ်နိပါတ်တော် အတိုင်း ဇာတ်အမည်များကိုစဉ်၍ ဇာတ်နိပါတ်များနှင့်တကွ ဖော်ပြထား သည်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ တိုက်တွန်းချက်အရ သူလို ချင်သည့် ပုံစံအတိုင်း ရေးသားခြင်း ဖြစ်သည်။

ရေးသားပုံမှာ ပုဂံမြို့ဘုရားပုထိုးများရှိ ဇာတ်ဝတ္ထုလာ ဇာတ်ကွက်များ ကို သရုပ်ဖော်ထားသည့်စဉ့်ခွက်၊ အုတ်ခွက်၊ပန်းချီတို့၌ပါရှိသောအရုပ်များကို ဇာတ်ဝတ္ထု၌မည်သူဖြစ်ကြောင်း သိရှိနိုင်ရန်ရည်ရွယ်ပြီး ဇာတ်ကွက်ပေါ်ရုံမျှ အလွန်အမင်း အကျဉ်းရုံး၍ ရေးထားသည်။ သို့ဖြစ်၍ သာမန်ဇာတ်ငယ်များ မှာ ၃၊ ၄၊ ၅ ကြောင်းမျှသာ ရှိခြင်း၊ ဇာတ်လမ်းတူသည့် ဇာတ်များကို ဇာတ်နိပါတ်နှင့်တကွ ဇာတ်အမည်ထပ်၍ ညွှန်ပြခြင်း၊ အလွန်ရှည်လျားသည့်

ဝေဿန္တရဇာတ်နှင့် မဟာဥမင် (မဟောသဓ)ဇာတ်များပင် တမျက်နှာကျော် ကျော်မျှရှိခြင်း၊ အခြား အတော်ရှည်လျားသည့် ဇာတ်တို့မှာ စာ ၁၀ ကြောင်း ပတ်ဝန်းကျင်လောက်တွင် ရှိခြင်းတို့ကို တွေ့ရပေမည်။ ဇာတ်ဝတ္ထုအမည်၊ သို့မဟုတ် ဇာတ်နံပါတ်တွေရှိလျှင် ချက်ခြင်း ဇာတ်လမ်းမည်သို့ရှိသည်ကို တမိနစ်မျှအတွင်း အကျဉ်းချုပ်သိရှိနိုင်ရန် ကျေးဇူးပြုပေးသည့် ကျမ်းငယ်တခုဖြစ်သည်။

ဇာတ်တော်ငါးရာငါးဆယ်

ယခု ပထမဦးစွာ ပုံနှိပ်သည့် ဤကျမ်းကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက ငါးရာငါးဆယ် ဇာတ်နိပါတ်တော်များ အလွယ်တကူလေ့လာနိုင်ရေးအတွက် တိုက်တွန်းသဖြင့် ၁၉၇၀ ခုနှစ်ကပင် ကျွန်ုပ် ရေးသားပြီးစီးခဲ့သည်။ အကြောင်းကြောင်းကြောင့် ပုံနှိပ်ရေးမှာ နှောင့်နှေးခဲ့သည်။ ယင်းအခက်အခဲကြောင့်ပင် လောလောဆယ် ဇာတ်နိပါတ်တော် အကျဉ်းချုပ် ရုတ်ခြည်း ရှာဖွေ လေ့လာနိုင်ရေးအတွက် ဒေါက်တာသန်းထွန်းက တိုက်တွန်းပြန်သဖြင့် စာမျက်နှာ ၁၁၀ ခန့်မျှသာရှိ "ငါးရာငါးဆယ် အဘိုဓာန်" ကျမ်းငယ်ကို ၁၉၇၂ ခုနှစ်က ရေးခဲ့ရသည်။

ဤ"ဇာတ်တော်ငါးရာငါးဆယ်" ကျမ်းသည်(ဒီမိုင်း ဂ ချိုးအရွယ်ဖြင့်) စာမျက်နှာပေါင်း (၅၀၀)ကျော်မျှသာ ရှိပြီး တတွဲတည်းဖြင့် ဇာတ်ကြီးဆယ်ဘွဲ့ အပါအဝင် ၅၄၇ ဇာတ်လုံးကို အကျဉ်းချုံ့၍ ရေးသားဖော်ပြသည့် ကျမ်းဖြစ်သည်။ မူရင်းဇာတ်နိပါတ်တော်ကျမ်းမှာ အတွဲ ၇ တွဲ၊စာမျက်နှာပေါင်း(၄၈၀၀)ခန့်ရှိရာ ယခုကျမ်းမှာ မူရင်း ဇာတ်နိပါတ်တော်ကျမ်း၏ ၉ ပုံ ၁ ပုံနီးပါး၊ ၁၀ ပုံ ၁ပုံသာသာမျှရှိပေသည်။ဤမျှလောက်အကျဉ်းချုံ့ထားသော်လည်း မူရင်းဇာတ်ဝတ္ထု၏ ဇာတ်လမ်း ဇာတ်ကွက်ကို မထိခိုက်ကြောင်း ပြောလိုပါသည်။

ရေးပုံမှာ ဤသို့ ဖြစ်သည်။ ဇာတ်ဝတ္ထုဟူသည် အတိတ်ဝတ္ထုကို ဆိုလိုသည်။ ပစ္စုပ္ပန်ဝတ္ထုမှာ ယင်းအတိတ်ဝတ္ထု ဗုဒ္ဓဟောရခြင်း အကြောင်းမျှကိုသာ နိဒါန်းချီပေးခြင်း ဖြစ်သည်။ မူရင်းဇာတ်နိပါတော်ကျမ်း၌ အတိတ်ဝတ္ထုဗုဒ္ဓဟောရခြင်းအကြောင်း ဗုဒ္ဓလက်ထက်၌ မည်သို့သော အဖြစ်အပျက်မျိုးပေါ်ပေါက်သည်ကို အများအားဖြင့် အတော်ရှည်လျားစွာ အတိတ်ဝတ္ထုမစမီ ရှေးဦးစွာ ဖော်ပြထားသည်။

ဤကျမ်းဌီမူ ယင်းပစ္စုပ္ပန်ဝတ္ထုကို "ဗုဒ္ဓသည် မည်သည့်နေရာဌ် သီတင်းသုံးစဉ် မည်သူ့ကို အကြောင်းပြု၍ မည်သည့်အကြောင်းခြင်းရာကြောင့် ဤ(အတိတ်)ဇာတ်ကို ဟောခဲ့ကြောင်း" တဝါကျတည်းဖြင့် အတိတ်ဇာတ်ဝတ္ထု၏ အဆုံးဌ် ဖော်ပြထားသည်။

ဇာတ်ဝတ္ထု၏အစဌ် ပါလေ့ရှိသော "ရှေးသရောအခါ ဗာရာဏသီပြည်ဌ် ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်" ဟူသော အသုံးအနှုံးအစား "ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်" ဟူ၍ ဖော်ပြထားသည်။ ဇာတ်ဝတ္ထုအတွင်း သိမှတ်ဘွယ်၊ပညာယူဘွယ် တရားစကားအားလုံးကို ချန်လှပ်ခဲ့သည်။

သို့ရာတွင်အတိတ်ဇာတ်ဝတ္ထုကို ဖတ်ရှုက ဇာတ်ဝတ္ထု၏ ဦးတည်ရည်မှန်းထားသည့် လိုရင်းတရားသဘောကို ပေါ်လွင်အောင် ရေးသားထားသည်။ မူလဇာတ်ဝတ္ထုအတွင်း ကြားညပ် ထည့်ထားသည့် ဝတ္ထုတို့များကိုလည်း အမြှက်မျ ဖော်ပြပြီး အကျယ်တဝင့် ဖော်ပြချက်အားလုံးကို သိသာရုံအကျဉ်းမျ ရေးသားထားသည်။ ထို့ပြင် မည်သည့်ဇာတ်ဝတ္ထုကို ဗုဒ္ဓဟောပြီးသော အခါ တရားနာပရိသတ်ထဲမှ မည်မျ အရိယာ ဖြစ်သွားကြောင်း၊ အကျတ်တရားရသွားကြောင်းကိုလည်း ချန်လှပ်ထားသည်။ ဇာတ်ပေါင်းခန်းဌ်လည်း အတိတ်ဝတ္ထုထဲမှ မည်သူသည် ဗုဒ္ဓလက်ထက်ဖြစ် ပစ္စုပ္ပန်ဝတ္ထုဌ် မည်သူဖြစ်ကြောင်း မူရင်း ကျမ်းကဲ့သို့ ဝါကျ ပုံစံဖြင့် မရေးတော့ဘဲ [ဘုရား=ဝေဿန္တရာမင်းကြီး]စသည် ညီမျခြင်းလက္ခဏာဖြင့် ဖော်ပြထားသည်။ ဆိုလိုရင်းကို နားလည်စေသည်သာ ဖြစ်သည်။


ဤနည်း ဤပုံစံဖြင့် ဇာတ်ဝတ္ထုများကို အကျဉ်းချုံ့ထားသည် ဖြစ်၍ မူရင်း ဇာတ်ဝတ္ထု၏ ဇာတ်လမ်းဇာတ်ကွက်မှာ ပျက်မသွားသည်သာမက ဇာတ်ဝတ္ထုအတွင်း သက်ဆိုင်ရာ ဇာတ်လမ်း အဖြစ်အပျက်တို့ကို တဆက်တည်း တစပ်တည်းဆက်စပ်ပေးသည့် အသွင်ကိုပင် ဆောင်ပေသည်။ စာဖတ်သူအဘို့လည်း ဇာတ်ဝတ္ထုကို ခဏချင်း နားလည် မှတ်မိသွားပေမည်။ ထို့ပြင် ကျမ်း၏အဆုံးဌ် ဇာတ်အမည်များကို အကွဉ်ရုစဉ်ဖြင့် နောက်ဆက်တဲ့ ဖော်ပြထားသဖြင့် ဇာတ်အမည်ရော့လျင် ယင်းဇာတ်အကြောင်း ချက်ခြင်း ရှာတွေ့နိုင်ပေမည်။

ဤသို့ ခေတ်မှီသည့် အကျဉ်းချုံ့ရေးနည်းဖြင့် အထူးဂရုပြု၍ ရေးသားထားသော ဤကျမ်းသည် အလွန် ကြီးမားကျယ်ပြန့်လှသည့် ငါးရာ့ငါးဆယ်

နိပါတ်တော်နှင့် ပတ်သက်၍ အချိန်ကုန် လူပန်း ခဲယဉ်းစွာ လေ့လာနေကြ ရသည့် ပုဂ္ဂိုလ်များအား ဇာတ်ကြီးဆယ်ဘဲ့ အပါအဝင်(၅၄၇)ဇာတ်လုံးကို မထူမပါး တတဲ့တည်းဖြင့် အလွယ်တကူ အချိန်တိုတိုနှင့် လေ့လာမှတ်သား နိုင်ရန်အတွက် များစွာ အထောက်အကူပြုသည့် ကျမ်းတကျမ်း ဖြစ်မည်ဟု ယုံကြည်ပါသည်။

မြင့်ဆွေ

၁၀-၁၀-၂၄



ဇာတ်

၁၊ အပဏ္ဏကဇာတ်

ကုန်သည်မိုက် အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်း လှည်းကုန်သည်သည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွားရန် ပြင်ဆင်၏။ လှည်းကုန်သည်မိုက် တဦးသည်လည်း ထို့အတူ လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွားရန် ပြင်ဆင်၏။ ကုန်သည်မိုက်သည် ဦးစွာ ခရီးထွက်၍ ကန္တာရအလယ်သို့ ရောက်၏။ ထိုအခါ ၎င်းတို့ကို စားလိုသောဘီလူးသည် လှည်းငယ်ကို ဖန်ဆင်း၍ ရေရှုံတို့ဖြင့် လိမ်းကျံထားသော ကာလက်နက် စဲကိုင်ထားသည့် ဘီလူးတဆယ့်နှစ်ယောက်တို့နှင့် အတူ ကြာစွယ်ကြာရင်းတို့ကို စားလျက် ထိုကုန်သည်ထံလာ၏။

ကုန်သည်မိုက်က "သင်တို့လာခဲ့သည့်ခရီးမှာ မိုးရွာသလော၊ ကြာဖြင့် ပြည့်နေသည့်အိုင်များ ရှိသလော"ဟု မေး၏။ ဘီလူးက "ယခု မြင်ရသည့် တောရေးမှ စ၍ ရေတစပ်တည်းရှိ၏။ မိုးမပြတ် ရွာ၏။ ရေပြည့်နေသည့် ချောင်း၊ အိုင်များ ရှိ၏။ ရှေ့အဖို့ သင်တို့ ရေယူသွားရန်မလို"ဟု ဆို၍ ဘီလူးမြို့သို့ ပြန်သွား၏။ ကုန်သည်မိုက်သည် ဘီလူး၏စကားကို ယုံပြီး ရေအိုးတို့ကို ခွဲ၍ ရေအားလုံးကို စွန့်ပစ်ပြီး လှည်းများကို မောင်းနှင်၏။ ရှေ့တွင် ရေလုံးဝ မရှိ။ လူတို့သည် နေဝင်သည်အထိသွားကြပြီး လှည်းများကိုဖြုတ်ကာ မစားမသောက်ရ၍ အားနည်း ပင်ပန်းသဖြင့် အိပ်ကြ၏။ ညသန်းကောင်ရောက်လျှင် ဘီလူးတို့သည် လာ၍ ထိုလူနှင့် နွားအားလုံးကို စားကြလေ၏။

ထို့နောက် ဘုရားလောင်း လှည်းကုန်သည်သည် လှည်းငါးရာဖြင့် မြို့မှ ထွက်လာ၏။ ထိုကန္တာရအဝသို့ရောက်သော် ရေအိုးတို့ကို ရေအပြည့် ထည့်စေ၍ လူများကို စုဝေးစေပြီး "ငါ့ကိုမပြောဘဲ ရေအနည်းငယ်မျှ မသုံးရ" ဟု ဆို၍ ကန္တာရထဲသို့ ခရီးဆက်၏။ ကန္တာရအလယ်သို့ ရောက်လျှင် အဆို

ပါဘီလူးသည် ဘုရားလောင်းထံ လာ၍ ရှေးနည်းတူ ပြောဆို၏။ ဘုရားလောင်းသည် ထိုသူကို ဘီလူးမှန်းသိ၍ "ငါတို့သည် ရေကို မတွေ့မြင်ရဘဲ ယူခဲ့သည့်ရေကို မစွန့်" ဟု ဆို၏။ ထိုဘီလူးသည် ဘီလူးပြည်သို့ ပြန်သွား၏။ ဘုရားလောင်းသည် ခရီးဆက်သွားသော် ကုန်သည်မိုက်၏ လူနွား အရိုးများနှင့် လှည်းများကို တွေ့မြင်ရ၏။ သူသည် ဥစ္စာလှည်း အည့်တို့ကို စွန့်ပြီး၊ ဥစ္စာလှည်းအကောင်းများကို ယူ၍ လိုရာအရပ်သို့ ရောက်ရှိရောင်းချပြီး ဗာရာဏသီပြည်သို့ ပြန်လေ၏။

ပညာမဲ့သူတို့သည် လူမိုက်ကို ဆရာတင်၍ ပျက်စီးကြရသည်။

[မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ဓကျောင်း၌ နေစဉ် အနာထပိဏ်သူဌေး၏မိတ်ဆွေ–တိတ္ထိဂါးရာတို့၏ တပည့်များကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ်=လှည်းကုန်သည်မိုက်။ဘုရား=ပညာရှိ လှည်းကုန်သည်။]

၂။ ဝဏ္ဏုပထဇာတ်

ဇံဝိရိယရှိသော လုလင်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း လှည်းမှူးသည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်ရန် သွားသော် ၅၉ ယူဇနာရှိသော သဲကန္တာရ (ဝဏ္ဏုပထ)သို့ ရောက်၏။ သဲကန္တာရမည်သည် နေ့အခါ ပူပြင်း၍ မသွားနိုင်ဘဲ တဲဆောက်၍ နေရ၏။ ညအခါမှာသာ ကြယ်များကို ကြည့်၍ လမ်းညွှန်သူ၏ အကူအညီဖြင့်သွားရ၏။ ဘုရားလောင်းသည် "ကျန်ခရီးမှာ တညတည်းဖြင့် ရောက်နိုင်မည်" ဟု တွက်ဆ၍ ညစာစာပြီး ထင်းရေတို့ကို စွန့်ပစ်ကြ၍ ခရီးဆက်၏။ လမ်းညွှန်သူသည် ညများစွာ မအိပ်ရ၍ ပင်ပန်းသဖြင့် အိပ်ပျော်သွား၏၊ နွားများသည် လာခဲ့သည့်လမ်းသို့ ပြန်၍ တညလုံး သွားကြ၏။ လမ်းညွှန်သူသည် အရုဏ်တက်မှနိုးသော် နက္ခတ်ကိုကြည့်၍ "ပြန်လှည့်ကြ၊ ပြန်လှည့်ကြ" ဟု ဆို၏။ လှည်းများသည် အစီအစဉ်ပျက်စဉ်ပင် နေထွက်လေ၏။ ယခင် လှည်းစခန်းသို့ ရောက်နေသည်ကို သိမြင်ကြသော် လူတို့သည် စိတ်ပျက်၍ တဲဆောက်ပြီး အိပ်ကြလေ၏။

ဘုရားလောင်းသည် လှည့်လည်ကြည့်ရှု၍ နေဇာမြက် တစုကို တွေ့မြင်လျှင် "ဤနေရာတွင် ရေရှိရမည်" ဟုကြံ၍ လူတို့အား တူးစေ၏။ အတောင် ၆၀ အရောက် တူးပြီး၍ ကျောက်ဖျာကို တွေ့လျှင် လူတို့သည် စိတ်ပျက်၍

အားလျော့ကြ၏။ ဘုရားလောင်းသည် တုံးထဲဆင်းပြီး ကျောက်ဖျာ၌ နားဖြင့် ကပ်၍ နားထောင်၏။ ရေစီးသံကို ကြားရ၍ ပြန်တက်လာပြီး အခိုင်းအစေလူလင်တဦးအား ကျောက်ဖျာကို သံတူဖြင့်ထုခဲ့စေ၏။ အောက်မှ ထန်းလုံးခန့်ရှိ ရေကြောင်းသည် အထက်သို့ တက်လာ၏။ လူတို့သည် ရေကို သောက်ချိုး၍ ချက်စားပြီး၊ နေဝင်သော် အလိုရှိရာသို့ သွားရောက်၍ ကုန်များရောင်းချပြီး နေရပ်သို့ ပြန်ကြလေ၏။

ပညာရှိသည် လုံ့လနှင့် ပြုလုပ်သဖြင့် အခက်ခဲကို ကျော်လွှားနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဝိရိယလျော့သော ရဟန်း တပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–ဝိရိယ လျော့သောရဟန်း=ဝိရိယ မလျော့ဘဲ ကျောက်ဖျာကို ထုခဲ့သည့် လုလင်။ ဘုရား=လှည်းကုန်သည်မှူး။]

၃။ ဓသရိဝ ဝါဏိဇဇာတ်

ရဲကုန်သည်မိုက် အကြောင်း

ဘုရားလောင်း ရဲကုန်သည် (ဓသရိဝ ဝါဏိဇ)သည် ရဲကုန်သည်မိုက်တဦးနှင့် အတူ မြစ်ကိုကူးပြီး 'အရိဋ္ဌပုရ' ပြည်သို့သွား၍ မြို့ကို နှစ်ပိုင်းခဲ့ဝေကာ မိမိတို့ ရသော အပိုင်း၌ လှည့်လည်၍ ရဲများရောင်း၏။ ထိုမြို့၌ ဥစ္စာဆေးမျိုး အား လုံးပျက်စီးသွားသော သူဌေးအမျိုးမှ ကျန်ရစ်သည့် သူငယ်မနှင့် အဖွား နှစ်ဦးတို့သည် အစေခံလုပ်၍ အသက်မွေးကြ၏။ သူတို့အိမ်၌ စွန့်ပစ်ထား၍ အညစ်အကြေး တက်နေသည့် ဇရုန်ကတလုံး ရှိ၏။ ရဲကုန်သည်မိုက်သည် ထိုအိမ်တံခါးသို့ ရောက်လာ၏။ မြေးငယ်က ရဲတန်ဆာကို ဝယ်ခိုင်းသဖြင့် အဖွားသည် ရဲကုန်သည်အား ထိုဇရုန်ကိုပေး၍ ရဲတန်ဆာကို တောင်း၏။ ရဲကုန်သက်မိုက်သည် ဇရုန်ဖြစ်သည်ကို သိသော်လည်း ရဲတခုမျှမပေးဘဲ ရယူလိုသဖြင့် "ဤခွက်သည် ပဲဝက်မျှမထိုက်" ဟု ဆိုပြီး ခွက်ကို လှည့်ပစ်သွား လေ၏။

ဘုရားလောင်းသည် ထိုအိမ်တံခါးသို့ရောက်သော် အဖွားသည် ရှေးနည်း တူပင် ထိုဇရုန်ကိုပေး၍ ရဲတန်ဆာကိုတောင်း၏။ ဘုရားလောင်းသည် ဇရုန်ဖြစ်သည်ကိုသိ၍ "ဤဇရုန်ကား အဘိုးတသိန်းထိုက်၏။ ကျွန်ုပ်မှာ အဘိုးတသိန်းတန်သော ဥစ္စာမရှိ" ဟုဆို၏။ အဖွားက "ဤဇရုန်ကို ယူ၍ တစုံတခုမျှကိုသာ ပေးခဲ့ပါ" ဟု ဆို၏။ ဘုရားလောင်းသည် သူ့မှာရှိသည့်

ငွေငါးရာနှင့် ငါးရာတန် ဥစ္စာတို့ကိုပေးပြီး အမြန်သွားရ လှေကို ငှားပြီး မြစ်ကို ကူးသွား၏။ ရွဲကုန်သည်မိုက်သည် ထိုမြေးအဖွားအိမ်သို့ ပြန်သွား၏။ အကြောင်းစုံကို သိရသော် လောဘမီးတောက်လောင်၍ သူ့လက်ထဲရှိ ငွေဥစ္စာ အားလုံးကို လှူငှဲ့ပစ်ခဲ့ပြီး ချိန်ရိုးကိုကိုင်ကာ ဘုရားလောင်း နောက်သို့ လိုက်၏။ သူသည် မြစ်ကမ်းနားသို့ရောက်၍ ဘုရားလောင်းစီးသည့် လှေကို လှမ်းခေါ်သော် မရသဖြင့်သောကမီးကြောင့် နှလုံးပူ၍ခံတွင်းမှသွေးအန်ပြီး ဘုရားလောင်းကို (ပထမဦးဆုံး)ရန်ငြိုးဖွဲ့လျက် ထိုမြစ်နားဌာ သေလေ၏။
စိတ်ကောင်း ရှိသူသည် သတ္တနှင့်ကြိုးစားလျှင် အောင်းကင်း၍ ချမ်းသာမည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် ဝိရိယလျော့သော ရဟန်း တပါးကိုအကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း** -ဒေဝဒတ်= ရွဲကုန်သည်မိုက်။ ဘုရား=ပညာရှိ ရွဲကုန်သည်။]

၄။ စူဠသေဋ္ဌိဇာတ်

ကြက်သေတခုအရင်းပြု၍ ကြွယ်ဝသူအကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း စူဠသူဌေး(စူဠသေဋ္ဌိ) သည် တနေ့သဋ္ဌိ မင်းထံခစားရန် သွားစဉ် လမ်းဌာ ကြက်သေတခုကို တွေ့မြင်၏။ သူသည် နက္ခတ်ကိုကြည့်ပြီး "ပညာရှိသူသည် ဤကြက်သေကို အရင်းပြု၍ စီးပွားဖြစ်ထွန်းနိုင်၏" ဟု ဆို၏။ ဆင်းရဲသားတဦးသည် ထိုစကားကို ကြား၍ ထိုကြက်သေကိုယူပြီး ကြောင်စာအတွက် ရောင်းရာ ငွေတခြင်ရွေး ရ၏။ သူသည် တင်လဲကိုဝယ်၍ တောမှလာသည့် ပန်းသည်တို့အား တင်လဲနှင့် သောက်ရေကိုပေးရာ ပန်းသည်တို့ထံမှ ပန်းတဆုပ်စီရ၏။

နောက်တနေ့ ထိုးပန်းဘိုးဖြင့် တင်လဲကိုဝယ်ပြီး ပန်းဥယျာဉ်သို့ သွား၍ ပန်းသည်တို့အား တင်လဲနှင့်ရေကိုပေးရာ ၎င်းတို့ထံမှ တဝက်ဆုတ်ခူးပြီးသော ပန်းပင်တို့ကို ရ၏။ သူသည် ဤနည်းဖြင့် ပြုလုပ်၍ ငွေရှစ်ကျပ်ကို ရ၏။ ထို့နောက် သူသည် မင်း၏ဥယျာဉ်တွင်လေမိုးကြောင့်ကျိုးကျသည့် သစ်ကိုင်း ခြောက်များကို ဥယျာဉ်စောင့်အား ပန်ကြား၍ သယ်ယူပြီးရောင်းရာ ငွေတဆယ့်ခြောက်ကျပ်ရပြန်၏။ တဖန် သူသည် မြို့တံခါးအနီး၌ ရေအိုးတည်၍ မြက်ရိတ်သမား ငါးရာတို့ကို လုပ်ကျွေး၏။ မြက်ရိတ်သမားတို့က "ကိစ္စရှိလျှင် အကူအညီ ပေးပါမည်" ဟုဆို၍ သူနှင့် မိတ်ဖွဲ့ကြ၏။

ထို့နောက် သူသည် ရေကြောင်း အလုပ်လုပ်သူ၊ ကုန်းကြောင်း အလုပ်လုပ်သူ နှစ်ဦးနှင့် မိတ်ဖွဲ့၏။ သူသည် ကုန်းကြောင်း အလုပ်လုပ်သူ ထံမှ "မြင်းကုန်သည် တဦး မြင်း ငါးရာတို့ကို ယူလာမည်" ဟု ကြားသိရ၍ မြက်ရိတ်သမား ငါးရာတို့အား မြက်တစည်းစီ တောင်းပြီး ရောင်းရာ ငွေ တထောင်ရ၏။ နောက် သူသည် ရေကြောင်း အလုပ်လုပ်သူထံမှ "ရေဆိပ်၌ ကုန်လှေကြီး ရောက်လာမည်" ဟု ကြားသိရ၍ လှေဆိပ်သို့ သွားပြီး လှေသူကြီးအား 'သစ္စာအထိမ်းအမှတ်' လက်စွပ်ကို ပေး၍ ကုန်များကို မြို့မှ ကုန်သည်တရုတ်တို့အား ရောင်းရာ အမြတ်ငွေ နှစ်သိန်းရရှိ၏။ ထိုငွေနှစ်သိန်း ကိုယူ၍ စုဋ္ဌသူဌေးထံသွားပြီး ကျေးဇူးဆပ်သည့် အနေဖြင့် သူဌေးအား ငွေတသိန်းကိုပေး၏။ စုဋ္ဌသူဌေးသည် အလှန်နှစ်သက်၍ မိမိသမီးကို သူ့အား ပေး၏။ သူသည် စုဋ္ဌသူဌေး ကွယ်လွန်သော် သူဌေးအရာကို ရလေ၏။

ပညာကိုမှီဝဲ၍ ကျေးဇူးသိတတ်လျှင် ကြီးပွား ချမ်းသာ၏။

[မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏သရက်ဥယျာဉ်ကျောင်း၌နေစဉ် သူတော်ကောင်းကိုအမှီပြု၍ ရဟန္တာဖြစ်သော 'စုဋ္ဌပန်မထေရ်'ကို အကြောင်း ပြုပြီး ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—စုဋ္ဌပန်=စုဋ္ဌသူဌေး၏ တပည့်။ ဘုရား=စုဋ္ဌသူဌေး။]

၅၂ တဏ္ဍုလ နာဠိဇာတ်

မင်းနှင့်ရာပြတ်မိုက်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ 'ရာပြတ်' အမတ် ဖြစ်၍ လူတို့၏ ဆင်မြင်းဥစ္စာရတနာ စသည်တို့ကို မှန်ကန်စွာ တန်ဘိုးဖြတ်၏။ မင်းသည် လောဘကြီး၍ ဘုရားလောင်းကို မနှစ်သက်သဖြင့် လူမိုက်တဦးကို ရာပြတ်အရာ၌ ခန့်ထား၏။ ထိုရာပြတ်မိုက်သည် ဥစ္စာတို့၏ တန်ဘိုးကို အလိုရှိတိုင်း ဖြတ်၏။

တနေ့သ၌ ဥတ္တရာပထမှ မြင်းကုန်သည်တဦး ယူဆောင်လာသည့် မြင်း ငါးရာကို မင်းက တန်ဘိုး ဖြတ်ခိုင်းရာ ရာပြတ်မိုက်က မြင်းငါးရာကို ဆန် တကွမ်းစား(တဏ္ဍုလနာဠိ)နှင့် ဖြတ်ပေး၏။ မြင်းကုန်သည်က မကျေနပ်၍ လာတိုင်သဖြင့် ဘုရားလောင်းက "ထို ရာပြတ်မိုက်အား လာဘ် ပေး၍ မင်းရှေ့ခေါ်လာပြီး ထိုဆန်တကွမ်းစား၏ တန်ဘိုးကို ဖြတ်ခိုင်းလော့" ဟု အကြံပေး၏။ မြင်းကုန်သည်သည် ဘုရားလောင်း ဆိုသည့်အတိုင်း ပြုသော်

ထိုရုပြတ်မိုက်က "ထိုဆန်တကွမ်းစားသည် ဗာရာဏသီဟမ္မိုလုံးကို ထိုက်၏"ဟု ဆို၏။ ထိုအခါ ဘုရားလောင်းနှင့်တကွ အမတ်အားလုံးသည် လက်ခုပ်တီးကာ "ဤရုပြတ်သည် ငါတို့မင်းကြီးနှင့်သာ သင့်တော်ပေစွ" စသည်ဖြင့် ဆို၍ ပြက်ရယ်ပြုကြ၏။ မင်းသည် ရှက်၍ ထိုရုပြတ်မိုက်ကို ရာထူး ဖျက်ပြီး ဘုရားလောင်းအား ထိုရာထူးကို ပြန်ပေးလေ၏။

လောဘကြီးသူသည် လူမိုက်နှင့်ပေါင်းလျှင် စီးပွားပျက်မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် 'လာဠုဒါယီ' မထေရ်ကို အကြောင်းပြု၍ "လူမိုက်သည် သူတပါး၏ အကျိုးမဲ့ကိုသာ ပြုတတ်၏"ဟု သီစေလိုသဖြင့် ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–လာဠုဒါယီ=ရုပြတ်မိုက်။ ဘုရား=ပညာရှိ ရုပြတ်အမတ်။]

၆၊ ဒေဝဓမ္မဇာတ်

ဒေဝဓမ္မတရား နှစ်ပါးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားတော် 'မဟိံသမင်းသား' ဖြစ်၍ သူ၏ မယ်တော်သည် 'စန္ဒီ' မည်သော မင်းသားတပါးကို ဖွားမြင်ပြီး မကြာမီကွယ်လွန်သွား၏။ မင်းသည် အခြား မိန်းမတဦးကို မိဖုရားကြီးအရာ၌ ထား၏။ မင်းသည် ထိုမိဖုရားမှ ဖွားမြင်သော 'သူရိယ' မင်းသားငယ်ကို အလွန်ချစ်မြတ်နိုး၍ ထိုမိဖုရားအား 'လိုရာဆုကို ပေးအုံ'ဟု ဆို၏။ မိဖုရားသည် သူ့သား အရွယ်ရောက်သော် သူ့သားအား မင်းအဖြစ်ကို ပေးရန် မင်းကြီးကို အကြိမ်ကြိမ်တောင်း၏။ မင်းသည် လာမည့်ဘေးကို မြင်သဖြင့် သူ၏သားတော်ကြီး နှစ်ပါးအား 'တောသို့ သွားနေ၍ သူကွယ်လွန်မှ လာပြီး မင်းပြုရန်'ပြော၍လွှတ်၏။ သူရိယမင်းသားလည်း နောင်တော်များနှင့်အတူပင် ထွက်၍ ဟိမဝန္တာတောသို့ ဝင်၏။ ဘုရားလောင်းသည် သစ်ပင်ရင်း၌ ထိုင်ပြီး သူရိယမင်းသားအား ရေသွားအခပ်ခိုင်း၏။

သူရိယမင်းသားသည် 'ဒေဝဓမ္မတရား မသိသူကို စားခွင့်ရသည့်' ဘီလူးစောင့်သောရေအိုင်သို့ ဆင်း၏။ သူသည် ဒေဝဓမ္မကိုမသိသဖြင့် သူ့ကို ဘီလူးကဖမ်း၍ သူ့နေရာ၌ ထား၏။ ကြာမြင့်သော် ဘုရားလောင်းသည် 'စန္ဒီမင်းသား' ကို စေလွှတ်ပြန်၏။ သူ့ကိုလည်း ရှေးနည်းတူပင် ဘီလူးကဖမ်းထား၏။ အချိန်ကြာသော် ဘုရားလောင်းသည် 'အန္တရာယ် တခုခု ဖြစ်မည်'ဟု ကြံ၍ ထိုအိုင်သို့သွား၏။ သူသည် ဆင်းသည့်ခြေရာကိုသာ မြင်သဖြင့်

ဘီလူးစောင့်သည့်အိုင်ဖြစ်သည်ကိုသိ၍ သန်လျက်ကိုလွယ်ပြီး လေးကို ကိုင်လျက် ရပ်၏။ နောက် သူသည် ဘီလူးထံမှ အကြောင်းစုံကို ကြားရလျှင် "ဒေဝဓမ္မကိုငါသိ၏။သင်အသိုရှိလျှင်ဟောအံ့" ဟုဆို၍ "ဟိရိ-ဩတ္တပ္ပ(အရှက်အကြောက်) တရား နှစ်ပါးသည်၎င်း၊ ထိုတရား နှစ်ပါးကို ကျင့်သည့်သူတော်ကောင်းတို့သည်၎င်း ဒေဝဓမ္မမည်၏" စသည်ဖြင့် ဘီလူးအား တရားဟော၏။ ဘီလူးသည် နှစ်သက်၍ မင်းသားနှစ်ပါးကို ပြန်ပေး၏။

ဘုရားလောင်းသည် ဘီလူးအား ဆုံးမ၍ သီလ၌ တည်စေပြီး ထိုအရပ်၌ပင် ညီတော်နှစ်ဦးနှင့်အတူနေ၏။ တနေ့သ၌ သူသည် နက္ခတ်ကိုကြည့်၍ အဘကွယ်လွန် သည်ကို သိလျှင် ဘီလူးကိုပါ ခေါ်သွားပြီး၊ မင်းပြုလေ၏။ စန္ဒမင်းသားအား အိမ်ရှေ့အရာကိုငင်း၊ သူရိယ မင်းသားအား စစ်သူကြီးအရာကိုငင်း ပေး၍ ဘီလူးအား မွေ့လျော်ဘွယ်ရှိသည့် အရပ်၌ ထားလေ၏။

ပညာရှိကို ဆည်းကပ်သူ မှန်သမျှ ကြီးပွားချမ်းသာသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် အရှက်၊ အကြောက် မရှိသော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း-** ထိုရဟန်း=ဘီလူး။ အာနန္ဒာ= သူရိယ မင်းသား။ သာရိပုတ္တရာ= စန္ဒမင်းသား။ ဘုရား= မဟိ'သမင်းသား။]

၇၊ ကဋ္ဌဝါဟနဇာတ်

မင်းနှင့် ထင်းခွေသည်မအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တနေ့သ၌ ဥယျာဉ်ထဲတွင် လှည့်လည်သော် သီချင်းဆိုပြီးထင်းများကို ယူနေသောထင်းခွေသည် (ကဋ္ဌဝါဟန) မိန်းမတဦးကို မြင်၍ တပ်စွန်းသဖြင့် ပေါင်းဖော်မိ၏။ ထိုခဏ၌ပင် ဘုရားလောင်းသည် ထိုမိန်းမ၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ မင်းသည် ထိုအကြောင်းကို ကြားသိလျှင် ထင်းခွေသည်မအား လက်စွပ်ကို ပေးပြီး "သမီးမွေးလျှင် ဤလက်စွပ်ကို ရောင်း၍ မွေးရစ်လော့။ သားမွေးလျှင် လက်စွပ်နှင့်အတူ လာခဲ့လော့" ဟု ဆို၍သွား၏။

ထင်းခွေသည်မသည် သားကိုမွေး၍ ထိုသား ကစား နိုင်သည့် အရွယ်ရောက်သော်မင်းထံ ခေါ်သွားပြီး ပရိသတ်အလယ်၌ပင် "ဤသူငယ်သည်အရှင်မင်းကြီး၏ သားတည်း" ဟု လျှောက်၏။ မင်းသည် သိသော်လည်း ရှက်သဖြင့် "ငါ့သား မဟုတ်" ဟု ဆို၏။ ထင်းခွေသည်မက လက်စွပ်ကို ပြ၍

ပြောသော်လည်း မင်းက "ငါ့လက်စုပ် မဟုတ်"ဟု ငြင်းပြန်၏။ ထိုအခါ ထင်းခွေသည်မသည် သစ္စာဆို၍ သားကို ခြေဦးကိုင်ပြီး ကောင်းကင်သို့ ပစ်လိုက်၏။ ဘုရားလောင်းသည် ကောင်းကင်၌ တင်ပလ္လင်ခွေနေလျက် "အရှင်မင်းကြီးသည် အခြားသူတို့ကိုမွေးမြူပါလျက် မိမိသားကို အဘယ့်ကြောင့် မမွေးမြူသနည်း"ဟု ဆို၏။ ထိုအခါ မင်းက "ချစ်သား၊လာလော့။ သင့်ကို ငါပင် မွေးမြူအံ့"ဟု ဆို၍ လက်ကို ဆန့်လေသည်။ ဘုရားအလောင်းသည် မင်း၏ လက်သို့ သက်ဆင်း၍ ရင်ခွင်၌ နေ၏။ မင်းသည် ဘုရားအလောင်းအား အိမ်ရှေ့အရာကိုပေး၍ အမိကို မိဖုရားကြီးအရာ၌ ထား၏။ အဘကွယ်လွန်သော် ဘုရားအလောင်းသည် 'ကဋ္ဌ ဝါဟန'မည်သော မင်းဖြစ်၍ တရားသဖြင့် မင်းပြုလေ၏။

မှန်ကန်သော သစ္စာတရားသည် အဆုံးတွင် အကျိုးပေးသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် 'ဝါသဘခတ္တိယာ' မင်းသမီးကို အကြောင်းပြု၍ "အဘသည် မင်းဖြစ်လျှင်, အမိသည် ကျွန်မ သူဆင်းရဲဖြစ်လင့်ကစား ထိုသူတို့၏ သားသမီးများသည် မင်းမျိုးပင် ဖြစ်သည်" ဟု သိစေလိုသဖြင့် ကောသလမင်းအား ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**မဟာမာယာ=အမိ။ သုဒ္ဓောဒန=အဘ။ ဘုရား=ကဋ္ဌဝါဟနမင်း။]

၈၊ ဂါမဏိဇာတ်

ဂါမဏိမင်းသားအကြောင်း

(ဤဇာတ်သည် သံဝရဇာတ် (ဇာ- ၄၆၂) တွင် အကျယ်လာ၏)။ ။ ဂါမဏိမင်းသားသည် ဘုရားလောင်း၏အဆုံးအမ၌ တည်၍ အစ်ကိုတရာတို့၏ ညီငယ် ဖြစ်သော်လည်း မင်းအဖြစ်ကို ရရှိလေ၏။ ဂါမဏိသည် မိမိ၏မင်းစည်းစိမ်ကို ကြည့်၍ "ဤမင်းစည်းစိမ်သည် ငါ့ဆရာ၏ ဥစ္စာတည်း။ ဆရာကို မှီ၍ အစ်ကိုတရာတို့ကို ကျော်လွန်ပြီး ဤမင်း စည်းစိမ်ကို ရပေ၏" ဟု ဥဒါန်းကျူးရင့်လေ၏။

[မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ နေစဉ် ဝိရိယ လျှော့သော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း**–ဝိရိယလျှော့သော ရဟန်း=ဂါမဏိမင်း။ ဘုရား= ပညာရှိ။]

၉၂ မဃဒေဝဇာတ်

မဃဒေဝမင်းကြီးအကြောင်း

ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မင်းပြုသော 'မဃဒေဝ' မင်းသည် "ကလေးဘဝ၊အိမ်ရှေ့မင်းဘဝ၊မင်းအဖြစ်" တို့၌နှစ်ပေါင်း ၈၄၀၀၀ စီနေခဲ့ပြီးနောက် တနေ့သ၌ သူ့ဦးခေါင်းမှ ဆတ်ဟာသည် နုတ်ပေးသော ဆံဖြူတပင်ကို မြင်ရသော် သံဝေဂရ၍ ထိတ်လန့်တုန်လှုပ်ပြီး ကိုယ်မှ ချွေးများယိုစီး၏။ မင်းကြီးသည် ထိုနေ့၌ပင် သားကြီးအားမင်းပြုစေပြီး မင်းဥယျာဉ်၌ ရဟန်းပြု၍ နေ၏။ သူသည် အနှစ် ၈၄၀၀၀ ပတ်လုံး ဗြဟ္မဝိဟာရ တရားလေးပါးကို ပွားများ၍ စုတေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မြတ်သောတောထွက်ခြင်း" ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ= ဆတ်ဟာသည်။ ရာဟုလာ=သား။ ဘုရား=မဃဒေဝမင်း။]

၁၀၊ သုခဝိဟာရီဇာတ်

ချမ်းသာစွာနေလေ့ရှိသော ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရသေ့သည် ဟိမဝန္တာတောင်၌ ရသေ့ငါးရာအခြံအရံဖြင့် ကြာမြင့်စွာ နေပြီးနောက် ဗာရာဏသီပြည်သို့သွား၍ မင်းဥယျာဉ်၌နေ၏။ မင်းသည် ရသေ့တို့ကို လုပ်ကျွေးပြုစုကိုးကွယ်၏။ ဘုရားလောင်းသည် မိုးကုန်၍ ပြန်မည်ပြုသော် မင်းကတောင်းပန်၍နေရစ်ပြီး တပည့်ကြီးအား ရသေ့ငါးရာကိုအပ်နှင်း၍ ဟိမဝန္တာသို့ ပြန်စေ၏။

တနေ့သ၌ ထိုတပည့်ကြီးသည် ဆရာကိုဖူးမြင်ရန် ရသေ့တို့ကို ဟိမဝန္တာ၌ထားခဲ့ပြီး ဗာရာဏသီသို့လာ၍ဆရာ့နားတွင် အခင်းတခုခင်းပြီးလျောင်းစေ၏။ ထိုခဏ၌ မင်းသည် ဆရာရသေ့ထံ ဖူးမျှော်ရန်လာ၏။ ထိုတပည့်ကြီးသည် မင်းကိုမြင်သော်လည်း နေရာမှ မထ "ဩဝါဒချမ်းသာစု ချမ်းသာစု" ဟု ကျူးရင့်၏။ မင်းသည် မနှစ်မြို့၍ ဘုရားလောင်းအား "ဤရသေ့သည် အလိုရှိတိုင်းစားပြီးအိပ်၍သာ နေ၏" ဟု ဆို၏။ဘုရားလောင်းက "ဤရသေ့သည် ယခင်က မင်းအဖြစ်နှင့်နေခဲ့ရသော်လည်း ဤချမ်းသာမျိုးကိုမရစဘူး။ ယခု သူသည် ရဟန်းချမ်းသာ စျာန်ချမ်းသာကို ရရှိ၍ ဤသို့ ဥဒါန်းကျူး

ခြင်းဖြစ်၏''ဟု ဆို၏ ။မင်းသည် အလှန်နှစ်သက်၍ ရှိခိုးပြီး နန်းတော်သို့ပြန်၏။ တပည့်ကြီးသည် ဆရာကိုရှိခိုးပြီး ဟိမဝန္တာသို့ ပြန်၏။ ဘုရားအလောင်းသည် ထိုညယျာဉ်၌နေလျက် မယုတ်သောစျာန်ရှိပြီး စုတေလျှင် ဗြဟ္မာပြည်၌ ဖြစ်လေသည်။

လောကီစည်းစိမ်ထက် လောကုတ္တရာချမ်းသာက ပို၍ မြတ်၏။

[မြတ်စွာဘုရားသည် အနုပီယမြို့ သရက်ဥယျာဉ်၌နေစဉ် ချမ်းသာစွာနေလွှဲရှိသော (သုခဝိဟာရီ) ဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—ဘဒ္ဒိယမထေရ်=တပည့်ကြီး။ဘုရား=ဆရာရသေ့။]

၁၁၊ လက္ခဏမိဂဇာတ်

လက္ခဏသမင်အကြောင်း

မဂဓတိုင်း ရာဇဂြိုဟ်ပြည် 'မဂဓမင်း'လက်ထက် ဘုရားအလောင်း သမင်မင်း (မိဂ)သည် သမင်တထောင်ခြံရုံလျက် တော၌နေ၏။ သူ့မှာ "လက္ခဏနှင့်ကာဠ"မည်သော သားနှစ်ဦး ရှိ၏။ သူသည် အသက်ကြီးသော် သားနှစ်ဦးအား သမင်ငါးရာစီ အပ်နှင်း၏။ လူတို့သည် ကောက်မှည့်ခိုင်တင် ထိုထိုအရပ်များ၌ ကျော့ကွင်းများကိုထောင်၍ သမင်များကို ဖမ်းယူကြ၏။ ထိုအခါ ဘုရားလောင်းသည် သားနှစ်ဦးအား "သမင်အခြံအရုံတို့ကို ယူပြီး တောင်ခြေရင်းသို့ သွားနေ၍ ကောက်သိမ်းခိုင်မှ ပြန်လာရန်"ပြောကြားပြီး မိမိမူ သင့်တော်သည့် အရပ်၌ နေရစ်ခဲ့၏။ သားနှစ်ဦးတို့သည် သမင်အပေါင်းကိုယူ၍ တောသို့ သွားကြ၏။ လူတို့သည် သမင်များသွားသည့် လမ်း၌ ပုန်းလျက် သမင်တို့ကို ပစ်သတ်ကြ၏။

ပညာမရှိသည့် 'ကာဠ' သမင်သည် မသွားသင့်သည့် အချိန်များ၌ ရွာဘေးအတိုင်းသွားသဖြင့် သူ၏ အခြံအရုံ သမင်များစွာ အသတ်ခံကြရ၏။ ပညာရှိ'လက္ခဏ'သမင်သည်ကား မသွားသင့်သည့်အချိန်ကိုသိ၍ သန့်ကောင်အချိန်တွင်သာသွားသဖြင့် သူ၏ အခြံအရုံ သမင်တကောင်မျှ မပျက်စီးပေ။ တဖန် ကောက်သိမ်းခိုင်ပြန်လာသည့်အခါမှာလည်း'ကာဠ'သည် မသွားသင့်သည့်အချိန်တွင် သွားသဖြင့် သူ၏ ကျန်သမင်အားလုံး အသတ်ခံရပြီး၊

တကောင်တည်း မိဘထံ ပြန်ရောက်လာ၏။ 'လက္ခဏ' သမင်သည်ကား သမင်တကောင်မျှ မပျက်စီးစေဘဲ ပြန်ရောက်လာ၏။

ပညာရှိသည် သတိပညာနှင့် ဖြိုလုပ်သဖြင့် ကြီးမှား ချမ်းသာသည်။

[မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဌာနေစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ "ရှင်သာရိပုတ္တရာ၏ အခြံအရံနှင့်ပြည့်စုံမှု၊ ဒေဝဒတ်၏ အခြံအရံမှ ကင်းမှု"နှင့် ပတ်သက်ပြီး ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— **ဒေဝဒတ်**=ကာဠသမင်။ **သာရိပုတ္တရာ**=လက္ခဏသမင်။ **ရာဟုလာမယ်တော်**=လက္ခဏ်—**ကာဠ**တို့၏ အမိ။ **ဘုရား**=လက္ခဏ—**ကာဠ**တို့၏ အဘ။]

၁၂။ နိဂြောဓမိဂဇာတ်

နိဂြောဓသမင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'နိဂြောဓ' ရှေ့သမင်(နိဂြောဓ မိဂ)သည် သမင်ငါးရာခြံရုံလျက် တော၌နေ၏။ 'သာခ' မည်သော ရှေ့သမင်သည်လည်း သမင်ငါးရာခြံရုံလျက် ထိုတော၌ပင်နေ၏။ ဗာရာဏသီမင်းသည် ရှာသားများကိုခေါ်၍ နေ့တိုင်း သမင်လိုက်သွားလေ့ရှိ၏။ လူတို့သည် အလုပ်မလုပ်ရသဖြင့် ထိုသမင်များနေသည့်တောကို ဝိုင်း၍ အော်ဟစ်လျက် သမင်များကို မောင်းယူ၍ မင်းဥယျာဉ်ထဲသို့ သွင်းကြပြီး မင်းအား "ထိုသမင်များ၏အသားကိုအလိုရှိတိုင်းစားပါလော့"ဟုလျှောက်ကြ၏။ မင်းသည် ဥယျာဉ်သို့သွား၍ ရှေ့သမင်နှစ်ကောင်ကို ဘေးမဲ့ပေးပြီး ကျန်သမင်များကို တနေ့တကောင်စီ လေးဖြင့် ပစ်ယူစေ၏။ 'နိဂြောဓ' သမင်သည် 'သာခ' သမင်နှင့်တိုင်ပင်၍ "မည်သည့် အုပ်စုထဲမှဖြစ်စေ၊ အလှည့်ကျသည့်သမင်သည် စဉ်းတီတုံးပေါ်တွင် လည်ကိုထား၍ အိပ်စေ၊ မြားဖြင့် မပစ်စေလင့်" ဟူ၍ သဘောတူကြ၏။ ထိုအခါမှစ၍ အလှည့်ရောက်သည့် သမင်သည် သွား၍ ထိုစဉ်းတီတုံးပေါ်၌ လည်ကိုထား၍အိပ်ရ၏။ စားတော်ချက်သည် ထိုသမင်ကိုသာယူ၍ သွား၏။

တနေ့သ၌ 'သာခ' သမင်၏ အခြံအရံထဲမှ ကိုယ်ဝန်ဆောင်သမင်မသည် အလှည့်ကျ၍၊ 'သာခ' သမင်အား သူ့အလှည့်ကို မမေ့မီ ကျော်လွှန်ပေးရန် ပြောမရသဖြင့် ဘုရားလောင်းထံ သွားပြော၏။ ဘုရားလောင်းက "ငါသည် သင့်အလှည့်ကိုလွန်စေအံ့"ဟု ဆိုပြီး၊ စဉ်းတီတုံးတွင် လည်ကိုထား၍ အိပ်၏။

စားတော်ချက်သည် လာ၍ ဘေးမဲ့ပေးထားသည့် ဘုရားလောင်းကို မြင်လျှင် မင်းထံ သွားအကြောင်းကြား၏။ မင်းက လာ၍ မေးသော် ဘုရားလောင်းက အကြောင်းစုံ ပြောပြ၏။ မင်းသည် "သင်ကဲ့သို့သော ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံသူကို လူတို့တွင် မမြင်စဖူး။ သင်နှင့်တက္ခ ကိုယ်ဝန်ဆောင်သမင်မကို ဘေးမဲ့ပေးပါ၏" ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် ပင်းအား တရားဟောဆုံးမ၍ ငါးပါးသီလ၌ တည်စေပြီး ဥယျာဉ်ရှိ သမင်များနှင့် တက္ခ သတ္တဝါအားလုံးအား 'ဘေးမဲ့ပေးခြင်း'ကို တောင်းယူ၍ သမင်အပေါင်းနှင့်တက္ခ တောသို့ သွားလေ၏။

သူတော်ကောင်းသည် ကိုယ်ကျိုး စွန့်၍ သူတပါးအကျိုးကို ဆောင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဒေဝဒတ်က လူထွက်ခိုင်းသည့် လူဘဝက ကိုယ်ဝန်ပါလာခဲ့သော မထေရ်မကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း** ဒေဝဒတ်=သာဓသမင်။ မထေရ်မ=ကိုယ်ဝန်ရှိသမင်မ။ အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=နိဂြောဓသမင်။]

၁၃၊ ကဏ္ဍိနဇာတ်

တဏှာကြီးသော သမင်အကြောင်း

ရာဇဂြိုဟ်ပြည် မဂဓမင်းလက်ထက် ဘုရားလောင်းသည် တောင်၌ ရဟန္တစိုးနတ်ဖြစ်၏။ ထိုအခါ သမင်တို့သည် ကောက်မှည့်ခါနီတွင် လူတို့ထံမှ အသက်ဘေးအန္တရာယ်ရှိသဖြင့် တောင်ခြေရင်းသို့ သွားကြ၏။ ၎င်းတို့ အထဲမှ သမင်တကောင်သည် ရွာနားနေ သမင်မငယ်ကို တပ်မက်သဖြင့် နေရစ်ခဲ့ပြီး ထိုသမင်မနှင့်အတူသာ လိုက်၍နေ၏။ မှဆိုးတဦးသည် ထိုသမင်နှစ်ကောင် လာသည့်လမ်း၌ ပုန်း၍ စောင့်နေ၏။ သမင်မငယ်သည် လူနံ့ရ၍ မှဆိုးစောင့်နေသည်ကိုသိလျှင် ထိုသမင်မိုက်ကို ရှေ့က သွားခိုင်းပြီး နောက်က လိုက်၏။ ထိုသမင်ကို မှဆိုးက လေးဖြင့် ပစ်သော် သမင်မငယ်သည် လျင်စွာ ပြေး၏။ ဘုရားလောင်း ရဟန္တစိုးနတ်သည် ထိုအဖြစ်အပျက်ကို မြင်လျှင် "ဤသမင်သည် ကာမဂုဏ်ကို အမှီပြု၍ သေရ၏။ မိန်းမ၏ အလိုသို့လိုက်သူကို ကဲ့ရဲ့အပ်၏" စသည်ဖြင့် တောစောင့်နတ်တို့အား တရားဟောလေ၏။

။မိုက်သည် ဘေးမကြည့်ဘဲ ကာမဂုဏ်လိုက်စဉ်း၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် မယားဟောင်းက ဖြားယောင်းသဖြင့် သာသနာ၌ းငြိငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** ငြိးငွေ့နေသော ရဟန်း=တောနေသမင်မိုက်။ မယားဟောင်း=သမင်မငယ်။ ဘုရား=ရွက္ခစိုးနတ်။]

၁၄၊ ဝါတမိဂဇာတ်

အရသာမက်သည့် သမင်ပျံအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် သမင်ပျံ (ဝါတမိဂ) တကောင်သည် ထိုမင်းဥယျာဉ်သို့ မကြာခဏ လာ၍ ကျက်စား၏။ မင်းက ဥယျာဉ်စောင့်အား ထိုသမင်ပျံကိုဖမ်းခိုင်း၏။ဥယျာဉ်စောင့်သည် သမင်ပျံ ကျက်စားရာ အရပ်၌ မြက်တို့ကို ပျားရည်ဖြင့် လူး၍ ပုန်းနေ၏။ သမင်ပျံသည် ထိုပျားလူးမြက်များကိုသာ စား၍ ရသတဏှာကြောင့် တခြားမသွားတော့ဘဲ ထိုဥယျာဉ်၌သာ ကျက်စား၏။ ဥယျာဉ်စောင့်သည် သမင်ပျံအား မိမိကိုယ်ကို အကြိမ်ကြိမ်ပြ၍ ရင်းနှီးအောင် လုပ်၏။ ကြာလျှင် ထိုသမင်ပျံသည် ဥယျာဉ်စောင့်၏ လက်ထဲထားသည့် မြက်များကို စား၏။

ထိုအခါ ဥယျာဉ်စောင့်သည် ဥယျာဉ်မှ နန်းတော်အထိ လမ်းကို ဖျာတို့ဖြင့် ကာ၍ ထိုထိုအရပ်၌ သစ်ခက်တို့ကို ချထားလျက် ပျားလူးမြက်များကို သမင်ရှေ့မှာကြဲချ၍ သမင်ကိုခေါ်ဆောင်၏။ မင်းရင်ပြင်သို့ရောက်၍ တံခါးပိတ်လိုက်၏။ သမင်ပျံသည် လူတို့ကိုမြင်လျှင် ကြောက်လန့်သဖြင့် ဟိုဟိုဒီဒီပြေးသွား၏။ မင်းသည် နန်းတော်မှဆင်း၍ သမင်ကို မြင်လျှင် "သမင်ပျံမည်သည် တောင်၌သာနေ၍ လူတို့မြင်ရာ အရပ်သို့ လာလေ့မရှိ။ ရသတဏှာကြောင့်သာ ဤနေရာသို့ ရောက်လာ၏။ ရသတဏှာသည် အလွန် ကြောက်ဖွယ်ရှိစွ တကား" ဟူ၍ ရသတဏှာ၏ အပြစ်ကို ပြောဟောပြီး ထိုသမင်ပျံကို တောသို့ ပြန်ပို့စေ၏။

အရသာမက်သူသည် ရန်သူ့ဆောင်ခြောက်ထဲသို့ ရောက်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ရသတဏှာကို မက်၍ ပြည့်တန်ဆာမ၏ ဖြားယောင်းခြင်းခံရသော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** ပြည့်တန်ဆာမ=ဥယျာဉ်စောင့်။ ထိုရဟန်း=သမင်ပျံ။ ဘုရား=ဗာရာဏသီမင်း။]

၁၅။ ခရာဒိယဇာတ်

ဆုံးမခက်သော သမင်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သမင်မင်းသည် သမင်အပေါင်းခြံရုံလျက် တော၌နေ၏။ တနေ့သ၌ နှမဖြစ်သူ သမင်မက သူ့သားအား 'မိဂမာယာ'ကို သင်ပေးရန် ပြောသဖြင့် ဘုရားလောင်းက သူ့တူအား ဤမည်သောအချိန်၌ လာ၍ သင်ယူရန် ပြော၏။ ထိုသမင်သည် သူ့ဦးရီးထံ ခုနစ်ရက်တိုင် မသွားဘဲ ကျက်စားသော် ကျော့ကွင်း၌ မိ၏။ သူ့အမိက လာမေးသော် ဘုရားလောင်းက "သင့်သားသည် 'မိဂမာယာ'ကို လာမသင်။ သူ့ကို ငါ့ မဆုံးမလိုပြီ" ဟု ဆို၏။ မုဆိုးသည် ထိုဆုံးမရခက်သည့် သမင်ကို သတ်၍ အသားကို ယူသွားလေ၏။

လူမိုက်သည် ပညာရှိစကားကို မနာယူသဖြင့် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဆုံးမခက်သောရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆုံးမ ခက်သော ရဟန်း=ကျော့ကွင်း၌မိသော သမင်။ ဥပဂလဝက်=နှမဖြစ်သောသမင်မ။ ဘုရား=ဆုံးမတတ်သည့်သမင်။]

၁၆။ တိပလ္လတ္ထဇာတ်

ဆုံးမလွယ်သော သမင်အကြောင်း

ရာဇဂြိုဟ်ပြည် 'မဂဓ'မင်း လက်ထက် (ဇာ ၁၅ အတိုင်း) ထိုသမင်သည် ဦးရီးထံထွား၍ 'မိဂမာယာ'ကို သင်ယူ၏။ သင်ယူပြီးသော် သူသည် တနေ့သ၌ တောင်္ခကျက်စားစဉ် ကျော့ကွင်း၌မိ၏။ သူသည် 'မိဂမာယာ'ကို တတ်ထားသဖြင့် ကိုယ်ကို တောင့်ထား၍ ဝမ်းဗိုက်ကိုဖောင်းနေအောင် လုပ်ထားပြီး သေနေဟန်ဆောင်၍ အိပ်နေ၏။ ယင်တို့သည် သူ့ကိုအုံ၍ ထိုထိုအရပ်၌ ကျီးတို့ နားကုန်၏။ မုဆိုးသည် ရောက်လာ၍ ဗိုက်ကို လက်ဖြင့်ပုတ်ကြည့်ပြီး "စောစောမိ၍ ယခုပုပ်နေပြီ၊ သမင်ကို အမြန်ဖျက်၍ယူအံ့" ကြံ၍ ကျော့ကွင်းတို့ကို ဖြေ၍ သစ်ခက် သစ်ရွက်များကိုယူရန် အားထုတ်၏။ ထိုအခါ သမင်သည် လေကဲ့သို့ လျင်မြန်စွာ ထပြေးလေ၏။

လူလိမ္မာသည် ပညာရှိစကားကို နာခံသဖြင့် ဘေးမှ လွတ်ကင်းရ၏။

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဗီးတောကျောင်း၌နေစဉ် အကျင့်သိက္ခာပုဒ်ကို အလိုရှိသော 'ရာဟုလ'မထေရ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်။ ။ဇာတ်ပေါင်း–ရာဟုလာ=တူသမင်ငယ်။ ဥပ္ပလဝဏ်=နှုမဖြစ်သော သမင်မ။ ဘုရား=ဦးရီးဖြစ်သူ သမင်။]

၁၇၊ မာလုတဇာတ်

ကျား၊ ခြသေ့ ၂ ဦး၏ အချမ်းပြဿနာ

ခြသေ့နှင့်ကျား မိတ်ဆွေ နှစ်ဦးသည် ဘုရားလောင်းရသေ့ နေထိုင်သည့် တောင်ခြေရင်းဝယ် လိုဏ်ဂူတခုတွင် အတူနေကြ၏။ တနေ့သ၌ ကျားက "လဆုတ်၌သာ ချမ်းသာ၏" ဟုဆို၏။ ခြသေ့က "လဆန်း၌သာချမ်းသာ၏" ဟု ဆို၏။ ဤသို့ သူတို့နှစ်ဦးသည် 'အချမ်းဖြစ်ပုံ'နှင့် ပတ်သက်၍ ငြင်းခုန်ကြပြီး ဘုရားလောင်းအား အဆုံးအဖြတ်ပေးရန် မေးကြ၏။ ဘုရားလောင်းက "အချမ်းမည်သည် လေ(မာလုတ)ကြောင့်ဖြစ်၏။ လဆန်း၌ဖြစ်စေ၊ လဆုတ်၌ဖြစ်စေ လေလာလျှင် အချမ်းဖြစ်ပေါ်၏" ဟု ဆိုလေ၏။

လူမိုက်တို့သည် အသေးအဖွဲကို မသိနိုင်ဘဲ ငြင်းခုန်တတ်ကြ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် 'အချမ်းဖြစ်ပုံ'နှင့် ပတ်သက်ပြီး ငြင်းခုန်ကြသည့် တောထွက်ရဟန်းကြီးနှစ်ပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်။ **ဇာတ်ပေါင်း** တောထွက် ရဟန်းကြီးနှစ်ပါး=ကျားနှင့်ခြသေ့။ ဘုရား=ပြဿနာကိုဖြေသော ရသေ့။]

၁၈၊ မတကဘတ္တဇာတ်

မကတဘတ်အလှူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဗေဒင်ပါရဂူဒိသာပါမောက္ခပုဏ္ဏား တဦးသည် 'မတကဘတ္တ'(သေသူကို ရည်စူးလှူသည့်အလှူ)ကို လှူရန် အသုံးပြုမည့် ဆိတ်တကောင်ကို တပည့်တို့အား မြစ်၌ ရေချိုးပေးပြီး လည်၌ပန်းကုံးစွပ်၍ ဆောင်ယူလာရန် စေခိုင်း၏။ တပည့်တို့သည် ဆရာခိုင်းသည့်အတိုင်း ပြုပြီး ထိုဆိတ်ကို မြစ်နား၌ထား၏။ ထိုခဏ၌ ဆိတ်သည် ဇာတိသရဉာဏ်ဖြင့် ရှေးဘဝများကို မြင်၍ "ယနေ့ ငါသည် ကျိုးဆင်းရဲမျိုးမှ လွတ်တော့မည်" ဟု ဝမ်းသာ၍ ရယ်၏။ တဖန် "ကျိပုဏ္ဏားသည် ငါ့ကိုသတ်၍ ငါခံရသည့်ဆင်းရဲ

မျိုးကို ရလတံ့”ဟု ပုဏ္ဏားကို သနားချီငို၏။ ထိုအခြင်းအရာကို မြင်လျှင် တပည့်တို့သည် ထိုဆိတ်ကို ယူလာပြီး ဆရာအား အကြောင်းစုံကို ပြောပြ၏။ ပုဏ္ဏားကမေးသော် ဆိတ်က“ငါသည် ရှေးက သင်ကဲ့သို့ပင်ဗေဒင်တတ်ကျွမ်းသည့် ပုဏ္ဏားဖြစ်ခဲ့၏။ ‘မတကဘတ်’အတွက် ဆိတ်ကိုသတ်ခဲ့သဖြင့် ၄၉၉ ဘဝတို့၌ ဆိတ်ဖြစ်ပြီး ခေါင်းဖြတ်ခံခဲ့ရ၏။ ဤဘဝသည် နောက်ဆုံးဖြစ်၏”ဟု ဆိုလျက် သူ့ရယ်ခြင်း၊ ငိုခြင်း၏ အကြောင်းများကို ပြောကြား၏။

ပုဏ္ဏားသည် ထိုဆိတ်ကိုလွှတ်၍ သူတပါးတို့ မသတ်စေရန် တပည့်များ၏ အစောင့်အရှောက်ဖြင့် စားကျက်သို့သွားစေ၏။ ကျောက်ဖျာတခုသို့ရောက်သော် မိုးကြိုးသည် ထိုကျောက်ဖျာပေါ် ကျ၍ ပြတ်ထွက်သည့် ကျောက်လွှာတခုသည် ထိုဆိတ်၏လည်ပေါ် ကျသဖြင့် ဦးခေါင်းပြတ်လေ၏။ လူအများသည် စုဝေးရောက်လာကြ၏။ ထိုအရပ်၌နေသော ဘုရားလောင်း ရဂ္ဂစိုးနတ်သည် ကောင်းကင်၌ တည်လျက် ထိုဆိတ်ကို အကြောင်းပြု၍ ‘သူ့အသက်ကို မသတ်ကြရန်’ တရားဟောလေ၏။

မကောင်းမှုကို ကောင်းမှုဟု ထင်ခြင်းကား မိစ္ဆာအယူတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ‘မတကဘတ်’ လူခြင်းကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**-ဘုရား=ရဂ္ဂစိုးနတ်။]

၁၉၊ အာယာစိတဘတ္တဇာတ်

ယင်္ဂနတ်ပူဇော်ခြင်းအကြောင်း

ကာသိတိုင်း၌ ရှာသား သူကြွယ်တဦးသည် “ဘေးကင်းစွာ ပြန်ရောက်ကပညောင်ပင်စောင့် နတ်အား ယင်္ဂပူဇော်ပါမည်”ဟု ဝန်ခံခဲ့၏။ သူသည်ကား အန္တရာယ်မရှိဘဲ ရောက်လာ၍ “သတ္တဝါများကို သတ်ပြီး ဝန်ခံခြင်းမှ လွှတ်စေအံ့”ဟု ကြံ၍ ပညောင်ပင်ရင်းသို့ လာ၏။ ဘုရားလောင်း ရဂ္ဂစိုးနတ်သည် ထိုပညောင်ပင်ခွဲ၌ ရပ်လျက် “သူ့အသက်ကို သတ်၍ ဝန်ခံခြင်းမှ လွှတ်စေလိုသူသည် မကောင်းမှုဖြင့် မိသည်သာတည်း” စသည်ဖြင့် တရားဟော၏။ ထိုအခါမှစ၍ လူတို့သည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၍ ကောင်းမှုများကို ပြုကြလေ၏။

မညာရှိသည် မသိသူကိုသိအောင် ညွှန်ပေးတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် နတ်တို့အား တောင်းပန်ခြင်း၊ ရှိခိုးပူဇော်ခြင်းအမှုကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**-ဘုရား=ရဂ္ဂစိုးနတ်။]

၂၀၊ နဠကပါန၁ာတ်

အာဆစ်မရှိသော ကျူးပင်များအကြောင်း

တောကြီးတခုအတွင်း 'နဠကပါန' မည်သော ရေကန်ကြီး၏ ပတ်ဝန်းကျင်တွင် ကျူးတောကြီးရှိ၏။ ထိုရေကန်ကိုစောင့်သည့် ဘီလူးသည် ရေကန်သို့ ဆင်းကြသည့် သတ္တဝါများကိုစား၏။ တနေ့သ၌ ဘုရားလောင်း မျောက်မင်းသည် မျောက်ရှစ်သောင်း ခြံရုံလျက် ထိုရေကန်သို့ ရောက်လာ၏။ သူသည် စူးစမ်းကြည့်ရှု၍ ဆင်းသည့်ခြေရာတို့ကိုသာမြင်လျှင်- "ဤရေကန်ကို ဘီလူးစောင့်၏"ဟု ဆိုသဖြင့် မျောက်တို့သည် ရေကန်သို့ မဆင်းကြကုန်။ ထိုအခါ ဘီလူးသည် ရေထဲမှထွက်လာပြီး "ရေကန်သို့ဆင်း၍ ရေသောက်ကြလော့"ဟုဆို၏။ ဘုရားလောင်းက "သင့်ရေကန်ထဲ မဆင်းဘဲ ရေကို သောက်ကုန်အံ့"ဟု ဆို၍ မျောက်တို့အား ကျူးရိုးတချောင်းစီ ယူခိုင်း၏။

သူသည် ပါရမီတို့ကို ဆင်ခြင်၍ သစ္စာပြုပြီး ကျူးရိုးတခုကို ပါးစပ် (နှုတ်သီး)ဖြင့် မှုတ်၏။ အတွင်းမှ အဆစ်အပိတ်များ အားလုံးပြုတ်ပြီး တောက်လျှောက် အခေါင်းဖြစ်လေ၏။ သူသည် ယူလာခဲ့ကြသည့် ကျူးရိုးတို့ကို ထို့အတူပြု၍ မပြီးနိုင်သဖြင့် "ဤရေကန် ပတ်လည် ပေါက်သည့် ကျူးပင်အားလုံး တပေါက်ထဲ ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြု၏။ ထိုအခါမှ စ၍ ထိုရေကန်အနီးရှိ ကျူးပင်အားလုံးသည် တပေါက်တည်းသာ ရှိကြလေ၏။ ဘုရားလောင်းနှင့် တကွ မျောက်အပေါင်းတို့သည် ထိုရေကန်ကို ဝန်းရံပြီး ကျူးတို့ဖြင့် ရေကိုစုတ်၍ သောက်ကြ၏။ ဘီလူးသည် မျောက်တကောင်မျှမရ၍ စိတ်ညစ်ပြီး မိမိနေရာသို့ ပြန်သွားလေ၏။

ပါရမီရှင်ပညာရှိသည် ဘယ်အရာမဆို ဖြိုလုပ်နိုင်သည်သာ။

[မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီကြွ၍ 'နဠကပါန' ရွာသို့ ရောက်သော် 'နဠကပါန' ရေကန်အနီးရှိ ကျူးပင်တို့မှာ အဘယ့်ကြောင့် တပေါက်တည်းရှိသည်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=ဘီလူး။ ဘုရား=မျောက်မင်း။]

၂၁၊ ကုရုဂ်မိဂ၁ာတ်

ဆတ်နှင့်မုဆိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဆတ် (ကုရုဂ်မိဂ) သည် တော၌ သစ်သီးတို့ကိုစား၍နေ၏။ သူသည် အခါတပါး၌ ယမနေပင်

တပင်သို့သွား၍ ယမနေသီးများကိုစားလေ့ရှိ၏။ တနေ့သ၌ လင့်စောင့်မုဆိုး တဦးသည် ထိုယမနေပင်ရင်း၌ ဆတ်၏ခြေရာကိုမြင်၍ ထိုအပင်ပေါ်၌ လင့်ဆောက်ပြီး လှုံ့နှင့်စောင့်နေ၏။ ဘုရားလောင်းသည် ထိုယမနေပင်အနီးသို့ရောက်သော် ရုတ်တရက် မဝင်သေးဘဲ လင့်၌ မုဆိုးရှိမရှိ စုံစမ်းလျက် အပြင်၌သာ ရပ်နေ၏။ ထိုအခါ မုဆိုးသည် အပေါ်မှ ယမနေသီးများကို ဘုရားလောင်းရှေ့သို့ ပစ်ချ၏။ ဘုရားလောင်းသည် အပေါ်၌ မုဆိုးရှိသည်ကိုသိ၍ "အို ယမနေပင်၊ ရှေးက သင်သည် အသီးများကို ဖြောင့်တန်းစွာ ကျစေ၏။ ယခုမူ ထိုသို့မဟုတ်၊ သစ်ပင်၏သဘောကို စွန့်ပယ်၏" ဟုဆို၏။ ထိုအခါ မုဆိုးသည် လှုံ့ကိုလွှတ်၍ "သင် သွားတော့၊ ယခု သင့်ကို မထိုးမိ ချွတ်ယွင်း၏" ဟု ဆို၏။ ဘုရားလောင်းက "သင်သည် ယခုငါ့ကို လွှဲသော်လည်း ငရဲစသည့်ဒုက္ခတို့ကို မလွှဲပေ" ဟုဆို၍ ပြေးလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် ဘုရားကို သတ်ရန် အားထုတ်သည့် ဒေဝဒတ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း=ဒေဝဒတ်=လင့်စောင့်မုဆိုး။** ဘုရား=ဆတ်။]

၂၂၊ ကုက္ကုရဇာတ်

ခွေးပညာရှိအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခွေးမင်း (ကုက္ကုရ) သည် ခွေးများစွာခြံရံလျက် သုသာန်၌နေ၏။ တညသ၌ နန်းတွင်းခွေးတို့သည် မင်းရင်ပြင်၌ မိုးရွာ၍ စိုနေသည့် မင်း၏ရထားမှ သားရေတို့ကိုစားကြ၏။ မင်းချင်းတို့က **မင်း**အား "ပြင်ပမှ ခွေးတို့သည် ပြုန်ပေါက်မှ ဝင်၍ ရထား၏ သားရေတို့ကို စားကြ၏" ဟုလျှောက်၏။ သူတို့သည် မင်း၏အမိန့်ဖြင့် မြင်သမျှသော ခွေးတို့ကို လိုက်၍သတ်ကြ၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုကြားလျှင် ခွေးတို့အား သုသာန်၌ နေခဲ့စေပြီးမေတ္တာဘာဝနာကို ပွားများ၍ မြို့တွင်းသို့ဝင်ပြီး မင်းထံသွား၏။

သူသည် **မင်း**အား "သင်မင်းကြီးသည် သားရေတို့ကို ခိုးစားကြသည့် နန်းတွင်းခွေများကို ချန်ထားပြီး ခိုးမစားသည့် ခွေးများကို သတ်ဘိ၏" ဟုဆိုပြီး မြေဇာမြက်များကို ထောင်းစေ၍ ယက်တက်ရည်နှင့်ရောပြီးထိုနန်းတွင်းခွေးတို့အား တိုက်စေ၏။ ထိုခွေးတို့သည် သားရေနှင့်တကွ အန်ကုန်၏။

ထိုအခါ မင်းသည် အလွန်နှစ်သက်၍ ဘုရားလောင်းအား ထီးဖြူမိုး၍ ပူဇော်၏။ဘုရားလောင်းသည် မင်းကြီးအား မင်းကျင့်တရားများကိုဟော၍ ငါးပါးသီလ၌ တည်စေ၏။ မင်းသည် သတ္တဝါအားလုံးအား ဘေးမဲ့ပေး၍ ဘုရားလောင်းနှင့်တကွ ခွေးအားလုံးအား မိမိစားသည့်အစာနှင့် တူညီသော အစာကို နေ့စဉ် ကျွေးမွေးလေ၏။

ပညာရှိသည် မိမိအမျိုး၏ အကျိုးကို ဆောင်ရွက်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ဆွေမျိုးတို့၏ အကျိုးကို ကျင့်ခြင်းနှင့် ပတ်သက်၍ကျွဲဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ခွေးပညာရှိ။]

၂၃။ ဘေဇ္ဇာဇာနိယဇာတ်

အာဇာနည်မြင်း အကြောင်း

ဘုရားလောင်း 'ဘေဇ္ဇာဇာနိယ' သိန္ဓောမြင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မင်္ဂလာမြင်း ဖြစ်၏။ တနေ့သ၌ ခုနစ်ပြည်ထောင် မင်းတို့သည် ဗာရာဏသီပြည်ကို တိုက်ရန် ဝိုင်းကြ၏။ ဗာရာဏသီမင်းသည် မြင်းစီးသူရဲတဦးအား သိန္ဓောမြင်းကိုစီးပြီး ထိုမင်းတို့ကို တိုက်ခိုက်စေ၏။ မြင်းစီးသူရဲသည် ချပ်တန်ဆာဝတ်၍ သန်လျက်ကိုလှယ်ပြီး ချပ်ဖြင့် ဖွဲ့ထားသည့် ဘုရားလောင်းကိုစီးလျက် မြို့မှထွက်၏။ သူသည် လျင်မြန်စွာသွား၍ ပထမ ဗိုလ်စုကို ဖျက်ပြီး မင်းကို အရှင်ဖမ်း၍ မြို့သို့ လျင်စွာယူဆောင်ပြီး ဗိုလ်ပါအား အပ်နှင်း၏။ တဖန် လျင်မြန်စွာသွား၍ ရှေးနည်းအတူပင် ဒုတိယ ဗိုလ်စုကိုဖျက်၍ မင်းကို အရှင်ဖမ်းပြီး မြို့သို့ယူဆောင်၏။ ဤနည်းဖြင့် ဆဋ္ဌမ မြောက် ဗိုလ်စုကိုဖျက်၍ မင်းကိုဖမ်းသော် ဘုရားလောင်းမှာ မြားဒဏ်ရာ ရ၏။ မြင်းစီးသူရဲသည် ထိုမင်းကို မြို့သို့ယူဆောင်၍ ဘုရားလောင်းမှ ချပ်ကို ဖြုတ်ပြီး အခြားမြင်းကို ချပ်ဖြင့်ဖွဲ့ရန် အားထုတ်၏။

ဘုရားလောင်းသည် သူ့ကိုခေါ်၍ "ငါမှတပါးအခြားမြင်းသည် သတ္တမ မြောက် ဗိုလ်စုကို မဖျက်နိုင်၊ သင်လည်း ပျက်စီးမည်၊ ငါ့ကိုထူ၍ ချပ်ဖြင့် ဖွဲ့လော"ဟု ဆို၏။ မြင်းစီးသူရဲသည် ဘုရားလောင်းဆိုတိုင်း ပြု၍ သတ္တမ မြောက် ဗိုလ်စုကိုဖျက်ပြီး မင်းကို အရှင်ဖမ်း၍ မြို့သို့ယူဆောင်၏။ ဘုရား လောင်းသည် မိမိကိုကြည့်ရန်လာသည့်မင်းကြီးအား "မင်းကြီး၊ ဤမင်းတို့ကို

မသတ်ဘဲ သစ္စာရေ တိုက်၍လွှတ်ပါ။ ဤမြင်းစီးသူရဲကို ချီးမြှောက်ပါ။ သင်မင်းကြီးလဲ အလှူပေး၍ သီလကိုစောင့်ပြီး တရားသဖြင့် မင်းပြုပါ''ဟုဆုံးမပြီးသော် ဖွဲ့ထားသည့် ချပ်တန်ဆာကို ဖြုတ်စဉ်ပင် သေလေ၏။

အာဇာနည်တို့သည် အသက်ကိုစွန့်၍ လုပ်တတ်ကြသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဝိရိယလျော့သော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း** အာနန္ဒာ=ဗာရာဏသီမင်း။ သာရိပုတ္တရာ=မြင်းစီးသူရဲ။ ဘုရား=ဘောဇဇာနီယသိန္ဓော မြင်း။]

၄။ အာဇညဇာတ်

အာဇာနည်မြင်းညီနောင်အကြောင်း

(အထက်ပါ အတိုင်း) ခုနစ်ပြည်ထောင် မင်းတို့သည် ဗာရာဏသီပြည်ကို တိုက်ရန် ဝိုင်းကြ၏။ ထိုအခါ ရထားစီးသူရဲတဦးသည် ဘုရားလောင်းနှင့် ညီသိန္ဓောမြင်း (အာဇည)ညီနောင် နှစ်ကောင်ကို ရထား၌ကပ်၍ မြို့မှထွက်ပြီး ခြောက်ခုသော ဗိုလ်စုတို့ကိုဖျက်၍ မင်းခြောက်ဦးတို့ကို ဖမ်းပြီးသော် ဘုရားလောင်းမှာ ဒဏ်ရာရ၏။ ရထားစီးသူရဲလည်း ဘုရားလောင်း မြင်းကြီးကို ရထားမှချတ်၍ အခြားမြင်းကို ကရန် အားထုတ်၏။ ထိုအခါ ဘုရားလောင်းသည် ရထားစီး သူရဲအား ရှေးနည်းအတိုင်းဆို၍ သူ့ကို ရထား၌ ကခိုင်း၏။ ရထားစီး သူရဲသည် ထိုရထားဖြင့် သတ္တမမြောက် ဗိုလ်ကိုဖျက်၍ မင်းကို ဖမ်းယူပြီး ရထားကို နှန်းတော်သို့နှင်၍ ဘုရားလောင်းကိုချတ်၏။ ဘုရားလောင်းသည် ရှေးနည်းအတိုင်းဆိုလျက် မင်းကိုဆုံးမပြီး သေလေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဝိရိယလျော့သော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=သိန္ဓောမြင်း။]

၂၅။ တိတ္ထဇာတ်

သိန္ဓောမြင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်သည်။တနေ့သ၌ မင်း၏ မင်္ဂလာမြင်းသည် မိမိ၏ ရေချိုးဆိပ်(တိတ္ထ)၌မြင်းယုတ်တကောင်အား ရေချိုးပေးသည်ကိုမြင်၍ ရှုံ့ရှာစက်ဆုပ်သဖြင့် ထိုရေဆိပ်သို့ မဆင်း

သက်။ မြင်းထိန်းက ထိုအကြောင်းကို လျှောက်ကြားသော် မင်းက ဘုရားလောင်းအား အကြောင်းကို စုံစမ်းစေ၏။ ဘုရားလောင်းသည် ထိုမြင်း၌ ရောဂါတစုံတရာမရှိသည်ကိုသိ၍ "ဤရေဆိပ်၌ အခြားမြင်းကို ရေချိုးပေးသဖြင့် မင်္ဂလာမြင်းသည် ရှုံ့ရှာ၍ ရေသို့မဆင်းခြင်းဖြစ်မည်" ဟု စဉ်းစား၏။ မြင်းထိန်းကိုမေး၍ ဟုတ်မှန်ကြောင်း သိသော် မင်္ဂလာမြင်းအား အခြားရေဆိပ်၌ ရေချိုးစေ၏။ ဘုရားလောင်းသည် မင်းထံသွား၍ အကြောင်းစုံကို လျှောက်၏။ ထိုအခါ မင်းသည် "တိရစ္ဆာန်တို့၏အလိုကိုသိပေ၏" ဟု ဘုရားလောင်းအား ချီးကျူး၍ စည်းစိမ်ကြီးစွာကို ပေးလေ၏။

ပညာရှိသည် သူတပါး၏ စိတ်သဘောကို ထိုးထွင်းသိ၏။

[ဇေတဝန်ကျောင်း၌နေစဉ် မြတ်စွာဘုရားသည် "မိမိ၏ အာသယာနုသယဉာဏ် (သတ္တဝါတို့၏ အတွင်းစိတ်သဘောကိုသိသောဉာဏ်) ဖြင့် ကြည့်၍သင့်တော်သည့် ကမ္မဋ္ဌာန်းကိုပေးသဖြင့် ရဟန်းဖြစ်သွားသော ရွှေပန်းထိမ်သည်၏ သားရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း ရွှေပန်းထိမ်သည်၏သား ရဟန်း=မင်္ဂလာမြင်း။ အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ပညာရှိအမတ်။]

၂၆၊ မဟိဠာမုခဇာတ်

အတုခိုးသည့် မင်္ဂလာဆင်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ ထိုမင်းမှာ 'မဟိဠာမုခ' မည်သော ဆင်ရှိ၏။ ထိုဆင်၏တင်းကုပ်အနီး၌ ခိုးသူတို့သည် ညတိုင်းလာ၍နေလျက် "ခိုးသူမည်သည် ကြမ်းကြုတ်ရ၏။ နှိပ်စက်ရ၏။ သတ်၍လုယက်ရ၏" စသည်ဖြင့် တိုင်ပင်ကြ၏။ မင်္ဂလာဆင်သည် ထိုစကားတို့ကို ကြားရဖန်များသော် "သူတို့သည်ငါ့ကိုသင်ပေး၏" ဟု နှလုံးသွင်းလျက် နံနက်စောစောလာသည့် ဆင်ထိန်းကို နှာမောင်းဖြင့် ယူ၍ မြေ၌ ရိုက်သတ်၏။ ဤသို့လာသမျှသော ဆင်ထိန်းတို့ကို ထို့အတူရိုက်သတ်၏။ထိုအကြောင်းကို ကြားသိသော် မင်းသည် ဘုရားလောင်းအား စုံစမ်းခိုင်း၏။

ဘုရားလောင်းသည် ဆင်မှာ ရောဂါတစုံတရာ မရှိသည်ကို သိရှိ၍ "မင်္ဂလာဆင်သည် သူတပါးတို့၏ စကားကိုကြား၍ 'ငါ့ကို သူတို့သင်ပေး၏' ဟု ထင်မှတ်ပြီး ဤသို့ ပျက်စီးရခြင်းဖြစ်မည်" ဟု ကြံ၏။ နောက်မေးကြည့်သော် ဆင်ထိန်းတို့က "ဤနေရာသို့ ခိုးသူများလာ၍ စကားပြောကြ၏" ဟု

ဆိုကြ၏။ ဘုရားလောင်းသည် ထိုအကြောင်းကို မင်းအား လျှောက်ကြား ပြီး "သိလရှိသော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ နေစေ၍ သိလ အကျင့်နှင့်စပ်သော စကားကို ပြောဆိုစေရာ၏" ဟု ဆို၏။ မင်းသည် ဘုရား လောင်းဆိုတိုင်းပြုစေသော် မဂ်လာဆင်သည် "ငါ့ကိုသူတို့သင်ကြ၏။ယနေ့မှ စ၍ ငါသည် သိလရှိရပေမည်" ဟု နှုတ်သွင်း၍ သိလနှင့် ပြည့်စုံလေ၏။ မင်းသည် ဘုရားလောင်းအား "တိရစ္ဆာန်တို့၏ အလိုကို သိပေ၏" ဟု ချီးကျူး၍ စည်းစိမ်များစွာကို ပေးလေ၏။

ပညာမဲ့သူသည် လူမိုက်နှင့် ပေါင်းလျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ်"ဒေဝဒတ်၏တပည့်ကို ဆည်း ကပ်သဖြင့် ထိုဆန့်ကျင်ဘက်ဂိုဏ်းထဲသို့ ဝင်ရောက်သွားသော"ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဆန့်ကျင်ဘက် ဂိုဏ်းသားကို ဆည်းကပ်သော ရဟန်း=မဟိဠာမုခဆင်။ အာနန္ဒာ=ဗာရာဏသီ မင်း။ ဘုရား=ပညာရှိအမတ်။]

၂၇၊ အဘိဏှဇာတ်

ခွေးနှင့် မဂ်လာဆင်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ် ဖြစ်၏။ ထိုအခါ ခွေးတကောင်သည် ဆင်တင်းကုပ်သို့ မပြတ်(အဘိဏှ) သွား၍ မဂ်လာဆင် အစာစားသည့် နေရာ၌ ကျသည့် ထမင်းလုံးများကို စား၏။ ထိုခွေးသည် အစာကြောင့် မဂ်လာဆင်နှင့် မိတ်ဖွဲ့၍ ဆင်ထံ၌သာစား၏။ သူတို့နှစ်ဦးသည် အချင်းချင်း အလွန်ချစ်ကြသဖြင့် ကင်းကွာ၍ မနေနိုင်ကြ ပေ။ တနေ့သ၌ ရှာသားတဦးသည် ဆင်ထိန်းထံမှ ထိုခွေးကို ဝယ်ယူ၍ သွား၏။ ထိုအခါမှစ၍ မဂ်လာဆင်သည် ခွေးကို မမြင်ရသဖြင့် မစား၊ မသောက်၊ ရေမချိုးတော့ပေ။ ထိုအကြောင်းကို ကြား၍ မင်းသည် ဘုရား လောင်းအား စံစမ်းခိုင်း၏။

ဘုရားလောင်းသည် ဆင်မှာ ရောဂါ မရှိသည်ကို သိ၍ "ဤဆင်သည် အကျွမ်းဝင်သည့် မိတ်ဆွေတဦးကို မမြင်ရ၍ စိုးရိမ်ပူပန်ခြင်း ဖြစ်ရာ၏" ဟု ကြံဆ၏။ နောက်မေးကြည့်သော် ဆင်ထိန်းတို့က မဂ်လာဆင်၏မိတ်ဆွေ ခွေးအကြောင်းကို ပြောပြ၏။ ဘုရားလောင်းသည် မင်းအား အကြောင်း စုံကို လျှောက်ကြား၏။ မင်းသည် ဘုရားလောင်း အကြံပေးသည့်အတိုင်း

"မင်္ဂလာဆင်၏ မိတ်ဆွေခွေးကို ယူသွားသည့်သူအား ဒဏ်ပေးအံ့" ဟု စည်လည် ကြေငြာစေသော် ထိုရွာသားသည် ခွေးကို လွှတ်၏။ ခွေးသည် မင်္ဂလာဆင်ထံသို့ ပြေးသွား၏။ ဆင်သည် ဝမ်းနည်းစွာ ငိုပြီးနောက် ခွေးနှင့် ကစား၏။ မင်းသည် ဘုရားလောင်းအား "တိရစ္ဆာန်တို့၏ အလိုကိုသိပေ၏" ဟု ချီးကျူး၍ စည်းစိမ်မျှားစွာကို ပေးလေ၏။

ရိုးသားသူတို့သည် မေတ္တာစိတ်အရင်းခံဖြင့် ချစ်ခင်တတ်ကြ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အချင်းချင်း အလွန်ချစ်ကြသည့် သီတင်းသည်နှင့် မထေရ်ကြီးတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟောတော်။ ။ဇာတ်ပေါင်း- သီတင်းသည်=ခွေး။ မထေရ်ကြီး=ဆင်။ အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ပညာရှိအမတ်။]

၂၈၊ နန္ဒိဝိသာလဇာတ်

ပုဏ္ဏားနှင့် နွားလားအကြောင်း

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် 'ဂန္ဓာရ'မင်း လက်ထက် ပုဏ္ဏားတဦးသည် ဘုရားလောင်း 'နန္ဒိဝိသာလ'နွားလားကို သားအရာ၌ထား၍ ကောင်းစွာ ကျွေးမွေး၏။ ဘုရားလောင်းသည် အရွယ်ရောက်သော် "ပုဏ္ဏားသည် ဆင်းရဲစွာ ငါ့ကို လုပ်ကျွေး၏။ အားကို အသုံးပြု၍ ပုဏ္ဏားအားမွေးကျွေးဦးဆပ်အံ့" ဟု ကြံ၏။ တနေ့သ၌ သူသည် ပုဏ္ဏားအား "ဂဝါဝိန္ဒက သူဋ္ဌေးထံသွားပြီး 'ငါ၏နွားသည် တစပ်တည်း ချည်ထားသည့် လှည်းတရာကို ဆွဲနိုင်၏' ဟု ဆို၍ ဒေတထောင်ဖြင့် လောင်းလော့" ဟု ဆို၏။ ပုဏ္ဏားသည် သူဋ္ဌေးထံသွား၍ ဒေတထောင်ဖြင့် လောင်း၏။ ပုဏ္ဏားသည် သဲ၊ကျောက်စရစ်တို့ဖြင့် ပြည့်သော လှည်းတရာကို စီတန်း၍ ချည်ပြီး ရှေ့ဆုံးလှည်း၌ ဘုရားလောင်းကို ကခြ လှည်းခေါင်းထိုင်လျက် နှင်တံကို မြောက်ကာ "ကောက်ကျစ်တဲ့နွားသွားလော့" ဟု ဆဲဆို၏။

ဘုရားလောင်းသည် ထိုမဟုတ်မမှန် စကားကို မနှစ်သက်၍ မသွားဘဲ ရပ်နေ၏။ ပုဏ္ဏားသည် ဒေတထောင် ရှုံးသဖြင့် စိတ်ညစ်၍ နွားကို လှည်းမှ ဖြုတ်ပြီး အိမ်သို့ သွား၍ အိပ်၏။ ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏားအား "သင်သည် မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏" ဟု ဆို၏။ ဒေတထောင်ရှုံးခြင်းသည် သင့်အပြစ်သာဖြစ်၏။ ယခုတဖန် ထိုသူဋ္ဌေးထံသွား၍ ဒေါ့နှစ်ထောင်ဖြင့် လောင်းလော့။ ငါ့ကိုကောက်ကျစ်၏ဟု မဆိုလင့်" ဟု ဆို

၏။ ပုဏ္ဏားသည် ဘုရားအလောင်းဆိုသည့်အတိုင်း လောင်း၍ လှည်းတရာကို နွားအားဆဲစေသော် "ကောင်းသောနွား သွားပါလော့" ဟု ဆို၍ နှင်၏။ ဘုရားလောင်းသည် နောက်ဆုံးလှည်းကို ရှေ့ဆုံးလှည်း၏နေရာသို့ ရောက်အောင် ဆဲ၍ ရပ်၏။ သူဋ္ဌေးသည် ရှုံး၍ ပုဏ္ဏားအား ဥဒ္ဒန်ထောင်ကိုပေး၏။ အခြား သူတို့က ဘုရားလောင်းအား ပေးသည့် ဥစ္စာ များစွာကိုလည်း ပုဏ္ဏားပင်ရလေ၏။

တိရစ္ဆာန်များပင် ဆဲရေးပြောဆိုမှုကို မနှစ်သက်ကြပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဆပ္ပဂ္ဂိရဟန်းတို့၏ ဆဲရေးခြင်းကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**— **အာနန္ဒာ** = ပုဏ္ဏား။ ဘုရား = နန္ဒိဝိသာလ နွားလား။]

၂၉၊ ကဏ္ဍဇာတ်

အမယ်အိုနှင့်နွားလားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် အဖွားအိုတဦးသည် 'ကာဠက'(ကဏ္ဍ)မည်သော ဘုရားလောင်းနွားလားကို သားအရာ၌ထား၍ကောင်းစွာ ကျွေးမွေး၏။ ဘုရားလောင်းသည် အရွယ်ရောက်သော် "ငါ့အမိသည် ဆင်းရဲစွာ ငါ့ကို ကျွေးမွေး၏။ အမိကို ဆင်းရဲခြင်းမှလွတ်စေအံ့"ဟု ကြံပြီး ထိုနေ့မှစ၍ အခကို စုံစမ်းလျက် သွား၏။ တနေ့သ၌ ကုန်သည်တဦးသည် လှည်းငါးရာတို့ဖြင့် မည်မျှမည်တ်သည့်ဆိပ်သို့ရောက်သော် နွားတို့သည် လှည်းများကို မဆွဲနိုင်ကုန်။ ထိုအခါ သူသည် ဘုရားလောင်း နွားလားဥဿဘကို မြင်၍"လှည်းငါးရာတို့ကို ဆွဲတင်ပေးပါ၊ တလှည်းနှစ်ကျပ်ဖြင့် ငွေတထောင်ပေးပါမည်"ဟု ဆို၏။ ဘုရားလောင်းသည် ဝန်ခံ၍ လှည်း၌ ကအပ်ပြီးသော် လှည်းငါးရာတို့ကို တလှည်းစီဆွဲ၍ ကုန်းပေါ်သို့တင်ပေး၏။ လှည်းကုန်သည် သည် ငွေတထောင်ထုပ်ကို နွား၏လည်၌ ချည်၍ ပေး၏။ ဘုရားလောင်းသည် ထိုငွေတထောင်ကိုယူ၍ အမိအားပေးပြီး အကြောင်းစုံကိုပြောပြလေ၏။

ပါရမီရှင် ပညာရှိတို့သည် ဘယအရာမဆို လုပ်နိုင်ကြသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် 'ယမိုက်ပြာဋ္ဌိဟာဘန်ခိုး'ကို အကြောင်းပြုပြီး "ဘုရားမည်သည် အတုမရှိဆောင်ရွက်နိုင်၏"ဟု သိစေလို၍ ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း** — ဥပ္ပလဝဏ် = အမယ်အို။ ဘုရား = ကာဠက(ကဏ္ဍ)မည်သော နွားဥဿဘ။]

၃၀၊ မုနိကဇာတ်

မုနိကဝက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ကျေးရွာသူကြွယ်တဦး၏အိမ်၌ 'မဟာလောဟိတ'မည်သောနွားဖြစ်၍ သူ့ညီကား 'စူဠလောဟိတ'မည်၏။ ထိုနွားနှစ်ကောင်ဖြင့် အိမ်အမှုကိစ္စများကို ပြုလုပ်ရ၏။ တနေ့သ၌ ထိုအိမ်တွင်ရှိသည့် သူငယ်မတဦးကို မြို့မှ လုလင်တဦးနှင့် ထိမ်းမြားရန် စီစဉ်ထား၏။ ထိမ်းမြားသောအခါ၌ ကျေးမွေးရန် ရည်ရွယ်ထားသည့် 'မုနိက'မည်သော ဝက်ကိုယာဂုထမင်းဖြင့်ကျေးမွေး၏။ထိုအခါစူဠလောဟိတသည် "အစ်ကို၊ ဤအိမ်သားတို့သည် အိမ်ကို ကျေးဇူးပြုသည့် ငါတို့အားမြက်ကိုသာကျွေး၏။ ဝက်အားမူကားယာဂုထမင်းကို ကျွေး၏" ဟုညည်းညူပြောဆို၏။ မဟာလောဟိတက "ငါ့ညီ၊ ဤဝက်သည် သေအံ့သော ထမင်းကို စားခြင်းဖြစ်၏" စသည်ဖြင့် အကြောင်းစုံကို ပြောပြ၏။ နောက်မကြာမီပင် ထိုအိမ်သားတို့သည် ထိုဝက်ကိုသတ်၍ ဥည့်သည်များအတွက် ချက်ကြ၏။စူဠလောဟိတသည်မုနိက၏အဖြစ်ကို မြင်သော် "အစ်ကို၊ ငါသည် မုနိကစားသည့် အစာ၏ အကျိုးကို မြင်ရပြီ။ ထိုအစာထက် မြက်ကအဆပေါင်းများစွာ မြတ်၏" ဟု ဆိုလေ၏။

ပညာမဲ့သူသည် ဘေးကို မမြင်နိုင်ဘဲ သေစာကိုပင် မက်မောတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အပျိုကြီး ဖြားယောင်း၍ သာသနာ၌ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ငြိးငွေ့သော ရဟန်း=မုနိကဝက်။ အပျိုကြီး=သူငယ်မ။ အာနန္ဒာ=စူဠလောဟိတာ။ ဘုရား=မဟာလောဟိတာ။]

၃၁၊ ကုလာဝကဇာတ်

သီကြားမင်းနှင့် ဂဠုန်းယ်များအကြောင်း

ဆာဇဂို့ပ်ပြည်'မဂဓ'မင်းလက်ထက် ရွာတရွာ၌ ဘုရားလောင်း 'မာဃ'လုလင်သည် ရွာသားလုလင် သုံးဆယ့်နှစ်ဦးတို့နှင့်အတူ ရွာမှကိစ္စများကို ဆောင်ရွက်လျက် "လမ်းပြင်၊ တံတားခင်း၊ ရေကန်တူး၊ ဇရပ်ဆောက်"ပြုကြလျက် အလှူပေးပြီး သီလစောင့်၏။ ထိုအခါ မကောင်းမှုပြုသူတို့ကိုမှီ၍ လာဘ်လာဘ

ရရှိသော ရှာစားသည် မင်းထံသွား၍ "ခိုးသူတို့သည် ရှာဖျက်ဆီးခြင်း စသည်တို့ကိုပြုကြ၏" ဟုလျှောက်၏။ သူသည် မင်း၏အမိန့်ဖြင့် ထိုလူသုံးဆယ့် သုံးယောက်တို့ကို ဖမ်း၍ မင်းထံ ခေါ်ဆောင်၏။ မင်းသည် မစုံးစမ်း မဆင်ခြင်ဘဲ "ထိုသူတို့ကို ဆင်ဖြင့် နင်းသတ်စေ" ဟု ဆို၏။ ဘုရားလောင်း နှင့်တကွထိုလူအားလုံးသည် သီလကို ဆောက်တည်၍ မေတ္တာကို ပွားများကြ၏။ ထိုဆင်သည် ထိုသူတို့ထံသို့မကပ်ဝံ့ဘဲ ပြင်းစွာ အော်၍ ပြေး၏။ မင်းသည် မေးမြန်း၍ ထိုသူတို့ထံမှ အကြောင်းစုံကို ကြားသိသော် နင်းသည့် ဆင်နှင့်တကွ ထိုဂုံးတိုက်သည့် ရှာစား၏ ပစ္စည်းအားလုံးကို ထိုသူတို့အား ပေး၏။ ထိုသူတို့သည် ကုသိုလ် ကောင်းမှုများကိုပြုလျက် လက်သမားများ ကို ခေါ်ပြီး လမ်းလေးဆုံ၌ ဇရပ်ကြီး တခုကို ဆောက်ကြ၏။

ထိုအခါ ဘုရားလောင်းအိမ်၌ "သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာ၊သုဇာတာ" မည်သော မိန်းမလေးဦးရှိ၏။ သုဓမ္မာသည်ထိုဇရပ်၌ 'ထုင်ကာ' ကိုသူ့အတွက် ပြု၏။ သုစိတ္တာသည်ထိုအရပ်၌ ဥယျာဉ်ကို ပြုစေ၏။ သုနန္ဒာသည်ရေကန် ကို တူးစေ၏။ သုဇာတာသည်ကား ကောင်းမှုတစုံတခုကိုမျှ မပြုပေ။ ဘုရား လောင်းသည် "မိဘအားလုပ်ကျွေးခြင်း၊ကြီးသူတို့အားပူဇော်ခြင်း၊ မှန်ကန် သော စကားကို ဆိုခြင်း၊ ကြမ်းကြုတ်သည့် စကားကို မဆိုခြင်း၊ ဂုံးတိုက် စကားကို မဆိုခြင်း၊ ဝန်တိုမှု မရှိခြင်း" ဟူသော ကျင့်ဝတ်များကို ဖြည့်၍ စုတေသော် တာဝတိံသာ၌ သိကြားမင်းဖြစ်၏။ မာဃလုလင်၏ မိတ်ဆွေ တို့လည်း တာဝတိံသာ၌ ဖြစ်ကြ၏။

သိကြားမင်းသည်အသုရယုတ်တို့အား နတ်၌ဖြစ်သော အဖျော်တိုက်ပြီး မြင့်မိုရ်တောင် ခြေရင်းသို့ ပစ်ချ၍အသုရပြည်သို့ ရောက်စေ၏။ "နတ်ပြည်၌ ပင်လယ်ကသစ်ပင်ရှိ၍ အသုရပြည်၌ သခွတ်ပင် ရှိ၏။ အသုရတို့သည် သခွတ်ပင်၏အပွင့်တို့ကို မြင်သော် "ဤပြည်သည် ငါတို့၏ နတ်ပြည်မဟုတ်" ဟု သိကြသဖြင့် မြင့်မိုရ်တောင်ကို တက်၍ နတ်ပြည်ကိုယူရန် စစ်တိုက်ကြ၏။ သိကြားမင်းသည် စစ်ရှုံး၍ ဝေဇယန္တာရထားဖြင့် တောင်သမုဒ္ဒရာ အပြင်၌ ပြေးသော် လက်ပံတောထဲသို့ရောက်၏။ လက်ပံတောသည် ပြတ်၍ သမုဒ္ဒရာ ထဲကျသော် ဂဠုန်ငယ် (ကုလာဝက)တို့သည် ပြင်းစွာ အော်မည်ကြ၏။

ထိုအခကြောင်းကို ရထားထိန်း 'မာတလိ'ထံမှ သိရသော် သိကြားမင်း သည် "အစိုးရခြင်းကို မှီ၍ သူတပါးကို မသဲတ်သင့်။ အသက်ကို စွန့်၍ အသုရတို့အား ပေးအံ့" ဟု ဆိုပြီး ရထားကို ပြန်မောင်းစေ၏။ အသုရတို့ သည် ဝေဇယန္တာရထားကို မြင်သော် "အခြားစကြဝဠာများမှ သိကြားတို့

လာကြကုန်၏။ ဗိုလ်ပါများကို ရ၍ ရထားပြန်လာ၏''ဟု ကြောက်ပြီး အသုရာပြည်သို့ ပြန်ပြေးကြ၏။ သိကြားမင်းသည် နတ်ပြည်သို့ဝင်၍ နှစ်ထပ်သော နတ်ပြည်မှ နတ်များခြံရုံလျက် မြို့လယ်၌ တည်၏။ ထိုခဏ၌ မြေကို ဖောက်ယူ၍ ယူဇနာ တထောင်မြင့်သည့်ဝေဇယန္တာ နန်းပြာသာဒ်ပေါက်လေ၏။ သိကြားမင်းသည် အသုရာတို့ မလာနိုင်အောင် မြင့်မိုရ်တောင်၏ 'အာလိန်' ငါးဆင့်အသီးသီး၌ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုဿ် (ဘီလူး) မဟာရာဇ် နတ်မင်းကြီး လေးဦးတို့ကို အစောင့်ထား၍ နတ်စည်းစိမ်ကိုစံစားလေ၏။

သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာ တို့သည်လည်း လူ့ပြည်မှ စုတေသော် တာဝတိံသာ၌ သိကြားမင်း၏ အလုပ်အကျွေးများ ဖြစ်လာကြ၏။ ထိုသူသုံးဦးတို့ကိုအစဲပြု၍နတ်ပြည်၌''သုဓမ္မာနတ်သမီး၊ စိတ္တလတာ ဥယျာဉ်၊နန္ဒာရေကန်''တို့ ဖြစ်ပေါ်ကြ၏။ သုဇာတာသည် ကောင်းမှု တစုံတခုကို မပြုသဖြင့် တော၌ ဗျိုင်းမ ဖြစ်၏။ သိကြားမင်းသည် ဆင်ခြင်၍ သုဇာတာ ဗျိုင်းမဖြစ်နေသည်ကို သိလျှင်သွား၍ ဗျိုင်းမအား အကြောင်းစုံ ပြောပြပြီး သီလ ဆောက်တည်စေ၏။ သုဇာတာသည် ထိုဘဝမှ စုတေ၍ ဗာရာဏသီပြည်ဝယ် အိုးထိန်းသည်၏ အိမ်၌ ဖြစ်သော် သိကြားမင်းသည် သွား၍ သီလကို ဆောက်တည်စေ၏။

သုဇာတာသည် ထိုဘဝမှ စုတေသော် 'ဝေပစိတ္တိ' အသုရာမင်း၏သမီး ဖြစ်၏။ အသုရာမင်းသည် အသုရာတို့ကိုစည်းဝေးပြီး အရှယ်ရောက်သော သူ့သမီးအား ပန်းကုံးပေး၍ နှစ်သက်သည့်လင်ကို ရွေးစေ၏။ သုဇာတာသည် အသုရာတို့ အလယ်၌ သူအိုအသွင် ဖန်ဆင်း၍နေသော သိကြားမင်းကို ပန်းကုံးစွပ်၏။ သိကြားမင်းသည်သုဇာတာကို နတ်ပြည်သို့ ယူဆောင်၍ ကခြေသည်မတို့၏ အကြီးအကဲအရာ၌ ထားလေ၏။

ပညာရှိသည် သူတပါးကို ထိခိုက်မည်ဆိုလျှင် ကိုယ်ကျိုးစွန့်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ပိုးပါသည့်ရေကို မစစ်ဘဲ သောက်သည့်ရဟန်းများကို အကြောင်းပြု၍ ''အသက်အန္တရာယ် ရှိသော်လည်း သူ့အသက်ကို မသတ်သင့်ကြောင်း'' ဆုံးမလိုသဖြင့် ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း-အာနန္ဒာ=မာတလိ။ ဘုရား=သိကြားမင်း]

၃၂။ နှစ္စဇာတ်

အရှက်မရှိသည့် ဥဒေါင်းအကြောင်း

ဟိမဝန္တာတောဌေနသော ဘုရားလောင်း ဟသ်ာမင်းမှာ အလှန်လှပသည့် သမီးတဦးရှိ၏။ ဟသ်ာမင်းသည် ဟသ်ာ၊ ဥဒေါင်းစသော ငှက်အပေါင်းကို စည်းဝေးစေပြီး အရှယ်ရောက်သည့် သူ့သမီးအား နှစ်သက်သည့် လင်ကို အရွေးခိုင်း၏။ ဟသ်ာငယ်မသည် ဥဒေါင်းတကောင်ကို လင်အဖြစ် ရွေးလိုက်၏။ ထိုဥဒေါင်းသည် အ်စွမ်းပြလိုသဖြင့် အရှက်အကြောက်ကို ပယ်ပြီး ငှက်တို့၏ အလယ်၌ အတောင်ဖြန့်၍ က၏ (နစ္စ)။ ထိုအခါ ဟသ်ာမင်းသည် "အရှက်အကြောက်မရှိသည့် ဤဥဒေါင်းအား ငါ့သမီးကိုမပေး" ဟု ဆိုပြီး ပရိသတ်အလယ်၌မိမိ၏တူ ဟသ်ာငယ်အား သမီးကိုပေး၏။ ထိုဥဒေါင်းသည် ရှက်၍ ထိုအရပ်မှ ပြန်ပြေးလေ၏။

အရှက်အကြောက် မရှိသူသည် အကျိုးစီးပွား ပျက်စီးရတတ်သည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် အရှက်အကြောက်ကင်းသဖြင့် သာသနာမှ ယုတ်သောရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အရှက်အကြောက် ကင်းသော ရဟန်း=ဥဒေါင်း။ ဘုရား=ဟသ်ာမင်း။]

၃၃။ သမ္မောဒမာနဇာတ်

မညီညွတ်သည့် ဥုးများအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဥုးမင်းသည် ဥုးအပေါင်းခြံရံလျက် တော၌နေ၏။ မူဆိုးတဦးသည် ထိုအရပ်သို့ လာ၍ ဥုးသံကိုမြည်လျက် စုဝေးကြသည့် ဥုးများအပေါ် ကွန်ကို ပစ်၍ ဥုးများကို ဖမ်းယူ၏။ ဘုရားလောင်းသည် ဥုးတို့အား "ဤမူဆိုးသည် ငါတို့၏ ဆွေမျိုးများကို ပျက်စီးစေ၏။ နောင် သင်တို့အပေါ် ကွန်ကိုပစ်သော် ကွန်ပေါက်တခုစီ၌ တကောင်စီ ဦးခေါင်းကိုထားကာ ကွန်ကိုချီပြီး ဆူးချုံပေါ်ခြ၍ အောက်မှ ထွက်ပြေးကြလော့" ဟု ဆို၏။ ဥုးတို့သည် ဘုရားလောင်းဆိုတိုင်း ပြုသော် မူဆိုးသည် ဥုးတကောင်မျှ မရပေ။

နောက် တနေ့သ၌ ဥုးတကောင်သည် ကျက်စားရာ အရပ်၌ ဥုးမိုက်တကောင်၏ ဦးခေါင်းကိုအမှတ်တမဲ့နင်းမိရာမှ "သင်သာ ကွန်ကိုချိသလော"

စသည်ဖြင့် အချင်းချင်း ရန်ဖြစ်ကြ၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြားသိလျှင် "ထိုငုံးတို့သည် ကုန်ကို မချီလတံ့၊ သူတို့ ပျက်စီးလတံ့" ဟု ကြံ၍ မိမိပရိတ်သတ်ကို ယူပြီး အရပ်တပါးသို့သွား၏။ တဖန် ထိုမူဆိုးလာ၍ ကုန်ကိုပစ်သော် ၎င်းငုံးတို့ အချင်းချင်း ရန်ဖြစ်နေစဉ်ပင် မူဆိုးသည် ထိုငုံးတို့ကို ကုန်နှင့်တကွ တောင်းထဲထည့်၍ ယူသွားလေ၏။

ညီညွတ်လျှင် ဘေးကင်း၍ ကွဲပြဲလျှင် ပျက်စီးမည်သာတည်း။

[မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌နေစဉ် 'ဆွမျိုးများ၏ ခိုက်ရန်ဖြစ်ခြင်း'ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း-ဒေဝဒတ်=ငုံးမိုက်။ ဘုရား=ပညာရှိငုံး။]

၃၄။ မစ္ဆဇာတ်

တက္ကာကြီးသည့် ငါးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်၏။ ထိုအခါ တက္ကာကြီး၍လျှပ်ပေါ်သောငါးကြီး(မစ္ဆ)တကောင်သည် မြစ်ထဲ၌ မိမိ၏ ငါးမနှင့်အတူ ကျက်စားစဉ် တံငါတို့က ကုန်ကို ပစ်ချလိုက်၏။ ငါးမသည် ကုန်နံ့ရ၍ ကုန်ကို ရှောင်လွဲသွားပြီး ထိုငါးကြီးကား ကုန်တွင်းသို့ ဝင်မိလေ၏။ တံငါတို့သည် 'ကုန်တွင်းသို့ ငါးကြီးဝင်သည်'ကိုသိ၍ ကုန်ကို ချီမကာ ငါးကြီးကိုယူ၍ သဲပြင်၌ ပစ်ချပြီး ကင်စားရန် မီးကျီးကို ပြုကြ၏။

ထိုအခါ ငါးကြီးသည် "ငါးသည်မီးကျီး၌ ကင်သော ဆင်းရဲကို ခံနိုင်၏။ 'ငါသည်အခြားငါးမနောက်လိုက်သွားပြီ'ဟု ထင်မှတ်သောထိုငါးမ၏ နှလုံးမသာမယာဖြစ်မှုသည်သာ ငါ့ကိုနှိပ်စက်၏" ဟု ဆို၍ ငို၏။ ထိုအခါ သတ္တဝါတို့၏အသံကိုသိသော ဘုရားလောင်းသည် ထိုအရပ်သို့ ရောက်လာပြီး ထိုငါးကြီး၏ အသံကိုကြားလျှင် သနားသဖြင့် တံငါတို့ထံမှ ထိုငါးကြီးကို တောင်းယူ၏။ နောက် ငါးကြီးအား "ငါမမြင်လျှင် သင်သေမည်။ ယနေ့မှစ၍ ကိုလေသာ၏ အလိုသို့ မလိုက်လင့်" ဟု ဆုံးမ၍ ရေထဲလွှတ်လိုက်လေ၏။

တက္ကာကြီးသူသည် တက္ကာကြောင့်ပင် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် မယားဟောင်း ဖြားယောင်း၍ သာသနာ၌ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-မယားဟောင်း=ငါးမ။ ငြီးငွေ့သော ရဟန်း=ငါးကြီး။ ဘုရား=ပုရောဟိတ်။]

၃၅။ ဝဋ္ဋကဇာတ်

တောမီးကြီးနှင့် ငုံးငယ်အကြောင်း

မဂဓတိုင်း တောတခုဝယ် ဥဒုံမှ ပေါက်ခါစ အရွယ်ရှိသော ဘုရားလောင်း ငုံး(ဝဋ္ဋက)ငယ်သည် အသိုက်တွင်နေလျက် မိဘတို့ကျွေးသည့်အစာကိုစား၏။ ထိုအခါထိုအရပ်၌ တောမီးကြီးလောင်သော် ငှက်အပေါင်းသည် သေဘေးမှ ကြောက်၍ အသိုက်မှထွက်ပြေးကြ၏။ ဘုရားလောင်း၏မိဘတို့လည်း သားကို စွန့်၍ ပြေးကြ၏။ ဘုရားလောင်းသည် 'တောကိုလွှမ်းလာသည့် တောမီး'ကို မြင်လျှင် ကိုးကွယ်ရာ မရှိရကား "ရှေးဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်များကို ဆင်ခြင်၍ မိမိ၌ ထင်ရှားရှိသော သစ္စာသဘောကို အာရုံပြုလျက် သစ္စာဆိုသော် တောမီးသည် ၁၆ ပယ်ရှိသော ထိုအရပ်၌ မလောင်သည့်ပြင် အခြားနေရာ၌ လောင်နေသည့် တောမီးသည်လည်း ငြိမ်းသွားလေ၏။ (ထိုအရပ်သည် ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး မီးမလောင်သောကြောင့် ကမ္ဘာတည်သောအရပ် မည်၏။)

သူတော်ကောင်းသည် မိမိ၏ ပါရမီတန်ခိုးဖြင့် သေဘေးမှ လွတ်နိုင်၏။

[မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် မဂဓတိုင်း၌ ဒေသစာရီကြွသော်"တောမီးလည်း မြတ်စွာဘုရားရပ်ရာ အရပ်ပတ်လည် ၁၆ ပယ်မျှသော အရပ်ကို ရောက်၍ ငြိမ်းသွားသည်"ကို အကြောင်းပြုပြီး ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–မိဘမျှား=မိဘမျှား။ ဘုရား=ငုံးငယ်။]

၃၆။ သကုဏဇာတ်

ပညာရှိငှက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းငှက်မင်း(သကုဏ)သည် ငှက်အပေါင်းခြံရံလျက် တောအရပ်၌ သစ်ပင်ကြီးတပင်ကို မှီ၍ နေ၏။ တနေ့သ၌ ထိုသစ်ပင်၏ သစ်ကိုင်းတို့သည် အချင်းချင်း ထိခိုက်ပွတ်တိုက်သဖြင့် အမှုန့်များထွက်၍ အခိုးထလေ၏။ ၎င်းကိုမြင်သော် ဘုရားလောင်းသည် ငှက်တို့အား "ဤသစ်ပင်သည် မကြာမီ မီးလောင်မည်။ အခြား အရပ်သို့ ပြောင်းရွှေ့၍ နေသင့်၏"ဟု ဆို၏။ ပညာရှိ ငှက်များသည် ဘုရားလောင်း

နှင့်အတူ အခြားအရပ်သို့ ပျံသွားကြ၏။ နေရစ်ခဲ့သည့် ငှက်မိုက်တို့သည်ကား ထိုသစ်ပင်မီးလောင်၍ သေကြလေ၏။

ပညာရှိသည် လာမည့်ဘေးကို မြင်၍ ရှောင်တတ်သည်။

[မြတ်စွာဘုရားသည် တောကျောင်း၌နေ၍ ကျောင်းမီးလောင်ခဲသော ရဟန်းတပါးကို အကြောင်းပြုပြီး ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား=ပညာရှိငှက်။]

၃၇။ တိတ္တိရဇာတ်

ခါ၊ မျောက်၊ ဆင် ၃ ဦးအကြောင်း

"ခါ၊ မျောက်၊ ဆင်" မိတ်ဆွေသုံးဦးတို့သည် ဟိမဝန္တာဝယ် ညောင်ပင်ကြီးတပင်ကို မှီ၍ နေကြ၏။ သူတို့သည် အချင်းချင်း မရိုသေကြသဖြင့် တနေ့သ၌ "ငါတို့အနက် အသက်ကြီးသူကို ရိုသေသင့်၏"ဟု တိုင်ပင်ကြပြီး ညောင်ပင်၏ အသက်ကို မူတည်၍ အသက်ကြီးသူကို ရှာကြ၏။ ဆင်က "ငါသည် ငယ်စဉ်က ဤညောင်ပင်ကို ပေါင်ကြားခွဲ ထား၍ သွား၏"ဟု ဆို၏။ မျောက်က "ငါသည် ငယ်စဉ်က ထိုင်လျက် ဤညောင်ပင်၏ အဖူးတို့ကို ခူး၏"ဟု ဆို၏။ ခါက "ဤညောင်ပင်သည် ညောင်သီးစားသည့် ငါ၏ ချေးမှ ပေါက်လာခဲ့၏"ဟု ဆို၏။ ထိုအခါမှ စ၍ မျောက်နှင့် ဆင်တို့သည် အသက်ကြီးသော ခါအား ရိုသေခြင်း၊ ရိုခိုးခြင်း ပြုကြ၏။ ခါသည် သူတို့အား အဆုံးအမပေး၍ အကျင့်သီလနှင့် ပြည့်စုံစေလေ၏။

ကြီးသူကို ရိုသေလေးစားလျှင် အကျိုးများသည်။

[မြတ်စွာဘုရားသည် "ဆောက်ပြီးစဖြစ်သော ဇေတဝန်ကျောင်း၌ ရဟန်းငယ်တို့သည် သူ့ဆရာ၊ ငါ့ဆရာအတွက် နေရာဦးကြ၍ ရှင်သာရိပုတ္တရာအတွက် နေရာမရှိသဖြင့်" ရဟန်းတို့မှာ အချင်းချင်း ရိုသေလေးစားမှု မရှိသည်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ရှင်မောဂ္ဂလ္လာန်=ဆင်။ ရှင်သာရိပုတ္တရာ=မျောက်။ ဘုရား=ခါ။]

၃၈။ ဗကဇာတ်

ဗျိုင်းယုတ်နှင့် ပုဗ္ဗန်လုံးအကြောင်း

ဘုရားလောင်းသည် တောအရပ်ဝယ် အိုင်တခုအနီးရှိ ရေခတက်ပင်၌ ရုက္ခစိုးနတ်ဖြစ်သည်။ ထိုအခါ ဗျိုင်းယုတ်တကောင်သည် နွေအခါ ရေနည်း

သော အိုင်တခုဌ် ငါးတို့ကိုမြင်လျှင် "ဤငါးတို့ကို လှည့်စား၍ ငါစားအံ့"ဟု ရေနားဌ်ကြံလျက်နေ၏။ ငါးတို့ကမေးသော် ဗျိုင်းက "ငါသည်သင်တို့အတွက် ဧည့်စားနေ၏။ သင်တို့ကို ရေအိုင်ကြီးတခုသို့ ပို့ဆောင်ပေးမည်"ဟု ဆို၏။ ငါးတို့သည် ဗျိုင်းကိုယုံ၍ ထိုအိုင်သို့ အပို့ခိုင်း၏။ ဗျိုင်းသည် ထိုငါးတို့ကို တကောင်ပြီးတကောင် ယူဆောင်၍ ဘုရားလောင်းနေသည့် ရေခတက်ပင်ဌ် နား၍ စား၏။

နောက်ဆုံး ထိုအိုင်ဌ် တကောင်တည်း ကျန်နေသော ပုစ္ဉန်လုံးသည် "ဗျိုင်းမည်သည် ငါးတို့ကို ဆောင်၍ ရေအိုင်ဌ် လွတ်မည် မဟုတ်။ ငါ့ကို ဆောင်၍ မလွတ်လျှင် ဗျိုင်း၏လည်ကို ဖြတ်အံ့"ဟု ကြံ၏။ ဗျိုင်းလာသော် သူက "သင်သည် ငါ့ကို မဆောင်နိုင်။ ငါသည် လက်မဖြင့် သင့်လည်ကို ကိုင်ဆဲ၍ လိုက်အံ့"ဟု ဆို၏။ ဗျိုင်းသည် ယုံသဖြင့် ပုစ္ဉန်လုံးအား လက်မဖြင့် မိမိလည်ကို ညှပ်စေ၍ ထိုရေခတက်ပင်ဆီသို့ ယူဆောင်သွား၏။ ထိုအခါ ပုစ္ဉန်လုံးက "သင်သည် ငါးတို့ကို လှည့်စား၍ စားခဲ့ပြီ။ ငါ့ကို လှည့်စား၍ မရ။ ငါ့ကို အိုင်ဌ် မလွတ်လျှင် သင့်လည်ကို ဖြတ်အံ့"ဟု ဆို၍ ညှပ်၏။ ဗျိုင်းသည် သေဘေးမှကြောက်၍ ထိုအိုင်သို့သွားပြီး ညှန်အပြင်ဌ် နား၏။ ပုစ္ဉန်လုံးသည် ဗျိုင်း၏လည်ကို ဖြတ်၍ ရေထဲသို့ ဝင်၏။ ထိုအခါ ဘုရားလောင်းသည် ကောင်းချီးပေးလျက် "လှည့်စားသူသည် လှည့်စားမှု၏ ဆိုးကျိုးကိုသာ ရ၏"ဟု ဆိုလေ၏။

သူတပါးကို မကောင်းကြံက ပြန်ခံရမည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်နေစဉ် "ချုပ်ပေးရန်လာအပ်သော သက်နံးလျာအဝတ်သစ်ကို ယူထားပြီး အရောင်တင်ထားသည့် မိမိ၏ သက်နံး အဆွဲးကို ပေးလွှဲရှိသော ရဟန်းတပါးသည် 'ရှာနေ ရဟန်း တပါး၏ လှည့်စားခြင်း ခံရသည်ကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။ဇာတ် ဓပါဌ်း=—သက်နံးစီးပွားရှာသော ရဟန်း=ဗျိုင်း။ ရှာနေရဟန်း=ပုစ္ဉန်လုံး။ ဘုရား=ရဂ္ဂစိုးနတ်။]

၃၉။ နန္ဒဇာတ်

သူငွေးသားနှင့် နန္ဒကျွန်အကြောင်း

ဗာရာဏသီပြည် ဇြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူကြွယ်၏ မိတ်ဆွေ သူကြွယ်တဦးသည် တနေ့သဌ် "ငါ အသက်ကြီးပြီ။ ငါ့မယားကား နုပျိုသေး

၏။ ငါသေလျှင် ငါ့မယားသည် နောက်ယောကျ်ားယူပြီး ငါ့ဥစ္စာကို ငါ့သားအား မပေးရာ။ ငါသည် ဥစ္စာကို မြေ၌ မြှုပ်အံ့”ဟု ကြံစည်၏။ သူသည် နန္ဒမည်သော ကျွန်ကို တောသို့ခေါ်၍ တနေရာ၌ ဥစ္စာကိုမြှုပ်ပြီး နန္ဒအား “ငါသေသော် ဤဥစ္စာကို ငါ့သားအား ပြောကြားလော့”ဟု မှာထား၍ သေလေ၏။

ထိုသူကြွယ်သား အရွယ်ရောက်သော် အမိက “သင့်အဘသည် နန္ဒကျွန်ကို ခေါ်၍ ဥစ္စာကို မြှုပ်ထား၏။ ထိုဥစ္စာကို ယူဆောင်လော့”ဟု ဆို၏။ သူကြွယ်သားသည် နန္ဒကိုခေါ်၍ ဥစ္စာမြှုပ်ထားသည့် နေရာကို ပြခိုင်း၏။ ထိုနေရာသို့ ရောက်လျှင် နန္ဒသည် ဥစ္စာမြှုပ်သည့် နေရာပေါ်၌ ရပ်လျက် ဥစ္စာကိုမှီ၍ မာန်တက်ပြီး “ဟယ် ကျွန်မသား၊ ဤအရပ်၌ သင့်ဥစ္စာသည် ဘယ်မှာရှိသနည်း”ဟု ဆဲရေး၏။ နောက်တကြိမ် သွားသောအခါ၌လည်း နန္ဒသည် ရှေးနည်းတူ ဆဲရေး၏။ ထိုအခါ သူကြွယ်သားသည် ဘုရားလောင်း ထံ သွား၍ ထိုအကြောင်းကို ပြောပြ၏။ ဘုရားလောင်းက “နန္ဒကျွန် ရပ်သည့်နေရာသည် ဥစ္စာမြှုပ်သည့် နေရာဖြစ်၏”ဟု ဆို၏။ သူကြွယ်သား သည် ထိုနေရာသို့ သွား၍ ဥစ္စာကို တူးယူလေ၏။

သူမိုက်တို့သည် အားကိုးရှိလျှင် ဇောင်လွှားတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် “ဇေတဝန်ကျောင်း၌မူ ပြောစကားကို နားထောင်၍ အခြားအရပ်၌မူ မာန်ခက်ထန်ပြီး ပြောစကား နားမထောင်သော (ရှင်သာရိပုတ္တရာ၏တပည့်) ရဟန်းတပါးကို အကြောင်း ပြု၍”ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ရှင်သာရိပုတ္တရာ၏တပည့်=နန္ဒကျွန်။ ဘုရား=ပညာရှိ သူကြွယ်။]

၄၀။ ခဒိရင်္ဂါရဇာတ်

မီးကျီးတွင်းနှင့် သူဌေးမင်းအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူဌေးသည် နေ့စဉ် အလှူကြီးကိုပေး၍ သီလဆောက်တည်၏။ တနေ့သ၌ ပစ္စေကဗုဒ္ဓါတပါးသည် နိရောဓသမာပတ်မှထ၍ သူ့အိမ်တံခါးဝ၌ ဆွမ်းအတွက်ရပ်၏။ ဘုရားလောင်း သည် ကျွန်တဦးအား သပိတ်သွားအယူခိုင်း၏။ ထိုခဏ၌ မာန်နတ်သည် လာ၍ အိမ်အပြင်၌ မီးကျီးတွင်းကြီး (ခဒိရင်္ဂါရ)ကို ဖန်ဆင်း၏။ ထိုကျွန်သည်

မီးကျီးတွင်းကြီးကို မြင်လျှင် ကြောက်၍ ပြန်လာပြီး ဘုရားလောင်းအား ပြောကြား၏။

ဘုရားလောင်းသည် 'မာရ်နတ်၏အမှူ'ဖြစ်သည်ကို သိ၍ ကိုယ်တိုင် ဆုမ်းခွက်ကိုယူပြီး အိမ်မှထွက်၍ မီးကျီးတွင်းနားဌိရပ်၏။ သူသည် ကောင်းကင်၌ မာရ်နတ်ကိုမြင်လျှင် "ငါသည် သင့်အား အခွင့်မပေးအံ့"ဟု ဆို၍ မီးကျီးတွင်းပေါ် သွားသော် မီးကျီးတွင်းမှ ပွင့်ချပ်တရာရှိ အပွင့်ကြီးပါသည့် ပဒုမ္မာ ကြာပင်ပေါက်၍ ဘုရားလောင်း၏ ခြေတို့ကို ခံထား၏။ ဘုရားလောင်းသည် ပဒုမ္မာကြာပွင့်၏ အလယ်၌ ရပ်၍ မွန်မြတ်သောဘောဇဉ်ကို ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်လေ၏။ ပစ္စေကဗုဒ္ဓါသည် သပိတ်ကို ကောင်းကင်သို့ ပစ်ပြီး ပျံတက်၍ ဟိမဝန္တာသို့ ကြ၏။ . မာရ်နတ်သည် စစ်ရှုံး၍ ပြန်သွား၏။ ဘုရားလောင်းသည် ပဒုမ္မာကြာ၏ အလယ်၌ ရပ်လျက် လူတို့အား ဒါန,သီလ အမှုတို့ကို ပြုကြရန် တရားဟောလေ၏။

သူတော်ကောင်းသည် အသက်ကိုပင် စွန့်၍ ကုသိုလ်ပြုတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အနာထပိဏ်သူဌေး၏ အလှူကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**– ဘုရား= ဗာရာဏသီ သူဌေး]

၄၁၊ လောသကဇာတ်

ဝန်တိုသည့် ရဟန်းအကြောင်း

ကာသပဘုရားလက်ထက်၌ ရဟန်းတပါးသည် သူကြွယ်တဦးကို မှီ၍ ရှာငယ်ကျောင်း၌ နေ၏။ ထိုအခါ ဒေသစာရီကြွသော ရဟန္တာတပါးသည် ထိုသူကြွယ် အိမ်သို့ ရောက်သော် သူကြွယ်က တောင်းပန်သဖြင့် ထိုရှာငယ်ကျောင်းသို့ ကြသွား၏။ ကျောင်းနေ မထေရ်ကို ရှိခိုးပြီး ကျောင်း၏ တနေရာ၌ စျာန်ချမ်းသာ ဖိုလ်ချမ်းသာဖြင့် အချိန်ကိုကုန်လွန်စေ၏။ သူကြွယ်သည် ထိုနေ့ညနေတွင် ထိုကျောင်းသို့ သွား၍ ကျောင်းနေ မထေရ်ကို ဖူးမြင်ပြီး နောက် ထိုရဟန္တာမထေရ်ထံသွား၍ တရားနာ၏။ ထို့နောက် မထေရ်နှစ်ပါး လုံးကို နက်ဖြန်အတွက် ဆုမ်းပင့်ဖိတ်ပြီး အိမ်သို့ပြန်၏။ ထိုအခါ ကျောင်းနေ မထေရ်သည် "ဤသူကြွယ်သည် ငါ့ထက် အာဂန္တုက မထေရ်ကို ပို၍ ကြည်ညို၏။ အာဂန္တုကမထေရ် ဤမှာ မနေနိုင်အောင်ပြုအံ့" ဟု ကြံ၍

အာဂန္တုက မဇေထရိန္ဒင့် စကားမပြောပေ။ ရဟန္တာမထေရ်သည် သူ၏စိတ်ကို သိ၏။

နောက်တနေ့နံနက်၌ ကျောင်းနေမထေရ်သည် သူကြွယ်အိမ်သို့ တပါး တည်းသွား၏။ အာဂန္တုက မထေရ်မပါ၍ သူကြွယ်ကပေးသော် ထိုကျောင်း နေမထေရ်က "ကျောက်စည်ကိုတီးပြီး တံခါးကိုခေါက်၍ နှိုးသော်လည်း ထိုရဟန်းမနိုး။ အိပ်နေသည်ဖြစ်လတံ့" ဟု ဆို၏။ ရဟန္တာမထေရ်သည်လည်း ကောင်းကင်ဖြင့် အရပ်တပါးသို့ ကြွသွား၏။ သူကြွယ်သည် ကျောင်းနေ မထေရ်အား ဃနာဆွမ်းကို ဘုဉ်းပေးစေပြီး အာဂန္တုက မထေရ်အတွက် လည်း ဃနာဆွမ်းကို သပိတ်ထဲထည့်၍ လှူလိုက်၏။ ကျောင်းနေမထေရ်သည် ထိုဃနာကို ယူလာပြီး ခရီးအကြာင်း၌ သွန်ပစ်၍ ကျောင်းသို့သွား၏။

သူသည် အာဂန္တုက မထေရ်ကို မမြင်လျှင် "ထို ရဟန်းသည် ပခုတ် ရဟန္တာဖြစ်မည်။ ငါ့အလိုကို သိ၍ တခြားသွားသည် ဖြစ်လတံ့။ ငါသည် ဝမ်းဗိုက်အတွက်နှင့် မသင့်သည်ကို ပြုမိ၏" ဟု ကြိုးစာ နှလုံးမသာမယာ ဖြစ် ပြီး မကြာမီပင်သေ၍ ငရဲ၌ ဖြစ်၏။ ငရဲ၌ အနှစ်တသိန်းခံရပြီးနောက် ဘဝ ငါးရာတို့၌ဘီလူးဖြစ်ပြီး တဖန် ဘဝငါးရာပတ်လုံး ခွေးဖြစ်ရာ ထိုထိုဘဝ များ၌ တနေ့မျှသာ ဝမ်းပြည့်အောင် အစာ စားရဘူး၏။

ထို့နောက် သူသည် ကာသိတိုင်း ရှာတရှာတွင် သူဆင်းရဲမျိုး၌ ဖြစ်၍ "မိတ္တဝိန္ဒက" မည်၏။ သူမွေးသည့်နေ့မှစ၍ သူ့မိဘတို့သည် အလှန့်အလှန် ဆင်းရဲသဖြင့် သားကိုနှင်ထုတ်၏။ မိတ္တဝိန္ဒကသည် ဗာရာဏသီပြည်၌ ဘုရား လောင်း ဒိသာပါမောက္ခထံသွားပြီး အတတ်သင်ရာ အဖော်တို့နှင့် ရန်ဖြစ်၍ ဆရာ၏အဆုံးအမကို မနာယူဘဲ ထိုအရပ်မှ ပြေး၏။ သူသည် ရှာတရှာသို့ ရောက်၍ ဆင်းရဲသူမတဦးနှင့် အိမ်ထောင်ပြုရာ သားနှစ်ယောက် ရ၏။ သူရောက်သည့်နေ့မှစ၍ ထိုရွာသားတို့မှာ ခုနစ်ကြိမ် မင်းဒဏ်သင့်သဖြင့် သူ့ကို ရိုက်နှက်ပြီး နှင်ထုတ်ကြ၏။ သူသည် သားမယားကို ယူ၍ တခြား အရပ်သို့သွားရာ တောအုပ်တခုသို့ရောက်လျှင် သူ့သား, မယားတို့ ဘီလူး အစားခံရ၏။ သူသည် ထိုတောမှပြေး၍ သင်္ဘောဖြင့် ခရီးသွားသော် ခုနစ် ရက်မြောက်သော နေ့၌ သင်္ဘောသည် သမုဒ္ဒရာ၌ မသွားဘဲ ရပ်၏။ သင်္ဘော သားတို့သည် 'သူယုတ်စာရေးတံ' ကို စိရင်ရာ ခုနစ်ကြိမ်တိုင် မိတ္တဝိန္ဒက အားသာ ကျသဖြင့် သူ့ကို ဝါးစည်းတခုဖြင့် သင်္ဘောမှ ချ၏။

မိတ္တဝိန္ဒကသည် ကဿပဘုရားလက်ထက်က စောင့်ခဲ့သော သီလကျေးဇူး ကြောင့် သမုဒ္ဒရာဝယ် မျောနေသော ခရီးတလျှောက်၌ ကျန်းလေးခုတွင်

'ဖလ်ပီမာန်၊ ငဲ့ပီမာန်၊ ပတ္တမြားပီမာန်၊ ရွှေပီမာန်' အသီးသီးတို့၌ နတ်သမီးများနှင့်ပျော်ပါးရ၏။ ထို့နောက် ကျွန်းတခုသို့ရောက်သော် ဆိတ်မအသွင်ဖြင့် သွားနေသော ဘီလူးမကို 'စားအုံ့' ဟု ခြေဆို ကိုင်၏။ ထိုဘီလူးမသည် သူ့ခြေကို ကိုင်၍ ပစ်လိုက်ရာ ဗာရာဏသီမြို့ ကျုံးဘေးဌ ကျ၏။ ထိုအခါ သူသည် မင်း၏ဆိတ်များကိုမြင်၍ ဆိတ်မတကောင်ကို 'စားအုံ့' ဟု ခြေဆိုကိုင်သော် ဆိတ်ကျောင်းသားတို့သည်လာ၍သူကိုဖမ်းပြီးချည်နှောင်၏။ ထိုခဏ၌ တပည့်ငါးရာခြံရံလျက် ထိုနေရာသို့ရောက်လာသော ဘုရားလောင်းသည် မိတ္တဝိန္ဒကကိုမြင်၍ "ဤသူကား ငါ့တပည့်တည်း၊ ငါ့အား ကျွန်ပြုရန်ပေးလော့" ဟု ဆို၍ တောင်းယူ၏။ ဘုရားလောင်းသည် မိတ္တဝိန္ဒက ဖြစ်ခဲ့ပုံအကြောင်းစုံကိုကြားရလျှင် "အကျိုးကိုလိုလားသူတို့၏စကားကို နားမထောင်သူသည် ဤဒုက္ခမျိုးသို့ ရောက်ရ၏" ဟုဆို၍ တရားဟောလေ၏။

သူတော်စင်ကို ပြစ်မှားက ဘဝအဆက်ဆက် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အစာဝအောင် မစားရဘဲ ပရိနိဗ္ဗာန်ပြုခါနီးမှ တခါသာ (ရှင်သာရိပုတ္တရာကျွေး၍) ဝအောင် စားရသော လောသကတိဿ မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း· လောသကတိဿ မထေရ်=မိတ္တဝိန္ဒက။ဘုရား=ဒီဿပါမောက္ခ။]

၄၂။ ကပေါတဇာတ်

ဓိုန္နင့် ကျီးမိုက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းခို (ကပေါတ)သည် ဗာရာဏသီသူဌေး၏ ထမင်းချက်၏ စဖိုအိမ်တွင် ငှက်များနေရန် ချိတ်ဆဲ့ထားသည့် တောင်းကြီး၌ နေ၏။ နေ့အခါ အစာရှာ ဝေး၍ ညအခါ ထိုတောင်း၌အိပ်၏။ တနေ့သ၌ ကျီးတကောင်သည် ထို စဖိုအိမ်ပေါ်မှ သွားသော် သားငါး အမဲတို့၏ အနံ့ကိုရ၍ စားလိုသဖြင့်ဘုရားလောင်းနှင့် မိတ်ဖွဲ့ပြီး စဖိုအိမ်တွင် အခြားတောင်းတခု၌ နေ၏။

တနေ့သ၌ ထိုကျီးသည် စဖိုအိမ်တွင် ချိတ်ဆဲ့ထားသည့် ငါးအမဲတို့ကို စားလိုသဖြင့် ဘုရားလောင်း အစာရှာထွက်သော် မလိုက်ဘဲ သူ့တောင်းထဲ၌ နေခဲ့၏။ ထမင်းချက်သည် ငါးအမဲဟင်းအိုးတို့ကို အတန်ငယ် ဖွင့်ပြီး အပြင်ထွက်၍ ခွေးသုတ်လျက် ရပ်နေစဉ် ကျီးသည် တောင်းမှ ထွက်ပြီး

စဖို့အိမ်၌နား၍ အသံပြု၏။ ထမင်းချက်သည် ထိုအသံကိုကြား၍ ပြန်ဝင်လာပြီး ကျီးကိုဖမ်း၍ အမွေးတို့ကိုနုတ်ပြီး ကိုယ်ကို ယက်တက်ရည်ဖြင့် လိမ်း၍ တောင်းထဲ ထည့်ထား၏။ ဘုရားလောင်းသည် ညအခါ ပြန်လာ၍ ကျီးကို မြင်သော် "လျှပ်ပေါ်သည့်ကျီး၊ သင်သည် လောဘကိုမှီ၍ ဤသို့ပျက်စီးရ၏"ဟု ဆိုပြီး "ငါလည်း ဤအရပ်၌ မနေသင့်"ဟု နှလုံးသွင်း၍ အရပ်တပါးသို့ သွား၏။ ကျီးသည် ထိုတောင်း၌ပင် သေလေ၏။

လောဘကို မချုပ်တည်းနိုင်လျှင် ပျက်စီးမည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "လျှပ်ပေါ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–လျှပ်ပေါ်သော ရဟန်း=ကျီး။ဘုရား=ခို။]

၇၃။ ဝဋ္ဋကဇာတ်

မြွေဟောက် မွေးစားသည့် ရဿေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရဿေ့သည် ဟိမဝန္တာ၌ ရဿေ့ငါးရာ အခြံအရံဖြင့် နေ၏။ အဆုံးအမ ခက်သည့် ရဿေ့တပါးသည် ဘုရားလောင်း၏ စကားကို နားမထောင်ဘဲမြွေဟောက်ငယ် တကောင်ကို သားအရာ၌ ထား၍ မွေးမြူပြီး ဝါးလုံးခေါင်း တခု၌ အိပ်စေ၏။ ထိုမြွေကို 'ဝဋ္ဋက'ဟုခေါ်၍ ထိုရဿေ့ကို 'ဝဋ္ဋက၏ဖခင်'ဟု ခေါ်ကြ၏။

တနေ့သ၌ ရဿေ့အားလုံး သစ်သီးအရှာ ထွက်ကြသော် ဝဋ္ဋက၏အဖရဿေ့လည်း ထိုမြွေဟောက်ကို ဝါးလုံးထဲ၌ အိပ်စေ၍ ပိတ်ထားပြီး ထိုရဿေ့တို့နှင့် အတူ သွား၏။ နှစ်ရက် သုံးရက်နေပြီး ပြန်လာသော် ထိုရဿေ့သည် "ဝဋ္ဋကအား အစာပေးအံ့"ဟု ဝါးလုံးကိုဖွင့်၍ လက်ကို ဖြန့်၏။ မြွေဟောက်သည် အစာ မစားရသဖြင့် အမျက်ထွက်၍ ဖြန့်သည့် လက်ကို ကိုက်ပြီးတော့သို့ ဝင်၏။ ထိုရဿေ့လည်း ထိုအရပ်၌ပင် သေ၏။ ဘုရားလောင်းသည် ထိုရဿေ့ သေသည်ကိုမြင်လျှင် ရဿေ့တို့အား "ပညာရှိတို့၏အဆုံးအမကို မနာယူလျှင် ဤဒုက္ခမျိုးကိုရ၏"၊ စသည်ဖြင့် အဆုံးအမပေးလေ၏။

လူမိုက်သည် မိုက်မဲစွာ ဖြိုတတ်သဖြင့် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆိုနိုင်ခက်သော ရဟန်း တပါးကို အကြောင်းပြု၍" ဤဒေသနာတော်ကိုဟော၏။ ။ဇာတ်ပေါင်း - ဆိုနိုင်ခက်သောရဟန်း=ဝေဠုကဏ္ဍ အဖ ရသေ့။ ဘုရား=ဆရာရသေ့။]

၄၄။ မကသဇာတ်

မှက်နှင့် လူမိုက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ကုန်သည်သည် ကုန်သွယ်မှုဖြင့် လက်သမားရှာတရှာသို့ ရောက်သွား၏။ ထို၌ရှာ၌ လက်သမား တဦးသည် သစ်ကို ရွေနေစဉ် သူ့ဦးခေါင်း၌ မှက် (မကသ) တကောင်က အပ်ဖြင့် ထိုးသကဲ့သို့ နှုတ်သီးဖြင့်ထိုးသဖြင့် သားအား ထိုမှက်ကို တားမြစ်ခိုင်း၏။ သားသည် ပုဆိန်ကိုချ၍ အဖနား၌ရပ်လျက် "မှက်ကိုသတ်အံ့" ဟု ခုတ်လိုက်သော် ဦးခေါင်းနှစ်ခြမ်းကဲ့၍ အဖသေလေ၏။ ဘုရားလောင်း သည် ထိုသား၏ အမှုကိုမြင်လျှင် "ပညာရှိသော ရန်သူသည် ပညာမရှိသော မိတ်ဆွေထက် မြတ်၏" ဟု ဆိုလေ၏။

လူမိုက်ဟူသည် အကျိုးမဲ့ကိုသာ ဖြိုတတ်၏။

[မြတ်စွာဘုရားသည် မဂဓတိုင်း၌ ဒေသစာရီကြွစဉ် "မှက်များနှင့် စစ်တိုက်ကြ၍ အချင်းချင်း ပုတ်ခတ်မိကြသည့် ရွာသားမိုက်တို့ကို အကြောင်းပြုပြီး ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဘုရား=ပညာရှိကုန်သည်]

၄၅၊ ရောဟိဏီဇာတ်

ကျွန်မမိုက်နှင့် ယင်များအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူဋ္ဌေး၏ 'ရောဟိဏီ' မည်သော ကျွန်မသည် တနေ့သ၌ ကောက်နယ်ရာအရပ်တွင် အလုပ်လုပ်နေ၏။ ထိုနေရာ၌ အိပ်နေသော သူ့အမိသည် သူ့ကို ယင်အုံသဖြင့် သမီးအား ယင်တို့ကို တားမြစ်ခိုင်း၏။ ရောဟိဏီသည် ကျည်ပွေ့ဖြင့် ယင်တို့ကို ရိုက်သော် အမိသေ၍ ငိုကျေးလေ၏။ ထိုအခါ ဘုရားလောင်းသည် "ပညာရှိသော ရန်သူသည် ပညာမရှိသော မိတ်ဆွေထက် မြတ်၏" ဟု ပညာရှိကို ချီးမွမ်းပြောဆိုလေ၏။

လူမိုက်သည် ရန်သူထက်ပင် မကောင်းကျိုးကို ပေးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "အမိကိုယင်အုံသဖြင့် ကျည်ပွေ့ဖြင့်ရိုက်သော (အနာထပိဏ်သူဌေး၏) 'ရောဟိဏီ' မည်သော ကျွန်မကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတပေါဒ်း–ရောဟိဏီ၏အမိ= ရောဟိဏီ၏အမိ။ ရောဟိဏီ=ရောဟိဏီ။ ဘုရား = သူဌေး။]

၄၆၊ အာရာမဒူသကဇာတ်
ညယျာဉ်ဖျက်သည့် မျောက်ကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တနေ့သ၌ ဗာရာဏသီတွင် 'နက္ခတ်ပဲသဘင်'ဖြစ်သော် မြို့နေလူအပေါင်းသည် ဟိုဟိုဒီဒီလှည့်လည်ကြ၏။ မင်း၏ ညယျာဉ်စောင့်သည်လည်း ထိုနက္ခတ်သဘင်သို့ သွားလိုသဖြင့် ညယျာဉ်၌နေသော မျောက်ကြီးအား "ငါသည် ပဲသဘင်သို့ သွားအံ့။ ငါပြန်မလာသရွေ့ ကာလပတ်လုံး မျောက်တို့အား သစ်ပင်များကို ရေလောင်းခိုင်းလော့" ဟု မှာ၍ မျောက်တို့အား သားရေအိတ်များကို ပေးပြီးသွား၏။ မျောက်ကြီးသည် မျောက်တို့အား "ရေကိုချေတာသင့်၏။ သစ်ပင်တို့ကိုနုတ်၍ အမြစ်၏အတိမ်အနက်ကိုကြည့်ပြီး ရေကို အနည်းအများလောင်းကြလော့" ဟု ဆို၏။ မျောက်တို့သည် ထိုမျောက်ကြီးဆိုတိုင်းပြုကြ၏။ ထိုအခါ ထိုညယျာဉ်သို့ရောက်လာသော ပညာရှိ ယောကျ်ားတဦးသည် ထိုအခြင်းအရာကိုမြင်၍ မျောက်တို့ထံမှ အကြောင်းစုံကို ကြားသိသော် "ပညာမရှိသူတို့သည် အကျိုးမဲ့ကိုသာ ပြုကြ၏" ဟု ဆိုလေ၏။

လူမိုက်ဟူသည် အကျိုးမဲ့ကိုသာ ပြုတတ်သည်။

[မြတ်စွာဘုရားသည် ကောသလရွာငယ်တခုဌ်နေစဉ် "သစ်ပင်ကိုနုတ်၍ ရေလောင်းသဖြင့် ညယျာဉ်ကို ဖျက်ဆီးသော (အာရာမဒူသက) သူငယ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါဒ်း–ညယျာဉ်ကိုဖျက်သောသူငယ် = မျောက်ကြီး။ ဘုရား = ပညာရှိယောကျ်ား။]

၄၇၊ ဝါရဏီဒူသကဇာတ်
သေရည်ကို ဖျက်ဆီးသူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် သေကုန်သည်တဦးသည် ဘုရားလောင်း သူဌေးကိုမှီ၍ အသက်မွေး၏။ သူသည် သေရည်ကို ပြုလုပ်၍ တပည့်အား သေရည်ကိုရောင်းရန် မှာထားခဲ့ပြီး ရေချိုးသွား၏။ ထိုတပည့်သည်

ဆားခပ်၍ သေရည်ကို ဖျက်ဆီး၏ (ဝါရုဏီဒူသက)။ သေကုန်သည်ပြန့်လာသော် ထိုအကြောင်းကို သူဌေးအား ပြောကြား၏။ ထိုအခါ သူဌေးက "လူမိုက်တို့သည် အကျိုးမဲ့ကိုသာ ပြုကြ၏" ဟု ဆိုလေသည်။

လူမိုက်ဟူသည် အကျိုးမဲ့ကိုသာ ဖြိုတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "(အနာထပိဏ်သူဌေး)၏ သေကုန်သည်၏ 'သေရည်ကို ဖျက်ဆီးသည့်' တပည့်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–သေရည်ဖျက်ဆီးသူ=သေရည် ဖျက်ဆီးသူ။ ဘုရား = ဗာရာဏသီသူဌေး။]

၄၈၊ ဝေဒဗ္ဗဇာတ်

မန္တရားနှင့် ပုဏ္ဏားမိုက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် အဘိုးအနွယ်ထိုက်သည့် 'ဝေဒဗ္ဗ' မည်သော မန္တန်ရားကို တတ်သည့် ပုဏ္ဏားတဦး၏ တပည့်ဖြစ်၏။ နက္ခတ်၏ ယှဉ်ခြင်းကိုရသော် ထို 'ဝေဒဗ္ဗ' မန္တရားကို မန်း၍ ကောင်းကင်ကြည့်လျှင် ကောင်းကင်မှ ရတနာခုနစ်ပါးမိုးကို ရွာစေ၏။ တနေ့သ၌ ထိုဆရာတပည့်နှစ်ဦးတို့ ခရီးသွားကြရာ ခရီးအကြား၌ တောတခု သို့ရောက်သွား၏။ 'ပြန်ပေးဆဲ့' ခိုးသူငါးရာတို့သည် ထိုသူနှစ်ဦးကိုဖမ်း၍ ဆရာကို ချည်နှောင်ထားပြီး တပည့်ကိုဥစ္စာအယူခိုင်း၏။ဘုရားလောင်းသည် ဆရာအား "ယနေ့ ဥစ္စာမိုးကို ရွာစေသော နက္ခတ်၏ယှဉ်ခြင်းဖြစ်လတံ့။ ဥစ္စာမိုးကို မရွာစေလင့်၊ ရွာစေသော် သင်နှင့်တကွ ခိုးသူအားလုံးပျက်စီးလတံ့။ တရက်နှစ်ရက်ကြာလျှင် ငဲ့ယူပြီး ပြန်လာအံ့။ မစိုးရိမ်လင့်" ဟု ဆို၍ သွား၏။ မကြာမီပင် နက္ခတ်၏ယှဉ်ခြင်းကိုမြင်၍ ဆရာပုဏ္ဏားသည် ခိုးသူတို့အား မိမိကို အနှောင်အဖွဲ့မှ လွတ်စေပြီး မန္တန်ကိုရွတ်၍ ဥစ္စာမိုးကို ရွာစေ၏။

ထိုခိုးသူတို့သည်ဥစ္စာများကိုယူ၍သွားကြ၏။ထိုပုဏ္ဏားလည်း သူတို့နောက်မှ လိုက်၏။ ထိုအခါ အခြား ခိုးသူငါးရာတို့ ရောက်လာပြီး၊ ထိုဥစ္စာမိုးအကြောင်းကို ကြားသိရလျှင် ထိုပုဏ္ဏားကို ဖမ်းပြီး ဥစ္စာမိုးကို ရွာခိုင်းကြ၏။ ပုဏ္ဏားက "ယနေ့မှ တနှစ်အတွင်း နက္ခတ်ယှဉ်ခြင်းမရှိတော့၍ ဥစ္စာမိုးကို ရွာစေရန် မတတ်နိုင်" ဟု ဆို၏။ ထိုခိုးသူတို့သည် ပုဏ္ဏားကိုသတ်၍ ဥစ္စာရသော ခိုးသူတို့ကို လိုက်၍ သတ်ဖြတ်ပြီးနောက် တဖန် အချင်းချင်း သတ်ကြရာ နောက်ဆုံးတွင် နှစ်ဦးသာကျန်တော့၏။ ထိုသူနှစ်ဦးတို့လည်း ဥစ္စာများကို

ယူ၍ ရာတရာအနီးသို့ ရောက်သွား၏။ တယောက်သည် ဥစ္စာကိုစောင့်နေပြီး တယောက်သည် ရာသို့သွား၍ ထမင်းကို စားပြီး ကျန်ထမင်းကို အဆိပ်ခပ်၍ ယူလာ၏။ ဥစ္စာကိုစောင့်သူသည် သူ့ကိုသတ်ပြီး ထမင်းကို စားသော် သေပြန်၏။

ဘုရားလောင်းသည် ဥစ္စာကို ယူ၍ပြန်လာသော် သေကြပျက်စီးနေကြသည့် ဆရာနှင့်တကွ ခိုးသူတို့ကိုမြင်၏။ ရှေ့သို့ဆက်၍သွားသော် အစဉ်သဖြင့် နောက်ဆုံး နှစ်ဦးသေနေသည်ကို တွေ့မြင်၏။ သူသည် "ဆရာကား ငါ၏ စကားကို နားမထောင်၍ မိမိနှင့်တကွ လူပေါင်းတထောင်ကို သေစေပြီ" ဟု ဆို၍ ဥစ္စာများကို ဥပါယ်တမျှဉ်ဖြင့် အိမ်သို့ယူဆောင်စေပြီး ဒါနစသော ကုသိုလ်တို့ကို ပြုကာ နေလေ၏။

လူမိုက်ဟူသည် ရှေ့နောက်မကြည့်ဘဲ ဖြုတ်သဖြင့် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဆိုနိုင်ခက်သော ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်၊ ၊၎င်း—ဆိုနိုင်ခက်သော ရဟန်း = ဝေဒဗ္ဗပုဏ္ဏားဟု။ ဘုရား = တပည့်တော်။]

၅၉၊ နက္ခတ္တဇာတ်

နက္ခတ်နှင့် မင်္ဂလာအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဗာရာဏသီမြို့သားတို့သည် ဇနပုဒ်သားတို့၏ သမီးကိုတောင်းရန်နေ့ရက်သတ်မှတ်ပြီးမှ မိမိတို့၏ ဆရာအာဇီဝကထံ သွား၍ "တပည့်တော်တို့မှာ မင်္ဂလာတခုရှိ၍ ယနေ့ နက္ခတ် (နက္ခတ္တ) ကောင်းပါ၏လော" ဟု မေးကြ၏။ ဆရာအာဇီဝကသည် "ဤလူတို့သည် နေ့ရက်ကိုသတ်မှတ်ပြီးမှ ငါ့ကို မေးကြ၏" ဟု အမျက်ထွက်ပြီး "ယနေ့နက္ခတ်မကောင်း၊ မင်္ဂလာကိုပြုသော် ကြီးစွာပျက်စီးလတံ့" ဟု ဆို၏။ ထိုမြို့သားတို့သည် ထိုစကားကို ယုံ၍ ဇနပုဒ်သို့ မသွားကြကုန်။ ဇနပုဒ်သားတို့သည် အမျက်ထွက်၍ အခြားသူတို့အား သမီးကို ပေးကြ၏။ မြို့သားတို့သည် နောက်တနေ့ ဇနပုဒ်သို့ သမီးတောင်းရန်သွား၍ အကြောင်းစုံကိုကြားလျှင် ဇနပုဒ်သားတို့နှင့် ခိုက်ရန်ဖြစ်ကြ၏။ ထိုအခါ မြို့နေပညာရှိတဦးသည်ကိစ္စဖြင့် ထိုဇနပုဒ်သို့ရောက်၍ ခိုက်ရန်ဖြစ်နေကြသည့် ထိုသူတို့ထံမှ အကြောင်းစုံကို ကြားသိရသော် "နက္ခတ်သည် အဘယ်အကျိုးရှိအံ့နည်း။ သတ္တဝါသမီးကို

ရမြင်းသည်ပင် နက္ခတ်မဟုတ်လော''ဟု ဆို၏။ မြို့သားတို့သည် သတို့သမီးကို မရဘဲ ပြန်ကြလေ၏။

လူမိုက်သည် သူယုတ်ကို ဆရာတင်သဖြင့် အကျိုးယုတ်ရသည်။

[မြတ်စွာဘုရားသည် ဇောဘဝန်ကျောင်းဌာနေစဉ် ''မင်္ဂလာပွဲအတွက် 'နက္ခတ်ကောင်း၊မကောင်း'ကို ပြောကြားသော အာဇီဝကတဦးကိုအကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အာဇီဝက = ဆရာအာဇီဝက။ ဘုရား = ပညာရှိဧယောက်ျား။]

၅၀၊ ဒုမ္မေဓဇာတ်

ယင်နတ် ပူဇော်ခြင်းအကြောင်း

ဘုရားလောင်းသည်ဗာရာဏသီပြည်ဖြဟ္မဒတ်မင်း၏သား'အိမ်ရှေ့မင်း'ဖြစ်၏။ ထိုအခါ ဗာရာဏသီမြို့သားတို့သည် နတ်ကိုးကွယ်ကြ၍ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ကိုသတ်ပြီး အသွေးအသားတို့ဖြင့် နတ်အား ပူဇော်၍ လိုရာဆုကို တောင်းကြ၏။ ဘုရားလောင်းသည် ထိုအခြင်းအရာကိုမြင်၍ ''ငါသည်မင်းဖြစ်သော် ဥပါယ်ဖြင့် သတ္တဝါသဘ်ခြင်းကိုတားမြစ်အံ့''ဟု ကြံ၏။ သူသည် ရံဖန်ရံခါ ရထားဖြင့်သွား၍ ပညောင်ပင်တပင်၌ ထိုယင်နတ်ပူဇော်သူတို့နှင့် အတူ နတ်ကိုးကွယ်သကဲ့သို့ ပန်းနံ့သာတို့ဖြင့် ပူဇော်ခြင်းကိုပြု၏။ နောက် သူသည် အဘကွယ်လွန်၍မင်းဖြစ်သော် အမတ်၊ ပုဏ္ဏား၊ သူကြွယ်စသည်တို့ကို စည်းဝေးစေ၍ ''ငါသည်မင်းဖြစ်သော် သင်နတ်မင်းအား ကြိုးစုံပူဇော်အံ့'' ဟု ပညောင်ပင်စောင့်နတ်အား ဆုတောင်းခဲ့၏။ ထိုနတ်၏ အာနုဘော်ဖြင့် ''ယခု ငါမင်းဖြစ်ရပြီ။ ယခုငါသည်နတ်အား ပူဇော်ခြင်းကိုပြုအံ့''ဟု ဆို၏။ ''နတ်အားပူဇော်ရန်အဘယ်ကိုယူရကုန်အံ့နည်း''ဟုလျှောက်ကြသော် မင်းက ''ငါးပါးသီလ မရှိ၊ အကုသိုလ်တို့ကို ပြုကြသည့် လူမိုက်(ဒုမ္မေဓ)တို့ကိုသတ်၍ အသွေးအသားတို့ဖြင့် နတ်အား ပူဇော်အံ့။ ထိုအကြောင်းကို လူတို့အား စည်လည်၍ သိစေကြလော''ဟု မိန့်ဆို၏။ အမတ်တို့သည် မင်းဆိုတိုင်းပြုကြ၏။ ထိုအခါမှစ၍ မြို့သားတို့သည် အကုသိုလ် အမှုများကို မပြုကြတော့ပေ။

ပညာရှိမည်သည် အများ၏ အကျိုးစီးပွားကို ဖြိုကျင့်တတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် ''လောက၏ အကျိုးစီးပွားကျင့်ခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဘုရား=ဗာရာဏသီမင်း။]

၅၁။ မဟာသီလဝဇာတ်

မဟာသီလဝမင်းအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း 'မဟာသီလဝ'မင်းသည် တရားသဖြင့် မင်းပြုပြီး နေ့စဉ် အလှူကြီးကို ပေး၍ သီလကို စောင့်၏။ ခန်တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံ၏။ တနေ့သ၌ သူသည် နန်းတော်၌ လွန်ကျူးခြင်း အမှုကို ပြုသော အမတ်တဦးကို တိုင်းပြည်မှ နှင်ထုတ်၏။ ထိုအမတ်လည်း ကောသလမင်းထံသွားခစား၍ "ဗာရာဏသီမင်းသည် အလွန်နူးညံ့၍ ဗိုလ်ပါ အနည်းငယ်ဖြင့် သူ့ပြည်ကို တိုက်ယူနိုင်၏"ဟုလျှောက်၏။ ကောသလမင်းသည် စစ်သည် ဗိုလ်ပါနှင့်သွားပြီး ဗာရာဏသီမြို့ကို ဝိုင်း၍ "ပြည်ကို ပေးမည်လော၊ စစ်တိုက်မည်လော"ဟု အကြောင်းကြား၏။ မဟာသီလဝမင်းက "ငါသည် စစ်မတိုက်လို၊ ပြည်ကိုယူလော"ဟု စကားပြန်၍ မြို့တံခါးကို ဖွင့်စေပြီး အမတ်တထောင်နှင့်အတူ ပလ္လင်၌နေ၏။ ကောသလမင်းသည် စစ်သည် ဗိုလ်ပါနှင့်တကွ နန်းတော်ထဲသို့ဝင်ပြီး မင်းနှင့် အမတ်တထောင် တို့ကို လက်ပြန်တုပ်၍ သုသာန်သို့ ဆောင်ယူခဲ့စေ၏။ နောက် တွင်းများကို တူးစေ၍ မတ်တတ်ရပ်ထားပြီး လည်အထိ မြေဖို၍ မြှုပ်စေ၏။

သန်ကောင်ချိန်၌ မြေခွေးတို့ လာကြသော် မင်းနှင့် အမတ်တို့ တပြိုင်နက် အသံပြုကြသဖြင့် မြေခွေးတို့ ပြေးကြ၏။ နောက် တစုံတဦးမျှ လိုက်မလာသည်ကိုသိ၍ မြေခွေးတို့ ပြန်လာကြ၏။ မင်းနှင့် အမတ်တို့သည် ရှေးနည်းတူ အသံပြုကြ၏။ ဤသို့ သုံးကြိမ်ပြုလုပ်သော် မြေခွေးတို့သည် မပြေးကြကုန်။ မြေခွေးကြီးသည် မင်းထံသို့၊ အခြားမြေခွေးတို့သည် အမတ်များ ထံသို့ ကပ်လာကြ၏။ မြေခွေးကြီးလာသော် မဟာသီလဝမင်းသည် အကိုက်ခံရန် အခွင့်ပေးသကဲ့သို့ လည်ကိုမော့၍ထား၏။ သူသည် သူ့လည်၌ ကိုက်ရန် လာသည့် မြေခွေးကြီးကို မေးရိုးဖြင့် မဲစွာညှတ်၏။ မြေခွေးကြီးသည် သေဘေးမှကြောက်၍ ပြင်းစွာအော်လျှင် အခြားမြေခွေးတို့သည် ပြေးကြ၏။ ထိုမြေခွေးကြီးသည် ထိုမှ ဤမှ ရုန်းကန်၍ ခြေလေးဘက်တို့ဖြင့် မြေကို ယက်သော် မြေသည် အနည်းငယ် လျော့လာ၏။ မင်းသည်မြေခွေးကြီးကိုလွှတ်၍ ထိုမှ ဤမှလွန်လျက် လက်နှစ်ဖက်ကို မ,ပြီး တွင်းနခမ်းပေါ် ထောက်၍ ထွက်၏။ သူသည် မြေကိုယက်၍ အမတ်တို့ကို ထုတ်ယူ၏။

ထိုအခါ ဘီလူးနှစ်ယောက်တို့သည် လူသေတခုကိုရ၍ အညီအမျှ မခွဲဝေတတ်သဖြင့် မဟာသီလဝမင်းထံ လူသေကို ယူလာပြီး ဝေပေးခိုင်း၏။

မင်းသည် ထိုဘီလူးတို့အား နန်းတော်ရှိ သူ၏ မင်္ဂလာသန်လျက်ကို အယူခိုင်းပြီး သန်လျက်ဖြင့် လူသေကို ဦးခေါင်းအလယ်၌ အညိုအမျှ ခြမ်း၍ပေး၏။ ထိုဘီလူးတို့သည် အလွန်နှစ်သက်သဖြင့် မဟာသီလဝ မင်းကို သူ့နန်းတော်ရှိ ကျက်သရေတိုက်ခန်း၌ ထား၍ အမတ်တို့အား သူတို့၏ အိမ်များ၌ ထားကြ၏။ မဟာသီလဝမင်းသည် ကျက်သရေ တိုက်ခန်း၌ အိပ်နေသည့် ကောသလမင်း၏ ဗိုက်ကိုသန်လျက်ဖျားဖြင့် ပုတ်၏။ကောသလမင်းသည် လန့်ပြီး အိပ်ရာမှထ၍ အကြောင်းစုံကို ကြားသိလျှင် မဟာသီလဝမင်းအား ကန်တော့၍ "နောင် မပြစ်မှားပါအံ့"ဟု သစ္စာပြု၏။ နောက်တနေ နံနက်တွင် သူသည် အမတ်၊ ပုဏ္ဏား၊ သူကြွယ်တို့ကို စည်းဝေးစေလျက် ပရိသတ် အလယ်၌မဟာသီလဝမင်းအား ချီးမွမ်းပြောဆို၍ တဖန် ကန်တော့ပြီး သူ့စစ်သည် ဗိုလ်ပါနှင့်အတူ သူ့တိုင်းပြည်သို့ ပြန်လေ၏။

ဇွဲသတ္တိရှိသော ပညာရှိသည် ရန်သူကို အလွယ်တကူ အောင်မြင်နိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဝီရိယလျှော့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း ဘုရား=မဟာသီလဝမင်း။]

၅၂။ စူဠဇနကဇာတ်

(ဤဇာတ်သည် မဟာဇနကဇာတ် [ဇ၁-၅၃၉] နှင့် အားလုံးတူ၏။)

၅၃။ ပုဏ္ဏပါတိဇာတ်

သူဌေးနှင့် အရက်သမားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဗာရာဏသီသူဌေးဖြစ်၏။ တနေ့သ၌ အရက်သမားတို့သည် မိန်းမောစေတတ်သည့် ဆေးခပ် ထည့်ထားသော သေရည်အိုးကိုယူပြီး "ဗာရာဏသီ သူဌေးကို သေရည် သောက်ခိုင်းပြီး သူ၏ ပုဆိုးနှင့် လက်စွပ်များကို ချွတ်ယူကုန်အံ့" ဟုကြံ၍ခရီး၌ထိုင်ကြ၏။ထိုခဏ၌မင်းခစားရန်သွားသည့် ဗာရာသီသူဌေးအား "ကျွန်ုပ်တို့၏အလှန် နှစ်သက်ဖွယ်ရှိသောဤသေရည်ကို အနည်းငယ် သောက်ပါလော့"ဟု ဆိုကြ၏။ သူဌေးသည် ထိုသူတို့၏ အမှုအရာကို ကြည့်၍ သူတို့၏ အကြံကို သိသဖြင့် "သေရည်ကိုသောက်၍ မင်းထံသွားရန် မသင့်။ ပြန်လာအံ့။ နေရစ်ဦးလော့"ဟုဆို၍ သွား၏။ သူဌေးသည် ပြန်လာသော်

အရက်သမားတို့အား "သေရည်ခွက်သည် ပြည့်မြဲတိုင်းရှိ၏ (ပုဏ္ဏပါတိ)။ သင်တို့သည် သေရည်ကို ချီးမွမ်းကုန်၏။ မသောက်ကုန်။ ဤသေရည်သည် အဆိပ်နှင့် ရောထားသည်ကို ငါသိ၏" ဟုပြောပြီး ခြိုမ်းချောက်၍ နှင်ထုတ်လေ၏။

လူမိုက်သည် ပညာရှိကို လှည့်ပတ်အကောက်ကြံ၍ မရနိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အနာထပိဏ်သူဌေးအား လှည့်ပတ်လိုသဖြင့် အဆိတ် ခပ်ထားသည့် သေရည်ကို သောက်ခိုင်းသော အရက်သမားတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ၈ပါဒ်း—အရက်သမားများ = အရက်သမားများ။ ဘုရား = ဗာရာဏသီ သူဌေး။]

၅၄။ ကိုဖလဇာတ်

ကိုဖလ အဆိပ်ပင်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း လှည်းကုန်သည် သည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွားရာ တောအုပ်ကြီးတခုသို့ ရောက်၏။ သူသည် လှည်းသမားတို့အား "ဤတော၌ အဆိပ်ပင်များ ရှိကြ၏။ ရှေးက မစားဘူးသည့် အသီးတို့ကို ငါ့အားမပန်ကြားဘဲ မစားကြလင့်" ဟု ဆို၍ တောအုပ်ကြီးထဲသို့ ခရီးဆက်လေ၏။ တောအုပ်ကြီးထဲ၌ အပင် အသီး အရွက် အပွင့်အား ဖြင့် သရက်ပင်နှင့် အားလုံးတူသည့် 'ကိုဖလ' မည်သော အဆိပ်ပင်ရှိ၏။ ရှေ့မှ သွားကြသည့် လျှပ်ပေါ်သောလူအချို့သည် 'သရက်ပင်' ဟုမှတ်၍ အသီးတို့ကို စားကြ၏။ အချို့ကမူ အသီးကို မစားဘဲ ယူလာ၍ ဘုရားလောင်းအား ပြကြ၏။

ဘုရားလောင်းက "ဤအပင်သည် သရက်ပင်မဟုတ်။ မစားကြလင့်" ဟု တားမြစ်၍ စားပြီးသူတို့အား ဆေးတိုက်အန်စေပြီး စတုမဓုကို တိုက်၍ အနာကင်းအောင် ပြု၏။ယခင်ကအနီးရှိရှာမှလူတို့သည် "ထိုကိုဖလ အသီး များကို စားကြ၍ သေကြသူတို့၏ လှည်း၊ ဥစ္စာအားလုံးကို လာ၍ ယူလေ့ရှိကြ၏။ ထိုရှာသားတို့ လာကြ၍ ထိုလှည်းသမားတို့ အနာ မရှိသည်ကို မြင်လျှင် "ဤအပင်သည်သရက်ပင် မဟုတ်ကြောင်း အဘယ်သို့ သိသနည်း" ဟုမေး၍ ဘုရားလောင်းက ရှင်းပြလေ၏။

ပညာရှိသည် အသေးအဖွဲကိုပင် သိထား၍ အန္တရာယ်မှ လွတ်ကင်းသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သစ်သီး၌ ကျမ်းကျင်သည့် ဥယျာဉ်စောင့်ကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား = လှည်းကုန်သည်မှူး]

၅၅။ ပဉ္စာဝုဓမင်းသားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား ဘုရားလောင်း 'ပဉ္စာဝုဓ' မင်းသားသည် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ပြီး ဆရာပေးလိုက်သည့် လက်နက်ငါးပါးကိုယူ၍ ပြန်လာရာ တောအုပ်ကြီးတခုသို့ ရောက်၏။ စေးကပ်သည့် အမှေးရှိသောထန်းပင် ပမာဏရှိသော ဘီလူးကြီးတကောင်သည် သူ့ထံလာ၍ "ရပ်လော့၊ သင်သည် ငါ့အစာ ဖြစ်ပြီ"ဟု ဆို၏။ ဘုရားလောင်းသည် ထိုဘီလူးအား အဆိပ်လူးမြား ငါးဆယ်တို့ကို တခုပြီးတခု ပစ်ရာ မြားအားလုံးသည် ဘီလူး၌ ကပ်လေ၏။ ဘီလူးသည် ထိုမြားတို့ကို ခါချပြီး ချဉ်းကပ်လာ၏။

ဘုရားလောင်းသည် ဘီလူးကို သန်လျက်ဖြင့်ခုတ်၊တောင့်၊တင်းပုတ်တို့ဖြင့် ပုတ်ခတ်၏။ ထိုသန်လျက် အားလုံးသည် ဘီးမြူး၌ကပ်၏။ တဖန် သူသည် ကြုံးဝါးလျက် လက်၊ခြေ၊ ဦးခေါင်းတို့ဖြင့် ပုတ်သတ်ပြန်ရာ အားလုံး ဘီလူးကိုယ်၌ကပ်၍ တွဲလျားဆွဲလျက် ရှိနေ၏။ ထိုအခါ ဘီလူးသည် "ဤသူကား အာဇာနည်တည်း"ဟု ဘုရားလောင်းကို မစားဝံ့၍ "သင်သည် အဘယ့်ကြောင့် သေခြင်းကို မကြောက်သနည်း"ဟု မေး၏။ ဘုရားလောင်းက "ငါ့ဝမ်းထဲ၌ ဝရဇိန်လက်နက်(ဥာဏ်ပညာ)ရှိ၏။ ငါ့ကိုစားလျှင်သင်လည်း သေမည်။ ထို့ကြောင့် ငါမကြောက်"ဟု ဆို၏။ ဘီလူးသည် သဘောမှ ကြောက်သဖြင့် "ငါသည် သင့်ကို မစားအံ့။ သွားလော့"ဆို၍ လွှတ်၏။ ဘုရားလောင်းသည် ဘီလူးအား တရားဟောခြင်း ငါးပါးသီလ၌ တည်စေပြီး ဗာရာဏသီပြည်သို့ သွား၍ အဖ ကွယ်လွန်သော် မင်းဖြစ်လေ၏။

ဇွဲသတ္တိရှိသော ပညာရှိသည် အန္တရာယ်များကို ကျော်လွှားနိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝိရိယလျှော့သော ရဟန်းတပါးကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အဂ်္ဂလိမာလ = ဘီလူး။ ဘုရား = ပဉ္စာဝုဓမင်းသား။]

၅၆၊ ကဠုနကွန္ဓဇာတ်

ရွှေတုံးနှင့် လယ်သမားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း လယ်သမားသည် ရွာမှ လယ်သမားတဦး စွန့်ထားသည့် လယ်တခုဌ ထွန်၏။ ရွှေးက ထိုရွာမှ သူဌေးတဦးသည် လုံးပတ်ပေါင်ပမာဏရှိ၍ အလျား လေးတောင်ရှိသော ရွှေတုံး (ကဠုနကွန္ဓ) ကို ထိုလယ်၌ မြုပ်ထားခဲ့ပြီး သေ၏။ ထိုရွှေတုံး၌ သူ၏ထွန်သွားငြိ၍ တည်သော် ဘုရားလောင်းသည် ထိုရွှေတုံးကို မြင်၍ ချိမ၏။ မချိမနိုင်သော် သူသည် "ဤမျှကား အသက်မွေးရန် ဖြစ်လတံ့။ ဤမျှကို မြုပ်ထားအံ့။ ဤမျှကို အမှုကိစ္စ၌ သုံးစွဲအံ့။ဤမျှသည်ကုသိုလ်ပြုရန် ဖြစ်လတံ့" ဟူ၍ လေးစုပြုသောခဏ၌ပင် ထိုရွှေတုံးသည် ပေါ့ပါးလာ၏။ သူသည် ထိုရွှေတုံးကို ယူဆောင်၍လေးစုပြုပြီး၊ အသက်ထက်ဆုံး ကောင်းမှုများကို ပြုလေ၏။

ပညာရှိသည် အရာရာတွင် ပညာဖြင့် ဆင်ခြင်၍ဖြစ်လေ့ရှိသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် (ဆရာဥပဇ္ဈာယ်တို့ ဟောကြားသည့် သီလဒုဗ္ဗိုးမျိုးများစွာကို မကျင့်နိုင်သဖြင့် လူထွက်မည် ပြုသော) ဘုရားရှင်ဟောကြားသည့် သီလမျိုးကို ကျင့်သဖြင့် ရဟန္တာ ဖြစ်သွားသော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-- ဘုရား=ရွှေတုံးကိုရသည့် လယ်သမား။]

၅၇၊ ဝါနရိန္ဒဇာတ်

မိကျောင်းနှင့် မျောက်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းမျောက်မင်း (ဝါနရိန္ဒ)သည် မြစ်ကမ်းနား၌နေ၏။ထိုမြစ်၏အလယ်ရှိကျွန်းတခုမှာ သရက် ပိန်းနဲစသည် ပေါများ၏။ ထိုကျွန်းနှင့် မြစ်ကမ်းအကြား၌ ကျောက်ဖျာတခု ရှိ၏။ ဘုရားလောင်းသည် နေ့စဉ် မြစ်ကမ်းမှ ကျောက်ဖျာသို့၊ ကျောက်ဖျာမှ ထိုကျွန်းသို့ ခုန်သွား၍ သစ်သီးအမျိုးမျိုးကိုစားပြီး ညနေချိန်၌ ထိုနည်းဖြင့် ပြန်လာ၏။ တနေ့တွင် မြစ်ထဲ၌ မိကျောင်းတကောင်သည် "ထိုမျောက်မင်း၏ အသဲနှလုံးကို စားလိုကြောင်း" သူ့ မယားက ပြောသဖြင့် "မျောက်မင်းကို ဖမ်းယူအံ့"ဟု သွားပြီး ကျောက်ဖျာပေါ်၌ ဝပ်နေ၏။

ဘုရားလောင်းသည် ထိုကျွန်းဌ္ဌ တနေ့လုံး ကျက်စားပြီး၍ ညနေချိန်ဌ္ဌ ပြန်ရန် ရပ်ကြည့်သော် ကျောက်ဖျာ မြင့်နေသည်ကို မြင်၏။ သူသည် "ငါ့ကို ဖမ်းရန် မိကျောင်းဝပ်၍နေသလော" ဟု ကြံ၍ စုံစမ်းလိုသဖြင့် ကျောက်ဖျာနှင့် စကားပြောဘိသကဲ့သို့ "အို ကျောက်ဖျာ" ဟု သုံးကြိမ် ခေါ်၏။ သူသည် စကားတုံ့ကို မရသော် "အို ကျောက်ဖျာ၊ အဘယ့်ကြောင့် ယနေ့ ငါ့အား စကားတုံ့ကို မပေးသနည်း" ဟု ဆို၏။ ထိုအခါ မိကျောင်းက "အို မျောက်မင်း၊ ငါကား မိကျောင်းတည်း။ သင့်အသဲနှလုံးကို အလိုရှိ၍ ဝပ်နေ၏" ဟု ဆို၏။ ဘုရားလောင်းက "ငါ၏ကိုယ်ကိုသင့်အား စွန့်အံ့၊ ပါးစပ်ကိုဖွင့်ထားပြီး ငါလာလျှင် ဖမ်းလော့" ဟု လှည့်စား၍ ဆို၏။ မိကျောင်းသည် ခံတွင်းကို ဖွင့်သော် သူ၏မျက်စိတို့သည် မှိတ်ကုန်၏။ ဘုရားလောင်းသည် ကျွန်းမှ ခုန်ပြီး မိကျောင်း၏ထိပ်ဌ္ဌ နင်း၍ ချက်ခြင်းပင် ထိုဘက်ကမ်းသို့ ခုန်လေ၏။ ထိုအံ့ဘွယ်ကို မြင်လျှင် မိကျောင်းသည် "သစ္စာ၊ ဓမ္မ၊ မိတ်၊ စ်ာဂ" ဟူသော တရားလေးပါးနှင့် ပြည့်စုံသူသည် ရန်သူကိုအောင်၏" ဟု ဘုရားလောင်းအား ချီးမွမ်း၍ မိမိနေရာသို့ သွားလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌ္ဌ နေစဉ် ဒေဝဒတ်က ဘုရားအား သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း–ဒေဝဒတ်=မိကျောင်း။ ဘုရား=မျောက်မင်း။]

၅၈၊ တယောခံမဇာတ်

ရန်အောင် တရားသုံးပါးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဒေဝဒတ်လောင်း မျောက်မင်းသည် ဟိမဝန္တာဌ္ဌ မျောက်အပေါင်း ခြံရုံလျက်နေ၏။ သူသည် မိမိ၏ အခြံအရုံကို လုယူမှာ ကြောက်သဖြင့် မိမိကိုစဲ့၍ မွေးဖွားသည့်မျောက်ငယ်များ၏ ဝမ်းစေ့ တို့ကို ထုတ်၍သတ်ပစ်၏။ ဘုရားလောင်းသည် မျောက်မင်းကို စဲ့၍ မျောက်မတကောင်၏ဝမ်းဌ္ဌ ပဋိသန္ဓေကို ယူ၏။ ထိုမျောက်မသည် ကိုယ်ဝန်တည်သည်ကိုသိလျှင် တောင်ခြေရင်းတခုသို့ သွားနေပြီး ကိုယ်ဝန်ရင့်သော် ဘုရားလောင်းကို ဖွား၏။ ဘုရားလောင်းသည် အရွယ်ရောက်သော် မိခင်အား 'ဘခင်ထံ ပို့ပေးရန်' ပြော၏။ မိခင်က ဘခင်အကြောင်း ပြောပြ၍

မသွားရန်ပြောမရသဖြင့် သူ့ကို ဘခင်ထံ ပို့၏။ ဒေဝဒတ်လောင်းသည် မိမိ၏ သားကိုမြင်လျှင်ခေါ်ပြီး ပွေ့ဖက်သကဲ့သို့ပြု၍ သတ်ရာမတတ်နိုင်သဖြင့် "ဤမျောက်ငယ်ကို ဥပါယ်ဖြင့် ဘီလူးအားစားစေအံ့" ဟု ကြံ၏။ သူသည် သားအား "ချစ်သား၊ ငါအိုပြီ။ ယနေ့ပင် ဤမျောက်အပေါင်းကိုသင့်အား အပ်နှင်း၍ မင်းမြောက်အံ့။ ဤမည်သော ရေကန်မှ ကြာတို့ကို ယူချေလော့" ဟု စေခိုင်း၏။

ဘုရားလောင်းသည် ထိုရေကန်သို့ သွားပြီး ခြေရာတို့ကို စုံစမ်း၍ ဘီလူးစောင့်သည့် ရေကန်ဖြစ်သည်ကို သိလျှင် "ရေသို့ မဆင်းဘဲ ကြာပန်းတို့ကို ယူအံ့" ဟု ကြံ၏။ သူသည် ရေမရှိရာ အရပ်သို့ သွား၍ အဟုန်ဖြင့် ခုန်ပြီး ကောင်းကင်၌ ရပ်လျက်ပင် ကြာပန်းနှစ်ခု ယူ၍ ထိုဘက်ကမ်း၌ ကျ၏။ တဖန် ထိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ခုန်၍ ရှေးနည်းတူ ကြာပန်းနှစ်ခုကို ယူပြန်၏။ ဤသို့ပြု၍ ကမ်းနားနှစ်ဘက်တွင် ကြာမျှားကိုစုလျက် ကြာပန်းတို့ကို ယူ၏။

ရေကန်စောင့် ဘီလူးသည် ထိုအံ့ဩဘွယ်ကို မြင်သော် ရေထဲမှ ထွက်လာပြီး ဘုရားလောင်းထံလာ၍ "ဤလောက၌ ပညာ၊ လုံ့လ၊ ရဲရင့်ခြင်း ဟူသော တရားသုံးပါး(တယောဓမ္မ)နှင့် ပြည့်စုံသူသည် ရန်သူကို အောင်နိုင်၏" ဟု ချီးကျူးပြောဆို၏။ နောက် 'ကြာပန်းများ ယူဆောင်ခြင်း၏ အကြောင်း'ကို ဘုရားလောင်းထံမှ ကြားရသော် ကြာပန်းတို့ကို ကိုယ်တိုင် ကိုင်ဆောင်၍ နောက်ကလိုက်၏။ ဒေဝဒတ်လောင်းသည် ၎င်းတို့ကို အဝေးမှမြင်လျှင် "ယခု ငါပျက်စီးပြီ" ဟု စိုးရိမ်ပူပန်၍ နှုလုံးကွဲပြီး သေလေ၏။ မျောက်တို့သည် စုဝေးလာကြပြီး ဘုရားလောင်းကို မင်းမြောက်ကြလေ၏။

လူမိုက်သည် ပညာရှိကို မည်သို့မျှ မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဓမ္မဒေဝပုတ္တကျောင်း၌ နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း—ဒေဝဒတ်=မျောက်မင်း။ ဘုရား=မျောက်မင်း၏ သား။]

၅၉၊ ဘေရိဝါဒကဇာတ်

စည်တီးသမားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း စည်းတီးသမား (ဘေရိ ဝါဒက)သည် ရှာငယ်တခု၌ နေ၏။ တနေ့သ၌ သူသည် သားနှင့်တကွ ဗာရာဏသီမြို့၌ဖြစ်သော 'နက္ခတ်ပွဲသဘင်'သို့ သွား၏။ သူသည် စည်တီး၍

ရလာသည့် ဥစ္စာများစွာကို ယူပြီးပြန်လာရာ ခိုးသူတို့နေသည့် တောသို့ ရောက်၏။ သူသည် မပြတ်စည်တီးသည့် သားအား "ခရီးသွားသော မင်း၏ စည်ကဲ့သို့ ရံခါရံခါသာ တီးလော့" ဟု ပြောသော်လည်း သားသည် အဆက် မပြတ်ပင် စည်ကိုတီး၏။ ခိုးသူတို့သည် ရှေးဦးစွာ တီးသည့်စည်သံကို ကြား၍ "မင်း၏စည်သံ ဖြစ်လတံ့" ဟု ထင်မှတ်ပြီး ပြေးကြ၏။ တဖန် မပြတ်တီးသည့် စည်သံကိုကြား၍ "မင်း၏ စည်သံမဟုတ်" ဟု ပြန်လာပြီး ထိုသားအဘ နှစ်ယောက်ကို ရိုက်နှက်ပြီး လုယက်ကြလေ၏။

အဆိုးမ ခံက်သော လူမိုက်သည် ဒုက္ခများစွာကို ပေးတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆိုနိုင်ခက်သော ရဟန်း တပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆိုနိုင်ခက်သော ရဟန်း=သား။ ဘုရား=အဘ]

၆၀၊ သခ်ဓမဇာတ်

ခရုသင်းမှုတ်သမားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ခရုသင်းမှုတ်သမား(သခ်ဓမ)၏ သားဖြစ်၏။ သူသည် အဘနှင့်အတူ ဗာရာဏသီမြို့၌ ဖြစ်သော "နက္ခတ်ပဲ့သဘင်" သို့ သွားပြီး ရလာသောဥစ္စာကိုယူ၍ ပြန်လာရာ ခိုးသူတို့နေသည့်တောအုပ်သို့ရောက်၏။ ထိုအခါ အဘသည် သားက တားမြစ်သည်ကို မနာယူဘဲ ခရုသင်းကို မပြတ်မှုတ်သဖြင့် ခိုးသူတို့သည် "မင်း၏ ခရုသင်းသံ မဟုတ်" ဟု ပြန်လာပြီး ၎င်းတို့ကို လုယက်ကြလေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆိုနိုင်ခက်သော ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆိုနိုင်ခက်သော ရဟန်း=အဘ။ ဘုရား=သား။]

၆၁၊ အသာတမန္တိဇာတ်

လုလင်ပျိုနှင့် အမယ်အိုအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ ဖြစ်၏။ ထိုအခါ ဗရာဏသီပြည်တွင် ပုဏ္ဏားမျိုးတခု၌ သားဖွားသည့်နေ့တွင် မီးကိုယူ၍ မင်္ဂြိမ်းဘဲထား၏။ မိဘတို့သည် အရွယ်ရောက်လာသည့် ထိုသားအား မိန်းမတို့၏ အပြစ်များကို

သိစေပြီး တောဋ္ဌ မီးကို လုပ်ကျွေးစေလိုသဖြင့် တက္ကသိုလ်သို့ စေလွှတ်၍ 'အသာတမန္တန်'ကို အသင်ခိုင်း၏။ ထိုလုလင်သည် တက္ကသိုလ်သို့သွား၍ ဆရာအား 'အသာတမန္တန်'ကို သင်ပေးရန်ပြော၏။ ဆရာက "အသာတမန္တန် မည်သည်မရှိ။ ဤလုလင်၏အမိသည် မိန်းမတို့၏ အပြစ်များကို သိစေလိုသည် ဖြစ်မည်" ဟု ကြံမိ၏။ နောက် ထိုလုလင်အား "ငါလုပ်ကျွေးပြုစုနေသော အသက် ၁၂၀ ရှိကန်းသော ငါ့အမိအိုကြီးကို သင်လုပ်ကျွေးလော့။ ငါ့အမိ ကို သင့်လက်ဖြင့် ရေချိုးပေးခြင်း၊ စားစေခြင်း၊ သောက်စေခြင်းတို့ကို ပြု လော့။ ငါ့အမိအား လက်၊ ခြေ၊ ဦးခေါင်းတို့ကို ဆုပ်နယ်ခြင်း စသည်တို့ကို ပြုလျက် 'ရှင်မ၊ အိုသောကာလ၌ပင် ရှင်မ၏ လက်၊ ခြေ၊ ကိုယ်တို့သည် ဤသို့ သဘောရှိသေး၏။ ပျိုသောကာလ၌ကား အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း' ဟု ချီးမွမ်းပြောဆိုလော့။ သင့်အား ငါ့အမိပြောသည့် စကားဟူသမျှကို မရှက် မဝံ့က်ဘဲ ငါ့အား ပြန်ပြောလော့" ဟု ဆို၏။

ထိုလုလင်သည် ဆရာဆိုတိုင်း ပြု၍ ချီးမွမ်းပြောဆိုဖန်များသော် ထိုအမိ သည် ကိုလေသာတဏှာ ထကြွ၍ လုလင်အား "သင်သည် ငါနှင့် ပျော်ပါးလို သလော" ဟုမေး၏။ လုလင်က "ရှင်မ၊ ပျော်ပါးလိုပါ၏။ ဆရာကိုကား ကြောက် ရွံ၏" ဟု ဆို၏။ ထိုအခါ အမိအိုက "ငါ့ကို သင်မစွန့်လျှင် ငါ့သားကို ငါသတ် အံ့" ဟု ဆို၏။ လုလင်သည် စကားအလုံးစုံကို ဆရာအား ပြောကြား၏။ ဆရာ သည် အမိ၏ အသက်အပိုင်းအခြားကို ကြည့်၍ "ယနေ့သေမည်" ကို သိလျှင် လုလင်အား "လုလင်လာ၊ အမိအိုကို စုံစမ်းအံ့" ဟု ရေသဖန်းပင်ကို ဖြတ်ပြီး မိမိကိုယ်ပမာဏအတိုင်း သစ်သားရုပ်ကို လုပ်၏။

ထိုသစ်သားရုပ်ကို ဦးခေါင်းနှင့်တကွ အဝတ်ဖြင့် ခြုံ၍ မိမိအိပ်ရာ၌ ထားပြီး လုလင်အား "အမောင်၊ ပုဆိန်ကိုယူ၍ ငါ့အမိအား အမှတ်ကိုပေး လော့" ဟု ဆို၏။ လုလင်သည် ဆရာဆိုတိုင်း ပြု၏။ အမိသည် ပုဆိန်ကို ယူ၍ ကြိုးအမှတ်ဖြင့်သွားပြီး လက်ဖြင့် စမ်း၍ 'မိမိသား' ဟု ကောင်မှတ်ပြီး အဝတ်ကို ဖယ်၍ လည်၌ ပေါက်သော် 'ဓုန်း ဓုန်း' ဟု အသံမြည်၏ ဘုရားလောင်းက "အမိ အဘယ်ကိုပြုသနည်း" ဟု ဆိုသော် အမိအိုသည် "[illegible]လှည့်စားခံရပြီ" ဟု စိတ်ထိခိုက်ပြီး သေ၍လဲလေ၏။ ထိုအခါ ဆရာက လုလင်အား "မိန်းမတို့သည် အသာတမည်၏။ သင်၏ အမိသည် မိန်းမတို့၏ အပြစ်များကို သိစေလို၍ စေလွှတ်၏။ ယခု အမိအို၏ အပြစ်ကို မြင်ရပေပြီ" ဟု ဆို၏။ လုလင်သည်

မိဘဆံပြန်၍ "အသာတမန္တန်ကို သင်ပြီးပြီး၊ ယခု မီးကို လုပ်ကျေးအုံ့"ဟု ဆိုပြီး တောထွက်ရဟန်းပြုလေ၏။

မိန်းမများသည် ကာမဂုဏ်ကြောင့် မိုက်မဲစွာ ဖြစ်လေ့ရှိသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "သာသနာဌာ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– အာနန္ဒာ=တပည့်လုလင်။ ဘုရား=ဒီသာပါမောက္ခဆရာ။]

၆၂။ အဏ္ဍဘူတဇာတ်

မိန်းမငယ်နှင့် ပုရောဟိတ်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် သူ၏ပုရောဟိတ်နှင့်အတူ ကြွေအန်ကစားလေ့ရှိ၏။မင်းသည်ကြွေအန်သိချင်းကိုဆိုပြီး ကစားသော် အမြဲနိုင်၏။ ပုရောဟိတ်သည် ပစ္စည်းကုန်သော် ကြွေအန်ကစားခြင်းကို ရပ်ထား၍ နိုင်ရန်အတွက် နည်းလမ်းကိုရှာ၏။ သူသည် သူဆင်းရဲမတဦးထံမှ မွေးခါစ မိန်းမလေး(အဏ္ဍဘူတ)ကို ဝယ်ယူ၍ ဘုံခုနစ်ဆင့်၌ တခြားယောကျ်ားကို မြင်ခွင့်မပေးဘဲ မိန်းမများ၏ လက်၌သာ ထား၍ မွေးမြူ၏။ သူသည် ထိုအမျိုးသမီး အရွယ်ရောက်သော် မိမိအလိုဥ၌ တည်စေ၏။

ထိုအခါပုရောဟိတ်သည် "ဌပေတ္ဝာ မမ မာဏဝိကံ"ဟု ဆို၍ မင်းနှင့် ကစားသော် အမြဲနိုင်၏။ မင်းသည် "ဤပုဏ္ဏား၏ အိမ်၌ ယောကျ်ားတဦး တည်းသာ ရှိသော မိန်းမငယ်တဦး ရှိရာ၏"ဟု ကြံ၍ စုံစမ်းသိရှိသော် အရက်သမားတဦးအား ဥစ္စာပေးပြီး ထိုမိန်းကလေး၏ သိမ်လကို ဖျက်ဆီးခိုင်း၏။

အရက်သမားသည် နေ့တိုင်း ပန်းနံ့သာဝယ်ထွက်သော ထိုမိန်းမငယ်၏ အလုပ်အကျေးမိန်းမကြီးအား 'ပန်းနံ့သာတို့ကို အခမဲ့ပေး၍'မိတ်ဖွဲ့ပြီး မိမိကို သားကဲ့သို့ ချစ်အောင်ပြု၏။ နောက် နာဟန်ဆောင်၍ ထိုမိန်းမကြီးအား "ထိုလုလင်မကို တပ်မက်၍ မရလျှင် သေလတံ့"ဟု ဆို၏။ ထိုမိန်းမကြီးသည် ထိုအကြောင်းကို လုလင်မအား ပြောပြပြီး သူ့သားကို ပန်းတောင်းထဲထည့်ယူလာ၏။ အရက်သမားသည် နှစ်ရက်သုံးရက် လုလင်မနှင့် ပျော်ပါးပြီးသော်"ပုဏ္ဏားကိုထောင်းပြီးမှ ပြန်လို၏"ဟု ဆို၏။မိန်းမငယ်သည် ပုဏ္ဏားလာသော် ခဏမျှ သိ ဆို ကာ၍ "အရှင်၊ ငါသည် သင့်ဦးခေါင်း၌ တကြိမ်ထောင်းလို၏"ဟု ဆိုပြီး ပုဏ္ဏား၏မျက်နှာကို အဝတ်ဖြင့် စည်း၍ အရက်

သမားအား ပုဏ္ဏားဧကိုးခေါင်းကို ထောင်းစေ၏။ထို့နောက် မိန်းမကြီးသည် အရက်သမားကို ပန်းတောင်းထဲထည့်၍ အိမ်မှထုတ်သွား၏။ မင်းသည် အရက်သမားထံမှ အကြောင်းစုံကို ကြားရသော် ပုရောဟိတ်နှင့် ကြွအန်ကစား၏။ ပုဏ္ဏားသည် "ဌပေတ္ဝာ မမ မာဏဝိကံ"ဟု ဆိုသော်လည်း ရှုံးသည်သာဖြစ်၏။ မင်းသည် ပုဏ္ဏားအား "သင့်မိန်းမငယ်၏ သီလပျက်ပြီ။ မိန်းမကို မည်သည်နည်းနှင့်မျှ စောင့်ရှောက်ရန် မတတ်နိုင်"စသည်ဖြင့် တရားဟောလေ၏။ မိန်းမမည်သည် ကာမနှင့် ပတ်သက်လျှင် ထိန်းသိမ်းရန် မလွယ်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သောရဟန်းတပါးကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—ဘုရား=ဗာရာဏသိမ်မင်း။]

၆၃၊ တက္ကပဏ္ဍိတဇာတ်

သူဌေးသမီးနှင့် ရဿလူထွက်အကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရဿသည် ဂင်္ဂါမြစ်ကမ်းနားဌ ကျောင်းဆောက်၍ စျာန်ချမ်းသာဖြင့် နေ၏။ သူသည် တနေ့သဌ် ညနေမိုးရွာနေချိန်တွင် ဂင်္ဂါမြစ်ထဲ မျောလာသော သူဌေးသမီး၏ အော်သံကိုကြား၍ သူမကို သွားဆယ်ပြီး ယူဆောင်၍ ကောင်းစွာ ပြုစု၏။ မကြာမီ ထိုသူဌေးသမီးသည် ဘုရားလောင်း၏ သီလကို ဖျက်ဆီး၏။ ဘုရားလောင်းသည် ထိုသူဌေးသမီးကို ယူ၍ ရွာငယ်တခုသို့သွားပြီး ယက်တက်ရည်ရောင်း၍ အသက်မွေးသဖြင့် 'တက္ကပဏ္ဍိတ' ဟု အမည်တွင်၏။

တနေ့သဌ် ခိုးသူတို့သည် ထိုရွာကိုလုယက်၍ ရွာသားတို့အား ဥစ္စာထုပ်များကိုထမ်းရွက်စေ၍ မိမိတို့ အရပ်သို့သွား၏။ ခိုးသူတို့၏ အကြီးအကဲသည် ထိုသူဌေးသမီးကိုမယားပြု၍ ကျန်သောသူတို့ကို လွှတ်၏။ သူဌေးသမီးသည် ခိုးသူကြီးထံဌ၌ချမ်းသာစွာနေရ၍ 'တက္ကပဏ္ဍိတ'ကို သတ်ပစ်လို၏။ သူသည် ပရိယာယ်သုံး၍ မိမိကိုလာခေါ်ရန် သူ့ထံသို့ လူတဦးကို စေ၍ အမှာစာပို့၏။ တက္ကပဏ္ဍိတသည်သွား၍ ခိုးသူတို့၏ ရွာတံခါးသို့ ရောက်လျှင် သတင်းပို့လိုက်၏။ သူဌေးသမီးက "ညအခါသွားပါအုံ" ဟု စကားပို့၍ တက္ကပဏ္ဍိတကို တဲအုံဌ၌စောင့်နေစေ၏။ နောက် ခိုးသူကြီးအား အရက်တိုက်၍ "တဲအုံထဲရှိ သင့် ရန်သူကို သတ်လော့" ဟု စေ၏။ ခိုးသူကြီးသည် သွား၍

တက္ကပဏ္ဍိတကို ခေါ်ဆောင်ပြီး သူ့အိမ်ထဲ၌ တတောင်စသည်ဖြင့် ထောင်းသတ်၏။

တက္ကပဏ္ဍိတသည်ကား "အမျက်ထွက်တတ်၏၊ သူ့ကျေးဇူးကို မသိတတ်၊ ဂုဏ်တိုက်တတ်၏၊ မိတ်ဆွေကို ပြစ်မှားတတ်၏" ဟူသော စကားလေးခွန်းကို သာ ဆို၏။ ခိုးသူကြီးသည် အမှုးပြေပြီးထိုစကားနှင့်ပတ်သက်၍ တက္ကပဏ္ဍိတထံမှ အလုံးစုံကြားသိရသော် သူ့ဥစ္စာသမီးကို သန်လျက်ဖြင့် ခုတ်သတ်လေ၏။ မကြာမီ တက္ကပဏ္ဍိတသည် ရဟန်းပြု၍ သူနေခဲ့သည့်ကျောင်းသို့ သွား၏။ ထိုခိုးသူကြီးလည်း လိုက်၍ ရဟန်းပြုလေ၏။

မိန်းမဟူသည် ကာမနှင့်ပတ်သက်လာလျှင်ကျေးဇူးရှင်ကိုပင်ပြစ်မှား၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းကပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဒါနန္ဒာ=ခိုးသူကြီး။ဘုရား=တက္ကပဏ္ဍိတ။]

၆၄၊ ဒုရာဇာနဇာတ်

မိန်းမ မာယာအကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ထိုမြို့၌ ဒိသာပါမောက္ခဆရာဖြစ်၍ လုလင်ငါးရာတို့အား အတတ်ကို သင်ပေး၏။ တနေ့သ၌ အိမ်ထောင်ကျသော သူ့တပည့် လုလင်တဦးသည် မယား၏ အပြစ်ကို မြင်၍ ဆရာ့ထံလာပြီး "ဆရာ၊ ကျွန်ုပ်၏မယားသည် ရံခါကျွန်မကဲ့သို့ နှိမ်ချ၍ ရံခါသခင်မကဲ့သို့ မောက်မာခက်ထန်၏။ မိန်းမကြောင့် စိတ်အနှောင့်အရှက်ဖြစ်ပါ၏" ဟု ဆို၏။

ထိုအခါ ဆရာက "မိန်းမတို့သည် ယုတ်မာသည့် အကျင့်ကိုကျင့်သည့်နှ၌လင့်အလိုသို့လိုက်ပြီး ကျွန်မကဲ့သို့နှိမ်ချကြ၏။ ယုတ်မာသည့်အကျင့်ကို မကျင့်သည့်နှ၌မူ မောက်မာ၍ လင်ကိုမခံကြ။ ဤသို့ အကျင့်ယုတ်၍ သီလမရှိကြသည့် ထိုမိန်းမတို့၏ အလိုသဘောကို သိနိုင်ခဲ့၏ (ဒုရာဇာန)။ ထိုမိန်းမတို့ကို လျစ်လျူရှုရာ၏" ဟု ဆို၍ လုလင်အားဆုံးမ၏။ ထိုအခါမှစ၍ ထိုလုလင်သည် မိမိမယား၌ လျစ်လျူရှုလေ၏။ သူ့မယားလည်း "ငါ့ သီလ မရှိသည်ကို ဆရာသိ၏" ဟု ထိုအခါမှစ၍ ယုတ်မာသည့် အကျင့်ကို မကျင့်တော့ပေ။

မိန်းမတို့၏ အတွင်းစိတ်သဘောကား အလွန်သိနိုင်ခဲ့၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရံခါ နှိမ်ချ၍ ရံခါ မောက်မာသည်မယားခြောင့် စိတ်အနှောက်အယှက်ဖြစ်သော သီတင်းသည် တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— သီတင်းသည်နှင့် မယား=လုလင်နှင့်မယား။ ဘုရား=ဒီသာပါမောက္ခဆရာ။]

၆၅၊ အနဘိရတိဇာတ်

မိန်းမ မာယာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဒီသာပါမောက္ခဆရာ၏တပည့် လုလင်သည် မယား၏ အပြစ်ကိုမြင်၍ စိတ်အနှောင့်အရှက်ဖြစ်၏(အနဘိရတိ)။ တနေ့သဒ္ဒါသူသည် ဆရာ့ထံလာ၍ ထိုအကြောင်းကို ပြောကြား၏။ ဆရာက "မိန်းမတို့သည် လူအားလုံးနှင့် ဆက်ဆံကြ၏။ သီလမရှိကြ။ ဤသို့ နှလုံးသွင်း၍ ပညာရှိသူတို့သည် အမျက်မထွက်ကြကုန်" ဟု ဆို၍ တပည့်အား ဆုံးမ၏။

ထိုအခါမှစ၍ ထိုလုလင်သည် မိမိမယား၌ လျစ်လျူရှုလေ၏။ သူ့မယားလည်း "ဆရာသည် ငါ့အကြောင်းကို သိ၏" ဟု ထိုအခါမှစ၍ ယုတ်မာသည့် အကျင့်ကို မကျင့်တော့ပေ။

မိန်းမတို့၏ အပြစ်မျာ.ကို လျစ်လျူမ၍ နှိုင်းယှဉ် စိတ်ဆင်းရဲမည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်" 'ဒုရာဇာန'ဇာတ်၌ဆိုခဲ့သော သီတင်းသည်ကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— သီတင်းသည်နှင့် မယား=လုလင်နှင့်မယား။ ဘုရား=ဒီသာပါမောက္ခဆရာ။]

၆၆၊ မုဒုလက္ခဏဇာတ်

မိဖုရားနှင့် ရသေ့လူထွက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဈာန်ရရသေ့သည် ဟိမဝန္တာ၌ ကြာမြင့်စွာနေပြီးနောက် တနေ့သဒ္ဒါ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်းဥယျာဉ်၌ နေ၏။ မင်းသည် ဘုရားလောင်းကို နေ့စဉ် နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေး၍ ဥယျာဉ်၌ နေစေ၏။ တနေ့သဒ္ဒါ မင်းသည် 'မုဒုလက္ခဏာ' မိဖုရားကြီးအား ရသေ့ကို ကောင်းစွာ လုပ်ကျွေးရန် မှာခဲ့၍ ပုန်ကန်သော ပစ္စန္တရစ်ကို ငြိမ်းရန် သွား၏။ တနေ့သဒ္ဒါ မိဖုရားသည်

ရသေ့အလာကို မျှော်လျက် မြတ်သောနေရာ၌ အိပ်နေ၏။ ရသေ့သည် စျာန်ဖြင့် ပြုတင်းပေါက်မှ ကြွဝင်လာသော် မိဖုရားသည် လျင်စွာ ထသဖြင့် ထမီကျတ်သွား၏။ ရသေ့သည် မိဖုရား၏ မျိုးမတူသည့် အာရုံကို မြင်လျှင် ကိုလေသာတဏှာထကြွသဖြင့် ဆွမ်းကို ဥယျာဉ်သို့ယူသွားပြီး ဆွမ်းမစားဘဲ ခုနစ်ရက်တိုင် အိပ်၏။

မင်းသည် ပစ္စန္တရစ်မှ ပြန်လာသော် ဦးစွာ ရသေ့ကို သွားဖူး၏။ အကြောင်းစုံကို ကြားသိသော် ရသေ့အား နန်းတော်သို့ ခေါ်ဆောင်၍ မိဖုရားကို ပေး၏။ ပေးစဉ်တွင် မင်းသည် မိဖုရားအား မိမိအစွမ်းပရိယာယ်ဖြင့် ရသေ့ကို စောင့်ရှောက်ရန် အမှတ်ပေးလိုက်၏။ နန်းတော်မှ ဆင်းလာသော် မိဖုရားသည် ရသေ့အား 'နေထိုင်ရန်အိမ်'ကို မင်းထံသွားတောင်းခိုင်း၏။ မင်းက အိမ်သာဟောင်းတခုကို ပေးလိုက်၏။ ထိုအိမ်သို့ ရောက်သော် မိဖုရားက ရသေ့အား ပေါက်တူး၊ တောင်းတို့ကို ယူခိုင်းပြီး မစင်၊ အမှိုက်များကို စွန့်ပစ်စေ၏။ နောက် အိမ်ကို သန့်ရှင်းခိုင်းပြီး နွားချေးကို ယူခိုင်း၍ လိမ်းကျံစေ၏။ ထို့နောက် 'ကုတင်၊ထိုင်ခုံ၊အခင်း၊ရေအိုး' စသည်တို့ကို ယူခိုင်း၏။ ဤသို့ စသည် တခုပြီးတခု အဆက်မပြတ်ခိုင်းပြီး အိပ်ရာကို ခင်းခိုင်း၏။ နောက် မိဖုရားသည် အိပ်ရာပေါ် အတူထိုင်လျက် ရသေ့၏ ကြင်စုယ် မှုတ်ဆိတ်တို့ကို ဆွဲကိုင်လျက် "သင်သည် မိမိ၏ သူတော်စင်ရဟန်း အဖြစ်ကိုပင် မသိ" ဟု ဆို၍ မိမိဘက်သို့ ဆွဲငင်၏။

ထိုအခါ ရသေ့သည် "ငါကား ဤမျှအထိ မိုက်မဲလေပြီ။ ကိုလေသာတဏှာတို့သည် မိုက်မဲခြင်း၊ ကန်းခြင်းကို ပြုလေစ့" ဟု သံဝေဂ ရသဖြင့် မိဖုရားကို မင်းထံ ခေါ်သွား၍ ပြန်အပ်၏။ ရသေ့သည် ထိုဈာန်၌ပင်ကွယ်ပြီး စျာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ရပ်လျက် မင်းအား တရားဟောပြီး ကောင်းကင်ဖြင့် ဟိမဝန္တာသို့ သွားလေ၏။

မိန် မမည်သည် မာယာဖြင့်ယောက်ျားကိုကောင်းကောင်းလှည့်စားနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပြည့်တန်ဆာမတဦးကို တပ်မက်၍ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— အာနန္ဒာ=ဗာရာဏသီမင်း။ ဥပ္ပလဝဏ်= မုဒုလက္ခဏာမိဖုရား။ ဘုရား=ရသေ့။]

၆၇၊ ဥစ္ဆင်္ဂဇာတ်

ပညာရှိမိန်းမအကြောင်း

ဗရာဏသီပြည် ဘုရားလောင်း ဖြဟ္မဒတ်မင်းလက်ထက် လူသုံးယောက်တို့သည် တောအုပ်တခု၏အဝဠ်လယ်ထဲနံ့ကြ၏။ ထိုအခါ ထိုတောအုပ်အတွင်းဠိုးသူတို့ အလုအယက်ခံရသော လူတို့သည် ခိုးသူတို့ကို ရှာ၍ မတွေ့သဖြင့် ထိုလူသုံးယောက်တို့ကို 'ခိုးသူများတည်း' ဟု နှောင်ဖွဲ့၍ ဗာရာဏသီမင်းထံခေါ်သွားကြ၏။ ထိုအခါ မိန်းမတဦးသည် လာ၍"အဝတ်ကိုပေးလော့"ဟု ငိုကြွေးလျက် နန်းတော်သို့ လှည့်လည်၏။ မင်းက "ဤမိန်းမအား အဝတ်ကိုပေးလော့"ဟု ဆိုသော် ထိုမိန်းမက "လင် တည်းဟူသော အဝတ်ကိုသာတောင်း၏"ဟု ဆို၏။ မင်းက ခေါ်မေးသော် ထိုမိန်းမက"လင်သည် မိန်းမ၏ အဝတ်မည်၏။ လင်မရှိသည့်မိန်းမသည် တထောင်တန် အဝတ်ကို ဝတ်သော်လည်း အချည်းနှီးသာတည်း"ဟု လျှောက်၏။

ထိုအခါ မင်းက "နှောင်ဖွဲ့ထားသည့် ဤလူသုံးယောက်တို့သည် သင်နှင့် ဘယ်သို့ တော်စပ်သနည်း"ဟု မေး၏။ ထိုမိန်းမက "တဦးသည် ကျွန်ုပ်၏ လင်တည်း၊ တဦးကား မောင်၊ တဦးကား သားတည်း"ဟု လျှောက်၏။ မင်းက "ဤသုံးယောက်အနက် တဦးကို သင့်အား ပေးအံ့။ ဘယ်သူကို အလိုရှိသနည်း" ဟု မေး၏။ ထိုမိန်းမက "လင်နှင့် သားကား ခါးပိုက်(ဥစ္ဆင်္ဂ)ထဲရှိ ဟင်းရက်ပမာ နောင်လွယ်ကူစွာ ရနိုင်၏။ ကျွန်ုပ်၏မိဘတို့သည် သေပြီဖြစ်၍ ရခဲ့သည့် မောင်ကိုသာ ပေးပါလော့"ဟု လျှောက်၏။ မင်းသည် ထိုမိန်းမအား နှစ်သက်၍ ထိုလူသုံးယောက်လုံးကို ပေး၏။ ထိုမိန်းမသည် ထိုသုံးယောက်ကို ယူ၍ သွားလေ၏။

မိန်းမမည်သည် ဗျတ်ထိုးဥာဏ်ဖြင့် ကိစ္စတခုကို ဖြေရှင်းနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်"အလေားတူ လူသုံးယောက်ကို လွှတ်စေသော တောသူမိန်းမတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။
ဇာတ်ဓေါဋိ-လူလေးယောက်=လူလေးယောက်။ဘုရား=ဗာရာဏသီမင်း။]

၆၈၊ သာကေတဇာတ်

ဘုရားနှင့် သာကေတပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် 'အဇ္ဇုန' မည်သော ဥယျာဉ်၌နေ၍ ရဟန်းအဓေါဋိခြံရံလျက် 'သာကေတမြို့'တွင်းသို့ ဆွမ်းခံဝင်၏။ ထိုမြို့မှ ပုဏ္ဏားအိုတဦးသည်

မြတ်စွာဘုရားကိုမြင်လျှင် ခြေတော်၌ဝပ်ပြီး မြဲစွာကိုင်ထားလျက် "ချစ်သား၊ သားတို့မည်သည် မိဘတို့ကို အိုသောကာလ၌ လုပ်ကျွေးသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဤမျှ ကြာမြင့်စွာ ငါတို့အား ကိုယ်ကိုမျှ မပြသနည်း။ သင့်အမိကို မြင်ခွင့်ပေးရန်လာလှည့်" ဟု ဆို၍ မြတ်စွာဘုရားကို အိမ်သို့ပင့်သွား၏။ မြတ်စွာဘုရားသည် ခင်းထားသည့်နေရာ၌ သံဃာများနှင့် အတူနေ၏။

ပုဏ္ဏားမလည်းလာ၍ ခြေတော်ရင်း၌ ဝပ်ပြီး ပုဏ္ဏားပြောသည့်အတိုင်း ပြောဆို၍ ငိုကြွေး၏။ သားသမီးတို့ကိုလည်း "လာလှည့်၊ အစ်ကိုကြီးကို ရှိခိုးကြလော့" ဟု ဆို၍ ရှိခိုးစေ၏။ ထိုပုဏ္ဏား၊ ပုဏ္ဏေးမတို့သည် အလွန်နှစ်သက်ကြ၍ ဘုရားနှင့် တကွသော သံဃာ အပေါင်းအား အလှူကြီးကို ပေးလေ၏။

မိဘမေတ္တာသည် ကမ္ဘာများစွာ ခံစားနိုင်သည်သာတည်း။

[မြတ်စွာဘုရားသည် ဤပုဏ္ဏား၊ ပုဏ္ဏေးမတို့ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ "ရဟန်းတို့၊ ဤပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည် ဘဝငါးရာပတ်လုံး ငါ၏ အဖနှင့်အမိဖြစ်ဖူး၏။ ဘဝငါးရာပတ်လုံး ဘဆွေးနှင့် မိထွေး ဖြစ်ဖူး၏။ ဘဝငါးရာပတ်လုံး ငါ၏ ဘကြီးနှင့် မိကြီး ဖြစ်ဖူး၏။ ဤသို့လျှင် ဘဝပေါင်းတထောင်ငါးရာပတ်လုံး ငါသည် ဤပုဏ္ဏားနှင့် ပုဏ္ဏေးမတို့၏ လက်၌ ကြီးခဲ့၏"ဟု မိန့်တော်မူ၏။ ။ဇာတ်ပေါင်း- ပုဏ္ဏားနှင့် ပုဏ္ဏေးမ=ပုဏ္ဏားနှင့် ပုဏ္ဏေးမ။ ဘုရား=သား။]

၆၉။ ဝိသဝန္တဇာတ်

မွေနှင့် ဆေးဆရာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် အဆိပ်ကို ဖြေတတ်သည့် ဆေးဆရာဖြစ်၏။ တနေ့သ၌ မြေကိုက်ခံရသည့် ရွာသားတဦးကို သူ့ဆွေမျိုးများက ဘုရားလောင်းထံ အမြန် ခေါ်လာ၏။ ဘုရားလောင်းသည် ကိုက်သည့်မြွေကို ခေါ်၍ အဆိပ်ကို ခံတွင်းဖြင့် အစုတ်ခိုင်းရာ မြွေက "ငါသည် တကြိမ် စွန့်ပြီးသည့် အဆိပ် (ဝိသဝန္တ)ကို တဖန် ပြန်၍ စုတ်မယူနိုင်" ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည် မီးကို မွှေးစေ၍ "အဆိပ်ကိုမစုတ်လျှင် မီးထဲသို့ ဝင်လော့" ဟု ဆို၏။ မြွေသည် "မီးထဲဝင်မည်၊ အဆိပ်ကို မစုတ်နိုင်" ဟု

ဆို၍ မီးထဲဝင်ရန်သွား၏။ ဘုရားလောင်းက မြေအား တားမြစ်ပြီး "ဤနေ့မှစ၍ သူတပါးတို့ကို မညှဉ်းဆဲလင့်"ဟု ဆုံးမပြီး လွှတ်လိုက်၏။ နောက်မှ မြေကိုက်ခံရသူကို ဆေးမန္တရားတို့ဖြင့် အဆိပ်မရှိအောင် ကုလေ၏။

အာဇာနည်သည့် အသက်စွန့်၍ အဓိဋ္ဌာန်ကို စောင့်စည်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "တပည့်အတွက်ထားသည့် မုဆိုးခဲဘဲယင်တို့ကို စားမိသဖြင့် 'ဤနေ့မှစ၍ မုဆိုးခဲဘဲယင်တို့ကို မစားအံ့'ဟု အဓိဋ္ဌာန်ပြုသော ရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း—သာရိပုတ္တရာ=မြေ။ဘုရား=ဆေးဆရာ။]

၇၀၊ ကုဒ္ဒါလဇာတ်

ခြောက်ကြိမ်လူပြန်ထွက်သူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဟင်းရွက်သည်သည် ပေါက်တူး (ကုဒ္ဒါလ)ကို အသုံးပြု၍ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးပြီး ရောင်းချ၍ အသက်မွေး၏။ တနေ့သ၌ သူသည် ပေါက်တူးကို ဖုံးကွယ်ရာ အရပ်၌ထား၍ ရသော့ရဟန်းပြု၏။ တဖန် သူသည် ထိုပေါက်တူးကို အောက်မေ့ပြီး လောဘ ဖြစ်ပေါ်လာသဖြင့် လူထွက်ပြန်၏။ ဤနည်းဖြင့် သူသည် ခြောက်ကြိမ်တိုင်အောင် ရဟန်းဝတ်လိုက်၊ လူထွက်လိုက်ပြု၏။

ခုနစ်ကြိမ်မြောက်၌ကား "ငါသည် ဤပေါက်တူးကို မှီ၍ အကြိမ်ကြိမ် လူထွက်ခဲ့၏။ ယခု ငါသည် ဤပေါက်တူးကို မြစ်ထဲပစ်ချပြီး ရဟန်းပြုအံ့"ဟု ကြံ၏။ နောက် မြစ်သို့သွား၍ မျက်စိမျှားမှိတ်ကာ ပေါက်တူးကို မြစ်အလယ်သို့ လွှင့်ပစ်ပြီး "ငါ ဓအောင်ပြီ"ဟု သုံးကြိမ်ဟစ်ကြွေး၏။ ထိုခဏ၌ ပစ္စန္တရစ်ကို ငြိမ်းစေပြီး ပြန်လာသော ဗာရာဏသီမင်းသည် ထိုမြစ်နားသို့ ရောက်လာ၏။ မင်းသည် ထိုအသံကို ကြား၍ ဘုရားလောင်းကိုခေါ်ပြီး "ငါသည် စစ်ပွဲကို အောင်၏။ သင်သည် အဘယ်ကို အောင်၍ 'ငါအောင်ပြီ'ဟု အော်သနည်း" ဟု၍ မေး၏။

ဘုရားလောင်းက "သင်မင်းကြီးသည် စစ်ပွဲ၌အောင်သော်လည်း ကိုယ်တွင်း၌ရှိသော ကိလေသာများကို မအောင်သဖြင့် အောင်သည်မမည်။ ငါသည် လောဘကို နှိမ်နင်းလျက် ကိလေသာတို့ကို အောင်ပြီ"ဟု ဆို၏။သူသည် ဤသို့ဆိုစဉ်ပင် မြစ်ရေကိုကြည့်၍ ကသိုဏ်းရှုပြီး စျာန်ကိုဖြစ်စေ၍ ကောင်းကင်၌နေလျက် မင်းအား တရားဟော၏။ မင်းနှင့် ပရိသတ်အားလုံးသည် ထိုတရားကိုနာရ၍ ရဟန်းပြုကြ၏။ ဘုရားလောင်းသည် ထိုပရိသတ်များကို

ဟိမဝန္တာသို့ ခေါ်ဆောင်သွား၍ သိကြားမင်းဖန်ဆင်းထားသည့် ကျောင်းများ၌ နေလေ၏။

အတွင်းရန်သူသည် အပြင်ရန်သူထက် အောင်မြင်ရန် ခဲယဉ်း၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ခြောက်လှည့် လူပြန်ထွက်ပြီ နောက် ဝိပဿနာ ပွား၍ ရဟန္တာ ဖြစ်သွားသော မထေရ်ဘပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=ပဗာရာဏသ်မင်း။ ဘုရား=ဟင်းရွက်သည်။]

၇၁။ ဝရဏဇာတ်

ခတက်ပင်နှင့် လူပျင်းအကြောင်း

ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒီသာပါမောက္ခဖြစ်၍ တပည့်ငါးရာတို့အား အတတ်သင်ပေး၏။ တနေ့သ၌ ထိုတပည့်တို့ တောသို့ ထင်းခွဲသွားကြရာ ပျင်းရိသည့် လူလင်တဦးသည် ရေခတက်ပင် (ဝရဏ)ကို မြင်၍ "သစ်ပင်ခြောက်"ဟု ထင်မှတ်ပြီး ခဏမျှအိပ်၏။ အခြား လူလင်တို့သည် ထင်းစည်းများကိုပူးပြီး ထိုအိပ်ပျော်နေသည့် လူလင်ကို ခြေတို့ဖြင့် ကန်နှိုး၍ သွားကြ၏။ ထိုလူလင်သည် ရုတ်တရက်ထ၍ ရေခတက်ပင်ပေါ် တက်ပြီး သစ်ကိုင်းများကို မိမိဘက်သို့ ဆွဲ၍ချိုးသော် ကျိုးထွက်လာသည့် အစွန်းသည် သူ့မျက်လုံးကို ဖောက်လေ၏။ သူသည် သစ်ပင်မှဆင်း၍ ထင်းစည်းကိုယူပြီး အမြန်သွား၍ ထိုလူလင်တို့ ချထားသည့် ထင်းများပေါ်တွင် ချ၏။

နောက်တနေ့နံနက် ရှာသို့ ဗေဒင်ရှုတ်ရန် သွားရမည်ဖြစ်၏။ လူလင်တို့သည် စောစောထ၍ ကျွန်မကိုနှိုးပြီး ယာဂုကို ကျိုခိုင်း၏။ ကျွန်မသည် အပေါ်ရှိ ရေခတက် ထင်းအစိုကိုယူ၍ အကြိမ်ကြိမ် မှုတ်သော်လည်း နေထွက်သည့်တိုင် မီးကို မတောက်စေနိုင်။ အလွန် နေမြင့်သွားသဖြင့် ရှာသို့ မသွားနိုင်တော့ပေ။ ထိုအခါ ဆရာက "အလွန်မိုက်မဲသူ၏ အမှုကိုမှု၍ ဤသို့ ဆုတ်ယုတ်ခြင်း ဖြစ်၏"ဟု ဆိုလေ၏။

ပျင်းရိသော လူမိုက်သည် မိမိကိုယ်ကို ပျက်စီးစေတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "တကဲပျဉ်ကိုမှု၍ ရပ်လျက် တရားအားထုတ်စဉ် အိပ်ငိုက်ပြီး လဲကျ၍ ပေါင်ကျိုးသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ပေါင်ကျိုးသော ရဟန်း=မျက်စိကန်းသောလူလင်။ ဘုရား=ဒီသာပါမောက္ခဆရာ။]

၇၂။ သီလဝနာဂရာဇာဇာတ်
သီလဝ ဆင်မင်းနှင့် မုဆိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သီလဝ ဆင်မင်း (သီလဝနာဂရာဇာ)သည် ဆင်းအပေါင်း ခြံရံလျက် ဟိမဝန္တာဌ်နေ၏။ ထို အခါ ဗာရာဏသီပြည်သား မုဆိုးတဦးသည် ဟိမဝန္တာဌ် လှည့်လည်စဉ် မျက်စိလည်၍ ဝိုင်ကြွေးလျက်သွား၏။ ဘုရားလောင်းသည် ထိုဝိုင်ကြွေးသံ ကိုကြား၍ သွားပြီး ထိုသူကို ကျောပေါ်တင်၍ တောမှထုတ်ပြီး လမ်းခရီးသို့ ပို့ဆောင်၏။ နောက် ထိုမုဆိုးသည် ဆင်စွယ်ပုတ်သမားတို့အား ဆင်စွယ်တို့ကို ရောင်းစားလိုသဖြင့် ထိုအရပ်သို့ ပြန်လာ၍ ဘုရားလောင်းအား "ကျွန်ုပ်သည် ဆင်းရဲသဖြင့် အရှင့်ထံမှ ဆင်စွယ်ပိုင်းကို ရောင်း၍ အသက် မွေးလိုပါ၏"ဟု ဆို၏။ ဆင်မင်းသည် အစွယ်လှုမည်ဆို၍ ဝပ်၏။ မုဆိုးသည် ဦးကင်း ပေါ်တက်ပြီး အစွယ် နှစ်ချောင်း၏အဖျားများကိုဖြတ်၍ ယူသွား၏။ သူသည် တဖန်ပြန်လာ၍ ဆင်စွယ်များကို တောင်းပြန်သော် ဆင်မင်းသည် အစွယ် များကို ဖြတ်ယူစေ၏။

နောက်တခါ လာတောင်းပြန်သော် ဆင်မင်းက "ကျွန်သည့် အစွယ်ငုတ် များကို ဖြတ်ယူလော့"ဟုဆို၏။ မုဆိုးယုတ်သည် ဦးကင်းပေါ်တက်ပြီး ဆင်၏ နှုတ်သီးနှစ်ဖက်တို့ကို ဖနှောင့်ဖြင့်ဖွဲ့၍ အသားကို ထုတ်ယူပြီး လှဖြင့်ဖြတ်ယူ၍ သွားလေသော် ဘုရားအလောင်း၏ မြင်နိုင်ရာ အရပ်ကို လွန်စဉ်ပင် မြေမျိုခံရလေ၏။ ထိုခဏ၌ တောစောင့် ရုက္ခစိုးနတ်သည် "ကျေးဇူးမသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော သူယုတ်မာအား စကြဝတေးမင်းအဖြစ် ကို ပေးသော်လည်း ရောင့်ရဲစေရန် မတတ်နိုင်"ဟု ဆိုလေ၏။

ကျေးဇူးရှင်ကို ပြစ်မှားသူသည် မျက်စိးမည်သာတည်း။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ်"ဒေဝဒတ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ်=မုဆိုး။ သာရိပုတ္တရာ=ရုက္ခစိုး။ ဘုရား=သီလဝဆင်မင်း။]

၇၃။ သစ္စံကိရဇာတ်
မင်းသားယုတ်နှင့် ရဿေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရဿေ့သည် မြစ်ကွေ့ တခုဝယ်သစ်ရွက်မိုးကျောင်း၌နေ၏။ထိုအခါ ဗာရာဏသီမင်း၏သား ရှန့်ရင်း

ကြမ်းကြုတ်သည့်'ဒုဋ္ဌကုမာရ'မည်သော မင်းသားသည် မြစ်ထဲ ရေကစားစဉ် ကျွန် အစေအပါးတို့က မြစ်လယ်၌ ပစ်ချ စွန့်ထားခဲ့သဖြင့် သစ်တုံးတခု၌ စီး၍ ငိုကြွေးလျက် မြစ်၌မျော၏။ ထိုအချိန်၌ မိုးသည်းထန်စွာ ရွာသဖြင့် ရေသည် မြစ်ကမ်းနားရှိ မြေနှင့် ကြက်တွင်းများထဲသို့ ဝင်၏။ မြေနှင့်ကြက်နှစ်ကောင်သည် တွက်လာ၍ ထိုမင်းသားစီးသည့် ထင်းတုံး၏ အစွန်းတဖက်စီ၌ နေကြ၏။ ထိုမြစ်နားရှိ လေတိုက်၍ လဲကျသော လက်ပံပင်မှ ကျေးငှက်သည်လည်း ပျံ၍ ထိုထင်းတုံး၌ နား၏။

ဘုရားလောင်းသည် ထိုမင်းသား၏ ငိုကြွေးသံကို ကြား၍လာပြီးထိုထင်းတုံးကို ဆယ်၍ ထိုသူလေးဦးကို ကျောင်းသို့ဆောင်၏။ သူသည်မြေ၊ ကြက်၊ ကျေးတို့အား ဦးစွာ အစာပေးပြီးမင်းသားအားနောက်မှသစ်သီးများကိုပေးသဖြင့် မင်းသားသည် ရသေ့ကို ရန်ငြိုးထားလေ၏။နှစ်ရက်သုံးရက်ကြာလျှင် (ယခင်ဘဝက ဗာရာဏသီသူဌေး ဖြစ်ခဲ့ဘူးသော) မြေသည် ရသေ့အား ရှိခိုး၍ "ဤမည်သောအရပ်၌ ကုဋ္ဌေလေးဆယ်သောရွာအိုးများကို မြုပ်ထား၏။ ဥစ္စာဖြင့် ကိစ္စရှိသော်လာ၍ 'မြေ'ဟုခေါ်ပါ"ဟု ဖိတ်ကြားပြီး သွား၏။ (ယခင်ဘဝကသူဌေးတဦးဖြစ်ခဲ့ဘူးသော)ကြွက်ကလည်း ထို့အတူဖိတ်ကြား၍သွား၏။ တဖန် ကျေးသားသည် ရသေ့ကို ရှိခိုး၍ "သလေးနှိဖြင့် အလိုရှိသော် ဤမည်သော အရပ်သို့လာ၍'ကျေးသား'ဟု ခေါ်ပါ"ဟူ၍ ဖိတ်ကြားပြီး သွား၏။ မင်းသားကမူ "ငါ့ထံလာလျှင်သတ်အံ့" ဟုကြံ၍ ရသေ့အား "ကျွန်ုပ်မင်းဖြစ်သော် လာပါလော့၊ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပါအံ့"ဟု ဆို၍ သွားသော် မကြာမီ မင်းဖြစ်၏။

တနေ့သ၌ ဘုရားလောင်းသည် ထိုသူ အသီးသီးသို့ 'စုံစမ်းရန်' သွားရာ 'မြေ၊ ကြက်၊ ကျေးသား'တို့ အသီးသီး ထွက်လာ၏။ သူသည် ၎င်းတို့အား "ကိစ္စပေါ်သော်ပြောအံ့"ဟုဆို၍ပြန်လွှတ်လိုက်၏။ နောက်မင်းကို စုံစမ်းရန် ဗာရာဏသီမြို့သို့ သွား၏။ ထိုအချိန်၌ ဒုဋ္ဌကုမာရမင်းသည် ဆင်စီး၍ အခြံအရံဖြင့် မြို့ကိုလှည့်လည်စဉ် ဘုရားလောင်းကို အဝေးမှမြင်လျှင် မင်းချင်းတို့အား "ထိုရသေ့ကိုဖမ်းပြီး လက်ပြန်ချည်၍ လမ်းလေးဆုံတိုင်း၌ ရိုက်နှက်ပြီး သုသာန်သို့ဆောင်၍ ဦးခေါင်းကို ဖြတ်လော့"ဟု အမိန့်ပေး၏။

ထိုမင်းချင်းတို့သည် မင်းဆိုတိုင်း ပြုကျင့်၍ သုသာန်သို့ ထုတ်ဆောင်ကြ၏။ ဘုရားလောင်းသည် မငိုကြွေးဘဲ ရိုက်နှက်တိုင်းသော အရပ်၌ "အဆွေခင်ပွန်းကို ပစ်မှားတတ်သူကို ကယ်ခြင်းသည် မမြတ်သည်သာ"ဟူ၍ 'သစ္စကိရ' အစချီသော ဂါထာကို ရွတ်ဆို၏။ ထိုစကားကိုကြား၍ ပညာရှိမြို့သား

တို့က မေးသော် ဘုရားလောင်းက နောက်ကြောင်းကို အလုံးစုံ ပြန်ပြောလေ၏။ ထိုသူတို့သည် အမျက်ထွက်၍ လက်နက်တို့ဖြင့် ဆင်ပေါ်ရှိ ထိုမင်းယုတ်ကို သတ်၍ ဘုရားလောင်းကို မင်းမြောက်ကြ၏။ ထို့နောက် ဘုရားလောင်းမင်းသည် 'မြေ၊ ကြွက်၊ ကျေးသား'တို့ကို သူတို့ဥစ္စာများနှင့် တကွ နန်းတော်သို့ ဆောင်၍ ကောင်းစွာထားပြီး ကျွေးမွေး ပြုစုလေ၏။

ကျေးဇူးရှင်ကို ပြစ်မှားသူသည် ဗျက်စီးမည်သာတည်း။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်က ဘုရားကို သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း-** ဒေဝဒတ် = ဒုဋ္ဌကုမာရ မင်းသား။ သာရိပုတ္တရာ = မြေ။ မောဂ္ဂလ္လာန်=ကြွက်။ အာနန္ဒာ=ကျေးသား။ ဘုရား=နောက်မှ မင်းဖြစ်သောရသေ့။]

၇၄။ ရုက္ခဓမ္မဇာတ်

ညီညွတ်ခြင်းအကြောင်း

ဗာရာဏသီပြည် ဇုဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာဝယ် အင်ကြင်းတော၌ ရုက္ခစိုးနတ်ဖြစ်သော ဘုရားလောင်းသည်ဆွေမျိုးတို့အား သူ၏ဗိမာန်ကိုရုံ၍ တည်သည့် ဗိမာန်တို့ကို ယူကြရန်ပြော၏။ ပညာရှိ နတ်တို့သည် ဘုရားလောင်း၏ ဗိမာန်ကိုရုံ၍ တည်သည့် ဗိမာန်တို့ကို ယူကြ၏။ ပညာမဲ့ နတ်တို့သည်ကား "တောဗိမာန်သည် အကျိုးမရှိ။ ရွာနိုဂုံးမြို့အနီး၌နေလျှင် လူတို့ကို မှီ၍ လာဘ်လာဘ ပေါများမည်"ဟု ကြံ၍ လွှင်ပြင်အရပ်၌ တည်ရှိသည့် သစ်ပင်ကြီးများ၌ ဗိမာန်တို့ကို ယူကြ၏။

တနေ့သ၌လေပြင်းနှင့်တကွမိုးကြီးရွာသော် တောစိုး သစ်ပင်ကြီးတို့သည် အံကိုင်းအခွမျာကျိုး၍ အမြစ်နှင့်တကွ လဲကုန်၏။ အချင်းချင်းစပ်၍တည်ရှိသည့် ထိုအင်ကြင်းတောကား သစ်ပင်တပင်မျှ မလဲကုန်။ ဗိမာန်ပျက်စီးသည့် ထိုနတ်တို့သည် ဟိမဝန္တာတောသို့ ပြန်လာကြ၏။ ထိုအခါ ဘုရားအလောင်းက "ပညာရှိစကားကို မနာယူသူတို့သည် ဤကဲ့သို့ ကိုးကွယ်ရာမဲ့ဖြစ်ကြ၏"ဟု ဆိုလေ၏။

ညီညွတ်ခြင်းသည် အင်အားတခု ဖြစ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ခိုက်ရန်ဖြစ်ကြသည့် ဆွေမျိုးတို့ကို အကြောင်းပြု၍ ညီညွတ်ခြင်းသည် အားတခု ဖြစ်၏ဟု သိစေလိုသဖြင့်"ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—ဘုရား=ပညာရှိ ရုက္ခစိုးနတ်။]

၂၅။ မစ္ဆဇာတ်

မိုးရွာစေသော ငါးမင်းအကြောင်း

ကောသလတိုင်း သာဝတ္ထိပြည်တွင် ဇေတဝန်ရေကန်အရပ်ဝယ် အိုင်တခုဌ် ဘုရားလောင်းငါးမင်း(မစ္ဆ)သည် ငါးအပေါင်း ခြံရံလျက် နေ၏။ ထိုအခါ ကောသလတိုင်းတွင် မိုးမရွာသဖြင့် အိုင်စသည်တို့ဌ် ရေခန်း၍ ငါးလိပ်တို့သည် ညှန်ထဲသို့ဝင်ကြ၏။ ကျီးစသည်တို့သည် နှုတ်သီးဖြင့် ငါးတို့ကို ထုတ်ယူ၍ စားကြ၏။

ထိုအခါဘုရားလောင်းသည် ညှန်မှထုတ်၍ ကောင်းကင်ကို ကြည့်လျက် "အို နတ်မင်း၊ငါသည်ဆွေမျိုးများကိုမြဲ၍ဆင်းရဲ၏။ သီလရှိသောငါ ပင်ပန်းလျက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်တူသားစား သည့် အမျိုးဌ် ဖြစ်သော်လည်း မည်သည့် ငါးကိုမျှ မစားစဘူး။ အခြား သတ္တဝါများကိုလည်း မသတ်စဘူး။ဤ ငါ၏သစ္စာစကားကြောင့်မိုးကိုရွာစေ၍ ငါနှင့်ငါ့ဆွေမျိုးများကို ဆင်းရဲမှ လွတ်စေလော့" ဟုဆို၍ မိုးနတ်မင်းအား တိုင်ကြား၏။ထိုခဏဌ် မိုးနတ်မင်းသည် ကြီးစွာသောမိုးကိုရွာသွန်းစေလေ၏။

သူတော်ကောင်း၏ သစ္စာစကားသည် ဩဇာ၍ အကျိုးထူးကို ပေးသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်နေစဉ် ကောသလတိုင်းဌ် မိုးမရွာသဖြင့် ကိုယ်တော်တိုင် ရွာစေသောမိုးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ=မိုးနတ်မင်း။ ဘုရား=ငါးမင်း။]

၂၆၊ အသဒိသဇာတ်

ရသေ့နှင့် လှည်းကုန်သည်များအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ရသေ့သည် ချဉ်ဆားမြိုဝဲရန် ဇနပုဒ်သို့ ဒေသစာရီ ကြ၏။ သူသည် လှည်း ကုန်သည်အပေါင်းနှင့်အတူ ခရီးသွား၏။ တောတခုဌ် လှည်းစခန်းချသော် သူသည် သစ်ပင်ရင်းဌ် တည်လုံး စကြံ်သွား၏။ ထိုအခါ လုယက်ရန် လာ၍ စောင့်နေသည့် ခိုးသူငါးရာတို့သည် လုယက်ခွင့် မရသဖြင့် ယူလာခဲ့သည့် လက်နက်များကို စွန့်ပစ်ခဲ့ပြီး "အို လှည်းကုန်သည်တို့၊ ညက ထိုရသေ့ မရှိလျှင် သင်တို့ လုယက်ခံရပြီး ပျက်စီးကြရ၏။ နက်ဖြန် ရသေ့အား ကြီးစွာ ပူဇော်ကြလော့" ဟုအသံပေး၍ ဖဲသွားကြ၏။ မိုးလင်းလျှင် ကုန်သည်တို့သည်

ခိုးသူတို့ စွန့်ပစ်ခဲ့သည့် လက်နက်များကို မြင်၍ ကြောက်ကြသဖြင့် ရသေ့အား မေးကြ၏။ "ငါကား ဥစ္စာမရှိ၍ သူခိုးတို့ကို မကြောက်(အသင်္ကယ)။ ဥစ္စာရှိသူတို့သာ ကြောက်ရွံ့ကြ၏" ဟု စသည်ဖြင့် တရားဟောလေ၏။

မညာရှိကို ဆည်းကပ်လျှင် အန္တရာယ်မှ လွတ်ကင်းနိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "လှည်းကုန်ဝယ်မျှားနှင့်အတူ ခရီးသွား၍ သစ်ပင်ရင်း၌ တညလုံး စင်္ကြံသွားသဖြင့် လှည်းကုန်သည်တို့ကို ခိုးသူများဘေးမှ လွတ်စေသော သီတင်းသည် တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဘုရား=ရသေ့။]

၇၇၊ မဟာသုပိနဇာတ်

အိပ်မက်ကြီး ၁၆ ချက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တညသ၌(ကောသလမင်းကြီး မြင်မက်သည့်အတိုင်း) တဆယ့်ခြောက်ပါးသော အိပ်မက်ကြီး(မဟာသုပိန) တို့ကို မြင်မက်၍ ပုဏ္ဏားတို့အား မေး၏။ ပုဏ္ဏားတို့က "မင်း, မိဖုရား, တိုင်းပြည် တခုခုအတွက် အန္တရာယ်ဖြစ်မည်။ ထိုအန္တရာယ်မှ လွတ်ကင်းစေရန် ယဇ်ကြီး ပူဇော်ရာ၏" ဟု ဆိုကြ၏။ သူတို့သည် မင်း၏အမိန့်အတိုင်း ယဇ်ပူဇော်ရန် အားထုတ်ကြ၏။ ထိုပုဏ္ဏားတို့အနက် ပုရောဟိတ်၏ ပညာရှိ တပည့်လုလင်သည် ဆရာအား "ကျွန်ုပ်တို့အား သင်ပေးသည့် ဗေဒင်တို့၌ သူတဦးကို သတ်၍ သူတဦး၏ ချမ်းသာခြင်းကို ပြုခြင်းမည်သည် မရှိ" ဟု ဆို၏။ ဆရာက "ဤနည်းဖြင့် ငါတို့ ဥစ္စာများစွာရမည်။ သင်သည် မင်း၏ဥစ္စာကို စောင့်လို သလော" ဟု ဆို၏။

ထိုအခါလုလင်သည် ထိုအမှုကို ရှောင်လို၍ မင်းဥယျာဉ်သို့ ထွက်သွား၏။ ထိုနေ့၌ပင် ဟိမဝန္တာနေ ဘုရားလောင်း စျာန်ရရသေ့သည် ထိုအကြောင်းကိုသိ၍ သတ္တဝါတို့ကို ဆင်းရဲမှကယ်တင်ရန် ကောင်းကင်ဖြင့် ထိုမင်းဥယျာဉ်သို့ လာပြီး မင်္ဂလာကျောက်ဖျာ၌ နေ၏။ ထိုလုလင်သည် ရသေ့ထံသွား၍ ထိုယဇ်ပူဇော်ခြင်းအကြောင်းကို ပြောကြားပြီး သတ္တဝါများကို ကယ်တင်ရန် လျှောက်၏။ ကတိရပြီးသော် သူသည် ရသေ့အား ဥယျာဉ်၌ ဆိုင်းငံ့စေလျက် မင်းထံသွား၏။ သူသည် မင်းအား "သင်မင်းကြီး မြင်မက်သည့် အိပ်မက်တို့၏ အကျိုးကို ဟောကြားနိုင်သည့် စျာန်ပျံရသေ့တပါးသည် ဥယျာဉ်၌ ရောက်ရှိနေ၏" ဟု ဆို၏။ မင်းသည် ချက်ခြင်းပင် အခြံအရံဖြင့် ရသေ့ထံ

သူ့ဘုန်းကြီးရဲ့ အိပ်မက်တဆယ့်ခြောက်ခုတို့ကို အကျယ်အဝန်းဖြင့် ပြောပြရဲ့ "ဤအိပ်မက်များကြောင့် သင်မင်းကြီးအား ဘေးအန္တရာယ်မရှိ။ ယင်ပူဇော်ခြင်းကို မပြုလင့်"ဟု သတ္တဝါအပေါင်းကို အနှောင်အဖွဲ့မှ လွှတ်စေပြီး ကောင်းကင်ဖြင့်ပင် ဟိမဝန္တာသို့ ပြန်လေ၏။

ပညာရှိသည် မေတ္တာဖာ၍ အများအကျိုးကို ဆောင်ရွက်တတ်သည်။

[မြတ် စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်"ကောသလမင်းကြီး မြင်မက်သည့် အိပ်မက်ကြီး တဆယ့်ခြောက်ချက်တို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- အာနန္ဒာ=ဗာရာဏသီမင်း။ သာရိပုတ္တရာ= လုလင်။ ဘုရား=ရသေ့။]

၇၈၊ ဣလိသဇာတ်

နှမြောလွန်းသည့် ဣလိသ သူဌေးအကြောင်း

ရာဇဂြိုဟ်ပြည် ဖြဟ္မဒတ်မင်း လက်ထက် ထိုပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသည့် "ဣလိသ"မည်သော သူဌေးသည် အလွန်နှမြောတွန့်တို့၍ မိဘတို့အလှူပေးခဲ့ရာ အလှူတင်းကုပ်ကို မီးရို့ပြီး အသုခံတို့ကို ရိုက်နှက်နှင်ထုတ်၏။ တနေ့သ၌ သူသည် သေရည်သောက်သောသူတဦးကိုမြင်၍ သေရည်ကို အလွန်သောက်လို၏။ သူသည် ဥစ္စာကုန်မည် စိုးသဖြင့် ဈေးမှ တယောက်စာမျှ သေရည်ကိုဝယ်ပြီး မြစ်ကမ်းနားရှိ ချုံထဲသို့ ဝင်၍ သေရည်ကို သောက်၏။ သူ့အဖ ဖြစ်ဘူးသော သိကြားမင်းသည် ထိုခဏ၌ပင် ဣလိသကို မြင်၍ "ဣလိသကို ထိတ်လန့်စေပြီး အလှူပေးစေအံ့"ဟု ကြံ၏။ သူသည် ဣလိသနှင့် အလုံးစုံတူသည့် ရုပ်သွင်ကို ဖန်ဆင်း၍ ရာဇဂြိုဟ်မင်းထံ သွားပြီး အလှူကြီးပေးခွင့်ကိုတောင်း၍ ဣလိသ၏အိမ်သို့ သွား၏။

သူသည် တံခါးစောင့်အား "ငါမှတပါး ငါနှင့် တူသူလာ၍ 'ဤအိမ်သည် ငါ့အိမ်'ဟု ဆိုသူကို ရိုက်နှက်နှင်ထုတ်လော့"ဟု မှားထားပြီး သူဌေးမအား "ရှင်မ၊အလှူပေးအံ့"ဟု ဆို၍ "ရွှေငွေရတနာများကို အလိုရှိသူတို့သည် ဣလိသသူဌေးအိမ်သို့ သွားကြလော့"ဟု မြို့၌ စည်လည် ကြေငြာစေ၏။ သူသည် ရတနာသိုက်တို့ကို ဖွင့်ပြီး အလိုရှိတိုင်း ယူကြလော့"ဟု ဆို၍ တံခါး၌ စုဝေးကြသူတို့အား ပေးလေ၏။ လူတို့သည် တောင်း, အိတ်တို့ဖြင့် ရတနာတို့ကို ယူကြ၏။ ဇနပုဒ်သားတဦးသည် ဣလိသ၏ ရထားဖြင့် ရတနာတို့ကိုယူ၍ ထို့ဣလိသသေရည်သောက်သည့် ချုံအနီးဖြင့် ရထားကို မောင်းနှင်

လျက် "ရတနာတို့ကို ပေးကမ်းသည့် ဣလိသူဌေး အသက်ရှည်ပါစေ" စသည်ဖြင့် ဆိုလျက် သွား၏။

ထိုအသံကိုကြားလျှင် ဣလိသသည် ထိတ်လန့်ပြီး ချုံမှုထွက်၍ ထိုရထား နောက်သို့လိုက်ပြီး ဥစ္စာကိုတောင်း၏။ ဇနပုဒ်သားသည် ဣလိသကို ရိုက်နှက်၍ ရထားကိုနှင်၏။ ဣလိသည် တုန်လှုပ်လျက် အမြန်သွား၍ တံခါးဦး ဥစ္စာယူနေကြသူတို့အား "မင်းသည် ငါ့ဥစ္စာကို လုယက်ခိုင်းသလော" ဟု ဆိုပြီး ထိုထို လူမျိုးကို ကိုင်၏။ ထိုသူတို့က ဣလိသကို ရိုက်နှက်၍ လွှဲစေ၏။ အိမ်သို့ ဝင်သော် တံခါးစောင့်တို့က သူ့ကို ရိုက်နှက်ပြီး လည်ကိုကိုင်၍ ဆွဲထုတ်ကြ၏။ ဣလိသသည် ကိုးကွယ်ရာမရှိသဖြင့် မင်းထံသွား၍ အကြောင်းစုံကို လျှောက်၏။ မင်းသည် ဣလိသဟန်ဆောင်သည့် သိကြားမင်းကို ခေါ်စေ၍ လူနှစ်ဦး၏ ထူးခြားခြင်းကို မသိသဖြင့် ဣလိသ၏ 'မယား, သားသမီး, ကျေးကျွန်များနှင့် ဆတ္တာသည်'တို့ကို ခေါ်၍ မေး၏။ ထိုသူတို့လည်း သိကြားမင်းထံ၌ တည်၍ "ဤသူသည် ဣလိသတည်း" ဟု ဆိုကြ၏။ ဣလိသသည် ဥစ္စာ၌ စိုးရိမ်မှုအားကြီးသဖြင့် သတိလစ်၍ လဲကျသွား၏။

ထိုခဏ၌ သိကြားမင်းသည် "မင်းကြီး၊ ငါသည်ဣလိသမဟုတ်၊ သိကြားဖြစ်၏" ဟု ဆို၍ သိကြားအသွင်ဖြင့် ကောင်းကင်၌ ရပ်၏။ ဣလိသသည်ထ၍ သိကြားမင်းကို ရှိခိုးလျက် ရပ်၏။ ထိုအခါ သိကြားမင်းက ဣလိသအား "ငါသည် သင့်အဖတည်း။ ဒါနစသည်ကို ပြု၍ သိကြားဖြစ်၏။ အလှူပေးလော၊ မပေးလျှင် သင့်ဥစ္စာကို ကွယ်စေပြီး သင့်ဦးခေါင်းကို ဝရဇိန်ဖြင့် ခွဲအံ့" ဟု ခြိမ်းချောက်၏။ဣလိသသည် သေဘေးမှ ကြောက်သဖြင့် "ယနေ့မှစ၍ အလှူပေးပါအံ့" ဟု ဝန်ခံ၏။သိကြားမင်းသည် တရားဟော၍ နတ်ပြည်သို့ ပြန်လေ၏။

ပညာရှိသည် မိုက်မဲသူများကို မေတ္တာဖြင့် ဆုံးမလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရှင်မောဂ္ဂလ္လာန် ချွတ်အပ်သော မပေးမလှူနှမြောတွန့်တိုသည့် မစ္ဆရိယသူဌေးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–မစ္ဆရိယ သူဌေး=ဣလိသ သူဌေး။ မောဂ္ဂလ္လာန်=သိကြားမင်း။ အာနန္ဒာ=မင်း။ ဘုရား=ဆတ္တာသည်။]

၂၉၊ ခရဿရဇာတ်

စည်ကြီးသံနှင့် ရွာစားပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ရွာစားအမတ် တဦးသည် ခိုးသူတို့နှင့် ပေါင်း၍ "ငါသည် ရွာသားများကို ခေါ်၍ တောသို့ ဝင်အုံ။ သင်တို့သည် ရွာကို လုယက်ပြီး ဥစ္စာတဝက်ကို ငါ့အား ပေးလော့" ဟု ဆိုပြီး လူတို့ကို တောသို့ ခေါ်သွား၏။ ခိုးသူတို့သည် ထိုရွာကို လုယက်ပြီး သွားကြသော် ထိုအမတ်သည် ညနေချိန်မှ လူအများ ခြံရံလျက် ကြမ်းတမ်းသည့် အသံရှိသော(ခရဿရ)စည်ကြီးကို တီးကာ ပြန်လာခဲ့၏။

ထိုအခါ ကိစ္စဖြင့် ထိုရွာ၌ ခေတ္တနေသည့် ဘုရားလောင်း ကုန်သည်သည် "ဤရွာစားပျက်သည် ခိုးသူတို့နှင့် ပေါင်း၍ ရွာကို လုယက်စေ၏" စသည်ဖြင့် ရွာစားကို ဆဲရေး၏။ မကြာမီပင် ထိုရွာစား၏ အမှုပေါ်၍ မင်းသည် သူ့အား အပြစ်ပေးလေ၏။

လူမိုက်သည် မိမိဖြိုသည့် မကောင်းမှုဖြင့်ပင် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ပိမိ စားရသော ရွာကို ခိုးသူတို့နှင့်ပေါင်း၍ လုယက်စေသော အမတ်တဦးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အမတ်=အမတ်။ ဘုရား=အမတ်ကို ဆဲသည့် ပညာရှိ ကုန်သည်။]

၈၀၊ ဘိမသေနဇာတ်

ဟန်သာရှိသော ဘိမသေနအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ လေးအတတ်ကို တဖက်ကမ်းခတ် သင်ကြား တတ်မြောက်၍ 'စူဠဒုမနုဂဟပဏ္ဍိတ'ဟု တွင်၏။ တက္ကသိုလ်ပြည်မှ ထွက်ခွာ၍ မဟိသကတိုင်းသို့ ရောက်လျှင် သူသည် အလှန်ပုသူဖြစ်၍ 'ဘိမသေန'အမည်ရှိ အရပ်အမောင်းကောင်းသည့် ယက်ကန်းသည်နှင့် မိတ်ဖွဲ့ပြီး "ငါသည် ပြိုင်ဘက် ကင်းသည့် လေးသမားဖြစ်သော်လည်း အလှန်ပုသဖြင့် မင်းထံ၌ အမှုထမ်းရန် မသင့်။ သင်သည် မင်းကိုဖူးမြင်၍ 'ကျန်ုပ်သည် ပြိုင်ဘက်ကင်းသည့် လေးသမားတည်း။ ထောက်ပံ့ခြင်းကို ပြုလော့'ဟု ဆိုလော့။ သင်သည် မင်းထံမှ လခရ၍ ငါသည် သင်လုပ်ရမည့် အလုပ်ကို လုပ်ပြီး သင့်ကိုမှီ၍ အသက်

မွေးအံ့''ဟု ဆို၏။ ဘီမသေနသည် သဘောတူ၍ ဘုရားလောင်းနှင့် အတူ ဗာရာဏသီမင်းထံ သွားပြီး ဘုရားလောင်း သင်ပေးသည့်အတိုင်း ပြော၍ တလ ငွေနှစ်ထောင်ဖြင့် ခစား၏။ ဘီမသေနလုပ်ရမည့် အလုပ်ကို ဘုရား လောင်းက လုပ်ပေး၏။

ထိုအခါ တောတခုဝယ် လူတို့ကိုသတ်၍ ဒုက္ခပေးသော ကျားကိုငှင်း၊ ထို့နောက် အရပ်တခု၌ ထကြွသည့် ကဲ့ရဲ့ငှင်းကိုငှင်း ဘီမသေနသည် ဘုရား လောင်း ပေးသည့် နည်းဖြင့် နှိမ်နင်း၍ စည်းစိမ်ကြီးစွာကို ရရှိ၏။ သူသည် စည်းစိမ်ဖြင့် ယစ်မူးပြီး ဘုရားလောင်းကို မထေမဲ့မြင်ပြု၍ ''ငါသည် သင့်ကို မှီ၍ အသက်မမွေး'' စသည်ဖြင့် ရိုင်းစိုင်းသည့် စကားကို ဆို၏။ ထို့နောက် မကြာမီ ပြည်နီးချင်း မင်းတဦးက ဗာရာဏသီပြည်ကို တိုက်ရန် ဝိုင်းသော် မင်းသည် ဘီမသေနအား စစ်ထိုးခိုင်း၏။ ဘီမသေနသည် မင်းအသွင်ဖြင့် ဆင်စီး၍ ဘုရားလောင်းသည် သူ့နောက်မှထိုင်လျက် စစ်မြေပြင်သို့ ထွက် ၏။ စစ်ပွဲသို့ ရောက်သော် ဘီမသေနသည် သေဘေးမှ ကြောက်၍ တုန်လှုပ် လျက် ချေး, သေး ပါလေ၏။

ထိုအခါ ဘုရားလောင်းသည် ဘီမသေနကို ဆင်ပေါ်မှချ၍ အိမ်ပြန် စေပြီး ''ယနေ့ ငါသည် ထင်ရှားသောသူ ဖြစ်သင့်၏''ဟု ဆို၍ စစ်မြေပြင်သို့ သွားပြီး ဗိုလ်ထူကို ဖျက်၍ ရန်သူမင်းကို ဖမ်းပြီး မင်းကြီးအား ဆက်၏။ မင်းသည် အလွန်နှစ်သက်၍ ဘုရားလောင်းအား စည်းစိမ်ကြီးစွာ ပေး၏။ ထိုအခါမှစ၍ ဘုရားလောင်းသည် 'စူဠဓနုဂ္ဂဟပဏ္ဍိတ' ဟု ဇမ္ဗူဒိပ်၌ ထင်ရှား လေ၏။

လူမိုက်သည် ကြီးပွားလျှင် မောက်မာပြီး ကျေးဇူးကန်းတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''သူတပါးတို့အား ကဲ့ရဲ့ ရှုတ်ချတတ်သော ရဟန်းတပါးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော ၏။ **။ဇာတ်ပေါင်း-** ရှုတ်ချတတ်သော ရဟန်း= ဘီမသေန။ ဘုရား= စူဠဓနုဂ္ဂဟပဏ္ဍိတ။]

၈၁၊ သုရာပါနဇာတ်

အရက်နှင့် ရသေ့များအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရသေ့သည် ဟိမဝန္တာ၌ တပည့်ရသေ့ ငါးရာခြံရံလျက် နေ၏။ တနေ့သ၌ ထိုရသေ့

ငါးရာတို့သည် ဘုရားလောင်းကို ပန်ကြား၍ ချဉ်ဆားမှဲ့ရန် ဗာရာဏသီ ပြည်သို့သွားပြီး မင်း၏ဉယျာဉ်၌ နေကြ၏။ မင်းသည် ထိုရသေ့တို့အား ထို ဥယျာဉ်၌ နေစေ၍ နေ့စဉ် နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေး၏။

တနေ့သ၌ မြို့တွင် 'သရဉ်သောက်ပွဲ' ဖြစ်၍ မင်းသည် ရခဲသော သရဉ်ကို လျှ၏။ ရသေ့တို့သည် သရဉ်ကို သောက်၍ (သုရာပါန) မသင့်သော အမှုအရာတို့ကို ပြုမိကြ၏။ သူတို့သည် သရဉ် ပြေသော် "ငါတို့သည် ဆရာနှင့်ကင်း၍ ဤသို့ဖြစ်ရ၏" ဟု ငိုကြွေးကြပြီး ချက်ခြင်းပင် ဟိမဝန္တာနေ ဆရာ့ထံသို့ ပြန်ကြလေ၏။

သရဉ်သည် သတိလက်လွှတ်သူကို ပျက်စီးစေတတ်သည်။

[မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေစဉ် "အရပ် တပါးသို့ ကွဲသွား၍ သရဉ်ကို သောက်မိသော 'သာဂတ' မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**· ဘုရား=ဆရာ ရသေ့။]

၈၂။ မတ္တဝန္ဒိကဇာတ

[ဤဇာတ်သည် စတုဋ္ဌါရ(၀၇)မဟာမိတ္တဝိန္ဒကဇာတ် (ဇာ ၄၃၉)နှင့် အားလုံးတူ၏။]

၈၃။ ကာလကဏ္ဏိဇာတ်

ပညာရှိ မိတ်ဆွေအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဗာရာဏသီ သူဌေး ဖြစ်၏။ တနေ့သ၌ သူ၏ မိတ်ဆွေ 'ကာဠကဏ္ဏိ' သူဌေးသည် ကံမကောင်း၍ ဆင်းရဲ သွားပြီး အသက် မွေးမြူရန် မတတ်နိုင် သဖြင့် သူ့ထံ လာ၏။ ဘုရားလောင်းသည် ကာဠကဏ္ဏိအား အခပေးပေး၍ မိမိ ဥစ္စာကို စောင့်ရှောက်စေ၏။ ကာဠကဏ္ဏိသည် ဘုရားလောင်းအား အလုံးစုံ သော အမှုတို့ကိုပြု၏။ ဘုရားလောင်းသည် ကာဠကဏ္ဏိသူယုတ်ကို နှင်ထုတ် ရန် သူ့မိတ်ဆွေများ ပြောသည်ကို ငြင်းဆို၏။

တနေ့သ၌ ဘုရားလောင်းသည် မိမိစားရသည့်ရွာသို့ သွားသော်သူခိုးတို့ သည် သူ့အိမ်ကို လုယက်ရန် လာကြ၏။ ကာဠကဏ္ဏိသည် မအိပ်ဘဲ စောင့်၍

လူတို့ကို နှိုးစေရန် "ခရုသင်းကို မှုတ်လော့၊ မုရိုးစည်ကို တီးလော့" စသည်ဖြင့် တအိမ်လုံး အသံအဆက်မပြတ် ပြုလေ၏။ ခိုးသူတို့သည် "ဤအိမ်၌ သူဌေးကြီးရှိ၏"ဟု လက်နက်များစွန့်ထားခဲ့ပြီး ပြေးကြ၏။ နောက်တနေ့ လူတို့သည် ထိုလက်နက်များကို မြင်၍ ကာဠကဏ္ဏီကို ချီးမွမ်းကြပြီး ပြန်ရောက်လာသည့် ဘုရားလောင်းအား အလုံးစုံကို ပြောကြား၏။ ဘုရားလောင်းသည် သူ့မိတ်ဆွေများအား "သင်တို့ စကားဖြင့် ဤသို့သော မိတ်ဆွေကို နှင်ထုတ်ခဲ့မှု ယနေ့ ငါ၏ဥစ္စာသည် မရှိရာ"ဟု ဆိုလေ၏။

မိတ်ဆွေမည်သည် အယုတ်အလတ် အပြတ်မရှိ ပေါင်းသင်းရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဤကဲ့သို့ပင် ဥစ္စာကို စောင့်သည့်(အနာထပိဏ်သူဌေး၏မိတ်ဆွေ)ကာဠကဏ္ဏီမည်သူကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- အာနန္ဒာ=ကာဠကဏ္ဏီ။ ဘုရား=ဗာရာဏသီသူဌေး။]

၈၄၊ အတ္ထသန္ဒါရဇာတ်

ကြီးပွားခြင်းတရား ၆ ပါးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် ဗာရာဏသီသူဌေးဖြစ်၏။ သူ၏သားသည် ခုနစ်နှစ် အရွယ်၌ပင် အကျိုးစီးပွား၌ လိမ္မာ၍ အသိပညာနှင့် ပြည့်စုံရကား တနေ့သ၌ ဖခင်အား "အကျိုးစီးပွား၏ အကြောင်း (အတ္ထသန္ဒါရ)ကား အဘယ်နည်း"ဟု မေး၏။ ဘုရားလောင်းက သားအား "ကျန်းမာခြင်း၊ အကျင့်သီလ၊ ပညာရှိတို့၏ အဆုံးအမ၊ ဗဟုသုတ၊ သုစရိုက် သုံးပါးကို ကျင့်ခြင်း၊ မပျင်းရိခြင်း ဤတရားခြောက်ပါးသည် အကျိုးစီးပွားဖြစ်ခြင်း၏ အကြောင်းများဖြစ်၏" ဟု ဖြေ၏။ သူ့သားသည် ထိုအခါမှစ၍ ထိုတရားခြောက်ပါးတို့ကို ကျင့်လေ၏။

လူလိမ္မာသည် ပညာရှိကို ဆည်းကပ်၍ ကြီးမြတ်ချမ်းသာသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အကျိုးစီးပွား၌လိမ္မာသော သာဝတ္ထိပြည် သူဌေး၏သားတို့ကို အာဒိကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ ဇာတ်ပေါင်း-သူဌေးသား=သူဌေးသား။ ဘုရား=ဗာရာဏသီသူဌေး။]

၈၅၊ ကိုဝ်ပက္ကဇာတ်

ကိုဝ်ပက္က အဆိပ်ပင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း လှည်းကုန်သည်မှူးသည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွားသော် တောအုပ်တခု၏ အဝသို့ရောက်၏။ သူသည် လူတို့အား "ငါ့ကိုမပန်ကြားဘဲ ရှေးက မစားဘူးသည့် အသီးမျိုးကို မစားကြလင့်"ဟုဆို၏။ ထိုတော၌ သရက်ပင်နှင့် လုံးဝတူသည့် 'ကိုဝ်ပက္က'အမည်ရှိ အဆိပ်ပင်ရှိ၏။ ထိုအပင်မှ အသီးတို့ကို 'သရက်သီး'မှတ်၍ အချို့က စားကြပြီး အချို့ကမူ အသီးကို လှည်းကုန်သည် မှူးအား ပြကြ၏။

ဘုရားလောင်းက "ဤအသီးကား အဆိပ်သီးတည်း။ မစားလင့်" ဟုဆို၍ စွန့်ပစ်စေ၏။ သူသည် ထိုအသီးကိုစားပြီးသူများအား ဆေးဖြင့်အန်စေ၍ ရောဂါမရှိအောင်ပြု၏။ ကြာမြင့်စွာ စား်းထားသော သူအချို့မူသေကြ၏။ ဘုရားလောင်းသည် အလိုရှိရာအရပ်သို့သွား၍ ကုန်များရောင်းချပြီး နေရပ်သို့ပြန်လေ၏။

ကာမဂုဏ်လိုက်စားသူသည် အဆိပ်သီးစားသူနှင့်တူ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မိန်းမတဦးကိုမြင်၍ဆာသန္ဒဩဇ္ဈေသောရဟန်းတပါးကိုအကြောင်းပြုပြီး၊ 'ကာမဂုဏ်သည် အဆင်းအနံ့အရသာရှိသော အဆိပ်သီးနှင့်တူ၏'ဟုသိစေလို၍" ဤဇာတ်ကိုဟော၏။ ။
ဇာတ်ပေါင်း–ဘုရား=လှည်းကုန်သည်မှူး။]

၈၆၊ သီလဝီမံသကဇာတ်

သီလကို စုံစမ်းသူအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်၏။ သူသည် အကျင့်သီလရှိ၍ ဒါနပြုလေ့ရှိသဖြင့် မင်းသည် သူ့ကို အခြားပုဏ္ဏားများထက် ပိုမြတ်နိုး၏။ တနေ့သ၌ သူသည် "မင်းက ငါ့ကို မြတ်နိုးသည်မှာ ငါ၏အတတ်ကြောင့်လော, သီလကြောင့်လော"ဟု စုံစမ်း သိလို၍ (သီလဝီမံသက) ရှေပန်းထိမ်သည်၏ ပျဉ်မှ တနေ့လျှင် တချပ်ကျ တိတ်တဆိတ် ယူ၍သွား၏။ တတိယအကြိမ်၌မူ ရှေပန်းထိမ်သည်သည် ဘုရားလောင်းကို ဖမ်း၍ "မင်း၏ဥစ္စာ ခိုးသူ"ဟု သုံးကြိမ်အော်ဟစ်၏။ လူတို့သည် လာ၍

"သင်သည် ကြာမြင့်စွာ သီလရှိယောင် ဆောင်နေ၏" ဟု ရိုက်နှက်၍ ချည်နှောင်ပြီး မင်းထံဆောင်၍ အကြောင်းစုံကို လျှောက်ကြား၏။ မင်းက "ပုရောဟိတ်အား မင်း၏ အာဏာကို ပြုလော့" ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည် မင်းအားကျိသို့ခိုးခြင်း၏အကြောင်းရင်းကို လျှောက်ကြားပြီး "ယခု ကျွန်ုပ်ကိုသင်မင်းကြီးမြတ်နိုးသည်မှာသိလကြောင့် ဟု သိရပေပြီ။ လောကဌ သီလသည်မြတ်၏" ဟု ဆိုပြီး ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်း ပြုလေ၏။

အကျင့်သီလသည် လူတိုင်းကို ကြီးပွား ချမ်းသာစေသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ သိလကို စုံစမ်းသည့် ပုဏ္ဏားတဦးကို အကြောင်းပြု၍"။ ။ကျိဇာတ်ကိုဟော၏။ ဇာတ် ၈ပါး-အာနန္ဒာ=မင်း။ ဘုရား=ပုရောဟိတ်။]

၈၇။ မဂ်လဇာတ်

မဂ်လာယူသည့် ပုဏ္ဏားအကြောင်း

ရာဇဂြိုဟ်ပြည် 'ခမ်မိက' မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ရသေ့သည် တနေ့သ၌ ရာဇဂြိုဟ်ပြည်သို့ကြ၍ မင်း၏ ဥယျာဉ်၌နေ၏။ မင်းသည် ဘုရားလောင်းအား ထိုဥယျာဉ်၌ နေစေလျက်နန်းတော်၌ဆွမ်းဖြင့် လုပ်ကျွေး၏။ ထိုအခါ 'အဝတ်လက္ခဏာဖတ် ပုဏ္ဏား'တဦးသည်သေတ္တာထဲ ထားသော ပုဆိုးစုံကို ကြက်ကိုက်သဖြင့် "ဤပုဆိုး အိမ်၌ရှိလျှင် ကြီးစွာပျက်စီးမည်။ အခြားသူအား မပေးသင့်၊ ပေးလျှင် ထိုသူလည်း ပျက်စီးမည်" ဟု ဆို၍ သားအား ထိုပုဆိုးကိုလှံကန်ဖြင့် ယူစေ၍ သုသာန်၌ စွန့်ပစ်စေ၏။ထိုလုလင် သုသာန်သို့သွားသော် ဘုရားလောင်းသည် ဦးစွာထိုသုသာန်သို့ သွားနှင့်၍ ထိုလုလင်စွန့်အပ်သော ပုဆိုးစုံကိုယူ၍ ဥယျာဉ်သို့ ပြန်လာ၏။ လုလင်သည် ထိုအကြောင်းကို အဖအား ပြောကြား၏။ အဖပုဏ္ဏားသည် "မင်းဆရာရသေ့ ပျက်စီးရာ၏" ဟုဘုရားလောင်းထံလာ၍ "ပုဆိုးကိုစွန့်လော့၊ မပျက်စီးလင့်" ဟုဆို၏။

ဘုရားလောင်းက "မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်သော မဂ်လာ(မင်္ဂလ)ကို မယုံကြည်သင့်" စသည်ဖြင့် တရားဟော၏။ ပုဏ္ဏားသည် မိစ္ဆာအယူကိုစွန့်၍ ဘုရားလောင်းကို ကိုးကွယ်လေ၏။

လူမိုက်သည် အရာရာတွင် အယူသည်းတတ်သည်။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌာနေစဉ် "အလားတူ ကြွက်ကိုက် အဝတ်ကို သားအား စွန့်ပစ်ခိုင်းသော အာဝတ်လက္ခဏာဖတ် ပုဏ္ဏားတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-သားအဖ= သား၁။ ဘုရား=ရသေ့။]

၈၈။ သာရမ္ဘဇာတ

ဘုရားလောင်းသည် တက္ကသိုလ်ပြည်ဝယ် ပုဏ္ဏားတဦး၏အိမ်၌ 'သာရမ္ဘ' မည်သော နာဂးဥဿဘ ဖြစ်၏။

[ဤဇာတ်သည် နန္ဒိဝိသာလဇာတ် (၈၁-၂၀)နှင့်တူ၏။]

၈၉။ ကုဟကဇာတ်

သူတော်စင်ဟန်ဆောင်သော ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ရွာတရွာမှ သူကြွယ်တဦးသည် အံ့ဘွယ်သရဲကို ပြုတတ်သော ကျောက်ကျစ်သည့် ရသေ့ တပါးကို 'သီလရှိ၏'ဟု ကြည်ညိုး၍ တောကျောင်း ဆောက်ပေးပြီး ကိုးကွယ်၏။ သူသည် တနေ့သ၌ ခိုးသူဘေးမှကြောက်၍ ရွာစင်နိုက်ခဲတရာကို ထိုရသေ့ ကျောင်းအတွင်း မြှုပ်၍ ရသေ့အား အပ်နှံထား၏။ နောက်မကြာမီ ထိုရသေ့ကောက်(ကုဟက) သည် ထိုရွာကိုယူ၍ ခရီးအကြား၌ ဝှက်ထား၏။ သူသည် နောက်တနေ့တွင် ထိုသူကြွယ်အိမ်၌ ဆွမ်းစားပြီး သူကြွယ်အား "သင့်ကိုမှီ၍ နေသည်မှာကြာပြီ။ရသေ့ ရဟန်းတို့အား လူတို့နှင့် ရောနှောနေခြင်းသည် မကောင်း။ထို့ကြောင့် ငါသွားအံ့" ဟုဆို၍ အိမ်မှထွက်၏။သူသည် အတန်ငယ်သွားပြီး သူကြွယ်ကို လှည့်စားရန် ဆံကျစ်ကြား၌ မြက်ကိုထား၍ တဖန်ပြန်လာ၏။ သူသည် သူကြွယ်အား "သင့်အိမ်မှ မြက်တပင်သည် ငါ့ဆံကျစ်ကြား၌ ငြိ၍ပါလာ၏။ အဒိန္နာဒါန်မည်သည် ရဟန်းတို့အား မအပ်။ ထို့ကြောင့် မြက်ကိုယူ၍ ပြန်လာ၏"ဟုဆို၏။ သူကြွယ်က "စွန့်၍ သွားပါလော့"ဟုဆိုပြီး "ငါ၏ အရှင်သည် သူတပါး ဥစ္စာကိုမယူ၊ ကုက္ကုစ္စ ရှိပေစ့" ဟု ရှိခိုး၍ လွှတ်လိုက်၏။

ထိုအခါကိစ္စဖြင့်ထိုသူကြွယ်အိမ်၌ တည်းခိုနေသော ဘုရားလောင်းသည် ထိုရသေ့၏ စကားကိုကြားလျှင်, "ဤရသေ့ယုတ်သည် သူကြွယ်၏ ဥစ္စာ တစုံ

တခုကို ခိုးယူသည် ဖြစ်မည်”ဟုကြံ၍ သူကြွယ်အားမေးမြန်းပြီး ထိုအပ်ထား သည့် ရွှေများ မျှပ်ထားရာကိုသွားစုံစမ်းခိုင်း၏။ သူကြွယ်သည် သွားကြည့်၍ ရွှေကိုမမြင်လျှင် ပြန်လာပြီးဘုရားလောင်းအား ပြောကြား၏။ဘုရားလောင်း က “သင့်ရွှေကို ထိုရသေ့သာယူထား၏”ဟုဆို၍ သူကြွယ်နှင့်တကွထိုရသေ့ ကိုလိုက်၍ ရိုက်နှက်ပြီး ရွှေကို ပြန်ပေးစေလေ၏။

ကောက်ကျစ်သူသည် လူမိုက်ကိုသာ လှည့်စားနိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် “အလားတူ အုံဩဘွယ်ကို ဖြစ်စေပြီး ရွှေကို ခိုးယူသော ရဟန်းတပါးကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** - ရဟန်းယုတ်=ရသေ့ယုတ်။ ဘုရား=ပညာရှိ ယောက်ျား။]

၉၀။ အကတညုဇာတ်

ကျေးဇူးကန်းသည့် သူ၌ငြားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဗာရာဏသီ သူဋ္ဌေးသည် ပစ္စန္တရစ်မှသူဋ္ဌေးတဦးနှင့် မမြင်ဘူးဘဲ မိတ်ဆွေဖြစ်နေ၏။ တနေ့ သဒ္ဓါသူသည် ထိုပစ္စန္တရစ်သူဋ္ဌေးက လှည်းငါးရာဖြင့် ကုန်များတင်၍ လှတ်လိုက်သော အလုပ်သမားတို့အား နေရာ, အစားအစာတို့ကို ပေးပြီး ကုန်များကို ရောင်းပေး၏။ ထိုသူတို့သည် ရသေ့ဘုရားတို့ကိုယူ၍ ပစ္စန္တရစ်သူဋ္ဌေး ထံသို့ ပြန်ကြ၏။ နောက် ဗာရာဏသီ သူဋ္ဌေးသည် အလားတူ လှည်းငါးရာ ဖြင့် ကုန်များတင်၍ အလုပ်သမားတို့ကို ပစ္စန္တရစ် သူဋ္ဌေးထံ စေလွှတ်၏။ ပစ္စန္တရစ် သူဋ္ဌေးသည် ထိုသူတို့အား “သင်တို့ပြောသော သူဋ္ဌေးသည် အခြားတဦးဖြစ်မည်”ဟု ပြက်ရယ်ပြု၍ လက်ဆောင်ကိုသာ ယူပြီး နေရာ, အစားအစာကို မပေးဘဲ နှင်ထုတ်၏။

ဗာရာဏသီသူဋ္ဌေး၏ လူတို့သည် ပါလာသည့် ကုန်များကို ရောင်းချပြီး ပြန်၍ သူဋ္ဌေးအား အကြောင်းစုံကို ပြောကြား၏။ တဖန် ထိုပစ္စန္တရစ် သူဋ္ဌေးသည် ရှေးနည်းတူ အလုပ်သမားတို့အား လှည်းငါးရာဖြင့် စေလွှတ်၏။ ထိုအခါ ဗာရာဏသီ သူဋ္ဌေး၏ လူတို့သည် ထိုသူတို့က မြို့ပြင်၌ လှည်းစခန်း ချစေပြီး သန်ကောင်ချိန်၌ သွား၍ လုယက်ပြီး ထိုအကြောင်းကို သူဋ္ဌေးအား ပြောကြား၏။ ဗာရာဏသီ သူဋ္ဌေးက “ရှေးဦးစွာ မိမိအား ပြုအပ်သော ကျေးဇူးကို မသိသူသည် (အကတညု) ဤဒုက္ခမျိုးကို ရကြ၏”ဟု ဆိုလေ၏။

လူမိုက်သည် ကျေးဇူးကန်းတတ်သဖြင့် မကြီးပွားနှင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပစ္စန္တရစ် သူဌေးတဦးနှင့် ဆက်ဆံရာတွင် အလားတူတွေ့ကြုံသောအနာထပ်ပိတ်သူဌေးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ပစ္စန္တရစ်သူဌေး=ပစ္စန္တရစ် သူဌေး။ ဘုရား=ဗာရာဏသီသူဌေး။]

၉၁။ လတ္တဇာတ

ကောက်ကျစ်သော ကြွေအန်သမားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ကြွေအန်ကြူး ဖြစ်၏။ ကောက်ကျစ်သည့်ကြွေအန်ကြူးတဦးသည် ဘုရားလောင်းနှင့်ကစား ရာ နိုင်လျှင် ကစားပွဲကို မဖျက်ဘဲ ရှုံးလျှင် အနှစ်ာကို ပါးစပ်ထဲငုံ၍ "ကြွေအန်ပျောက်ပြီ" ဟု ဆိုပြီး ကစားပွဲကို ဖျက်၍သွား၏။ ထိုအကြောင်းကို သိသော ဘုရားလောင်းသည် ကြွေအန်များကို အိမ်သို့ယူပြီး အဆိပ်ဖြင့် ထပ် ခါထပ်ခါသုတ်လိမ်း(လိတ္တ)၍ခြောက်စေပြီး ထိုကောက်ကျစ်သည့် ကြွေအန် ကြူးထံယူသွား၏။ ကစားသော် ထိုသူသည် ရှုံး၍ ထိုကြွေအန်ကို ပါးစပ်ဖြင့် ငုံလျှင် အဆိပ်အဟုန်ဖြင့် မိန်းမော၍ လဲကျ၏။

ဘုရားလောင်းသည် ထိုသူအား အန်ဆေးကိုတိုက် စတုံမဓုကို ကျွေး၍ အနာကင်းအောင် ပြုပေးပြီး "နောက် ဤအလုပ်မျိုးကို မပြုလင့်" ဟု ဆုံးမလေ၏။

လူယုတ်မာသည် ပညာရှိကို အကောက်ကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပစ္စဝေက္ခဏာကို မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်သော ရဟန်းတို့ကို အကြောင်းပြုပြီး 'ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အဆိပ်ကို သုံးဆောင်သည်နှင့်တူ၏။' ဟု သိစေလို၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း ဘုရား=ပညာရှိ ကြွေအန်ကြူး။]

၉၂။ မဟာသာရဇာတ်

ပုလဲကုံးနှင့် ဓမ္မာကမ်အကြောင်း

ဘုရားလောင်းသည် ထိုသူအား အန်ဆေးကိုတိုက် စတုံမဓုကို ကျွေး၍ အနာကင်းအောင် ပြုပေးပြီး "နောက် ဤအလုပ်မျိုးကို မပြုလင့်" ဟု ဆုံးမလေ၏။

လူယုတ်မာသည် ပညာရှိကို အကောက်ကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပစ္စဝေက္ခဏာကို မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်သော ရဟန်းတို့ကို အကြောင်းပြုပြီး 'ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အဆိပ်ကို သုံးဆောင်သည်နှင့်တူ၏။' ဟု သိစေလို၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း ဘုရား=ပညာရှိ ကြွေအန်ကြူး။]

၉၂။ မဟာသာရဇာတ်

ပုလဲကုံးနှင့် ဓမ္မာကမ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ တနေ့ သဒ္ဒမင်းသည်အခြံအရံဖြင့် ဥယျာဉ်သို့သွား၍ မင်္ဂလာရေအိုင်၌ ရေကစား၏။ မင်း၏မောင်းမတို့လည်း တန်ဆာများကိုချွတ်၍ စုလျှင်၌ထားပြီး ကျွန်မကို

စောင့်ခိုင်း၍ ရေထဲဆင်း၏။ ထိုအစောင့်ကျွန်မ ငိုက်မျဉ်းစဉ် မျောက်မတကောင်သည်လာ၍ မိဖုရား၏ 'မဟာသာရ'မည်သော ပုလဲသွယ်တန်ဆာကိုယူပြီး သစ်ခေါင်းထဲထား၍ ငြိမ်သက်စွာနေ၏။ ကျွန်မသည်နိုး၍ ပုလဲသွယ်ကို မမြင်သော် တုန်လှုပ်လျက် အခြားအကြောင်းကို မမြင်၍ "မိဖုရား၏ ပုလဲသွယ်ကို ခိုးသူယူပြေး၏"ဟု အော်ဟစ်၏။ အစောင့်တို့သည် ထိုအသံကို ကြား၍ ခိုးသူကိုရှာသော် မတွေ့ကြပေ။ မင်းသည် ပရိသတ်နှင့်အတူ မြို့သို့ ဝင်၏။

ထိုအခါ ဘုရားလောင်းသည် မင်းအား "ခိုးသူကို ရှာပေးမည်"ဟု ဆိုပြီး အခြေအနေအရပ်ရပ်ကို တွက်ဆ၍ "ညဉ့်ဉာဉ်ထဲရှိ မျောက်မများသာ ခိုးယူရမည်"ဟု စဉ်းစားမိ၏။ သူသည် အမှုလုပ်တို့အား ညဉ့်ဉာဉ်ရှိ မျောက်မတို့ကို ဖမ်းစေပြီး လက်, ခြေ, လည်တို့၌ ချည်ထုံးဖြင့်လုပ်သော တန်ဆာများကို ဆင်ယင်၍ လွှတ်လိုက်ပြီး စောင့်ကြည့်ခိုင်း၏။ ထိုမျောက်မတို့သည် တန်ဆာကို ရ၍ ရှင်လန်းစွာ ညဉ့်ဉာဉ်သို့ သွားကြ၏။ ထိုခိုးသူမျောက်မလည်း မဟာသာရ ပုလဲသွယ်ကို ဆင်လျက် ထွက်လာ၏။ အမှုလုပ်တို့သည် ထိုမျောက်မကို မြင်လျှင် ထိုတန်ဆာကို စွန့်စေပြီး ယူဆောင်၍ ဘုရားလောင်းအားပေး၏။ ဘုရားလောင်းသည် ထိုတန်ဆာကို ယူသွားပြီး မင်းအားပြ၍ အကြောင်းစုံကို လျှောက်၏။ မင်းသည် ဘုရားလောင်းအား ချီးမွမ်း၍ ရတနာခုနစ်ပါးဖြင့် ပူဇော်လေ၏။

ပညာရှိသည် ပညာဖြင့် ခက်ခဲသော ပြဿနာကို ဖြေရှင်းနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကောသလမင်းကြီးပျောက်ဆုံးသော ပတ္တမြားဥသျှောင်ကျင်ကို ဥပါယ်ဖြင့် ရယူပေးသော ရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**—အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ပညာရှိအမတ်။]

၉၃၊ ဝိဿာသ ဘောဇနီဇာတ်

ခြင်္သေ့နှင့်ပြောင်မအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် 'ဘုရားလောင်း ဗာရာဏသီသူဌေး၏ နွားကျောင်းသားတဦး'သည် 'တော၌ နွားများကို မေ့မြုပ်၍ ရံဖန်ရံခါ နွားနို့အရသာကို သူငယ်ထံ လာပို့၏။ တနေ့သ၌ သူက "နွားမတို့သည် နွားခြံအနီးနေ ခြင်္သေ့ကို ကြောက်ရွံ့သဖြင့် ညှိုးနွမ်းသဖြင့် နို့ရည်နည်းစွာထွက်

၏"ဟု သူဌေးကား ပြောကြား၏။ သူဌေးက "ထိုခြင်္သေ့သည် သတ္တဝါတဦးဦ တပ်မက်ခြင်းရှိသလော"ဟုမေးသော် နွားကျောင်းသားက "ခြင်္သေ့သည် ပြောင်မတကောင်နှင့် ပေါင်းသင်း၏" ဟု ဆို၏။

သူဌေးက "ထိုပြောင်မကို ဖမ်းပြီး ကိုယ်ကို အဆိပ်ဖြင့် ထပ်ခါထပ်ခါသုတ်လိမ်း၍ ခြောက်စေပြီး နှစ်ရက်သုံးရက်ကြာလျှင် ထိုပြောင်မကို လှတ်လော့။ ထိုခြင်္သေ့သည် ပြောင်မ၏ ကိုယ်ကိုလျက်၍ သေလတံ့"ဟု ဆို၏။ နွားကျောင်းသားသည် သူဌေးဆိုတိုင်းပြု၏။ ခြင်္သေ့သည် ထိုပြောင်မ၏ ကိုယ်ကို လျက်၍ သေလေ၏။

လူမိုက်သည် ကဲ့မဂုဏ် လိုက်စားမှုကြောင့် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အကျွမ်းဝင်သော သူတို့ပေးသည့် ဘောဇဉ်ကို(ဝိဿာသ ဘောဇန)သုံးဆောင်ခြင်းကို အကြောင်းပြု၍ ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**– ဘုရား=ဗာရာဏသီသူဌေး။]

၉၄၊ လောမဟံသဇာတ်

မိန္ဆာအကျင့်ကိုစုံစမ်းခြင်းအကြောင်း

လွန်ခဲ့သည့် ကိုးဆဲ့တစ်ကမ္ဘာထက်၌ ဘုရားလောင်းသည် မိန္ဆာအကျင့်ကို စုံစမ်းလိုသဖြင့် အဝတ်မဝတ်သော 'အာဇီဝက' အဖြစ်ဖြင့် ရဟန်းပြု၍ ကြောက်ဘွယ်ကောင်း တောကြီး၌ နွားခြေးတို့ကိုစားလျက် အလွန်ဆင်းရဲခံပြီးနေ၏။ ဆီးနှင်းကျသည့် ကာလ၌ညအခါလွင်တီးခေါင်၌နေ၍ နေထွက်သော် တောထဲပြန်ဝင်၏။ နွေကာလတွင် နေ့အခါ လွင်တီးခေါင်၌နေ၍ ညအခါ တောအုပ်ထဲဝင်၏။ အပူကို အလွန်ခံ၍ ချမ်းသော် အဝတ်မဝတ်, မီးမလုံ့။ ဤသို့သော အကျင့်ကိုကျင့်၍ သခါနီးအခါန် ငရဲနိမိတ်ကို မြင်သော် သူသည်"ဤအကျင့်ကား အကျိုးမရှိ" ဟု သိ၍ ထိုခဏ၌ပင် ထိုမိန္ဆာအယူကို စွန့်ပယ်ပြီး သမာဒိဌိအယူကို ယူသဖြင့် နတ်ပြည်၌ ဖြစ်လေ၏။

လူမိုက်သည် ဆိုးကျိုးကို မတွေ့သရွေ့ မိန္ဆာအကျင့်ကို နှစ်သက်၏။

[မြတ်စွာဘုရားသည် ဝေသာလီပြည် 'ပဋိက' သိတင်းသည် ဆောက်သည့်ကျောင်း၌နေစဉ် "ကောမာရခတ္တိယ'၏ မိန္ဆာအကျင့်ကို နှစ်သက်၍ ကျင့်သုံးသော 'သုနက္ခတ်'ရဟန်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-ဘုရား=အဝတ်မဝတ်သော အာဇီဝက။]

၉၅။ မဟာသုဒဿနဇာတ်

မဟာသုဒဿနစကြာမင်းအကြောင်း

ဘုရားလောင်းသည် တဆဲ့နှစ်ယူဇနာရှိ၍ ရတနာတံတိုင်းဖြင့် ကာရံအပ်သော 'ကုသိနာရုံ'မြို့ကြီး၌ 'မဟာသုဒဿန' မည်သော စကြာမင်း ဖြစ်၏။ သူသည် (စုတေခါနီးအချိန်တွင်) နန်းတော်ပြာသာဒ်ထက်မှ ဆင်း၍ အနီးရှိ ထန်းတော၌ ခင်းထားသည့် ရတနာညောင်စောင်း၌ အိပ်၏။ 'သုဘဒ္ဒါ' မိဖုရားကြီးက "မင်းကြီး၊ ကုသဝတီ, ရာဇဂြာနီ စသော ရှစ်သောင်း လေးထောင်သော မြို့တို့သည် သင်မင်းကြီး၏ ဥစ္စာတည်း။ ထိုမြို့တို့ကို ချစ်ပါဦးလော့"ဟု လျှောက်၏။ ဘုရားလောင်းက "ဤသို့ မဆိုလင့်။ ငါသည် ယနေ့ စုတေခြင်းကိုပြုအံ့" ဟု ဆို၏။ ထိုအခါ မိဖုရားကြီးသည် သည်းစွာငို၏။ သားကြီး, မှူးမတ် စသည်တို့နှင့်တကွ ရှစ်သောင်းလေးထောင်သော မင်း, မိန်းမတို့လည်း ငိုကြ၏။

ဘုရားလောင်းက "မငိုကြလင့်။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် ပျက်စီးတတ်သည်သဘောရှိ၏"စသည်ဖြင့် တရားဟော ဆုံးမပြီး နတ်ပြည်သို့ လွှားလေ၏။

တရားကိုသိသူသည် လောကဇံကို ခံနိုင်၍ စိတ်ချမ်းသာရ၏။

[မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၌ လျောင်းနေစဉ် "ဤကုသိနာရုံမြို့ငယ်၌ပရိနိဗ္ဗာန်စံတော်မမူပါလင့်"ဟုဆိုသောစကားကိုအကြောင်းပြု၍ "ရှေးက ကုသိနာရုံမြို့၏ ကြီးကျယ် ခမ်းနားပုံ" ကို သိစေလိုသဖြင့် ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ရာဟုလာမယ်တော်=သုဘဒ္ဒါမိဖုရား။ ရာဟုလာ=သားကြီး။ ဘုရား=မဟာသုဒဿနစကြာမင်း။]

၉၆၊ တေလပတ္တဇာတ်

ဘီလူးမနှင့် မင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားတထောင်တို့၏ ညီအငယ်ဖြစ်၏။ တနေ့သ၌ သူသည် နေ့စဉ် နန်းတော်၌ ဆွမ်းစားသော ပစ္စေကဗုဒ္ဓါတို့အား "တပည့်တော်သည် ဤပြည်၌ မင်းဖြစ်မည်လော။ မဖြစ်မည်လော"ဟု မေး၏။ ပစ္စေကဗုဒ္ဓါတို့က "သင်သည် ဤပြည်၌ မင်းဖြစ်မည်မဟုတ်။ သို့သော် သင်သည် တဖက်သို့လိုပြည်သို့ ယနေ့သွားပြီး ခရီးအကြာရှိ

ကန္တာရကြီး၌ ဖြားယောင်းသည့် ဘီလူးမတို့ကို မကြည့်ဘဲ သတိမြဲစွာထား၍ သွားနိုင်အံ့။ ယနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ တက္ကသိုလ်ပြည်တွင်မင်းဖြစ်လတံ့"ဟု မိန့်ကြားကုန်၏။

ထိုနေ့၌ပင် ဘုရားလောင်းသည် တက္ကသိုလ်ပြည်သို့ထွက်ခွာသွားရာ အတူလိုက်ပါလာသည့် အမှုလုပ်ငါးဦးတို့အား ဘီလူးမများ အကြောင်းကို ပြောကြား၍ သတိပေးထား၏။ယူဇနာငါးဆယ်ရှိသော ထိုကန္တာရသို့ရောက်သော် ဘီလူးမတို့သည် ရှာဖရပ် စသည်တို့ကို ဖန်ဆင်း၍ ထိုအမှုလုပ်ငါးဦးတို့ကို ဖမ်းစားကြ၏။ ဘုရားလောင်းသည်ကား ဆီပြည့်သောခွက် (တေလပတ္တ)ကို မဖိတ်အောင် ယူဆောင်သကဲ့သို့ ဘီလူးမကို မကြည့်ဘဲ ဆက်၍သွား၏။ ဘီလူးမတဦးသည် ဘုရားလောင်းကို ဖြားယောင်းလျက် တက္ကသိုလ်ပြည် မြို့တံခါးဝအထိ နောက်ကလိုက်၏။ ဘုရားလောင်းသည် ဇရပ်တခုဌာနေသော်သူ၏ တန်ခိုးကြောင့် ဘီလူးမသည် ဇရပ်သို့ မဝင်နိုင်သဖြင့် လှုပသည့် နတ်အဆင်းကို ဖန်ဆင်း၍ ဇရပ်တံခါး၌ နေ၏။

ထိုအခါ တက္ကသိုလ်ပြည်မှ မင်းကြီးသည် ညယ်ျာဉ်သို့သွားရာ ထိုဇရပ်နားသို့ ရောက်သော် ထိုဘီလူးမကို မြင်၍ နှစ်သက်သဖြင့် နန်းတော်သို့ယူဆောင်ပြီး မိဖုရားကြီးအရာ၌ ထား၏။ ညအခါ အိပ်ခန်း၌ အိပ်ကြသော် ဘီလူးမသည် ပရိယာယ်မာယာဖြင့် နန်းတော်တခုလုံး၌ အစိုးရခြင်း အာဏာကို မင်းထံမှ အရတောင်းယူ၏။ မင်းကြီးအိပ်ပျော်သော် ဘီလူးမသည် ဘီလူးမြို့သို့ သွားပြီး ဘီလူးတို့ကိုခေါ်၍ နန်းတော်တွင်းရှိ သတ္တဝါအားလုံးကို စားလေ၏။ နောက်တနေ့ မှူးမတ်တို့သည် နန်းတော်တွင်းသို့ဝင်၍ အရိုးစုများကိုသာ တွေ့မြင်လျှင် "မင်းကြီး၊ မယားပြုသည့် ထိုမိန်းမသည် ဘီလူးမဖြစ်၏"ဟု သိကြ၏။ နန်းတော်ကို ဆေးကြော သုတ်သင်ပြီးနောက် မှူးမတ်တို့သည် ဇရပ်၌နေသည့် ဘုရားလောင်းကို မင်းမြှောက်ကြလေ၏။

ပညာရှိသည် အာရုံငါးပါးကို မတပ်မက်၍ ကြီးပွားချမ်းသာရ၏။

[မြတ်စွာဘုရားသည် 'သုမ္ဘ'တိုင်း တောအုပ်တခု၌နေစဉ် "အလွန်လှုပသည့် 'ဇနပဒကလျာဏီ'ကို ဖော်ပြသည့် 'ဇနပဒကလျာဏီသုတ်'ကို အကြောင်းပြု၍'ရူပါရုံကို မတပ်မက်သင့်ကြောင်း'သိစေလိုသဖြင့်" ဤဇာတ်ကို ဟော၏။
ဇာတ်ခေါင်း– ဘုရား=တက္ကသိုလ်မင်းအဖြစ်သို့ ရောက်သော မင်းသား။]

၉၇၊ နာမသိဒ္ဓိဇာတ်
နာမည်ကောင်းရွေးသူအကြောင်း

ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်ငါးရာတို့အား ပေဒင်တို့ကို သင်ပေး၏။ 'ယုတ်မာ' မည်သော တပည့်လုလင်သည် မိမိအမည်ကို 'မင်္ဂလာမရှိ'ဟု မနှစ်သက်၍ ဆရာအား 'မင်္ဂလာရှိသည့် အမည်'ကို ပေးရန် ပြော၏။ ဆရာက "ဇနပုဒ်သို့ လှည့်လည်၍ လိုချင်သည့် အမည်ကို ယူခဲ့လော" ဟု ဆို၏။

ထိုလုလင်သည် တရွာမှ တရွာသို့ လှည့်လည်သော် ရွာအသီးသီး၌ 'သက်ရှည်'မည်သူ သေသည်ကိုဂုဏ်း၊ 'သူဌေးမ'မည်သော ကျွန်မသည် ဆင်းရဲနေသည်ကိုဂုဏ်း 'ဒေရီး' မည်သူ ခရီးမှားသည်ကိုဂုဏ်း တွေ့ရှိရသဖြင့် အမည်၌ လျစ်လျူရှုသည် ဖြစ်၏။ သူသည် ဆရာ့ထံသွား၍ ထိုအကြောင်းစုံကို ပြောကြားပြီး "အမည်သည် ပညတ်မျှသာတည်း။ အမည်ဖြင့်ပြီးခြင်း (နာမသိဒ္ဓိ) မည်သည် မရှိ။ ကံဖြင့်သာပြီး၏။ အခြားအမည်ကို ကျွန်ုပ်အလိုမရှိတော့ပါ" ဟု ဆိုလေ၏။

နာမည်သည် ပညတ်သာဖြစ်၍ အကျိုးအာနိသင်မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် 'ယုတ်မာ' အမည်ရှိ၍ အခြားအမည်ကို ပြောင်းလိုသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ယုတ်မာမည်သော ရဟန်း=ယုတ်မာမည်သော လုလင်။ ဘုရား=ဒိသာပါမောက္ခ။]

၉၈၊ ကူဋဝါဏိဇဇာတ်
ကောကျစ်သော ကုန်သည်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'ပဏ္ဍိတ'မည်သော ကုန်သည်သည် 'အတိပဏ္ဍိတ'မည်သော ကောက်ကျစ်စဉ်းလဲသည့် ကုန်သည် (ကူဋဝါဏိဇ)တဦးနှင့် ပေါင်းစပ်ပြီး လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွား၍ ကုန်များကိုရောင်းပြီး ပြန်လာ၏။ရလာသည့်ဥစ္စာကို ခဲ့ဝေရာ အတိပဏ္ဍိတက "သင်သည် 'ပဏ္ဍိတ' သာတည်း၊ ငါကား 'အတိပဏ္ဍိတ'တည်း။ သို့ဖြစ်၍ ငါသည် နှစ်စုရထိုက်၍ သင်သည်တစုသာရထိုက်၏" ဟုဆို၏။ဘုရားလောင်းက "ငါတို့နှစ်ဦးလုံး၏ အရင်းအနှီး, နွားစသည်တို့သည် အညီအမျှ ဖြစ်၍ အညီအမျှသာ ခဲ့သင့်၏" ဟု ဆို၏။

ထိုအခါ အတိပဏ္ဍိတသည် သူ့အဖအား ထိုအကြောင်းကို ပြောပြပြီး သစ်ခေါင်းထဲနေ၍ "ဤသို့ဆိုလော့" ဟု သင်ပေး၏။ နောက် ဘုရားလောင်းထံသွား၍ "ငါသည် နှစ်စုရထိုက်မရထိုက် ရုက္ခစိုးနတ်အား မေးကြစို့" ဟုဆို၏။ ရုက္ခစိုးထံ သွား၍မေးသော် ရုက္ခစိုးက "အတိပဏ္ဍိတသည် နှစ်စုရထိုက်၏" ဟုဆို၏။ ထိုအခါ ဘုရားလောင်းသည် "ရုက္ခစိုး ဟုတ် မဟုတ်သိရအံ့" ဟုကောက် ရိုးကိုယူပြီး ထိုသစ်ခေါင်းထဲသို့ သွင်း၍ မီးတိုက်၏။ အတိပဏ္ဍိတ၏အဖသည် အပေါ်သို့တက်၍ သစ်ကိုင်းမှ ဆင်းလာပြီး "ပဏ္ဍိတမည်သည် ကောင်း၏။ အမည်အား ဖြင့် 'အတိပဏ္ဍိတ' ဖြစ်၍ ကောက်ကျစ်သောသူသည်မကောင်း" ဟုဆို၏။ ထိုအခါ သူတို့နှစ်ဦးသည် ဥစ္စာကို ထက်ဝက်ခွဲ၍ ယူကြလေ၏။

လူမိုက်သည် ပညာရှိကို အကောက်ကြ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇောဝဓနကျောင်း၌နစဉ် "ကောက်ကျစ်သောကုန်သည် တဦးကိုအကြောင်းပြု၍" ဤဒေသနာတော်ကိုဟော၏။ ။ဇာတ်ပေါင်း–ကောက်ကျစ်သောကုန်သည်=ကောက်ကျစ်သောကုန်သည်။ဘုရား=ပညာရှိကုန်သည်။]

၉၉၊ ပရောသဟဿဇာတ်

ပညာရှိတပည့်ကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရသေ့သည် ရသေ့ဝါးရာအခြံအရံဖြင့် ဟိမဝန္တာဝဒ္ဒေးနေ၍။ တနေ့သ၌ သူ၏တပည့်ကြီးသည် မိုးကာလ၌ ရသေ့တဝက်ကိုယူ၍ ချဉ်ဆားမှီဝဲရန် လူ့ပြည်သို့သွား၏။ ထိုအခါ ဘုရားလောင်းစုတခါနီးသော် တပည့်တို့က "အဘယ်တရားကို ရပါသနည်း" ဟုမေးကြ၏။ ဆရာရသေ့သည် "နတ္ထိကိဉ္စိ" ဟု ဆိုပြီး အာဘာသရ ဗြဟ္မာ့ပြည်၌ သွားဖြစ်၏။ တပည့်တို့က "နတ္ထိကိဉ္စိ" ကို "ဆရာသည် တရားတစုံတရာကိုမျှမရ" ဟုအဓိပ္ပာယ်ကောက်၍ဆရာကို ပူဇော်ခြင်းမပြုကြ။ တပည့်ကြီးပြန်ရောက်၍ ထိုအကြောင်းကို ကြားသိလျှင် "နတ္ထိကိဉ္စိ ဟူသည် အာကိဉ္စညာယတန သမာပတ်ကို ရ၏" ဟု ဆိုလိုကြောင်း ရှင်းပြသော်လည်း ထိုရသေ့တို့ နားမလည်ကြကုန်။

ထိုအခါ ဘုရားလောင်း ဗြဟ္မာမင်းသည် ဗြဟ္မာ့ပြည်မှလာ၍ ကောင်းကင်၌ရပ်လျက် "တပည့်ကြီး၏စကားသည် ဇကန်မှန်၏" ဟု ဆို၍ တရားဟောပြီး ဗြဟ္မာ့ပြည်သို့ ပြန်လေ၏။

ပညာရှိ၏ စကားကို ပညာရှိသာ နားလည်နိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌိုင်နေစဉ် "ဘုရားဟောသည့် တရားအကျဉ်းကို အကျယ်အားဖြင့် ဟောပြသော ရှင်သာရိပုတ္တရာကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ရှင်သာရိပုတ္တရာ=တပည့်ကြီး။ ဘုရား=မဟာဗြဟ္မာမင်း။]

၁၀၀၊ အသာတရူပ ဇာတ်

အနုနည်းဖြင့် အနိုင်ယူသည့်မင်းသားအကြောင်း

ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ တရားသဖြင့် မင်းပြု၏။ သူသည် သားတယောက်ကိုရ၏။ ထိုအခါ ကောသလမင်းသည် ဗိုလ်ပါများ စွာနှင့် လာပြီး ဗာရာဏသီပြည်ကို တိုက်ယူ၍ ဗာရာဏသီမင်းကို သတ်ပြီး သူ့မိဖုရားကြီးကို မယားပြုလေ၏။ဗာရာဏသီမင်း၏ သားသည်ကား ရေပြုန် ပေါက်တံခါးဖြင့် ထွက်ပြေး၍ ဗိုလ်ပါကိုစုပြီး မြို့ကို ဝိုင်း၍ ကောသလမင်း အား "ပြည်ကိုပေးမည်လော၊ စစ်တိုက်မည်လော" ဟု အမှာစာ ပို့၏။ ကောသလမင်းက 'စစ်ထိုးမည်' ဟု စကားပြန်၏။

ထိုအခါ မင်းသား၏ မယ်တော်သည် ထိုသတင်းကိုကြား၍ "စစ်ထိုးဘို့ မလို။ မြို့ကိုဝိုင်း၍ ပိတ်ဆို့ထားလော့။ ရိက္ခာပြတ်၍ လူတွေ့ ပင်းပန်းကြသော် မြို့ကို စစ်မထိုးဘဲရမည်" ဟု အမှာစာပို့စေ၏။ မင်းသားသည် မယ်တော်၏ အမှာစာအတိုင်း ခုနစ်ရက်တိုင်တိုင် မြို့ကိုပိတ်ဆို့ထား၏။ ပြည်သူတို့သည် မသွားရမလာရသဖြင့် ကောသလမင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားအား ပေးကြ၏။ မင်းသားသည် မြို့တွင်းဝင်၍ မင်းပြုလေ၏။

ဥာဏ်သုံးသောသူသည် ကိစ္စတခုကို လွယ်ကူစွာ လုပ်ဆောင်နိုင်၏။

[မြတ်စွာဘုရားသည် 'ကုဏ္ဍိယ' မြို့အနီးတောအုပ်တခု၌နေစဉ် "ခုနစ်နှစ်ကိုယ်ဝန် ဆောင်ရပြီး ခုနစ်ရက်မီးဖွားရသော (ရှင်သီဝလိမယ်တော်) 'သုပ္ပဝါသာ' အမည်ရှိ သီတင်းသည်ကို အကြောင်းပြု၍ ထိုသားအမိနှစ်ဦးတို့ ကျိုးဆင်းရဲ ရခြင်း၏ အကြောင်းရင်း မကောင်းမှုကံကို သိစေလိုသဖြင့်" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—သားအမိ=သား အမိ။ ဘုရား=မင်းသား၏ ဖခင်။]

၁၀၁၊ ပရောသဇာတ်

[ဤဇာတ်သည် ပရောသဟာသဇာတ် (၉၁-၉၉)နှင့် အားလုံးတူသည်။]

၁၀၂။ ပဏ္ဏိကဇာတ်

ဟင်းရွက်သည်နှင့် သမီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟင်းရွက်ရောင်း၍ အသက်မွေးသော ဟင်းရွက်သည်(ပဏ္ဏိက) သီတင်းသည်တဦးသည် မိမိ၏သမီးကို အမျိုးတူသူတို့က လာတောင်းကြသဖြင့် "ငါ့သမီးအား ထိုမ်းမြားရန်မသင့်သေး။ ငါ့သမီးသည် အမြဲရှင်သည့်မျက်နှာရှိ၏။ သူမမှာ သီလရှိ,မရှိ စုံစမ်းအံ့"ဟု ကြံ၏။ တနေ့သ၌ သူသည် ဘုရားလောင်း ရဂ္ဂစိုးနတ်နေသည့်တောသို့ သမီးကို ခေါ်သွားပြီး ချစ်စကားကိုပြောဆို၍ လက်ကိုဆွဲ၏။ သမီးသည်ဆွဲကာမျှ၌ပင် ငို၍"ဖခင်၊ကျိုအမှုသည် မသင့်။ကျိုအမှုမျိုးကို မပြုလင့်"ဟု ဆို၏။

ဖခင်က"ငါသည် သင်၏အကျင့်သီလကို စုံစမ်းလို၍သာ လက်ကို ဆွဲ၏။ မငို့လင့်"ဟု ဆို၍ သမီးအကျင့်သီလရှိသည်ကို သိလျှင် အိမ်သို့ဆောင်ပြီး ထိမ်းမြားမင်္ဂလာပြု၍ လင့်အိမ်သို့ ပို့လေ၏။

မိဘမည်သည် သားသမီး၏ အရိပ်အကဲကို အမြဲကြည့်နေရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ မိမိသမီး၏ အကျင့်သီလကို စုံစမ်းသည့်ဟင်းရွက်သည် သီတင်းသည်ကို ,အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။။ဇာတ်ပေါင်း—အဖ=အဖ။ သမီး=သမီး။ ဘုရား=ထိုအဖြစ်ကိုမြင်သော ရဂ္ဂစိုးနတ်။]

၁၀၃၊ ဝေရိဇာတ်

ခိုးသူနှင့် သူဌေးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဗာရာဏသီသူဌေးသည် တနေ့သ၌ ပင့်ဖိတ်သည့် ထမင်းကိုစားရန် ရွာငယ်တခုသို့ သွား၏။ ပြန်လာသော် ခရီးအကြား၌ ခိုးသူ(ဝေရီ)တို့ကို မြင်လျှင် ခရီးအကြား၌ ရပ်နားမနေဘဲ နွားတို့ကိုနှင်၍ မိမိအိမ်သို့အရောက် ပြန်၏။ သူသည် ခိုးသူတို့မှ လွတ်၍ ဝမ်းမြောက်သော ဥဒါန်းစကားကို ကျူးရင့်လေ၏။

ခရီးသွားလျှင် ဓားအစ္စရုယ်ကို ကြည့်၍ သွားရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်"အလားတူ ခိုးသူတို့လက်မှ လွတ်အောင် အိမ်သို့ ပြန်လာသည့် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဗာရာဏသီသူဌေး။]

၁၀၄၊ မိတ္တဝိန္ဒကဇာတ်

[ဤဇာတ်သည် စတုဒ္ဒါရ(၀၊)မဟာမိတ္တဝိန္ဒကဇာတ် (ဇာ-၄၃၉)အတိုင်းပင်] သင်ဓုန်းစက်ကို ရွက်၍ ငရဲခံရသော မိတ္တဝိန္ဒက,က "ကျွန်ုပ်သည် အဘယ်မကောင်းမှုကို ပြုခဲ့ဘူးသနည်း" ဟု မေးသဖြင့် ဘုရားလောင်း နတ်သားက "သုံးဆယ့်နှစ်ဦးသော ဝေမာနိက ပြိတ္တာမတို့ကို ရခဲ့ပြီး အလိုရမှက် ကြီးသောကြောင့် ဤသင်ဓုန်းစက်ကို ရွက်၍ ဆင်းရဲခံရ၏" ဟု ဆိုလေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဆိုနိုင်ခက်သော် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဆိုနိုင်ခက်သောရဟန်း=မိတ္တဝိန္ဒက။ ဘုရား=နတ်သား။]

၁၀၅၊ ဒုဇ္ဇလကဋ္ဌဇာတ်

အမြဲကြောက်လန့်နေသည့် ဆင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မင်္ဂလာဆင်ကို စစ်မြေပြင်၌ တုန်လှုပ်ခြင်း မရှိစေရန် ဆင်ဆရာတို့အား လေ့ကျင့်ခိုင်း၏။ ဆင်ဆရာတို့သည် ချုန်းကိုင်သူတို့အား ဆင်ကို ဆင်ချည်တိုင်၌ ချည်စေပြီး ရိုက်နှက်ခိုင်း၏။ ထို ဆင်သည် ဝေဒနာကို သည်းမခံနိုင်သဖြင့် ဆင်ချည်တိုင်ကိုချိုးပြီး ကြောက်လန့်တုန်လှုပ်လျက် ဘုရားလောင်း ရဂ္ဂစိုးနတ်နေသည့် ဟိမဝန္တာတောသို့ ပြေး၏။ထိုဆင်တည် တောထဲ ရောက်နေသော်လည်း ကြောက်စိတ်မပြေသေးဘဲ တုန်လှုပ်လျက်ပင် ရှိနေ၏။

ဘုရားလောင်းသည် သစ်ခွဋ် ရပ်လျက် ထိုဆင်အား "လေကြောင့် သစ်ခက်ခြောက်(ဒုဇ္ဇလကဋ္ဌ)ကျိုးသည့် အသံဖြင့်ပင် သင်ကြောက်လန့်နေဘိ၏။ ဤတောဋ္ဌ သင့်မှာ ဘေးမရှိ။ မကြောက်လင့်" ဟူ၍ ဆုံးမ၏။ ထိုဆင်သည် ထိုနေ့မှစ၍ ကြောက်လန့်ခြင်း မရှိတော့ပေ။

အသိပညာနည်းသူသည် ပညာရှိကို မှီခိုအားထား၍ နေထိုင်ရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ထိတ်လန့်တတ်၍ ပိန်ချုံးသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ပိန်ချုံးသည့်ရဟန်း=ဆင်။ ဘုရား=ရဂ္ဂစိုးနတ်။]

၁၀၆၊ ဥဒဥ္ဇနီဇာတ်

မိန်းမကျိုးနှင့် ရသေ့ငယ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် [ဤသို့ စသည် "စူဠနာရဒကဿပ ဇာတ်(ဇာ-၄၇၇) အတိုင်း] ဘုရားလောင်း ရသေ့သည် သစ်သီးတို့ကို ယူဆောင်၍ တောမှ ပြန်လာသော် မျက်နှာ မသာမယာနှင့် မိုင်နေသည့် သားရသေ့ငယ်က "ဖခင်၊ သစ်သီးရှာ ထွက်သွားစဉ် မိန်းမတယောက် လာပြီး ဖြားယောင်း၍ ကျွန်ုပ်ကို ခေါ်သွားရန် အားထုတ်၏။ ဖခင်ကိုပန်ကြားပြီး ဤမည်သော အရပ်၌ စောင့်နေသည့် ထိုမိန်းမထံသို့ ယခု သွားအံ့" ဟု ဆို၏။

ဘုရားလောင်းသည် သားရသေ့အား တရားဟော၍မရသဖြင့် "ကောင်းပြီ၊ သွားလော့။ သင်သည် ထိုမိန်းက ကျွန်ကဲ့သို့ ခိုင်း၍ ပင်ပန်းသော် ဤအရပ်သို့သာ ပြန်လာလော့" ဟု ဆို၍ လွှတ်လိုက်၏။ ရသေ့ငယ်သည် ထိုမိန်းမနှင့်အတူ လူ့ပြည်သို့ သွား၏။ ထိုမိန်းမက အဲလိုရှိတိုင်းသော အရာဝတ္ထုများကို ယူဆောင်ခိုင်းသော် ရသေ့ငယ်သည် "ဤမိန်းမကား ငါ့ကို ကျွန်ကဲ့သို့ပြု၍ နှိပ်စက်၏" ဟု ဆို၍ ဖခင်ထံ ပြန်ပြေးလေ၏။

မိန်းမမည်သည် လင့်ကို ကျွန်ကဲ့သို့ နှိုင်းတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အပျိုကြီး ဖြားယောင်း၍ သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အပျိုကြီး= အပျိုကြီး။ ငြိုးငွေ့သော ရဟန်း= ရသေ့ငယ်။ ဘုရား=ဖခင်ရသေ့။]

၁၀၇၊ သာလိတ္တကဇာတ်

ကျောက်စရစ် ပစ်သမားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ် ဖြစ်၏။ ပုရောဟိတ်သည် အလွန်စကားများပြီး သူတပါးအား ပြောခွင့်ကိုမပေးသဖြင့် မင်းသည် သူစကားမပြောအောင် လုပ်ရန် ကြံနေ၏။ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွားသော် ညောင်ပင်အောက်တွင် ကလေးများ ဝန်းရံလျက် ကျောက်စရစ်များနှင့်ပစ်၍ ညောင်ရွက်များ၌ အရုပ်မျိုးစုံကို လုပ်ပြနေသည့် ကျောက်စရစ်အပစ် (သာလိတ္တက) ကျွမ်းကျင်သည့် သူဆွံ

တဦးကို တွေ့မြင်၏။ မင်းသည် သူဆွံ့ကို နှန်းတော်သို့ဆောင်၍ အပေါက်ဝကို ဖောက်ထားသည့် ကန့်လန့်ကာအတွင်း၌ ဆိတ်ခြေး တကွမ်းစားနှင့် တကွနေစေ၏။ ခစားရန်လာသည့် ပုရောဟိတ်ကို ထိုအပေါက်ငယ်သို့ရှေ့ရှု၍ ခင်းထားသည့် နေရာတွင် ထိုင်စေ၏။

ပုရောဟိတ်သည် အခြားသူတို့အား အခွင့်မပေးဘဲ မင်းနှင့်စကားပြော ဆို၏။ သူဆွံ့သည် ထိုအပေါက်ငယ်မှ တလုံးတလုံးသော ဆိတ်ခြေးကို ပုရောဟိတ်၏ အာခေါင်ထဲသို့ ပစ်သွင်း၏။ ပုရောဟိတ်သည် လာတိုင်းသော ဆိတ်ခြေးများကို မျိ၏။ ထိုအခါ မင်းသည် ပုရောဟိတ်အား "သင်သည် ဆိတ်ခြေး တကွမ်းစားကို မျိလျက် တစုံတခုမျှ မသိ။ ယခုသွား၍ ဝမ်းနုတ်ပြီး အနာကင်းအောင်ပြုလော့" ဟု ဆို၏။ ပုရောဟိတ်သည် ထိုနေ့မှစ၍ ပါးစပ် ပိတ်ထားဘိသကဲ့သို့ စကားပြောသော သူနှင့်ပင် စကား မပြောတော့ပေ။ မင်းသည် မိမိအား နှားချမ်းသာခြင်းကို ပြုပေးသည့် သူဆွံ့အား အခွန်တသိန်းထုတ်သည့် ရွာလေးရွာကို ပေး၏။ ထိုအခါ ဘုရားလောင်းသည် မင်းအား "မင်းကြီး၊ အတတ်မည်သည် သင်ယူအပ်သာတည်း။ သူဆွံ့သည် ကျောက်စရစ်အတတ်ဖြင့်ပင် ဤစည်းစိမ်ကိုရ၏" ဟု ဆိုလေ၏။

အတတ်ပညာသည်မည်သည် သူ့နေရာနှင့်သူ အသုံးကျသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ပျံနေသည့် ဟင်္သာ၏ မျက်စိကို ကျောက်စရစ်ဖြင့်ပစ်၍ ခြေရင်း၌ကျစေသော ကျောက်စရစ်အတတ်၌ ကျွမ်းကျင်သည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း—ကျောက်စရစ်ပစ်တတ်သောရဟန်း=သူဆွံ့။ အာနန္ဒာ=မင်း။ ဘုရား=ပညာရှိ အမတ်။]

၁၀၈၊ ဗာဟိယဇာတ်

အရှပ်ဆိုးသည့် တောသူအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ ထိုအခါ ဝဖြိုး၍ အဆင်းမလှသည့်တောသူမတဦးသည် မင်းယင်ပြင်အနီးဖြင့် သွားစဉ် ဝမ်းသွားချင်လာ၍ ထမီဖြင့်ကိုယ်ကိုဖုံးကာ ထိုင်လျက်ဝမ်းသွားပြီး အညစ်အကြေးသုတ်သင်၍ လျင်စွာထ၏။ မင်းသည် ပြူတင်းမှ ဤသို့ပြသော ထိုမိန်းမကိုမြင်သော် "ဤမိန်းမသည် ဖျတ်လတ်သဖြင့် ရောဂါမရှိ ဖြစ်ရာ၏။ သူမ၏သားအိမ်သည် သန့်ရှင်းရာ၏။ ထိုသားအိမ်၌ တည်သော သားသည်

သန့်ရှင်း၍ ဘုန်းကြီးပေမည်'ဟု အလွန်နှစ်သက်သဖြင့် ထိုမိန်းမကိုခေါ်စေပြီး မိဖုရားကြီးအရာ၌ထား၏။ မကြာမီပင် ထိုမိန်းမသည် ကိုယ်ဝန်ရှိသားကို ဖွား၏။ ထိုသားသည် စကြဝတေးမင်း ဖြစ်လာ၏။

ထိုအခါ ဘုရားလောင်းက မင်းအား "အတတ်မည်သည် သင်ယူအပ်သည်သာတည်း။ မြို့ပဖြစ်သော (ဗာဟိယ)တောသူမသည် ဖုံးလွှမ်း၍ ကိုယ်လက် သုတ်သင်တတ်သဖြင့် မင်းကိုနှစ်သက်စေ၏" ဟု ဆိုလေ၏။

အတတ်ညာမည်သည် သူ့နေရာနှင့်သူ အသုံးကျသည်သာ့။

[မြတ်စွာဘုရားသည် ဝေသာလီပြည် 'ကူဋာဂါရ'ကျောင်း၌နေစဉ်"ဝဖြိုးပြီး အဆင်းမလှသည့် မိန်းမရှိသော 'လိစ္ဆဝီမင်း' ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–လင်မယား=လင်မယား။ ဘုရား=ပညာရှိအမတ်။]

၁၀၉။ ကုဏ္ဍကပူဝဇာတ်

ဆင်းရဲသားနှင့် ရုက္ခစိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် တခုသော အရပ်၌ ကြက်ဆူပင်စောင့် ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ 'နက္ခတ်ပဲ့သဘင်' ဖြစ်သည့်နေ့၌ နတ်ကိုးကွယ်သူတို့သည် မိမိတို့၏ ရုက္ခစိုး နတ်များအား ပန်းခဲ့ဘွယ် ဘောဇဉ်များဖြင့်ပူဇော်ကြ၏။ ဆင်းရဲသားတဦးသည် ဆန်ကဲ့မုံ့ (ကုဏ္ဍကပူဝ) ကို ယူလာ၍ ကြက်ဆူပင်နတ်အား ပူဇော်ရန် အနီး၌ရပ်လျက် "နတ်တို့သည် နတ်ခဲ့ဘွယ်ကိုသာစား၏။ ငါ၏ နတ်သည် ဤဆန်ကဲ့မုံ့ကို မစားလတံ့။ ငါပင်စားအံ့" ဟု ကြံ၍ ထိုအရပ်မှ ပြန်မည်ပြု၏။

ဘုရားလောင်းသည် ကြက်ဆူပင်ခွဲ၌ရပ်လျက် "အို့ယောကျ်ား၊ သင်သည် ဆင်းရဲ၍သာ ဤမုံ့မျိုးဖြင့် ပူဇော်၏။ ငါသည် ထိုမုံ့ကိုစားအံ့" ဟု ဆို၏။ ထိုသူဆင်းရဲသည် ပြန်လာပြီး ဘုရားလောင်းကို ကြည့်၍ ပူဇော်၏။ ဘုရားလောင်းသည် ထိုသူဆင်းရဲသားအား "ငါသည် သင့်အား ကျေးဇူးဆပ်အံ့။ ဤကြက်ဆူပင် ပတ်လည်၌ ရွှေအိုးများရှိ၏။ သင်သည်မင်းအား လျှောက်ကြား၍ ဥစ္စာကို ဆောင်စေပြီး မင်းယင်ပြင်၌စုံပုံလော့။ မင်းသည် သင့်အား နှစ်သက်၍ သူဌေးအရာကို ပေးလတံ့" ဟုဆိုပြီး ပျောက်ကွယ်သွား၏။ ထိုဆင်းရဲသားသည် ဘုရားလောင်းဆိုတိုင်းပြု၍ သူဌေးအရာကို ရလေ၏။

ပညာရှိသည် ကျေးဇူးရှိသူကို ကျေးဇူးဆပ်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရားအား ဆန့်ကဲမုံကို လူသဖြင့်ကြံယဉ်ဝလာသော 'မဟာဒုဂ္ဂတ' အမည်ရှိသူဆင်းရဲကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**--မဟာဒုဂ္ဂတ=သူဆင်းရဲ။ ဘုရား=ကြက်ဆူပင်စောင့်နတ်။]

၁၁၀။ သဗ္ဗသံဟာရကဇာတ်

၁၁၁။ ဂဒြဘပဉ္ဉာဇာတ်

၁၁၂။ အမရာဒေဝီပဉ္ဉာဇာတ်

[ဤဇာတ် ၃ ခုသည် မဟာဥမင်္ဂဇာတ် (ဇာ ၅၄၅)တွင် ပါရှိ၏။]

၁၁၃။ သီဂ်ါလဇာတ်

ပုဏ္ဏားနှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သုသာန်တောဥစ္စာရကွစိုးနတ်ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်၌ နက္ခတ်ပဲ့သဘင်ဖြစ်၍ လူတို့သည် 'နတ်တို့အားပူဇော်ရန် ခရီးလမ်းမစသည် ထိုထိုအရပ်တို့၌ ငါးအမဲစသည်တို့ကို ကြဲပြီး အိုးကင်းငယ်တို့၌ သေရည်များစွာကို ထားကြ၏။ မြေခွေး(သဂ်ါလ)တကောင်သည် သန်ကောင်ချိန်၌ ပြန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်ပြီး ငါးအမဲကိုစား၍ သေရည်ကိုသောက်ပြီး ချုံကြားသို့ဝင်၍အိပ်၏။

သူသည် အရက်တက်မှန်း၍မထွက်နိုင်သဖြင့် "ဥပါယ်ဖြင့် တစုံတယောက်အား ငါ့ကိုထုတ်ဆောင်စေအံ့"ဟု ကြံ၍ ခရီးအနီးသို့သွားပြီး ဝပ်နေ၏။ သူသည် အနီး၌သွားသော ပုဏ္ဏားအား "ငါ့မှာ သုသာန်၌ ငွေနှစ်ရာရှိ၏။ ငါ့ကို သဲင်းချိုင်းကြား၌ထား၍ အဝတ်ဖြင့်ဖုံးပြီး သုသာန်သို့ ထုတ်ဆောင်လျှင် ထိုငွေနှစ်ရာကို သင့်အားပေးအံ့"ဟု ဆို၏။ ပုဏ္ဏားသည် ဥစ္စာကိုလိုချင်၍ မြေခွေးဆိုတိုင်းပြု၍ သုသာန်သို့သွား၏။ သုသာန်ရောက်သော် မြေခွေးက "ဤသစ်ပင်ရင်း၌တူးလော့"ဟုဆို၏။ပုဏ္ဏားသည်ကိုယ်ရုံပုဆိုးကိုချထား၍မြေကိုတူးနေစဉ် မြေခွေးသည် ထိုအဝတ်ပေါ် ချေး,သေးတို့ကို စွန့်ပြီးတောထဲသို့ဝင်သွား၏။ ထိုအခါ ဘုရားလောင်းသည် သစ်ပင်ခွဲ၌ရပ်လျက် ပုဏ္ဏားအား

"သင်သည် မြေခွေးစကားကို ယုံဘိ၏။ မြေခွေးမှာ အာသပြာနှစ်ရာ ထား ဘိုဦး ယောက်သွားတရာပင် မရှိ" ဟုဆို၍ ကဲ့ရဲ့လေ၏။

လောဘကြီးသော လူမိုက်သည် လှည်ပတ်တိုင်း ရနိုင်သည်။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် 'သံဃာကိုဏ်းခဲ့ပြီး ဘုရားကို ကဲ့ရဲသော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ပေါင်း-ဒေဝဒတ်=မြေခွေး။ ဘုရား=ရဟန္တာစုံးနတ်။]

၁၁၄။ မိတစိန္တိဇာတ်

ငါးပျင်း ၂ ကောင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် "မိတစိန္တိ၊ ဗဟုစိန္တိ၊ အပ္ပစိန္တိ" မည်သော ငါးသုံးကောင်တို့သည် တောမှ လူ့ပြည်သို့လာ၍ ဗာရာဏသီပြည်၌ နေကြ၏။ မိတစိန္တိငါးသည် ကျန်ငါးနှစ်ကောင်အား "ဤလူ့ပြည်သည် ဘေးများ၏။ တံငါတို့သည် ကွန်များကိုပစ်၍ ငါးတို့ကို ဖမ်းကြ၏။ ငါတို့ တောင်၌သာ နေကုန်အံ့" ဟုဆို၏။ ထိုငါးနှစ်ကောင်တို့သည်အလွန်ပျင်းသဖြင့် "ယနေ့သွားမည်၊ နက်ဖြန်သွားမည်" ဟုဆိုလျက် သုံးလကြာသွား၏။

တနေ့သ၌ တံငါတို့သည် မြစ်၌ကွန်များကိုပစ်သော် ထိုငါးနှစ်ကောင်တို့ ကွန်၌ မိကြလေ၏။ မိတစိန္တိ (ဘုရားလောင်းသည်) ထိုအကြောင်းကိုသိ၍ လာပြီး ထိုကွန်ကို ခဲဖျက်၍ ကယ်ဆယ်ရလေ၏။

ပျင်းရိခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပျင်းရိသည့် ရဟန်းကြီး နှစ်ပါးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ရဟန်း ကြီးနှစ်ပါး=ဗဟုစိန္တိနှင့်အပ္ပစိန္တိငါးနှစ်ကောင်။ ဘုရား=မိတစိန္တိငါး။]

၁၁၅။ အနုသာသိကဇာတ်

ဆုံးမလွှဲရှိသော ငှက်မအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ငှက်မင်းသည် ငှက်များစွာ ခြံရံလျက် ဟိမဝန္တာ၌ နေ၏။ ထိုငှက်များအနက် 'အနုသာသိကာ' မည်သော ငှက်မသည် ခရီးမသို့သွား၍ လှည်းမှကျသည့် စပါးစေ့များကို စားပြီး တခြားငှက်များကိုမူ "ခရီးမသည် ဘေးအန္တရာယ်များ၏" ဟု ဆို

ဆုံးမ၏။ တနေ့သ၌ ထိုဌက်မသည် ခရီးမ၌ ကျက်စားသော် လျင်စွာလာသည့် လှည်း၏ ဘီးဖြင့် နင်းမိ၍ သေလေ၏။

လူယုတ်သည် သူတပါးကိုသာ ဆုံးမပြီး မိမိမူ မကျင့်ကြံပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိမိမူ လျှပ်ပေါ်လော်လည်၍ သူတပါးတို့အား ဆိုဆုံးမသော တနေ့သ၌ ဆိတ်ခတ်၍ ပေါင်ကျိုးသွားသည့် ရဟန်းမတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆုံးမတတ်သော ရဟန်းမ=ဆုံးမတတ်သော ဌက်မ။ ဘုရား=ဌက်မင်း။]

၁၁၆။ ဒုဗ္ဗစဇာတ်

ဆိုနိုင်ခက်သော လှံခုန်ဆရာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် လှံကိုခုန်သည့် အတတ်ကိုသင်၍ ဆရာနှင့်အတူအတတ်ကိုပြုလျက် လှည့်လည်၏။ ဆရာသည် လှံလေးစင်းကိုသာ ခုန်နိုင်ပြီး ငါးစင်းကိုမူ မခုန်နိုင်။ တနေ့သ၌ ဆိုနိုင်ခက်သော (ဒုဗ္ဗစ) ထိုဆရာသည် အရက်မူးလျက် ရွာတရွာ၌ အတတ်ကို ပြရာ ဘုရားလောင်း၏ စကားကို မနာယူဘဲ လှံငါးစင်းကိုခုန်သော် ငါးစင်းမြောက်လှံတွင် စူး၍သေ၏။ ထိုအခါ ဘုရားလောင်းက "ပညာရှိတို့၏ စကားကို မလိုက်နာ၍ ပျက်စီးရ၏" ဟု ဆိုလေ၏။

ပညာရှိစကားကို နားမထောင်လျှင် မှားမည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆိုနိုင်ခက်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆိုနိုင်ခက်သောရဟန်း=ဆရာ။ ဘုရား=တပည့်။]

၁၁၇။ တိတ္တိရဇာတ်

တွန်လှန်းသော ခါအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရသေ့သည် ရသေ့အပေါင်းခြံရံလျက် ဟိမဝန္တာ၌ နေ၏။ ထိုအခါ နွားတ်ကြမ်း၍ ဆိုနိုင်ခက်သော ရသေ့တပါးသည် ပုဆိန်ဖြင့် ထင်းခဲနေသည့် ရသေ့တပါးအား "ဤဌပေါက်လော့၊ ဤဌပေါက်လော့" ဟုဆို၏။ ထင်းခဲသည့် ရသေ့သည်

အမျက်ထွက်၍ ထိုနွားတ်ကြမ်းသည့် ရသေ့ကို ပုဆိန်ဖြင့် ပေါက်သတ်လေ၏။

ထိုရသေ့တို့၏ ကျောင်းအနီး၌နေသော ခါ(တိတ္တိရ)တကောင်လည်း နံနက်တိုင်း တောင်ပို့ထိပ်၌ရပ်၍ ကျယ်စွာတွန်သဖြင့် ၎င်းကို မုဆိုးတဦးလာ၍ သတ်ယူသွား၏။ ထိုအခါ ဘုရားလောင်းက "အလွန် တွန်သည့် ခါကဲ့သို့ အလွန်ဆိုသော သူသည် မိမိစကားဖြင့် ပျက်စီး၏"ဟု ရသေ့တို့အား အဆုံးအမကို ပေးလေ၏။

နွားတ်မကောင်းသောသူသည် နွားတ်ကြောင့်ပင် သေရတတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မိမိစကားကြောင့်ပင် ပျက်စီးသော 'ကောကာလိက'အမည်ရှိ ရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း – ကောကာလိက=ဆိုနိုင်ခက်သည့် ရသေး။ ဘုရား=ဆရာရသေ။]

၁၁၈။ ဝဠဂဇာတ်

ပညာရှိ ငုံးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တောမှ ငုံးတို့ကို ဖမ်း၍ အိမ်၌အစာကျွေးပြီး ရောင်း၍ အသက်မွေးသည့် ငုံးမုဆိုးတဦးသည် တနေ့သ၌ တောတွင်နေသည့် ဘုရားလောင်းနှင့် တကွသော ငုံး (ဝဋ္ဋ)များစွာတို့ကို ဖမ်း၍ယူဆောင်၏။ ဘုရားလောင်းသည် အကယ်၍ ဒုစာရဇစာကို ငါမသုံးဆောင်လျှင် ကြုံလို့သော ငါ့ကို လူတို့ မယူလတံ့"ဟု ကြံ၍ မစားမသောက်ဘဲ နေသော် အရိုးအရေမျှသာ ရှိသည်ဖြစ်၍ လူတို့သည် ဘုရားလောင်းမှတပါးသော ငုံးအားလုံးကို ဝယ်ယူသွားကြ၏။

မုဆိုးသည် တောင်းကို ထုတ်၍ တံခါး၌ ထားပြီး ဘုရားလောင်းကို လက်ဝါးပြင်၌ တင်၍ကြည့်၏။ ထိုခဏ၌ ဘုရားလောင်းသည် လျင်စွာတောသို့ ပျံသွားလေ၏။

ပညာရှိသည် ဥာဏ်ဖြင့် ဘေးအန္တရာယ်မှ လွတ်အောင် လုပ်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် "ဤသေဘေးမှ လွတ်လျှင် ရဟန်းပြုအံ့ဟု အမိဋ္ဌာန်၍ သေဘေးမှလွတ်သော 'ဥတ္တရ' သူငယ်သားကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ဘုရား=သေဘေးမှ လွတ်သောငုံး။]

၁၁၉။ အကာလရာဝိဇာတ်

အချိန်မဟုတ် တွန်သည့် ကြက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်ဘုရားလောင်း ဒိသာပါမောက္ခဆရာသည် လုလင်ငါးရာတို့အား အတတ်သင်ပေး၏။ ထိုလုလင်တို့သည် အချိန်မှန်မှန်တွန်သည့် ကြက်တကောင်ကို ချိုင့်၌ထား၍ ထိုကြက်တွန်သံဖြင့် အတတ်ကို သရဇ္ဈာယ်ကြ၏။ ထိုကြက်သေသော် သူတို့သည် သုသာန်တောမှ လုလင်တဦး ဖမ်းယူခဲ့သော ကြက်တကောင်ကို ချိုင့်၌ မွေးထား၏။ ထိုကြက်သည် သုသာန်၌ ကြီးပျင်းသည်ဖြစ်၍ ရံခါ အလွန် စောစောတွန်၍, ရံခါ အရုဏ်တက်ပြီးမှ တွန်၏။ ထိုကြက်တွန်သံဖြင့် သရဇ္ဈာယ်ကြသည့် လုလင်တို့သည် အလွန် အနှောက်အယှက်ရသည်ဖြစ်၍ ထိုကြက်ကို သတ်စားကြ၏။

ထိုအခါ ဆရာက "ဤကြက်သည် အဆုံးအမကို မယူခဲ့ဘဲ တောင်ကြီးပြင်းသည်ဖြစ်၍ အခါမဟုတ်သည်၌ တွန်သဖြင့် (အကာလရာဝိ) သေရ၏" ဟု ဆိုလေ၏။

အဆုံးအမ, မရှိသောသူသည် ဘေးဒုက္ခနှင့် ကြုံရမြဲ ဖြစ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ညအခါတွင် နိုးတိုင်း နိုးတိုင်း အခါမဟုတ်သည်၌ အသံပြုတတ်သော ရဟန်းများအား အနှောက်အယှက်ပေးသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း—အချိန်မဟုတ်သည်၌ အသံပြုတတ်သောရဟန်း=အချိန်မဟုတ်သည်၌ တွန်တတ်သောကြက်။ ဘုရား=ဒိသာပါမောက္ခဆရာ။]

၁၂၀၊ ဗန္ဓနမောစနဇာတ်

တကျာကြီးသော မိဖုရားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြာဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်၏။ တနေ့သ၌ မင်းသည် သုံးဆယ့်နှစ်ယူဇနာ ဝေးသည့် ပစ္စန္တရစ်ကို ငြိမ်းစေရန် သွား၏။ မင်းသည် မိဖုရား၏ တောင်းဆိုချက်အရ တယူဇနာ ရောက်တိုင်း သူ၏ချမ်းသာဆင်းရဲကို အကြောင်းကြားစေရန် မင်းချင်းယောကျ်ားတဦး တဦးကို မိဖုရားထံစေလွှတ်၏။ မိဖုရားသည် လာတိုင်းသော ထိုသူအား လုံးနှင့် မေထုန်မှီဝဲ၏။ ပစ္စန္တရစ်ကိုငြိမ်းစေပြီး ပြန်လာသည့် အခါ၌လည်း ထို့အတူ မင်းချင်းယောကျ်ား သုံးဆယ့်နှစ်ဦးကိုစေလွှတ်၏ မိဖုရားသည် ထိုသူ

အားလုံးနှင့်လည်း မေထုန်မှီဝဲ၏။ ပစ္စန္တရစ်မှ မင်းပြန်လာစဉ် ဘုရားလောင်းသည် နန်းတော်ကိုသုတ်သင်ရာ မိဖုရား၏ အခန်းသို့ ရောက်သွား၏။ သူ့အား မိဖုရားက မေထုန်မှီဝဲရန်ပြော၍ မရသဖြင့် "ငါ့စကားကို မလိုက်မာလျှင် သင့်ဦးခေါင်းကို ဖြတ်စေအံ့" ဟု ခြိမ်းချောက်၏။ ထိုနောက် မိဖုရားသည် မိမိ အခန်းသို့ဝင်ပြီးကိုယ်၌ လက်သည်းရာကိုထင်စေ၍ နာဟန်ဆောင်လျက်နေ၏။

မင်းသည် နန်းတော်သို့ ရောက်၍ မိဖုရားထံသွား၏။ မိဖုရားက "ပုရောဟိတ်သည် နန်းတော်ကို သုတ်သင်ရန်လာစဉ် ကျွန်ုပ်ကိုရိုက်နှက်ပြီးဗလက္ကာရပြုကျင့်၍သွား၏" ဟုဆို၏။မင်းသည် ချက်ခြင်းအမျက်ထွက်၍ "ပုရောဟိတ်ကို လက်ပြန်ကြိုးတုပ်ပြီး သုသာန်သို့ဆောင်၍ ဦးခေါင်းကို ဖြတ်လော့" ဟုဆို၏။ ဘုရားလောင်းက မင်းကြီး ကျွန်ုပ်သည် မိဖုရားကို မကျူးလွန် မင်းကြီး စေလွှတ်လိုက်သည့် လူ ခြောက်ဆယ်လေးယောက်တို့သာ မိဖုရားကိုကျူးလွန်ကြ၏။ ထိုသူတို့ကို ခေါ်မေးလော့" ဟု ဆို၏။ မင်းက ခေါ်မေးသော် ထိုသူအားလုံးတို့က "ကျူးလွန်မိကြောင်း" ဝန်ခံကြ၏။ မင်းသည် "ထိုသူတို့၏ ဦးခေါင်းများကို ဖြတ်လော့" ဟု ဆို၏။

ထိုအခါ ဘုရားလောင်းက "ထိုသူတို့မှာ မိဖုရားအလိုကို ဖြည့်ပေးရ၍ အပြစ်မရှိပါ။ မိန်းမတို့မည်သည် မေထုန်မှုဖြင့် မရောင့်ရဲနိုင်ကြ၍ မိဖုရားမှာလည်း အပြစ်မရှိပါ" ဟု မင်းအား လျှောက်၏။ မင်းသည် ထိုသူအားလုံးကို ခွင့်လွှတ်၏။ ထို့နောက် ဘုရားလောင်းသည် "ပညာရှိတို့သည် အနှောင့်အဖွဲ့ ခံရသော်လည်း ထိုအနှောင့်အဖွဲ့မှ လွတ်စေကုန်၏ (ဗန္ဓနမောစန)" စသည်ဖြင့် မင်းအား တရားဟောပြီး ရဿေ့ ရဟန်းပြု၍ ဟိမဝန္တာ၌ နေလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရားအား စွပ်စွဲသော 'စိဉ္စမာဏဝိကာ' ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— စိဉ္စမာဏဝိကာ=မိဖုရားပျက်။ အာနန္ဒာ=မင်း။ ဘုရား=ပုရောဟိတ်။]

၁၂၁၊ ကုသနာဠိဇာတ်

ကျူးရုံစောင့် နတ်ကလေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မဲင်း၏ဥယျာဉ်ဝယ် သမန်းမြက်ချုံ၌ရုက္ခစိုးနတ်ဖြစ်၏။ သူသည် ထိုဥယျာဉ်ရှိ မင်္ဂလာသစ်ပင်

ဌ္ဌ နေသည့် ဘုန်းကြီးသော နတ်မင်းတဦးနှင့် အကျွမ်းဝင်၏။ ထိုအခါ မင်းသည် သူ၏ တပင်တိုင်နန်းပြာသာဒ်မှ နေ့သောတိုင်ကို လဲလှယ်ရန်အတွက် 'အနှစ်ရှိ၍ ကြီးသောသစ်ပင်'ကို လက်သမားတို့အား အရှာခိုင်း၏။ ထိုသူတို့သည် မင်္ဂလာသစ်ပင်မှတပါး အခြားကိုမမြင်သဖြင့် မင်းထံမှ ခုတ်ခွင့်ဟောင်းပြီး လာ၍ နောက်တနေ့ ခုတ်ရန် သစ်ပင်အား ပူဇော်ခြင်းကို ပြုကြ၏။

ထိုသစ်ပင်၏ ရုက္ခစိုးနတ်သည် ဘယ်သွားရမည်ကို မမြင်၍ သားငယ်တို့ကို လည်၌ ဖက်ကာ ငိုး၏။ သူ၏မိတ်ဆွေ နတ်သားနှစ်ဦးတို့ဘည် လာ၍ ထို အကြောင်းကို ကြားလျှင် ငိုကြ၏။ ထို့နောက် ဘုရားလောင်း ရောက်လာပြီး ထိုအကြောင်းကို ကြားသော် "ကျွန်ုပ်သည် ထိုသစ်ပင်ကို မခုတ်ရအောင် ပြုပေးပါမည်"ဟု ဆို၏။ သူသည် လုက်သမားတို့လာသော် ပုတ်သင်အသွင် ဖြင့် ထိုသစ်ပင်၏ အမြစ်ကြားသို့ ဝင်ပြီး ထိုသစ်ပင်မှာ အခေါင်းရှိလေဟန် ပြု၍ သစ်ပင်၏အလယ်ဖြင့်တက်ပြီး ပင်စည်ထိပ်မှထွက်၍ ခေါင်းကို လှုပ်လှုက် ဝပ်၏။ လက်သမားတို့သည် ထိုပုတ်သင်ကို မြင်၍ "ဤသစ်ပင်ကား အခေါင်း ရှိ၏၊ အနှစ်မရှိ"ဟု ဆိုပြီး သွားကြ၏။

ထိုအခါ ရုက္ခစိုးနတ်မင်းက မိတ်ဆွေနတ်နှစ်ဦးအား "ငါတို့သည် တန် ခိုးကြီးသော်လည်း ပညာမရှိ။ သမန်းဘုတ် ကျူးရုံ(ကုသနာဋ္ဌိ)နေ နတ်သံ့သည် ပညာရှိပေ၏။ မိတ်ဆွေမည်သည် အယုတ်၊အလတ်၊အမြတ်မရွေး ဖွဲ့အပ်သည် သာ ဖြစ်၏"ဟု ဘုရားလောင်းကို ချီးကျူးပြောဆိုလေ၏။

ပညာရှိ မိတ်ဆွေကို ဆည်းကပ်လျှင် ဘေးကင်းမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အနာထပိဏ် သူဌေး၏ စည်းစိမ်ဥစ္စာတို့ကို ခိုးယူသောဘေးမှ မဆုံးရှုံးအောင် ကာကွယ်စောင့်ရှောက် ပေးသည့် သူ၏ မိတ်ဆွေတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း—အာနန္ဒာ =မင်္ဂလာသစ်ပင်စောင့်နတ်။ ဘုရား=သမန်းဘုတ် ကျူးရုံစောင့်နတ်။]

၁၂၂၊ ဒုမ္မေဓဇာတ်

မဲ့င်းမိုက်နှင့် မင်္ဂလာဆင် အကြောင်း

ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည်'မဂဓ'မင်း၏ မင်္ဂလာဆင်ဖြူတော် ဖြစ်၏။ မင်းသည် ပဲ့သဘင်ဖြစ်သောနေ့၌ ထိုမင်္ဂလာဆင်ကို စီး၍ မြို့ကို လှည့်လည် သော် လူတို့က "မင်္ဂလာဆင်သည် စကြဝတေးမင်းနှင့် သင့်တော်ပေ၏"

စသည်ဖြင့် မင်္ဂလာဆင်ကို ချီးမွမ်းကြ၏။ မင်းသည် ဆင်ကိုမနာလို၍ ဆင်မှ ဆင်းပြီး ဆင်ဆရာအား ဆင်ကို စီးစေ၍ "ဤဆင်ကို လေပုလွတောင်ထိပ်သို့ တက်ခိုင်းလော့" ဟု ဆို၏။ မင်းလည်း အမတ်များနှင့်အတူ ထိုတောင်ထိပ်သို့ တက်၍ ဆင်ဆရာအား ဆင်ကို ကမ်းပါးပြတ်သို့ ရှေ့ရှုထားစေပြီး "ခြေ သုံး ဘက်ဖြင့်ငင်း၊ ရှေ့ခြေနှစ်ဘက်ဖြင့်ငင်း၊ နောက်ခြေ နှစ်ဖက်ဖြင့်ငင်း၊ ခြေတဖက်တည်းဖြင့်ငင်း ရပ်စေလော့" ဟူ၍ တခုပြီးတခု ပြုခိုင်း၏။ ဆင်သည် ဆင်ဆရာ သင်သည့်အတိုင်း ပြု၏။ ထို့နောက် မင်းသည် "ကောင်းကင်၌ ခြေတို့ကို တည်စေလော့" ဟု ခိုင်း၏။

ထိုအခါ ဆင်ဆရာသည် "ဤမင်းကား ဤဆင်ကို တောင်ကမ်းပါးပြတ်၌ ကျ၍ သေစေလို၏" ဟုကြံ၍ ဆင်နား၌ ကပ်လျက် "ကောင်းကင်ဖြင့် သွားနိုင်လျှင် ဗာရာဏသီပြည်သို့ သွားလော့" ဟု ဆင်ကို ပြော၏။ ဆင်သည် ကောင်းကင်၌ တည်သော် ဆင်ဆရာက မင်းအား "ဤဘုန်းတန်ခိုးရှိသော ဆင်သည် သင်္ကဲ့သို့ ဘုန်းပညာနည်းသူ (ဒုမ္မေဓ)နှင့် မထိုက်။ သင် ယခု နေရစ်လော့" ဟု ဆို၍ ကောင်းကင်ဖြင့် ဗာရာဏသီပြည်သို့ သွားပြီး မင်းယင်ပြင် အထက် ကောင်းကင်၌ ရပ်၏။ မင်းသည် နန်းတော်မှ ဆင်း၍ "ငါ့ဘို့ရောက်လာသည် ဖြစ်အံ့၊ မြေ၌ ရပ်လော့" ဟု ဆို၏။ ဆင်သည် မြေ၌တည်သော် ဆင်ဆရာသည် ဆင်းပြီး မင်းအား ရှိခိုးလျက် အကြောင်းစုံကို လျှောက်၏။ မင်းသည် ဆင်ကို မင်္ဂလာဆင်အရာ၌ ထား၍ မြို့ကို သုံးစုံခဲ့ပြီး "ဆင်အား တစု၊ ဆင်ဆရာအား တစု" ပေးလေ၏။

လူယုတ်မာသည် ပညာရှိကို မကောင်းကြီးလျှင် အကျိုးယုတ်မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း—ဒေဝဒတ်=မဂဓမင်း။** သာရိပုတ္တရာ=ဗာရာဏသီမင်း။ အာနန္ဒာ=ဆင်ဆရာ။ ဘုရား=မင်္ဂလာဆင်။]

၁၂၃၊ နင်္ဂလီသဇာတ်

ထူးအလွန်းသည့် တပည့်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဒိသာပါမောက္ခ ဆရာသည် လုလင်ငါးရာတို့အား အတတ်သင်ပေး၏။ ထိုလုလင်များအနက် 'လာဠက'မည်သော လုလင်သည် အလွန်အမင်း ဉာဏ်ထိုင်း၏။ ဆရာကိုမူ များစွာကျေးဇူးပြု၍ ကျွန်ကဲ့သို့ အမှုကိစ္စအားလုံးကို ပြုပေး၏။ ထိုအခါ ဆရာ

သည် 'လာဋ္ဌက'ကို ပညာရှိအောင် လုပ်လိုသဖြင့် "သင်သည် ယနေ့မှစ၍ မြင်ခဲ့, ကြားခဲ့, သောက်ခဲ့, စားခဲ့သည့်အရာများကို ငါ့အား ပြောလော့' ဟု ဆို၏။

တနေ့သ၌ 'လာဋ္ဌက'သည် ထင်းခွေသွားသော် 'မြွေ'ကိုမြင်၍ ဆရာအား ပြောကြား၏။ ဆရာက "မြွေသည် ဘာနှင့်တူသနည်း" ဟု မေးသော် သူက ထွန်ထုံးထွန်သံ(နင်္ဂလိသ)နှင့် တူ၏" ဟု ဆို၏။ တဖန် သူသည် 'ဆင်'ကို မြင်ခဲ့ ကြောင်းပြောပြီး ဆရာက မေးသော် "ဆင်သည် ထွန်တုံးထွန်သံနှင့် တူ၏" ဟု ဆို၏။ တဖန် သူသည် 'နို့ဓမ်းနို့ရည်' ကို စားခဲ့ရကြောင်းကို ပြောပြီး ဆရာအား "နို့ဓမ်းနို့ရည်သည် ထွန်တုံးထွန်သံနှင့်တူ၏" ဟု ဆိုပြန်၏။ ဤတွင် ဆရာက "သင့်ကို အတတ်ပေးရန် မတတ်နိုင်" ဟု ဆို၍ လာဋ္ဌကအား ရိက္ခာပေးပြီး ပြန်စေလေ၏။

ပညာရှိကို ဆည်းကပ်လျှင် အကျိုးယုတ်သည် မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မင်္ဂလာအရာ၌ အမင်္ဂလာတရားကို, အမင်္ဂလာအရာ၌ မင်္ဂလာတရားကိုဟော်သော 'လာဋ္ဌဒါယိ'မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–လာဋ္ဌဒါယိ= လာဋ္ဌက။ ဘုရား=ဒီသာပါမောက္ခဆရာ။။]

၁၂၄။ အမ္မဇာတ်

ရသေ့နှင့် ငှက်များအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရသေ့သည် ရသေ့ငါးရာခြံရုံလျက် ဟိမဝန္တာ၌နေ၏။ ထိုအခါဟိမဝန္တာတွင် အလွန်ပူသည့် နွေအခါ ဖြစ်၍ထိုထိုအရပ်၌ သောက်ရေတို့ ပြတ်ကုန်၏။ တိရစ္ဆာန်တို့သည် သောက်ရေကို မရကြသဖြင့် ပင်ပန်းကုန်၏။ ထိုအခါ ရသေ့တပါးသည် သစ်ပင်တပင်ကိုဖြတ်၍ စားကျင်းလုပ်ပြီး သောက်ရေကို ပြည့်စေ၍ တိရစ္ဆာန်တို့အား သောက်ရေကိုပေး၏။ ထိုရသေ့သည် သောက်ရေကို စိမ်ရသဖြင့် သစ်သီး ရှာဖွေခွင့် မရပေ။

ထိုအခါ ငှက်တို့သည် "ယနေ့မှစ၍ သောက်ရေကို သောက်ရန်လာသည့် ငှက်သည် မိမိအစွမ်းအားလျော်စွာ သစ်သီးကိုယူ၍ လာသင့်၏" ဟု ကတိကဝတ်ကို ပြုကြ၏။ ငှက်တို့ ယူဆောင်လာသည့် သရက်(အမ္ဗ) ပိန္နဲ၊ သပြေသီး စသည်တို့သည် အလွန်များလှသဖြင့် ရသေ့အား လုံးအဘို့ လုံလောက်

လေ၏။ ထိုအခါ ဘုရားလောင်းက "ဝတ်နှင့်ပြည့်စုံသည့် ရသေ့တပါးကို မှီ၍ ရသေ့ငါးရာတို့အား သစ် သီးကြီးငယ်ဖူလုံပေ၏။ ဝိရိယ မည်သည်ကို ပြုအပ်၏"ဟူ၍ ရသေ့တို့အား အဆုံးအမကို ပေးလေ၏။

ကုညိတတ်သူသည် ကျေးဇူး တုံ့ပြန်မှုကို ရစမြဲတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝတ်ကြီးဝတ်ငယ်များကို ပြုလုပ်သဖြင့် ကြည်ညိုသူတို့က နေ့စဉ် ပူဇော်ဘွယ်များကို လှူဒါန်းကြ၍ ရဟန်းတို့အား ချမ်းသာစွာ နေရခြင်းကို ဖြစ်စေသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ဝတ်နှင့် ပြည့်စုံသောရဟန်း=ဝတ်နှင့် ပြည့်စုံသော ရသေ့။ဘုရား=ဆရာရသေ့။]

၁၂၅။ ကဋ္ဌာဟကဇာတ်

ကျွန်လည်နှင့် သူဌေးသမီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူဌေးသည်သူ့သား နှင့်တပြိုင်တည်းမွေးသော 'ကဋ္ဌာဟက' အမည်ရှိကျွန်မသားကိုဘဏ္ဍာစိုးအရာ၌ ထား၏။ တနေ့သ၌ 'ကဋ္ဌာဟက'သည် "ငါသည် ဤမည်သော ငါ့သားကို သင့်ထံစေလွှတ်၏။ သူ့အားသင့်သမီးကိုပေး၍သင့်အိမ်၌နေစေလော့။ အခွင့် ရသော် ငါလာအံ့"ဟု ပုရပိုက်တခု၌ ကိုယ်တိုင်ရေး၍ သူဌေး၏ တံဆိပ်ကို ခတ်နှိပ်ပြီး လက်ဆောင်များနှင့်တကွ သူဌေး၏မိတ်ဆွေ ပစ္စန္တရစ်သူဌေးထံ သွား၏။ ပစ္စန္တရစ် သူဌေးသည်ထို'အမှာစာ'ကိုဖတ်၍ နှစ်သက်ပြီး မိမိသမီးကို ကဋ္ဌာဟကအား ပေး၍ အိမ်၌နေစေ၏။ ကဋ္ဌာဟကသည် များစွာသော အခြံအရံဖြင့် နေ၏။

နောက် ဘုရားလောင်းသည် ကဋ္ဌာဟကအကြောင်းကိုကြား၍သူ့ကိုပြန် ခေါ်ရန် အခြံအရံဖြင့် ပစ္စန္တရစ်သို့ သွား၏။ ကဋ္ဌာဟကသည် သူဌေးလာ ကြောင်းကြား၍ မိမိကြောင့် လာသည်ကို ရိပ်မိသဖြင့် ပစ္စန္တရစ်အနီးသို့ ရောက်လာသော ဘုရားလောင်းထံသွား၏။သူသည်ဘုရားလောင်းအားရှိခိုး၍ လက်ဆောင်များစွာကို ဆက်သပြီး ဝတ်ကြီးဝတ်ငယ်တို့ကို ကျွန်ကဲ့သို့ပြုပေး၍ သူဌေး၏ခြေတို့၌ဝပ်လျက် "အရှင်လိုသလောက်ဥစ္စာကိုပေးပါအုံ၊ကျွန်ုပ်၏ စည်းစိမ်ကို မပျက်ပါစေလင့်"ဟုဆို၏။ ကဋ္ဌာဟကသည် ဘုရားလောင်းအား ကျွန်ကဲ့သို့ အမှုကိစ္စအားလုံးကိုပြု၏။

ဘုရားလောင်းသည် ပစ္စန္တိရစ္ဆာသူငှေးနှင့် စကားစမြည် ပြောပြီးလျှင် သူငှေးသမီးကို ခေါ်၍ "သင်တို့နှစ်ဦးညီညွတ်စွာ နေ၏ကြလော" ဟုမေး၏။ သူငှေးသမီးက "အရှင့်သားမှာ တခြားအပြစ်မရှိပါ။ အစားအစာကိုသာ အလွန်ကဲ့ရဲ၏" ဟုဆို၏။ ဘုရားလောင်းက "ငါသည် ငါ့သား၏ နှုတ်ပိတ် မန္တန်ကို ပေးအံ့။ အစာစားချိန်၌ ကဲ့ရဲသည့် ငါ့သား၏ ရှေ့၌ ရပ်လျက် ဤဂါထာကို ရွတ်ဆိုလော့" ဟု ဆို၍သူငှေးသမီးအား ပေး၏။ ဘုရားလောင်း သည် မကြာမီ ဗာရာဏသီမြို့သို့ ပြန်၏။

ထိုအခါမှ စ၍ ကဋ္ဌာဟကသည် အတိုင်းထက်အလွန် မာနကြီးလေ၏။ တနေ့သ၌ သူငှေးသမီးသည် အရသာရှိသည့် ဘောဇဉ်ကို ကဲ့ရဲရန်အား ထုတ်သည့် ကဋ္ဌာဟကရှေ့၌ ရပ်လျက် ဘုရားလောင်း ပေးသည့် ဂါထာကို (အဓိပ္ပာယ် မသိဘဲ) ရွတ်ဆို၏။ ကဋ္ဌာဟကသည် "သူငှေးသည် သူငှေး သမီးအား ငါ့အကြောင်းကို အလုံးစုံ ပြောခဲ့သည် ဖြစ်မည်" ဟု ယူဆပြီး ထိုအခါမှ စ၍ ထမင်းကို မကဲ့ရဲတော့ဘဲ မာန်မာနကင်းပြီး ကျွးတိုင်းသော ထမင်းကို စား၏။

လူနိုက်သည် ကြီးပွားလျင် ထေရင်လွှားတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် "ကဲ့ရဲရွတ်ချသော စကားကို ဆိုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ရွတ်ချစကားကို ဆိုတတ်သောရဟန်း=ကဋ္ဌာဟ ကကျွန်။ ဘုရား=ဗာရာဏသီ သူငှေး။]

၁၂၆၊ အသိလက္ခဏဇာတ်

သန့်ကျက် လက္ခဏာဖတ် ပုဏ္ဏားအကြောင်း

ဘုရားလောင်းလည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ တူဖြစ်၏။ ထိုမင်းမှာ သန့်ကျက်သွားကို နမ်း၍ သန့်ကျက်လက္ခဏာ (အသိလက္ခဏ)ကို ဖတ်တတ်သော ပုဏ္ဏားတဦးရှိသည်။ ထိုပုဏ္ဏားသည် မိမိအား လာဘ်ထိုးသည့် ပန်းဖဲတို့ လုပ်သော သန့်ကျက်ကို ကောင်းကြောင်းဖတ်၍ လာဘ်မပေးသည့် ပန်းဖဲတို့ လုပ်သော သန့်ကျက်ကိုမူ မကောင်းကြောင်းဖတ်၏။ ထိုအခါ ပန်းဖဲတဦး သည် သန့်ကျက်လုပ်ပြီး သန့်ကျက်အိမ်ထဲ၌ နူးညံ့သော ငြုတ်မှုန့်ကို ထည့်၍ မင်းအား သန့်ကျက်ကို ဆက်၏။ မင်းသည် ပုဏ္ဏားအား သန့်ကျက်ကို စုံစမ်းစေ၏။ ပုဏ္ဏားသည်သန့်ကျက်သွားကို နမ်းသော် ငြုတ်မှုန့်သည်သူ့နှာခေါင်း

ထဲသို့ ဝင်သွား၍ ခေ၏။ သူ့နှာခေါင်းသည် သန်လျက်သွားနှင့် ရိုက်ခတ်မိပြီး နှစ်ပိုင်းပြတ်၏။ မင်းသည် ပုဏ္ဏားအား ဆေးကုစေပြီး ချိပ်တို့ဖြင့် နှာခေါင်းတုကို ပြု၍ တဖန် ခစား၏။

ထိုမင်းမှာ သားမရှိ၊ သမီးတဦးသာရှိ၏။ ထိုသမီးနှင့်တူဖြစ်သူ မင်းသားတို့သည် အတူတကွ ကြီးပြင်း၍ အရွယ်ရောက်သော် ချစ်ကြိုက်ကြ၏။ ထိုအကြောင်းကို မသိသော မင်းကြီးသည် ဆွေမျိုး ပေါမျှားလို့သဖြင့် "တူအား အခြားမင်းသမီးကို ပေး၍၊ သမီးကို အခြားမင်းအား ပေးအံ့" ဟု ကြံပြီး ထိုသူနှစ်ဦးကို အိမ်တဆောင်စီ ခွဲ၍ ထား၏။ ထိုအခါ တူဖြစ်သူ မင်းသားသည် နတ်ဝင်မအား ငွေတထောင်ပေး၍ မင်းသမီးကို နန်းတွင်းမှ ထုတ်ပေးရန် ပြော၏။ နတ်ဝင်မသည် သူမ၏ ဥပါယ်ကို မင်းသားအား ပြောကြားပြီး မင်းထံသွား၍ "မင်းကြီး၊ မင်းသမီးအထက်၌ သူယုတ်ရှိ၏။ ကျွန်ုပ်သည် အစောင့်အရှောက်များနှင့်တကွ မင်းသမီးကို ရထားဖြင့် သုသာန်သို့ယူ၍ ညောင်စောင်းအောက်၌ သူသေကိုအိပ်စေပြီး ညောင်စောင်းအထက်၌မင်းသမီးကို ထင်းနှံ့သာရေဖြင့်ရေချိုးစေပြီး သူယုတ်ကို မျှောအံ့" ဟု ဆို၏။မင်းသည် သဘောတူ၍ နတ်ဝင်မသည် မင်းသမီးကို သုသာန်သို့ ယူသွား၏။ မင်းသားသည် သုသာန်သို့ အလျင်သွားနှင့်၍ အင်းပျဉ်ဝန်းအောက်၌ သူသေကဲ့သို့ အိပ်၏။ နတ်ဝင်မသည် ထိုအင်းပျဉ်ဝန်းအထက်၌ ညောင်စောင်းကိုထား၍ အပေါ်၌ မင်းသမီးကိုထား၏။

ထိုအခါ မင်းသားသည် ငြုတ်မှုန့်ကို မိမိနှာခေါင်းဆဲထည့်၍ ချေသော် "သူ သေချေ၏" ဟု နတ်ဝင်မနှင့် အစောင့်အရှောက်တို့သည် မင်းသမီးကို စွန့်၍ ပြေးကြ၏။ မင်းသားသည် ထ၍ မင်သမီးကို မိမိအိမ်သို့ယူဆောင်၏။ မင်းကြီးသည် သမီးနှင့် တူကို ပေးစားပြီး တူအား မင်းအဖြစ်ကို ပေး၍ သမီးအား မိဖုရားကြီးအရာကို ပေးစေ၏။

တနေ့သ၌ သန်လျက်လက္ခဏာဖတ် ပုဏ္ဏားသည် ဘုရားလောင်းမင်းအား ခစားစဉ် ချိပ်သည် ကြေ၍ နှာခေါင်းတု ပြုတ်ကျသဖြင့် ရှက်၍ မျက်နှာကို အောက်သို့ချကာ နေ၏။ ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏားကို ပြက်ရယ်ပြုလို၍ "ဆရာ၊ သင်သည် ချေသဖြင့် နှာခေါင်းပြတ်၏၊ ငါသည် ချေသဖြင့် ဦးရီးသမီးကိုရ၏" ဟု ဆိုလေ၏။

သူတပါးကို မကောင်းကြံလျှင် ကိုယ့်ဘေးရန် ထိစမြဲတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ‘‘အလားတူ သန်လျက်လက္ခဏာကို ဖတ်တတ်သော နှာခေါင်းပြတ်သည့် ပုဏ္ဏားတဦးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်။ ။ဇာတ်ပေါင်း—ပုဏ္ဏား=ပုဏ္ဏား။ ဘုရား=တူဖြစ်သော မင်း။]

၁၂၇၊ ကလဏ္ဍုကဇာတ်

ကျွန်လည်နှင့် သူဌေးသမီးအကြောင်း

[ဤဇာတ်သည် ကဠာဟကဇာတ် (ဇာ-၁၂၅)နှင့် တူ၏။] အထူးမှာ ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ‘ကလဏ္ဍုက’ မည်သော ကျွန်သည်ပြု၍ ပစ္စန္တရစ်သူဌေး၏သမီးကိုယူပြီး အခြံအရံများစွာနှင့် နေ၏။ ဘုရားလောင်းသည် မိမိ၏ ကျေးဇူးကို စေ၍ ‘ကလဏ္ဍုက’ကို ရှာဖွေစေ၏။ ထိုကျေးဇူးသည် ထိုပစ္စန္တရစ်သို့ရောက်သော် မြစ်၌ မိမိမယားနှင့်ရေကစားနေသော ‘ကလဏ္ဍုက’ကို မြစ်နားရှိ သဖန်းပင်ပေါ်မှမြင်လေ၏။ ကလဏ္ဍုကသည် ထိုကျေးဇူးကို မြင်သော် ‘‘ငါ့အကြောင်းကို သူပြောရာ၏’’ဟု ကြောက်သဖြင့် ‘‘အရှင်လာလေ့၊ ဘယ်တုန်းက လာသနည်း’’ဟု ခေါ်၏။

ကျေးဇူးသည် ‘‘ငါ့ကို သတ်ရန် သူခေါ်၏’’ ဟု ဗာရာဏသီသို့ပြန်သွားပြီး ကလဏ္ဍုကအကြောင်းကို ဘုရားလောင်းအားကြား၏။ ဘုရားလောင်းသည် ပစ္စန္တရစ်သို့ သွား၍ ကလဏ္ဍုကကို ဗာရာဏသီသို့ ပြန်ခေါ်ခဲ့ပြီး ကျွန်အဖြစ်ဖြင့် အသုံးပြုလေ၏။

လူမိုက်၏ စည်းစိမ်ကား တခဏမျှသာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ‘‘ရှုတ်ချ၍ ဆိုတတ်သော ရဟန်းတပါးကိုအကြောင်းပြု၍’’ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ရှုတ်ချ၍ဆိုတတ်သောရဟန်း=ကလဏ္ဍုက။ ဘုရား=ဗာရာဏသီသူဌေး]

၁၂၈၊ ပိဋ္ဌဝရဝတဇာတ်

ကြွက်များနှင့် မြေခွေးယုတ်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ကြွက်မင်းသည် ကြွက်အပေါင်းခြံရုံလျက် တောခွေနေ၏။ ထိုအခါ ‘ဓမ္မိက’မည်သော မြေခွေးတကောင်သည် ထိုကြွက်များကို လှည့်ဖြား၍ စားလိုသဖြင့် အနီးအပါးခွေ

နေကိုရှေ့ရှု၍ ခံတွင်းဖြင့် လေကိုခံကာ ခြေတချောင်းဖြင့် ရပ်လျက်နေ၏။ ဘုရားလောင်းကမေးသော် မြေခွေးက "ချေလေးချောင်းဖြင့်ရပ်လျှင် ငါ့ကို မြေကြီးသည်မရွက်နိုင်သဖြင့် ခြေတချောင်းဖြင့်သာ ရပ်၏။ အခြား အစား အစာကိုမစား၀ဲခံတွင်းဖွင့်၍ လေကိုစား၏။ နေကိုရှိခိုး၏" ဟု ဆို၏။ သုရားလောင်းသည် 'သီလရှိ၏' ဟု ထင်မှတ်ပြီး ထိုအခါမှစ၍ ကြွက်အပေါင်းနှင့် တကွ ထိုမြေခွေးထံ ညနံနက်တိုင်းသွား၍ ခစား၏။ မြေခွေးသည် ခစားပြီး ပြန်ကြသည့် ကြွက်တို့၏ နောက်ဆုံးကြွက်ကို ဖမ်းစား၏။ ဤသို့စား၍ ကြွက်တို့သည် တဖြည်းဖြည်း နည်းပါးလာ၏။

ဘုရားလောင်းသည် မြေခွေးဥဿံသယဖြစ်၍ "စုံစမ်းအံ့" ဟု ကြံပြီး နောက်တနေ့ မြေခွေးကိုခစားပြီးပြန်သည့်အခါ နောက်ဆုံးမှသွား၏။ ဘုရားလောင်းသည် ဖမ်းရန်ပြေးလာသည့်မြေခွေးအား "မြေခွေးယုတ်၊ သင်သည် သူတပါးတို့ကို သတ်ဖြတ်ရန် တရားတံခွန်ကို ပြု၍ စဉ်းလဲသောအကျင့် (ဗိဠာရ-၀တ) ကိုကျင့်" ဟု ဆိုလျက် ခုန်ပြီး မြေခွေး၏ လည်မျိုကို ကိုက်ခဲ၍ သတ်၏။ ကြွက်တို့သည် ပြန်လှည့်၍ ထိုမြေခွေးကို စားကြလေ၏။

ဟန်ဆောင်သမားသည် တနေ့တွင် မျက်စိးရသည်သာ။

[မြတ်စွာဘုရားသည် ဇေတ၀နကျောင်း၌ နေစဉ် "အံ့ဩဘွယ်ကို ပြုတတ်သော ရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း-** အံ့ဩဘွယ်ကို ပြုတတ်သော ရဟန်း=မြေခွေး။ ဘုရား=ကြွက်မင်း။]

၁၂၉၊ အဂ္ဂိကဘာရဒ္ဒာဇာတ်

ကြွက်များနှင့် မြေခွေးယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ကြွက်မင်းသည် ကြွက်အပေါင်းခြံရံလျက် တော၌ နေ၏။ ထိုအခါ တောမီးဖြင့် တကိုယ်လုံးလောင်၍ ထိပ်၌သာ အမွေးအနည်းငယ် ကျန်ရှိသော မြေခွေးတကောင်သည် ထိုကြွက်တို့ကို မြင်လျှင် "လှည့်ဖြား၍ စားအံ့" ဟု ကြံ၍ ထိုအရပ်၌ နေ၏။ ဘုရားလောင်းက မြင်၍ မေးသော် ထိုမြေခွေးက "ငါသည် အဂ္ဂိကဘာရဒ္ဒာဇမည်၏။ သင်တို့ကို စောင့်ရှောက်ရန်လာ၏။ သင်တို့ကို အစာရှာထွက်ချိန်, ပြန်လာချိန်တို့၌ ရေတွက်၍စောင့်ရှောက်အံ့" ဟု ဆို၏။ ဘုရားလောင်းက "စောင့်ရှောက်ပါ" ဟု ဆို၏။ မြေခွေးသည် ကြွက်များကို ထိုအချိန်များ၌ တကောင်

နှစ်ကောင် စသည်ဖြင့် ရေတွက်၍ နောက်ဆုံးကြွက်ကို ဖမ်းစား၏။ ဤသို့ စား၍ ကြွက်တို့ တဖြည်းဖြည်း နည်းပါးလာ၏။

ဘုရားလောင်းသည် မြေခွေးဌာ သံသယဖြစ်၍ ပြန်လာသည့် အချိန်ဌာ နောက်မှနေ၏။ သူသည် မိမိကိုဖမ်းရန် ပြေးလာသည့် မြေခွေး၏ လည်မျိုကို ခုန်ပြီး ကိုက်ခဲ၍ သတ်လေ၏။

ဟန်ဆောင်ကောင်းသူသည် တစနှတ္တင် မျက်စိးရသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာ နေစဉ် "အံ့သြဘွယ်ကိုပြုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း-** အံ့သြဘွယ်ကို ပြုတတ်သော ရဟန်း=မြေခွေး။ ဘုရား=ကြွက်မင်း]

၁၃၀၊ ကောသိယဇာတ်

လင်ကို လှည့်စားသည့် ပုဏ္ဏားမအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဒီသာပါမောက္ခ ဆရာသည် မင်းသား, ပုဏ္ဏားတို့အား အတတ်သင်ပေး၏။ ဘုရားလောင်းထံ အလည်လာလေ့ရှိသော ပုဏ္ဏားတဦး၏ ပုဏ္ဏေးမသည် သီလမရှိ၊ ယုတ်မာသည့် အကျင့် ရှိ၏။ ပုဏ္ဏားရှိစဉ် အလုပ်မလုပ်ဘဲ နာဟန်ပြု၍ ပုဏ္ဏားအား အလိုရှိ တိုင်းသော နို့၊ ထောပတ်၊ ဆီ၊ ထမင်းစသည့် အစားအစာများကို ယူခိုင်း၏။ ပုဏ္ဏားမရှိစဉ်မူ လင်ငယ်နှင့် ပျော်ပါး၍ ပုဏ္ဏားပြန်လာသော် အိပ်လျက် **နေ၏။**

တနေ့သဌ္ဌ ထိုပုဏ္ဏားသည် ဘုရားလောင်းထံ လာ၍ ပုဏ္ဏေးမအကြောင်းကို ပြောပြ၏။ ဘုရားလောင်းက "ပုဏ္ဏေးမသည် ပုဏ္ဏားကို လှည့်စား၍ အိပ်၏" ဟု သိသဖြင့် ပုဏ္ဏားအား "ပုဏ္ဏေးမအား ထောပတ် စသည်ကို မပေး လင့်။ အရှက်စို့, သစ်သီးစိမ်းတို့ကိုထောင်းပြီး ကြေးနီခွက်ဌာ နွားကျင်ငယ်ဖြင့် ဖျော်၍ ပုဏ္ဏေးမကို တိုက်လော့။ မသောက်လျှင် ဆံပင်ကိုဆွဲ၍ တစတောင်ဖြင့် ထောင်းလော့" ဟု ဆို၏။ ပုဏ္ဏားသည် ဆရာဆိုတိုင်း ပြုသော် ပုဏ္ဏေးမသည် "ဆရာကား ငါ သီလမရှိသည်ကို သိပြီ" ဟု ယူဆပြီး ထိုအခါမှ စ၍ အလုပ်လုပ်ကာ ကောင်းသော အကျင့် ရှိလေ၏။

မိန်းယုတ်မည်သည် ရက်စက်မှတော်ရုံကျသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ အလုပ်မလုပ်ဘဲ ပုဏ္ဏားကို လှည့်စားပြီး အကျင့်ဖောက်ပြန်သော ပုဏ္ဏေးမကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-လင်မယား=လင်မယား။ ဘုရား=ဒီသာပါမောက္ခဆရာ။]

၁၃၁၊ အသမ္မဒါနဇာတ်

ကျေးငှက်ကန်းသည့် သူ၌းအကြောင်း

ရာဇဂြိုဟ်ပြည်'မဂဓရာဇ်' မင်းလက်ထက် ဘုရားလောင်း 'သခ်' သူ၌းသည် ဗာရာဏသီပြည်ရှိ 'ပိဋ္ဌိယ'မည်သော သူ၌းနှင့် မိတ်ဆွေဖြစ်၏။ တနေ့သ၌ ပိဋ္ဌိယ သူ၌းသည် ဥစ္စာစည်းစိမ်အားလုံး ပျက်စီးသဖြင့် မယား၊နှင့်အတူ သခ်္ခသူ၌းထံ လာ၏။ သခ်္ခ သူ၌းသည် မိမိ၏ ဥစ္စာစည်းစိမ် တဝက်ကို ပိဋ္ဌိယအား ပေး၏။ ပိဋ္ဌိယသည် ထို၌စ္စာကိုယူ၍ ဗာရာဏသီသို့ ပြန်၏။ ထို့နောက် သခ်္ခသူ၌းလည်း အလားတူဥစ္စာစည်းစိမ်အားလုံး ပျက်စီးသဖြင့် မယား၊နှင့်အတူဗာရာဏသီမြို့သို့သွား၍ မယား၊ကို မြို့အနီး၌ဇရပ်တခု၌ ထား ခဲ့ပြီး ပိဋ္ဌိယအိမ်သို့ သွား၏။ ပိဋ္ဌိယယည် နေရာမှမထဘဲ သခ်္ခအား "ဤအိမ်၌ သင့်အတွက် နေရာမရှိ။ တတ္ပုမ္မမျှသောဖဲ့ကို ယူသွားလော့။ နောက်ငါ့အိမ်သို့ မလာနှင့်" ဟု ဆို၏။ သခ်္ခသူ၌းသည် "သူပေးသည့် ဖဲ့ကို လက်ခံမယူလျှင် (အသမ္မဒါန) အချစ်ပျက်မည်" ဟုကြံ၍ ထို့ဖဲ့ကို ဇရပ်သို့ယူသွားကြ၏။

ထို့အခါ ပိဋ္ဌိယသူ၌းအား ပေးခဲ့သည့်သခ်္ခသူ၌း၏ အမှုလုပ်ကျွန်တဦးသည် ထို့ဇရပ်နား၌ရောက်၍ သူ၌းထံမှ ထို့အကြောင်းကို ကြားသော် သူ၌းလင်မယား၊ကို မိမိအိမ်သို့ ခေါ်ဆောင်၍ ကျေးမွေး၏။ ထို့နောက် သူသည် ကျွန်အမှုလုပ်တို့ကို စည်းဝေးစေပြီး မင်းယင်ပြင်သို့ သွား၍ ဟစ်ကြွေးပြီး မင်းအား ပိဋ္ဌိယသူ၌းအကြောင်း အလုံးစုံကိုလျှောက်ကုန်၏။ မင်းသည် သခ်္ခသူ၌းလင်မယား၊နှင့် ပိဋ္ဌိယသူ၌း လင်မယား၊ကို ခေါ်ပြီး မေးမြန်း၍ အကြောင်းစုံကိုကြားသိလျှင် "ပိဋ္ဌိယအိမ်၌ရှိသော ဥစ္စာစည်းစိမ်အားလုံးကို သခ်္ခသူ၌းအား ပေးကြလော့" ဟု ဆို၏။သခ်္ခသူ၌းက "ကျွန်ုပ်ပေးခဲ့သည့်ဥစ္စာမျှကိုသာ ရလိုပါ၏" ဟု ဆို၏။ မင်းသည် သခ်္ခသူ၌းဆိုတိုင်းပြုစေ၏။ သခ်္ခသူ၌းသည် ထို၌စ္စာကိုယူ၍ ကျွန်အပေါင်းခြံရုံလျက် ရာဇဂြိုဟ်ပြည်သို့ ပြန်လေ၏။

ကျေးငှက်ကန်းတတ်သော လူမိုက်ကို ဝေးငေးက ရှောင်ရာ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ် "ကျေးဇူးမသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ်=ပိဋ္ဌိယသူဌေး။ ဘုရား= သခ်ၤသူဌေး။]

၁၃၂။ ဘီရုကဇာတ်

ဘီလူးမနှင့်မင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားတထောင်တို့၏ ညီငယ်ဖြစ်၏။ [တေလပတ္တဇာတ် (ဇာ-၉၆)အတိုင်း] ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ မင်းအဖြစ်သို့ရောက်သော် "ငါသည် ကန္တာရ၌ နေသည့် ဘီလူးမတို့ကိုကြောက်၍ (ဘီရုက) တွန့်ဆုတ်ခဲ့ငြားအံ့၊ သို့မဟုတ် ဘီလူးမတို့ ဖန်ဆင်းသည့် နတ်အဆင်းကို ကြည့်ငြားအံ့ မင်းအဖြစ်ကိုမရရာ။ ပစ္စေကဗုဒ္ဓါ တို့၏ အဆုံးအမ၌ တည်သဖြင့် ဤမင်းစည်းစိမ်ကို ရရှိပေ၏" ဟု ဥဒါန်း ကျူးရင့်လေ၏။

ပညာရှိသည် မိန်းမတို့၏ ဖြားယောင်းမှုကို ခံနိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အဇပါလပင်ညောင်ရင်း၌ မာရ်နတ်မင်း၏သမီးတို့ ဖြားယောင်းခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား=တက္ကသိုလ်ပြည်သို့ သွား၍ မင်းအဖြစ်သို့ ရောက်သောမင်းသား။]

၁၃၃။ ဃတာသနဇာတ်

နဂါးနှင့် ငှက်များအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းငှက်မင်းသည် အခြံအရံနှင့်တကွ ဇာတသဃရအိုင်နားရှိ သစ်ပင်ကြီးတခု၌ နေ၏။ ငှက်များစွာတို့သည် ရေပေါ်ကျရောက်သည့် သစ်ကိုင်းများ၌ နေ၍ အညစ်အကြေးကို ရေထဲစွန့်ချကြ၏။ ထိုအိုင်၌နေသော ကြမ်းကြုတ်သည့် နဂါးသည် အမျက်ထွက်၍ ညအခါငှက်တို့အိပ်ချိန်၌ ရေမှ မီးလှုံကိုထစေ၍ ထိုသစ်ပင်ကြီးကို လောင်စေ၏။

ဘုရားလောင်းသည် ထိုမီးလှုံ(ဃဲတာသန)ကိုမြင်၍ ငှက်တို့အား အခြားသစ်ပင်သို့ပြောင်းရန် ပြော၏။ သူသည် မိမိစကားကို နားထောင်သည့် ငှက်

များနှင့်အတူ အရပ်တပါးသို့ သွား၏။ သူ့စကားကို နားမထောင်ဘဲ နေခဲ့သည့် ငှက်တို့ကား သေကြလေသည်။

ပညာရှိသည် လာမည့်ဘေးကို ရှောင်ရှားတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ခကျောင်း၌နေစဉ် ''မလျောက်ပတ်သည့် အရပ်၌နေ၍ တရားထူးမရနိုင်သော ရဟန်းတပါးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း - ဘုရား=ငှက်မင်း။]

၁၃၄၊ ဗျာနသောဓနဇာတ်

ပညာရှိဘာည့်ကြီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရသေ့သည် တောကျောင်း၌ [ပရောသဟာသဇာတ်(ဇာ-၉၉)အတိုင်း] စုတေခါနီးသော် ရသေ့တို့က မေး၍ 'နေ၀သည်၊ နာသည်' ဟု ဆိုပြီး အာဘာသရဖြဟ္မာဘုံ၌ ဖြစ်၏။ ရသေ့တို့သည် တပည့်ကြီး၏ စကားကို မယုံကြသဖြင့် ဘုရားလောင်းသည် ဖြဟ္မာပြည်မှလာ၍ တပည့်ကြီး၏ စကား မှန်ကန်ကြောင်း ချီးမွမ်းပြောဆိုပြီး ''နေ၀သည်ာ နာသည်ာယတန မည်သော စင်ကြယ်သည့် ဗျာန်(ဗျာနသောဓန)ချမ်းသာသည် အပြစ်ကင်း၏'' စသည်ဖြင့် တရားဟော၍ ဖြဟ္မာပြည်သို့ ပြန်လေ၏။

၀ည်ာရှိ၏စကားကို ၀ည်ာရှိသာ နားလည်နိုင်သည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် ''ဘုရားက အကျဉ်းမေးသည့် ပြဿနာကို အကျယ်အားဖြင့် ဖြေဆိုသော ရှင်သာရိပုတ္တရာကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-သာရိပုတ္တရာ=တပည့်ကြီး။ ဘုရား=ဖြဟ္မာကြီး။]

၁၃၅၊ စန္ဒာဘဇာတ်

ပညာရှိတပည့်ကြီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရသေ့သည် တောကျောင်း၌ ပရောသဟာသဇာတ် (ဇာ-၉၉) အတိုင်း] စုတေခါနီးသော် ရသေ့တို့ကမေး၍ ''စန္ဒာဘံ သူရိယာဘံ'' ဟု ဆိုပြီး အာဘာသရ ဖြဟ္မာဘုံ၌

၏။ရသေ့တို့သည်တပည့်ကြီး၏စကားကို မယုံကြသဖြင့် ဘုရားလောင်းသည် ပြဟ္မာ့ပြည်မှလာ၍ "လရောင်(စန္ဒာဘ) နေရောင်ကို ကသိုဏ်းပြု၍ ဒုတိယ စျာန်ဖြင့် အာဘာသရပြဟ္မာ့ဘုံ၌ဖြစ်၏" ဟု ပြောကြားပြီး တပည့်ကြီးကို ချီးမွမ်းပြောဆို၍ ပြဟ္မာ့ပြည်သို့ ပြန်လေ၏။

ပညာရှိ၏ စကားကို ပညာရှိသာ နားလည်နိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သက်ဿနဂိုရ်ပြည်တံခါး၌ ရှင်သာရိပုတ္တရာ၏ 'ပြဿနာ ဖြေခြင်း'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- ရှင်သာရိပုတ္တရာ= တပည့်ကြီး။ ဘုရား= ပြဟ္မာကြီး။]

၁၃၆၊ သုဝဏ္ဏဟံသဇာတ်

ရွှေဟင်္သာနှင့်မယ်လောဘအကြောင်း

ဗာရာဏသီပြည် ပြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ပုဏ္ဏားသည် အိမ်ထောင်ပြု၍ သမီးသုံးယောက်ရပြီး၊ ၎င်းတို့အိမ်ထောင်မပြုမီ စုတေ၍ ရွှေဟင်္သာ(သုဝဏ္ဏဟံသ)မျိုးဌဖြစ်၏။ သူသည် အရွယ်ရောက်သော် ဇာတိဿရ ဉာဏ်ဖြင့် ရှေးဘဝကို ဆင်ခြင်၍ မိမိ၏မယားနှင့် သမီးသုံးယောက်တို့အလှန် ဆင်းရဲနေသည်ကို မြင်၏။ သူသည် ထိုသူတို့ထံသွား၍အကြောင်းစုံကို ပြော ပြပြီး "ဤရွှေအတောင်တို့ကို ရောင်းချပြီး အသက်မွေးလော့" ဟု ဆို၍ ထိုသူလေးဦးတို့အား ရွှေအတောင်တခုစီပေးပြီးပြန်၏။ သူသည် ဤနည်းဖြင့် ရံဖန်ရံခါလာ၍ ရွှေအတောင်တခုစီပေးသဖြင့် ထိုသူလေးဦးတို့သည် ချမ်းသာ စွာနေကြ၏။

တနေ့သဋ္ဌ လောဘကြီးသော ပုဏ္ဏားမသည် နောက်တခါ လာသော ရွှေဟင်္သာကိုလက်နှစ်ဖက်ဖြင့်ကိုင်၍ အတောင်အားလုံးကို နုတ်၏။ ဘုရား လောင်း အလိုမတူဘဲ နှိုင်ထက်ပြု၍ယူသောကြောင့် ထိုအတောင်အားလုံး သည် ဗျိုင်းတောင်ကဲ့သို့ဖြူကုန်၏။ ပုဏ္ဏားမသည် မပျံနိုင်သော ထိုရွှေဟင်္သာ ကို အိုစရည်း၌ ထည့်၍ကျွေးမွေး၏။ တဖန် ပေါက်သောအတောင်တို့သည် လည်း ဖြူကုန်၏။ အတောင်ပေါက်သော် ဘုရားလောင်းသည် မိမိနေရာသို့ သွား၍ တဖန်မလာတော့ပေ။

လောဘကြီးသူသည် လောဘကြောင့်ပင် ဆင်းရဲတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''လောဘကြီးသော 'ထုလ္လနန္ဒာ'အမ္ပည်ရှိ ရဟန်းမကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ဇာတ်ပေါင်း–ထုလ္လနန္ဒာ=ပုလွေးမ။ ဘုရား=ရှေဟသ်ာ။]

၁၃၂။ ဗပ္ပုဇာတ်

ကြောင် ၄ကောင်နှင့် ကြွက်မအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ကျောက်သွေးသမားဖြစ်၏။ ထိုအခါနိဂုံးတခုၤ့၌ သူဌေးတဦးသည် ကုဋေလေးဆယ်သော ရွှေတို့ကိုမြေ၌မြုပ်ထားခဲ့ပြီး သေ၏။ သူ၏မယားသည်လည်းသေ၍ ထိုဥစ္စာပေါ်၌ ကြွက်မဖြစ်၏။ ဤသို့ ထိုအမျိုးအနွယ်သည် ပျက်စီး၍ပြတ်၏။ ထိုရွာသည်သည်း ပျက်သုဉ်း၏။ ဘုရားလောင်းသည် ထိုရွာဟောင်း နေရာ၌ ကျောက်တို့ကို တူးထုတ်၍သွေး၏။

နေ့စဉ်အစာရှာသွားသော ထိုကြွက်မသည် ဘုရားလောင်းကိုအကြိမ်ကြိမ်မြင်ရ၍ ချစ်ခင်သဖြင့် တသပြာကို နှုတ်သီးဖြင့် ယူလာ၍ ဘုရားလောင်းအား ''ဤတသပြာကို သုံးလဲသုံးလော့၊ ငါဘိုလဲ အသားကို ဝယ်ပေးလော့'' ဟု ဆို၍ တနေ့လျှင် တသပြာပေး၏။ဘုရားလောင်းသည် တပဲ့ဖြင့် အသားကို ဝယ်၍ ကြွက်မအား ပေး၏။ ကြွက်မသည် ထိုအသားကိုယူ၍ မိမိနေရာသို့ သွားစား၏။

တနေ့သ၌ ကြောင်(ဗပ္ပု)တကောင်သည်ထိုကြွက်မကိုဖမ်းမိ၏။ကြွက်မက ''ငါသည် သင့်အား အသားကိုပေးပါမည်၊ ငါ့ကို လွှတ်လော့'' ဟု ဆို၍ ကြောင်သည် ကြွက်မကိုလွှတ်၏။ ထိုအခါမှစ၍ ကြွက်မသည် အသားကို နှစ်စုပြု၍ တစုကို ကြောင်အား ပေး၏။ ဤနည်းဖြင့် အခြားသုံးကောင်တို့က ဖမ်းသဖြင့် ကြွက်မသည်ရှေးနည်းအတိုင်းဆို၍ လွှတ်စေပြီး အသားကို ငါးစုံ၍ တစုစီပေး၏။ ထိုကြွက်မသည် အသားကို ငါးပုံတပုံသာစား၍ ပိန်ချုံးသည်ဖြစ်၏။ ဘုရားလောင်းသည် ကြွက်မအား မေးမြန်း၍ အကြောင်းစုံကို ကြားသိလျှင် ကြွက်မကို ဖလ်ဂူတခုထဲ၌ ထား၏။

ကြောင်လေးကောင်တို့သည် အသီးသီး ကြွက်မထံလာ၍ အသားကို တောင်းမရသော် ဒါသနှင့် ခုန်အုပ်၍ ဖလ်ဂူ၌တိုက်မိပြီး သေကြ၏။ထိုအခါမှစ၍ ဘေးကင်းစွာ နေရသဖြင့် ကြွက်မသည် ဘုရားလောင်းအား နေ့တိုင်း နှစ်သပြာသုံးသပြာတို့ကိုပေး၏။ ဤသို့အစဉ်သဖြင့် ဥစ္စာအားလုံးသည် ဘုရား

လောင်း၏လက်သို့ ရောက်၏။ သူတို့နှစ်ဦးသည် အသက်ထက်ဆုံး ချစ်ခင်စွာ နေကြလေ၏။

ပညာရှိသည် ကျေးဇူးရှင်အား ကျေးဇူးတုန့်ပြန်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်၌ ကျောင်းဌေနေစဉ် "(ရဟန်းလေးပါးတို့သည် မုံ့လုပ်နေသည့်သီတင်းသည်မ 'ကာဏမာတာ'၏ အိမ်သို့ သွားပြီး မုံ့တို့ကို သုံးကြိမ်တိုင် အလှူခံ၍စားခြင်းဖြင့် 'ကာဏမာတာ'အား သမီးအတွက် နှုံးမသာမယာ ဖြစ်စေသည်ကို ဖော်ပြသော) 'ကာဏမာတာ သိက္ခာပုဒ်'ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**-ရဟန်းလေးပါး= ကြောင်လေးကောင်။ကာဏမာတာ=ကြက်မ။ဘုရား=ကျောက်သွေးသမား။]

၁၃၈၊ ဂေါဓဇာတ်

ဖွတ်နှင့်ရသေ့ပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဖွတ်(ဂေါဓ)သည် 'တောအရပ်ဝယ် အနီးအနားရှိ ရွာတရွာကိုမှီ၍ သစ်ရွက်မိုးကျောင်းဌေ နေသော'အဘိညာဉ်ရရသေ့တပါးထံလာ၍တရားနာလေ့ရှိ၏။ နောက်ထိုရသေ့သည် အရပ်တပါးသို့သွားသော် ကောက်ကျစ်သော ရသေ့တပါး ရောက်လာ၍ ထိုကျောင်းဌေနေ၏။ ဘုရားလောင်းသည် ထိုရသေ့ကို 'သီလရှိ၏'ဟု မှတ်ထင်၍ ရှေးနည်းအတိုင်း သွား၏။

တနေ့သ၌ ထိုရသေ့သည် ဖွတ်သားကို စားရ၍ အရသာကို တပ်မက်သဖြင့် "ငါ့ထံလာသည့် ထိုဖွတ်ကိုသတ်စားအံ့" ဟုကြံ၍ တင်းပုတ်ကို သက်နှံးဖြင့် ဖုံးထားပြီး ကျောင်းတံခါးဌေ ဖွတ်အလာကို မျှော်ကြည့်နေ၏။ ဘုရားလောင်းသည် ညချမ်းချိန်ဌ လာ၍ ထိုရသေ့၏ ဖောက်ပြန်နေသည် အမူအရာကိုမြင်သော် စုံစမ်းလို၍ ရသေ့၏ လေအောက်သို့ သွားနေ၏။ သူသည် ဖွတ်သားနံ့ရသဖြင့် "ဤရသေ့သည် ယနေ့ဖွတ်သားကို စားရ၍ စာပ်မက်ပြီး ယနေ့ငါ့ကို သတ်စားလိုသည်ဖြစ်မည်" ဟုကြံ၍ ရသေ့ထံမသွားဘဲဖဲသွား၏။ ထိုရသေ့သည်တင်းပုတ်ကို ထုတ်၍ပစ်သော် ဖွတ်၏ အမြီးဖျားကို ခတ်မိ၏။ ဘုရားလောင်းသည် လျင်စွာတောင်ပို့သို့ သွား၍ ရသေ့အား "သင်သည် ဤအရပ်မှ ပြေးလော့။ မပြေးလျှင် ရွာသားတို့အား သင့်အကြောင်းကို

ပြောကြားအံ့”ဟုခြိမ်းချောက်၍ တောင်ပို့ထဲဝင်၏။ထိုရသေ့ကောက်လည်း ကြောက်၍ ထိုအရပ်မှ ပြေးလေ၏။

လူယုတ်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ်“အံ့ဩဘွယ်ကို ပြုတတ်သောရဟန်းတပါးကိုအကြောင်းပြု၍” ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း—** အံ့ဩဘွယ်ကို ပြုတတ်သောရဟန်း=ကောက်ကျစ်သောရသေ့။သာရိပုတ္တရာ=အဘိညာဉ်ရသောရသေ့။ ဘုရား=ဖွတ်။]

၁၃၉၊ ဥဘတောဘဋ္ဌဇာတ်

အရှုံးကြီးရှုံးသည့်တံငါသည်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ရွာတရွာမှ တံငါသည် တဦးသည် သားငယ်နှင့်အတူ ဘုရားလောင်း ရဂ္ဂစိုးနတ်နေသည့် တောဝယ် အိုင်တခုဦး ငါးမျှားရာ ငါးမျှားချိတ်သည် ရေထဲရှိ သစ်ငုတ်တခုဦး ငြိ၏။ သူသည် ငါးမျှားချိတ်ကို ဆဲမယူနိုင်သော် ‘ငါးမျှားချိတ်သည် ငါးကြီးဦး ငြိနေသည်’ ထင်ပြီး အိမ်နီးချင်းတို့အား မျှမပေးလိုသဖြင့် သားအား “ငါးကြီးရပြီ၊ အိမ်နီးချင်းတို့အား မျှမပေးရအောင် ထိုသူတို့နှင့် ရန်ဖြစ်ရန် အမိကိုပြောချေ” ဟု ဆို၍ အမိထံစေခိုင်း၏။ နောက် သူသည် ရေထဲဆင်း၍ ငါးကိုစမ်းသော် သစ်ငုတ်နှင့် တိုက်မိ၍ မျက်စိနှစ်လုံး ပေါက်သွား၏။ ကုန်းပေါ်ထားသည့် ပုဆိုးကိုလည်း ခိုးသူက ခိုးသွား၏။

ထိုတံငါသည် မျက်စိများကို လက်ဖြင့်ပိတ်၍ ရေမှတက်၏။ အိမ်နီးချင်းတို့နှင့် ခိုက်ရန်ဖြစ်သော သူ့မယားကိုလည်း ရွာစားက နှောင်ဖွဲ့၍ လျှာဒဏ်ပေးစေ၏။ ဘုရားလောင်း ရဂ္ဂစိုးနတ်သည် ထိုအကြောင်းတို့ကို သိ၍ သစ်ခွကြားဌရပ်လျက် ထိုတံငါအား “သင်၏ အမူသည် ရေဌလည်း ပျက်စီး၏။ ကုန်းဌလည်း ပျက်စီး၏။ ဤသို့ နှစ်ပါးစုံမှ ဆုံးရှုံး၏(ဥဘတောဘဋ္ဌ)”ဟု ဆိုလေ၏။

လူမိုက်သည် လောဘကြောင့်အဖက်ဖက်တွင် ဆုံးရှုံးရသည်။

[မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းဌာနေစဉ် “လူ့စည်းစိမ်နှင့် ရဟန်းအကျိုး နှစ်ပါးလုံးမှ ဆုံးရှုံးသော ဒေဝဒတ်ကို အကြောင်းပြု၍” ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း—** ဒေဝဒတ်=တံငါ။ဘုရား=ရဂ္ဂစိုးနတ်။]

၁၄၀၊ ကာကဇာတ်

ပုရောဟိတ်နှင့် ကျီးမင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ကျီးမင်း(ကာက)သည် ကျီးရှစ်သောင်းခြံရံလျက် သုသာန်၌နေ၏။ တနေ့သ၌ မင်း၏ပုရောဟိတ်သည် မြစ်ထဲရေချိုးပြီး နံ့သာလိမ်း၍ အဝတ်ကောင်းဝတ်ပြီး မြို့ထဲ ဝင်သော် မြို့တံခါး၏ တံခါးတိုင်ထိပ်၌ နားနေသောကျီးတကောင်က သူ့ခေါင်းပေါ် ချေးပါချ၏။ ပုရောဟိတ်သည် အမျက်ထွက်၍ ကျီးတို့ကို ရန်ငြိုးထားလေ၏။

တနေ့သ၌ ဆင်တင်းကုပ်မီးလောင်၍ ဆင်များ မီးလောင်ခံရ၏။ ဆေးဆရာတို့ ကုသော်လည်း ဆင်တို့၏ အနာမှာ မပျောက်ကြပေ။ မင်းသည် ပုရောဟိတ်ကိုခေါ်၍ "ဆင်တို့၏အနာပျောက်ရန် ဆေးကို သင်သိသလော" ဟု မေး၏။ ပုရောဟိတ်က "ကျီးဆီကို ရသင့်၏"ဟု ဆိုသော် မင်းက "ကျီးများကိုသတ်၍ အဆီထုတ်ကြလော့"ဟု ဆို၏။ လူတို့သည် ကျီးများကို သတ်၍ အဆီထုတ်မရသော် ထိုထိုအရပ်၌ ကျီးသေတို့ကို ပုံထာကြ၏။ ကျီးတို့အား ကြီးစွာသော ဘေးဖြစ်၏။

ဘုရားလောင်းသည် ထိုအကြောင်းကို ကြားသိသော် မေတ္တာပါရမီကို ဆင်ခြင်လျက် မင်းထံသွား၍ "သင်မင်းကြီးသည် ကိစ္စတခုကို မစူးစမ်းမဆင်ခြင်ဘဲမပြုသင့်၊ ပုရောဟိတ်သည် ကျီးတို့အပေါ် ရန်ငြိုးထား၍ မုသားဆို၏။ ကျီးတို့မှာ အဆီလုံးဝမရှိ" စသည်ဖြင့် ဆို၍ မင်းအား တရားဟော၏။ မင်းသည် နှစ်သက်၍ သတ္တဝါအားလုံးအား ဘေးမဲ့ကိုပေးပြီး ကျီးတို့အား နေ့စဉ် ထမင်းကောင်းများကိုပေး၍ ဘုရားလောင်းအား မင်း၏ဘောဇဉ်ကို ပေးလေ၏။

ညာရှိသည် ဆွေမျိုးအကျိုးကိုဖွန့်စား၍လုပ်ဆောင်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆွေမျိုးတို့၏ အကျိုးကို ကျင့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း—** **အာနန္ဒာ=ဗာရာဏသီမင်း။** ဘုရား=ကျီးမင်း။]

၁၄၁။ ဂေါဓာတ်
ပုတ်သင်နှင့်ဖွတ်အကြောင်း

ဗာရာဏသီပြည် ဇဟွဒတ်မင်း လက်ထက် ဘုရားလောင်း ဖွတ်မင်း (ဂေါဓ)သည် ဖွတ်အပေါင်း ခြံရံလျက် မြစ်နားရှိ တွင်းကြီးတခုဌ် နေ၏။ သူ၏သား ဖွတ်ငယ်သည် ပုတ်သင်တကောင်နှင့် မိတ်ဖွဲ့၍ ချစ်ခင်စဉ် နေ၏။ ဘုရားလောင်းက "ပုတ်သင်တို့သည် ယုတ်မာကြ၏။ ပုတ်သင်နှင့် မပေါင်းသင်းလင့်။ ထိုပုတ်သင်ကိုမှီ၍ ဖွတ်မျိုးအားလုံး ပျက်စီးမည်"ဟု အတန်တန် ဆိုတော်လည်း ထိုဖွတ်ငယ်သည် နားမထောင်ပေ။

ထိုအခါ ဘုရားလောင်းသည် ထိုပုတ်သင်ကို မှီ၍ ဘေးဖြစ်သော် ပြေးရာခရီးကို ရရန် နံပါးတဖက်ဌ်'ကယ်ပေါက်'ကို ပြုလုပ်ထား၏။ တဖြည်းဖြည်း ကြီးထွားလာသော ထိုဖွတ်ငယ်သည် တနေ့သဌ် ထိုပုတ်သင်ကို 'ဘက်အံ့' ဟု ဖိလေ၏။ ပုတ်သင်သည် ငယ်၍ လွန်စွာ ပင်ပန်းသဖြင့် "ဤဖွတ်သည် နောက်ထပ် ဤသို့ပြုသော် ငါသေမည်။ ဖွတ်မျိုးကို ဖျက်ဆီးအံ့" ကြံ၏။

တနေ့သဌ် ထိုပုတ်သင်သည် ခွေးများနှင့်အတူ ထိုအရပ်သို့ လာသော ဖွတ်မုဆိုးထံသွား၍ "ဤတောင်ပို့ကြီးထဲဌ် ဖွတ်များစွာ နေ၏။ တွင်းဝဌ် ကောက်ရိုးမီးဖြင့် တိုက်၍ ဖွတ်တို့ကို ဖမ်းလော့"ဟု ဆို၏။ မုဆိုးသည် ထို ပုတ်သင်ဆိုတိုင်း ပြုလုပ်၍ ထွက်လာတိုင်းသော ဖွတ်တို့ကို ရိုက်သတ်ပြီး သူ့လက်မှ လွတ်သည့် ဖွတ်တို့ကို ခွေးတို့က ဖမ်းယူကြ၏။ ဘုရားလောင်းသည်ကား ထိုကယ်ပေါက်ဖြင့် ထွက်ပြေးလေ၏။

လူမိုက်သည် လူယုတ်နှင့်ပေါင်း၍ တမျိုးလုံးပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌ်နေစဉ်"ဆန့်ကျင်ဘက်အဆင့်ခင်ပွန်းကို ပေါင်းဖော်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ်=ပုတ်သင်။ ဆန့်ကျင်ဘက် အဆင့်ခင်ပွန်းကို ပေါင်းဖော်သောရဟန်း=သားဖွတ်ငယ်။ ဘုရား=ဖွတ်မင်း။]

၁၄၂။ သိင်္ဂါလဇာတ်
အရက်မူးနှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဇဟွဒတ်မင်း လက်ထက် ဘုရားလောင်း မြေခွေး(သိင်္ဂါလ)သည် မြေခွေးအပေါင်း ခြံရံလျက် သုသာန်တဝဌ် နေ၏။ ထို

အခါ ဗာရာဏသီပြည်၌ 'သေသောက်ပဲ့သဘင်' ဖြစ်၍ အရက်သမားတို့သည် သီဆိုလျက် သေရည်ကိုသောက်၍ အမဲကိုစားကြ၏။ ညဉ့်ဦးယာမ်၌ပင် အရက်သမားတို့မှာ အမဲကုန်သွား၍ အရက်သမားတဦးသည် "မြေခွေးကို သတ်၍ အသားကိုဆောင်အံ့" ဟု သုသာန်သို့သွားပြီး တင်းပုတ်ကိုကိုင်လျက် သူသေကဲ့သို့ အိပ်၏။

မြေခွေးအပေါင်း ခြံရံ၍လာသော ဘုရားလောင်းသည် ထိုအရက်သမားကို မြင်၍ "ဤသူသည်မသေ" ဟု သိလျက် တင်းပုတ်စွန်း၌ ကိုက်၍ ဆွဲ၏။ အရက်သမားသည် တင်းပုတ်ကိုမလွှတ်ဘဲ မြေခွေးကိုသာ ကြည့်နေ၏။ ဘုရားလောင်းသည် ဖဲ၍ "သင်သည် တင်းပုတ်ကို မြဲစွာ ကိုင်ထားသဖြင့် သင်သေသည်, မသေသည်ကို သိနိုင်ခဲ၏" ဟုဆို၏။ အရက်သမားသည် "ငါမသေသည်ကို သိ၏" ဟု ထ၍ တင်းပုတ်ဖြင့်ပစ်သော် လဲသွား၏။ သူသည် ဘာကိုမျှ မရဘဲ မြို့သို့ ပြန်ဝင်လေ၏။

လူမိုက်သည် ဥာဏ်ကို လှည့်စား၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်က ဘုရားကိုသတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း-ဒေဝဒတ်=အရက်သမား။ ဘုရား=မြေခွေးမင်း။]

၁၄၃၊ ဝိရောစဇာတ်

ခြင်္သေ့ကိုတုပသော မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဝယ် ဧရာဂူထဲ၌ နေသော ဘုရားလောင်း ခြင်္သေ့မင်းသည် တနေ့သ၌ ကျဲတကောင်ကို သတ်စားပြီး ပြန်လာ၏။ မြေခွေးတကောင်သည် ခြင်္သေ့ကိုမြင်၍ ပြေးရန် မတတ်နိုင်သဖြင့် ရှိခိုးလျက် "အရှင်၏ခြေရင်း၌ လုပ်ကျွေးလိုပါ၏" ဟု ဆို၏။ ဘုရားလောင်းသည် ထိုမြေခွေးကို ခေါ်၍ ရှေဂူသို့ သွား၏။ ထိုအခါမှစ၍ မြေခွေးသည် ခြင်္သေ့၏ စားကြွင်းကို စားရ၍ မျှားမကြာမီဝဖိုးလာ၏။

တနေ့သ၌ ဘုရားလောင်းသည် မြေခွေးအား "အရှင်၊ ထွန်းပလော့ (ဝိရောစ)" ဟု ဆိုစေပြီး သွား၍ ဆင်တကောင်ကို သတ်စားပြီး မြေခွေးအစုံးဆင်သားကို ပေး၏။ ထိုအခါ မြေခွေးသည် ခြင်္သေ့၏အစွမ်းကို တုပြိုင်လိုသဖြင့် "ငါသည်လည်း ဆင်ကိုသတ်၍ သင့်အား ဆင်သားကို ပေးအံ့" ဟု

ဆို၏။ သူသည် ဘုရားလောင်းက အတန်တန် တားမြစ်သည်ကို မနာယူဘဲ ရွှေဂူမှထွက်ပြီး သုံးကြိမ်ဟောင်၍ ပြေးကာ အမှန်ယစ်သော ဆင်၏ဦးခေါင်းပေါ်သို့ ခုန်ချသော် ဆင်၏ ခြေရင်းဥက္ကာ၏။ ဆင်သည် မြေခွေးကို နင်းချေပြီး မြည်လျက် တောသို့ ဝင်လေ၏။

လူမိုက်သည် မတူနိုင်သည်ကို တုဖြိုင်၍ ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် ''ဇယာသီသ၌ ဒေဝဒတ်၏ ဘုရားအတုပြုခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ် ၁၁၆၂း— ဒေဝဒတ်=ခမြေခွေး။ ဘုရား=ခြင်္သေ့မင်း ။]

၁၄၄၊ နဂ်ုဋ္ဌဇာတ်

မီးကိုလုပ်ကျွေးသည့် ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဥဒီစ္စပုဏ္ဏားမျိုး၌ ဖြစ်၏။ သူဖွားသောနေ့၌ မိဘတို့သည် 'ဖွားသောနေ့မီး'ကို ယူထား၍ အရွယ်ရောက်သောသားအား ''အိမ်၌နေလိုလျှင် ဗေဒင်ကို သင်လော့။ ဗြဟ္မာ့ပြည်သို့ လားလိုလျှင် မီးကိုလုပ်ကျွေးလော့'' ဟု ဆို၏။ ဘုရားလောင်းသည် ထိုမီးကို ယူ၍ တောသို့ဝင်ပြီး ကျောင်းဆောက်၍ မီးကို လုပ်ကျွေးလျက်နေ၏။

တနေ့သ၌ သူသည် ရွာမှ လူသော နွားကို ရ၍ ကျောင်းသို့ ဆောင်ပြီး ''ဆားနှင့်တကွသော နွားသားကို ဘုန်းရှိသော ဤမီးအား ကျွေးအံ့'' ဟု ကြံ၍ နွားကို ကျောင်း၌ချည်ထားပြီး ဆားအတွက် ရွာသို့ သွား၏။ ထိုအရပ်သို့ ရောက်လာသော မူဆိုးတို့သည် ထိုနွားကိုသတ်၍ ချက်စားပြီး အမြီး, အရိုးအရေတို့ကို စွန့်ထားခဲ့၍ ကျန်သော အသားကို ယူသွားကြ၏။ ဘုရားလောင်းသည် ပြန်လာသော် အမြီး (နဂ်ုဋ္ဌ)စသည်ကိုသာမြင်၍ ''ဤမီးသည် မိမိဥစ္စာကိုပင် မစောင့်နိုင်။ ငါ့ကို ဘယ်တော့ စောင့်အုံးနည်း။ ဤမီးကို လုပ်ကျွေးခြင်းသည် အကျိုးမရှိရာ''ဟု ကြံ၍ နွား၏အမြီး စသည်ကို မီးထဲ ထည့်ပြီး မီးကို ရေဖြင့် ငြိမ်းစေ၏။ ထို့နောက် သူသည် ရသေ့ရဟန်းပြုပြီး အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

မိန္ဆာအယူသည် ကောင်းကျိုးကို ပေးသည် မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''တက္ကတွန်းတို့၏ မိစ္ဆာအကျင့်ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား=မီးကိုငြိမ်းစေသော ရသေ့။]

၁၄၅၂။ ရာဓဇာတ်

ပုဏ္ဏားမနှင့် ကျေးညီနောင်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ပုဏ္ဏားတဦးသည် ဘုရားလောင်း 'ပေါဠဒပါဒ'မည်သော ကျေးနှင့် သူ့ညီ 'ရာဓ' မည်သော ကျေးတို့ကို သားအရာ၌ ထား၍ မွေးမြူ၏။ ထိုပုဏ္ဏား၏ မယားသည် သီလမရှိ၊ ဖောက်ပြန်ယုတ်မာသော အကျင့် ရှိ၏။

တနေ့သ၌ ထိုပုဏ္ဏားသည် ကျေးသားတို့အား "သင်တို့၏အမိ ပုဏ္ဏားမသည် ဖောက်ပြန်သော အကျင့်ကို ကျင့်လျှင် တားမြစ်ကြလော့" ဟု မှာထား၍ ကုန်သွယ်ရန်သွား၏။ ထိုပုဏ္ဏားသွားသည့်နေ့မှစ၍ ပုဏ္ဏားမသည် လူများစွာနှင့် ဖောက်ပြန်သော အကျင့်ကို ကျင့်၏။ သို့ဖြစ်ရာတွင် "အကို၊ ပုဏ္ဏားမကို တားမြစ်ကုန်အံ့" ဟု ဆို၏။ ဘုရားလောင်းက "မမြစ်လင့်၊ မိန်းမမည်သည် ချီ၍ ရက်၍ သွားကြသော သူတို့ပင် မစောင့်ရှောက်နိုင်" ဟု ဆို၍ ရာဓအား ပုဏ္ဏားမနှင့်စကားပြောခွင့်မပေး။ ပုဏ္ဏားပြန်လာ၍မေးသော် ဘုရားလောင်းသည် ပုဏ္ဏားမအကြောင်း အလုံးစုံပြောပြီး "ငါတို့သည် ယခု ဤအိမ်၌ မနေသင့်" ဟု ဆို၍ ပုဏ္ဏားကို ရှိခိုးပြီး ညီငယ်ရာဓနှင့်အတူ တောသို့ ပျံသွားလေ၏။

မိန်းမဟူသည် အခွင့်သာလျှင် ဖောက်ပြန်လေ့ ရှိသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မယားဟောင်း ဖြားယောင်းသော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ရဟန်းနှင့် မယားဟောင်း=ပုဏ္ဏားနှင့် ပုဏ္ဏားမ။ အာနန္ဒာ=ရာဓ။ ဘုရား=ပေါဠဒပါဒ။]

၁၄၅၃။ ကာကဇာတ်

သမုဒ္ဒရာနှင့် ကျီးမိုက်များအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားဖလောင်းသည် သမုဒ္ဒရာစောင့်နတ်ဖြစ်၏။ ထိုအခါ အစာရှာထွက်သော ကျီး(ကာက)လင်မယားနှစ်ကောင်

သည် သမုဒ္ဒရာအနီးဌ္ဌ လူတို့က နဂါးအား ပူဇော်ထားသော ငါး, အမဲ, သေရည်တို့ကို တွေ့၍ စားသောက်ကြပြီး သမုဒ္ဒရာဌ္ဌ ရေကစားကြ၏။ ကျီးမသည် ဥပုဒ်းတံပိုးဖြင့်သေသော် ကျီးသည် အကြိမ်ကြိမ်ငို၏။ ထိုငိုသံကို ကြားကြသည့် ကျီးတို့သည် လာ၍ အကြောင်းစုံကို ကြားသိသော် တပြိုင်နက် အော်ငို ကြ၏။ ထို့နောက် ကျီးတို့သည် "သမုဒ္ဒရာရေကို အကုန်ခပ်ထုတ်ပြီး ကျီးမကို ထုတ်ယူအံ့" ဟု ခံတင်းဖြင့် ရေကို ယူ၍ စွန့်ကြ၏။ သမုဒ္ဒရာရေကို အကုန်ခပ်ထုတ်ရန် မတတ်နိုင်သဖြင့် ကျီးတို့သည် ထိုကျီးမ၏ အဆင်း, အသံတို့ကို ချီးကျူး၍ ဝမ်းနည်းစွာ ငိုကျွေးကြ၏။ ထိုအခါ သမုဒ္ဒရာစောင့် နတ်သည် ကြောက်ဘွယ်ရုပ်အဆင်းကို ပြ၍ ဆိုးကျီးတို့ကို ပြေးစေလေ၏။

လူမိုက်မည်သည် အရာမဟုတ်သည်ဌ္ဌ အားထုတ်လေ့ရှိ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းဌ္ဌ နေစဉ် "မိမိတို့အား ခဲဘွယ်ဘောဇဉ်တို့ကို အမြဲလှူဒါန်းသော (သက်ကြီးရဟန်းတပါး၏) မယားဟောင်း သေဆုံး၍ ငုံကြွေးနေကြသော (အသက်ကြီးမှ ရဟန်းပြုကြသည့်) သက်ကြီးရဟန်းတို့ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—သက်ကြီးရဟန်း=ကျီးဖို။ မယားဟောင်း=ကျီးမ။ ကျန်သော သက်ကြီးရဟန်းများ=ကျန်သော ကျီးများ။ ဘုရား=သမုဒ္ဒရာစောင့်နတ်။]

၁၄၃-ပုပ္ဖရတ္တဇာတ်

မယားအလိုလိုက်သည့် လူမိုက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် အာကာသစိုးနတ်ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်ဌ္ဌ လူတို့သည် နက္ခတ်သဘင်ကစားရန် ပြင်ဆင်ကြ၏။ သူဆင်းရဲတဦး၏မယားသည် "ငါသည် ပဲ့သဘင်ဌ္ဌ ဝတ်ပန်းဆိုးအဝတ်(ပုပ္ဖရတ္တ)ကိုဝတ်ဆင်လို၏။ မင်း၏ ဝတ်ပန်းခင်းသို့ သွား၍ မင်း၏ ဝတ်ပန်းကို ခိုးလော့" ဟု အကြိမ်ကြိမ် ပြောဆို၏။ ထိုသူဆင်းရဲသည် သွား၍ မင်း၏ ဝတ်ပန်းခင်းသို့ ဝင်သော် အစောင့်အရှောက်တို့က သူ့ကို ဖမ်း၍ မင်းအား ပြကြ၏။ မင်းက "ခိုးသူကို တံကျင်ဖြင့် လျှိုကြလော့" ဟု ဆိုသဖြင့် ထိုခိုးသူကို လက်ပြန်ချည်ပြီး မြို့မှထုတ်၍ တံကျင်လျှိုကြ၏။ ကျဉ်းကျပ်သူသည် လာ၍ သူ၏ မျက်စိကို ထိုးဖောက်ကြ၏။ သူသည် ထိုသို့သော ဝေဒနာကို နှလုံးမသွင်းဘဲ "ငါသည် မယားအား ဝတ်ပန်းပုဆိုးအဝတ်ကိုဆင်၍ ညအခါ

ပဲ့သဘင်၌ လှည့်လည် မသွားရစေ့ဘူးပြီ”ဟု မယားကိုသာ အောက်မေ့၍ မြည်တမ်းလျက် သေလေ၏။

လူမိုက်သည် မိန်းမ မိုင်းတိုင်းလုပ်၍ ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “မယားဟောင်းကို တမ်းတ၍ သာသနာ၌ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး”ဤဇာတ်ကိုဟော၏။ ။**ဇာတ်ဖေါင်း**–လင်မယား=လင်မယား။ ဘုရား= ထိုအကြောင်းကို သိမြင်သော အာကာသစိုးနတ်။]

၁၄၈–သိင်္ဂါလဇာတ်

ဆင်သေနှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် မြစ်နားဌာနေသော ဘုရားလောင်း မြေခွေး (သိင်္ဂါလ)သည် တနေ့သ၌ အစာရှာထွက်သော် ဆင်သေတခုကို မြင်၍ “ငါသည် အစာများစွာရပြီ”ဟုပီတိဖြစ်၏။ သူသည် ဖင်ဝမှစ၍စားပြီး ဝမ်းတွင်းသို့ ဝင်လျက် အညှိုနှလုံး စသည်တို့ကို စား၍ ရေတ်သော် သွေးကို သောက်၏။ သူသည် အခြားအရပ်သို့ မသွားတော့ဘဲ ထိုဆင်သေ၏ ဝမ်းထဲ၌သာ စား၍ နေ၏။ ကြာမြင့်သော် ဆင်သေသည် နေပူကြောင့် ခြောက်ပြီး ချုံ့တွန့်၍ ဖင်ဝပိတ်သွားသဖြင့် မှောင်အတိ ဖြစ်၏။ မြေခွေးသည် ဟိုဟိုဒီဒီ တိုးဝှေ့လျက် ထွက်ရာတံခါးကို ရှာမတွေ့၍ သဘေးမှ လွန်စွာ ကြောက်၏။

နှစ်ရက်သုံးရက်ကြာသော် မိုးရွာ၍ ဆင်သေကောင်သည် ပွလာသဖြင့် ဖင်ဝသည် ပွင့်လာ၏။ မြေခွေးသည် ထိုဖင်ဝမှ တိုးထွက်သော် တကိုယ်လုံးမှ အမွေးတို့သည် ဖင်ဝ၌ ကပ်၍ ကျန်ရစ်၏။ သူသည် “ငါသည် လောဘကို မှီ၍ ဤဒုက္ခမျိုးကိုရ၏။ ယနေ့မှစ၍ လောဘအလိုသို့ မလိုက်တော့အံ့”ဟု ကြံ၍ ထိုအရပ်မှ ပြေးလေ၏။

လောဘမချုပ်တည်းနိုင်သူသည် ကြီးစွာသော ဆင်းရဲကို ရသည်သာ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “သူငွေးဘဝမှ ရဟန်းပြုကြမသာ၊ ကာမရာဂဖြင့် နှိပ်စက်အပ်သော ရဟန်းများကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။**ဇာတ်ဖေါင်း**–ဘုရား=မြေခွေး]

၁၄၉၊ ကေပဏ္ဏဇာတ်

တမာပင်နှင့် မင်းသားကြမ်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်. ဘုရားလောင်း စျာန်ရ ရသေ့သည် ဟိမဝန္တာဌ် ကြာမြင့်စွာနေပြီးနောက် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်း၏ဥယျာဉ်၌ နေ၏။ မင်းသည် ဘုရားလောင်းအား ဆွမ်းဖြင့် လုပ်ကျွေးပြီး ထိုဥယျာဉ်၌ ကျောင်းဆောက်၍ ကိုးကွယ်၏။ မင်းသည် အလွန် ကြမ်းကြုတ်၍ ဆုံးမ မရသော 'ဒုဋ္ဌကုမာရ' အမည်ရှိ သူ့သားကို ဘုရားလောင်း အား ဆုံးမပေးရန် အပ်နှင်း၏။ ဘုရားလောင်းသည် ထိုမင်းသားကို ခေါ်၍ ဥယျာဉ်၌ လှည့်လည်လျက် စာဖက်လျှင် တရွက်စီသာ (ဧကပဏ္ဏ) ရှိသော တမာပင်ငယ်မှ အရွက်ကို မင်းသားအား ခူး၍ ဝါးခိုင်း၏။ မင်းသားသည် ခါး၍ 'ထွီ' ဟု ထွေးပစ်၏။ ဘုရားလောင်းက မေးသော် မင်းသားက "ဤ အပင်သည် ယခုပင် အဆိပ်နှင့်တူ၏။ ကြီးလျှင် လူများစွာကို သေစေလတံ့" ဟု ဆိုပြီး ထိုတမာပင်ငယ်ကို နုတ်၍ လက်ဖြင့် ချေပစ်၏။

ထိုအခါ ဘုရားလောင်းက မင်းသားအား "သင်လည် ထိုတမာပင်ကို ဤသို့ ပြုသကဲ့သို့ ပြည်သူတို့က 'ဤမင်းသားသည် ငယ်စဉ်ကပင် ဤသို့ ရုန့်ရင်းကြမ်းကြုတ်၏။ ကြီး၍ မင်းဖြစ်သော် ဘယ်အရာကို ပြုမည်နည်း' ဟု သင့်အား မင်းအဖြစ်ကို မပေးဘဲ တိုင်းပြည်မှ နှင်ထုတ်ကြမည်။ ထို့ကြောင့် ယနေ့မှစ၍ တမာပင်နှင့်တူသော သဘောကို စွန့်၍ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံစေလော့" ဟု ဆိုဆုံးမ၏။ မင်းသားသည် ထိုနေ့မှစ၍ ဘုရားလောင်း၏ အဆုံးအမအတိုင်း ကျင့်ပြီး အဖ လွန်၍ မင်းဖြစ်သော် ဒါန စသည်ကို ပြုလေ၏။

ပညာရှိစကားကို နားထောင်လျှင် ကြီးပွား ချမ်းသာသည်သာ။

[မြတ်စွာဘုရားသည် ဝေသာလီပြည် ကူဋာဂါရကျောင်း၌နေစဉ် "မိဘတို့ဆုံးမ၍ မရသော အလွန်ရုန့်ရင်းကြမ်းကြုတ်သည့် 'ဒုဋ္ဌလိစ္ဆဝီမင်းသား'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- ဒုဋ္ဌလိစ္ဆဝီမင်းသား=ဒုဋ္ဌကုမာရ မင်းသား။ **အာနန္ဒာ**=မင်း။ ဘုရား=ဆုံးမသော ရသေ့။]

၁၅၀၊ သဠိဝဇာတ်

လုလင်နှင့် ကျားသေအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်တွင် ဘုရားလောင်း ဒိသာပါမောက္ခဆရာသည် လုလင်ငါးရာတို့အား အတတ်သင်ပေး၏။ ထိုအခါ ဘုရားလောင်းထံမှ "သူသေကို ထစေသည့် မန္တရား' ကိုသာ သင်ပြီး၍ 'တားမြစ်သည့် မန္တရား'ကို မသင်ရသေးသော 'သဠိဝ'အမည်ရှိ လုလင်သည် တနေ့သဒ္ဒ အခြားလုလင်တို့နှင့်အတူ ထင်းခွေရန်သွားသော် ကျားသေတခုကို တွေ့၏။ သူက "ဤကျားသေကို ထစေအံ့" ဟု ဆိုသော် ထိုလုလင်တို့က "သင် တတ်နိုင်လျှင် ထစေလော့" ဟု ဆို၍ သစ်ပင်ပေါ်သို့ တက်ကြ၏။ 'သဠိဝ' သည် မန္တရားကို ရွတ်၍ ကျားသေကို ကျောက်စရစ်ဖြင့် ပစ်၏။ ကျားသေသည် ထ၍ အတင်းပြေးလာပြီး သဠိဝ၏လည်မျိုကို ကိုက်၍ လဲကျပြီး သေ၏။ သဠိဝလည်း ထိုနေရာ၌ပင် သေ၏။ ထိုလုလင်တို့သည် ထင်းတို့ကို ယူဆောင်၍ ဆရာအား ထိုအကြောင်းကို ပြောကြား၏။ ဆရာက "သူယုတ်ကို ချီးမြှောက်သူတို့သည် အရာမဟုတ်သည်၌ ချီးမြှောက် ပူဇော်ကြသဖြင့် ဤဒုက္ခမျိုးကို ခံကြရ၏" ဟု ဆိုလေ၏။

လူမိုက်သည် လူမိုက်ကို ချီးမြှောက်လျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်ကို ကြည်ညိုလှူဒါန်းပူဇော်ကိုးကွယ်သော အဇာတသတ်မင်းကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**— အဇာတသတ်=သဠိဝ။ ဘုရား=ဒိသာပါမောက္ခဆရာ။]



၁၅၁။ ရာဇောဝါဒဇာတ်

ဝါဒပြိုင်သည့် မင်းနှစ်ပါးအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြုအုပ်ချုပ်၏။ သူသည် "ငါ၏ ကျေးဇူးမဲ့ကိုရှာ၍ ထိုကျေးဇူးမဲ့ကို ပယ်ပြီး ဂုဏ်ကျေးဇူးဥာဏ တည်စေအံ့" ဟု ကြံ၍မြို့တွင်း၊ မြို့ပ၊ ရွာနိဂုံးတို့၌ စုံစမ်းသော် 'လူတို့သည် မင်း၏ဂုဏ်ကျေးဇူးကိုသာ ဆိုကြသည်'ကို တွေ့ရ၏။ ထိုနောက် သူသည် ရထားထိန်းနှင့်အတူ ရထားစီး၍ မထင်မရှားသော အသွင်ဖြင့် မြို့မှထွက်ပြီး ဇနပုဒ်တိုင်အောင် စုံစမ်းသော် မင်း၏ကျေးဇူးစကားကိုသာ ကြားရ၍ နယ်စပ်ခရီးလမ်းမဖြင့် မြို့သို့ရှေ့ရှုသွား၏။ ထိုအခါန်တွင် ဗာရာဏသီမင်းကဲ့သို့ပင် မြို့တွင်း၊ မြို့ပတို့၌ ထိုသို့ စုံစမ်းသော ကောသလမင်းသည်လည်း မင်း၏ ကျေးဇူးကိုသာ ကြားရသဖြင့် ရထားထိန်းနှင့်အတူ ရထားစီးပြီး မထင်ရှားသောအသွင်ဖြင့် ဇနပုဒ်သို့သွား၍ စုံစမ်းရာ ထိုအရပ်သို့ပင် ရောက်လာ၏။ ရထားနှင်စင်းသည် တခုသော ချိုင့်ဝှမ်းရာ လမ်းကြောင်းခရီး၌ ရွေးချယ်ဆိုင်မိကြသဖြင့် ရှောင်လွဲစရာ မရှိပေ။

ထိုအခါ ရထားထိန်းနှစ်ဦးသည် "အသက်ငယ်၍ စည်းစိမ်နည်းသည့်မင်း၏ ရထားကို ရှောင်စေအံ့" ဟု ဆို၍ မင်းနှစ်ပါး၏အသက်၊ပြည်ပမာဏ၊ဗိုလ်ပါ၊စည်းစိမ်၊အခြေအရံ'ဟူသော အနှယ် ဂုဏ်တို့ကိုအချင်းချင်း မေးကြသော် အားလုံးတူညီကြသည်ကိုတွေ့ရ၏။ ထိုအခါ "သိလရှိသောမင်းအား လမ်းကို ပေးစေအံ့" ဟု အချင်းချင်း မေးကြ၏။ ကောသလမင်း၏ ရထားထိန်းက "အသာခုံ အသာဓုနာဇီနေ(မကောင်းသူကို မကောင်းသဖြင့် အောင်၏)" စသည်ဖြင့် ပြောဆို၍၊ ဗာရာဏသီမင်း၏ရထားထိန်းက "အသာခုံ ဘာဓနာဇီနေ (မကောင်းသူကို ကောင်းသဖြင့်အောင်၏)" စသည်ဖြင့် ဂုဏ်ကျေးဇူးအစစ်ကို ပြောဆို၏။ ဤတွင် ဗာရာဏသီမင်း၏ အကျင့်သိလ ပို၍ မြင့်မြတ်

သဖြင့် ကောသလမင်းနှင့် ရထားထိန်းတို့သည် ရထားမှဆင်း၍ မြင်းတို့ကို ချတ်ပြီး ရထားကို ဘေးသို့ ဖယ်၍ ဗာရာဏသီမင်းအား လမ်းပေးကြ၏။ ဘုရားလောင်းသည် ကောသလမင်းကို ဆုံးမပြီး သွားလေ၏။

တရားရှိသောမင်းကို ပြည်သူတို့က နှစ်သက်ကြသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကောသလမင်းကြီးအား ဆုံးမတော်မူခြင်း (ရာဇောဝါဒ)ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**—မောဂ္ဂလ္လာန်= ကောသလမင်း၏ ရထားထိန်း။ အာနန္ဒာ= ကောသလမင်း။ သာရိပုတ္တရာ = ဗာရာဏသီမင်း၏ ရထားထိန်း။ ဘုရား= ဗာရာဏသီမင်း။]

၁၅၂။ သိင်္ဂါလဇာတ်

မြေခွေးဖို့နှင့်ခြင်္သေ့မ အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခြင်္သေ့မင်းသည် ဟိမဝန္တာဝယ် ညီခြောက်ယောက်၊ နှမတယောက်နှင့်အတူ ရှင်ဂူ၌ နေ၏။ ထိုရှင်ဂူအနီး ငွေတောင်တခု၌ ဖလ်ဂူတွင်မြေခွေး(သိင်္ဂါလ)တကောင်နေ၏။ ထိုခြင်္သေ့တို့သည် နှမဖြစ်သူ ခြင်္သေ့မငယ်ကိုရှင်ဂူ၌ထားခဲ့၍ အစာရှာသွားလေ့ရှိကြ၏။ ထိုမြေခွေးသည် ခြင်္သေ့မငယ်ကိုမြင်ဖန်များသဖြင့် ချစ်ကြိုက်၍ ရှင်ဂူတံခါးသို့ သွားပြီး ချစ်စကားဆို၏။ မြေခွေးသည် ခြင်္သေ့မငယ်ထံမှ 'စကားတုံ့'ကို မရသဖြင့် နှလုံးမသာယာ၍ ဖလ်ဂူ၌ အိပ်၏။ ထို့နောက် ဘုရားလောင်း၏ညီ ခြင်္သေ့ခြောက်ကောင်တို့သည် တကောင်ပြီးတကောင် အသားကို ယူ၍ ပြန်လာသော် ခြင်္သေ့မငယ်က "မြေခွေး တကောင်လာ၍ ငါ့အားချစ်စကားဆို၏။ ထိုမြေခွေးသည် ငွေတောင်ထိပ်ဝယ် ကောင်းကင်၌ အိပ်၏" ဟ ဆို၏။

ထိုခြင်္သေ့ ခြောက်ကောင်တို့သည် တကောင်ပြီးတကောင် "မြေခွေးကို သတ်အံ့" ဟု အဟုန်ဖြင့် ပြေးသော် ဖလ်ဂူကို ရင်ဖြင့် တိုက်မိ၍ သေကြ၏။ နောက်မှ ပြန်ရောက်လာသည့် ဘုရားလောင်းသည် နှမထံမှ ထိုမြေခွေး အကြောင်းကိုကြားလျှင် "မြေခွေးသည် ငွေတောင်ထိပ်ဝယ် ကောင်းကင်၌ အိပ်ရန်မစွမ်းနိုင်။ ဖလ်ဂူ၌အိပ်သည်ဖြစ်မည်" ဟုကြံ၍ သွားသော် တောင်ခြေရင်း၌ သေနေကြသည့် ခြင်္သေ့ခြောက်ကောင်ကို တွေ့မြင်၏။ သူသည် "ငါ့ညီ

တို့ကား မိုက်မဲသဖြင့် သေကြရ၏'' ဟု ဆို၍ ထိုဖလ်ဂူသို့ သွားပြီး သုံးကြိမ် ဟောက်၏။ မြေခွေးသည် အလွန်ထိတ်လန့်၍ နှလုံးကွဲပြီး သေလေ၏။

သတိမူ ဂုမမြင်က ပျက်စီ ရ၏။

[မြော်ဇာဘုရားသည် ဝေသာလီပြည် ကူဋာဂါရကျောင်း၌နေစဉ် ''လိစ္ဆဝီမင်းသမီးကို ချစ်ကြိုက်၍ စိတ်ဇဓဝဒနာဖြင့် သေသော ဝေသာလီပြည်မှ ဆတ္တာသည် သားကို အခေါ်ကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူပါ၏။ ဇာတ်ဓပါဠိ- ဆတ္တာသည်သား= မြေခွေး။ လိစ္ဆဝီမင်းသမီး=ခြင်္သေ့မငယ်။ ဘုရား= အစ်ကိုကြီးခြင်္သေ့။]

၁၅၃၊ သူကရဇာတ်

ခြင်္သေ့နှင့် စစ်ဆိုးသည့် 'ဝက်' အူအခေါ်ကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခြင်္သေ့မင်းသည် ဟိမဝန္တာဝယ် တောင်ဂူ၌နေ၏။ ထိုဂူအနီး၌ အိုင်တခုကိုမှီ၍ ဝက်များစွာ နေကြ၏။ ထိုအိုင်ကိုပင်မှီ၍ ရသေ့တို့ သစ်ရွက်မိုးကျောင်း၌ နေကြ၏။

တနေ့သ၌ ခြင်္သေ့သည် သားကောင်ကို သတ်စားပြီး ထိုရေအိုင်သို့ဆင်း၍ ရေသောက်ပြီးတက်သော် ထိုအိုင်အနီး၌ အစာယူနေသော လျှပ်ပေါ်သည့် ဝက်(သူကရ) တကောင်ကိုမြင်၍ ခြင်္သေ့သည် ''ငါ့ကိုမြင်လျှင် ဤဝက်သည် ဤနေရာသို့ တဖန်မလာရာ'' ဟု စိုးရိမ်သဖြင့် ရေအိုင်မှတက်၍ နံပါးတဖက် ဖြင့်သွား၏။ ထိုဝက်သည် မျှော်ကြည့်၍ ခြင်္သေ့ကိုမြင်လျှင် ''ငါ့ကိုကြောက်၍ ပြေးသလော။ လာလော့၊ စစ်ထိုးအံ့'' ဟု ခေါ်၏။ ခြင်္သေ့သံ ''နောက် ခုနစ်ရက်ကြာလျှင် စစ်ထိုးအံ့'' ဟုဆို၍ ပဲ့သွား၏။ ထိုဝက်သည် ''ခြင်္သေ့နှင့် စစ်ထိုးရပေအံ့'' ဟု ရှင်လန်းလျက် ထိုအကြောင်းကို ဆွေမျိုးတို့အား ပြောကြား၏။ ဆွေမျိုးဝက်တို့က ''သင်သည် မိမိအစွမ်းကို မသိဘဲ ခြင်္သေ့နှင့် စစ်ထိုးဘိ၏။ ခြင်္သေ့လာလျှင် ငါတို့အားလုံး သေမည်'' ဟု ဆိုကြ၏။ ထို ဝက်သည် အလွန်ကြောက်၍ ''အခု ဘယ်လို လုပ်ရမည်နည်း'' ဟု မေး၏။

ဝက်တို့က ''သင်သည် ရသေ့တို့၏ ကျင်ကြီးစွန့်ရာသို့သွား၍ ဟောင်ပုပ်သည့် မစင်၌ ခုနစ်ရက်လုံး ကိုယ်ကိုလူး၍ ခြောက်စေလော့။ ခုနစ်ရက်မြောက်နေ့၌ ကိုယ်ကို ဆီးနှင်းပေါက်တို့ဖြင့်ဆွတ်ပြီး ခြင်္သေ့ မလာမီကပင် သွား၍ လေညာ၌ရပ်လော့။ ခြင်္သေ့သည် သင့်ကိုယ်နံ့ကြောင့် သင့်အား အနိုင်ပေး၍သွားလတံ့'' ဟုဆို၏။ ထိုဝက်သည် ထိုဝက်တို့ဆိုတိုင်း ပြု၏။

ခြသေ့သည် လာ၍ ထိုဝက်၏ကိုယ်မှ မစင်ပုပ်နံ့ နံသဖြင့် "သင်သည် မစင်ပုပ်ဖြင့် မလူးလျှင် ယနေ့သေမည်။ ယခုမူ သင့်ကိုယ်ကိုထိရန်ပင် မတတ်ကောင်း။ ငါသည် သင့်အား အနိုင်ပေး၏" ဟုဆို၍ ဖဲသွား၏။ ထိုဝက်သည် "ငါအောင်ပြီ" ဟုဆို၍ ဝက်တို့အား ပြောကြား၏။ ထိုအခါ ဝက်တို့သည် "ခြသေ့သည် နောက်တခါလာလျှင် ငါတို့အားလုံးသေမည်" ဟု ကြောက်၍ ထိုအရပ်မှ ပြေးကြလေ၏။

ပညာရှိသည် လူမိုက်ကို တုမနေဘဲ ရှောင်ရှားလေ့ရှိ၏။

[တနေ့သ၌ ရှင်သာရိပုတ္တရာသည် တရားနာပရိသတ်တို့က မေးသည့်ပြဿနာကို ဖြေကြားလျက် တရားဟောနေစဉ် ရဟန်းအုံတပါးသည် "ရှင်သာရိပုတ္တရာကိုနှောက်ယှက်၍ ပြဿနာကိုမေးအံ့။ သူမဖြေသော် 'ငါ့ကို ပညာရှိပေစ' ဟုမှတ်၍ များစွာလှုလတံ့" ဟုကြံပြီးပရိသတ်အလယ်မှထ၍ရှင်သာရိပုတ္တရာအား မေး၏။ ရှင်သာရိပုတ္တရာသည် "ဤရဟန်းအုံသည် လောဘသို့လိုက်၍ ကျင့်၏" ဟု သိသဖြင့် ရှက်စနိုးပြု၍ ယပ်ကိုခပ်လျက်နေရာမှ ဖဲသွား၏။ ထိုအခါပရိသတ်တို့က "ငါတို့အား နှောက်ယှက်၏" ဟု လိုက်သဖြင့် ထိုရဟန်းအို ပြေးသော် မစင်တွင်းထဲသို့ ကျလေ၏။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ထိုရဟန်းအိုကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ရဟန်းအို=ဝက်။ ဘုရား=ခြသေ့။]

၁၅၄၊ ဥရဂဇာတ်

နဂါးနှင့် ဂဠုန်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရသေ့သည် မြစ်ကြီးနား၌ နေ၏။ တနေ့သ၌ ဗာရာဏသီပြည်တွင် 'ပဲ့လမ်းသဘင်' ဖြစ်၍ လူများစွာတို့သည်၎င်း၊ နတ်နဂါး ဂဠုန်တို့သည်၎င်း ထိုပဲ့သဘင်ကို လာ၍ကြည့်ကြ၏။ နဂါး(ဥရဂ) တကောင်နှင့်ဂဠုန်တကောင်တို့သည် ထိုပဲ့သဘင်ကို ကြည့်လျက် တနေရာ၌ အတူတကွရပ်ကြ၏။ နဂါးသည်အမှတ်တမဲ့ဂဠုန်၏ပခုံးပေါ် လက်ကိုတင်မိရာမှ အချင်းချင်းကြည့်၍ သိကြသော် နဂါးသည် သေဘေးမှကြောက်၍ မြစ်ဆိပ်သို့ပြေး၏။ ဂဠုန်လည်း နဂါးကို ဖမ်းရန် နောက်ကလိုက်၏။

ထိုအခါ ဘုရားလောင်းသည် လျှော်တေသက်နံးကို ချထားပြီး ရေသနုပ်ကိုဝတ်၍ မြစ်၌ ရေချိုးနေ၏။ နဂါးသည် ပတ္တမြားလုံးအသွင် ဖန်ဆင်း၍

ထိုလျှော်တေသက်နှံးကြားသို့ဝင်၏။ ဂဠုန်သည် သက်နှံးကို ရိုသေလေးစား သဖြင့် ရသေ့အား "သက်နှံးကိုယူပါ။ ဤနဂါးကိုစားအံ့" ဟုဆို၏။ ဘုရားလောင်းသည် ရေဠုရပ်လျက် "သက်နှံးကို ရိုသေသဖြင့် သင် အသက်ရှည်စေသော" စသည်ဖြင့် ဂဠုန်အား ချီးမွမ်း၍ အနုမောဒနာပြု၏။ နောက် ရေမှတက်၍ သက်နှံးကိုဝတ်ပြီး ထိုနဂါး, ဂဠုန်တို့ကို ကျောင်းသို့ခေါ်၍ မေတ္တာဘာဝနာ၏ အကျိုးကို ဟော၏။ နဂါး, ဂဠုန်တို့သည် ထိုအခါမှစ၍ ညီညွတ်ကြပြီး ချစ်ခင်ဝမ်းမြောက်စွာ နေကြလေ၏။

မေတ္တာရှေ့ထားလွန်းလျင် ရန်သူပင် မိတ်ဆွေ ဖြစ်လာရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အချင်းချင်း ရန်ဖြစ်ကြသည့် (ကောသလမင်း၏) အမတ်နှစ်ဦးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—အမတ်နှစ်ဦး=နဂါး ဂဠုန်။ ဘုရား=ရသေ့။]

၁၅၅၊ ဘဂ္ဂဇာတ

ချေအောင်လုပ်သည့် ဘီလူးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ကာသိတိုင်းသား ဘုရားလောင်း ပဉ္စာဘိညာဉ်သည် ဖခင်နှင့်အတူ ကုန်သွယ်သွား၍ ဗာရာဏသီသို့ ရောက်သော် မြို့ပဋ္ဌာန် ဘီလူးစောင့်သည့် ဇရပ်တွင်နေ၏။ ညစာ စားပြီးသော် ဘုရားလောင်းသည် လျောင်းနေသည့် ဖခင်၏ ခြေတို့ကို ဆုပ်နယ်ပေးနေ၏။ ထိုဇရပ်စောင့် ဘီလူးသည် 'ဝဿဝဏ်' နတ်မင်းထံမှ "ဤဇရပ်ထဲ ဝင်သူတို့တွင် တဦးချင်း 'အသက်ရှည်စေသော' ဟု အပြန်အလှန်ဆိုသော သူတို့မှအပ ကျန်လူတို့ကို စားခွင့်" ရထား၏။ ထိုဘီလူးသည် ခေါင်လျှောက်၌နေ၍ သိမ်မွေ့သော အမှုန့်ကို အဖပဉ္စား၏ နှာခေါင်းထဲသို့ လွှတ်၏။ ဖခင်သည် ချေသော် ဘုရားလောင်းက အဖအား "အသက်ရှည်စေသော" ဟု ဆို၏။ ဘီလူးသည် "အသက်ရှည်စေသော" ဟု ပြန်မဆိုသည့် ဖခင်ပဉ္စားကိုစားရန် ဆင်းလာ၏။ ဘုရားလောင်းသည် ဘီလူးကိုမြင်လျှင် "ဤဘီလူးသည် ငါ့အဖကို ချေစေ၍ 'အသက်ရှည်စေသော' ဟု မဆိုသူကို စားသည့်ဘီလူးဖြစ်မည်" ဟု ကြံ၍ "ဖခင် ဘဂ္ဂ၊ သင် အသက် တရာ့နှစ်ဆယ် ရှည်စေသော၊ ငါ့ကို ဘီလူးတို့ မစားစေနှင့်" ဟု ဆို၏။

ထိုအခါဖခင်သည် ဘီလူးကိုမြင်၍ သဘောသိနားငှင့် သူ့သားမယားသား သင်္ဂလည်း အသက် တရာ့နှစ်ဆယ် ရှည်စေသော။ ကြံ၍ မြေခွေးမအဆိပ်ကို စားရစေသတည်း''ဟုဆို၏။ ဘီလူးသည် ''ငါမကြံ၍ မြေခွေးမခြိမ်းချောက်ပြန်၏။ ဘုရားလောင်းသည် ဘီလူးကိုခေါ်၍ ဆိုဆုံးမပြီး ကျန်ခဲ့ခြင်းငှါ နံနက်အခါ၌ လူတို့သည် ဘီလူးကို ကျန်ကဲ့သို့ခိုင်းသည့် ဘုရားငှါ ဒူးကသူ့ကြင်၍ မင်းအား လျှောက်ကြ၏။ မင်းသည် ဘုရားလောင်းကို သေနှင်လွှတ်ခန့်၍ ဘီလူးကိုလည်း ဗလိနတ်စာခံသော နတ်အဖြစ် ပြုလေ၏။ ဤဇာတ်၌ အသက်ရှည်လိုက 'အသက် ၁၂၀ ရှည်စေသော'ဟု ဆိုလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းအနီးရှိ ရာဇိကာရုံကျောင်း၌ နေစဉ် 'မြတ်စွာဘုရားချေသော် ရဟန်းတို့က 'အသက်ရှည်စေသော' ဟူ၍ဆိုခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ဓေါဋ်း– အင်္ဂလိမာလ–ဘီလူး။ အာနန္ဒာ=မင်း။ ကဿပ–အဖ။ ဘုရား=သား။]

၁၅၆၊ အလိနစိတ္တဇာတ်
မင်္ဂလာဆင်နှင့် မင်းသားငယ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေနေသော် များမကြာမီ မင်းသည် ကွယ်လွန်၏။ ကောသလမင်းသည် ထိုသတင်းကိုကြား၍ ဗိုလ်ပါနှင့်တကွ လာပြီး ဗာရာဏသီပြည်ကို တိုက်ရန် ဝိုင်းရံ၍နေ၏။ အမတ်တို့သည် ကောသလမင်းအား ''ငှင်တို့၏ မိဖုရားကြီးမှာ ကိုယ်ဝန် ရှိနေပြီး ခုနစ်ရက်မြောက်သောနေ့၌ ဖွားလတံ့။ ထိုနေ့၌ စစ်ထိုးအံ့''ဟုဆို၍ ကောသလမင်း သဘောတူ၏။ ထိုနေ့၌ မိဖုရားသည် သားကိုဖွား၍ 'အလိနစိတ္တ မင်းသား'ဟု အမည်ပေး၏။

အမတ်တို့သည် မိဖုရားကြီး အကြံပေးသည့်အတိုင်း မင်းကို အလွန် ချစ်မြတ်နိုးသည့် မင်္ဂလာ ဆင်တော်ထံသို့ မင်းသားငယ်ကို ယူဆောင်၍ ''မင်းကြီး ကွယ်လွန်ပြီ။ ယခု ကောသလမင်းကိုတိုက်၍ ဤသင့်သားအား မင်းအဖြစ်ကို ယူပေးလော့''ဟု ဆို၏။ မင်္ဂလာဆင်သည် ဘုရားလောင်းကို နှာမောင်းဖြင့် ဦးကင်းပေါ် ချိတင်ထားကာ ငိုပြီး၊ တဖန် ဦးကင်းမှချ၍ မိဖုရားကြီးလက်၌ အပ်စေ၏။ နောက် ဆင်သည် ကောသလမင်းကို ဖမ်းယူရန် ဆင်တင်းကုပ်မှ ထွက်သော် အမတ်တို့သည် ချပ်မိန်တို့ကိုဝတ်၍ ဆင်ကိုလည်း တန်ဆာဆင်၍ မြို့တံခါးမှ ထွက်ကြ၏။ ဆင်သည် မြို့မှထွက်၍မြည်ဟီး

ကာ လူတို့ကို ထိတ်လန့် ပြေးစေပြီး ဗိုလ်ထုကို ဖျက်၏။ ကောသလမင်းကို ဥသျောင်၌ဆဲ၍ ယူဆောင်ခဲ့ပြီး ဘုရားလောင်း၏ ခြေရင်း၌ ဝပ်စေလျက် "မင်းသားကို 'ငယ်သေး၏ဟု မမှတ်လင့်" စသည်ဖြင့် ဆုံးမ၍လွှတ်လိုက်၏။ ဘုရားလောင်းသည် ခုနစ်နှစ်အရွယ် ရောက်သော် 'အလိန်စိတ္တ'မည်သော မင်း ဖြစ်၍ တရားသဖြင့် မင်းပြုလေ၏။

ဇွဲသတ္တိဖြင့် လုပ်လျှင် မနုဿာဝေသာ မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဝီရိယလျော့သော ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-မဟာ မာယာ=မယ်တော်။ သုဒ္ဓါဒနမင်းကြီး=ခမည်းတော်။ ဝီရိယ လျော့သော ရဟန်း=မဂ်လာဆင်။ မောဂ္ဂလ္လာန်=ကောသလမင်း။ ဘုရား=အလိန စိတ္တဲ့ မင်းသား။]

၁၅၇၊ ဂုဏဇာတ်

မြေခွေးနှင့် ခြင်္သေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခြင်္သေ့မင်းသည် တောင်ထိပ်ရှိဂူ၌ မယားနှင့်အတူနေ၏။ သူသည် တနေ့သ၌ ဂူမှထွက်၍ တောင်ထိပ်၌ရပ်စဉ် တောင်ခြေရင်းရှိ အိုင်ကြီးတခု၏ ညွန်အပြင်၌ မြက်နုတို့ကို စားနေသည့် သမင်တကောင်ကိုမြင်၍ ဖမ်းယူရန် တောင်ထိပ်မှခုန်၍ လျင်စွာပြေး၏။ ထိုသမင်သည် သေဘေးမှကြောက်၍ အတင်းပြေး၏။ခြင်္သေ့သည် အဟုန်ကို မတန့်နိုင်သဖြင့် ညွန်အပြင်၌ ကျပြီး နစ်၍ မတက်နိုင်သောကြောင့် ခုနစ်ရက်လုံးလုံး အစာ မစားရဘဲ တည်၏။

သူသည် မြေခွေးတကောင်ကိုမြင်၍ ခေါ်ပြီး သူ့အသက်ကို ကယ်ရန် ဖြောပြော၏။ မြေခွေးသည် လာ၍ ခြင်္သေ့၏ ခြေလေးခြောင်းဝန်းကျင်မှ ညွန်များကို ယက်ထုတ်ပြီး ခြင်္သေ့ အောက်မှနေပြီး ထမ်း၏။ ခြင်္သေ့သည် အဟုန်ဖြင့် ခုန်၍ ကုန်း၌ တည်၏။ ခြင်္သေ့သည် မိမိ အသက်ကို ကယ်သော ကျေးဇူး(ဂုဏ)ရှင်ဖြစ်သည့် မြေခွေးနှင့် သူ့မယားကို ခေါ်ဆောင်၍ မိမိဂူအနီးရှိ ဂူတဂူတွင် နေစေ၏။ ထိုခြင်္သေ့နှင့် မြေခွေးတို့သည် ခြင်္သေ့မနှင့် မြေခွေးမတို့ကို ထားခဲ့၍ သားတို့ကို သတ်စားကြပြီး အသားကို ဆောင်ခဲ့ကြ၏။ ကာလ ကြာမြင့်သော် ခြင်္သေ့မနှင့် မြေခွေးမတို့သည် သားနှစ်ယောက်စီကို ဖွားကြ၏။ ထိုခြင်္သေ့ မြေခွေးအားလုံးသည် ချစ်ခင် ညီညွတ်စွာ နေကြ၏။

တနေ့သဒ္ဒ ခြင်္သေ့မသည် "ဤခြင်္သေ့သည် မြေခွေးနှင့် သူ့သားမယား တို့ကို အလွန်ချစ်၏။ မြေခွေးမနှင့် စပ်ယှက်ခြင်းရှိရာ၏" ဟု ကြံ၍ မြေခွေးမ အား "သင်တို့ အဘယ့်ကြောင့် ဤအရပ်မှမပြေးသနည်း" ဟု ခိုမ်းချောက် ၍ နှိပ်စက်၏။ မြေခွေးသည် မြေခွေးမထံမှ ထိုအကြောင်းကို ကြား၍ခြင်္သေ့ အား ပြောကြား၏။ ထိုအခါ ခြင်္သေ့သည် ခြင်္သေ့မအား 'ထိုမြေခွေးကသူ့ အသက်ကို ကယ်ခဲ့ပုံအလုံးစုံ'ကို ပြောကြားပြီး "ကျေးဇူးရှင်ကို ငါလုပ် ကျွေးခြင်း ဖြစ်၏" ဟု ဆို၏။ ခြင်္သေ့မသည် မြေခွေးမအား သည်းခံစေပြီး ထိုနေ့မှ စ၍ ထိုခြင်္သေ့, မြေခွေးတို့၏ မိသားစုအားလုံး ချစ်ခင် ညီညွတ်စွာ နေကြလေ၏။

မညာ၌မည်သည် ကျေးဇူး၌သို့ကို ကျေးဇူးတုံ့ပြန်လေ့ ၌၏။

[မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ နေစဉ် "ရှင်အာနန္ဒာသည် ကောသလမင်းနှင့် မိဖုရားတို့လူသည့် တထောင်တန်အဝတ်ပုဆိုးတထောင်ကို ရ၍ မိမိအား အလွန်ကျေးဇူးများသော ရဟန်းယ်အား ထိုအဝတ်ပုဆိုး ငါးရာပေးသည်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ=မြေခွေး။ ဘုရား=ခြင်္သေ့။

၁၅၈၊ သုဟနုဇာတ်

မြင်းကြမ်း နှစ်ကောင် အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ 'ရာဇွတ်' အမတ်ဖြစ် ပြီး မြင်းတို့ကို အဘိုးမှန်အတိုင်း ဖြတ်ပြီး မြင်းရှင်တို့အား ပေးစေ၏။ မင်း သည် လောဘကြီးသဖြင့် တနေ့သဒ္ဒ "ဥတ္တရုပထမှ မြင်းကုန်သည်တို့သည် မြင်းငါးရာတို့ကို ယူဆောင်လာကြ၏" ဟု ကြားလျှင် အမတ်တဦးကိုခေါ်၍ "ငါ၏ 'မဟာသောဏ' အမည်ရှိ မြင်းကြမ်းကို ထိုမြင်းငါးရာထဲသို့ လွှတ်၍ မြင်းတို့ကို ကိုက်စေပြီး အနာရအောင် ပြုစေလော။ ထိုမြင်းတို့ အားနည်း သည့်အခါ၌ အဘိုးရင်းကို လျော့၍ တန်ဘိုးဖြတ်လော့" ဟု ဆို၏။ ထိုအမတ် သည် မင်းဆိုတိုင်း ပြု၏။

မြင်းကုန်သည်တို့သည် မင်းပြုသောအမှုကို မနှစ်သက်၍ လာပြောသဖြင့် ဘုရားလောင်းက "နောက်တခါလာလျှင် မြင်းကြမ်းတကောင်ကို ယူခဲ့လော့" ဟု ဆို၏။ ထိုသူတို့သည် တဖန်လာသော် 'သုဟနု' မည်သော မြင်း ကြမ်းကြီး တကောင်ကို ယူလာ၏။ ထိုသူတို့သည် မင်း၏ မဟာသောဏမြင်း

လာသည်ကို မြင်လျှင် သုဟန္ဒမြင်းကို လှတ်၏။ ထိုမြင်းကြမ်းနှစ်ကောင် တွဲကြသော် အချင်းချင်း၏ ကိုယ်ကို လျက်၍ ရပ်ကြ၏။ ထိုအကြောင်းကို ကြားသိ၍မင်းက မေးသော် ဘုရားလောင်းက "ဤမြင်းနှစ်ကောင်တို့သည် တူမျှသော အလေ့ သဘော ရှိကြ၍ ဤသို့ ညီညွတ်ကြ၏" ဟု ဆိုပြီး ဥစ္စာကို အလှန်မမက်မောရန် မင်းအား ဆုံးမ၏။ မင်းသည် ထိုအမှုမျိုးကို ရှောင်ကြဉ်၍ မြင်းတို့ကို အဘိုးမှန်အတိုင်း ဖြတ်ပေးစေလေ၏။

လူမိုက်သည် လူမိုက်နှင့်သာ ချစ်ခင်စွာ နေတတ်၏'။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာမဏေ ရဟန်းငယ်တို့ကို နှိပ်စက်၍ အချင်းချင်းမူ ချစ်ကြသော ရဟန်းကြမ်းနှစ်ပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟောတော်။ ။ဇာတ်ပေါင်- ရဟန်းကြမ်းနှစ်ပါး=မြင်းကြမ်းနှစ်ကောင်။ အာနန္ဒာ= မင်း။ ဘုရား=ပညာရှိအမတ်။]

၁၅၉၊ မောရဇာတ်

ရွှေညဒေါင်းနှင့် ဒေါင်းမအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဝယ် 'ဒဏ္ဍက'မည်သော ရွှေတောင်ပေါ်၌ နေသော ဘုရားလောင်း ရွှေညဒေါင်း(မောရ)သည်နှစ်ဦး နံနက် ညနေတိုင်း ပရိတ်မန္တရားများကို ရွတ်ဖတ်၍ ပရိတ်၏ တန်ခိုးကြောင့် ဘေး မရှိသည် ဖြစ်၏။

တနေ့သ၌ ဗာရာဏသီမင်း၏ ခမောမည်သော မိဖုရားသည် ရွှေညဒေါင်းမင်း တရားဟောသည်ကို အိပ်မက်မြင်၍ မင်းကြီးအား "ရွှေညဒေါင်းမင်း၏ တရားကို နာလိုပါ" ဟုဆို၏။ မင်းသည် မုဆိုးတို့ကို စည်းဝေးစေပြီး ရွှေညဒေါင်း၏ နေရာအရပ်ကို သိသော မုဆိုးတဦးအား "ရွှေညဒေါင်းကို အရှင်ဖမ်း၍ ယူဆောင်ရန်" စေခိုင်း၏။ ထိုမုဆိုးသည် သွား၍ ရွှေညဒေါင်းမင်း ကျက်စားရာ မြေ၌ ကျော့ကွင်းကို ထောင်၏။ ရွှေညဒေါင်းသည် ပရိတ်၏ တန်ခိုးကြောင့် နင်းသော်လည်း ကျော့ကွင်းမှာ မရှေ့။ မုဆိုးသည် မဖမ်းနိုင်ဘဲ ထိုအရပ်၌သာ ကျက်စား၍သေ၏။ ခမော မိဖုရားလည်း ရွှေညဒေါင်းကို မရ၍ သေ၏။

ဗာဏရာသီမင်းသည် "ရွှေညဒေါင်းကြောင့် ငါ့မိဖုရား သေရ၏" ဟုအမျက်ထွက်ပြီး, "ဟိမဝန္တာဝယ် ဒဏ္ဍကမည်သော တောင်ထိပ်၌ နေသည့် ရွှေည

ဒေါင်း၏အသားကို စားရသူတို့သည် မအိုကုန်,မသေကုန်"ဟု ရွှေပြားဥဒ္ဒရေး စေ၍ ရွှေသေတ္တာဥ ထားစေ၏။ ထိုမင်းစုတေသော် နောက်တက်သည့်မင်း သည် ထိုရွှေပေလွှာကိုတွေ့၍ မအို မသေလိုသဖြင့် မုဆိုးတဦးကို စေလွှတ်၏။ ထိုမုဆိုးလည်းသွား၍ ရွှေဥဒေါင်းကိုမဖမ်းနိုင်ဘဲ ထိုအရပ်၌သေ၏။ ဤနည်းဖြင့် မင်းခြောက်ဆက်မြောက်အထိ ရွှေဥဒေါင်းကို မဖမ်းနိုင်ပေ။

ထို့နောက် ခုနစ်ဆက်မြောက် စေခိုင်းသည့် မုဆိုးသည် ကျော့ကွင်းဖြင့် ရွှေဥဒေါင်းကို မဖမ်းနိုင်သဖြင့် ပြန်လာပြီး ဥဒေါင်းမ တကောင်ကို ဖမ်း၍ ကောင်းစွာ သင်ကြားပြီး ယူဆောင်လာ၏။ သူသည် ရွှေဥဒေါင်းမင်းအရံ အတား မပြုမီ စောစောကပင် ကျော့ကွင်းကို ထောင်၍ ထိုဒေါင်းမကိုတွန်စေ၏။ ရွှေဥဒေါင်းသည် ထိုဒေါင်းမသံကိုကြားလျှင် ကိလေသာ ထကြွ၍ ပရိတ်ကို မရွတ်နိုင်ဘဲ သွားသော် ကျော့ကွင်း၌ မိ၏။မုဆိုးသည် ရွှေဥဒေ ါင်းကိုယူ၍ မင်းအား ဆက်၏။ မင်းအား ဖမ်းခြင်း၏အကြောင်းကိုမေး၍ အကြောင်းစုံကို ကြားသိရသော် ရွှေဥဒေါင်းက "ငါ့ကိုသတ်လျှင် ငါသေရဦးမည် ဖြစ်၍ သေသော ငါ၏အသားကို စားသူတို့သည်အဘယ့်ကြောင့် မသေဘဲရှိအံ့နည်း။ သခ်ါရတရားအား လုံးမမြဲ၊ ပျက်တတ်သောသဘောရှိ၏"စသည်ဖြင့်မင်းအား တရားဟော၏။ မဲင်းသည်ကြည်ညိုု၍ ရွှေဥဒေါင်းအားပူဇော်၏။ ရွှေဥဒေါင်း သည် နှစ်ရက် သုံးရက်နေပြီး နေရပ်သို့ ပျံသွားလေ၏။

သတိလက်လွတ်က မိန်းမ၏ မာယာထောင်ချောက်ထဲ ရောက်တတ်၏။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌ နေစဉ် "လှုပသည့် မိန်းမတဦးကို မြင်၍သာသနာ၌ဩဠာရိကဖြစ်သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ေါင်း-အာနန္ဒာ=မင်း။ ဘုရား=ရွှေဥဒေါင်း။]

၁၆၀၊ ဝိနိလကဇာတ်

ကျီး ဟာသ်ာ အကြောင်း

ဘုရားလောင်းသည် ဝိဒေဟတိုင်း မိထိလာပြည် 'ဝိဒေဟ'မည်သော မင်းဖြစ်၏။ထိုအခါ ရွှေဟသ်ာတကောင်သည်သူကျက်စားရာအရပ်၌ ကျီးမတကောင်နှင့် ပေါင်းဖော်၍ ၎င်းတို့မှမွေးဖွားသာသည့်ဥက်ငယ်သည် အမိနှင့်လည်းမတူ အဘနှင့်လည်း မတူဘဲ မည်မိမရှိသော အဆင်းရှိသဖြင့် 'ဝိနိလက'ဟုအမည် ပေး၏။ ရွှေဟသ်ာသည် မပြတ်လာ၍ သားကိုကြည့်၏။

တနေ့သဒ္ဒါ သူသည် သူ၏အခြားဟသ်ာငယ်နှစ်ဦးအား လမ်း, အမှတ်ကို ပြောကြား၍ ဝိနီကလကို ယူဆောင်ခိုင်း၏။ ထိုဟသ်ာငယ်တို့သည် ဖခင်ပြောသည့် လမ်း,အမှတ်ဖြင့်သွား၍ ဝိနီကလကို တုတ်တံတခုဒ်စီးစေပြီး နှုတ်သီးဖြင့် တုတ်တံ၏အစွန်းနှစ်ဖက်ကို ကိုက်၍မိထိလာမြို့အထက်ကောင်းကင်ဖြင့်ဆောင် ကုန်၏။ဝိနီကလသည်ရထားစီး၍ မြို့ကိုလှည့်နေသောဝိဒေဟမင်းကို မြင်သော် "ငါသည် ဝိဒေဟနှင့် မတူး။ ဤမင်းသည် သိန္ဓောမြင်းများ ကသော ရထားကိုစီး၍ မြို့ကိုလှည့်၏။ ငါသည် ဟသ်ာများ ကသော ရထားဒဲ့ စီး၍ သွားရ၏" ဟု ဆို၏။ ဟသ်ာညီနောင်တို့သည် အမျက်ထွက်၍ အဖထံ ရောက်သော် ဝိနီလက၏ အပြုအမူကို ပြောကြား၏။ အဖဋ္ဌဟသ်ာသည် အမျက်ထွက်၍ "သင်သည် ငါ့သားတို့ကို ရထားဒဲ့ကသော သိန္ဓောမြင်းများကဲ့သို့ ပြု၏။ မိမိ၏ ပမာဏကို မသိ။သင့်အမိထံ သွားလော" ဟုခြိမ်းချောက်ပြောဆို ပြီး သားတို့အား "ဝိနီလကကို ဆောင်၍ မိထိလာမြို့ မစင်စုန့်ရာ အရပ်ဒဲ့ ချခဲ့၍ ပြန်လာလော့" ဟု စေခိုင်း၏။ ထိုဟသ်ာငယ်တို့သည် အဖဆိုတိုင်း ပြုကြလေ၏။

ယုတ်ညံ့သူသည် ယုတ်ညံ့သည် အမှုကိုသာပြုတတ်၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဒဲ့ နေစဉ် "ဒေဝဒတ်၏ ဘုရားအတု ပြုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ်=ဝိနီလက။ အဂ္ဂသာဝကနှစ်ပါး= ဋ္ဌဟသ်ာညီနောင်။အာနန္ဒာ= ဋ္ဌဟသ်ာမင်း။ ဘုရား=ဝိဒေဟမင်း။]

၁၆၁၊ ဣန္ဒသမာနဂေါတ္တဇာတ်

ရသေ့နှင့် ဆင်ငယ်အကြောင်း

ပာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ရသေ့ငါးရာ ခြံရံလျက် ဟိမဝန္တာဒဲ့ နေ၏။ ထိုရသေ့များအနက် ဆုံးမခက်သည့် 'ဣန္ဒသမာနဂေါတ္တ'မည်သော ရသေ့သည် ဘုရားလောင်း၏ စကားကို နားမထောင်ဘဲ ဆင်ငယ်တစီးကိုမွေး၏။ ထိုဆင်ငယ်သည် တဖြည်းဖြည်း ကြီးထွားလာ၏။

တနေ့သဒ္ဒါ ရသေ့တို့သည် အရပ်ဝေးသို့ သစ်သီးရှာထွက်၍ ထိုအရပ်ဒဲ့ နှစ်ရက်သုံးရက် နေကြ၏။ ထိုဆင်ငယ်သည် တောင်လေလာသော် မုန်ယိုယည် ဖြစ်၍ "ဣန္ဒသမာနဂေါတ္တကိုသတ်အံ့" ဟုတောထဲဝင်ပြီး ထိုရသေ့လာမည့်

လမ်းကိုကြည့်လျက် ရပ်နေ၏။ ထိုရသေ့သည် ဆင်အတွက် အစာယူ၍ ရသေ့တို့၏ ရှေ့ဆုံးမှ လာပြီး ထိုဆင်ကိုမြင်၍ ချဉ်းကပ်၏။ ဆင်သည် တောမှထွက်ပြီး ရသေ့ကို နှာမောင်းဖြင့် မြဲစွာကိုင်၍ မြေဦရိုက်သတ်ပြီး မြည်လျက် တောသို့ဝင်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြားသိ၍ ရသေ့တို့အား "စက်ဆုပ်ဘွယ်ရှိသောသူနှင့် မပေါင်းသင်းအပ်။ ပညာရှိတို့၏ အဆုံးအမကို ခံယူအပ်၏" စသည်ဖြင့် အဆုံးအမကို ပေးလေ၏။

ပညာရှိစကားကို နားမထောင်လျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆုံးမခက်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဆုံးမခက်သော ရဟန်း=ဣန္ဒသမာနဂေါတ္တရသေ့။ ဘုရား=ဆရာ ရသေ့။]

၁၆၂။ သန္ဆဝဇာတ်

မီးကိုပူဇော်သော ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းပုဏ္ဏားသည် အရွယ်ရောက်သော် သူမွေးသည့်နှစ်၌ မိဘတို့ယူထားသည့် မီးကိုယူပြီး တောဝယ် သစ်ရွက်မိုးကျောင်း၌နေ၍ ထိုမီးကိုလုပ်ကျွေး၏။ တနေ့သ၌ သူသည် ရှာမှ ထောပတ်နှင့်ရောနှောသည့် ဃုံနာကိုရ၍ ဗြဟ္မာကြီးအား လှူဒါန်းရန် ယူလာ၏။ သူသည် မီးကိုညှို၍ "အရှင်မီး၊ ဤဃုံနာကို သောက်လော့" ဟု ဆိုပြီး ဃုံနာကို မီးထဲသို့ထည့်၏။ ဃုံနာသည် ချက်ခြင်း မီးတောက်၍ ကျောင်းကို လောင်၏။ ဘုရားလောင်းသည် ကြောက်၍ ပြေးပြီး အပ၌ရပ်လျက် "စက်ဆုပ်ဘွယ်ရှိသော သူတို့နှင့် ပေါင်းဖော်ခြင်း(သန္ဆဝ)ကို မပြုအပ်။ ဤမီးသည် ငါ့ကျောင်းကိုလောင်စေပြီ" ဟု မီးကိုကဲ့ရဲ့၍ ငြိမ်းစေ၏။ ထို့နောက်သူသည် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုပြီး အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

မိန်ဆာအကျင့်မည်သည် ဘယ်တော့မှ ကောင်းကျိုးမပေး။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိန်ဆာအကျင့်ဖြစ်သော မီးဘုရား ပူဇော်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဘုရား=ရသေ့။]

၁၆၃၊ သုသီမဇာတ်

လုလင်နှင့် ဆင်မင်္ဂလာပွဲအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်'သုသီမ'မင်း၏ ပုရောဟိတ်၏ သားဖြစ်၏။ သူအရွယ်ရောက်သော် ဘခင်သည် ကွယ်လွန်၏။ ဘခင်ပုရောဟိတ်သည် မင်း၏ 'ဆင်မင်္ဂလာအမှု'ကို ပြုသူဖြစ်၍ တခုခုသော ဆင်မင်္ဂလာဥ္စ် တကုဋ္ဌေမျှသော ဥစ္စာကိုရ၏။ ထိုပုရောဟိတ် သေသော် အခြားပုဏ္ဏားတို့က မင်းသို့ကပ်၍ "မင်းကြီး၊ ဆင်မင်္ဂလာပွဲပြုချိန်ရောက်ပြီ။ ပုရောဟိတ်၏သားသည် ငယ်သေး၍ ဗေဒင်သုံးပုံ, ဆင်လက္ခဏာကျမ်းကို မတတ်သေး။ ကျွန်ုပ်တို့သည် ဆင်မင်္ဂလာ အမှုကို ပြုကုန်အံ့" ဟု လျှောက်ကြ၏။ မင်းက သဘောတူ၏။ ဘုရားလောင်း၏အမိ ပုဏ္ဏားမသည် ထိုအကြောင်းကို ကြားလျှင် သားအား "ဆင်မင်္ဂလာပွဲသည် လေးရက်မြောက်သော နေ့၌ ဖြစ်မည်။ သင်သည် ဗေဒင်သုံးပုံ ဆင်ကျမ်းကို မတတ်သေး၍ ထိုအမှုကို မပြုနိုင်လတံ့။ ဆင်မင်္ဂလာ အမှုကို အမျိုး ခုနစ်ဆက်တိုင် ပြုခဲ့သော ငါတို့၏ အနွယ်သည် ပျက်စီးတော့မည်" ဟု ငိုပြော၏။ ဘုရားလောင်းက "မိခင် ငါတို့၏အနွယ်ကို မပျက်စေအံ့။ နက်ဖြန် ယူဇနာ တရာ့နှစ်ဆယ် ဝေးသော တက္ကသိုလ်ပြည်သို့ နေ့ချင်းသွားပြီး တညတည်းဖြင့် ထိုပညာတို့ကို သင်ယူ၍ နောက်တနေ့ ပြန်လာပြီး ဆင်မင်္ဂလာအမှုကို ပြုအံ့" ဟု ဆို၍ မိခင်ကို နှစ်သိမ့်စေ၏။

ဘုရားလောင်းသည် နံနက်စောစောထ၍ အစာစားပြီး သွားသော် နတ်တို့၏ တန်ခိုးကြောင့် တနေ့ချင်းဖြင့် တက္ကသိုလ်သို့ရောက်၍ ဆရာအား အကြောင်းစုံကိုပြောကြားပြီး "ဗေဒင်သုံးပုံ ဆင်ကျမ်းတို့ကို တကြိမ်တည်း ရွတ်၍ တညတည်းဖြင့် သင်ပေးပါ" ဟု ဆို၏။ သူသည် ညစာစားပြီး ထိုကျမ်းတို့ကို ဆရာထံမှ သင်ယူသော် အရုဏ်တက်လျှင် အပြီးသို့ရောက်၏။ သူသည် နံနက်စောစော အစာစားပြီး တနေ့တည်းဖြင့်ဗာရာဏသီသို့ပြန်လာ၍ "ပညာသင်ခဲ့ပြီ" ဟု မိခင်ကို နှစ်သိမ့်စေ၏။

နောက်တနေ့ ဆင်ဓာရုကို ဧရာဖြင့်တန်ဆာဆင်၍ မင်းယင်ပြင်တွင် ဆင်မင်္ဂလာပွဲပြုရန် စီရင်၏။ ပုဏ္ဏားတို့သည် "ဆင်မင်္ဂလာကို ပြုရအံ့" ဟု တန်ဆာဆင်၍ သွားကြ၏။ ဘုရားလောင်းလည်း တန်ဆာဆင်၍ မိမိ၏ပရိသတ်နှင့် အတူသွားပြီး မင်းနှင့်ပုဏ္ဏားတို့အား "ကျွန်ုပ်သည် ဗေဒင်သုံးပုံ၊ ဆင်ကျမ်းတို့ကို တတ်မြောက်ပြီးဖြစ်၍ ဆင်မင်္ဂလာကို ကျွန်ုပ်ပြုပါအံ့" ဟု ဆို၏။ သူသည်

ပရိသတ်အလယ်၌ "ဗေဒင်သုံးပုံ၊ဆင်ကျမ်းတို့နှင့် ပတ်သက်၍ ကျန်ုပ်နှင့် ယှဉ်ပြိုင် ပြောဆိုဝံ့သော ပုဏ္ဏားရှိလျှင် ထလော့" ဟု စိန်ခေါ်သော် ပုဏ္ဏား တယောက်မျှ မထဝံ့ပေ။ ဤသို့လျှင် ဘုရားလောင်းသည် မိမိအနွယ်ကို တည်စေ၍ ဆင်မင်္ဂလာကိုပြုပြီး ဥစ္စာများစွာကိုယူ၍ အိမ်သို့ ပြန်သွားလေ၏။

ပါရမီရှင် ပညာရှိသည် ဘယ်အရာမဆို ဖြိုနှိုင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဘုရားအမျှားရှိသော သာသနာအား သာဝတ္ထိပြည်သားတို့ ခုနစ်ရက်လုံးအလှူကြီးပေးခြင်းကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း - မယ်တော်မာယာ=အမိ။ သုဒ္ဓေါဒနမင်းကြီး=အဘ။ အာနန္ဒာ=သုသိမမင်း။ သာရိပုတ္တရာ=ဒိသာ ပါမောက္ခဆရာ။ဘုရား=ပုဏ္ဏားလုလင်။]

၁၆၄၊ ဂိဇ္ဈဇာတ်

သူဌေးနှင့် လင်းတမျှားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း လင်းတ (ဂိဇ္ဈ)မင်းသည် ဂိဇ္ဈကူဋ်တောင်ထိပ်၌ မိဘတို့ကို လုပ်ကျွေး၍နေ၏။ တနေ့သ၌ လေနှင့်အတူ မိုးသည်းထန်စွာရွာသဖြင့် လင်းတတို့သည် ဗာရာဏသီပြည်သို့သွားကြ၍ မြို့တံခါး, ကျုံးအနီး၌ တုန်ယင်လျက် နေကြ၏။ ဗာရာဏသီသူဌေးသည် ထိုလင်းတတို့အား မိုးမစုပ်သော အရပ်၌ စုဝေးနေပြီး မီးလှုံစေ၍ မိမိ၏ကျေးကျွန်တို့ကို သုသာန်မှ နွားသားများကို ယူဆောင်ခိုင်းပြီး ကျွေးမွေး၏။ လင်းတတို့သည် မိုးပြတ်၍ကျမ်းမာကြသော် ဂိဇ္ဈကူဋ်တောင်သို့ ပျံသွားကြ၏။ သူတို့သည် သူဌေးအား ကျေးဇူးဆပ်ရန် အခြားအရပ်မှ အဝတ်,တန်ဆာတို့ကို ယူပြီး သူ့အိမ်ပေါ်၌ ပျံ၍ ချပေးကုန်၏။ သူဌေးလည်း ထိုအကြောင်းကို သိ၍ ထိုပစ္စည်းများကို အသီးသီးထား၏။

ထိုအခါ ပြည်သူတို့သည် မင်းထံသွား၍ "လင်းတတို့သည် မြို့ကို ဖျက်ဆီးကြ၏" ဟု လျှောက်ကြ၏။ ထိုသူတို့သည် မင်း၏ အမိန့်ဖြင့် လင်းတတို့ကို ကျော့ကွင်းများဖြင့် ဖမ်းသော် ဘုရားလောင်းလင်းတကို မိ၍ မင်းအားပြရန် ယူသွားကြ၏။ ဗာရာဏသီသူဌေးလည်း ထိုလင်းတကို မသတ်ရန် တားလျက် ထိုသူနှင့်အတူ လိုက်၏။ လင်းတသည် မင်းအား လင်းတတို့၏ အပြုအမူနှင့် ပတ်သက်၍ အလုံးစုံကို ပြောပြ၏။ သူဌေးကလည်း "ဥစ္စာရှင်တို့ လာသော် ပြန်ပေးနိုင်ရန် ထိုပစ္စည်းတို့ကို အသီးသီးထားပါ၏" ဟု လျှောက်၏။ မင်းသည်

ထိုလင်းတကို လွှတ်စေ၍ သူဌေးအား ထိုဥစ္စာအားလုံးကို ဥစ္စာရှင်တို့အား ပြန်ပေးစေလေ၏။

ကျေးဇူးရှင်အား ကျေးဇူးဆပ်ခြင်းသည် ကောင်းသော အကျင့် ဖြစ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိဘတို့ကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- အာနန္ဒာ=ဗာရာဏသီမင်း။ သာရိပုတ္တရာ=ဗာရာဏသီသူဌေး။ ဘုရား=မိဘကို လုပ်ကျွေးသော လင်းတ။]

၁၆၅၊ နကုလဇာတ်

မြေနှင့် မြေပါအကြောင်း

ဗာရာဏသီပြည် ဖြဟ်မဒတ်မင်းလက်ထက် ဘုရားလောင်း စျာန်ရ ရသေ့သည် ဟိမဝန္တာ၌ နေ၏။ သူ၏ စင်္ကြံအနီးရှိ တောင်ပို့တခု၌ နေသော မြေပါ(နကုလ)နှင့် ထိုတောင်ပို့အနီး၌ နေသော မြေတို့သည် အမြဲ ရန်ဖြစ်ကြ၏။ ဘုရားလောင်းက "အချင်းချင်း ခိုက်ရန်မပြုဘဲ မေတ္တာတရား ရှေ့ထား၍ ညီညွတ်စွာနေကြရန်" ဆုံးမသဖြင့် ထိုသူတို့သည် ဆုံးမသည့်အတိုင်းအချင်းချင်း ချစ်ခင်ညီညွတ်စွာ နေကြလေ၏။

မေတ္တာရှေ့ထားလျှင် ရန်သူပင် မိတ်ဆွေ ဖြစ်လာရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကောသလမင်း၏ အမတ်စစ်သူကြီးနှစ်ဦးတို့ ခိုက်ရန်ဖြစ်ပွားကြခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- အမတ်စစ်သူကြီးနှစ်ဦး=မြေနှင့် မြေပါ။ ဘုရား=ရသေ့။]

၁၆၆၊ ဥပသာဠကဇာတ်

ပုဏ္ဏားနှင့် သင်းချိုင်းအကြောင်း

ဘုရားလောင်း စျာန်ရ ရသေ့သည် ဂိဇ္ဈကူဋ်တောင်ဝယ် သစ်ရွက်မိုးကျောင်း၌ နေ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်မှ 'ဥပသာဠက'မည်သော ပုဏ္ဏားအို သည် သူ့သားအား "ငါ့ကို တပါးသော သူယုတ်၏ သင်္ဂြိုဟ်ရာ သင်းချိုင်း၌ မသင်္ဂြိုဟ်လင့်"ဟုဆို၍ သားနှင့်အတူဂိဇ္ဈကူဋ်တောင်ထိပ်သို့တက်၏။ "ဤအရပ်၌သာ ငါ့ကို သင်္ဂြိုဟ်လော့"ဟု ဆိုပြီး ဆင်းလာသော် ဘုရားလောင်းနှင့် တွေ့၏။

ဘုရားလောင်းသည် လုလင်ထံမှ အကြောင်းစုံကို ကြားသိ၍ ထိုအရပ်၌ လူသေကို သင်္ဂြိဟ်ဘူးသည် ဟုတ်, မဟုတ် စုံစမ်းကြအံ့'' ဟု ဆို၍ ထိုပုဏ္ဏား သားအဖကိုခေါ်ပြီး ထိုနေရာသို့ သွား၏။ ရောက်သော် ဘုရားလောင်းက ''ဤအရပ်၌ သင်္ဂြိဟ်သော လူသေများ မရှေမတွက်နိုင်။ သင်ပုဏ္ဏားကြီးသည် ဤရာဇဂြိဟ်၌ပင် ဖြစ်၍ ဤဒေသ၌ပင် ဘဝပေါင်း တသောင်း လေးထောင် သင်္ဂြိဟ်ခြင်း ခံရဘူးပြီ။ ဤကမ္ဘာမြေ၌ မသင်္ဂြိဟ်ဘူးသော၊ မသေဘူး သော၊ သုသာန် မဖြစ်ဘူးသော နေရာကို မရနိုင်'' စသည်ဖြင့် တရားဟော လေ၏။

ကိုယ့်အမျိုးကိုသာ မြတ်သည်ဟု ထင်သူကား ပညာရှိမမည်။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် ''မိမိသားနှင့်အတူ 'လူသေ မချဘူးရာ သင်းချိုင်းကိုရှာသော' ဥပသာဠလကအမည်ရှိ ပုဏ္ဏားကို အကြောင်း ပြု၍'' ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**– ပုဏ္ဏားသားအဖ=ပုဏ္ဏား သားအဖ။ ဘုရား=ရသေ့။]

၁၆၇၊ သမိဒ္ဓိဇာတ်

ရသေ့နှင့် နတ်သမီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း စျာန်ရ ရသေ့ သည် ဟိမဝန္တာအိုင်တခုကို မှီ၍ နေ၏။ တနေ့သ၌ သူသည် ရေချိုးပြီးနောက် သင်္ကန်းတထည်ကိုဝတ်၍ တထည်ဖြင့် ကိုယ်၌ ရေသုတ်လျက် ရပ်နေ၏။နတ်သမီး တဦးသည် ရသေ့၏ အဆင်းလှသောကိုယ်ကိုကြည့်၍ တပ်စွန်းသဖြင့် ''နုမျိုချိုန် ၌ ကာမဂုဏ်တို့ကို ခံစား၍ အိုမင်းချိန်၌ ရဟန်းပြုလော့။ ပျိုရွယ်သော ကာလ ကို မလွန်စေလင့်'' စသော စကားဖြင့် ဖြားယောင်းပြောဆို၏။

ဘုရားလောင်းက ''ငါသည် သေမည့်အချိန်ကို မသိ၍ ရဟန်းတရားကျင့် ချိန်ကို မလွန်စေရန် ကာမဂုဏ်တို့ကို မခံစားဘဲ ရဟန်းပြု၏''ဆိုသော် နတ်သမီး သည် ထိုနေရာ၌ပင် ကွယ်လေ၏။

ပညာရှိသည် နတ်သမီး၏ ဖြားယောင်းခြင်းကိုပင် ပယ်နိုင်၏။

[မြတ်စွာဘုရားသည် ရာဇဂြိဟ်ပြည် တပေါဒါရုံကျောင်း၌နေစဉ် ''နတ်သမီး၏ ဖြားယောင်းခြင်းကို ပယ်သော 'သမိဒ္ဓိ'' မထေရ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**–ဖြားယောင်းသောနတ်သမီး=ဖြားယောင်းသော နတ်သမီး။ ဘုရား=ရသေ့။]

၁၆၈၊ သကုဏ္ဍိဇာတ်

သိန်းနှင့် ဗီလုံးငှက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'ဗီလုံးငှက်'သည် ထွန်ဖြင့် ထွန်အပ်သော မြေစိုင်ခဲရှိရာ အရပ်၌ နေ၏။ တနေ့သ၌ အပြင်သို့ အစာရှာထွက်၍ တောအုပ်တခုသို့ရောက်သော် ၎င်းကို သိန်းငှက်(သကုဏ္ဍ) တကောင်က လျင်စွာ ပြေးလာ၍ ထိုးသုတ်ယူသွား၏။ ထိုအခါ ဗီလုံးက "ငါသည် အရပ်တပါးသို့ သွားမိ၍ ဤသို့ အဖမ်းခံရ၏။ ငါကျက်စားနေကျ အရပ်၌ ဖြစ်မူကား ဤသို့ အဖမ်းမခံရ"ဟု ဆို၍ ငို၏။ သိန်းက "သင့်နေရာသို့ သွားလော့။ သင်သည် ငါ့လက်မှ မလွတ်လတံ့" ဟု ဆို၍ လွှတ်လိုက်၏။

ဗီလုံးသည် သူကျက်စားရာ အရပ်သို့သွား၍ မြေစိုင်ခဲကြီးပေါ်သို့ တက်ပြီး သိန်းကိုလာရန် စိန်ခေါ်၏။ သိန်းသည် လျင်သောအဟုန်ဖြင့် ထိုးဆင်း ပြေးလာသော် ဗီလုံးသည် မြေစိုင်ခဲကြားသို့ ဝင်၏။ သိန်းသည် အဟုန်ကို မတန့်နိုင်သဖြင့် ထိုမြေစိုင်ခဲ၌ ရင်နှင့်တိုက်မိ၍ ရင်ကွဲပြီး သေလေ၏။

လူမိုက်သည် ပညာရှိ၏ နည်းပရိယာယ်ကို နားမလည်နိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရဟန်းများကို ခေါ်၍ အလိုလို ဟောအပ်သော 'သကုဏော၀ါဒ' သုတ်ကို အကြောင်းပြုပြီး မိမိကျက်စားရာ အရပ်ကိုမစွန့်သင့်'ဟု သိစေလိုသဖြင့်" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း—ဒေ၀ဒတ်=သိန်းငှက်။ ဘုရား = ဗီလုံးငှက်။]

၁၆၉၊ အရကဇာတ်

မေတ္တာတန်ခိုးကြီးမားပုံအကြောင်း

ဘုရားလောင်း 'အရက' ရသေ့သည် ရသေ့အပေါင်းခြံရံလျက် ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများ၍ ဟိမဝန္တာ၌ နေ၏။ သူသည် ရသေ့တို့အား "မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ- ဟူသော ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားများအပ်၏။ မေတ္တာစိတ်ကိုပွားစေသော် ဗြဟ္မာ့ပြည်သို့ လားစေ၏" ဟူ၍ မေတ္တာ၏အကျိုးအာနိသင်ကို ဟော၏။ သူသည် မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

မေတ္တာတရားသည် အတိုင်းမသိသော အကျိုးကိုပေးနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''မေတ္တာသုတ်ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဘုရား='အရက'ရသေ့။]

၁၇၀၊ ကကဏ္ဍကဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ် (ဇာ ၅၄၂)၌ အကျယ်လာ၏။]

၁၇၁၊ ကလျာဏဓမ္မဇာတ်

သမက်နှင့် နံဘေးပင်းယောကျွမ အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သူဋ္ဌေးသည် တနေ့သ၌ အိမ်မှထွက်၍ မင်းအိမ်သို့ ခစားသွားစဉ် သူ၏ နှားပင်းသော ယောကျွမသည် အိမ်သို့ အလည်လာ၏။ ယောကျွမသည် သူ့သမီးနှင့်အတူ ထမင်းစားပြီး၍ ''သင့်လင်သည် သင်နှင့် ချစ်ခင်စွာနေ၏လော'' ဟု မေး၏။ သမီးက ''ကျွမ၏ လင်သည် အကျင့်သီလနှင့် ပြည့်စုံ၏။ ထိုသို့သော အကျင့်သီလကို ရဟန်းပြုသူပင် ရခဲ၏'' ဟု ဆို၏။

မိခင်သည် 'ရဟန်းပြု၏' ဟူသော အသံကိုသာ ကြား၍ ''အဘယ့်ကြောင့် သင့်လင် ရဟန်းပြုသနည်း'' ဟု အော်ပြော၏။ ထိုအသံကိုကြား၍ အိမ်သားတို့သည် ''ငါတို့သူဋ္ဌေး ရဟန်းပြုသတဲ့'' ဟု မြည်တမ်းကြ၏။ ထိုအမ်မအနီးဖြင့် သွားသောသူတို့သည် အိမ်သားတို့ဆိုသည့်ထိုစကားကိုကြားကြ၏။ ယောကျ်ားတဦးသည် ပြန်လာသော ဘုရားလောင်းကို မြင်၍ ''အရှင်သူဋ္ဌေးသည် ရဟန်းပြုသတဲ့ဟု သင့်အိမ်၌ သည်းစွာငိုကြွေးမြည်တမ်းကြ၏'' ဟုဆို၏။ဘုရားလောင်းသည် ''ဤစကားကောင်း (ကလျာဏဓမ္မ)ကို မကျွယ်စေသင့်'' ဟု ထိုအရပ်မှ ပြန်၍ ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်းပြုလေ၏။

ပညာရှိသည် ကောင်းသောအလုပ်ကို လုပ်လေ့ရှိသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အလားတူသူကြွယ်၏ရဟန်းပြုခြင်းကို ဖြစ်စေသော နှားပင်းသည့် ယောကျွမတဦးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ဗာရာဏသီသူဋ္ဌေး။]

၁၇၂။ ဒဒ္ဒရဇာတ်
ခြင်္သေ့နှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားဓလောင်းခြင်္သေ့မင်းသည်ခြင်္သေ့အပေါင်း ခြံရံလျက် ဟိမဝန္တာဝယ် ဥဋ္ဌတောင်(ဒဒ္ဒရ)ဂူ၌နေ၏။ ထိုဂူအနီး၌ မြေခွေးတကောင်နေ၏။ တနေ့သ၌ ခြင်္သေ့အားလုံးသည် ဘုရားလောင်း၏ ဂူတံခါး၌ စုဝေးပြီးဟောက်၍ကစား မြူးတူးကြစဉ်ထိုမြေခွေးသည်ဟောင်၏။ ခြင်္သေ့တို့သည် "ဤမြေခွေးယုတ်ကား ငါတို့နှင့်အတူ ဟောင်၏"ဟု ရှက်၍ ဆိတ်ဆိတ်နေကြ၏။

ထိုအခါ ဘုရားလောင်း၏သားက "မိမိအသံဖြင့် မိမိကို သေစေသော ဤသတ္တဝါကား ဘယ်သူနည်း"ဟုမေး၏။ ဘုရားလောင်းက သားမျိုးတို့တွင် ယုတ်မာသော မြေခွေးသည်ဟောင်၏။ ထိုမြေခွေး၏ အမျိုးကို စက်ဆုပ်၍ ခြင်္သေ့တို့ ဆိတ်ဆိတ်နေကြ၏"ဟု ဆိုလေ၏။

ယုတ်ညံ့သူသည် မြင့်မြတ်သူကို တုဖြိုင်လျှင် ပျက်စီးမည်သာ။

[တနေ့သ၌ ဗဟုသုတမျှားသော ရဟန်းတို့သည် သံဃာ့အလယ်၌ ဟောသည့်အသံဖြင့် တရားကို ဟောကြသော် 'ကောကာလိက မဃေရ်က "ငါလည်း ဤသို့ဟောချင်ပါ၏"ဟုဆို၏။ ထိုရဟန်းတို့က သံဃာ့အလယ်၌ တရားကို ဟော့စေသော် ကောကာလိကသည် တပုဒ်ကိုသာ ဟော့ကာမျှဖြင့် ကိုယ်မှ ချွေးမျှားထွက်၍ တုန်လှုပ်လျက် တရားဟော့ ပလွင့်မှ ဖယ်ခွာသွား၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ထိုကောကာလိကကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း–ကောကာလိက= မြေခွေး။ ရာဟုလာ=သားခြင်္သေ့။ဘုရား=ခြင်္သေ့မင်း။**]

၁၇၃။ မက္ကဋဇာတ်
ရဿေ့ဟန်ဆောင်သည့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ပဏ္ဍာသည် မယားသေသော် သွားနို့ငယ်သည့် အရွယ်ရှိ သူ့သားနှင့်အတူ ဟိမဝန္တာသို့ ဝင်၍၊ ရဿေ့ ရဟန်းပြုပြီး သစ်ရွက်မှိုးကျောင်း၌နေ၏။တနေ့သ၌ မိုးရွာ၍ထိုရဿေ့သားအဖသည် ထင်းတို့ကို မိုးညှိပြီး မီးလှုံနေ၏။

ထိုအခါ ချမ်းနေသောမျောက်(မက္ကဋ)တကောင်သည် ထိုမီးကို မြင်၍ မီးလှုံလိုသဖြင့် သေလေပြီးသော ရဿေ့တပါး၏ သင်္ကန်းမျှားကို ဝတ်ပြီး

ထိုကျောင်းတံခါး အနီးရှိ ထန်းပင်ကို မှီ၍ ဆောင့်ကြောင့် ထိုင်နေ၏။ သားရသေ့ငယ်သည် ထိုမျောက်ကိုမြင်၍ 'ရသေ့'မှတ်ပြီး ဖခင်အား "ထိုရသေ့ကို မီးတင်းကုပ်သို့ ဝင်ခွင့်ပေးပါ"ဟုဆို၏။ ဘုရားလောင်းသည် ကြည့်၍'မျောက်'မှန်းသိလျှင် "ဤသတ္တဝါကား မျောက်တည်း။ ဝင်ခွင့်ပေးလျှင် ငါတို့ကျောင်းကို ဖျက်ဆီးရာ၏"ဟု ဆိုလျက် မီးစကိုကိုင်၍ ပစ်လိုက်၏။ ထိုမျောက်သည် သက်နှံးကိုစွန့်၍ တောထဲသို့ ဝင်ပြေးလေ၏။

ပညာရှိသည် ဟန်ဆောင်သော သူယုတ်ကို ရှောင်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အံ့ဩဘွယ်ကို ပြုတတ်သော ရဟန်းတပါးကို အကြောင်းပြုပြီး"ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- အံ့ဩဘွယ်ကို ပြုတတ်သော ရဟန်း=မျောက်။ ရာဟုလာ=သား။ ဘုရား=အဖရသေ့။]

၁၇၄၊ ဒုဗ္ဘိယမက္ကဋဇာတ်

ပုဏ္ဏားနှင့် မျောက်ပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ကာသိကရွာနေ ဘုရားလောင်း ပုဏ္ဏားသည် ကိစ္စတခုဖြင့် ခရီးသွားရာ တောကြီးတခုသို့ ရောက်၏။ သူသည် ထိုတောကြီးထဲရှိ ရေတွင်းမှရေကိုငင်၍သောက်ပြီး ရပ်သော် ရေငတ်နေသည့် မျောက်တကောင်ကို မြင်၏။ သူသည် ရေကိုငင်၍ (တိရစ္ဆာန်များအတွက် ပြုလုပ်ထားသည့်)ကျင်းခွဲ ရေထည့်ပေးပြီး အပန်းဖြေရန် သစ်ပင်ရင်းခွဲလျောင်း၏။ ထိုမျောက်သည် ရေကိုလာသောက်ပြီး မနီးမဝေးမှနေ၍နှုတ်သီးဖြင့် ပြောင်လျှောင်ပြု၍ ဘုရားလောင်းကို ခြောက်၏။

ဘုရားလောင်းက"ဟယ် ပြက်ချော်သောမျောက်(ဒုဗ္ဘိယမက္ကဋ)သင်သည် ဤသို့ ပြောဘိ၏။ ယုတ်မာသူအား ပြုပေးသည့် ကျေးဇူးသည် အကျိုးမရှိ"ဟု ဆို၏။မျောက်က "ယခုတဲ့ဖန် သင့်ဦးခေါင်းပေါ်၌ မစင်ပါချဦးအံ့" ဟုဆို၏။ ဘုရားလောင်းသည် ထိုစကားကိုကြား၍ ထသွားသော် ထိုမျောက်သည် ထိုခကာ၌ပင် ခုန်ပြီး သစ်ကိုင်းခွထိုင်၍ ဘုရားလောင်း၏ ဦးခေါင်းပေါ် ချေးပါချပြီး မြည်လျက် တောထဲသို့ ဝင်လေ၏။

လူယုတ်သည် ကျေးဇူးရှင်ကို ပြစ်မှားတတ်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=မျောက်။ဘုရား=ပုဏ္ဏား။]

၁၇၅၊ အာဒီစ္စုပဋ္ဌာနဇာတ်

သူတော်ယောင်ဆောင်သည့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာခနေ ဘုရားလောင်း စျန်ရ ရသေ့သည် တနေ့သ၌ ရသေ့အပေါင်း ခြံရံလျက် ချဉ်ဆားမှဲ့ရန် နယ်စွန် ရွာတရွာကိုမှီ၍ သစ်ရက်မိုးကျောင်း၌ မိုးလပတ်လုံးနေ၏။ ရသေ့တို့ဟိမဝန္တာသို့ ပြန်မည့်နေ့တွင် ဒါယကာတို့သည် ရသေ့တို့အား ကျွေးမွေးရန် ခဲဘွယ် ဘောဇဉ်တို့ကို ချက်၍ ကျောင်းသို့ယူလာကြ၏။

ထိုအခါ လျှပ်ပေါ်သော မျောက်တကောင်သည် ထိုစားဘွယ်တို့ကို စား လို၍ကျောင်းနှင့် မနီးမဝေး အရပ်၌ နေကို ရှိခိုးလျက်(အာဒိစ္စုပဋ္ဌာန)ရပ်၍ အုံသြဘွယ်ကိုပြု၏။ လူတို့သည် ထိုမျောက်ကို“သီလရှိသူများထံ၌နေ၍ သီလ ရှိ၏”ဟု ချီးမွမ်း ပြောဆို၍ကြ၏။ ဘုရားလောင်းက “သင်တို့သည် ဤမျောက် ၏ အကျင့်ကို မသိကြ၍ ကြည်ညိုဘိ၏”ဟု မျောက်ကို ကဲ့ရဲ့ ပြောဆို၏။ လူတို့သည် ထိုမျောက်ကို ခဲ တုတ်တို့ဖြင့် ပစ်၍ ပြေးစေ၏။ ရသေ့တို့သည် ဟိမဝန္တာသို့ ပြန်ကြလေ၏။

လူမိုက်သည် သူယုတ်၏ အကျင့်ကို မသိ၍ ကြည်ညိုလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် “အုံသြဘွယ်ကိုပြုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍”၊ ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အုံသြဘွယ်ကို ပြုတတ်သောရဟန်း=မျောက်။ ဘုရား=ဆရာရသေ့။]

၁၇၆၊ ကဋ္ဌဝယမုဋ္ဌိဇာတ်

အများမကြည့်အနည်းကြည့်သည့် မျောက်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ တနေ့သ၌ မင်းသည် ခရီးသွားရန် မသင့်သည့် မိုးကာလတွင် ပစ္စန္တရစ်ကို နှိမ်နင်း ရန်ထွက်၍ ညဉ့်ချဉ်၌ သစ်တပ်ကို ဖွဲ့ပြီးနေ၏။ ထိုအခါ ညဉ့်ချဉ်းနေသော မျောက်တကောင်သည် သစ်ပင်မှဆင်း၍ မြင်းစာခွက်မှ ကုလားပဲ(ကဋ္ဌဝယ) ပြုတ်တို့ကို ခံတွင်း၊ လက် (မုဋ္ဌိ=လက်ဆုပ်) တို့ဖြင့်ယူ၍ ခုန်ပြီးသစ်ပင်၌ ထိုင်စားစဉ် သူ့လက်မှ ကုလားပဲတစေ့ ကျသွား၏။ သူသည် ယူခဲ့သည့်

ကုလားပဲစေ့အားလုံးကို စွန့်ပစ်ပြီး ထိုကုလားပဲစေ့ကို ဆင်း၍ ရှာမတွေ့သော် သစ်ပင်ပေါ်တက်၍ မိုင်နေ၏။

မင်းသည် ထိုမျောက်၏အမူအရာကိုမြင်၍ မေးသော် ဘုရားလောင်းက ထိုမျောက်အကြောင်း ပြောပြပြီး "များသည်ကိုမကြည့်ဘဲ အနည်းငယ်ကို ကြည့်သော လူမိုက်တို့သည် ဤအမှုမျိုးကို ပြုကြမဲဖြစ်၏။ အလွန်လောဘကြီးသူတို့သည် အကျိုးအနည်းငယ်ကြောင့် အကျိုးများစွာကို ဖျက်ဆီးကုန်လတံ့" ဟု ထိုမျောက်ကို ပမာပြု၍ မင်းအား ဆုံးမ၏။ မင်းသည် သဘောပေါက်၍ ထိုဥယျာဉ်မှပင် မြို့သို့ပြန်လေ၏။

သူမိုက်သည် အများကိုမကြည့်ဘဲ အနည်းကို မက်တတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ အခါမဟုတ်သည့် မိုးရာသီ၌ ပစ္စန္တရစ်ကို နှိမ်နှင်းရန် တွက်သော ကောသလမင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ=ဗာရာဏသီမင်း။ ဘုရား=ပညာရှိအမတ်။]

၁၇၇၊ တိန္ဒုကဇာတ်

တည်ပင်နှင့် မျောက်များအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း မျောက်မင်းသည် တနေ့သ၌ မျောက်အပေါင်း ခြံရံလျက် ညသန်ကောင်ယာမ်လူတို့အိပ်ချိန်တွင် အနီးရှိ ပစ္စန္တရစ်ရှာသို့ သွားပြီး ရှာအလယ်ရှိ အသီးများစွာသီးသော တည်ပင်ကိုတက်၍ အသီးတို့ကို စားကြ၏။ ထို အခါ ကိစ္စတခုဖြင့် ထိုနေရာသို့ ရောက်လာသော ယောကျ်ားတဦးသည် ထို မျောက်တို့ကိုမြင်၍ ရှာနေလူတို့အား ပြောကြား၏။ လူများစွာတို့သည် လက်နက်များကို ယူလာ၍ "မိုးလင်းလျှင် မျောက်တို့ကို ဖမ်းယူကြအံ့" ဟု တည်ပင်ကို ဝန်းရံကြ၏။

မျောက်တို့သည် လူများကိုမြင်၍ သဘေးမှ ကြောက်ကြ၏။ ဘုရားလောင်းက "သေနကမည်သော မျောက်စစ်သူကြီး အချိန်မှီလာပြီး ကယ်လတံ့" ဟုဆို၍ နှစ်သိမ့်စေ၏။ ထိုမျောက်တို့ သွားစဉ်က အိပ်ပျော် ကျန်ရစ်ခဲ့သော 'သေနက'မျောက်သည် နိုး၍ မျောက်တို့ကိုမမြင်သော် ခြေရာခံလိုက်၍ ထိုအရပ်သို့ ရောက်လာ၏။ သူသည် လူတို့ကိုမြင်လျှင် "မျောက်တို့အား ဘေးဖြစ်၏" ဟု သိ၍ အိမ်တအိမ်မှ မီးစကို သွားယူပြီး ရှာကို

မီးတိုက်၏။ လူတို့သည် မီးငြိမ်းရန် ပြေးကြ၏။ မျောက်တို့လည်း 'သေနက' အတွက် တည်သီးတလုံးစီယူ၍ ပြေးကြလေ၏။

ပညာရှိသည် ဥာဏ်ပညာဖြင့် ဘေးရန်ကို ရှောင်နိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား၏ ဥာဏ်ပညာကို ရဟန်းတို့က ချီးမွမ်းခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ **ဇာတ်ပေါင်း**—မဟာနာဝ်=သေနကမျောက်။ဘုရား=မျောက်မင်း။]

၁၇၈၊ ကစ္ဆပဇာတ်

အိုးထိန်းသည်နှင့် လိပ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ကာသိကရွာနေ ဘုရားလောင်း အိုးထိန်းသည် သည် အိုးလုပ်အမှုဖြင့် သားမယားကို လုပ်ကျွေး၏။ ထို့ရွာနှင့် မနီးမဝေးအရပ်တွင် ရေမျှားချိန်၌ မြစ်ရေနှင့်တစပ်တည်းဖြစ်၍ ရေနည်းချိန်တွင် မြစ်နှင့် သီးခြားဖြစ်သော ရေအိုင်ကြီးတခုရှိ၏။ ထိုအိုင်၌ ငါးလိပ်တို့သည် မြစ်ရေနှင့် တစပ်တည်းဖြစ်ချိန်၌ မြစ်ထဲသို့ သွားကြ၏။ လိပ်(ကစ္ဆပ)တကောင်ကမူ "ဤအရပ်ကား ငါဖွားရာ, ကြီးရာအရပ် ဖြစ်၏။ ဤအရပ်ကို မစွန့်နိုင်"ဟု ကြံ၍ ထိုအိုင်၌ နေခဲ့ပြီး ရေပြတ်ချိန်၌ မြေကို ကျစ်ပြီး ဝပ်၍ နေ၏။

ဘုရားလောင်းသည် ထိုအိုင်၌ မြေစိုင်ခဲကို ယူရန် ပေါက်တူးဖြင့် ပေါက်သော် ထိုလိပ်၏ ကျောကုန်းကို ပေါက်မိ၏။ ထိုလိပ်ကို ပေါက်တူးဖြင့် ထုတ်ယူပြီး ကုန်းဌ်ခ၏။ ထိုလိပ်သည် "ငါကား ဤနေရာ၌ တပ်မက်ခြင်းကို မစွန့်နိုင်၍ ဤသို့ ပျက်စီးရ၏" စသည်ဖြင့် ငိုလျက် ဒဏ်ရာဖြင့် သေ၏။ ဘုရားလောင်းသည် ထိုလိပ်ကို ယူလာပြီး ရွာနေလူတို့ကို စုဝေးစေ၍ "ဤလိပ်သည် မိမိနေရာ၌ တပ်မက်ခြင်းကို မစွန့်နိုင်၍ ဤသို့ သေရ၏။ သင်တို့လည်း ဤလိပ်ကဲ့သို့ မပြုကြလင့်။ အာရုံငါးပါး ပစ္စည်းဥစ္စာတို့ကို မတပ်မက်ကြလင့်"စသည်ဖြင့် ဆုံးမလေ၏။

ဘေးမကြည့်ဘဲ နေချင်ရာနေသူသည် ပျက်စီးရတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ယဉ်းနာဖြစ်ပွားသည့် မိမိ အိမ်မှ ထွက်ပြေးပြီး ထိုအနာငြိမ်းမှ ပြန်လာသည့် အမျိုးသား တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=လိပ်။ ဘုရား=အိုးထိန်းသည်။]

၁၇၉၊ သတမမ္မဇာတ်

ဒဋ္ဌန်းစက္ကားနှင့် ပုဏ္ဏားလုလင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဒဋ္ဌန်းစက္ကားသည် တနေ့သ၌ ဆန်နှင့် ထမင်းထုပ်ကိုယူ၍ ကိစ္စတခုဖြင့် ခရီးသွား၏။ ဗာရာဏသီပြည်မှ ပုဏ္ဏားလုလင်တဦးသည် ဆန်နှင့် ထမင်းထုပ်ကို မယူဘဲ ကိစ္စတခုဖြင့် ခရီးသွား၏။ သူတို့နှစ်ဦးသည် ခရီးမ၌ ဆုံမိကြပြီး အချင်းချင်း၏ အမျိုးအနွယ်ကို မေးမြန်းပြောဆို၍ အတူသွားကြ၏။ နံနက်စာ စားချိန်၌ ဘုရားလောင်းသည် ထမင်းထုပ်ကိုဖြေ၍ ထိုလုလင်အား ထမင်းစားရန် ဖိတ်ခေါ်၏။ ထိုလုလင်က "ဟယ် ဒဋ္ဌန်းစက္ကား၊ ငါထမင်းကို အလိုမရှိ" ဟု ဆို၏။ ဘုရားလောင်းသည် လောက်ရုံမျှသော ထမင်းကိုခဲယူပြီး ဖက်တခု၌ ထည့်၍ စားပြီးသော် ကျန်ထမင်းနှင့် ဆန်ကိုယူ၍ ထိုလုလင်နှင့်အတူ သွား၏။ တနေ့လုံးသွားပြီး ညစာစားချိန်ရောက်သော် ဘုရားလောင်းသည် ထမင်းထုပ်ကိုဖြေ၍ ထိုလုလင်ကို မဖိတ်ခေါ်ဘဲ စား၏။

ထိုအခါ အလွန်ဆာနေသော ထိုလုလင်သည် ဘုရားလောင်းကို နှိပ်စက်ပြီး ထမင်းကို လုယူ၍ စား၏။ စားပြီးမှ သူသည် "ငါ၏ အမျိုးအနွယ်အား မလျောက်ပတ်သော ဒဋ္ဌန်းစက္ကား၏ စားကြွင်းထမင်းကို ငါစားမိလေစ" ဟု နှလုံးမသာမယာဖြစ်၍ သွေးနှင့်တကွ ထမင်းကို အန်၏။ သူသည် ငိုကြွေးလျက် "ငါသည် ဤအမှုကိုပြု၍ အသက်ရှင်သဖြင့် အကျိုးမရှိ" ဟု တောထဲဝင်၍ တစုံတဦးအား မိမိကိုယ်ကို မပြဘဲ ကိုးကွယ်ရာမရှိသော သေခြင်းသို့ ရောက်လေ၏။

ကိုယ့်အမျိုးကိုသာ တန်ဘိုးထားသူသည် တနေ့တွင် ဒုက္ခရောက်မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "(ဒဋ္ဌန်းစက္ကား၏စားကြွင်းနှင့် တူသော)မသင့်သောနည်းဖြင့် ရအပ်သည့်ဆွမ်းကို စားကြသော ရဟန်းတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=ပုဏ္ဏားလုလင်။ ဘုရား=ဒဋ္ဌန်းစက္ကား။]

၁၈၀၊ ဒုဒ္ဒဒဇာတ်

ရသေ့နှင့် ဒါယကာများအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာခနေ ဘုရားလောင်း ဈာန်ရ ရသေ့သည် တနေ့သ၌ ရသေ့အပေါင်း ခြံရံလျက် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်း၏ဥယျာဉ်၌ နေ၏။ ရသေ့တို့ ထိုမြို့၌ ဆွမ်းခံသော် ၎င်းတို့အား လူတို့က ကြည်ညို၍ ဆွမ်းလှူကြ၏။ အချို့က စုပေါင်း၍ အလှူဝတ္ထုတို့ကို စီရင်ပြီး အလှူကြီးကို ပေးကြ၏။

အလှူ၏ အဆုံး၌ ဘုရားလောင်းက "သူတော်ကောင်းတို့သည် လူမိုက်တို့ လှူနိုင်ခဲသော ဒါန(ဒုဒ္ဒဒ)ကို ပြုနိုင်ကြ၏။ သဒ္ဓါတရားနှင့် လှူသော ဒါန သည် နည်းသောမည်သည် မရှိ" စသည်ဖြင့် တရားဟော၍ အနုမောဒနာ ပြု၏။ ရသေ့တို့သည် မိုးလေးလပတ်လုံး ထိုဥယျာဉ်၌ နေပြီး ဟိမဝန္တာသို့ ပြန်ကြလေ၏။

စုပေါင်း၍ ပေးကမ်းခြင်းကို သူတော်ကောင်းတို့ မြတ်နိုးကြ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာဝတ္ထိပြည်၌ ဒါယကာတို့ စုပေါင်း၍ ရဟန်းတို့အား ခုနှစ်ရက်ပတ်လုံး ပေးလှူသည့် အလှူကြီးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **၊ဇာတ်ပေါင်း**– ဘုရား=ဆရာ ရသေ့။]

၁၈၁၊ အသဒိသဇာတ်

လေးဝိဇော အသဒိသမင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား ဖြစ်၍ 'အသဒိသ' မင်းသား မည်၏။ သူ့ညီကား 'ဗြဟ္မဒတ်' မင်းသား မည်၏။ ဘုရားလောင်း သည် တက္ကသိုလ်ပြည်၌ ပညာသင်၍ လေးအရာ၌ အတုမရှိ တတ်မြောက် ပြီး ဗာရာဏသီသို့ ပြန်လာ၏။ ဖခင်မင်းကြီး ကွယ်လွန်သော် သူသည် မင်း မပြုလိုသဖြင့် ညီတော် ဗြဟ္မဒတ်မင်းသားအား မင်းအဖြစ်ကို ပေး၏။ ထို နောက် မင်းနားနေ မင်းချင်းတို့က "အသဒိသသည် မင်းအဖြစ်ကို အလိုရှိ၏" ဟု ဂုံးတိုက်သဖြင့် ဗြဟ္မဒတ်မင်းသည် နောင်တော်ကို ဖမ်းရန် လူတို့ကို စေလွှတ်၏။ အသဒိသသည် ထိုအကြောင်းကို ကြားသဖြင့် မြို့မှ ထွက်၍

တိုင်းတပါးမင်းထံ သွားခစားပြီး ထိုမင်းအား အလွန် အံ့ဘွယ်ကောင်း သည့် လေးအတတ်တို့ကို ပြသ၏။

ထိုအခါ 'ဗာရာဏသီပြည်၌ အသဒိသမင်းသား မရှိကြောင်း' ကြား၍ ခုနစ် ပြည်ထောင်မင်းတို့လာပြီး ဗာရာဏသီပြည်ကို ဝိုင်းကြ၏။ ဗြဟ္မဒတ်မင်း သည် အလွန်ကြောက်သဖြင့် "အသဒိသမင်းကို ငါ့၏ စကားဖြင့် ရှိခိုး၍ ပင့်ဆောင်ကြလော့" ဟု တမန်တို့ကို စေလွှတ်၏။ ထိုတမန်တို့ သွား၍ပြော ကြားသော် အသဒိသသည် လိုက်လာ၍ ညီတော်မင်းအား "မကြောက်လင့်" ဟုနှစ်သိမ့်စေပြီး ပစ္စင်ပေါ်၌ရပ်လျက် "ငါ အသဒိသမင်းသားလာပြီ။နောက် မြားတစင်းဖြင့် သင်တို့အားလုံးကို သေစေအံ့။ မသေလိုလျှင် ပြေးကြ" ဟု သော စာတန်းကို မြားခုနစ်စင်း၌ ရေး၍ ပစ်လိုက်၏။ ထိုမြားခုနစ်စင်းသည် ထိုမင်းခုနစ်ပါးတို့ စားနေသော ထမင်းခွက်၏ အဖုံးပေါ် ကျ၏။ ထိုမင်းတို့ သည် စာကို ဖတ်ပြီး သေဘေးမှကြောက်၍ ပြေးကြ၏။ နောက် အသဒိသ မင်းသားသည် ညီတော်ကို ပန်ကြား၍ ရသေ့ရဟန်း ပြုလေ၏။

လောကီစည်းစိမ်ထက် လောကုတ္တရာချမ်းသာက သာလွန် မြင့်မြတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မင်းစည်စိမ်ကို စွန့်၍ ဘုရား၏ မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း–အာနန္ဒာ=ညီငယ်။ ဘုရား=အသဒိသမှင်းသား။**]

၁၈၂။ သင်္ကိစ္စဇာတ်

စစ်ပွဲနှင့် ဆင်ပြောင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဆင်ဆရာသည် ဗာရာဏသီမင်း၏ အိမ်နီးချင်း မှင်းတပါးထံ ခစား၏။ သူသည် ထိုမင်း၏ မင်္ဂလာဆင်ကို ကောင်းစွာသင်ကြား၏။ ထိုမင်းသည် ဗာရာဏသီပြည်ကို သိမ်းယူရန် ဘုရားလောင်းနှင့်အတူ မင်္ဂလာဆင်ကိုစီး၍ စစ်သည်များစွာ ဖြင့် သွားပြီး ဗာရာဏသီပြည်ကို ဝိုင်း၏။ ဗြဟ္မဒတ်မင်းသည် တံတိုင်း, ပစ္စင် တံခါး, တံခါးမုခ်တို့၌ ဗိုလ်ပါအပေါင်းကို တက်စေ၍ စစ်ထိုးစေ၏။ ပြည်နီး ချင်းမင်းသည် ချပ်ကိုဝတ်၍ ချပ်ဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာဆင်ကိုစီးပြီး မြို့ကိုဖိုရန် ချဉ်းတောင်းဖြင့် ဆင်ကို နှင်၏။ မင်္ဂလာဆင်သည် လက်နက် များကို ပစ်လွှတ်ကြသော သူတို့ကိုမြင်သော် သေဘေးမှကြောက်၍ နောက် သို့ ဆုတ်၏။

ဘုရားလောင်းသည် ထိုဆင်ကို ကပ်၍ "သင်သည် စစ်မြေပြင်ကို နှိမ်နင်းသွားတတ်သော (သင်္ဂါမာဝစရ)ရဲရင့်သည့်ဆင်တည်း။ နောက်မဆုတ်လင့်" ဟု.ဆို၏။ ထိုအခါ ဆင်သည် မြို့တံခါးကိုဖောက်၍ မြို့ထဲသို့ ဝင်ပြီး ပြည်ကို သိမ်းယူပေးလေ၏။

အာဇာနည်နှင့် ပညာရှိ တွဲလုပ်လျှင် ဘာမဆို ပြီးစီးနိုင်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ရှင်သာရိပုတ္တရာက 'သင်သည် မိန်းမအတွက် တရားကျင့်သည်မှာ မသင့်တော်' ဟု ဆို၍ ရှက်သဖြင့် တရားအားထုတ်၍ ရဟန္တာဖြစ်သွားသော နန္ဒမထေရ်ကို အမကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ဓေါဋ္ဌး—နန္ဒမထေရ်=မင်္ဂလာဆင်။ အာနန္ဒာ=မင်း။ ဘုရား=ဆင်ဆရာ။]

၁၀၃၂. ဝါလောဒကဇာတ်

မြင်းနှင့် မြည်းများအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ တနေ့သ၌ မင်းသည် သိန္ဓောမြင်းငါးရာနှင့်တကွ စစ်အင်္ဂါလေးပါးဖြင့် ထွက်၍ ပစ္စန္တရစ်ကိုဦးမ်း၏။ ပြန်ရောက်သော် ပင်ပန်းကြသည့် ထိုမြင်းတို့အား မုဒရက် ဖျော်ရည်(ဝါလောဒက)ကို တိုက်စေ၏။ ထိုမြင်းတို့သည် မုဒရက်အဖျော်ကို သောက်ပြီး မြင်းတင်းကုပ်သို့သွား၍ ငြိမ်သက်စွာ နေကြ၏။ ထိုမြင်းများသောက်ပြီး ကျန်သောမုဒရက်ရည် အနည်းငယ်ကို ရေများများဖြင့် ရော၍ မြည်းငါးရာတို့အား တိုက်စေ၏။ ထိုမြည်းတို့သည် မူးယစ်ပြီး ခုန်လွှား ပေါက်ကန်၍ မြည်လျက် မင်းယင်ပြင်၌ သွားကြ၏။

မင်းကမေးသော် ဘုရားလောင်းက "ထိုမြည်းတို့သည် အမျိုးယုတ်သဖြင့် ရေများစွာရောထားသည့် မုဒရက်ရည်ကို သောက်၍ မူးကြ၏။ မြင်းတို့ကား အမျိုးမြတ်သဖြင့် မုဒရက်အဖျော်ဦးကို သောက်သော်လည်း မမူးကြကုန်" ဟု လျှောက်လေ၏။

လူညံ့သည် အကောင်းနှင့်တွေ့လျှင် စိတ်မထိန်းနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''ဒါယကာ ငါးရုတို့သည် ကောင်းသောထမင်းဦးကို စားပြီး၍ ငြိမ်သက်စွာ တရား အားထုတ်ကြပြီး ၎င်းတို့၏ အလုပ်အကျေးငယ် ငါးရုတို့ကိုမူ စားကြွင်းများကိုဝေး၍ အိပ်ကြပြီး မြစ်နားသို့သွား၍ ကြွေးကြော်အော်ဟစ်လျက် မြူးတူးပျော်ပါး ကစားကြသည်ကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**-စားကြွင်းစား ငါးရု=မြည်းငါးရု။ ဒါယကာငါးရု=သိန္ဓောမြင်းငါးရု။ အာနန္ဒာ=မင်း။ ဘုရား=ပညာရှိအမတ်။]

၁၀၄၊ ဂိရိဒတ္တဇာတ်

မြင်းနှင့် ခြေခွင်မြင်းထိန်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်၌ 'သာမ' မင်း၏ အမတ် ဖြစ်၏။ ထိုမင်း၏ မင်္ကလာမြင်းသည် မိမိ၏ နှာရှုပ်ကြိုးကိုကိုင်ပြီး ရှေက သွားသော ခြေခွင်သည့် မြင်းထိန်းကိုကြည့်၍ ''သူသည် ငါ့ကိုသင်၏''ဟု ထင်မှတ်ပြီး အတုကျင့်၍ ခြေခွင်လေ၏။ ဆေးဆရာတို့က ''မြင်းမှာ အနာရောဂါမရှိပါ'' ဟု ဆိုသော် မင်းသည် ဘုရားလောင်းအား ထိုအကြောင်းကို စုံစမ်းခိုင်း၏။

ဘုရားလောင်းသည် သွားစုံစမ်းသော် 'ခြေခွင်သည့် မြင်းထိန်းနှင့်ပေါင်းဖော်ခြင်းကြောင့် ထိုမြင်း ခြေခွင်သည်'ကို သိ၏။ သူသည် မင်းအား ထိုအကြောင်းကိုလျှောက်ထားပြီး ''ကောင်းသောသွားခြင်းရှိသည့် မြင်းထိန်းကို ထားလျှင် ထိုမြင်းသည် ရှေးကကဲ့သို့ ပကတိဖြစ်မည်'' ဟု ဆို၏။ မင်းသည် သူဆိုတိုင်း ပြု၍ မြင်းသည် ပကတိဖြစ်သွား၏။ ''မင်းသည် တိရစ္ဆာန်တို့၏ အလိုကို သိပေ၏'' ဟု ဘုရားလောင်းအား စည်းစိမ်များကို ပေးလေ၏။

ပညာမဲ့သည် လူမိုက်နှင့်ပေါင်းလျှင် လူမိုက်ဖြစ်မည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် ''ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကို မှီဝဲရသည့် ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-ဒေဝဒတ်=မြင်းထိန်း။ ထိုရဟန်း=မင်္ကလာမြင်း။ **အာနန္ဒာ**=မင်း။ဘုရား-ပညာရှိအမတ်။]

၁၀၅၊ အနဘိရတိဇာတ်

စိတ်နောက်သော ပုဏ္ဏားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဒိသာပါမောက္ခ ဆရာသည် ထိုမြို့၌ မင်းသား ပုဏ္ဏားများစွာတို့အား ဗေဒင်တို့ကို သင်ပေး၏။

သူ၏ တပည့်ဟောင်း ဗေဒင်ဆရာ ပုဏ္ဏားလုလင်သည် အိမ်ထောင်မှူ ကိုစွကို ကြံစည်ရ၍ စိတ်နောက်ကျူပြီး ဗေဒင်တို့ကို မရွတ်ဆိုနိုင်တော့သဖြင့် သူ့ထံလာ၍ ထိုအကြောင်းကို ပြောကြား၏။

ဘုရားလောင်းက "စိတ်နောက်ကျူသူ (အနာဘိရတိ) အဘို့ လေ့ကျက်ထားသည့် ဗေဒင်တို့မှာ မထင်ကုန်။ ကိုယ့်အကျိုး သူ့အကျိုး တို့ကိုလည်း မမြင်ပေ။ စိတ်နောက်ကျူသူ အဘို့ကား မထင်မြင်သည့်အရာ မရှိပေ" ဟု ဆိုလေ၏။

စိတ်ရှုပ်လျှင် ဘာကိုမျှ မတွေးနိုင် မသိနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အလားတူ စိတ်နောက်ကျူ၍ ဗေဒင်တို့ကို မထင်မြင်သော ပုဏ္ဏားလုလင်တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–ပုဏ္ဏားလုလင်=ပုဏ္ဏားလုလင်။ဘုရား=ဒီသာပါမောက္ခဆရာ။]

၁၈၆၊ ဒဓိဝါဟနဇာတ်

လက်နက်ဆန်းသုံးသည့် မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် မိဘတို့က နှင်ထုတ်၍ သဘော်ဖြင့် ထွက်သွားသော ယောကျ်ားတဦးသည် ကျွန်းတခုဉ် ဝက်တကောင်ထံမှ 'ကောင်းကင်သို့ ပျံစေနိုင်သည့် တန်ခိုးကြီး ပတ္တမြားတုံး'ကို ရ၏။ သူသည် ထိုပတ္တမြား၏ တန်ခိုးဖြင့်ပျံ၍ ဟိမဝန္တာနေ ရသေ့ညီနောင် သုံးဦးထံမှ 'သိကြားပေးသော အလွန်တန်ခိုးကြီးသည့် ပဲခွပ်ပါ ပုဆိန်, စည်, နို့ဓမ်းအိုး'တို့ကို ဥပါယ် တမျှဉ်ဖြင့် ရယူ၏။ သူသည် 'ပတ္တမြားတုံး, ပုဆိန်' စည်, နို့ဓမ်းအိုး'ဟူသော လက်နက်လေးခုကိုယူ၍ ဗာရာဏသီပြည့်သို့ သွားပြီး မင်းအားစစ်ကြသော်၏။ မင်းသည် စစ်ထိုးရန် စစ်အင်္ဂါလေးပါးနှင့်ထွက်လာသော် ထိုသူသည် နို့ဓမ်းအိုးကို သွန်၍ မြစ်ကြီးဖြစ်စေ၏။ ထိုစစ်သည်တို့သည် နို့ဓမ်းမြစ်၌ နစ်မှန်းပြီး မထွက်နိုင်ကုန်။နောက် သူသည် ပဲခွပ်ပါပုဆိန်ကိုလွှတ်၍ မင်း၏ ဦးခေါင်းကို ဖြတ်ယူလာစေပြီး အခြံအရံ များစွာဖြင့် မြို့သို့ဝင်၍ 'ဒဓိဝါဟန'အမည်နှင့် မင်းပြု၏။ ဘုရားလောင်းသည် ထိုမင်း၏ အမတ်ဖြစ်၏။

တနေ့သ၌ ဒဓိဝါဟန မင်းသည် မြစ်ကြီးထဲမှ အိုးစရည်းမျှရှိသည့် နတ်တို့၏ သရက်သီးတလုံးကိုရရှိ၍ စားပြီးအစေ့ကို ဥယျာဉ်၌ နို့ရည်လောင်း၍

စိုက်ပျိုးစေ၏။ သုံးနှစ်ကြာသော် ထိုသရက်ပင်သည် အလွန်ချိုသည့် အသီးကို သီး၏။ မင်းသည် မျိုးပွားမည်စိုးသဖြင့် သရက်သီးတွင်အညှန့်ထွက်ရာ နေရာ၌ အဆိပ်ရှိသော အရိုးဖြင့်ထိုး၍ သရက်သီးမျှားကို အခြားမင်းတို့ထံ ပို့စေ၏။ ထိုမင်းတို့သည် အစေ့ကိုစိုက်သော် အပင်မပေါက်ပေ။ ထိုအခါ မင်းတပါး သည် သရက်သီး၏ အရသာကို ခါးအောင် လုပ်နိုင်သော ဥယျာဉ်မှူးတဦးကို ဒဓိဝါဟနမင်းထံ စေလွှတ်၍ ဥယျာဉ်မှူးအဖြစ် ခစားစေ၏။ ထိုဥယျာဉ်မှူး သည် သရက်ပင်အနီး၌ တမာပင်, ခွေးတောက်ပင်တို့ကိုစိုက်၏။ ထိုအပင်တို့ ကြီးထွားလာ၍သရက်ပင်အမြစ်နှင့် ရောယှက်သွားပြီး ထိုသရက်ပင်၏ အသီး များ ခါးသွားကြ၏။ ထိုဥယျာဉ်မှူးလည်း ထွက်ပြေးလေ၏။

ဒဓိဝါဟနမင်းသည် ဥယျာဉ်သို့သွား၍ သရက်ပင်မှ အသီးကို စားလျှင် ခါးသည့်အရသာကိုရ၍မေးသော်ဘုရားလောင်းက "တမာပင်, ခွေးတောက် ပင်တို့ကြောင့် သရက်သီးခါး၏" ဟုဆို၏။ မင်းသည် ထိုအပင်တို့ကို အမြစ် နှင့်တကွနုတ်စေပြီး ပတ်ဝန်းကျင်မှ မြေမှုန့်တို့ကို ပယ်စေ၍ ချိုသောမြေမှုန့် တို့ကို ထည့်စေပြီး နို့, ပျား, သကာရည်, နံ့သာရည်တို့ဖြင့် ထိုသရက်ပင်ကို ပြုပြင်စေ၏။ နောက် ထိုသရက်ပင်သည် မူလအတိုင်း ချိုသောအသီးများကို သီးလေ၏။

လူကောင်းသည် လူဆိုးများနှင့်ဝေါင်းလျှင် လူဆိုးဖြစ်သွားနိုင်၏။

[မြတ်စွာဘုရားသည် ဇေဋ္ဌဝန်ကျောင်း၌ နေစဉ် "ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကိုမှီဝဲသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** - ဘုရား=ပညာရှိအမတ်။]

၁၈၇၊ စတုမဋ္ဌဇာတ်

ရက္ခစိုးနှင့် မြေခွေး အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည်တော၌ ရက္ခစိုး နတ်ဖြစ်၏။ အစာရှာထွက်သည့် စိတ္တကုဋ္ဌတောင်နေ ဟင်္သာငယ် နှစ်ကောင် တို့သည် ဘုရားလောင်းနေသည့် သစ်ပင်သို့ မကြာခဏလာ၍ ဘုရားလောင်း နှင့် အကျွမ်းဝင်သည်ဖြစ်၏။

တနေ့သ၌ ထိုဟင်္သာ နှစ်ကောင်တို့ ဘုရားလောင်းနှင့်စကားပြောနေစဉ် မြေခွေးတကောင်သည်လာ၍ ထိုသစ်ပင်အောက်၌ ရပ်လျက် ဟင်္သာတို့အား "သင်တို့သည် မြင့်သော ဆိတ်ကွယ်ရာအရပ်၌တိုင်ပင်ဟောပြောနေကြ၏။ နိမ့်

သော အရပ်သို့ဆင်းပြီ တိုင်ပင်ဟောပြောကြလော့။ သားတို့၏ မင်းဖြစ်သူ ငါလည်း နားထောင်အံ့”ဟု ဆို၏။ ဟသ်ာတို့သည် ထိုမြေခွေးကို စက်ဆုပ်သဖြင့် စိတ်ကုဋ္ဌတောင်သို့ပို့၍ တဖန်မလာတော့။ ထိုအခါ ဘုရားလောင်းက မြေခွေးအား“ဟယ် အင်္ဂါလေးပါးဖြင့်ကောင်းမြတ်သော(စတုမဋ္ဌ)မြေခွေး၊ သင့်အား ထိုဟသ်ာတို့ဖြင့် အဘယ်ပြုအံ့နည်း။ ယခုတွင်းထဲဝင်လော့”ဟုဆို လေသည်။

လူယုတ်သည် ပညာရှိနှင့် ရောပြီး ပညာရှိဟန် ဆောင်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “အချင်းချင်း မေးဖြေနေကြသည့် အဂ္ဂသာဝက နှစ်ပါးထံလာပြီး ရောနှော၍ ပြောရန် အားထုတ်သော ရဟန်းတပါးကို အကြောင်းပြုပြီး” ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ရဟန်းအို=မြေခွေး။အဂ္ဂသာဝကနှစ်ပါး=သင်္ဃဃယ်နှစ်ဦး။ဘုရား=ရှက္ခစိုးနတ်။]

၁၈၈၊ သိဟကောတ္ထုဇာတ်

ခြင်္သေ့နှင့် ခွေးခြင်္သေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်းခြင်္သေ့မင်းသည်မြေခွေးမတကောင်နှင့်ပေါင်းဖော်မိ၍သားတဦးကိုရ၏။ထိုမြေခွေးမသားသည်ပုံသဏ္ဌာန်အားဖြင့်ခြင်္သေ့နှင့်တူ၍ အသံအားဖြင့် မြေခွေးနှင့်တူ၏။ တနေ့သ၌ မိုးရွာ၍ မိုးစဲသော် ခြင်္သေ့တို့သည် ဟောက်၍မြူးတူးကစားကြ၏။ ထိုမြေခွေးမသားခြင်္သေ့(သီဟ-ခြင်္သေ့+ကောတ္ထု-မြေခွေး)သည် ထိုခြင်္သေ့တို့၏ အလယ်၌ ဟောက်သော် မြေခွေးသံထွက်၏။ ထိုအသံကိုကြား၍ ခြင်္သေ့တို့သည် ဆိတ်ဆိတ်နေကြ၏။ ခြင်္သေ့မမှမွေးသော ဘုရားလောင်း၏ သားတဦးက “ဖခင်၊ ဤခြင်္သေ့သည် ဘာခြင်္သေ့နည်း”ဟု မေး၏။

ဘုရားလောင်းက သားအား အကြောင်းစုံကို ပြောပြပြီး ထိုမြေခွေးမသားကို ခေါ်၍“သင့်သည်ဤအရပ်၌နေသော် ဤနေ့မှစ၍အသံနည်းလော့။ တဖန်မြည်လျှင် မြေခွေးဖြစ်သည်ကို သိပြန်လတံ့”ဟုဆို၏။ ထိုမြေခွေးမသားသည် နောက်မမြည်တော့ပေ။

အတုသည် အစစ်နှင့် ယှဉ်ကြည့်မှ အတုဖြစ်ကြောင်း သိနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “(ဒဒ္ဒရဇာတ် ‘ဇာ ၁၇၂’၌ဆိုခဲ့သော) တရားဟောရန် အားထုတ်သည့် ကောကာလိကကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ကောကာလိက-မြေခွေးမသား။ ရာဟုလာ=ခြင်္သေ့မင်း၏သား။ ဘုရား=ခြင်္သေ့မင်း။]

၁၈၉၊ သီဟစမ္မဇာတ်

ခြင်္သေ့ရေဖုံးသည့် မြည်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ရှာတရှာဌ် လယ်လုပ်မှုဖြင့် အသက်မွေး၏။ ထိုအခါ ကုန်သည် တဦးသည် မြည်းပေါ် ဝန်တင်၍ ကုန်သွယ်သွားသော် ရောက်လေရာ အရပ်၌ မြည်း၏ကျောပေါ်မှ ဝန်ထုပ်ကိုချ၍ ခြင်္သေ့ရေ (သီဟစမ္မ)ဖြင့် ဖုံးအုပ်ပြီး စပါးခင်းတို့၌ လွှတ်၏။ လယ်စောင့်တို့သည် ထိုမြည်းကိုမြင်သော် 'ခြင်္သေ့'မှတ်၍ မကပ်ဝံ့ကြပေ။ တနေ့သ၌ ထိုကုန်သည်သည် ဘုရားလောင်းနေသည့် အရပ်သို့ ရောက်၍ ခြင်္သေ့ရေဖြင့် ဖုံးအုပ်ပြီး မြည်းကိုလွှတ်၏။ လယ်စောင့်တို့သည် လယ်ရှင်တို့ အား ထိုအကြောင်းကိုကြား၏။ ရှာသားတို့သည် လက်နက်များကို ကိုင်ပြီး စည် တူရိယာများကို တီးမှုတ်၍ ထိုလယ်အနီးသို့ သွားကြသော် ထိုမြည်း သည် သေဘေးမှကြောက်၍ မြည်းသံကိုမြည်၏။

ထိုအခါ ဘုရားလောင်းသည် "ဤသတ္တဝါကား ခြင်္သေ့မဟုတ်၊ ခြင်္သေ့ရေ ဖြင့် ဖုံးထားသည့် မြည်းတည်း" ဟုဆို၏။ ရှာသားတို့သည်ထိုမြည်းကိုရိုက်သတ် ပြီး ခြင်္သေ့ရေကိုယူသွားကြ၏။ နောက် ထိုကုန်သည်လာပြီး "မိမိအသံသည် မိမိကို ဖျက်ဆီး၏" ဟု ဆို၍ မြည်းကို စွန့်ပြီးသွားလေ၏။

ဟန်ဆောင်သူသည် တနေ့တွင်ပေါ်၍ ပျက်စီးရသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "(ဒဒ္ဒရဇာတ် 'ဇာ-၃၇၂' အတိုင်း)တရားဟောရန်အားထုတ်သည့် ကောကာလိက ရဟန်းကို အကြောင်း ပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ်=ကုန်သည်။ ကောကာလိက=မြည်း။ ဘုရား=ပညာရှိလယ်သမား။]

၁၉၀၊ သီလာနိသံသဇာတ်

သူဇောတ်ကောင်းနှင့် နဂါးမင်းအကြောင်း

ကဿပဘုရားလက်ထက် သောတာပန်ဒါယကာတဦးသည် ဆေတ္တာသည်တဦး နှင့်အတူ သဘော်ဖြင့် ခရီးသွားရာ သမုဒ္ဒရာတွင် သဘော်ပျက်၍ ပျဉ်တခု ပေါ် စီးသွားသော် ကျွန်းတခုသို့ ရောက်၏။ ဆေတ္တာသည် သည် ငှက်တို့ကို သတ်၍စား၏။ ထိုဒါယကာသည်ကား သီလဆောက်တည်၍ ရတနာသုံးပါး၏ ဂုဏ်တို့ကို အောက်မေ့လျက်နေ၏။

ထိုအခါ ဘုရားလောင်း သမုဒ္ဒရာစောင့်နတ်သည် သဘော်သူကြီးပြု၍ နဂါးမင်းအား ရတနာနှင့်ပြီးသော သဘော်ကို ဖန်ဆင်းစေပြီး ရတနာ ခုနစ်ပါးတို့ကို တင်လာ၍ "ဇမ္ဗူဒိပ်သို့ သွားလိုသူများ လာကြလော့" ဟု အော်၏။ ထိုဒါယကာသည် လာ၍ သဘော်ပေါ်တက်ပြီး ဆေတ္တာသည်ကို ခေါ်၏။ သမုဒ္ဒရာနတ်သားက "သီလရှိသော သင့်အတွက်သာ ဤသဘော်ကိုငါဆောင်ခဲ့၏" ဟု ဆို၏။ ထိုဒါယကာက ဆေတ္တာသည်အား "ငါ၏ ကုသိုလ်အဘို့ကို သင့်အား အမျှပေး၏" ဟု ဆိုသော် ဆေတ္တာသည်က "အရှင်၊ ဝမ်းမြောက်ပါ၏" ဟု ဆို၏။

ထိုအခါမှ နတ်သားသည်ဆေတ္တာသည်ကို တင်၍ ဗာရာဏသီပြည်သို့ သွားပြီး မိမိတန်ခိုးဖြင့် ထိုသူနှစ်ဦး၏အိမ်၌ ဥစ္စာကို တည်စေ၏။နောက် နတ်သားသည် ကောင်းကင်၌ ရပ်လျက် "သီလရှိသော ပညာရှိတို့နှင့် ပေါင်းဖော်အပ်၏။ဤဆေတ္တာသည် သည် ဤဒါယကာနှင့် မပေါင်းဖော်အံ့၊ သမုဒ္ဒရာ၌ ပျက်စီးမည်" စသည်ဖြင့် သီလ၏ အကျိုးအာနိသင်(သီလာနိသံသ)ကို ဟောကြား၍ဆေတ္တာသည်ကိုဆုံးမပြီး နဂါးနှင့်အတူ မိမိနေရာသို့ ပြန်သွားလေ၏။

သီလ၏ တန်ခိုးကြီးမားပုံကို သူတော်ကောင်းသာ သိနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မြစ်၏တဖက်ကမ်းသို့ တရားနာရန် သွားသော် လေ့မတွေ့၍ ဘုရားကို အာရုံပြုသည့် ပီတိတန်ခိုးကြောင့် မြစ်ရေပေါ်၌ သွားနိုင်သော ဒါယကာတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင် –ဒါယကာ=သောတာပန်။ သာရိပုတ္တရာ=နဂါးမင်း။ ဘုရား=သမုဒ္ဒရာစောင့်နတ်သား။]

၁၉၁၊ ရုဟကဇာတ်

ပုဏ္ဏားရွှေနှင့် မယားပျက်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် တနေ့သ၌ 'ရုဟက'မည်သော သူ၏ ပုရောဟိတ်ပုဏ္ဏားအား တန်ဆာဆင်ထားသည့်မြင်းကို ပေးလိုက်၏။ ရုဟကသည် ထိုမြင်းကို စီးသွားသော် မြင်သမျှလူတို့က မြင်းကို အလွန်ချီးမွမ်းပြောဆိုကြ၏။ သူသည် အိမ်သို့ရောက်၍ ပုဏ္ဏေးမအား "ငါ့မြင်းကို လူတို့က အလွန် ချီးမွမ်းကြ၏" ဟု ဆို၏။ သူ့အား အကျင့်ပျက်၍ တပါးယောကျ်ားများနှင့် လွန်ကျူးသောထိုပုဏ္ဏေးမက "ဤမြင်းသည် တန်ဆာဆင်

ထား၍ တင့်တယ်၏။ သင်္ဃလည်း ထိုမြင်း၏တန်ဆာကိုဆင်ပြီး မြင်းကဲ့သို့သွား၍ မင်းကိုဖူးမြင်လျှင် သင့်ကို မင်းနှင့်တကွ လူတို့က ချီးမွမ်းလတံ့''ဟု ဆို၏။

ရှေးသောသဘောရှိသည့် ထိုပုဏ္ဏားသည် ထိုစကားကို အဟုတ်မှတ်၍ သူ့မဆိုတိုင်း ပြု၏။ မြင်သမျှလူတို့သည် ပြက်ရယ်ပြုကြလျက်''ဆရာသည် တင့်တယ်လှပပေ၏''ဟု ဆိုကြ၏။ မင်းက ''သင်ရှေးသလော''စသည်ဖြင့် ဆို၍ ရှက်စေ၏။ ပုဏ္ဏားသည် ရှက်သဖြင့် ''ပုဏ္ဏေးမသည် ငါ့ကိုအရှက်ခဲ့၏''ဟု အမျက်ထွက်လျက် အိမ်ပြန်ပြီး ပုဏ္ဏေးမကို နှင်ထုတ်၍ တခြားပုဏ္ဏေးမကို ဆောင်ယူလေ၏။

မိန်းမပျက်မည်သည် လင်ကိုပင် အရှုံးလုပ်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်''မယားဟောင်းဖြားယောင်း၍ သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အဓိကြောင်းပြု၍''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– မယားဟောင်း=ပုဏ္ဏေးမ။ ငြိုးငွေ့သော ရဟန်း=ရဟကပုဏ္ဏား။ ဘုရား=ဗာရာဏသီမင်း။]

၁၉၂။ သိရိကာဠကဏ္ဏိဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ်(ဇာ-၅၄၂)၌ အကျယ်လာ၏။]

၁၉၃။ စူဠပဒုမဇာတ်

မင်းသားနှင့် မယားယုတ်အကြောင်း

ဖခင် ဗာရာဏသီမင်းက သူ့ထီးနန်းကို လုယူမှာစိုး၍ နှင်ထုတ်သဖြင့် ဘုရားလောင်း 'ပဒုမ'မင်းသားသည် ညီမင်းသားခြောက်ဦးတို့နှင့်အတူ မိမိတို့၏ မယားများကိုခေါ်၍ ထွက်သွားကြရာ ကန္တာရတခုသို့ ရောက်၏။ အစာမရှိ, ရေငတ်ကြသော် သူတို့သည် ''ငါတို့အသက်ရှင်လျှင် မိန်းမတို့ကိုရလတံ့''ဟု တိုင်ပင်ကြပြီး ညီငယ်၏ မယားကိုသတ်၍ အသားကို တဆယ့်သုံးစုပြုပြီး စားကြ၏။ ဘုရားလောင်းသည် မိမိနှင့်မယား ရသော အစုတို့ဏှင် တစုကိုချန်၍ တစုကို နှစ်ယောက်စားကြ၏။ ဤသို့ခြောက်ရက်ပတ်လုံး မိန်းမခြောက်ဦးကိုသတ်၍ စားကြ၏။ဘုရားလောင်းသည် နေ့တိုင်းတစုစီယူထား၍ ခြောက်စုကို ရရှိထား၏။

သူသည် သူ့မယားကို သတ်မည်ပြုသော ညီတော်တို့အား ထိုအသား ခြောက်စုတို့ကိုပေး၍ ညီတော်တို့စားပြီး အိပ်ပျော်နေစဉ် မယားကို ယူပြေးသော အရုဏ်တက်လျှင် ကန္တာရမှ ထွက်၏။ သူသည် "ရေငတ်၏"ဟု ဆိုသော မယားအား မိမိ၏ပုဆစ်ဒူးကို သန်လျက်ဖြင့် ဖောက်၍ သွေးကို တိုက်၏။ အစဉ်အတိုင်းသွား၍ မြစ်ကြီးတခုသို့ ရောက်သော် မြစ်ကွေ့တခုတွင် ကျောင်းဆောက်၍ သစ်သီးတို့ကို စားလျက် နေ၏။

တနေ့သဋ္ဌမင်းပြစ်သင့်၍ လက်၊ခြေ၊နား၊နှာတို့ကို အဖြတ်ခံရပြီး လှေငယ်ဖြင့် မြစ်ညာမှ မျောလာသော ခိုးသူတဦးသည် ညည်းညူလျက် ထိုမြစ်ကွေ့သို့ ရောက်လာ၏။ ဘုရားလောင်းသည် ထိုခိုးသူကို ဆယ်ယူ၍ အနာကို ဆေးကုပေး၏။ အနာတို့ အသားနုတက်သော် သူသည် မယားနှင့် ထိုင်တုံးကို ထားခဲ့ပြီး သစ်သီးရှာထွက်၍ ကျွေးမွေး၏။ ဤသို့ အတူနေရသော် ထိုမိန်းမသည် ငတုံးနှင့် ချစ်ကြိုက်၍ ပျော်ပါးပြီး ဘုရားလောင်းအား သတ်လိုသဖြင့် "အရှင်၊ ကျွန်ုပ်တို့ ကန္တာရမှထွက်ပြီး တောင်တခုကို မြင်သော် အရှင်တောင်စောင့်နတ်မင်း၊ ကျွန်ုပ်သည် လင်နှင့်တကွ အသက်ရှင်ပါက သင့်အား ယင်ပူဇော်ပသအံ့'ဟု တောင်းပန်ခဲ့၏။ ယခု ပူဇော်ပသလို၏"ဟု ဆို၏။

ဘုရားလောင်းသည် သဘောတူ၍ ဗလိနတ်စာကို စီရင်ပြီး ထိုမိန်းမနှင့် အတူ သွား၍ တောင်ထိပ်သို့တက်၏။ ထိုမိန်းမသည် "နတ်ကိုမပူဇော်မီ အရှင့်ကို ပူဇော်ပါအံ့"ဟု ဆို၍ ဘုရားလောင်းကို တောင်ကမ်းပါးပြတ်သို့ ရှေးရှု ထားပြီး လက်ျာရစ်လှည့်ကာ ရှိခိုးသကဲ့သို့ပြုပြီး ကျောနား၌ ရပ်၍ တောင်ကမ်းပါးပြတ်ထဲသို့ တွန်းချ၏။ သူမသည် "ငါ့ရန်သူပျက်စီးပြီ"ဟု ဝမ်းသာ၍ တောင်မှဆင်းပြီး ငတုံးထံသွား၏။

ဘုရားလောင်းသည် ရေသဖန်းပင်ထက်ဝယ် ဆူးမရှိသော ချုံပေါ်၌ ကျ၏။ တောင်အောက်သို့မဆင်းနိုင်၍ ရေသဖန်းသီးများကို စားပြီး နေ၏။ နောက် သူသည် ဖွတ်တကောင်၏ အံကူအညီဖြင့် ထိုတောင်မှ ဆင်းပြီး တောမှထွက်၍ ရှာငယ်တခုသို့ သွားနေ၏။ သူသည် ဖခင်ကွယ်လွန်သည်ကို ကြားလျှင် ဗာရာဏသီသို့ သွား၍ 'ပဒုမ'မင်း အမည်ဖြင့် တရားနှင့်အညီ မင်းပြု၏။ အလှူတင်းကုပ်ခြောက်ခုကို ဆောက်စေ၍ နေ့တိုင်း ဥစ္စာခြောက်သိန်းကို ပေးလှူ၏။ ထိုမိန်းမယုတ်သည် ငတုံးကို ကြိမ်တောင်းထဲ၌ ထည့်ပြီး ရွက်၍ လှည့်လည်တောင်းစားလျက် သွားသော် ဗာရာဏသီသို့ရောက်ပြီး အလှူတင်းကုပ်တို့၌ တောင်းစားနေ၏။

ဘုရားလောင်းသည် အလှူတင်းကုပ်မှ နန်းတော်သို့ ဆင်စီး၍ ပြန်သော် ထိုမိန်းမယုတ်ကိုမြင်၍ ခေါ်စေ၏။ ငတုံးကိုတောင်းမှထုတ်စေ၍ သိလျက်နှင့် "ဤငတုံးသည် သင်နှင့် အသို့တော်စပ်သနည်း" ဟု မေး၏။ ထိုမိန်းမက "ဤသူသည် မိဘတို့ ပေးစားသည့် ယယ်လင်တည်း။ ကျွန်ုပ်သည် မင်းမြစ်သင့်သော ဤလင်ကို မစွန့်ဘဲ ရွက်ဆောင်၍ တောင်းစားပြီး ကျွေးမွေး၏" ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် နောက်ကြောင်းကို အလုံးစုံ ပြန်ပြောပြီး ထုတ်သောအမျက်ကို ချုပ်တည်းကာ ထိုမိန်းမယုတ်အား တောင်းကို မချနိုင်အောင် မြဲစွာချည်စေပြီး ငတုံးကို တောင်းထဲထည့်စေ၍ မိမိနိုင်ငံမှ နှင်ထုတ်လေ၏။

ဓိန်းမမည်သည် ယုတ်မာ၍ ကျေးဇူးကန်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— စိဉ္စမာဏဝိကာ=မယား။ ဒေဝဒတ်=ငတုံး။ အာနန္ဒာ=ဖွတ်။ ဘုရား=စူဠပဒုမမင်းသား။]

၁၉၄၊ မဏိစောရဇာတ်

လင်သတ်မယားယူသည့် မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ရွာတရွာနေ ဘုရားလောင်းသူကြွယ်သည် ဗာရာဏသီပြည်မှ အဆင်းလှ၍ အကျင့်သိလကောင်းသော 'သုဇာတာ' အမည်ရှိ အမျိုးသမီးနှင့် လက်ထပ်၍ ညီညွတ်ဝမ်းမြောက်စွာ နေ၏။ တနေ့သ၌ သူတို့နှစ်ဦးသည် သုဇာတာ၏ မိဘထံသို့ လှည်းဖြင့် သွားကြသော် ဗာရာဏသီမြို့တွင်းသို့ ရောက်၏။

ထိုအခါ ဆင်စီးပြီး မြို့ကိုလှည့်သော မင်းသည် သုဇာတာကိုမြင်၍ ချစ်ကြိုက်လေ၏။ "ဥပါယ်တမျှဉ်ဖြင့် ထိုယောကျ်ားကို သတ်ပြီး မိန်းမကို ယူအံ့" ဟုကြံ၍ မင်းချင်း တယောက်အား "ဤပတ္တမြား ဥသျော်ကျင်ကို ယူ၍ ထိုယောကျ်ား၏ လှည်း၌ ထားပြီး လာလော့" ဟု ခိုင်း၏။ ထိုသူသည် မင်းဆိုတိုင်း ပြုပြီးသော် မင်းသည် "ငါ၏ ပတ္တမြားဥသျော်ကျင် ပျောက်၏" ဟု ဆို၍ ခိုးသူကို ရှာစေ၏။ မင်းချင်းတို့သည် ဘုရားလောင်း၏ လှည်းမှ ပတ္တမြားဥသျော်ကျင်ကို တွေ့၍ "ပတ္တမြားဥသျော်ကျင်ခိုးသူ (မဏိစောရ)" ဟု

ဖမ်းပြီး လက်ပြန်ချည်၍ မင်းထံ ဆောင်၏။ မင်းက "ခိုးသူ၏ ဦးခေါင်းကို ဖြတ်လော့"ဟု ဆို၏။

မင်းချင်းတို့သည် ဘုရားလောင်းကို လမ်းလေးဆုံတိုင်း၌ ကြိမ်တို့ဖြင့် ရိုက်၍ မြို့တံခါးမှ ထုတ်၏။ သုဇာတာလည်း "ငါ့ကိုမှီ၍ ငါ့လင်ဒုက္ခရောက်၏"ဟု ငိုကြွေးလျက် နောက်က လိုက်၏။ မင်းချင်းတို့သည် ဦးခေါင်းကို ဖြတ်ရန် ဘုရားလောင်းကို ပက်လက်အိပ်စေသော် သုဇာတာသည် မိမိ၏ သီလကျေးဇူးကို ဆင်ခြင်၍ "ဤလောက၌ သီလရှိသူကို အနှိုင်ကျင့်၍ ညှဉ်းဆဲသည့် သူယုတ်တို့ကို တားမြစ်နိုင်သည့် နတ်များ မရှိသလော"ဟု ဆို၍ ငိုကြွေး၏။

ထိုအခါ သိကြားမင်းသည် လာ၍သူ့တန်ခိုးဖြင့် မင်းယုတ်ကို ဆင်ပေါ်မှ ချ၍ ဘုရားလောင်းနေရာ၌ ထားပြီး ဘုရားလောင်းကို ချီ၍ မင်းအာသင်ဖြင့် ဆင်ပေါ်၌ ထား၏။ မင်းချင်းတို့ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ပြီးမှ မင်း၏ ဦးခေါင်းဖြတ်မိကြသည်ကို သိကြ၏။ သိကြားမင်းသည် သိကြားအာသင်ဖြင့် ဘုရားလောင်းထံသွား၍ မင်းအဖြစ် ဘိသိက်သွန်းပြီး သုဇာတာကို မိဖုရားအရာ၌ ထား၏။ အမတ် ပုဏ္ဏားတို့သည် သိကြားကို မြင်လျှင် "တရားမစောင့်သည့် မင်းကို သတ်အပ်ပြီ။ ယခု သိကြားပေးသော တရားစောင့်သည့် မင်းကို ငါတို့ ရပေပြီ"ဟု ဝမ်းမြောက်ကြလေ၏။

လူမိုက်သည် သူတော်ကောင်းကို မဓကာင်းကြီလျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ဘုရားကိုသတ်ရန် အားထုတ်သည့် ဒေဝဒတ်ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ်=မင်းယုတ်။ အနုရုဒ္ဓါ=သိကြားမင်း။ ရာဟုလာ မယ်တော်= သုဇာတာ။ ဘုရား=သိကြားပေးသောမင်း။]

၁၉၅။ ပဗ္ဗတူပတ္ထရဇာတ်

မင်းနှင့် ကြာခိုအမတ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ ထိုအခါ အမတ်တယောက်သည် နန်းတွင်းသူတဦးကို မှားယွင်း၏။ မင်းသည် ထိုအကြောင်းကိုသိ၍ "ဤအမတ်သည် ငါ့အား ကျေးဇူးများ၏။ဤမိန်းမကိုလည်း ငါချစ်မြတ်နိုး၏။ သူတို့နှစ်ဦးကို မဖျက်စီးလို။ သို့သော် ပညာရှိ အမတ်အား ပြဿနာကိုမေး၍ သည်းခံသင့်လျှင် သည်းခံအံ့၊ သည်းမခံသင့်

လျှင် သည်းမခံအံ့”ဟု ကြံ၏။ သူသည် ဘုရားလောင်းအား “ဟိမဝန္တာတောင်ခြေရင်းရှိ ပြန့်သော မြေပြင်(ပဗ္ဗတူပတ္ထရ)၌ မြစ် တခုရှိ၏။ ထိုမြစ်ကို ခြင်္သေ့စောင့်၏ဟု သိလျက် မြေခွေးသည် ထိုမြစ်၌ ရေကို သောက်ကောင်းသလော”ဟူ၍ ပြဿနာကို မေး၏။

ဘုရားလောင်းက“အမတ်တယောက်သည် မင်းနန်းတွင်းသူကို မှားယွင်းသည် ဖြစ်မည်”ဟု သိ၍“သားအပေါင်းတို့ ရေသောက်စေကာမူ ထိုမြစ်သည် မြစ်မဟုတ်သည်မဖြစ်။ သင်မင်းကြီးသည် ထိုမိန်းမကိုချစ်မြတ်နိုးအံ့ သည်းခံတော်မူပါ”ဟု ဆို၏။ မင်းသည် ထိုသူ့နှစ်ဦးအား“ဤယုတ်မာသည့်အမှုမျိုးကို နောင်မပြုလင့်”ဟု ဆုံးမ၍ သည်းခံလေ၏။

ပညာရှိသည် ကျေးဇူးမျှားသူကို ဓာန်ဘိုးထားသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်“ဓာလားတူ နန်းတွင်းသူကို မှားယွင်းသည့် မိမိ၏အမတ်တဦးအကြောင်း လျှောက်ကြားသော ကောသလမင်းကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။။**ဇာတ်ပေါင်း**-- အာနန္ဒာ = မင်း။ ဘုရား=ပညာရှိအမတ်။]

၁၉၆၊ ဝလာဟကဿဇာတ်

ကုန်သည်များနှင့် ဘီလူးမများအကြောင်း

ရှေးအခါကသိန်းသုံးဆယ်(သီဟိုဠ်)ကျွန်း၌ ‘သိရိသဝတ္ထု’မည် သောဘီလူးမများနေသည်ဖြစ်ရှိ၏။ ထိုဘီလူးမတို့သည် သဘော်ပျက်သော ကုန်သည်တို့ ရောက်လာသည့်အခါ ထိုထိုအရပ်တို့တွင် လူတို့နေထိုင်သည့် ရွာ,လူ,တိရစ္ဆာန်တို့ကို ဖန်ဆင်းထားပြီး တန်ဆာဆင်၍ သူငယ်တို့ကိုရင်ခွင်ဖြင့်ချီလျက် ထိုကုန်သည်တို့ထံ သွား၏။ ထိုသူတို့ကို ကျွေးမွေး ပြုစုပြီးလျှင် “ငါတို့၏ လင်များသည် သဘော်ဖြင့်သွားကြရာ သုံးနှစ်ရှိပြီ။ သေကုန်သည်ဖြစ်လတံ့။ ငါတို့သည် သင်တို့၏ အလုပ်အကျွေးများ ဖြစ်ပါကုန်အံ့”ဟု ဆို၍ ဖြားယောင်းပြီး မိမိတို့၏ မြို့သို့ ခေါ်သွားကြ၏။ အရင်က ဖမ်းယူထားသည့်လူများရှိလျှင် ထိုသူတို့ကို နှောင်အိမ်၌ထားပြီး သမုဒ္ဒရာကမ်းတလျှောက် လှည့်လည်၍ သဘော်ပျက်သော လူတို့ကို ရှာကြ၏။

တနေ့သ၌ သဘော်ပျက်သော ကုန်သည်ငါးရာတို့သည် ထိုဘီလူးမမြို့အနီးသို့ ရောက်သွားကြ၏။ထိုဘီလူးမတို့သည် ထိုကုန်သည်များထံသွား၍ အထက်ပါအတိုင်းဖြားယောင်းပြီး ခေါ်ဆောင်ကြ၏။ ဘီလူးမအကြီးသည်ကုန်သည်

မျူးကိုဂင်း၊ ကျန်ဘီလူးတို့က ကျန်လူများကိုဂင်း မိမိတို့၏ လင်များအဖြစ် ပြုကြ၏။ ညအခါ ကုန်သည်များ အိပ်ကြသော် ဘီလူးမအကြီးသည် ထ၍ အခြားဘီလူးမများနှင့်အတူ သွားပြီး နှောင်အိမ်ရှိလူတို့ကိုစား၍ ပြန်လာ၏။ ဘီလူးမအကြီးပြန်လာချိန်၌ ကိုယ်သည်အေးသဖြင့် ကုန်သည်မျူးသည် စုံစမ်း၍ ဘီလူးမဖြစ်သည်ကို သိလျှင် "ဤမိန်းမငါးရာတို့သည် ဘီလူးမများ ဖြစ်မည်"ဟု သိလေ၏။

ထိုကုန်သည်မျူးသည် နံနက်စောစော ထ၍ မျက်နှာသစ်ရန် သွားပြီး ကုန်သည်တို့အား အကြောင်းစုံကို ပြောကြား၍ "နောက်ထပ်လူသစ်များ ရလျှင် ထိုဘီလူးမတို့သည် ထိုသူတို့ကို လင်များပြု၍ ငါတို့ကိုစားကြမည်"ဟု ဆို၏။ နှစ်ရှင်ငါးဆယ်သော လူတို့က "ဤမိန်းမများကို ငါတို့ မစွန့်နိုင်" ဟု ဆို၍ နေရစ်ခဲ့၏။ ကျန်လူ နှစ်ရှင်ငါးဆယ်တို့သည် ကုန်သည်မျူးနှင့်အတူ ပြေးကြ၏။

ထိုအခါဟိမဝန္တာနေဘုရားလောင်း'ဝလာဟက'မြင်းဖြူ(ဝလာဟကာဿ)သည် ကောင်းကင်ဖြင့် ထိုလူများထံ သွား၍ "ဇမ္မူဒီပ်သို့ သွားလိုသူများ ရှိသလော"ဟု သုံးကြိမ် ဆို၏။ ထိုလူတို့ လာကြသော် ဘုရားလောင်းသည် မိမိတန်ခိုးဖြင့် ထိုလူအားလုံးကိုတင်ဆောင်၍ သူတို့၏နေရာအရပ်တို့၌ထားပြီး မိမိနေရာသို့ ပြန်၏။ ထိုဘီလူးမတို့သည် တခြား ကုန်သည်တို့ကို ရကြသော် ထိုကျန်ရစ်ခဲ့သည့် လူနှစ်ရှင်ငါးဆယ်ကို စားကြလေ၏။

ဝဲညာရှိသည် ဧဘးမကင်းသည့် ပျော်ပါးမှုကို ရှောင်ရှားသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "တန်ဆာဆင်ထားသည့် မိန်းမတဦးကိုမြင်၍ သာသနာ၌ငြိုးငွေ့နေသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း– ဘုရား=ဝလာဟကမြင်း။]

၁၉၇၊ မိတ္တာမိတ္တဇာတ်

မိတ်ဆွေနှင့် ရန်သူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း စျာန်ရ ရသေ့သည် ရသေ့အပေါင်း ခြံရံလျက် ဟိမဝန္တာ၌ နေ၏။ ရသေ့တပါးသည် ဘုရားလောင်း၏အဆုံးအမကို မလိုက်နာဘဲ ဆင်ငယ်တကောင်ကိုမွေးမြူ၏။ ထိုဆင်ငယ်သည် ကြီးသော် ထိုရသေ့ကို သတ်၍ တောထဲသို့ ဝင်၏။

ထိုအခါ ရသေ့တို့က "မိတ်ဆွေအဖြစ် ရန်သူအဖြစ် (မိတ္တာမိတ္တ)ကို အဘယ်အကြောင်းများဖြင့် သိရအံ့နည်း" ဟု မေး၏။ ဘုရားလောင်းက "ရန်ဘက်ဖြစ်သူကိုမြင်၍ မပြုံးရှင်၊ ရန်ဘက်ဖြစ်သူ၏ စကားကို ကြားရ၍ မနှစ်သက်၊ ရန်ဘက်ဖြစ်သူကို မျက်နှာချင်းဆိုင် မကြည့်။ ဤအကြောင်းသုံးပါးဖြင့် ရန်သူအဖြစ်ကို သိရ၏" ဟု ရှင်းပြလေ၏။

လူဆိုးသည် တနေ့တွင် ဇာတိပေါ်မည် သဘည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိ ဥပဇ္ဈာယ်ဆရာ၏ အဝတ်လွှာပိုင်းကို အကျွမ်းဝင်သဖြင့် ယူမိရာ ထိုဆရာ၏ရိုက်ပုတ်ခြင်းခံရသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–တပည့်ရဟန်း=ဆင်ငယ်ကိုမွေးသောရသေ့။ ဥပဇ္ဈာယ်ဆရာ = ဆင်။ဘုရား= ဆရာရသေ့။]

၁၉၈၊ ရာဓဇာတ်

ပုဏ္ဏားမပျက်နှင့် ကျေးညီနောင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် ကျေးဖြစ်၍ 'ရာဓ'မည်၏။ သူ့ညီကား 'ပေါဋ္ဌပါဒ' မည်၏။ ၎င်းတို့ကို ပုဏ္ဏားတဦးက သားအရာ၌ မွေးထား၏။ ထိုပုဏ္ဏား၏ မယားသည် သိလမရှိ၊ အကျင့်ဖောက်ပြန်၏။

တနေ့သ၌ ထိုပုဏ္ဏားသည် ထိုကျေးသားတို့အား "ပုဏ္ဏေးမ၏အပြုအကျင့်တို့ကို စုံစမ်းကြလော့" ဟု မှာ၍ ကုန်သွယ်ရန်သွား၏။ ပုဏ္ဏားသွားချိန်မှ စ၍ ပုဏ္ဏေးမသည် ယောကျ်ားများစွာနှင့် ဖောက်ပြန်၏။ ပေါဋ္ဌပါဒသည် 'ရာဓ'က တားလျက်နှင့် ပုဏ္ဏေးမအား "သင်သည် အဘယ်ကြောင့် ယုတ်မာသည့် အမှုကို ပြုသနည်း" ဟု ဆို၏။ ပုဏ္ဏေးမသည် "ယနေ့မှစ၍ ဤသို့ မပြုတော့ပါ" ဟု ဆိုပြီး ပေါဋ္ဌပါဒကို ချစ်သကဲ့သို့ခေါ်ပြီး ကိုင်၍ လည်ကိုလိမ်ပြီး သတ်၏။ ရာဓသည် ပြန်ရောက်လာသည့် ပုဏ္ဏားအား "ပုဏ္ဏေးမအကြောင်း၊ ပေါဋ္ဌပါဒအကြောင်း" အလုံးစုံ ပြောကြားပြီး တောသို့ ပျံသွားလေ၏။ **ဗိန်းမသည် ကာမနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ ချမ်းသာမပေး။**

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "မိန်းမတဦးကိုမြင်၍သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**–အာနန္ဒာ = ပေါဋ္ဌပါဒ။ ဘုရား = ရာဓ။]

၁၉၉၊ ဂဟပတိဇာတ်

ရှာသူကြီးနှင့် လင်ငယ်နေသည့် မိန်းမအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ကာသိကရွာနေ ဘုရားလောင်းသူကြွယ်လည် မိမိမယားမှာ ရှာသူကြီးနှင့် ဖောက်ပြန်သည်ကို သိ၍ စုံစမ်းနေ၏။ ထိုအခါ စပါးရိတ်ရန် နှစ်လအလိုတွင် ရှာသားတို့သည် ငတ်မွတ်ကြသဖြင့် "နှစ်လကြာလျှင် စပါးကိုပေးပါမည်" ဟုဆို၍ ရှာသူကြီးထံမှ နွားဒ တကောင်ကို ယူ၍ သတ်စားကြ၏။

တနေ့သ၌ ရှာသူကြီးသည် ဘုရားလောင်း အပြင်သို့ထွက်သွားစဉ် အိမ်သ ဝင်၏။ ထိုခဏ၌ပင် အိမ့်ရှင် (ဂဟပတိ) ဘုရားလောင်းသည် ပြန်လာ၍ အိမ်တံခါးအနီးသို့ ရောက်လာသော် သူ့မယားက ရှာသူကြီးအား "ငါတို့ သည် သင့်ထံမှ နွားသားကိုစားထား၏။ သင်သည် အိမ်ထဲ၌ရပ်၍ အမဲဘို ကို တောင်းလော့။ ငါသည် ကျီသို့တက်၍ ကျီတံခါး၌ရပ်လျက် စပါးမရှိဟ ဆိုအံ့" ဟူ၍ ပြောပြီး ကျီသို့တက်၏။ သူတို့သည် ဘုရားလောင်းလာသော် ထိုအတိုင်းပြောကြ၏။

ဘုရားလောင်းသည် ရှာသူကြီးအား "ငါတို့သည် နှစ်လကြာမှ စပါးကို ပေးအံ့ဟုဆို၍ သင့်နွားအိုသားကိုစားကြ၏။ ယခုလခဲပင်မရှိသေး။ သင်သည် အမဲဘိုးကို တောင်းရန် လာသည်မဟုတ်။ တခြား အကြောင်း ကြောင့်သာ လာသည် ဖြစ်မည်။ ဤမိန်းမယုတ်လည်း ကျီ၌စပါးမရှိမှန်းသိလျက်နှင့် ကျီသို တက်၍ စပါးမရှိဟု ဆို၏။ သင်တို့၏အမှုအရာကို ငါမနှစ်သက်" ဟု ဆို၏။ နောက် သူသည် ရှာသူကြီး၏ဥသျှောင်၌ ကိုင်၍ ဆဲငင်ပြီး "သူတပါးမယား ကို ပြစ်မှားရသလော" ဟု ဆို၍ ပုတ်သတ်ပြီးအိမ်မှ ထုတ်လိုက်၏။ ထိုမိန်းမ ကိုလဲည်း ဆံပင်ဆွဲပြီး ကျိမှခ၍ သတ်ပုတ်ပြီး "နောင် ဤသို့ပြုကသိရအံ့" ဟု ခြိမ်းခြောက်၏။ ထိုအခါမှ စ၍ ထိုရှာသူကြီးလည်း ထိုအိမ်ကို မကြည့်ဝံ့။ ထိုမိန်းမလည်း မဖောက်ပြန်ဝံ့တော့ပေ။

မိန်းမမည်သည် အခွင့်သာလျှင် ဖောက်ပြန်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း-** ဒေဝဒတ်= ရှာသူကြီး။ ဘုရား=အိမ်ရှင်ယောကျ်ား။]

၂၀၀၊ သာခုသီလဇာတ်

ကိုယ်ကျင့်တရား အရေးကြီးပုံအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ထိုမြို့၌ ဒိသာပါမောက္ခ ဆရာဖြစ်၏။ ထိုအခါ အဆင်းလှခြင်း၊ အသက်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊သီလ ရှိခြင်း'ဟူသော ဂုဏ်တခုစီနှင့်ပြည့်စုံသည့် ပုဏ္ဏားလေးဦးတို့သည် ပုဏ္ဏားတဦးထံလာ၍ သူ့သမီးလေးယောက် အသီးသီးကိုတောင်းကြ၏။

ထိုပုဏ္ဏားသည် 'သမီးများကို ဘယ်သူ့အား ပေးသင့်သည်'ကို မသိ၍ ဘုရားလောင်းထံလာပြီး အကြောင်းစုံကို ပြောကြား၏။ ဘုရားလောင်းက "ငါတို့သည် ကောင်းသောသီလ (သာခုသီလ)ရှိသူကို နှစ်သက်၏ ဟု ဆို၏။ ထိုပုဏ္ဏားသည် သီလရှိသောသူအား သမီးများကို ပေးလေ၏။

သူတော်ကောင်းသည် သီလကို အလွန်တန်ဘိုးထားသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ ပုဏ္ဏားလေးဦးတို့က မိမိ၏သမီးလေးဦးကို လာတောင်း၍ 'ဘယ်သူ့အား ပေးရမည်ကိုမသိ' သော ပုဏ္ဏားတဦးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ပုဏ္ဏား=ပုဏ္ဏဲား။ ဘုရား=ဒိသာပါမောက္ခဆရာ။]

၂၀၁၊ ဗန္ဓနာဂါရဇာတ်

ကိုလေသာ နှောင်အိမ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူဆင်းရဲသည် မိဘများ ကွယ်လွန်သော် မိမိမယားအား ကိုယ်ဝန်ရှိသည်ကို မသိ၍ "သင်သည် အခစားလုပ်ပြီးအသက်မွေးရစ်လော့။ ငါရဟန်းပြုအံ့" ဟု ဆို၏။ မယားက "သားဖွားပြီးသည်အထိ စောင့်ပါဦး" ဟု ဆို၏။ နောက် "သား၏နို့ကွာသည့်အထိ စောင့်ပါဦး"ဟု ဆို၏။ တဖန်မယားသည် ကိုယ်ဝန်ရှိပြန်သည်။

ထိုအခါ ဘုရားလောင်းသည် မယားအား အသိမပေးတော့ဘဲ ညအခါ၌ထ၍ ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်းပြု၍စျာန်ချမ်းသာဖြင့် နေ၏။သူသည် "ငါကား သားမယားတို့၌ ချစ်ခြင်းတည်းဟူသော ကိုလေသာ နှောင်အဖွဲ့ကို မြတ်နိုင်၏" ဟု ဥဒါန်းကျူးရင့်လေ၏။

ပညာရှိသာ ကိလေသာနှောင်အိမ်မှ ရုန်းထွက်နိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ခိုးသူတို့ကို နှောင်ဖွဲ့ထားသော 'နှောင်အိမ်'ထက် ပို၍ခိုင်မြဲသော အနှောင်အဖွဲ့ ရှိသလောဟုလျှောက်ကြသဖြင့်'ကိလေသာနှောင်အိမ်' (ဗန္ဓနာဂါရ)ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ခေါင်း-** မဟာမာယာဒေဝီ=အမိ။ သုဒ္ဓါဒနမင်း=ဖခင်။ ရာဟုလာမယ်တော်=မယား။ ရာဟုလာ=သား။ ဘုရား=ရဟန်းပြုသောယောကျ်ား။]

၂၀၂၊ ကေဋိသီလဇာတ်

လူအိုများကို ရှဲသည့်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် လူအိုများကိုမမြင်လို၍ မြင်လျှင် ခေါ်ပြီး 'တွန်းလှဲလှဲခြင်း၊ထိုင်ထလုပ်ခိုင်းခြင်း၊ ကျမ်းထိုးခိုင်ခြင်း' စသည်ဖြင့်ညှဉ်းပန်း နှိပ်စက် ကစားလေ့ရှိ၏။ (ကေဋိသီလ)။လူဘိုသည် ရှက်ကြ၍ မိမိတို့၏ မိဘများကိုတိုင်းတပါးသို့ ပို့ကြ၏။ မိဘကိုလုပ်ကျေးသောတရားသည် မရှိ။ မင်းခစားတို့လည်း မင်းကဲ့သို့ပြုကြ၏။သေတိုင်းသော လူတို့သည်ငရဲသို့ လားသဖြင့် နတ်ပရိတ်သာသည် ဆုတ်ယုတ်၏။

ထိုအခါ ဘုရားလောင်း သိကြားမင်းသည် ထိုမင်းကိုဆုံးမရန် ထိုမင်းဆင်စီး၍မြို့ကိုလှည့်စဉ် မင်းအာသာမြင်စေသော လူအိုအသွင် ဖန်ဆင်းပြီး လှည်းအိုဖြင့် ထိုမင်းပေါ်သွား၍ ယက်တက်ရည်အိုးနှစ်ခုကို ခဲ့၏။ ဦးခေါင်းမှ ယက်တက်ရေတို့စီးကျသော် မင်းသည် ရှက်၍ ရှုံ့ရှာ၍ ပင်ပန်းဆင်းရဲ၏။ နောက်သိကြားမင်းသည် လှည်းကိုကွယ်စေပြီး သိကြားမင်းအသွင်ဖြင့် ဝရဇိန်လက်နက်ကို ကိုင်၍ ကောင်းကင်၌ ရပ်လျက် "မင်းယုတ်၊ သင်သည် မအို လတံ့လော။ သင်သည် လူအိုတို့ကို ကစားခြင်းဖြင့် နှိပ်စက်၏။ သင်ကဲ့သို့ ပြုကြသဖြင့် သေတိုင်းသောလူတို့သည် ငရဲကျကုန်၏။ လူတို့သည် မိဘများကို မလုပ်ကျေးနိုင်ကုန်။ သင်သည် ဤအမှုမှ မရှောင်ကြဉ်လျှင် ဤဝရဇိန်ဖြင့် သင့်ဦးခေါင်းကို ခွဲအံ့" ဟု ခြိမ်းချောက်၍ မိဘတို့၏ ကျေးဇူးများ၊ ကြီးသူတို့အား ရိုသေခြင်း၏ ကျေးဇူးများကို ဟောပြီး နတ်ပြည်သို့ ပြန်၏။ မင်းသည် ထိုအခါမှ စ၍ ဤအမှုကို မပြုတော့ပေ။

သက်ကြီးဝါကြီးများကို မထီမဲ့မြင်ပြုလျှင် အပါယ်လားမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဇနပုဒ်သား ရဟန်းတို့က ဦးခေါင်းကိုင်ခြင်း စသည်ပြု၍ ကစားအပ်သော ပုက္ကသည်ရဟန္တာမဟုတ်ပါတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း-** ရဟန္တာမထေရ်=မင်း။ ဘုရား=သိကြားမင်း။]

၂၀၃၊ ခန္ဓဇာတ်

မြွေဘေးကင်းစေသည့် ခန္ဓပရိတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း စျာန်ရ ရသေ့သည် ရသေ့အပေါင်း ခြံရုံလျက် ဟိမဝန္တာဝယ် မြစ်ကွေ့တခုဦ နေ၏။ ထိုအခါ မြွေမျိုးကိုက်၍ ရသေ့တို့ သေကြသဖြင့် ဘုရားလောင်းက "မြွေတို့ဦ မေတ္တာပွားလျင် သင်တို့ကို မြွေတို့မကိုက်ကုန်ရာ။ ယနေ့မှစ၍ မြွေတို့ဦ မေတ္တာကို ပွားကြလော့" ဟု ဆို၍ ရသေ့တို့အား မေတ္တာဂ၊ါထာ ခန္ဓပရိတ်များကို ဖွဲ့၍ ပေး၏။ ရသေ့တို့သည် ထိုအခါမှစ၍ ထိုမေတ္တာကို ပွားကြသဖြင့် မြွေတို့ ပဲသွားကြလေ၏။

မေတ္တာမှားခြင်းကို တိရစ္ဆာန်များပင် မြတ်နိုးကြသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဦနေစဉ် "မြွေကိုက်၍ သေသောရဟန်း တပါးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား= ဆရာရသေ့။]

၂၀၄၊ ဝိရကဇာတ်

တင်ကျီးနှင့် ကျီးကန်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် 'ဝိရက'မည်သော ဘုရားလောင်း တင်ကျီး ဌက်သည် ဟိမဝန္တာဝယ် အိုင်တခုကို မှီ၍ နေ၏။ ထိုအခါ ကျီးလင်မယားနှစ်ဦးသည် ထိုအိုင်သို့ ရောက်လာပြီး "ဤတင်ကျီးကို မှီ၍ ငါးများကို စားအံ့" ဟု ကြံ၍ ဘုရားလောင်းအား ခစား၏။ တင်ကျီးသည် ထိုအခါမှ စ၍ မိမိ လောက်ရုံမျှ သာ စားပြီး ငါးများကို ထိုကျီးလင်မယားအား ပေး၏။ ထို့နောက် ကျီးဖိုသည် "ဤတင်ကျီးလည်း ငါကျီးကန်းနှင့် အလုံးစုံ တူ၏" ဟု မာနထောင်၍ တင်ကျီးအား "ယနေ့မှ စ၍ ငါသာ အိုင်သို့ ဆင်းပြီး ငါးတို့ကို ယူအံ့" ဟု ဆို၏။ တင်ကျီးက "သင်သည် ငါးတို့ကိုဖမ်းသည့် အမျိုးမဟုတ်" ဟု တားမြစ်၏။ ကျီးသည် နားမထောင်ဘဲ အိုင်ထဲဆင်းပြီး ရေငုပ်သော် မျောက်ကို ဖောက်၍ မထူက်နိုင်သဖြင့် ရေထဲ၌ပင် သေလေ၏။

လူမိုက်သည် မတူနိုင်သူကို တူဖြိုင်၍ ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်၏ ဘုရားအတု ပြုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဒေဝဒတ်=ကျီးကန်း။ ဘုရား=တင်ကျီး။]

၂၀၅၊ ဂင်္ဂေယျဇာတ်

အလှပြိုင်သည့် ငါးနှစ်ကောင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဂင်္ဂါမြစ်နား၌ ရဂ္ဂစိုးနတ် ဖြစ်၏။ ထိုအခါ ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့၏ ဆုံရာ အရပ်၌ ဂင်္ဂါငါး(ဂင်္ဂေယျ) ယမုနာငါးနှစ်ကောင်တို့သည် "ငါသည် တင့်တယ်၏။ သင်ကားမတင့်တယ်"ဟုအချင်းချင်းငြင်းခုန်ကြ၏။ သူတို့သည် လိပ်တကောင် ထံသွား၍ အကြောင်းစုံကိုပြောကြားပြီးဆုံးဖြတ်ပေးရန် ပြောကြ၏။ လိပ်က "ဂင်္ဂါငါးလည်း တင့်တယ်၏။ ယမုနာငါးလည်း တင့်တယ်၏။ သင်တို့နှစ်ဦးထက် ငါသည် မျှားစွာပို၍ တင့်တယ်၏"ဟုဆိုလေ၏။

အ သူများ ငြင်းခုန်လျှင် လည်သူက ဝင်စားမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အလေးတူ ငြင်းခုန်၍ ရဟန်းအိုတပါးက 'သင်တို့ထက် ငါ တင့်တယ်၏'ဟု ပြောဆိုအပ်သော ရဟန်းငယ် နှစ်ပါးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**– ရဟန်းငယ်နှစ်ပါး=ငါးနှစ်ကောင်။ ရဟန်းအို=လိပ်။ ဘုရား=ထိုအကြောင်းကို မျက်မှောက်ပြုသော ရဂ္ဂစိုးနတ်။]

၂၀၆၊ ကုရုဂ်မိဂဇာတ်

သမင်, လိပ်, ဌက်သုံးဦး အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် 'ကုရုဂ်မိဂ'မည်သောဘုရားလောင်း သမင်သည် တောဝယ် အိုင်တခုအနီးရှိ ချုံတခု၌ နေ၏။ ထိုအိုင်၌ လိပ်တကောင်နေ၍ ထိုအိုင်အနီးရှိ သစ်ပင်တပင်တွင် ခေါက်ရှာဌက်နေ၏။ သူတို့သုံးဦးသည် မိတ်ဆွေဖြစ်ကြ၍ ချစ်ခင်စွာနေကြ၏။ တနေ့သ၌ ဘုရားလောင်းသမင်သည် ညဦးယာမ်၌ ထိုအိုင်သို့ ရေသောက်ရန်လာစဉ် မုဆိုးတဦးထောင်ထားသည့် ကျော့ကွင်း၌မိ၍ မြည်၏။

ထိုအခါ လိပ်နှင့် ခေါက်ရှာဌက်တို့ လာကြ၏။ လိပ်သည် ကျော့ကွင်းကို ကိုက်၏။ ခေါက်ရှာဌက်သည် ထိုမုဆိုးနေသည့်ရွာသို့ သွား၍ မိုးသောက်ချိန်၌

ထွက်လာသည့် ထိုမုဆိုး၏မျက်နှာကို အတောင်များဖြင့် ပုတ်ခတ်၏။ မုဆိုး သည် "ငါ့ကို ငှက်ယုတ်မာ ပုတ်ခတ်၏"ဟု ပြန်အိပ်၏။ အရုဏ်တက်၍ မုဆိုး ထွက်လာသော် ခေါက်ရှာငှက်သည် လျင်စွာ လာ၍ "မုဆိုးလာပြီ"ဟု သမင်အား ပြောကြား၏။ ထိုခဏ၌ လိပ်သည် သွားများ ကြွေ၍ ခံတွင်းမှ သွေးထွက်သည်အထိ သားရေလွှန်ကို ကိုက်ဖြတ်ရာ သားရေလွှန်တခုသာ ကျန်တော့၏။ သမင်သည်မုဆိုးကိုမြင်လျှင် ထိုလွှန်ကိုရုန်းကန်ဖြတ်၍တော်သို့ ဝင်၏။ လိပ်သည် အားကုန်သဖြင့် ထိုအရပ်၌ ဝပ်နေ၏။ မုဆိုးသည် လိပ်ကို အိတ်ထဲထည့်၍ သစ်ငုတ်တခု၌ချိတ်ဆွဲ၏။ သမင်သည်ပြန်လှည့်၍ လိပ်ကိုယူ သည်ကိုမြင်လျှင် အားနည်းဟန်ပြု၍ မုဆိုးအားပြ၏။ မုဆိုးသည် လှံကိုကိုင်၍ သမင်နောက် လိုက်၏။

သမင်သည် မနီးလွန်း မဝေးလွန်းသွား၍မုဆိုးကို သွေးဆောင်ပြီး တော်သို့ ဝင်၏။အဝေးသို့ရောက်သော် သမင်သည် ခြေရာလှည့်စား၍ တခြားလမ်းဖြင့် လျင်စွာပြေးလာပြီး ချိုးဖြင့် အိတ်ကို ချိချ၍ လိပ်ကိုထုတ်၏။ ခေါက်ရှာငှက်လည်း သစ်ပင်မှဆင်းလာ၏။ ထိုအခါ သမင်သည် ငှက်နှင့် လိပ်တို့အား "ငါသည် သင်တို့ကိုမှီ၍ အသက်ကိုရ၏။သင်တို့သည် မိတ်ဆွအမှုကိုပြုကြ၏" ဟု ဆိုလေ၏။

အားနည်းသူများ ညီညွတ်လျှင် အားကြီးသည့်ရန်သူကို နှိုင်မည်သာ။

[မြတ်စွာဘုရားသည် ဂေဠုဝန်ကျောင်း၌ နေစဉ် "ဘုရားကိုသတ်ရန်အားထုတ် သည့် ဒေဝဒတ်ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဒေဝဒတ်=မုဆိုး။ သာရိပုတ္တရာ=ခေါက်ရှာငှက်။ မောဂ္ဂလ္လာန်=လိပ်။ ဘုရား= သမင်။]

၂၀၇၊ အဿကဇာတ်

မယားကိုချစ်လွန်းသည့် မင်းအကြောင်း

ကာသိတိုင်း ပါဠလိမြို့၌ မင်းပြုသော 'အဿက' မင်းသည် တနေ့သ၌ ကွယ် လွန်သော အလွန်လှပသည့်'ဥပရီ'(ဥဗ္ဗရီ)အမည်ရှိ သူ့မိဖုရား၏ အလောင်း ကို တလားထဲ၌ လျောင်းစေ၍ ဆီနှစ်ကို ထည့်စေပြီး၊ ညောင်စောင်း အောက်၌ ထားကာ အစာမစားဘဲ ငိုကြွေးလျက်အိပ်၏။ ဆွမျိုးမိတ်ဆွ တို့က တရားဟောသော်လည်း မရပေ။

တိုအခါ ဟိမဝန္တာနေ ဘုရားလောင်းရသေ့သည် ဒိဗ္ဗစက္ခုဖြင့် ထိုမင်းဝိုကြွေးနေသည်ကို မြင်သော် ကောင်းကင်ဖြင့် သွား၍ မင်း၏ဥယျာဉ်၌ နေ၏။ ပါဠလိမြို့သား ပုဏ္ဏားလုလင်တဦးသည် ထိုဥယျာဉ်သို့ ရောက်လာ၍ ရသေ့အား အဿကမင်း အကြောင်း ပြောကြားပြီး မင်းထံ သွား၍ "မိဖုရား၏ ဖြစ်ရာအရပ်ကို ပြောနိုင်သည့် ဒိဗ္ဗစက္ခုရသေ့တပါး ဥယျာဉ်သို့ ရောက်နေ၏" ဟု လျှောက်၏။ မင်းသည် ချက်ခြင်းရောက်လာသော် ဘုရားလောင်းက "ဥပရိမိဖုရားသည် အဆင်းကြောင့်မာန်ယစ်သဖြင့် ဤဥယျာဉ်၌ နွားချေးပိုးမ ဖြစ်၏" ဟု ဆိုပြီး မိမိတန်ခိုးဖြင့် ထိုနွားချေးပိုးမကို သူမ၏ လင်နှင့်အတူ လာစေ၍ စကားပြောခိုင်း၏။ နွားချေးပိုးမက "ကျွန်ုပ်သည် အဿကမင်း၏ မိဖုရားဖြစ်ဘူး၏။ ယခုမူ သူနှင့် ဘယ်သို့မှ မတော်စပ်ဘဲ နွားချေးပိုးဖိုနှင့်သာ တော်စပ်၏။ ကျွန်ုပ်သည် အဿကမင်းကို သတ်၍ သူ့လည်ချောင်းသွေးဖြင့် ကျွန်ုပ်လင်၏ ခြေတို့ကို လိမ်းချင်ပါ၏" ဟု ပရိတ်သတ် အလယ်၌ ဆို၏။

အဿကမင်းသည် ချက်ခြင်း အကောင်ပုပ်ကိုထုတ်စေပြီး ဘုရားလောင်းကို ရှိခိုး၍ မြို့သို့ ဝင်ကာ မိန်းမတဦးကို မိဖုရားကြီးအရာ၌ ထား၏။ ဘုရားလောင်းသည် မင်းကိုဆိုဆုံးမပြီး ဟိမဝန္တာသို့ ပြန်လေ၏။

ကာမမည်သည် တဘဝ၏ ကိစ္စမျှသာဖြစ်သည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မယားဟောင်းဖြားယောင်း၍ သာသနာ၌ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– မယားဟောင်း=ဥပရိမိဖုရား။ ငြိးငွေ့သော ရဟန်း=အဿကမင်း။ သာရိပုတ္တရာ–ပုဏ္ဏားလုလင်။ ဘုရား=ရသေ့။]

၂၀၈။ သံသုမာရဇာတ်

မိကျောင်းနှင့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း မျောက်မင်းသည် ဂင်္ဂါမြစ်ဘေးရှိ တော၌ နေ၏။ ထိုအခါ ဂင်္ဂါမြစ်၌ နေသော မိကျောင်း (သံသုမာရ)သည် သူ့မယားက "ဤမျောက်၏ အသဲနှလုံးကို စားချင်၏" ဟု ဆို၍ ဘုရားလောင်းထံ သွားပြီး "ဂင်္ဂါမြစ် တဘက်ကမ်း၌ သရက်ပိန္နဲစသည် ပေါများ၏။ သင် သွားလိုလျှင် သင့်ကို ငါ့ကျောပေါ် တင်၍ ဆောင်အံ့" ဟု ဆို၏။ ဘုရားလောင်းသည် ယုံ၍ မိကျောင်းဆိုတိုင်း ပြု၏။

မိကျောင်းသည် မျောက်ကို အတန်ငယ်ဆောင်၍ ရေထဲနှစ်ပြီး "ငါသည် သင့် နှလုံးသားကို ငါ့မယားအား ကျွေးလို၍ သင့်ကို ဆောင်၏"ဟု ဆို၏။

ဘုရားလောင်းက "ငါတို့ ရင်ထဲ၌ နှလုံးသားရှိအံ့၊ သစ်ပင်ဖျားတို့၌ ပြေးလွှားသော် ကြေညက်သွားရာ၏။ယခုမြင်ရသည့်ရေသဖန်းပင်ပေါ်၌ ငါ့ နှလုံးကို ချိတ်ဆွဲထား၏။ ငါ့ကို ထိုအရပ်သို့ ဆောင်လော့"ဟု ဆို၏။ မိကျောင်းသည် မျောက်ကိုယူ၍ ထိုရေသဖန်းပင်သို့သွား၏။ ဘုရားလောင်း သည် မိကျောင်း ၏ကျောမှ ခုန်၍ ရေသဖန်းပင်ပေါ်၌ ထိုင်ပြီး "ဟယ် မိကျောင်းမိုက်၊ ဤသတ္တဝါတို့၏ နှလုံးသည် သစ်ပင်ဖျား၌ ရှိ၏ဟု သင် မှတ်၏။ သင်ကား ကိုယ်သာကြီး၏။ ပညာမရှိ"ဟု ဆိုလေ၏။

လူမိုက်သည် ပညာရှိကို အဇောက်ကြီ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်"ဘုရားကိုသတ်ရန်အားထုတ်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ ။**ဇာတ်ပေါင်း-ဒေဝဒတ်**=မိကျောင်း။ စိဉ္စမာဏဝိကာ=မိကျောင်းမ။ ဘုရား=မျောက်မင်း။]

၂၀၉၊ ကုက္ကုဠဇာတ်

မုဆိုးနှင့် တောကြက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဌက်မုဆိုး တဦးသည် ထိန်ညင်ကြက်နှင့် သားမြီးကျော့ကွင်းကိုယူ၍ ဘုရားလောင်း ရကွစိုးနှတ် နေသည့် တော၌ ကြက် (ကုက္ကုဠ)တို့ကို ထောင်၏။ သူသည် သူ့အိမ်မှ ထွက်ပြီး သွားသော ကြက်ဟောင်းတကောင်ကိုမြင်၍ထောင်ရန်အားထုတ်၏။ထိုကြက်သည် ကျော့ကွင်း၌ လိမ္မာ၍ ကိုယ်ကို မမိစေဘဲ ပျံ၍ ပျံ၍ နား၏။ မုဆိုးသည် ကိုယ်ကို သစ်ခက်ရွက်နှုတ်ဖြင့် ဖုံးလွှမ်း၍ အကြိမ်ကြိမ် ကျော့ကွင်းကို ထောင်၏။

ထိုအခါ ကြက်က"ငါမြင်ဘူးသည့် သစ်ပင်တို့သည် သင် သစ်ပင်ကဲ့သို့ မရှေ့ရှားကုန်"ဟု ဆို၍ မုဆိုးကိုရွက်စေပြီး အရပ်တပါးသို့ ပျံသွား၍လေ၏။

ပညာရှိသည် ဘေးများသည့် နေရာကို ရှောင်ရှားလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်"ကျန်းမာရေးကိုအန္တရာယ်ပြုသည့် အစားအသောက် ရာသီဥတုကိုရှောင်၍ နေထိုင်သော ပဉ္စင်းငယ်တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း-ဒေဝဒတ်**=မုဆိုး။ ပဉ္စင်းငယ်=ကြက်။ ဘုရား=ထိုအကြောင်းကို မျက်မှောက် ပြုခဲ့သော ရကွစိုးနှတ်။]

၂၁၀၊ ကန္ဒဂလကဇာတ်
ခေါက်ရှာငှက် နှစ်ကောင်အကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် 'ခဒိရဝနိယ'မည်သောဘုရားလောင်း ခေါက်ရှာငှက်သည် ဟိမဝန္တာဝယ် ရှားတော၌ အစာရှာ၍နေ၏။ တနေ့သ၌ သူသည် သူ့ထံ အလည်လာသည့် လက်ပံတော၌ အစာရှာစားသော 'ကန္ဒဂလက'အမည်ရှိ သူ့မိတ်ဆွေ ခေါက်ရှာငှက်အား ရှားပင်မှ ပိုးတို့ကို ထုတ်၍ပေး၏။ ကန္ဒဂလကသည် ပေးသမျှပိုးတို့ကို စားပြီး "ငါနှင့်သူသည် အမျိုးတူပင် ဖြစ်၏။ သူပေးသည့် အစာကို မစားလို"ဟု မာနထောင်၍ "ငါသည် ကိုယ်တိုင်အစာကို ယူအံ့"ဟု ဆို၏။

ဘုရားလောင်းက "ရှားသည် အနှစ်ရှိ၍ အလွန်မာ၏။ မလုနှင့်" ဟု တားသည်ကို နားမထောင်ဘဲ ကန္ဒဂလကသည် ရှားပင်ကို နှုတ်သီးဖြင့် ပေါက်သော် နှုတ်သီးကျိုး၍ ခေါင်းကွဲပြီး မြေသို့ကျ၍ သေလေ၏။

အသင်တို့ရဲမျှနှင့် အစွမ်းသတ္တိချင်း မတူနိုင်။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ဘုရားအတုပြုသောဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း - ဒေဝဒတ်= ကန္ဒဂလက။ ဘုရား = ခဒိရဝနိယ၊**]

၂၁၁၊ သောမဒတ္တဇာတ်
ရွက်ကြောက်လွန်းသည့် ပုဏ္ဏားအကြောင်း

ဘုရားလောင်း 'သောမဒတ္တ'လုလင်သည် တက္ကသိုလ်၌ ပညာသင်ပြီးသော် ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းထံ၌ ခစား၏။ မင်းသည် သူ့ကိုချစ်မြတ်နိုး၏။ သောမဒတ္တပေးသည့် နွားနှစ်ကောင်ဖြင့် သူ့ဖခင်ပုဏ္ဏားသည် လယ်ထွန်၏။

တနေ့သ၌ ဖခင်သည် နွားတကောင်သေ၍ သောမဒတ္တကို "မင်းအား နွားတကောင်ကိုတောင်းပေးလော့"ဟုဆို၏။သောမဒတ္တက "ငါသည်မင်းကို မြင်ရသည်မှာ မကြာသေး။ မင်းအား နွားကိုတောင်းပေးရန်မသင့်၊သင်သာ တောင်းလော့"ဟု ဆို၏။ ဖခင်က"ငါသည် ရွက်တတ် ကြောက်တတ်၍ မင်းအား မဆိုထားဘိ၊ လူသုံးဦးရှေ့မှာပင် စကားမပြောရဲ။ မင်းအား နွားကို တောင်းဘို့ဝေးစ့"ဟုဆို၏။ သောမဒတ္တက "ဖခင် ကျွန်ုပ်နှင့်အတူ မင်းထံသွား၍ ဖခင်က မင်းအား 'အောင်စေသတည်း'ဟု နှုတ်ဆက်ပြီး

ဤဂါထာကို ရွတ်လော့'' ဟုဆိုပြီး 'နွားတကောင်သေ၍ တကောင်ကိုပေးပါ' ဟု အဓိပ္ပာယ်ရှိသည့် ဂါထာတခုကိုပေး၏။ဖခင်သည် ထိုဂါထာကို တနှစ်ခန့် လေ့လာပြီးသော် သောမဒတ္တာသည် ဖခင်ကိုမင်းထံခေါ်သွား၏။ ဖခင်ပုဏ္ဏားက ''မင်းကြီး၊ အောင်စေသတည်း' ဟု နှုတ်ဆက်ပြီး သားက ပေးသံ့သည့် ထိုဂါထာကို ရွတ်ဆိုသောအခါ ''မင်းကြီး။ နွားတကောင်သေ၍ တကောင်ကို ယူလော့'' ဟု အလဲ့ဆိုမိ၏။

ထိုအခါ မင်းက ''ပုဏ္ဏားသည် အလဲ့ ဆိုမိ၏ဟု'' သိ၍ ရယ်လျက် ''သောမဒတ္တ၊ သင်တို့အိမ်၌ နွားတို့သည် များယောင်တကား'' ဟု ဆို၏။ သောမဒတ္တက ''အရှင်မင်းကြီးက နွားတို့ကို ပေးတော်မူလျှင်များကုန်လတံ့'' ဟု လျှောက်၏။ မင်းသည် သောမဒတ္တအား နှစ်သက်၍ သူ့ဖခင်အား နွားခြောက်ကောင်နှင့် ထိုပုဏ္ဏားနေသည့်ရွာကို ပေးလိုက်လေ၏။

ရှက်ကြောက်လွန်းသူသည် လူရာမဝင်နိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''နှစ်ယောက် သုံးယောက် ရှေ့၌ စကားတခွန်းမျှပြည့်စုံအောင် မဆိုနိုင်သောရှက်တတ် ကြောက်တတ်သည့် 'လာဋ္ဌဒါယီ' မထေရ်ကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ=မင်း။ လာဋ္ဌဒါယီ=သောမဒတ္တ၏အဖ။ ဘုရား=သောမဒတ္တ။]

၂၁၂။ ဥစ္ဆိဋ္ဌဘတ္တဇာတ်

ပုဏ္ဏားနှင့် မယားပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် 'နဋ္ဌ' မျိုးဌိုဖြစ်၍ ထမင်းကို လှည့်လည်တောင်းစားပြီး အသက်မွေး၏။ ထိုအခါ ရွာတရွာ၌ ပုဏ္ဏားတဦး၏ အကျင့်မကောင်းသည့် ပုဏ္ဏေးမသည် ထမင်းဦးကို သယောက်လင်အား ကျွေးမွေးလျက် ပုဏ္ဏားအလာကိုကြည့်၍ တံခါးဌိုရပ်၏။ ဘုရားလောင်းသည် ထိုအိမ်သို့လာ၍ ထမင်းကို တောင့်တလျက်ရပ်၏။ ထိုခဏဌိ ပုဏ္ဏားသည် အိမ်ဆီသို့ လာသော် ပုဏ္ဏေးမသည် သယောက်လင်ကို အမြန်ထစေ၍ ကျိထဲသို့သွင်း၏။

ပုဏ္ဏားဝင်လာသော် ပုဏ္ဏေးမသည်သယောက်လင်၏ စားကြွင်းစားကျန် ထမင်း (ဥစ္ဆိဋ္ဌဘတ္တ) အပေါ်ဌိ ထမင်းပူကိုထား၍ပုဏ္ဏားအားပေး၏။ ပုဏ္ဏား သည် ထမင်းထဲကို လက်ချော်သော် 'ထမင်းသည် အထက်ဌိပူ၍ အောက်ဌိ အေး

သည်ကို သိလျှင် "ဤထမင်းသည် တပါးလူ၏ စားကြွင်းဖြစ်ရာ၏" ဟု ကြံ၍ အကြိမ်ကြိမ်မေး၏။ ပုဏ္ဏားမက ကြောက်၍ မပြောသော် ဘုရားလောင်းက ပုဏ္ဏားအား အကြောင်းစုံကို ပြောပြပြီးဖဲသွား၏။ ပုဏ္ဏားသည် ထိုသူနှစ်ဦးကို ပုတ်သတ်၍ ဆုံး၏။ ထိုသူနှစ်ဦးသည် တဖန် ဤဒုမ္မတိုးကို မပြုဝံ့ကြတော့ပေ။

မိုန်းမ မည်သည် အခွင့်သာလျှင် ဖောက်ပြန်တတ်သည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မယားဟောင်းဖြားယောင်း၍ သာသနာ၌ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။။ဇာတ်ပေါင်း-မယားဟောင်း=ပုဏ္ဏ မ။ ငြိးငွေ့သော ရဟန်း=ပုဏ္ဏား။ ဘုရား=နဋ္ဌအမျိုးသား။]

၂၁၃။ ဘရုဇာတ်

ရသေ့များနှင့် လာဘ်စားသည့် မင်းအကြောင်း

ဘရုတိုင်း 'ဘရုမင်း' လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရ ရသေ့သည် တနေ့သ၌ ရသေ့ငါးရာ ခြံရံလျက် ချဉ်ဆား မှီဝဲရန် 'ဘရု' မြို့သို့သွား၍ မြို့၏တံခါးအနီးရှိ ညောင်ပင်ကြီးရင်း၌နေ၏။ ထိုနောက်အခြားသော ဆရာရသေ့သည် ရသေ့ငါးရာခြံရံလျက် ထိုမြို့သို့လာ၍ တောင်တံခါး အနီးရှိ ညောင်ပင်ရင်း၌နေ၏။ ထိုရသေ့အားလုံးတို့သည် ဘရုမြို့၌ ပျော်မွေ့သရွေ့ နေပြီး ဟိမဝန္တာသို့သွားကြသည်။ထိုရသေ့တို့သွား၍ မကြာမီ တောင်တံခါး အနီးရှိညောင်ပင်ကြီးသည်ခြောက်သွား၏။နောက်တကြိမ်၌အခြားဆရာရသေ့ ဘက်မှ ရသေ့တို့သည် ထိုမြို့သို့ ဦးစွာ လာ၍ မြောက်တံခါး အနီးရှိ ညောင်ပင်ရင်း၌ နေကြ၏။ ဘုရားလောင်းဘက်မှ ရသေ့တို့သည် နောက်မှလာ၍ ထိုညောင်ပင်ရင်း၌ နေကြ၏။ ထိုအခါ နှစ်ဖက်သော ရသေ့တို့သည် "ငါတို့၏ သစ်ပင်၊ ငါတို့၏ သစ်ပင်" ဟုဆို၍ ရန်ဖြစ်ကြပြီး အဆုံးအဖြတ်ပေးရန် ဘရုမင်းထံသွားကြ၏။ မင်းက ဘုရားလောင်းဘက်မှ ရသေ့တို့အားအနိုင်ပေး၏။

ထိုအခါ အခြားဆရာရသေ့ဘက်မှ ရသေ့တို့က မင်းအား တံစိုးပေးကြသော် မင်းက "နှစ်ဖက်လုံးမှ ရသေ့တို့ ထိုသစ်ပင်၌သာ နေကြလော့" ဟု ဆို၏။ တဖန် ဘုရားလောင်းဘက်မှ ရသေ့တို့က တံစိုးပေးကြသော် မင်းက ငှင်းတို့အားသာ အနိုင်ပေးပြန်၏။ ထိုအခါ နှစ်ဖက်သော ရသေ့တို့သည် "ငါတို့ကား ရဟန်းဖြစ်လျက် သစ်ပင်ဟူသော အကြောင်းကြောင့် ငြင်းခုန်

ကြပြီး တံစိုးကိုပေး၍ မသင့်သည်ကို ပြုမိကြ၏။" ဟု နှလုံး မသာမယာဖြစ်၍ ဟိမဝန္တာသို့သာ သွားကြလေ၏။

တံစိုးမက်သူသည် အမှုကို အမှန်အတိုင်း ဆုံးဖြတ်မည် မဟုတ်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "တိတ္ထိတို့ထံမှ ဟသိန်းသော လက်ဆောင်ကိုယူပြီး ၎င်းတို့အား ဇေတဝန်ကျောင်း အနီး၌ နေထိုင်ရန် ကျောင်းဆောက်ခွင့်ပေးသော ကောသလမင်းကို အကြောင်းပြု၍" ဤဇာတ် ကိုဟော၏။ **။ဇာတ်ပေါင်း**–ဘုရား = ရသေ့ကြီး။]

၂၁၄၊ ပုဏ္ဏာနဒီဇာတ်

မင်းနှင့် ပညာရှိအမတ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။တနေ့သ၌ မင်းသည် ဂုံးချောသူတို့၏ စကားကိုယူ၍ ဘုရားလောင်းအား အမျက်ထွက် ပြီး ဗာရာဏသီမှ နှင်ထုတ်၏။ ဘုရားလောင်းသည် သားမယားကို ခေါ်၍ လက်သမားရွာတရွာ၌ နေ၏။ နောက် မင်းသည် ဘုရားလောင်း၏ ကျေးဇူး ကို အောက်မေ့သော် ဥပါယ်တမျှဉာဏ်ဖြင့် 'ပုဏ္ဏာနဒီ' အစချီသော ဂါထာတခု ပါသည့် စာခွေနှင့် ကျီးသားဟင်းကို ပုဝါဖြူဖြင့် ထုပ်၍ မင်း၏တံဆိပ် ခတ်နှိပ်ပြီး "ဆရာသည် ပညာရှိအံ့၊ မှာစာကိုဖတ်၍ ပြန်လာလတံ့" ဟု နှလုံး သွင်း၍ ဘုရားလောင်းထံ ပို့စေ၏။

ဘုရားလောင်းသည် ကျီးသားကိုမြင်၍ မှာစာကိုဖတ်ပြီးသော် "မင်းသည် ငါ့ကိုအောက်မေ့၏။ငါ့အလာကို တောင်းတ၏" ဟု သိ၍ လှည်းဖြင့် မင်းထံ သွား၏။ မင်းသည် နှစ်သက်၍ သူ့ကို ပုရောဟိတ်ခန့်လေ၏။

ပညာရှိမည်သည် အရိပ်ပြလျှင် အကောင်ထင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရဟန်းတို့ ချီးမွမ်းသော 'ဘုရား၏ ပညာပါရမီ နက်နဲကြီးကျယ်သောပညာ'ကို အကြောင်းပြု၍" ဤ ဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**–အာနန္ဒာ = မှင်း။ဘုရား = ပုရောဟိတ်။]

၂၁၅။ ကစ္ဆပဇာတ်

ဟင်္သာနှစ်ကောင်နှင့် လိပ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ သူသည် အလွန်စကားများသည့် မင်းကို တားမြစ်လို၍ နည်းလမ်းရှာနေ၏။ ထိုအခါ

ဟသ်ာန္ဒစ်ကောင်သည် တုတ်တံတခု၏ အစွန်းန္ဒစ်ဖက်၌ ကိုက်၍ အလယ်၌ လိပ်(ကစ္ဆပ)တကောင်ကို ကိုက်စေပြီး ဟိမဝန္တာမှ ချီပျံကြ၏။ ဗာရာဏသီမြို့ပေါ်သို့ ရောက်သော် မြင်သူတို့က "ဟသ်ာန္ဒစ်ကောင်သည် လိပ်တကောင်ကိုတုတ်တံဖြင့်ဆောင်ကုန်၏" ဟု ဆိုကြ၏။ လိပ်က "ငါ့ကို မိတ်ဆွေများက ဆောင်ယူတာ သင်တို့နှင့် ဘာဆိုင်သနည်း" ဟု ဆိုသော် ပင်းယင်ပြင်သို့ ရောက်စဉ် ကျ၍ နှစ်ခြမ်းကွဲ၏။ လူတို့သည်တပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကြ၏။

ထိုအကြောင်းကို မင်းက မေးသော် ဘုရားလောင်းသည် ဂျိုးကြောင်းဆက်စပ် ကြံဆသိရှိ၍ မင်းအား အကြောင်းစုံကို လျှောက်ထားပြီး "စကားကို အလွန်အကျွံပြောသူသည် ဤသို့ပျက်စီးရ၏" စသည်ဖြင့် စကားများခြင်း၏ အပြစ်ကို ထင်စွာပြု၏။ မင်းသည် ထိုအဓိပ္ပာယ်စ၍ စကားနည်းလေ၏။

နှုတ်မစောင့်သူသည် နှုတ်ကြောင့်ပင် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိစကားဖြင့်ပျက်စီးသော 'ကောကာလိက' မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း— ကောကာလိက = လိပ်။ အဂ္ဂ သာဝကန္ဒစ်ပါး = ဟသ်ာန္ဒစ်ကောင်။ အာနန္ဒာ = မင်း။ ဘုရား = ပညာရှိအမတ်။]

၂၁၆၊ မစ္ဆဇာတ်

တဏှာကြီးသော ငါးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်ဩဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်၏။ တနေ့သ၌ တံငါတို့သည် ကွန်မိသော ငါး(မစ္ဆ)ကို ဆယ်ပြီး ပူသော သဲပြင်၌ ထား၍ မီးကျီး၌ကင်စားရန် တံစို့ကို ခွန်ကြ၏။ ထိုငါးသည် မိမိ၏ ငါးမကို အောက်မေ့လျက် "ဤမီးသည် ငါ့ကို မပူစေ။ ဤတံစို့သည် ငါ့ကိုမနာစေ။ ငါသည် အခြားငါးမနောက်သို့ လိုက်လေပြီ'ဟု ထင်မှတ်၍ ငါး၏ပူဆွေးခြင်းသည်သာ ငါ့ကို ပူစေ၏။ ထိုငါးမကို တပ်စွန်းခြင်းဟူသော ရာဂမီးလျှံသည်သာ ငါ့ကိုပူစေ၏" ဟု ဆိုလျက် ငိုကြွေး၏။

ထိုခဏ၌ ဘုရားလောင်းသည် ထိုမြစ်သို့ ရောက်၍ ထိုငါး၏ ငိုကြွေးသံကိုကြားလျှင် တံငါတို့ထံသွား၍ ထိုငါးကို လှတ်စေ၏။

တဏှာကြီးသူသည် တဏှာကြောင့်ပင် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မယားဟောင်းဖြားယောင်း၍ သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ "ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– မယားဟော်ငး် = ငါးမ။ ငြိုးငွေ့သော ရဟန်း = ငါးဖို။ ဘုရား = ပုရောဟိတ်။]

၂၁၇၊ သေဂ္ဂုဇာတ်

ဟင်းရွက်သည်နှင့် သမီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် [ပဏ္ဍိကဇာတ်(ဇာ ၁၀၂)အတိုင်း] ဟင်းရွက်သည်သည် မိမိသမီး၏ အကျင့်သိလလို စုံစမ်းရန် ဘုရားလောင်း ရုက္ခစိုးနတ်နေသည့် တောသို့ သမီးကိုခေါ်၍ ကာမဖြင့် အလိုရှိသကဲ့သို့ပြုပြီး လက်ကို ကိုင်၏။ သမီးငို့သော် သူက "သမီးသေဂ္ဂု၊သင်သည် လူတိုင်းနှစ်သက်သည့် ကာမဂုဏ်ကို မနှစ်သက်ဘဲ အဘယ့်ကြောင့် ငိုသနည်း" ဟု မေး၏။

ထိုအခါ သမီးက "ဘခင်သည် သမီးကို စောင့်ရှောက်သင့်ပါလျက် 'လွန်ကျူးခြင်းကို ပြုသင့်၏' ဟု မှတ်ထင်၏။ တောလယ်၌ အဘယ်သူ၏ အစောင့်အရှောက်ကို ယူရအံ့နည်း" ဟု ဆို၏။ ဖခင်သည် ဤသို့ သမီး၏ အကျင့်သိလကို စုံစမ်းပြီးနောက် အိမ်သို့ဆောင်၍ လာတောင်းသည့် အမျိုးသားအား ပေးလေ၏။

မိဘမည်သည် သားသမီး၏ အကျင့်သိလကို စုံစမ်းရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိမိသမီး၏ အကျင့်သိလကို စုံစမ်းသော ဟင်းရွက်သည်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– သမီး = သမီး။ အဘ = အဘ။ ဘုရား = ထိုအကြောင်းကို မျက်မှောက်ပြုခဲ့သော ရုက္ခစိုးနတ်။]

၂၁၈၊ ကူဋဝါဏိဇဇာတ်

ကောက်ကျစ်သည့် ကုန်သည်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ တရားသူကြီး အမတ်ဖြစ်၏။ ထိုအခါ ရွာသားကုန်သည်တဦးသည် သူ့မိတ်ဆွေမြို့သားကုန်သည်ထံ၌ သံထွန်သွားငါးရာတို့ကို အပ်ထား၏။ မြို့သားကုန်သည်သည် ထိုထွန်သွားများကို ရောင်းစား၍ ထိုထွန်သွားများ ထားရာနေရာ၌ ကြွက်ချေး

များကို ကြဲထား၏။ နောက် ရှာသားကုန်သည်လာ၍ တောင်းသော် ထို မြို့သားကုန်သည် စုဉ်းလဲ(ကူဋဌဝါဏိဇ)က "သင့်ထုန်သွားများကို ကြွက်တို့ စားပစ်ကြ၏" ဟု ဆို၍ ကြွက်ချေးတို့ကို ပြ၏။

ထိုအခါ ရှာသားကုန်သည်သည် ထိုကုန်သည် စဉ်းလဲ၏ သားငယ်ကို ရေချိုးရန် ခေါ်သွား၍ မိတ်ဆွေတဦး၏ အိမ်၌ထားခဲ့ပြီး ပြန်လာ၍ "သင့် သားကို ကမ်းနားဌာပြီး ငါရေငုပ်စဉ် စုန်တကောင်လာ၍ ချိယူသွား၏" ဟု ဆို၏။ ကုန်သည်စဉ်းလဲက၊ "ဟယ် သူခိုးပျက်၊ ယခု သင့်ကို တရားရုံးသို့ ခေါ်၍ ဆုံးဖြတ်ခိုင်းအံ့" ဟု ဆို၍ ခေါ်သွား၏။ သူသည် ဘုရားလောင်း အား သူ့သားငယ် အကြောင်း အလုံးစုံကို လျှောက်ထား၏။ နောက် ရှာသားကုန်သည်က အပ်ထားသည့် ထုန်သွားများအကြောင်းကို ပြောကြား ပြီး "ကြွက်တို့သည် သံထုန်သွားများကို စားနိုင်လျှင် စုန်တို့သည် သူငယ် များကို ချိနိုင်ကုန်လတံ့" ဟု ဆို၏။

ထိုအခါ ဘုရားလောင်းက "လှည့်စားတတ်သူကို လှည့်စားတတ်သူက လှည့်စားသည်သာဖြစ်၏။ ထုန်သွားပျောက်သူသည် ထုန်သွားများကို ပြန် မရလျှင် သားကို ပြန်မပေးလင့်" ဟု ဆို၏။ မြို့သားကုန်သည်က ထုန်သွား များကို ပြန်ပေးသော် ရှာသားကုန်သည်က သားကို ပြန်ပေးလေ၏။

သူတပါးကို လှည့်စားသူသည် ပြန်၍ လှည့်စားခံရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကုန်သည်စဉ်းလဲတဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**–ကုန်သည်စဉ်းလဲ = ကုန်သည်စဉ်းလဲ။ ကုန်သည်ပညာရှိ = ကုန်သည်ပညာရှိ။ ဘုရား = တရား ဆုံးဖြတ်သော အာမတ်။]

၂၁၉၊ ဂရဟိတဇာတ်

လူသားနှင့် မျောက်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း မျောက်မင်းသည် မျောက်အပေါင်းခြံရံလျက် ဟိမဝန္တာ၌ နေ၏။ တနေ့သ၌ သူ့ကို မုဆိုး တဦးက ဖမ်း၍ မင်းအား ဆက်သ၏။ ဘုရားလောင်းသည် နန်းတော်၌ ကြာမြင့်စွာနေသော် လူတို့၏ အမူအရာတို့ကို သိ၏။ မင်းသည် အနေအထိုင် ကောင်းသည့် သူ့ကို ကြည်ညို၍ မုဆိုးအား ဖမ်းမိရာ အရပ်၌ လွှတ်ခိုင်း၏။ သူ၏ အခြံအရံမျောက်တို့သည် လာ၍ ကျောက်ဖျာကြီးပေါ်၌ စုဝေးကြပြီး "လူတို့၏ အမူအရာများကို ပြောပြပါ" ဟု တောင်းပန်ကြ၏။

ဘုရားလောင်းက "လူတို့သည် အလွန်မိုက်မဲကြ၏။ "ငါ့ဥစ္စာငါ့ဥစ္စာ" ဟု ဆိုလျက် အတည်မရှိသော အနိစ္စသဘောကို မသိကြ" ဟု အစချီလျက် လူတို့၏ ပုံသဏ္ဌာန်, ကျန်များကို ဆဲရေးပုံ, ကိလေသာတဏှာထူပြောပုံ အလုံးစုံကို ပြောပြ၍ ကဲ့ရဲ့ရှုတ်ချ၏(ဂရဟိတ)။ထို့သို့ပြောစဉ် မျောက်တို့က "မဆိုလင့် မဆိုလင့်။ မကြားသင့်သည့်စကားကို ကြား၏" ဟု နားများကို လက်တို့ဖြင့် ပိတ်ပြီး အရပ်တပါးသို့ သွားကြလေ၏။

လူတို့၏ အကျင့်ယုတ်စရိုက်ဆိုးပုံမှာ တိရစ္ဆာန်များပင် မကြဘူး။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကိုအကြောင်းပြုပြီး 'ကိလေသာသည် စက်ဆုပ်ဘွယ်ရှိ၏' ဟုသိစေလို၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဘုရား = မျောက်မင်း။]

၂၂၀၊ ဓမ္မဓဇဇာတ်

စစ်သူကြီးနှင့် ပညာရှိအမတ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် 'ယသပါဏိ'မင်း၏ 'ဓမ္မဓဇ'မည်သော ပုရောဟိတ်ဖြစ်၏။ ထိုမင်း၏ 'ကာဠက'မည်သော စစ်သူကြီးသည် တရားဆုံးဖြတ်ရာ၌ တံစို့စား၍ မဟုတ်မမှန် ဆုံးဖြတ်လေ့ရှိ၏။

တနေ့သ၌ သူ့မတရားသဖြင့် ဆုံးဖြတ်သည့် အမှုကို ဘုရားလောင်းက မှန်ကန်စွာ တဖန် ဆုံးဖြတ်သဖြင့် ၎င်းကို မင်းက တရားသူကြီးခန့်၏။ စစ်သူကြီးသည် တံစိုးမရတော့သဖြင့် "ဓမ္မဓဇသည်ပင်းအုပ်စိုးကို တောင့်တ၏" ဟု မင်းအား အကြံပေးကြံမ ဂုံးတိုက်သော် မင်းသည် ဘုရားလောင်းကို အထင်လွဲ၏။ နောက် စစ်သူကြီးသည် မင်းအား "ဆောင်ရွက်ရန် မစွမ်းနိုင်သည့်အမှုမျိုးကို ဓမ္မဓဇအားခိုင်းရ၍ 'မလုပ်နိုင်လျှင် သတ်အံ့' ဟု ဆိုလော့။ ဤဥပါယ်ဖြင့် သူ့ကို သတ်ရာ၏" ဟု ဆို၏။ မင်းသည် စစ်သူကြီးပြောသည့်အတိုင်းပင် "ဂုတနာခုနှစ်ပါးနှင့် ပြည့်စုံသည့်

ရေကန်၊ ဆင်စွယ်ဖြင့်ပြီးသောအိမ်၊ ပတ္တမြားလုံး၊ အင်္ကါလေးပါးနှင့် ပြည့်စုံသည့် ဥယျာဉ်စောင့်"တို့ကို တခုပြီးတခု ဖန်ဆင်းခိုင်း၏။ ယင်းတို့အားလုံးကို သိကြားမင်းက ဖန်ဆင်းပေးလေသော် မင်းသည် ပရိသတ်အား မျက်စိမှိတ်ခြင်းအမှတ်ကို ပေး၏။ လူတို့သည် ထ၍ "ဟယ် တံစိုးစားတဲ့ သူခိုးပျက်၊ သင်္ဘောသည် တံစိုးကို မရ၍ ပညာရှိကို စွပ်စွဲပြီး သေစေဘိ၏"ဟု စစ်သူကြီးကို ခြေလက်ပို့ဆို ကိုင်၍ နှိုးတော်မှချပြီး ရိုက်သတ်ကြလေသည်။

လူမိုက်သည် ပညာရှိကို မကောင်းကြံလျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ်"ဘုရားကို သတ်ရန် အားထုတ်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ်=စစ်သူကြီး၊ အနုရုဒ္ဓါ=သိကြားမင်း။]

၂၂၁။ ကာသာဝဇာတ်

ဆင်မင်းနှင့် အရေခြုံပုဆိုး အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဆင်မင်းသည် ဆင်အပေါင်းခြံရံလျက် ဟိမဝန္တာဌ်နေ၏။ ထိုအခါ ဗာရာဏသီပြည်သား သူဆင်းရဲတဦးသည် သက်နှံး(ကာသာဝ)ကို ဝတ်ပြီး ဟိမဝန္တာဝယ် ဆင်တို့သွားသည့် ခရီးဌ်ရပ်၍ ဘုရားလောင်း၏ ဆင်ဝံတွင် နောက်ဆုံး ဆင်ကို လက်နက်ဖြင့်သတ်ပြီး အစွယ်တို့ကို ယူ၍ ထွေးစား၏။

ဆင်ဝံသည် တဖြည်းဖြည်း နည်းလာသော် ဘုရားလောင်းသည် ထိုသက်နှံးဝတ်သူကို မသာ်၍ စုံစမ်းရန် တနေ့သဌ် ဆင်အားလုံး၏ နောက်မှလိုက်၏။ သူသည် လက်နက်ကိုကိုင်၍ ပြေးလာသော် ဘုရားလောင်းသည် ပြန်လှည့်၍ ပုတ်သတ်ရန် နှာမောင်းကို ဆန့်၏။ နောက်သာ်နှံးကို ရိုသေသောအားဖြင့် နှာမောင်းကို သိမ်းဆည်းပြီး ထိုသူကို "ထိုသက်နှံးသည် သင့်အားမလျော်ပတ်။ နောက် ဤအရေပ်သို့ မလာလင့်။ လာလျှင် သင် သေမည်"ဟု ခြိမ်းခြောက်၍ ပြေးစေလေ၏။

လူမိုက်သည် အရေခြုံ၍ ဒုစရိုက်များကို ပြုတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ်"လူတို့က လူသည့် အမှေးအင်္ကျီပုဆို့ကို သက်နှံးချုပ်ပြီး ရွှေအဆင်းထွက်အောင် ပြု၍ ဝတ်သော'ဒေဝဒတ်'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ်=ဆဲင်သတ်ယောကျ်ား။ ဘုရား=ဆင်မင်း။]

၂၂၂။ စူဠနန္ဒိယဇာတ်

မျောက်သုံးကောင်နှင့် မုဆိုးယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'မဟာနန္ဒိယ' မျောက်နှင့်ညီငယ်'စူဠနန္ဒိယ'မျောက်တို့သည်ညောင်ပင်တခုၦနေ၍ မျက်မမြင် အမိအဘိုကို လုပ်ကျွေးကြ၏။ တနေ့သၦ် သူတို့သည် အမိအား သစ်သီး ကျွေးနေစဉ် ထိုနေရာသို့ ရောက်လာသော ရှန့်ရင်းကြမ်းကြုတ်သည့် မုဆိုးတဦးကို မြင်၍ "အမိကို အသို့ပြုမည်နည်း" ဟု သစ်ခက်ကြားၦ် ပုန်းနေကြ၏။ မုဆိုးသည် မျောက်မအိုကို မြင်၍ ပစ်ရန်လေးတင်သော် ဘုရားလောင်းသည် "အမိကို လုပ်ကျွေးရစ်လော့" ဟု ညီအား မှာ၍ ထွက်လာပြီး "မျက်မမြင် အမိအိုကို မပစ်ပါနှင့်။ငါ့ကိုပစ်လော့" ဟုဆို၍ မြားဦးရှေ့မှရပ်၏။မုဆိုးသည် ၎င်းကိုပစ်ချပြီး တဖန် မျောက်မအိုကိုပစ်ရန် လေးတင်သော် စူဠနန္ဒိယသည် ထွက်လာပြီး ရှေးနည်းတူပြော၍ ရပ်၏။ မုဆိုးသည် စူဠနန္ဒိယကို ပစ်ချပြီး တဖန် မျောက်မအိုကို ပစ်၍ မျောက်သုံးကောင်ကိုယူပြီး အိမ်ပြန်၏။

ထိုအခါ ထိုသူယုတ်မာ၏အိမ်ၦ် မိုးကြိုးကျ၍ မယား, သားနှစ်ယောက်တို့ အိမ်နှင့်တကွ မီးလောင်ခံရ၏။ ထိုမုဆိုးသည် ရွာတံခါးရောက်သော် လူတဦးထံမှ ထိုအကြောင်းကို ကြား၍ သောကမီးတောက်လောင်ပြီး အမဲ, လက်နက် အဝတ်တို့ကို စွန့်ပစ်၍ လက်မြောက်ပြီး ငိုကြွေးလျက် အိမ်သို့ဝင်၏။ ထိုခဏၦ် အိမ်တိုင်တို့သည် လဲကျ၍ သူ့ဦးခေါင်းကို ခွဲ၏။ သူသည် မြေမျိုခံရပြီး အဝီစိငရဲကြီးသို့ ကျလေ၏။

လူမိုက်သည် မိုက်မဖွာသဖြင့် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းၦ် နေစဉ် "ရှန့်ရင်းကြမ်းတမ်းသော ဒေဝဒတ်'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ်=မုဆိုး။ အာနန္ဒာ=စူဠနန္ဒိယ။ မဟာပဇာပတိဂေါတမီ=အမိ။ဘုရား မဟာနန္ဒိယ။]

၂၂၃။ ပဒုမဘတ္တဇာတ်

မင်းနှင့် မိဖုရားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ် ဖြစ်၏။ ထိုအခါ မင်းသည် သူ့သားကို "မိမိအား ရန်ပြုမည်" ဟုထင်၍ နှင်ထုတ်၏။ထိုမင်းသား

သည် မယားနှင့်အတူသွား၍ လယ်သမားရွာ၌နေ၏။ နောက်သူသည် အဘ သေသည်ကိုကြား၍ ဗာရာဏသီသို့ ပြန်၏။ ခရီးအကြာ၌ သူတို့နှစ်ဦးအတွက် ပေးလိုက်သော ထမင်းထုပ်(ပဒ္ဓဘတ္တ)ကို မင်းသားသည် မယားအား မပေး ဘဲ တဲ့တေးစား၏။ သူသည် မင်းဖြစ်သော် မယားအား မိဖုရားအရာ၌ ထားရုံသာထားပြီး မြတ်နိုးခြင်းမရှိ၊ ချီးမြှောက်ခြင်း မပြုပေ။

ဘုရားလောင်းသည် မိဖုရားထံ သွားမေး၍ အကြောင်းစုံကို သိရှိသော် မိဖုရားကို မင်းထံခေါ်သွားပြီး မင်းရှေ့တွင် "မိဖုရား၊ သင့်ကို မင်းက မချစ်၊တစုံတခုကိုမျှ မပေး။သင်သည်မချစ်သောသူနှင့် ပေါင်းဖော်ရ၍ ဆင်းရဲ မည်။ သို့ဖြစ်၍ အရပ်တပါးသို့ သွားလော့။ သင်သည် အလှန်ချစ်သည့် ယောကျ်ားတဦးကို ရလတံ့"ဟု ဆို၏။ ထိုအခါ မင်းသည် မိဖုရားအား စည်းစိမ်အာဃလုံးကိုပေးပြီး ချစ်ခင်မြတ်နိုးစွာ နေလေ၏။

ပိုချစ်သောသူသည် ပုစ္ဆာတ်ဆင်းရဲရသည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မယားအား မချစ်မြတ်နိုး သော သူကြွယ်တဦးကို အခြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ဂေါဒ်း-လင်မယား=လင်မယား။ ဘုရား=ပညာရှိအမတ်။]

၂၂၇၊ ကုမ္ဘီလဇာတ်

[ဤဇာတ်သည် သံသုမာရဇာတ် (ဇာ-၂၀၈)နှင့် တူ၏။ ။သံသုမာရ=ကုမ္ဘီလ။]

၂၂၅၊ ခန္ဓီဝဏ္ဏဇာတ်

မင်းနှင့်ကြာခိုအမတ်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်းဗြဟ္မဒတ်မင်း၏နန်းတွင်း၌ အမတ်တယောက် သည် အိမ်ရာကိုပြစ်မှား၏။ထိုအမတ်ကို ခစား သည့်ယောကျ်ားသည် ထိုအမတ် ၏အိမ်ရာကိုပြစ်မှား၏။ထိုအမတ်သည် ထိုယောကျ်း၏အပြစ်ကို သည်းမခံနိုင် ၍ ထိုသူ့ကို မင်းထံခေါ်သွားပြီး "မင်းကြီး၊ ကျွန်ုပ်၏ အမှုအာဃလုံးကို ပြုလုပ်သော ဤယောကျ်းသည် အိမ်ရာကို ပြစ်မှား၏။ သူ့ကို အသို့ ပြုသင့်သနည်း"ဟု လျှောက်၏။

မင်းက "ငါတို့မှာလည်း ဤသို့ အိမ်ရာကို ပြစ်မှားသည့် ယောကျ်းရှိ၏။ ထိုသူသည် ဤနေရာမှာရှိ၏။ ကျေးဇူးနှင့်ပြည့်စုံသူကို ရခဲသဖြင့် ငါတို့သည်

သည်းခံခြင်း(ခန္တီ)ကို နှစ်သက်၏''ဟု ဆို၏။ ထိုအမတ်သည် မိမိအား ရည်ညွှန်းပြောသည်ကို သိ၏။ ထိုအခါမှစ၍ ထိုသူနှစ်ဦးလုံး အိမ်ရာကို မပြစ်မှားကြတော့ပေ။

ပညာရှိသည် ကျေးဇူးများသူကို တန်ဘိုးထားလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''နန်းတွင်းသူကို ပြစ်မှားသော ကျေးဇူးများသည့်အမတ်အား သည်းခံသော 'ကောသလမင်း' ကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ဘုရား=ဗာရာဏသီမင်း။]

၂၂၆၊ ကောသိယဇာတ်

ကျီးနှင့် ဇီးကွက်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီမင်း၏ အမတ်ဖြစ်၏။ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းစေရန် အခါမဟုတ်သည်၌ ထွက်၍ ညဉ့်ချဉ်ဝယ် သစ်တပ်၌ နေ၏။ ထိုအချိန်၌ ဇီးကွက်(ကောသိယ)တကောင်သည် ဝါးချုံထဲဝင်၍ ပုန်းအောင်းရာ ကျီးတို့လာ၍ ''ဇီးကွက်ကို ထွက်လာလျှင် ဖမ်းကုန်အံ့'' ဟု ဝိုင်းထားကြ၏။ ထိုဇီးကွက်သည် နေဝင်ခြင်းကို မစောင့်ဘဲ ထွက်ပြေးသော် ၎င်းကို ကျီးတို့က ဝိုင်းပြီး နှုတ်သီးဖြင့် ထိုးသတ်၍ ကျစေ၏။

ထိုအကြောင်းကို မင်းကမေးသော် ဘုရားလောင်းက အကြောင်းစုံကို ပြောကြားပြီး ''အခါမဟုတ်သည်၌ မိမိနေရာမှ ထွက်ခွာသူတို့သည် ဤသို့ပျက်စီးရ၏။ အခါ မဟုတ်သည်၌ မိမိနေရာမှ မထွက်သင့်''ဟု ဆို၏။ မင်းသည် ထိုစကားကိုကြား၍ နန်းတော်သို့ ပြန်လေ၏။

အခါမဟုတ် သွားလာလျှင် ဘေးတွေ့မည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အခါမဟုတ်သည်၌ ပစ္စန္တရစ်ကို ငြိမ်းရန်ထွက်သော ကောသလမင်းကို အကြောင်းပြု၍''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=မင်း။ ဘုရား=ပညာရှိအမတ်။]

၂၂၇၊ ဂူထပါကဇာတ်

ဆင်နှင့် မစင်ပိုးအကြောင်း

ဘုရားလောင်း ရဂ္ဂစိုးနတ်သည် အင်္ဂတိုင်းနှင့် မဂဓတိုင်းနှစ်ခုတို့၏ 'နယ်စပ်' ရှိ တောင်၌ နေ၏။ ထိုအခါ ထိုတောထဲရှိ အိုင်တခုတွင် မစင်ပိုး(ဂူထပါက)

တကောင်သည် လူတို့ သုံးဆောင်ပြီး စွန့်ပစ်ထားသည့် သေရည်ကို သောက်၍ မူးယစ်၏။ သူတက်လိုက်သည့် မစင်ပုံသည် အတန်ငယ် ညှတ်သွားသော် "ငါ့ကို မခံနိုင်" ဟု ကြုံးဝါး၏။

ထိုခဏ၌ ဆင်ပြောင်တစီးသည် ထိုအရပ်သို့ ရောက်လာပြီး မစင်နှံ့ကြောင့် ရှံရှာ၍ ဖဲသွား၏။ မစင်ပိုးသည် သူ့ကို ကြောက်၍ ပြေးသည်ဟု မှတ်ထင်ပြီး ထိုဆင်အား "ရဲရင့်သော ငါနှင့် စစ်မထိုးဘဲ အဘယ့်ကြောင့် ပြေးသနည်း။ တကြိမ်မျှ စစ်ထိုးခြင်းကို ပေးသင့်သည် မဟုတ်လော" ဟု ဆို၏။ ထိုဆင်ပြောင်သည် လာ၍ "ငါ့ခြေ၊ နှာမောင်း၊ အစွယ်တို့ဖြင့် သင့်ကို ငါမသတ်သင့်။ မစင်ပိုးသည် မစင်ဖြင့် သေစေသတည်း" ဟု ဆိုကာ မစင်ပိုးပေါ်၌ မစင်တုံးကြီးကိုပါချပြီး ကျင်ငယ်စွန့်၍ သတ်ကာ မြည်လျက် တောသို့ ဝင်လေ၏။

လူမိုက်သည် မတုနိုင်သူကို အံတုသဖြင့် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပဉ္စင်း၊သာမဏေတို့အား ပြဿနာမေး၍ မဖြေနိုင်လျှင် အရှက်ခဲ့သော ရဟန္တာတရားခံနေသည့် 'ငတုံး'ကို သတ်ပုတ်ပြီး ပါးစပ်ထဲသို့ မစင်ထည့်၍ ခြံမ်းခြောက်ဆုံးမသည့် ရဟန်းတပါး ကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း-**ငတုံး=မစင်ပိုး။ တိုရဟန်း=ဆင်ပြောင်ကြီး။ ဘုရား=ရှက္ခစိုးနတ်။]

၂၂၈၊ ကာမနီတဇာတ်

လောဘကြီးလွန်းသည့်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ကာမတို့၌ မရောင့်ရဲ၊ ဥစ္စာတို့၌ အလွန်တပ်မက်မော၏။ ထိုအခါ ဘုရားလောင်း သိကြားမင်းသည် ကာမနိုင်ငံသို့ လိုက်သော (ကာမနီတ) ထိုမင်းထံ လုလင်အသွင်ဖြင့် သွား၍ "မင်းကြီး၊ ကျွန်ုပ်သည် ရှေ့ဦးရတနာ ပေါများ၍ စစ်သည် ဗိုလ်ပါ နည်းပါးသော သုံးပြည်ထောင်တို့ကို မြင်ခဲ့၏။ ထိုပြည်တို့ကို ယူပေးရန် လာခဲ့၏။ နက်ဖြန် သွားကြအုံ။ ဗိုလ်ပါကို စီရင်ထားလော့။ နောက်တခါ လှည့်လာခဲ့မည်" ဟု ဆို၍ ပြန်၏။

မင်းသည် နောက်တနေ့၌ ဗိုလ်ပါတို့ကို စီရင်ပြီး၍ ထိုလုလင်မလာသော် စည်းစိမ်ဥစ္စာကို တပ်မက်သည့် လောဘမီး တောက်လောင်၍ နှလုံးပူပြီး ဝမ်းသွေးသွန်၏။ ဆေးဆရာတို့ မကုစားနိုင်ကုန်။ သုံးလေးရက် ကြာသော်

သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် မင်းထံလာ၍ အခမယူဘဲ ဆေးကုပေးမည် ဆိုပြီး ရောဂါ၏ဇစ်မြစ်ကို မေး၏။ မင်းက အလုံးစုံ ပြောပြသော် သိကြားမင်းက "ဤစိတ္တဇရောဂါကို ဥာဏ်တည်း ဟူသော ဆေးဖြင့်သာ ကုစားအပ်၏။ လောဘ တဏှာတို့သည် ဆင်းရဲအပေါင်းကို ဖြစ်စေ၍ သတ္တဝါတို့ကို ငရဲသို့ ရောက်စေ၏" စသည်ဖြင့် တရားဟောပြီး ပြန်၏။ မင်းသည် ထိုတရားကို နာရ၍ စိုးရိမ်ပူပန်မှု ကင်းပြီး ရောဂါ ပျောက်လေ၏။

လောဘကြီးသူသည် လောဘမီးလောင်၍ ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "'ကာမနီတ' မည်သော ပုဏ္ဏားကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**–ကာမနီတ ပုဏ္ဏား = မင်း။ ဘုရား=သိကြားမင်း။]

၂၂၉၊ ပလာယိတဇာတ်

ကြောက်လွန်းသည့်မင်းအကြောင်း

ဘုရားလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ မင်းပြု၏။ ထိုအခါ ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းသည် "တက္ကသိုလ်ပြည်ကို တိုက်ယူအံ့" ဟု ဗိုလ်ပါများစွာဖြင့်သွားပြီး မြို့နှင့် မနီးမဝေးအရပ်၌ ကြုံဝါးလျက် စစ်သည်တို့ကို စီရင်၏။ နောက် သူသည် မြို့၏ တံခါးအနီးသို့ ရောက်၍ တံခါးမုခ်ကို မြင်လျှင် "ဤသည်ကား နန်းတော်လော" ဟု မေး၏။ "ဤသည်ကား တံခါးမုခ်မျှသာတည်း" ဟု ဆိုကြသော် မင်းသည် "မြို့တံခါးမုခ်သည်ပင် ဤသို့သဘောရှိလျှင် နန်းတော်ကား အသို့ သဘောရှိသနည်း" ဟု မေး၏။ "ဝေဇယန္တာပြာသာဒ်နှင့် တူ၏" ဟု ဆိုကြသော် မင်းသည် "ဤသို့သော အခြံအရံစည်းစိမ်ချမ်းသာဘုန်းကြက်သရေနှင့်ပြည့်စုံသည့် မင်းနှင့် စစ်ထိုးရန်မစုံးနိုင်လတံ့" ဟု ကြောက်၍ ဗာရာဏသီမြို့သို့ လျှင်စွာ ပြေးလေ၏ (ပလာယိတ)။

မတူလျှင် မတူက ပို၍ကောင်း၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "'ဝါဒရေးရာ၌ ဘုရားနှင့် စကားစစ်ထိုးအံ့" ဟု အခြံအရံနှင့်တကွလာ၍ ဇေတဝန်ကျောင်း၏ ကြီးကျယ်ခမ်းနားသည့် တံခါးမုခ်ကိုမြင်၍ လန့်ပြေးသော ပရိပို်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**–ပရိပို် = ဗာရာဏသီမင်း။ ဘုရား = တက္ကသိုလ်မင်း။]

၂၃၀၊ ဒုတိယ ပလာယိတဇာတ်
ကြောက်လွန်းသည့် မင်းအကြောင်း

ဗာရာဏသီပြည်၌ ဘုရားလောင်း ဖြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုအခါ တက္ကသိုလ်ပြည် ဂန္ဓာရမင်းသည် "ဗာရာဏသီပြည်ကို တိုက်ယူအံ့" ဟု စစ်အင်္ဂါလေးပါးနှင့် လာပြီး မြို့ကို ဝိုင်း၏။ သူသည် မြို့တံခါးအနီး၌ နေလျက် မိမိ၏ စစ်သည်ဗိုလ်ပါတို့ကို ကြည့်ပြီး "ဤမျှ များပြားသော စစ်သည် အပေါင်းကို အဘယ်သူသည် အောင်နိုင်အံ့နည်း" ဟု ကြုံးဝါး၏။

ထိုအခါ ဘုရားလောင်းသည် လပြည့်ဝန်းကဲ့သို့ အသရေရှိသော မိမိ၏ မျက်နှာကို ဂန္ဓာရမင်းအား ပြ၍ "ဟယ် ငမိုက်၊ သင် မယောင်ယမ်း မမြည်တမ်းလင့်။ ယခုအမှုန်ယစ်သော ဆင်ပြောင်သည် သင့်စစ်သည် အပေါင်းကို ကျူးတောကို နင်းဘိသကဲ့သို့ ဖျက်ဆီးလတံ့" ဟု ခြိမ်းချောက်၍ ဆို၏။ ဂန္ဓာရမင်းသည် မျှော်ကြည့်၍ ရှေ့ပြေးနှင့် တူသည့် နဖူးပြင်ကို မြင်သော် ကြောက်လန့်ပြီး လျင်စွာ ပြေးလေ၏။ (ပလာယိတ)

ကိုယ့်ကိုယ်ကို အထင်ကြီးပြီး တုံ့ဖြိုင်လျှင် ရှုံးမည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဝါဒရေးရာ၌ ဘုရားနှင့် စကားစစ်ထိုးအံ့ဟု ဇေတဝန်ကျောင်းသို့သွားရာ ခြင်္သေ့မျိုကဲ့သို့ တရားဟော နေသောဘုရား၏ခန့်ညားတင့်တယ်သည့်ကိုယ်တော်, မျက်နှာတော်, နဖူးပြင်ကို မြင်၍ ကြောက်လန့်ပြေးသော ပရိဗိုဇ်ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း-ပရိဗိုဇ် = ဂန္ဓာရမင်း။ဘုရား = ဗာရာဏသီမင်း။**]

၂၃၁၊ ဥပါဟနဇာတ်
ဆရာကိုအန်တုသည့်တပည့်အကြောင်း

ဘုရားလောင်းသည် ဆင်အတတ်၌တဖက်ကမ်းခတ်တတ်မြောက်၍ ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း၏ ဆင်ဆရာဖြစ်၏။ သူ့ထံ၌ အတတ်ကို အကုန်သင်ယူပြီးသော တပည့်လုလင်သည် ဆရာမှတဆင့် မင်းအား "ကျွန်ုပ်သည်ဆရာနှင့်အမျှ အတတ်ကို တတ်သည်ဖြစ်၍ ဆရာနှင့်အမျှ လခရလျှင် မင်းကို ခစားအံ့။ ဆရာနှင့်အမျှတတ်ကြောင်းပြပါအံ့" ဟု ဆို၏။ မင်းသည် "ကောင်းပြီ" ဟု ဆို၍ "နက်ဖြန် ဆရာနှင့်တပည့် အတတ်ပြိုင်ကြမည်" ဟု မြို့၌ စည်လည်စေ၏။

ဆရာသည် "ငါ့တပည့်ကား ငါ၏ဥပါယ်တမျှဉ်၌ လိမ္မာခြင်းကို မသိ" ဟု ကြံ၍ ဆင်တစီးအား တညတည်းဖြင့် ဖောက်ပြန်သည့် အတတ်ကို သင်

၏။ သူသည် ထိုဆင်အား 'ရှေ့သွား'ဆိုလျှင် နောက်ဆုတ်ရန်၊ 'နောက်ဆုတ်' ဆိုလျှင် ရှေ့သွားရန်၊ 'ရပ်'ဆိုလျှင် ဝပ်ရန်၊ 'ဝပ်'ဆိုလျှင် ရပ်ရန် စသည်ဖြင့် ပြောင်းပြန်သင်၏။ တပည့်သည် သူ့နှစ်သက်သည့် ဆင်ကို ယူ၏။ လူများသည် စုဝေးကြ၏။ ဆရာ တပည့်နှစ်ဦးသည် အတတ်ကို အမှုပြကြပြီးသော် ဆရာသည် မိမိဆင်အား ဖောက်ပြန်သည့် အတတ်ကို ပြုစေ၏။ ထိုအခါ လူတို့သည် "ဟယ် တပည့်ယုတ်၊ သင်သည် ဆရာနှင့် ပြိုင်ဘိ၏။ မိမိ၏ ပမာဏကို မသိ" စသည်ဖြင့် ခြိမ်းချောက်၍ ပဲ့အလယ်၌ပင် ရိုက်သတ်ကြ၏။ ဆရာသည် ဆင်မှဆင်း၍ မင်းအား "မိမိကိုယ်ကို ချမ်းသာစေရန် အတတ်ကို သင်၏။ သို့ရာတွင် ထိုအတတ်သည် 'မကောင်းသဖြင့် ပြုအပ်သည့် ဘိန်ပ်(ဥပါဟန)ကဲ့သို့' အချို့သော သူတို့ကို ပျက်စီးစေ၏" ဟု ဆို၏။ မင်းသည် နှစ်သက်၍ ဆရာအား စည်းစိမ်များစွာကို ပေးလေ၏။

ဂူမိုက်သည် ကိုယ့်အတတ်ကိုယ်စူးပြီး ပျက်စီးရသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရားကို စွန့်၍ ဆန်ကျင်ဘက်ဖြစ်ပြီး ပျက်စီးသွားသော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ် = တပည့်။ ဘုရား = ဆရာ။]

၂၃၂။ ဝိဏ္ဏာထူဏဇာတ်

ငကုန်းနှင့် သူဌေးသမီးဒေကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် နိဂုံး၌နေသော ဘုရားလောင်း သူဌေးသည် သူ့သားအတွက် ဗာရာဏသီသူဌေး၏သမီးကိုတောင်းရန် နေ့ကို သတ်မှတ်၏။ ထိုသူဌေးသမီးသည် "ကျောဒွိဘို့ရှိသော နွားသည် နွားမင်း 'ဥသဘ'ဖြစ်၏" ဟု ကြားဘူးသဖြင့် လမ်း၌သွားနေသော စောင်း(ဝိဏာ)ကဲ့ကို ကုန်းကုသည့် ငကုန်းတဦးကို မြင်လျှင် "ဤသူသည် လူမင်းဥသဘဖြစ်မည်" ဟု ကြံ၍ ဥစ္စာကိုယူပြီး ထိုငကုန်းနှင့် တွက်ပြေး၏။

ဘုရားလောင်းလည်း ထိုသူဌေးသမီးကို ယူဆောင်ရန် အခြံအရံများစွာတို့ဖြင့် ထိုသူဌေးသမီး ပြေးလာသည့် လမ်းအတိုင်းပင် ဗာရာဏသီသို့သွား၏။ ထိုသူနှစ်ဦးတို့ တည်လုံးသွား၍ မအိပ်ရသဖြင့် အရုဏ်တက်သော် ငကုန်းသည် ကွေးလျက် အိပ်ပြီး သူဌေးသမီးသည် သူ့ခြေရင်း၌ နေ၏။ ဘုရားလောင်းသည် ထိုသူတို့ကို မြင်၍ သူဌေးသမီးထံမှ အကြောင်းစုံကို ကြားသိ

သော် "သူဌေးသမီးသည် မသိမလိမ္မာသဖြင့် အိမ်မှုပြေး၏" ဟု သိ၍ သူမ
ကို ရေချိုးပေးပြီး ရထားဖြင့် မိမိအိမ်သို့ ခေါ်သွားလေ၏။
ပညာမရှိသည့်အယုတ်ကိုအဟုတ်ထင်တတ်သည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ 'လူမင်းဥဿဘ'
မှတ်ပြီး ငကုန်းနှင့်ထုက်ပြေးသည့် သူဌေးသမီးကိုအကြောင်းပြု၍" ဤဇာတ်ကို
ဟောတော်မူ၏။ ။ဇာတ်ပေါင်း- သူဌေးသမီး=သူဌေးသမီး။ ဘုရား=ဗုဒ္ဓ
သူဌေး။]

၂၃၃၊ ဝိကဏ္ဍကဇာတ်

မိကျောင်းနှင့်မြားအကြောင်း

ဘုရားလောင်း ဗာရာဏသီမင်းသည် တနေ့သ၌ ဥယျာဉ်သို့ထွက်၍ ရေကန်၌
ကစား၏။ ကခြေသည်တို့သည် ကခြင်း, သီခြင်းကို ပြုကြ၏။ ရေကန်၌
ငါးလိပ်တို့သည် သီချင်းသံ၌ တပ်စွန်း၍ စုဝေးပြီး မင်းနှင့် အတူလိုက်ကြ
၏။မင်းကမေးသော် အမတ်တို့က "သင်မင်းကြီးကို ငါးတို့ ခစားကြ၏" ဟု
ဆိုကြ၏။မင်းသည် နှစ်သက်၍ "စည်တီးပြီး ငါးများကို စုဝေးစေ၍ ထမင်း
ကို ပေးလော့" ဟု ဆိုပြီး ငါးတို့အား နေ့စဉ် ထမင်းဝတ်ကို တည်စေ၏။

ထိုအခါ မိကျောင်းတကောင်သည် လာ၍ ထိုငါးတို့ကို စား၏။ ထို
အကြောင်းကို ကြားသော် မင်းက "အရွက်မတပ်သည့်မြား(ဝိကဏ္ဍက)နှင့်
ပစ်၍ ထိုမိကျောင်းကို ဖမ်းလော့" ဟု ဆို၏။ထမင်းကျွေးသူသည် မြားနှင့်ဖစ်
သော် ထိုမိကျောင်းသည် နာကျင်သဖြင့် ထိုမြားနှင့်အတူ မိမိနေရာသို့
ပြေး၍ သေလေ၏။
လိုချင်တာကိုသာသိ၍ ဘေးမဖြင်သောသူသည် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာသနာ၌ငြိုးငွေ့သော
ရဟန်းတပါးကို အကြောင်းပြုပြီး 'ကာမဂုဏ်သည် အရွက်မပါသည့် မြားနှင့်
တူ၏'ဟု သိစေလို၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=
မိကျောင်း။ ဘုရား=ဗာရာဏသီမင်း။]

၂၃၄၊ အသိတာဘူဇာတ်

မင်းသားနှင့် ကိန္နရိမ အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကစက်ဆုပ်၍ နှင်ထုတ်လိုက်သော ဗြဟ္မဒတ်
မင်းသားသည် 'အသိတာဘူ'မည်သော သူ့မယားကိုခေါ်၍ ဘုရားလောင်း

ဈာန်ရ ရသေ့နေသည့် ဟိမဝန္တာတောသို့သွားပြီး သစ်ရွက်မိုးဇရပ်၌နေ၏။ မင်းသားသည် ကိန္နရီမ တကောင်ကိုမြင်၍ စွဲမက်သဖြင့် နောက်က အစဉ်လိုက်၏။

အသိတာဘူသည် "ငါ့ကို မရေတွက်သည့် ဤမင်းသားဖြင့် ငါ့မှာအကျိုးမရှိ" ဟု တပ်မက်ခြင်းကင်းသဖြင့် ဘုရားလောင်းထံသွားပြီး တရားအားထုတ်၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေပြီး ဇရပ်သို့ ပြန်လာ၏။ မင်းသားသည် ကိန္နရီမကို ရှာမတွေ့၍ အာသာပြတ်ပြီး ထိုဇရပ်သို့ ရှေးရှူလာ၏။ ထိုခဏ၌ အသိတာဘူသည် ကောင်းကင်သို့ ပျံတက်၍ ရပ်လျက် "သင်မင်းသားကိုမှီ၍ ငါသည် ဤစွာန်ချမ်းသာကို ရပေ၏" ဟုဆိုပြီး အရပ်တပါးသို့သွား၏။ မင်းသားသည် 'တဏှာ၏ အလိုသို့လိုက်၍ အလှန်လောဘကြီးသဖြင့် ငါသည် အသိတာဘူကို ဆုံးရှုံးရလေပြီ" ဟု ဆို၍ ငိုကြွေး မြည်တမ်းရစ်လေ၏။

လောကီဒုက္ခကို စွန့်နိုင်လျှင် လောကုတ္တရာ ချမ်းသာကို ရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိလင်က မမြတ်နိုးသဖြင့် ရဟန်းပြု၍ရဟန္တာဖြစ်သွားသော သတို့သမီးတဦးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–လင်မယား=မင်းသားနှင့် မင်းသမီး။ ဘုရား=ရသေ့။]

၂၃၅၊ ဝဋ္ဌနဇာတ်

သူဌေးနှင့် ရသေ့အခကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း 'ဝဋ္ဌနခ' ရသေ့သည် တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ မင်းသွား၍ ညယ်ျာဉ်၌နေ၏။ ဗာရာဏသီ သူဌေးသည် ဘုရားလောင်းကို နေ့စဉ် ဆွမ်းဖြင့် လုပ်ကျွေး၏။ သူတို့နှစ်ဦးသည် အချင်းချင်း အလှန်ချစ်ခင်ကြ၏။

တနေ့သ၌ သူဌေးက ဘုရားလောင်းအား အလှန်ကြည်ညိုသဖြင့် "ရဟန်းဘဝသည် အလှန်ဆင်းရဲ၏။ အိမ်၌ နေခြင်းသည် ချမ်းသာ၏။ သင့်အား ငါ၏ စည်းစိမ်တဝက်ကိုပေးအံ့။ လူထွက်လော့။ ငါတို့ အညီအညွတ် ကာမဂုဏ်များကို ခံစားကုန်အံ့" ဟုဆို၏။ ဘုရားလောင်းက "သင်သည် မသိ၍ ဤသို့ဆို၏။ အိမ်ရာထောင်၍ လူဘောင်၌ နေခြင်းသည် အလှန် ဆင်းရဲ၍

အကုသိုလ်များလှ၏''ဟု အိမ်ထောင်ဖြင်း၏ အပြစ်ကိုဆို၍ ဥယျာဉ်သို သွားလေ၏။

လူတို့သည် မသိ၍ လူ့စည်းစိမ်ကို သုခထင်နေကြသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အာနန္ဒာအား လူ့စည်းစိမ်ဖြင့် ဖိတ်ကြား၍ လူဆွဲဝန်ပြောသော မိတ်ဆွေဖြစ်သူ 'မလ္လာမင်း'ကို ဟောကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-မလ္လာမင်း=ဗာရာဏသီသူဌေး။ ဘုရား=ဝန္ဆနခရသေ့။]

၂၃၆၊ ဗကဇာတ်

ဗျို့ဒ်းယုဂ်နှင့် ငါးများအကြောင်း

ဗာရာဏသီပြည် ဇြဟ္မဒတ်ပင်း လက်ထက် ဘုရားလောင်း ငါးမင်းသည် ဟိမဝန္တာဝယ် အိုင်တခုဌ ငါးအပေါင်းခြံရံလျက်နေ၏။ထိုအခါဗျို့(ဗက) တကောင်သည် လာ၍ ငါးများကို စားလိုသဖြင့် ထိုအိုင်အနီးဌ ဦးခေါင်းကို ချပြီး အတောင်ကို ဖြန့်၍ ပဘုန်မလှုပ် ငါးများကို ကြည့်လျက် ငါးများ၏ မေ့လျော့ခြင်းကို စောင့်နေ၏။ ငါးတို့က ''ဤဗျို့သည် နူးညံ့ပျော့ပျောင်း၍ အေးငြိမ်းလှပေ၏''ဟု ချီးမွမ်းကြ၏။ ဘုရားလောင်းက ''သင်တို့သည် ဗျို့၏သဘောကို မသိဘဲ ချီးမွမ်းကြ၏။ ဤဗျို့သည် ငါးတို့ကိုစားရန် ကြံလျက် ဤသို့ မတုန်မလှုပ်နေ၏''ဟု ဆိုလေ၏။

လူမိုက်သည် ဟန်ဆောင်ကောင်းသော လူယုတ်ကို ချီးမွမ်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အုံဩဘွယ်ကို ပြုတတ်သော ရဟန်းတပါးကို အကြောင်း ပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အုံဩဘွယ်ကို ပြုတတ်သော ရဟန်း=ဗျို့။ ဘုရား=ငါးမင်း။]

၂၃၇၊ သာကေတဇာတ်

[ဤဇာတ်သည် ကေနိပါတ်သာကေတဇာတ်(ဇာ-၆၈)နှင့်တူ၏။]

၂၃၈၊ ကပဒဇာတ်

ကြီးပွားချင်သော သားလိမ္မာအကြောင်း

ဗာရာဏသီပြည် ဇြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဗာရာဏသီသူဌေးသည် တနေ့သဌ် သူ့သားက ''အကျိုးစီးပွား များစွာကိုဖြစ်စေသော စကား

တခု (ဧကပဒ)ကိုဆိုပါ"ဟု တောင်းပန်သဖြင့် "ဉာဏ်ကိုမှီသော ဝိရိယသည် သီလ, ခန္တီနှင့်ယှဉ်သော် ကြီးပွားချမ်းသာခြင်းကို ဖြစ်စေ၏"ဟု ဆို၏။ ထို သူငယ်သည် အဖဆိုသည့်အတိုင်း ပြုကျင့်၍ အကျိုးစီးပွားကို ဖြစ်ထွန်းစေ၏။

လူလိမ္မာသည် ကြီးပွားချမ်းသာရန် ပညာရှိကို ဆည်းကပ်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အလားတူ မိမိသားကမေးသည့် အကျိုးစီးပွား၏ အကြောင်းတရားကို ဖြေကြားသော သူကြွယ်တဦးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-သား=သား။ ဘုရား=ဗာရာဏသီသူဌေး။]

၂၃၉၊ ဟရိတမဏ္ဍူကဇာတ်
မြေနှင့် ဖားညိုအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် မြစ်ချောင်း၌ ငါးတို့သည် လူတို့ထောင်ထားသည့် မြုံးထဲသို့ဝင်သော် ရေမြေတကောင်သည် ထိုငါးများကို စားလို၍ ထိုမြုံးထဲသို့ ဝင်၏။ ရေမြေသည် ငါးတို့က ပိုင်းကိုက်ကြ၍ ဒဏ်ရာပြင်းစွာ ရသဖြင့် သေဘေးမှကြောက်၍ ထိုမြုံးမှထွက်ပြီး ရေ၏ အဆုံး၌အိပ်၏။ ထိုခဏ၌ ဘုရားလောင်းဖားညို(ဟရိတမဏ္ဍူက)သည် ခုန်၍ ထိုမြုံး၏ ထိပ်၌ဝပ်၏။ ရေမြေက "သင်သည် ဤငါးတို့၏ အမှုအရာကို နှစ်သက်သလော"ဟု မေး၏။ ဖားညိုက "ငါနှစ်သက်၏။ သင်သည် သင့်နေရာသို့လာသည့်ငါးများကို စား၏။ ငါတို့လည်း သူတို့နေရာသို့လာသည့် သင့်ကို ကိုက်ကြ၏၊ မိမိကျက်စားရာ နေရာ၌ အားမရှိသူမရှိ။ ဖျက်ဆီးတတ်သူသည် ပျက်စီးရ၏"ဟု ဆို၏။ ရေမြေသည် ဒဏ်ရာဖြင့် သေလေ၏။

လူမိုက်သည် နိုင်လျှင် ဝမ်းသာ၍ ရှုံးလျှင် ဝမ်းနည်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဦးရီးတော်ကောသလမင်းနှင့် စစ်ထိုး၍ အောင်သော် အလွန်ဝမ်းသာပြီး ရှုံးသော် အလွန် နှလုံးမသာယာသော အဇာတသတ်မင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အဇာတသတ် = ရေမြေ။ ဘုရား = ဖားညို။]

၂၄၀၊ မဟာပိဂ်လဇာတ်
ပိဂ်လမင်းနှင့် တံခါးစောင့်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် 'မဟာပိဂ်လ' မင်း၏သား ဖြစ်၏။ ပိဂ်လမင်းသည် ရုန့်ရင်းကြမ်းတမ်း၍ ပြည်သူတို့ကို အမျိုးမျိုး နှိပ်စက်ပြီး

မကောင်းမှုတို့ကိုပြုလျက် မတရားသဖြင့် မင်းပြု၏။ နောက် ထိုမင်းကွယ်လွန်သော် ပြည်သူတို့သည် သည်းစွာရယ်၍ ရှင်လန်းဝမ်းသာလျက် ဘုရားလောင်းကို မင်းမြှောက်ပြီး "ငါတို့သည် တရားစောင့်သည့်မင်းကို ရပေပြီ" ဟု မြို့၌ ကြီးစွာသော ပဲသဘင်ကို ပြုကြ၏။ အမတ်, သူကြွယ်တို့သည် မင်းကို ခြုံရုံလျက်နေ၏။

ထိုအခါ တံခါးစောင့် တဦးသည် မနီးမဝေး အရပ်၌နေလျက် သည်းစွာငို၏။ ဘုရားလောင်းက "ငါ့အဖသေ၍ လူအားလုံးဝမ်းသာကြ၏။ သင်ကား ငို၏။ ငါ့အဖကို ချစ်မြတ်နိုးသလော" ဟု မေး၏။ ထို တံခါးစောင့်က "မဟာပိဋ်လမင်းကို အောက်မေ့၍ မငို။ ထိုမင်းသည် ပြာသာဒ်မှ ဆင်းတိုင်း, တက်တိုင်း ကျွန်ုပ်၏ဦးခေါင်းကို ရှစ်ချက်ရှစ်ချက်ထု၏။ ပိဋ်လမင်း ငရဲလား၍ ငရဲသားတို့ကို သူ့ဦးခေါင်းကို ထုရ၍ ပင်ပန်းသဖြင့် ဤအရပ်သို့ ပြန်ပို့လျှင် သူသည် ကျွန်ုပ်၏ ဦးခေါင်းကို ထုရာ၏။ ဤသို့ ကြောက်သောကြောင့်ငို၏" ဟု လျှောက်၏။ ဘုရားလောင်းက "သေသူတို့သည် တဖန် ပြန်မလာကုန်၊ မကြောက်လင့်" ဟု တံခါးစောင့်ကို နှစ်သိမ့်စေလေ၏။

သူတပါးကို ညှဉ်းဆဲသူသည် ဆင်းရဲရမည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရားအား ရန်ငြိုးဖွဲ့ခြင်းကြောင့် ဇေတဝန်တံခါးမုခ်ဦး၌ ဒေဝဒတ်မြေမျိုခံရသည့်အတွက် လူတို့နှစ်သက်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။။ **ဇာတ်ပေါင်း**—ဒေဝဒတ် = ပိဋ်လမင်း။ ဘုရား = ပိဋ်လမင်း၏သား။]

၂၄၁။ သမ္ဗဒါဋဇာတ်

ပထဝီဇယမန္တန်နှင့် မြေခွေးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်၍ 'သမာဓိမရှိသူ မကြားရအောင် ရွတ်ဆိုရသော' အလွန် တန်ခိုးထက်သည့် 'ပထဝီဇယမန္တန်'ကို တတ်၏။ သူသည် တနေ့သ၌ ဆိတ်ကွယ်ရာ အရပ်ဝယ် ကျောက်ဖျာပေါ်၌ ထိုမန္တန်ကို သရဇ္ဈာယ်သော်(ရှေးဘဝက ထိုမန္တရားမျိုးကို လေ့လာခဲ့သည့် ပုဏ္ဏားဖြစ်ဘူးသော) မြေခွေးတကောင်သည် တွင်းတခု၌ ဝပ်လျက် ထိုမန္တရားကို နားထောင်၍ လေ့ကျက်၏။

ဘုရားလောင်းသည် သရဇ္ဈာယ်ပြီး၍ထသော် ထိုမြေခွေးသည် တွင်းမှထွက်၍ "ဤမန္တရားကို သင့်ထက်ငါ နှုတ်တက်ရ၏" ဟု ဆိုပြီး တော်သို့

ဝင်သွား၏။ ထိုမြေခွေးသည် ထိုမန္တရားကိုမန်း၍ မြေခွေး, ဆင်, မြင်း, ခြင်္သေ့, ကျား, ဝက် စသော ခြေလေးချောင်း သတ္တဝါအားလုံးကို မိမိအားခြံရုံစေ၍ 'သဗ္ဗဒါဋ္ဌ' အမည်ဖြင့် မင်းပြု၏။ နောက် သူသည် ဆင်နှစ်စီး၏ကျောပေါ်၌ ခြင်္သေ့ကိုစီးစေ၍ ထိုခြင်္သေ့ပေါ်၌စီပြီး တဆဲ့နှစ် ယူဇနာရှိသော ခြေလေးချောင်းပရိသတ် ခြံရုံလျက် ဗာရာဏသီပြည်ကို သိမ်းယူရန်သွား၏။ သူသည် မင်းထံသို့ "မင်းအဖြစ်ကို ပေးမည်လော၊ စစ်တိုက်မည်လော" ဟု အမှာစာပို့စေ၏။ ဗာရာဏသီပြည်သားတို့သည် ကြောက်ရုံထိတ်လန့်၍ မြို့တံခါးများကို ပိတ်ကြ၏။

ထိုအခါ ဘုရားလောင်းသည် မင်းကြီးအား "ကျွန်ုပ်သည် သဗ္ဗဒါဋ္ဌ မြေခွေးနှင့်စစ်ထိုးအံ့" ဟု ဆို၍ မင်းနှင့်ပြည်သူတို့ကို နှစ်သိမ့်စေ၏။ နောက် ပစ္စင်ပေါ်သို့တက်၍ "သဗ္ဗဒါဋ္ဌ၊ ဤပြည်ကို အသိုပ်ပြု၍ ယူမည်နည်း" ဟု မေး၏။ သဗ္ဗဒါဋ္ဌက "ခြင်္သေ့ကို ဟောက်ခိုင်း၍ လူတို့ကို ထိတ်လန့် ပျက်စီးစေပြီး ယူအံ့" ဟု ဆို၏။ ဘုရားလောင်းသည် ပစ္စင်မှဆင်း၍ စည်လည်စေပြီး ဗာရာဏသီပြည်သူတို့အား နားများကိုပိတ်ထားစေ၏။ နောက် သူသည် ပစ္စင်ပေါ်သို့တက်၍ "သဗ္ဗဒါဋ္ဌ၊ ခြင်္သေ့တို့သည် သင်ခွေးအို၏ အာဏာအတိုင်း ဟောက်ကြမည်မဟုတ်" ဟု ဆို၏။ မြေခွေးသည် မာန်ဖြင့် ခက်ထန်လျက် သူစီးသည့် ခြင်္သေ့အား "ဟောက်လော့" ဟု ခြေဖြင့် အမှတ်ပေး၏။

ထိုခြင်္သေ့က သုံးကြိမ်ဟောက်သော် ဆင်တို့သည် ထိန့်လန့်၍ မြေခွေးကို ခြေရင်းခ်ဳကျစေပြီး ခြေတို့ဖြင့် နင်းတက်ကြ၏။ ခြင်္သေ့များမှ တပါး ကျန်သတ္တဝါတို့သည် ခြင်္သေ့ဟောက်သံကိုကြားလျှင် ကြောက်လန့်ပြေး၍ အချင်းချင်းတိုက်မိကြသဖြင့် ထိုအရပ်၌ သေကုန်၏။ ခြင်္သေ့တို့သည် ပြေး၍ တောထဲဝင်ကြ၏။ ထိုအခါ ဘုရားလောင်းသည် ပစ္စင်မှဆင်းပြီး မြို့တံခါးများကိုဖွင့်စေ၍ ပြည်သူအားလုံးအား နားများကို ပြန်ဖွင့်စေပြီး "အသားလိုချင်သူတို့သည် ထွက်၍ယူကြစေ" ဟု မြို့၌ စည်လည်စေ၏။ လူတို့သည် အသားတို့ကို ယူဆောင်၍ စားကြပြီး၊ ကျန်အသားများကို အခြောက်လှန်းကြလေ၏။

လူမိုက်သည် ကိုယ့်အတတ် ကိုယ်ကူးပြီး သေရသည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "အဇာတသတ်ကို ကြည်ညိုစေပြီးရရှိသော လာဘ်လာဘကို ကြာရှည် မတည်စေနိုင်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ် = မြေခွေး။သာရိပုတ္တရာ=မင်း။ဘုရား=ပုရောဟိတ်။]

၂၄၂။ သုနခဇာတ်

သားရေကြိုးနှင့် ခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ရွာသားတဦးသည် ဗာရာဏသီသို့ သွား၍ လူတဦးထံမှ ကောင်းစွာကျေးမွေးထားသည့်ခွေး(သုနခ) တကောင် ကို ဝယ်၍ သားရေကြိုးဖြင့် ချည်ပြီး ဆဲယူလာ၏။ သူသည် တောတခုအဝ ဒ္ဒဇရပ်တခုသို့ဝင်၍ ခွေးကိုချည်ပြီး အိပ်၏။

ဘုရားလောင်းသူကြွယ်သည် ကိစ္စတခုဖြင့် ထိုနေရာသို့ ရောက်သော် ခွေးအား "သားရေကြိုးကို မစားသည့် ခွေးသည် မိုက်၏။ ကြိုးကို ဝအောင် စားပြီး အိမ်သို့ပြန်လော့" ဟု ဆို၏။ ခွေးက "သင်ဆိုတိုင်း ငါပြုမည် သာတည်း။ ဤလူအိပ်ပျော်သည်အထိ စောင့်ဦးအံ့" ဟု ဆို၏။ ခွေးသည် ထိုလူအိပ်ပျော်သော် သားရေကြိုးကို ဝအောင်စားပြီး သူ့အိမ်ရှင်၏ အိမ်သို့ ပြေးလေ၏။

ခွေးသည် လူထက်ပင် ကျေးဇူးသိတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဇရပ်တခု၌ ရောပ်သူတို့က ကျေးမွေးထားသဖြင့် ထိုဇရပ်ကို ခင်မင် တွယ်တာသည့် ခွေးတကောင်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ခွေး=ခွေး။ ဘုရား=ပညာရှိယောကျ်ား။]

၂၄၃။ ဂုတ္တိလဇာတ်

စောင်းတီးပြိုင်သည့် ဆရာနှင့်တပည့်အကြောင်း

'ဂုတ္တိလ' အမည်ရှိ ဘုရားလောင်း စောင်းဝိဇ္ဇာသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းထံ၌ ခစားပြီး မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေး၏။ သူ့ထံမှ စောင်းအတတ်ကို အကုန်သင်ယူပြီးသော 'မူသိက' အမည်ရှိ လုလင်တဦးသည် မိမိဆရာမှတဆင့် မင်းအား "ကျွန်ုပ်သည်ဆရာနှင့်အမျှအတတ်ကိုတတ်သဖြင့် ဆရာနှင့်အမျှ လခရလျှင် မင်းကို ခစားအံ့" ဟု သိစေ၏။ မင်းက "ဆရာနှင့် အမျှ အတတ်ကိုပြနိုင်အံ့၊ လခအမျှပေးအံ့"ဟု ဆိုပြီး "ယနေ့မှစ၍ ခုနစ်ရက် မြောက်နေ့၌ ဆရာနှင့်တပည့်စောင်းအတတ်ကို ပြိုင်လတံ့"ဟု မြို့၌ စည်လည် ဟစေ၏။

ဘုရားလောင်းသည် "မူသိကကား နုပျိုဏ်။ ငါသည် အသက်ကြီး၍ အားအင်လျော့ပြီ။ ငါ၌ားသော် အရွက်ရခဲ့မည်" ဟု စိတ်ဓာတ်ကျနေ၏။ ခြောက်ရက်မြောက်နေ့၌ သိကြားမင်းသည် သူ့ထံလာ၍ "ဆရာမကြောက်လင့်၊ ငါသည် သင့်အားကူညီအံ့။ မူသိကနှင့် ပြိုင်တီးပြိုးသော် စောင်း၏ ကြိုးခုနစ်ချောင်းတို့ကိုတချောင်းပြိုးတချောင်း ဖြတ်၍တီးလော့။ စောင်းသံသည် ပကတိအသံဖြစ်မည်" ဟု ဆို၏။ နောက် သူ့အား စောင်းသုံးလက်ကိုပေးပြီး "ထို့နောက် ဤစောင်းကိုတခုပြိုးတခုတီး၍ ကောင်းကင်သို့ပစ်လော့။ ပစ်တိုင်း ပစ်တိုင်း နတ်သမီးသုံးရာစီလာ၍ ကလတံ့" ဟု ဆို၏။ နောက်တနေ့ မင်းယင်ပြင်တွင် မင်းနှင့်တကွ ပရိသတ်ရှေ့၍ မူသိကနှင့်စောင်းတီးပြိုင်ပြိုးသော် ဘုရားလောင်းသည် သိကြားမင်းဆိုတိုင်း ပြု၏။

ထိုအခါ နတ်သမီးတို့ လာ၍ ကသဖြင့်နတ်ပွဲသဘင် ဖြစ်၏။ ထိုခဏ၌ မင်းသည် လူအပေါင်းအား မျက်စိမှိတ်ခြင်းအမှတ်ကို ပေး၏။ လူအပေါင်းသည် ထ၍ မူသိကကို "သင်သည် ဆရာနှင့် ဆန့်ကျင်ဘက်ပြု၍ လခအမျှရရန် လုံ့လပြု၏။ မိမိ၏ပမာဏကိုမသိ" ဟု ဆဲရေး၍ ရိုက်သတ်ကြ၏။ မင်းနှင့် ပရိသတ်တို့သည် ဘုရားလောင်းအား မိုးကြိုးရွာသကဲ့သို့မြောက်များစွာသော ဥစ္စာတို့ကို ပေးကြလေ၏။

ဆရာကိုကာပြန်လျှင် မြန်မြန် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေ၍ "ဘုရားကိုမှီ၍ ဝိဠဂသုံးပုံကို သင်ယူပြီး ဈာန်လေးပါးကို ရပြီးသော် 'ငါ့အစ္ဆမ်းဖြင့် ထိုအရာများကို ရရှိ၏' ဟု ဆိုပြီး ဆရာဖြစ်သူဘုရားကို စွန့်သော 'ဒေဝဒတ်' ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ်=မူသိက။အနုဂ္ဂဒါ=သိကြား။ ဘုရား=ဂုတ္တိလစောင်းဆရာ။]

၂၄၄၊ ဝိဂတိစ္ဆဇာတ်

ဝါဒပြိုင်သည့် ပရိဗိုဇ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဒေသ ဘုရားလောင်းရသေ့သည် တနေ့သ၌ တောင်မှသက်၍ နိဂုံးရှာတခုအနီး မြစ်ကမ်းတွင် သစ်ရွက်မိုးကျောင်း၌ နေ၏။ ထိုအခါ ဝါဒပြိုင်သည့် ပရိဗိုဇ်တဦးသည် ဇမ္ဗူဒိပ်အလုံး၌ လှည့်လည်၍ပြောဆိုဘက်ကိုမရသဖြင့် လူအများခြံရုံလျက် ဘုရားလောင်းထံသို့ သွား၏။ ဘုရားလောင်းက "အဆင်းအနံ့နှင့် ပြည့်စုံသော

ဂင်္ဂါရေကိုသောက်မည်လော'' ဟု မေး၏။ ပရိဗိုဇ်က ဝါဒဖြင့် လှုပ်မိုးချိ "ဂင်္ဂါသဲ, ဂင်္ဂါ၏ ကျိဘက်ကမ်း, ဂင်္ဂါ၏ ထိုဘက်ကမ်းသည်ကား အဘယ်နည်း'' ဟုမေး၏။ ဘုရားလောင်းက "ပရိဗိုဇ်၊သင်သည်ရေ, သဲ, ကျိဘက်ကမ်း ထိုဘက်ကမ်းတို့ကို ဖယ်ထား၍ ဂင်္ဂါမြစ်ကို အဘယ်မှာရမည်နည်း'' ဟု ဆို၏။ ပရိဗိုဇ်သည် ပြန်လည်ချေပ ပြောဆိုနိုင်စွမ်းမရှိ၍ ထပြေး၏။

ထိုအခါဘုရားလောင်းသည် ပရိသတ်အား "ဂင်္ဂါရေစသော ရူပါရုံကို မနှစ်သက်လျှင် ရုပ်ဝတ္ထုဖြစ်သည့် စည်းစိမ်ဥစ္စာကို မနှစ်သက်သင့်။ အာရုံငါးပါး, ဥစ္စာ, စည်းစိမ်တို့ကို မနှစ်သက်၍ တဏှာကင်းသော (ဝိဂတိစ္ဆ) ဘုရားရဟန္တာတို့ကို ငါတို့ရှိခိုး၏'' စသည်ဖြင့် တရားဟောလေ၏။

လူမိုက်သည် ပညာရှိကို တုဖြိုင်လျှင် အရှက်ကွဲမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဘုရားက မေးသည့်ပြဿနာကို မဖြေနိုင်၍ ပြေးသော 'ပရိဗိုဇ်' တဦးကို အကြောင်းပြုပြီး'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ပရိဗိုဇ်=ပရိဗိုဇ်။ ဘုရား=ရသေ့။]

၂၄၅။ မူလဇရိယာယဇာတ်

ဆရာကိုအထင်သေးသည့် တပည့်များအကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဒိသာပါမောက္ခ ဆရာသည် လုလင်ငါးရာတို့အား ဗေဒင်သင်ပေး၏။ ထိုလုလင်တို့သည် အတတ်ကို အကုန်သင်ပြီးသော် 'ဆရာသည် ငါတို့တတ်သလောက်တတ်၏။ အထူးမရှိ' ဟု မာနထောင်၍ ဆရာ့ထံ မသွား၊ ဝတ်ကြီး ဝတ်ငယ်တို့ မပြုကြကုန်။ တနေ့သ၌ သူတို့သည် ဇီးပင်ရင်း၌ ထိုင်နေသည့် ဆရာ့ထံသွားပြီး ကဲ့ရဲ့လိုသဖြင့် ဇီးပင်ကို လက်သီးဖြင့်ထု၍ "ဤအပင်သည်အနှစ်မရှိ'' ဟု ဆို၏။

ဆရာသည် မိမိအား ကဲ့ရဲ့သည်ကိုသိ၍ တပည့်တို့အား "ကာလသည် သတ္တဝါအားလုံးကိုစား၏။အကြင်သတ္တဝါသည် ထိုကာလကိုစား၍သတ္တဝါတို့ကိုကျက်စေသည့် တဏှာတည်းဟူသော မီးကို ပညာတည်းဟူသော မီးဖြင့် လောင်မြိုက်စေ၏။ ထိုသတ္တဝါကား အဘယ်နည်း'' ဟု ပြဿနာတခုမေး၏။ ထိုလုလင်တို့သည် ခုနစ်ရက်လုံးစဉ်းစားသော်လည်း တယောက်မျှမဖြေနိုင်သဖြင့် လာ၍ "ဆရာမည်သည် အံ့ဘွယ်ရှိစွ'' ဟု ဆရာကိုကန်တော့၍မာနကိုပယ်ပြီး ဆရာကိုလုပ်ကျေးကြလေ၏။

လူမိုက်သည် ပညာလေးတတ်လျှင် ဆရာကိုပင် အထင်သေးတတ်၏။

[မြတ်စွာဘုရားသည် ဥက္ကဋ္ဌတိုင်းကိုမှီ၍ ဇေတဝတခုဋ္ဌနေစဉ် "ဘုရားလည်း ပိဋ္ဌကသုံးပုံကို တတ်၏။ ငါတို့လည်း ပိဋ္ဌကသုံးပုံကို တတ်ကြ၏။ အထူးမရှိဟု မာနဖောင်ပြီး ဘုရားအား မခစားကြသည့် ရှဟန်း ငါးရာတို့အား ဟောကြားအပ်သည့် 'မူလပရိယာယသုတ္တန်' ကို အဖကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ရဟန်းငါးရာ= လုလင် ငါးရာ။ ဘုရား= ဒီသာပါမောက္ခဆရာ။]

၂၄၆၊ ဗာလောဝါဒဇာတ်

ရသေ့နှင့်ဒါယကာယုတ်အကြောင်း

ဗာရာဏသီပြည် ဇဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဒေသ ဘုရားလောင်းရသေ့သည် တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွားပြီး နောက်တနေ့မြို့တွင်းသို့ ဆွမ်းခံဝင်၏။ သူကြွယ်တဦးသည် ရသေ့ကို ညှဉ်းဆဲလို၍ အိမ်သို့ပင့်ပြီး ငါး အမဲဖြင့် ဆွမ်းကျွေးပြီးသော် "ရှင်ရသေ့၊ သင့်ကို ရည်စူးပြီး သတ္တဝါတို့ကိုသတ်၍ ဤအမဲကို ပြု၏။ ဤအကုသိုလ်သည် သင့်အား ဖြစ်စေသတည်း" ဟု ဆို၏။

ဘုရားလောင်းက "သီလမရှိသောသူက သားမယားကိုပင်သတ်၍ လှူသည့် သားပြွမ်းဆွမ်းကို စားသော်လည်း ပညာရှိမှာ မကောင်းမှုဖြင့် မလိမ်းကျ" ဟု ထိုဒါယကာမိုက်အား တရားဟောပြီး ပြန်လေ၏။

အသားစားခြင်း မစားခြင်းသည် အကျင့်သီလနှင့် မဆိုင်ပေ။

[မြတ်စွာဘုရားသည်ဝေသာလီပြည်ကူဋာဂါရဇရပ်၌နေစဉ် "သီဟစစ်သူကြီး ကဖိတ်၍ ကျွေးသော 'သားပြွမ်းဆွမ်းကို ဘုရားသုံးဆောင်သဖြင့် 'ဂေါတမသည် သိလျက် ရည်စူးပြုအပ်သော အသားကိုစား၏'ဟု ကဲ့ရဲ့သော 'နိဂ္ဂဏ္ဌနာဋပုတ္တ'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– နိဂ္ဂဏ္ဌနာဋပုတ္တ=သူကြွယ်။ ဘုရား = ရသေ့။]

၂၄၇၊ ပါဒဥလိဇာတ်

နွားတ်ခမ်းကိုက် မင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဇဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ ထိုမင်းမှာ လျှပ်ပေါသော 'ပါဒဥလိ' အမည်ရှိ သားတဦး ရှိ၏။ ထိုမင်း ကွယ်လွန်သော် အမတ်တို့သည် "အဘယ်သူ့ကို မင်းမြောက်အံ့နည်း" ဟု ဆို၏။ ဘုရား

လောင်းက "ဤမင်းသားသည်လျှပ်ပေါ်၏။ စုံစမ်းပြီးမှ မင်းမြောက်ကုန်အံ့" ဟု ဆို၍ ထိုအမတ်တို့ သဘောတူကြ၏။ ထိုအမတ်တို့သည် မင်းသားကို အနီး၌ ထား၍ တရားကို မမှန်မကန်ဆုံးဖြတ်ပြီး "မင်းသား အသို့သဘောရသနည်း" ဟု မေးသော် မင်းသားသည် ဘာမှမပြောဘဲ နှုတ်ခမ်းကို ကိုက်၏။ ဘုရားလောင်းက "ဤမင်းသားသည် ကောင်းစွာ မဆုံးဖြတ်သည်ကို သိ၍ နှုတ်ခမ်းကို ကိုက်ပါ" ဟု ဆို၏။ တဖန် အမတ်တို့သည် နောက်တနေ့၌ တရားကို ကောင်းစွာ ဆုံးဖြတ်ပြီး ရှေးနည်းတူ မေးသော် ထိုမင်းသားသည် နှုတ်ခမ်းကိုသာ ကိုက်ပြန်၏။

ထိုအခါ ဘုရားလောင်းက "ဤမင်းသားသည် တရားသည်,မတရားသည်၊ အကျိုးရှိသည်,မရှိသည်ကိုမသိ။ နှုတ်ခမ်းကိုက်ခြင်းမှတပါး ဘာကိုမျှ မသိ" ဟု ဆို၏။ အမတ်တို့သည် ဘုရားလောင်းကို မင်းမြောက်ကြလေ၏။

လူမိုက်သည် သူတပါးဘဏ်းကြီးအောင် ပညာရှိကိုက်ဖမ်းဘတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် ပြဿနာကိုဖြေကြာ ၍ဘရားဟောကြားသော အဂ္ဂသာဝက နှစ်ပါးကို ရဟန်းပရိသတ်တို့က ချီးကျူးကြသဖြင့် ပရိသတ်အလယ်၌ရပ်လျက် 'ထိုအဂ္ဂသာဝက နှစ်ပါးသည် ငါနှင့်အမျှတတ်ကြသလော'ဟုဝါကြွား၍ နှုတ်ခမ်းကိုကိုက်သော 'လာဠုဒါယိ'မထေရ်ကို အကြောင်းပြု၍ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း - လာဠုဒါယိ = ပါဒဥလိမင်းသား။ ဘုရား = ဗာရာဏသီမင်း။]

၂၄၈၊ ကိုသုကောပမဇာတ်

မင်းသားလေးဦးနှင့် ပေါက်ပင်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်း၏ မင်းသား လေးဦးတို့သည် တနေ့သ၌ ရထားထိန်းကို "ငါတို့အား ပေါက်ပင်(ကိုသုက)ကို ပြလော့" ဟု ဆို၏။ ရထားထိန်းသည် ထိုမင်းသားလေးဦးကို တကြိမ်လျှင် တဦးစီ ရထားဖြင့် တင်သွား၍ မင်းသားကြီးအား 'မည်းနက်သည့်အခါ၌'၊ တဦးအား 'အရွက်ထူသည့်အခါ၌'၊ တဦးအား 'ပွင့်သည့်အခါ၌'၊ တဦးအား 'သီးသည့်အခါ၌' ပေါက်ပင်ကို ပြ၏။ နောက် ထိုမင်းသားလေးဦးတို့ ဆုံမိကြပြီး "ပေါက်ပင်သည် အဘယ်သို့ သဘောရှိသနည်း" ဟု အချင်းချင်း မေးကြ၍။ တဦးက "မီးလောင်ငုတ်နှင့် တူ၏"၊ တဦးက "ညောင်ပင်နှင့် တူ၏"၊ တဦးက သားတစ်နှင့် တူ၏"၊ တဦးက "ကုက္ကိုပင်နှင့်တူ၏" ဟု ဆို၏။

ထိုအခါ သူတို့သည် အချင်းချင်း၏စကားကို မနှစ်သက်ကြသဖြင့် အဖထံသွား၍ အကြောင်းစုံကို လျှောက်ထားပြီး "ပေါက်ပင်သည် ဘယ်သို့သဘောရှိသနည်း" ဟု မေးကြ၏။ မင်းက "သင်တို့သည် ပေါက်ပင်ကို မြင်ဘူးကြ၏။ သို့သော် ဤမည်သောအချိန်၌ ဘုယ်သို့ သဘောရှိသနည်းဟု ခဲခြေး၍ မမေးကြ။ ထို့ကြောင့် သင်တို့မှာ ယုံမှားခြင်း ဖြစ်၏" ဟု ဆိုလေ၏။

အရာရာတိုင်းမှာ အသွင်အမျိုးမျိုးရှိကြောင်း ပညာရှိသာ သိနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကမ္မဋ္ဌာန်း တမျိုးစီကိုမှီ၍ ရဟန္တာဖြစ်သော ရဟန်းလေးပါးတို့က ကမ္မဋ္ဌာန်းထူး၍ တူသောရဟန္တာအဖြစ်သို့ အဘယ့်ကြောင့် ရောက်သနည်းဟု မေးလျှောက်သဖြင့် ဘုရားရှင် ဟောကြားအပ်သော 'ကိုံသုကောပမသုတ္တန်' ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား။ ဗာဆာဏသိမင်း။]

၂၄၉၊ သာလကဇာတ်

မျောက်နှင့် အလွမ်းယဉ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် အလမွာယ်တဦးသည် မျောက်တကောင်အား သင်ထား၍ ဆေးကို ကိုင်စေပြီး မြေကို ကစားကာ စီးပွားရှာ၏။ သူသည် တနေ့သ၌ ဘုရားလောင်း စပါးကုန်သည်အိမ်၌ မျောက်ကို အပ်ထားခဲ့ပြီး ဗာရာဏသီပြည်၌ဖြစ်သော ပဲလမ်းသဘင်သို့ သွားကစား၏။ သူသည် ခုနစ်ရက်တိုင် ကစားပြီး ပြန်လာသော် မျောက်ကို ဝါးခြမ်းဖြင့် ရိုက်၍ ဥယျာဉ်သို့ ယူသွားပြီး မျောက်ကို ချည်၍ အိပ်၏။

မျောက်သည် ကြိုးကိုဖြေပြီး သရက်ပင်ပေါ်သို့ တက်၍ သရက်သီးမှည့်ကို စားပြီး အစေ့ကို အလမွာယ်ပေါ်သို့ ပစ်ချ၏။ အလမွာယ်သည် နှိုး၍ မျောက်ကိုမြင်သော် ချီသာစွာ ဖြားယောင်း၍ခေါ်၏။ မျောက်က "သင်သည် ငါ့ကို ဝါးခြမ်းဖြင့် ရိုက်သဖြင့်ငါသည်သရက်သီးမှည့်ရှိသော တော၌ မေ့လျော့အံ့။ သင်သာသွားလော့" ဟု ဆို၍တောသို့ ဝင်၏။ အလမွာယ်သည် နှလုံးမသာမယာဖြစ်၍ အိမ်သို့ ပြန်သွားလေ၏။

လူမိုက်သည် မဆင်မခြင် ပြုပြီးမှနောင်တရတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိက အကြိမ်ကြိမ်နှိပ်စက်၍လူထွက်သွားသော သာမဏေကို တဖန်ပြားယောင်း၍ ခေါ်မရသဖြင့်နှလုံးမသာမယာဖြစ်သော မထေရ်တပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-သာမဏေ=မျောက်။ မထေရ်= အလမွာယ်ဆရာ။ ဘုရား=ကုန်သည်။]

၂၅၀၊ ကပိဇာတ်


ရသေ့ဟန်ဆောင်သည့် မျောက်အကြောင်း

ဗာရာဏသီပြည် ပြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ပဏ္ဍာသည် မယားသေသော် သားငယ်ကိုခြီ၍ ဟိမဝန္တာသို့ဝင်ပြီး သားနှင့်တကွ ရသေ့ရဟန်းပြု၍ သစ်ရွက်မိုးကျောင်း၌ နေ၏။ တနေ့သ၌ မိုးကာလဝယ် မိုးရွာသော် သူသည် ထင်းတုံးများကို မီးညှိ၍ သားနှင့်အတူ မီးလုံနေ၏။ ထိုအခါ ချမ်း၍ တုန်လျက်သွားသော မျောက်(ကပိ) တကောင်သည် မီးလုံလိုသဖြင့် သေလေပြီးသော ရသေ့တပါး၏ သင်္ကန်းကို ဝတ်ရုံ၍ ရသေ့အသွင်ဖြင့် လာပြီး ထိုသစ်ရွက်မိုးကျောင်းတံခါး၌ ရပ်၏။

ရသေ့ငယ်က "ဖခင်၊ ရသေ့တဦးသည် ချမ်း၍ တုန်လျက် ရပ်၏။ သူ့ကို မီးလုံရန် ခေါ်ပါ"ဟု ဆို၏။ ဘုရားလောင်းသည် ကြည့်၍ မျောက်ဖြစ်သည်ကို သိသော် "ဤသတ္တဝါသည် ဖျက်ဆီးတတ်၍ ယုတ်မာသော မျောက်တည်း"ဟု ဆိုပြီး မီးစကိုကိုင်၍ ချောက်၏။ ထိုမျောက်သည် တောထဲသို့ ဝင်ပြေးလေ၏။

လူယုတ်သည် ဟန်ဆောင်၍ လူမိုက်တို့ကိုလှည့်စားတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် အံ့သြဖွယ်ကို ပြုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**အံ့သြဘွယ်ကို ပြုတတ်သောရဟန်း = မျောက်။ ရာဟုလာ = သား။ ဘုရား-အဖရသေ့။]



၂၅၁၊ သက်ပဏ္ဍိတ်

ရသေ့နှင့် မိဖုရားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရ ရသေ့သည် တနေ့သ၌ ချဉ်ဆားမှဲ့ရန် ဗာရာဏသီပြည်သို့ သွားပြီး ညဖျားဉ် ၌နေ၏။ သူ့အား မင်းက ညဖျားဉ်၌နေစေပြီး နှိုးတော်၌ နေ့စဉ် ဆွမ်းဖြင့် လုပ်ကျွေး၏။ဘုရားလောင်းသည်တဆဲ့နှစ်နှစ်လုံး ထိုညဖျားဉ်၌ နေ၏။ တနေ့ သ၌ မင်းသည် "ဆရာရသေ့အား မမေ့မလျော့ လုပ်ကျွေးလော့" ဟု မိဖုရားကြီးကို မှာခဲ့ပြီး ပစ္စန္တရစ်ကို ငြိမ်းရန် ထွက်သွား၏။ ဘုရားလောင်း လည်း အချိန်မှန်မှန်သွား၍ နှိုးတော်၌ ဆွမ်းစား၏။

တနေ့သ၌ မိဖုရားသည် ဘုရားလောင်း၏အလဲ့ကို မြော်လျက် ညောင် စောင်းပေါ်၌ အိပ်၏။ ထိုခဏ၌ ကောင်းကင်ဖြင့် လေသွန်တံခါးမှ ဝင်လာ သည့် ဘုရားလောင်း၏ သက်နှံးသံကို ကြား၍ အမြန်ထသော် မိဖုရား၏ ထမီသည် လျှောကျ၏။ ဘုရားလောင်းသည် မိဖုရား၏ မျိုးမတူ အာရုံကိုမြင် လျှင် ကာမဝိတက်(သက်ပ်ပ)နှင့် တကွသော ကိလေသာ ထကြွ၍ဆွမ်းကိုယူပြီး ညဖျားဉ်သို့ သွား၍ ဆွမ်းမစား့ဘဲ ခုနစ်ရက်တိုင် အိပ်လေ၏။ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းပြီး၍ ရှေးဦးစွာ ဘုရားလောင်းထံ သွား၍ မေး၏။ ဘုရား လောင်းသည် မင်းအား အကြောင်းစုံကို ပြောကြား၏။ နောက်တဖန် သတိရ၍ ပျောက်ကွယ်ပြီးသော ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ နေလျက် မင်းအား တရားဟောပြီး ကောင်းကင်ဖြင့်ပင် ဟိမဝန္တာသို့ သွားလေ၏။

ပညာရှိသည် ကာမစိတ်ဖြစ်လာလျှင် ဆုံးမ၍ ထိန်းနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိန်းမတဦးကိုမြင်၍ရဟန်း ဘဝ၌ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။
ဇာတ်ပေါင်း—အာနန္ဒာ=မင်း။ ဘုရား = ရသေ့။

၂၅၂။ တလမုဋ္ဌိဇာတ်

ဆရာကို ရန်ငြိုးဖွဲ့သည့် မင်းသားအကြောင်း

ဗာရာဏသီပြည့် ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည် ဘုရားလောင်း ဒိသာပါမောက္ခဆရာသည် သူ့ထံ၌ ပညာသင်သော ဗြဟ္မဒတ်မင်းသားအား တနေ့သ၌ မိန်းမအိုတဦး၏ နှမ်းဖြူလက်တဆုပ် (တိလမုဋ္ဌိ) ကို သုံးကြိမ်တိုင် ယူစားသဖြင့် ဝါးခြမ်းဖြင့် သုံးချက်ရိုက်၍ ဆုံးမ၏။ မင်းသားသည် အမျက်ထွက်၍ ဆရာကို စေ့စေ့ကြည့်ပြီး "ဤဆရာကိုငါသတ်အံ့" ဟု ရန်ငြိုးဖွဲ့၏။ မင်းသားသည်ပညာသင်ပြီး၍ ပြန်သည့်အခါ၌ ချစ်သက်သို့ပြု၍ "ဆရာ၊ကျွန်ုပ် မင်းဖြစ်သော် ဆရာ့ထံ လူလွတ်လိုက်အံ့။ လာခဲ့ပါလော့" ဟုဆို၍ သွား၏။ မင်းသားသည် ဗာရာဏသီပြည်သို့ပြန်၍ မင်းဖြစ်သော် ဆရာ့ထံလက်ဆောင် များနှင့်တကွ တမန်ကို စေလွှတ်၏။ ဆရာကား ချက်ခြင်းမသွားဘဲ ထိုမင်း ကျေးဇူးကို သိမှတ်နိုင်သည့် မဇ္ဈိမအရွယ်သို့ရောက်မှ သွား၏။မင်းသည် ဆရာ ကိုမြင်လျှင် အမျက်ထွက်၍ "သင်ရိုက်ခဲ့သည်ကို ငါမမေ့။ သင် ယနေ့သေ လတံ့" ဟု ခြိမ်းချောက်၏။

ဆရာက "မြတ်သောသူက မမြတ်သောအကျင့်ပြုသူကို ဒဏ်ဖြင့်တားမြစ် ခြင်းသည် အဆုံးအမမည်၏။ရန်ငြိုးမဖွဲ့သင့်။ ငါသည် သင့်ကိုမဆုံးမခဲ့ငြားအံ့ သင်သည် လုယက်တိုက်ခိုက်သည့် သင့်ရန်သူကို အပြစ်ဒဏ် မပေးရာ။ မပေး လျှင် ဤမင်းစည်းစိမ်ကို မရရာ။ ငါဆရာကို မှီ၍ ဤမင်းစည်းစိမ်ကို သင်ရ ခြင်းဖြစ်၏" ဟု ဆုံးမ၏။ ထိုအခါ အမတ်တို့က "အရှင်မင်းကြီး၏ ဤစည်း စိမ်သည် ဆရာ့ဥစ္စာသာတည်း" ဟု ဆိုကြ၏။ ထိုဇာတ်၌ မင်းသည် ဆရာ့ ကျေးဇူးကိုမှတ်နိုင်၍ "ဆရာ၊ သင့်အား ဤစည်းစိမ်အာဏာလုံးကိုပေးပါ၏" ဟု ဆိုပြီး ပုရောဟိတ်ခန့်၍ အဖအရာ၌ထားလေ၏။

အမျက်ဒေါသသည် အမှဉ်းအမှန်ကို မသိနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အမျက်ထွက်တတ်သည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အမျက်ထွက်တတ်သည့်ရဟန်း=မင်း။ဘုရား=ဆရာ။]

၂၅၃၊ မဏိကဏ္ဌဇာတ်

မဏိကဏ်နဂါးနှင့် ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် မိဘတို့ ကဲ့ယ်လွန်သော် ညီနှင့်တကွ ရသေ့ရဟန်းပြု၍ ဂင်္ဂါမြစ်ဘေးဌ တခြားစီ နေ၏။ တနေ့သဒ္ဓ် 'မဏိကဏ္ဌ' နဂါးမင်းသည် ဂင်္ဂါမြစ်ကမ်းနားဌ လုလင်အသွင်ဖြင့် သွားသော် ညီရသေ့နှင့်တွေ့၍ အလွန်အကျွမ်းဝင်၏။နဂါးသည် နေ့စဉ်လာ၍ လုလင်အသွင်ကို စွန့်ပြီးအခေတ်တို့ဖြင့် ရသေ့ကို ပတ်လျက်ဦးခေါင်းထက်ဌ ပါးပျဉ်ကိုဆောင်းပေး၍ အတန်ငယ်နေပြီးမှ မိမိနေရာသို့ ပြန်လေ့ ရှိ၏။ ရသေ့သည် နဂါးကိုကြောက်၍ အလွန်ကြုံလှဲပြီး ဖျော့တော့သည့် အဆင်းရှိသည် ဖြစ်၏။

တနေ့သဒ္ဓ် သူသည် နောင်တော်ထံ သွား၍ ထိုအကြောင်းကို ပြောကြား၏။ နောင်တော်က "ထိုနဂါးမင်းအား သူဆင်ထားသည့် ပတ္တမြားတန်ဆာကို သုံးရက်ဆက်တောင်းလျှင် သုံးရက်မြောက်ဌ ထိုနဂါးသည် သင့်ထံမလာတော့လတံ့" ဟု ဆို၏။ ညီရသေ့သည် နောင်တော်ဆိုတိုင်းပြုသော် နဂါးသည် နောက်မလာတော့ပေ။

တောင်းတတ်သူကို လူတိုင်းမုန်းသည်သာဇာည်း။

[မြတ်စွာဘုရားသည် အာဠဝီပြည်အဂ္ဂါဠဝစေတီဌနေစဉ် "ရဟန်းတို့သည်ကုဋေဆောက်ရန် ဝတ္ထုပစ္စည်းတို့ကို တောင်းကြ၍ ရဟန်းမြင်လျှင် ဒါယကာတို့ထွက်ပြေးကြသဖြင့် ရဟန်းတို့အား ပညတ်သော 'ကုဋိကာရ သိက္ခာပုဒ်' ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း --အာနန္ဒာ= ညီရသေ့။ဘုရား=နောင်တော်ရသေ့။]

၂၅၄၊ ကုဏ္ဍက သိန္ဓဝဇာတ်

မင်းနှင့် သိန္ဓောမြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒက်မင်း လက်ထက် ဥတ္တရာပထတိုင်းနေ ဘုရားလောင်းမြင်းကုန်သည်သည် တနေ့သဒ္ဓ် မြင်းငါးရာကို ယူ၍ ဗာရာဏသီပြည်သို့ သွားသော်ခရီးအကြားဝယ် နိဂုံးတခုဌ ဆင်းရဲသူ မိန်းမအို၏အိမ်တွင်တည်းခို၏။ သူသည် ထိုအိမ်ဌ ဆန်ကဲ့ထမင်း(ကုဏ္ဍက)ဖြင့် ကျွေး၍ ကောင်းစွာ မွေးမြူထားသည့် သိန္ဓောမြင်းငယ်(သိန္ဓဝ) ကို မြင်၍ အဘိုးမျှားစွာ ပေးပြီး

ဝယ်ယူ၏။ သူသည် သိန္နော်မြင်းငယ်ကို ဗာရာဏသီပြည်သို့ ယူသွား၍ မင်းယင်ပြင်ဝယ် (တခုသောအရပ်၌ မြင်းတို့ကိုထားပြီး) သိန္နောမြင်းငယ်ကိုမူ တင်းတိမ်အတွင်း၌ ထား၏။

မင်းသည်လာ၍ မြင်းငယ်အကြောင်းကို မေးသော် ဘုရားလောင်းက "ဤသိန္နောမြင်းငယ်သည် အလွန်လျင်မြန်၍ အစွမ်းရှိ၏" ဟု ဆို၏။မင်းသည် တက်စီး၍ မောင်းနှင်သော်မြင်းသည် အလွန်လျင်မြန်သဖြင့် ရေခဲသွားသော် ရသည် မြင်း၏ခြေတို့ကို မစုတ်စိုပေ။ မင်းသည် အလွန်နှစ်သက်၍ မိမိ၏ ပြည်တဝက်ကို ဘုရားလောင်းအားပေးပြီး သိန္နောမြင်းငယ်ကို မင်္ဂလာမြင်းအဖြစ် ပြုလေ၏။

စေတနာဖြင့်ကျေးမွေးဖြုစျင်တနေ့တွင် ချမ်းသာမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဆင်းရဲသူ မိန်းမအိုတဦးလူ သော ဆွမ်းကိုစားခြင်းဖြင့် သူမအား ဆင်းရဲခြင်းမှ လွတ်စေသော ရှင်သာရိပုတ္တရာကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— သူအိုမ=သူဒုဂ္ဂိုမ။ သာရိပုတ္တရာ= သိန္နောမြင်း။ အာနန္ဒာ= မင်း။ ဘုရား= မြင်းကုန်သည်။]

၂၅၅၊ သုကဇာတ်

အစားလွန်သည့် ကျေးဇူးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ကျေးမင်း (သုက) သည် အသက်ကြီး၍ မျက်စိ အားနည်းသော် သူ့ကို သားဖြစ်သူ ကျေးငယ်က လုပ်ကျေး၏။ တနေ့သ၌ ထိုကျေးငယ်သည် သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်တခုသို့ သွား၍ သရက်သီးကို ယူဆောင်ပြီး ဖခင်အား ပေး၏။ ဖခင်သည် ထိုသရက်သီးမျိုး၏ အရသာကို မှတ်မိ၍ သားအား "ထိုကျွန်းသို့ သွားသည့် ကျေးများသည် အသက်မရှည်ကုန်။ နောက်မသွားနှင့်" ဟု ဆို၏။ ထိုကျေးငယ်သည် အဖစကားကို မနာယူဘဲ သွားသည်သာတည်း။

တနေ့သ၌ သူသည် ထိုကျွန်းသို့ သွား၍ သရက်သီးရည် များစွာကို စားသောက်ပြီး မိဘအတွက် သရက်သီးမှည့်ကိုယူ၍ သမုဒ္ဒရာပေါ်မှပျံလာ၏။ သူသည် သရက်သီးလေး၍ ကိုယ်ပင်ပန်းသဖြင့်၎င်း၊ အိပ်ချင်၍ ငိုက်မျဉ်

သဖြင့်ငင်း ရေထဲ၌ကျ၍ သေ၏။ မိဘတို့လည်း အဖျားမရကြတော့သဖြင့် ခြောက်၍ သေကြလေ၏။

အစားကြူးသူသည် အစားကြောင့်ပင် ပျက်စီးရတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "များစွာစား၍ အစာမကြေသဖြင့် သေသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– အစားလွန်သော ရဟန်း=ကျေးမင်း၏သား။ ဘုရား=ကျေးမင်း။]

၂၅၆၊ ဓရဏဒပါနဇာတ်

ကုန်သည်များနှင့် နဂါးမင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ကုန်သည်သည် တနေ့သ၌ ကုန်သည်များစွာနှင့် အတူ ကုန်သွယ်ရန်သွား၏။ ကန္တာရခရီးသို့ ရောက်၍ ရေငတ်သဖြင့် ရေတွင်းဟောင်း(ဓရဏဒပါန) တခုကိုမြင်၍ တူးကြသော် ကျောက်မြက်ရတနာ များစွာကို ရကြ၏။

လူတို့သည် လောဘကို မချုပ်တည်းနိုင်၍ ဘုရားလောင်းက တားမြစ်သည်ကို မနာယူဘဲ အောက်သို့ ဆက်တူးကြသော် အောက်၌ရှိသည့် နဂါးမင်း၏ ဗိမာန်ကို တူးမိ၏။ နဂါးမင်းသည် အမျက်ထွက်၍ ဘုရားလောင်းမှတပါး ကျန်လူမျာ:ကို သူ့နှာခေါင်းလေဖြင့် မှုတ်သဲတ်၏။ သူသည် လှည်းတို့ကို ရတနာများဖြင့် ပြည့်စေ၍ ဘုရားလောင်းကို ယာဉ်ငယ်တခု၌စီးစေပြီး နဂါးလူလင်တို့အား မောင်းနှင်စေ၍ ဘုရားလောင်း၏ အိမ်သို့ ပို့ဆောင်စေလေ၏။

လောဘကြီးသူသည် လောဘကြောင့်ပင် ပျက်စီးရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူကန္တာရ၌ ရေတွင်းဟောင်းတခုကိုတူး၍ရသည့် ,ရတနာဥစ္စာတို့ဖြင့် ရောင့်ရဲပြီး သာဝတ္ထိပြည်သို့ ပြန်ရောက်လာသည့် ကုန်သည်များကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–သာရိပုတ္တရာ=နဂါးမင်း။ ဘုရား=ကုန်သည်။]

၂၅၇၊ ဂါမဏိစန္ဒဇာတ်

ပညာရှိမင်းနှင့် အမတ်ကြီးအကြောင်း

ဗာရာဏသီပြည် 'ဇနသန္ဓ' မင်း၏ သား ခုနစ်နှစ်အရွယ်ရှိ ဘုရားလောင်း 'အာဒါသမုခ' မင်းသားငယ်သည် အဖမင်း ကွယ်လွန်၍ မင်းပြုလေး၏။

သူသည် ပညာဥာဏ်ကြီးကြောင်း ဇမ္ဗူဒီပ်၌ ထင်ရှား၏။ 'ဇနသန္ဓ' မင်း၏ အမတ်ကြီး 'ဂါမဏီစန္ဒ' သည် "ဤမင်းငယ်ထံ၌ ငါ့မစား" ဟု မြို့တော်မှ ယူဇနာ သုံးဆယ်ဝေးသည့် ရွာငယ်တခုသို့သွားပြီးလယ်ယာလုပ်၍နေထိုင်၏။

တနေ့သ၌ သူ့ကို 'နွားရှင်၊ ကိုယ်ဝန်ဆောင် မိန်းမ၊ မြင်းရှင်၊ ဒေါင်း ရှေသမား၏သား' လေးဦးတို့က တရားစဲပြီး အမှုများကို ဆုံးဖြတ်စေရန် မင်းထံသို့ ခေါ်သွားကြ၏။ မင်းထံသို့သွားစဉ် လမ်းခရီး တလျှောက်၌ "ရွာစား၊ ပြည့်တန်ဆာမ၊ မိန်းမပျို၊ မြေ၊ သမင်၊ ခါ၊ ရုက္ခစိုးနတ်၊ နဂါး၊ ရသေ့၊ ပုဏ္ဏားလုလင်" ပေါင်းဆယ်ဦးတို့ အသီးသီးက ပြဿနာတခုစီ ပြောကြား၍ဂါမဏီအား "ဤပြဿနာကို မင်းအားလျှောက်ပါ" ဟု မှာလိုက်၏။ ဂါမဏီအပေါ်စဲချက်တင်သော 'အမှုလေးခု'ကို မှန်ကန်စွာ စိစစ်ဆုံးဖြတ်ပြီးနောက် ထိုပုဂ္ဂိုလ် ဆယ်ဦးမေးသည့် 'ပြဿနာ ဆယ်ရပ်' တို့ကို မှန်ကန်စွာ ဖြေကြား၏။ ထို့နောက်မင်းသည် ဂါမဏီအား ဥစ္စာများစွာနှင့် သူနေသည့် ရွာကိုပေး၍ လွှတ်လိုက်သည်။ ဂါမဏီသည်ပြန်၍ ပြဿနာမေးသူ ဆယ်ဦးအား မင်း၏ အဖြေများကို ပြောကြားပြီး အခြံအရံများစွာဖြင့် ရွာသို့ပြန်၍ နေလေ၏။

ပညာရှိသည် ပြဿနာဟူသမျှကို ဖြေရှင်းနိုင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ရဟန်းတို့က ဘုရား၏ 'ပညာကိုချီးမွမ်းခြင်း' ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း-အာနန္ဒာ=ဂါမဏီစန္ဒ။** ဘုရား=အာဒါသမုခမင်း။]

၂၅၈၊ မန္ဓာတုဇာတ်

တကွာကြီးသည့် စကြာမင်းအကြောင်း

လူ့သက်တမ်း 'အသင်္ချေ' ရှိသော ကမ္ဘာဦးခေတ်တွင် ဘုရားလောင်းသည် ရတနာ ခုနစ်ပါး၊ တန်ခိုးလေးပါးနှင့် ပြည့်စုံသော 'မန္ဓာတု' အမည်ရှိ စကြဝတေးမင်း ဖြစ်၏။ သူသည် ကလေးဘဝ၊ အိမ့်ရှေ့မင်း ဘဝ၊ စကြဝတေးမင်း အဖြစ်တို့၌ အနှစ် ရှစ်သောင်း လေးထောင်စီ နေခဲ့၏။ သူသည် ကာမတဏှာကို ပြည့်စေခြင်းငှာ မတတ်နိုင်သဖြင့် တနေ့သ၌ စက်ရတနာဖြင့် စတုမဟာရာဇ်နတ်ပြည်သို့သွားပြီး ပြည်တဝက်ကို ရ၍ နှစ်ပေါင်းများစွာ ကာမဂုဏ်များကို ခံစား၏။ ထို့နောက်သူသည် ကာမ တဏှာကို

မပြည့်စေနိုင်သဖြင့် တာဝတိံသာသို့သွားပြီး ပြည်တဝက်ကိုရ၍ ကာမဂုဏ်များကို ခံစားလျက် သိကြားမင်း သုံးဆယ့်ခြောက်ဆက်တိုင်အောင် နေ၏။

ထို့နောက် သူသည် "တာဝတိံသာ တခုလုံးကို ယူအံ့" ဟု ကြံ၍ သိကြားမင်းကို သတ်ရန် အားထုတ်သော် မစွမ်းနိုင်သည် ဖြစ်၏။ 'သူ့အသက်သည် ကုန်ခါနီးပြီ။ လူသားသည် နတ်ပြည်၌ မသေစကောင်း'။ ထို့ကြောင့် မန္ဓာတုမင်းသည် နတ်ပြည်မှ လျောကျ၍ မင်း၏ ဥယျာဉ်သို့ ဆင်းသက်ပြီး ခင်းထားသည့် နေရာ၌ မထသော အိပ်ခြင်းဖြင့် အိပ်လျက် "ငါသည် ကာမတဏှာကို မပြည့်စေနိုင်ဘဲသေ၏" ဟု လူတို့အား ပြောကြားရန် မှာကြားခဲ့ပြီး စုတေလေ၏။

ကာမတဏှာသည် အတိုင်းအဆ မရှိသော ဒုက္ခကို ပေးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ကာမ တဏှာကြောင့် သာသနာ၌ပြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—ဘုရား==မန္ဓာတုစကြာမင်း။]

၂၅၉၊ တိရိတဝစ္ဆဇာတ်

မင်းနှင့် ကျေးငှက်ရှင် ရဿေ့အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'တိရိတဝစ္ဆ' ရဿေ့သည် တောဘွဲ့နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် ပစ္စန္တရစ်သို့ သွားပြီး ခိုးသူတို့နှင့်စစ်ထိုး၍ ရှုံးသဖြင့် ဆင်စီးပြေးသော် သစ်သီးရှာ ထွက်နေသည့် ဘုရားလောင်း၏ကျောင်းသို့ ရောက်သွား၏။ မင်းသည် ရေအလွန်ငတ်သဖြင့် ဆင်ဝမ်း၌ ပတ်ထားသည့်ကြိုးကို ဆင့်ခြေ၌ ချည်၍ ရေတွင်းထဲသို့ ဆင်း၏။ ကြိုးသည် အနည်းငယ် တိုနေသဖြင့် သူသည် ရေတွင်းသို့ဆင်း၍ ရေကို သောက်သော် ပြန်မတက်နိုင်ပေ။ ဆင်လည်း မင်းကို ကြည့်လျက်သာ ရပ်နေ၏။

ဘုရားလောင်းသည် ညနေချိန်၌ သစ်သီးများကို ယူပြီး ပြန်လာသော် ရေတွင်းထဲ၌ မင်းကိုမြင်၍ လေ့ကားဖြင့် တက်စေပြီး ကောင်းစွာ ကျေးမွေးပြုစု၏။ မင်းသည် နှစ်ရက်သုံးရက်နေပြီး ရဿေ့အား မိမိထံ ကြွလာရန် ဖိတ်ကြားပြီး မြို့သို့ သွား၏။ ဘုရားလောင်းသည် လခဲ့ကြာသော် ဗာရာဏသီပြည်သို့သွား၍ ဥယျာဉ်၌နေ၏။ မင်းသည် သူ့အား နေ့စဉ် ရာဇပလ္လင်ပေါ်၌ ဆွမ်းဖြင့် လုပ်ကျွေးပြီး ဥယျာဉ်၌ နေစေလျက် ဝတ္ထုပစ္စည်းများစွာ လှူဒါန်း

၏။ ဤသို့ ဘုရားလောင်းအား အာလွန်အမင်း ပြုစုလုပ်ကျွေး ပူဇော်ခြင်းကို အိမ်ရှေ့မင်းသားနှင့် အမတ်တို့က မနှစ်သက်၍ မေးကြသော် မင်းက "မိမိ အာဏက်ကို ထိုရသော့ ကယ်ဆယ်ခဲ့ပုံ အကြောင်းစုံ"ကို ပြောပြပြီး ဘုရားလောင်း၏ ကျေးဇူးတို့ကို ပြောပြလေ၏။

ပညာရှိသည် ကျေးဇူးရှင်ကို အတိုင်းမသိ ကျေးဇူး ဆပ်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အဝတ်ပုဆိုး တထောင်ရသည့် အာနန္ဒာ မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း–အာနန္ဒာ=မင်း။ ဘုရား=ရသော့။]

၂၆၀၊ ဒူတဇာတ်

မင်းနှင့် ဝမ်း၏ တမန်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း 'ဘောဇန သုဒ္ဓိက'မင်းသည် ထမင်းကို ခမ်းနားစွာဖြင့် စားလေ့ရှိ၏။ နန်းတော်တံခါး၌ မဏ္ဍပ်ကို ဆောက်စေ၍တန်ဆာဆင်စေပြီး .ယီးဖြူမိုးထားသည့် ရာဇပလ္လင်ပေါ်တွင် မင်းသမီးအပေါင်း ခြံရုံလျက် ရှေ့ဆက်၌ အလွန်ကောင်းမွန်သည့် ဘောဇဉ်ကိုစား၏။

လော်လည်သည့် ယောကျ်ားတဦးသည် ထိုမင်း၏ ထမင်းကို စားလိုသဖြင့် လက်များကိုမြှောက်ကာ "အို အချင်းတို့၊ ငါသည် တမန် (ဒူတ) တည်း"ဟူ အော်လျက် မင်းထံသွားပြီး မင်း၏ ထမင်းခွက်မှ ထမင်းဆုပ်တခုကို ယူစား၏။သန်လျက်စဲသည် သူ့ကို ခုတ်မည်ပြုသော်မင်းကတားမြစ်၍ "မကြောက်နှင့်၊ စားလော့"ဟုဆိုပြီး လက်ဆေး၍ ထိုင်နေ၏။ ထိုသူ စားပြီးသော် မင်းက "သင်သည် 'တမန်'ဟု ဆို၏။ အဘယ်သူ၏ 'တမန်'နည်း"ဟု မေး၏။ ထိုသူက "ကျွန်သည် 'တဏှာ၏တမန်'တည်း၊ 'ဝမ်း၏တမန်'တည်း။ တဏှာက ကျွန်ကို 'သင်သွားလော့'ဟု စေခိုင်း၏"ဟု ဆို၏။ မင်းသည် "ဟုတ်မှန်သည့် စကားကို ဆိုပေ၏"ဟုနှစ်သက်၍ ထိုသူအား စည်းစိမ်များစွာကို ပေးလေ၏။

တဏှာလောဘသည် လူမိုက်ကို ကျွန်ပြု၍ နှိပ်စက်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "လော်လည်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–လော်လည်သောရဟန်း=လော်လည်သောယောကျ်ား။ ဘုရား=မင်း။]

၂၆၁။ ပဒုမဇာတ်

သူဌေးသား သုံးဦးနှင့် နှာခေါင်းပြတ်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူဌေးသည် အခြားသူဌေးသား နှစ်ဦးနှင့်အဘူ တနေ့သ၌ မြို့တွင်းရှိ ပဒုမာကြာ ရေကန်ကို စောင့်သည့် နှာခေါင်းပြတ်သော ယောကျ်ားတဦးထံသို့ ပဒုမာကြာ (ပဒုမ)တို့ကို တောင်းရန်သွား၏။ အခြား သူဌေးသားနှစ်ဦး အသီးသီးက "သင့်နှာခေါင်းသည် တဖန် ပေါက်စေသတည်း။ ငါတောင်းသည့် ကြာကို ပေးပါ"ဟုဆို၏။ ထိုရေကန်စောင့်က သူတို့နှစ်ဦးအား မဟုတ်မမှန် ပြောဆိုသည့်အတွက် ကြာကို မပေး။ ထို့နောက် ဘုရားလောင်းက "ပြတ်သည့် နှာခေါင်းသည် ပြန်ပေါက်သည်မရှိ။ ငါတောင်းသည့်ကြာကိုပေးပါ" ဟုဆို၏။ သူ့အား ရေကန်စောင့်က "သင်သည် မှန်သောစကားကို ပြော၏" ဟုဆို၍ ပဒုမာ ကြာစည်းကို ပေးလေ၏။

စကားလိမ္မာလျှင် လိုချင်ရာကို ရနိုင်သည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "စကားအရာ၌ လိမ္မာသည့် အာနန္ဒာမထေရ်က ကြာပန်းရောင်းသောစျေးမှ ကြာပန်းတို့ကိုရ၍ အာနန္ဒာဗောဓိ၌ကြာပန်းပူဇော်လိုသည့်ရဟန်းများအား ပေးခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဘုရား=ကြာပန်းရသည့် သူဌေးသား။]

၂၆၂။ မုဒုပါဏိဇာတ်

မင်းကြီးနှင့် မင်းသမီးအလည်အကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဖြဟ္မဒတ်မင်းမှာ နှုးညံ့သည့် လက်ရှိသော (မုဒုပါဏိ) သမီးတဦးရှိ၏။ သူ့သမီးနှင့် တူတို့သည် အချင်းချင်း ချစ်ကြိုက်နေ၏။ တနေ့သ၌ ဘုရားလောင်းသည် ထိုအကြောင်းကို မသိ၍ ဆွမျိုးတိုးပွားရန်အတွက် "ငါ့တူကို တခြား မင်းသမီးအား ပေး၍ ငါ့သမီးကို တခြားမင်းသားအား ပေးအုံ"ဟု ကြံ၍ တူအား အိမ်တခု၌ နေစေပြီး နန်းတွင်းသို့ ဝင်ခွင့်မပေး။

ထိုသူနှစ်ဦးသည် မင်းသမီး၏ အထိန်းတော်မှတဆင့် အချိန်းအချက်ပြုပြီး မိုးရွာသည့် လကွယ်နေ့ညတည သန်ကောင်အချိန်၌ မင်းသားသည် နှုးညံ့သည့် လက်ရှိသော ကျွန်မငယ်တဦးနှင့်အတူ ဆင်စီးသွားပြီး ဆင်ကို နန်း

တော်နံရံကို မှီစေ၍ လေသွန်တံခါးအနီး၌ တည်စေ၏။ ထိုခဏ၌ မင်းအနီးတွင် အိပ်သော မင်းသမီးသည် "ဖခင်၊ ရေချိုးချင်၏" ဟု ဆို၏။ မင်းသည် မင်းသမီးကိုလေသွန်တံခါးသို့ဆောင်ပြီး ချီ၍လေသွန်တံခါး၏ အပရှိ ပဒုမာအခံ၌ ရပ်စေ၍ လက်တဖက်ကိုကိုင်ရပ်လျက် သမီးကို ရေချိုးစေ၏။ မင်းသမီးသည် ရေချိုးစဉ် မင်းသားသို့ လက်ကို ဆန့်၏။ မင်းသားသည် မင်းသမီးလက်မှ တန်ဆာကိုချတ်ပြီး ကျွန်မငယ်၏ လက်၌ ဆင်၍ သူမကို ချီမပြီး မင်းသမီးကို မှီစေ၍ ပဒုမာအခံ၌ထား၏။ မင်းသည် ထိုကျွန်မငယ်၏ လက်ကိုကိုင်၍ သမီးလက်ကိုလွှတ်၏။ မင်းသမီးသည် မိမိ၏ လက်တဖက်မှ တန်ဆာတို့ကို ချတ်၍ ထို ကျွန်မငယ်၏ အခြားလက်၌ ဆင်၍ ထားခဲ့ပြီး မင်းသားနှင့်အတူ သွား၏။

မင်းသည် သမီးအမှတ်ဖြင့် ရေချိုးပြီးသော ထိုသူငယ်မကို တိုက်ခန်းသို့ ဆောင်၍ အိပ်စေ၏။ နံနက်လင်းမှ မင်းသည် ထိုသူငယ်မကိုမြင်၍ မေးမြန်းပြီး အကြောင်းစုံကို ကြားသိသော် "ကိုယ်တိုင် ကိုင်ထားသော်လည်း မိန်းမမည်သည် မစောင့်ရှောက်နိုင်"ဟု ဆိုပြီး သမီးကို တူနှင့် ပေးစား၍ တူအား အိမ်ရှေ့အရာကို ပေးလေ၏။

မိန်းမဟူသည် ကိုင်ထာ ၍ စောင့်ရှောက်သော်လည်း မရနိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း—** ဘုရား=မင်း]

၂၆၂။ စူဠပလောဘနဇာတ်

မိန်းမနှံ့ မှခံနိုင်သည့် မင်းသားအကြောင်း

ဘုရားလောင်းသည် ဗြဟ္မဒတ်ပြည်မှ စုတေ၍ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ 'အနိတ္ထိဂန္ဓ'(မိန်းမနှံ့ မခံနိုင်သူ)မည်၏။ သူသည်ပြေးသွားသည့် အရွယ်၌ မိန်းမများကိုမြင်ရန် မတတ်နိုင်သဖြင့် သူ့ကို မင်းကြီးက စံအိမ်သီးခြား၌ နေစေ၏။ ဘုရားလောင်း အရွယ်ရောက်သော် မင်းက "ငါ့သားသည် မိန်းမကို မသုံးဆောင်။ မင်းအဖြစ်ကို အလိုရှိမည်မဟုတ်" ဟု ကြံ၏။

ထိုအခါ ကခြေသည် မိန်းမဗျို တဦးက မင်းအား "ထိုမင်းသားကို ဖြားယောင်း၍ (ပလောဘန)ကာမအရသာကို သိစေအံ့"ဟု လျှောက်၏

မင်းက "သင်စုမ်းနိုင်လျှင် ငါ့သား မင်းဖြစ်သော် သင်သည် မိဖုရားကြီး ဖြစ်ရအံ့" ဟု ဆို၏။ ထိုကခြေသည်မသည် ယောကျ်ားအသွင်ဖြင့် မင်းသား အနီး၌ နေ့စဉ် စောင်းတီး၍ ဖြားယောင်းပြီး တဏှာကိုဖြစ်စေ၏။ မင်းသား သည် ကခြေသည်မနှင့် ပေါင်းဖော်၍ ကာမအရသာကို သိသော် "မိန်းမ ဟူသမျှကို တခြားယောကျ်ားတို့အား မပေးအံ့" ဟု သန်လျက်ကို ကိုင်ထွက် ပြီး ယောကျ်ားတို့ကိုမြင်လျှင် လိုက်၏။

မင်းသည် မင်းသားကို ဖမ်းစေ၍ ကခြေသည်မနှင့်အတူ မြို့မှ နှင်ထုတ်၏။ သူတို့နှစ်ဦးသည် ဂင်္ဂါနှင့် သမုဒ္ဒရာအကြား၌ ကျောင်းဆောက်၍ နေ၏။ တနေ့သ၌ ဘုရားလောင်း သစ်သီးရှာထွက်စဉ် သမုဒ္ဒရာကျန်းငယ်၌နေသော ရသေ့တပါးသည် ဆွမ်းခံချိန်၌ ထိုကျောင်းသို့ ကောင်းကင်ဖြင့် ရောက်လာ၏။ ထိုကခြေသည်မသည် ရသေ့အား ဖြားယောင်း၍ သီလကို ဖျက်ဆီး၏။ ထိုရသေ့သည် ထိုမိန်းမကို မစွန့်နိုင်၍ တနေ့လုံးနေပြီး ဘုရားလောင်း လာသည်ကိုမြင်သော် သမုဒ္ဒရာဆီသို့ ပြေး၏။ ဘုရားလောင်းက သန်လျက်ကိုင်၍ နောက်မှလိုက်သော် ရသေ့သည် ကောင်းကင်သို့ ပျံမည်ပြု၍ သမုဒ္ဒရာ၌ ကျ၏။

ဘုရားလောင်းသည် "ရသေ့ကား ကောင်းကင်ဖြင့် လာသည် ဖြစ်မည်။ စျာန်မှယုတ်၍ သမုဒ္ဒရာ၌ ကျသည်ဖြစ်မည်" ဟု ကြံ၍ ရသေ့အား မိန်းမ တို့၏ အပြစ်များကို ပြောကြား၏။ ရသေ့သည် သမုဒ္ဒရာ၌ပင် ပျောက်ကွယ် ပြီး စျာန်ကို တဖန်ဖြစ်စေ၍ ကောင်းကင်ဖြင့် မိမိနေရာသို့ သွား၏။ ဘုရား လောင်းလည်း ထိုမိန်းမကို လူ့ပြည်သို့ ပို့ပြီး တောသို့ဝင်၍ ရသေ့ရဟန်း ပြုလေ၏။

မိန်းမမည်သည် ကာမဖြင့် ရောင့်ရဲနိုင်သည် မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဘုရား=ဒေနိတ္ထိဂန္ဓမင်းသား။]

၂၆၄၊ မဟာပနာဒဇာတ်

ဝိဒေဟတိုင်း မိထိလာပြည်၌ 'သုရုစိ' မည်သောမင်းမှာ 'မဟာပနာဒ' မည်သော သားရှိ၏။ ထိုမင်းနှစ်ဦးတို့သည် "ဤပြာသာဒ်ကို ရဘူးကုန်၏" ။ ရခြင်း၏ အကြောင်းမှာ ရှေးအခါက ထိုသားအဖနှစ်ဦးသည် ကျူးထရံ, ရေသဖန်း

သားတို့ဖြင့် ပစ္စေကဗုဒ္ဓါအား ကျောင်းကို ဆောက်လှူခဲ့ကြ၏။ [ဤသို့စသည် အတိတ်ဝတ္ထုသည် သုရှစဇာတ်(ဇာ-၄၈၉)၌ အကျယ်ပါရှိ၏။]

[မြတ်စွာဘုရားသည် ၈၀်ါနာဒ်၌ နေဘော်မူစဉ် "မဟာပနာဒမင်း ဖြစ်စဉ်က နေခဲ့ဘူးသော ပြာသာဒ်ကို သမုဒ္ဒရာထဲမှ တန်ခိုးဖြင့် ထုတ်ဆောင်ပြီး ဘုရားနှင့် ရဟန်းများအား ပြသော 'ဘဒ္ဒဇိ'မထေရ်၏ဘန်ခိုးကို အကြောင်းပြု၍" ဤ ဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဘဒ္ဒဇိမထေရ်=မဟာပနာဒမင်း။ဘုရား= သိကြားမင်း။]

၂၆၅၊ ခုရပ္ပဇာဝတ်

ကုန်သည်နှင့် တောအုပ်မှူးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် တောအုပ်ကြီးအနီး ရွာတရွာ၌ အခြံအရံ ငါးရာဖြင့် နေသော ဘုရားလောင်း တောအုပ်စောင့်ကြီးသည် အခယ္ယု၍ လူတို့အား တောအုပ်ကိုလှန်စေ၏။ တနေ့သ၌ ဗာရာဏသီပြည် သား ကုန်သည်တဦးသည် လှည်းငါးရာဖြင့် ထိုရွာသို့ ရောက်၍ ဘုရားလောင်း အား ငှေတထောင်ပေးပြီး "ငါအား တောအုပ်ကို လှန်စေလော့" ဟု ဆို၏။

ဘုရားလောင်းသည် ထိုကုန်သည်ကို ယူဆောင်၍ တောအုပ်ထဲသို့ ဝင်၏။ တောအုပ်အလယ်သို့ရောက်၍ ခိုးသူငါးရာတို့ လာကြသော် ဘုရားလောင်းမှ အပ အခြားသူတို့သည် ရင်ဖြင့် ဝပ်ကြ၏။ ဘုရားလောင်း တဦးတည်းသာ ဟစ်အော် တိုက်ခိုက်၍ ခိုးသူငါးရာတို့ကို ပြေးစေပြီး ထိုလှည်းကုန်သည်ကို ကန္တာရ၏ တဖက်သို့ ပို့ဆောင်၏။ လှည်းကုန်သည်သည် ဘုရားလောင်းအား အစားကောင်းကို ကျွေးမွေးပြီး "ထိုခိုးသူတို့ လေးဖြင့်ပစ်သည့် စဉ်းသွား များ(ခုရပ္ပ), သန်လျက်များကို မြင်သော် ၃ဉ်ငင် အဘယ့်ကြောင့် မဘုန်လှုပ် သနည်း" ဟု မေး၏။ ဘုရားလောင်းက "အသက်ကို ခင်တွယ်သောသူရဲသည် ဘယ်တော့မှ သူရဲကိစ္စကို မဆောင်ရွက်နိုင်။ ငါသည် သူတပါးအတွက် စွန့်ပြီး သည့်အသက်ကို မတပ်မက်" ဟု ဆို၍ ပြန်လေ၏။

ဇွဲသတ္တိရှိသူသည် အရာရာတွင် အောင်မြင်သည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝီရိယမလျှော့သော ရဟန်း တပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား= တောအုပ်စောင့်အကြီး။]

၂၆၆၊ ဝါတဂ္ဂသိန္ဓဝဇာတ်

သိန္ဓောမြင်းနှင့် မြည်းမအကြောင်း

ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ 'ဝါတဂ္ဂသိန္ဓဝ'မည်သော မင်္ဂလာမြင်းဖြစ်၏။ တနေ့သ၌ မြည်းမတကောင်သည် ဂဏ်ါနား၌ မြင်းထိန်းတို့က ရေချိုးပေးသည့် ထိုသိန္ဓောမြင်းကို မြင်လျှင် တပ်စွန်းသဖြင့် မစားသောက်၍ အရိုးအရေမျှသာ ကျန်သည်ဖြစ်၏။

ထိုအခါ သားဖြစ်သူမြည်းငယ်ကအကြိမ်ကြိမ်မေးသော် မိခင်က "ငါသည် ထိုသိန္ဓောမြင်းကို တပ်စွန်း၍ ဤသို့ဖြစ်၏" ဟု ဆို၏။ သားသည် ရေချိုးရန်လာသည့် ထိုသိန္ဓောမြင်းထံသွား၍ ထိုအကြောင်းကို ပြောကြားပြီး "အမိ၏ အသက်ကို ကယ်ပါ" ဟု တောင်းပန်၏။ သိန္ဓောမြင်းက "ငါသည် ဂဏ်ါမြစ်ကမ်းနား၌ ကျက်စားစဉ် သင့်အမိကို လွှတ်လိုက်" ဟု ဆို၏။ မြည်းငယ်သည် အမိကို သိန္ဓောမြင်းထံဆောင်၍ တနေရာ၌ ပုန်းနေ၏။ မြည်းမသည် မိမိထံလာ၍နမ်းသော ထိုသိန္ဓောမြင်း၏ အောက်မေး၌ ကန်၍ပြေး၏။ သိန္ဓောမြင်းသည် အလွန်ရှက်၍ ထိုအရပ်မှ ပြေး၏။ မြည်းမသည် နှလုံးမသာယာဖြစ်၍ ထိုအရပ်၌ပင် ဝပ်၍နေ၏။သားမြည်းငယ်လာမေးသော် မိခင်က "အစဉ်းစွာ ပေါင်းဖော်မှုပြုလျှင် မိန်းမတို့၏ စည်းစိမ်ချမ်းသာ အခြံအရံသည် ယုတ်တတ်သဖြင့် ဤသို့ပြု၏။ ဤသို့ပြုခြင်းသည် မိန်းမတို့၏ သဘောတည်း" ဟု ဆို၏။ မြည်းမသည် အမှုလွန်၍ ဤသို့ပြုမိသဖြင့် အလွန်စိုးရိမ်ပူပန်ရလေ၏။

မိန်းမသည် လင့် ၂၊ ၇ အမှုလွန်က စိတ်ဆင်းရဲရမည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ အမှုလွန်သော မိန်းမတဦးကိုတွေ့ရသည့် သာဝတ္ထိပြည်သား သူကြွယ်တဦးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ထိုမိန်းမ=မြည်းမ။ဘုရား=ဝါတဂ္ဂသိန္ဓောမြင်း။]

၂၆၇၊ ကက္ကဋဇာတ်

ဆင်ပြောင်နှင့် ပုစွန်လုံးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဆင်မင်းသည် ရေကန်ကြီးတခုကို မှီ၍ ဆင်အပေါင်းခြံရံလျက်နေ၏။ ထိုရေကန်၌ နေသော ကောက်နယ်တလင်းမျှ ကြီးသည့် ရွှေပုစွန်လုံးကြီး(ကက္ကဋ)သည် ရေကန်၌

ကျက်ဗားသည့် ဆင်များကို ရေကန်မှတက်စဉ် ခြေတို့၌ တက်မများဖြင့် ညှပ်၍ နှိပ်သဖြင့် ထိုဆင်တို့ ရေကန်သို့ မဆင်းဝံကုန်။

တနေ့သ၌ ဘုရားလောင်းသည် မယားနှင့်အတူ ဆင်တို့ကိုခေါ်၍ "ငါနှင့်အတူ ထိုရေကန်သို့ဆင်း၍ အစာယူကြလော့။ ငါသည် သင်တို့ နောက်ဆုံးမှ တက်၍ ငါ့ကိုညှပ်သည့် ထိုပုစွန်လုံးကိုဖမ်းအံ့" ဟု ဆို၏။ ဆင်တို့သည် သူဆို တိုင်းပြုသော်ရှေ့ပုစွန်လုံးကြီးသည်ဘုရားလောင်း၏ခြေများကိုတက်မနှစ်ခုဖြင့် မြဲစွာညှပ်၏။ ဘုရားလောင်းသည် ထိုပုစွန်လုံးကို ချီမ၍မထုတ်နိုင်ဘဲ ပြင်းစွာ နာကျင်၍ သည်းစွာအော်သော် ဆင်တို့သည် ကြောက်၍ ပြေးကြ၏။

ထိုအခါမယားဖြစ်သူက ပုစွန်လုံးအား "သင်သည် ပုစွန်တကာတို့ထက် အမြတ်ဆုံးဖြစ်ပါ၏။ ငိုနေသည့် ငါ့လင်ကို လွှတ်ပါ" ဟု တောင်းပန်၏။ ပုစွန်လုံးသည် ဆင်မ၏ အသံကို တပ်မက်သဖြင့် သူ၏ တက်မတို့သည် လျော့သွား၏။ ဘုရားလောင်းသည် ခြေတို့ကို ချီမ၍ ပုစွန်လုံး၏ ကျောပေါ်နင်းပြီး အရိုးကိုခဲ၍ ပုစွန်လုံးကို သတ်လေ၏။

မိန်းမမည်သည် ဖြာ်ထိ ဥာဏ်ဖြင့် အနာရယ်ကို ရှောင်နိုင်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "လမ်းခရီး၌ ခိုးသူအဖမ်းခံရသော မိမိလင်ကို လွှတ်စေတည့် သီတင်းသည်မဘဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–သီတင်းသည်မ=ဆင်မ။ ဘုရား=ဆင်မင်း။]

၂၆၈၊ အာရာမဒူသကဇာတ်

ဥယျာဉ်ဖျက်သည့် မျောက်ကြီးအကြောင်း

ဗာရာဏသီပြည် 'ဝိဿသေနု'မင်း လက်ထက် မင်း၏ ဥယျာဉ်စောင့်သည် တနေ့သ၌ ပဲ့သဘင်ကို ခုနစ်ရက်တိုင် ကစားလိုသဖြင့် ဥယျာဉ်ရှိ မျောက်တို့အား သစ်ပင်များကို ရေလောင်းကြရန် မှာကြားပြီး ကြိုး, အိုးတို့ကိုပေး၍ ထွက်သွား၏။

မျောက်ကြီးသည် မျောက်တို့အား "ရေသည် ရခဲသဖြင့် သစ်ပင်များကို နုတ်၍ အမြစ်ပမာဏအတိုင်း ရေကို လောင်းကြလော့" ဟု ဆို၏။ မျောက်တို့သည် မျောက်ကြီးဆိုတိုင်း ပြုကြ၏။ ဘုရားလောင်း ပညာရှိသည် ကိစ္စတခုဖြင့် ထိုဥယျာဉ်သို့ရောက်၍ ထိုသို့ပြုပြီး ဥယျာဉ်ကို ဖျက်ဆီးကြသည့် (အာရာမဒူသက)မျောက်တို့ကို မြင်၍ မေးမြန်း သိရှိသော် "အကြီးအက

ဖြစ်သူ၏ အသိပညာသည် ဤသို့သဘောရှိလျှင် အခြား သတ္တဝါများသည် အဘယ်သို့ သဘောရှိမည်နည်း”ဟု ကဲ့ရဲ့၍ သွားလေ၏။

ယူမိုက်၏ အသိဉာဏ်သည် အဖြူထက် အဖျက်သို့သာ ဦးတည်၏။

[မြတ်စွာဘုရားသည် ဒက္ခိဏာဇနပုဒ်သို့ ဒေသစာရီကြွချီစဉ် “သစ်ပင်ကိုနဲတ်၍ ရေလောင်းသည့် ဥယျာဉ်စောင့်သားကို အကြောင်း ပြု၍” ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**–ဥယျာဉ် ကို ဖျက်သည့်သူငယ်=မျောက်ကြီး။ ဘုရား=ပညာရှိယောကျ်ား။]

၂၆၉၊ သုဇာတဇာတ်

နွားတ်ကြမ်းသည့်မိဖုရားအကြောင်း

ဘုရားလောင်း ဗာရာဏသီမင်းသည် ‘ကြမ်းကြုတ်၍ ဆဲရေးကြိမ်းမောင်းတတ်သော’မိမိ၏ မယ်တော်ကို ဥပါယ်ဖြင့် ဆုံးမရန် ဥပမာတခုကို ရှာနေ၏။ တနေ့သ၌ သူသည် မယ်တော်နှင့်အတူ ဥယျာဉ်သို့သွားသော် မင်း၏ ပရိသတ်တို့သည် ခရီးအကြား၌ တိတိတုတ် မည်သံကို ကြား၍ နားကို ပိတ်ပြီး“ဟယ်အသံရုန့်ရင်းသည့်ဌက်၊သင်မမြည်လင့်”ဟု ဆိုကြ၏။ ဥယျာဉ်သို့ရောက်၍ အင်ကြင်းပင်ပေါ်၌ ဥဩဌက်တကောင်၏မြည်သံကို ကြားသော် ထိုလူတို့သည် လက်အုပ်ချီလျက်“အသံနူးညံ့ပြေပြစ်သည့်ဌက်၊ မြည်ဦးလော့” ဟု ဆိုပြီး ကြည့်၍ ရပ်ကြ၏။

ထိုအခါဘုရားလောင်းသည် မယ်တော်အား တိတိတုတ်ဌက်နှင့် ဥဩဌက်တို့အကြောင်း ပြောပြပြီး “တိတိတုတ်ဌက်ကဲ့သို့ ရုန့်ရင်း ကြမ်းတမ်းသည့်စကားကို လူတို့မနှစ်သက်။ဥဩဌက်ကဲ့သို့ ချိုသာသည့်စကားကို နှစ်သက်ကြ၏”စသည်ဖြင့် တရားဟော၏။ မယ်တော်သည် ထိုအခါမှစ၍ သားဆုံးမသည့်အတိုင်း ပြောဆို ပြုမူလေ၏။

နွားတ်ကြမ်းလျင်ပျက်စီး၍ နွားချိုလျင် ကြီးပွားသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် “ကြမ်းကြုတ် ခက်ထန်၍ အိမ်သားများကို ပုတ်ခတ်လေ့ရှိသော (အနာထပိဏ်သူဌေး၏ ချွေးမဖြစ်သူ) သုဇာတာကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**–သုဇာတာ=မင်း၏မယ်တော်။ဘုရား=မင်း။]

၂၃၀။ ဥလူကဇာတ်

ကမ္ဘာရန်ကျိုးနှင့် ဇီးကွက်အကြောင်း

ကမ္ဘာဦးကာလ၌ လူတို့သည် စည်းဝေး၍ 'အဆင်းလှခြင်း၊ အကျင့်ကောင်းခြင်း'စသော ဂုဏ်များနှင့်ပြည့်စုံသည့် ယောကျ်ားတဦးကို မင်းမြောက်ကြ၏။ ခြေလေးချောင်း သတ္တဝါတို့လည်း ခြသေ့တကောင်ကို မင်းမြောက်ကြ၏။ သမုဒ္ဒရာ၌ ငါးတို့သည် 'အာနန္ဒ'မည်သော ငါးကြီးကို မင်းမြောက်ကြ၏။ ငှက်တို့လည်း ဟိမဝန္တာ၌ စည်းဝေးကြပြီး မင်းမြောက်ရန် သင့်တော်သည့် ငှက်ကိုကြည့်ကြသော် ဇီးကွက်(ဥလူက) တကောင်ကို မြင်၍ "ဤငှက်ကို ငါတို့ နှစ်သက်၏"ဟု ဆိုကြ၏။

ထိုအခါ ကျီးတကောင်က ထ၍ "မင်းမြောက်သည့်အချိန်၌ပင် အမျက်မထွက်သေးသည့် ဤဇီးကွက်၏မျက်နှာသည် ဤသို့ သဘောရှိ၏။ အမျက်ထွက်သည့်အခါ၌မူ ဤဇီးကွက်၏မျက်နှာကို မြင်ကြသည့် ငါတို့သည် ချက်ခြင်း သေကုန်အံ့။ ထို့ကြောင့် ငါသည် ဤဇီးကွက်အား မင်းမြောက်ခြင်းကို မနှစ်သက်"ဟု ဆို၍ ပျံသွား၏။ ဇီးကွက်လည်း ထ၍ ထိုကျီးကိုလိုက်၏။ ငှက်တို့သည် ရှေဟာသ်ာတကောင်ကို မင်းမြောက်၍ ဖဲသွားကြလေ၏။

တဦး၊ အကျိုးကို တဦးက မလိုလျှင် ကမ္ဘာရန်ဖြစ်မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကျီးနှင့် ဇီးကွက်တို့၏ ရန်ဖြစ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း-ဘုရား=မင်းမြောက်ခံရသည့် ရှေဟာသ်ာ။**]

၂၃၁။ ဥဒပါနဒူသကဇာတ်

ရေတွင်းဖျက်သည့် မြေခွေးအကြောင်း

ဘုရားလောင်းရသေ့သည် ရသေ့အပေါင်းခြံရုံလျက် 'ဣသိပတန'အရပ်၌နေ၏။ မြေခွေးတကောင်သည် လာ၍ ထိုအရပ်၌ရှိသော ရေတွင်း(ဥဒပါန)ကို ချေးသေးစွန့်၍ ဖျက်ဆီးပြီး (ဒူသက) သွား၏။ တနေ့သ၌ ရသေ့တို့သည် ထိုမြေခွေးကို ဝိုင်းဖမ်းပြီး ဘုရားလောင်းထံ ယူဆောင်သွား၏။ ဘုရားလောင်းက "အဘယ့်ကြောင့် ဤရေတွင်းကို ချေးသေးစွန့်၍ဖျက်ဆီးသနည်း" ဟု မေး၏။ မြေခွေးက "ရသေ့ကြီး ရေတွင်းကို ချေးသေးစွန့်၍ဖျက်ဆီး

ခြင်းသည်ငါတို့မြေခွေးမျိုး၏အကျင့်ဖြစ်၏”ဟုဆို၏။ဘုရားလောင်းက “သင်တို့၏ ဤအကျင့်မျိုးကို ငါတို့မနှစ်သက်။ နောက်မလာနှင့်”ဟုဆို၏။ ထို မြေခွေးသည် နောက်မလာတော့ပေ။

ယုတ်ညံ့သူမှာ ယုတ်ညံ့သည့်အကျင့်ရှိသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “ရဟန်းတို့ သုံးဆောင်သည့် ရေတွင်းတခုကို ချေးသေးစွန့်၍ ဖျက်ဆီးသည့်မြေခွေးတကောင်ကို အကြောင်းပြုပြီး” ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–မြေခွေး=မြေခွေး။ဘုရား=ဆရာရသေ့။]

၂၉၂၊ ဗျဿဇာတ်

ကျား, ခြင်္သေ့နှင့်နတ်မိုက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ကျား(ဗျဿ) နှင့် ခြင်္သေ့ နှစ်ဦးသည် ဘုရားလောင်းရဂ္ဂစိုးနတ်နေသည့် တော၌ နေ၍ သားကောင်တို့ကို သတ်စားကြပြီး စားကြွင်းများကို စွန့်ပစ်ကြ၏။ ထိုတောသည် ထိုစာကြွင်းအသားတို့၏ အပုပ်နံ့ဖြင့် လှိုင်နေ၏။ ရဂ္ဂစိုးနတ်မိုက် တဦးသည် “ဤတောအုပ်ကား အပုပ်နံ့လှိုင်နေ၏။ ထိုကျား ခြင်္သေ့တို့ကို ပြေးစေအံ့” ဟုလာပြောသော် ဘုရားလောင်းက “လူတို့သည် ဤကျား, ခြင်္သေ့ တို့ကိုကြောက်၍ ဤတောကိုမခုတ်ဝံ့သဖြင့် ဤကျား, ခြင်္သေ့တို့သည် ငါတို့၏ ဗိမာန်များကို စောင့်ရှောက်သည်မည်၏။ မပြေးစေလင့်”ဟု တားမြစ်၏။ ထိုနတ်မိုက်သည် ထိုစကားကို မနာယူဘဲ တနေ့သ၌ ကြောက်ဘွယ် အာရုံကိုပြု၍ ကျား,ခြင်္သေ့တို့ကို ပြေးစေ၏။

လူတို့သည် ကျား,ခြင်္သေ့တို့ကိုမမြင်၍ ထိုတော၏ ဘေးတဖက်ကို ခုတ်ကြ၏။ ထိုနတ်မိုက်သည် ဘုရားလောင်း အကြံပေးသည့် အတိုင်း သွားပြီး ထိုကျား, ခြင်္သေ့တို့ကို ရှိခိုး၍ ဖိတ်ခေါ်သော်လည်း မရပေ။ နောက်မကြာမီ လူတို့သည် ထိုတောတခုလုံးကို ခုတ်၍ လယ်ယာလုပ်ကြလေ၏။

လူမိုက်သည် အမြင်တိုမှုကြောင့် ပျက်စီးရသည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ်“ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလ္လဲာန် တို့နှင့် ကင်းရှင်လည်း မနေနိုင်၊ အတူလည်းမနေနိုင်သည့် ‘ကောကာလိက’ မထေရ်ကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ကောကာလိက=ရဂ္ဂစိုးနတ်။ သာရိပုတ္တရာ=ခြင်္သေ့၊ ရှင်မောဂ္ဂလ္လဲာန်=ကျား။ ဘုရား=ပညာရှိရဂ္ဂစိုးနတ်။]

၂၇၃၊ ကစ္ဆပဇာတ်
လိပ်နှင့် လျှပ်ပေါ်သည့်မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဈာန်ရ ရသေ့သည် ဟိမဝန္တာဝယ် ဂင်္ဂါမြစ်နားဌာနေ၏။ သူသည် ကျောက်တံခါးဌာ နေစဉ်လျှပ်ပေါ်သည့်မျောက်တကောင်လာ၍ သူ့အင်္ဂါဇာတ်ကို ရသေ့၏ နားပေါက်များထဲသင်း၏။ ဘုရားလောင်းသည် ထိုမျောက်ကို မတားမြစ်ဘဲ လျစ်လျူရှုကာ သည်းခံ၍ နေ၏။

တနေ့သဌာ ထိုမျောက်သည် ဂင်္ဂါမြစ်နားဌာ ခံတွင်းဖွင့်၍ နေပူခံကာ အိပ်နေသည့်လိပ်(ကစ္ဆပ)၏ခံတွင်းထဲသို့ သူ့အင်္ဂါဇာတ်ကို သွင်းသော် လိပ်သည် နှိုး၍ အင်္ဂါဇာတ်ကို မြဲစွာ ကိုက်၏။ မျောက်သည် အလွန်နာကျင်၍ လိပ်ကို လက်နှစ်ဖက်ဖြင့် ချီမပြီး ဘုရားလောင်းထံယူလာ၍ "ကျွန်ုပ်ကို ဤဒုက္ခမှလွတ်စေပါလော့။ လွတ်လျှင် တောသို့သွားပါအံ့" ဟုဆို၏။ ဘုရားလောင်းသည် လိပ်အား "သင်တို့နှစ်ဦး ဆွေမျိုးများဖြစ်ကြ၏" စသည်ဖြင့် ဆုံးမသော် လိပ်သည် မျောက်၏ အင်္ဂါဇာတ်ကို လွတ်၏။ မျောက်သည် လွတ်လွတ်ချင်းပင် ဘုရားလောင်းကို ရှိခိုး၍ ပြေးလေ၏။

လျှပ်ပေါ်သောလူမိုက်သည်တနေ့တွင်ဘေးတွေ့မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "ကောသလမင်း၏ အမတ်ကြီးနှစ်ဦးတို့ ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။
ဇာတ်ပေါင်း - အမတ်နှစ်ဦး=မျောက်နှင့်လိပ်။ ဘုရား=ရသေ့။]

၂၇၄၊ လောလဇာတ်
ခိုနှင့် ကျီးမိုက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ခို'သည် ဗာရာဏသီသူဌေး၏ စဖိုအိမ်၌ ခိုများအတွက်ထားသည့် တောင်း၌ နေ၏။ ထိုအခါ လျှပ်ပေါ်လော်လည်သည့်(လောလ)ကျီးတကောင်သည် ထိုစဖိုအိမ်ပေါ်က ပျံသွားသော် ငါးအမဲအမျိုးမျိုးကိုမြင်၍ အလွန်စားချင်သဖြင့်အစာရှာထွက်သည့် ဘုရားလောင်းနှင့်မိတ်ဖွဲ့ပြီး ထိုစဖိုအိမ်၌ပင် အခြားတောင်းတခု၌နေ၏။ ကျီးသည် လေးငါးရက်ကြာလျှင် ငါးအမဲတို့ကို အလွန်အမင်းစားချင်ရကား နောက်တနေ့ အစာရှာထွက်သည့် ဘုရားလောင်းနှင့် အတူမလိုက်ဘဲ နေခဲ့၏။

စဖိုသည်သည် ငါးအမဲများစွာတို့ကို စီရင်၍ ကိုယ်မှခွေးကို သုတ်လျက် စဖိုအိမ်တံခါးဦ ရပ်နေစဉ် ကျီးသည် ပျံ၍ အမဲအိုးပေါ်ဦ နား၏။ စဖိုသည်သည် ကျီးသံကိုကြားလျင် ဝင်လာ၍ ကျီးကိုဖမ်းပြီး အမွေးတို့ကို နုတ်၍ ချင်းငရုတ် စသည်တို့၏ အရေဖြင့် ကျီး၏ ကိုယ်ကိုလူးပြီး အသိုက်တောင်းဦ ပစ်ချ၏။ အစာရှာရာမှပြန်လာသည့် ဘုရားလောင်းသည် ညည်းညူနေသည့် ကျီးကိုမြင်၍ ကဲ့ရဲ့ရှုတ်ချပြီး "ငါသည် ဤအရပ်ဦမနေသင့်" ဟု အရပ်တပါး သို့ ပျံသွား၏။ ကျီးသည် ညည်းညူလျက်ပင် ထိုတောင်းဦ သေလေ၏။

လောဘကြီးသူသည် လောဘကြောင့်ပင် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဦနေစဉ် "လျပ်ပေါ်သည့်ရဟန်းတပါး ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ဂါဌ်း - လျပ်ပေါ်သည့် ရဟန်း=ကျီး။ ဘုရား=ခို။]

၂၇၅၊ ရုစိရဇာတ်

[ဤဇာတ်သည် လောလဇာတ် (ဇာ-၂၇၄)နှင့် တူ၏။]

၂၇၆၊ ကုရုဓမ္မဇာတ်

ပဉ္စသီလခေါ် ကုရုဓမ္မအကြောင်း

ကုရုတိုင်း'ဣန္ဒပတ္ထနဂို'မြို့ဦ မင်းပြုသည့်ဘုရားလောင်း'ကောရဗျ' မင်းသည် 'ပဉ္စသီလ'ဟူသော ကုရုဓမ္မကိုကျင့်၍ တရားသဖြင့်မင်းပြု၏။ နေ့စဉ် ခြောက်သိန်းသော ဥစ္စာတို့ကိုပေးလှူ၏။ သူကဲ့သို့ပင် သူ၏ မယ်တော်မိဖုရားကြီး အိမ်ရှေ့မင်း စသည့် ပုဂ္ဂိုလ်ဆယ်ဦးလည်း ပဉ္စသီလတို့ကို စောင့်ကုန်၏။ ထိုအခါ 'ကာလိင်္ဂတိုင်း' 'ဒန္တပုရ'မြို့ဦ မင်းပြုသည့် 'ကာလိင်္ဂ' မင်းသည် ဒါန,သီလ ပြုကျင့်၍ ဥပုသ်ကို ဆောက်တည်သော်လည်း မိုးသည် မရွာပေ။ ထိုမင်းသည် "ကောရဗျမင်းကား ကုရုဓမ္မကို ကျင့်သဖြင့် မိုးမှန်မှန်ရွာ၏" ဟု ကြားသဖြင့် ပုဏ္ဏား အမတ်တို့အား ကောရဗျမင်းထံမှ ကုရုဓမ္မကို ရှေပြားဦ ရေးယူခဲ့ရန် စေလွှတ်၏။ ထိုသူတို့သည် သွား၍ ကောရဗျမင်းနှင့်တကွ ပုဂ္ဂိုလ်ဆယ်ဦးတို့ အသီးသီးကျင့်သည့် ကုရုဓမ္မသီလကို ရှေပြားဦရေး၍ ယူဆောင်လာ၏။ ကာလိင်္ဂမင်းသည် ထိုကုရုဓမ္မတို့ကို ဖြည့်ကျင့်သည့် ခဏဦပင် ကာလိင်္ဂတိုင်း တခုလုံးဦ မိုးရွာပြီး တိုင်းပြည်သည် ဝပြောသာယာလေ၏။

ငါးပါးသီလ လုံခြုံလျင် ဆင်းရဲကင်း၍ ချမ်းသာသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''ကောင်းကင်၌ ပျံနေသည့် ဟသ်ဝဋ်ကို ကျောက်စရစ်ဖြင့်ပစ်၍ ကျစေသည့် ရဟန်းတပါးကို အကြောင်းပြုပြီး လူတို့ပင် ပဉ္စသီလကို ကောင်းစွာကျင့်သုံးလျင် ရဟန်းတို့သည် ပို၍ဖြည့်ကျင့်သင့်ကြောင်း ဆုံးမလို၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း= ဘုရား=ကောရဗျမင်း။]

၂၇၇၊ ရောမကဇာတ်

ခိုနှင့် ရဿေ့ပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တောင်လိုဏ်ဂူ၌ ခိုအပေါင်းခြံရံလျက်နေသော ဘုရားလောင်း 'ရောမက' ခိုမင်းသည် ထိုနေရာနှင့် မနီးမဝေး အရပ်၌ ရှာတရှာကိုမှီ၍ ကျောင်းဆောက်ပြီးနေသည့် သီလရှိသော ရဿေ့ထံ ရုံဖန်ရုံခါ သွား၍ တရားနာ၏။ ထိုရဿေ့သည် ကြာမြင့်စွာနေပြီးဖဲသွားသော် ကောက်ကျစ်သည့် ရဿေ့တပါးလာ၍ ထိုကျောင်း၌နေ၏။ ဘုရားလောင်းသည် ခိုအပေါင်းခြံရံလျက် ရုံဖန်ရုံခါသွား၍ ထိုရဿေ့ကို ဆည်းကပ်၏။

တနေ့သ၌ ထိုရဿေ့ကောက်သည် ရှာသားတို့လှူသည့် ခိုသားကို စားရ၍ ခိုသားကို တပ်မက်လေ၏။ သူသည် ခိုစာများကို လျောက်ပတ်သည့် နေရာ၌ ကြဲထား၍ တင်းပုတ်ကို သက်နှံးကြားထဲ ဖုံးထားပြီး ခိုတို့၏ အလာကိုမျှော်လျက် ကျောင်းတံခါး၌နေ၏။ ဘုရားလောင်းသည် ခိုအပေါင်း ခြံရံလျက်လာပြီး ထိုရဿေ့ကောက်၏ ဖောက်ပြန်သည့် အမူအရာကိုမြင်လျှင် ရဿေ့၏ လေကြွ၌ရပ်ပြီး စုံစမ်း၏။ သူသည် ရဿေ့ကိုယ်မှ ခိုသားနှံ့၍ ''ရဿေ့ထံ မသွားသင့်'' ဟုကြုံပြီး ခိုအပေါင်းကိုခေါ်၍ ဖဲသွား၏။

ထိုအခါ ရဿေ့သည် ဘုရားလောင်းပေါ်" တင်းပုတ်ကို လွှတ်ပစ်သော်လဲသွား၏။ ဘုရားလောင်းက ''သင့်အကြောင်းကို ရှာသားတို့အား ပြောကြား၍ သင့်ကို ဖမ်းစေအံ့'' ဟု ခြိမ်းချောက်ပြီး ဖဲသွား၏။ ရဿေ့ကောက်သည် ကြောက်လန့်၍ အရပ်တပါးသို့ သွားလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်။

[မြတ်စွာဘုရားသည် ဇေဠုဝန်ကျောင်း၌ နေစဉ် ''ဘုရားကိုသတ်ရန် လုံ့လပြုသည့် ဒေဝဒတ်ကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဒေဝဒတ်=ရဿေ့ကောက်။ သာရိပုတ္တရာ—သီလရှိသော ရဿေ့။ ဘုရား= ခိုမင်း။]

၂၇၈၊ မဟိ သရာဇ ဇာတ်

ကျွဲမင်းနှင့် မျောက်ပျက်အကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက်ဘုရားလောင်း ကျွဲမင်း(မဟိံသရာဇ) သည် ဟိမဝန္တာဝယ် တောင်ခြေရင်းရှိ တောအုပ်များ၌ လှည့်လည်အစာစားပြီး နေ့အခါ သစ်ပင်ကြီးတပင်၏ အရင်း၌နေ၏။ လျှပ်ပေါ်သည့် မျောက်တကောင်သည် နေ့စဉ်လာပြီး ကျွဲ၏ ကျောပေါ်တက်၍ ခြေးသေးစွန့်ပြီး ချိုတို့ကိုကိုင်ကာ တဲ့လျားဆဲ့၍ငင်း၊ အမြီးကိုကိုင်ပြီး ပုခက် လဲ့သကဲ့သို့ ပြု၍ငင်း ကစား၏။

ရုက္ခစိုးနတ်တဉီးက မျောက်ကို သည်းမခံရန် ပြောသော်လည်း ဘုရားလောင်းသည် သည်းခံ၍သာ နေ၏။ နောက်:သူသည် အခြား အရပ်သို့ သွားသော် ကျွဲကြမ်းတကောင်သည် ထိုအရပ်သို့ လာ၍နေ၏။ ထိုမျောက်လည်း ရှေးနည်းတူ ပြုကျင့်၏။ ထိုကျွဲသည် မျောက်ကိုခါ၍ မြေသို့ ကျစေပြီး ချိုဖြင့် ရင်ကိုခတ်ဖောက်၍ ခြေတို့ဖြင့် နင်းချေလေ၏။

လျှပ်ပေါ်သောသူသည် တနေ့တွင် ဘေးတွေ့ရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ ပြုမူ၍ ဆင်ကြမ်းတကောင်က သတ်ပစ်သော လျှပ်ပေါ်သည့် မျောက်တကောင်ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း – ဆင်ကြမ်း=ကျွဲကြမ်း။ မျောက်=မျောက်။ ဘုရား=ကျွဲမင်း။]

၂၇၉၊ သတပတ္တဇာတ်

ရန်သူနှင့် မိတ်ဆွအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် ခိုးသူငါးရာတို့၏ ဒအကြီးဖြစ်၍ တောအုပ်၌နေပြီး ခရီးသွားတို့ကို လုယက်၍ အသက်မွေး၏။ ထိုအခါ ဗာရာဏသီ၌ သူကြွယ်တဉီးသည် ဇနပုဒ်သားတဉီးအား ငွေတထောင်ပေးပြီး တဖန်ပြန်မယူဘဲသေ၏။ နောက်သူကြွယ်၏ မယားသည် သေခါနီးခါန်တွင် သားအား ထိုငွေကို သွားတောင်းခိုင်း၏။ ထိုလုလင်သည် ထိုဇနပုဒ်သို့သွားပြီး ငွေကိုရ၍ပြန်လာ၏။ သူ့အမိသည် သေ၍ သား၌ ချစ်သဖြင့် သား၏ လာရာလမ်း၌ ဥပဟါတ်မြေခွေးမ ဖြစ်၏။

ထိုလုလင်သည် ဘုရားလောင်းနေသည့် တောအုပ်သို့ ရောက်သော် ထိုမြေခွေးမက "တောအုပ်ထဲသို့မသွားလင့်၊ခိုးသူတို့ကသင့်ကိုသတ်၍ငွေကိုယူမည်"ဟုအကြိမ်ကြိမ် တားမြစ်၏။ထိုလုလင်သည် အကြောင်းကို နားမလည်၍ ထိုမြေခွေးမကို ခဲလှံတံတို့ဖြင့် ပစ်ခတ်ပြေးစေပြီး တောအုပ်ထဲသို့ ဝင်၏။ နောက် ခေါက်ရှာဌက် (သတပတ္တ) တကောင်က "ဤလုလင်၏ လက်၌ ငွေတထောင်ရှိ၏။ သူ့ကိုသတ်၍ ငွေကိုယူလော့"ဟု မြည်လျက် ခိုးသူတို့ဆီသို့ သွား၏။ လုလင်သည် ထိုအကြောင်းကို နားမလည်၍ "မင်္ဂလာ ရှိသောဌက်၊ မြည်ဦးလော့"ဟု လက်အုပ်ချီ၏။

ဘုရားလောင်းသည် သတ္တဝါတို့၏ မြည်သံကို သိသည်ဖြစ်၍ မြေခွေးမ, ခေါက်ရှာဌက်တို့ကို ပြုမူသော ထိုလုလင်၏ အမှုအရာကိုမြင်လျှင် "ဤလုလင်သည် မိုက်သည်ဖြစ်၍ အကျိုးလိုသော အမိမြေခွေးမအား ခြိမ်းခြောက်၍ ပြေးစေပြီး ရန်သူဖြစ်သည့် ခေါက်ရှာဌက်ကိုမူ လက်အုပ်ချီ၏"ဟု ကြံ၏။ သူသည် မိမိနေရာသို့ ရောက်လာသည့် ထိုလုလင်ကို ခေါ်မေး၍ အကြောင်းစုံကို သိရှိရသော် ထိုလုလင်ကို ဆုံးမပြီး "သင့်အမိ၏ ကျေးဇူးကို ရည်စူး၍ ဤငွေတထောင်ကို ယူသွားလော့"ဟုဆို၍ လွှတ်လိုက်လေ၏။

လူမိုက်သည် မိတ်ဆွေကိုပင် ရန်သူ ထင်တတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သံဃာအတွင်း အဓိကရဏ်းကို ဖြစ်စေသည့် ရဟန်းနှစ်ပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း** –ဘုရား=ခိုးသူတို့၏ အကြီး။]

၂၈၀၊ ပဋ္ဌဒူသကဇာတ်

အထုပ်ဖျက်ဆီးသည့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ပုဏ္ဏားသည် တနေ့သ၌ ကိစ္စတခုဖြင့် မင်းဥယျာဉ်သို့ သွား၏။ ဥယျာဉ်စောင့်သည် သစ်ပင်ပေါ်တက်ပြီး ကြီးသော အရွက်တို့ကိုခူး၍ "ဤအထုပ်ကား ပန်းထုပ်ဖြစ်မည်၊ ဤအထုပ်ကား သစ်သီးထုပ် ဖြစ်မည်"ဟု အထုပ်များကိုလုပ်၍ သစ်ပင်ရင်းသို့ ချ၏။ မျောက်တို့၏ အကြီးအကဲ 'မျောက်ကြီး'သည် ထိုသစ်ရွက်ထုပ် (ပဋ္ဌ) အားလုံးကို ဖျက်ဆီး၏ (ဒူသက)။ ဘုရားလောင်းက မေးသော် ထိုမျောက်ကြီးက "ဤသို့ ဖျက်ဆီးခြင်းသည် ငါတို့၏ ဓမ္မတာသဘောပင် ဖြစ်၏"ဟု ဆိုလေ၏။

ဖျက်ဆီးတတ်ခြင်းသည် လူမိုက်၏ အကျင့်တည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "အလားတူ သစ်ရွက်ထုပ်ကို ဖျက်ဆီးသည့် ဥယျာဉ်စောင့်၏ သားကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါ်ဝင်း - အထုပ်ကိုဖျက်ဆီးသောသူငယ်=မျောက်ကြီး။ဘုရား= ပညာရှိ ယောကျ်ားး။]

၂၈၁၊ အပ္ပဇန္တရဇာတ်

ရသေ့များနှင့် သိကြားယုတ်အကြောင်း

ဗာရာဏသီပြည့် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေသော ဘုရားလောင်း စျာန်ရရသေ့သည် တနေ့သ၌ ရသေ့အပေါင်း ခြံရံလျက် ချဉ်ဆားမြိဝဲရန် ဗာရာဏသီသို့သွား၍ ဥယျာဉ်၌နေ၏။ ထိုရသေ့တို့၏ သီလ တန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏။ သိကြားမင်းသည် ထိုရသေ့များကို ဥပါယ်တမျှဖြင့် နှိပ်စက်ရန် ညသန်ကောင်ချိန်တွင် တိုက်ခန်းထဲ၌ အိပ်နေသည့် မိဖုရားကြီးထံသွား၍ "သင်သည် အပ္ပဇန္တရဿရက်သီးမှည့်ကို စား လျှင်'စကြဝတေးမင်းလောင်း'သားကို ရလတံ့"ဟု ဆို၏။ နောက်သူသည် မိမိတန်ခိုးဖြင့် ဥယျာဉ်၌ ထိုသရက်သီးတို့ကိုစားထားသကဲ့သို့ ပြု၍ကွယ်စေ၏။

နောက်တနေ့ မိဖုရားသည် မင်းအား အကြောင်းစုံကို ပြောကြား၏။ မင်းက အပ္ပဇန္တရ သရက်သီးအရှာခိုင်း၍ အမတ်တို့သည် ဥယျာဉ်သို့လှည့်လည်ပြီး သရက်သီးတလုံးမျှ မရကြသော် ပြန်လာ၍ မင်းအား "ဥယျာဉ်၌ သရက်သီးမရှိ။ ရသေ့တို့ စားပစ်ကြ၏"ဟု ဆို၏။ မင်းက ထိုရသေ့တို့ကို ရိုက်နှက်နှင်ထုတ်စေ၏။ သိကြားမင်း၏ အလိုဆန္ဒ ပြည့်လေ၏။ ထို့နောက် မင်းသည် အမတ်ပုဏ္ဏားတို့ထံမှ "နတ်တို့ သုံးဆောင်သည့် အပ္ပဇန္တရ သရက်သည် ဟိမဝန္တာဝယ်ရှိဂဉ္ဇိရှိ၏"ဟု ကြားသိ၍ သူမွေးထားသည့် ကျေးသားကို ထိုအရပ်သို့ စေလွှတ်၏။

ကျေးသာသည် ထိုအရပ်သို့ သွား၍ ထိုအရပ်ရှိ ကျေးသားတို့ထံမှ "အပ္ပဇန္တရ သရက်သည် ဝဿဝဏ်နတ်မင်း၏ နေရာ၌ ရှိ၏"ဟု ကြား၍ ထိုအရပ်သို့ သွား၏။ ၎င်းအား အစောင့် ဘီလူးတို့က "ဝဿဝဏ်နတ်မင်းကြီးသည် ဤရှေတောင်၏အကြား၌နေသည့်'ဇောတိရသ' အမည်ရှိ ရသေ့အား နေ့စဉ် အပ္ပဇန္တရ သရက်သီးလေးလုံးကိုလှူ၏"ဟု ဆိုကြ၏။ ထို ကျေးသားသည် ထိုရသေ့ထံသွား၍ အပ္ပဇန္တရ သရက်သီး နှစ်လုံးကို ရ၏။

တလုံးစားပြီး တလုံးကိုယူလာ၍ ထိုမိဖုရားအား ပေး၏။ မိဖုရားသည် ထိုသရက်သီးကို စားသော်လည်း သားကိုမရပေ။

စည်းစိမ်မက်သူသည် သူတော်ကောင်းကို ရန်သူထင်စတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရှင်သာရိပုတ္တရာက ယသော ရဟာထေရိအား သရက်သီးဖျော်ရည်ရှာပေးခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း-**ရာဟုလာ မယ်တော်=မိဖုရား။အာနန္ဒာ=ကျေးသား။သာရိပုတ္တရာ=ဇောတိရသရသေ့။ ဘုရား=ဥယျာဉ်၌နေသောရသေ့။]

၂၈၂။ သေယျဇာတ်

ရန်အောင်သည့် မေတ္တာတရားအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြုပြီး အလှူပေး၍ သီလဆောက်တည်၏။ ထိုအခါ ပြည်နီးချင်း မင်းတပါးသည် [မဟာသီလဝဇာတ်(ဇာ-၅၁၁)အတိုင်း] ထိုခိုးသူမင်းသည် ဘုရားလောင်းနှင့်တကွ အမတ်အားလုံးကို သံခြေကျဉ်းမျှားဖြင့် နှောင်ဖွဲ့၍ နှောင်အိမ်ထဲသွင်းစေ၏။ ဘုရားလောင်းသည် ထိုခိုးသူမင်းကို အာရုံပြု၍ မေတ္တာစျာန်ကိုပွားသော် ထိုမေတ္တာ၏ တန်ခိုးကြောင့် ခိုးသူမင်း၏ ကိုယ်သည် အလွန်ပူလောင်၏။ ခိုးသူမင်းသည် မေး၍ 'သီလရှိသောမင်းကိုပြစ်မှားသောကြောင့်' ဟု ဆိုလျှင် ဘုရားလောင်းကို သွားကန်တော့၍ တိုင်းပြည်ကို ပြန်အပ်ပြီး မိမိမြို့သို့ ပြန်သွား၏။

ထိုအခါ ဘုရားလောင်းသည် လူအပေါင်းအား "မေတ္တာသည် ရန်ကို အောင်နိုင်၍ အလွန်မြတ်သောတရား(သေယျ)ဖြစ်၏" စသည်ဖြင့် မေတ္တာဘာဝနာ၏ ကျေးဇူးကို ချီးမွမ်းဟောကြားပြီး၊ ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်း ပြုလေ၏။

မေတ္တာပွားလျှင် ရန်သူပင် မိတ်ဆွဖြစ်လာရသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အခြားအမတ်တို့ ဂုံးတိုက်သဖြင့် နှောင်ဖွဲ့ခံရသည့် (ကောသလမှင်း၏)၊ သီလရှိသော အမတ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း-**အာနန္ဒာ=ခိုးသူမင်း။ ဘုရား=ဗာရာဏသီမင်း။]

၂၀၃၊ ဝဖုကီ သူကရဇာတ်
ကျားနှင့် ဝက်စစ်ဗိုလ်ကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် တော၌ ရဂ္ဂစိုးနတ်ဖြစ်၏။ ထိုအခါ လက်သမားရွာနေ လက်သမားတဦးက တောမှ ယူလာပြီးမွေးမြူထားသည့် 'ဝဖုကီသူကရ' အမည်ရှိသော ဝက်ငယ်တကောင်သည် ကြီးသော် ခွန်အားနှင့် ပြည့်စုံ၍ ထိုလက်သမားအား အကူအညီ များစွာပေး၏။ လက်သမားသည် ထိုဝက်ကို သူတပါးက သတ်မည်စိုး သဖြင့် တောသို့သွား၍လွှတ်၏။ ထိုဝက်သည် ချောက်ကြားတခု၌ နေသည့် ဝက်တို့နှင့်အတူနေ၏။ ထိုဝက်တို့က "ကျားတကောင်သည် မပြတ်လာ၍ ဝက်ကိုယူသွား၏" ဟု ဆို၏။

ဝဖုကီသူကရက "ငါ ကျားကို ဖမ်းအံ့။ ငါ့စကားကိုလိုက်နာကြလော့" ဟု ဆို၍ ညတွင်းချင်း တွင်းနှစ်ခုကို တူးစေ၏။ နောက်တနေ့ ကျားလာသော် ဝဖုကီသူကရသည် တွင်းထိပ်၌ ရပ်လျက် ကျားကို စိန်ခေါ်၏။ ကျားသည် လျင်သောအဟုန်ဖြင့် ပြေးလာသော် ထိုဝက်သည် တွင်းထဲသို့ ဝင်၏။ ကျားသည်အဟုန်ကို မချုပ်တည်းနိုင်ဘဲ တွင်း၌ ကျ၍ သေ၏။ ထိုအခါ ဝက်တို့က "တခြားတကောင်ကို စေလွှတ်နိုင်သည့် ရသေ့စဉ်းလဲ တပါး ရှိ၏" ဟု ဆို၏။

ဝဖုကီသူကရသည် ထိုဝက်တို့ကို ခေါ်ပြီးထိုရသေ့ထံသွား၏။ ထိုရသေ့သည် ကြောက်၍ပြေးပြီး ရသဖန်းပင်ပေါ်တက်၏။ ဝဖုကီ သူကရသည် ဝက်တို့အား ထိုရသဖန်းပင်ကို ရေလောင်း၍ တူးစေပြီး အမြစ်နှင့်တကွ လဲစေ၏။ ထိုသစ်ပင်လဲ၍ မြေသို့ ကျသည့် ရသေ့ကို ဝက်တို့က အပိုင်းပိုင်း ဖြတ်၍ စား၏။ ဝက်တို့သည် ဝဖုကီသူကရကို မင်းမြှောက် ကြ၏။ ထိုတော၌နေသည့် ဘုရားလောင်းသည် ထိုအံ့သြဘွယ်ကို မြင်၍ ဝက်တို့ကို ချီးကျူးလေ၏။

သေနဂ်ဗျူဟာ နားလည်သူသည် ရန်သူကိုအောင်နိုင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အဇာတသတ်မင်းကို စစ်အောင်စေသည့် သေနဂ်ဗျူဟာကို ကောသလမင်းအား ပေးသည့် မထေရ်တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း** ဒေဝဒတ်=ရသေ့စဉ်းလဲ။ထိုမထေရ်=ဝဖုကီသူကရဝက်။ဘုရား=ရဂ္ဂစိုးနတ်။]

၂၀၄၊ သိရီဇာတ်

ကြက်သားနှင့် ဆင်ဆရာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်စျာန်ရ ရသေ့သည် တနေ့သ၌ ချဉ်ဆားမှဲ့ဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်း၏ဥယျာဉ်၌ နေ၏။ သူ့အား ဆင်ဆရာက နေ့စဉ် ဆွမ်းလုပ်ကျွေး၏။ တနေ့သ၌ ထင်းခွေယောကျ်ားတဦးသည် တောမှ အချိန်မှီ မြို့တံခါးသို့ မရောက်နိုင်၍ ညအခါ နတ်ကွန်းတခုတွင် အိပ်၏။ ထိုနတ်ကွန်း အနီးရှိ သစ်ပင်ကြီးပေါ်၌ အိပ်ကြသည့် ကြက်များအနက် အထက်အောက် အိပ်ကြသည့် ကြက်နှစ်ကောင်တို့သည် အချင်းချင်းရန်ဖြစ်ကြရာ အထက်ကြက်က "ငါသည် သင့်ထက်မြတ်၏။ ငါ၏ အသားကြီးများကို စားသောသူသည် မင်းဖြစ်၏။ အပဖြစ်သော အသားကို စားသောသူသည်ယောကျ်ားဖြစ်လျှင် သေနာပတိ၊ မိန်းမဖြစ်လျှင် မိဖုရားဖြစ်၏။ အရိုးအသားကို စားသူသည် လူဖြစ်လျှင်ဘဏ္ဍာစိုး၊ ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်၏။" ဟုဆို၏။

ထိုယောကျ်ားသည် ထိုစကားကို ကြားလျှင် သစ်ပင်ပေါ် တက်၍ ထိုကြက်ကိုသတ်ပြီး အိမ်သို့ယူဆောင်၍ မယားအား ချက်ခိုင်း၏။ သူသည် "ဂင်္ဂါမြစ်ကမ်းနား၌ ဤမြတ်သော ကြက်သားဟင်းဖြင့် ထမင်းစားကြအံ့" ဟု ထိုကြက်သားနှင့် ထမင်းကို တောင်းထဲထည့်ပြီး မယားနှင့် အတူသွား၍ ထမင်းတောင်းကို ကမ်းနား၌ထားကာ ရေချိုး၏။ ထိုခဏ၌ လေတိုက်၍ ရေတက်လာပြီး ထိုထမင်းတောင်းကို ယူ၍သွား၏။ အောက်၌ ဆင်ကို ရေချိုး ပေးနေသည့် ထိုဆင်ဆရာသည် ထိုထမင်းတောင်းကို ဆယ်ယူ၍ တံဆိပ်ခပ်စေပြီး "ငါမရောက်မီ မဖွင့်နှင့်" ဟု မှာ၍ မယားထံပို့စေ၏။

ဘုရားလောင်းသည် ဒီဗွစက္ခုဖြင့် ထိုအကြောင်းကို သိမြင်၍ ဦးစ္စာသွားနှင့်ပြီး ဆင်ဆရာ၏အိမ်၌ နေ၏။ ဆင်ဆရာသည် အိမ်ရောက်၍ ထိုထမင်းနှင့် ကြက်သားကို ရသေ့အား ကပ်လှူ၏။ ဘုရားလောင်းသည် ကြီးသော အသားများကို ဆင်စရာအားပေး၍၊ အပဖြစ်သော အသားကို ဆင်ဆရာ၏ မယားအားပေးပြီး မိမိမူ အရိုးအသားကိုစား၏။ စားပြီးသော် ဆင်ဆရာအား "ယနေ့မှ သုံးရက်မြောက်၌ မင်းဖြစ်မည်။ မမေ့မလျော့နှင့်" ဟု မှာ၍သွား၏။ ထိုနေ့၌ ပြည်နီးချင်း မင်းတပါးသည် လာ၍ ဗာရာဏသီပြည်ကို ဝန်းရံ၏။

ဗာရာဏသီမင်းသည် ဆင်ဆရာအား မင်းအာသင့်ဖြင့် ဆင်စီး၍ စစ်ထိုး ခိုင်းပြီး မိမိမှူ မထင်ရှားသောအသင့်ဖြင့် စစ်သည်ထဲ၌စီရင်သော် မြားမှန် ၍ သေ၏။ ဆင်ဆရာသည် မင်းသေသည်ကို သိသော် ငွေမြောက်မြားစွာကို ထုတ်ယူခိုင်းပြီး "ဥစ္စာလိုချင်သူတို့ရှေ့က နေ၍ စစ်ထိုးကြ" ဟု စည်လည် စေ၏။ ဗိုလ်ပါအပေါင်းသည် ခဏချင်းဖြင့် ပြည်နီးချင်းမင်းကို သတ်ကြ၏။ ထိုအခါ အမတ်တို့က ဆင်ဆရာအား မင်းမြောက်၍ သူ့မယားကို မိဖုရား ပြုကြ၏။ ဘုရားလောင်းသည် မင်းဆရာ ဖြစ်လေ၏။

ဘုန်းကံရှိသူသာ ဘုန်းရှိသောရတနာကို ရနိုင်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေ၌ "ကြက်မ၏ အမောက်၌ တည်သော) ကျက်သရေ(သိရိ)ကို ခိုးသော်လည်း မထိုက်၍မရသည့် ပုဏ္ဏား တဦးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ= မင်း။ဘုရား = မင်း၏ဆရာ။]

၂၀၅၊ မဏိသူကရဇာတ်

ပတ္တမြားဂူနှင့် ဝက်များအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် ဟိမဝန္တာ၌ ကျောင်းဆောက်၍နေ၏။ ထိုကျောင်းအနီး၌ ဝက်(သူကရ) များနေသည့် ပတ္တမြား(မဏိ)လိုဏ်ဂူတခု ရှိ၏။အနီး၌ကျက်စားသည့် ခြင်္သေ့၏အရိပ်သည် ကြည်လင်လှသည့် ထိုပတ္တမြားဂူ၌ ထင်၏။ ဝက်တို့သည် ထိုခြင်္သေ့၏အရိပ် ကိုမြင်၍ ကြောက်ကြသဖြင့် ရေကန်သို့သွားပြီး ညှန့်၌လူး၍ ထိုပတ္တမြားဂူကို ပိတ်ကြ၏။ ထိုပတ္တမြားဂူသည် အတိုင်းထက်အလွန် ကြည်လင်လာ၏။

ဝက်တို့သည် ဘုရားလောင်းအား ထိုအကြောင်းကို လျှောက်ကြားပြီး ၌ "ပတ္တမြားကို အဘယ်သို့သည်စွန့်မိုးအောင် ပြုနိုင်မည်နည်း" ဟု မေး၏ ဘုရား လောင်းည် "၌ပတ္တမြား၏ အရောင်အဝါကို မပျောက်နိုင်။ သင်တို့ ဖဲသွား ကြလော" ဟု ဆို၍ ဝက်တို့ ဖဲသွားကြလေ၏။

ပတ္တမြားမှန်လျှင် ညှန့်နှင့်ပွတ်လေ ပြောင်လေဖြစ်၏။

[တိတ္ထိတို့သည် ဘုရား၏ဂုဏ်ကိုဖျက်ဆီးရန် 'သုန္ဒရီ'မည်သောမိန်းမကို နေ့စဉ် ဇေတဝန်ကျောင်းသို့ သွားခိုင်း၏။ အတန်ကြာသော်သူတို့သည် အရက်သမား တို့အား 'သုန္ဒရီကိုအကြောင်းပြု၍ သူတို့သည် ဘုရားကို ကဲ့ရဲ့ကြ၏။ နောက်

မကြာမီ အဖြစ်အမှန်ပေါ်သော် ဘုရား၏ ဂုဏ်သရေသည် ပိုး၍ပင် ထွန်းပြောင်လာ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ထို 'သုန္ဒရီ'၏ သေခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဘုရား = ရဟန္တာ။]

၂၀၆၊ သာလူကဇာတ်

သေစာ စားသည့် ဝက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'မဟာလောဟိတ' မည်သော နွားသည် ညီတော် 'စူဠလောဟိတ' နှင့် အတူ အိမ်တအိမ်၌ အမှုတို့ကိုပြု၏။ ထိုအိမ်၌ အရှယ်ရောက်သည့် အမျိုးသမီးကို ထိမ်းမြားသည့်နေ့တွင် ဟင်းလျာအတွက် ရည်ရွယ်ထားသော 'သာလူက' အမည်ရှိ ဝက်ကို ကောင်းစွာ ကျွေးမွေး၏။

ထိုအခါ စူဠလောဟိတက "အစ်ကို၊ အလုပ်လုပ်သည့် ငါတို့ကို ကောင်းစွာမကျွေးမွေးဘဲ ဤဝက်ကို အဘယ့်ကြောင့် ကောင်းစွာကျွေးမွေးသနည်း" ဟု မေး၏။ မဟာလောဟိတက "ထိုဝက်၏ ဟင်းလျာဖြစ်မည့်အကြောင်း" ကို ပြောပြ၏။ မကြာမီ ထိမ်းမြားသည့်နေ့ရောက်သော် 'သာလူက' ကိုသတ်၍ ဟင်းလျာပြုကြ၏။ စူဠလောဟိတက "အစ်ကို၊ မြက်ကောက်ရိုးက သာကောင်းမြတ်၏" ဟု ဆို၏။

ဂူဂိုက်မည်သည် သေစာကိုပင် မက်မောတတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အပျိုကြီး ဖြားယောင်း၍ သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ငြိုးငွေ့သော ရဟန်း = သာလူကဝက်။ အာနန္ဒာ = စူဠလောဟိတနွား။ ဘုရား = မဟာလောဟိတနွား။]

၂၀၇၊ လာဘကရဟဇာတ်

လာဘ်ပေါများခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဒီသာပါမောက္ခဆရာသည်လုလင်ငါးရာတို့အား အတတ်ကို သင်ပေး၏။ အကျင့်သီလ ကောင်းသည့်လုလင်တဦးသည် သူထံလာ၍ သတ္တဝါတို့အား လာဘ်လာဘရခြင်း၏ အကြောင်းကို မေး၏။ ဘုရားလောင်းက 'အရှက်အကြောက် မရှိ

သော, ဓချာပစ်ဂုံးတိုက်သော ဖရိုဖရဲပြောဆိုသောသူတို့၏ အကျင့်များကို ကျင့်သူသည် မိုက်မဲတွေဝေသူတို့ထံမှ လာဘ်ကိုရ၏'' ဟု ဆို၏။ ထိုလူလင်သည် လာဘ်ကို ကဲ့ရဲ့၍ (လာဘကရဟ) ရဟန်းဘဝ၏ ဂုဏ်ကျေးဇူးများကို ဆိုပြီး ရသေ့ရဟန်းပြုလေ၏။

ရက်စက်မှုမင်းဖြစ် ညစ်ပတ်မှ ကြီးပွားသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''လာဘ် ပေါများခြင်း၏ အကြောင်းကို မေးသော (ရှင်သာရိပုတ္တရာနှင့်) အတူနေတပည့်ကို အကြောင်းပြ၍'' ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း**– အတူနေတပည့်=လုလင်။ ဘုရား=ဒီသာပေါမောက္ခဆရာ]

၂၈၁၊ မစ္ဆုဒ္ဒါနဇာတ်
ငွေထုပ်နှင့် ညီယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း သူကြွယ်သည် တနေ့၌ သူ့ညီနှင့်အတူ ကုန်ရောင်းသွား၏။ ငွေတထောင်ရ၍ ပြန်လာသော် မြစ်ဆိပ်၌ လှေကိုဆိုက်၍ထမင်းစားကြ၏။ဘုရားလောင်းသည် ထမင်းစားကြွင်းကို ဂင်္ဂါမြစ်၌ ငါးတို့အား ကျွေးရှိုးမြစ်စောင့်နတ်အား ဒါနအဘို့ကိုပေးပြီး သဲပြင်၌ လျောင်းလျက်အိပ်၏။ ညီသည် ထိုငွေတထောင်ကို တဦးတည်းယူလို၍ ငွေထုပ်နှင့်တူသည့် ကျောက်စရစ်ထုပ်တခုကိုလုပ်ပြီး အထုပ်နှစ်ခုကို တပေါင်းတည်းထား၏။ လှေစီး၍ ဂင်္ဂါမြစ်လယ်သို့ ရောက်သော် ညီသည် လှေကိုလှုပ်စေပြီး ''ကျောက်စရစ်ထုပ်ကို ရေထဲချအံ့'' ဟု ငွေထုပ်ကို ချမိသည်ကို မသိဘဲ ''အစ်ကို၊ငွေထုပ်သည်ရေထဲသို့ကျသွား၏'' ဟု ဆို၏။

ဂင်္ဂါမြစ်စောင့်နတ်သည် မိမိတန်ခိုးဖြင့် ထိုငွေထုပ်ကို ငါးကြီး(မစ္ဆ)အား မျိုစေပြီး တံငါတို့၏ ပိုက်ကွန်ထဲသို့ ဝင်စေ၏။ ညီသည် အိမ်သို့သွားပြီး အထုပ်ကိုဖြေသော် ကျောက်စရစ်ထုပ်ကိုမြင်လျှင် လွန်စွာ စိုးရိမ်သောကဖြစ်၏။ တံငါတို့လည်း ထိုငါးကို မြို့သို့ယူ၍ လှည့်လည်ရောင်း၏။ ဘုရားလောင်းသည် ထိုငါးကို ဝယ်ယူပြီး ဝမ်းကိုခွဲသော် မိမိ၏ တံဆိပ်ပါသည့် ထိုငွေထုပ်ကို မြင်၍ အံ့အားသင့်နေ၏။ ထိုအခါ မြစ်စောင့်နတ်လာ၍ ကောင်းကင်၌ရပ်လျက် အကြောင်းစုံကို ပြောပြပြီး ဤငွေထုပ်ကို ခိုးသူညီအား ခွဲမပေးနှင့်''ဟု ဆို၏။ ဘုရားလောင်းကမူ ညီအား ငွေငါးရာ ပေးလေ၏။

ဇကာက်ကျစ်သူသည် ●ကာင်းကျိုးကို မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''ကောက်ကျစ်သည့် ကုန်သည်တဦးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ကောက်ကျစ်သောကုန်သည်=ညီ။ ဘုရား=အစ်ကို။]

၂၀၉။ နာနာဆန္ဒဇာတ်

မင်းနှင့် ပုရောဟိတ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်ဖြဟ္မဒတ်မင်း၏သားဖြစ်၍ အဖလှန်သော် မင်းဖြစ်၏။ ဖခင်လက်ထက်က ရာထူးမှ ချထားသည့် ပုရောဟိတ်ပုဏ္ဏားသည် ဆင်းရဲ၍ အိမ်အိုတခုဌေးနေ၏။ တနေ့သဌေး ဘုရားလောင်းသည် မထင်ရှားသည့်အသွင်ဖြင့် မြို့ကိုစုံစမ်းလျက် လှည့်လည်၏။ ခိုးသူတို့သည် သေတင်းကုပ်ဌေး သေရည်သောက်ပြီး အိုးများကိုယူ၍ အိမ်ကို သွားကြ၏။ ခိုးသူတို့သည် ခရီးလမ်းအကြားဌေး မင်းကိုမြင်၍ ရိုက်နှက်ပြီး အိုးကို ထမ်းခိုင်း၍ သွားကြ၏။

ထိုပုရောဟိတ်ဟောင်း ပုဏ္ဏားသည် ထိုခဏဌေး ထွက်၍ နက္ခတ်တို့ကို ကြည့်ပြီးပုဏ္ဏေးမအား "မင်းသည် ရန်သူ့လက်သို့ ကျရောက်၏" ဟု ဆို၏။ မင်းသည် ထိုစကားကိုကြား၍ အတန်ငယ်လိုက်သွားပြီး အရက်သမားတို့အား တောင်းပန်၍ မိမိကိုလွှတ်စေ၏။ ထိုခဏဌေပင် ထိုပုဏ္ဏားသည် "ရှင်မ၊ မင်းသည် ရန်သူ့လက်မှ လွတ်၏" ဟုဆို၏။ မင်းသည် ထိုစကားကိုလည်း ကြား၍ အိပ်ကိုမှတ်ပြီး နန်းတော်သို့ ပြန်၏။ မင်းသည် နံနက်လင်းသော် ပုဏ္ဏားတို့ကိုခေါ်၍ "သင်တို့ ညဌေနက္ခတ်များကို ကြည့်၏လော။ အန္တရာယ် တခုရှိ၏လော" ဟု မေး၏။ ပုဏ္ဏားတို့က "ကြည့်ကြပါ၏။ အန္တရာယ်တစုံတခု မျှမရှိပါ" ဟုဆိုကြ၏။မင်းသည် ထို "ပုရောဟိတ်ဟောင်းပုဏ္ဏားကိုခေါ်စေပြီး အလားတူ မေး၏။ ထိုပုဏ္ဏားက "ကြည့်ပါ၏။ မင်းကြီးသည် ရန်သူ့လက်သို့ ရောက်၍ ခဏချင်းပင် လွတ်၏" ဟု ဆို၏။

ထိုအခါမင်းက "နက္ခတ်တတ်သော သူသည် ဤသို့သဘောရှိရာ၏" ဟုဆို၍ ကျန်သောပုဏ္ဏားတို့ကို မြို့တွင်းမှနှင်ထုတ်စေပြီး ထိုပုဏ္ဏားအား "လိုသောဆုကို တောင်းလော့" ဟု ဆို၏။ ပုဏ္ဏားက "အိမ်သားများနှင့် တိုင်ပင်ပါဦးအံ့" ဟု ဆို၍ အိမ်ပြန်မေးရာ အိမ်သားတို့မှာ ယူလိုသည့် ဆုချင်းမတူဘဲ အလိုဆန္ဒ အမျိုးမျိုး(နာနာဆန္ဒ)ရှိကုန်၏။ မင်းသည် ထိုအိမ်သားအားလုံး အလိုရှိသည့် ဆုများကို ပေးစေပြီး ထိုပုဏ္ဏားကို ပုရောဟိတ် ခန့်လေ၏။

ဝတ္ထုရှိသည် တိမ်းပုံးလပမာ တနေ့မှာ ထင်ပေါ်ရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အာနန္ဒာမထေရ်၏ ဆုရှစ်ပါးရခြင်းကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— အာနန္ဒာ=ပုဏ္ဏား။ ဘုရား=မင်း။]

၂၉၀၊ သီလဝီမံသကဇာတ်

သီလကို စုံစမ်းသူအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်သည်။ သူသည် မိမိ၏သီလကို စုံစမ်းလို၍(သီလဝီမံသက) ဧရှပန်းထိမ်သည်၏ ပျဉ်မှသုံးရက်ဆက်၍ တသပြာစီယူသော် ပန်းထိမ်သည်က သူ့ကိုဖမ်း၍ မင်းထံခေါ်ဆောင်၏။ မင်းက "အဘယ့်ကြောင့် ဤအမှုမျိုးကို ပြုသနည်း" ဟုမေးသော် ဘုရားလောင်းက "မိမိ၏သီလကို စုံစမ်းလို၍ ပြု၏" ဟု ဆို၍ သီလ၏ ကျေးဇူးများကို မင်းအားဟောကြား၏။ နောက် သူသည် "ဤလောက၌ အမျိုးအနွယ်သည် ယုတ်ညံ့ပြီး သီလသည်သာ မြင့်မြတ်ကြောင်း သိရပေပြီ" ဟု ဆိုလျက် မင်းအား ခွင့်ပန်ပြီး ဟိမဝန္တာ တောသို့ဝင်၍ ရသေ့ရဟန်း ပြုလေ၏။

သူတော်ကောင်းတို့၏ ဥစ္စာအစစ်ကား အကျင့်သီလတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သီလကို စုံစမ်းတတ်သော ပုဏ္ဏားတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဘုရား=ပုရောဟိတ်ပုဏ္ဏား။]

၂၉၁၊ သုရာယဇဇာတ်

သိကြားမင်းနှင့် အရက်သမားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း သူဌေးသည် ကောင်းမှုတို့ကိုပြု၍ သေသော် သိကြားမင်းဖြစ်၏။ သူ၏သားသည် အသောက်အစား အပျော်အပါး ကြူးသဖြင့် မကြာမီပင် ပစ္စည်းဥစ္စာအားလုံး ကုန်၏။ သူသည် အထီးကျန်ဖြစ်ပြီး ပုဆိုးနှမ်းကိုဝတ်၍ တောင်းစား၏။ သိကြားမင်းသည် အလုံးစုံကို ပေးစွမ်းနိုင်သည့် အိုးတလုံးကို ယူလာ၍ သူချစ်သော သားအား "ဤအိုးသည် အလိုရှိသမျှကို ပေးနိုင်၏။ မကဲ့စေနှင့်" ဟု ဆို၍ ပေးပြီးပြန်၏။

ထိုအခါမှစ၍ ထိုသားသည် သေရည်(သုရာ)ကို လွန်စွာ သောက်၏။ တနေ့သ၌ သူသည် အရက်မူး၍ ထိုအိုး(ဃဋ)ကို ကောင်းကင်သို့ မြောက်၍

လက်ဖြင့်ခံသော် လဲ့ချော်ပြီး အိုးသည် မြေ၌ကျ၍ ကွဲ၏။ သူသည် တဖန် ဆင်းရဲ၍ ပုဆိုးနှမ်းကိုဝတ်ပြီး လှည့်လည်တောင်းစားလျက် ဆင်းရဲစွာ သေလေ၏။

လူမိုက်ကို ချီးမြှောက်ခြင်းကား အချည်းနှီးသာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''သေရည်သောက်ခြင်းဖြင့် မိဘဥစ္စာတို့ကို ဖျက်ဆီးသော (အနာထပိဏ်သူဌေး၏)တူကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အနာထပိဏ်သူဌေး၏တူ = အိုးကိုခွဲသော အရဂ်သမား။ ဘုရား = သိကြားမင်း။]

၂၉၂။ သုပတ္တဇာတ်
မင်းနှင့် ကျီးစစ်ဗိုလ်ကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'သုပတ္တ'ကျီးမင်းသည် 'သုဖဿာ'မိဖုရားကြီးနှင့်အတူ ကျီးရွာသောင်းခြံရံလျက် ဗာရာဏသီပြည်ကိုမှီ၍ နေ၏။တနေ့သ၌'သုမုခ'မည်သော ကျီးစစ်သူကြီးသည်'သုဖဿာ'အလှန်စားချင်သည့် မင်း၏ဘောဇဉ်ကို ယူဆောင်ရန် ကျီးအပေါင်းကို မြို့သို့ခေါ်သွား၍ စဖို့သည် အိမ်အနီး၌ အစုစုနေစေ၏။ သူသည် မင်း၏ဘောဇဉ်ကို ထမ်းပိုးဖြင့် နန်းတော်သို့ယူသွားသော စဖို့သည်နောက်သို့ ကျီးသူရဲရွာသောင်းနှင့်အတူ ကောင်းကင်ဖြင့်လိုက်၏။ စဖို့သည်သည် မင်းယင်ပြင်သို့ရောက်သော် သူသည် ကျီးတို့အား အမှတ်ကိုပေး၍ စဖို့သည်၏ ရင်ဥနှားလျက် ခြေသည်းတို့ဖြင့် ကုတ်ဖဲ့ပြီး နှာခေါင်ဖျားကို နှုတ်သီးဖြင့် ထိုးဆိတ်၍ အတောင်နှစ်ဖက်ဖြင့် မျက်နှာကို ပိတ်၏။

မင်းသည် လေသာတံခါးဖြင့် ထိုအခြင်းအရာကို မြင်၍ စဖို့သည်အား ''ထမင်းခွက်များကိုစွန့်၍ ကျီးကိုသာဖမ်းလော့'' ဟု ဆို၏။ စဖို့သည်သည် ထမင်းခွက်များကို စွန့်၍ ကျီးကို မြဲစွာဖမ်းယူစဉ်ပင် ကျီးသူရဲရွာသောင်တို့လာ၍ ဝအောင်စားပြီး အကျန်ကို ယူသွား၍ ကျီးမင်းနှင့် မိဖုရားတို့အား ပေး၏။ စဖို့သည်သည် ကျီးစစ်သူကြီးကို မင်းထံယူသွား၏။ မင်းကမေးသော် ကျီးစစ်သူကြီးက အကြောင်းစုံကိုပြောကြားပြီး ''ကျွန်ုပ်သည်ကျီးမင်းအတွက် အသက်ကိုစွန့်၍ ဤသို့ ကိစ္စကို အပြီးတိုင်ဆောင်ရွက်၏'' ဟု ဆို၏။

ထိုအခါ မင်းက ''လူဖြစ်သော ငါတို့သည် စည်းစိမ်ဥစ္စာ ကြီးစွာ ပေး၍လည်း ငါတို့အတွက် အသက်စွန့်သူကို မရနိုင်၊ သင်ကား အလွန်မြင့်မြတ်ပေ

၏''ဟု ဆို၍ ကျီးစစ်သူကြီးအား ထီးဖြူဖြင့် ပူဇော်၏။ ကျီးစစ်သူကြီးသည် ကျီးမင်း၏ကျေးဇူးကို ချီးကျူးပြောဆို၏။ မင်းသည် ကျီးမင်းကို ခေါ်စေ၍ တရားနာပြီး သတ္တဝါအားလုံးအား ဘေးမဲ့ပေးလေ၏။

တိရစ္ဆာန်သည် လူထက် သစ္စာရှိ၍ ကျေးဇူးသိစတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''လေနာထသည့်(ရာဟုလာ၏ မယ်တော်)ပဲ့မွာဒေဝီဆရိမအား ရှင်သာရိပုတ္တရာက ပေးသော ငါးကြင်း သားဟင်း,ထောပတ်နှင့်ရောသောသလေးဆမ်းကိုအကြောင်းပြု၍''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– သာရိပုတ္တရာ=ကျီးစစ်သူကြီး။ ရာဟုလာ မယ်တော်=ကျီးမိဖုရား။ ဘုရား=သုပတ္တကျီးမင်း။]

၂၉၃၊ ကာယနိဗ္ဗိန္ဒဇာတ်

ခန္ဓာကိုယ်စက်ဆုပ်သည့် ရဿေအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ပုဏ္ဏားသည် ဖျော့တော့သည့်ရောဂါစွဲကပ်၍ ဆေးဆရာတို့ မကုနိုင်သော် ''ဤရောဂါပျောက်လျှင် ရဟန်းပြုအံ့''ဟု အဓိဋ္ဌာန်ဖြင့် ဆေးတခုကို စား၏။ သူသည် ရောဂါပျောက်လျှင် ဟိမဝန္တာသို့ဝင်၍ ရဿေရဟန်းပြုပြီး စျာန်ချမ်းသာဖြင့် နေ၏။ သူသည် ''ဤကိုယ်ခန္ဓာကား အကောင်ပုပ်ကြီးဖြစ်၍ အမြဲနာလေ့ရှိ၏'' စသည်ဖြင့် ဆင်ခြင်လျက် ကိုယ်ခန္ဓာ၌ ငြီးငွေ့(ကာယနိဗ္ဗိန္ဒ)ပြီး ဗြဟ္မဝိဟာရတရားတို့ကို ပွားများလေ၏။

ခန္ဓာကိုယ်ကား အပုပ်ကောင်ကြီးသာ ဖြစ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အလားတူ ဖျော့တော့သည့် ရောဂါစွဲကပ်၍ရောဂါပျောက်လျှင်ရဟန်းပြုအံ့''ဟုအဓိဋ္ဌာန်သောယောကျ်ားတဦးကို ကြောင်းပြု၍''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဘုရား=ရဿေ။]

၂၉၄၊ ဇမ္ဗုခါဒကဇာတ်

ကျီးနှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သပြေတောအုပ်တခု၌ ရုက္ခစိုးနတ်ဖြစ်၏။ တနေ့သ၌ ကျီးတကောင်သည် လာ၍ ထိုသပြေပင်၌ နားလျက် သပြေသီးမှည့်ကို စား၏(ဇမ္ဗု ခါဒက)။ မြေခွေးတကောင်သည် လာ၍ အပေါ်၌ ကျီးကိုမြင်သော် သပြေသီးမှည့်တို့ကို စားလိုသဖြင့်

ကျီးအား မဟုတ်မမှန် မြောက်ပင့်ပြောဆို၏။ ဂ်ကျီးလည်း မြေခွေးအား တုံ့ပြန်၍ မြောက်ပင့်ပြောဆိုလျက် သပြေခက်ကိုလှုပ်၍ သပြေသီးမှည့်မျှားကို ကျစေပြီး မြေခွေးအား စားစေ၏။

ထိုအခါ ဘုရားလောင်းက "အန်ဖတ်ကိုစားသည့် ကျီးနှင့် အကောင်ပုပ်စားသည့်မြေခွေးတို့၊ သင်တို့သည် အချင်းချင်း မြောက်ပင့် ပြောဆိုကြ၏" ဟု ဆို၍ ၎င်းတို့ကို ခြောက်ပြ၍ ပြေးစေလေ၏။

လူမိုက်သည် လူမိုက်ကိုသာ နှစ်သက်ချီးမွမ်းတတ်၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်(ဇေတဝန်)ကျောင်းဌာနေစဉ် "အချင်းချင်း မဟုတ်မမှန် ချီးကျူးပြောဆိုကြသည့် 'ဒေဝဒတ်နှင့် ကောကာလိက'တို့ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=မြေခွေး။ ကောကာလိက=ကျီး။ ဘုရား=ရဟန္တစိုးနတ်။]

၂၉၅၊ အန္တဇာတ်

ကျီး,မြေခွေးနှင့် ကြက်ဆူပင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ရွာတရွာအနီးဌ ကြက်ဆူတောဝယ် ကြက်ဆူပင်စောင့်နတ် ဖြစ်၏။ တနေ့သဌ္ဌ လူတို့သည် သေသော နွားအိုကို ရွာမှ ထုတ်၍ ထိုတောဌ္ဌ စွန့်ကြ၏။ မြေခွေးတကောင်သည် လာ၍ ထိုနွားအို၏ အသားကို စား၏။ ကျီးတကောင်သည် လာ၍ ကြက်ဆူပင်ဌ နားလျက် အမဲသားကို စားလိုသဖြင့် မြေခွေးအား မဟုတ်မမှန် မြောက်ပင့်ပြောဆို၏။ မြေခွေးကလည်း တုံ့ပြန်၍ မြောက်ပင့်ပြောဆိုလျက် "အဆွေ လာလော့" ဟု ဖိတ်ခေါ်၏။

ထိုအခါ ဘုရားလောင်းက "သားတို့တွင် မြေခွေးသည် ယုတ်ညံ့၏(အန္တ)။ ငှက်တို့တွင် ကျီးသည် ယုတ်ညံ့၏။ သစ်ပင်တို့တွင် ကြက်ဆူပင်သည် ယုတ်ညံ့၏။ ဤအယုတ်သုံးဦးတို့ ပေါင်းဆုံမိကြ၏" ဟု ဆိုလေ၏။

လူမိုက်တို့သည် အချင်းချင်း မဟုတ်မမှန် ချီးကျူးကြမြဲတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "အချင်းချင်း မဟုတ်မမှန် ချီးကျူးပြောဆိုကြသည့်'ဒေဝဒတ်နှင့် ကောကာလိက'တို့ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=မြေခွေး။ကောကာလိက=ကျီး။ ဘုရား=ကြက်ဆူပင်စောင့်နတ်။]

၂၉၆၊ သမုဒ္ဒဇာတ်
ကျိုးနှင့် သမုဒ္ဒရာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ်ဖြစ်၏။ ထိုအခါ သမုဒ္ဒရာ (သမုဒ္ဒ) နားဦနေသည့် ကျီးတကောင်သည် သမုဒ္ဒရာပေါ် ပျံ၍ "သမုဒ္ဒရာရေကို ခွေတာ၍ သောက်ကြ" ဟု ငါးငှက်တို့ကို တားမြစ်လျက်သွား၏။ ဘုရားလောင်းက "သမုဒ္ဒရာဦပျံ၍ ငါးတို့ကို မြစ်သူကား အဘယ်နည်း" ဟု မေးသော် ထိုကျီးက "ငါသည် သမုဒ္ဒရာရေကိုသောက်သည့်ဂုဏ်တည်း။သမုဒ္ဒရာရေကိုသောက်လို၏" ဟုဆို၏။

ဘုရားလောင်းက "တလောကလုံး သောက်သော်လည်း သမုဒ္ဒရာရေသည် မကုန်နိုင်။ တစုံတယောက်သည် သမုဒ္ဒရာရေကို ကုန်အောင် မသောက်နိုင်" ဟုဆိုပြီး ထိုကျီးကို ချောက်ပြ၍ ပြေးစေလေ၏။

လူမိုက်သည် အစားအသောက်ကို အလွန်မက်မောတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဦနေစဉ် "အစားကြီး, ရမ္မက်ကြီးသော 'ဥပနန္ဒ' မထေရ်ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း– ဥပနန္ဒ–သမုဒ္ဒရာနားဦနေသည့်ကျီး။ ဘုရား=သမုဒ္ဒရာစောင့်နတ်။]

၂၉၇၊ ကာမဝိလာပဇာတ်
ကာမမီးနှင့် လူမိုက်အကြောင်း

[ဤဇာတ်သည် ပုပ္ပရတ္တဇာတ် (ဇာ-၁၄၇)နှင့် တူ၏။] အထူးကား မင်း၏ ဝတ်ပန်းကိုခိုးသော ထိုယောကျ်ားသည် တံကျင်လျှိုထားသည့် ဝေဒနာကို မရေတွက်ဘဲ "တံကျင်လျှိုသောဒဏ်ချက်သည် ငါ့ကို မနာကျင်စေ၊ 'ခေါင်းရင်းဦထားသည့် လက်စွပ်နှင့် ပုဆိုးအစုံကိုယူ၍ ရောင့်ရဲပါ' ဟူသော စကားကို ချစ်စွာသောမယားထံ ပို့ပေးပါ" ဟု၍ ကောင်းကင်ဖြင့် လာသော ကျီးအား မှာကြား၏။ သူသည် ကာမကိုမှီ၍ ငိုကြွေးမြည်တမ်းစဉ် (ကာမဝိလာပ) သေလေ၏။

လူမိုက်သည် မိန်းမအလိုလိုက်၍ မျက်စိးရသည်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းဦနေစဉ် "မယားဟောင်း ဖြားယောင်း၍ သာသနာဦ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ငြိုးငွေ့သော ရဟန်း=ထိုယောကျ်ား။ မယားဟောင်း=မယား။ ဘုရား=ထိုအကြောင်းကို မျက်မှောက်ပြုသောနံတ်။]

၂၉၈။ ဥဒုမ္ဗရဇာတ်
မျောက်ငယ်နှင့် မျောက်ကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည်တော၌ ရုက္ခစိုးနတ်ဖြစ်၏။ ထိုတော၌ အဆက်မပြတ် မိုးရွာသော် ကျောက်ဂူ၌ နေသည့် မျက်နှာနီမျောက်ငယ်တကောင်သည် ဂူတံခါးဝ၌ချမ်းသာစွာနေ၏။ထိုအခါ မိုးစိုရွှဲ ချမ်းနေသော မျက်နှာမဲ မျောက်ကြီးတကောင်သည် လှည့်လည်လျက် ထိုမျောက်ငယ်ကိုမြင်လျှင် သူ.ရှ.၌ ရပ်၍ ဗိုက်စူအောင်လုပ်ပြီး ဝသော ဟန်ကိုပြလျက် "ရေသဖန်း(ဥဒုမ္ဗရ)ပညောင်တို့သည် မှည့်ကုန်၏။ထွက်၍ စားလော့။ငတ်မွတ်သဖြင့်အဘယ့်ကြောင့်သေလိုဘိသနည်း" ဟု လှည့်စား၍ဆို၏။

မျောက်ငယ်သည် ထိုစကားကိုယုံ၍အသီးတို့ကို စားလိုသဖြင့်ထွက်ပြီးလှည့်လည်ရှာသော် အသီးတလုံးမျှ မရဘဲ ပြန်လာ၏။ သူသည် သူ.နေရာ၌ ဝင်နေသည့် မျောက်ကြီးကိုမြင်လျှင်တုံ.ပြန်၍လှည့်စားပြောဆို၏။မျောက်ကြီးက "မျောက်အိုမည့်သည် လှည့်စားသည့်စကားကို မယုံ။ သင် ဤနေရာကို မရပြီ။ သွားလော့" ဟုဆို၏။ ထိုမျောက်ငယ်သည် ထိုအရပ်မှ ထွက်ခွာသွားရလေ၏။

လူယုတ်မာသည် လူရိုးလူအကိုသာ လှည့်စားနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အာဂန္တုက ရဟန်းတပါးက လှည့်စား၍ နှင်ထုတ်အပ်သော ကျောင်းနေရဟန်းတပါးကိုအကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- ကျောင်းနေရဟန်း=မျောက်ငယ်။ အာဂန္တုကရဟန်း=မျောက်ကြီး။ဘုရား=ရုက္ခစိုးနတ်။]

၂၉၉။ ကောမာရပုတ္တဇာတ်
ရသေ့နှင့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ကောမာရပုတ္တ' ရသေ့သည် ဟိမဝန္တာဝ၌နေ၏။ ထိုအခါ ရယ်မောပြီး ကစားလေ့ရှိသည့် ရသေ့တို့သည် ဟိမဝန္တာဝ၌ ကျောင်းဆောက်၍ နေလာကုန်၏။ ထိုရသေ့တို့ ထံ၌ နေသည့် မျောက်တကောင်လည်း ကစားလေ့ရှိသည်သာ ဖြစ်၏။ ထိုရသေ့တို့ ထိုအရပ်၌ ကြာမြင့်စွာနေပြီး ချဉ်ဆားမှီဝဲရန် သွားကြသော် ဘုရားလောင်းသည် ထိုအရပ်သို့သွား၍နေ၏။ ဘုရားလောင်းက ဆုံးမပဲ့ပြင်

သဖြင့် ထိုမျောက်သည် အကျင့်သီလနှင့်ပြည့်စုံလာ၏။ နောက်ဘုရားလောင်းသည် အရပ်တပါးသို့ သွား၏။

ထိုရသေ့တို့ ထိုအရပ်သို့ ပြန်လာပြီး ရှေးကကဲ့သို့ ကစား ခြင်း မပြုသည့် မျောက်ကိုမြင်၍မေးသော် ထိုမျောက်က "ငါသည် 'ကောမာရပုတ္တ' မည်သော် ဆရာရသေ့ကို အမှီပြုသဖြင့် စျာန်ကို လုံ့လပြု၍နေ၏" ဟုဆို၏။ ထိုရသေ့တို့က "ကျောက်ဖျာ၌ပျိုးသည့် သစ်စေ့သည် မပေါက်နိုင်သကဲ့သို့ သင်သည် အလွန်စင်ကြယ်သည့်စျာန်အဆင့်ကို ကြံုးရုံမျှသာရှိ၍ စျာန်ကို မဖြစ်စေနိုင်" ဟု မျောက်ကို ကဲ့ရဲ့ကြလေ၏။

ပညာနည်းသူသည် လူမိုက်နှင့်ပေါင်းလျှင် လူမိုက်ဖြစ်ရ၏။

[မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌နေစဉ် "ကစားလွေ့ရှိသည့် ရဟန်းတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ကစားလွေ့ရှိသည့်ရဟန်းများ=ကစားလွေ့ရှိသည့်ရသေ့များ။ဘုရား=ကောမာရပုတ္တရသေ့]

၃၀၀၊ ဝကဇာတ်

သူတော်ယောင် သစ်ကျုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဂင်္ဂါနဒီရှိ ကျောက်ဖျာပေါ်၌ နေသော သစ်ကျုတ် (ဝက)တကောင်သည် တနေ့သ၌ ကျောက်ဖျာပေါ်တွင် အိပ်နေစဉ် ဂင်္ဂါ၌ ဆီးနှင်းရေသည်လာ၍ ထိုကျောက်ဖျာကို ခြုံရုံ၏။ သူသည် အပြင်ထွက်၍ မကျက်စားနိုင်သဖြင့် "အပြင်ထွက်၍ ရေ၌ သေခြင်းထက်ဥပုသ် ဆောက်တည်ခြင်းက မြတ်၏" ဟု ကြံပြီး ဥပုသ်ကို ဆောက်တည်၍အိပ်၏။

ဘုရားလောင်း သိကြားမင်းသည် ထိုသစ်ကျုတ်ကို စုံစမ်းရန် ဆိတ်အသွင်ဖြင့်လာ၍ သူ့ရှေ့၌ရပ်၏။ သစ်ကျုတ်သည် "တခြားနေ့၌ ဥပုသ်ကို စောင့်အံ့" ဟု ထ၍ ထိုဆိတ်ကိုဖမ်းရန် ပြေးလာ၏။ ဆိတ်သည် ထိုမှ ဤမှ ပြေး၍ ရှောင်တိမ်း၏။ သစ်ကျုတ်သည် ထိုဆိတ်ကို ဖမ်းမရသဖြင့် ပြန်လာ၍ "ငါ့ဥပုသ် မပျက်သေး" ဟု တဖန်အိပ်၏။ထိုအခါသိကြားမင်းကသိကြားမင်းအသွင်ဖြင့် ကောင်းကင်၌ရပ်၍ "စိတ်ဆန္ဒအားနည်းသော သင့်အား ဥပုသ် ဆောက်တည် ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ထိုသစ်ကျုတ်ကို ကဲ့ရဲ့၍ နတ်ပြည်သို့ သွားလေ၏။

ဟန်ဆောင်သူသည် တနေ့တွင် ဇာတိပေါ်သည်သာတည်း။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အားနည်းသည့်စိတ်ဆန္ဒဖြင့် ဓုတင်ကို ဆောက်တည်ကြသော ရဟန်းများကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား=သိကြားမင်း။]



၃၀၁၊ စူဠကာလိင်္ဂဇာတ်

စစ်ပြိုင်သည့် မင်းနှစ်ပါးအကြောင်း

ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ 'ကာလိင်္ဂမင်း' မင်းပြုသော် အဿကတိုင်း ပါဠလိမြို့၌ 'အဿက'မင်းသည် မင်းပြု၏။ ကာလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါ နှင့် ပြည့်စုံပြီး စစ်ထိုးဘက်ကို မမြင်၍ သူ့သမီးလေးယောက်ကို ဗိုလ်ပါ များစွာ ခြံရံလျက် ဇမ္ဗူဒိပ်၌ လှည့်လည်စေပြီး "ဤမင်းသမီးများကို ယုလို့ သူသည် ထိုမင်းနှင့် စစ်ထိုးရမဲ့သည်"ဟု ဆိုစေ၏။ ရောက်ရာ အရပ်တိုင်း၌ မင်းတို့ သည် ကြောက်၍ ထိုမင်းသမီးများ မြို့တွင်းသို့ ဝင်ခွင့် မပေးဘဲ လက်ဆောင် ကိုသာ ပို့စေ၏။ အဿကမင်းလည်း မြို့တံခါးများကို ပိတ်စေ၍ လက်ဆောင် များကို ပို့စေ၏။

ထိုအခါ အဿကမင်း၏'နန္ဒိသေန'မည်သော အမတ်သည်သွား၍မြို့တံခါး ကို ဖွင့်စေပြီး ထိုမင်းသမီးတို့ကိုယူ၍ မင်းအား "ကျွန်ုပ်တို့သည် ကာလိင် မင်းနှင့် စစ်ထိုးအံ့"ဟုဆို၍ ပေး၏။ ထိုမင်းသမီးများနှင့် အတူလာကြ သူတို့ ပြန်၍ ကာလိင် မင်းအား ထိုအကြောင်းကို ပြောကြား၏။ ကာလိင်္ဂမင်းသည် ထိုခဏ၌ပင် စစ်သည်ဗိုလ်ပါနှင့်ထွက်၏။ နန္ဒိသေနအမတ်က "မင်းနှစ်ပါးတို့၏ နိုင်ငံနှစ်ခု အကြား၌သာ စစ်ထိုးမည်"ဟု ကာလိင်္ဂမင်းထံ မှာစာပို့စေ၏။ မင်းနှစ်ပါးသည် မိမိတို့ နိုင်ငံအပိုင်းအခြား၌သာ ရှိနေကြ၏။

ထိုအခါ ဘုရားလောင်းရသေ့သည် ထိုမင်းနှစ်ပါး၏ တိုင်းနှစ်ခုအကြား ၌ နေ၏။ ကာလိင်္ဂမင်းသည် ဘုရားလောင်းထံ သွား၍ ထိုစစ်ထိုးခြင်း အကြောင်း လျှောက်ထားပြီး "ဘယ်မင်း အောင်မည်နည်း"ဟု မေး၏။ ဘုရားလောင်းသည် ကိုအကြောင်းကို လာခစားသည့် သိကြားမင်းအား မေးပြီး နောက်တနေ့လာသည့် ကာလိင်္ဂမင်းအား "သင်သည်အောင်၍ အဿကမင်းရှုံးမည်"ဟု ဆို၏။ ကာလိင်္ဂမင်းသည် "ငါ အောင်မည်"ဟု ဝမ်းသာ၍ ပြန်၏။

နန္ဒိသေနသည် ထိုစကားကို ကြားလျှင် ဘုရားလောင်းထံ သွား၍ "အောင်မည့်မင်းနှင့်ရှုံးမည့်မင်းတို့၏ပုဗ္ဗနိမိတ်များသည်အသို့ဖြစ်မည်နည်း" ဟု မေး၏။ ဘုရားလောင်းက "အောင်မည့်မင်း၏ အစောင့်နတ်သည် ဥသဘဖြူ ဖြစ်မည်။ ရှုံးမည့်မင်း၏ အစောင့်နတ်သည် ဥသဘနက် ဖြစ်မည်။ထိုနတ်နှစ်ဦးစစ်ထိုး၍ အောင်ခြင်းရှုံးခြင်းကို ပြုကြမည်" ဟု ဆို၏။ စစ်ထိုးခြင်းစသော် မင်းနှစ်ပါးသည် မြင်းစီး၍ တဦးကိုတဦး ချဉ်းကပ်ကြ၏။ မင်းနှစ်ပါး၏ အစောင့်နတ်တို့လည်း မင်းနှစ်ပါးအား သာ မြင်စေလျက် ဥသဘများအသွင်ဖြင့် ရှေ့ကလာ၍ အချင်းချင်းစစ်ထိုးရန် ချဉ်းကပ်ကြ၏။

ထိုအခါ နန္ဒိသေနက အဿကမင်းအား "သိန္ဓောမြင်း၏ နံဘေးဥလက်ဝဲလက်ဖြင့် မြဲစွာ ဖက်ကိုင်၍လျင်မြန်စွာသွားပြီး၊ကာလိင်္ဂမင်း၏အစောင့်နတ်ကိုလှံဖြင့်ထိုးလော့" ဟုဆို၏။အဿကမင်းသည်ထိုသို့သွား၍လှံဖြင့်ထိုးသော် နန္ဒိသေနနှင့်တကွ သူရဲတထောင်တို့လည်း လှံတထောင်ဖြင့် ထိုနေရာသို့ပစ်၍ ထိုးကြ၏။ ထိုအစောင့်နတ်သည် ထိုနေရာ၌ပင် သေ၏။ထိုခဏ၌ ကာလိင်္ဂမင်းသည် စစ်ရှုံး၍ ပြေးလေ၏။

ရန်သူကို အထင်သေးပြီး ဇွဲလုံ့လနည်းလျှင် စစ်ရှုံးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝါဒရေးရာ စစ်ထိုးရာတွင် ရှင်သာရိပုတ္တရာအားရှုံးသဖြင့် ရဟန်းပြုသည့် ပရိပိုင်မလေးဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ပရိပိုင်မလေးဦး=ကာလိင်္ဂမင်း၏ သမီးလေးဦး။ သာရိပုတ္တရာ=နန္ဒိသေန။ ဘုရား = ရသေ့။]

၃၀၂။ မဟာအဿာရောဟဇာတ်

မင်းနှင့်တောသားကြီးအကြောင်း

ဘုရားလောင်း ဗာရာဏသီမင်းသည် တနေ့သ၌ ခိုးသူဖျက်သည့် ပစ္စန္တရစ်ကို ငြိမ်းစေရန် စစ်သည်ဗိုလ်ပါနှင့် သွားရာ စစ်ရှုံးသဖြင့် မြင်းစီး၍ ပြေးသော် ပစ္စန္တရစ် ရွာတခုသို့ မြင်းစီးဝင်သွား၏။ ရွာသားတို့သည် ကြောက်၍ အိမ်ထဲဝင်ကြ၏။

ယောကျ်ားတဦးသည်မင်းအား ခရီးဦးကြိုပြု၍မေးသော်မင်းက "ငါသည် မင်းချင်းယောကျ်ားတဦးတည်း" ဟု ဆို၏။ ထိုသူသည် မင်းကိုအိမ်သို့ခေါ်ဆောင်၍ အင်းပျဉ်၌ နေစေပြီး မယားအား မင်း၏ ခြေများကို ဆေးစေ၏။ သူသည်မင်းကို သုံးလေးရက် ကောင်းစွာ ကျွေးမွေးပြုစု၏။ နောက်

မင်းက သူ့အား "အဆွေ၊ ငါသည် မြင်းစီးကြီး (မဟာအဿာရောဟ)မည်၏။ မြို့လယ်၌ ငါ့အိမ်တခုရှိ၏။ ကိုစ္စတစုံတခုဖြင့် မြို့သို့ လာသော် တောင် တံခါး၌ရပ်၍တံခါးစောင့်ကိုမေးပြီး ထိုသူကိုခေါ်လာလော့"ဟု ဆို၍ မြို့သို့ သွားပြီးတံခါးစောင့်အား ထိုအကြောင်းကိုပြောကြား၍နှန်းတော်သို့ဝင်၏။

တနေ့သ၌ ထိုယောကျ်ားသည် တောဖြစ် အဝတ်အထည် ဆီကြော်မုံ့ စသည် လက်ဆောင်များကို ယူပြီး မင်းမှာသည့်အတိုင်းသွား၍ မင်းထံရောက်၏။ မင်းသည် သူ့အားရာဇပလ္လင်၌ နေစေ၍ မိဖုရားကြီးအား သူ၏ ခြေတို့ကို ဆေးစေ၏။ မင်းသည် ထိုသူယူခဲ့သည့် မုံ့နှင့်အဝတ်ကို စား၍ ဝတ်၍ မိဖုရားအားလည်း စားစေ၏။ ဝတ်စေ၏။ မင်းသည် ထိုသူ့အား မင်း၏ ဘောဇဉ်ကို ကျွေး၍ မင်းတန်ဆာဖြင့် ဆင်စေပြီး ပြည်တဝက်ကို ပေး၏။ ထိုမင်းနှစ်ဦးတို့သည် အတူစား, အတူအိပ်၍ အလွန်ချစ်ခင်စွာ နေကြလေ၏။

ပညာရှိသည် ကျေးဇူးရှိသူကို အတိုင်းမသိကျေးဇူးဆပ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သူတပါးအား ကျေးဇူးတို့ ပြန်တတ်သော အာနန္ဒာမထေရ်ကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**–အာနန္ဒာ= ပစ္စန္တရစ်ရွာသား။ ဘုရား=ဗာရာဏသီမင်း။]

၃၀၃၊ ကေရာဇ ဇာတ်

မင်းကောင်းနှင့် မင်းမိုက်အကြောင်း

ဘုရားလောင်း ဗာရာဏသီမင်းသည် တနေ့သ၌ နန်းတွင်း၌ ပြစ်မှားသည့် အမတ်ကို နှိုင်ငံမှ နှင်ထုတ်၏။ ထိုအမတ်သည် ကောသလမင်းထံ သွားခစား၏။ [မဟာသီလဝဇာတ်(၎-၅၁) အတိုင်း] ကောသလမင်းသည် ဘုရားလောင်းကို ဖမ်းပြီး ဆိုင်းထဲထည့်စေ၍ မြောက်တံခါး၌ ဦးခေါင်း စောက်ထိုးဆဲစေ၏။ ဘုရားလောင်းသည် ခိုးသူမင်းကိုအာရုံပြု၍ မေတ္တာစျာန်ကို ပွါးသော် အနှောင်အဖွဲပြတ်ပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွနေ၏။

ထိုအခါ ခိုးသူမင်း၏ ကိုယ်သည် လွန်စွာပူ၍ မြေ၌ လူးလိမ့်နေရသဖြင့် မေးရာ အမတ်တို့က "တရားစောင့်သည့် မင်းကို ပြစ်မှားသောကြောင့်" ဟု ဆိုကြ၏။ ခိုးသူမင်းသည် လျင်စွာသွား၍ ကောင်းကင်၌ တည်နေသည့် ဘုရားလောင်းကို ရှိခိုးကန်တော့ပြီး "ကေရာဇ်မင်းမြတ် (ကေရာဇ) သင့်ပြည်ကို သင်သာ မင်းပြုပါလော့"ဟု ဆို၍ မိမိမြို့သို့ ပြန်သွား၏။ ဘုရားလောင်းသည်အမတ်တို့အား တိုင်းပြည်ကိုအပ်နှင်း၍ ရသေ့ရဟန်းပြုလေ၏။

လူမိုက်သည် သူတော်ကောင်းကို မကောင်းကြီလျှင် ခံရမည်သာ။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် ''အလားတူနန်းတွင်း၌ပြစ်မှား၍ နိုင်ငံမှနှင်ထုတ်ခြင်းခံရသော (ဒကာသလမင်း၏) အမတ်တဦးကို အစွဲကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း– အာနန္ဒာ=ကောသလမင်း။ ဘုရား=ဗာရာဏသီမင်း။]

၃၀၄၊ ဒဒ္ဒရဇာတ်

အပြစ်ရသည့် နဂါးဆိုးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် 'ဒဒ္ဒရ' နဂါးပြည်၌ 'ဒဒ္ဒရ' နဂါးမင်း၏ သားဖြစ်၍ 'မဟာဒဒ္ဒရ' မည်၏။ သူ့ညီကား 'စူဠဒ္ဒရ' မည်၏။ နဂါးမင်းသည် ကြမ်းကြုတ်သော၊ အမျက်ထွက်တတ်၊ ဆဲရေးတတ်သော စူဠဒဒ္ဒရကို နှစ်ကြိမ်တိုင် နဂါးပြည်မှ နှင်ထုတ်သော်ဘုရားလောင်းက အဖကို သည်းခံရန် ပြော၍ တားမြစ်၏။ တတိယအကြိမ်၌မူ နဂါးမင်းသည် နဂါးညီအစ်ကို နှစ်ဦးလုံးအား ''သင်တို့နှစ်ဦး နဂါးပြည်မှ ထွက်၍ ဗာရာဏသီပြည်၌ မစင်စွန့်ရာမြေတွင် သုံးနှစ်လုံး နေကြလော့'' ဟု ဆို၍ နှင်ထုတ်၏။ ထိုညီနောင် နဂါးနှစ်ဦးတို့သည် ထိုအရပ်သို့သွား၍ နေကြ၏။ သူတို့သည် နှစ်ပြည့်၍ အဖက ပြန်ခေါ်သဖြင့် နဂါးပြည်သို့ ပြန်သွားကြ၏။ ထိုအခါမှစ၍ 'စူဠဒဒ္ဒရ'သည် မာန်ခက်ထန်ခြင်းကင်းလေ၏။

မာန်ခက်ထန်သူသည် တနေ့တွင် ဆိုးကျိုးကို ခံရသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''အမျက်ထွက်တတ်သည့် ရဟန်းတပါးကို အစွဲကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– အမျက်ထွက်တတ်သော ရဟန်း=စူဠဒဒ္ဒရနဂါး။ ဘုရား=မဟာဒဒ္ဒရနဂါး။]

၃၀၅၊ သီလဝီမံသနဇာတ်

သီလကို စုံစမ်းသည့် ဆရာအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ပုဏ္ဏားလုလင်သည် ထိုမြို့၌ ဒီသာပါမောက္ခ ဆရာထံတွင် လုလင်ငါးရာတို့၏ အကြီးဖြစ်၍ အတတ်ကို သင်၏။ တနေ့သ၌ ဆရာသည် ''လုလင်တို့၏ သီလကို စုံစမ်း၍ (သီလဝီမံသန) ငါ့သမီးကို သီလရှိသူအား ပေးအံ့'' ဟု ကြံ၍၊ လုလင်တို့အား ''ငါ့သမီးကို ထိမ်းမြားမင်္ဂလာပြုလို၏။ သင်တို့သည် မိမိ

တို့၏ ဆွေမျိုးများအား မမြင်စေဘဲ အဝတ်တန်ဆာတို့ကို ခိုးယူခဲ့လော့” ဟု ဆို၏။

လုလင်တို့သည် သွား၍ ဆွေမျိုးများ မမြင်စဉ် အဝတ်တန်ဆာတို့ကို ခိုးယူခဲ့ကြ၏။ ဘုရားလောင်းကား အဝတ်တခုမျှ မယူခဲ့ပေ။ ဆရာက မေးသော် သူက“ခိုးခြင်းသည် မကောင်းမှုဖြစ်၏။ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိ။ ထို့ကြောင့် မယူခဲ့”ဟု ဆို၏။ ဆရာသည် နှစ်သက်၍ သူ့အား မိမိသမီးကို ပေးပြီး ကျန်လုလင်တို့အား သူတို့ယူခဲ့သည့် အဝတ်တန်ဆာများကို အိမ်သို့ ပြန်ပို့ခိုင်းလေ၏။

မကောင်းမှုကို ကြံစည်ဖြိုလုပ်ခြင်း၌ ဆိတ်ကွယ်ရာမရှိ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် “ညအခါ ကာမဝိတက်တို့ကို ကြံစည်ကြသည့် ရဟန်းငါးပါးကို အကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**–သာရိပုတ္တရာ=ဆရာ။ ဘုရား=ပညာရှိလုလင်။]

၃၀၆၊ သုဇာတာဇာတ်

ဆီးသီးသည် မိဖုရားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ တနေ့သ၌ မင်းသည် လေသာပြူတင်းမှ မင်းယင်ပြင်ကို ကြည့်စဉ် ဆီးသီးတောင်းကို ရွက်ပြီး “ဆီးသီး ဝယ်ကြပါ”ဟု အော်လျက် သွားသည့် ‘သုဇာတာ’ အမည်ရှိ ဟင်းရွက်သည်မကိုမြင်၍ တပ်မက်သဖြင့် ခေါ်စေပြီး မိဖုရားကြီး အရာ၌ ထား၏။

တနေ့သ၌ မင်းသည် ရွှေခွက်၌ ထည့်၍ ဆီးသီးများကို စားနေစဉ် သုဇာတာက “အဘယ်အသီးများကို စားသနည်း” ဟု မေး၏။ မင်းသည် “သင့်ဆွေမျိုးတို့၏ ဥစ္စာဖြစ်သည့် ဆီးသီးများကို မသိသလော”ဟု အမျက်ထွက်၍ “ဤမိန်းမယုတ်ကို သူ့နေရင်းအိမ်သို့ ပြန်ပို့လော့”ဟု ဆို၏။ ဘုရားလောင်းက မင်းအား “ဤမိဖုရား၏ မေ့လျော့ခြင်း အပြစ်ကို သည်းခံပါ” စသည်ဖြင့် လျှောက်ထား၏။ မင်းသည် မိဖုရား၏အပြစ်ကို သည်းခံလေ၏။

နိဗ္ဗိကျသူသည် ကြီးပွားလာလျှင် စည်းစိမ်မာန်ယစ်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “စည်းစိမ်မာန်ယစ်သဖြင့် ကောသလမင်းကြီး၏အမျက်ထွက်အပ်သောမလ္လိကာမိဖုရားကိုအကြောင်းပြု၍” ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**- ကောသလမင်း = ဗာရာဏသီမင်း။ မလ္လိကာ = သုဇာတာ။ ဘုရား=အမတ်။]

၃၀၇၊ ပလာသဇာတ်

ရဂ္ဂစိုးနှင့် သူဆင်းရဲအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် မြို့အနီး အနားဦ့ ပေါက်ပင် (ပလာသ)စောင့် ရဂ္ဂစိုးနတ်ဖြစ်၏။ ဗာရာဏသီပြည် သားတို့သည် နတ်တို့အား ကိုးကွယ်၍ အမြဲ ပူဇော်လေ့ရှိကြ၏။ ဆင်းရဲသား ပုဏ္ဏားတဦးသည် ထိုပေါက်ပင်ရင်းဦ့ နေ့စဉ် သုတ်သင် ရှင်းလင်း၍ ပန်း နံ့သာတို့ဖြင့် ပူဇော်ပြီး ဆီမီးထွန်း၍ "ချမ်းသာစွာ အိပ်ရပါ၏လော" ဟု ဆိုပြီး သစ်ပင်ကို လက်ျာရစ်လှည့်၍ သွားလေ့ရှိ၏။

တနေ့သဦ့ ဘုရားလောင်းသည် ပုဏ္ဏားအသွင်ဖြင့် လာပြီး ထိုပုဏ္ဏားအား "အဘယ်ကြောင့် ဤသို့အမြဲလုပ်ကျွေးသနည်း" ဟုမေး၏။ထိုပုဏ္ဏားက "ဥစ္စာကို လိုချင်၍ ပူဇော်၏" ဟု ဆို၏။ ဘုရားလောင်းက "ငါသည် ဤပေါက်ပင်၏ ရဂ္ဂစိုးနတ်တည်း" ဟု ဆို၍ နတ်အသွင်ဖြင့် ကောင်းကင်ဦ့ ရပ်လျက် "ဤမည်သော ညောင်ကြပ်ပင်ရင်းဦ့ မြုပ်ထားသည့် ရွှေအိုးကို ငါ့တန်ခိုးဖြင့်ယူဆောင်၍ သင့်အိမ်တွင် ဤမည်သောနေရာဦ့ မြုပ်ထားအံ့။ ထိုဥစ္စာကို အသက်ထက်ဆုံး သုံးဆောင်ပြီး ကောင်းမှုများကို ပြုလော့" ဟု ဆိုပြီး ထိုဥစ္စာကို မိမိတန်ခိုးဖြင့် ပုဏ္ဏားအိမ်ဦ့ တည်စေလေ၏။

ပညာရှိကို ဆည်းကပ် လုပ်ကျွေးလျှင် ကြီးပွားမည်သာ။

[မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံရာ ညောင်စောင်းဦ့ လျောင်းလျက် "ဘုရား အား နှစ်ဆဲ့ငါးနှစ်ပတ်လုံး လုပ်ကျွေးပြီး တစုံတခု အကျိုးထူးကို မရသဖြင့် ပူဆွေးသောကရောက်၍ ငိုနေသော အာနန္ဒာကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ = ပုဏ္ဏား။ဘုရား = ရဂ္ဂစိုးနတ်။]

၃၀၈၊ သကုဏဇာတ်

သစ်တောက်ငှက်နှင့် ခြင်သေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း သစ်တောက်ငှက်(သကုဏ)သည် တနေ့သဦ့ အစာရှာသွားနေစဉ် အရိုးငြို၍ လည်ဖျားဖျားရောင်သဖြင့် အစာမမျိုနိုင်သည့် ခြင်သေ့တကောင်ကို တွေ့မြင်၏။ ခြင်သေ့က တောင်းပန်သဖြင့် သူသည် ခြင်သေ့အား ခံတွင်းကို ဖွင့်စေပြီး နှုတ်ခမ်းနှစ်ခုကို တုတ်တံဖြင့် ထောက်လျက် ခံတွင်းထဲဝင်၍ အရိုးကိုနှုတ်သိမ်း

ဖြင့် နုတ်ပြီးထုတ်၏။ နောက် ထောက်ထားသည့် တုတ်တံကို နှုတ်သီးဖြင့် ခတ်ချပြီး ခံတွင်းမှထွက်၍ သစ်ကိုင်းဌ နား၏။

ခြင်္သေ့သည် ရောဂါကင်း၍ တနေ့သဌ် တောကျဲတကောင်ကို သတ်စား နေ့၏။ ထိုဌက်သည် လာ၍ ခြင်္သေ့ကို စုံစမ်းရန် သစ်ပင်ဌ နားလျက် "ငါသည် သင့်ကိစ္စကို ပြုခဲ့၏။ ငါ့အား အမဲသား အနည်းငယ်ပေးမည် လော"ဟု ဆို၏။ ခြင်္သေ့က "သင်သည် ငါ့သွားကြားထဲသို့ ရောက်ပြီး၍ အသက်ရှည်စွာ နေရခြင်းသည်ပင် သင့်အား ငါ၏ ပူဇော်ခြင်းဖြစ်၏"ဟု ဆို၏။ ထိုအခါ ဌက်က "ကျေးဇူး မသိသူကို မှီဝဲခြင်းသည် အကျိုးမရှိ" စသည်ဖြင့် ဆို၍ ဖဲ့သွားလေ၏။

လူမိုက်သည် ကျေးဇူးကန်းတတ်၍ မပေါင်းအပ်သည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌနေစဉ် "ဒေဝဒတ်၏ ကျေးဇူး မသိ တတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဒေဝဒတ် = ခြင်္သေ့။ဘုရား = သစ်တောက်ဌက်။]

၃၀၉၊ ဆဝဇာတ်

မင်းနှင့် စဏ္ဍာလအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'စဏ္ဍာလ'သည် တနေ့သဌ် သရက်သီးတုံးချိန်တွင် သရက်သီးစားချင်သည့် မယားအတွက် သရက်သီး မပြတ်သီးသည့် မင်း၏ ဥယျာဉ်သို့ ညအခါ သွား၏။ သူသည် သရက်ပင်ပေါ် တက်၍ သရက်သီးကို လှည့်လည်ရှာစဉ် အရုဏ်တက်၍ ဆင်းသွားလျှင် အဖမ်းခံရမည် စိုးသဖြင့် "ညအခါ သွားအံ့" ဟု ကြံ၍ ပုန်းနေ၏။

ထိုအခါ ဗာရာဏသီမင်းသည် ဥယျာဉ်သို့ ဝင်၍ ထိုသရက်ပင်ရင်းဝယ် မြင့်သောနေရာဌနေပြီး ဆရာပုရောဟိတ်ကို နိမ့်သောနေရာ (ဆဝ)ဌ နေစေ၍ ဗေဒင်တို့ကို သင်ယူ၏။ ဘုရားလောင်းသည် သစ်ပင်မှဆင်း၍ တဲ့လျား ကျသည့် အခက်တခုကို ကိုင်ပြီး မင်းနှင့် ပုရောဟိတ် အာလယ်ဌ ရပ်လျက် "ကျွန်ုပ်သည် ပျက်၏။ သင်သည် တော့ဝေ၏။ ပုရောဟိတ်သည် ရမ္မက်ကြီး ၏"ဟုဆို၏။မင်းကမေးသော် သူက "နေရာအမြင့်ဌနေ၍ ဗေဒင်သင်ယူသည့် သင်မင်းကြီး, နေရာအနိမ့်ဌ နေ၍ ဗေဒင်သင်ပေးသည့်! ဤပုဏ္ဏား, မိန်းမ အလိုသို့လိုက်သည့် ကျွန်ုပ် အားလုံး တရားမစောင့်"ဟု ဆို၏။ မင်းသည်

နှစ်သက်၍ သူ့အား မြို့စောင့်အဖြစ် ခန့်၏။ ထိုအခါမှစ၍ မင်းသည် ဆရာအား ရိုသေခြင်းကို ပြုပြီး နေရာအနိမ့်၌ နေ၍ ပေဒင်တို့ကို သင်ယူလေ၏။

မြတ်သောသူကို မြင့်သောနေရာ၌ထားမှသာ ရိုသေရာရောက်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''နေရာအမြင့်၌ နေသူအား နေရာအနိမ့်၌နေ၍ တရားဟောသည့် 'ဆဗ္ဗဂို' ရဟန်းတို့ကိုအကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း** - အာနန္ဒာ = မင်း။ ဘုရား = စဏ္ဍာလ။]

၃၁၀၊ သေယျဇာတ်

မင်းနှင့် ပုရောဟိတ်သားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် သူ့သားနှင့် တနေ့တည်း ဖွားသော ပုရောဟိတ်၏သား(ဘုရားလောင်း)ကို ယူ၍ သူ့သားနှင့်အတူ မွေးမြူစေ၏။ ထိုသူနှစ်ဦးသည် အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ အတတ်သင်ပြီး၍ ပြန်လာကြ၏။ နောက် မင်းကွယ်လွန်သော် မင်းသားသည် မင်းဖြစ်၍ စည်းစိမ်ကို ခံစား၏။ ဘုရားလောင်းက ''ငါ့အဆွေသည် ငါ့အား သတိရသောအခါ ပုရောဟိတ်အရာကို ပေးမည်။ ငါသည် အိမ်၌နေ၍ အကျိုးမရှိ''ဟု ကြံ၍ ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်းပြု၏။

ထို့နောက် မင်းသည် ဘုရားလောင်းကိုသတိရ၍ မေးသော် ဟိမဝန္တာ၌ ရဟန်းပြုကြောင်း ကြားသိလျှင် 'သေယျ' အမတ်အား သူ့အဆွေကိုသွားခေါ်ခိုင်း၏။ ဘုရားလောင်းက ထိုအမတ်အား ''လောကီစည်းစိမ် မှုန်သမျှကို ငါစွန့်ပြီ''ဟု ဆို၍ အကြိမ်ကြိမ်ပယ်သဖြင့် ထိုအမတ်သည် ပြန်သွားလေ၏။

ပညာရှိသည် လူ့စည်းစိမ်ထက် စိတ်ချမ်းသာမှုကို မြတ်နိုး၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- အာနန္ဒာ=မင်း။ သာရိပုတ္တရာ=သေယျအမတ်။ ဘုရား=ပုရောဟိတ်သား။]

၃၁၁၊ ပုစိမန္ဒဇာတ်

ခိုးသူနှင့် တမာပင်နတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြို့၏သုသာန်တော်၌ တမာပင်စောင့်နတ်ဖြစ်၏။ ထိုကာလ၌ သူ့တမာပင် (ပုစိမန္ဒ) ၏ အခက်တို့ကို ဖြတ်ပြီး တံကျင်ပြု၍ ဖမ်းမိသည့် ခိုးသူများကို လျှို့ကြ၏။

တနေ့သဒ္ဒ ခိုးသူတဦးသည် မြို့တံခါးရွာမှ ခိုးပြီး၍ ထိုတမာပင်ရင်းဒဋ္ဌ ဥစ္စာထုပ်ကိုထား၍အိပ်၏။ ဘုရားလောင်းက သူ့တမာပင်ပျက်စီးမည်စိုး၍ထိုခိုးသူအား "မင်းချင်းယောကျ်ားတို့ သင့်ကို မဖမ်းမီပြေးလေ့" ဟု ချောက်၍ပြေးစေ၏။

အနီးအပါးနေ ညောင်ပင်စောင့်နတ်က လာမေးသော် သူက "ငါ့တမာပင်မှ အခက်တို့ကိုဖြတ်ပြီး တံကျင်ပြု၍ လျှိုခြင်းကို ငါရှု၏" ဟု ဆို၏။ ထိုခဏာဒဋ္ဌ ဥစ္စာရှင်တို့သည် မီးရှူးကိုကိုင်လျက် ထိုသူ၏ ခြေရာအစဉ် အတိုင်းလာ၍ ထိုတမာပင်ရင်းဒဋ္ဌ ခိုးသူ၏အိပ်ရာကိုမြင်၍ ခိုးသူကို ရှာမတွေ့သဖြင့် ပြန်သွားကြ၏။ ထိုအခါ ညောင်ပင်စောင့်နတ်က "ပညာရှိသည် ရှု ရှာအပ်သည်တို့ကို: ရှု ရှာရာ၏။ လာမဲ့ဘေးကို စောင့်ရှောက်ရာ၏" ဟု ဆိုလေ၏။

ပညာရှိသည် လာမည့်ဘေးကိုမြင်၍ ကြိုတင်ကာကွယ်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဒဋ္ဌ နေစဉ် "မိမိ၏ ကုဋုံပရိဝုဏ်အရံအတွင်းဒဋ္ဌ လာ၍ခိုအောင်းသော ခိုးသူကို နှင်ထုတ်သည့် ရှင်မောဂ္ဂလ္လာန်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ဝေါဟာရ- အာနန္ဒာ=ညောင်ပင်စောင့်နတ်။ ဘုရား=တမာပင်စောင့်နတ်။]

၃၁၂။ ကဿပမဒ္ဒီယဇာတ်

လူကြီးနှင့် လူငယ်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းပဏ္ဍာသည် အမိသေသော် အဖနှင့်ညီငယ်ကိုယူပြီး ရသေ့ရဟန်းပြု၍ ဟိမဝန္တာဒဋ္ဌ နေ၏။ မိုးကာလဒဋ္ဌ ထိုရသေ့သုံးဦးတို့သည် လူ့ပြည်သို့သွား၍ နေကြ၏။ မိုးကုန်၍ ပြန်လာသော် ဘုရားလောင်းသည် ခရီးအကြာဒဋ္ဌ အဖနှင့်ညီအား "ငါသည် ရှေ့မှသွားနှင့်၍ ကျောင်းကိုသုတ်သင်အံ့။ တဖြည်းဖြည်းနောက်မှလိုက်လာလော့" ဟု ဆို၍ ရှေ့မှသွားနှင့်၏။တဖြည်းဖြည်းသွားသော် သားရသေ့သည် အဖရသေ့ကြီးကို နှစ်ကြိမ်သုံးကြိမ် ဦးခေါင်းဖြင့် နှိပ်ဘိသကဲ့သို့ သွား၏။ ရသေ့ကြီးသည် အမျက်ထွက်တတ်သူဖြစ်၍ ပြန်ပြီး အစမှ စ၍ လာ၏။

ဤသို့ သားအဖရသေ့တို့ ရန်ဖြစ်စဉ်ပင် မှောင်မိုက်၏။ ဘုရားလောင်းသည် မီးရှူးကိုင်လျက် ခရီးဦးကြို၍ ထိုရသေ့နှစ်ဦးကိုမြင်လျှင် "အဘယ့်ကြောင့် ဤမျှလောက်ကြာသနည်း" ဟု မေး၏။ ရသေ့ငယ်က အဖပြုပုံအကြောင်းကို ပြောပြ၏။ ဘုရားလောင်းသည် အဖ ရသေ့ကြီးအား

အလုံးစုံပြုစုပြီးသော် "ဖခင်ကဿပ၊ သူငယ်တို့မည်သည် မြေအိုးနှင့် တူ၏။ ခဏချင်းဖြင့် ကွဲတတ်၏။ ကွဲသော် တဖန် စေ့စပ်၍မရနိုင်။ ပညာနုနယ်သေးသော(မန္ဒိယ)ထိုသူငယ်တို့ ဆဲရေးသော်လည်း ကြိုးသူတို့က သည်းခံအပ်၏" ဟုဆို၍ အဖကိုဆုံးမ၏။ အဖသည် ထိုအခါမှစ၍ ယဉ်ကျေးသိမ်မွေ့လေ၏။

လူကြီးသည် မသိမလိမ္မာသေးသော လူငယ်ကို သည်းခံ ဖြိုဖြင်ရာ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အလားတူသားငယ်သာမဏေ၏ မကောင်းသော အပြုအမူကို သည်းမခံနိုင်သည့် အဖ ရဟန်းအိုကြီးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- အဖရဟန်း = အဖရသေ့။ သာမဏေ=ရသေ့ငယ်။ဘုရား=အဖ ကိုဆုံးမသောရသေ့။]

၃၁၃၊ ခန္တီဝါဒီဇာတ်

ခန္တီရသေ့နှင့် ကလာဗုမင်းအကြောင်း

ဗာရာဏသီပြည် ကလာဗုမင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်းရသေ့သည် တနေ့သ၌ ချဉ်ဆား မြိဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်း၏ဥယျာဉ်၌နေ၏။ သူ့ကို စစ်သူကြီးက ဆွမ်းဖြင့် လုပ်ကျွေး၍ ထိုဥယျာဉ်၌နေစေ၏။

တနေ့သ၌ ကလာဗုမင်းသည် အရက်မူးလျက် ကခြေသည်စသည်ပရိသတ်အခြံအရံဖြင့် ထိုဥယျာဉ်သို့သွား၍ မင်္ဂလာကျောက်ဖျာ၌ သူချစ်နှစ်သက်သည့် မိန်းမတဦး၏ ရင်ခွင်၌ အိပ်၏။ မင်းအိပ်ပျော်သော် သီဆိုကြသည့် မိန်းမတို့သည် ဥယျာဉ်၌လှည့်လည်သော် အင်ကြင်းပင်ရင်း၌ ဘုရားလောင်းကို မြင်၍ သွားပြီး တရားနာကြ၏။

နောက် မင်းသည် နိုး၍ "ထိုမိန်းမတို့သည် ရသေ့တပါးကို ခြံရုံကုန်၏" ဟု ကြားသိလျှင် အမျက်ထွက်၍ သန်လျက်ကိုင်လျက် လျင်စွာသွား၏။မင်းက "သင်သည် အဘယ်ဝါဒရှိသနည်း" ဟု မေး၍ ဘုရားလောင်းက "ဆဲသူပုတ်ခတ်သူတို့၌ အမျက်မထွက်ဘဲ သည်းခံခြင်း ခန္တီဝါဒ ရှိ၏" ဟု ဆို၏။ မင်းက "ယခု သင့်မှာ ခန္တီရှိသည့် အဖြစ်ကို သိအံ့" ဟု ဆို၍ လူသတ်သမားကိုခေါ်ပြီး ဘုရားလောင်းအား တကိုယ်လုံး၌ အဆူးတပ်သည့် ကြိမ်ဖြင့် အချက်ပေါင်းနှစ်ထောင်ရိုက်စေ၏။ ထို့နောက် မင်းက "သင်၏ခန္တီသည် အဘယ်မှာ ရှိသနည်း" ဟု မေးသော် ဘုရားလောင်းက "ခန္တီသည် ငါ၏ စိတ်နှလုံး၌ ရှိ၏။ သင် မမြင်နိုင်ဟု" ဆို၏။

ထိုအခါ မင်းသည် သူသတ်သမားအား ဘုရားလောင်း၏လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်စေပြီး ရသေ့၏ရင်ကို ခြေဖြင့် ကန်လှဲ၍ သွား၏။ စစ်သူကြီးသည် လာ၍ ဘုရားလောင်းကို ဖြည်းညှင်းစွာ ထိုင်စေပြီး ရှိခိုးလျက် "အရှင်ဘုရား အမျက်ထွက်သော် မင်းအားသာ အမျက်ထွက်ပါ" ဟု လျှောက်၏။ ဘုရားလောင်းက "မင်းသည် ကြာမြင့်စွာ အသက် ရှည်ပါစေ၊ ငါနှင့်တူသော ပညာရှိတို့သည် အမျက်မထွက်ကုန်" ဟု ဆို၏။ မင်းသည် ဥယျာဉ်မှ ထွက်သော် အဝီစိမှ မီးလျှံနှင့်တကွ မြေမျိုခံရပြီး အဝီစိငရဲ၌ တည်၏။ ဘုရားလောင်းသည် ထိုနေ့၌ပင် သေလေ၏။

ပညာရှိသည် သည်းခံစိတ်ရှိ၍ ပြစ်မှားသူကို အမျက်မထွက်။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အမျက်တွက်တက်သည့်ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ်=ကလာဗုမင်း။သာရိပုတ္တရာ=စစ်သူကြီး။ဘုရား=ခန္တီဝါဒီရသေ့။]

၃၁၄၊ လောဟကုမ္ဘီဇာတ်

ဒုၢသၢနုၢသော အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ရှေးဘဝက သူတပါး မယားတို့ကို ပြစ်မှားသည့် မင်းသားလေးဦးတို့သည် လောဟကုမ္ဘီငရဲအိုး၌ အနှစ်ခြောက် သောင်းပတ်လုံး ခံပြီး၍ တက်လာသော် ငရဲအိုးမျက်နှာဝအရစ်ကို မြင်လျှင် "အဘယ်အခါ ကျွန်ုပ်တို့ ဤဆင်းရဲမှလွတ်ပါကုန်အံ့နည်း" ဟု အသီးသီး အစဉ်အတိုင်း "**ဒုၢသၢနုၢသော**" ဟု တလုံးစီကို ဟစ်ကြွေးကြပြီး တဖန် နစ်ကြ၏။

ဗာရာဏသီမင်းသည် ထိုအသံများကိုကြားလျှင် ကြောက်လန့်၍ မေးသော် ပုဏ္ဏားတို့က "တိုင်းပြည်၌ အန္တရာယ်တခုခု ဖြစ်မည်။ သားကောင် များစွာကို လေးကောင်စီယူ၍ 'သဗ္ဗစတုက္ကဲ'ယင်ဖြင့် ထိုအန္တရာယ်ကို ငြိမ်းစေ အံ့" ဟု ဆိုကြ၏။ မင်းကဝန်ခံ၍ ပုရောဟိတ်သည် ပုဏ္ဏားတို့နှင့်အတူ သတ္တဝါ များစွာကို ယဇ်တိုင်သို့ ယူ၍ထားကြ၏။

ဟိမဝန္တာနေ ဘုရားလောင်း စျာန်ရ ရသေ့သည် ဒိဗ္ဗစက္ခုဖြင့် ထို အခြင်းအရာကို မြင်လျှင် ကောင်းကင်ဖြင့် သွားပြီး ဗာရာဏသီမင်း၏ ဥယျာဉ်၌ဆင်း၍ မင်္ဂလာကျောက်ဖျာပေါ်၌ နေ၏။ ထိုအခါ သတ္တဝါတို့ အား သတ်ခြင်းကိုမနှစ်သက်၍ မင်း၏ဥယျာဉ်သို့ ထွက်သွားသော ပုရောဟိတ်

၏ တပည့်ကြီးသည် ဘုရားလောင်းကိုမြင်၍ ထိုယင်ပူဇော်ခြင်း အကြောင်း လျှောက်ထား၏။

ဘုရားလောင်းက "ငါသည် ဤပြဿနာကိုဖြေရှင်းပေးအံ့" ဟု ဆို၍ ထို လုလင်သည် မင်းထံသွားပြီး "ပြဿနာကို ဖြေရှင်းနိုင်သည့် ရဿေ့ တပါး သည် ဥယျာဉ်၌ရောက်နေ၏" ဟု လျှောက်၏။ ဘုရားလောင်းသည် လာမေး သောမင်းအား "ထိုမင်းသားလေးဦး အကြောင်းကိုဌင်း၊ 'ဒုဿနသော' ဟူသော စကားဝှေ့၏ တလုံးစီအဓိပ္ပာယ်ကိုဌင်း ရှင်းပြပြီး "ဤငရဲသား တို့အသံကို ကြားရခြင်းဖြင့် သင်မင်းကြီးမှာ အန္တရာယ်တစုံတရာ မရှိ" ဟု ဆို၏။ မင်းသည် ယင်ပူဇော်မည့်သတ္တဝါတို့ကို လွှတ်စေ၏။ ဘုရားလောင်း သည် နှစ်ရက် သုံးရက်နေပြီး ဟိမဝန္တာသို့ သွားလေ၏။

လူမိုက်သည် မကောင်းမှုကို ကောင်းမှုထင်ကာ ပြုကျင့်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝနကျောင်း၌နေစဉ် "အလားတူ ထိုငရဲသားတို့၏ မြည်တမ်းသံကိုကြား၍ သဗ္ဗစတုက္ကယင်ကြီးကို စိုရင်နေသော ကောသလမင်း ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-သာရိပုတ္တရာ= ပုရောဟိတ်၏တပည့်ကြီး။ ဘုရား=ရဿေ့။]

၃၁၅။ သဗ္ဗမံသလာဘဇာတ်

သူဋ္ဌေးသားလေးဦးနှင့် မုဆိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သူဋ္ဌေးသားနှင့်တကွ သော သူဋ္ဌေးသားလေးဦးတို့သည် တနေ့သဘင် မြို့မှထွက်သော် လမ်းဆုံ တခွဲ အသားမျိုးစုံကို လှည်းပေါ်တင်၍ ရောင်းရန် မြို့သို့လာသည့် မုဆိုးတဦးကို မြင်လျှင် အသီးသီး အမဲတုံးကို တောင်းလေ၏။

ထိုမုဆိုးက "ဟယ်မုဆိုး" ဟု ခေါ်တောင်းသူအား အသားအသွေး မရှိ သည့် အမြွေးကိုဌင်း၊ "အစ်ကိုကြီး" ဟု ခေါ်တောင်းသူအား ကိုယ်သားကို ဌင်း၊ "အဘ" ဟု ခေါ်တောင်းသူအား နှလုံးသားနှင့်တကွ အသားကောင်း ကိုဌင်း၊ "မိတ်ဆွေ" ဟု ခေါ်တောင်းသူအား လှည်းပေါ်ပါသမျှ အသား အားလုံးကိုဌင်း ပေး၏။ အမဲသားအားလုံးကိုရသည့် (သဗ္ဗမံသလာဘ) သူဋ္ဌေး သားသည်ထိုမုဆိုးကို သူ့သားမယားမျိုးနှင့်တကွ မိမိအိမ်သို့ ခေါ်ဆောင်၍ ပေးကမ်းထောက်ပံ့ပြီး အသက်ထက်ဆုံး ချစ်ခင်စွာ အတူတကွ နေလေ၏။

စကားမြွာသူသည် လိုချင်ရာကို ရသည်သာတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝမ်းနုတ်ဆေး သောက်ကြသည့် ရဟန်းတို့အား အမဲအရသာဆွမ်းကို ဆွမ်းခံပေးသည့် ရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။။**ဇာတ်ပေါင်း**— သာရိပုတ္တရာ=မုဆိုး။ ဘုရား=အမဲသားအားလုံးကိုရသည့် သူဌေးသား။]

၃၁၆၊ သသပဏ္ဍိတဇာတ်

ဖျံ,မြေခွေး,မျောက်နှင့် ယုန်ပညာရှိအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ,ဘုရားလောင်း ယုန်ပညာရှိ(သသပဏ္ဍိတ)သည် 'ဖျံ၊ မြေခွေး၊မျောက်' ဟူသော မိတ်ဆွေသုံးဦးနှင့်အတူ ချစ်ခင်စွာ တောခိုနေ၏။ သူသည် ထိုသုံးဦးအား ဆုံးမ၍ တရားဟော၏။ ထိုသူသုံးဦးတို့လည်း သူ့အဆုံးအမကို လိုက်နာကြ၏။ တနေ့သ၌ ယုန်သည် ထိုသူသုံးဦးအား "နက်ဖြန် ဥပုသ်နေ့တည်း။ သီလဆောက်တည်၍ ဥပုသ်သုံးကြလော့။ အလှူခံတို့အား သင်တို့စားသည့် အစာမှ အလှူကို လှူ၍ စားကြလော့" ဟု ဆို၏။

နောက်တနေ့၌ အသီးသီး အစာရှာထွက်သော် ဖျံသည် တံငါတဦး၏ နွယ်ဖြင့် သီထားသည့် ငါးကြင်း ခုနစ်ကောင်ကို ရ၏။ မြေခွေးသည် လယ်စောင့်တဦး၏ အမဲစို့နှစ်ခု,ဖတ်ကင်တခု,နို့ဓမ်းအိုးတခုကိုရ၏။ မျောက်သည် တောအုပ်တခုမှ သရက်သီးခိုင်တခုကိုရ၏။ ထိုသူသုံးဦးသည် အသီးသီး မိမိ၏ အစာကိုယူခဲ့၍မိမိနေရာချ၌၌ထားပြီး သီလကိုဆောက်တည်၏။ ယုန်သည်ကား "နေ့ဟာမြက်ကိုစားအံ့။ အလှူခံလာလျှင် မိမိအသားကို လှူအံ့" ဟု ကြံ၍ မိမိနေရာ ချ၌၌ဝပ်၍ သီလဆောက်တည်၏။

ထိုအခါ သိကြားမင်းသည် ယုန်မင်းကို စုံစမ်းရန် ပုဏ္ဏားအသွင်ဖြင့် ရှေးဦးစွာ 'ဖျံ၊မြေခွေး၊မျောက်' တို့ထံသွား၍ အလှူခံ၏။ ထိုသူအသီးသီးက မိမိတို့၏ အစားအစာကိုလှူ၏။ သိကြားမင်းက "စောသေး၏၊နောက်မှသိရအံ့" ဟု အသီးသီးအား ဆို၍ ယုန်ထံသွား၏။ ယုန်က "အသင်ပုဏ္ဏား၊ မီးမွေးလော့။ ငါသည် ကိုယ်ကိုစွန့်၍ မီးကျီးစုထဲ ခုန်ဆင်းပြီး ငါ့အသားကို သင့်အား ကျွေးအံ့" ဟု ဆို၏။ ပုဏ္ဏားသည် မီးကိုဖန်ဆင်း၏။ ယုန်သည် ကိုယ်ကိုသုတ်သင်ပြီး မီးကျီးစုထဲ ခုန်ချ၏။ မီးသည် ယုန်၏ အမွေးမျှကိုပင် မလောင်ဘဲ အလွန်အေးသည် ဖြစ်၏။

ထိုအခါ ပုဏ္ဏားက "ငါသည် သိကြားမင်း ဖြစ်၏။ သင့်ကို စုံစမ်းရန် လာ၏။ သင့်ဂုဏ်ကျေးဇူးသည် ကမ္ဘာပတ်လုံး တည်စေသတည်း" ဟု လဝန်း၌

ယုန်ရုပ်ရေးပြီး မိမိနေရာသို့ ပြန်၏။ ထိုမိတ်ဆွေလေးဦးသည် အသက်ထက်ဆုံး.ချစ်ခင်စွာ နေကြလျက် အလှူပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်ကြလေ၏။

ပညာရှိသည် ဂျူဒါန်းပေးကမ်းခြင်း၌ အစဉ်စိတ်ညွှတ်၏။

[မြတ်စွာဘုရားသည် ဇေတ န်ကျောင်း၌ နေစဉ် "သူကြွယ်တဦး က ရဟန်းသံဃာအား ပရိက္ခရာအစုံလှူသည်ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ **ဇာတ်ပေါင်း** - ၁၁ ဒွာ=ဖျ ။မောဂ္ဂလ္လာန်=မြခွေး။သာရိပုတ္တရာ=မျောက်။ အနုရုဒ္ဓ=သိကြားမင်း။ ဘုရား=ယုန်ပညာရှိ။]

၃၁၇၊ မတရောဒနဇာတ်

သတ္တဝါနှင့် ဒေခြင်းတရားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သူဋ္ဌေသားသည် မိဘတို့ကွယ်လွန်သော် ဥစ္စာကိုစီရင်သည့် အစီကိုကိုမှီ၍ အသက်မွေး၏။နောက် ထိုအစ်ကိုနာ၍သေသော် ဆွေမျိုး,မိတ်ဆွေတို့ ငိုကြွေးကြပြီး ဘုရားလောင်း ကမူ မငိုကြွေး။ ထိုသူတို့က "အချင်းတို့၊ ဤသူသည် အစ်ကို သေသည်ကို မငိုကြွေး။အစ်ကိုသေလျှင် ဥစ္စာအားလုံးရမည်ဖြစ်၍ အစ်ကို၏ သေခြင်းကို တောင့်တယောင်တကား" ဟု သူ့ကို ကဲ့ရဲ့ကြ၏။

ဘုရားလောင်းက "သင်တို့သည် အလွန်မိုက်၍ လောကဓံရှစ်ပါးကို မသိကြသဖြင့် အစ်ကိုသေသည်ကို ငိုကြွေးကြ၏(မတရောဒန)။ ငါလည်းသေရအုံး။ သင်တို့လည်း သေကြရအုံး။ သခ်ၤါရအလုံးစုံသည် မမြဲတဲ့ဖြစ်၍ ချုပ်ငြိမ်းတတ်၏။ အဘယ်အကျိုးငှာ ငိုဘိသနည်း" စသည်ဖြင့် ထိုသူတို့အား တရားဟော၍ သောကကင်းအောင် ပြုလေ၏။

ပညာရှိသည် တရားသဘောကိုသိ၍ လောကဓံကို ခံနိုင်၏။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အစ်ကိုသေ၍ ပူဆွေးသောကရောက်ပြီးငိုကြွေးမြည်တမ်းနေသည့် သူကြွယ်တဦးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ခေါင်း - ဘုရား=သေသူအကျက်မငိုသည့်ပညာရှိ။]

၃၁၈၊ ကဏဝေရဇာတ်

ပြည့်တန်ဆာမနှင့် ခိုးသူကြီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ခိုးသူကြီးသည် တနေ့သ၌ မြို့တွင်း၌ ခိုးသော် ၎င်းကို မြို့စောင့်က ချထားသည့် အစောင့်

များက ဖမ်းဆီး၏။ မြို့စောင့်သည် မင်း၏အမိန့်ဖြင့် ခိုးသူကြီးကို သတ်ရန် လက်ပြန်ချည်ပြီး လမ်းလေးဆုံတိုင်း၌ ကြိမ်ဖြင့်ရိုက်၍ စည်ကြီး တီးလျက် သုသာန်သို့ ခေါ်ဆောင်၏။

မင်းနှင့် အကျမ်းဝင်သည့် 'သာမာ'မည်သော ပြည့်တန်ဆာမသည် ခိုးသူကြီးကိုမြင်လျှင် တပ်မက်သဖြင့် မိန်းမတဦးအား ငွေတထောင်နှင့်အတူ မြို့စောင့်ထံ စေလွှတ်၍ "ဤသူသည် 'သာမာ'၏ မောင်တည်း။ သူ့ကို လွှတ်ပါ"ဟု ဆိုစေ၏။ မြို့စောင့်က "တခြားလူကို ရပါမူ တတ်နိုင်၏"ဟု ဆို၏။ ထိုမိန်းမသည် ပြန်၍ သာမာအား ပြောကြား၏။ ထိုအခါ 'သာမာ'ကို တပ်မက်၍ နေ့တိုင်း ငွေတထောင်ပေးသည့် သူဌေးသားတဦးသည် နေဝင်ချိန်၌ သာမာထံ လာ၏။ သာမာက "ဤခိုးသူကြီးသည် ငါ့မောင်တည်း။ 'မြို့စောင့်က ငွေတထောင်ရမှ လွှတ်အံ့'ဟု ဆို၏။ ငွေတထောင်ကို ယူ၍ မြို့စောင့်ထံ သွားမည့်သူကို မရ"ဟု ဆို၏။

ထိုသူဌေးသားသည် သာမာကို ချစ်သဖြင့် "ငါသွားအံ့"ဟု ဆိုပြီး သူယူခဲ့သည့် ငွေတထောင်ဖြင့် မြို့စောင့်အိမ်သို့ သွား၏။ မြို့စောင့်သည် လူချင်းလဲ၍ ခိုးသူကြီးကို သာမာထံ ပို့စေပြီး မောင်မိုက်ချိန်၌ ထိုသူဌေးသားကို အစောင့်အရှောက် များစွာဖြင့် သုသာန်သို့ဆောင်၍ ဦးခေါင်းကို ဖြတ်၏။

ထိုအခါမှစ၍ 'သာမာ'သည် သူတပါးထံမှ တစုံတခုကိုမယူဘဲ ထိုခိုးသူကြီးနှင့်သာ မွေ့လျော်၍ နေ၏။ ခိုးသူကြီးက "သာမာသည် အခြားယောကျ်ားကို တပ်မက်ပြန်လျှင် ငါ့ကိုသတ်၍ ထိုသူနှင့် မွေ့လျော်မည်။ သာမာသည် အဆွေခင်ပွန်းကို ပြစ်မှားတတ်၏။ သာမာ၏ တန်ဆာများကို ယူ၍ ပြေးအံ့"ဟု ကြံ၏။

တနေ့သ၌ သူသည် "ဥယျာဉ်၌ ကစားလို၏"ဟု ဆို၍ သာမာအား တန်ဆာအားလုံးကို ဆင်စေပြီး ဖုံးလွှမ်းထားသည့် ယာဉ်၌ အတူစီး၍ ဥယျာဉ်သို့ သွားပြီး ပျော်ပါး၏။ နောက် သူသည် ကုလားဇံလပ်ချို့(ကဏဝေရ)ထဲ၌ သာမာကို လည်၌ ဖက်သကဲ့သို့ နှိပ်၍ မိန်းမောအောင်လုပ်ပြီး ရိုက်နှက်၍ တန်ဆာအားလုံးကို ချွတ်ယူပြေးပြီး ပစ္စန္တရစ်ရွာ၌ နေ၏။ သာမာသည် သတိရ၍ ခိုးသူကြီးကို မမြင်လျှင် အိမ်သို့ပြန်ပြီး ချစ်သူလင်ကို တမ်းတလျက် နှလုံးမသာမယာဖြင့် အချိန်ကို လွန်စေ၏။

မိန်းမမည်သည် ယုတ်မာ၍ ကျေးဇူးကန်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မယားဟောင်း ဖြားယောင်း၍ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟောၾ။ ။ဇာတ်ဝေါဋ်း—ငြိးငွေ့သော ရဟန်း=သူငြေးသား။ မယားဟောင်း = သာမာ။ ဘုရား = ခိုးသူကြီး။]

၃၁၉၊ တိတ္တိရဇာတ်

မုဆိုးနှင့် တယ်ခါအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရ ရသေ့သည် တနေ့သ၌ ချဉ်ဆား မှီဝဲရန် ပစ္စန္တရစ် ရွာတခုသို့ သွား၍ တောတွင် ရွာသားတို့ ဆောက်ပေးသည့် ကျောင်း၌နေ၏။ ထိုအခါ ရွာမှ ငှက်မုဆိုးတဦးသည် သင်ထားသည့် တိန်ညင်ခါ(တိတ္တိရ)ကို ချိုင့်ဖြင့် တောသို့ ဆောင်၍ ထိုခါ၏အသံဖြင့် လာတိုင်းသော ခါတို့ကို ဖမ်းယူပြီး ရောင်း၍ အသက်မွေး၏။ ထိုခါသည် "ငါ့ကိုမှီ၍ ငါ့ဆွေမျိုးတို့ ပျက်စီးရ၏" ဟု အသံမပြုဘဲ နေ၏။ မုဆိုးက သူ့ဦးခေါင်းကို ရိုက်နှက်သဖြင့် ခါသည် အသံပြုရ၏။

တနေ့သ၌ မုဆိုးသည် တောမှ ခါများကို ယူ၍ ဘုရားလောင်း၏ ကျောင်းသို့သွားပြီး ထိုခါချိုင့်ကို ဘုရားလောင်းထံ၌ ထား၍ သဲပြင်၌ လျောင်းလျက်အိပ်၏။ ထိုခါက ဘုရားလောင်းအား "ကျွန်ုပ်သည် စေတနာမပါဘဲ အသံပြုရာ ထိုမုဆိုးသည် ခါတို့ကို ယူ၍ သတ်ရာ၌ ကျွန်ုပ်အား အကုသိုလ် ဖြစ်,မဖြစ် သံသယရှိပါ၏" ဟု ဆို၏။ ဘုရားလောင်းက "ဤအရာ၌ သင့်မှာ အကုသိုလ် မဖြစ်" ဟု ရှင်းပြလေ၏။

လိမ္မာသူသည် ပညာရှိကိုမေး၍ မကောင်းမှုကို ရှောင်တတ်၏။

[မြတ်စွာဘုရားသည်ကောသမ္ဗီပြည်ကိုမှီ၍ ဆီးတောကျောင်း၌နေစဉ် "သီလ္ဝပုဒ်ကိုအလိုရှိပြီး ကုက္ကုစ္စဖြစ်တတ်သောရှင်ရဟုလာမထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ဝေါဋ်း—ရာဟုလာ = တယ်ခါ။ ဘုရား = ရသေ့။]

၃၂၀၊ သုစ္စဇာတ်

ကျေးဇူးကန်းသည့် မင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ တနေ့သ၌ မင်းသည် အိမ်ရှေမင်းသားအား သူ့အသက်ကို လုပ်ကြံမည်ထင်၍ "ငါ

အသက်ရှင်စဉ် အရပ်တပါးသို့သွားနေ၍ ငါသေလွန်မှမင်းပြုလော့"ဟု နှုတ်ထုတ်၏။ မင်းသားသည်အဖကိုခိုးခိုး၍ မယားနှင့်အတူ တောသို့ဝင်ပြီး သစ်သီးသစ်မြစ်တို့ကို စား၍နေ၏။ ထို့နောက် သူသည် နက္ခတ်ကိုကြည့်၍ အဖကွယ်လွန်သည်ကို သိသော် ဗာရာဏသီပြည်သို့ပြန်၍ မင်းပြု၏။သူသည်မယားအား မိဖုရား အရာ၌ ထားရုံသာထားပြီးမြတ်နိုးခြင်းမရှိ။ ပေးရ လွယ်ကူသည့်အရာ(သုစ္စဇ)ပင် မပေးကမ်း။

ဘုရားလောင်းသည် ထိုမိဖုရားကို မင်းထံခေါ်သွားပြီး "မင်းကြီး၊ ဤမိဖုရားသည် ဆင်းရဲသည့်ကာလ တောင်္ခနေလျက် အတူဆင်းရဲခံ၏။ ယခုချမ်းသာသည့်ကာလ၌ ဤမိဖုရားကို ချီးမြှောက်သင့်၏" စသည်ဖြင့် မိဖုရား၏ကျေးဇူးကို အောက်မေ့၍ ထိုမိဖုရားအား စည်းစိမ်အာဏာလုံးကို ပေးလေ၏။ လူမိုက်သည် သူတပါးကျေးဇူးကို မေ့တတ်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ မိမိမယားကို မချစ်မမြတ်နိုးသည့် သူကြွယ်ဘဉီးကို အကြောင်းပြု၍" ဤဇာတ်ကို ဟောၾ။ ဇာတ်ပေါင်း — သူကြွယ် = ဗာရာဏသီမင်း။ သူ့မယား = မိဖုရား။ ဘုရား = ပညာရှိအမတ်။]

၃၂၁၊ ကုဋ္ဌိဒုဿကဇာတ်

စာဝတီးငှက်နှင့် မျောက်မိုက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'စာဝတီး' ငှက်သည် ဟိမဝန္တာ၌ မိုးလုံအသိုက်ကိုပြု၍နေ၏။ တနေ့သ၌ သူသည် သူ့အနီး၌ လာနေသော အဆက်မပြတ် မိုးရွာ၍ အလွန်ချမ်းနေသည့် မျောက်တကောင်အား "သင့်မှာ ခြေလက်များ ရှိလျက်နှင့် အဘယ့်ကြောင့် အိမ်မရှိသနည်း"ဟု မေး၏။ ထိုမျောက်က "ခြေလက်ရှိသော်လည်း ငါ့မှာပညာမရှိ"ဟု ဆို၏။

ဘုရားလောင်းက"မိတ်ဆွေကို ပြစ်မှားတတ်, စိတ်မတည့်, သီလမရှိသောသူအား ချမ်းသာမှုမရှိ။ သင်သည် ဒုဿီလအကျင့်ကို မကျင့်ဘဲ မိမိအစွမ်းဖြင့် အိမ်ကိုပြုလော့"ဟု ဆို၏။ ထိုအခါ မျောက်က "ဤငှက်သည် ငါ့ကို ဆဲရေး၏"ဟု ကြံ၍ ဖမ်းရန် ပြေးလာသော် ဘုရားလောင်းသည် အရပ်တပါးသို့ ပျံသွား၏။ မျောက်သည် အသိုက်ကို ဖျက်ဆီး၍ သွားလေ၏။

လူမိုက်သည် အကျိုးလို၍ ဆုံးမသူကိုပင် ရန်သူထင်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "ရှင်မဟာကဿပမထေရ်၏ ကုဋီကို မီးတိုက်ဖျက်ဆီးသော (ကုဋီဒဟသက)ရဟန်းငယ်တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ဝေါဋီး**–ကုဋီကို မီးတိုက်သည့်ရဟန်း = မျောက်။ဘုရား = စာဝတီးဌက်။]

၃၂၂၊ ဒုဒ္ဒုဘဇာတ်
ယုန်နှင့် မြေပြိုခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခြင်္သေ့မင်းသည် တောဌ္ဌနေ၏။ ထိုအခါ ဥဿဒ်ပင်အနီး ထန်းပင်ငယ်တပင်၏ ထန်းရွက် အောက်၌ နေသည့် ယုန်ငယ်တကောင်သည် တနေ့သ၌ "ဤမြေပြိုငြားအံ့ အသို့ပြုရပါအံ့နည်း"ဟု ကြံ၏။ ထိုခဏ၌ ဥဿဒ်သီးမှည့် တဲလုံးသည် ထို ထန်းရွက်ပေါ်၌ကျသော် သူသည် 'မြေကြီးပြို၏' ဟု သဘေးမှကြောက်၍ ခုန်ပြီး နောက်သို့မကြည့်ဘဲ ပြေး၏။ အခြား ယုန်ငယ်ကမေးသော် "မမေးနှင့်၊ ဤအရပ်၌ မြေပြို၏"ဟု နောက်မကြည့်ဘဲ ပြေးရင်းလွှားရင်း ဆို၏။ မေးသည့် ယုန်ငယ်လည်း သူ့နောက်မှ ပြေးလိုက်၏။ဤနည်းဖြင့် တထောင်မျှသော ယုန်ငယ်တို့သည် တစုတည်းပြေးကြ၏။ ထို့နောက် သမင်, ဝက်, စိုင်, ကျဲ, ဒွေး, နောက်, ကြံ, ကျား, ခြင်္သေ့, ဆင် စသည့် တယ္ဟဇနာမျှသော တိရစ္ဆာန် အပေါင်းသည် ပြေးကြ၏။

ဘုရားလောင်းသည် ထိုပြေးကြသည့် တိရစ္ဆာန်တို့ထံမှ "ဤအရပ်၌ မြေပြို၏"ဟုကြားလျှင် "ဘယ်တုန်းကမှ မြေပြိုခြင်း မဖြစ်စဘူး၊ အသံတခုကို ကြားသည် ဖြစ်မည်"ဟုကြံ၍ အဟုန်ဖြင့် ရှေ့မဲ့ တောင်ခြေရင်းသို့ သွားပြီး သုံးကြိမ်ဟောက်၏။ ထိုသတ္တဝါတို့သည် ကြောက်သဖြင့် ပြန်၍တပေါင်းတည်းဖြစ်၏။ ဘုရားလောင်းသည် ထိုသတ္တဝါတို့ အတွင်းသို့ဝင်၍ အဆင့်ဆင့် မေးသော် "မြေပြို၏"ဟုဆိုသည့် ယုန်ငယ်ကိုတွေ့၍ မေး၏။ ထိုယုန်ငယ်က အဖြစ်အပျက် အလုံးစုံကို ပြောပြ၏။

ဘုရားလောင်းသည် ထိုပြေးကြသည့် တိရစ္ဆာန်တို့ထံမှ "ဤအရပ်၌ မြေပြို၏"ဟုကြားလျှင် "ဘယ်တုန်းကမှ မြေပြိုခြင်း မဖြစ်စဘူး၊ အသံတခုကို ကြားသည် ဖြစ်မည်"ဟုကြံ၍ အဟုန်ဖြင့် ရှေ့မဲ့ တောင်ခြေရင်းသို့ သွားပြီး သုံးကြိမ်ဟောက်၏။ ထိုသတ္တဝါတို့သည် ကြောက်သဖြင့် ပြန်၍တပေါင်းတည်းဖြစ်၏။ ဘုရားလောင်းသည် ထိုသတ္တဝါတို့ အတွင်းသို့ဝင်၍ အဆင့်ဆင့် မေးသော် "မြေပြို၏"ဟုဆိုသည့် ယုန်ငယ်ကိုတွေ့၍ မေး၏။ ထိုယုန်ငယ်က အဖြစ်အပျက် အလုံးစုံကို ပြောပြ၏။

ဘုရားလောင်းသည် "ထန်းရွက်ပေါ်၌ ဥဿဒ်သီးမှည့်ကျ၍ 'ဒုဒ် ဒုဒ်' (ဒုဒ္ဒုဘ)ဟုမြည်သော အသံကြောင့် 'မြေပြို၏'ဟုထင်မှတ်သည်ဖြစ်မည်"ဟုကြံ၍ သားအပေါင်းတို့ကို ထိုနေရာ၌ နေစေခဲ့ပြီး စုံစမ်းရန် ထိုယုန်ငယ်ကို ခေါ်၍ ထိုထန်းတောသို့ သွား၏။ သူသည် ထန်းရွက်ပေါ်၌ ကျသည့် ဥဿဒ်သီးမှည့်ကိုမြင်လျှင် မြေမပြိုသည်ကိုသိ၍ ထိုယုန်ငယ်ကို သူ့ကျောပေါ်

တင်၍ အဟုန်ဖြင့် သားအပေါင်းတို့ထံသွား၍ အကြောင်းစုံကို ပြောကြား၏။ ဤသို့လျှင် ဘုရားလောင်းကိုမှီ၍ သတ္တဝါများစွာတို့ အသက်ကို ရကြလေ၏။

ပညာမဲ့သူသည် အရာရာတွင် အကြောင်းမဲ့ ကြောက်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိစ္ဆာအကျင့်ကို ကျင့်ကြသည့် တိတ္ထိတို့ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဘုရား=ခြင်္သေ့မင်း။]

၃၂၃၊ ဖြဟ္မဒတ္တဇာတ်
တောင်းရန်ဝန်လေးသည့် ရသေ့အကြောင်း

ကပိလတိုင်း ဥတ္တရပဉ္စာလမြို့ ဥတ္တရပဉ္စာလမင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်းရသေ့သည် တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဥတ္တရပဉ္စာလမြို့သို့ သွား၍ မင်း၏ ဥယျာဉ်၌ နေ၏။ မင်းက သူ့ကို နေ့စဉ် နန်းတော်၌ဆွမ်းဖြင့် လုပ်ကျွေး၍ ထိုဥယျာဉ်၌ နေစေ၏။ မိုးလကုန်သော် ဘုရားလောင်းသည် ဟိမဝန္တာသို့ သွားလို၍ "ငါခရီးသွားလျှင် တလွဘိနပ်နှင့် သစ်ရက်ထီးကို ရသင့်၏။ မင်းအားတောင်းအံ့" ဟု ကြံ၍ ဥယျာဉ်သို့လာသော မင်းအား "ဆိတ်ကွယ်ရာ၌ စကားပြောလို၏" ဟုဆို၏။ မင်းသည် မင်းချင်းယောကျ်ားတို့ကို ဖဲစေ၏။ ဘုရားလောင်းသည် "ငါတောင်းသော် မင်းမပေးအံ့။ ငါ့အပေါ် အချစ်ပျက်မည်။ ထို့ကြောင့် မတောင်း" ဟုကြံ၍ "မင်းကြီး သွားဦးတော့။ နောက်နေ့မှ သိရအံ့" ဟု ဆို၏။ နောက်တနေ့၌လည်း ထို့အတူ ဆိုပြန်၏။ သူသည် ဤသို့တောင်းရန် မတတ်နိုင်ဘဲ တဆယ့်နှစ်နှစ် လွန်သွား၏။

ထိုအခါ မင်းသည် ပရိသတ်ကို ဖဲစေပြီး ဘုရားလောင်းအား "မင်းအဖြစ်ကို အစပြု၍ အလိုရှိသည့် ဝတ္ထုကို ပေးပါအံ့၊ တောင်းလော့" ဟု ဆို၏။ ဘုရားလောင်းက "ငါသည် တလွ ဘိနပ်နှင့် သစ်ရက်ထီးကို ရလို၏" ဟု ဆို၏။ မင်းက "ဤမျှလောက်သော ဝတ္ထုကို တဆယ့်နှစ်နှစ်လုံး တောင်းရန် မစွမ်းနိုင်သလော" ဟု ဆို၏။ ဘုရားလောင်းက "မင်းကြီး ဟုတ်၏။ ဝတ္ထုပစ္စည်းကို တောင်းသူလည် ငိုသည်မည်၏။ မရှိဟု ဆိုသူသည် အတုငိုသည်မည်၏" ဟုဆို၏။ မင်းက "အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်အား အဘယ့်ကြောင့် မလှူဘဲ နေအံ့နည်း" ဟု ဆို၍ ထီး, ဘိနပ်ကို လှူ၏။ ဘုရားလောင်းသည် မင်းအား တရားဟော၍ ဟိမဝန္တာသို့ သွားလေ၏။

သူတော်ကောင်းသည် သူတောင်းစားကဲ့သို့ နှုတ်ဖြင့်တောင်းလေ့မရှိ။

[မြတ်စွာဘုရားသည် အာဠဝီပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီဦးနေစဉ် ''ကုဋိကာရသိက္ခာပုဒ်ကို အကြောင်းပြုပြီး'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=မင်း။ ဘုရား=ရသေ့။]

၃၂၄၊ စမ္မသာဠကဇာတ်
ပရိဗိုဇ်နှင့် သိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် 'စမ္မသာဠက' မည်သော ပရိဗိုဇ် တဦးသည် ဗာရာဏသီပြည်၌ ဆွမ်းခံသော် နောက်သို့ဆုတ်သော သိုးကိုမြင်၍ ''ဤသိုးသည် ငါ့ကို ပူဇော်၏''ဟု နောက်မဆုတ်ဘဲ ထိုသိုးကို လက်အုပ်ချီရပ်လျက် ခြေးကျူး ပြောဆို၏။ ထိုအရပ်၌ နေသော ဘုရားလောင်း ကုန်သည်က ''ဤသိုးသည် ပြင်းစွာ ခွေ့လို၍ နောက်ဆုတ်၏''ဟု ဆိုစဉ်ပင် ထိုသိုးသည် လျင်သောအဟုန်ဖြင့် ပြေးလာ၍ ထိုပရိဗိုဇ်၏ပေါင်၌ ခွေ့၍ လဲစေ၏။ ထိုပရိဗိုဇ်သည် ပြင်းစွာနာ၍ငိုလျက် ထိုအရပ်၌ပင် သေလေ၏။

လူမိုက်သည် လူယုတ်ကို ချီးမြှောက်၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''သူတော်မဟုတ်သည့် သိုးအား ချီးမြှောက်၍ သိုးအခွေ့ခံရသော 'စမ္မသာဠက'ပဗိုရိဇ်ကို အကြောင်းပြု၍''ဤဇာတ်ကိုဟော၏။ ။ဇာတ်ခပေါင်း–စမ္မသာကဋ္ဌ=စမ္မသာဠက။ဘုရား= ပညာရှိကုန်သည်။]

၃၂၅၊ ဂေါဓရာဇာတ်
ဖုတ်နှင့် ရသေ့ကောက် အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဖုတ်မင်း (ဂေါဓရာဇ)သည်သူနေသည့် တောအနီး၌ ကျောင်းဆောက်နေသည့် သီလမရှိသော ရသေ့တပါးထံ မပြတ်သွား၏။ တနေ့သ၌ ထိုရသေ့သည် ဒါယကာတို့လျှူသည့် ဖုတ်သားကို စားရ၍ အရသာကို တပ်မက်သဖြင့် ''ငါ့ကျောင်းသို့ မပြတ်လာသည့် ထိုဖုတ်ကို သတ်စားအံ့''ဟု တင်းပုတ်ကိုကိုင်၍ သက်နှံးဖြင့် ဖုံးထားပြီး ဖုတ်အလာကို မျှော်လျက် ကျောင်းတံခါး၌ ငြိမ်သက်စွာနေ၏။

ဘုရားလောင်းသည်လာ၍ ဤနေ့ပျက်နေသည့် ထိုရသေ့ကို မြင်သဖြင့် ရသေ့၏ လေအကြွေ့ရပ်၍ စုံစမ်းသော် ရသေ့၏ကိုယ်မှ ဖုတ်နံ့ရ၍ ဖဲသွံး၏။ ရသေ့သည် တင်းပုတ်ဖြင့်ပစ်သော် ဖုတ်၏ အမြီးကို ထိမှန်၏။

ဘုရားလောင်းသည် တောင်ပို့သို့ ပြေးသွား၍ ရသေ့အား "သင့် ဆွမ်းခံ ရှာ၍ လူတို့အား သင့်အကြောင်းကို ပြောအံ့၊ ပြေးလော့" ဟု ခိုမ်းချောက်၏။ ရသေ့စဉ်းလဲသည် ထိုအရပ်မှ ပြေးလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အံ့သြဘွယ်ကိုပြုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**– အံ့သြဘွယ်ကိုပြုတတ်သောရဟန်း = ရသေ့စဉ်းလဲ။ ဘုရား = ဖွတ်မင်း။]

၃၂၆၊ ကက္ကာရုဇာတ်

နတ်ပန်းကုံးနှင့် ပုရောဟိတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် တာဝတိံသာ နတ်ပြည်မှ ဘုရားလောင်း နတ်သားနှင့် တကွသော နတ်သား လေးဦးတို့သည် တနေ့သ၌ 'ကက္ကာရု' မည်သော နတ်ပန်းကုံးတခုစီကိုပန်ပြီး ဗာရာဏသီပြည်၌ဖြစ်သည့် ပဲ့သဘင်ကြီးကို လာကြည့်ကြ၏။ သူတို့၏ ပန်းအနံ့ဖြင့် မြို့အလုံးသည် မွှေးကြိုင်နေ၏။ သူတို့သည် "ဤပန်းများကို ဘယ်သူ ပန်သနည်း" ဟု ဆင်ခြင်ကြသော် နတ်တို့သိ၍ မင်းယင်ပြင်အထက် ကောင်းကင်၌ ရပ်ကြ၏။ မင်းမူးမတ် စသူတို့သည် စုဝေးကြလာပြီး နတ်တို့အား ပန်းများကို တောင်းကြ၏။

နတ်သားအကြီးက "ကက္ကာရုနတ်ပန်းတို့သည် တန်ခိုးကြီး၍ သီလပညာ စသည့် ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသူနှင့်သာ ထိုက်တန်၏" ဟု ဆို၏။ ထို ဂုဏ်ကျေးဇူးများမရှိသည့် ပုရောဟိတ်က "ကျွန်ုပ်သည် ထိုဂုဏ်ကျေးဇူးများနှင့် ပြည့်စုံ၏" ဟု လိမ်ပြော၍ တောင်း၏။ နတ်သားတို့သည် ပန်းကုံးလေးခုကို ပုရောဟိတ်အား ပန်ဆင်ပေး၍ နတ်ပြည်သို့ သွားကြ၏။ ထိုခဏ၌ ပုရောဟိတ်သည် ဦးခေါင်း၌ အလွန်နာကျင်သည့် ဝေဒနာကို ခံစားရပြီး လူးလိမ့်၍ ဟစ်ကြွေးလျက် "ငါလိမ်တောင်း၍ ဤဝေဒနာကို ခံစားရ၏" ဟု ဆို၏။

လူတို့သည် ပုရောဟိတ်ကိုခြီ၍ အိမ်သို့ ယူသွားကြ၏။ ပုရောဟိတ်သည် ခုနစ်ရက်တိုင် ဤသို့ ဟစ်ကြွေးနေရသော် သူ့ကို ကယ်ဆယ်ရန် မင်းကတဖန် ပဲ့သဘင်ကို ပြုပေးရ၏။ ထိုနတ်သားတို့ တဖန် လာကြပြီး ရှေးနည်းတူ မင်းယင်ပြင်အထက် ကောင်းကင်၌ ရပ်ကြသော် လူတို့သည် ပုရောဟိတ်ကို

ယူဆောင်လာ၍ ရွှေဥ ပက်လက်အိပ်စေ၏။ ပုရောဟိတ်က "ကျွန်ုပ်အသက်ကို ကယ်ပြုပါ"ဟု တောင်းပန်၏။ နတ်သားဝို့သည် ပုရောဟိတ်ကို ကဲ့ရဲ့၍ သူ့ဦးခေါင်းမှ ပန်းတိုကို ပယ်ပြီး လူအများအား ဆိုဆုံးမ၍ ပြန်ကြလေ၏။

လူမိုက်သည် သူ့ဘက်ကောင်းဟန်ဆောင်လျှင်မဘေးတွေ့မည်သာ။

[မြတ်စွာဘုရား ဤတရန်ကျောင်း၌နေ၍ "ဒေဝဒတ်ကို ဒေဝဒတ်ကြောင်း ဖြစ်၍" ဤတ်ဘဝတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ် = ပုရောဟိတ်။ ဘုရား = နတ်သားအကြီး။]

၃၂၇၊ ကာကဝတီဇာတ်

မိဖုရားနှင့် ဂဠုန်မင်းဒေကြောင်း

ဗာရာဏသီပြည် ဘုရားလောင်းဗြဟ္မဒတ်မင်း၏'ကာကဝတီ'မည်သော မိဖုရားသည် နတ်သမီးကဲ့သို့ အလှန်အဆင်းလှ၏။ ဂဠုန်မင်းတဦးသည် လူ့အသွင်ဖြင့် လာ၍ မင်းနှင့် ကြွေအန် ကစားသော် 'ကာကဝတီ'ကို တပ်မက်၍ ဂဠုန်ပြည်သို့ ခိုးယူသွားပြီး သူမနှင့် မွေ့လျော်၏။ မင်းကစုံစမ်းခိုင်းသော စောင်းသမားတဦးသည် စုံစမ်းသိရှိပြီးသော် ထိုဂဠုန်မင်း၏ အတောင်ကြား၌ စီးလိုက်သွား၍ မိဖုရားနှင့်ပျော်ပါးပြီး တဖန် ရွှေးနည်းတူပြု၍ ပြန်လာ၏။

သူသည် ဂဠုန်မင်းနှင့် ကြွေအန်ကစားသည့်ပဲသို့ သွား၍ မင်းအနားဥ၌ ရပ်လျက် "ငါ၏ချစ်မယား'ကာကဝတီ'သည် ဂဠုန်ပြည်၌ရှိ၏"ဟု သီဆို၏။ ဂဠုန်မင်းက "အဘယ်သို့ သမုဒ္ဒရာကိုကူး၍ လက်ပံပင်ကို တက်သနည်း"ဟု မေး၏။ စောင်းသမားက "သင်နှင့် သမုဒ္ဒရာကိုကူး၍ လက်ပံပင်ကိုတက်၏" ဟု ဆို၏။ ဂဠုန်မင်းက "ပေါဿည် လေးသည်ကို မသိသော, ကိုယ်ခန္ဓာကြီးသော ငါသည် စက်ဆုပ်ဘွယ်ရှိလေစ့" ဟု ဆိုပြီး မိဖုရားကို ယူဆောင်၍ မင်းအား ပြန်ပေးပြီး တဖန် မလာတော့ပေ။

မိန်းမကို လုံခြုံအောင်ထားနိုင်သည့်နေရာ ဤကမ္ဘာမှာ မရှိ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ငြိုးငွေ့သောရဟန်းတပါးကို အကြောင်းပြုပြီ 'မိန်းမမည်သည် စောင့်ရှောက်ရန် မတတ်နိုင်'ဟု သိစေလို၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ငြိုးငွေ့သောရဟန်း = စောင်းသမား။ ဘုရား=ဗာရာဏသီမင်း။]

၃၂၈၊ အနန္ဒသောစိယဇာတ်
ရသေ့နှင့်ရသေ့မအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ပုဏ္ဏားလုလင်နှင့် အလှန်လှပသည့် သူဌေးသမီးတို့သည် အိမ်ထောင်မပြုလိုကြဘဲ နှစ်ဖက်သော မိဘတို့က ပေးစား၍ လက်ထပ်ကြရသော် ကာမမှကိုမပြုကြကုန်။ နောက် ဘုရားလောင်း၏မိဘတို့ ကွယ်လွန်သော် သူတို့နှစ်ဦးသည် ဥစ္စာအာဃာတ်ကို ပေးလှူ၍ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်းပြုကြ၏။ ကြာမြင့်စွာနေပြီးနောက် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ဥယျဉ်၌နေကြ၏။

ထိုအခါ ရသေ့မသည် ဝမ်းသွေးသွန်ရောဂါဖြစ်၍ သင့်သောဆေးကို မရသဖြင့်အာဃာတ်ပြုသည်ဖြစ်၏။ဘုရားလောင်းသည် ဆွမ်းခံချိန်၌ ရသေ့မကို ဆောင်၍ မြို့တံခါးအနီးရှိ ဇရပ်တခု၌ အိပ်စေပြီး ဆွမ်းခံဝင်၏။ သူပြန်မရောက်မီပင် ရသေ့မသေ၏။ လူတို့သည် ရသေ့မ၏ တင့်တယ်ခြင်းကိုမြင်၍ ခြံရံလျက် ငိုကြွေးကြ၏။

ဘုရားလောင်းသည် ပြန်ရောက်၍ - ရသေ့မသေသည်ကိုမြင်လျှင် အနီစွသဘောကိုရှုလျက် စိုးရိမ်ပူပန်ခြင်းမရှိဘဲ (အနန္ဒသောစိယ) ဆွမ်းကိုစား၏။ လူတို့က မေးကြသော် ဘုရားလောင်းက "ဤမိန်းမသည် အသက်ရှင်စဉ်ကပင် ငါနှင့်တော်စပ်သည်မဟုတ်။ ယခု တမလွန်သို့ သွားသော် အဘယ်သို့ တော်စပ်အံ့နည်း။ သို့ဖြစ်၍ အဘယ့်ကြောင့် ငါငိုအံ့နည်း" ဟု လူအများအား အနိစ္စလက္ခဏာကိုပြ၍ တရားဟောပြီး ဟိမဝန္တာသို့ သွားလေ၏။

ပညာရှိသည် တပ်မက်ခြင်းကင်း၍ ပူဆွေးသောကကင်းသည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မယားသေ၍ပူဆွေးသောကရောက်သဖြင့် မစားမသောက်သည့် သူကြွယ်တဦးကိုအကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ရာဟုလာမယ်တော်=ရသေ့မ။ ဘုရား=ရဒသေ့။]

၃၂၉၊ ကာဠဟဟုဇာတ
ကျေးညီနောင်နှင့် မျောက်ညိုကြီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းသည် မုဆိုးတဦးက ဖမ်းယူဆက်သသည့် ဘုရားလောင်း'ရာဓ'မည်သော ကျေးနှင့်သူ့ညီ'ပေါဋ္ဌပါဒ'တို့ကို ရှေချိုင့်၌ထားပြီး ရှေခွက်ဖြင့် ပျားရည်ပေါက်ပေါက်တို့ကိုကျွေးမွေး၏။ ထို့နောက်မုဆိုးတဦး

က 'ကာဠဇာဟု'မည်သော မျောက်ညိုကြီးကို ဖမ်းယူ၍ မင်းအား ဆက်သပြန်၏။ ထိုမျောက်မှာ နောက်မှရောက်လာသည့် အတွက်ကြောင့် အလွန် လာဘ်ပေါမျှား၍ ကျေးသားတို့မှာ လာဘ်ပြတဲ့၏။

ထိုအခါပေါဠဝါဒက "အကို၊ငါတို့သည် ဤနေရာ၌ လာဘ်မရ၍ တောသို့သွားအံ့" ဟုဆို၏။ ဘုရားလောင်းက "လူတို့၌ လာဘ်ရခြင်း, မရခြင်း၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ အခြံအရံများခြင်း, အခြံအရံမရှိခြင်းတို့သည် မမြဲကုန်။မစိုးရိမ်လင့်" ဟုဆို၏။ နှစ်ရက်သုံးရက် ကြာလျှင် ထိုမျောက်ကရွေမှနေ၍ မဲ့ရဲ့ချောက်ပြသဖြင့် မင်းသားငယ်တို့ ကြောက်၍ ဟစ်အော်ကြ၏။ မင်းသည် ထိုမျောက်ကို နှင်ထုတ်စေ၏။ ကျေးသားတို့မှာ ယခင်အတိုင်း လာဘ်ကိုရကြလေ၏။

လူမိုက်၏ စည်းစိမ်လာလာတ်ဘသည်ကား ကြာရှည်မခံသည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "လာဘ်ပျောက်ကွယ်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဒေဝဒတ်=မျောက်။ အာနန္ဒာ=ပေါဠဝါဒကျေး။ ဘုရား=ရာဓကျေး။]

၃၃၀၊ သီလဝိမံသဇာတ်

သီလကို စုံစမ်းသူအကြောင်း

[သီလဝိမံသကဇာတ် (ဇာ-၈၆)လာ အတိုင်း] ဗာရာဏသီမင်း၏ ဘုရားလောင်း ပုရောဟိတ်သည် မိမိသီလကို စုံစမ်းလို၍ (သီလဝိမံသ) သုံးရက်တိုင် ရွှေပန်းထိမ်သည်၏ပျဉ်မှ အသပြာကိုယူသော် သူ့ကို 'ခိုးသူ'ဟု ဖမ်း၍ မင်းအား ပြကြ၏။ ဘုရားလောင်းသည် သီလကို ချီးမွမ်းပြောဆိုပြီး မင်းကို ခွင့်ပန်၍ ရသေ့ရဟန်းပြုရန် သွား၏။

သူသည် 'သားတစ်ကို ချီသောငှက်သည် အခြားငှက်တို့၏ ထိုးခြင်းကို ခံရပြီး သားတစ်စုန့်သော ငှက်သည် အထိုးမခံရသည်'ကို မြင်သော် "ဤကာမတို့သည် သားတစ်နှင့် တူကြ၏။ ဤကာမတို့ကို ယူဆောင်သူတို့သာ ဆင်းရဲ၍ စွန့်သူတို့မှာ ချမ်းသာကြ၏" ဟု ဆို၏။ ထို့နောက် သူသည် မြို့မှ ထွက်၍ ခရီးအကြားဝယ် ရွာတရွာတွင် ညအခါ လူတယောက်၏ အိမ်၌ အိပ်၏။ ထိုအိမ်၌ 'ပိဂ်လာ'မည်သော ကျွန်မသည် တံခါးခုံ၌ထိုင်၍ ချိန်းထားသော ယောကျ်ား၏အလာကို မျှော်လျက် အချိန်ကုန်၍ မလာသော် အာသာပြတ်၍ အိပ်၏။

ဘုရားလောင်းသည် ထိုအခြင်းအရာကိုမြင်၍ "ကိုလေသာတို့၌ တောင့်တခြင်း အာသာမည်သည် ဆင်းရဲ၏။ အာသာမရှိလျှင် ချမ်းသာ၏" ဟု ဆို၏။ ထို့နောက် သူသည်ထိုရှာမှတောသို့ဝင်သော် စျာန်ဝင်စားနေသည့်ရသေ့ကိုမြင်၍ "လောက၌ စျာန်ချမ်းသာထက် သာလွန်သောချမ်းသာမည်သည်မရှိ" ဟု ဆိုပြီး ရသေ့ရဟန်းပြုလေ၏။

ဒုက္ခပေးသည့် ကာမဂုဏ်ကိုဖွန့်လျှင် စိတ် မ်သ မှုကိုရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သီလကို စုံစမ်းတတ်သော ပုဏ္ဏားတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား = ပုရောဟိတ်။

၃၃၁၊ ကောကိလဇာတ်
စကားမျ ်ည့် မင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ သူသည် အလွန်စကားများသည့် ထိုမင်းကို တားမြစ်ရန် ဥပမာတခုကို ရှာနေ၏။ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား၍ မင်္ဂလာကျောက်ဖျာ၌ နေ၏။ ထိုကျောက်ဖျာအထက်ရှိ သရက်ပင်ပေါ်၌ ကျီးမမွေးမြူထားသော အတောင်မပေါက်သေးသည့် ဥသြဃယ်(ကောကိလ)သည် ဒေါ ခ မဟုတ်မီ ဥသြသံကိုမြည်၏။ ကျီးမက "ဤငှက်ကား ယခုကပင် အသံတမျိုးကို မည်၏။ ကြီးသော်အသို့ပြုမည်နည်း" ဟု နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှ ချ၏။

ထိုဥသြယ်သည် မင်း၏ခြေရင်း၌ ကျ၏။ မင်းက မေးသော် ဘုရားလောင်းက ထိုအကြောင်းကိုပြောကြားပြီး "လူဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ အခါမဟုတ်သည်၌ စကားများသူဝဲ့သည် ဤဆင်းရဲမျိုးကို ခံကြရ၏" စသည်ဆို၍ ဆုံးမ၏။ မင်းသည် ထိုအခါမှစ၍ စကားမမျာ တော့ပေ။

စကားများများ ပြောသူသည် စကားကြောင့်ပင် ပျက်စီးရ၏။

[မြတ်စွာဘုရား သည် ဇေတဝန်ကျောင်း၌ နစဉ့် "ကောကာလိကမထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ဝေါင်း-ကောကာလိက= ဥသြယ်။ ဘုရား-ပညာရှိအမတ်။]

၃၃၂၊ ရထလဋ္ဌိဇာတ်
ပုရောဟိတ်နှင့် လှည်းသမား အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ မင်း၏ပုရောဟိတ်သည် ရထား (ရထ) ဖြင့် သူစားသည့်ရွာသို့ သွားသော် ကျဉ်း

မြောင်းသည့်လမ်း၌ လှည်းကုန်သည်မှူးတဦးကိုမြင်၍ "လှည်းကိုဖယ်လော့" ဟုဆိုပြီး ရထားကိုနှင်၏။ လှည်းကို မရှောင်လွဲသော် ပုရောဟိတ်သည် အမူးက် ထွက်၍ ရှေ့ဆုံးလှည်း၌ မောင်းသူကို နှင်တံ(လင်္ဒီ)ဖြင့် ရိုက်၏။ . ထိုနှင်တံ သည် လှည်းဦး၌ ထိရကား ပြန်၍ခတ်သဖြင့် ပုရောဟိတ်၏ နဖူးသည် ဖူးဖူး ရောင်၏။ ပုရောဟိတ်သည် ပြန်၍ မင်းအား "လှည်းသမားသည် ကျွန်ုပ်ကို ရိုက်၏"ဟု လျှောက်၏။ မင်းသည် လှည်းသမားကို ခေါ်စေ၍ မစစ်ဆေးဘဲ "ထိုသူ၏ ဥစ္စာအားလုံးကို သိမ်းကြလော့"ဟုဆို၏။

ထိုအခါ ဘုရားလောင်းက "သင်မင်းကြီးသည် အမှုကို စိစစ်ဆုံးဖြတ်ပါ လော့။ အချို့သော သူတို့သည် မိမိကိုယ်ကို မိမိသတ်ပြီး သူတပါးက သတ် သည်ဟု ဆိုကြ၏" စသည်ဖြင့်လျှောက်၏။ မင်းသည် တရားသဖြင့် ဆုံးဖြတ် သော် ပုရောဟိတ်မှာသာ အပြစ် ဖြစ်လေ၏။

လူမိုက်သည် နိမိအပြစ်ကို သူတပါးအပေါ် လွှဲချတတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အလားတူပြုမူသော(ကောသ လမင်း၏) ပုရောဟိတ်ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။**ဇာတ် ပေါင်း**-ပုရောဟိတ်=ပုရောဟိတ်။ဘုရား=ပညာရှိအမတ်။]

၃၃၃၊ ပက္ကဂေါဓဇာတ်

ကျေးဇူးကန်းသည့် မင်းအကြောင်း

[သုစ္စဇာတ် (ဇာ-၃၂၀)လာ အတိုင်း]ဖခင် ဗာရာဏသီမင်းက နှင်ထုတ် အပ်သော မင်းသားနှင့် မယားနှစ်ဦးသည် ဗာရာဏသီသို့ ပြန်လာကြသော် ခရီးအကြား၌ မုဆိုးတဦးထံမှ ဖွတ်ကင် (ပက္ကဂေါဓ) တခုကိုရ၍ နှုယ်ဖြင့် ချည်ယူလာပြီး ရေကန်တခု အနီးရှိ ညောင်ပင်ရင်း၌ ထိုင်ကြ၏။ မင်းသား သည် မယားအား ရေကန်မှ ရေကို သွားခပ်ခိုင်း၏။ မယားရေခပ်သွားစဉ်၊ သူသည် ဖွတ်ကင်တခုလုံးကို စား၍အမြီးဖျားကို ကိုင်ထား၏။ ရေယူ၍မယား ပြန်လာသော် မင်းသားက "ဖွတ်ကင် ထွက်ပြေးရာ ဤအမြီးဖျားသည်သာ ဆဲကိုင်မိ၍ ပြတ်ကျန်ရစ်၏"ဟုဆို၏။ ဗာရာဏသီပြည်သို့ရောက်၍ မင်းသား သည် မင်းဖြစ်သော် မယားအား မိဖုရားအရာ၌ ထားရုံသာထား၍ မြတ်နိုး ခြင်းမရှိ၊ ပေးကမ်းခြင်း မပြုပေ။

ဘုရားလောင်းသည် မိဖုရားအား မင်းထံသို့သွား ခစားစေပြီး ပရိသတ် အလယ်၌ မိဖုရား၏ ကျေးဇူးမျှားကိုငင်း၊ ထိုမိဖုရား၏ ကျေးဇူးကို မေ့နေ

သော မင်း၏ အပြစ်များကိုဂုဏ်း ထုတ်ဖော်ပြောကြား၏။ ထိုအခါ မင်းသည် မိဖုရား၏ကျေးဇူးကို အောက်မေ့၍ မိဖုရားအား စည်းစိမ် အခြံအရံ အားလုံးကို ပေးလေ၏။

လူမိုက်သည် သူတပါးကျေးဇူးကို မေ့တတ်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိမယား၏ကျေးဇူးများကို မေ့လျော့ပြီး မြတ်နိုးခြင်း မရှိသော သူကြွယ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။။ဇာတ်ပေါင်း–လင်မယား = လင်မယား။ဘုရား = ပညာရှိ အမတ်။]

၃၃၄၊ ရာဇောဝါဒဇာတ်

မင်းနှင့်တိုင်းပြည်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မိမိ၏ ကျေးဇူးမဲ့ကို ပြောဆိုသူများကို ရှာဖွေစုံစမ်းရာ မြို့တွင်း, မြို့ပ, ဇနပုဒ်တို့၌ မတွေ့၍ မထင်ရှားသောအသွင်ဖြင့် တောအရပ်သို့သွားသော် ဟိမဝန္တာ၌နေသည့် ဘုရားလောင်းစျာန်ရ ရသေ့ထံသို့ရောက်၏။ ဘုရားလောင်းက မင်းအား "ဤညောင်သီးမှည့်ကို စား၍ ရေကို သောက်လော့"ဟု ဆို၏။ မင်းသည် စား၍ ရေသောက်ပြီး "ဤညောင်သီးမှည့်သည် အဘယ့်ကြောင် အလွန်ချိုသနည်း"ဟု မေး၏။

ဘုရားလောင်းက "မင်းတရားစောင့်၍ ချို၏။ မင်းတရားစောင့်သော် သစ်မြစ်သစ်သီး အာဟာရ အားလုံးသည် ချို၍ ဩဇာရှိကုန်၏" ဟု ဆို၏။ မင်းသည် မိမိ မင်းဖြစ်သည်ကို မသိစေဘဲ ဘုရားလောင်းကို ရှိခိုး၍ ပြန်ပြီး ထိုစကားကို စုံစမ်းရန် အဓမ္မဖြင့် မင်းပြု၏။ အတန်ကြာသော် သူသည် ဘုရားလောင်းထံ ပြန်သွား၍ ပေးသည့် ညောင်သီးမှည့်ကို စားရာ ခါး၍ ထွေးပစ်၏။ ဘုရားလောင်းက "မင်းတို့ တရားမစောင့်သည့်အခါ၌ တောသစ်သီး ကြီးငယ်စသော အာဟာရ အားလုံးသည် မချိုကုန်, ဩဇာ မရှိကုန်"ဟု ဆို၏။

ထိုအခါ မင်းသည် မိမိ မင်းဖြစ်သည်ကို ပြောကြား၍ "အရှင်ဘုရား၊ ရှေး၌ ညောင်သီးမှည့်ကို ကျွန်ုပ်သည်သာ ချိုအောင်ပြု၍ ခါးအောင် ပြုခဲ့ပြီ။ ယခု ချိုအောင်ပြုအံ့"ဟု ဆို၍ ဘုရားလောင်းကို ရှိခိုးပြီး ပြန်၍ တရားသဖြင့် မင်းပြုလေ၏။

မင်းတရားစောင့်လျှင် မိုးမှန်မှန်ရွာ၍ တိုင်းပြည်ဝပြော၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မင်းအား ဆုံးမခြင်း (ရာဇောဝါဒ) ကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း-**အာနန္ဒာ = မင်း။ဘုရား = ရဿေ့။]

၃၃၅၊ ဇမ္ဗုကဇာတ်

ခြင်္သေ့နှင့် မာန်ထောင်မြွေခဲ့းအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက်ဘုရားလောင်းခြင်္သေ့သည်ဟိမဝန္တာလိုဏ်ဂူ၌ နေ၏။ တနေ့သ၌ သူသည် ကဲ့ကိုသတ်စားပြီး ပြန်လာသော် သူ့ကို မြွေခဲ့း (ဇမ္ဗုက) တကောင်က မြင်၍ မပြေးသာသဖြင့် သူ့ရှေ့ဝပ်လျက် "ကျွန်ုပ်သည် အရှင့်ကို ခစားလိုပါ၏"ဟု ဆို၏။ ခြင်္သေ့သည် မြွေခဲ့းကို ခေါ်လာ၍ နေ့တိုင်း အမဲကိုယူလာပြီး ကျွေးမွေး၏။ မြွေခဲ့းသည် ခြင်္သေ့စားကြွင်းစားကျန် စားရ၍ ဝဖိုးလာ၏။

သူသည် တနေ့သ၌ မာန်ထောင်၍ ခြင်္သေ့အား "ယနေ့ကျွန်ုပ်သည် ဆင်ကိုသတ်၍ အသားကိုစားပြီး အရှင့်ဘို့ ယူခဲ့အံ့"ဟု ဆို၏။ သူသည် ခြင်္သေ့ကတားသည်ကိုမနာယူဘဲသွား၍တောင်ထိပ်၌ရပ်လျက် တောင်ခြေရင်း ရှိ ဆင်ကိုမြင်လျှင် "ထိုဆင်၏ ဦးကင်း၌ ကျအံ့"ဟုခုန်သော် လိမ့်၍ ဆင်ခြေရင်း၌ ကျ၏။ ဆင်သည်မြွေခဲ့း၏ဦးခေါင်းကို နင်းချေသတ်ပြီးမြည်လျက်သွား၏။ ခြင်္သေ့သည်သွား၍ တောင်ထိပ်မှ မြွေခဲ့းသေသည်ကို မြင်လျှင် "ဤမြွေခဲ့းသည် မာနကိုမှီ၍ ပျက်စီးရ၏။ ဤလောက၌ မိမိဉာဏ်အား ကိုယ်အားအလျောက် အမှုကို ပြုသင့်၏" စသည်ဖြင့် ဆိုလေ၏။

လူမိုက်သည် မိုက်မဲစွာ လုပ်တတ်သဖြင့် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်၏ ဘုရားအတုပြုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း-**ဒေဝဒတ်=မြွေခဲ့း။ဘုရား=ခြင်္သေ့။]

၃၃၆၊ ဖြဟ္မာဆတ္တဇာတ်

ပညာရှိ ဆတ္တမင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ ထိုမင်းသည် စစ်သည်များစွာဖြင့် သဝဏ်ထိပြည်သို့ သွား၍ စစ်ထိုးပြီး ကောသလ

မင်းကို ဖမ်း၏။ မင်းချင်းယောကျ်ားတို့ကို ထားခဲ့ပြီး မြို့တွင်းရှိ ဥစ္စာတို့ကို ယူဆောင်၍ ကြေးအိုးများထဲထည့်ပြီး သူ့ဥယျာဉ်၌ မြုပ်ထား၏။ ကောသလမင်း၏ 'ဆတ္တ'မည်သော သားသည် စစ်ထိုးစဉ် မထင်ရှားသော အသွင်ဖြင့် ကက္ကသိုလ်ပြည်သို့ ထွက်ပြေး၍ အတတ်ပညာတို့ကို သင်၏။ သူသည် ပြန်လာသော် ပစ္စန္တရစ်ရာတခုအနီးရှိ တောင်ခြေနေသည့် ရသေ့ငါးရာတို့ထံမှ အတတ်ပညာကို သင်ယူ၏။ နောက် သူသည် ဂိုဏ်းဆရာရသေ့ ဖြစ်လာပြီး ထိုရသေ့တို့နှင့်အတူ ဗာရာဏသီပြည်သို့သွား၍ မင်း၏ ဥယျာဉ်၌နေပြီး မင်းအား မိမိကို ကြည်ညိုအောင် အံ့သြဘွယ်ရာတို့ကို ပြုလုပ်၏။

တနေ့သ၌ သူသည် မန္တရားကိုမန်း၍ "ဤမင်းသည် အဘယ်အရပ်၌ ငါ့အဖ ဥစ္စာကို မြုပ်ထားသနည်း" ဟုကြည့်သော် ဥယျာဉ်၌ မြုပ်ထားသည်ကိုသိ၏။ သူသည် ရသေ့တို့အား ညအခါ၌ ထိုဥစ္စာအိုးတို့ကို ထုတ်ဆောင်စေ၍ သားရေအိတ်တို့၌ ထည့်ယူစေပြီး သာဝတ္ထိပြည်သို့ ပြေး၏။ သူသည် ဗာရာဏသီမင်း၏ မင်းချင်းယောကျ်ား အားလုံးကို ဖမ်းစေ၍သာဝတ္ထိပြည်ကို သိမ်းယူပြီး မင်းပြု၏။ ဗာရာဏသီမင်းသည် ထိုအကြောင်းကို ကြား၍ ဥစ္စာဆုံးရှုံးခြင်းအတွက် ပူးဆွေးသောကရောက်၏။ ဘုရားလောင်းသည် သူ့အား တရားဟော၍ သောကကင်းအောင် ပြုပေးလေ၏။

ပညာရှိသည် ရန်သူကို အနုနည်းဖြင့် အနိုင်ယူတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းနေ၌စဉ် "အံ့သြဘွယ်ကို ပြုတတ်သော ရဟန်းဘပါးကိုအကြောင်း ပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ဝေါင်း-**အံ့သြဘွယ်ကိုပြုတတ်သော ရဟန်း=(ဗြဟာ)ဆတ္တာ။ဘုရား = ပညာရှိအမတ်]

၃၃၇၊ ပိဋ္ဌဇာတ်

ရသေ့နှင့် သူဌေးအဖကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ရသေ့သည် တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်းဥယျာဉ်၌နေ၏။ နောက်တနေ့မြို့ထဲ ဆွမ်းခံဝင်သော် သူသည် "သဒ္ဓါတရားရှိ၏" ဟုကြားရသော ဗာရာဏသီသူဌေးအိမ်သို့ သွား၏။

ထိုခဏ၌ သူဌေးလည်း မင်းထံ ခစားသွားနေ၍ ဘုရားလောင်းသည် တစုံတခုမျှ မရသော်လည်း နှလုံးမသာမယာဘဲ ပြန်သွား၏။ မင်းအိမ်မှ ပြန်လာသည့် သူဌေးသည် ဘုရားလောင်းကို မြင်သော် အိမ်သို့ပင့်၍

ခြေတို့ကိုဆေးပြီး ဆွမ်းဖြင့် လုပ်ကျွေး၏။ နောက် သူဋ္ဌေးက "ကျွန်ုပ်၏ သူငယ်တို့ မမြင်ရှိနေရာ(ပီဋ္ဌ)ဆွမ်းရေတို့ကို အရှင်ဘုရားအား မပေးလျှံမိသည့် အတွက် သည်းခံပါ။ လှူဒါန်းခြင်း, ရဟန်းပုဏ္ဏားတို့ကို မိဘကဲ့သို့ လုပ်ကျွေးခြင်းတို့သည် ကျွန်ုပ်တို့၏ အမျိုးဌေ အဘ အဘိုးတို့၏ အလေ့အကျင့် ဖြစ်ပါ၏"ဟု လျှောက်ထား၏။ ဘုရားလောင်းသည် နှစ်ရက် သုံးရက် ထိုသူဋ္ဌေးအား တရားဟောရှိ ဗာရာဏသီဌေနေပြီး တဖန် ဟိမဝန္တာသို့ သွားလေ၏။

ပညာရှိမှာ လာဘ်ရခြင်း မရခြင်းဌေ ဝမ်းသာ ဝမ်းနည်းခြင်း မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌေ နေစဉ် "အနာထပိဏ်သူဋ္ဌေး, ဝိသာခါတို့၏ အိမ်တံခါးသို့အလှန်စောစွာ ဆွမ်းခံသွားရှိ တစုံတခုမျှမရသော် ထိုဒါယကာများအား ကဲ့ရဲ့ရှုတ်ချသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ဓပါဌ်း-အာနန္ဒာ=ဗာရာဏသီသူဋ္ဌေး။ဘုရား = ရသေ့။

၃၃၈၊ ထုသဇာတ်

မင်းနှင့် အသက်ကယ် မန္တန်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် တက္ကသိုလ်ပြည်ဌေ ဘုရားလောင်း ဒီသာပါမောက္ခဆရာသည် မင်းသား ပုဏ္ဏားလုလင်များစွာတို့အား အတတ်သင်ပေး၏။ သူသည် သူ့ထံဌေ ပညာသင်ပြီး၍ ပြန်ရန် ခွင့်ပန်သည့် ဗာရာဏသီမင်း၏သားကို အင်္ဂါဝိဇ္ဇာအတတ်ဖြင့်ကြည့်၍ ထိုမင်းသားအား သားကို မှီပြီး အန္တရာယ်ဖြစ်မည်ကို မြင်၏။ သူသည် ထိုအန္တရာယ်မှ ကင်းစေရန် "ဝိဒိတံ ထုသံ ဥန္ဒုရုနံ"အစချီသော လေးဂါထာကိုဖွဲ့ပြီး "သင်မင်းဖြစ်၍ သင့်သား အရွယ်ရောက်သော် ဤမည်ဤမည်သောအခါ,နေရာဌေ ဤဂါထာ ဤဂါထာကို ရွတ်လော့"ဟု ဆို၍ ပေး၏။

ထိုမင်းသားသည် ဗာရာဏသီသို့ပြန်၍ အဖလွန်သော် မင်းဖြစ်၏။ သူ့သားသည် အရွယ်ရောက်သော် ထီးနန်းကို ယူလိုသဖြင့် တနေ့သဌေ အဖအား အဆိပ်ကျွေးသတ်ရန် အဖနှင့်အတူ ညစာစားစဉ် အဆိပ်ကို ကိုင်ထား၏။ မင်းသည် ထမင်းစားမည်ပြုစဉ် ပထမဂါထာကို ရွတ်၏။ မင်းသားသည် "အဖသိချပြီ"ဟု ကြောက်၍ ပြေး၏။ တဖန် သန်လျက်စဲ့၍ ခစားရသည့်အခါဌေ မင်းသားသည် သန်လျက်စဲ့၍ သွားပြီး သတ်ခွင့်ကို လှည့်လည်စုံစမ်း၏။

ထိုခဏ၌ မင်းသည် ဒုတိယဂါထာကိုရွတ်၏။ မင်းသားသည် "အဖသည် ငါရန်သူဖြစ်သည်ကို သိ၏"ဟု ပြော၏။

တဖန် မင်းသားသည် တနေ့သ၌ မင်းကိုသတ်ရန် သန်လျက်ကို ယူ၍ စောင်းတန်းဦး၌ ရပ်၏၊ ထိုခဏ၌မင်းသည် စောင်းတန်းဦး၌ ရပ်လျက် ဟာတိယဂါထာကိုရွတ်၏။ မင်းသားသည် "ဖခင်သည် ငါ့ကို ဖမ်းလို၏"ဟု ကြောက်၍ပြော၏။

နောက်တဖန် မင်းသားသည် တခန့သ၌ အဖကို အိပ်ခန်းထဲ ဝင်စဉ် သတ်ရန် ပလ္လင်အောက်၌ သန်လျက်ကိုင်၍ ဝပ်၏။ မင်းသည် အိပ်ခန်းထဲ ဝင်သော် စဘုတ္ထဂါထာကိုရွတ်၏။ မင်းသားသည် "ဖခင်ကား ငါ့ကို သိပြီ၊ ယခု ငါ့ကိုဖျက်ဆီးမည်"ဟု ကြောက်၍ ထွက်လာပြီး သန်လျက်ကို၍ ကာ မင်းခြေရင်း၌ဝပ်၍ သည်းခံရန် တောင်းပန်၏။ မင်းသည် မင်းသားကို သံခြေကျဉ်းဖြင့် နှောင်ဖွဲ့စေပြီး နှောင်အိမ်ထဲသွင်းထား၏။ ထိုမင်း ကွယ်လွန်မှ အမတ်တို့က ထိုမင်းသားကို နှောင်အိမ်မှထုတ်၍ မင်းမြောက်ကြလေ၏။

ပညာရှိစကား လိုက်နာသူသည် ဘေးကင်း၍ ချမ်းသာသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကြီးသော်ဤသားငယ်သည် မိမိကိုသတ်မည်-ဟု သိလျက်နှင့်သား၌တော်အဇာတသတ်မင်းသားငယ်ကို အလွန် ချစ်မြတ်နိုးသဖြင့် အန္တရာယ်ကို မကာကွယ်သော ဗိမ္ဗိသာရ မင်းကိုအကြောင်း ပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား=ဒီသာပါမောက္ခဆရာ။]

၃၃၉၊ ဗာဝေရုဇာတ်

ကျီးကန်းနှင့် ဥဒေါင်းအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဥဒေါင်းမင်းသည် တောင်ခြေကျက်စား၏။ ထိုအခါ ကုန်သည်အခြို့သည် ငှက်သတ္တဝါ မရှိသည့် 'ဗာဝေရု'တိုင်းသို့ ကျီးတကောင်ကိုယူ၍ လှေဖြင့် သွားကြ၏။ ဗာဝေရုတိုင်းသားတို့သည် စုဝေးလာကြပြီး ကျီးကို အလွန်နှစ်သက်၍ ထိုကုန်သည်တို့ ဆိုသည့် အဘိုးဌေတရာဖြင့် ဝယ်ယူပြီး ရွှေချိုင့်၌ ထားကာ ငါးအမဲ သစ်သီး ကြီးငယ် အမျိုးမျိုးဖြင့် ကျွေးမွေးကြ၏။ နောက် ထိုကုန်သည်တို့သည် ဘုရားလောင်း ဥဒေါင်းမင်းကိုဖမ်းယူ၍ ကောင်းစွာသင်ပြီး ဗာဝေရုတိုင်းသို့ သွားကြ၏

ဥဒေါင်းမင်းသည် လူမျိုးစုဝေးလာကြသော် လှည်းဦးခွံရပ်ကာ အတောင်တို့ကို ဖြန့်ပြီး သာယာသော အသံကို တွန်ချက်၏။ လူတို့သည် ဥဒေါင်းမင်းကို အလွန်နှစ်သက်မြတ်နိုးကြသဖြင့် ထိုကုန်သည်တို့ ဆိုသည့် အဘိုးဌေးတထောင်ဖြင့် ဝယ်ယူကြ၏။ သူတို့သည် ဥဒေါင်းမင်းကို ရတနာခုနစ်ပါးဖြင့်ပြီးသော ချိုင့်ခွံထား၍ ငါး၊အမဲ၊သစ်သီး၊ပျား၊ပေါက်ပေါက် စသည်တို့ဖြင့် ကျွေးမွေးကြ၏။ ကျီးကိုမူ တယောက်မျှ မကြည့်လိုဘဲ တစုံတခုကိုမျှ မပေးတော့ပေ။ ကျီးသည် အစာမရသော် "ကာကာ"ဟု မြည်လျက် ပျံသွားပြီး မစင်စုန့်ရာ၌ အစာကို ယူလေ၏။

ပညာရှိရောက်လာလျှင် လူမိုက်များ ပျောက်ကွယ်ရမည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မြတ်စွာဘုရားပဉ္စင်္သောအခါလာဘ်လာဘ ပျောက်ကွယ်ကြသော တိတ္ထိတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–နိဂ္ဂဏ္ဌနာဋပုတ္တ=ကျီး။ဘုရား=ဥဒေါင်းမင်း။]

၃၄၀၊ ဝိသယ့ဇာတ်

မလှဘဲမနေနိုင်သည့် သူဌေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ဝိသယ့' သူဌေးသည် နေ့စဉ် ခြောက်သိန်းသော အလှူကိုပေး၍ သီလစောင့်၏။ သိကြားမင်းသည် "ဝိသယ့က အလှူပေး၍ သိကြားအဖြစ် ယူမည်"ကို စိုးရိမ်သဖြင့် သူဥစ္စာများနှင့် ကျွန်အပေါင်းကို ကွယ်စေ၏။ အလှူမပေးဘဲ မနေနိုင်သော ဝိဿယ့သည် အလှူပေးရန် မြက်ရိတ်ရောင်းရာ တပဲရပြီး သူတောင်းစားတို့အား လှူ၍ ကုန်သွားသဖြင့် ထိုနေ့ မယားနှင့်တကွ အစာမစားရပေ။ ဤနည်းဖြင့် ခြောက်ရက်လွန်၏။ ခုနစ်ရက်မြောက်နေ့၌ အစာပြတ်သည့် ဝိသယ့သည် မြက်ရိတ်ရာတွင် မူးဝေ၍ သတိလစ်ပြီး မြက်ကိုဖိ၍ လဲ၏။ ထို အခါ သိကြားမင်းသည် လာ၍ ကောင်းကင်၌ ရပ်လျက် "အလှူမပေးလျှင် သင့်စည်းစိမ်တို့သည် တည်ကုန်ရာ၏"ဟု ဆို၏။ ဝိသယ့က "သင်သိကြားသည် ယုတ်မာသည့်အမှုကို ပြု၏။ ငါသည် ဥစ္စာမရှိသော်လည်း မြက်ရိတ်၍ အလှူပေးအံ့"ဟု ဆို၏။

နောက် သိကြားမင်းက အလှူပေးခြင်း၏ အကြောင်းကို မေးသော် ဝိသယ့က "ငါသည် သဗ္ဗညုတ ဉာဏ်ကိုသာ တောင့်တ၍ အလှူပေး၏"ဟု ဆို၏။ သိကြားမင်းသည် နှစ်သက်၍ ဝိသယ့၏ ကျောင်း လက်ဖြင့် ဆုပ်နယ်

လိုက်လျှင်ပင် ဝိသယှသည် စားရဘိသကဲ့သို့ ဝမ်းပြည့်သွား၏။ သိကြားမင်းသည် တန်ခိုးဖြင့် ဝိသယှ၏ စည်းစိမ် အခြံအရံအား လုံးကို တည့်စေပြီးနောက် "သင်သည် ယနေ့မှစ၍ ယခင်ထက် နှစ်ဆပို၍ လှူပါလော့" ဟု ဆို၍ ဝိသယှအိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာတို့ကို ထားပြီး ပြန်သွားလေ၏။

လူမိုက်သည် ပညာရှိကို ကုသိုလ်ဖြူခြင်းမှ မတားမြစ်နိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အနာထပိဏ်သူဌေးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ရာဟုလာမယဲတော် သူဌေးမယား။ ဘုရား=ဝိသယှသူဌေး'။]

၃၄၁၊ ကဏ္ဍရီ(ကုဏ္ဍလီ)ဇာတ်

[ဤဇာတ်သည် ကုဏာလဇာတ်(ဇာ-၅၁၆)၌ အကျယ်လာ၏။]

၃၄၂၊ ဝါနရဇာတ်

မျောက်နှင့် မိကျောင်မိုက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းမျောက်(ဝါနရ)သည် ဂင်္ဂါမြစ်နားဌာန နေ၏။ ဂင်္ဂါမြစ်၌ နေသည့် မိကျောင်းတကောင်သည် သူ့မယားက "ဤမျောက်၏ နှလုံးသားကို စားချင်၏" ဟု ဆိုသဖြင့် "အဆွေ၊ ငါသည် သင့်ကို မြစ်၏အလယ်၌ သစ်သီးပေါများသည့် ကျွန်းငယ်သို့ သယ်ဆောင်ပေးအံ့" ဟု ဆို၏။ ဘုရားလောင်းသည် ယုံ၍ မိကျောင်းဆို တိုင်းပြု၏။ မိကျောင်းသည် ဘုရားလောင်းကို သူ့ကျောပေါ်တင်၍ အတန်ငယ်သွားပြီး ရေခဲ့ငုပ်၍ နှစ်ပြီး "ငါသည် သင့်ကိုသတ်၍ သင့်နှလုံးသားကို ငါ့မယားအား ပေးအံ့" ဟု ဆို၏။

ဘုရားလောင်းက "ပညာနည်းသော မိကျောင်း၊ ငါ့နှလုံးသားသည် ရင်ခွဲရှိ၏ဟု သင်ထင်မှတ်၏။ ငါ့နှလုံးသားသည် ရင်ခွဲမရှိ။ ဤရေသဖန်းပင်ခွဲ ဆွဲထားအပ်၏" ဟု ဆို၏။ မိကျောင်းသည် ယုံ၍ ဘုရားလောင်းကို မြစ်ကမ်းနားရှိ ထိုရေသဖန်းပင်သို့ ယူဆောင်သွား၏။ ဘုရားလောင်းသည် မိကျောင်း၏ ကျောမှခုန်၍ ရေသဖန်းပင်ခွဲ မိကျောင်းကို ကွဲရဲ့ ပြောဆို၍ တောအုပ်ထဲသို့ ဝင်လေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရနိုင်ပေ။

[မြတ်စွာဘုရားသည် ဝေဠုဝန်(ဇေတဝန်)ကျောင်း၌ နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**—ဒေဝဒတ်=မိကျောင်း။ ဘုရား=မျောက်မင်း။]

၃၄၃၊ ကုန္တိနီဇာတ်
ဂလဲ့စားချေသည့် ကြိုးကြာမအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဖြဟ္မဒတ်မင်း၏ နန်းတော်၌ မွေးထားသည့် ကြိုးကြာမ(ကုန္တိနီ)သည် တနေ့သ၌ မင်းက ခိုင်းစေ၍ မင်းတပါးထံသို့ မှာစာကိုသွားပို့နေစဉ် နန်းတော်ရှိ သူငယ်တို့က သူမ၏သားငယ်နှစ်ကောင်ကို သတ်ပစ်ကြ၏။ ကြိုးကြာမ ပြန်လာပြီး သားတို့ကို မမြင်၍ မေးသော် ထိုသူငယ်တို့က "ဤမည်သော သူသည်၎င်း, ဤမည်သောသူသည်၎င်း သတ်၏" ဟု ဆိုကြ၏။

ကြိုးကြာမသည် "ဤသူငယ်တို့သည် ငါ့သားများကို သတ်ကြသကဲ့သို့ ငါသည် ထိုသူငယ်တို့ကို သတ်အံ့" ဟုကြံ၍ ထိုသူငယ်တို့ကို နန်းတွင်း၌ မွေးထားသည့် ကျားဆိုးထံသို့ "ကျားကို ကြည့်အံ့" ဟု ခေါ်၍ကျား၏ ခြေရင်း၌ ထား၏။ ကျားသည် ၎င်းတို့ကို ကျွတ်ကျွတ် ဝါးစား၏။ ကြိုးကြာမသည် မင်းထံသွား၍ "အရှင်မင်းကြီးတို့ မေ့လျော့၍ကျွန်ုပ်၏ သားများကို သူငယ်တို့ သတ်ကြ၏။ ကျွန်ုပ်သည် ထိုသူငယ်တို့ကို သတ်စေအပ်ပြီ" ဟု ဆို၍ ဟိမဝန္တာသို့ ပုံသွားလေ၏။

ဒုက်ရန်ဖြစ်ခြင်းသည် နှစ်ဘက်လုံးကို ပျက်စီးစေတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အလားတူပြုမူသော (ကောသလမင်း၏ နန်းတော်၌နေသည့်)ကြိုးကြာမကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**—ကြိုးကြာမ=ကြိုးကြာမ။ ဘုရား=ဗာရာဏသီမင်း။]

၃၄၄၊ အမွေစောရဇာတ်
သရက်တောနှင့် ရသေ့စဉ်းလဲအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ရသေ့စဉ်းလဲ တပါးသည် ဗာရာဏသီပြည်ကို အမှီပြု၍ မြစ်နားဝယ် သရက်ဥယျာဉ်၌ နေ၏။ သူသည် အပင်မှကြွကျသည့် အရက်သီးမှည့်တို့ကို လာသောသူတို့အား ပေးလျက် မမှန်သောနည်းဖြင့် အသက်မွေး၏။ ဘုရားလောင်း သိကြားမင်းသည် ထိုရသေ့ဆွမ်းခံသွားစဉ် မိမိတန်ခိုးဖြင့် သရက်သီးများကို ကြွေစေပြီး ခိုးသူတို့ ခိုးဘိသကဲ့သို့ ပြု၏။

ထိုရသေ့စဉ်းလဲပြန်လာ၍ သူ့ဥယျာဉ်ထဲ ဝင်လာသည့် ဗာရာဏသီပြည်မှ သူဌေးသမီး လေးဦးကို မြင်သော် "သင်တို့သည် ငါ့သရက်သီးတို့ကို ခိုးစားကြ၏ (အမှုစောရ)" ဟု ဆို၏။ ထိုသူဌေးသမီးတို့ကမိမိတို့မစားကြောင်း ကျိန်၍ ပြောဆိုမှ ရသေ့သည် ၎င်းတို့ကို သွားစေ၏။ သိကြားမင်းသည် ရသေ့အား ကြောက်ဘွယ်အဆင်းကို ပြ၍ ထိုအရပ်မှ ပြေးစေလေ၏။

လူမိုက်သည် ယုတ်မာသည့်အမှုကို ဖြိုကျင့်၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ ပြုမူသော သရက်ဥယျာဉ်ကိုစောင့်သည့်ရဟန်းကြီးတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။။ဇာတ်ပေါင်း– ရဟန်းကြီး=ရသေ့စဉ်းလဲ။ သူဌေးသမီးလေးဦး=သူဌေးသမီးလေးဦး။ ဘုရား=သိကြားမင်း။]

၃၄၅။ ရာဇကုမ္ဘဇာတ်

အလွန်ပျင်းသည့် မင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။သူသည် အလွန်ပျင်းရိသည့် မင်းကို ဆုံးမရန် ဥပမာတခုကို ရှာကြံနေ၏။ တနေ့သ၌ မင်းသည်အမတ်တို့နှင့်အတူ ဥယျာဉ်သို့သွား၍ လှည့်လည်သော် တနေ့လုံး တွင် လက် တသစ် နှစ်သစ်မျှသာ သွားသော အလွန်ပျင်းရိသည့် 'ရာဇကုမ္ဘ' အမည်ရှိသောသူကို တွေ့မြင်၏။ ဘုရားလောင်းက "သင်၏ သွားခြင်းသည် အလွန်နှေးကွေးလှ၏။ တောမိုးလောင်သော် အသို့ပြုအံ့နည်း" ဟုမေး၏။ ရာဇကုမ္ဘက "ငါသည် သစ်ခေါင်းပေါက် ထူးတွင်းပေါက်တို့သို့ မရောက်နိုင်လျှင် သေမည်သာတည်း" ဟု ဆို၏။ ဘုရားလောင်းက "သင်သည် အလွန်ပျင်းရိသဖြင့် မိမိ၏ အကျိုးစီးပွားကို ဖျက်ဆီး၏" စသည်ဖြင့် ကဲ့ရဲ့ပြောဆို၏။ မင်းသည် ရိပ်မိ နားလည်ပြီး ထိုနေ့မှ စ၍ မပျင်းရိတော့ပေ။

ပျင်းရိခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ်"ပျင်းရိသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- ပျင်းရိသော ရဟန်း=ရာဇကုမ္ဘ။ ဘုရား=ပညာရှိအမတ်။]

၃၄၆။ ကေသဝဇာတ်

ကေသဝနှင့် ကပ္ပရသေ့ ၂ ပါးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'ကပ္ပ'ရသေ့သည် ဟိမဝန္တာနေ ရသေ့ငါးရာတို့၏ ဆရာဖြစ်သည့် 'ကေသဝ' ရသေ့ထံ၌ တပည့်ကြီး အဖြစ်ဖြင့်နေ၏။ ထိုဆရာ,တပည့်နှစ်ဦးသည် အချင်းချင်းအလွန်

ချစ်ကျမ်းဝင်၏။ တနေ့သ၌ ကေသဝရသေ့သည် တပည့်တို့ကို ခေါ်၍ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွားပြီး မင်း၏ ဥယျာဉ်၌နေ၏။ မင်းသည် ရသေ့အပေါင်းကို ဥယျာဉ်၌ နေစေ၍ ဆွမ်းဖြင့် လုပ်ကြွေး၏။ မိုးကာလ ကုန်သော် ကေသဝ ရသေ့သည် မင်းက တောင်းပန်၍ ဥယျာဉ်၌ နေရစ်ခဲ့ပြီး တပည့်ကြီးနှင့်တကွ တပည့်ငါးရာတို့ကို ဟိမဝန္တာသို့ ပြန်စေ၏။

ကေသဝ ရသေ့သည် ကပ္ပရသေ့နှင့် ကင်းကွာ၍ငြိုငွေ့ပြီး အိပ်မရသော် အစာမကြေ ဝမ်းသွေးသွန်သည့် ရောဂါဖြစ်၏။ မင်း၏ ဆေးဆရာတို့မကုစားနိုင်ကုန်။ ထိုအခါ ကေသဝရသေ့က "ငါ့ရောဂါ ပျောက်စေလိုလျှင် ငါ့ကို ဟိမဝန္တာသို့ပို့လော့" ဟု ဆို၏။ မင်းသည် 'နာရဒ' အမတ်အား မှဆိုးနှင့်အတူ ကေသဝ ရသေ့ကို ဟိမဝန္တာသို့ ပို့စေ၏။ စိတ်ကြောင့် ဖြစ်သော ကေသဝရသေ့၏ ရောဂါသည် ကပ္ပရသေ့ကိုမြင်ကာမျှ၌သက်သာ၏။ကပ္ပရသေ့ကပေးသည့် ဆားမပါ ရေလုံပြုတ်သည့် သစ်ရွက်နှင့် ယာဂုကို သုံးဆောင်လျှင် ကေသဝရသေ့၏ ဝမ်းသွေးသွန် ရောဂါသည် ပျောက်၏။ ကေသဝရသေ့က အမတ်အား "ချစ်ကျမ်းဝင်သူ ရှိသည့်နေရာ၌ စားသမျှ ဘောဇဉ်သည် ချိုသည်သာ ဖြစ်၏။ ချစ်ကျမ်းဝင်ခြင်းသည် အမြတ်ဆုံး အရသာ ဖြစ်၏" ဟု ဆိုလေ၏။

ချစ်ခင်သူကပေးသည့် အစာသည် အရသာ အရှိဆုံး ဖြစ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ရဟန်းတို့သည် မင်းက ပေးလှူသည့် ဘောဇဉ်ကောင်းကို မစားဘဲ အကျမ်းဝင်သူတို့လှူသည့် ဘောဇဉ် (ဝိဿာသဘောဇန)ကို သုံးဆောင်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=မင်း။သာရိပုတ္တရာ = နာရဒအမတ်။ ဗကဗြဟ္မာ = ကေသဝရသေ့။ဘုရား=ကပ္ပရသေ့။]

၃၄၇။ အယကူဋဇာတ်

မင်းနှင့် ဘီးလူးကြမ်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဇြဟ္မဒတ်မင်း၏ သားဖြစ်၍ အဖလှန်သော် တရားသဖြင့် မင်းပြု၏။ လူတို့သည် နတ်တို့ကို ကိုးကွယ်ကြ၍ ဆိတ်တို့ကိုသတ်ပြီး နတ်တို့အား ပူဇော်ကြ၏။ ဘုရားလောင်းက "သတ္တဝါတို့ကို မသတ်နှင့်" ဟု စည်လည်စေ၍ တားမြစ်၏။ ဘီလူးတို့သည် ပူဇော်သက္ကာရကို မရကြသဖြင့် အမျက်ထွက်၍ ဘုရားလောင်းကို သတ်စေရန်

ဘီလူးကြမ်းတဦးကို စေလွှတ်ကြ၏။ ထိုဘီလူးသည် ညသန်ကောင်အခါ၌ သံတူကြီး(အယက္ကဋ္ဌ)ယူသွားပြီး ဘုရားလောင်း၏အိပ်ရာထက်၌ ရပ်၏။

ထိုခဏ၌ သိကြားမင်းသည် လာ၍ ဝရဇိန် လက်နက်ကို ကိုင်လျက် ထိုဘီလူး အထက်၌ ရပ်၏။ ဘုရားလောင်းသည် သိကြားမင်းကို မမြင်ဘဲ ဘီလူးကိုသာ မြင်ရကား "သင်သည် ငါ့ကို စောင့်ရှောက်ရန်စီစဉ်သလော" ဟုမေး၏။ ဘီလူးက "ငါသည် သင့်ကိုသတ်ရန်လာ၏။ သိကြားမင်းသည် သင့်ကို စောင့်ရှောက်သဖြင့် ငါသည် သင့် ဦးခေါင်းကို မခဲ့ဝံ့"ဟု ဆို၏။ သိကြားမင်းသည် ဘီလူးကို ပြုံးစေပြီး "မင်းကြီး၊ မကြောက်လင့်။ ယနေ့မှစ၍ သင့်ကို ငါစောင့်ရှောက်အံ့"ဟုဆို၍ ပြန်သွားလေ၏။

ပညာရှိသည် အမျှားအကျိုးကို မရမနေ ဆောင်ရွက်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "လောက၏အကျိုးစီးပွား အတွက် ဘုရား၏ ကျင့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း–အနုရုဒ္ဓာ=သိကြားမင်း။ ဘုရား=ဗာရာဏသီမင်း။]

၃၄၈၊ အရည်ဇာတ်

မိန်းမမျိုနှင့် ရသေ့ငယ်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ပုဏ္ဏားသည် မယားသေသော် သားငယ်ကိုယူ၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာဝဒ္ဒေသ၌ နေစဉ်သားကို ကျောင်းဌာထားခဲ့ပြီး သစ်သီးရှာသွား၏။တနေ့သဒ္ဓိ သူသစ်သီးရှာသွားခိုက် မိန်းမငယ်တဦးသည် ထိုကျောင်းသို့ ရောက်လာပြီး ရသေ့ငယ်ကို ဖြားယောင်း၍ သီလကို ဖျက်ဆီးပြီး "လာ၊ သွားကြအံ့"ဟုဆို၏။ရသေ့ငယ်က "အဖကို ဖူးမြင်ပြီးမှ သွားအံ့"ဟုဆို၏။ ထိုမိန်းမငယ်သည် "အဖကို ဖူးမြင်ပြီးလာလော့"ဟုဆိုပြီး သွား၍ လမ်းအကြား၌ စောင့်နေ၏။

ရသေ့ငယ်သည် ပြန်လာသည့်အဖအား ထိုမိန်းမငယ် အကြောင်းပြောပြပြီး "ကျွန်ုပ်သည် တော (အရည)မှ ရှာသို့သွားလျှင် အဘယ်သီလနှင့် အကျင့်ရှိသော သူကို မှီဝဲရအံ့နည်း"ဟုမေး၏။ ဖခင်က "ဤမည်သောကောင်းသည့် အကျင့်သီလများနှင့် ပြည့်စုံသူကို မှီဝဲလော့။ ဤမည်သောမကောင်းသည့် အကျင့်တို့ကို ကျင့်သော, စိတ်မတည်ကြည်သောသူကို မမှီဝဲလင့်"ဟု ဆို၍ တရားဟော၏။ ထိုအခါ ရသေ့ငယ်က "ဖခင်၊ ကျွန်ုပ်သည်

ဤကျေးဇူးမျှားနှင့် ပြည့်စုံသောသူကို အဘယ်မှာ ရအံ့နည်း။ ရွာသို့မသွား တော့အံ့”ဟု ဆိုပြီး ဖခင်ထံ၌နေ၍ တရားအားထုတ်လေ၏။

မိန်းမမည်သည် မာယာဖြင့် ဆွဲဆောင်ပြီး နှိပ်စက်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “အပျိုကြီးဖြားယောင်း၍ ငြီးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍”ဤဇာတ်ကိုဟော၏။ ။ဇာတ် ပေါင်း- အပျိုကြီး=မိန်းမ ယ်။ ငြီးငွေ့သောရဟန်း=ရသေ့ငယ်။ ဘုရား = အဖရသေ့။]

၃၅၉၊ သန္ဓိဘေဒဇာတ်

ခြင်္သေ့၊ နွားနှင့် မြေခွေးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ အဖလွန် သော် တရားသဖြင့် မင်းပြု၏။ ထိုအခါ နွားမတကောင်သည် ခြင်္သေ့မ တကောင်နှင့် လွန်စွာ ချစ်ကျမ်းဝင်၍ တော၌ အတူကျက်စား၏။ နောက် ထိုနွားမ၊ ခြင်္သေ့မတို့သည် သားငယ်များကို မွေးကြ၏။ ထိုခြင်္သေ့ငယ်၊ နွား ငယ်တို့လည်း မြဲမြံစွာ မိတ်ဆွေဖြစ်ကြ၍ အတူကျက်စားကြ၏။

မုဆိုးတဦးသည် ထိုအရပ်သို့ရောက်၍ အတူကျက်စားနေသည့် ခြင်္သေ့၊ နွားလားတို့ကိုမြင်၍ မင်းအား ထိုအကြောင်းကို လျှောက်ကြား၏။ မင်းက “ထိုခြင်္သေ့၊ နွားလား နှစ်ဦးတို့အား သုံးယောက်မြောက် အဖော်ကိုမြင်လျှင် ငါ့အား ကြားလော့”ဟုဆို၏။ နောက် မြေခွေးတကောင်သည် ထို ခြင်္သေ့၊ နွားလားတို့အား ခစား၏။ မုဆိုးသည် တော်သို့သွား၍ ထိုမြေခွေးကို မြင်လျှင် မင်းအား လျှောက်ကြားရန် မြို့သို့သွား၏။ မြေခွေးသည် “ဤခြင်္သေ့၊ နွားလားတို့ကို အချစ်ပျက်စေပြီး သူတို့၏ အသားကို စားအံ့”ဟု ကြံ၍ “သင့်ကို ဤနွားလားက ဤသို့ဆို၏။ သင့်ကို ဤခြင်္သေ့က ဤသို့ ဆို၏”ပဋိကုံးချော၏။ မြေခွေးသည် ဤသို့ အဆင်ပဋိန်းနှစ်ဦးကို ကဲစေ၍ မကြာမီ ခိုက်ရန်ဖြစ်စေပြီး သေစေ၏။

မုဆိုးသည် မြို့ရောက်၍ မင်းအား ထိုအကြောင်းကို ကြား၏။ မင်းက “မြေခွေးသည် ထိုအဆင်ပဋိန်း နှစ်ဦးကိုအချစ်ပျက်စေ၍သေစေမည်။ ငါတို့ သည် ထိုခြင်္သေ့၊ နွားလားတို့ သေချိန်၌ ရောက်မည်”ဟုဆိုပြီး ထိုမုဆိုးနှင့် အတူ ရထားစီး၍သွား၏။ ထိုနေရာသို့ ရောက်သော် သေကြပျက်စီးသည့် ထိုခြင်္သေ့၊ နွားလားတို့ကို တလှည့်စီ ရှင်လန်းစွာ စားနေသည့်မြေခွေးကိုမြင်၍

မင်းက “ကျိယုတ်မာသည့်မြေခွေး၏ ဂုံးတိုက်မှုကြောင့်ကျိခြသေ့၊နွားလားတို့သေကြ၏။ မိတ်ကို ဖျက်ဆီးတတ်သော (သန္ဓိဘေဒ), ဂုံးတိုက်တတ်သောသူ၏ စကားကို နာယူသောသူသည် ကျိသို့ သေရ၏”ဟု ဆိုဖြဲပြန်လေ၏။

လူမိုက်သည် လူယုတ်၏ မကောင်းကြံမှုကြောင့် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “ရဟန်းတို့အား ဂုံးတိုက်၍ အချင်းချင်း ခိုက်ရန်ဖြစ်စေသောဆပ္ပဂ္ဂိရဟန်းတို့ကို အကြောင်းပြုပြီး”ကျိဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဘုရား=ဗာရာဏသိမင်း။]

၃၅၀၊ ဒေဝတာပဥ္စဇာတ်

[ကျိဇာတ်သည် မဟာဥမင်္ဂဇာတ်(ဇာ ၅၄၂)၌ အကျယ်လာ၏။]



၃၅၁။ မဏိကုဏ္ဍလဇာတ်

မင်းကောင်းနှင့် မင်းမိုက်အကြောင်း

[မဟာသီလဝဇာတ် (ဇာ ၅၁)လာ အတိုင်း] ဘုရားလောင်း ဗာရာဏသီ မင်းက နန်းတွင်း၌ ပြစ်မှား၍ နှင်ထုတ်လိုက်သော အမတ်သည် ကောသလ မင်းကို ခေါ်ဆောင်၍ ဗာရာဏသီပြည်ကို သိမ်းယူစေပြီး မင်းကို နှောင်ဖွဲ့၍ နှောင်အိမ်၌ ထားစေ၏။ ဘုရားလောင်းသည် စျာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေသော် ခိုးသူမင်းသည် တကိုယ်လုံး လွန်စွာ ပူလာသဖြင့် ဘုရားလောင်းထံသွား၍ "ပတ္တမြားနားဥဿောင်း(မဏိကုဏ္ဍလ)စသော ဥစ္စာပစ္စည်းအားလုံးနှင့် သားမယားကို စွန့်လွှတ်ရပြီး စည်းစိမ်အားလုံးမှ ဆုံးရှုံးလျက် အဘယ့်ကြောင့် မပူပန်သနည်း" ဟု မေး၏။

ဘုရားလောင်းက "ဥစ္စာပစ္စည်း မှန်သမျှသည်ဌင်း၊ ထိုဥစ္စာကို ပိုင်သည့် သတ္တဝါ မှန်သမျှသည်ဌင်း မမြဲကြသည်သာဖြစ်၍ ငါ့မှာ စိုးရိမ်မှု မဖြစ်" စသည်ဖြင့် တရားဟော၏။ ခိုးသူမင်းသည် ဘုရားလောင်းအား ကန်တော့၍ တိုင်းပြည်ကို ပြန်အပ်ပြီး မိမိပြည်သို့ ပြန်သွားလေ၏။

တရားမသိသူမှာ တငါငါနှင့် တဏှာမာနကို ပွားတတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ကောသလမင်း၏နန်းတွင်း၌ ပြစ်မှားသော အမတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ=ကောသလမင်း။ ဘုရား=ဗာရာဏသီမင်း။]

၃၅၂။ သုဇာတဇာတ်

သေသူကိုတ၍ ငိုခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်၍ 'သုဇာတ' မည်၏။ တနေ့သ၌ သူ့အဖသည် မိမိ၏အဖ သေသော် ပူဆွေးသောကရောက်၍ အဖ၏အရိုးကို သုသာန်မှ ယူဆောင်ပြီး မိမိဥယျာဉ်၌

ဌာပနာထည့်ကာ မြေစေတီတည်ပြီး ပန်းတိုဖြင့် ပူဇော်လျက် ငိုကြွေး၏။ ဘုရားလောင်းသည် ဥပါယ်ဖြင့် အဖ၏ သောကကို ငြိမ်းစေရန် ရွာအပြင်တွင် နွားသေတကောင်ရှိ၌ ခြုံမြက်ရေတို့ကိုထား၍ "စားလော့၊သောက်လော့" ဟုဆို၏။ သူ့အဖသည် ထိုအကြောင်းကို ကြား၍ လျင်စွာသွားပြီး "သင်သည် ပညာမရှိသလော။ အဘယ့်ကြောင့် ဤသို့ ရူးသွပ်သော အမှုကို ပြုသနည်း" ဟု မေး၏။

ဘုရားလောင်းက "အဘို့၏ ဦးခေါင်း ခြေလက်တို့ကို မမြင်ရဘဲ မြေစေတီခြုံ ငိုကြွေးသောသင်သည်သာ ပညာမရှိသည်ဖြစ်၏" ဟု ဆို၏။ ထိုအခါ အဖသည် ငါ့သားကား ပညာရှိ၏။ ငါ့ကို သိစေရန် ဤအမှုကို ပြု၏" ဟု ကြံ၍၊ သားအား "ငါသည် ယနေ့မှစ၍ မငိုကြွေးတော့အံ့။ သင်သည် ငါ၏သောကကို ပယ်ဖျောက်ပေပြီ" စသည်ဖြင့် ချီးမွမ်းပြောဆိုလေ၏။

ပညာရှိသည် အနိစ္စသဘောကို သိ၍ သေသူအတွက် ပူဆွေးမနေပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေတဲ့ "ဖ သ၍ ပူဆွေးသောက ရောက်သဖြင့် ငိုကြွေးနေဘော . ကြယ်တဲ့ကို ဒ ကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း--ဘုရား။=သုဇာတ။

၃၅၃၊ ဝေနသာခဇာတ်

မင်းမိုက်နှင့် ပုရောဟိတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်၌ ဘုရားလောင်း ဒိသာပါမောက္ခဆရာသည် သူ့ထံ၌ပညာသင်ကြားသည့် လူလင်များဦးနက် ရွှန့်ရင်းကြမ်းကြုတ်သည့် ဗာရာဏသီမင်းသားအား "ရွှန့်ရင်းကြမ်းကြုတ်ခြင်းသည် မိမိအကျိုးစီးပွါးကိုဖျက်ဆီးတတ်၏" စသည်ဖြင့် ဆုံးမ၏။ ထိုမင်းသားသည် အတတ်သင်ပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်၍ အဖလွန်သော် မင်းဖြစ်၏။

သူသည် စည်းစိမ်း၌ အလွန်တပ်မက်သည့် 'ပိဂ်လ' မည်သော ပုရောဟိတ်၏ စကားကိုနာယူ၍ စစ်သည်များစွာဖြင့် ဇမ္ဗူဒီပ်ရှိ မင်းအားလုံးကို ဖမ်းယူ၍ ပြည်တို့ကိုသိမ်းယူပြီးလျှင် မင်းတထောင်ခြံရုံလျက် တက္ကသိုလ်ပြည်ကို သိမ်းယူရန် သွား၏။ ဘုရားလောင်းသည် မြို့ကို ရန်သူမဖျက်ဆီးနိုင်အောင်ပြုလုပ်ထား၏။ ထိုမင်းသည် တက္ကသိုလ်ပြည်ကို မသိမ်းနိုင်သဖြင့် ဂင်္ဂါမြစ်နားရှိ ပြန့်သောအခက်များရှိသည့် (ဝေနသာခ) ညောင်ပင်ကြီးအောက်၌ စခန်း

ချ၍ နေ၏။ သူသည် ပုရောဟိတ်အကြံပေးသည့်အတိုင်း မင်းတထောင်တို့၏ မျက်လုံးများကို ထုတ်၍သတ်ပြီး အသားအသွေးတို့ဖြင့် ထိုညောင်ပင်စောင့် နတ်အား ပူဇော်၍ စစ်ထိုးရန်သွား၏။

ထိုအခါ ပြအိုးအတွင်းမှ ဘီလူးတဦးသည် လာ၍ ထိုမင်း၏ လက်ျာမျက်လုံးကို ထုတ်၍ သွား၏။ မင်းသည် အလွန်နာကျင်၍ ထိုညောင်ပင်အောက်ဝယ် ခင်းထားသည့်နေရာ၌ ပက်လက်အိပ်၏။ ဌင်းတတကောင်က ထိုညောင်ပင်ဖျား၌ နားလျက် အသားကိုစားပြီး စွန့်ပစ်ချသောအရိုးသည် ထိုမင်း၏ လက်ဝဲမျက်လုံးပေါ်ကျ၍ မျက်လုံးပေါက်သွား၏။ထိုခဏ၌ မင်းသည် ဘုရားလောင်း၏ စကားကို မှတ်မိ၍ "မျိုးစေ့အားလျော်စွာ အသီးဖြစ်သကဲ့သို့ ဤသတ္တဝါတို့သည် ကံအားလျော်သော အကျိုးကို ခံစားကြရ၏ ဟု ဆိုသောငါ့ဆရာသည် ဤသည်ကိုမြင်၍ ဆိုယောင်တကား" စသည်ဖြင့် မြည်တမ်းစဉ်သေလေ၏။

လူမိုက်သည်ကား ဒုက္ခရောက်မှသာ ပညာရှိစကားကို နားလည်နိုင်၏။

[မြတ်စွာဘုရားသည် ဘဂုတိုင်း 'သံသုမာရဂိရိ' မြို့ကို မှီ၍ 'ဘေသကဋာ' တော၌နေစဉ် "မိမိအတွက် အလွန်ဆန်းကြယ်သည့် ပြာသာဒ်ကို ဆောက်လုပ်သူ လက်သမား၏ မျက်လုံးများကို ထုတ်ပစ်သည့် 'သံသုမာရဂိရိ' မြို့၌ နေသော (ဥတေနမင်း၏သား) ဗောဓိမင်းသားကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဗောဓိမင်းသား=ဗာရာဏသီမင်း။ဒေဝဒတ်=ပုရောဟိတ်။ ဘုရား=ဒိသာပါမောက္ခဆရာ။]

၃၅၄၊ ဥရဂဇာတ်

သိကြားမင်းနှင့် လယ်သမားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းပဋိစ္ဆာသည် လယ်ယာအလုပ်ဖြင့် အသက်မွေး၏။ သူသည် မိမိ၏ မယား,သား,သမီး,ခွေးမ, ကျွန်မတို့အား "အလှူပေးလော့၊ သီလကို စောင့်လော့၊ ဥပုသ်ကို သုံးလော့၊ သေခြင်းတရားကို အောက်မေ့လော့၊ အနိစ္စတရားကို ရှုလော့" စသည်ဖြင့် ဆုံးမ၏။ တနေ့သ၌ သူသည် သားနှင့်အတူ လယ်တောသို့ သွား၍ ထွန်သော် သားသည် မြေ(ဥရဂ)ကိုက်ခံရ၍ ဘေ၏။ ဘုရားလောင်းသည် အလောင်းကို သစ်ပင်ရင်း၌ အိပ်စေလျက် အနိစ္စသဘော,သေခြင်းသဘောကို ရှု၍ မငိုဘဲ လံယ်ထွန်၏။ သူသည် သားသေသည့်အကြောင်းကို အိမ်သို့ သတင်းစကား

ပို့လိုက်၏။ အိမ်သားအားလုံးသည် လာကြ၍ အလောင်းကို မီးသင်္ဂြိုဟ်ပြီး မင်ဘဲ မရဏာသတိကို ပွားများကြ၏။

ထိုအခါ သိကြားမင်းသည် ထိုသူတို့ထံသွားမေးသော် ထိုသူအသီးသီးက "အနိစ္စသဘော, မရဏာသဘောကို ရှု၍ မင်ခြင်းဖြစ်ကြောင်း" ပြောပြ၏။ သိကြားမင်းသည်ထိုသူတို့ကိုကြည်ည်၍ "ငါသည် သင်တို့အိမ်၌ ရတနာမိုးကို ရွာစေအံ့။ အလုပ်မလုပ်ကြနှင့်။ အလုပေး, သိလစောင့်, ဥပုသ်သုံး၍မရဏာသတိကို ပွားများကြလော့" ဟုဆိုပြီး၊ အိမ်၌ ဥစ္စာတို့ဖြင့် ပြည့်စုံစေ၍ သွားလေ၏။

ပညာရှိသည် ဒုနိစ္စသဘောကို နားလည်၍ လောကဓံကို ခံနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သားသေ၍ ပူဆွေးသောက ရောက်သဖြင့် ငိုကြွေးနေသည့် သူကြွယ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။
ဇာတ်ဂါထာ–ခုဇ္ဇတ္တရာ=ကျွန်မ။ ဥပ္ပလဝဏ်=သမီး။ ရာဟုလာ=သား။ ခေမာ=အမိပုဏ္ဏေးမ။ ဘုရား=ပုဏ္ဏား။]

၃၅၅၊ ဃတဇာတ်

မင်းကောင်းနှင့်မင်းမိုက်အကြောင်း

ဗာရာဏသီပြည်၌ ဘုရားလောင်း 'ဃတ' မင်းသည် တရားသဖြင့် မင်းပြု၏။ တနေ့သ၌ သူသည် နန်းတွင်း၌ ပြစ်မှားရှိနှင့်ထုတ်လိုက်သော အမတ်တဦးသည် သာဝတ္ထိပြည် 'ဓင်္ဂမင်း' ထံ သွားခစား၍ ဓင်္ဂမင်းအား ဗာရာဏသီပြည်ကို သိမ်းယူစေ၏။ ဓင်္ဂမင်းသည် ဘုရားလောင်းကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့စေ၍ နှောင်အိမ်ထဲ သွင်းထား၏။ ဘုရားလောင်းသည် မေတ္တာဈာန်ကို ပွားများ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေ၏။

ထိုအခါ 'ဓင်္ဂမင်း' သည် တကိုယ်လုံး ပူလောင်သဖြင့် ဘုရားလောင်းထံ သွား၍ "အဘယ့်ကြောင့် သင့်မှာ စိုးရိမ်ခြင်း မရှိသနည်း" ဟု မေး၏။ ဘုရားလောင်းက "ငါသည် ဈာန်ချမ်းသာကြောင့် စိုးရိမ်ခြင်းမရှိ" စသည်ဖြင့် တရားဟော၏။ ဓင်္ဂမင်းသည် ဘုရားလောင်းအား ကန်တော့ပြီးတိုင်းပြည်ကို ပြန်အပ်၍ ပြန်သွားလေ၏။ ဘုရားလောင်းသည် အမတ်တို့ကို အပ်နှင်း၍ ဟိမဝန္တာ၌ ရဿေ့ရဟန်း ပြုလေ၏။

ပညာရှိသည် မမြဲသောအရာကို မတပ်မက်သဖြင့် စိုးရိမ်ခြင်းကင်း၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "နန်းတွင်း၌ ပြစ်မှားသည့် (ကောသလမင်း၏)အမတ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။
ဇာတ်ပေါင်း–အာနန္ဒာ=ဓင်္ဂမင်း=ဘုရား=ဃတမင်း။]

၃၅၆၊ ကာရန္ဒိယဇာတ်

လူတိုင်းအား သီလပေးသည့်ဆရာကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ကာရန္ဒိယ' ပုဏ္ဏား လုလင်ဆည် တက္ကသိုလ်ပြည့်၌ ဒိသာပါမောက္ခဆရာ၏ တပည့်ကြီးဖြစ်၏။ ဆရာသည် မြင်သမျှလူတို့အား သီလကိုပေး၏။ထို့သူတို့သည် အလို့မရှိ၍ သီလကို မစောင့်ကုန်။ ဘုရားလောင်းသည် ဆရာအား တားမြစ်ရန် ဥပါယ်တခုကို ရှာနေ၏။ တနေ့သ၌ သူသည် ဆရာကစေခိုင်း၍ တပည့်လုလင်တို့နှင့်အတူ ပင့်ဖိတ်သူ၏ အိမ်သို့သွား၍ မင်္ဂလာကိုရွတ်ပြီး ပြန်လာသော် ခရီးအကြား၌ ကျောက်များကိုသယ်၍ ချောက်ကြီးတခုထဲသို့ အကြိမ်ကြိမ်ပစ်ချ၏။ထို့လုလင်တို့သည် ဆရာ့ထံသွား၍ ထိုအကြောင်းကို ပြောကြား၏။

ဆရာသည် လာ၍ "သင်သည် ဤချောက်ကို မပြည့်စေနိုင်။ ကျောက်များကို ရှာစဉ်ပင် သင် သေမည်"ဟု ဆို၏။ ဘုရားလောင်းက "ကျွန်ုပ်သည် ဤချောက်ကို ပြည့်စေရန် မတတ်ကောင်းလျှင် သင်ဆရာလည်း အယူအမျိုးမျိုးရှိသည့် ဤလူတို့ကို မိမိအလိုသို့လိုက်စေရန် မတတ်နိုင်လတံ့"ဟု ဆို၏။ ဆရာသည်"နောင် ဤသို့မပြုတော့အံ့"ဟု မိမိအပြစ်ကိုဝန်ခံ၍ ဘုရားလောင်းအား ခြိုးမှမ်း ပြောဆိုလေ၏။

ဘုရားရှင်သည်ပင် အသိဥာဏ်ကန်းသည့် လောကကြီးကို မကယ်နိုင်။

[မြတ်စွာဘုရားသည် ဇေဝန်ကျောင်း၌ နေစဉ်"လာသမျှမုဆိုးတံငါစသည်တို့အားသီလပေးသည့်ရှင်သာရိပုတ္တရာကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။
ဇာတ်ပေါင်း–သာရိပုတ္တရာ=ဆရာ။ဘုရား=တပည့်လုလင်။]

၃၅၇၊ လဋ္ဌကိဇာတ်

ဆင်မိုက်နှင့်နှံစုတ်ဌက်မအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဆင်မင်းသည် ဆင်ရှစ်သောင်း ခြံရံလျက် ဟိမဝန္တာ၌ နေ၏။ နှံစုတ်ဌက်မ (လဋ္ဌကိက) တကောင်သည် ဆင်တို့၏ သွား လာရာအရပ်၌ အတောင်မပေါက်သေးသည့် သားငှက်များနှင့်အတူ နေ၏။ဘုရားလောင်းသည် ဆင်ရှစ်သောင်းနှင့်အတူ အစာရှာရန် ထိုနေရာသို့ရောက်သော် နှံစုတ်ဌက်မကလာ၍ "ကျွန်ုပ်၏သားငယ်များကို မသတ်ပါနှင့်"ဟု ရှိခိုး၍ တောင်းပန်၏။ ဘုရားလောင်း

သည် ထိုဌက်များအပေါ် ရပ်လျက် ဆင်တို့ကို သွားစေပြီး နှံစုတ်မအား "ငါတို့နောက်ကငါ့စကားကို နားမထောင်ဘဲ တဦးတည်း ကျက်စားသော (ကေစာရ)ဆင်လာလျှင်လည်း ရှိခိုးရှိတောင်းပန်လော့" ဟုဆိုပြီး သွား၏။

နှံစုတ်ဌက်မသည် ထိုဆင်လာသော် ရှိခိုးရှိ သားငယ်တို့ကို မသတ်ရန် တောင်းပန်၏။ ထိုဆင်သည် ထိုသားငယ်တို့ကို ခြေဖြင့်နင်းပြီး ကျင်ငယ်ဖြင့် မျောစေရှိ မြည်ဟီးလျက်သွား၏။ နှံစုတ်ဌက်မသည် သစ်ခက်၌နားလျက် "သင်သည် ကိုယ်အားထက် ဉာဏ်အားက သာသည်ကိုမသိ။ နှစ်ရက်သုံးရက် တွင်းသေစေအံ့" ဟု ဆိုရှိ နှစ်ရက် သုံးရက်အတွင်း ကျီး၊ ယင်မဲညို၊ ဖား တို့ကိုခစားရှိ မိတ်ဖွဲ့၏။ ကျီးအား ထိုဆင်၏ မျက်လုံးများကို ဖောက်စေ၏။ နောက် ယင်မဲညိုအား ထိုမျက်စိများ၌ ပိုးလောက်တို့ကို ချစေ၏။ နောက် ထိုဆင် ရေငတ်ရှိ ရေရှာသော် ဖားအား တောင်ထိပ်သို့သွား အသံပြုစေပြီး ထိုဆင် တောင်ထိပ်သို့ ရောက်သော် ချောက်ကမ်းပါးပြတ်၌ အသံပြုခိုင်း၏။ ထိုဆင်သည် ဖားသံကြားရာသို့ သွားသော် ချောက်ထဲကျရှိ သေလေ၏။

ဉာဏ်အားသည် ကိုယ်အားထက် သာလွန်သည်သာတည်း။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "သင်္ဘာဝါတို့အား သနားခြင်း မရှိသော 'ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ် ၈ပါး၊—ဒေဝဒတ်=ဆင်မိုက်။ ဘုရား=ဆင်မင်း။]

၃၅၈၊ စူဠဓမ္မပါလဇာတ်

သားကိုသတ်သည့် မင်းမိုက်အကြောင်း

ဘုရားသောင်းသည် ဗာရာဏသီပြည်၌ 'မဟာပတာပ' မင်း၏ သားဖြစ်၍ 'ဓမ္မပါလ'မည်၏။ သူ ခုနစ်လ အရွယ်ရောက်သော် မယ်တော် 'စန္ဒာဒေဝီ' မိဖုရားသည် သူ့ကို ကစားစေလျက်နေ၍ မိဖထံလာသည့်မင်းကို မြင်သော်လည်း နေရာမှ မထ။ မင်းသည် "မိဖုရားကား သားကိုမှီ၍ မာနထောင်ပြီး ငါ့ကို မလေးစား" ဟု အမျက်ထွက်၍ မိမိနေရာသို့ ပြန်သွားပြီး ခိုးသူသတ်အား သားတော်ကို သွားယူခိုင်း၏။ မိဖုရားသည် မိမိအား မင်းအမျက်ထွက်သည်ကို သိ၍ သားငယ်ကို ရင်ဝယ်အိပ်စေပြီး ငိုနေ၏။ ခိုးသူသည် မိဖုရားကို ရိုက်နှက်၍ သားငယ်ကို မင်းထံယူသွား၏။ မိဖုရားသည် သားနောက်မှ ငိုလျက် လိုက်၏။

မင်းသည် ခိုးသူသတ်အား "သားငယ်၏လက်တို့ကိုဖြတ်လော့" ဟု ခိုင်း၏။ မိဖုရားက "သားငယ်မှာအပြစ်မရှိပါ။ ကျွန်ုပ်မှာသာ အပြစ်ရှိပါ၏။ ကျွန်ုပ်၏

လက်များကိုသာဖြတ်ပါ”ဟု ငိုပြော၏။ ခိုးသူသတ်သည် မင်းသား၏ လက်တို့ကို ဖြတ်၏။ မင်းသားသည် မငိုဘဲ ခန္ဓီမေတ္တာကို ရွေထား၍ သည်းခံ၏။ တဖန်မင်းသည် မင်းသား၏ခြေနှစ်ဖက်၊ ထို့နောက် ဦးခေါင်းကို ဖြတ်စေ၏။ နောက် မင်းသားကို ကောင်းကင်သို့ မြှောက်၍ သန်လျက်ဖြင့် ခံစေပြီး မွေ့ရမ်းစေ၏။ မိဖုရားသည် အလှန်ပူဆွေးပြီး ငိုကြွေးမြည်တမ်းစဉ် နှလုံးကွဲ၍ ထိုနေရာ၌ပင် သေ၏။ မင်းလည်း ပြာသာဒ်မှမြေသို့ကျ၍ အဝီစိမှ မီးလျှံနှင့် တက္ခ မြေမျိုခံရပြီး အဝီစိသို့ ကျလေ၏။

လူမိုက်သည် နိုင်လျှင် နှိပ်စက်တတ်၏။

[မြတ်စွာဘုရားသည်ဝေဠုဝန်ကျောင်း၌နေစဉ် “ဘုရားအားသတ်ရန်ဒေဝဒတ်၏အားထုတ်ခြင်းကိုအကြောင်းပြု၍” ဤဇာတ်ကိုဟော၏။ ။ဇာတ်ဝေါဟာရ။ ။ဒေဝဒတ်=မဟာပတာပမင်း။ မဟာပဇာပတိဂေါတမီ= စန္ဒာဒေဝီ မိဖုရား။ ဘုရား=ဓမ္မပါလမင်းသား။

၃၅ ၊ သုဝဏ္ဏမိဂဇာတ်

ရွှေသမင်နှင့် မယားလိမ္မာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရွှေသမင်(သုဝဏ္ဏမိဂ)သည် သမင်အပေါင်း ခြံရံလျက် တော၌ နေ၏။ တနေ့သ၌ သူသည် ကျက်စားရာအရပ်တွင် မုဆိုးထောင်ထားသည့် ကျော့ကွင်း၌မိ၍ မြည်သော် သမင်အပေါင်းသည် ပြေးကြ၏။ သူ့မယားကမူ သူ့ကို မိမိကိုယ်၌ မှီစေ၍ နှစ်သိမ့်စကားပြောလျက်ရပ်၏။ သမင်မသည် လျင်စွာလာသော မုဆိုးအား ခရီးဦးကြိုပြု၍ ရှိခိုးပြီး “ဤငါ့လင်သည် အကျင့်သီလနှင့်ပြည့်စုံ၍ သမင်တို့၏မင်းဖြစ်၏” စသည်ဖြင့် ဘုရားလောင်း၏ ဂုဏ်ကျေးဇူးတို့ကို ပြောပြပြီး လည်ကို စင်းလျက် “သမင်မင်းကို မသတ်ပါနှင့်။ ငါ့ကိုသာ သတ်ပါ” ဟု ဆို၏။

ထိုအခါ မုဆိုးက “လူမိန်းမသည် လင်အတွက် ကိုယ့်အသက်ကို မစွန့်။ ဤသမင်မကား တိရစ္ဆာန်ဖြစ်လျက် အသက်ကို စွန့်၏”ဟု နှစ်သက်ရကား နှစ်ဦးစလုံးကို လွှတ်၏။ သမင်မသည် ဝမ်းသာ၍ မုဆိုးအား အနုမောဒနာပြု၏။ ဘုရားလောင်းကလည်း ကျက်စားရာအရပ်၌ တွေ့မြင်သည့်ပတ္တမြားတုံးကို မုဆိုးအား ပေးလေ၏။

လင်ကို အသက်ပေး၍ချစ်သော မယားကား ရှားလှ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "လင်ကို ချစ်မြတ်နိုးသော, လင်၏မိဘဆွေအယုကို ပယ်ခိုင်း၍ ရဟန်းပြုစေသော, နောက်အခါ ရဟန်းပြုလာသော ရဟန်းမတဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ် ဂေါဒ်း–ဆန္ဒ=မုဆိုး။ ရဟန်းမ့ငယ်=သမင်မ့။ ဘုရား=သမင်မင်း။]

၃၆၀၊ သုယောနန္ဒိဇာတ်

မိဖုရားနှင့် ဂဠုန်မင်းအကြောင်း

နာဂဒီပကျွန်းဝယ် ဂဠုန်ပြည်၌ နေသော ဘုရားလေးင်း ဂဠုန်မင်းသည် လှုလင်အသွင်ဖြင့် ဗာရာဏသီပြည်သို့သွား၍ 'တမ့ဖ'မင်းနှင့်ကြွအန်ကစား၏။ တနေ့သ၌ သူသည် ကြွအန်ကစားစဉ် တမ့ဖမင်း၏ 'သုယောနန္ဒိ' မည်သော မိဖုရားကို မြင်လျှင် တပ်မက်၍ မိမိတန်ခိုးဖြင့် လေပြင်း တိုက်ခတ်စေပြီး အမိုက်မှောင်ကို ပြု၍ မိဖုရားကို ကောင်းကင်ဖြင့် ယူသွား၏။ သူသည် ထိုမိဖုရားနှင့်ပျော်မွေ့လျက် ရှေးနည်းတူပင် သွား၍ တမ့ဖမင်းနှင့် 'ကြွအန်ကစား၏။ တမ့ဖမင်းက စုံစမ်းခိုင်းသည့် စောင်းသမားသည် စုံစမ်းလျက် ကုန်သည်တို့နှင့်အတူ 'သုဝဏ္ဏဘူမိ'သို့ လှေဖြင့် သွား၏။ သမုဒ္ဒရာ၌ လှေပျက်၍ ပျဉ်ချပ်၌အိပ်လျက် လေအားလျော်စွာ သွားသော် ထိုဂဠုန်မင်း၏ ဗိမာန်ညောင်ပင်အနီးသို့ ရောက်၏။

ထိုအခါန်၌ ဂဠုန်မင်းသည် ကြွအန်ကစားသွားနေသဖြင့် မိဖုရားသည် ဗိမာန်မှဆင်း၍ ကမ်းနား၌ လှည့်လည်သော် ထိုစောင်းသမားကို မြင်၍ လက်နှစ်ဖက်ဖြင့်ပိုက်ချီပြီး ဗိမာန်ပေါ်တင်ဆောင်၏။ မိဖုရားသည် ဂဠုန်မင်းလာသော် ထိုသူကို ဖုံးလှမ်းဝှက်ထား၍ သွားသော် ထိုသူနှင့် ပျော်ပါး၏။ တလကြာသော် စောင်းသမားသည် ထိုကျွန်းသို့ ရောက်လာသည့် ဗာရာဏသီပြည်မှ ကုန်သည်တို့နှင့်အတူ လှေစီး၍ ပြန်၏။ သူသည် မင်းနှင့်ဂဠုန်ကြွအန်ကစားရာသို့ သွား၍ စောင်းတီးလျက် 'ဂဠုန်ပြည်၌ မိဖုရားနှင့်ပေါင်းဖော်ခဲ့သည့်အကြောင်း' သီချင်းစပ်၍သီဆို၏။ထိုအခါ ဂဠုန်မင်းသည် "ငါကား ဂဠုန်ပြည်၌ နေလျက်လည်း ထိုမိန်းမကို မစောင့်ရှောက်နိုင်။ သီလမရှိသည့်မိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ထိုမိန်းမကို ယူဆောင်၍ မင်းအား ပြန်ပေးပြီး တဖန် မလာတော့ပေ။

မိန်းမမ်ည်သည် စောင့်ရှောက်ရန် အလွန်ခဲယဉ်းလှ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ် ဂေါဒ်း အာနန္ဒာ=တမ့ဖမင်း။ ဘုရား=ဂဠုန်မင်း။]

၃၆၁။ ဝဏ္ဏာရောဟဇာတ်
ခြင်္သေ့၊ ကျားနှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရဂ္ဂစိုးနတ်နေသည့် တောဝယ် လိုဏ်ဂူတခုဌ် ခြင်္သေ့နှင့်ကျား နှစ်ဦးတို့ နေကြ၏။ မြေခွေး ကကောင်သည် ၎င်းတို့ကို ခစားလျက် ၎င်းတို့၏စားကြွင်းကိုစား၍ ဝဖိုး၏။ တနေ့သဌ် သူသည် ထိုခြင်္သေ့နှင့် ကျားတို့ကို အချင်းချင်း ရန်ဖြစ်စေလို၍ ခြင်္သေ့အား "ဤကျားသည် 'အဆင်း၊အလုံး၊အရပ်(ဝဏ္ဏာရောဟ)အားဖြင့် ငါသည် ခြင်္သေ့ထက်မြတ်၏'စသည်ဖြင့် သင့်ကို ရှုတ်ချပြော၏" ဟု ဂုံးတိုက်ပြော၏။ ခြင်္သေ့က "သင်သွားလော့။ ထိုကျားသည် ဤသို့မဟုတ်တန်ရာ" ဟု ဆို၏။ တဖန် မြေခွေးသည် ကျားထံသွား၍ ရှေးနည်းတူပင် ဂုံးတိုက်၏။

ကျားသည် ခြင်္သေ့ထံသွား၍ "အဆွေ သင်သည် ငါ့ကို ဤသို့ ရှုတ်ချပြောသနည်းလော" ဟု မေး၏။ ခြင်္သေ့က "ထိုမြေခွေးသည် ငါ့အားလည်း ဤစကားမျိုးကို ပြောလာ၏။ သူတပါးတို့၏ စကားကို ယုံသူမှာ လျင်စွာ မိတ်ပျက်၍ ရန်လည်းပွား၏။ သူတပါးတို့၏ စကားကြောင့် မိတ်မပျက်သူသာ မိတ်ဆွေစစ်မည်၏" ဟု ရှင်းလင်း ပြောကြား၏။ ကျားသည် ခြင်္သေ့အား တောင်းပန်၏။ သူတို့နှစ်ဦးသည် ရှေးကကဲ့သို့ပင် ညီညွတ်စွာ နေကြ၏။ မြေခွေးကား အရပ်တပါးသို့ ပြေးလေ၏။

ပညာရှိသည် ဂုံးတိုက်စကားကြောင့် မိတ်မပျက်တတ်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "စားကြွင်းစားရဟန်းတပါး၏ ဂုံးစကားကို မနာယူဘဲ အချစ်မပျက်သည့် အဂ္ဂသာဝက နှစ်ပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–စားကြွင်းစားရဟန်း=မြေခွေး။ ရှင်သာရိပုတ္တရာ=ခြင်္သေ့။ ရှင်မောဂ္ဂလ္လာန်=ကျား။ ဘုရား=ထိုအကြောင်းကို တွေ့မြင်သော ရဂ္ဂစိုးနတ်။]

၃၆၂။ သီလ ဓိမံသဇာတ်
သီလကို စုံစမ်းသူအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်၏။ သီလနှင့်ပြည့်စုံသောသူ့အား မင်းက အလွန်လေးစားကြည်ညို၏။ တနေ့သဌ် သူသည် "ငါ့ကို မင်းက အလေးအမြတ် ပြုခြင်းသည် ငါ၏ သီလကြောင့်လော်" ဟု ကြံ၍ မိမိသီလကို စုံစမ်း (သီလ ဓိမံသ)လို၍ ရှေပန်းထိမ်သည်၏

ပျဉ်မှ သုံးရက်တိုင် တနေ့ တသပြာစီကို ခိုးယူ၏။ ရွှေပန်းထိမ်သည်က သူ့ကိုဖမ်း၍ မင်းအားပြ၏။ ဘုရားလောင်းသည် မင်းအား ဤသို့ ပြုခြင်း၏ အကြောင်းကို ရှင်းလင်းလျှောက်ထားပြီး "သီလသည် အကြားအမြင် ဗဟုသုတထက် မြတ်ကြောင်း ယခု ကျွန်ုပ် သိပေပြီ" စသည်ဖြင့် သီလ၏ ကျေးဇူးကို ချီးမွမ်းပြီး မင်းအား ပန်ကြား၍ ဟိမဝန္တာသို့ ဝင်ပြီး ရဿေ့ ရဟန်းပြုလေ၏။

အကျင့်သီလသည် အတတ်ပ ဉာဏ်ထက် သာလွန်မြင့်မြတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူ သီလကိုစုံစမ်းသော ပုဏ္ဏားတဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း—ဘုရား=ပုရောဟိတ်။**]

၃၆၃၊ ဟိရိဇာတ်

မိတ်ဆွေယုတ်အကြောင်း

[အကတညု ဇာတ် (ဇာ-၉၀) လာ အတိုင်း] "ပစ္စုပ္ပန်ရစ် သူငြေး၏ လူတို့သည် ဥစ္စာအားလုံး လုယက် ခံရပြီး ပြေးကြ၏" ဟု ကြားသိသော် ဗာရာဏသီသူငြေးက "မိမိထံလာသူတို့အား ပြုသင့်သည်ကို မပြုသူတို့သည် ကျေးဇူးတုံ့ပြန်သူများကို မရကုန်" စသည်ဖြင့် အရှက် (ဟိရီ), အကြောက်မရှိ ယုတ်မာသည့်မိတ်ဆွေ၏ အကျိုးယုတ်ခြင်းကို ပြောဆိုလေ၏။

ကျေးဇူးကန်းသူသည် မိတ်ပျက်ပြီး အကျိုးယုတ်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူပြုမူသောပစ္စုပ္ပန်ရစ် သူငြေးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း—ဘုရား=ဗာရာဏသီသူဌေး။**]

၃၆၄၊ ခဇ္ဇောပနကဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ် (ဇာ ၅၄၆)၌ အကျယ်လာ၏။

၃၆၅၊ အဟိတုဏ္ဍိကဇာတ်

အလမွာယ်နှင့် မျောက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ထိုမြို့၌ ဘုရားလောင်းသည် စပါး ကုန်သည်ဖြစ်၏။ တနေ့သ၌ သူ့ထံသို့ မြေအလမွာယ်(အဟိ တုဏ္ဍိက) ဘဦး

လာ၍ မျောက်ကိုအပ်နှံထားပြီး 'ပဲ့သဘင်'၌ မြေကိုကစား၍ ခုနစ်ရက်လုံး လှည့်လည်၏။ သူသည် ပြန်လာသော် မျောက်ကို ဝါးခြမ်းဖြင့်သုံးချက်ရိုက်၍ ဥယျာဉ်သို့ သွားပြီး၊ မျောက်ကိုချည်၍ အိပ်၏။ မျောက်သည် ကြိုးကိုဖြေ၍ သရက်ပင်ပေါ်တက်ပြီး သရက်သီးများကို စားနေ၏။ အလမ္ဗာယ်သည် နိုး၍ သရက်ပင်ပေါ်၌ မျောက်ကိုမြင်လျှင် ဖြားယောင်းခေါ်လိုသဖြင့် "ငါသည် ကြွေအန်ကစားရာ၌ ရှုံး၏။ သရက်သီးမှည့်များကို စားလို၍ ငါ့အား ချပေးလော့" ဟု ဆို၏။ မျောက်က "သင်သည် ငါ့ကို စပါးစေ့သို့ သွင်း၍ထားခဲ့ပြီး ငတ်မွတ်နေသည့် ငါ့ကို သင်ရိုက်၏။ ကျေးဇူးမသိတတ်သော သင့်အား သရက်သီးကို ငါမပေး" ဟု ဆို၍ တောသို့ဝင်လေ၏။

ကျေးဇူးကန်းသူသည် မိတ်ကောင်းပျက်၍ အကျိုးယုတ်ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မိမိရိုက်သည့်တပည့်သာမဏေက စွန့်သွားသော ရဟန်းကြီးတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—သာမဏေ=မျောက်။ ဘုရား=စပါးကုန်သည်။]

၃၆၆၊ ဂုမ္ဗိကဇာတ်

ကုန်သည်နှင့် ဘီလူးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း လှည်းကုန်သည်သည် တနေ့သ၌ ဗာရာဏသီပြည်မှ လှည်းငါးရာဖြင့် ကုန်သွယ်ရန် သွားရာ တောအုပ်ကြီးအဝသို့ ရောက်သော် လှည်းကုန်သည်တို့အား "ဤတောအုပ်၌ အဆိပ်ပင်များ ရှိ၏။ ဘီလူးတို့လည်း အဆိပ်ကိုထည့် ထမင်း ထုပ်,ပျား,သစ်သီးတို့ကို လမ်း၌ ထားကြ၏။ ငါ့ကို မပန်ကြားဘဲ မစားကြနှင့်" ဟု ဆို၍ တောအုပ်ကြီးသို့ ဝင်၏။

ထိုအခါ 'ဂုမ္ဗိယ'မည်သော ဘီလူးသည် တောအုပ်၏ ခရီးအလယ်၌ သစ်ရွက်များကိုခင်း၍ အဆိပ်ခတ်ထားသည့် ပျားလဘို့ခဲများကို ထားပြီး လမ်းအနီး၌ ပျားကိုယူသကဲ့သို့၊ သစ်ပင်များကိုပေါက်သကဲ့သို့ပြု၍ လှည့်လည်၏။ လူအချို့သည် ထိုပျားတို့ကိုစား၍ သေကြပြီး တချို့ကမူ ဘုရားလောင်းအား ပြကြ၏။ ဘုရားလောင်းသည် ထိုပျားများကို စွန့်စေပြီး တဝက်စားပြီးသူတို့အား အန်ဆေးကြွေး၍စတုမဓုကိုပေးပြီး အနာကင်းအောင်ပြုလေ၏။

အားမမြင်ဘဲ အရသာမက်က ပျက်စီးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး 'ကာမဂုဏ်တို့သည် အဆိပ်ထည့်ထားသည့် ပျားရည်နှင့် တူ၏' ဟု သိစေလို၍ ''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဘုရား=လှည်းကုန်သည်။]

၃၆၇၊ သာဠိယဇာတ်

မြေနှင့် ဆေးဆရာယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသူငယ်သည် မြေမှုန့် ကစားဘက် သူငယ်တို့နှင့်အတူ ရွာတံခါးအနီးရှိ ညောင်ပင်ရင်း၌ ကစား နေ၏။ ဆေးသမားတဦးသည် ထိုအရပ်သို့ ရောက်လာပြီး 'သစ်ခွကြားမှ ဦးခေါင်းထုတ်၍ အိပ်နေသည့်' မြေကိုမြင်လျှင် ''ငါသည် ဤသူငယ်တို့ကို လှည့်စားပြီး မြေကိုက်စေ၍ ဆေးကုပေးပြီး တစုံတခုကို ယူအံ့'' ဟု ကြံ၏။ သူသည် ဘုရားလောင်းအား ''ဇရက်(သာဠိယ)ကို အလိုရှိလျှင် ဤသစ်ခွ ကြား၌ အိပ်နေသည့် ဇရက်ကို ဖမ်းလော့'' ဟု ဆို၏။

ဘုရားလောင်းသည် မြေဖြစ်သည်ကို မသိရကား သစ်ပင်ပေါ်တက်၍ ထို မြေကို လည်၌ ဆုပ်ကိုင်ပြီးမှ 'မြေ'ဟု သိ၍ အောက်သို့ လျှင်စွာပစ်ချ၏။ မြေ သည် ထိုဆေးသမား၏ လည်ပေါ်ကျ၍ ပြင်းစွာခဲပြီး ပြေးလေ၏။ ဆေး သမားသည် ထိုနေရာ၌ပင် သေ၏။ ဘုရားလောင်းသည် စုဝေးရောက်လာ သည့် လူတို့အား ''အပြစ်မရှိသူတို့အား ပြစ်မှားသူသည် မိမိအမှုဖြင့်ပင် သေ ရ၏။ ဤဆေးသမားသည် သူတပါးကို သေစေလို၍ ပြုသဖြင့် မြေကိုက်၍ သေ၏''စသည်ဖြင့် ဆိုလေ၏။

လူမိုက်သည် သူတပါးအား မကောင်းကြံ၍ ကိုယ့်ဘေးရန်ဖြစ်ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''ဒေဝဒတ်သည် ဘုရားအား ထိတ်လန့်စေရန် မစ္ဆမ်းနိုင်သည်ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**–ဒေဝဒတ်=ဆေးသမား။ဘုရား=ပညာရှိသူငယ်။]

၃၆၈၊ တစသာရဇာတ်

မြေနှင့် ဆေးဆရာယုတ်အကြောင်း

[သာဠိယဇာတ် (ဇာ·၃၆၇) လာအတိုင်း] ဆေးသမား သေသော် ရွာ သားတို့သည် ဘုရားလောင်းနှင့်တကွ သူငယ်တို့ကို ''လူသတ်သူငယ်များ'' ဟူ

၍ ဝါးလုံးတောက် (တစသာရ)ဖြင့် နှောင်ဖွဲ့ပြီး မင်းအားပြုရန် ဗာရာဏသီ ပြည်သို့ ခေါ်သွားကြ၏။ ဘုရားလောင်းသည် ခရီးအကြာ၌ သူငယ်တို့အား "သင်တို့ မကြောက်နှင့်။ နှစ်သက်ဘွယ်ကွန်ခြံရှိကြလော့။ ငါသည် မင်းနှင့် စကားဆိုအံ့" ဟု ဆို၏။ မင်းသည် မကြောက်မရုံ့သော, နှစ်သက်ဘွယ်ကွန်ခြံရှိသော သူငယ်တို့ကိုမြင်လျှင် အံ့သြ၍ "သင်တို့သည် အဘယ့်ကြောင့် မစိုးရိမ်ကြသနည်း" ဟု မေး၏။

ဘုရားလောင်းက "ငိုခြင်းသည် အကျိုးမရှိ။ သတ္တဝါသည် မိမိ၏ကံကို ယုံကြည်၍ သည်းခံရ၏။ အမှုကို ကောင်းစွာစိစစ်၍ တရားသဖြင့်စီရင်ရာ၏" စသည်ဖြင့် လျှောက်၏။ မင်းသည် အမှုကို စိစစ်၍ အပြစ်မရှိသည်ကို သိလျှင် ဘုရားလောင်းအား အမတ်ရာထူးကို ပေးပြီး ကျန်သူငယ်တို့အား သင့်တော်သည့် ရာထူးကို ပေးလေ၏။

ပညာရှိသည် မိမိကံကိုသိရှိ၍ လောကခံကို မကြောက်ပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား၏ ပညာပါရမီကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း - အာနန္ဒာ=မင်း။** ဘုရား=ပညာရှိသူငယ်။]

၃၆၉၊ မိတ္တဝိန္ဒကဇာတ်

သားဆိုးမိတ္တဝိန္ဒကအကြောင်း

[ဤဇာတ်သည် မဟာမိတ္တ ဝိန္ဒကဇာတ်=စတုဒ္ဒါရဇာတ် (ဇာ- ၄၃၉)၌ အကျယ်လာ၏] မိတ္တဝိန္ဒကသည် အလွန် ရမက်ကြီးသဖြင့် 'ဥဿဒ' ငရဲကို မြို့ဟုမှတ်ပြီး ဝင်၍ သင်ခုံးစက်သို့ ရောက်၏။ သူသည် ဥဿဒငရဲကို လှည့်လည်သော ဘုရားလောင်း နတ်သားအား "အဘယ် မကောင်းမှုကြောင့် သင်ခုံးစက်သည် ကျွန်ုပ်၏ ဦးခေါင်းပေါ်၌ လည်ပါသနည်း" ဟု မေး၏။ ဘုရားလောင်းက "မိဘတို့၏ စကားကို နားမထောင်သော သင်သည် သုံးဆယ့်နှစ်ဦးသော နတ်သမီးတို့ကို ရပြီးနောက် အလွန် ရမ္မက်ကြီးသဖြင့် ဤသင်ခုံးစက်ကို ဆောင်ရ၏" ဟု ဆို၍ ပြန်လေ၏။

လူမိုက်သည် မိဘစကားနားမထောင်ဘဲ ထင်ရာစိုင်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဆိုနိုင်ခက်သောရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း-ဆိုနိုင်ခက်သောရဟန်း=မိတ္တဝိန္ဒက။** ဘုရား=နတ်သား။]

၃၇၀၊ ပလာသဇာတ်

ပေါက်ပင်နတ်နှင့် ရှေဟာသ်ာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရှေဟာသ်ာသည် စိတ္တကူဋ်တောင် ရှေဂူဥစ္စနေလျက် ဇာတသ္ဆရအိုင်သို့ နေ့စဉ်သွား၍ အလိုလို ဖြစ်သော သလေးကိုစား၏။ သူသည် ထိုအိုင်သို့သွားသည့်အခါ,ပြန်သည့်အခါ ခရီးအကြား၌ ပေါက်ပင်ကြီး(ပလာသ)တပင်၌ နေ့စဉ်နားသဖြင့် ထိုပေါက်ပင်စောင့်နတ်နှင့် အကျွမ်းဝင်၏။

တနေ့သ၌ သူသည် ထိုပေါက်ပင်၌ ညောင်ပင်တပင်ကိုမြင်၍ ရုက္ခစိုးနတ်အား "ဤညောင်ပင် ကြီးသော် သင့်ဗိမာန်ကို ဖျက်ဆီးမည်။ နုတ်ပစ်လော့"ဟု ဆို၏။ ထိုရုက္ခစိုးနတ်ကနားမထောင်၍ သူသည် တဖန်မသွားတော့ပေ။ ထိုညောင်ပင် ကြီးသော် ၎င်း၌ ရုက္ခစိုးနတ်တဦးဖြစ်၏။ ထိုညောင်ပင်သည် ပေါက်ပင်ကို ဖျက်ဆီးသော် ထိုရုက္ခစိုးနတ်သည် ဟာသ်ာမင်း၏ စကားကိုသတိရပြီး"ဤလာမည့်ဘေးကိုမြင်၍ ဟာသ်ာမင်းဆို၏။ ငါသည် သူ့စကားကို မလိုက်နာမိ၍ ငါ့ဗိမာန် ပျက်စီးရ၏"ဟု ဆို၍ ငိုကြွေးလေ၏။

လာမည့်ဘေးကို ပညာရှိသာ မြင်နိုင်သည်။

[မြစ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ကိလေသာ နှိပ်စက်ခြင်းကို အကြောင်းပြု၍ 'ကိလေသာမည်သည် ညောင်ပင်ကဲ့သို့ ဖျက်ဆီးတတ်၏'ဟု သိစေလို၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဘုရား=ရှေဟာသ်ာ။]

၃၇၁၊ ဒီဃိတိကောသလဇာတ်

ဒီဃာဝုမင်းသားအကြောင်း

[ဤဇာတ်သည် သံဃဘေဒကွန္ဓက (ဝိနယ)၌ အကျယ်လာ၏။] ဘုရားလောင်း'ဒီဃာဝု' မင်းသားသည် တောဝယ် မိမိပေါင်ပေါ်၌ အိပ်နေသည့် ဗာရာဏသီမင်း၏ ဥသျောင်ကို ကိုင်၍"ယခု ငါ့မိဘကိုသတ်သည့် ဤမင်းကို အပိုင်းပိုင်းဖြတ်အံ့"ဟု သန်လျက်ကို မိုး၏။ ထိုခဏ၌ သူသည် မိဘတို့ပေးခဲ့သည့် အဆုံးအမကို သတိရ၍ ဗာရာဏသီမင်းအား"ငါသည် သင့်ကိုသတ်ရန် ကြံစည်၏။ မိဘတို့ပေးခဲ့သည့် အဆုံးအမကို သတိရ၍ သင့်အား မသတ်ဘဲ အသက်ကိုပေး၏။ရန်ကိုရန်နှင့်တုံ့ပြန်ခြင်းဖြင့်မငြိမ်းစေ။ရန်ကိုရန်နှင့်မတုံ့ပြန်ခြင်းဖြင့်သာ ငြိမ်း၏"ဟု ဆို၏။

ဗာရာဏသီမင်းသည် အလွန် နှစ်သက်၍ ဘုရားလောင်းနှင့်အတူ မြို့သို့ ဝင်ပြီး အမတ်တို့အား "ဤသူသည် သေလေပြီးသော ကောသလမင်း၏ သား 'ဒီဃာဝု' မင်းသားတည်း။ သူသည် "ငါ့အား အသက်ချမ်းသာပေး၏"ဟုဆိုပြီး ဘုရားလောင်းအား မိမိ၏သမီးကိုပေး၍ သူ့အဖ၏ ထီးနန်းကို ပြန်ပေးလေ၏။

ပညာရှိသည် ရန်ကိုရန်နှင့်မတုံပြန်၍ ရန်ငြိမ်း၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ခိုက်ရန်ဖြစ်ကြသည့် ကောသမ္ဗီပြည်သား ရဟန်းများကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။

ဇာတ်ဧပါဒ်း–ဘုရား=ဒီဃာဝုမင်းသား။]

၃၂၂၊ မိဂပေါတကဇာတ်
သမင်ငယ်နှင့် ရဿေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် သိကြားမင်း ဖြစ်၏။ ထိုအခါ ဟိမဝန္တာ၌နေသည့် ရဿေ့တပါးသည် သမင်(မိဂ) ငယ် တကောင်ကို သားအရာ၌ ထား၍ မွေးမြူ၏(ပေါတက)။ ထိုသမင်သည် ကြီးသော် အလွန်အဆင်းလှ၏။ တနေ့သ၌ ထိုသမင်သည် မြက်များစွာကို စား၍ အစာမကြေသဖြင့် သေ၏။ ရဿေ့သည် "သားသေ၏"ဟု ငိုကြွေးလျက် လှည့်လည်၏။ ထိုအခါ သိကြားမင်းသည် လာ၍ ကောင်းကင်၌ ရပ်လျက်"သေသူအတွက် စိုးရိမ်မှုသည် သင်ရဟန်းအတွက် မကောင်း။ ငိုခြင်းသည် အကျိုးမရှိ။ ငို၍ သေသောသူ ထလာမည်မဟုတ်"စသည်ဖြင့် ထိုရဿေ့အား အဆုံးအမကိုပေး၍ သောကကင်းအောင်ပြုပြီး ပြန်လေ၏။

လူမိုက်သည် တရားမသိသဖြင့် သေသူအတွက် ပူဆွေး၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိမိအား လုပ်ကျွေးပြုစုသည့်ဃာမဏေးယ်သေသဖြင့် ငိုကြွေး၍ လှည့်လည်သော ရဟန်းကြီးတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ဧပါဒ်း**–ရဟန်းကြီး=ရဿေ့။ ဃာမဏေးယ်=သမင်။ ဘုရား=သိကြားမင်း။]

၃၂၃၊ မူသိကဇာတ်
မင်းနှင့် အာသက်ကယ်မန္တန်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်၌ ဘုရားလောင်း ဒီဃာပါမောက္ခဆရာသည် တနေ့သ၌ သူ့ထံတွင် ပညာသင်ပြီးပြန်ရန် ခွင့်

ပန်သည့် ဗာရာဏသီမင်းသားကို အင်္ဂဝိဇ္ဇာအတတ်ဖြင့်ကြည့်၍ ထိုမင်းသား အား သားကိုမှီ၍ အန္တရာယ်ဖြစ်မည်ကို မြင်၏။ သူသည် ထိုအန္တရာယ်ကို ပယ်ရန် "ဥပါနေ မူသိကာ ဟတာ" စသော ဂါထာသုံးခုကိုဖွဲ့၍မင်းသားအား ပေးပြီး "သင် မင်းဖြစ်၍ သင့်သား အရွယ်ရောက်သော် ဤမည် ဤမည် သော အခါ, နေရာ၌ ဤဂါထာကို ရွတ်လော့" ဟု မှာ၍ လွှတ်လိုက်၏။ ထိုမင်းသားသည် ဗာရာဏသီသို့ ပြန်ပြီး အဖလွန်သော် မင်းဖြစ်၍ သား တယောက်ကို ရ၏။

ထိုမင်းသားသည် အရွယ် ရောက်သော် မင်းဖြစ်လိုသဖြင့် ညအခါ၌ မင်း၏ ရချိုးရာရေကန်အနီးသို့သွား၍ မင်းကိုသတ်ရန် သန်လျက်ကို ကိုင်၍ ရပ်၏။ မင်းသည် ရချိုးရန် ရေကန်သို့ ပထမ ဂါထာကို ရွတ်လျက် သွား၏။ မင်းသားသည် "ငါ့အမှုကို ငါ့အဖ သိပြီ" ဟု ကြံ၍ ပြေး၏။ တဖန် မင်းသားသည် မင်းကိုသတ်ရန် စောင်းဓားနှင်းခြေရင်း၌ သန်လျက်ကိုင်၍ စောင့်နေ၏။ မင်းသည် ဒုတိယဂါထာကို ရွတ်လျက် လာ၏။ မင်းသားသည် "ငါ့အဖ ငါ့ကို သိပြီ" ဟု ထိတ်လန့်၍ ပြေး၏။ တဖန် မင်းသားသည် မင်းကို သတ်ရန် အရိုးရှည်ယောက်မကို ကိုင်၍ ရပ်၏။ မင်းသည် တတိယဂါထာကို ရွတ်လျက် လာ၏။

မင်းသားသည် မပြေးသာ၍ "ကျွန်ုပ်အား အသက်ချမ်းသာ ပေးပါ" ဟု မင်း၏ ခြေရင်း၌ ဝပ်၏။ မင်းသည် မင်းသားကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့ပြီး နှောင်အိမ်၌ထား၏။ထိုအခါ မင်းသည် ရာဇပလ္လင်ပေါ်၌ နေ၍ "ဆရာသည် ငါ၏အန္တရာယ်ကို မြင်၍ ဤသုံးဂါထာတို့ကို ဆို၏" ဟု ဝမ်း မြောက်၍ ဥဒါန်းကျူးရင့်လေ၏။

ဘေးကို မြင်သော ပညာရှိစကားကို မလိုက်နာလျှင် ဘေးတွေ့မည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သားအဇာတသတ်က သတ် မည့် အန္တရာယ်ကိုမြင်၍ သတိပေးသောအားဖြင့်ဗိမ္ဗိသာရမင်းအား" ဤဇာတ် ကို ဟော၏။ ။ဇာတ်ပေါင်း–ဘုရား=ဒီသာပါမောက္ခဆရာ။]

၃၇၃၊ စူဠဓနုဂ္ဂဟဇာတ်

သူခိုးကိုဓားရိုးကမ်းသည့် မိန်းမအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်၌ အတတ်သင်ပြီး လေးအတတ်၌ တဖက်ကမ်းခတ် တတ်မြောက်သော 'စူဠဓနုဂ္ဂဟ' အမည်ရှိ

လုလင်တဦးသည် ဆရာပေးသည့် ဆရာ့သမီးကို ခေါ်၍ ဗာရာဏသီပြည်သို့ ပြန်၏။ သူသည် တောအုပ်တခုအတွင်း၌ ခိုးသူတို့ကို တွေ့၍ မြားတို့ဖြင့် ပစ်သတ်သော် ခိုးသူကြီးကိုပစ်ရန် မြားမရှိတော့ပေ။ သူသည် ခိုးသူကြီး၏ ရင်၌ တက်စီးလျက် သူ့ဦးခေါင်းကို ဖြတ်ရန် မယားထံမှ သန်လျက်ကို တောင်း၏။

မယားသည် ခိုးသူကြီးကို တပ်စွန်း၍ ခိုးသူကြီးလက်၌ ထားရိုးကို၊ လင်၏ လက်၌ အသွားကို ထား၏။ ခိုးသူကြီးသည် သန်လျက်ရိုးကို ကိုင်၍ ဘုရားလောင်း၏ ဦးခေါင်းကိုဖြတ်၏။ သူသည် ထိုမိန်းမကို ယူ၍သွားသော် အမျိုးအနွယ်မှစ၍ စူဠဓနုဂ္ဂဟာနှင့် ရသည်အထိ မေးမြန်း၏။ ထိုမိန်းမက အလုံးစုံကိုပြောပြီး "ကျွန်ုပ်သည် သင့်ကို ချစ်၍ အဖပေးစားသည့် လင်ကိုပင် သတ်စေ၏"ဟု ဆို၏။ ခိုးသူကြီးသည် "ဤမိန်းမကား အဖပေးစားသည့် လင်ကိုပင် သတ်သေး၏။ တခြားလင်ကို မြင်လျှင် ငါ့ကိုလည်း သတ်မည်။ ဤမိန်းမကို စွန့်သင့်၏"ဟု ကြံ၏။ သူသည် မြစ်တခုသို့ရောက်သော် ထိုမိန်းမထံမှ တန်ဆာအားလုံးကိုယူ၍ မြစ်ကို ကူးပြေး၏။ ထိုမိန်းမသည် ကိုးကွယ်ရာမရှိ၍ အနီးရှိ သမန်းမြက်ချုံ၌ ငိုနေ၏။

ထိုခဏ၌ ဘုရားလောင်း သိဂြိမင်းသည် ထိုမိန်းမကို အရှက်ခဲလိုသဖြင့် "မိမိသည် အမဲတုံးကိုချီသည့် မြေခွေးအဖြစ် ဖန်ဆင်း၍ နတ်သား နှစ်ဦးအား 'ငါး၊ ငှက်'အသွင် ဖန်ဆင်းစေပြီး အမဲတုံးကိုစွန့်၍ ငါးကို လိုက်၏။ ငါးသည် ရေ၌ငုပ်၍ ငှက်က ထိုအမဲတုံးကို ယူသွား၏။ ဤသို့ 'အမဲ၊ ငါး' နှစ်ခုလုံး ဆုံးရှုံးသွားသည်ကိုပြု၏။" ထိုမိန်းမသည် ထိုအခြင်းအရာကို မြင်လျှင် ပြင်းစွာရပ်လျက် မြေခွေးအား "သင်သည် မိုက်မဲ၍ အလိုရမက်ကြီးသဖြင့် အမဲလဲဆုံး, ငါးလဲဆုံးပြီး မိုင်နေ၏"ဟု ဆို၏။ မြေခွေးက "သိလာမရှိတဲ့မိန်းမ၊ သင်သည် သူတပါး၏ အပြစ်ကိုသာ မြင်၏။ ကိုယ့်အပြစ်ကို မမြင်။ သင်သည် အဖပေးစားသည့် လင်ကိုလည်း၊ သယောက်လင်ကိုလည်း ဆုံးရှုံး၍ ငါ့ထက် ပိုမိုင်နေယောင်တကား"ဟု ကဲ့ရဲ့၍ ရှက်စေလေ၏။

မိန်းမယုတ်သည် သူနိုးကို ဓားရိုးကန်း၍ လင်ကိုသတ်တတ်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "မယားဟောင်းဖြားယောင်း၍ ငြိုးငွေ့သောရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။
ဇာတ်ပေါင်း–ငြိုးငွေ့သောရဟန်း=စူဠဓနုဂ္ဂဟာ။မယားဟောင်း=စူဠဓနုဂ္ဂဟာ၏ မယား။ ဘုရား=သိဂြိမင်း။]

၃၂၅၊ ကပေါတဇာတ်

ခိုနှင့် ကျီးပျက်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ခို(ကပေါတ)သည် ဗာရာဏသီ သူဌေးဇီ စဖို့အိမ်ဝယ် အသို့က်တောင်းဌ် နေ၏။ လျှပ်ပေါ်သော ကျီးတကောင်သည် ငါးအမဲကိုစားလိုသဖြင့် ထိုခိုနှင့် မိတ်ဖွဲ့ပြီး ထိုစဖို့အိမ်ဌ်ပင် တောင်းတခုတွင် နေ၏။

တနေ့သဌ် စဖို့သည်သည် ငါးအမဲကိုချက်ပြီး စဖို့အိမ်မှထွက်၍ ကိုယ်မှ ခွဲချေးများကိုသုတ်လျက် ရပ်၏။ ကျီးသည် တောင်းမှထွက်၍ အမဲထည့်ထားသည့် အိုးဌ်နား၍ "ကိရိ ကိရိ" ဟု အသံပြု၏။ စဖို့သည်သည် လျင်စွာလာ၍ ကျီးကို ဖမ်းပြီး အမွေးအတောင်အား လုံးကို နုတ်ပြီးနောက် ချင်းယက်တက်ရည်ဖြင့် ကျီး၏ကိုယ်ကို လိမ်း၍ အသို့က်တောင်းဌ် ထား၏။ ခိုသည် လာ၍ ထိုကျီးကိုမြင်လျှင် ကဲ့ရဲ့ပြောဆို၍ အရပ်တပါးသို့ ပြန်သွား၏။ ကျီးလည်း ထိုတောင်းဌ်ပင် သေလေ၏။

လောဘကြီးသူသည် လောဘကြောင့်ပင် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ် နေစဉ် "လျှပ်ပေါ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–လျှပ်ပေါ်သောရဟန်း=ကျီး။ ဘုရား=ခို။]



၃၇၆၊ အဝါရိယဇာတ်

ရသေ့နှင့် လှေသူကြီးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်းရသေ့သည် တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ဥယျာဉ်၌နေ၏။ သူ့အား မင်းက ဆွမ်းဖြင့်လုပ်ကျွေး၍ ထိုဥယျာဉ်၌နေစေ၏။ ဘုရားလောင်းသည် မင်းအား နေ့စဉ်ဆုံးမလျက် ထိုဥယျာဉ်၌ တဆယ့်နှစ်နှစ်တိုင်နေ၏။ ထို့နောက် သူသည် ဇနပုဒ်သို့ လှည့်လည်သော် ဂင်္ဂါကူးတို့ဆိပ်သို့ရောက်၍ လှေသူကြီးအား "ငါ့ကို ထိုဖက်ကမ်းသို့ ပို့လော့"ဟု ဆို၏။ လှေသူကြီးက "ငါ့အား အခကို ပေးလော့"ဟု ဆို၏။ ဘုရားလောင်းက "စည်းစိမ်ပဉ်းများခြင်း၏အကြောင်းဖြစ်သော စကားကို သင့်အား ငါပြော၏"ဟု ဆို၏။လှေသူကြီးသည်"ဤရသေ့ကား ငါ့အား တစုံတခုကိုပေးမည်"ဟုထင်၍ ဘုရားလောင်းအား ထိုဖက်ကမ်းသို့ပို့ဆောင်ပြီး"ငါ့အား အခပေးလော့"ဟု ဆို၏။

ဘုရားလောင်းက စည်းစိမ်ပဉ်းများခြင်း၏ အကြောင်းဖြစ်သော စကားကို ပြောကြားသော် လှေသူကြီးက "ဤစကားကို ငါအလိုမရှိ။ တခြားဝတ္ထုကိုပေးလော့"ဟု ဆို၏။ ဘုရားလောင်းက "ဤစကားမှတပါး ငါ့မှာ တခြားဝတ္ထုမရှိ"ဟု ဆို၏။ လှေသူကြီးက "အခမရှိဘဲနှင့် အဘယ်ကြောင့် လှေစီးသနည်း"ဟု ဆို၍ ဘုရားလောင်းကို ရိုက်နှက်၏။ထို့ခဏ၌ ထမင်းကို ယူလာသော ထိုလှေသူကြီး၏ မယားက "ဤရသေ့ကား မင်း၏ ဆရာတည်း။ မရိုက်နှက်လင့်"ဟုဆို၏။ လှေသူကြီးသည် တားမြစ်သည့်မယားအား ရိုက်နှက်၍ လဲစေသော် ထမင်းခွက်သည် ကျကွဲပြီး မယား၏ လေးလရှိ ကိုယ်ဝန်သည် မြေ၌ ကျ၏။ လူတို့သည် ထိုလှေသူကြီးကို "သူသတ်တည်း"ဟု ဖမ်း၍ မင်းထံ ခေါ်ဆောင်ကြ၏။ မင်းသည် ထို့အား အပြစ်ပေးလေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ရဟန်းတပါးအား ဆဲရေး ပုတ်ခတ်သည့် လေ့သူကြီးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**—လေ့သူကြီး=လေ့သူကြီး။ အာနန္ဒာ=မင်း။ ဘုရား=ရသေ့။]

၃၂၇၊ သေတကေတုဇာတ်

သေဘကေတု ရသေ့အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်၏။ ထိုမြို့၌နေသော အမျိုးကိုမှီ၍ မာနကြီးသည့် 'သေတကေတု' အမည်ရှိ ပုဏ္ဏားလုလင်သည် တနေ့သ၌ 'စဏ္ဍာလ' တဦးက မိမိကို လည်ကုပ်၌ ကိုင်၍ နှိပ်စက်သဖြင့် အလွန်ရွက်၍ တက္ကသိုလ်သို့ ပြေးပြီး ဒိသာပါမောက္ခထံ၌ အတတ်အား လုံးကို သင်ယူ၏။ နောက် သူသည် ထိုမှ ပြန်လာသော် ပစ္စန္တရစ် တခု၌ နေသည့် ရသေ့ငါးရာတို့ကို မြင်၍ ရသေ့ပြုပြီး ထိုရသေ့တို့အား ဗေဒင်မန္တန်များကို သင်ပေး၍ ဂိုဏ်းဆရာဖြစ်၏။ နောက် သူသည် ထိုရသေ့များ ခြံရုံလျက် ဗာရာဏသီပြည်သို့ လာ၏။ မင်းသည် ထိုရသေ့တို့အား နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေး၍ မိမိ၏ ဥယျာဉ်၌ နေစေ၏။

တနေ့သ၌ သေတကေတုသည် မင်း လာရောက် ဖူးမျှော်မည့် နေ့တွင် ရသေ့တို့အား အုံသြဘွယ် အကျင့်တို့ကို အသိုးသိုး ကျင့်နေခိုင်းပြီး မိမိ သည်ကား အင်းပျဉ်၌နေပြီး ပုရပိုက်တခုကို အခင်းပေါ်၌ထား၍ ကောင်းစွာ သင်ထားသည့် လုလင်လေးဦးတို့ မေးသော အနက်တို့ကို ပြောကြားလျက် နေ၏။ ထိုခဏ၌ မင်းသည် လာ၍ ထိုရသေ့တို့ကို နှစ်သက်သဖြင့် ဘုရား လောင်း ပုရောဟိတ်အား ကပ်၍ "ဗေဒင်များကို သရဇ္ဈာယ်သော ဤရသေ့ တို့သည် အပါယ်မှ လွတ်ကုန်သလော" ဟု မေး၏။ ပုရောဟိတ်က "ဗေဒင် တထောင် တတ်သော သူလည်း ဒုက္ခမှ မလွတ်နိုင်" ဟု ဆိုသော်မင်းသည် ရသေ့တို့ကို မကြည်ညိုတော့ပေ။ သေတကေတုသည် အမျက်ထွက်၍ ပုရောဟိတ်နှင့် စကားစစ်ထိုးသော်ရှုံး၏။ ပုရောဟိတ်သည် မင်းအား ရသေ့ အားလုံးကို လူထွက်စေပြီး မင်း၏ အလုပ်အကျွေးများအဖြစ်ပြုစေလေ၏။

ပညာရှိဟန်ဆောင်သူသည် လူမိုက်ကိုသာ အထင်ကြီးစေနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အုံသြဘွယ်ကို ပြုတတ်သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—အုံသြဘွယ်ကို ပြုတတ်သော ရဟန်း=သေတကေတုရသေ့။ သာရိပုတ္တရာ=စဏ္ဍာလ။ အာနန္ဒာ=မင်း။ ဘုရား=ပုရောဟိတ်။]

၃၂၀၈။ ဒရီမုခဇာတ်
မင်းနှင့် ပစ္စေကဗုဒ္ဓါအကြောင်း

ရာဇဂြိုဟ်ပြည် မဂဓမင်း၏သား ဘုရားလောင်း 'ဗြဟ္မဒတ်' မင်းသားသည် အတူကြီးပြင်းသော ပုရောဟိတ်၏သား 'ဒရီမုခ'နှင့် အတူ တက္ကသိုလ်သို့သွား၍ အတတ်တို့ကို သင်ပြီး ပြန်လာသော် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေ၏။ ထိုနေ့သည် သားမရှိသည့် ဗာရာဏသီမင်း သေ၍ ခုနစ်ရက်မြောက်နေ့ ဖြစ်၏။ ထိုမင်း၏ ပုရောဟိတ်က လွှတ်သည့် ဖုဿရထားသည် ဘုရားလောင်းထံ ဆိုက်၏။ ထိုအချိန်၌ ဒရီမုခသည် ရာထူးရမှာစိုး၍ တောထွက် ရဟန်း ပြုလိုသဖြင့် ပုန်းနေ၏။ ဘုရားလောင်းသည် မင်းမြောက်ခံရ၍ ဥယျာဉ်မှထွက်သွားသော်ဒရီမုခသည် ပုန်းရာမှ ထွက်ပြီးမင်္ဂလာကျောက်ဖျာ၌ လက္ခဏာယာဉ် သုံးပါးကို ဆင်ခြင် သုံးသပ်လျှင်ပစ္စေကဗောဓိဉာဏ်ကို ရ၍ ကောင်းကင်ဖြင့် ဟိမဝန္တာရှိ နန္ဒမူလိုဏ်သို့သွား၏။

ဘုရားလောင်းသည် မင်း၏စည်းစိမ် အခြံအရံဖြင့် မွေ့ပျော်၍ တဆယ့်လေးနှစ်ကြာမှ ဒရီမုခကို သတိရ၍ တမ်းတနေ၏။ ဒရီမုခ ပစ္စေကဗုဒ္ဓါသည် အနှစ်ငါးဆယ်ကြာမှ ဆင်ခြင်၍ "ငါ့အဆွေသည် ငါ့ကို သတိရ၏"ဟု သိလျှင် ကောင်းကင်ဖြင့်သွားပြီး မင်း၏ဥယျာဉ်ဝယ် ကျောက်ဖျာ၌ နေ၏။ ဘုရားလောင်းသည် ထိုအကြောင်း ကြားသည့်ခဏ၌ ဥယျာဉ်သို့ သွား၍ ဖူးမျှော်သော် ပစ္စေကဗုဒ္ဓါက "သင်မင်းကြီးသည် ယခု အသက်ကြီးပြီဖြစ်၍ ကာမတို့ကို စွန့်ပြီး ရဟန်းပြုချိန် တန်ပြီ" ဟု ဆို၍ ရဟန်းပြုစေရန် ကာမ၏ အပြစ်များ၊ ဘဝ၏ ဆင်းရဲပုံများကို ဟောကြားပြီး ကောင်းကင်ဖြင့် ပြန်သွား၏။ ဘုရားလောင်းသည် သားကြီးအား တိုင်းပြည်ကို အပ်နှင်းပြီး ရသေ့ရဟန်းပြု၍ ဟိမဝန္တာသို့ သွားလေ၏။

လောကုတ္တရာချမ်းသာသည် လောကီစည်းစိမ်ထက်မြတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား၏ မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဘုရား=မင်း။]

၃၂၀၉။ နေရဇာတ်
နေရတောင်နှင့် ရှေဟသ်ာအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရှေဟသ်ာသည် ညီဟသ်ာနှင့်အတူ စိတ္တကူဋ်တောင်၌ နေလျက် ဟိမဝန္တာဝယ် အလိုလို

ဖြစ်သော သလေးတို့ကို စား၏။ တနေ့သ၌ ထိုဟသ်ာ ညီနောင်တို့သည် ကျက်စားရာ အရပ်မှ ပြန်လာသော် ခရီးအကြား၌ 'နေရ' မည်သော ရွှေတောင်၌ နားကြ၏။ ညီသည် ထိုတောင်၏ အရောင်ဖြင့် ရွှေအဆင်းရှိသော ငှက်များ၊ ခြေလေးချောင်း သတ္တဝါများကို မြင်၍ "ဤတောင်သည် အဘယ်တောင်နည်း" ဟု မေး၏။

ဘုရားလောင်းက "ဤတောင်မြတ်ကို 'နေရ'ဟု ခေါ်၏" ဟု ဆို၏။ ညီက "ဤတောင်သည် အယုတ်၊ အလတ်၊ အမြတ်တို့ကို ခဲခြားခြင်းမရှိဘဲ အထူးပြုခြင်းမှ ကင်း၏။ ငါတို့ ဤတောင်ကို ယခု စွန့်ခွာကြအံ့" ဟု ဆို၏။ ဟသ်ာညီနောင်တို့သည် စိတ်ကုဋ္ဌတောင်သို့ ပြန်သွားကြလေ၏။

အမှားအမှန် ခွဲခြားမသိသော လူမိုက်ကို ရှောင်ကြဉ်ရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ယခင်က ဘုရား၏တပည့် မထေရ်များကို ကိုးကွယ်ကြပြီး နောက်အသစ်အသစ်ရောက်လာသော မိစ္ဆာအယူရှိသူတို့၏ အယူဝါဒကို ယူကြသော ပစ္စန္တရစ်အရပ်ကို စွန့်ခွာသည့် ရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–အာနန္ဒာ=ညီဟသ်ာ။ ဘုရား=အစ်ကိုဟသ်ာ။]

၃၀၀၊ အာသင်္ကဇာတ်

မင်းနှင့် မိန်းမလှအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရ ရသေ့သည် တနေ့သ၌ ပဒုမာကြာကန်တွင်(နတ်သမီးတဦး သန္ဓေနေသည့်)ပဒုမာကြာတိုက်ကို မြင်၍ ဖွင့်သော် သူငယ်မကို မြင်၏။ သူမကို ကျောင်းသို့ ဆောင်ပြီး သမီးအဖြစ်မွေးစား၍ 'အာသင်္ကာ'ဟု အမည်ပေး၏။ ထိုသူငယ်မသည် အရွယ်ရောက်သော် နတ်သမီးတမျှ အလှနှလှ၏။ သိကြား မင်းသည် ဘုရားလောင်းထံ လာ၍ အာသင်္ကာအတွက် ဖာလ်ပြာသာဒ်တခုကို ဖန်ဆင်းပေး၏။

ဗာရာဏသီမင်းသည် မုဆိုးတဦးထံမှ အာသင်္ကာ အကြောင်းကိုကြား၍ ထိုမုဆိုးကို ခေါ်ပြီး စစ်သည်ဗိုလ်ပါနှင့်အတူ ဘုရားလောင်းထံ သွား၍ ထိုသတို့သမီးကို တောင်း၏။ ဘုရားလောင်းက "ဤသတို့သမီးမှာ လျှို့ဝှက်ထားသည့် အမည်ရှိ၏။သင်သည် ထိုအမည်ကို သိလျှင် သူမကို ယူသွားလော့" ဟု ဆို၏။ မင်းသည် ထိုနေ့မှစ၍ထိုအမည်ကို စဉ်းစားရာ တနှစ်ကြာ၍ မသိ

သော် "ဤမိန်းမဖြင့် အဘယ် အကျိုးရှိအံ့နည်း"ဟု ဘုရားလောင်းကို ပန်ကြား၍ ပြန်ရန် အားထုတ်၏။ အာသင်္ကာသည် ဖလ်ပြူတင်းကို ပွင့်၍ ရပ်လျက် မင်းအား "သင်သည် ငါကဲ့သို့သော မိန်းမကို အဘယ်မှာ ရအံ့နည်း။ တောင့်တသည့် အရာကို ရခြင်းသည် ချမ်းသာ၏"ဟု ဆို၏။ မင်းသည် ထိုစကားဖြင့် ကပ်ငြိ၍ ဆက်နေပြီး တနှစ်ကြာ၍ မသိသော် ပြန်ရန် အားထုတ်၏။ အာသင်္ကာသည် မင်းအား ရှေးနည်းတူပင် ဆို၏။ မင်းသည် ဆက်နေပြီး တနှစ်ကြာ၍ မသိပြန်သော် ပြန်ရန် အားထုတ်၏။

ထိုအခါ အာသင်္ကာက မင်းအား "သင်သည် ငါ့အမည်ကို မသိဟု ဆိုခြင်းသည်ပင် ငါ့အမည်ကို သင်ဆိုခြင်းဖြစ်၏။ ဤအမည်ကား ငါ့အမည်တည်း။ အဖကိုပြောကြား၍ ငါ့ကို ယူသွားလော့"ဟု ဆို၏။ မင်းသည် ဘုရားလောင်းထံ သွား၍ "အရှင်ဘုရား၏ သမီးသည် အာသင်္ကာမည်၏"ဟု ဆို၏။ မင်းသည် အာသင်္ကာကို ရ၍ ဘုရားလောင်းကို ရှိခိုးပြီး ဗာရာဏသီသို့ ပြန်သွားလေ၏။

မိန်းမသည် မာယာအမျိုးမျိုးဖြင့် ယောကျ်ားကို ဆွဲဆောင်နိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မယားဟောင်း ဖြားယောင်းသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း– မယားဟောင်း= အာသင်္ကာ။ ငြိးငွေ့သော ရဟန်း= ဗာရာဏသီမင်း။ ဘုရား = ရသေ့။]

၃၈၁၊ မိဂါလောပဇာတ်

အပျံ့လွန်သော လင်းတအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'အပန္နဒ္ဒ' မည်သော လင်းတမင်းသည် လင်းတအပေါင်း ခြံရံလျက် ဂိဇ္ဈကူဋ်တောင်၌ နေ၏။ သူ့သားကား 'မိဂါလောပ'မည်၏။

တနေ့သ၌ မိဂါလောပသည် ကောင်းကင်၌ အလွန်မြင့်စွာ ပျံသဖြင့် ဘုရားလောင်းက "မြေကို လေးထောင့်သဏ္ဌာန် လယ်ကွက်ကဲ့သို့ မြင်ရသည့် အထိ ပျံလော့။ ထိုထက်လွန်၍ ပျံလျင် သေမည်"ဟု ဆို၍ တားမြစ်၏။ မိဂါလောပသည် အဖ၏ စကားကို နားမထောင်ဘဲ အဖ ပြောသည့်အပိုင်း အခြားကိုလွန်၍ 'ဝေရမ္ဘာလေ'သို့ ရောက်အောင် ပျံသော် ထိုလေ၏တိုက်ခတ်မှုကြောင့် အပိုင်းပိုင်း ပြတ်၍ ကောင်းကင်၌ပင် ကွယ်ပျောက်သွားလေ၏။

လူမိုက်သည် ပညာရှိစကားကို နားမထောင်၍ သေဘေးနှင့်တွေ့ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆိုနိုင်ခက်သော ရဟန်း တပါးကို အကြောင်းပြု၍" ဤဒေသနာတော်ကို ဟော၏။ ။ဇာတ်ပေါင်း-ဆိုနိုင်ခက်သောရဟန်း = သားလင်းတ။ ဘုရား=အဖလင်းတမင်း။]

၃၈၂။ သိရိကာဠကဏ္ဏိဇာတ်
နတ်သမီးနှစ်ဦးနှင့် သူဌေးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'သုစိပရိဝါရ' မည်သော သူဌေးသည် အလှူပေး၍ သီလဆောက်တည်၏။ ထိုအခါ စတုမဟာရာဇ်နတ်ပြည်မှ 'ကာဠကဏ္ဏီ' နှင့် 'သိရိ' အမည်ရှိ နတ်သမီး နှစ်ဦးသည် အနဝဒတ်အိုင်သို့ ရေချိုးသွားကြရာ 'သူအလျင် ချိုးထိုက်၊ ငါအလျင် ချိုးထိုက်' ဟုအချင်းချင်း ငြင်းခုန်ကြပြီး အဆုံးအဖြတ်ပေးရန် သိကြားမင်းထံ သွားကြ၏။ သိကြားမင်းက 'ဗာရာဏသီပြည် သုစိပရိဝါရ သူဌေး၏ အိမ်၌ မသုံးဆောင်ဘဲ သူတော်စင်အတွက် သီးသန့် ထားသော ပလ္လင်၊ အိပ်ရာတို့၌ထိုင်ခွင့်၊အိပ်ခွင့်ရသည့် နတ်သမီးသည် ဦးစွာချိုးထိုက်၏" ဟုဆို၏။

ကာဠကဏ္ဏီသည် အဝတ်ညိုကိုဝတ်၍ မဇ္ဈိမယာမ်တွင် ထိုသူဌေးထံသို့ ဦးစွာသွား၏။ သူဌေးသည် သူမ၏ အကျင့်သီလကိုမေး၍ မနှစ်သက်သဖြင့် သူမကို နှင်ထုတ်၏။ နောက် သိရိသည် ရွှေအဆင်းရှိ အဝတ်ကို ဝတ်၍ သွား၏။ သူဌေးသည် သိရိ၏အကျင့်သီလကိုမေး၍ နှစ်သက်သဖြင့် သိရိအား မသုံးဆောင်ဘူးသေးသည့်နေရာကို ပေး၏။ သိရိသည် ထိုနေရာ၌ နေပြီး နောက်တနေ့နံနက် စတုမဟာရာဇ် နတ်ပြည်သို့ သွား၍ အနဝဒတ် အိုင်၌ ဦးစွာ ရေချိုးခွင့် ရလေ၏။

သူဌေးကောင်းသည် သူဌေးကောင်းကိုသာ ပူဇော်ချီးမြှောက်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ဒနစဉ် "မိမိသည် သီလစင်ကြယ်၍ သီလမစင်ကြယ်သည့် အခြံအရံများရှိသော အနာထပိဏ်သူဌေးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဥပုလဝဏ်=သိရိနတ်သမီး။ ဘုရား = သုစိပရိဝါရသူဌေး။]

၃၈၃။ ကုက္ကုဠဇာတ်
ကြက်မင်းနှင့် ကြောင်ယုတ်မအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းကြက်မင်း(ကုက္ကုဠ) သည် ကြက်အပေါင်း ခြံရံလျက် တော၌ နေ၏။ အနီးအပါး၌ နေသော

ကြောင်မတကောင်သည် ဘုရားလောင်းမှတပါးသော ကြက်တို့ကို ဥပါယ်ဖြင့် လှည့်ဖြား၍ စား၏။

နောက် ဘုရားလောင်းကို ဥပါယ်တမျှဉ်ဖြင့် စားလိုသဖြင့် သွား၍ "ကျွန်ုပ်သည် သင်၏ကျွန်မယား ဖြစ်ပါအံ့" ဟု ဖြားယောင်း ပြောဆို၏။ ဘုရားလောင်းက "သင်သည် ငါ့ဆွေမျိုးကြက်တို့ကို သတ်သည့်သူခိုးမတည်း။ သင်သည် အမျိုးမတူသည့်ငါ့ကို လင်မပြုချင်နှင့်" ဟုဆို၍နှင်သဖြင့် ကြောင်မသည် ထိုအရပ်မှ ပြေးလေ၏။

မိန်းမမည်သည် အကောက်ဥာဏ်ဖြင့် ဖြားယောင်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ငြိုးငွေ့သောရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား = ကြက်မင်း။]

၃၈၄၊ ဓမ္မဓဇဇာတ်

ကျီးယုတ်နှင့် ငှက်များအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းငှက်မင်းသည် ငှက်အပေါင်းခြံရံလျက် သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်၌ နေ၏။ ထိုကျွန်းငယ်သို့ရောက်လာသည့် ကျီးတကောင်သည် "အုံသြဘွယ်ကို ပြုလုပ်၍ ဤငှက်တို့၏အဉာဏ်သားငယ်တို့ကို စားအံ့" ဟု ကြံ၍၊ ငှက်အပေါင်း၏အလယ်၌ ခံတွင်းကို ဖွင့်၍ ခြေတဖက်ဖြင့်သာ မြေ၌ ရပ်၏။ ငှက်တို့ကမေးသော် သူက "ငါသည် 'ဓမ္မိက' မည်၏။ ငါသည် ဒုတိယခြေကိုချလျှင် မြေသည် ငါ့ကို မဆောင်နိုင်သဖြင့် ခြေတဖက်ဖြင့်သာ မြေ၌ ရပ်၏။ အခြားအစားအစာကို မစားဘဲ ခံတွင်းဖွင့်၍ လေကို စား၏" ဟု ဆိုပြီး "သုစရိုက်တရားများကို ကျင့်ကြလော့" စသည်ဖြင့် အဆုံးအမကို ပေး၏။ ငှက်တို့သည် ထိုကျီးကို ချီးမွမ်း၍ ယုံကြည်ပြီး "ငါတို့၏အဉာဏ်သားငယ်တို့ကို ကြည့်ရှစ်လော့" ဟုဆို၍ အစာရှာသွားကြ၏။ ထိုကျီးသည် အဉာဏ်သားငယ်တို့ကို ဝမ်းပြည့်အောင် စားပြီး ထိုငှက်များ ပြန်လာသော် ရှေးကကဲ့သို့နေ၏။ ငှက်တို့သည် မိမိတို့၏ အဉာဏ်သားငယ်တို့ကို မမြင်၍ ငိုကြွေးကြ၏။

ထိုအခါ ဘုရားလောင်းသည် ကျီးကို သံသယရှိ၍ စုံစမ်းရန် ထိုငှက်တို့နှင့် အတူ အစာရှာသွားသကဲ့သို့ပြု၍ ပြန်လာပြီး ချောင်းကြည့်သော် ထိုကျီး၏ အပြုအမူအားလုံးကို မြင်၏။ သူသည် ငှက်တို့ကိုခေါ်၍ "သူတော်တရားကို တံဆွန်ထူ၍ နေသော (ဓမ္မဓဇ)ဤကျီးသည် သင်တို့၏ အဉာဏ်သားငယ်တို့ကို

စား၏။ ထိုကျီးကိုဖမ်းကြအံ့''ဟု ဆိုပြီး ထိုငှက်တို့နှင့်အတူ ထိုကျီးကို နှုတ်သီး,ခြေ,အတောင်တို့ဖြင့် ပုတ်ခတ်၍ သတ်လေ၏။

လူယုတ်မာသည် သူတော်ဟန်ဆောင်၍ သူတပါးကို လှည့်စားတတ်၏။

[မြတ်စွာဘုရားသည် ဇေဘဝန်ကျောင်း၌ နေစဉ်''အံ့သြဘွယ်ကိုပြုတတ်သော ရဟန်းတပါးကို အကြောင်းပြုပြီး''ဤဇာတ်ကိုဟော၏။ ။ဇာတ်ဝေါင်း- အံ့သြဘွယ်ကိုပြုတတ်သော ရဟန်း=ကျီး။ ဘုရား=ငှက်မင်း။]

၃၈၅။ နန္ဒိယမိဂဇာတ်

မိဘကိုလုပ်ကျွေးသည့် သမင်အကြောင်း

ကောသလတိုင်း သာကေတမြို့ ကောသလမင်းလက်ထက် ဘုရားလောင်းသည်'နန္ဒိယမိဂ'မည်သော သမင်ဖြစ်၍ မိဘတို့ကို လုပ်ကျွေး၏။ ကောသလမင်းသည် နေ့တိုင်း လူတို့ကိုခေါ်၍ သမင်လိုက်သွားလေ့ ရှိ၏။ လူတို့သည် လယ်မလုပ်ရသဖြင့် လက်နက်များ စွဲကိုင်ပြီး တောသို့ သွား၍ သမင်တို့ကို ချောက်ထုတ်ပြီး သူတို့ပြုလုပ်ထားသည့် ဖောက်ကြံ့တောဥယျာဉ်ထဲသို့ သွင်းယူကြ၏။

ဘုရားလောင်းသည် မိဘတို့ကိုချုံထဲ၌ ဝပ်နေစေပြီး ထိုသမင်တို့နှင့်အတူ ထိုဥယျာဉ်ထဲသို့ဝင်၏။ လူတို့သည် ထိုအကြောင်းကို မင်းအားလျှောက်ကြား၏။ သမင်တို့သည် အလှည့်ကိုထား၍ အလှည့်ရောက်သည့်သမင်သည်လျှောက်ပတ်သောနေရာ၌ နေ၏။ မင်းသည် ထိုသမင်ကို ပစ်၍ ယူစေ၏။ နောက် ဘုရားလောင်း၏ အလှည့်ရောက်သည့်နေ့၌ မင်းသည် အခြံအရံ များစွာဖြင့် ထိုဥယျာဉ်သို့ လာ၏။

ဘုရားလောင်းသည် မေတ္တာကိုရှေ့ထား၍ သင့်တင့်သောနေရာ၌ နေ၏။ ထိုမေတ္တာတန်ခိုးကြောင့် မင်းသည် ဘုရားလောင်းသို့မြားကို ပစ်လွှတ်၍ မရပေ။ မင်းသည် လေးကိုစွန့်၍ ဘုရားလောင်းအား''စိတ်မရှိသည့်ဤမြားသည် သင့်ကျေးဇူးကိုသိ၏။ ငါသည်စိတ်ရှိသူဖြစ်လျက်သင့်ကျေးဇူးကိုမသိ။ငါ့အား သည်းခံပါ။သင့်ကိုဘေးမဲ့ပေးပါ၏''ဟု ဆို၏။ဘုရားလောင်းသည် မင်းအား တရားဟော၍ ဥယျာဉ်ရှိ သမင်များနှင့်တကွ သင်္ဘဝါအားလုံးကို ဘေးမဲ့ပေးစေပြီး နှစ်ရက်သုံးရက်နေ၍ မိဘထံသို့ ပြန်သွားလေ၏။

မေတ္တာတန်ခိုးကား အတိုင်းမသိ ကြီးမားလှ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိဘတို့ကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အာနန္ဒာ=မင်း။ ဘုရား=နန္ဒိယသမင်မင်း။]

၃၀၆၊ ခရပုတ္တဇာတ်

မ,အလိုလိုက်သည့်မင်းမိုက်အကြောင်း

ဗာရာဏသီပြည် သေနကမင်းသည် နဂါးမင်းတဉီးနှင့် လွန်စွာ အကျွမ်းဝင်၏။ သူ့အား ထိုနဂါးမင်းက သတ္တဝါတို့၏ အသံကို သိနိုင်သော (သဗ္ဗရုတဇာနန)မန္တန်ရွတ်တခုကို ပေး၍ "ဤမန္တန်သည် အဘိုးမဖြတ်နိုင်။ သူတပါးအားမပေးနှင့်။ ပေးပြီးလျှင် မီးထဲသို့ ဆင်း၍သေရအံ့" ဟု ဆို၏။

ထိုအခါမှစ၍ သေနကမင်းသည် တိရစ္ဆာန်အားလုံး၏ အသံကို သိ၏။ တနေ့သ၌ သူသည် ပိုး,ရွှ,ပျား,ယင်တို့၏ စကားပြောသံများကို ကြား၍ ပြုံးစွာရယ်၏။ မိဖုရားသည် ညအခါ အိပ်ရာထဲ၌ ထိုအကြောင်းကို မေး၍ မင်းက ထိုမန္တန်အကြောင်းကိုပြောပြ၏။ မိဖုရားက ထိုမန္တန်ကို တောင်းသော် မင်းက "ဤမန္တန်ကိုပေးလျှင် ငါသေရမည်" ဟုဆို၏။မိဖုရားက "သင် သေရသော်လည်း ပေးပါလော့" ဟု အကြိမ်ကြိမ်တောင်း၏။မင်းသည် မိန်းမအလိုသို့ လိုက်၍ "ပေးမည်"ဟု ဝန်ခံပြီး "မိဖုရားအား မန္တန်ကို ပေး၍ မီးထဲသို့ ဝင်အံ့"ဟု ရထားဖြင့် ဥယျာဉ်သို့ ထွက်၏။

ထိုခဏ၌ ဘုရားလောင်း သိကြားမင်းသည် ထိုအကြောင်းကို သိ၍ သုဇာတာ မိဖုရားနှင့်အတူသွား၏။ သူသည် ဆိတ်ဖို့ပြု၍ သုဇာတာကို ဆိတ်မပြုစေပြီး သေနကမင်းနှင့် ရထား၌ကသည့် သိန္ဓောမြင်းတို့အား သာ မြင်စေ၍ မင်း၏ ရထားရှေ့၌ ဆိတ်မနှင့် မဲထုန်မို့ဝသကဲ့သို့ ပြု၏။ သိန္ဓောမြင်းက ဆိတ်ဖိုအား "သင်သည် အလွန်မိုက်မဲ၍ အရှက်မရှိ။ ငါတို့ရှေ့၌ မေထုန်မို့ဝဘိ၏" ဟု ဆို၏။ ဆိတ်ဖိုက "မြည်း၏သား (ခရပုတ္တ) ဖြစ်သော အဆွဲသိန္ဓောမြင်း၊ သင်သည် ရထားမှလွှတ်သော်လည်း မပြေးသဖြင့် ငါထက်ပို၍ မိုက်မဲ၏။ သေနကမင်းသည် မိန်းမအလိုသို့လိုက်၍ မိမိကိုယ်ကို ဖျက်ဆီးရန် အားထုတ်သဖြင့် သင့်ထက်ပင် မိုက်မဲသေး၏" ဟုဆို၏။

ထို့နောက်မင်းအား "သတ္တဝါတို့မှာ မိမိထက် ချစ်အပ်သောသူ မရှိ။ ချစ်အပ်သော ဥစ္စာတခုကိုမှီ၍ မိမိကိုယ်ကို ဖျက်ဆီးရန်မသင့်"ဟု ဆုံးမပြီး

မိမိ သိကြားမင်း ဖြစ်သည်ကို ပြောကြား၍ ပြန်၏။ သေနကမင်းသည် ဥယျာဉ်သို့ရောက်သော် မိဖုရားကို ခေါ်စေ၍ "သင်သည် ငါ့ကို သတ်၍ မန္တရားကို ယူလို၏"ဟု သူသတ်သမားအား ကြိမ်ဖြင့် မိဖုရား၏ ကျောကို အရေမရှိအောင် အချက်ပေါင်းများစွာ ရိုက်ခိုင်း၏။ ထိုအခါမှစ၍ ထို မန္တရားကို မတောင်းဝံ့တော့ပေ။

မိန်းမမည်သည် လိုချင်တာကိုတွေ့လျှင် လင်ကိုပင်ချမ်းသာမပေး။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မယားဟောင်း ဖြားယောင်း၍ ငြိုးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ငြိုးငွေ့သောရဟန်း=သေနကမင်း။ မယားဟောင်း=မိဖုရား။ သာရိပုတ္တရာ=မြင်း။ ဘုရား=သိကြားမင်း။]

၃၀၇၊ သူစိဇာတ်

အာပ်ဆန်းနှင့် ပန်းဖဲသူကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ပန်းဖဲရွာတခု၌ ပန်းဖဲသမား ဖြစ်၏။ ထိုရွာအနီး ပန်းဖဲရွာ တခု၌ ပန်းဖဲတထောင်တို့၏ အကြီး ပန်းဖဲသူကြီးမှာ အလွန်လှပသည့် သမီးတဦးရှိ၏။ ထိုသတို့သမီး အကြောင်းကိုကြား၍ သူမကို အလိုရှိသဖြင့် ပညာပါရမီနှင့် ပြည့်စုံသော ဘုရားလောင်းသည် အမျိုးမြတ်သော သံဖြင့် နဖားပေါက်ပါသည့် အလွန် သေးနုပ်သော အပ်(သူစိ)တခုကို ရေပေါ်ပေါ်အောင် ပို့၏။ ထိုအပ်ကို ခုနစ် ထပ်ပို့လုပ်ထားသောနဖားပေါက်ပါသည့် အပ်အိမ်၌ထည့်၍ ထိုပန်းဖဲသူကြီး ထံ သွားပြီး "ဤဆန်းကြယ်သည့်အပ်ကို ပရိသတ် အလယ်၌ပြအံ့"ဟု ဆို၏။ ပန်းဖဲသူကြီးသည် ပန်းဖဲ့ဆရာ အားလုံးကို ခေါ်စေ၏။

ဘုရားလောင်းသည် အပ်အိမ် ခုနစ်ခုကို တခုပြီးတခုခွာပြပြီး "ဤကား အပ်တည်း"ဟု ပန်းဖဲသူကြီး၏ လက်၌ထား၏။ "ဤအပ်မှာ အဘယ်အစွမ်း သတ္တိရှိသနည်း"ဟု မေးသော် ဘုရားလောင်းက ရေပြည့်သော ခွက်ပေါ်၌ ပေကိုထား၍ ပန်းဖဲသူကြီးအား ပေ၏ အလယ်၌ အပ်ဖျားနှင့် ခပ်စေ၏။ ထိုအပ်သည် ပေကိုဖောက်၍ ရေပြင်၌ ပေါနေ၏။ ပန်းဖဲတို့သည် အလွန် အံ့သြကြ၏။ ပန်းဖဲသူကြီးသည် သမီးကိုခေါ်၍ ပရိသတ် အလယ်၌ပင် ဘုရားလောင်းအား ပေးလေ၏။

ပါရမီရှင်ပညာရှိအဖို့ မလုပ်နိုင်သောအရာ မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''ဘုရား၏ ပညာပါရမီကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ရာဟုလာ မယ်တော်=ပန်းဖဲသူကြီး၏သမီး။ ဘုရား=ပညာရှိပန်းဖဲသမား။]

၃၈၈၊ တုဏ္ဍိလဇာတ်
ငက်ညိုနောင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် မြို့တံခါးအနီးနေ မိန်းမအိုကြီး တဦးသည်ဘုရားလောင်း'မဟာတုဏ္ဍိလ'မည်သော ဝက်နှင့်သူ့ညီ'စူဠတုဏ္ဍိလ' ဝက်ညီနောင်တို့ကို သားအဖြစ်ဖြင့် မွေးထား၏။ တနေသဒ္ဒါ အရက်သမားတို့သည် ဝက်သားကို စားလိုကြသဖြင့် ထိုအိမ်သို့လာ၍ အဘိုးကို အတင်းပေးပြီး ဝက်တို့ကို ယူမည်ပြု၏။ မိန်းမအိုကြီးကဝက်အငယ်ကိုသာ ယူရန်ပြောပြီး စူဠတုဏ္ဍိလကိုခေါ်၏။စူဠတုဏ္ဍိလသည်အစ်ကိုထံသွား၍ ''ယနေ့ငါသေရအံ့'' ဟု ဆို၏။

ဘုရားလောင်းသည် ပါရမီဆယ်ပါးကို ဆင်ခြင်၍ မေတ္တာ ပါရမီကို ရှေ့ထားပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူသောအသိဖြင့် ဂါထာကို ရွတ်၍ သေဘေးမှ ကြောက်နေသည့်ညီအား တရားဟော၏။ သူ၏ အသံသည် ဗာရာဏသီ တမြို့လုံးကို လွှမ်းသွား၏။ ထိုခဏ၌ပင် မင်းအစရှိသော ကြားသမျှ လူတို့သည် လာ၍ တရားနာကြ၏။ ဘုရားလောင်းသည် ပရိသတ်အလယ်၌ ဆက်၍ တရားဟော၏။ လူအပေါင်းသည် ကောင်းချီး ပေးကြ၏။ မင်းသည် ဘုရားလောင်းအား မင်းအဖြစ်ဖြင့် ပူဇော်၍ မိန်းမအိုကြီးအား စည်းစိမ်မျှားစွာပေးပြီး ဝက်ညီနောင်တို့အား သားအရာ၌ထား၍ အခြံအရံများဖြင့် လုပ်ကျွေးလေ၏။

မေတ္တာတန်ခိုးသည် သေးအံ့ကြောက်ယ်မှ လွတ်စေနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ်''သေဘေးကို ကြောက်သော ရဟန်းတပါးကို အကြောင်းပြုပြီး''ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–သေဘေးကို ကြောက်သောရဟန်း÷စူဠတုဏ္ဍိလ။ ဘုရား=မဟာတုဏ္ဍိလ။]

၃၈၉၊ သုဝဏ္ဏကက္ကဋဇာတ်
ရွှေပုစွန်လုံးနှင့် လယ်သမားအကြောင်း

ဗာရာဏသီပြည် သေနကမင်းလက်ထက် ဘုရားလောင်းသည် ရွာတရွာ၌ လယ်သမားဖြစ်၏။ သူသည် လယ်အနီးရှိ အိုင်၌နေသော ရွှေပုစွန်လုံး

(သုဝဏ္ဏကက္ကဋ္ဌ) တကောင်နှင့် အလွန် ချစ်ကျမ်းဝင်၏။ သူသည် လယ်သို့ လာသော် ဦးစွာ ထိုအိုင်သို့ ပုစွန်လုံးကို သွားယူ၍ အပေါ်ရုံ ပုဆိုးကြားဌ အိပ်စေပြီးမှ လယ်မှကိစ္စကို ပြု၏။ လယ်ထွန်ပြီးသော် ပုစွန်လုံးကို ထိုအိုင်ဌ ထား၍ အိမ်ပြန်၏။ သူ့ လယ်အနီးရှိဃန်းပင်ပေါ်ဌကျီးလင်မယား နေကြ၏။

တနေ့သဌ် ကျီးမက "ဤလယ်သမား‌တို့၏ မျက်စိတို့ကို စား‌ချင်၏" ဟု ဆို၍ ကျီးဖို‌သည် မြေဟောက်တကောင်ကို ခစား၍ မိတ်ဖွဲ့ပြီး "ဤလယ်ရှင် ပုဏ္ဏား‌အား သေစေလော့။ ငါသည် သူ့ မျက်စိတို့ကို အလိုရှိ၏" ဟု ဆို၏။ မြေဟောက်သည် လယ်ကန်သင်းပေါ်ရှိ မြက်တို့အကြားဌနေလျက် ပုစွန်လုံးကို ယူလာသည့် ဘုရား‌လောင်း‌ကို ကိုက်၍ လဲစေပြီး‌ပြေး၏။ ထို‌ခဏဌ ကျီးသည် လာပြီး မျက်စိတို့ကို နှုတ်သီး‌ဖြင့်ထို‌း၏။ ပုစွန်လုံးသည် ထွက်၍ ကျီး‌ကို ဖမ်းပြီး‌လည်ကို လက်မတို့ဖြင့် ညှပ်၏။ ကျီးသည် မြေဟောက်‌အား "ပုစွန်လုံး သည် ငါ့‌ကို ညှပ်၏။ ကယ်ပါဦး" ဟုဆို၍ ခေါ်၏။ ပုစွန်လုံးသည် ပါး‌ပျဉ်း ထောင်၍လာသော မြေဟောက်‌ကို လက်မဖြင့် ညှပ်၍ ဖမ်းယူပြီး "အဆိပ်‌ကို ပြန်စုတ်ယူမှ သင်တို့ နှစ်ဦး‌ကို လွှတ်အုံ" ဟုဆို၏။ မြေသည်အဆိပ်‌ကို ပြန်စုတ် ယူ ပြီး‌သော် ပုစွန်လုံးသည် "ဤသတ္တဝါနှစ်ဦး အသက်ရှင်လျှင် ငါ့‌အဆ အား ဘေးရှိ၏" ဟု‌ကြံ၍ ကျီး, မြေ တို့၏ လည်ပင်း‌များ‌ကို ညှပ်၍ ဖြတ်၏။ ဘုရား‌လောင်း‌သည် အနာမရှိသည် ဖြစ်၍ ပုစွန်လုံးနှင့် အသက်ထက်ဆုံး ချစ်ခင်စွာ နေလေ၏။

အသက်စွန်ပြီး ကူညီတတ်သူသည် မိတ်ဆွေအစစ်မည်၏။

[မြတ်စွာဘုရား‌သည် ဇေတဝန်ကျောင်းဌ နေစဉ် "ဘုရား‌အတွက် အသက်စွန့် သော ရှင်အာနန်ဒာ‌‌ကို အကြောင်းပြု၍" ဤဇာတ်‌ကို ဟော၏။ ။ဇာတ် ဝါဒ်း–ဒေဝဒတ်=ကျီးဖို။ စိဉ္စမာဏဝိကာ=ကျီး‌မ။ မာရ်နတ်=မြေဟောက်။ အာနန္ဒာ=ပုစွန်လုံး။ ဘုရား=လယ်သမ်ား‌ပုဏ္ဏား။]

၃၉၀၊ မယ့်ကဇာတ်

မလှူခြင်း‌နှင့် သူ့အသက်သတ်ခြင်း‌အကြောင်း

(၁) ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း‌လက်ထက် ဗာရာဏသီ သူဌေး‌သည် သဒ္ဓါတရား‌မရှိ, ဝန်တို့၏။ အနည်း‌ငယ်မျှ ပေး‌ကမ်း‌ခြင်း‌မရှိ။

တနေ့သဌ် သူသည် မင်း‌အား ခစား‌ရန်သွား‌သော် ပစ္စေကဗုဒ္ဓါ တပါး‌ကို မြင်၍ ကျွန်တယောက်‌အား "ဤပစ္စေကဗုဒ္ဓါ‌ကို ငါတို့အိမ်သို့ပင့်၍ ငါ့‌အတွက်

စီရင်ထားသည့် ထမင်းကို လှူသော့''ဟု စေခိုင်း၏။ သူဋ္ဌေး၏ မယားသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းဖြင့် သပိတ်ကို ပြည့်စေ၍ လှူ၏။ သူဋ္ဌေးသည် ပြန်လာသော် ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ ''ငါ့အား ဆုံးရှုံးလေစ့''ဟု နှလုံးမသာမယာဖြစ်၏။ အပရ စေတနာ မရှိ၍ ထိုသူဋ္ဌေးသည် နောင်ဘဝ၌ ရရှိသောစည်းစိမ်ကို သုံးဆောင်ရန် မတတ်နိုင်။

(၂) ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သူဋ္ဌေးသားဖြစ်၍ မိဘတို့ ကွယ်လွန်သော်ညီကို ထောက်ပံ့ပြီး ဥစ္စာကိုစီရင်၍ နေ့စဉ် အလှူကြီးပေး၏။ သူသည် သားတဦးကိုရ၍ ထိုသား ခြေဖြင့် သွားနိုင်သည့် အရွယ်၌ ဥစ္စာကို ညီအား‌ပေးအပ်၍ ရဟန်းပြုပြီး ဟိမဝန္တာ၌ နေ၏။ သူ့ညီသည် သားတဦးကိုရသော် ''ငါ့အကို၏သား အသက်ရှည်သော် ဥစ္စာကို နှစ်စုခဲ့ရမည်။ အကို၏ သားကိုသတ်အံ့''ဟုကြံ၍တနေ့သ၌ အကို့သားကိုယူ၍ မြစ်ထဲ၌ နှစ်ပြီးသတ်၏။ အကို၏မယားသည် သားကိုမမြင်၍ ငိုကြွေးမြည်တမ်း၏။

ထိုအခါ ဘုရားလောင်းသည်လာ၍ ညီအား ''မယ့်ကဉ်သည် အသိးမှည့်သော ညောင်ကြပ်ပင်ပေါ်တက်၍ 'ငါ့ဥစ္စာ၊ ငါ့ဥစ္စာ'ဟု မြည်တမ်းစဉ် အခြားဌက်တို့လာ၍ စားကြ၏။ထို့အတူ သင်လည်း 'ငါ့ဥစ္စာ၊ ငါ့ဥစ္စာ'ဆို၍ မစားမသောက် အလှူမပေး''စသည်ဖြင့် တရားဟော၍ အလှူဒါနကို ပြုစေပြီး ဟိမဝန္တာသို့သွား၏။ အကို၏ သားကို သတ်ခြင်းကံကြောင့် ထိုညီသည် နောင်ဘဝ၌ သားသမီးကို မရပေ။

မကောင်းမှုမည်သည် တူသောအကျိုးကို ပေးသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''သားသမီးလည်းမရှိ, မိမိဥစ္စာကိုလည်း မလှူမသုံး, သေသော် ငရဲလားသည့် အာဂန္တုကသူဋ္ဌေးကို အကြောင်းပြု၍''ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အာဂန္တုကသူဋ္ဌေး= ညီ။ ဘုရား=အကို။]

၃၂။ ဝိဇ္ဇာဓရဇာတ်

မိဖုရားနှင့် ဝိဇ္ဇာဓိရ်အကြောင်း

ဝိဇ္ဇာဓိရ်(ဝိဇ္ဇာဓရ)တယောက်သည် မန္တရားကိုမန်း၍ သန်ကောင်ယံအခါ၌ လာပြီး ဗာရာဏသီမင်း၏ မိဖုရားနှင့် မေ့လျော်၏။ မိဖုရားသည် ထိုအကြောင်းကို မင်းအား‌ပြောကြားပြီး မင်းခိုင်းသည့်အတိုင်း နောက်တကြိမ်

လာ၍ မေမ့လျော်သော ထိုဝိဇ္ဇာခိုရ်၏ကျောဌ် ဟင်းသပြဒါးနှင့် လက်ငါး ချောင်းရာကို ပေး၏။ မင်းသည် "ကျောဌ် ဟင်းသပြဒါးလက်ငါးချောင်းရာ ရှိသည့် ယောကျ်ားကို ဖမ်းလော့" ဟု လူတို့အား စေခိုင်း၏။

မင်းချင်းတို့သည် နေ့အခါဌ် သုသာန်တွင် နေကို ရှိခိုးလျက်ခြေတဖက်ဖြင့် ရပ်၍နေသော ထိုဝိဇ္ဇာခိုရ်ကိုမြင်၍ ဝိုင်းကြ၏။ ဝိဇ္ဇာခိုရ်သည် မန္တရားကို မန်း၍ ကောင်းကင်သို့ပျံ၏။ "ဤသူကား ရဟန်းတည်း" ဟု မင်းချင်းတို့က လျောက်၍ မင်းသည် ရဟန်းတို့အား အမျက်ထွက်ပြီး "မြင်သမျှ ရဟန်းတို့ကို မင်းဒဏ်ပြုအံ့" ဟု စည်လည်စေ၏။ ရဟန်းအားလုံးသည် အခြား နေပြည်တော်သို့ သွားကြ၏။ ပြည်သူတို့သည် ဒါနသီလ မပြုရ၍ သေသော် အပါယ်လားကြ၏။

ထိုအခါ ဘုရားလောင်း သိကြားမင်းသည် နန္ဒမူလိုဏ်ဂူသို့သွားပြီးပစ္စေက ဗုဒ္ဓါတပါးကိုပင့်၍ လှပသော လုလင်အသွင်ဖြင့် နောက်မှ သပိတ်ကို ကိုင်လိုက်ကာ ဗာရာဏသီမင်း၏ နန်းတော်တံခါးသို့သွား၍ ကောင်းကင်ဌ်ရပ်၏။ မင်းကမေးသော် သိကြားမင်းက "ငါသည် သိကြားဖြစ်၏။ သီလရှိသော ရဟန်းတို့ကို ရှိခိုးပူဇော်ရာ၏" စသည်ဖြင့် တရားဟော၏။

မင်းသည် မိမိ၏မှားသော အယူကိုစွန့်၍ "ငါသည် ကောင်းမှု များစွာကို ပြုအံ့" ဟု ကတိပြု၏။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်ဌ် ထက်ဝယ်ဖဲ့ခွေနေလျက် မင်းအား "ညအခါ သင့်နန်းတွင်းဌ်ပြစ်မှားသော သူသည် ဝိဇ္ဇာခိုရ်ဖြစ်၏။ ရဟန်းမဟုတ်" စသည်ဖြင့် တရားဟော၏။ သိကြားမင်းသည် ကောင်းကင်ဌ်ရပ်၍ ပြည်သူတို့အား အဆုံးအမကိုပေး၏။ ထို့နောက် သိကြားနှင့် ပစ္စေက ဗုဒ္ဓါတို့သည် မိမိတို့ နေရာသို့ သွားကြလေ၏။

ပညာရှိသည် လောက၏ကောင်းကျိုးအတွက် ဖြိုကျင့်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်နေစဉ် "လောက၏အကျိုးငှာ ကျင့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ=မင်း။ ဘုရား=သိကြားမင်း။]

၃၉၂။ သိဃ်ပုပ္ဖဇာတ်

နတ်သမီးနှင့် ရဿ့အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရဿ့သည် ပဒုမာကြာအိုင်တခုကို မှီ၍နေ၏။ သူသည် တနေ့သဌ် ရေအိုင်သို့ဆင်း၍ ပဒုမာ

ပဉ္စင့် (ပုပ္ဖ)ကို နမ်းလျက် (သိဃ်)ရပ်၏။ နတ်သမီးတဦးသည် သစ်ပင်ခွကြား၌ ရပ်လျက် ဘုရားလောင်းကို ထိတ်လန့်စေလို၍ "သင်သည် နံ့သာခိုးတည်း" ဟုဆို၏။ ထိုခဏ၌ ယောကျ်ားတဦးသည် ထိုအိုင်၌ ကြာစွယ်တို့ကိုတူး၍ ကြာတို့ကိုချိုး၏။

ဘုရားလောင်းက "သင်သည် ဤယောကျ်ားကိုမူ 'ခိုးသူ' ဟု အဘယ့်ကြောင့် မဆိုသနည်း" ဟု မေးကို။ နတ်သမီးက "မကောင်းမှုဖြင့် လိမ်းကျံသည့် ယောကျ်ားအဘို့ ငါ့မှာ ဆိုစရာစကားမရှိ။ အပြစ်ရှိမသော သင့် အတွက်မူ သေးနုပ်သော မကောင်းမှုသည် တိမ်တိုက်ကြီးကဲ့သို့ထင်၏" ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် ထိတ်လန့်၍ နတ်သမီးအား "သင်သည် မှန်သော စကားကို ဆို၏" ဟု ချီးမွမ်း ပြောဆိုလေ၏။

မကောင်းမှုသည် လူမိုက်အဖို့ မသိသာဘဲ သူတော်စင်အဖို့မူ သိသာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ရေအိုင်ရှိ ပဒုမ္မာကြာ၏ လေကြောင့်ရပ်၍ အနံ့ကိုခံသဖြင့် 'နံ့သာခိုး' ဟု နတ်သမီးက ရွတ်ချ၍ ထိပ်လန့်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ဥပပလဝဏ်=နတ်သမီး။ ဘုရား=ရသေ့။]

၃၉၃၊ ဝိဃာသာဒဇာတ်

ကစားမြူးတူးသည့် ရသေ့များအကြောင်း

ပဘရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏။ ထိုအခါ ကာသိကရွာသား ညီနောင် ခုနစ်ဦးတို့သည် ရသေ့ရဟန်းပြု၍ တောအလယ်၌ တရားအားမထုတ်ဘဲ မြူးတူးပျော်ပါး ကစားလျက် ကိုယ်ဝဖြိုးအောင် ပြုကြ၏။ သိကြားမင်းသည် ထိုရသေ့တို့ကို ထိတ်လန့်စေရန် ကျေးသားအသွင်ဖြင့်လာ၍ ထိုရသေ့တို့၏ နေရာအနီးရှိ သစ်ပင်တပင်၌ နားလျက် ကဲ့ရဲ့ရှုတ်ချ၏။ ထိုရသေ့တို့က "သင်သည် ငါတို့ကို ကဲ့ရဲ့ရှုတ်ချသော် အဘယ်သူတို့ကို ချီးမွမ်းမည်နည်း" ဟု ဆိုကြ၏။

သိကြားမင်းက "သင်းတို့သည် ခြင်္သေ့၊ ကျားတို့၏ စားကြွင်းစားများဖြစ်၍ အကျိုးမရှိ။ သူတပါးတို့အား လှူ၍ အကြွင်းကို စားသောသူမှ မြတ်သောစားကြွင်းဧား(ဝိဃာသာဒ)မည်၏" စသည်ဖြင့် ဆို၍ ထိုရသေ့တို့အား ရှက်စေပြီး ပြန်လေ၏။

သူတော်ကောင်းအတိုက်ခိုက်လျှင် သူတော်တရားကို ကျင့်ရမည်သာ။

[မြတ်စွာဘုရားသည် ပုဗ္ဗာရုကျောင်း၌ နေစဉ် "ကစားလေ့ရှိသော ရဟန်းတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ကစားကြသော ရဟန်းများ=ရသေ့ညီနောင်ခုနစ်ဦး။ ဘုရား=သိကြားမင်း။]

၃၉၅၊ ဝဋ္ဋကဇာတ်
ငုံးနှင့် ကျီးကန်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းငုံး (ဝဋ္ဋက)သည် တော၌ မြက်သီးခြောက်ကိုစား၍နေ၏။ ဆင်သောကောင် စသည်ကို စား၍လည်း မရောင့်ရဲသော လျှပ်ပေါ်သည့် ကျီးတကောင်သည် ထိုတောသို့ ရောက်လာပြီး ဘုရားလောင်းကို မြင်လျှင် "ဤငုံးသည် အလွန်ဝ၏။ အစာကောင်းကို မေး၍ ဝအောင်ပြုအံ့" ဟု ကြံ၍ အနီးရှိ သစ်ခက်၌ နား၏။

ဘုရားလောင်းက "လူတို့၏ ထမင်း၊ထောပတ်၊ဆီကို စားရလျက် အဘယ့်ကြောင့်ကြုံလို့သနည်း" ဟု မေး၏။ ကျီးက "ဤသို့သောအစာကို စားရသော်လည်း ရောင့်ရဲခြင်းမရှိ,အမြဲထိတ်လန့်သည့် နှလုံးရှိသဖြင့် ငါသည် ကြုံလို့၏။ သင်သည် အဆီဩဇာနည်းသည့် မြက်သီးများကို စားရလျက် အဘယ့်ကြောင့် ဝသနည်း" ဟုမေး၏။ဘုရားလောင်းက "အလိုနည်းခြင်း,အာဟာရ၌ အကြံနည်းခြင်း, အဝေးမသွားခြင်း, ရသမျှ အစာနှင့် မျှတခြင်းတို့ကြောင့် ငါဝ၏" ဟု မိမိဝခြင်းအကြောင်းကို ပြောဆို၍လေ၏။

ရသမျှနှင့် ရောင့်ရဲခြင်းသည် အမြဲတံဆိုးသော အစာဖြစ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "လျှပ်ပေါ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-လျှပ်ပေါ်သောရဟန်း=ကျီး။ ဘုရား=ငုံး။]

၃၉၅၊ ပါရာဝတဇာတ်
ခိုနှင့်ကျီးပျက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းခို(ပါရာဝတ)သည် ဗာရာဏသီသူဌေး၏ စဖိုအိမ်ဝယ် အသိုက်တောင်း၌ နေ၏။ လျှပ်ပေါ်သော ကျီးတကောင်သည် လာ၍ သူနှင့် မိတ်ဖွဲ့ပြီး ထိုတောင်း၌ပင် နေ၏။

[ကပေါတဇာတ်(ဇာ- ၃၇၅)လာအတိုင်း] စဖို့သည်သည် ကျီး၏အမွေး အတောင်တို့ကို နုတ်ပြီး မုံ့ညက်ဖြင့် ကျီးကိုလိမ်းကျံ၍ အိုးခြမ်းတခုကို ဖောက်ပြီး လည်ဌာဆွဲ၍ တောင်းဌ ထည့်ထား၏။ ဘုရားလောင်းသည် တောမှပြန်လာပြီးကျီးအား"အဆွေသည် မုတ်ဆိတ်တို့ကို ပြုပြင်ပြီး ပတ္တမြား လည်ဆွဲနှင့် တန်ဆာဆင်ထားသဖြင့် အလှန်တင့်တယ်ပေစွ"ဟု ပြက်ရယ် ပြု၍ အရပ်တပါးသို့ ပျံသွား၏။ ကျီးသည် ထိုတောင်းဌပင် သေလေ၏။

လောဘကြီးသူသည် လောဘကြောင့်ပင်သေရတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌနေစဉ်"လျှပ်ပေါသောရဟန်းတပါး ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-လျှပ်ပေါ သောရဟန်း=ကျီး။ ဘုရား=ခို။]



၃၉၆၊ ကုက္ကုဇာတ်

ပညာရှိအမတ်နှင့် မင်းဆိုးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်ပြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ မင်းသည် အဂတိသို့လိုက်၍ မတရားသဖြင့် မင်းပြုပြီး ဇနပုဒ်ကို နှိပ်စက်၍ ဥစ္စာတို့ကို ယူ၏။ ဘုရားလောင်းသည် မင်းကိုဆုံးမရန် ဥပမာတခုကို စဉ်းစားနေ၏။ မင်းဥယျာဉ်၌ ဆောက်ဆဲဖြစ်သော မင်းအိမ်မှာ အမိုးဥ၌ တတောင် (ကုက္ကု) ထွာမျှရှိသော အထွတ်ကိုတင်၍ အခြင်တို့ကို သွင်းကာမျှသာ ရှိသေး၏။

မင်းသည် ဥယျာဉ်သို့သွား၍ ထိုအထွတ်ဝန်းကိုမြင်သော် ဘုရားလောင်း အား "အဘယ်ကိုမှီ၍ အထွတ်နှင့်အခြင်တို့ တည်နေကြသနည်း" ဟု မေး၏။ ဘုရားလောင်းသည် "မင်းအား ဆုံးမရန် ဥပမာကိုရပြီ" ဟု ကြံ၍ "ထက် ဝန်းကျင်မှ အချိုးကျကျရံ၍ တည်နေသည့် အခြင်တို့နှင့်ညှပ်၍ ကောင်းစွာ ထောက်ပံ့ ထားသဖြင့် ထိုအထွတ်သည် မျသောအဘို့ဖြင့် တည်၍ မကျ။ ထို့အတူ ပညာရှိသော မင်းသည် တည်ကြည်စင်ကြယ်၍ အကြံကောင်း ပေးတတ်သည့် အဆွေခင်ပွန်းတို့နှင့် ၄ကောင်းစွာ ထောက်ပံ့ထားသဖြင့် အစိုးရခြင်း အသရေမှ မကျ" ဟု ဆို၏။ နောက် သူသည်ရှောက်သီးဥပမာ, ပဒုမာ ဥပမာတို့ဖြင့် မင်းအားဆုံးမ၏။ ထိုအခါမှစ၍ မင်းသည် မင်းကျင့် တရား ဆယ်ပါးနှင့်အညီ မင်းပြုလေ၏။

ပညာရှိစကားကို နားထောင်သူသည် လမ်းမှန်ရောက်၍ချမ်းသာရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မင်းအား ဆုံးမခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ = မင်း။ ဘုရား = ပညာရှိအမတ်။]

၃၉၇၊ မနောဇဇာတ်

မြေခွေးယုတ်နှင့် ခြင်္သေ့မိုက်အကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းခြင်္သေ့သည် မယား၊ 'မနောဇ'မည်သော သား၊သမီး၊ခွေးမတို့နှင့်အတူ ဂူတခုဌ် နေ၏။ မနောဇသည် ကဲ့စသည်တို့ကို သတ်ပြီး အသားကိုဆောင်၍ ကျန် လေးဦးအား လုပ်ကျွေး၏။ တနေ့သဌ် သူသည် ကျက်စားရာသို့ သွားသော် သူနှင့်လာမိတ်ဖွဲ့သော မြေခွေးတကောင်ကို ခေါ်လာပြီး "မြေခွေးသည် ယုတ်မာ၏" ဟု အဖတားသည်ကို မနာယူဘဲ ဂူဌ် နေစေ၏။

တနေ့သဌ် မြေခွေးက မြင်းသားကိုစားလိုကြောင်းပြောသဖြင့် မနောဇသည် မြေခွေးနှင့်အတူဗာရာဏသီမြစ်နားသို့သွား၍ မြင်းတကောင်ကိုသတ်ပြီး ကျောပေါ်တင်၍ ဂူသို့ယူလာ၏။ ဖခင်က "မြင်းတို့မည်သည် မင်း၏ယာဉ်တည်း။မင်းသည် လေးသမားတို့ကို စေ၍ သင်တို့ကို သတ်လိမ့်မည်။ နောက် မြင်းကို မဖမ်းလင့်"ဟု ဆို၏။ မနောဇသည် အဖစကားကို မနာယူဘဲ မြင်းကို ဖမ်းသည်သာတည်း။ ထိုအခါ မင်းသည် မြို့တွင်းဌ် ရောက်တူးစေ၍ မြင်းတို့ကို မြို့တွင်းဌ်သာ ကျက်စားစေပြီး မြင်းတင်းကုပ်ဌ် အစောင့်အရှောက်ဖြင့် ထား၏။ မနောဇသည် မြေခွေးကို မြို့ပြင်ဌ်ထားခဲ့ပြီး မြို့တွင်းသို့ဝင်၍ မြင်းများကို ဖမ်းယူ၏။

မင်းသည် ခြင်္သေ့လာရုလမ်းဌ် စင်ဆောက်ပေးပြီး 'အက္ခဏဝေဓီ' လေးသမားအား မြို့တွင်းဝင်၍ မြင်းကို ယူသည့် မနောဇကို ပစ်စေ၏။ မနောဇ၏ အော်သံကို ကြားလျှင် မြေခွေးသည် တောထဲသို့ ဝင်ပြေး၏။ မနောဇသည် တဟုန်တည်းဖြင့်ပြေး၍ ဂူတံခါးဌ် မြင်းကိုချပြီး လဲသေ၏။ ဤသို့ မနောဇသည် မိတ်ဆွယုတ်နှင့် ပေါင်းသဖြင့် သေရလေ၏။

လူယုတ်နှင့်ပေါင်း၍ သူ့စကားကိုနားထောင်လျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ် နေစဉ် "ဆန့်ကျင်ဘက် အဆွေခင်ပွန်းကို မှီဝဲသည့် ရဟန်းတပါးကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ ။
ဇာတ်ပေါင်း- ဒေဝဒတ်=မြေခွေး။ ဆန့်ကျင်ဘက် အဆွေခင်ပွန်းကို မှီဝဲသော ရဟန်း = မနောဇခြင်္သေ့။ ဥပပလဝဏ် = နှမ။ခေမာဘိက္ခုနီ=မယား။ ရာဟုလာမယ်တော်=အမိ။ ဘုရား=အဖခြင်္သေ့။]

၃၉၈၊ သုတနုဇာတ်

ဘီလူးနှင့် သုတနုလုလင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် 'သုတနု' အမည်ရှိ ဘုရားလောင်း သူဆင်းရဲသည် သူရင်းငှားလုပ်ပြီး အမိကိုလုပ်ကျွေး၏။ တနေ့သ၌ သမင်လိုက် ဝါသနာ ပါသည့် ဗာရာဏသီ မင်းသည် အခြံအရံ များစွာဖြင့် တောသို့ ဝင်၍ သမင်တို့ကို လိုက်၏။ မင်းသည် သူ့ဘက်မှ ထွက်ပြေးသည့် 'ဧကဿီ' မည်သော သားကို လိုက်ရာ မရသဖြင့် သမင်တကောင်ကိုသတ်ပြီးထမ်းပိုးဖြင့် ထမ်း၍ ပြန်လာ၏။ ခရီးအကြားဝယ် ညောင်ပင် အောက်၌ အပန်းဖြေရာ သူ့အား ညောင်ပင်စောင့် ဘီလူးက "သင်သည် ငါ့အစာ ဖြစ်ပြီ" ဟု ဆို၏။

မင်းသည် "ဤသမင်ကိုလည်း သင့်အားပေးအံ့။ နက်ဖြန်မှစ၍ နေ့တိုင်း ထမင်းခွက်နှင့်တကွ လူတဦးကိုလည်း လွှတ်၍ဆက်ပါအံ့" ဟု ကတိပေးသဖြင့် သူ့ကို ဘီလူးက လွှတ်လိုက်၏။ မင်းသည် မြို့သို့ဝင်၍ အမတ်တဦး၏ အကြံပေးချက်အတိုင်း နေ့တိုင်းနှောင်အိမ်မှ လူကို ထုတ်၍ ထမင်းခွက်နှင့်တကွ ဘီလူးထံ စေလွှတ်၏။ နှောင်အိမ်၌ လူတို့ကုန်သော် မင်းသည် ဆင်ပေါ်၌ အသပြာထောင်ထုပ်ကို တင်စေပြီး "အဘယ်သူသည် ဤဥစ္စာကိုယူ၍ ဘီလူးထံသို့ ထမင်းပို့မည်နည်း" ဟု စည်လည်စေ၏။ ဘုရားလောင်းသည် ထို့ငွေတထောင်ကို ယူ၍ အမိအား ပေးပြီး မင်းထံမှ 'ဘိနပ်၊ထီး၊သန်လျက်'ကို တောင်းယူ၍ ရှေ့ခွက်၌ ထမင်းထည့်ပြီး ဘီလူးထံ သွား၏။ သူသည် ထမင်းခွက်ကို သစ်ပင်၏ အရိပ်အတွင်း၌ ထား၍ အရိပ်စွန်း၌ "ဘိနပ်စီး ထီးဆောင်းပြီး ရပ်လျက် ဘီလူးအား "ထမင်းကိုစားလော့" ဟုဆို၏။ဘီလူးက "ထမင်းခွက်ကို ယူ၍ ဤဘက်လာလော့။ သင်နှင့်ထမင်းသည် ငါ့အစာ ဖြစ်မည်" ဟု ဆို၍။

ဘုရားလောင်းက "ငါသည် သင့်နယ်မြေ,သစ်ပင်ရိပ်၌ မနေ၍ သင်ငါ့ကို မစားနိုင်" စသည်ဖြင့် ဘီလူးကိုခြိမ်းချောက်၍ တရားဟောဆုံးမပြီး ငါးပါး သီလ၌ တည်စေ၏။ သူသည် ဘီလူးအား သန်လျက် စသည်တို့ကိုကိုင်ခိုင်းပြီး ခေါ်လာ၏။ "သုတနုလုလင်သည် ဘီလူးကို ခေါ်လာသည်" ဟု မင်းအား လျှောက်ကြ၏။ မင်းသည် အမတ်အပေါင်း ခြံရံလျက် ဘုရားလောင်းအား ခရီးဦးကြိုပြုပြီး စစ်သူကြီးအရာကို ပေး၏။ ဘီလူးကိုလည်း မြို့တံခါး၌ နေစေ၍ နေ့တိုင်း ထမင်းဦးကို ပေးစေလေ၏။

အမိကိုလုပ်ကျွေးသူသည် ဘေးကင်း၍ ချမ်းသာမည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ်"အမိကိုလုပ်ကျွေးသည့် ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-အဂ်္ဂလိ မာလ=ဘီလူး။ အာနန္ဒာ=မင်း။ ဘုရား=သုဘနုလုလင်။]

၃၉၉၊ ဂိဇ္ဈဇာတ်

မိဘလုပ်ကျွေးသည့် လင်းတအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းလင်းတ (ဂိဇ္ဈ)သည် မျက်မမြင် မိဘတို့ကို ဂူတခုထဲ၌ထားပြီး နွားသားစသည်ကို ယူဆောင်၍ ကျွေးမွေး၏။

တနေ့သ၌ သူသည် သုသာန်တခုသို့အစာရှာသွားသော် မုဆိုးတဦးထောင် ထားသည့် ကျော့ကွင်း၌ မိလျှင်"ငါသေသော် ငါ့မိဘတို့ ပျက်စီးမည်"ဟု ဆို၍ ငို၏။ မုဆိုးသည် လာ၍ "အဘယ့်ကြောင့်ငိုသနည်း"ဟု မေး၏။ ဘုရားလောင်းက သူကျွေးမွေးပြုစုနေသည့် မိဘများအကြောင်းကို ပြောပြ၏။ မုဆိုးက သူ့ကို ကြည်ညိုနှစ်သက်၍ ကျော့ကွင်းဖြေပြီးလွှတ်လေ၏။ အမိလုပ်ကျွေးသူကို လူမိုက်ကပင် နှစ်သက်လေ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝမိကိုလုပ်ကျွေးသည့်ရဟန်း တပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- ဆန္ဒ= မုဆိုး။ ဘုရား = လင်းတမင်း။

၄၀၀၊ ဒဗ္ဘပုပ္ဖဇာတ်

ဖျံနှင်းကောင်နှင့် မြေခွေးအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြစ်နား၌ ရဟန္တာစိုးနတ် ဖြစ်၏။ ထိုမြစ်နား၌ သမန်းမြက်ပွင့် (ဒဗ္ဘပုပ္ဖ) အဆင်း ရှိသော မြေခွေးတကောင်သည် မယားက"ငါးကြင်းသားကို စားချင်၏"ဟု ဆို၍ မြစ်နားသို့ သွားသော် 'ငါးကြင်းကြီးတကောင်ကို အတူဖမ်းယူရရှိပြီး၊အဝေ မတွဲ့,ငြင်းခုန်နေကြသော' ဖျံနှစ်ကောင်ကို တွေ့မြင်၏။ သူ့အား ဖျံတို့က"ငါတို့သည် ဤငါးကို မခွဲဝေတတ်သဖြင့် ငြင်းခုန်နေ၏။ ငါတို့အား အညီအမျှ ဝေပေးပါ"ဟု ဆိုကြ၏။

မြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်း၍ 'ခေါင်းပိုင်းနှင့် အမြီးပိုင်း' နှစ်ခုကို ဖျံနှစ်ကောင်အား ပေးပြီး "အလယ်ပိုင်းသည် ငါ့တရားသူကြီး

အတွက် ဖြစ်၏"ဟု ဆိုကာ အလယ်ပိုင်းကို ချီပြေး၍ မယားအား ပေး၏။ ဖျံနှစ်ကောင်သည် နှစ်လုံးမသာမယာ ဖြစ်ကြလေ၏။

ဒုက်ရန်ဖြစ်သော ကူမိုက်တို့သည် လူယုတ်ဖြိုသမျှ ခံရမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သင်္ကန်းလျာအတွက်ရသည့် ပုဆိုးကြမ်းနှစ်ထည်၊ ပုဆိုးနုတထည်ကို မဝေတတ်သော ရဟန်းကြီးနှစ်ပါးအား ပုဆိုးကြမ်းတထည်စီကိုပေးပြီး မိမိမှ ပုဆိုးနုကိုယူသော 'ဥပနန္ဒ' မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဥပနန္ဒ=ဓမ္မဒွေး။ ရဟန်းကြီးနှစ်ပါး = ဖျံနှစ်ကောင်။ဘုရား=ထိုအကြောင်းကို တွေ့မြင်သော ရဂ္ဂစိုးနတ်။]

၄၀၁၊ ပဏ္ဏကဇာတ်

မိဖုရားကို ခေတ္တပေးသော မင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် 'မဒ္ဒဝ'မင်း၏ 'သေနက'မည်သော အမတ် ဖြစ်၏။ မင်း၏ ပုရောဟိတ်၏ သားသည် မင်းအား ခစားစဉ် မိဖုရားကိုမြင်၍ တပ်စွန်းသဖြင့် အိမ်သို့သွားပြီး အစာမစား၀ဲ အိပ်၏။ မင်းသည် ထိုအကြောင်းကို ကြားလျှင် ပုရောဟိတ်သားအား "ငါသည် မိဖုရားကို သင့်အား ခုနစ်ရက်ပေးအံ့။ရှစ်ရက်မြောက်နေ့၌ယူဆောင်ခဲ့လော့" ဟု ဆို၍ပေး၏။ပုရောဟိတ်သားနှင့် မိဖုရားတို့သည် ခုနစ်ရက်မှေ့လျော်ပြီး အချင်းချင်း ချစ်ကြသဖြင့် တိုင်းတပါးသို့ ထွက်ပြေးကြ၏။ မင်းသည် မိဖုရားကိုမှီ၍ စိုးရိမ်မှု အားကြီးသဖြင့် နှလုံးပူ၍ ဝမ်းမှသွေးယို၏။ဆေးဆရာတို့ မကုနိုင်ကုန်။

ဘုရားလောင်းသည် မင်း၏ စိတ်ဇောရောဂါကို ကုစားရန် အတွက် 'အာယုရ၊ ပုက္ကုသ'မည်အမတ်နှစ်ဦးအား "မင်းယင်ပြင်၌ သန်လျက်မျိုတတ် သူတို့အား သန်လျက်ကို မျိုစေးလော့။ ထိုပဲ့ကို မင်းအား ကြည့်စေလော့။ မင်းကမေးလျှင် ဤသို့ဖြေလော့"ဟု သင်ကြားပေး၏။ မင်းသည်လေသာပြူတင်းမှထိုပဲ့သဘင်ကိုကြည့်၏။လူတို့သည် မိမိတို့တတ်သည့်ပညာကိုပြကြ၏။ ယောကျ်ားတဦးသည် အလွန်ထံက်သည့် သန်လျက်ကိုမျိ၏။

ထိုအခါ မင်းက "ဤသန်လျက်ကို မျိုခြင်းထက် ခက်ခဲသည့် အမှုရှိသလော"ဟု မေးသော် အာယုရ အမတ်က "ဤဥစ္စာကို ပေးအုံဟု ဆိုခြင်းသည် ပို၍ ခက်ခဲ၏"ဟုဆို၏။ မင်းသည် "ငါသည် ပုရောဟိတ်

သားအား မိဖုရားကို ပေးအံ့ဟု ဆိုမိ၏။ စင်စင် ငါသည် အလှန်ခက်ခဲသည်ကိုပြု၏''ဟု ဆင်ခြင်လျှင်သူ၏ သောကသည် အတန်ငယ်လျော့သွား၏။ နောက် မင်းက ''ဤဥစ္စာကိုပေးအံ့ဟု ဆိုခြင်းထက် ပို၍ ခက်ခဲသည့် အမှုရှိသေးသလော''ဟု မေးသော် ပုဏ္ဏားအမတ်က ''သူတပါးအား ဥစ္စာကို ပေးခြင်းသည် ပို၍ ခက်ခဲ၏''ဟုဆို၏။ မင်းသည် ''ငါသည် ပုရောဟိတ် သားအား မိဖုရားကို ပေးခဲ့၏။ စင်စစ် ငါသည် အလှန် ခက်ခဲသည်ကို ပြု၏''ဟု ဆင်ခြင်လျှင် သူ၏ သောကသည် အလှန်ခေါင်းပါး၏။

နောက်တဖန် မင်းက ''ဤအရာမျှားထက် ခက်ခဲသည့်အရာ ရှိသေးသလော''ဟု မေးသော် ဘုရားလောင်းက ''လျှူပြီးနောက် နောင်တ တဖန် မပူပန်ခြင်းသည် အလှန် ခက်ခဲ၏''ဟုဆို၏။ ထိုအခါ မင်းသည် ''ငါသည် ပုရောဟိတ်သားအား မိဖုရားကို လျှူပြီးမှ စိုးရိမ်ပူပန်ခြင်း မဖြစ်သင့်။ ငါ့ကို မချစ်၍ ငါ့ကိုစွန့်ပြေးသည့် မိဖုရားဖြင့် ငါ့အား အကျိုးမရှိ''ဟု သိမြင်လာ၏။ ထိုခဏ၌ မင်း၏ ဝမ်းသွေးသွန် ရောဂါသည် ပျောက်ကင်း၏။ မင်းသည် ဘုရားလောင်းအား ဥစ္စာ များစွာကို ပေးလေ၏။

မိမိအား မချစ်သောသူကို ချစ်ခြင်းသည် အလွန်ဆင်းရဲ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ်''မယားဟောင်းဖြားယောင်း၍ ငြိုးငွေ့သော ရဟန်းတပါးကိုအကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ **ဇာတ်ပေါင်း-** မယားဟောင်း = မိဖုရား။ ငြိုးငွေ့သောရဟန်း = မင်း။ မောဂ္ဂလ္လာန်=အာယုရပညာရှိ။သာရိပုတ္တရာ=ပုဏ္ဏားသပညာရှိ။ ဘုရား=သေနကပညာရှိ။]

၄၀၂၊ သတ္တု ဘဋ္ဌဇာတ်

မုဆိုတ်နှင့် ပုဏ္ဏားကြီးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ 'သေနက' မည်သောအမတ်ဖြစ်၏။ သူသည် မင်းနှင့်တကွ ပြည်သူတို့အား ဒါနပြုရန် သီလစောင့်ရန် တရားဟော၏။ ထိုအခါ ပုဏ္ဏားကြီးတဦး၏ အလှန်ငယ်သော မယားသည် အခြားပုဏ္ဏားတဦးနှင့် ဖောက်ပြန်၏။ သူမသည် လှဘ်လပ်စွာ ကျူးလွန်လို၍ ပုဏ္ဏားကြီးအား ''ငါသည် သင့်အိမ်၌ အလုပ်မလုပ်နိုင်။ ကျွန် အခိုင်းအစေများကို ခေါ်ထားနိုင်ရန် ငွေရှာလော့''ဟု ဆို၏။ ပုဏ္ဏားကြီးသည် ရွာနိုဂုံး စသည်တို့၌ လှည့်လည်ပြီး ငွေခုနစ်ရာရ၍ ပြန်လာ

၏။ သူသည် လမ်းတွင် တနေရာ၌ မုဆိုးသားသေးအိတ် (ဘတ္တု သဋ္ဌ) ကိုဖွင့်၍ မုဆိုးကိုစားပြီး အိတ်ကို ပြန်မချည်ဘဲ ရေကန်သို့ ရေသွားသောက်၏။

ထိုခဏ၌ မြွေဟောက်ဘကောင်သည် မုဆိုးရဲ့ အိတ်ထဲဝင်ပြီးခွေလျက် မုဆိုးကိုစား၍အိပ်၏။ ပုဏ္ဏားသည်လာ၍ အိတ်အတွင်းကို မကြည့်ဘဲ အိတ်ကို ချည်ပြီး ပခုံးပေါ် တင်၍ သွား၏။ ခရီး အကြာဝယ် ရက္ခစိုး နတ်က သစ်ခွ၌ရပ်လျက် ပုဏ္ဏားအား "ခရီးအကြာ၌ နေလျှင် သင်သေမည်။ ယနေ့အိမ်သို့အရောက်သွားလျှင် သင့်မယားသေမည်" ဟုဆို၏။ ပုဏ္ဏားသည် သေဘေးမှ ကြောက်၍ ငိုကြွေးလျက် မြို့သို့သွား၏။ လူတို့အား တရားဟော နေသည့် ဘုရားလောင်း၏ တရားသဘင်သို့ ရောက်၍ အိတ်ကို လွယ်ကာ တရားဟော ပလ္လင်အနီး၌ ငိုလျက်ရပ်၏။

ဘုရားလောင်းသည် တရားဟောပြီး၍ မေးသော် ပုဏ္ဏားက 'နတ်၏ ပြောစကားအရသေဘေးမှကြောက်ကြောင်း' ပြောပြ၏။ဘုရားလောင်းသည် ပညာဖြင့် ဆင်ခြင်၍ အိတ်ထဲ၌ မြွေဟောက် ရှိသည်ကို သိသဖြင့် ပရိသတ် အလယ်၌ပင် "အိတ်ထဲ၌ မြွေဟောက်ရှိ၏" ဟုဆို၏။သူသည် ပုဏ္ဏားကြီးအား အိတ်ကို ဖြေခိုင်း၍ တုတ်ဖြင့် ပုတ်စေသော် မြွေဟောက်သည် ပါးပျဉ်း ထောင်၍ထွက်လာ၏။ နောက် ဘုရားလောင်းက ဇဋ္ဌရာခြင်း၏အကြောင်းကို မေးမြန်းပြီး ပညာဖြင့် ဆင်ခြင်သော် "ပုဏ္ဏေးမသည် သူတပါးနှင့် ဖောက်ပြန်၏" ဟုသိ၏။ သူသည် ထိုပုဏ္ဏေးမ၏ ယုတ်မာသော အကျင့်ကို ထင်စွာပြ၍ ပုဏ္ဏေးမအား မင်း၏အာဏာကို ပြုစေပြီး ပုဏ္ဏားကြီးအား အခြံရံကြီးစွာပေး၍ မိမိအထံ၌ နေစေလေ၏။

ပညာရှိသည် ဆင်ခြင်ကြည့်ရုံဖြင့် အတပ်သိနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "(ဘုရား၏) ပညာပါရမီကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ။ ပုဏ္ဏားကြီး။သာရိပုတ္တရာ=ရက္ခစိုးနတ်။ ဘုရား=မသနကပညာရှိ။]

၄၀၃၊ အင်္ဂီသေနဇာတ်
မင်းနှင့် ရဿအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ 'အင်္ဂီသေန' မည်သော် ဘုရားလောင်း စျာန်ရ ရဿသည် တနေ့သ၌ ချဉ်ဆား မှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ဥယျာဉ်၌ နေ၏။မင်းသည် သူ့အားနေ့စဉ် ဆွမ်းဖြင့် လုပ်ကျွေး၍ ဥယျာဉ်၌ နေစေ၏။

တနေ့သ၌ မင်းက သူ့အား "မင်းအဖြစ်ကို အစပြု၍ အရှင်ဘုရား အလိုရှိသည့်ဝတ္ထုမှန်သမျှကို ဆိုပါလော့၊ လှုပါအံ့" ဟု ဖိတ်၏။ ဘုရားလောင်းက "ဤဝတ္ထုကို ငါ့အားပေးလော့" ဟု တခါမျှ မဆို။ တနေ့သ၌ မင်းက "တပါးသော သူတောင်းစားကဲ့သို့ အဘယ့်ကြောင့် မတောင်းပါသနည်း" ဟု မေး၏။ ဘုရားလောင်းက "တောင်းတတ်သူကို ပေးတတ်သူကဎင်း၊မပေးတတ်သူကို တောင်းတတ်သူကဎင်း မချစ်မနှစ်သက်။ တောင်းခြင်းသည် ရဟန်းတို့၏ အကျင့်မဟုတ်" ဟု ဆို၍ မင်း၏ ဖိတ်ကြားခြင်းကို ပယ်လေ၏။

သူတော်ကောင်းသည် အလိုနည်း၍ နှုတ်ဖြင့် တောင်းလေ့မရှိ။

[မြတ်စွာဘုရားသည် အာဠဝိပြည်ကိုအမှီပြု၍ အဂ္ဂါဠဝဇာတိ၌ နေစဉ် "ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်၏ ၇င်း— အာနန္ဒာ=မင်း။ ဘုရား=အဋ္ဌသေနရသေ့။]

၄၀၄၊ ကပိဇာတ်

ပုရောဟိတ်နှင့် မျောက်ယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း မျောက်မင်း (ကပိ) နှင့် ဒေဝဒတ်လောင်း မျောက်မင်းတို့သည် အသီးသီး မျောက်ငါးရာစီ အခြံအရံနှင့် မင်း၏ ဥယျာဉ်၌နေ၏။ တနေ့သ၌ ပုရောဟိတ်သည် ဥယျာဉ်သို့ လာရောက်ပြီး တန်ဆာဆင်၍ ဥယျာဉ်မှ ထွက်သော် လျှပ်ပေါ်သော မျောက်တကောင်သည် ဦးစွာသွား၍ ဥယျာဉ်တံခါး၏ တဲရိုင်တိုင်ထိပ်၌နေပြီး ပုရောဟိတ်ပေါ် ခေါ်ချ၏။ ပုရောဟိတ်သည် မျောက်တို့အား ရန်ငြိုးဖွဲ့ပြီး ခြိမ်းခြောက်၍ တဖန် ရောက်ပြီး ဖဲ့သွား၏။

ဘုရားလောင်းသည် ထိုအကြောင်းကိုကြား၍ မျောက်တထောင်လုံးအား "ရန်သူတို့၏အရပ်၌ မနေကြလင့်။ အရပ်တပါးသို့သွားကြလော့" ဟု ဆို၏။ ဆိုနိုင်ခက်သောဒေဝဒတ်လောင်း မျောက်သည်ကား မိမိ၏အခြံအရံ မျောက်တို့ကို ယူ၍ "နောက်မှ သိရအံ့" ဟုဆိုပြီး ထိုဥယျာဉ်၌ပင် နေရစ်၏။ ဘုရားလောင်းသည် မိမိ အခြံအရံကိုယူ၍တောသို့ဝင်၏။ တနေ့သ၌ ဆင်တင်းကုပ်မီးလောင်၍ မီးလောင်ခံရသည့် ဆင်တို့ကို ဆင်ဆရာတို့ မကုန်နိုင်။ မင်းက သင့်သောဆေးကို မေးသော် ပုရောဟိတ်က "မျောက်ဆီကို ရသင့်၏။

ဥယျာဉ်၌ မျောက်များစွာ ရှိ၏” ဟု ဆို၏။ မင်းသည် လေးသမားတို့အား ဥယျာဉ်ရှိ မျောက်ငါးရာကို ပစ်သတ်စေလေ၏။

လူမိုက်သည် ပညာရှိစကားကိုနားမ၊ထောင်၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ်“ဒေဝဒတ်အား မြေမျိုခြင်းကိုအကြောင်းပြု၍”ဤဇာတ်ကို ဟော၏။ ။ဇာတ်ဓပါဠိ-ဒေဝဒတ်= ဆိုနိုင်ခက်သော မျောက်။ဘုရား=ပညာရှိမျောက်မင်း။]

၄၀၅၊ ပကဇာတ်

ဘုရားနှင့် ပကပြဟ္မာအကြောင်း

သင်ပကပြဟ္မာသည် တခုသောကမ္ဘာ၌ ရသေ့ဖြစ်စဉ်က (၁) သဲကန္တာရ၌ ကုန်သည်စသော လူတို့အား ရေမရှိ သေရမည့် ဘေးမှ ကယ်ခဲ့ဘူး၏။ (၂) ခိုးသူတို့ လုယက်ခံရသည့်ရွာသားတို့ကိုလည်း တန်ခိုးဖြင့်ကယ်ခဲ့ဘူး၏။ (၃) မြစ်ပြင်၌ ခရီးသွားသည့် လူတို့ကိုလည်း နဂါးဘေးမှ တန်ခိုးဖြင့် ကယ်ခဲ့ဘး၏။

ထို့ပြင် သင်ပကပြဟ္မာသည် ကသပ ရသေ့ဖြစ်သော ကာလ၌ [ကသပဇာတ်-၃၄၆] ငါဘုရားလောင်းသည် သင် ကသပရသေ့၏ အလှန်ချစ်အပ်သော ‘ကပ္ပရသေ့’ အမည်ရှိ တပည့်ကြီးဖြစ်ပြီး ငါနှင့် ကင်းကွာ၍ ဖြစ်သော သင်၏ ဝမ်းသွေးလွန်ရောဂါကို ငါကုစားပေးခဲ့၏။

ဘုန်းတန်ဒုံးရှိသူတိုင်း အသိပညာရှိနိုင်သည် မဟုတ်။

[မြတ်စွာဘုရားသည် ဇေဝန်ကျောင်းမှ ပြဟ္မာ့ပြည်သို့ကြွ၍ “အထက်ပြဟ္မာ့ဘုံမှ စုတေပြီး အောက်ပြဟ္မာ့ဘုံ၌ ဖြစ်ရာတွင် စုတိနှင့် ပဋိသန္ဓေကို မမှတ်နိုင်သဖြင့် ‘ဤတရားသည် မြဲ၏၊စုတေခြင်းမရှိ၊ဤတရားမှတပါး နိဗ္ဗာန်မည်သည်မရှိ၊’ဟူ၍ နိစ္စအယူရှိသော”ပကပြဟ္မာအား ‘အနိစ္စတရား’ဖြစ်ကြောင်းကို ထင်စွာပြလိုသဖြင့် ပကပြဟ္မာအား သူ၏ (လူ့ပြည်၌) အတိတ်ဘဝများကို သတိရစေရန်အတွက် ဤဇာတ်ကို ဟော၏။ ။ဇာတ်ဓပါဠိ-ပက ပြဟ္မာ=ကသပရသေ့။ဘုရား=ကပ္ပရသေ့။]

၄၀၆၊ ဂန္ဓာရဇာတ်

ဝိတ်ဆွဲရသေ့ ၂ ပါးအကြောင်း

ဂန္ဓာရတိုင်း၌ ဘုရားလောင်းဂန္ဓာရမင်းသည် မင်းပြုသော် မစ္ဆိုမဒုဿ ဝိဒေဟတိုင်း၌လည်း ‘ဝိဒေဟ’မင်းသည် မင်းပြု၏။ ထိုမင်းနှစ်ပါးတို့သည်

တဦးကို တဦး မမြင်ရဘဲ မိတ်ဆွေဖြစ်ကြ၏။ တနေ့သ၌ ဘုရားလောင်းသည် ရာဟုဖမ်းသော လမင်းကိုမြင်၍ တရားသဖြင့် အမတ်တို့အား တိုင်းပြည်ကို အပ်၍ ရသေ့ရဟန်းပြုပြီး ဟိမဝန္တာ၌ နေ၏။

ဝိဒေဟာမင်းသည် "ဂန္ဓာရမင်း ရဟန်းပြု၏" ဟု ကြားလျှင် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ပင် နေ၏။ နောက် ထိုရသေ့နှစ်ပါးတို့ တွေ့ဆုံကြပြီး အချင်းချင်း မေးမြန်းကြသဖြင့် မမြင်ဘူးသော မိတ်ဆွေများဖြစ်ကြောင်း သိကြ၏။ ရသေ့နှစ်ပါးသည် အလှူခံချစ်ခင်ညီညွတ်စွာနေကြ၏။ ကာလကြာမြင့်သော် ရသေ့နှစ်ပါးသည် ချဉ်ဆားမှိုဝဲရန် ပစ္စန္တရစ်ရွာတခုကို မှီ၍နေ၏။ ရွာသားတို့သည် ထိုရသေ့တို့အား ရံခါ ဆားမပါသည့် ဟင်းများကို လှူကြသဖြင့် ဝိဒေဟရသေ့သည် တနေ့သ၌ ဒါယကာတဦးလှူသည့် ဆားထုပ်ကို သိုမှီး၍ ထား၏။ ထိုအခါ ဘုရားလောင်းက "သင်သည် မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုပါလျက် ယခုဆားကိုပင် တပ်မက်၏" ဟု ကဲ့ရဲ့ရှုတ်ချ၍ ဆုံးမလေ၏။

ပညာရှိက အကျိုးလို၍ဆုံးမသည်ကို နာခံသင့်သည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပစ္စည်းလေးပါး သိုမှီးကြသည့် ရဟန်းတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— အာနန္ဒာ=ဝိဒေဟာမင်း။ဘုရား=ဂန္ဓာရမင်း။]

၄၀၇၊ မဟာကပိဇာတ်

မျောက်မင်းနှင့် မျောက်ယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း မျောက်မင်း (မဟာကပိ)သည် မျောက်ရှစ်သောင်းခြံရံလျက် ဟိမဝန္တာ၌ နေ၏။ သူသည် မျောက်အပေါင်းကိုယူ၍ ဟိမဝန္တာ၌ ဂင်္ဂါမြစ်ကမ်းဘေးရှိ သရက်ပင်ကြီး၌ သရက်သီးတို့ကို စား၏။ တနေ့သ၌ ဂင်္ဂါ၌ ရေကစားသော ဗာရာဏသီမင်း သည် ထိုသရက်ပင်မှ ကျ၍ မျောလာသည့် သရက်သီးတလုံးကို စားရ၍ အရသာကို တပ်မက်သဖြင့် မုဆိုးနှင့်အတူ ဖေါင်များဖြင့် ရေညာသို့ ဆန်တက်သွားရာ ထိုသရက်ပင်သို့ရောက်၍ စခန်းချ၏။

ဘုရားလောင်းသည် ညသန်ကောင်အခါ မျောက်ပရိသတ်တို့နှင့်အတူ ထိုသရက်ပင်သို့သွား၍ သရက်သီးများကို စား၏။ မင်းသည် နိုး၍ လူတို့ကို နှိုးပြီး လေးသမားတို့အား လေးများကို တင်စေ၍ "နက်ဖြန် သရက်သီးများနှင့် တကွ မျောက်သားတို့ကို စားကြအံ့" ဟု ထိုအရပ်ကို ဝိုင်းစေ၏။ မျောက်

တို့သည် သဘေးမှ ကြောက်၍ တုန်လှုပ်နေကြ၏။ ဘုရားလောင်းက "မကြောက်ကြနှင့်။ ငါသည် သင်တို့အသက်ကို ကယ်အံ့" ဟု မျောက်တို့အား နှစ်သိမ့်စေ၏။ သူသည် ဖြောင့်စာတက်သည့် သစ်ကိုင်းသို့ တက်ပြီး ဂင်္ဂါ၏ ထိုဘက်ကမ်းသို့ ခုန်၍၊ ကြိမ်နွယ်တခုကို ဖြတ်ယူ၏။ သူသည် ကြိမ်၏ အစွန်း တဖက်ကို ဂင်္ဂါမြစ်ကမ်းရှိ သစ်ပင်၌ချည်၍ အခြားအစွန်းကို မိမိခါး၌ချည်ပြီး အဟုန်ဖြင့် ခုန်၏။ ကြိမ်နွယ်သည် အနည်းငယ်တိုနေ၍ သစ်ပင်သို့မရောက်နိုင် သဖြင့် သူသည် လက်နှစ်ဖက်နှင့် သရက်ကိုင်းကို မြဲစွာကိုင်ထားလျက် မျောက်တို့အား "လျင်စွာ ငါ့ကျောကို နင်း၍ ကြိမ်နွယ်ဖြင့် သွားကြလော့" ဟု ဆို၏။ မျောက်တို့သည် သူ့ကို ရှိခိုးကန်တော့ပြီး သွား၏။

ဒေဝဒတ်လောင်းမျောက်သည်ကား "ယနေ့ ငါ့ရန်သူကို ပျက်စီးစေအံ့" ဟု မြင့်သောအကိုင်းသို့ တက်ပြီး ဘုရားလောင်း၏ ကျောပေါ်သို့ ခုန်ချ၍ သွား၏။ ထိုဒဏ်ကြောင့် ဘုရားလောင်း၏ နှလုံးသည် ကဲ့၍ ပြင်းထန်သော ဝေဒနာခံစားလျက် တဦးတည်းကျန်ရစ်ခဲ့၏။ မင်းသည် မအိပ်ဘဲ ထိုမျောက်တို့၏အမူအရာများကိုမြင်၍ "ဤမျောက်သည် တိရစ္ဆာန်ဖြစ်လျက် မိမိပရိသတ်အတွက် အသက်ကို စွန့်၏" ဟု ကြံလျက် အိပ်၏။ နံနက်လင်းသော် မင်းသည် ဘုရားလောင်းကို အော်သိုချ၍ ခေါင်းစွာ ပြု၏။ ဘုရားလောင်းသည် မင်းကိုဆုံးမ၍ တရားဟောပြီး သေလေ၏။

ပညာရှိသည် ဆွေမျိုးအကျိုးကို အသက်စွန့်၍ သည်ပိုးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆွေတော်မျိုးတော်တို့၏ အကျိုးငှာ ကျင့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ=မင်း။ ဒေဝဒတ်—ပြစ်မှားသော မျောက်။ဘုရား=မျောက်မင်း။]

၄၀၈၊ ကုမ္ဘကာရဇာတ်

ပစ္စေကဗုဒ္ဓါ ၄ ပါးနှင့် အိုးထိန်းသည်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် 'အသီးရှိ၍ ပျက်စီးသည့် သရက်ပင်နှင့် အသီးမရှိ၍ မပျက်စီးသည့် သရက်ပင်'နှစ်ပင်ကိုမြင်၍ "အသီးဟူသော ဥစ္စာကြောင့် ပျက်စီးရ၏" ဟု နှလုံးသွင်း၍၎င်း၊

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် 'နဂ္ဂဇီ'မင်းလည်း နံ့သာသွေးသော မိန်းမတဦး၏ လက်တဖက်၌ လက်ကောက်နှစ်ခုတို့ အချင်းချင်းထိခိုက်၍ မြည်သော

အသံ'ကို ကြားရ၍ "အဖော်ရှိ၍ ထိခိုက်မှု, ခိုက်ရန်ဖြစ်မှု ရှိ၏"ဟု နှလုံးသွင်း၍ငင်း။

ဝိဒေဟတိုင်း မိထိလာပြည် 'နိမိ'မင်းလည်း 'သားတစ်ကို ချီ၍ပြန်သော စွန်သည် အခြားစွန်တို့၏ နှိပ်စက်ခြင်း ခံရသည်'ကို မြင်၍ "သားတစ်ဟူသော ကာမဂုဏ်ကြောင့် ဆင်းရဲခြင်းကို ဖြစ်စေ၏"ဟု နှလုံးသွင်း၍ငင်း။

ဥတ္တရပဉ္စာလတိုင်း ကပိလမြို့ 'ဒုမ္မုခ'မင်လည်း 'နွားမတကောင်သို့ လိုက်သော နွားလားတကောင်သည် အခြားနွားလားက ဝေ့၍ သေသည်'ကို မြင်၍ "ကိုလေသာကြောင့်ဆင်းရဲပြီး ပျက်စီးရ၏"ဟု နှလုံးသွင်း၍ငင်း အသီးသီး လက္ခဏာရေးသုံးပါးကို မှတ်၍ ဝိပဿနာကို ပွားများပြီး ပစ္စေကဗောဓိဉာဏ်ကို ရ၍ ဟိမဝန္တာ၌ နန္ဒမူလိုဏ်သို့ သွားနေ၏။

ထို ပစ္စေကဗုဒ္ဓါလေးပါးတို့သည် တနေ့သ၌ နန္ဒမူလိုဏ်မှ ကောင်းကင်ဖြင့် ဗာရာဏသီမြို့ တံခါးရွာသို့သွား၍ ဆွမ်းခံသော် ထို့ရွာနေ ဘုရားလောင်း အိုးထိန်းသည် (ကုမ္ဘကာရ) အိမ်တံခါးသို့ ရောက်၏။ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါလေးပါးကို အိမ်သို့ပင့်၍ ဆွမ်းဖြင့်လုပ်ကျွေးပြီး "အရှင်ဘုရား တို့သည် အဘယ်အကြောင်းကြောင့် ရဟန်း ပြုကြပါသနည်း"ဟု မေးလျှောက်၏။

ပစ္စေကဗုဒ္ဓါ အသီးသီးက မိမိတို့၏ ထို့ထို့ဝတ္တုကို အာရုံပြု၍မင်းအဖြစ်ကို စွန့်ပြီး ရဟန်းပြုကြောင်း ပြောကြားပြီး ပြန်ကွကြ၏။ ဘုရားလောင်းသည် ထို့စကားများကို ကြားရ၍ မိမိသား,မယားနှင့်တကွ ပရိဗိုဇ်ရဟန်းပြုပြီး မြို့အနီးဥယျဉ်း နေ၏။

ပညာရှိသည် အခေသးအဖွဲ အဖြစ်အပျက်ကို မြင်ရုံဖြင့် တရားကျ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ခက္ချောင်းဥဒေနစည်"'ကာမဝိတက်များကို ကြံကြသော ရဟန်းတို့အား 'ကိလေသာအား နှိမ်နင်းခြင်း'ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ခေါင်း—ဥပ္ပလဝဏ်=သမီး။ရာဟုလာ=သား။ ရာဟုလာမယ်ဘော်=ပရိဗိုဇ်ရဟန်းမ။ ဘုရား=ပရိဗိုဇ်ရဟန်း။]

၄၀၉၊ ဒဠ္ဍဓမ္မဇာတ်

မင်္ဂလာဆင်နှင့် မင်းမိုက်အခြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်'ဒဠ္ဍဓမ္မ'မင်း၏အမတ်ဖြစ်၏။ထိုမင်းသည် 'ခွန်အားတန်ခိုးနှင့် ပြည့်စုံ၍ အလွန်လျင်မြန်သည့်' သြဠုဗျာဓိမည်သော

မင်္ဂလာဆင်အား ငယ်ရွယ်ချိန်၌ စည်းစိမ် အခြံအရံအား လုံးကို ပေးပြီး အိုမင်း ချိန်၌မူ ထိုစည်းစိမ်အခြံအရံအား လုံးကို ရုပ်သိမ်း၏။

ထိုဆင်သည် ကိုးကွယ်ရာမရှိဘဲ တောင်၌ မြက်သစ်ရွက်များကို စား၍ နေရ၏။ နောက်မင်းသည် မိမိ၏ အိုးထိန်းသည်အား ထိုဆင်ကို ထင်း, ရေအိုး စသည် သယ်ဆောင်ရာ၌ အသုံးပြုရန်ပေးသဖြင့် ထိုဆင်သည် ဆင်းရဲစွာနေရ ပြန်၏။ ထိုဆင်သည် တနေသ၌ ဘုရားလောင်းထံသွား၍ "မင်းအား ကျွန်ုပ်ပြု ခဲ့သည့် ကျေးဇူးကိုသိစေ၍ ရုပ်သိမ်းပြီးသော စည်းစိမ်ကို ပြန်ပေးအောင် ဆောင်ရွက်ပေးပါ" ဟုတောင်းပန်၏။ ဘုရားလောင်းသည် မင်းအား "ဆင်၏ ကျေးဇူးများကို ပြောကြားပြီး ကျေးဇူးကို မမေ့သင့်ကြောင်း" အဆုံးအမပေး ၏။ ထိုအခါ မင်းသည် မင်္ဂလာဆင်အား ယခင်ပေးခဲ့သည့် စည်းစိမ်အားလုံး ကို ပြန်ပေးလေ၏။

ကျေးဇူးကန်းသူကို ပညာရှိများ ရှုတ်ချကြ၏။

[မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ကို မှီ၍ ဃောသိတာရုံကျောင်း၌ နေစဉ် "အလားတူ ဥတေနမင်းက လျစ်လျူရှု၍ စွန့်ပစ်ထားသော 'ဘဒ္ဒဝတီ' ဆင်မ အိုကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။။**ဇာတ်ဖေါင်း** ဘဒ္ဒဝတီ= သြဋ္ဌဗျာဓိ။အာနန္ဒာ=မင်း။ဘုရား=အမတ်။]

၄၁၀၊ သောမဒတ္တဇာတ်

ဆင်နှင့် ရဿေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဌ်နေသည့် ရဿေ့တပါး သည် ဆင်ငယ်တကောင်ကို သားအဖြစ်ဖြင့် မွေးမြူ၍ 'သောမဒတ္တ' ဟု အမည် ပေး၏။ ထိုဆင်သည် အရွယ်ရောက်သော် တနေ့သ၌ အစာများကို စား၍ အစာမကျသဖြင့် မကျန်းမာ၍ သေ၏။

ရဿေ့သည် ထိုဆင်၏ လည်၌ဖက်၍ သည်းစွာ ငိုကြွေး၏။ ဘုရားလောင်း သိကြားမင်းသည် လာ၍ ကောင်းကင်၌ ရပ်လျက် ထိုရဿေ့အား သေသူ အတွက် ငိုခြင်းသည် အကျိုးမရှိ။စိုးရိမ်သောကဖြစ်ခြင်းသည် ရဟန်းအတွက် မကောင်း။ငို၍ သေသူထလာမည်မဟုတ်" စသည်ဖြင့် တရားဟော၍ သောက ကင်းအောင်ပြုပြီး ပြန်သွားလေ၏။

လူမိုက်တည် မတည်မြဲသည့် အရာကို တစ်မက်၍ ပူဆွေးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''မိမိ၏ တပည့်သမဏောသေသဖြင့် ပူဆွေးသောကရောက်၍ ငိုကြွေးသောရဟန်းကြီးတပါးကို အကြောင်းပြု၍ ''ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–သမဏော=ဆင်ငယ်။ရဟန်းကြီး=ရသေ့။ ဘုရား=သိကြားမင်း။]

၄၁၁၊ သုသီမဇာတ်
ပုရောဟိတ်နှင့် မိဖုရားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏'သုသီမ' မည်သော ပုရောဟိတ် ဖြစ်၏။ တနေ့သ၌ ထိုမင်း၏မယ်တော်သည်'မင်းနှင့်အတူ ဆင်စီး၍ မြို့ကို လှည့်လည်သော ဘုရားလောင်းကို မြင်၍ တပ်စွန်းသဖြင့် အိပ်ရာတိုက်ခန်း၌ အစာမစား၀ဲ အိပ်၏။ မင်းသည် ထိုအကြောင်းကို သိရှိသော် ဘုရားလောင်းကို မင်းအဖြစ်၌ထား၍ မယ်တော်ကို မိဖုရားအရာ၌ ထားစေပြီး မိမိမူ အိမ်ရှေမင်း အဖြစ်ဖြင့်နေ၏။ နောက် ဘုရားလောင်းသည်အိမ်၌ ငြိုးငွေ့ပြီး ရသေ့ရဟန်းပြုလို၍ တယောက်တည်းသာ ရပ်၏, ထိုင်၏, အိပ်၏။

တနေ့သ၌ မိဖုရားသည် မင်းက မိမိကို တပ်မက်မောစွာဖြင့် မေ့လျော့စေရန် ရည်ရွယ်၍ ဘုရားလောင်း၏ ဦးခေါင်း၌ သန်းတို့ကို ရှာသကဲ့သို့ ပြုပြီး ''အရှင်မင်းကြီး၏ ဦးခေါင်း၌ ဆံဖြူတပင်ထင်၏'' ဟု မင်း၏ ဦးခေါင်းမှ ဆံနက်တပင်ကို နုတ်၍ စွန့်ပြီး၊ မိမိဦးခေါင်းမှ ဆံဖြူကို နုတ်ပေး၏။ ဘုရားလောင်းသည် ဆံဖြူကိုမြင်လျှင် ထိတ်လန့်ပြီး ဗြဟ္မဒတ်မင်းကို ခေါ်စေ၍ တိုင်းပြည်ကို အပ်နှင်းပြီး ဟိမဝန္တာသို့၀င်၍ ရသေ့ရဟန်း ပြုလေ၏။

ပညာရှိသည် ဆံဖြူကိုသေမင်းတမန်ဟု မှတ်ယူလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေဘ၀န်ကျောင်း၌ နေစဉ်''မြတ်သော ဇောဇွက်ခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ရာဟုလာမယ်ဘော်=မိဖုရား။အာနန္ဒာ=ဗြဟ္မဒတ်မင်း။ဘုရား=သုသီမမင်း။]

၄၁၂၊ ကောဋ္ဌသိမ္မလိဇာတ်
နဂါးမင်းနှင့် ဂဠုန်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် လက်ပံပင်တပင်၌ ရုက္ခစိုးနတ် ဖြစ်၏။ ဂဠုန်ငှက်တကောင်သည် ခန္ဓာကိုယ်ကြီးစွာ ဖန်ဆင်း၍ အတောင်လေတို့ဖြင့် သမုဒ္ဒရာရေကို နှစ်ဖြာခွဲပြီး အလွန်ရှည်သည့်

နဂါးမင်းကို အမြီးဌဲ့ ယူ၍ ထိုလက်ပံပင်ကြီးဆီသို့ တောအထက်က ပျံသွား၏။ နဂါးမင်းသည် တဲ့လျားချလျက် မိမိကိုယ်ကို လွတ်စေရန် ညောင်ပင်တပင်ကို ရစ်၍ ဆဲ့၏။ ဂဠုန်မင်း၏ ကြီးမားသောအားကြောင့် ညောင်ပင်သည် ကျွတ်၍ ပါ၏။

ဂဠုန်မင်းသည် ညောင်ပင်နှင့်တကွ နဂါးမင်းကို ယူ၍ ဆိုလက်ပံပင်ပေါ်ဌဲ့နဂါးမင်းကို အိပ်စေပြီးဝမ်းကိုခဲ့၍နဂါးဆီကို စား၏။ ထိုညောင်ပင်ဌဲ့ပါရှိသော ငှက်မတကောင်သည် လက်ပံပင်၏ ခွကြားဌဲ့ နားနေ၏။ ဘုရားလောင်း လက်ပံပင်စောင့်နတ် (ကောဌသိမ္မလိ) သည် ထိုငှက်မကို မြင်သော် "ဤငှက်မသည် ငါ့သစ်ပင်ခွကြားဌဲ့ ကျင်ကြီးကို စွန့်အံ့၊ ထိုကျင်ကြီးမှ ညောင်ပင်ပေါ်၍ လက်ပံပင်ကို ဖျက်ဆီးမည်" ဟု ထိတ်လန့် တုန်လှုပ်၏။ သူ့အား ဂဠုန်မင်းက ထိုအကြောင်းကိုမေး၍ ကြားသိသော် "ပညာရှိသည် ရှုံရှာသင့်သည်ကို ရှုံရှာ၍ လာမည့်ဘေးကို ကြည့်ရှု၏" ဟု ချီးမွမ်းပြီး ထိုငှက်မကို ပြေးစေလေ၏။

ပညာရှိသည်အသေးအဖွဲမှကြီးမားသည့်ဂေးဖြစ်လာနိုင်ကြောင်းသိပြုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌဲ့ "နေစဉ် ကာမဝိတက်များကို ကြံကြသော ရဟန်းတို့အား· 'ကိလေသာအား နှိမ်ကွပ်ခြင်း' ကို အကြောင်းပြု၍ ကိလေသာမှ လာမည့်ဘေးကို ရှောင်ကြဉ်ဆစရာ" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**–သာရိပုတ္တရာ=ဂဠုန်မင်း၊ ဘုရား=ရကွစိုးနတ်။]

၄၁၃၊ ဓူမကာရီဇာတ်

အသစ်မြင်၍ အဟောင်းမေ့သော မင်းအကြောင်း

ဘုရားလောင်းသည် ကုရုတိုင်း ဣန္ဒပတ္ထ နဂိုရ်မြို့ မနုဉ္ဇယ ကောရဗျမင်း၏ 'ဝိဓူရ'မည်သော ပုရောဟိတ်အမတ်ဖြစ်၏။ ထိုမင်းသည် သူရဲကောင်းတို့ကို လျစ်လျူရှု၍ သူရဲသစ်တို့ကိုသာ ချီးမြှောက်၏။

တနေ့သဌဲ့ မင်းသည် ခိုးသူလုယက်သည့် ပစ္စန္တရစ်ရှာကို နှိမ်နင်းရန်သွားလေ၏။ ထိုအခါ 'သူရဲသစ်တို့စစ်ထိုးလိမ့်မည်' ဟု သူရဲဟောင်းတို့ စစ်မထိုးကြ။ 'သူရဲဟောင်းတို့ စစ်ထိုးလိမ့်မည်' ဟု သူရဲသစ်တို့ စစ်မထိုးကြ။ထို့ကြောင့် မင်းသည် စစ်ရှုံး၍ မြို့သို့ ပြန်လာ၏။ဘုရားလောင်းသည် မင်းအား ဆုံးမရန် ဝတ္ထုတခုကို ပြောကြား၏။ "ရှေးအခါက ဆိတ်တို့ကို မွေးမြူသော 'ဓူမကာရီ' ပုဏ္ဏားသည် နောင်အခါဌဲ့ ရွှေအဆင်းရှိသည့် 'သရဘ' မည်သော သားတို့ကို မြင်သော် ဆိတ်တို့ကို လျစ်လျူရှု၍ ထိုသားတို့ကို ချီးမြှောက်၏။

နောက် တန်ဆောင်မုန်းလအခါ၌ ထို'သရဘ' သားတို့သည် ဟိမဝန္တာသို့ ပြေးကြပြီး၊ဆိတ်တို့လည်း ဖရိုဖရဲ ပျက်စီးကြသော် ထိုပုဏ္ဏားသည် လှန်စွာ စိုးရိမ်ပူပန်၍ ပျက်စီးခြင်းသို့ ရောက်လေ၏။" မင်းသည် ဤစကားကို ကြား၍ သူရဲဟောင်းတို့ကို ချီးမြှောက်လေ၏။

အသစ်မြင်၍ အဟောင်းပဏ္ဏက ဆင်းရဲရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "သူရဲဟောင်းတို့ကို မချီးမြှောက်ဘဲ သူရဲသစ်တို့ကို ချီးမြှောက်သဖြင့် စစ်ရှုံးရသော ကောသလမင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ= ကောရဗျမင်း။ ပဿေနဒီကောသလမင်း= .ဂူမကာရီပုဏ္ဏား။ ဘုရား=ဝိဓူရပညာရှိ။]

၄၁၄၊ ဇာဂရဇာတ်

နတ်သမီးနှင့် စကြံသွား ရသေ့အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်းဈာန်ရ ရသေ့သည် ဣရိယာပုထ်နှင့် ညီမျှစွာနေလျက် မအိပ်ဘဲ တညလုံး စကြံသွား၏။ သူ၏ စကြံဦးဠီဖြစ်သော ရုက္ခစိုး နတ်သမီးသည် နှစ်သက်၍ သစ်ပင်ခွကြားဠီရပ်လျက် "နိုးသောသူ(ဇာဂရ)တို့၏ အတွင်းဠီ အဘယ်သူသည် အိပ်သောသူ မည်သနည်း။ အိပ်သောသူတို့၏ အတွင်းဠီ အဘယ်သူသည် နိုးသောသူ မည်သနည်း" ဟု ပြဿနာကို မေး၏။

ဘုရားလောင်းက "ငါသည် နိုးသော ရဟန္တာကြီးတို့၏ အတွင်းဠီ အိပ်သောသူမည်၏။ ငါသည် အိပ်သော ပုထုဇဉ်တို့၏ အတွင်းဠီ နိုးသောသူမည်၏" စသည်ဖြင့် အကျယ်အားဖြင့်ဖြေ၏။ နတ်သမီးသည် နှစ်သက်၍ သူ့အား ချီးမွမ်းပြီး မိမိဗိမာန်သို့ ဝင်လေ၏။

ပညာရှိသည် အစားအအိပ်ကို မမက်ဘဲ တရားကျင့်လေ့ရှိ၏။

[မြတ်စွာဘုရားသည်, ဇေတဝန်ကျောင်းဠီ နေစဉ် "အလားတူ ခရီးသွားကုန်သည်တို့ စခန်းချရာအရပ်ဠီ တညလုံးစကြံသွားသဖြင့် ခိုးသူတို့အား လုယက်ခွင့် မပေးသော သောတာပန်သိတင်းသည်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဥပဟလဝက်=နတ်သမီး။ ဘုရား=ရသေ့။]

၄၁၅၊ ကုမ္မာသပိတ္လာဇာတ်

မုယောမုံ့လှူ၍ မင်းဖြစ်သူအကြောင်း

ဘုရားလောင်းသည် (ယခင်ဘဝ၌ အခစားဖြစ်စဉ်က ပစ္စေကဗုဒ္ဓါ လေးပါး တို့အား မုယောမုံ့ တဆုပ်စီ လှူခဲ့သော အလှူအကျိုးအားဖြင့်)ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်း၏သားဖြစ်၍ အဖ ကွယ်လွန်သော် မင်းဖြစ်၏။ သူသည် ဇာတိသဘာဝဉာဏ်ဖြင့် ယခင်ဘဝကို မှတ်မိ၍ "ဤ ငါ၏စည်းစိမ် အလုံးစုံသည် ပစ္စေကဗုဒ္ဓါ လေးပါးအား မုယောမုံ့ဆုပ် (ကုမ္မာသပိတ္လာ)လေးဆုပ် အလှူ၏ ဥစ္စာတည်း"ဟု သိချင်းတပုဒ်ကို သီဆို၍ ဥဒါန်း ကျူးရင့်၏။ ပြည်သူတို့ လည်း ထိုသီချင်းကို သီဆိုကြ၏။

တနေ့သ၌ မိဖုရားက ထိုသီချင်း၏အနက်ကို ပြောကြားရန် တောင်းပန်၍ ဘုရားလောင်းသည် ပရိသတ် အလယ်၌ "ရှေးဘဝက မုယောမုံ့ကို လှူခဲ့၍ ဤမင်းစည်းစိမ်ကိုရရှိကြောင်း"အကျယ်အားဖြင့် ဟောကြား၏။ နောက် မိဖုရားအား"သင်၏ ရှေးဘဝကပြုခဲ့သော ကုသိုလ်ကို ပြောကြားပါလော့" ဟုဆို၏။ မိဖုရားက "ကျွန်ုပ်လည်ရှေးဘဝ၌သူကြွယ်တဦး၏ ကျွန်မ ဖြစ်စဉ်က ရဟန်းတို့အား ဆွမ်းကိုလှူ၍ သီလဆောက်တည်ခဲ့သဖြင့် ဤစည်းစိမ်ကို ရပါ၏"ဟုဆို၏။ထိုမင်း,မိဖုရားနှစ်ဦးသည် ထိုအခါမှစ၍ နေ့စဉ်အလှူကြီးကို ပေးပြီး သီလစောင့်, ဥပုသ်သုံးသဖြင့် နတ်ပြည်သို့ လားကြလေ၏။

သီလရှိသူအား အနည်းငယ်ကျူးခြင်းသည် အကျိုးများစွာ ပေးနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား စသော ရဟန်းတို့ အား မုယောမုံ့လှူသဖြင့် ပန်းသည်ကြီး၏ သမီးဘဝမှ ကောသလမင်းကြီး၏ မိဖုရားဖြစ်လာသော မလ္လိကာမိဖုရားကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ရာဟုလာမယ်တော်=မိဖုရား။ ဘုရား=မင်း။]

၄၁၆၊ ပရန္တပဇာတ်

မင်းယုတ်နှင့် မင်းသားအကြောင်း


ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တနေ့သ၌ မိမိ၏သား ဘုရားလောင်း အိမ်ရှေ့မင်းကို သေစေလို၍ ဗာရာဏသီပြည်ကိုထိုက်ရန် ဝန်းရံသည့် ပြည် နီးချင်းမင်းကို တိုက်ခိုင်း၏။ ဘုရားလောင်းသည် ဗိုလ်ပါအပေါင်းနှင့်အတူ ပြည်နီးချင်းမင်းတည်ရာ တံခါးမှ မထွက်ဘဲ အခြားတံခါးကို ဖွင့်၍ထွက်ပြီး

တနေရာ၌ သစ်တပ်တည်၍နေ၏။မြို့ထဲ၌ ဗိုလ်ပါ မရှိသော်မင်းသည်ကြောက်၍ "မိဖုရား၊ ပုရောဟိတ်၊ 'ပရန္တပ'မည်သော ကျွန်"တို့ကိုခေါ်၍ ညအခါ၌ မထင်ရှားသောအသွင်ဖြင့် တောသို့ပြေးပြီး မြစ်နား၌ သစ်ရက်မိုးကျောင်းဆောက်၍နေ၏။ ဘုရားလောင်းသည် ဖခင်မင်း ပြေးသည်ကို သိသော် မြို့သို့ဝင်၍ရန်သူမင်းကိုတိုက်ပြီး မင်းပြု၏။ ဖခင်မင်းနှင့် ပုရောဟိတ်တို့သည် နေ့စဉ် မိဖုရားနှင့်ပရန္တပကျွန်ကို စရပ်၌ ထားခဲ့ပြီး သစ်သီးရှာထွက်ကြ၏။ တော၌မင်းကို အစဉ်ပြု၍ မိဖုရားမှာ ကိုယ်ဝန်ရှိ၏။ မိဖုရားသည် ပရန္တပကျွန်နှင့်အတူနေခဲ့ရ၍ မပြတ်ပေါင်းဘော်၏။

တနေ့သ၌ ပရန္တပကျွန်သည် မိဖုရားကခိုင်း၍ရေချိုးသောမင်းကိုသတ်၏။ နောက် မိဖုရားသည် သားကိုဖွား၏။ ထိုသားသည် အရွယ် ရောက်သော် "ဖခင်မင်းကို ကျွန်ကသတ်ခဲ့၏"ဟု ပုရောဟိတ်ထံမှကြားသိလျှင် ထိုကျွန်ကို သတ်၏။ ထိုမိဖုရား၊ သား၊တော်၊ ပုရောဟိတ်တို့သည် ဗာရာဏသီပြည်သို့ပြန်ကြ၏။ ဘုရားလောင်းသည် ညီတော်အား အိမ်ရှေ့အရာကို ပေးလေ၏။

လူမိုက်သည် ပညာရှိကို မကောင်းကြီလျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—ဒေဝဒတ်=အဖမင်း။ အာနန္ဒာ=ပုရောဟိတ်။ ဘုရား=မင်းသား။]



၄၁၇၊ ကစ္စာနိဇာတ်

ချွေးမနှင့် ယောကျ္ဖမအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် အမိကိုလုပ်ကျွေးသော အမျိုးသား တဦး၏ မယားသည် 'ကစ္စာနိ' အမည်ရှိ ယောကျ္ဖမအိုကြီးကို နှင်ထုတ်လိုသဖြင့် သူနှင့် ခိုက်ရန်ပြုပြီး လင်အား "ဤသက်ကြီးအိုမသည် ကျွန်ုပ်နှင့် ခဏခဏ ခိုက်ရန်ဖြစ်၏။ ကျွန်ုပ်မူလည်း အိမ်မှထွက်အံ့။ သို့မဟုတ် ဤသက်ကြီးအိုမကို အိမ်မှ နှင်ထုတ်လော့" ဟု ဆို၏။လင်ယောကျ်ားသည်မယားစကားကိုနာယူ၍ အမိကို အိမ်မှနှင်ထုတ်၏။ အမိသည် အိမ်မှငိုလျက် ထွက်သွားပြီး သူကြွယ်တဦး၏အိမ်၌ အခစားလုပ်၍ ဆင်းရဲစွာ အသက်မွေးရ၏။

နောက်ထိုချွေးမသည်ကိုယ်ဝန်ရရှိသားကိုဖွားသော်လင်အား "ယောကျ္ဖမယုတ်ကြီးကို နှင်ထုတ်လိုက်၍ သားကို ရပေ၏" ဟု ဆို၏။ ယောကျ္ဖမသည် ထိုစကားကို ကြား၍ "ဤလောက၌ တရားသည် သေသည် ဖြစ်မည်။ ငါသည် တရားသေဆုံးကိုလျှူအံ့" ဟုကြံ၍ သုသာန်သို့သွားပြီး ဆုံးချက်ရန် ဆန်ကို ဆေး၏။ ဘုရားလောင်း သိကြားမင်းသည် ထိုမိန်းမအိုထံသွား၍ အကြောင်းစုံကို မေးမြန်း သိရှိသော် တန်ခိုးဖြင့် ထိုသား, ချွေးမတို့အား အမိအိုကို အိမ်သို့ပြန်ခေါ်သွားစေလေ၏။

လူမိုက်သည် မ, ဘက်လိုက်၍ မိုက်ဘက်ပါတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ယောကျ္ဖမကို နှင်ထုတ်ရန် ကြိုးစားသော မယားကို အိမ်မှ နှင်ထုတ်သည့် (အမိကို လုပ်ကျွေးသော) သိတင်းသည် တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—လင်မယား=လင်မယား။ ဘုရား=သိကြားမင်း။]

၄၁၈၊ အဋ္ဌသဒ္ဒဇာတ်

မင်းနှင့် အသံ ရှစ်မျိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်းစျာန်ရ ရသေ့သည် တနေ့သ၌ ချဉ်ဆားမှိုဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏

ဥယျာဉ်၌နေ၏။ ဗာရာဏသီမင်းသည် အိမ်ရာ၌နေလျက် ညသန်ကောင် ချိန်တွင် နန်းတွင်း ဥယျာဉ်ရှိ သတ္တဝါ ခုနစ်ဦးနှင့် နန်းတော်အထက်က ကြွသွားသည့် ပစ္စေကဗုဒ္ဓါ တပါးတို့ဆိုသော ရှစ်ခွန်းသောအသံ(အဋ္ဌဿဒ္ဒ) များကို မပြတ်မစဲ တစ်တည်းကြား၍ နေ့က်တနေ့၌ ထိုအကြောင်းကို ပုဏ္ဏားတို့အား ပြော၏။ ပုဏ္ဏားတို့က "သင်မင်းကြီးမှာ အန္တရာယ်ဖြစ်မည်။ ထိုအန္တရာယ်ကို ပယ်ဖျောက်ရန် 'သဗ္ဗစတုက္က'ယဇ်ကို ပူဇော်ကုန်အံ့" ဟုဆို၏။ မင်းက သဘောတူ၏။

ထိုအခါ ယဇ်ကုံစီရင်သည့် ပုဏ္ဏား၏ တပည့်လုလင်သည် ယဇ်ပူဇော်ခြင်းကို သဘောမဘူ၍ ဥယျာဉ်သို့ ထွက်သွားပြီး ဘုရားလောင်းအား ထို အကြောင်းကို လျှောက်ကြား၍ ထိုအသံတို့၏ ဖြစ်ခြင်းကို ဖြေကြားပြီး သတ္တဝါတို့ကို ကယ်ရန်လျှောက်၏။ ဘုရားလောင်းက ဝန်ခံ၍ သူ့သည် မင်းအား သွားပြော၏။ မင်းက လာမေးသော် ဘုရားလောင်းက ထို်သတ္တဝါတို့၏ အသံပြုခြင်း အကြောင်းကိုငင်း၊ ထိုအသံတို့ကို ကြားခြင်းကြောင့် မင်းအား အန္တရာယ် မဖြစ်ကြောင်းကိုငင်း အကျယ်အားဖြင့် ဖြေကြား၏။ မင်းသည် ယဇ်ပူဇော်ခြင်းကိုဖျက်၍ သတ္တဝါ အားလုံးအား ဘေးမဲ့ ပေးလေ၏။

လူယုတ်သည် သူ့အကျိုးလိုသလိုနှင့် ကိုယ်ကျိုးကို ဖြိုတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "[လောဟကုမ္ဘဇာတ်--(ဇာ-၂-၄)-လာအတိုင်း] သန်ကောင်အချိန်၌ကြွကဲဘုယ်ဒသာအသံတို့ကို ကြား၍ ပုဏ္ဏားတို့၏ စကားအရ 'သဗ္ဗစတုက္က'ယဇ်ပူဇော်ရန် အားထုတ်သော ကောသလမင်းကြီးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ဝေါဋ်း-အာနန္ဒာ = မင်း။ သာရိပုတ္တရာ=လုလင်။ဘုရား=ရသေ့။]

၄၁၉။ သုလသာဇာတ်

ပြည့်တန်ဆာမနှင့် ခိုးသူကြီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ထိုပြည်၌ 'သုလသာ' မည်သော ပြည့်တန်ဆာမသည် 'မင်း၏ အမိန့်အရ သုသာန်၌သတ်ရန် မြို့မှထုတ်ယူသွားသည့်'ခိုးသူကြီးတဦးကိုမြင်လျှင်တပ်မက်သဖြင့် မြို့စောင့်အား ငွေတထောင် ပေး၍ လွှတ်စေပြီး ထိုခိုးသူနှင့်အတူ ညီညွတ်စွာနေ၏။ နောက် ထိုခိုးသူသည် ဥပါယ်ဖြင့် 'သုလသာ'၏တန်ဆာအားလုံးကိုယူပြေးလိုသဖြင့် သုလသာ အား "ငါ့ကိုသတ်ရန် ခေါ်ဆောင်ချိန်၌ ငါသည် ဤမည်သောတောင်၌ ရုက္ခစိုး

နတ်အား ပူဇော်ရန် ဝန်ခံခဲ့၏။ ယခု ရုက္ခစိုးနတ်ကို ပူဇော်အံ့”ဟုဆို၏။ သူသည် သုလသာအား တန်ဆာအားလုံးကို ဝတ်ဆင်စေပြီး ပူဇော်ဘွယ်တို့ကို ယူ၍ ဘုရားလောင်း တောင်စောင့်နတ်နေသောတောင်ထိပ်သို့ အာဠသွားပြီး ဇချောက်ကမ်းပါးပြတ်ပေါ်၌ ပူဇော်ဘွယ်တို့ကို ချ၏။

ခိုးသူက “ငါသည် သင့်ကိုသတ်ပြီး တန်ဆာတို့ကို ယူရန်သာ လာ၏။ ယခု တန်ဆာတို့ကို ချတ်လော့”ဟု ဆို၏။ သုလသာက ပရိယာယ်ဖြင့် “ငါသည် သင့်ကို အလွန်ချစ်၏။ နောင်သင်နှင့် ပေါင်းရတော့မည် မဟုတ်။ သို့ဖြစ်၍ သင့်ကို လက်ျာရစ် ရစ်ပြီး နောက်ဆုံး ပူဇော် ပေ့ဖက်လိုပါ၏” ဟု ဆို၏။ ခိုးသူသည် မသိ၍ဝန်ခံ၏။ သုလသာသည် သူ့ကို သုံးကြိမ်လက်ျာရစ် လှည့်ပတ်ပြီး ပေ့ဖက်၍ ချောက်ကြီးထဲသို့ ပစ်ချသတ်လေ၏။ ထိုအခါ ဘုရားလောင်းက“တခဲ့ကု ပဉ္စာဉာဏ် ရှိသူသည် ရန်သူဘေးမှ လွတ်၏” ဟု ဆို၏။ သုလသာသည် တောင်မှဆင်း၍ မြို့သို့သွားလေ၏။

မိန်းမသည် ဖြတ်ထိုးဉာဏ်ဖြင့် အန္တရာယ်မှ လွတ်အောင်လုပ်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် “မိမိ၏ တန်ဆာတို့ကို ယူလို၍ မိမိကို ဖြားယောင်းပြီး သတ်ရန် ကြိုးစားသော ခိုးသူတဦးအား ဥပါယ်ဖြင့် ရေတွင်းထဲသို့ ပစ်ချသတ်သော (အနာထပိဏ်သူဌေး၏) ကျွန်မတယောက်ကို အကြောင်းပြု၍” ဤဇာတ်ကိုဟော၏။ ။။ဇာတ်ပေါင်း—ကျွန်မ=ပြည့်တန်ဆာမ။ ခိုးသူ=ခိုးသူ။ ဘုရား=တောင်စောင့်နတ်။]

၄၂၀၊ သုမင်္ဂလဇာတ်

မင်းနှင့် ဥယျာဉ်မှူးအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ပစ္စေကဗုဒ္ဓါ တပါးကို နေ့စဉ် ဆွမ်းဖြင့် လုပ်ကျွေး၍ ဥယျာဉ်တော်၌ နေစေပြီး ‘သုမင်္ဂလ’မည်သော ဥယျာဉ်စောင့်ကို ပစ္စေကဗုဒ္ဓါအား အမှုကြိုးငယ်ကို ပို့စေ၏။

တနေ့သ၌ ပစ္စေကဗုဒ္ဓါသည် ‘ရာဂရာဿိ နှစ်ရက်သုံးရက် သွားနေမည့် အကြောင်း’ မင်းအား ပြောကြားရန် သုမင်္ဂလအား မှာထားခဲ့ပြီး ကွဲသွား၏။ နှစ်ရက် သုံးရက်လွန်သော် ပစ္စေကဗုဒ္ဓါသည် သုမင်္ဂလ အိမ်ပြန်သော နေဝင်ချိန်၌ ပြန်လာ၍ကျောက်ဖျာ၌ နေ၏။ ထိုနေ့၌ သုမင်္ဂလသည် မိမိအိမ်သို့ရောက်လာသည့်ည့်သည်များကို ကျွေးမွေးရန် ဟင်းလျာအတွက် ဥယျာဉ်သို့သွားသော် ပစ္စေကဗုဒ္ဓါကို‘သမင်ကြီး’မှတ်၍လေးဖြင့် ပစ်၏။

ပစ္စေကဗုဒ္ဓါသည် ဦးခေါင်းကို ပွင့်၍ 'သုမင်္ဂလ'ဟု ခေါ်၏။ သုမင်္ဂလသည် ထိတ်လန့်ပြီး ရှိခိုး၍ မြားကိုနုတ်ပြီး သည်းခံရန်လျှောက်၏။ ပစ္စေကဗုဒ္ဓါသည် ထိုနေရာ၌ပင် ပရိနိဗ္ဗာန်ပြု၏။ သုမင်္ဂလသည် မင်းကိုကြောက်၍ သားမယားကို ခေါ်ပြီး ပြေး၏။ နောက်နေ့၌ မင်းလည် "ပစ္စေကဗုဒ္ဓါကို သတ်ပြီး သုမင်္ဂလ ပြေး၏"ဟု ကြားသိသော် အခြံအရံဖြင့် ညယျာဉ်သို့ သွားပြီး အလောင်းကို ခုနစ်ဂျက်လုံးပူဇော်၏။

သုမင်္ဂလသည် တနှစ်လွန်သော် "မင်း၏ စိတ်ကို သိအံ့"ဟု လာ၍အမတ်တဦးကို မင်းအား မိမိ၏ ကျေးဇူးကို ဆိုစေ၏။ မင်းသည် ဘာမျှမဆို။ နှစ်နှစ်မြောက်၌ သုမင်္ဂလသည် ထို့အတူ ပြုသော် မင်းသည် ရှေးနည်းတူပင် ဆိတ်ဆိတ်နေ၏။ သုံးနှစ်မြောက်၌ကား သုမင်္ဂလသည် သားမယားကို ခေါ်လာ၍ ထိုအမတ်နှင့်အတူ မင်းထံသွား၏။ မင်းသည် မေး၍ သုမင်္ဂလ ပြုသည့် အမှုကို ကောင်းစွာသိရှိသော် သုမင်္ဂလကို တဖန် ညယျာဉ်စောင့် ခန့်ထားပြီး အမတ်တို့အား "မင်းမည်သည် အမျက်ထွက်ပြီး တစုံတခုကို အဆောတလျင် မပြုသင့်"စသည်ဖြင့် တရားပြ၍ ပြောဆိုလေ၏။

ပညာရှိသည် ဒေါသကို ချုပ်တည်းပြီး ဒေါသအလျောက် မပြုတတ်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကောသလမင်းတော်းပန်၍ 'ရာဇောဝါဒသုတ်'ကို ဒေသကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=သုမင်္ဂလ။ ဘုရား=မင်း။]

၄၂၁၊ ဂင်္ဂမာလဇာတ်

မင်းနှင့် ဆတ္တာသည်အကြောင်း

ဘုရားလောင်းသည် (ရှေးဘဝက သူဌေးတဦးထံ၌ အခစားလုပ်၍ ဥပုသ်တဝက်စောင့်သော ကုသိုလ်ကြောင့်) ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား ဖြစ်ပြီး 'ဥဒယ' မင်းသား မည်၍ အဖလွန်သော် မင်းဖြစ်၏။ သူသည် ဇာတိသရဉာဏ်ဖြင့် မိမိ၏ ရှေးဘဝကို အောက်မေ့၍ "ဤမင်းစည်းစိမ်ကား ရှေးဘဝက ငါပြုခဲ့သည့် ကောင်းမှုကံ အနည်းငယ်၏ အကျိုးတည်း" ဟု မပြတ်ဥဒါန်းကျူးရင့်၏။ တနေ့သ၌ မင်းက လိုသော ဆုတဆုကို ပေး၍ 'ဂင်္ဂမာလ'မည်သော ဆတ္တာသည်က "မင်းကျူးရင့်သည့် ဥဒါန်းဂါထာ၏ အနက်ကို သိလိုပါ၏" ဟူသောဆုကို တောင်း၏။ မင်းက ထိုဥဒါန်းဂါထာ၏ အနက်ကို ဟောကြား၏။

ဆတ္တာသည်သည် "ဥပုသ် တဝက်စောင့်သော ကုသိုလ်ဖြင့်ပင် ဤမင်းစည်းစိမ်ကို ရ၏။ ကုသိုလ်မည်သည် ပြုသင့်သည်သာ ဖြစ်၏" ဟု နှလုံးသွင်း၍ မင်းကို ပန်ကြားပြီး ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုသော် ပစ္စေကဗုဒ္ဓါဖြစ်သွားလေသည်။

(မှတ်ချက်။ ။ဤဝတ္ထုထဲ၌ ကြားညှပ် ဝတ္ထုတခု ပါ၏သး၏။ ။ထိုအခါ ဗာရာဏသီပြည်၏ တောင်တံခါး၌ ရေသည်မတဉီးနှင့် အိမ်ထောင်ကျ၍ သူမနှင့်အတူ ပဲ့သဘင်၌ ပျော်ရွှင်ရန် တဆယ့်နှစ်ပူဇော်ဝေးသော မြောက်တံခါး၏ တံတိုင်းအုတ်ကြား၌ ထားသည့်ဒေ့'ပဲဝက်' ကို ယူသွားရန်ပြေးလွှားသော ရေထမ်း ယောကျ်ားတဉီးသည် ဥဒယမင်းထံ ထက်ဝက်သောမင်းအဖြစ်ကို ရ၍'အဖုမာသကမင်း'ဟု ခေါ်တွင်လေ၏။

ဥပုသ်စောင့်ခြင်းသည် ကြီးစွာသောအကျိုးကို ပေးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဥပုသ်သုံးသော ဥပုသ်သည် တို့အား 'ဥပုသ်သုံးခြင်း' ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-(အာနန္ဒာ=အဖုမာသကမင်း။) ဘုရား=ဥဒယမင်း။]

၅၂၂။ စေတိယဇာတ်

မြေမျိုခံရသည့် စေတိယမှင်းအကြောင်း

အသက် အသခေ်ျရှိကမ္ဘာဦးခေတ်မှစ၍ မင်းကိုးဆက် စိုးစံပြီးနောက်စေတိယတိုင်း သောတ္ထိယမြို့၌မင်းပြုသော 'ဥပဝရ' မင်းသည် တန်ခိုးလေးပါးနှင့် ပြည့်စုံ၏။ ကောင်းကင်သို့ ပျံနိုင်၏။ ကိုယ်မှ စန္ဒကူးနံ့ လှိုင်၏။ ခံတွင်းမှ ကြာညိုနံ့ လှိုင်၏။

ဘုရားလောင်းသည် ထိုမင်း၏'ကပိလ' မည်သော ပုရောဟိတ်ဖြစ်၍သူ့မှာ သားတယောက်ရှိ၏။ သူ့ညီကား 'ကောဂကလမ္ဗ'မည်၏။ မင်းသည် မိမိနှင့် ပညာသင်ဘက်ဖြစ်သော 'ကောဂကလမ္ဗ'အား ငယ်စဉ်က "ငါ့သည် မင်းဖြစ်သော် သင့်အားပုရောဟိတ် အရာကို ပေးအံ့" ဟု ကတိပြုခဲ့၏။ သူ မင်းဖြစ်သော်လည်း ဘုရားလောင်းကို ပုရောဟိတ် အရာမှ မချနိုင်။ နောက် ဘုရားလောင်းသည်မင်းအား "ကျွန်ုပ်သည်ရဟန်းပြုအံ့။ ကျွန်ုပ်၏ သားကိုပုရောဟိတ်ခန့်လော့" ဟု ပန်ကြား၍ သားကို ပုရောဟိတ်ခန့်စေ၏။ သူသည် သားကို အမှီပြု၍ မင်း၏ ဥယျာဉ်၌ပင် ရသေ့ရဟန်းပြုပြီး ဈာန်အဘိညာဉ်တို့ကို ဖြစ်စေလျက် နေ၏။

ကောရကလမ္မသည် မင်းအား "ကျွန်ုပ်သည်ပုရောဟိတ် ဖြစ်လို၏။ သို့သော် အနှယ်မှဆင်းသက်လာသည့် ရာထူးကို ဆက်ခံသည့် အစ်လိုကိုပယ်၍ ကျွန်ုပ်သည် ပုရောဟိတ်လုပ်ရန် မတတ်နိုင်" ဟု ဆို၏။ မင်းက "ခုနစ်ရက်မြောက် သောနေ့၌ ငါသည် မုသားဆိုပြီးသင့်ကိုအစ်ကိုပြု၍သင့်အစ်ကိုကိုညီပြုအံ့" ဟု ဆို၏။ ထိုစကားသည် တမြို့လုံးပျံ့နှံ့၏။ ထိုနေ့၌ လူတို့သည် မင်းယင်ပြင်၌ စုဝေးကြ၏။ မင်းသည်လာ၍ ထိုသူတို့၏အထက်ကောင်းကင်၌ ရပ်၏။ဘုရားလောင်းသည် ကောင်းကင်ဖြင့်လာပြီး မင်း၏ ရှေ့ ကောင်းကင်၌ပင် ထက်ဝက်ဖွဲ့ခွေနေလျက် မင်းအား မုသားမဆိုရန်ပြော၏။ မင်းသည် နားမထောင့်ဘဲ "အရှင်ဘုရား သင်သည် ညီတည်း။ ကောရကလမ္မသည် အစ်ကိုတည်း" ဟု ဆို၏။

ထိုခဏ၌မင်းသည် တန်ခိုးကွယ်၍ ကောင်းကင်မှ လျှောကျပြီး မြေ၌တည်၏။ နောက် ဘုရားလောင်းကိုဆဲရေး၍ ဒုတိယအကြိမ် မုသားဆိုသော်မြေသည် မင်းကို ဖမျက်အထိ မျို၏။တတိယအကြိမ်၌ ပုဆစ်အထိ၊ စတုတ္ထအကြိမ်၌ ခါးအထိ၊ ပဉ္စမ အကြိမ်၌ ချက်အထိ၊ ဆဋ္ဌမအကြိမ်၌ သားမြတ်အထိ မျို၏။ သတ္တမ အကြိမ်၌ကား မြေသည် အဝိစိမှ မီးလျှံနှင့်တကွ မင်းကို မျို၍ယူသွား၏။ "စေတိယမင်းသည် ရသေ့ကို ဆဲရေးပြီး မုသားဆို၍ အဝီစိသို့ ရောက်၏" ဟု လူတို့ ထိတ်လန့်ကြလေ၏။

သူတော်ကောင်းအား မုသားပြော၍ ဆဲရေးလျှင် မြေမျိုခံရတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—ဒေဝဒတ်=စေတိယမင်း။ ဘုရား=ကပိလပုဏ္ဏား။]

၄၂၃၊ ကုန္ဒိယဇာတ်

သရဘင်္ဂနှင့် နာရဒ ရသေ့နှစ်ပါးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည်ဖြဟ္မဒတ်မင်း၏ ပုရောဟိတ်၏ သားဖြစ်၍ 'ဇောတိပါလ'မည်၏။ သူသည် လေးအတတ်၌ တဖက်ကမ်းခတ် တတ်မြောက်ပြီး လေးအတတ်ပြရာတွင် မြားကို မြားချင်းဖျက်ဆီးသောအတတ်ကိုပြသဖြင့် နောင်တွင် 'သရဘင်္ဂ'ဟု တွင်၏။

သူသည် ကာမဂုဏ်တို့ကို စွန့်ပြီး တောသို့ဝင်၍ သိကြားမင်းပေးသည့် ကျောင်း၌ ရသေ့ ရဟန်းပြုပြီး ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ရသေ့

အပေါင်း ခြံရံလျက် နေ၏။ သူ၏တပည့်ကြီး ရသေ့ခုနစ်ပါးတို့သည်အသီးသီး ထိုနိုင်ငံ, ထိုထိုအရပ်၌ နေကြ၏။ ၎င်းတို့အနက် မဇ္ဈိမ ဒေသဝယ် လိုဏ်ဂူတခုတွင် တပါးတည်းနေသော 'နာရဒ' ရသေ့သည် အလွန်လှပသည့် ပြည့်တန်ဆာမ တဦးကိုမြင်၍ တပ်စွန်းသဖြင့် အစာမစား၀ဲ ခုနစ်ရက်လုံး အိပ်၏။ ဘုရားလောင်းသည် သွား၍ နာရဒအား ဆုံးမ သြ၀ါဒ အမျိုးမျိုးတို့ဖြင့် "ဣန္ဒြေ(ဣန္ဒြိယ)အလိုသို့ လိုက်သောသူအဘို့ ကာမတဏှာကြောင့် ပျက်စီးရကြောင်း၊ ငရဲသို့ လားရကြောင်း" အကျယ်တ၀င့် ဟောကြား၏။ နာရဒရသေ့သည် သံ၀ေဂရ၍ တဖန်စျာန်ကို ဖြစ်စေပြီး ဘုရားလောင်း နောက်သို့လိုက်၍ နေလေ၏။

တဏှာသည် သတ္တ၀ါတို့ကို နှိပ်စက်၍ ဆင်းရဲတွင်းသို့ ၎စ်ချတတ်၏။

[မြတ်စွာဘုရားသည် ဇေတ၀နကျောင်း၌ နေစဉ် "မယားဟောင်း ဖြားယောင်း၍ ငြိးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း–ငြိးငွေ့သောရဟန်း=နာရဒရသေ့။ မယားဟောင်း=ပြည့်တန်ဆာမ။ ဘုရား=သရဘင်္ဂရသေ့။]

၄၂၄၊ အာဒိတ္တဇာတ်

မင်းနှင့် ပစ္စေကဗုဒ္ဓါများအကြောင်း

သိ၀ိတိုင်း ရောရု၀မြို့ ဘုရားလေင်း 'မဟာရောရု၀'မင်းသည် တရားသဖြင့် မင်းပြု၍ သူဆင်းရဲ ခရီးသွား သူတောင်းစား၀ဏိဗ်းတို့အား အလှူကြီး ပေး၏။ ထိုအခါ မိဖုရားကြီးက သိလရှိသော ပစ္စေကဗုဒ္ဓါတို့အား အလှူပေးရန်မင်းကို တိုက်တွန်း၏။ မင်းသည် ၀န်ခံ၍ "ပစ္စေက ဗုဒ္ဓါတို့အား ပင့်ဆောင်လော့" ဟု ဆို၏။ မိဖုရားသည် ဥပုသ်ဆောက်တည်၍ မိမိသိလ၏တန်ခိုးဖြင့် ပစ္စေကဗုဒ္ဓါများနေသည့် မြောက်အရပ်သို့ရှေးရှုပြီး ပန်းခုနစ်ဆုပ်ကို ပစ်လွှတ်၏။ ထိုပန်းတို့သည် မြောက်အရပ်ရှိ ဟိမ၀န္တာ၀ယ် နန္ဒမူလိုဏ်ဂူ၌နေသောပစ္စေကဗုဒ္ဓါ ခုနစ်ပါးတို့အနီး၌ ကျ၏။

ပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်၍ အကြောင်းကိုသိသော် ကောင်းကင်ပြင့် ကြွလာပြီး နန်းတော်တံခါး၌ ဆင်းသက်ကြ၏။ မင်းသည် ထိုပစ္စေကဗုဒ္ဓါတို့ကို နန်းတော်သို့ပင့်ပြီး ခြောက်ရက်လုံး ဆွမ်းဖြင့်လုပ်ကျွေး၍ ခုနစ်ရက်မြောက်နေ့၌ ပရိက္ခရာတစုံစီ လှူဒါန်း၏။ အလှူ၏အဆုံး၌ ပစ္စေကဗုဒ္ဓါတို့၏ သံဃာ့ထေရ်သည် "အာဒိတ္တာသ္မိ အဂါရသ္မိ" အစချီသောဂါထာနှစ်ခုဖြင့်အနု

မောဒနာ ပြု၍ တရားဟောပြီးလျှင်ကောင်းကင်သို့ပျံ၍နန်းတော်ပြာသာဒ်အထွတ်ကို နှစ်ဖြာခွဲပြီး ပြန်ကြွသွား၏။ လူအပ်သော ပရိက္ခရာတို့လည်း အတူပျံ၍လိုက်၏။ ကြွင်းသော ပစ္စေကဗုဒ္ဓါတို့လည်း အလားတူ အနုမောဒနာပြု၍ ကောင်းကင်ဖြင့် ပရိက္ခရာတို့နှင့်တကွ ပြန်ကြွလေ၏။

သူတော်စင်အား ပေးလှူလျှင် အကျိုးကြီးစွာပေးနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် 'ဘုရားစသော မဟန်းများအား ကောသလမင်းကြီး ပေးလှူသော 'အသဒိသဒါန'ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ရာဟုလာမယ်တော် =မိဖုရား။ ဘုရား=မင်း။]

၄၂၅၊ အဌာနဇာတ်
သူဌေးနှင့် ပြည့်တန်ဆာမအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းနှင့် အလှန်အကျမ်းဝင်သော ဘုရားလောင်း ဗာရာဏသီသူဌေးသည် အိမ်ထောင်မပြုဘဲ ပြည့်တန်ဆာမတဦးနှင့် နေ့တိုင်း ငွေတထောင်ပေး၍ ပျော်ပါး၏။ တနေ့သဘ္ဒ သူသည် မင်းနှင့်အတူ စကားပြောစဉ်ပင် နေဝင်၍ အိမ်သို့ သွားခွင့်မရသဖြင့် ငွေတထောင် မပါဘဲ ထိုပြည့်တန်ဆာမထံ သွား၏။ ပြည့်တန်ဆာမက ငွေတထောင်တောင်းသော် သူက အကျိုးအကြောင်းပြောပြ၍ "နက်ဖြန်မှ ငွေနှစ်ထောင် ပေးပါ့အုံ"ဟု ဆို၏။ ပြည့်တန်ဆာမက "ကျွန်ုပ်သည် ငွေမရဘဲနှင့် သင်နှင့်မပျော်ပါးနိုင်။ ငွေတထောင် သွားယူခြေ" ဟု ဆို၏။ ဘုရားလောင်းက "နက်ဖြန်မှ ငွေနှစ်ထောင် ပေးပါအုံ" ဟု အကြိမ်ကြိမ်တောင်းပန်သော် ပြည့်တန်ဆာမသည် ကျွန်မတို့ကိုခေါ်၍ သူ့အား လည်၌ကိုင်ပြီး ဆဲထုတ်စေ၏။

ဘုရားလောင်းသည် မိန်းမတို့၏ကျေးဇူးမဲ့ကို အောက်မေ့လျက် စက်ဆုပ်ရွံရှာသဖြင့် အိမ်သို့မသွား, မင်းကို မပန်ကြားဘဲ ရဿေ့ရဟန်း ပြု၍ တောင်ခြေနေလျက် စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။ မင်းသည် ထိုအကြောင်းကိုကြား၍ ထိုပြည့်တန်ဆာမကို ခေါ်ပြီး "သင်သည် ငါ့အဆွေကို မခေါ်ဆောင်နိုင်လျှင် သင့်ကိုသတ်အုံ"ဟု ဆို၏။ ပြည့်တန်ဆာမသည် ကြောက်၍ ရထားစီးပြီး အခြံအရံဖြင့် ဘုရားလောင်း၏ နေရာကိုလိုက်ရှာ၏။ ထိုအရပ်သို့ရောက်သော် ရှိခိုး၍ "ကျွန်ုပ်၏ အပြစ်ကို သည်းခံပါ။ ကျွန်ုပ်နှင့်အတူ ရထားစီး၍ မြို့သို့လိုက်ခဲ့ပါ။ ကျွန်ုပ်၏ဥစ္စာအားလုံးကို ပေးပါ့အုံ"ဟု ဆို၏။ ဘုရားလောင်းသည် အကြိမ်ကြိမ် ပယ်၍ မလိုက်ပေ။ ပြည့်တန်ဆာမသည်

ရှိခိုးပြီး ပြန်၍ မင်းအား ထိုအကြောင်းကို လျှောက်ကြားပြီး အသက်ချမ်း သာပေးရန် တောင်းခံလေ၏။

မိန်းမမည်သည် လူထက် ငွေကိုသာ မက်မော၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ငြိုးငွေ့သော ရဟန်းတပါး ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–**အာနန္ဒာ**= **မင်း**။ ဘုရား=ရသေ့။]

၄၂၆၊ ဒီပိဇာတ်

သစ်နှင့် ဆိတ်မအကြောင်း

ဟိမဝန္တာနေ ဘုရားလောင်းစျာန်ရ ရသေ့သည် တနေ့သ၌ ချဉ်ဆားမှဲ့ဝဲ ရန် ရာဇဂြိုဟ်ပြည်သို့ သွား၍ တောင်များဖြင့် ဝန်းရံအပ်သော 'ဂိရိဗ္ဗဇ' အရပ်၌ ကျောင်းဆောက်၍နေ၏။ ထိုအရပ်၌ ဆိတ်ကုလားမတို့ ကျက်စား ကြ၏။ တနေ့သ၌ သစ်(ဒီပိ)တကောင်က ဆိတ်ကုလားမတကောင်ကို ဖမ်းယူ ၏။ ထိုဆိတ်ကုလားမက မြည်တမ်းလျက် အသက် ချမ်းသာပေးရန် အတန် တန် တောင်းပန်သော်လည်း သစ်သည် သူ့ကို သတ်၍စား၏။ဘုရားလောင်း သည် ထိုအဖြစ်အပျက်ကို မြင်လေ၏။

လောကကြီးကား ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ရှင်မောဂ္ဂလ္လာန် သီတင်း သုံးသော ထိုဂိရိဗ္ဗဇအရပ်၌ပင် သစ်၏ သတ်ခြင်းခံရသော ဆိတ်ကုလားမ တကောင်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**– ဆိတ်ကုလားမ–ဆိတ်ကုလားမ။ သစ်=သစ်။ဘုရား=ရသေ့။]



၄၂၇၊ ဂိဠာဇာတ်

အပျံလွန်သည့် လင်းတအကြောင်း

ဂိဠာကုဋ္ဌတောင်၌နေသော ဘုရားလောင်းလင်းတ(ဂိဠာ)မှာ 'သုပတ္တာ' အမည် ရှိ ဆုံးမခက်သော သားတဦး ရှိ၏။ သုပတ္တာသည် ကောင်းကင်၌ အလွန်မြင့်သော အရပ်သို့ပျံသဖြင့် ဘုရားလောင်းက "ဤမည်သောအရပ်ကို လွန်၍ မသွားနှင့်" ဟု ဆုံးမ၏။ တနေ့သ၌ သုပတ္တာသည် ဖခင်ပြောသည့် အရပ်ကို လွန်၍ အလွန်မြင့်သော အရပ်သို့ပျံသော် ဝေရမ္ဘာလေဦးသို့ရောက်၍ မှုန်မှုန် ညက်ညက်ကြေပြီး သေလေ၏။

ပညာရှိစကားကို နားမထောင်လျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေဂဉ် "ဆုံးမခက်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-ဆုံးမခက်သော ရဟန်း=သုပတ္တာလင်းတ။ ဘုရား=သုပတ္တာ၏ ဖခင်။]

၄၂၈။ **ကောသမ္ဗီဇာတ်**

[ဤဇာတ်သည် ဒီဃီတိကောသလ ဇာတ် (ဇာ-၁၇၁) နှင့် တူ၏။ ဤဇာတ်ကို ကောသမ္ဗီပြည်၌ဟော၍ 'ကောသမ္ဗီဇာတ်'ဟု ခေါ်၏။]

၄၂၉၊ **မဟာသုဝဏ္ဏဇာတ်**

ကျေးမင်းနှင့် သစ်ပင်ဝက်တို့အကြောင်း

ဘုရားလောင်း ကျေးမင်း (မဟာသုဝဏ္ဏ) သည် ဟိမဝန္တာဝယ် ဂင်္ဂါနားတွင် ရေသဖန်းပင်တပင်၌ ကျေးသားများစွာ အခြံအရံဖြင့် နေ၏။ သူသည် ထိုရေသဖန်းပင်၏ အသီးများကိုစား၍ အသီးများကုန်သော်အညွှန့် အရွက်၊ အခွံ၊ အပွေးတို့ကိုစားလျက်အလိုနည်းခြင်းဖြင့် ရောင့်ရဲလျက်နေ၏။ အရပ်တပါးသို့ မသွား။

သိကြားမင်းသည် သူ့ကိုစုံစမ်းလို၍ တန်ခိုးဖြင့် ထိုသစ်ပင်ကို ခြောက်စေပြီး အငုတ်မျှသာ ကျန်စေ၏။ လေတိုက်ခတ်သော် ထိုအငုတ်၏ ထိုဆို အပေါက်တို့မှ မြူတို့ထွက်ကုန်၏။ ဘုရားလောင်းသည် ထိုအမှုန့်တို့ကိုစား၍ ဂင်္ဂါရေကိုသောက်ပြီး ထိုသစ်ငုတ်၌သာနေ၏။ ထိုအခါ သိကြားမင်းသည် ဟာသ်ာမင်းအသွင်ဖြင့် လာ၍ အနီးရှိ သစ်ပင်ပေါ်၌ နားလျက် သူ့အား "အဘယ်ကြောင့် ဤသစ်ပင်ခြောက်ကို မစွန့်သနည်း" ဟု မေး၏။ ဘုရားလောင်းက "ငါသည် အံ့ဆွေခင်ပွန်း၏ ကျေးဇူးကို သိသဖြင့် ဤသစ်ပင်ကို မစွန့်" စသည်ဖြင့် အဆွေခင်ပွန်း၏ ကျေးဇူးကို ပြောကြား၏။

သိကြားမင်းသည် နှစ်သက်၍ သိုက်ကြား အသွင်ဖြင့် ထိုသစ်ငုတ်ကို တန်ခိုးဖြင့် အခက်အခဲတို့နှင့် ဖုံးလွှမ်း၍ ချိုသောအသီးများနှင့် ပြည့်စုံအောင် ပြုလုပ်ပေးလေ၏။

ပညာရှိသည် ရသမျှနှင့် ရောင့်ရဲပြီး နေလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အပ္ပန်ဆင်းရဲသည့် ပစ္စန္တရစ်ရွာတရွာကိုမှီ၍ နေသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အနုရုဒ္ဓါ=သိကြားမင်း။ဘုရား=ကျေးမင်း။]

၄၃၁၊ စူဠသုဝဏ္ဏဇာတ်

[ဤဇာတ်သည် မဟာသုဝဏ္ဏဇာတ် (ဇာ-၄၂၉) နှင့် တူ၏။]

၄၃၁၊ ဟရိတစဇာတ်

မိဖုရားနှင့် ရဿဝအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဟိမဝန္တာနေ 'ဟရိတစ' အမည်ရှိ ဘုရားလောင်း စျာန်ရ ရဿဝသည် တနေ့သ၌ ဗာရာဏသီပြည်သို့ သွား၍ မင်း၏ဥယျာဉ်၌ နေ၏။ မင်းသည် သူ့အား နေ့စဉ် နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေး၍ ဥယျာဉ်၌နေစေ၏၊ တနေ့သ၌ မင်းသည် ခိုးသူတို့ဖျက်ဆီးသော ပစ္စန္တရစ်ကို ငြိမ်းစေရန်သွားသော် မိဖုရားသည် ဘုရားလောင်းကို ဆွမ်းဖြင့် လုပ်ကျွေး၏။

တနေ့သ၌ မိဖုရားသည် တန်ဆာ ဆင်၍ ဘုရားလောင်း အလာကို မျှော်လျက် ညောင်စောင်း၌လျောင်း၏။ဘုရားလောင်းသည်ကောင်းကင်ဖြင့်

လာ၍ လေသွန်တံခါးမှ ဝင်လာသော် မိဖုရားသည် လျင်စွာ ထသဖြင့် ထမီသည် ကိုယ်မှ လျောကျ၏။ ဘုရားလောင်းသည် မျိုးမတူအာရုံကိုမြင်၍ ကိလေသာ ထကြွလာပြီး မိဖုရားလက်ကို ဆွဲ၍ ကန့်လန့်ကာ အတွင်း၌ မိဖုရားနှင့်ပေါင်းဖော်ပြီး ဆွမ်းစား၍ ပြန်၏။ သူသည် နေ့စဉ် ဤသို့ ပြု၏။ ဤအမှုသည် မြို့၌ပျံ့နှံ့၏။အမတ်တို့သည်ထိုအကြောင်းကိုမင်းထံလျှောက်စာ ဆက်၏။ မင်းကား မယုံ။ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းစေပြီး ပြန်လာ၍ မိဖုရားအား "သင်သည် ရသေ့နှင့်ပေါင်းဖော်သည် မှန်သလော" ဟုမေး၏။ မိဖုရား**က**"မှန်ပါ၏"ဟုဆို၏။မင်းသည်မယုံ၍ ဘုရားလောင်းထံသွားမေး၏။ ဘုရားလောင်း**က**"မှန်၏"ဟု ဝန်ခံ၍ ကိလေသာ၏ အားကြီးပုံကို ပြောကြား၏။ မင်း**က**"သီလကျေးဇူးကို ဖျက်ဆီးတတ်သော ထိုရာဂကို ပယ်ပါလော့"ဟု တိုက်တွန်း၏။ ဘုရားလောင်းသည် သတိရပြီး **ကာမ**တို့၌အပြစ်ကို မှတ်၍ တဖန် ဈာန်ကိုဖြစ်စေပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေလျက် မင်းအား တရားဟောပြီး ဟိမဝန္တာသို့ သွားလေ၏။

ကာမဂုဏ်သည် ဈာန်ရဟုဂ္ဂိုဠ်ကိုပင် ပျက်စီးစေတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–အာနန္ဒာ=မင်း။ ဘုရား=ရသေ့။]

၄၃၂။ ပဒကုသလမာဝကဇာတ်

ခိုးသူခြောက်ခံ လိုက်နိုင်သူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် တောဝယ် လိုက်ဂူတခု၌ လူသားပုဏ္ဏားတဦးနှင့် ပေါင်းဖော်၍ ရသော 'အာဿမုခီ' ဘီလူးမ၏သားဖြစ်၏။ ဘီလူးမသည် သားနှင့်လင်ကိုလိုက်ဂူတွင်း၌ ထားခဲ့ပြီး တံခါးကို ကျောက်ဈာဖြင့်ပိတ်၍အစာရှာထွက်၏။ဘုရားလောင်းသည်အရှယ် ရောက်သော် တနေ့သ၌ ကျောက်ဖျာကို ဖယ်ပြီး အဖကို ထမ်းပြေး၍ ဘီလူးမ၏ နယ်အဆုံး မြစ်ကိုကူးဖြတ်၏။

ထိုခဏ၌ ဘီလူးမသည် အစာရှာရာမှပြေးလာ၍ မြစ်၏ တဖက်ကမ်းသို့ ရောက်နေသော သားနှင့် လင်ကို မြင်သော် ပြန်လာရန် အကြိမ်ကြိမ် တောင်းပန်၏။ မရသော် ဘီလူးမသည် သူအလှန်ချစ်သည့်သားအား တန်ခိုးကြီး၍ တန်ဖိုးမဖြတ်နိုင်သော 'စိန္တာမဏိ'မန္တရားကို သင်ပေး၏။ ထိုမန္တရား၏

တန်ခိုးဖြင့် ခိုးအပ်သောဥစ္စာကို ခိုးသူ၏ခြေရာအစဉ်သို့ လိုက်၍ သိနိုင်၏။ ဘုရားလောင်းသည် ထိုမန္တရားကို သင်ယူ၍ အဖန့်အတူ ဗာရာဏသီမင်းထံ သွားပြီး ထိုမန္တရား အကြောင်းကို ပြောကြား၍ တလ တထောင်ဖြင့် ခစား၏။

တနေ့သ၌ မင်းနှင့် ပုရောဟိတ်တို့သည် ထိုမန္တရား၏ အစွမ်းကို သိလို၍ ရွှေတိုက်မှ ဥစ္စာရတနာကိုယူပြီး ပြာသာဒ်မှဆင်း၍ ထိုထိုနေရာကို လှည့်ပတ်သွားပြီး နန်းတွင်း၌ ရောက်ထဲဆင်း၍ထား၏။ နောက်တနေ့၌ "နန်းတော်မှ ရတနာကို ခိုးသွား၏"ဟု အုတ်အုတ်ကျက်ကျက်ဖြင်၏။ မင်းက ထိုဥစ္စာကို ရှာခိုင်း၍ ဘုရားလောင်းသည် အမှိုက်ရှိခိုးပြီး မန္တရားကိုမန်း၍ ပြာသာဒ်၌ ရပ်လျက်ပင် ထိုခိုးသူနှစ်ဦး၏ခြေရာများကဲ့မြင်၏။ ထိုသူတို့သွားသည့်လမ်းစဉ် အတိုင်းသွားပြီး ထိုရောက်မှ ဥစ္စာကိုယူ၍ မင်းအား ဆက်၏။ မင်းက "ခိုးသူတို့ကို ရှာပေးလော့"ဟု ဆို၏။ ဘုရားလောင်းသည် "ခိုးသူတို့ကား မင်းနှင့် ပုရောဟိတ် ဖြစ်ကြ၏"ဟု သိသော်လည်း အမည် မဖော်လိုသဖြင့် ဥပမာရှစ်ခုကိုပေး၍ "ခိုးသူသည်မင်းဖြစ်ကြောင်း"သွယ်ဝိုက်၍ အကြိမ်ကြိမ် ပြော၏။ သို့သော် မင်းက "ငါ့အား ခိုးသူတို့ကို ရှာပေးလော့"ဟုသာ ပြောနေ၏။

ထိုအခါ ဘုရားလောင်းသည် မင်းအား လူထုအစည်းအဝေးကို ခေါ်စေ၍ ပရိသတ် ရှေ့မှောက်၌ "ခိုးသူတို့ကား တခြားမဟုတ်။ မင်းနှင့် ပုရောဟိတ်တို့တည်း။ ထိုခိုးသူနှစ်ဦးကို ဖမ်းကြလော့"ဟု ဆို၏။ လူတို့သည် မင်းနှင့်ပုရောဟိတ်ကို ဖမ်း၍ ရိုက်သတ်ကြပြီး ဘုရားလောင်းကို မင်းမြှောက်ကြလေ၏။ ဘုရားလောင်းသည်ခြေရာခံရာ၌ လိမ္မာသဖြင့် "ပဒကုသလလုလင်" ဟု အမည်တွင်လေ၏။

မန္တာန်ဟူသည် ရိုသေယုံကြည်စွာ ရွတ်ဖတ်လျှင် အကျိုးကြီး၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ခြေရာ၌ လိမ္မာသော သူငယ်တဦးကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-ကဿပ=အဖပုဏ္ဏား။ဘုရား=ပဒကုသလလုလင်။]

၄၃၃၊ လောမကဿပဇာတ်

ရဿေ့နှင့် မင်းသမီးအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်၏ သားဖြစ်၍ 'လောမကဿပ'မည်၏။ သူသည် ရဿေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်

ဟိုကို ဖြစ်စေပြီး ပြင်းထန်သော အကျင့်ကို ကျင့်လျက် ဟိမဝန္တာဌ်နေ၏။ သူ့သိလကိုဖျက်ဆီးလိုသော သိကြားမင်းသည် ဗာရာဏသီမင်း၏ အိပ်ခန်းသို့ ညအခါ သွား၍ မင်းအား "သင်သည် ဧကရာဇ်မင်း ဖြစ်လိုလျှင် သင့်သမီး 'စန္ဒာဒေဝီ'ကို ဟိမဝန္တာသို့စေလွှတ်၍ 'လောမကဿပ' ရသေ့ကို ပင့်ပြီး ခြေလေးချောင်း သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်လော့" ဟု ဆို၏။

မင်းသည် သိကြားမင်းဆိုတိုင်း စန္ဒာဒေဝီနှင့်အတူ 'သေယျ' အမတ်ကို စေလွှတ်၏။ ဘုရားလောင်းသည် စန္ဒာဒေဝီကိုမြင်လျှင် တပ်စွန်း၍ စျာန်မှ ယုတ်၏။ အမတ်ကသို၍ "အရှင်ဘုရား၊ သင်သည် လိုက်လာ၍ ယဇ်ပူဇော်အံ့။ မင်းသည် ဤမင်းသမီးကို သင့်အား ပေးလတံ့" ဟု ဆို၏။ ဘုရားလောင်းသည် ဝန်ခံ၍ ထိုသူတို့နှင့်အတူလိုက်သွား၏။ သူသည် မင်းက ခိုင်းသည့်အတိုင်း ခြေလေးချောင်း သတ္တဝါအားလုံးကို ဆောင်၍ ယဇ်ပူဇော်ရန် အားထုတ်၏။ စုံဝေးရောက်လာသည့် လူတို့သည် ဆင်ကိုသတ်ရန်အားထုတ်သည့် ဘုရားလောင်းအား "လောမကဿပ၊ သင်သည် အဘယ့်ကြောင့် ဤမသင့်သော အမှုကိုပြုသနည်း" ဟု ဆို၍ ငိုကြွေးကြ၏။

ထိုအခါ ဘုရားလောင်းသည် ထိတ်လန့်ပြီး "ငါသည် ယုတ်မာသည့်အမှုကို ပြု၏" ဟု သံဝေဂရ၏။ ထိုခဏ၌ သူသည် ကသိုဏ်းကို နှလုံးသွင်းပြီး ပျော်သောစျာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေလျက် မင်းအား ဆုံးမပြီး မိမိနေရာသို့ ပြန်လေ၏။

ကိလေသာသည် သတ္တဝါတို့ကို နှိပ်စက်ပြီး ဆင်းရဲတွင်းပစ်ချတတ်၏။

မြို့တော်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ကိလေသာကြောင့် ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ဓပါဠိ။ သာရိပုတ္တရာ=အမတ်။ ဘုရား=ရသေ့။]

၄၃၄၊ စက္ကဝါကဇာတ်

စက္ကဝါက်ငှက်နှင့် ကျီးကန်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း စက္ကဝါက်ငှက် (စက္ကဝါက)သည် ဟိမဝန္တာဝယ် ပဒုမာကြာအိုင်ကြီးတခုကိုမှီ၍ မယားနှင့် အတူနေ၏။ ထိုအခါ လျှပ်ပေါသည့် ကျီးတကောင်သည် မြို့၌ အသား, အံကောင်ပုပ်တို့ကို စား၍ မရောင့်ရဲနိုင်ဘဲ သစ်သီးများကိုစားလို၍ ထိုအိုင်ကြီးသို့ ရောက်လာ၏။ သူသည် ထိုစက္ကဝါက်တို့ကိုမြင်လျှင် "သင်တို့သည်

ရွှေအဆင်းရှိ၍ အလွန်အဆင်းလှကြ၏။ အဘယ်အစာကို စားကြသနည်း"ဟု မေး၏။

ဘုရားလောင်းက"ငါတို့သည် သက်မဲ့မျှော်တို့ကိုစား၏"ဟု ဆို၏။ ကျီးက "ငါသည် လူတို့၏ အစားအစာ, အသားများကို စားရလျက် သင်တို့ကဲ့သို့ အဆင်းမလှ"ဟုဆို၏။ ဘုရားလောင်းက "သင်သည် မသန့်ရှင်းသော အစားအစာ, အသားပုပ်တို့ကိုစား၏။ သူတပါးကိုနှိပ်စက်၍ ထိတ်လန့်စွာဖြင့်စား ရ၏။ သူတပါး၏ ဆဲရေးခြင်း၊ ကဲ့ရဲခြင်းကို ခံရသော သတ္တဝါသည် အဆင်းကောင်းကိုမရ။ အဆင်းမည်သည် အာဟာရအပြင် ဥတု, ကံ, စိတ်ကြောင့်လည်း ဖြစ်၏"စသည်ဖြင့် ကျီးကို ကဲ့ရဲ့ပြောဆိုလေ၏။

လူမိုက်သည် ရသမျှနှင့် မရောင့်ရဲနိုင်၍ စိတ်ဆင်းရဲရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အာဟာရ၌ မရောင့်ရဲသော လော်လည်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါ့ဒ်း– လော်လည်သောရဟန်း= ကျီး။ရဟုလာမယ်တော်= စက္ကဝါကင်္ဂက်မ။ဘုရား=စက္ကဝါကင်္ဂက်။]

၄၃၅၊ ဟလိဒ္ဒိရာဇဇာတ်

မိန်းမပျိုနှင့် ရဿေငယ်အကြောင်း

[စူဠနာရဒဇာတ် (ဇာ- ၄၇၇) လာ အတိုင်း] ဘုရားလောင်း ရဿေသစ်သီးရှာသွားစဉ် မိန်းမငယ်တဦးသည် တောကျောင်းသို့လာ၍ ရဿေငယ်၏သီလကိုဖျက်ဆီးပြီး ရဿေငယ်အား လူပြည်သို့ သွားကြရန် ဖြားယောင်းပြောဆို၏။ ရဿေငယ်က"အဖကိုပန်ကြားပြီးမှလိုက်အံ့"ဟု ဆို၏။ ထိုမိန်းမငယ်က"အဖကိုပန်ကြားပြီးလိုက်ခဲ့လော့"ဟုဆို၍သွားပြီး တနေရာ၌ စောင့်နေ၏။ ရဿေငယ်သည် ပြန်လာသည့်ဖခင်ရဿေအား အလုံးစုံ ပြောကြားပြီး"ကျွန်ုပ်သည် လူပြည်၌နေသော် အဘယ်သူ့ကိုမှီဝဲ ဆည်းကပ်ရပါအံ့နည်း"ဟု မေး၏။ သူ့အား အဖရဿေက သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးများကိုထုတ်ဖော်၍ ဆုံးမစကား ပြောကြားပြီး "ဤ ဂုဏ်ကျေးဇူးများနှင့် ပြည့်စုံသူကို မှီဝဲ ဆည်းကပ်လော့။ မျောက်ကဲ့သို့, နှုန်းဆိုးရေ(ဟလိဒ္ဒိရာဂ)ကဲ့သို့ မဘည်သောစိတ်ရှိသည့်သူတို့ကို ရှောင်လော့"ဟု ဆို၏။

ရဿေငယ်က "ကျွန်ုပ်သည် လူပြည်သို့သွားသော် ဖခင်နှင့် တူသော ပညာရှိများကို မရလတံ့။ ဖခင်ထံမှာပင်နေအံ့"ဟု ဆိုပြီး ဖခင်ပြောကြား

သည့်အတိုင်း တရား အာဃာတ်၍ မကြာမီ အဘိညာဉ် သမာပတ်တို့ကို ရလေ၏။

မိန်းမမည်သည် သူတော်စင်ကိုပင် ဖြားယောင်းမျက်ဆီးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အပျိုကြီးဖြားယောင်း၍ ငြိုးငွေ့သော ရဟန်းတပါးကို အခြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ ဇာတ်ပေါင်း–ငြိုးငွေ့သောရဟန်း=ရသေ့ငယ်။ ဘုရား=အဖရသေ့။]

၄၃၆၊ သမုဂ္ဂဇာတ်

မိန်းမမျိုနှင့် ရက္ခိုသ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း စျာန်ရ ရသေ့သည် ဟိမဝန္တာ၌ နေ၏။ သူ့ကျောင်းအနီး ဂူတခု၌နေသော ဒါနောရက္ခိုသ် တဦးသည် သူ့နေရာအနီးဖြင့် အခြံအရံနှင့်အတူ သွားသော အမျိုးသမီး တဦးကို မြင်၍ တပ်စွန်းသဖြင့် ဖမ်းပြီး သူ့ဂူသို့ ဆောင်၍ မယားပြုပြီး နေ၏။ သူသည် ထိုမိန်းမပျိုကို ကြုတ်(သမုဂ္ဂ)ထဲထည့်ပြီး ကြုတ်ကို မျိုချ ဝမ်းဖြင့်လှယ်၏။ သူသည် တနေ့သ၌ ရေကန်တခုသို့သွား၍ ကြုတ်ကို အန်ပြီး ထိုမိန်းမကိုထုတ်၍ ရေချိုး၊ နံ့သာလိမ်း၊ တန်ဆာဆင်ပေးပြီး ထိုကြုတ် အနီး၌ ထားလျက် ရေဆိပ်မှ ခပ်ဝေးဝေးသွားကာ ရေချိုးနေ၏။

ထိုမိန်းမသည် သန်လျက်ကိုလှယ်၍ ကောင်းကင်ဖြင့် သွားသည့် ဝိဇ္ဇာခိုရ် တဦးကိုမြင်၍ လက်ယပ်ခေါ်၏။ ထိုဝိဇ္ဇာခိုရ်သည် လျင်စွာလာသော် ထိုမိန်းမ သည် သူ့ကို ကြုတ်ထဲထည့်၍ကြုတ်နှာခေါင်းရက္ခိုသ်အလာကိုစောင့်မျှော်နေ၏။ ရက္ခိုသ်လာသော်ထိုမိန်းမသည်ကြုတ်ထဲဝင်ပြီးဝိဇ္ဇာခိုရ်ပေါ်၌အိပ်၍ အဝတ် ကိုခြုံ၏။ ရက္ခိုသ်သည် ကြုတ်ကိုမျိုချ ဘုရားလောင်းကို ဖူးမြင်ရန် သွား၏။ ဘုရားလောင်းသည် ဒိဗ္ဗစက္ခုဖြင့် ထိုအကြောင်းကို သိ၍ "သင်တို့သုံးယောက် ထိုင်ကြလော့" ဟု ဆို၏။ ရက္ခိုသ်က "ကျွန်ုပ် တဦးတည်းသာ လာပါ၏။ သုံးယောက်ဟု အဘယ့်ကြောင့် ဆိုသနည်း" ဟု မေး၏။

ဘုရားလောင်းက "သင့်ဝမ်းထဲရှိသော မိန်းမသည် ဝိဇ္ဇာခိုရ်နှင့် ပျော်ပါး နေ၏" ဟု ဆို၏။ ရက္ခိုသ်သည် ကြောက်၍ ကြုတ်ကို လျင်စွာ အန်ပြီး ဖွင့်ကာမျှ၌ ထိုဝိဇ္ဇာခိုရ်သည် မန္တရားကိုမန်းပြီး သန်လျက်ကိုင်၍ ကောင်း ကင်သို့ ပျံ၏။ ရက္ခိုသ်သည် မိမိအသက်ကို ကယ်သည့်အတွက် ဘုရား လောင်းအား ချီးမွမ်းပြီး "မိန်းမမည်သည် ငါကဲ့သို့ ဝမ်းဖြင့် လှယ်ထား

သော်လည်း စောင့်ရှောက်ရန် မတတ်နိုင်”ဟု ဆိုပြီး ထိုမိန်းမကို လွှတ်၍ ပြန်သွားလေ၏။

မိန်းမမည်သည် ဝမ်းထဲထည်ဖြီး စောင့်ရှောက်သော်လည်း မရနိုင်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ‘ငြိုးငွေ့သော် ရဟန်းတပါးကို အကြောင်းပြု၍’’ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား=ဒီဗွဲးကွဲ ရသေ့။]

၄၃၇၊ ပူတိမံသဇာတ်

မြေခွေးနှင့် ဆိတ်အကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက်ဘုရားလောင်းသည် ဟိမဝန္တာတော၌ ရဂ္ဂစိုးနတ် ဖြစ်၏။ ထိုတောအဝဲ၌ တောင်လိုဏ်ဂူတွင် ဆိတ်များစွာ နေကြ၏။ ထိုနေရာအနီးဝယ် လိုဏ်တခု၌ ‘ပူတိမံသ’မည်သော မြေခွေးသည် မယားနှင့်အတူ ကျက်စား၍ ထိုဆိတ်တို့ကို ညပါယ်ဖြင့် နေ့တိုင်း တကောင်စီသတ်၍ စားရာ ဆိတ်မတကောင်သာ ကျန်၏။ ထိုဆိတ်မသည် ပညာရှိ၍ ညပါယ်၌ လိမ္မာသဖြင့် ၎င်းကို ထိုမြေခွေးလင်မယားတို့ ညပါယ်ဖြင့် မသတ်နိုင်။

မြေခွေးသည် မယားအား ထိုဆိတ်မနှင့် မိတ်ဖွဲ့ခိုင်းပြီး ဟန်ဆောင်၌ သူသည် သေဟန်ဆောင်၍ အိပ်လျက် ထိုဆိတ်မကို သူ့ထံ ခေါ်လာခိုင်း၏။ သူတို့နှစ်ဦး လာသော် မြေခွေးသည် သူ့အနီးသို့ ရောက်လာ မရောက်လာကို သိလိုဇော်ဖြင့် ဦးခေါင်းထောင်၍ ကြည့်၏။ ဆိတ်မသည် ထိုမြေခွေး၏ အမူအရာကို မြင်လျှင် မိမိအရပ်သို့ ပြေး၍ “ငါ့မှာ မိတ်ဆွေ မြေခွေးများစွာ ရှိ၏။ ထိုမြေခွေးတို့ကို စေလွှတ်၍ သင်တို့ လင်မယားကို သတ်စားအုံ”ဟု ခြိမ်းခြောက်၏။ ထိုအခါမှ စ၍ ထိုမြေခွေး,လင်မယားတို့သည် ထိုဆိတ်မနေရာသို့ မသွားဝံ့ကုန်။

ဇရန္ဒြေကို မစောင့်ထိန်းလျှင် အကျိုးယုတ်၍ ပျက်စီးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ‘‘ဣန္ဒြေများကို မစောင့်ရှောက်သောရဟန်းတို့ကို အကြောင်းပြု၍’’ ဤဇာတ်ကို ဟော၏။ ။။ဇာတ်ပေါင်း-ဘုရား=ရဂ္ဂစိုးနတ်။]

၄၃၈၊ တိတ္တိရဇာတ်

ရသေ့ပျက်နှင့် ခါအကြောင်း


ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းခါ (တိတ္တိရ)သည် ဟိမဝန္တာ၌ နေ၏။ ထိုအခါ ဗာရာဏသီပြည်မှ ဒိသာပါမောက္ခ ဆရာသည်

မြို့၌ ထွေရာလေးပါး ကိစ္စများသဖြင့် တပည့်လုလင်တို့ကို ဟိမဝန္တာသို့ခေါ်၍ ဘုရားလောင်းခါ၏နေရာအနီး၌ကျောင်းဆောက်နေလျက် ဗေဒင်သင်ပေး၏။

ထိုကျောင်း အနီး၌ နေကြသော သားငယ် နှစ်ကောင်နှင့် တကွ သော ဖုတ်မနှင့် ကျား,ခြသေ့ နှစ်ဦးတို့သည် ရံခါ ထိုဆရာထံလာ၍ ခစား ကြ၏။ ခါသည် ဆရာနှင့် တပည့်တို့၏ ဗေဒင်ရွတ်သံ, သရဇ္ဈာယ်သံကို အမြဲ ကြားနာ၏။ လုလင်တို့သည် ခါနှင့် အကျမ်းဝင်ကြ၏။ နောက်ဆရာကွယ်လွန် သော် ခါသည် လုလင်များအား ဗေဒင်တို့ကို သင်ပေး၏။ ကျား ခြသေ့တို့ သည် ရံခါ ခါထံလာ၍ ခစားကြ၏။ တနေ့သ၌ ထိုလုလင်တို့သည် ခါအား ကျောင်းကိုအပ်၍ မြို့၌ဖြစ်သော ပဲသဘင်ကိုကြည့်ရန် သွားကြ၏။ ထိုအခါ ရသေ့ပျက်တဦးသည် ထိုကျောင်းသို့ ရောက်လာပြီး ခါနှင့်ဖုတ်မ၏သားငယ် နှစ်ကောင်တို့ကို သတ်စား၏။ ဖုတ်မသည် ညချမ်းအခါ၌ အစာရှာရာမှ ပြန်လာ၍ သားငယ်တို့ကို မမြင်သော် တုန်လှုပ်လျက် ရှာဖွေ၏။ ရုက္ခစိုး နတ်က ဖုတ်မအား "ထိုရသေ့ပျက်က ခါနှင့် သားငယ်တို့ကို သတ်စား၏"ဟု ဆို၏။ ဖုတ်မသည် ခါ၏ မိတ်ဆွေ ကျား ခြသေ့တို့ထံ သွား၍ ထိုအကြောင်းကို ပြောကြား၏။ ကျားသည် သွား၍ ထိုရသေ့ကို ဖမ်းယူ လာပြီး ခြသေ့ရှေ့တွင် ကိုက်သတ်၏။ လုလင်တို့သည် ပြန်လာ၍ ခါပညာရှိ ကို မမြင်သော် ငိုကြွေးပြန်ကြလေ၏။

သူတပါးကိုဖျက်ဆီးသည့် လူမိုက်သည် တနေ့တွင် ပျက်စီးရမည်သာ။

[မြတ်စွာဘုရားသည် ဂိဇ္ဈကူဋ်တောင်၌ နေစဉ် "ဘုရားအား သတ်ရန် အားထုတ်သော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ် ပေါင်း–ဒေဝဒတ် = ရသေ့ပျက်။ ဥပဟလဝက်=ဖုတ်မ။ မောဂ္ဂလ္လာန်=ကျား။ သာရိပုတ္တရာ=ခြသေ့။ ကဿပ=ဒီသာပါမောက္ခ။ဘုရား=ခါပညာရှိ။]



၄၃၉၊ စတုဒ္ဒါရ(မဟာမိတ္တဝိန္ဒက)ဇာတ်

သားမိုက်မိတ္တဝိန္ဒကအကြောင်း

ကဿပဘုရားလက်ထက် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဋ္ဌေးမှာ 'မိတ္တဝိန္ဒက'မည်သော သားမိုက်တဦး ရှိ၏။ မိဘတို့ကား သောတာပန် ဖြစ်၏။ နောက် အဖ ကွယ်လွန်သော် အမိသည် ဥစ္စာကို စီရင်၏။ အမိက အလှူပေး, သီလစောင့်,ဥပုသ်ဆောက်တည်ရန် ဆုံးမသော် သားက "ကျွန်ုပ်ကို မဆုံးမနှင့်၊ ကျွန်ုပ် အလိုရှိတိုင်း ပြုအံ့"ဟု ဆို၏။

လပြည့်နေ့တနေ့၌ အမိက "ယနေ့ ကျောင်းသို့သွားပြီး ဥပုသ်စောင့်လျှင် သင့်အား ငွေတထောင်ပေးမည်"ဟု ဆို၏။မိတ္တဝိန္ဒကသည်ငွေကိုလိုချင်သဖြင့် ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည်ပြီး ညအခါ ဇရပ်တခု၌ အိပ်၍ နောက်တနေ့ နံနက်စောစောပြန်လာ၏။ သူသည် အမိထံမှ ငွေတထောင်ရ၍ ကုန်သွယ်မှုပြုသော် မကြာမီပင် ငွေ တသိန်းနှစ်သောင်း ရ၏။ သူသည် လှေဖြင့် ကုန်ရောင်းသွားမည် ပြုသော် သူ့လက်ကို ဆွဲကိုင်၍ထားသည့် အမိကို ရိုက်နှက်လွှဲပြီး လှေဖြင့် သမုဒ္ဒရာသို့သွား၏။ ခုနစ်ရက်မြောက်၌ လှေသည် သူ့ကြောင့် သမုဒ္ဒရာ၌ ရပ်၏။

သူယုတ် စာရေးတံခြခြင်းကို ပြုသော် သူ့လက်၌သာ စာရေးတံ သုံးကြိမ်ကျ၏။ လူတို့သည် သူ့အား ဖောင်ပေါ်တင်၍ သမုဒ္ဒရာ၌ ချထားခဲ့ပြီး ခရီးဆက်သွားကြ၏။ သူသည် ဖောင်၌အိပ်လျက် ကျွန်းတခုသို့ ရောက်သွား သော် 'ခုနစ်ရက် ဆင်းရဲခံရ၍ ခုနစ်ရက်ချမ်းသာကို ခံစားရသော' ဝေမာနိက ပြိတ္တာမလေးယောက်နှင့် ခုနစ်ရက်လုံး မေ့လျော်၏။ ခုနစ်ရက်မြောက်၌ ထိုပြိတ္တာမတို့ ဆင်းရဲကိုခံရန် သွားကြ၏။ ထို့နောက် သူသည် တဏှာအလိုသို့ လိုက်၍ဖောင်၌အိပ်လျက်ဆက်သွားသော် ကျွန်းတခုသို့ရောက်၍ ဝေမာနိက ပြိတ္တာမရှစ်ဦးနှင့်ဌင်း၊ နောက်ကျွန်းတခုသို့ရောက်၍ ဝေမာနိက ပြိတ္တာမတဆဲ့ခြောက်ဦးနှင့်ဌင်း၊ နောက်တကျွန်းသို့ရောက်၍ ဝေမာနိက ပြိတ္တာမသုံးဆယ့်နှစ်ဦးနှင့်ဌင်း ခုနစ်ရက်စီ မေ့လျော်၏။ နောက် ဆက်သွားသော်

တံခါးလေးခု (စတုဒ္ဒါရ)ရှိ၍ သံတံတိုင်းကာရံထားသော မြို့တွင်းဥ္စ သင်ဓုန်းစက်ကို ဦးခေါင်းပေါ်ရွက်လျက် သွေးများပန်းထွက်ကာ ဆင်းရဲခံနေရသော သတ္တဝါတို့၏နေရာ ဉာဏဒဂရဲသို့ ရောက်၏။ သူသည် ထိုသင်ဓုန်းစက်ကို ပဒုမာကြာပန်းဟု ထင်မှတ်၍ ငရဲသားတဦးအား "ဤပဒုမာ ကြာပန်းကို ငါ့အားပေးလော့"ဟု အကြိမ်ကြိမ် တောင်းယူ ရရှိပြီး သင်ဓုန်းစက်ကို ဦးခေါင်းပေါ်ရွက်လျက် ဆင်းရဲကို ခံစားရ၏။

နောက် သူသည် ဉာဏဒဂရဲသို့ အခြံအရံဖြင့် လာ၍ လှည့်လည်သော ဘုရားလောင်း ရှက္ခစိုးနတ်ကို မြင်၍ "အဘယ် မကောင်းမှုကံကြောင့် ကျွန်ုပ်သည် ဤဆင်းရဲကို ခံရသနည်း"ဟု မေး၏။ ဘုရားလောင်းက "တဏှာအလိုဆို လိုက်ခြင်း၊ မိဘစကား နားမထောင်ခြင်း၊ အမိကို ပုတ်ခတ်ခြင်းဟူသော အာဏာလိုက်ကံကြောင့် ဤဆင်းရဲမှ မလွတ်နိုင်"ဟု ဆို၍ ပြန်သွားလေ၏။

မိဘကိုပြစ်မှားသည့် ငမိုက်သားသည် ငရဲရောက်မည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဆုံးမခက်သော ရဟန်းတပါးကို အကြောင်းပြု၍"ဤဒဿတ်ကို ဟော၏။ ။ဇာတ်၉.၂၄း-ဆုံးမခက်သောရဟန်း = မိတ္တဝိန္ဒက၊ ဘုရား=နတ်သား။]

၄၄၀၊ ကဏ္ဍဇာတ်

သိကြားမင်းနှင့် ရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာနေ ဘုရားလောင်း 'ကဏ္ဍ' ရသေ့သည် နဘဲပင်(သခွားပင်)ရင်း၌ ထိုအပင်၏ အသီးအရွက်အပွင့်အပေွးတို့ကိုသာ စားလျက် အလွန် ခိုးခြံစွာနေ၏။ သိကြားမင်းသည် သူ့ထံလာ၍ တရားနာပြီးသော် အလွန်နှစ်သက်သဖြင့် "အလိုရှိသော ဆုခြောက်ခုကို တောင်းလော့"ဟု ဆို၏။

ဘုရားလောင်းသည် သိကြားမင်း၏ စည်းစိမ်ကို အလိုမရှိကြောင်းသိစေလို၍ ပစ္စည်းလေးပါးနှင့် ပတ်သက်သည့်ဆုများကို မယူဘဲ စျာန်နှင့် ပတ်သက်သည့် ဆုများကိုသာ ယူ၏။ သိကြားမင်းသည် နှစ်သက်၍ ထိုနဘဲပင်ကို ချို့သောအသီး သီးအောင်ပြု၍ ဘုရားလောင်းကို ရှိခိုးပြီး ပြန်သွားလေ၏။

ဖညာရှိသည် ရသမျှနှင့် ရောင့်ရဲပြီး လောဘကို နှိမ်နင်းတတ်၏။

[မြတ်စွာဘုရားသည် ကပ်လပတ်ပြည် နိဂြောဓာနုံကျောင်း၌ နေစဉ် "မိမိဖြစ်ခဲ့ဘူးသော 'ကဏ္ဍရသေ့'ဘဝကို အောက်မေ့၍ 'ပြီးတော်မူခြင်း' ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အနုရုဒ္ဓါ=သိကြားမင်း။ဘုရား=ကဏ္ဍရသေ့။]

၄၄၁၊ စတုပေါသထိကဇာတ်

[ဤဇာတ်သည် ဝိဓုရဇာတ် (ဇာ-၅၄၆)၌ အကျယ်လာ၏။]

၄၄၂၊ သခ်ဇာတ်

သူဌေးနှင့် မဏိမေခလာ နတ်သမီးအကြောင်း

ထိုအခါ 'မောဠိနီ'ဟု ခေါ်တွင်သော ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'သခ်'သူဌေးသည် အလှူတင်းကုပ် ခြောက်ခုဆောက်ပြီး နေ့စဉ် ဥစ္စာ ခြောက်သိန်းကို အလှူပေး၏။ တနေ့သ၌ သူသည် အိမ်၌ ဥစ္စာကုန်လျှင် အလှူပြတ်မည်စိုးသဖြင့် "ဥစ္စာမကုန်မီ သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် သွား၍ ဥစ္စာကို ဆောင်အံ့" ဟုကြံ၏။ သူသည် သား မယား၀တ်အား အလှူမပြတ်စေရန် မှာခဲ့ပြီး ဘိုနပ်စီး၍ ထီးဆောင်းပြီး ကျွန်အမှုလုပ်များနှင့်အတူ 'ပဉ္စန'သင်္ဘောဆိပ်သို့ သွား၏။

ထိုခဏ၌ ဂန္ဓမာဒနတောင်၌နေသော ပစ္စေကဗုဒ္ဓါ တပါးသည် "သခ်ပုဏ္ဏား၏ သင်္ဘောသည် သမုဒ္ဒရာ၌ပျက်စီးမည်။ ထောက်တည်ရာ ရစေရန် သူ့ထံမှ ထီးနှင့်ဘိနပ်ကိုအလှူခံအံ့" ဟု ဆင်ခြင်ဆ၍ ကောင်းကင်ဖြင့်လာပြီး ဘုရားလောင်း၏ အနီး၌ ဆင်းသက်၍ မီးကျီးစုမျှပူသော သဲပြင်ပေါ် နင်းလာ၏။ ပစ္စေကဗုဒ္ဓါသည် ဘုရားလောင်းလှူသည့် ထီးနှင့်ဘိနပ်ကို ယူ၍ ကောင်းကင်သို့ ပျံတက်ပြီး ပြန်သွား၏။ ခရီးထွက်ပြီး ခုနစ်ရက်မြောက်နေ့၌ သင်္ဘောပျက်သော် ဘုရားလောင်းသည် အလုပ်အကျွေး တဦးနှင့် အတူ ထောပတ်သကာများကို အဝစား၍ လင်းယင်းတိုင်ဖျားသို့တက်ပြီး 'မောဠိနီ' မြို့ဆီသို့ ရှေးရှုခုန်ချ၍ကူး၏။ခုနစ်ရက်မြောက်နေ့၌မဏိမေခလာနတ်သမီးသည် နတ်ဘောဇဉ်ကို ရှေ့ခက်၌ ထည့်ယူလာ၍ ဘုရားလောင်းအားပေး၏။ နောက် ရတနာ ခုနစ်ပါးဖြင့် ပြည့်သော ရတနာ သင်္ဘောကို ဖန်ဆင်း၍ ဘုရားလောင်းနှင့် သူ့အလုပ်အကျွေးကို မောဠိနီမြို့သို့ ယူဆောင်ပြီး ဘုရားလောင်း၏ အိမ်၌ ရတနာတို့ဖြင့် ပြည့်စေလေ၏။

ထီး ဘိနပ်ရှာလျှင် ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ဘုရားစသော ရဟန်းငါးရာတို့အား ခုနစ်ရက်လုံး ဆွမ်းကျွေး၍ ခုနစ်ရက်မြောက်၌ ပရိက္ခရာရှစ်ပါးနှင့်တကွ အဘိုးတန်ဘိနပ်မျှားကို လှူဒါန်းသည့် ဒါယကာမျှားကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း--ဥပုလဝဏ်=မဏိမေခလာ။အာနန္ဒာ=အလုပ်အကျွေး။ ဘုရား=သခ်ၤသူဌေး။]

၄၄၃၊ စူဠဇေဝဓံဇာတ်

မင်းနှင့် ရဿေ့မအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် (ယခင်ဘဝက ဖြဟ္မာဒူပြည်၌ ဖြစ်ခဲ့သော) ဘုရားလောင်း 'ဇေဝဓိ' သတ္တိသားနှင့် နတ်သမီးကဲ့သို့ လှပသည့် သတ္တိသမီးတို့သည် မိဘတို့က ထိမ်းမြား ပေးအပ်သော်လည်း ကာမမှုကို မပြုကြပေ။ သူတို့ နှစ်ဦးသည် မိဘများ ကွယ်လွန်သော် ရဿေ့ရဟန်းပြု၍ ဟိမဝန္တာ၌ ဆယ်နှစ်တိုင် နေထိုင်ကြ၏။ နောက် ချဉ်းဆား မြို့ဝဲရန် ဗာရာဏသီပြည်သို့ သွား၍ မင်း၏ ဥယျာဉ်၌ နေကြ၏။

ထိုအခါ အခြံအရံဖြင့် ဥယျာဉ်သို့ ရောက်လာသောမင်းသည် ရဿေ့မကို တပ်စွန်းသဖြင့်(ဘုရားလောင်း၏ အဆုံးအမ တရားစကားကိုမနာယူဘဲ) နန်းတော်သို့ အတင်းခေါ်ဆောင်သွား၏။ ရဿေ့မသည် ငိုကြွေးမြည်တမ်းလျက် လိုက်ပါသွား၏။ မင်းသည် ရဿေ့မအား စည်းစိမ်ကိုပေး၍ မိမိအလိုသို့လိုက် အောင် ဖြားယောင်းမရသည်ကိုငဉ်း၊ ရဿေ့မ အမျက်မထွက်ခြင်းကိုငဉ်း တွေ့မြင်၍ ဘုရားလောင်းထံပြန်သွား၏။ ဘုရားလောင်းသည် သက်နှံးမျှားကို ချုပ်လျက် မင်းကို မကြည့်ပေ။ မင်းက "သင်သည် အမျက်ထွက်၍ ငါ့အား စကား မပြော" ဟုဆို၏။

ဘုရားလောင်းက "ငါ့မှာ အမျက်ဒေါသ မဖြစ်။ ဖြစ်ခဲ့သော် မေတ္တာဘာဝနာဖြင့် တားမြစ်၏။ အမျက်ဒေါသသည် အပြစ်များစွာကို ဖြစ်စေတတ်၏" စသည်ဖြင့် တရားဟော၏။မင်းသည် အလွန်နှစ်သက်၍ နန်းတော်မှ ရဿေ့မကို ဆောင်ယူခိုင်းပြီး အမျက်မထွက်ကြသည့် အရှင်ရဿေ့ နှစ်ပါးကို ဥယျာဉ်၌ ချမ်းသာစွာနေစေ၍ လုပ်ကျွေး ပြုစုစောင့်ရှောက်လေ၏။

အပြစ်များလှသည့် အမျက်ဒေါသကို မေတ္တာဖြင့် တားမြစ်ရာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အမျက်ထွက်တတ်သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- ရာဟုလာမယ်တော်-ရဿေ့မ။အာနန္ဒာ=မင်း။ဘုရား=ရဿေ့။]

၄၄၄၊ ကဏ္ဍဒီပါယနဇာတ်

မင်းနှင့် ရဿေနှစ်ပါးအကြောင်း

ဝံသတိုင်း ကောသမ္ဗီပြည် ကောသမ္မကမင်းလက်ထက် ဘုရားလောင်း 'ဒီပါယန' ပုဏ္ဏားနှင့် သူ့မိတ်ဆွေ 'မဏ္ဍဗျ' ပုဏ္ဏားတို့သည် ရဿေ ရဟန်းပြု၍ ဟိမဝန္တာဌ် စျာန်မရဘဲ အနှစ်ငါးဆယ်တိုင် နေကြ၏။ နောက်ချဉ်ဆားမှိုဝဲရန် ဗာရာဏသီပြည်သို့သွား၍ သုသာန်၌ နေကြ၏။

တနေ့သ၌ ဘုရားလောင်းသည် နိဂုံးရွာနေ သူ့မိတ်ဆွေ သူကြွယ်ထံသွားသော် မဏ္ဍဗျရဿေ နေရစ်ခဲ့၏။

ထိုအခါ တနေ့သ၌ ခိုးသူတဦးသည် မြို့တွင်း၌ ခိုးရာ နောက်က လူတို့လိုက်သဖြင့် ထိုသူသာန်ထဲဝင်ပြေး၍ မဏ္ဍဗျရဿေ၏ ကျောင်းတံခါး၌ ဥစ္စာထုပ်ကို ထားခဲ့ပြီး ပြေး၏။ လူတို့သည် ဥစ္စာထုပ်ကိုမြင်၍ ရဿေကိုဖမ်းပြီး မင်းထံ ခေါ်သွား၏။ မင်းသည် မစူးစမ်းမဆင်ခြင်ဘဲ "တံကျင်ဖြင့် ရဿေကို လျှိုကြလော့" ဟု ဆို၏။ လူတို့သည် ရဿေကို ထိုသူသာန်သို့ဆောင်၍တံကျင်ဖြင့်ထိုးပြီး အစောင့်အရှောက်များထား၍ ပြန်ကြ၏။ ဘုရားလောင်းသည် ပြန်လာ၍ အကြောင်းစုံကို ကြားသိရသော် မဏ္ဍဗျကိုမှီ၍ တညလုံး နေ၏။ မဏ္ဍဗျရဿေ၏ ကိုယ်မှ ယိုစီးကျသော သွေးတို့သည် သူ့ကိုယ်ပေါ် ကျ၍ ခြောက်ကပ်ပြီး အမဲကွက်များထင်နေသဖြင့် ဘုရားလောင်းသည် "ကဏ္ဍဒီပါယန" ရဿေဟု တင်၏။ မိုးလင်းသော် အစောင့်အရှောက်တို့သည် ထို၍ရဿေ့နှစ်ပါးကို မြင်၍ မင်းထံ သွားပြီးလျှောက်၏။ မင်းသည် "ငါမဆင်မခြင် ပြုမိ၏" ဟု လျင်စွာသွားမေး၍ မဏ္ဍဗျရဿေ့ အပြစ်မရှိသည်ကို သိလျှင် "တံကျင်ကို နုတ်ကြလော့" ဟု ဆို၏။

မဏ္ဍဗျရဿေ့က "ရှေးဘဝက ယင်တကောင်ကို တံကျင်ဖြင့် ထိုးခဲ့သော ငါ့မကောင်းမှုကံကြောင့် တံကျင်ကိုနုတ်၍ မရနိုင်။ လှဖြင့် တံကျင်ကို အရေနှင့်အညီ ဖြတ်လော့" ဟု ဆို၏။ မင်းသည် ရဿေ့ဆိုတိုင်း ပြုစေ၏။ ရဿေ့သည် ကိုယ်တွင်း၌ တံကျင်တည်ရှိလျက် အသက်ရှင်နေ၍ "အာဇာဒိမဏ္ဍဗျ" ဟု တင်၏။ မင်းသည် ထို၍ရဿေ့တို့အား ဥယျာဉ်၌နေစေ၍ လုပ်ကျွေး၏။ နောက် ဘုရားလောင်းသည် မဏ္ဍဗျရဿေ့ကို ထားခဲ့ပြီး သူ့မိတ်ဆွေ မဏ္ဍဗျသူကြွယ်ထံ ပြန်သွားပြီး ကျောင်း၌နေလျက် ယခင်က ရဟန်းဘဝ၌ မပျော်မွေ့သည့် စိတ်ကိုဖျောက်ပြီး စျာန်အဘိညာဉ်တို့ကို ဖြစ်စေလေ၏။

မဇ္ဈိမကောင်းမှုကံသည် တူသောအကျိုးကို ပေးသည်သာ။

[မြတ်စွာဘုရားသည် ဇေဘဝန်ကျောင်းဌာနေစဉ် "ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟောတော်မူ၏။ ။**ဇာတ်ပေါင်း**-အာနန္ဒာမဏ္ဍပျသူကြွယ်။ သာရိပုတ္တရာ=အာဏိမဏ္ဍပျရသေ့။ ဘုရား=ကဏ္ဍဒီပါယနရသေ့။]

၄၄၅၊ နိဂြောဓဇာတ်

မိတ်ဆွေလုလင် သုံးဦးအကြောင်း

ရာဇဂြိုဟ်ပြည် မဂဓမင်း လက်ထက် ဘုရားလောင်း 'နိဂြောဓ' သူငြေးသားသည် အတူကြီးပြင်း၍ ကစားဖက် ဖြစ်သော 'သာခ'နှင့် 'ပေါဋ္ဌိက' မည်သော လုလင်နှစ်ဦးနှင့်အတူ တက္ကသိုလ်မှ ပညာသင်ပြီး ပြန်လာသော် ဗာရာဏသီပြည်သို့ ရောက်၍ နတ်ကွန်းတခုဌာ အိပ်၏။

ထိုအခါ အနီးရှိ သစ်ပင်ပေါ်၌ ထက်အောက်နေ ကြက်နှစ်ကောင်တို့ အချင်းချင်း ရန်ဖြစ်၍ မိမိတို့ အသား၏ အစွမ်းများကို ပြောကြ၏။ ပေါဋ္ဌိကသည် ထိုစကားများကို ကြား၍ အထက်ကြက်ကို သတ်ပြီး မီးဌာပ်၍ အသားကြီးကို နိဂြောဓအားလုံး၊ အလယ်သားကို သာခအားလုံး ပေးပြီး မိမိမူ အရိုးဌာပ်သည့်အသားကို စား၏။ စားပြီးသော် သူက "အဆွ နိဂြောဓ၊ သင်သည် နက်ဖန် မင်းဖြစ်မည်။ သာခသည် စစ်သူကြီး ဖြစ်မည်။ ငါသည် ဘဏ္ဍာစိုးဖြစ်မည်" ဟု ဆို၍ ထိုကြက်သားအကြောင်းကို ပြောပြ၏။ နောက်တနေ့ သူတို့ သုံးဦးသည် မင်း၏ဥယျာဉ်သို့ သွားကြ၏။ ထိုနေ့သည် ဗာရာဏသီမင်းသေပြီး ခုနစ်ရက်မြောက်နေ့ဖြစ်၍ မင်းအတွက် လှတ်လိုက်သည့် ဖုဿဲရထားသည် နိဂြောဓ၏ ခြေရင်းဌာ ရပ်၏။ ပုရောဟိတ်သည် နိဂြောဓအား မင်းမြောက်၏။ နိဂြောဓသည် သာခအား စစ်သူကြီး အရာကို ပေးပြီး မြို့သို့ ဝင်၍ တရားသဖြင့် မင်းပြု၏။

တနေ့သဌာ ပေါဋ္ဌိကသည် သူ့မိဘထံ သွားပြီး ပြန်လာသော် သာခအိမ်သို့သွား၏။ သာခက "ပေါဋ္ဌိကသည် ငါ့အား မင်းအဖြစ်ကို မပေးဘဲ နိဂြောဓအား ပေး၏" ဟု ရန်ငြိုးဖွဲ့၍ "ပေါဋ္ဌိကကား အဘယ်သူနည်း၊ ငါမသိ၊ ထိုကျွန်မသားကို ရိုက်နှက်၍ နှင်ထုတ်လော့" ဟု ကျွန်တို့ကို ခိုင်း၏။ ပေါဋ္ဌိကသည် "သာခကား ငါ့ကြောင့် စစ်သူကြီး ဖြစ်ရသော်လည်း ငါ့ကျေးဇူးကိုမသိ" ဟု ကြံ၍ မင်းထံသွားပြီး သာခအကြောင်းကို လျှောက်၏။ မင်းသည် သာခကို ခြိမ်းခြောက်မောင်းမဲပြီး ပေါဋ္ဌိကအား ဘဏ္ဍာစိုးအရာကို ပေးလေ၏။

လူမိုက်သည် လောဘကြီးပြီး ကျေးဇူးကန်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် ''ဘုရားဖြူပေးခဲ့သည့် ကျေးဇူးမျှားကို မသိကတ်သောဒေဝဒတ်ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း–ဒေဝဒတ်=သာဓု။ အာနန္ဒာ=ပေါဋ္ဌိက။ ဘုရား=နိဂြောဓမင်း။]

၄၄၆၊ တက္ကလဇာတ်

ချေးမနှင့် ယောကျ်ားမအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ကာသိကရွာ၌ 'သဝိဋ္ဌက'မည်သော သူသည် အဖအိုကို လုပ်ကျွေး၏။ ထိုသို့ ကျွေးမွေးသည်ကို သူ့မယားက မနှစ်သက်၍ သူ့အား ယောကျ်ားမနှင့် ပတ်သက်ပြီး ဂုံးစကား မပြတ်ပြောပြီး နောက် ''သင့်အဖအိုကြီးကို ဥပါယ်ဖြင့် အိမ်မှထုတ်ပြီး သုသာန်၌ တွင်းတူး၍ မြုပ်လော့'' ဟု ဆို၏။ သဝိဋ္ဌကသည် ''ကောင်းပြီ'' ဟု ဝန်ခံ၏။

ထိုအခါ ဘုရားလောင်းသည် သဝိဋ္ဌက၏ သားဖြစ်၍ ခုနစ်နှစ် အရွယ်သာရှိသေး၏။ သူသည် အမိ၏စကားကို ကြား၍ ''ငါ့အမိသည် ငါ့အဖအား ပိတုဃာတကကံကို ပြုစေ၏။ ငါတားမြစ်အံ့'' ဟု ကြံ၏။ သဝိဋ္ဌကသည် အဖကို ရထားပေါ်တင်၍ သုသာန်သို့ သွားသော် ဘုရားလောင်းသည် ထို ရထား၌ အတူလိုက်သွား၏။ သဝိဋ္ဌကသည် သူ့အဖနှင့် သားငယ်ကို တနေရာ၌ထားပြီး ပုန်းကွယ်ရာ အရပ်၌ တွင်းတူး၏။ ထိုအခါ ဘုရားလောင်းသည် သဝိဋ္ဌကထံသွား၍မသိဟန်ဆောင်လျက် ''သုသာန်၌ သထွေးဥ (တက္ကလ)၊ကညင်ဥ၊ပိန်းဥ၊ မျောက်ဥတို့ မရှိ။ အဘယ်ကိုအလိုရှိ၍ တွင်းတူးသနည်း'' ဟု မေး၏။ သဝိဋ္ဌက က ''သင့်အမိက ခိုင်း၍ သင့် အဘိုးအိုကို မြုပ်သတ်အံ့'' ဟု ဆို၏။

ထိုအခါ ဘုရားလောင်းက ''မိဘတို့ကို ညှဉ်းဆဲသတ်ဖြတ်သောသားသည် သေသော် ငရဲသို့လား၏။ ထို့ပြင် မိန်းမတို့မည်သည် သူတို့ ဒေါသဖြစ်ချိန်၌ မနှိမ်နင်းလျှင် အကြိမ်ကြိမ်မကောင်းမှုကို ပြုတတ်၏။ သို့ဖြစ်၍ ငါ့အမိကို နောင် ဤသို့ မပြုဝံ့အောင် ခြိမ်းချောက်၍ အိမ်မှနှင်ထုတ်လော့'' ဟု ဆို၏။ သဝိဋ္ဌကသည် နှစ်သက်၍ သားနှင့် အဖကို ရထားပေါ် တင်ပြီး အိမ်သို့ ပြန်၍ မယားကို ဆဲရေး ကြိမ်းမောင်း ရိုက်နှက်ပြီး အိမ်မှ နှင်ထုတ်၏။ နောက် ထိုမယားသည် ပြန်လာ၍ တောင်းပန်ပြီး မိမိအပြစ်ကို ဝန်ခံ၍ ''နောင် ဤသို့ မပြုတော့ပါ'' ဟု ကတိပြုသဖြင့် ၎င်းကို သဝိဋ္ဌကက ပြန်လက်ခံထားလေ၏။

မိန်းမကို အလိုမလိုက်ဘဲ မိမိအလိုသို့လိုက်အောင် နှိပ်စက်ကုန်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အလားတူပြိုမှုဒဿမယားကို ကြိမ်းမောင်းမိုက်နှက်၍ အိမ်မှနှင်ထုတ်ခဲသော အဖကို လုပ်ကျွေးသည့် ဒါယကာတဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အဖ, သား, ခွေးမ=အဖ, သား, ခွေ မ။ ဘုရား=သားငယ်ပညာရှိ။]

၄၄၇၊ မဟာဓမ္မပါလဇာတ်

အသက်ရှည်သော ဓမ္မပါလမျိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဓမ္မပါလရွာဝယ် ဓမ္မပါလပုဏ္ဏားမျိုး၌ဖြစ်၍ 'ဓမ္မပါလ'မည်၏။ဓမ္မပါလ အမျိုးသည် အလှူပေးခြင်း, သီလစောင့်ခြင်း, ဥပုသ်ဆောက်တည်ခြင်းကို အမြဲပြုသဖြင့် အသက်ရှည်၍ ငယ်ငယ်ရွယ်ရွယ် မသေကြပေ။ဘုရားလောင်း အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့သွားပြီး ဒိသာပါမောက္ခထံ၌ အတတ်ကိုသင်၍ တပည့်လုလင်ငါးရာတို့၏ အကြီးဖြစ်၏။

တနေ့သ၌ ဆရာ၏ သားသေ၍ တပည့်တို့ ငိုကြွေးကြသော် သူကမူ မငိုကြွေးဘဲ "အဘယ့်ကြောင့် ဤသူငယ်သည် ငယ်စဉ်က သေသနည်း။ ကြီးမှသေသင့်၏။ငါတို့၏အမျိုး၌လူတို့သည် ငယ်တုန်းကမသေ၊ အို့မှ သေကြ၏" ဟုဆို၏။ ထိုလုလင်တို့သည် သူ့ကိုဆရာ့ထံ ခေါ်သွား၍ ထိုအကြောင်းကို ပြောကြား၏။ ထိုအခါ ဆရာသည် ဆိတ်တကောင်၏ အရိုးများကို အိတ်ထဲထည့်ပြီး ဘုရားလောင်း၏အိမ်သို့ သွား၍ သူ့အဖ မဟာဓမ္မပါလ ပုဏ္ဏားအား "သင့်သားသည် ဆောဂါတခုဖြင့် သေပြီ"ဟု ဆို၍ အရိုးကို ထုတ်ပြ၏။

မဟာဓမ္မပါလသည် လက်ခုပ်တီးပြီး ပြင်းစွာရယ်လျက် "ငါ့သားမသေ၊ ငါတို့အမျိုး၌ ငယ်သောအရွယ်တွင် သေဘူးသူမရှိ။ သင်သည် မုသားပြော၏"ဟု ဆို၏။ ဆရာသည် အံ့သြ၍ "အဘယ့်ကြောင့် သူငယ်တို့ မသေသနည်း။ အသက်ရှည်ကြောင်း တရားကို ပြောပါလော့"ဟု ဆို၏။ မဟာဓမ္မပါလက အသက်ရှည်ကြောင်း ကျင့်စဉ်တရားများကို ကိုးဂါထာဖြင့် ဟောကြား၏။ ဆရာသည် အလွန်ဝမ်းမြောက်၍ "သင့်သား မသေ။ စုံစမ်းရန်သာ ဆိတ်ရိုးများကို ယူခဲ့၏"ဟုဆို၏။သူသည် ပုဏ္ဏားကြီးကို ကန်တော့ပြီး ကျင့်စဉ်များကို ပေဌ်ရေး၍ နှစ်ရက်သုံးရက်နေပြီး ပြန်သွား၏။ သူသည် ဘုရားလောင်းအား အတတ်အားလုံးကို သင်ပေးပြီး အခြံအရံများစွာနှင့် ပြန်ပို့လေ၏။

အကျဉ်းပေးခြင်း သီလစောင့်ခြင်းသည် အသက်ရှည်ခြင်း၏အကြောင်းတည်း။

[မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌နေစဉ် "ဒုက္ကရစရိယာကျင့်စဉ်က သိဒ္ဓတ္ထမင်းသားသေပြီဟု ဟာပြောသောနတ်သားတို့၏စကားကိုမယုံကြည်သည့် သုဒ္ဓေါဒနမင်းကြီးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း**— သာရိပုတ္တရာ=ဒီသာပါဓောကာ။ ဘုရား=ဓမ္မပါလလုလင်။]

၄၄၈၊ ကုက္ကုဋဇာတ်
ကြက်မင်းနှင့် စွန်ယုတ်အကြောင်း

ကောသမ္မီပြည် ကောသမ္မက မင်းလက်ထက် ဘုရားလောင်း ကြက်မင်း (ကုက္ကုဋ)သည် ဝါးတောတခုဦး ကြက်အပေါင်း ခြံရံလျက် နေ၏။ အနီးနေ စွန်တကောင်သည် ညပါယ်တမျှဉ်ဖြင့် ကြက်တကောင်ကို ဖမ်းယူ၍ စားသော် ကြက်တို့ကုန်၍ ဘုရားလောင်းသာ ကျန်၏။ စွန်သည် သူ့ကို ဖမ်း မရ၍ ညပါယ်တမျှဉ်ဖြင့် ဖမ်းလိုရကား "အဆွေကြက်၊ ငါသည် သင်နှင့် အကျမ်းဝင်လို၏။ ဤမည်သော အစာပေါသည့် အရပ်သို့ ငါတို့ နှစ်ယောက်သွားပြီး အစာစား၍ အတူတူနေကြအံ့" ဟု အကြိမ်ကြိမ် ဖြား ယောင်း ပြောဆို၏။

ဘုရားလောင်းက "မကောင်းမှုကိုပြုလေ့ရှိသော သင်နှင့် အကျမ်းမဝင်လို၊ သင်ဆက်နေလျှင် နောင်သိရအံ့။ သင်သွားလော့" ဟု ဆို၍ စွန်ကို နှင်ထုတ်၏။ နောက် သူသည် သူ့အား ကောင်းချီးပေးကြသည့် တောနေတို့အား "မိတ်ဆွေတုများ၊သူယုတ်မာများနှင့် မပေါင်းသင့်ကြောင်း" အထူးထူးအား ဖြင့် တရားဟောလေ၏။

ပညာရှိသည် မိတ်ဆွေတုနှင့် သူယုတ်ကို အမြဲရှောင်ရာ၏။

[မြတ်စွာဘုရားသည်ဝေဠုဝန်ကျောင်း၌နေစဉ် "ဘုရားအားသတ်ရန်အားထုတ်သော ဒေဝဒတ်ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **ဇာတ်ပေါင်း**— ဒေဝဒတ် = စွန်။ဘုရား = ကြက်မင်း။]

၄၄၉၊ မဋ္ဌကုဏ္ဍလိဇာတ်
သားသေရင်ငိုကြွေးသော ပုဏ္ဏားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်ပြီး အရွယ်ရောက်သော် ရောဂါဖြင့်သေ၍ တာဝတိံသာ၌ နတ်သား ဖြစ်၏။ အဖသည် ထိုသားအတွက် ပူဆွေးသောကရောက်၍ သုသာန်သို့ သွားပြီး ပြာပုံကို လှည့်လည်လျက် ငိုကြွေး၏။

ထိုအခါ ဘုရားလောင်းသည် အဖ၏သောကကို ပယ်ဖျောက်ရန် အဖ၏ သားငယ် အသွင်ဖြင့် ဖန်ဆင်း၍ ကောင်းမြတ်သော ရွှေနားဆောင်း (မဋ္ဌကုဏ္ဍလီ)စသော တန်ဆာတို့ဖြင့် ဆင်ယင်လျက် ထိုသုသာန်၌လက်နှစ် ဖက်ကို ဦးခေါင်းပေါ်တင်ပြီး သည်းစွာငိုကြွေး၏။ ပုဏ္ဏားသည် လာ၍ "ချစ်သား၊ အဘယ်ဆင်းရဲကြောင့် ငိုသနည်း" ဟု မေး၏။ ဘုရားလောင်း က "ငါမှာ ရွှေရထားချိုင့်ရှိ၏။ လှည်းဘီးတစုံဒုတ်က နေ လ နှစ်ခုကို မရ သဖြင့် ငိုကြွေး၏။ နေလကိုမရသော် သေအံ့" ဟု ဆို၏။ ပုဏ္ဏားက "နေလ တို့ကို မရနိုင်။ သင်သည် အလွန်မိုက်မဲ၏" ဟု ဆို၏။

ဘုရားလောင်းက "မြင်သော ရုပ်, ဝတ္ထုရှိသည့် နေလကိုတောင့်တသူနှင့် တမလွန်ဘဝသို့ရောက်၍မမြင်ရသောသူကို တောင့်တသူတို့တွင် အဘယ် သူက ပို၍ မိုက်မဲသနည်း" ဟု ဆို၏။ ပုဏ္ဏားသည် သတိရ၍ "ငါသည် သင့်ထက် ပို၍ မိုက်မဲ၏" ဟု ဆို၍ သောကကင်းပြီး သူ့အား ချီးမွမ်း ပြောဆို၏။ ထို အခါ ဘုရားလောင်းက "ငါသည် သင့်သားတည်း။ ငါသည် နတ်ပြည်၌ ဖြစ်၏။ ငါ့အတွက် သောကမဖြစ်နှင့်။ ကုသိုလ်များကိုပြုလော့" ဟု ဆုံးမပြီး ပြန်လေ၏။

လူမိုက်သည် အစွဲအလမ်းအား ကြီး၍ ပူဆွေးသောကရောက်ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သားသေ၍ ပူဆွေးသောက ရောက်နေသော သူကြွယ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ **ဇာတ်ပေါင်း**–ဘုရား = နတ်သား။]

၄၅၀၊ ဗိဠာရကောသိယဇာတ်

သိကြားမင်းနှင့် ကပ်စေးနှဲ သူဌေးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း သူဌေးသည် အလှူ တင်းကုပ်ကုံဆောက်ပြီး အလှူကြီးကိုပေးခဲ့၍ တာဝတိံသာ၌ သိကြားမင်း ဖြစ်၏။ သူ၏သားမြေးစသည့် အဆက်ဆက်လည်း အလားတူ အလှူကြီးကို ပေးခဲ့၍ တာဝတိံသာ၌ "စန္ဒ၊ သူရိယ၊ မာတလိ၊ ပဉ္စသိခ" မည်သော နတ်သားများဖြစ်ကြ၏။ ထို့နောက်ခြောက်ယောက်မြောက်ဖြစ်သူ 'ဗိဠာရကောသိယ' အမည်ရှိသော သူဌေးသည် အလှူတင်းကုပ်တို့ကို ဖျက်ဆီး၍ အလှူခံတို့ကိုပုတ်ခတ်နှင်ထုတ်စေပြီး အနည်းငယ်မျှ မလှူပေ။

ထိုအခါ သိကြားမင်းသည် ရှေးဘဝက မိမိ၏အနှယ်အဆက်ကို ဆင်ခြင်သော် အနှယ်ကိုဖျက်ဆီးသူ'ဗိဠာရကောသိယ' သူဌေးကို မြင်၏။ သူသည် "စန္ဒ၊ သူရိယ၊ မာတလိ၊ ပဉ္စသိခ"နတ်သားတို့ကိုခေါ်၍ ပုဏ္ဏားများအသွင်ဖြင့် ထိုသူဌေးကို ဆုံးမရန် သွားကြ၏။ ထိုသူငါးဦးသည် တဦးပြီတဦး ထိုသူဌေးထံသွား၍ ထမင်းကို ကောင်းကြ၏။ ထိုသူဌေးက နှင်ထုတ်သော်လည်း သူတို့သည် ဂါထာဖြင့် "အလှူကိုပေးလှူအပ်၏" စသည်ဖြင့် မသွားဘဲနေကြ၏။ ထိုအခါ သူဌေးက သူတို့ကို အိမ်ထဲသို့ ဖိတ်ခေါ်ပြီး ကျွန်မကို ခေါ်၍ ထိုပုဏ္ဏားများအား နွားစာထမင်းကို ကျွေးစေ၏။ ထိုပုဏ္ဏားငါးဦးသည် ထမင်းကိုစား၍ လည်ခ်ိုနင်းစေပြီး မျက်လုံးတို့ကို ပြူးထွက်စေလျက် သေကြသကဲ့သို့ အိပ်ကြ၏။

ထိုအခါ သူဌေးသည် သူတပါးကဲ့ရဲ့မည်ကို ကြောက်၍ လျင်စွာ ကျွန်မအား ထိုနွားစာထမင်းကို ဖယ်စေပြီး သလေးထမင်းကို ခူး၍ ထည့်စေ၏။ နောက် သူသည် လမ်းသွားလမ်းလာများကိုခေါ်၍ "အချင်းတို့၊ ငါသည် ငါစားသည့် သလေးထမင်းကို ကျွေး၏။ ထိုပုဏ္ဏားတို့သည် လောဘကြီးပြီး ထမင်းလုပ်ကြီးကြီးပြု၍ စားကြသဖြင့် လည်ခ်ိုနင်း၍ သေကြ၏။ ငါ့မှာ အပြစ်မရှိသည်ကို သိကြလော့"ဟု ဆို၍ လူတို့ကို စည်းဝေးစေ၏။ လူတို့စည်းဝေးကြသော် ပုဏ္ဏားတို့သည် ထကြ၍ "အချင်းတို့၊ ဤသူဌေးသည် မုသားဆိုဘ်၏။ သူသည် ရှေးဦးစွာ နွားစာထမင်းကို ငါတို့အား ပေးစေပြီး၊ ငါတို့ သေကြသကဲ့သို့ အိပ်ကြသော် ဤသလေးထမင်းကို ခူး၍ ထည့်ပေးစေ၏"ဟု ဆို၍ မိမိတို့ စားသည့် ထမင်းကို အန်ထုတ်ပြကြ၏။ သူတို့သည် သူဌေးကို ကဲ့ရဲ့ဆဲရေးကြ၏။

ထိုခဏ၌ သိကြားမင်းသည် လူတို့အား အလှူကြီးကိုပေးခဲ့သော မိမိ၏ အနှယ်အစဉ်အဆက်ကိုဂုဏ်း၊ အလှူလှူ၍ တာဝတိံသာ၌ ဖြစ်ကြသည်ကို ဂုဏ်း ပြောကြားပြီး "ငါတို့ အနှယ်၌ ဤသူယုတ်သည်ကား အနှယ်ကိုဖျက်၍ အလှူကိုဖြတ်၏" စသည်ဖြင့် အလှူ၏ အကျိုးကြီးပုံကို ဟောကြား၏။ သူဌေးသည် သိကြားမင်းအား "ယနေ့မှစ၍ အလှူကို လှူပါအံ့။ မိမိ၏ အာဟာရကို သူတပါးအား မပေးဘဲ မစားပါအံ့" ဟု ကတိပေး၏။ သိကြားမင်းသည် သူဌေးကို ဆုံးမပြီး၍ နတ်သားလေးဦးနှင့်အတူ ပြန်လေ၏။

ပညာရှိသည် ဒါနဖြစ်၍ နောင်ဘဝချမ်းသာမှုကို ရယူတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိမိသပိတ်အတွင်း၌ရှိသော ဆွမ်းကို သူတပါးအား မလှူဘဲမစားသည့် ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–မလှူဘဲမစားသော ရဟန်း=ပိဋ္ဌာရကောသိယ။ သာရိပုတ္တရာ= စန္ဒနတ်သား။ မောဂ္ဂလ္လာန်= သူရိယနတ်သား။ ကဿပ=မာတလိနတ်သား။ အာနန္ဒာ= ပဉ္စသိခနတ်သား။ ဘုရား=သိကြားမင်း။]

၄၅၁၊ စက္ကဝါကဇာတ်

စက္ကဝါက်ငှက်နှင့်ကျီးကန်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း စက္ကဝါက်ငှက် (စက္ကဝါက)သည် မယားနှင့်အတူ ဂင်္ဂါနားဌ၌ နေ၏။ ထိုအခါ လျှပ်ပေါ်၍ လောဘကြီးသော ကျီးတကောင်သည် မြို့၌ ဆင်သေကောင်ပုပ် စသည်တို့ဖြင့် မရောင့်ရဲ၍ တောသို့သွား၏။ သူသည် ဘုရားလောင်းနှင့်မယားကိုမြင်၍ အဆင်းလှစေသည့် အစာကိုစားလိုသဖြင့် "သင်သည် အလွန်အဆင်းလှ၏။ အဘယ်အစာကိုစားကြသနည်း" ဟု မေး၏။ ဘုရားလောင်းက "မြေဩကိုစား၏" ဟု ဆို၏။ ကျီးက "ငါသည် အသားကြော်,သားပြုပ်အစာမျိုးကိုစားရလျက် ငါ့အဆင်းသည်မလှ။ ထို့ကြောင့် 'သင်သည် မြေဩကိုစား၏' ဆိုသည်ကို ငါမယုံ" ဟု ဆို၏။ ဘုရားလောင်းက ကျီးအား အဆင်း မလှခြင်း၏ အကြောင်းကို ရှင်းလင်း ပြောပြ၏။ ကျီးသည် "သင်တို့စားသည့် အစာကို ငါ့အား အမှန်မပြော" ဟု ဆို၍ 'ကာကာ' ဟု မြည်လျက် မြို့သို့ ပျံသွားလေ၏။

အစားမက်သူသည် အစား:ကြောင့်မင် ဒုက္ခရောက်ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အစား၌ လော်လည်၍ လောဘကြီးသောရဟန်းတပါးကိုအကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း–** လျှပ်ပေါ်သောရဟန်း = ကျီး။ ရာဟုလာမယ်တော် = စက္ကဝါက်ငှက်မ။ ဘုရား=စက္ကဝါက်ငှက်။]

၄၅၂၊ ဘူရိပဉ္စဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ်(ဇာ-၅၄၂)၌ အကျယ်လာ၏။]

၄၅၃၊ မဟာမင်္ဂလာတ်

မင်္ဂလာကြီး ၈ ပါးအကြောင်း

ဗာရာဏသီပြည် ဇေတဝန်တော်မင်း လက်ထက် ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရ, ရသေ့၏ တပည့် ငါးရာတို့သည် တနေ့သ၌ ချဉ်ဆား မှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ ဥယျာဉ်၌ နေကြ၏။ထိုအခါအစည်းအဝေး ဇရပ်တွင် မင်းပရိတ်သတ် အပေါင်း၌ 'မင်္ဂလာပြဿနာ' ပေါ်ပေါက်သဖြင့် ဥယျာဉ်သို့ သွား၍ ထိုရသေ့တို့အား မေးကြ၏။ ထိုရသေ့တို့က မင်းအား "ဤမင်္ဂလာပြဿနာကို ဟိမဝန္တာ၌နေသော ငါတို့၏ဆရာ 'ရက္ခိတ' ရသေ့သည် ဖြေနိုင်မည်"ဟု ဆိုကြ၏။ ထိုအခါ မင်းက တောင်းပန်၍ ထိုရသေ့တို့သည် ဘုရားလောင်းထံသွား၍ ထိုမင်္ဂလာပြဿနာအကြောင်းကိုတပည့်ကြီးရသေ့က လျှောက်ကြား၏။ ဘုရားလောင်းက ထိုရသေ့တို့အား ရှစ်ဂါထာဖြင့် ရှစ်ပါးသော မင်္ဂလာကြီး(မဟာမင်္ဂလ)များကို ဟောကြား၏။

ထိုရသေ့တို့သည် ထိုမင်္ဂလာများကို နာယူမှတ်သားပြီး ဗာရာဏသီသို့ပြန်လာ၍ မင်းအား ဆရာဟောသည့်နည်းအတိုင်း ဟောကြားပြီး ဟိမဝန္တာသို့ ပြန်ကြ၏။ ထိုမင်္ဂလာများကို ကျင့်ကြသူတို့သည် နတ်ပြည်သို့ လားလေ၏။

မင်္ဂလာတရားကို ကျင့်သုံးလျှင် နတ်ပြည်ရောက်နိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မဟာမင်္ဂလသုတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **ဇာတ်ပေါင်း** – သာရိပုတ္တရာ = တပည့်ကြီးရသေ့။ ဘုရား = ဆရာရက္ခိတရသေ့။]

၄၅၄၊ ဃဋပဏ္ဍိတဇာတ်

ဒုဂ္ဂါရာဝတီပြည်နှင့် ဝါသုဒေဝမင်းဆက်အကြောင်း

ဥတ္တရပထတိုင်း 'အသိတဉ္ဇန'မြို၌ မင်းပြုသော 'မဟာကံသ'မင်းမှာ 'ကံသ၊ ဥပကံသ'မည်သော သားနှစ်ဦးနှင့် 'ဒေဝဂဗ္ဘာ'မည်သော သမီးတဦး ရှိ၏။ ကံသမင်းသည် အဖလွန်သော် မင်းပြု၍ ဥပကံသသည် အိမ်ရှေ့မင်းဖြစ်ပြီး နှမတော်အား တပင်တိုင်နန်းပြာသာဒ်၌ထား၍ 'အန္ဓကဝေဏ္ဍု' မည်သော ကျွန်နှင့် သူ့မယား'နန္ဒိဂေါပါ'မည်သော ကျွန်မကို နှမတော်အား လုပ်ကျွေးစောင့်ရှောက်စေ၏။

ဥတ္တရမဓုရပြည်၌ မင်းပြုသော 'မဟာသာဂရ' မင်းမှာ 'သာဂရ၊ ဥပသာဂရ' ဟူ၍ သားနှစ်ဦး ရှိ၏။ သာဂရမင်းသားသည် အဖလွန်သော်

မင်းဖြစ်၏။ ဥပသာဂရသည် နန်းတွင်း၌ ပြစ်မှားမိ၍ နောင်တော်ကို ကြောက်သဖြင့် ထွက်ပြေးရာ အသိတဉ္ဇနမြို့သို့ ရောက်၏။ ဥပသာဂရသည် 'ဒေဝဇ္ဇာ'မင်းသမီးနှင့် အိမ်ထောင်ပြုသော် 'အဉ္ဇနဒေဝီ'မည်သော သမီးကို ရ၏။ နောက်ဥပသာဂရနှင့်မယားဒေဝဇ္ဇာသည် မိမိတို့စား၌ 'ဝဏုမာန' မည်သော ရွာသို့ သွားနေကြ၏။

သူတို့သည် 'ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ ပဇ္ဇုန၊ ဃဋ္ဋပဏ္ဍိတ၊ အကံ်ရ" ဟူ၍ သားဆယ်ယောက်ကို ရပြန်၏။ ထိုဥဒိနောင်တကျိပ်တို့သည် အရွယ်ရောက်သော် အလှန်ခက်ထန်ကြမ်းတမ်း၍ အားအစ့မ်းနှင့် ပြည့်စုံကြ၏။ သူတို့သည် ဦးရီးတော်ကံသနှင့် ဥပကံသမင်းနှစ်ပါးကို သတ်ပြီး အသိတဉ္ဇနမြို့၌ ထီးနန်းကို ယူ၍ မိဘတို့နှင့် အတူနေကြ၏။

ထိုဥဒိနောင် တကျိပ်တို့သည် "ဇမ္မူဒိပ်အလုံး၌ မင်းအဖြစ်ကို ယူကြအံ့" ဟု ထွက်၍ အစဉ်သဖြင့် 'ကာဠယောနက'မင်းကို သတ်၍ 'အယုဇ္ဈ'မြို့ကို သိမ်းယူပြီး 'ဒ္ဝါရဝတီ'မြို့သို့ ရောက်ကြ၏။ ထိုမြို့၏ တဖက်၌ သမုဒ္ဒရာရှိ၍ တဖက်၌ တောင်ရှိ၏။ ထိုမြို့ကို ဘိလူးတို့ သိမ်းပိုက်ထား၏။ ဘိလူးတို့သည် ရန်သူကိုမြင်လျှင် မြည်း၏ အသွင်ဖြင့် မြည်သံပြုသော် ဘိလူးတို့၏ တန်ခိုးဖြင့် မြို့သည် ကောင်းကင်သို့ ပြန်တက်၍ သမုဒ္ဒရာဝယ် ကျန်းငယ်တခု၌ တည်၏။ ရန်သူတို့သွားကြသော် တဖန်ပြန်၍ မိမိနေရာ၌ တည်၏။ ထိုဥဒိနောင်တို့သည် မြို့ကို မမြင်နိုင် မသိမ်းနိုင်သဖြင့် တနေ့သ၌ 'ကဏ္ဏဒီပါယန' ရဿေ့ထံ သွားပြီး ထိုရဿေ့ပေးသောနည်းဖြင့် တိုက်၍ ထိုမြို့ကို ရကြ၏။

ဤသို့လျှင် ထိုဥဒိနောင်တကျိပ်တို့သည် ဇမ္ဗူဒိပ်တခုလုံးဝယ် ခြောက်သောင်းသုံးထောင်ကုန်သော မင်းတို့ကို စစ်လက်နက်ဖြင့် သတ်၍ ထိုပြည်တို့ကို ယူကြ၏။ ညီထွေး အကံ်ရမှ တပါးသော ညီနောင်ကိုးဦးနှင့် နှမတော် အဉ္ဇနဒေဝီတို့သည် ထိုပြည်တို့ကို ဆယ်စုခဲ၍ ယူကြ၏။ အကံ်ရကား ကုန်သွယ်မှုဖြင့် အသက်မွေး၏။ နောက်အဘို့၌ ထိုမင်းသားညီနောင်တို့သည် သားသမီးများကို ရကြပြီး၊ ၎င်းတို့၏ မိဘတို့သည် ကွယ်လွန်ကြ၏။ (ထိုအခါလူတို့၏ သက်တမ်းသည် အနှစ်တသောင်းဖြစ်၏။) တနေ့သ၌ 'ဝါသုဒေဝ' မင်းကြီးသည် သူ့သားသေသဖြင့် သောကရောက်၍ ဝိုကြွေး မြည်တမ်းနေသော် 'ဃဋ္ဋပဏ္ဍိတ'သည် ဥပါယ်တမျှဉ်ဖြင့် ထိုမင်း၏ သောကကို ငြိမ်းစေလေ၏။

တနေ့သ၌ ထိုညီနောင်မင်းတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ကြ၍ သတ်ဖြတ်ကြသဖြင့် လူအပေါင်းသည် သေကြပျက်စီးကြပြီး၊ ထိုအမျိုးအနွယ်မှ မသေဘဲ ကြွင်းကျန်သော "ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ နှုမတော် အဉ္ဇနဒေဝီ" နှင့် ပုရောဟိတ်ပုဏ္ဏားတို့သည် ရထားဖြင့် ပြေးကြသော်'ကာလ မတ္တိယ'မည်သော တောအုပ်သို့ ရောက်ကြ၏။ ထိုတော၌ နေသော ဘီလူးကြီးသည် ဗလဒေဝမင်းကို ဖမ်း၍ စားပစ်၏။ ကျန်သုံးဦးတို့သည် တည်လုံးပြေးကြ၍ နံနက်လင်းသော် ရှာစုန်အရပ်တခုသို့ ရောက်၏။

ထိုအခါ ဝါသုဒေဝမင်းသည် ခြံတခု၌ ဝင်အိပ်စဉ် မုဆိုးပစ်သည့် လုံနှင့် ထိုးမိ၍သေ၏။ ဤသို့လျှင် နှုမတော်အဉ္ဇနဒေဝီမှတပါးသော မင်းညီနောင် တကျိပ်လုံးတို့၏ သားမြေးစသော ဒုံရဝတီပြည်သူအပေါင်းသည် ပျက်စီးခြင်းသို့ ရောက်ကြလေ၏။

သားသေ၍ မှဲ့ဆွေးငိုကြွေးခြင်းသည် အကျိုးမရှိသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သားသေ၍ ပူဆွေးသောက ရောက်သော သူကြွယ်တဦးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။

ဇာတ်ပေါင်း–သာရိပုတ္တရာ = ဝါသုဒေဝမင်းကြီး။ ဘုရား = ဃဋပဏ္ဍိတ မင်းသား။]



၄၅၅၊ မာတုပေါသဇာတ်

အမိကို လုပ်ကျေးသည့် ဆင်ဖြူအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဆင်ဖြူတော်သည် တောင်ခြေရင်းဝယ် ပဒုမာကြာအိုင်တခုကို မှီ၍ တည်သော တောင်ဝှမ်းဌ မျက်မမြင်အမိကို လုပ်ကျေးမွေးမြူ၏ (မာတုပေါသထ)။

တနေ့သဌ် သူသည် တောဌ် မျက်စိလည်သည့် မူဆိုးတဦးကို ကယ်ခဲ့၏။ ထိုမူဆိုးသည် မင်္ဂလာဆင်သေသော် ဗာရာဏသီမင်းအား ဘုရားလောင်း ဆင်ဖြူတော် အကြောင်းကို လျှောက်ကြား၏။ မင်းသည် မူဆိုးနှင့်အတူ ဆင်ဆရာတဦးအား ထိုဆင်ဖြူတော်ကိုယူဆောင်ရန်စေလွှတ်၏။ အမိအတွက် အစာရှာနေသော ဘုရားလောင်းသည် ထိုသူနှစ်ဦးကိုမြင်လျှင် သိလျက်မည်စိုး၍ အမျက်မထွက်ဘဲ မဘုန်မလှုပ်ရပ်၏။ ဆင်ဆရာသည် နှာမောင်းကိုင်၍ ဘုရားလောင်းကို ယူဆောင်၏။ ဘုရားလောင်းသည် အမိနှင့် ကင်းကွာရ၍ အစာမစားပေ။ မင်းက မေး၍ သူက 'သူသည် မျက်မမြင်အမိကို လုပ်ကျေးနေကြောင်း' ပြောပြ၏။ သူ့ကို မင်းက လွှတ်လိုက်၏။

ဘုရားလောင်းသည် မင်းအား ဓာရာဟောပြီး ထိုပဒုမာကြာအိုင်သို့သွား၍ ကြာစွယ်ကြာရင်းများနှင့် ရေကိုယူပြီး အမိကို ကျေးမွေး၏။ မင်းသည် ဘုရားလောင်းကို ကြည်ညို၍ ထိုပဒုမာကြာအိုင်နှင့် မနီးမဝေးအရပ်၌ ရွာကိုတည်ပြီး ဘုရားလောင်းနှင့် အမိအား လုပ်ကျေးစေလေ၏။

မိဘကို လုပ်ကျေ သူသည် ဘေးကင်း၍ ချမ်းသာစွာနေရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိဘကို လုပ်ကျေးသော မထေရ်ဘပါးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— အာနန္ဒာ=မင်း။ ဒေဝဒတ်=မူဆိုး။ သာရိပုတ္တရာ = ဆင်ဆရာ။ မယ်တော် မာယာ = မယ်တော်ဆင်မ။ ဘုရား = အမိကို လုပ်ကျေးသော ဆင်မင်း]

၄၅၆၊ ဇုက္ခဇာတ်
မင်းသားနှင့် သူတောင်းစားအကြောင်း

ဘုရားဟောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ 'ဇုက္ခ'မည်သော သား ဖြစ်၍ တက္ကသိုလ်ပြည်၌အတတ်ကိုသင်ယူ၏။ သူသည် မျောင်မိုက်သောညတည် ၌ ဆရာ့အိမ်မှ မိမိနေရာသို့ လျင်စွာသွားသော် ဥစ္စာဆုံးခံ၍ မိမိနေရာသို့ သွားသော ပုဏ္ဏားတဦးကို မမြင်၍ လက်ရုံးနှင့်ခတ်မိ၏။ ပုဏ္ဏားသည် သူ့ ထမင်းခွက် ကျကဲ့သဖြင့် လူးလဲငိုပြီး ထမင်းဘိုးကို တောင်း၏။ မင်းသား သည် ပုဏ္ဏားကို ထူ၍ "ငါသည် သင့်ထမင်းဘိုးကိုပေးရန် မတတ်နိုင်သေး။ ငါသည် ဗာရာဏသီမင်း၏ 'ဇုက္ခ'မည်သော သားတည်း။ ငါမင်းဖြစ်သော် လာ၍ တောင်းလော့"ဟု ဆို၏။ သူသည် အတတ်သင်ပြီးသော် ပြန်၏။ အဖမင်းက သူ့အား ဘိသိက်သွန်း၍ မင်းမြောက်၏။

ထိုပုဏ္ဏားသည် ထိုအကြောင်းကို ကြား၍ ဗာရာဏသီပြည်သို့ သွားပြီး မင်းအား 'သူ့ထမင်းခွက် အခဲ့ခံရသည့်အကြောင်း'ကို လျှောက်၏။မင်းသည် ပုဏ္ဏားအားတောင်းသည့် ဆုရှစ်မျိုးပါ ဥစ္စာအားလုံးကို ပေးလေ၏။

ပညာရှိသည် မိမိကြောင့် နစ်နာသူအား ကြီးစွာ ပေးကမ်းတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အာနန္ဒာမထေရ် ရသော ဆုရှစ်ပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- အာနန္ဒာ = ပုဏ္ဏား။ ဘုရား = ဇုက္ခမင်း။]

၄၅၇၊ ဓမ္မဒေဝပုတ္တဇာတ်
နတ်ကောင်းနှင့် နတ်ယုတ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုံးလောင်း ဓမ္မနတ်သား (ဓမ္မ ဒေဝပုတ္တ)သည် မိမိအခြံအရံနှင့်တကွ ရထားစီး၍ ညအခါ လူတို့ ထမင်းစား ပြီး၍ အိမ်တံခါးများဌ နေကြစဉ် ရွာ, နိုဂုံး, ဇနပုဒ်, မင်းနေပြည်တို့တွင် ကောင်းကင်၌ ရပ်လျက် "မိဘကို လုပ်ကျေးခြင်း၊ သုစရိုက်သုံးပါးကို ကျင့်ခြင်းကို ပြုသော သူတို့သည် နတ်ပြည်သို့ လားကြ၏"ဟု လူတို့အား သုစရိုက်ဆယ်ပါးတို့ကို ဆောက်တည်စေ၍ ဇမ္မူဒိပ်ကို လက်ျာရစ် လှည့် လည်၏။ ဒေဝဒတ်လောင်း အဓမ္မနတ်သားသည် "သူ့အသက်ကို သတ်ကြ" စသည်ဖြင့် ဒုစရိုက်ဆယ်ပါးကိုပြုစေရန် လူတို့အား နှိုးဆော်လျက် ဇမ္မူဒိပ် ကို လက်ဝဲရစ်လှည့်၏။

နတ်သားနှစ်ဦး၏ ရထားတို့သည် ကောင်းကင်၌ ရင်ဆိုင် တွေ့ကြ၏။ ထိုသူနှစ်ဦး၏ ပရိသတ်သည် လမ်းခရီးမှ ဆင်း၍ နှစ်ဖြာ ဖြစ်ကြ၏။ ဓမ္မနတ်သားက "သင်သည် အဓမ္မနတ်သားမည်၏။ ငါသည် ဓမ္မနတ်သားမည်၏။ ငါအား လမ်းကိုပေးလော့" ဟု ဆို၏။ အဓမ္မနတ်သားက "ငါမပေးနိုင်။ စစ်ထိုးကြအံ့။ နိုင်သောသူသည် လမ်းကို ရပါစေ။ သံသည် ရွှံ့ကို ဖြတ်နိုင်၍ ရွှံ့သည် သံကို မဖြတ်နိုင်။ ငါသည် သင့်ကို သတ်အံ့" ဟု ဆို၏။ ထိုခဏ၌ အဓမ္မနတ်သားသည် ရထားမှ ဦးခေါင်းစောက်ထိုး မြေသို့ကျ၍ မြေမျိုခံရပြီး အဝီစိငရဲ၌ ဖြစ်လေ၏။

လူမိုက်သည် ပညာရှိကို ဖြစ်မှား၍ ကြီးစွာ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ် မြေမျိုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဒေဝဒတ်= အဓမ္မနတ်သား။ ဘုရား = ဓမ္မနတ်သား။]

၄၅၈၊ ဥဒယဘဒ္ဒဇာတ်

နတ်ဘဝနှင့် လူ့ဘဝအကြောင်း

ဘုရားလောင်းသည် ကာသိတိုင်း သူရဋ္ဌနမြို့ (=ဗာရာဏသီပြည်)၌ ကားသိကရာဇ်မင်း၏ မိဖုရားတပါး၏ သားဖြစ်၍ 'ဥဒယဘဒ္ဒ' မည်၏။ သူ့မှာ ထိုမင်း၏ အခြားမိဖုရားတပါးမှ မွေးဖွားသည့် (အဖေတူ, အမေကွဲ) 'ဥဒယဘဒ္ဒါ' မည် နှမတော်တဦးရှိ၏။ မင်းသည် ဥဒယဘဒ္ဒကိုမင်းမြှောက်၍ ဥဒယဘဒ္ဒါကို မိဖုရားအရာ၌ထားစေ၏။ သူတို့နှစ်ဦးသည် ဖြဟ္မာ့ပြည်မှ လာသူများ ဖြစ်၍ အတူနေသော်လည်း ကာမမှုကို မပြုကြပေ။ သူတို့သည် "ငါတို့နှစ်ယောက်တွင် ဦးစွာသေသူက ဖြစ်ရာ အရပ်မှလာ၍ 'ဤမည်သော အရပ်၌ ဖြစ်၏' ဟု ပြောလော့" ဟု ကတိကဝတ်ပြုကြ၏။

ဘုရားလောင်းသည် ဦးစွာသေ၍ တာဝတိံသာ၌ သိကြားမင်းဖြစ်၏။ သူသည် ဥဒယဘဒ္ဒါထံသွား၍ "လူတို့သည် နေ့စဉ် အိုမင်းကြပြီး စက်ဆုပ်ဘွယ် ဖြစ်၏" စသည်ဖြင့် လူ့စည်းစိမ်ကို ကဲ့ရဲ့၍ နတ်ပြည်အကြောင်းကို ချီးကျူးပြောဆိုပြီးနောက် "ငါသည် သိကြားမင်းတည်း။ ယခင်ဘဝက ဥဒယဘဒ္ဒမင်းသားတည်း။ ပြုခဲ့သော ကတိကဝတ်အတိုင်း လာ၍ ပြောကြား၏" ဟု ဆို၏။ ဥဒယဘဒ္ဒါက "ကျွန်ုပ်သည် သင်နှင့် ကွဲကွင်း၍ မနေ

နှင့်ပါ။ သင့်ထံ၌ အလုပ်အကျွေး ပြုလိုပါ၏။ ထိုသို့ဖြစ်အောင် ဆုံးမ ဟော ကြားပါ''ဟု ဆို၏။

ထိုအခါ ဘုရားလောင်းက နတ်ပြည် ရောက်ကြောင်း ကျင့်စဉ် တရား များကို ဟောကြားဆုံးမ၍ ပြန်သွား၏။ ဥဒယဘဒ္ဒါသည် မြို့ဝင်းရှိဥယျာဉ် တခု၌ ရသေ့ရဟန်းပြုပြီး တရားကို ကျင့်၍ စုတေသော် တာဝတိံသာ၌ ဘုရားလောင်း၏ မိဖုရားဖြစ်လေ၏။

လူတို့၏ခန္ဓာကိုယ်ကား အမြဲတိုနေသည့် အပုပ်ကောင်ကြီးပေတည်း။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍'' ဤဇာတ်ကိုဟောတော်မူ၏။ ။ဇာတ်မပါင်း— ရာဟုဟာမယ်မတော်=မင်းသမီး။ ဘုရား=သိကြားမင်း]

၄၅၉။ ပါနီယဇာတ်

မိမိအပြစ်မြင်သူ ငါးဦးအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်း လက်ထက် ယောကျ်း တဦးသည် လယ်သို့သွားသော် ဒေဆေခင်ပွန်း၏ ရေ(ပါနီယ)ကို ခိုးသောက် မိသော အပြစ်ကိုမြင်၍၎င်း၊ သူကြွယ်တဦးသည် မိန်းမတဦးအား တစိမ့်စိမ့် ကြည့်မိသော အပြစ်ကို မြင်၍၎င်း၊ ယောကျ်းတဦးသည် မုဆားစကားကို ဆိုမိသော အပြစ်ကို မြင်၍၎င်း၊ ရွာစားတဦးသည် ဗလိနတ်စာအတွက် လူတို့အား သတ္တဝါများသတ်ခွင့်ပေးမိသော အပြစ်ကိုမြင်၍၎င်း၊ နောက် ရွာစားတဦးသည် ရွေးထုံးအတိုင်း သေသောက်ပဲသဘင်ကို ခွင့်ပြုမိ၍ လူတို့ သေးသောက်ပြီး အချင်းချင်း ပုတ်ခတ်ကြသဖြင့် မိမိအပြစ်ကို မြင်၍၎င်း အသီးသီး ဝိပဿနာကို ပွားများသော် ပစ္စေကဗောဓိဉာဏ်ကိုရ၍ ကောင်း ကင်ဖြင့် နန္ဒမူလိုဏ်သို့သွား၏။ ဤသို့ ပဂ္ဂိုလ်ငါးဦးသည် အနည်းငယ်သော အပြစ်ကို မြင်ကာမျှ၌ ထိတ်လန့်ပြီး ကိလေသာကို နှိမ်၍ ''ပစ္စေကဗောဓိ ဉာဏ်''ကို ရကြ၏။

တနေ့သ၌ ထိုပစ္စေကဗုဒ္ဓါ ငါးပါးသည် ကောင်းကင်ဖြင့် ဗာရာဏသီ ပြည်သို့သွား၍ ဆွမ်းခံသော် နန်းတော်တံခါးသို့ ရောက်ကြ၏။ မင်းသည် ပစ္စေကဗုဒ္ဓါတို့ကို နန်းတော်သို့ ပင့်၍ ဆွမ်းဖြင့်လုပ်ကျွေးပြီး တရားကို ကြား နာ၏။ ထိုအခါ မင်းသည် ကာမဂုဏ်တို့ဖြင့် ငြီးငွေ့ပြီး ထိုခဏ၌ ကသိုဏ်း

ရှုရှု၍ စျာန်ကို ရ၏။ သူသည် အမတ်တို့အား တိုင်းပြည်ကို အပ်ပြီး ကောင်းကင်ဖြင့် ဟိမဝန္တာသွား၍ ရသေ့ရဟန်းပြုလေ၏။ **ပညာရှိသည် လောကကြီးကို စုက်ဆုပ်ဖြီး ချမ်းသာစစ်ကို ရှာလေ့ရှိ၏။**

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ညအခါဝယ် ကာမဝိတက်များကို ကြံကြသည့် ရဟန်းငါးရာတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဘုရား=ဗာရာဏသီမင်း။]

၄၆၀၊ ယုဓဉ္ဇယဇာတ်

ဆီးနှင်းပေါက်နှင့် မှင်းသားအကြောင်း

ဘုရားလောင်းသည် ရှမ္မနဂိုရ်ပြည် (= ဗာရာဏသီပြည်) 'သဗ္ဗဒတ္တ' မင်း၏ သားတထောင်အနက် 'ယုဓဉ္ဇယ'မည်သော သားအကြီးဆုံးဖြစ်၍ အိမ်ရှေ့မင်းဖြစ်၏။ တနေ့သ၌ သူသည် ဥယျာဉ်သို့ ကစားရန်သွားသော် "သွားစဉ်က ဆီးနှင်းပေါက်တို့ကို မြင်၍ ကစားပြီး ပြန်အလာတွင် ထို ဆီးနှင်းပေါက်တို့ ပျက်စီး၍ မမြင်ရသဖြင့် ထို ဆီးနှင်းပေါက်တို့ကို အာရုံပြုပြီး သင်္ခါရသဘောကို ဆင်ခြင်၍" ထိတ်လန့်၏။

သူသည် "ငါသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ မနှိပ်စက်မီ ရဟန်းပြုသင့်၏" ဟုကြံ၍ ဖခင်ကို ပန်ကြားပြီး ညီတော် 'ယုဇိဋ္ဌိလ' မင်းသားနှင့် အတူ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်း ပြုလေ၏။ (**မှတ်ချက်**။ ။ဗာရာဏသီပြည်၏ အမည်မှာ 'သုရုန္ဓန၊ သုဒဿန၊ ပြဟ္မဝဇ္ဇန၊ ပုပ္ပဝတီ၊ မောဠိနီ၊ ရမ္မ' ဟူ၍ အမည်ခြောက်မျိုးရှိ၏။)

ပညာရှိသည် အနိစ္စ သဘောကို နားလည်၍ ကာမဂုဏ်ကို စွန့်ပယ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဘုရား၏ 'မြတ်သော တောထွက်ခြင်း'ကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–အာနန္ဒာ=ယုဇိဋ္ဌိလမင်းသား။ ဘုရား=ယုဓဉ္ဇယမင်းသား။]

၄၆၁၊ ဒသရထဇာတ်

ရာမ,လက္ခဏနှင့် သီတာအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဒသရထမင်း၏သားဖြစ်၍ 'ရာမသုခမိန်' မည်၏။ သူ့မှာ 'လက္ခဏ'မည်သော ညီတော်နှင့် 'သီတာ' မည်သော နှမ

တော်ရှိ၏။ ရာမ၏ မယ်တော် သေသော် မင်းသည် အခြားမင်းသမီးတဦးကို မိဖုရားမြှောက်၏။ ထိုမိဖုရားသည် 'ဘာရတ'မည်သော သားတပါးကို ဖွား၏။ မင်းသည် ထိုသားကို အလွန် ချစ်၍ ထိုမိဖုရားအား "လိုသောဆုကို ငါပေး၏။တောင်းလော့"ဟုဆို၏။ ထိုမိဖုရားသည် သူ့သား ရှစ်နှစ်ရှိသော် မင်းအား "ကျွန်ုပ်သားကို မင်းမြှောက်ပါလော့။ ဤဆုကို ယူပါ၏"ဟု အကြိမ်ကြိမ်တောင်း၏။

မင်းသည် "ဤမိဖုရားသည် ငါ့သားများကို မကောင်းကြံရာ၏" ဟု စဉ်းစား၍ သားတော်တို့အား ထိုအကြောင်းကိုကြားပြီး "သင်တို့တော်သို့ သွားနေကြတော့။ဤနေ့မှတဆယ့်နှစ်နှစ်မြောက်၌ ငါသေသော်လာ၍မင်းပြုလော့"ဟုဆို၏။ သားတော်နှစ်ပါးသည် နှမတော်ကိုပါခေါ်၍ ဟိမဝန္တာသို့ သွားနေကြ၏။ ဒဿရထမင်းသည် သားတော် သမီးတော်တို့အတွက်သောက ရောက်သဖြင့် ကိုးနှစ်မြောက်၌ ကွယ်လွန်၏။ "မိဖုရားက သားတော်ဘာရတ မင်းသားအား မင်းမြှောက်ကြလော့"ဟုဆိုသော် အမတ်တို့က "ထီးနန်းရှင် တို့ကားတော၌သာရှိကြ၏"ဟုဆို၍ ထီးနန်းမပေးကြကုန်။ ဘာရတမင်းသား သည်"ငါ့နောင်တော် ရာမသုခမိန်ကို တောမှဆောင်၍ မင်းပြုစေအံ့" ဟု စစ်သည် အခြံအရံဖြင့် ရာမထံသွားပြီး "ဖခင် ကွယ်လွန်ပြီ။ လာ၍မင်းပြုပါလော့"ဟုဆို၏။လက္ခဏာနှင့် သီတာတို့လည်း သွားစဉ် ငိုကြွေးကြ၏။

ရာမကမူအနိစ္စသဘောကို သိမြင်၍ မငိုပေ။ ရာမသည် ညီတော်,နှမတော်တို့ကို အံ့လျင်စေလွှတ်၍တိုင်းပြည်ကို အုပ်ချုပ်စေပြီး သုံးနှစ်လွန်မှဗာရာဏသီသို့သွား၏။သူသည် နှမတော် သီတာဒေဝီကို မိဖုရားပြု၍ အနှစ်တသောင်း ခြောက်ထောင်တိုင် တံရားနှင့်အညီ မင်းပြုလေ၏။

ပညာရှိသည် သင်္ခါရ သဘောကို နားလည်၍ ပူဆွေးခြင်း မရှိပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အဖသေသဖြင့် ပူဆွေးသောကရောက်သော သူကြွယ်တဦးကို အကြောင်းပြု၍"ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**-သုဒ္ဓေါဒနမင်း=ဒဿရထမင်း။ မယ်တော်မာယာ=မိဖုရားကြီး။ ရာဟုလာမယ်တော်=သီတာဒေဝီ။ အာနန္ဒာ=ဘာရတ။ သာရိပုတ္တရာ=လက္ခဏ။ ဘုရား=ရာမသုခမိန်။]

၄၆၂။ သံဝရဇာတ်

သံဝရမင်းသားအကြောင်း

ဗာရောဏသီပြည် ဖြဟ္မဒတ်မင်းမှာ သားတော်တရာရှိရာ သံဝရမင်းသားသည် အာငယ်ဆုံးဖြစ်၏။မင်းသည် သားတယောက်စီကို အမတ်တဦးစီအား ပညာ

သင်ရန် အပ်နှံ၏။ ဘုရားလောင်းသည် သံဝရမင်းသား၏ ဆရာအမတ် ဖြစ်၏။ အမတ်တို့သည် သင်ပြီး သင်ပြီးကုန်သောမင်းသားတို့ကိုမင်းအားအတတ်ကို ပြခိုင်းကြ၏။ မင်းသည် ထိုသားတို့အား ဇနပုဒ်မြို့ရွာကိုပေး၍ လွှတ်လိုက်၏။ သံဝရမင်းသားသည် "အဘယ်ကို ပြုရမည်နည်း။ အဘယ်ပြုရမည်နည်း"စသည်ဖြင့် ဘုရားလောင်းကို မေးပြီးမှ ပြောဆို လုပ်ကိုင်လေ့ရှိ၏။ သူသည် ဘုရားလောင်း ပြောသည့်အတိုင်း ဖခင်ပေးသော ဇနပုဒ်ရွာကို မယူဘဲ ဖခင်၏ ခြေရင်း၌သာနေလျက် နန်းတွင်း, ပြည်တွင်း, ပြည်ပဆိုင်ရာကိစ္စအားလုံးကို ဆောင်ရွက်၏။

ဤသို့ပြုသဖြင့် သူ့ကို ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ်တို့က နှစ်သက်မြတ်နိုးကြ၏။ နောက်မင်းကြီး ကွယ်လွန်သော် အမတ်တို့သည် သံဝရမင်းသားကို တည်တည့်တ်တည်း မင်းမြှောက်ကြ၏။ သံဝရမင်းသည် အဖ၏ အမွေဥစ္စာကို အစုတရာခွဲ၍ အစ်ကို ကိုးဆယ့်ကိုးယောက်ထံ ပို့စေခြင်း၊အစ်ကိုများနှင့် ရိုသေလေးစားစွာ ဆက်ဆံခြင်းတို့ကို ပြုသဖြင့် အလျင်က သံဝရကို မင်းမြှောက်ခြင်း၌ မကျေနပ်ကြသော နောင်တော်တို့က သံဝရမင်းသားအား နှစ်သက်မြတ်နိုးကြလေ၏။

ပညာရှိစကားလိုက်နာပြီး ကြိုးစားလျှင် အောင်မြင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဝိရိယလျော့သော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဝိရိယလျော့သောရဟန်း=သံဝရမင်း။ ဘုရား=သံဝရမင်း၏ ဆရာအမတ်။]

၄၆၃၊ သုပ္ပါရကဇာတ်

မျက်မမြင်မာလိန်မှူးနှင့် ကုန်သည်များအကြောင်း

ကုရုတိုင်း ကုရုမင်းလက်ထက် ဘုရားလောင်းသည် 'ကုရုကစ္ဆဲ' မည်သော သဘော်ဆိပ်ရွာ၌ 'သုပ္ပါရက'မည်သော သဘော်သူကြီး(မာလိန်မှူး)ဖြစ်၍ သဘော်သွားသော အမှုကို ပြု၏။ တနေ့သ၌ ဆားငန်ရေဖြင့် ခတ်မိသည်ဖြစ်၍ သူ့မျက်ရုံနှစ်ဖက် ပျက်သွား၏။ တနေ့သ၌ သူသည် ကုန်သည်တို့ကို တောင်းပန်၍ ၎င်းတို့၏ သဘော်၌ သဘော်သူကြီးပြုပြီး မဟာသမုဒ္ဒရာသို့ သွား၏။ ခုနစ်ရက်မြောက်၌ လေနှောက်ယှက်သဖြင့် သဘော်သည် လမ်းလွဲ၍ လေးလတိုင် ပကတိ မဟာသမုဒ္ဒရာ၌ သွား၏။

ထို့နောက် 'ခုရမာလိ'မည်သော သမုဒ္ဒရာသို့ ရောက်၏။ ကုန်သည်တို့က "လူ့ကိုယ်နှင့်တူ၍ သင်မုန်းသွားကဲ့သို့ နှာခေါင်းရှိသည့် ငါးများ"ကို မြင်၍

ပြောကြားပြီး သမုဒ္ဒရာအမည်ကို မေးကြ၏။ ဘုရားလောင်းက "ခုရမာလိ သမုဒ္ဒရာမည်၏" ဟု ဆိုပြီး "ဤသမုဒ္ဒရာ၌ ဝဇီရစိန်ကျောက်တို့ ပေါများ၏။ ငါသည် ဤအကြောင်းကို ပြောလျှင် ဤကုန်သည်တို့က လောဘကြီးပြီး ဝဇီရစိန်များစွာတို့ကို ယူ၍ သင်္ဘောကို နစ်စေလိမ့်မည်" ဟု ကြံလျက် လူတို့အား မပြောကြားဘဲ သင်္ဘောကို ရပ်စေပြီး ဥပါယ်တမျှဉ်ဖြင့် ကြွေးလွန်များကို ကိုင်၍ ငါးဖမ်းဟန်ဖြင့် ပုဂ်္ဂန်ကို ချစေပြီး ဝဇီရစိန်ကျောက်တို့ကို ဆယ်ယူ၍ သင်္ဘောထဲ ထည့်စေ၏။

ထို့နောက် 'အဂ္ဂိမာလိ' သမုဒ္ဒရာသို့ ရောက်၏။ ကုန်သည်တို့ထံမှ "ဤသမုဒ္ဒရာသည် တောက်ပသော မီးပုံကြီးနှင့် တူ၏" ဟု ကြားသိသော် ဘုရားလောင်းသည် ရှေးနည်းတူပြု၍ ထိုသမုဒ္ဒရာမှ ဋ္ဌမများကို ဆယ်ယူပြီး သင်္ဘော၌ ထည့်စေ၏။

နောက်တဖန် 'ဒဓိမာလိ' သမုဒ္ဒရာသို့ ရောက်၏။ "ဤသမုဒ္ဒရာသည် နို့ဓမ်းကဲ့သို့တောက်ပ၏" ဟု ကြားသိသော် ဘုရားလောင်းသည် ရှေးနည်းတူပြု၍ ထိုသမုဒ္ဒရာမှ ဥဋ္ဌတို့ကို ဆယ်ယူ၍ သင်္ဘောထဲ ထည့်စေ၏။

နောက်တဖန် 'နဠမာလိ' သမုဒ္ဒရာသို့ ရောက်၏။ "ဤသမုဒ္ဒရာသည် ကျူတောနှင့် တူ၏" ဟု ကြားသိသော် ဘုရားလောင်းသည် ရှေးနည်းတူပြု၍ ထိုသမုဒ္ဒရာမှ 'မဿာဇဂလ်' ကျောက်မျက်ရဲစသည်တို့ကို ဆယ်ယူ၍ သင်္ဘောထဲ ထည့်စေ၏။

နောက်တဖန် 'ဗလဝါမုခ' သမုဒ္ဒရာသို့ ရောက်၏။ "လှိုင်းရေသည် ကမ်းပါး ပြတ်ကြီးကဲ့သို့ ငင်၍ ငင်၍ အထက်တက်သည်" ကို မြင်သော် ကုန်သည်တို့သည် ကြောက်၍အော်ကြ၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြားသိသော် "ဤသမုဒ္ဒရာ၌ ရောက်သည့် သင်္ဘောအားလုံးသည် နစ်သည်သာ ဖြစ်၏" ဟု ဆိုလျက် ထိုကုန်သည်တို့အား မိမိကိုသင်္ဘောဦး၌ ထားစေ၏။ သူသည် သစ္စာပြု၍ ရေကိုသင်္ဘောဦး၌ လောင်း၏။ သူ၏ သီလတန်ခိုးကြောင့် သင်္ဘောသည် တနေ့ချင်းပင် ကုရုကစ္ဆ သင်္ဘောဆိပ်သို့ ရောက်၏။ ဘုရားလောင်းသည် ရခဲ့သည့် ရတနာတို့ကို ခဲ့ဝေပြီး ကုန်သည်တို့အား "ဤဥစ္စာဖြင့် ရောင့်ရဲလော့။ တဖန် သမုဒ္ဒရာသို့ မသွားနှင့်" ဟု ဆုံးမ၍ ပေးလေ၏။

ဝဲညာရှိသည် မိမိသီလကို သစ္စာဖြု၍ ဘေးကင်းအောင် ဖြုတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား၏ ပါရမီပညာကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—ဘုရား=သုပ္ပါရက သုခမိန်။]



၄၆၄၊ စူဠကုဏ္ဍာလဇာတ်

[ဤဇာတ်သည် မဟာကုဏ္ဍာလဇာတ် (ဇာ ၅၃၆)၌ အကျယ်လာ၏။]

၄၆၅၊ ဘဒ္ဒသာလဇာတ်

မင်းနှင့် အင်ကြင်းပင်နတ်ကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ညယျာဉ်တွင် မဂ်လာအင်ကြင်းပင် (ဘဒ္ဒသာလ)၌ ရုက္ခစိုးနတ် ဖြစ်၏။ မင်းသည် တနေ့သ၌ လက်သမားတဦးအား တပင်တိုင် နန်းပြာသာဒ်ကို ဆောက်ခိုင်း၏။ ထို လက်သမားသည် ယင်းအတွက် ကြိုး၍ ဖြောင့်သော တိုင်ကို ပြုလုပ်ရန် သစ်ပင်များကို ကြည့်သော် ထိုမဂ်လာ အင်ကြင်းပင်ကို တွေ့မြင်၏။ သူသည် မင်း၏ ခွင့်ပြုချက်ဖြင့် ခုနစ်ရက်မြောက် နေ့၌ ခုတ်ရန် သစ်ပင်ကို ပူဇော်ပသ၏။

ဘုရားလောင်းသည် "ငါ့ဗိမာန်ကို ဖျက်ဆီးသော် ခြံရံ၍ နေသော ငါ့ဆွေမျိုးများ၏ ဗိမာန်တို့လည်း ပျက်စီးမည်" ဟု စိုးရိမ်၍ ညအခါ မင်း၏ ကျက်သရေ တိုက်ခန်းသို့ သွားပြီး တခန်းလုံးကို လင်းစေကာ မင်း၏ ခေါင်းရင်း၌ ငိုလျက် ရပ်၏။ မင်းကမေးသော် ဘုရားလောင်းက သူငိုခြင်း၏ အကြောင်းကို ပြောကြား၏။ ပင်းသည် ဆွေမျိုးတို့၏ အကျိုးကိုပြုကျင့်သည့် ဘုရားလောင်းကို နှစ်သက်၍ ဘေးမဲ့ ပေးလေ၏။

ပညာရှိသည် ဆွေမျိုး အကျိုးကို စွန့်စား၍ သည်ပိုးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားအတွက်ကျင့်တော်မူခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-ဘုရား=အင်ကြင်းပန်းစောင့်နတ်။]

၄၆၆၊ သမုဒ္ဒဝါဏိဇာတ်
ကုန်သည်များနှင့် နတ်ကျွန်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် လက်သမားရွာမှ လက်သမား တထောင်တို့သည် လှေဖြင့် မဟာသမုဒ္ဒရာသို့ သွားသော် အလိုလို ပေါက် နေသည့် သလေး ,ဌက်ပျော,သရက်,ပိန်းနဲစသည် သစ်သီးမျိုးစုံပေါများသည့် ကျွန်းငယ်တခုသို့ ရောက်၏။ သူတို့သည် အရင်က သဘော်ပျက်၍ ထိုကျွန်းဌ ရောက်နေသည့် ယောကျ်ားတဦးမှ "ဤကျွန်းငယ်ကို နတ်တို့ သိမ်းပိုက်၏။ ထိုနတ်တို့သည် ကျင်ကြီးကျင်ငယ်တို့ကို မြင်လျှင် အလွန် စက်ဆုပ်ကြ၏။ ထို့ကြောင့် ကျင်ကြီးကျင်ငယ် စွန့်လျှင် သဲကို ယက်၍ ဖုံးလွှမ်းအပ်၏" ဟု ကြားသိကြ၏။

ကာလကြာမြင့်သော် တနေ့သဘ္ဌ ထိုသူတို့သည် အရက်ကို ပြုလုပ်၍ သောက်ကြပြီး မူးတူးပျော်ပါးလျက် ထိုထိုအရပ်ဌ ကျင်ကြီးကျင်ငယ်တို့ကို စွန့်ပြီး မဖုံးလွှမ်းဘဲ ထားကြ၏။ နတ်တို့သည် ယင်းတို့ကိုမြင်လျှင် စက်ဆုပ်၍ အမျက်ထွက်ပြီး "ဤနေ့မှ တဆယ့်ငါးရက်မြောက် လပြည့်နေ့တွင် လထွက် ချိန်ဌ သမုဒ္ဒရာရေကို တက်စေ၍ ဤလူအားလုံးကို သတ်ကြအံ့" ဟု ဆုံးဖြတ် ကြ၏။ ထိုနတ်တို့ထဲမှ တရားစောင့်သော နတ်သားတဦးသည် ထိုလူတို့ထံ သွား၍ ကောင်းကင်ဌ ရပ်လျက် ထိုအကြောင်းကို ပြောကြားပြီး ပြန် သွား၏။ နောက် နတ်ဆိုးတဦးလာ၍ "အခု ပြန်သွားသည့် နတ်သားသည် ဤကျွန်းဌ သင်တို့နေသည်ကို မနှစ်သက်၍ မဟုတ်မမှန် ပြောဆို၏။ သင်တို့မှာ ဘေးအန္တရာယ် မရှိ။ ဤမှာနေကြ" ဟု ဆို၍ ပြန်၏။

လက်သမားမိုက် တဦးက "ဤကျွန်းဌ ငါတို့ နေခြင်းကို အလိုရှိသော နတ်သား၏စကား မှန်၏။ သင်တို့မှာ ဘေးမရှိ။ ဤဌ နေကြ" ဟု ဆို၏။ လာမည့်ဘေးကို ကြည့်ရှုသော ပညာရှိ လက်သမားက "ထိုနတ်သားနှစ်ဦး၏ စကားများအနက် ဘယ်စကားက မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထိုဘေး မျိုး လာသော် လွတ်မြောက်ရန် လှေကို ပြုလုပ်ကြအံ့" ဟု ဆိုပြီး ငါးရာသော မိမိပရိသတ်ကို ယူပြီး လှေကို ပြုလုပ်ပြီး လှေဌ နေကြ၏။ နောက် လပြည့် နေ့ဌ လထွက်၍ သမုဒ္ဒရာမှ လှိုင်းတံပိုးတို့ တက်လာသော် ပညာရှိ လက်သမား သည် မိမိပရိသတ်နှင့်အတူ လှေဖြင့် သွား၏။ လက်သမားမိုက်၏ စကားကို နာယူသည့် လက်သမားငါးရာကား ပျက်စီးကြလေ၏။

လူမိုက်သည် မိုက်မဲ၍ မိမိနှင့်တကွ အပေါင်းပါကိုပါ ပျက်စီးစေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်သည် အလုပ် အကျွေး ငါးရာတို့ကိုယူ၍ ငရဲ၌ကျသည်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော တော်မူ၏။ ။ဇာတ်ပေါင်း ဒေဝဒတ်=လက်သမားမိုက်။ကောကာလိက=နတ်သား မိုက်။ သာရိပုတ္တရာ=တရားစောင့်သောနတ်။ ဘုရား=ပညာရှိလက်သမား။]

၄၆၇။ ကာမဇာတ်
လောဘကြီးသော မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် အလှန် လောဘကြီးပြီး ဥစ္စာတို့၌ အလွန် တပ်မက်မော၏။ သိကြားမင်းသည် ထိုမင်းကို နှိပ်စက်ရန် လုလင်အသွင်ဖြင့် လာပြီး မင်းအား "ကြွယ်ဝချမ်းသာသည့် တိုင်းပြည်သုံးခုကို တွေ့မြင်ခဲ့၏။ ကျွန်ုပ်သည် မိမိအစ္ဆမ်းဖြင့် ထိုတိုင်းပြည်ကို ယူ၍ သင်မင်းကြီးအား ဆက်ပါ အံ့။ စစ်သည်ဗိုလ်ပါတို့ကို အမြန် စီရင်လော့" ဟု ဆို၍ ပြန်သွားပြီး တဖန် မလစတော့ပေ။ ထိုမင်းသည် ထိုစကားဖြင့် လောဘမီး တောက်လောင်၍ တကိုယ်လုံး ပူပြီး ဝမ်းသွေးကျသည့် ရောဂါ ဖြစ်၏။ ဆေးဆရာတို့ မကုနိုင်ကုန်။

တက္ကသိုလ်မှ ပညာသင်ပြီး ပြန်လာသော ဘုရားလောင်း လုလင်သည် ထိုမင်းအကြောင်းကို ကြား၍ မင်းထံသွားပြီး "ရောဂါကို ကုပေးပါအံ့" ဟု ဆို၏။ သူသည် မင်းအား ရောဂါဖြစ်ခြင်း၏ အကြောင်းကို မေး၍ စိတ်ဇရောဂါ ဖြစ်သည်ကို သိသော် "လောဘတဏှာသည် ဆင်းရဲခြင်း အလုံးစုံကို ပေးပြီး အပါယ်သို့ လားစေတတ်၏" စသည်ဖြင့် အကျယ်တဝင့် တရားဟော၍ ဆုံးမ၏။ ထိုအခါ မင်း၏ စိတ်ဇရောဂါသည် ပျောက်၍ သွေးကျသည့် ရောဂါလည်း ပျောက်ကင်းလေ၏။

သူမိုက်သည်လည်း လောဘမီးလောင်၍ စိတ်ဒုက္ခ ရောက်ရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ကောက်စပါးများ ပျက်စီး သဖြင့် စိုးရိမ်ပူပန်ပြီး လက်ဖြင့် ရင်ကိုဘီး၍ ငိုကြွေးမြည်တမ်းသော ပုဏ္ဏား တဦးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—ပုဏ္ဏား= ဗာရာဏသီမင်း။ ဘုရား=ပညာရှိလုလင်]

၄၆၈။ ဇနသန္ဓဇာတ်
မင်းမြတ်နှင့် ပြည်သူများအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း 'ဇနသန္ဓ' မင်းသည် အလှူတင်းကုပ်ခြောက်ခုကို ဆောက်ပြီး နေ့စဉ် ဥစ္စာခြောက်သိန်းကို လှူ၍ သီလစောင့်၏။ သူသည်

လူတို့အား အလှူပေးရန်၊ သီလစောင့်ရန် ဆုံးမဟောကြား၏။ သူသည် လပြည့် လကွယ်နေ့တိုင်း မင်းယင်ပြင်ရှိ မဏ္ဍပ်ထဲ၌ ရာဇပလ္လင်ပေါ်နေလျက် ဓမ္မသဘင်ကြီးကို ပြု၍ ပြည်သူတို့အား တရားဟော၏။ လူတို့သည် သူ၏ အဆုံးအမ၌ တည်၍ ကုသိုလ်များကို ပြုကြလေ၏။

ပညာရှိသည် ဘုရားတိုအား ဆိုဆုံးမ၍ အပါယ်ဇရဏမှ လွတ်စေ၏။

[မြဟ်ဇ္ဈဘုရားသည် ဇာဘဝန်ကျောင်း၌ နေစဉ် ''ကောသလမင်းကြီးအား ဆုံးမဘော်မူခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ် ပေါင်း-ဘုရား=ဇနသန္ဓမင်း။]

၄၆၉၊ မဟာကဏ္ဍဇာတ်
သိကြားမင်းနှင့် ခွေးနက်ကြီး အကြောင်း

ဗာရာဏသီပြည် 'ဥသီနက'မင်း လက်ထက် ကဿပဘုရား၏ သာသနာ ဆုတ်ယုတ်၍ ရဟန်းများနှင့် ရဟန်းမတို့သည် လူများနှင့် ရောနှော၍ လူ့အကျင့်များကို ကျင့်ကြ၏။ ပုဏ္ဏားများနှင့် လူများသည် ကျင့်ဝတ်တို့ကို စွန့်ကြ၏။ ထို့ကြောင့် သေတိုင်းသော လူတို့သည် အပါယ်ဘုံ၌ ဖြစ်ကြ၍ နတ်ပြည်သည် ဆိတ်သုဉ်း၏။

ထိုအခါ ဘုရားလောင်းသိကြားမင်းသည် ကြောက်မက်ဘွယ် မုဆိုးအသွင်ကို ဖန်ဆင်း၍ မာတလိနတ်သားအား ကြောက်မက်ဘွယ် ခွေးနက်ကြီး (မဟာကဏ္ဍ)ကို ဖန်ဆင်းစေပြီး ဗာရာဏသီမြို့အနီး၌ ''လောကကြီးပျက်စီးတော့မည်''ဟု သုံးကြိမ် အော်ဟစ်၍ လူတို့ကို ထိတ်လန့်စေ၏။ လူတို့သည် ထိုခွေးနက်ကြီးကိုမြင်လျှင် အလွန် ထိတ်လန့်၍ မင်းအား လျှောက်ကြ၏။ မင်းသည် မြို့တံခါးကို ပိတ်စေ၏။ သိကြားမင်းသည် ထိုခွေးနက်ကြီးနှင့် အတူမြို့တံခါးကို ခုန်လွှား၍ မြို့ထဲဝင်၏။ ခွေးနက်ကြီးသည် မြင်သမျှ လူတို့ကို လိုက်၍ ထိတ်လန့်စေပြီး နန်းတော်သို့ ရောက်လာ၏။ လူတို့သည် ကြောက်၍ နန်းတော်ထဲဝင်ပြီး တံခါးကို ပိတ်ကြ၏။ မင်းသည် နန်းတွင်းသူတို့နှင့် အတူ ပြာသာဒ်သို့ တက်၏။

ခွေးနက်ကြီးသည် ရှေ့ခြေနှစ်ဖက်ကို ကြ၍ လေသွန်တံခါး၌ ထားပြီး ပြင်းစွာ ဟောင်၏။ မင်းသည် သတိကိုဖြစ်စေ၍ လေသွန်တံခါးကို မှီလျက် သိကြားမင်းအား ''အိုမုဆိုး၊ သင့်ခွေးနက်ကြီးသည် အဘယ့်ကြောင့် ဟောင်သနည်း''ဟု မေး၏။ သိကြားမင်းက ''ဤခွေးနက်သည် ဧနန်သူ၏ အသားကို

စားလို၍ ဟောင်၏။ ရန်သူဟူသည် တခြားမဟုတ်။ မကောင်းမှုကို ပြုကျင့်သည့် ဒုဿီလမျှားပင်တည်း'' ဟု ဆို၍ ရန်သူတို့၏ မကောင်းမှု မျှားစွဲတို့ကို အကျယ်တဝင့် ဟောကြား၏။

နောက် သိကြားမင်းအသွင်ကို ယူ၍ ကောင်းကင်ဦးရပ်လျက် ''လူတို့သည် အကုသိုလ်မျှားကို ပြု၍ အပါယ်သို့ လားကြသဖြင့် နတ်ပြည်သည် ဆိတ်သုဉ်း၏။ ငါသည် ဤနေ့မှစ၍ တရားမစောင့်သူကို စားစေအံ့'' ဟု ဆို၍ လူတို့အား ဒါန,သီလ တို့ဦး တည်စေပြီး ပြန်သွား၏။ လူတို့သည် သိကြားမင်း၏ အဆုံးအမ၌ တည်၍ နတ်ပြည်သို့ လားကြလေ၏။

ပညာရှိသည် လူမိုက်တို့ကို ထိတ်လန့်စေပြီး ကုသိုလ်ပွားစေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''လောကအကျိုး အတွက် ဘုရားကျင့်ခြင်းကို အကြောင်းပြု၍'' ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အာနန္ဒာ=မာတလိနတ်သား။ ဘုရား=သိကြားမင်း။]

၄၃၀၊ ကောသိယဇာတ်

[ဤဇာတ်သည် သုဒဿဘောဇနဇာတ် (ဇာ•၅၃၅)၌ အကျယ်လာ၏။]

၄၃၁၊ မေဇ္ဈကပဥ္စဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ် (ဇာ-၅၄၂) ၌ အကျယ်လာ၏။]

၄၃၂၊ မဟာပဒုမဇာတ်

မိဖွေးနှင့် ပဒုမမင်းသားအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ 'မဟာပဒုမ' မည်၏။ သူသည် အရွယ်ရောက်သော် မယ်တော်သေ၍ မင်းသည် အခြားမင်းသမီးကို မိဖုရားကြီး မြှောက်၏။ တနေ့သ၌ မင်းသည် ပုန်ကန်သည့် ပစ္စန္တရစ်ကို သွားနှိမ်နင်းပြီး ပြန်လာ၍ မြို့ပြင်၌ သစ်တပ်ချပြီး နေ၏။ ထို အကြောင်းကိုကြားသော် ဘုရားလောင်းသည် မြို့တော်ကို တန်ဆာဆင်၍ နန်းတော်ကို သုတ်သင်စေပြီး ထိုမိဖုရားထံ တယောက်တည်းသွား၏။

မိဖုရားသည် လှပတင့်တယ်သည့် ဘုရားလောင်းကိုမြင်လျှင်တပ်စွန်းသဖြင့် ထ၍ သူ့လက်ကို ကိုင်လျက် ''အိပ်ရာပေါ်တက်၍ ငါနှင့်မေထုန်မှီဝဲလော့'' ဟု

ဆို၏။ ဘုရားလောင်းသည် ငြင်းပယ်ပြီး မိဖုရားကို ရှက်စေ၍သွား၏။မင်းကြီးရောက်လာသော် မိဖုရားသည် နာဟန်ဆောင်လျက် မင်းအား "ပဒုမမင်းသားသည် နန်းတော်ကို သုတ်သင်စဉ်လာ၍ မေထုန်မှီဝဲရန် ကျွန်ုပ်ကိုဆဲငင်ပြီး သူ့စကားကို မလိုက်နာ၍ ရိုက်နှက်သွား၏" ဟု ဆို၏။ မင်းသည် မြေဟောက်ကဲ့သို့ အမျက်ထွက်ပြီး "ပဒုမ မင်းသားကို ခိုးသူချရာ ကမ်းပါးပြတ်ချောက်ထဲသို့ ပစ်ချကြလော့" ဟု မင်းချင်းတို့ကို ခိုင်း၏။

မင်းချင်းတို့က ပစ်ချသော် တောင်စောင့်နတ်သည် ဘုရားလောင်းကို လက်နှစ်ဖက်ဖြင့် ဖမ်းယူ၍ ပွေ့ပြီး နဂါးမင်းထံ၌ ထား၏။ ဘုရားလောင်းသည် နဂါးမင်းက တဝက်ခဲ့ပေးသည့် စည်းစိမ်ကို ခံစားလျက် တန့်ခန့်နေပြီး နဂါးမင်းကို ပန်ကြား၍ ဟိမဝန္တာသို့ သွားပြီး ရသေ့ရဟန်း ပြု၏။ ထိုအခါ ဟိမဝန္တာသို့ ရောက်၍ဘုရားလောင်းကို တွေ့မြင်သော ဗာရာဏသီပြည်မှ မုဆိုးတဦးသည် ထိုအကြောင်းကို မင်းအားလျှောက်၏။ မင်းသည် ဗိုလ်ပါနှင့်အတူသွား၍ ဘုရားလောင်းထံမှ အဖြစ်အပျက် အလုံးစုံကို သိရသော် "ငါသည် အလွန်မိုက်၍ မိန်းမစကားကို နာယူပြီး ဤသို့အကျင့်သိလနှင့် ပြည့်စုံသည့် သင်ချစ်သားကို ပြစ်မှားမိ၏။ ငါ့အပြစ်ကို သည်းခံပါ" ဟု တောင်းပန်၏။

ဘုရားလောင်းက "သည်းခံပါ၏။ တရားနှင့်အညီ မင်းပြုလော့" စသည်ဖြင့် တရားဟော၏။ မင်းသည် ငိုကြွေးမြည်တမ်းလျက် ပြန်သော် ခရီးအကြား၌ မင်းချင်းတို့ကို စေလွှတ်၍ ထိုမိဖုရားကို ခိုးသူချရာ ကမ်းပါးပြတ်ချောက်ထဲသို့ ပစ်ချခိုင်းပြီးမှ မြို့တော်သို့ ဝင်လေ၏။

မိန်းမမည်သည် သူ့အလို မလိုက်သူကို ရန်မူတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "စိဉ္ဆမာဏဝိကာကို အကြောင်း ပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဒေဝဒတ်=ဖခင်မင်း။စိဉ္ဆမာဏဝိကာ=မိထွေး။ အာနန္ဒာ=နဂါးမင်း။သာရိပုတ္တရာ = တောင်စောင့်နတ်။ ဘုရား=မဟာပဒုမမင်းသား။]


၄၇၃၊ မိတ္တာမိတ္တဇာတ်
မိတ်ဆွေနှင့် ရန်သူအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ထိုအခါ မင်း၏ အကျိုးစီးပွားကို ပြုကျင့်သော အမတ်တဦးကို အခြားအမတ်တို့က

ဖျက်ဆီးကြ၏။ မင်းသည် ထိုအမတ်၏ အပြစ်ကို မမြင်၍ "မိတ်ဆွေ၏အဖြစ်၊ ရန်သူ၏ အဖြစ်(မိတ္တာမိတ္တ)ကို အဘယ်သို့ သိအံ့နည်း" ဟု မေးသဖြင့် ဘုရား လောင်းက 'ရန်သူ၏ လက္ခဏာများ၊ မိတ်ဆွေ၏လက္ခဏာများ'ကို အကျယ် တဝင့် ဟောကြား၏။ မင်းသည် နှစ်သက်၍ သူ့အား စည်းစိမ်များစွာကို ပေးလေ၏။

ပညာရှိသည် မတရားအဖြုံခံရသူကို ပညာဖြင့် ကယ်တင်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "ကောသလမင်း၏ အကျိုး စီးပွားကို ပြုကျင့်သော အမတ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း—အာနန္ဒာ=မင်း။** ဘုရား=ပညာရှိအမတ်။]



၄၇၄။ အမဓာတ်
လုလင်ယုတ်နှင့် မန္တရားအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ဒုန်းစက္ကား' သည် အခါမဲ့ အသီး သီးစေနိုင်သည့် မန္တရားကို တတ်သဖြင့် တောဌ သရက်ပင်ကို မန္တရားဖြင့် မန်း၍ သီးစေ၊ မှည့်စေပြီး သရက်သီးများကို လှည့်လည်ရောင်း၍ သားမယားကို ကျွေးမွေး၏။

ထိုမန္တရားကို လိုချင်သောပုဏ္ဏားလုလင်တဦးသည် လာ၍ သူ့အိမ်၌ နေလျက် အိမ်မှုကိစ္စအားလုံးကို ပြုလုပ်ပေး၏။ နောက် ဘုရားလောင်းက သူ့အား ထိုမန္တရားကို သင်ပေးပြီး "သင့်ဆရာသည် အဘယ်သူနည်းဟုမေးလျှင် ငါ့ဆရာသည် ဒုန်းစက္ကားဟု ဆိုလော့။ ဤသို့ မဆိုလျှင် ဤမန္တရား၏ အာနိသင်သည် ပျက်မည်"ဟုဆို၏။ ထိုလုလင်သည် "ကောင်းပြီ"ဟု ဝန်ခံ၍ဆရာကို ရှိခိုးပြီး ဗာရာဏသီမင်းထံ သွား၍ ခစား၏။

တနေ့သ၌ မင်းသည် သူနှင့်အတူညယျာဉ်သို့သွား၍ "သင့်မန္တရား၏အစွမ်းကို ပြလော့"ဟု ဆို၏။ ထိုလုလင်သည် သရက်ပင်ကို မန္တရားဖြင့် မန်းသော် ထိုခဏ၌ သရက်ပင်သည် အသီးသီး၍ မှည့်၏။ မင်းက သူ့အား ဥစ္စာများစွာကို ပေး၍ "ဤမန္တရားကို ဘယ်သူ့ထံမှ ရသနည်း"ဟု မေး၏။ ထိုလုလင်က "ဒိသာပါမောက္ခ ဆရာထံမှရ၏"ဟု မှုသားဆိုလျှင်ပင် မန္တရားသည် ကွယ်၏။ နောက်တနေ့သ၌ မင်းသည် ညယျာဉ်သို့သွား၍ မင်္ဂလာကျောက်ဖျာပေါ်၌ နေလျက် ထိုလုလင်အား "သရက်သီးများကို ဆောင်ခဲ့လော့"ဟု ဆို၏။ လုလင်သည် သရက်ပင်သို့ ကပ်၍ မန္တရားကို ရွတ်ရန် ဆင်ခြင်သော် မန္တရားပျောက်ကွယ်သည်ကို သိ၍ ထိတ်လန့်တုန်လှုပ်လျက် ရပ်၏။

မင်းက မေးသော် သူက "ယနေ့ နက္ခတ် ယှဉ်ခြင်းကို မရ၍ မန္တရားမှာ အကျိုးမသက်ရောက်ဘဲ ရှိပါ၏"ဟုဆို၏။ မင်းက "သင်သည်ယခင်ကနက္ခတ်

ယှဉ်ခြင်း အကြောင်းကို မဆို။ အဘယ့်ကြောင့်နည်း'' ဟု မေး၏။ လုလင်က အမှန်အတိုင်း ဝန်ခံ၍ ပြောသော် မင်းသည် ''ဤလုလင်ကား ယုတ်မာ၏'' ဟု အမျက်ထွက်ပြီး သူ့ကို လည်ဋ္ဌကိုင်၍ နှင်ထုတ်စေ၏။

လူမိုက်သည် ဆရာပညာရှိကိုပြစ်ဒဏ်းတတ်သဖြင့် ပျက်ဒိုးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ''ဆရာဖြစ်သူ ဘုရားကို စွန့်၍ ကျေးဇူးကန်းသဖြင့် မြေမျိုခံရသော ဒေဝဒတ်ကို အကြောင်းပြု၍'' ဤ ဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ် = လုလင်ယုတ်။ အာနန္ဒာ = မင်း။ ဘုရား = ဒွန် စတ္တား။]

၄၃၅။ ဖန္ဒနဇာတ်

ဝံနှင့် ရဂ္ဂစိုးနတ်အကြောင်း

ဗာရာဏသီပြည် ဇြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်းသည် ဟိမဝန္တာဝယ် တောအုပ်တခုဌ ရုက္ခစိုးနတ် ဖြစ်၏။ တနေ့သဌ် ထိုတောဝရှိ ကြိုပင် (ဖန္ဒန)အောက် ဘုင် အိပ်နေသော ဝံတကောင်သည် သူ့ခါးပေါ်သို့ ကြိုပင်မှ သစ်ကိုင်းခြောက် ကျသဖြင့် ''သင်ရုက္ခစိုးသည် ငါ့ကို နှိပ်စက်၏။ သင့်အပင်ကို ခုတ်ဖြတ်စေအံ့'' ဟု ရန်ငြိုးဖွဲ့၏။

တနေ့သဌ် သူသည် ထိုကြိုပင်ရင်းဌ ရပ်စဉ် ရထားအတွက် သစ်သား ရှာရန် လှည်းဖြင့် ရောက်လာသည့် လက်သမားတဦးကို မြင်၍ ''ဤကြိုပင်၏ သစ်သားသည် အလွန်ကောင်း၍ ရထားအကုပ်အတွက် ခိုင်ခံ့၏'' ဟုဆို၍ သွား၏။ လက်သမားသည် ထိုကြိုပင်ကိုဖြတ်ရန် အားထုတ်၏။ ကြိုပင်စောင့် နတ် သည် ''ဤဝံကား ငါ့ကို အထင်မှားပြီး ရန်ငြိုးဖွဲ့၏။ ဟု အမျက်ထွက်၍ တောလုပ် ယောကျ်းအသွင် ဖန်ဆင်း၍ လက်သမားထံ သွားပြီး ''ဤရထားအကုပ်သည် ဝံရေဖြင့် ရစ်ပတ်လျှင် အလွန် ခိုင်မည်။ ရထားဘိုး မျှားစွာ ရမည်'' ဟု ဆို၏။ လက်သမားက ''ဝံရေကို ဘယ်မှာ ရမည်နည်း'' ဟု မေးသော် ထိုနတ်က ''သစ်ပင်ကို ပြောကြား သည့် စံထံသို့ သွား၍ ဖြားယောင်းခေါ်လာပြီး သတ်လျှင် ဝံရေကို လွယ်လွယ်ဖြင့်ရမည်'' ဟုဆို၏။ လက်သမားသည် ထိုနတ်ပြောသည့်အတိုင်း ထိုဝံကိုသတ်ပြီး ကြိုပင်ကို ခုတ်ဖြတ်၍ ယူသွားလေ၏။

ရန်ငြိုးမွဲ.ပြီး နိုက်ရန်ဖြစ်လျှင် ၂ ဦးလုံးပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဆွေတော်မျိုးတော်တို့၏ ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း။ ဘုရား = ထိုအကြောင်းကို သိမြင်သော တောအုပ်၌ နေသည့်နံတ်။]

၄၇၆။ ဇဝနဟံသဇာတ်

နေနှင့် အပြေးပြိုင်သည့် ဟသ်ာများအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'ဇဝန'ဟသ်ာမင်း (ဇဝနဟံသ)သည် ဟသ်ာ ကိုးသောင်း ခြံရံလျက် စိတ္တကူဋ္ဌတောင်၌ နေ၏။ တနေ့သ၌ သူငယ် ဟသ်ာနှစ်ကောင်သည် နေနှင့် အပြေးပြိုင်ရန် နေမထွက်မီကပင် ယုဂန္ဓ ၇ ရံတောင်ထိပ်သို့သွားနှင့်၍ ထွက်လာသည့်နေနှင့်အတူ ပြေးကြ၏။

ဘုရားလောင်းသည် ညီများကို ကယ်ဆယ်ရန် အတူပြေး၏။ သူသည် အလျင် မောပန်းသည့် ညီငယ်ကိုအတောင်ချိုင့်ဖြင့်ပိုက်ပြီးစိတ္တကူဋ္ဌတောင်သို့ ယူဆောင်၍ ထား၏။ နောက် သူသည် ပြန်သွား၍ မှန်းတည့်ခါနီး အချိန်၌ ပင်ပန်းသည့် ညီလတ်ကို ရှေးနည်းတူ ယူဆောင်လာ၏။ နောက် သူသည် သူ့စွမ်းအားကို စုံစမ်းရန်ယုဂန္ဓ ၇ ရံတောင်ထိပ်သို့သွား၍ ထိုမှပျံပြီး တဟုန်တည်းဖြင့် နေသို့ရောက်၍ နေနှင့်အတူပျံ၏။ နောက် သူသည် နေနှင့်အပြေးပြိုင်ခြင်းဖြင့် ငါ့မှာအကျိုးမရှိ"ဟုကြံ၍ ဗာရာဏသီပြည်သို့သွားပြီးမြို့ပေါ်၌ လှည့်ပတ်ပျံသော် တမြို့လုံးသည် ဟသ်ာဖြင့် ဖုံးအုပ်ထားသကဲ့သို့ ဖြစ်၏။ နောက် သူသည် အဟုန်ကိုလျှော့ပြီး သူ့မိတ်ဆွေ ဗာရာဏသီမင်းထံ သွား၍ နေနှင့် အပြေးပြိုင်သည့် အကြောင်းကို ပြောပြ၏။

မင်းက ထိုအဟုန်မျိုးကို ပြခိုင်း၍ သူက ဤသို့ပြ၏။ "သူသည် တိုင်ထိပ်ပေါ်နားလျက် လေးဘက်မှ လေးသမား ၄လေးဦးတို့က သူ့ဆီပစ်သည့် မြားလေးစင်းကိုဖမ်း၍ ပြန်ထားပြီး တိုင်ထိပ်၌ ပြန်နားရာ သူသည် မလှုပ်မရှားတည်နေသလို ထင်ရ၏။" နောက် သူသည် မင်းအား "ဤလျင်မြန်ခြင်းထက် အဆအသိန်းမက မြန်သော အရာကား သတ္တဝါတို့၏ အာယုသင်္ခါရတည်း။ ရုပ်နာမ်တည်း" စသည်ဖြင့် ရုပ်နာမ်တို့၏ ပျက်ခြင်းသဘောကို ဖော်ပြလျက် တရားဟောပြီး မိမိနေရာသို့ပျံသွား လေ၏။

ပညာရှိသာ သေခြင်းတရား မည်မျှ လျင်မြန်ကြောင်း သိနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "(အာယုသင်္ခါရ၏မြန်ခြင်း သဘောကို ဖော်ပြပြီး 'တရားကို ကျင့်အပ်၏'ဟု ဟောတော်မူသော) 'ဒဋ္ဌဓမ္မ

ဓနုပ္ပဟ' သုတ္တန်ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ် ပေါင်း–အာနန္ဒာ=ဗာရာဏသီမင်း။ မောဂ္ဂလ္လာန်=ညီးယ်ဘသ်ာ။ သာရိပုတ္တရာ=ညီလတ်ဟသ်ာ။ ဘုရား=ဇဝနဟသ်ာမင်း။]

၄၇၇၊ စူဠနာရဒဇာတ်

အမျိုးသမီးနှင့် ရသေ့ငယ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း သူကြွယ်သည် မယားသေသော် သားငယ်ကိုယူပြီး ရသေ့ရဟန်းပြုလျက် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာဌ်နေ၏။ တနေ့သဉ်ဿ သူသည် သစ်သီးရှာသွားနေစဉ် အမျိုးသမီးတဦးသည် ထိုကျောင်းသို့ ရောက်လာပြီး ရသေ့ငယ်၏ သီလကို ဖျက်ဆီး၍ ရှာသို့ခေါ်၏။ ရသေ့ငယ်က ''ငါ့အဘကို ပန်ကြားပြီး အတူသွားကြအံ့'' ဟုဆို၏။ ထိုအမျိုးသမီးက ''ငါ ရှေ့က သွားနှင့်အံ့။ သင် နောက်မှ လိုက်ခဲ့လော့'' ဟု ဆို၍ တနေရာသို့သွားပြီး စောင့်နေ၏။

ဘုရားလောင်းသည် တောမှ ပြန်ရောက်၍ သားငယ်ထံမှ အကြောင်းစုံကို ကြားသိသော် ''ချစ်သား နာရဒ' သင့်အား ဒေသအကျင့်ကို ဟောအံ့'' ဟု ဆို၍ ပြည်ရှာသူတို့ပြုကျင့်သည့် မကောင်းမှုအမျိုးမျိုးကို အကျယ်ဟောကြားပြီး ''မကောင်းမှုများကို မပြုကျင့်လင့်'' ဟုဆုံးမ၏။ ထိုအခါသားငယ်ရသေ့သည် သတိရ၍ ''ကျွန်ုပ်သည် လူ့ပြည်သို့ မသွားတော့ပါ'' ဟု ဆိုပြီး အဖ၏ အဆုံးအမ၌တည်၍ မကြာမီ ဈာန်ရလေ၏။

မိန်းမ မည်သည် သူ့တော်စင်ကို အတွေ့ပေး၍ ဖျက်ဆီးတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အပျိုကြီး ဖြားယောင်း၍ ငြီးငွေ့သောရဟန်းတပါးကို အကြောင်းပြုပြီး'' ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**–အပျိုကြီး=အမျိုးသမီး။ ငြီးငွေ့သောရဟန်း=ရသေ့ငယ်။ ဘုရား=အဖ ရသေ့ကြီး။]

၄၇၈၊ ဒဋ္ဌိတဇာတ်

မတရားမင်းနှင့် ပုဏ္ဏားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ဇနပုဒ်ကိုနှိပ်စက်၍ဥစ္စာကို စုဆောင်းသဖြင့် ဇနပုဒ်မှာ ရွှေငွေမရှိသည်ဖြစ်၏။ ထိုအခါ ဘုရားလောင်း ပုဏ္ဏားသည် ''အတတ်သင်ပြီးမှဥစ္စာကို ပေးပါအံ့'' ဟူသောကတိဖြင့်တက္ကသိုလ်ပြည် ဆရာ့

ထံ၌ ဘတတ်ကိုသင်၏။ သင်ပြီးသော် သူသည် ဇနပုဒ်သို့သွား၍ တရား သဖြင့် ရှာအပ်သော ရွှေခုနစ်နိုက္ခကို ယူပြီး ဆရာအား ပေးရန်သွား၏။ ခရီးအကြာ ဂင်္ဂါမြစ်၌ လှေစီးသော် ထိုရွှေသည် ရေထဲကျသွား၏။ သူသည် "ဥပါယ်ဖြင့် မင်းထံမှရွှေကို ရအောင်ယူအံ့" ဟု ကြံ၍ ဂင်္ဂါမြစ် သဲပြင်၌ အစာမစားဘဲနေပြီး လာမေးသူတို့အား စကားမပြော။ ခြောက်ရက်မြောက် နေ့၌ ထိုအကြောင်းကိုကြား၍ မင်းကစေလွှတ်သည့် အမတ်တမန် (ဒူတ) တို့အားလည်း သူစကားမပြော။

ခုနစ်ရက်မြောက်၌ မင်းကိုယ်တိုင် လာမေးသော် သူက "မင်းမည်သည် တရားနှင့်အညီမင်းပြုသင့်ကြောင်း" တရားဟောပြီး ထိုရွှေ ရေထဲကျဆုံးသည့် အကြောင်းကို ပြော၏။ မင်းသည် အလွန်နှစ်သက်၍ သူ့အား ရွှေတဆယ့် လေးနိုက္ခကို ပေး၏။ ဘုရားလောင်းသည် မင်းအားအဆုံးအမပေး၍ ဆရာ့ထံ ဥစ္စာတို့ကို သွားပေး၏။ မင်းလည်း တရားနှင့်အညီ မင်းပြုလေ၏။

ပညာရှိသည် လူမိုက်ကို ပညာဖြင့် ဆုံးမတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဘုရား၏ ပညတ်တော်အား ချီးမွမ်းခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း–** အာနန္ဒာ=ဗာရာဏသီမင်း။ သာရိပုတ္တရာ=ဆနာ။ ဘုရား=ပုဏ္ဏားလုလင်။]

၄၂၉။ ကာလိင်္ဂဇာတ်

ဗောဓိမဏ္ဍိုင်နှင့် စကြာမင်းအကြောင်း

ဘုရားလောင်းသည် ကာလိင်္ဂတိုင်း ဒန္တပုရမြို့ 'ကာလိင်္ဂ'မည်သော စကြာမင်း၏ ပုရောဟိတ်ဖြစ်၏။ တနေ့သ၌ စကြာမင်းသည် အခြံအရံများစွာဖြင့် တောနေ သူ့မိဘများကို ဖူးမြင်ရန် ဆင်ဖြူတော်စီး၍ ကောင်းကင်ဖြင့် သွားသော် 'ဗောဓိမဏ္ဍိုင်'၏ အထက်ရောက်လျှင် ဆင်ဖြူတော်သည်မသွားဘဲ ရပ်၏။ မင်းကမေးသော် ဘုရားလောင်းက "ဘုရားရှင်တို့၏ ဗောဓိမဏ္ဍိုင်၏ ဂုဏ်ကျေးဇူးများနှင့် တန်ခိုးတော်များကို" ပြောကြား၍ ဆင်ဖြူတော်မှ ဆင်းရန်လျှောက်၏။ မင်းက မဆင်းဘဲ ဝဇီရစိန်ချန်းနှင့်အကြိမ်ကြိမ် ပေါက် သဖြင့် ဆင်ဖြူတော်သည် ရပ်လျက်သေ၏။

မင်း၏ ဘုန်းတန်ခိုးကြောင့် ဆင်ဖြူတော်ဟစ်းရောက်လာ၏။ မင်းသည် ထိုဆင်ပေါ် တက်စီးသော် သေသောဆင်သည် မြေသို့ကျ၏။ မင်းသည် ကောင်းကင်မှဆင်းပြီး ဗောဓိမဏ္ဍိုင်ကိုကြည့်၍ တန်ခိုး ပြာဋိဟာကိုမြင်လျှင်

ဘုရားလောင်းအား ချီးကျူး ပြောဆို၏။ ဘုရားလောင်းက ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသော် မင်းသည် အလွန် နှစ်သက်သဖြင့် တကမ္ဘာလုံးဌေးနေကြသူတို့အား ပန်းနံ့သာတို့ကိုယူဆောင်စေ၍ ဗောဓိမဏ္ဍိုင်ဌာန မဟာဗောဓိအား ခုနစ်ရက်လုံး ပူဇော်ခြင်းကို ပြုစေလေ၏။

ဗေဗဓိပင်သည် ဘုရား၏ ကိုယ်စားဖြစ်၍ တန်ခိုးကြီးသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် "ရှင်အာနန္ဒာ စိုက်ပျိုးသည့် မဟာဗေဓိပင်အား ပူဇော်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—အာနန္ဒာ=စကြာမင်း။ ဘုရား=ပုရောဟိတ်။]

၄၈၀၊ အ့ကိတ္တိဇာတ်
ရဿ့နှင့် သိကြားမင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း 'အကိတ္တိ' သူဌေးသားသည် မိဘတို့ကွယ်လွန်သော်ဥစ္စာတို့ကိုစွန့်လျှူပြီး နှမ 'ယသဝတီ' နှင့်အတူ တနေရာ၌ ရဿ့ရဟန်းပြု၍ နေ၏။ နောက် သူသည် အခြံအရုံ ပေါများသည်ကို မနှစ်သက်၍ နှမကိုအသိမပေးဘဲ တယောက်တည်း အရပ် တပါးသို့ ထွက်သွားပြီး ဥယျာဉ်တခုဌာနေ၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။ ထိုနေရာ၌လည်း ပူဇော်သက္ကာရများပြားသော် သူသည် ကောင်းကင်ခရီးဖြင့် 'နာဂဒီပ' ကျွန်းအနီး 'အဟိဒီပ' ကျွန်းတွင် ကံပြင်းပင်အောက်၌ ကျောင်း ဆောက်နေ၏။

သူသည်. တခြားသို့ သစ်သီးရှာ မသွားဘဲ ထိုကံပြင်းပင်မှ အသီး အရွက်တို့ကိုသာ စားလျက်နေ၏။ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် သုံးရက်တိုင်သွား၍ အလှူခံသော် ဘုရားလောင်းသည် ကံပြင်းရွက်ကို ပုဏ္ဏားအား လှူပြီး မစားဘဲ ပိတိချမ်းသာဖြင့်သာ နေ၏။ ထိုအခါ သိကြားမင်းသည် ကောင်းကင်၌ရပ်လျက် "အဘယ့်ကြောင့် ဤမျှ ခြိုးခြံစာ ကျင့်သနည်း" ဟု မေး၏။ ဘုရားလောင်းက "ငါသည် လူ နတ် စည်းစိမ်ကို မတောင့်တ။ ဘုရား အဖြစ်ကိုသာ တောင့်တ၍ ခြိုးခြံသည့် အကျင့်ကို ကျင့်၏" ဟုဆို၏။ သိကြားမင်းက နှစ်သက်၍ ဆုများကို တခုပြီးတခု ပေးသော် ဘုရားလောင်းသည် ပစ္စည်းနှင့်စပ်သည့်ဆုကို မယူဘဲ အကျင့်နှင့် ပတ်သက်သည့် ဆုများကိုသာ ယူ၏။ သိကြားမင်းသည် နှစ်သက်၍ ရှိခိုးကန်တော့ပြီး ပြန်လေ၏။

ပညာရှိသည် အငတ်ခံ၍ ပေးကျွေတတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌိုင်နေစဉ် ''ဘုရား အမှူးရှိသော ရဟန်း သံဃာအား ခုနစ်ရက်လုံး အလှူကြီး ပေးသည့် ဒါယကာတဦးကိုအကြောင်း ပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–အနုရုဒ္ဓါ=သိကြားမင်း။ ဘုရား = အကိတ္တိပညာရှိ။]

၄၈၁၊ တက္ကာရိယဇာတ်

နှုတ်မစောင့်သည့် ပုရောဟိတ်အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဇဟွဒတ်မင်း၏ မျက်စိကြောင်၊ သွားခေါ်သော 'ပိင်္ဂလ' အမည်ရှိ ပုရောဟိတ်၏တပည့်ဖြစ်၍ 'တက္ကာရိယ' မည်၏။ ပုရောဟိတ်သည် သူ့နှင့်အလွန်တူ၍ သူ့မယား နှင့်ဖောက်ပြန်နေသည့် ပုဏ္ဏားတဦးကို သတ်လိုသဖြင့် တနေ့သဘ် မင်းအား ''မြို့တော် လုံခြုံစေရန် မြို့၏ တောင်တံခါးဟောင်းကိုအသစ်ပြု၍ ဗလိနတ်စာကျေးသင့်၏'' ဟုလျှောက်၏။

မင်းက တာဝန်ပေးသဖြင့် သူသည် ထိုတံခါးဟောင်းကို ပယ်၍ တံခါးသစ်ကို တည်စေပြီးသော် မင်းအား ''နက်ဖြန် နက္ခတ်ကောင်း၍ မျက်စိကြောင်၊ သွားခေါ်သော ပုဏ္ဏားစစ်စစ်တယောက်ကို သတ်ပြီး သူ၏အသား အသွေးတို့ဖြင့် ဗလိနတ်စာပြု၍ ကိုယ်ကိုကျင်းထဲချပြီး တံခါးတိုင်ကိုတည်ထား သင့်၏'' ဟု လျှောက်၏။ မင်းက ထိုတာဝန်ကို သူ့အားပင် ပေး၏။ ပုရောဟိတ်သည် ဝမ်းသာစွာဖြင့် အိမ်ပြန်၍ နှုတ်မစောင့်စည်း နိုင်သဖြင့် မယား့အား ''နက်ဖြန် ဤရုပ်မျိုးရှိသည့် သင့်သယောက်လင်ကိုသတ်၍ ဗလိနတ်စာပြုအံ့'' ဟု ဆို၏။ မယားသည် သယောက်လင်ထံ ထိုအကြောင်းကို ကြား၍ အခြားအရပ်သို့ ပြေးစေ၏။

နောက်တနေ့မျက်စိကြောင်၊သွားခေါ်သည့် ပုဏ္ဏားမျိုးကို မင်းကဖမ်းခိုင်းသဖြင့် အမတ်တို့ တမြို့လုံးလိုက်ရှာ၍ မတွေ့သော် မင်းအား ''ပုရောဟိတ် မှတပါး ဤပုဏ္ဏားမျိုး မရှိပါ။ သူ့ကပည့်ကို ပုရောဟိတ်ခန့်၍ သူ့ကို သတ်ပြီး ဗလိနတ်စာ ပူဇော်သင့်၏'' ဟု လျှောက်ကြ၏။ မင်းက သဘော တူ၏။ ဘုရားလောင်းသည် တံခါးတိုင်ကိုတည်ရန် တွင်းကိုတူးစေ၍ ဆရာနှင့်အတူ တင်းတိမ်အတွင်း၌ နေ၏။ ဆရာက ''ငါသည် နှုတ်မစောင့်၍ မိန်းမယုတ်အားပြောမိသဖြင့် ငါသည်ပင် ငါ့ကိုသတ်၏'' ဟုဆို၏။ဘုရားလောင်းက ''နှုတ်မစောင့်စည်း၍ ဆင်းရဲဒုက္ခရောက်ကြပုံတို့ကို အတိတ်ဝတ္ထုငါးခု'' ဖြင့် ဆရာအား အကျယ်တဝင့် ပြောဆို၍ ကဲ့ရဲ့၏။ နောက် သူသည် ''ဆရာ့ အသက်ကို ကယ်အံ့'' ဟု နှစ်သိမ့်စေပြီး ''နက္ခတ်ယှဉ်ခြင်းကိုမရသေး'' ဟု ဆို၍ ထိုနေ့ကို လွန်စေပြီး ည သန်းကောင်ချိန်မှ ဆရာအား အရပ် တပါးသို့

တိတ်တဆိတ်ထွက်ပြေးစေပြီး ဆိတ်သေ၏ အသားဖြင့် ဗလိနတ်စာကို ပြု၍ မြို့တံခါးကို တည်စေလေ၏။

လူမိုက်သည် သူတပါးကိုမကောင်းကြံ၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အဂ္ဂသာဝက နှစ်ပါးကို ဆဲရေးသဖြင့် သေသော် ငရဲကျသည့် 'ကောကာလိက' မထေရ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**—ကောကာလိက=ပုရောဟိတ်။ ဘုရား=ပုရောဟိတ်၏တပည့်။]

၄၈၂။ ရုရုမိဂဇာတ်

ကျေးဇူးကန်းနှင့်ဆတ်မင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဆတ်(ရုရုမိဂ) သည် ဂင်္ဂါမြစ်ကွေ့အနီးရှိ တောင်၌နေ၏။ တနေ့သ၌ သူသည် 'ဥစ္စာပြုန်းတီး' ကြွေးထူ၍ ကြွေးမြီ မဆပ်နိုင်သဖြင့် မိမိကိုယ်ကိုသတ်ရန် မြစ်ထဲ ခုန်ချသော သူဌေးသားတဦးကို ကယ်ဆယ်၏။

ထိုသူဌေးသားသည် ဗာရာဏသီပြည်သို့ ပြန်ရောက်သည့်နောက်ပင် မင်း၏ 'ခမာ'မိဖုရားသည် 'သူ့အား ရှေဆတ်မင်း တရားဟောသည်'ကို အိပ်မက်မက်၏။ မိဖုရားက "ရှေဆတ်မင်း၏တရားကိုနာလို၏"ဟုဆို၍ မင်းသည် "ရှေဆတ်မင်းရှိသည့်နေရာကို ပြောကြားသူအား ဥစ္စာစည်းစိမ်များစွာကို ပေးမည်"ဟု စည်လည်စေ၏။ ထိုသူဌေးသားသည် မင်းထံ သွား၍ "ကျွန်ုပ်အား စည်းစိမ်ဥစ္စာများကိုပေးလော့၊ ရှေဆတ်ရှိရာသို့ လိုက်ပြအံ့"ဟု ဆို၏။ မင်းသည် စစ်သည်အခြံအရံဖြင့် ထိုသူနှင့်အတူ ထိုတောသို့ လိုက်သွား၏။ မင်းသည် လက်နက်ကိုင်တို့အား ထိုတောအုပ်ကို ဝိုင်းခိုင်း၍ ပဲ့ထင်ထပ်စေပြီး ထိုသူဌေးသားနှင့်အတူ တနေရာ၌ နေ၏။

ဘုရားလောင်းသည် "ဤဘေးကား ထိုသူယုတ်ကြောင့်ဖြစ်ရာ၏"ဟု ကြံ၍ ဘေးကင်းရန် မင်းရှိရာသို့ ပြေးသွားပြီး "ဤသူဌေးသားသည် ယုတ်မာ၏။ မိမိအသက်ကယ်ခဲ့သူကို ပြစ်မှား၏"ဟု ဆို၏။ မင်းသည် အမျက်ထွက်၍ "ဤကျေးဇူးကန်းသူကို သတ်အံ့"ဟု ဆိုသော် ဘုရားလောင်းက "ငါ့ကိုမှီ၍ ဤသူယုတ်မာ မပျက်စီးစေလင့်"ဟု တောင်းပန်၏။ ဘုရားလောင်းသည် မင်းနှင့်အတူ မြို့သို့လိုက်သွား၍ မင်း၊ မိဖုရားစသော လူအပေါင်းတို့အား တရားဟော၍ ဆုံးမပြီး တောသို့ ပြန်လေ၏။

လူမိုက်သည် ကျေးဇူးရှင်ကိုပြစ်မှား၍ ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌာနေစဉ် ''ဘုရားကပြုပေးခဲ့သံ့ကျွဲ ကျေးဇူးများကို မသိသော ဒေဝဒတ်ကိုအကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ ဇာတ်ပေါင်း–ဒေဝဒတ်=သူငွေးသား။ အာနန္ဒာ=မင်း။ ဘုရား=ဆတ်မင်း။]

၄၈၃။ သရဘမိဂဇာတ်

မင်းနှင့်သမင်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'သရဘ' မည်သော သမင်(သရဘမိဂ)သည် တောင်၌နေ၏။မင်းသည် အမတ်စစ်သည်ဗိုလ်ပါတို့နှင့် အတူ တောသို့ သွားပြီး ထိုတောကိုဝိုင်း၍ လက်နက်များဖြင့် ရိုက်ခတ် ချောက်လှန့်၏။ မင်းသည် သူ့ထံ ပြေးလာသည့် ဘုရားလောင်း နောက်သို့ သုံးယူဇနာခန့် လိုက်၍ တောထဲရောက်သော် ရေပြည့်သော တွင်းကြီးထဲသို့ ကျ၏။ဘုရားလောင်းသည် ပြန်လှည့်လာ၍ ထိုတွင်းကြီးမှမင်းကိုဆယ်တင်ပြီး ကျောပေါ်တင်လျက် တောမှထုတ်၍ စစ်သည်ဗိုလ်ပါနှင့် မနီးမဝေး အရပ်၌ ချပြီး မင်းအား ဆိုဆုံးမ၍ တောထဲသို့ဝင်၏။

မင်းသည် ဗိုလ်ပါအခြံအရံနှင့်အတူပြန်ပြီး ''ယနေ့မှစ၍ ပြည်သူ အားလုံး ငါးပါးသီလကိုစောင့်ကြ''ဟု တရားစည်ကြီးကို လည်စေ၏။ မင်းသည် မိုးသောက်ချိန်၌ ဘုရားလောင်း၏ကျေးဇူးများကို အောက်မေ့၍ ထပြီးအိပ်ရာ၌ ထက်ဝယ် ဖွဲ့ခွေနေလျက် ဥဒါန်းကျူးရင့်၏။ နံနက်စောစော လာသော ပုရောဟိတ်သည် တံခါး၌ရပ်လျက် မင်း၏ဥဒါန်းကျူးရင့်သံကို ကြားလျှင် ''မင်းသည် မနေ့က သမင်လိုက်သွားစဉ် တွင်းကြီးထဲသို့ကျ၍ သမင်မင်းက ဆယ်တင်ပေးခဲ့သဖြင့် ဤသို့ဥဒါန်းကျူးရင့်ခြင်း ဖြစ်မည်''ဟု ကြံ၏။သူသည် တံခါးကိုခေါက်၍ မင်းထံရောက်သော် မင်းအား မနေ့က မင်းတွေ့ကြုံခဲ့ရသည်များကို ပြောပြ၏။ သူ့အား မင်းက ချီးမွမ်း၍ စည်းစိမ်ဥစ္စာများစွာကို ပေးလေ၏။

ဝညာရှိမည်သည် အရိပ်မြင်က အကောင်ထင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''တာဝတိံသာ၌ ဝါတွင်း သုံးလပတ်လုံးအဘိဓမ္မပိဋကကိုဟောပြီး ပြန်ကြွလာသောဘုရားရှင်က အကျဉ်းအားဖြင့် မေးသည့် ပြဿနာကို အကျယ်ဖြေဆိုသည့် ရှင်သာရိပုတ္တရာကို အကြောင်းပြု၍''ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–အာနန္ဒာ = မင်း။ သာရိပုတ္တရာ = ပုရောဟိတ်။ ဘုရား = သရဘ သမင်မင်း။]



၄၀၄၊ သာလိကေဒါရဇာတ်

ကျေးမင်းနှင့်လယ်ရှင်ပုဏ္ဏားအကြောင်း

ရာဇဂြိုဟ်ပြည် မဂဓမင်းလက်ထက် ဘုရားလောင်း ကျေးမင်းသည် မဂဓလယ်တော(ကေဒါရ)အနီးရှိ လက်ပံတောဌ် ကျေးအပေါင်းခြံရုံလျက် မိဘကို လုပ်ကျွေး၏။ ကျေးတို့သည် ထိုလယ်တောဌ်နေစဉ် သလေးစပါး(သာလိ)များကို စားကြ၏။ ဘုရားလောင်းသည် စားပြီးလျှင် သလေးနှံများကို ယူဆောင်၍ မိဘအား ပေး၏။

လယ်စောင့်သည် လယ်ရှင် 'ကောသိယ' ပုဏ္ဏားထံသွား၍ "ကျေးတို့သည် သလေးကို လာစား၏။ အလွန်လှသည့် ကျေးမင်းကား စားပြီးလျှင် နှုတ်သီးဖြင့် သလေးနှံများကို ယူသွား၏"ဟု ဆို၏။ ထိုစကားကို ကြားလျှင်ပင် ပုဏ္ဏားသည် ကျေးမင်းကိုချစ်မြတ်နိုးပြီး "ထိုကျေးမင်းကို ကျော့ကွင်းဖြင့် ဖမ်းယူခဲ့လော့"ဟု ဆို၏။ လယ်စောင့်သည် ကျေးမင်းကို ကျော့ကွင်းဖြင့်ဖမ်းပြီး ယူလာသော် ပုဏ္ဏားသည် ဘုရားလောင်းကို လွန်စွာချစ်၍ မိမိခင်ခွင်၌ ထားပြီး အချင်းချင်း ဝမ်းသာစကား ပြောကြား၏။

ပုဏ္ဏားသည် သူ့ကို ဆုံးမစကား ပြောကြားသော ဘုရားလောင်းအား နှစ်သက်၍ ပယ်တဆောင်သောလယ်ကို ပေး၏။ ဘုရားလောင်းက ရှစ်ပယ်ကိုသာ ယူ၏။ ပုဏ္ဏားသည် တိုင်စိုက်၍ လယ်ကို ဘုရားလောင်းအား အပ်နှင်းပြီး ပန်းနံ့သာတို့ဖြင့် ပူဇော်၍ လှတ်လိုက်လေ၏။

မိဘလုပ်ကျွေးသူသည် ကြီးပွားချမ်းသာရသည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "အမိကိုလုပ်ကျွေးသည့်ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– ဆန္နမထေရ်=လယ်စောင့်။ အနုရုဒ္ဓါ = ပုဏ္ဏားဲ။ ဘုရား = ကျေးမင်း။]

၄၈၅၊ စန္ဒကိန္နရီဇာတ်

မင်းယုတ်နှင့် ကိန္နရီမောင်နှံအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တနေ့သ၌ လက်နက်ငါးပါး စုံကိုင်လျက် တယောက်တည်း ဟိမဝန္တာသို့သွား၍ အမဲကိုစားလျက်သွားသော် 'စန္ဒ'မည် သော ဥဋ္ဌေတောင်သို့ ရောက်၏။ 'စန္ဒကိန္နရ'မည်သော ဘုရားလောင်း 'ကိန္နရ' သည် 'စန္ဒကိန္နရီ'မည်သော သူ့မယားနှင့်အတူ ထိုဥဋ္ဌေတောင်မှ ဆင်းသက်ပြီး လှည့်လည်လျက်· အချင်းချင်းချစ်ခင်စွာ ပျော်မြူးကစား သီဆိုက၍ ပျော်ပါးနေ၏။

မင်းသည် ထိုကိန္နရာတို့ကို မြင်သော် ကိန္နရီမကို တပ်မက်၍ ဘုရားလောင်း ကို မြားဖြင့် ပစ်၏။ ဘုရားလောင်းသည် ဒဏ်ရာရ၍ ငိုကြွေးလျက် လဲ၏။ စန္ဒကိန္နရီသည် လင်ကိုယ်၏ မြားစူးသည့် နေရာမှ ယိုထွက်သော သွေးကို မြင် လျင် သည်းစွာ ငိုကြွေး၏။ မင်းသည် "ကိန္နရီဖို့သေသည်ဖြစ်မည်" ဟု ထွက် လာသော် စန္ဒကိန္နရီသည် တုန်လှုပ်စွာဖြင့် ပြေး၍ တောင်ထိပ်၌ရပ်လျက် မင်းကို ဆဲရေး၏။ မင်းက "မစိုးရိမ်လင့်။ သင်သည် ငါ့မယားဖြစ်မည်" ဟု ဆိုသော် စန္ဒကိန္နရီက "ငါသည် သေအံ့။ သင့်မယား မဖြစ်အံ့" ဟု ဆို၏။ မင်းသည် တပ်မက်ခြင်းကင်း၍ ဖဲသွား၏။

စန္ဒကိန္နရီသည် ဆင်းလာပြီး လင်ကို ပွေ့ဖက်၍ တောင်ထိပ်ပေါ် တင်ပြီး လင့်ဦးခေါင်းကို သူ့ပေါင်ပေါ်ထား၍ သည်းစွာငိုကြွေးလျက် လောကပါလနတ်တို့အား တိုင်ကြား၏။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့်လာ၍ ကရားမှရေကို ဘုရားလောင်းပေါ် သွန်ချလျှင်ပင် အဆိပ်သည် လျှောကျ၍ ကွယ်ပျောက်ပြီး အသားနုတက်၏။ ဘုရားလောင်းသည် အနာပျောက်၍ ထ၏။ စန္ဒကိန္နရီသည် ဝမ်းသာ၍ သိကြားမင်း၏ ခြေတို့၌ ရှိခိုးကာန်တော့၏။ သိကြားမင်းသည် "ယနေ့မှစ၍ စန္ဒတောင်မှဆင်းပြီး လူ့ ခရီးသို့ မသွားနှင့်။ ဤအရပ်သာ နေကြလော့" ဟု ထိုကိန္နရာတို့အား ဆုံးမ၍ ပြန်သွားလေ၏။

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘာ။လ တို့ကား တော်ဝင်မယားများတည်း။

[မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ နေစဉ် "သုဒ္ဓါဒနမင်းကြီးက ရာဟုလာမယ်တော်၏ ဂုဏ်ကျေးဇူးများကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- ဒေဝဒတ် = ဗာရာဏသီမင်း။ အနုရုဒ္ဓါ = သိကြားမင်း။ ရာဟုလာမယ်တော် = စန္ဒကိန္နရီ။ ဘုရား = စန္ဒကိန္နရာ။]

၄၈၆၊ မဟာဥက္ကုသဇာတ်
မိတ္တဗလနှင့် စွန်လင်မယားအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဇနပုဒ်ရွာအနီးရှိ အိုင်ကြီးတခု အနီး၌ ဘုရားလောင်း ခြင်္သေ့မင်းနှင့် ဝန်လိုဥက်မင်း (မဟာ ဥက္ကုသ) တို့ နေကြ၏။ ထိုအိုင်၏ အလယ်ကျွန်းငယ်၌ လိပ်ကြီးတကောင်နေ၍ ထိုကျွန်း ပေါ်ရှိ ထိန်ပင်ပေါ်၌ စွန်လင်မယားနေ၏။ စွန်မသည် စွန်ဖိုအား ခြင်္သေ့, ဝန်လိုဥက်, လိပ်တို့နှင့် မိတ်ဖွဲ့စေ၏။

တနေ့သ၌ တနေ့လုံး လှည့်လည်၍ အမဲမရကြသော ဇနပုဒ်သားတို့သည် ထိုအိုင်သို့ ရောက်လာပြီး ထိုကျွန်းငယ်ပေါ်တက်၍ ထိန်ပင်ရင်း၌ အိပ်ကြ၏။ သူတို့သည် မှက်ခြင်များကိုက်၍ မီးမွေးပြီ အခိုးကို ပြုကြသော် မီးခိုးကြောင့် ထိုစွန်တို့၏ သားငယ်များ မြည်ကြ၏။ ဆာမွတ်နေသည့် ဇနပုဒ်သားတို့သည် "ငှက်သားစားပြီး အိပ်ကြအံ့" ဟု မီးရှူးများကို လုပ်၍ ထိန်ပင်ပေါ် တက်ကြ၏။

ထိုအခါ စွန်မသည် လင်ကို ဝန်လိုဥက်မင်းထံ စေလွှတ်၍ ထိုအကြောင်းကို ပြောစေ၏။ ဝန်လိုဥက်သည် လာ၍ အိုင်ထဲငုပ်ပြီး အတောင်, နှုတ်သီးတို့ဖြင့် ရေကိုသယ်၍ မီးရှူးကို ရေလောင်းပြီး ငြိမ်းသတ်၏။ ဇနပုဒ်သားတို့သည် ဆင်း၍ မီးရှူးများကို တဖန်ညှိ၍တက်သော် ဝန်လိုဥက်သည် မီးရှူးတို့ကို ငြိမ်းသတ်၏။ ဤသို့ ပြုကြစဉ်ပင် သန်ကောင်ချိန်ရောက်၏။ ထို ဝန်လိုဥက် အလွန်ပင်ပန်းသော် စွန်မသည် လင်ကို လိပ်မင်းထံ စေလွှတ်၏။ လိပ်သည် လာ၍ ရေ၌လူးပြီး ညှန်မှော်တို့ကို ဆွဲယူ၍ ကျွန်းပေါ်တက်ပြီး မီးကိုငြိမ်း၍ ဝပ်၏။

ဇနပုဒ်သားတို့သည် အဝတ်များဖြင့် လိပ်၏ ထိုထိုနေရာ၌ ချည်၍ လိပ်ကို လှံမ့်သော် လိပ်သည် သူတို့ကိုဆွဲ၍ ရေနက်ရာထဲသို့ခြ၏။ လူတို့သည် ရေကို သောက်မိ၍ ဝမ်းရောင်ကြသဖြင့် "ဒုက္ခပေးသည့် လိပ်ကိုစွန့်၍ အရုဏ်တက်မှ စွန်ငယ်တို့ကို စားကြအံ့" ဟု မီးညှိကြ၏။ စွန်မသည် ထိုစကားကိုကြား၍ လင်ကိုခြင်္သေ့မင်းထံ စေလွှတ်၏။ ခြင်္သေ့လာသည်ကို မြင်သော် ထိုလူတို့သည် သဘေးမှ ကြောက်၍ ပြေးကြ၏။ ခြင်္သေ့သည် ထို ဝန်လိုဥက်, လိပ်, စွန်တို့အား မိတ်ဆွေ၏ အကျိုးဆက်ကိုပြောပြီး ယနေ့မှစ၍ မိတ်၏ သဘောကိုမဖျက်ဘဲ မမေ့မလျော့ဖြစ်ကြလော့" ဟု ဆုံးမ၍ ဖဲသွားလေ၏။

မယားကောင်း၏စကားကို နားထောင်လျှင် ဘေးကင်း၍ ချမ်းသာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မယားစကားကို လိုက်နာ၍ မိတ်ဖဲ့ခြင်းအားဖြင့် လာဘ်များစွာကို ရသော သံတင်းသည်တဦးကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါ်း—လင်မယား=စွန်လင်မယား။ မောဂ္ဂလ္လာန်=လိပ်။ သာရိပုတ္တရာ = ဝန်လိုဥက်။ ဘုရား = ခြင်္ဂေါ်မင်း။]

၄၀၇၊ ဥဒ္ဒါလဇာတ်
ပုရောဟိတ်နှင့် မိစ္ဆာရသေ့အကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြင်၏။ သူသည် တနေ့သ၌ ဥယျာဉ်သို့ သွားသော် ပြည့်တန်ဆာမတဦးနှင့် ပေါင်းဖော်မိ၏။ ပြည့်တန်ဆာမသည် ကိုယ်ဝန်ရ၍ ဖွာ.သည့်သားအား 'ဥဒ္ဒါလက' ဟု အမည်ပေး၏။ သူမသည် အရွယ်ရောက်သောသားအား "သင့်ဖခင်ကား ပုရောဟိတ်တည်း" ဟု ဆို၍ ပုရောဟိတ်ပေးခဲ့သည့် လက်စွပ်ကို ပေး၏။

ဥဒ္ဒါလကသည် "ဖခင်သည် ပုရောဟိတ် ဖြစ်အံ့၊ ဗေဒင်တို့ကို သင်အံ့"ဟု တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခထံ၌ အတတ်ပညာသင်ပြီး ပြန်လာ၏။ သူသည် အရပ်တခု၌ ရသေ့တို့ကိုမြင်၍ ရသေ့ပြုသော် ပညာသာလွန်၍ ထိုရသေ့တို့၏ ဂိုဏ်းဆရာဖြစ်၏။ နောက် သူသည် ထိုရသေ့များနှင့် အတူ ဗာရာဏသီပြည်သို့ သွား၍ မင်း၏ ဥယျာဉ်၌နေ၏။ မင်းသည် "ဂိုဏ်းဆရာရသေ့ကား ပညာကြီး၏"ဟုကြား၍ "ရသေ့တို့ကိုလာဖူးအံ့"ဟု ဥဒ္ဒါလက ရသေ့အား အကြောင်းကြားနှင့်၏။ ဥဒ္ဒါလကသည် မင်းကို နှစ်သက်စေရန် ရသေ့တို့အား အံ့သြဘွယ်ရာ အမှုတို့ကို ပြုလုပ်စေပြီး မိမိမှု ပညာရှိရသေ့တဆယ့်နှစ်ဦးခြံရံလျက် ခင်းထားသည့် နေရာ၌ နေ၏။

မင်းသည် ပုရောဟိတ်ကိုခေါ်၍ အခြံအရံဖြင့် သွားပြီး မိစ္ဆာအကျင့်ကို ကျင့်ကြသည့် ထိုရသေ့တို့ကိုမြင်လျှင် လွန်စွာ ကြည်ညိုး၍ "ဤရသေ့တို့သည် အပါယ်ဘေးမှ လွတ်ကြပြီ"ဟု ချီးကျူးပြောဆို၏။ ပုရောဟိတ်က "ဗေဒင်တတ်မြောက်သူသည် ကုသိုလ်တရားကို မကျင့်၊ သမာပတ်တို့ကို မဖြစ်စေလျှင် အပါယ်မှ မလွတ်နိုင်။ သင်သည် မိစ္ဆာအကျင့်ကိုကျင့်သည့် ရသေ့များကို ကြည်ညိုဘိ၏"ဟု ဆို၏။ ဥဒ္ဒါလကသည် အမျက်ထွက်၍ ပုရောဟိတ်နှင့် စကားစစ်ထိုးရာရှုံးသော် မိမိကို ချစ်ခင်စေရန် ပုရောဟိတ်အား လက်စွပ်ကိုပြ၍ "ငါသည် သင့်သားတည်း"ဟု ထုတ်ပြော၏။ ပုရောဟိတ်သည် မင်းအား ထိုရသေ့တို့ကို လူထွက်စေပြီး ဥဒ္ဒါလကကို ပုရောဟိတ်ငယ်ပြု၍ ကျန်ရသေ့များကို အမှုလုပ်များ ပြုခိုင်းလေ၏။

လူယုတ်သည် မိစ္ဆာအကျင့်ကို ကျင့်ပြီးလူမိုက်တို့ကို နှစ်သက်စေ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌာနေစဉ် ''အံ့သြဘွယ်ကိုပြုတတ်သော ရဟန်းတပါးကိုအကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါ်ဝန်း- အံ့သြဘွယ်ကို ပြုတတ်သောရဟန်း= ဥဒ္ဒါလက။ အာနန္ဒာ-မင်း။ ဘုရား= ပုရောဟိတ်။]

၄၈၈၊ ဘိသဇာတ်

သိကြားမင်းနှင့် မိသားစုရသေ့များအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း 'မဟာကဠန' သူဌေးသားသည် မိဘတို့ကွယ်လွန်သော် ညီခြောက်ယောက်၊နှမတော်'ကဠန ဒေဝီ'၊ ကျန်မ၊ ကျန်ယောကျ်ား၊ အဆွေခင်ပွန်းပေါင်း ဆယ်ဦးကို ခေါ်၍ ဟိမဝန္တာသို့ ဝင်ပြီး ရသေ့ရဟန်းပြု၍ ပဒုမာကြာအိုင်အနီးဌ ကျောင်း ဆောက်ပြီး အတူနေထိုင်၏။နောင်တော် မဟာကဠန၊ နှမ၊ ကျန်မသုံးဦးကို ချန်လှပ်၍ ကျန်ရှစ်ဦးတို့သည် အလှည့်ကျဖြင့် တောမှ ကြာစွယ် (ဘိသ) သစ်သီးစသည်တို့ကိုယူဆောင်ပြီး တဆယ့်တပုံပုံ၍ တဆယ့်တဦးသည် မိမိအပုံကို မိမိနေရာသို့ ယူသွားပြီး စား၏။ သူတို့သည် ပြင်းထန်သည့် အကျင့်ကို ကျင့်ကြ၏။

သိကြားမင်းသည် ထိုရသေ့တို့ကို စုံစမ်းရန် တန်ခိုးဖြင့် ဘုရားလောင်း၏ ဝေစုကို သုံးရက်တိုင် ကွယ်စေ၏။ ဘုရားလောင်းသည် တရက် နှစ်ရက် မိမိဝေစုကို မရသော်လည်း ''ငါ့ဝေစုကို သူတို့မေ့ကြ၏'' ဟု အောက်မေ့ပြီး သည်းခံ၍ နေ၏။ သုံးရက်မြောက်၌ သူသည် ထိုရသေ့တို့ကိုခေါ်၍ ''ငါသည် မိမိဝေစုမရသည်မှာ သုံးရက်ရှိပြီ။ ငါ့မှာ အကယ်၍အပြစ်ရှိအံ့၊ သည်းခံကြလော့'' ဟု ဆို၏။ ထိုစကားကို ကြားလျှင် ရသေ့တို့သည် ထိတ်လန့်ပြီး ''ကျွန်ုပ်သည် ဆရာ့အစုကို အကယ်၍ စားသည်ဖြစ်အံ့၊ ဤမည်သော ဆင်းရဲမျိုးကို ခံစားရစေသော'' စသည်ဖြင့် အသီးသီး ကျိန်စာဆို၏။

နောက် ဘုရားလောင်းက ''ငါ့သည် မိမိအစုကို ရလျက်နှင့် မရဟု ဆိုခြင်းအံ့၊ ဤမည်သော ဆင်းရဲမျိုးကို ခံရစေသော'' ဟု ကျိန်စာဆို၏။ ဤအခါ သိကြားမင်းသည် ကြောက်လန့်၍ ဘုရားလောင်းကိုရှိခိုးလျက် မိမ်ပြုသည့် အမှုကို လျှောက်ကြား၍ အပြစ်ကို သည်းခံရန် တောင်းပန်ပြီး ရှိခိုးကန်တော့၍ ပြန်သွားလေ၏။

ဝဇ္ဇာရှိသည်တရား၊အား၊ထုတ်၍ ဆင်းရဲမှ လွတ်အောင်ပြုလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌိုင်နေစဉ် "သာသနာဌိုင် ငြိုးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်၊ ကဿပ၊ အနုရုဒ္ဓါ၊ ပုဏ္ဏထေရ်၊ အာနန္ဒာ=ညီခြောက်ဦး။ ဥပ္ပလဝဏ်= နှမ။ ခုဇ္ဇုတ္တရာထေရီမ=ကျွန်မ။ စိတ္တသူကြွယ်=ကျွန်။ ကာဠုဒါယီ= သိကြားမင်း။ ဘုရား=မဟာကဠုန']

၄၈၉၊ သုရုစိဇာတ်

မဟာပနာဒမင်း အကြောင်း

မိမိလာပြည်'သုရုစိ'မင်း၏'သုမေဓာ' မိဖုရားသည် သားမရ၍ သားဆုကို တောင်း၍ သားရရန် အကျင့်များကို ကျင့်သော်လည်း သားကို မရပေ။ ထိုအခါ ဘုရားလောင်း သိကြားမင်းသည် ကျူးထရံသည် နတ်သားအား သုမေဓာ မိဖုရား၏ သားအဖြစ်ကိုယူရန် တောင်းပန်ပြီးနောက် သုမေဓာထံသွား၍ "သင့်အား ဘုန်းရှိသောသားကို ပေးအံ့"ဟု ကတိပြု၏။ ကျူးထရံသည် နတ်သားသည် နတ်ပြည်မှစုတေ၍ သုမေဓာ၏ ဝမ်း၌ ပဋိသန္ဓေကိုယူ၏။ ဖွားသော် 'မဟာ ပနာဒ'ဟု အမည်ပေး၏။ မဟာပနာဒမင်းသား အရွယ်ရောက်၍ အတတ်သင်ပြီးသော် ဖခင်မင်းက "ငါ့သား အတွက် ပြာသာဒ်ဆောက်လော့၊ သားကို ဘိသိက်သွန်းအံ့"ဟုဆို၍ ပြာသာဒ်အတွက် မြေနေရာကို ရွေးစေ၏။

ထိုခဏ၌ သိကြားမင်းသည် ဝိသကြုံနတ်သားကို စေလွှတ်၍ မဟာပနာဒ အတွက် ပြာသာဒ်ကို ဖန်ဆင်းပေးစေ၏။ မဟာပနာဒမင်းမှာ 'ပြာသာဒ်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ထိမ်းမြားမင်္ဂလာ'သုံးခုသည် တပြိုင်နက် ဖြစ်၏။ မင်္ဂလာပွဲသဘင်ကို ကြာမြင့်စွာ ပြုလုပ်ရာ ခုနစ်နှစ်ကြာ၍မပြီးသော် ပြည်သူတို့က "အဘယ်အခါ မင်္ဂလာပွဲသဘင် ပြီးဆုံးပါအံ့နည်း"ဟု ကြွေးကြော်ကြ၏။ မင်းကြီးက "ငါ့သား ပြုံးရယ်သည့် နေ့၌ မင်္ဂလာသဘင်ကြီးပြီးမည်" ဟု ဆို၏။

သဘင်သည်များစွာတို့သည်က,ခုန်တီးမှုတ်ကြ၍ မဟာပနာဒမင်း ပြုံးရယ်အောင် မပြုနိုင်ကြကုန်။ မဟာပနာဒမင်းသည် နတ်သဘင်များကို မြင်ခဲ့ဘူးသဖြင့် လူ့သဘင်သည်တို့၏ က,ခြင်းကို မနှစ်သက်ပေ။ ဤသို့ မဟာပနာဒမင်းကို ပြုံးရယ်အောင် မပြုလုပ်နိုင်၍ လူတို့သည် ဆင်းရဲ ပင်ပန်းကြ၏။ ထိုအခါ သိကြားမင်းသည် နတ်သဘင်ကို စေလွှတ်၍ မဟာပနာဒမင်းအား ပြုံးရယ်အောင် ပြုစေမှသာ မင်္ဂလာပွဲသဘင်သည် ပြီးဆုံးလေ၏။

ဒါနဖြင့်ကို နတ်သိကြားများကစောင်မကြသည်သာ။

[မြတ်စွာဘုရားသည်“မိဂါရမာတု”မည်သော‘ဝိသာခါဒါယိကာမ’၏ပြာသာဒ်ဌ်နေစဉ်‘‘ဝိသာခါရသည့် ဆုရှစ်ပါးကို အကြောင်းပြု၍’’ ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဘဒ္ဒဇိမထေရ်=မဟာပနာဒမင်း။ ဝိသာခါ=သုမေဓာမိဖုရား။ အာနန္ဒာ=ဝိသကြုံနတ်သား။ ဘုရား=သိကြားမင်း။]

၄၉၀၊ ပဉ္စုပေါသထဇာတ်
ဥပုသ်သည် ၅ ဦးအကြောင်း

မဂဓတိုင်းနေ ဘုရားလောင်း ပဏ္ဍာသည် ရသေ့ရဟန်းပြုပြီး အင်္ဂတိုင်း, မဂဓတိုင်းတို့၏ အကြားရှိ မွေ့လျော်ဘွယ်သော တောအုပ်၌ ကျောင်းဆောက်၍ နေ၏။ ထိုကျောင်းအနီး၌နေကြသောခို၊ မြွေ၊ မြေခွေး၊ဝံဟူသော သတ္တဝါလေးဦးတို့သည် အမြဲမပြတ် ဘုရားလောင်းထံ လာ၍ တရားနာကြ၏။

ထိုအခါ‘ခို’သည် မယားသေ၍ သောက ရောက်သဖြင့် ရဂကို နှိမ်နင်းရန်၎င်း၊ ‘မြွေ’သည် နွားကိုကိုက်၍ သေစေသဖြင့် ဒေါသကို နှိမ်နင်းရန်၎င်း၊ ‘မြွေခွေး’သည် ဆင်သေတခု၏ ဝမ်းတွင်းသို့ ဝင်စား၍ ဒုက္ခကြီးစွာရသဖြင့် လောဘကို နှိမ်နင်းရန်၎င်း၊ ‘ဝံ’သည်အစာရှာစဉ် လူတို့ပစ်သည့်လက်နက်ကြောင့် သူ့ဦးခေါင်းကဲ့သဖြင့် လောဘကို နှိမ်ရန်၎င်း၊ ‘ဘုရားလောင်း’ ရသေ့သည် အမျိုးကိုမှီပြီး မာနထောင်လွှား၍ စျာန်မရသည့်ပြင် ပစ္စေကဗုဒ္ဓါတပါးကိုပင် ပြစ်မှားမိသဖြင့် ယင်းမာနကို နှိမ်ရန်၎င်း ထိုသူ ငါးဦးတို့သည် ဥပုသ်ကို ဆောက်တည်ကြ၏။ (ပဉ္စုပေါသထ)။

ဘုရားလောင်းသည် မာနကို နှိမ်နင်းပြီး အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ထိုသတ္တဝါလေးဦးအား အဆုံးအမကို မပြတ်ပေးလေ၏။

ပညာရှိတိုသည် မိမိအပြစ်ကိုရှု၍ တရားကျင့်တတ်ကုန်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် ‘‘ဥပုသ် ဆောက်တည်သော သီတင်းသည် ငါးရာတို့ကို အကြောင်းပြု၍’’ ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—အနုရုဒ္ဓါ=ခို။ ကဿပ=ဝံ။မောဂ္ဂလ္လာန် = မြွေခွေး။ သာရိပုတ္တရာ= မြွေ။ ဘုရား=ရသေ့။]

၄၉၁၊ မဟာမောရဇာတ်
ရွှေဥဒေါင်းနှင့် ဒေါင်းမအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ရွှေဥဒေါင်းမင်း (မဟာမောရ) သည် ဟိမဝန္တာဝယ် ဇာတသရ အိုင်အနီးရှိ တောင်လိုက်ဂူ

ထဲ၌ နေ၏။[မောရဇာတ် (ဇာ-၁၅၉) လာအတိုင်း] ထို့ဒေါင်းမ၏ အသံကို ကြားလျှင် ဘုရားလောင်း၏ အနှစ် ခုနစ်ရာလုံး ငြိမ်သက်ခဲ့သည့် ကိလေသာသည် မြေဟောက်ကဲ့သို့ထ၍ အရုံအတားကို မပြုနိုင်ဘဲ လျင်စွာ ဒေါင်းမထံ သွားသော် ကျော့ကွင်း၌ မိ၏။ ဘုရားလောင်းသည် ဖမ်းယူရန်လာသည့် မုဆိုးအား တရားဓမ္မမျှားစွာကို ဟောကြား၍ သူ့အသက်ကို သတ်ခြင်း၏ အပြစ်မျှားကို ဖော်ပြလျက် ငရဲဘေးဖြင့် ခြိမ်းခြောက်၏။

မုဆိုးသည် ပါရမီကို ဖြည့်ပြီးသူ ဖြစ်၍ ထိုတရားစကားဖြင့်ပင် ပစ္စေကဗောဓိဉာဏ်ကို ရလေ၏။ တခါန်တည်းမှာပင် ဘုရားလောင်းသည် ကျော့ကွင်းမှ အလိုလို လွတ်လေ၏။

မ,သတ္တဝါသည် တရားကျင့်သုံးအဘို့မဟ အန္တရာယ်ကြီးဖြစ်၏။

[မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေစဉ် "လူ့အဖြစ်ကို တောင့်တနေသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း-ဘုရား=ဧကဉ်ဒေါင်းမင်း။]

၄၉၂။ တစ္ဆက သူကရဇာတ်
ကျားနှင့် ဝက်စစ်ပိုလ်ကြီးအကြောင်း

ဗာရာဏသီမြို့ တံခါးအနီးရှိ ရွာ၌ နေသော လက်သမားတဦးသည် တောမှ ဝက်ငယ်တကောင်ကို အိမ်သို့ယူဆောင်ပြီး 'တစ္ဆက သူကရ'ဟု အမည်ပေး၍ သားအဖြစ်ဖြင့် မွေးး၏။ နောက် သူသည် ထိုဝက်ကို အခြားသူတို့ သတ်မည်စိုး၍ တောသို့ လွှတ်၏။ ထိုဝက်သည် ခွန်အားကြီး၍ တောသို့နေသော ဝက်အပေါင်း၏ အကြီးအကဲ ဖြစ်၏။ [ဝဏ္ဏုပထသူကရဇာတ် (ဇာ-၂၀၃) လာအတိုင်း]။

ဝက်အပေါင်းသည် ထိုဝက်ကြီး၏ အစီအမံ အတိုင်း ပြုလုပ်ပြီး နေ့တိုင်း ဝက်တကောင်ကို လာသတ်စားသော ကျားနှင့် ထိုကျားကို မှီ၍ စားနေသည့် ရဿေ့စဉ်းလဲကို သတ်ကြ၏။ ထိုအခြင်းအရာကို မြင်သော ဘုရားလောင်း ရဂ္ဂစိုးနတ်သည် ကောင်းချီးပေး၏။ နောက် ဝက်တို့သည် တစ္ဆကသူကရ ဝက်ကို မင်းမြောက်ကြလေ၏။

သေနင်္ဂမျှဟာ ကျွမ်းကျင်သူသည် ရန်သူကို အောင်နိုင်သည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "အဇာတသတ်မင်းကို စစ်အောင်စေသော သေနင်္ဂမျှဟာကို ကောသလမှင်းအား ပေးသည့်မထေရ်တပါး

ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ဓေါဒိုး-ဒေဝဒတ်-ရသေ့စဉ်းလဲ။ ထိုမထေရ်=တစ္ဆကသူကရ။ ဘုရား=ရွက္ခစိုးနတ်။]

၄၉၃၊ မဟာဝါဏိဇဇာတ်

နဂါးမင်းနှင့် ကုန်သည်များအကြောင်း

လှည်းငါးရာဖြင့် ကုန်သွယ်ရန်သွားကြသော ဗာရာဏသီပြည်မှ ကုန်သည်တို့သည် ကန္တာရခရီး၌ လမ်းမှားသဖြင့် ရေ အစာ မရှိသော တော၌ လှည့်လည်ကြသော် နဂါးသိမ်းပိုက်ထားသည့် ညောင်ပင်ရင်း၌ လှည်းများကို ချတ်၍ နေကြ၏။

သူတို့သည် ထိုညောင်ပင်၏ အကိုင်းတို့ကို ရေဖြင့် ပြည့်၍ စီးနေသကဲ့သို့ ထင်မြင်ကြသဖြင့် အရှေ့ကိုင်းကို ဖြတ်သော် ရေအယဉ်ကြီး ထွက်လာ၍ ရေကို သောက်ချိုးကြ၏။ နောက် တောင်ကိုင်းကို ဖြတ်သော် ထိုအကိုင်းမှ အရသာရှိသည့် ဘောဇဉ်ထွက်လာ၍ဘောဇဉ်ကိုစားကြ၏။နောက် အနောက်ကိုင်းကိုဖြတ်သော် ထိုအကိုင်းမှတန်ဆာဆင်ထားသည့် မိန်းမများထွက်လာ၍ ထိုမိန်းမများနှင့် ပျော်မွေ့ကြ၏။ နောက် မြောက်ကိုင်းကို ဖြတ်သော် ထိုအကိုင်းမှ ရတနာခုနစ်ပါးထွက်လာ၍ ထိုရတနာများကို လှည်းငါးရာပေါ်တင်ကြ၏။ နောက် သူတို့သည် ဘုရားလောင်း လှည်းကုန်သည်မှူး (မဟာဝါဏိဇ)၏ စကားကို မနာယူဘဲ ထိုညောပင်ကို အမြစ်မှဖြတ်ရန် အားထုတ်ကြ၏။

နဂါးမင်းသည် အမျက်ထွက်၍ နဂါးတို့အား ဘုရားလောင်းမှတပါး ကျန်လူတို့ကို သတ်စေပြီး ရတနာခုနစ်ပါးဖြင့် ပြည့်သော လှည်းငါးရာနှင့် အတူ ဘုရားလောင်းကို ဗာရာဏသီပြည်သို့ ပို့ဆောင်ခိုင်းလေ၏။

လောဘကြီးသော လူမိုက်သည် လောဘကြောင့်ပင် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''အလားတူပင် ကန္တာရရှိ ညောင်ပင်၏အကိုင်းခလေးခုကိုသာဖြတ်ပြီး အမြစ်ကို မဖြတ်ဘဲ ရတနာခုနစ်ပါးတို့ကိုယူပြီး (အတိုင်းအရှည်ကိုသိ၍ လောဘအလိုသို့ မလိုက်ဘဲ) ချောမောစွာ အိမ်ပြန်ရောက်လာသော လှည်းကုန်သည်များကို အကြောင်းပြု၍ ''ဤဇာတ်ကို ဟော၏။ ။ဇာတ်ဓေါဒိုး-သာရိပုတ္တရာ=နဂါးမင်း။ ဘုရား=လှည်းကုန်သည်မှူး။]

၄၉၄၊ သာဓိနဇာတ်
နတ်ပြည်ရောက် သာဓိနမင်းအကြောင်း

မိဓိလာပြည် ဘုရားလောင်း 'သာဓိန'မင်းသည် အလှူတင်းကုပ် ခြောက်ခုကို ဆောက်ပြီး နေ့စဉ်ဥစ္စာခြောက်သိန်းကို လှူ၍ဥပုသ်သီလကိုဆောက်တည်၏။ မိဓိလာပြည်သူမျှားနှင့်တကွ တိုင်းတပါးသားတို့သည် သာဓိနမင်း၏ အဆုံးအမ၌တည်၍ ဒါနစသော ကုသိုလ်မျှားကို ပြုသဖြင့် သေတိုင်းသောလူတို့သည် နတ်ပြည်၌ ဖြစ်ကြ၏။

သုဓမ္မာနတ်သဘင်၌ စည်းဝေးကြသော နတ်တို့က တောင်းပန်သဖြင့် သိကြားမင်းသည် မာတလိနတ်သားအား ဝေဇယန္တာရထားဖြင့် သာဓိနမင်းကို နတ်ပြည်သို့ ယူဆောင်စေ၏။ သာဓိနမင်းသည် သိကြားမင်းက တဝက်ခဲ့ပေးသည့် နတ်ပြည်စည်းစိမ်ကိုနှစ်ပေါင်းခုနစ်ရာတိုင်ခံစားပြီးနောက် လူ့ပြည်သို့ ပြန်ပို့ရန် ပြော၏။ သူ့ကို သိကြားမင်းက မာတလိနတ်သားအား လူ့ပြည်သို့ ပြန်ပို့ပြီး သူ့ဥယျာဉ်၌ ချစေ၏။ ဥယျာဉ်စောင့်သည် သာဓိနမင်းကိုမြင်၍ နာရဒမင်းအား လျှောက်ကြား၏။

နာရဒမင်းသည် လာ၍ သာဓိနမင်းအား ရှိခိုးလျက် "ကျွန်ုပ်သည် အရှင်မင်းကြီး၏ ခုနစ်ဆက်မြောက် မြစ်တော် ဖြစ်၏။ (ထိုအချိန်က လူ့သက်တမ်းသည် အနှစ်တရာ ဖြစ်၏။) အရှင်၏ အလုပ်အကျေး မောင်းမတို့ သေကြပြီ။ ဤပြည်ကို အုပ်ချုပ်၍ ဆုံးမပါလော့" ဟု ဆို၏။ သာဓိနမင်းက "ငါသည် မင်းမပြုလို။ အနှစ်ခုနစ်ရာ ပြတ်သော အလှူကို ခုနစ်ရက်ဖြင့် အလှူကြီးကို ပေးအံ့" ဟု ဆို၍ ခုနစ်ရက်တိုင် အလှူကြီးကို လှူ၏။ သူသည် လှူပြီးသောနေ့၌ပင် စုတေ၍ တာဝတိံသာ၌ ဖြစ်လေ၏။

ပညာရှိသည် ဒါန သီလကို ဖြူ၍ နောင်ဘဝ၌ ချမ်းသာစွာ နေရ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဥပုသ်ဆောက်တည်သော ဒါယကာတို့ကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း- အာနန္ဒာ=နာရဒမင်း။ အနုရုဒ္ဓါ=သိကြားမင်း။ ဘုရား=သာဓိနမင်း။]

၄၉၅၊ ဒသဖြာဟ္မဏဇာတ်
ပုဏ္ဏားစစ်နှင့် ပုဏ္ဏားတုအကြောင်း

ဘုရားလောင်းသည် ကုရုတိုင်း ဣန္ဒပတ္တနဂိုဏ်ပြည် ကောရဗျမင်း၏ 'ဝိဓုရ' မည်သော အမတ်ဖြစ်၏။ ကောရဗျမင်းသည် ဇမ္ဗူဒိပ်ကို ချောက်ချားစေ၍

အလှူကြီးကိုပေး၏။ ထိုအလှူကို စားသုံတို့တွင် ငါးပါးသီလစောင့်သူတဦးမျှ မရှိသဖြင့်မင်းက ဝိဓုရအမတ်အား "ငါသည် သီလရှိသူတို့အားလှူလို၏။သီလ ရှိ၍ ဗဟုသုတ ကြွယ်ဝသော ပုဏ္ဏားများကို ရှာဖွေလော့" ဟု ဆို၏။

ဝိဓုရက မင်းအား အမျိုးဇာတ်(ဝါ)ဝေါဟာရအားဖြင့် ပုဏ္ဏားဟု ခေါ်ဝေါ်အပ်သော 'ဝေါဟာရပုဏ္ဏားတကျိပ်(ဒသဗြာဟ္မဏ)တို့၏ သဘောနှင့် သရုပ်ကိုဂုဏ်း၊ သီလစင်ကြယ်၍ အစစ်အမှန်အားဖြင့် 'ပုဏ္ဏား' ဟု ခေါ်ဝေါ်အပ်သော 'ပုဏ္ဏားအစစ်'တို့၏သဘောကိုဂုဏ်း အကျယ်အားဖြင့် လျှောက်ထား၏။ မင်းက "ဤသီလမျိုးနှင့် ပြည့်စုံသည့် ပုဏ္ဏားများကို ရှာဖွေပေးလော့" ဟု ဆို၏။ဝိဓုရသည် နံနက်စောစော ထမင်းစားပြီး ဥပုသ်ဆောက်တည်လျက် ညချမ်းအခါ၌ ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးများကို အောက်မေ့လျက် "မြောက်အရပ်ဟိမဝန္တာဝယ် နန္ဒမူလိုဏ်၌ နေကြသော အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် နက်ဖြန် ကျွန်ုပ်တို့၏ ဆွမ်းကို အလှူခံစေကုန်သတည်း" ဟု ပင့်ဖိတ်၍ ကောင်းကင်သို့ ပန်းရွှစ်ဆုပ်ကိုစေလွှတ်၏။ ထိုပန်းရွှစ်ဆုပ်သည် နန္ဒမူလိုဏ်ရှိ ပစ္စေကဗုဒ္ဓါငါးရာအပေါ်သို့ ကျကုန်၏။

ထိုပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်၍ အကြောင်းကိုသိသော် နောက်တနေ့ ကောင်းကင်ဖြင့် ကြွလာပြီး မင်းယင်ပြင်၌ ဆင်းသက်ကြ၏။ မင်းနှင့် ဝိဓုရ အမတ်သည် ပစ္စေကဗုဒ္ဓါတို့၏ လက်မှ သပိတ်များကိုယူ၍ ပြာသာဒ်သို့ပင့်ပြီး ခုနစ်ရက်လုံး ဆွမ်းဖြင့် လုပ်ကျွေး၍ အလှူကြီးကို ပေး၏။ ခုနစ်ရက်မြောက် နေ့၌ ပရိက္ခရာအလုံးစုံကိုလှူ၏။ ပစ္စေက ဗုဒ္ဓါတို့သည် အနုမောဒနာပြုပြီး ကောင်းကင်ဖြင့် နန္ဒမူလိုဏ်သို့ ကြွကြလေ၏။

ပညာရှိသည် သူတော်ကောင်းအစစ်ကိုသာ ရှာ၍ ပေးကူလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပဒေသနဒီကောသလမင်းကြီး လှူသည့် အတုမရှိသော 'အသဒိသဒါန'ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း-အာနန္ဒာ=ကောရဗျမင်း။ ဘုရား=ဝိဓုရအမတ်။]

၄၉၆၊ ဘိက္ခာပရမ္မရဇာတ်

အဆင့်ဆင့် ဆွမ်းလှူခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တနေ့သ၌ ပုရောဟိတ်နှင့်အတူ မထင်ရှားသောအသွင်ဖြင့် မိမိ၏ ကျေးဇူးကဲ့ရဲ့သောသူကို ရှာဖွေရန် ကောသလ

တိုင်းဌ် လှည့်လည်သော် ရွာနိုဂုံးတခုသို့ ရောက်၍ ဇရပ်ဌ်နေ၏။ နိုဂုံးရွာမှ သူကြွယ်တဦးသည် မင်းကိုမြင်သော် "ဤဇရပ်ဌ် နေရစ်ဦးလော့" ဟု ဆို၍ အိမ်သို့သွားပြီး အရသာရှိသော ဘောဇဉ်ကို ယူလာ၏။

ထိုခဏဌ် ဟိမဝန္တာနေ ဘုရားလောင်း စျာန်ရ ရသေ့လာ၍ ထိုဇရပ်ဌ် နေ၏။ နဒ္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါတပါးလည်း ကြွလာ၍ ထိုဇရပ်ဌ်ပင် နေ၏။ သူကြွယ်သည် ဘောဇဉ်ခွက်ကို မင်းအား ပေး၏။ ၎င်းကို မင်းက ပုရောဟိတ် အား ပေး၏။ ၎င်းကို ပုရောဟိတ်က ရသေ့အား ပေး၏။ ၎င်းကို ရသေ့က ပစ္စေကဗုဒ္ဓါအား ပေး၏။ ပစ္စေက ဗုဒ္ဓါသည် တစုံတဦးကိုမျှ မဖိတ်ကြားဘဲ ဆွမ်းကိုဘုဉ်းပေး၏။ ထိုအခါ သူကြွယ်က 'မင်း၊ ပုရောဟိတ်၊ ရသေ့' အသီးသီးအား 'ဆွမ်းကို အဆင့်ဆင့် ပေးလှူခြင်း (ဘိက္ခာပရမ္ပရာ)၏ အကြောင်းကို မေး၏။ ထိုမင်း,ပုရောဟိတ်,ရသေ့ အသီးသီးက လှူခြင်း၏ အကြောင်းကို ပြောကြား၏။

ပစ္စေကဗုဒ္ဓါက "ငါသည် ဤနေရာဌ် တဏှာ,ဒိဋ္ဌိ ကုန်၍ အမြတ်ဆုံး ဖြစ်သဖြင့် ဆွမ်းကို ဘုဉ်းပေး၏" ဟု ဆိုပြီး သူကြွယ်အား တရားဟော၍ ပြန်ကြ၏။ မင်းနှင့် ပုရောဟိတ်တို့လည်း သူကြွယ်ထံဌ် နှစ်ရက်သုံးရက်နေပြီး ပြန်ကြလေ၏။

ဘုရားနှင့်တရားသည် သီးခြားခဲ့၍ မရစေကောင်းသောအရာ ဖြစ်၏။

[တရားရတနာအတွက် သူကြွယ်တဦးလှူသည့်ဆွမ်းသည် နှာက်ဆုံးတွင် ဘုရားရှင်ထံသို့သာ ရောက်၍ ထိုဆွမ်းကို ဘုရားရှင်ဘုဉ်းပေး၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်နေစဉ် "တရားရတနာအား ဆွမ်းလှူသော ထိုသူကြွယ်ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–သူကြွယ်=သူကြွယ်။ အာနန္ဒာ=မင်း။ သာရိပုတ္တရာ=ပုရောဟိတ်။ ဘုရား=ရသေ့။]



၄၉၇၊ မာတင်္ဂဇာတ်

ဒုန်းစက္ကားနှင့်သူဌေးသမီးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြို့ပြင်ရှိ ဒုန်းစက္ကားရှာ၍ ဒုန်းစက္ကားဖြစ်၍ 'မာတင်္သုခမိန်' မည်၏။ ထိုအခါ 'ဒိဋ္ဌမင်္ဂလိကာ' မည်သောသူဌေးသမီးသည် အခြံအရံဖြင့် ဥယျာဉ်သို့ ကစားရန် သွားသော် ဘုရားလောင်းကို မြင်၍ 'ဒုန်းစက္ကား' ဟု သိလျှင် "သူယုတ်မာကိုမြင်မိလေစ့" ဟုနှံ့သာရေဖြင့် မျက်စိများကိုဆေးပြီး ထိုအရပ်မှ ပြန်၏။ သူမ၏ ပရိသတ်သည် သူ့ကို ဆဲရေးပုတ်ခတ်ပြီး သွားကြ၏။

ဘုရားလောင်းသည် ဒိဋ္ဌမင်္ဂလိကာ၏ အိမ်သို့ သွား၍ "ဒိဋ္ဌမင်္ဂလိကာကို မရလျှင် မထဘဲ အသေခံအံ့" ဟု ဓိဋ္ဌာန်၍ အိမ်တံခါးဦး အိပ်၏။ ခုနစ်ရက်မြောက်နေ့၌ ဒိဋ္ဌမင်္ဂလိကာသည် အဖသူဌေးကြီးကနှင်ထုတ်သဖြင့် အားနည်းနေသောဘုရားလောင်းကို ပွေ့ချီ၍ ဒုန်းစက္ကားရှာသို့သွား၏။ ဘုရားလောင်းသည် ဒိဋ္ဌမင်္ဂလိကာကို မလွှန်ကျူးဘဲ နှစ်ရက်သုံးရက်နေစေပြီး "ငါသည် ရဟန်းပြု၍ ဒိဋ္ဌမင်္ဂလိကာအား အခြံအရံများအောင် ပြုအံ့" ဟု ကြံ၍ ဒိဋ္ဌမင်္ဂလိကာအား "ငါသည် ဗောဓိသို့သွား၍ တစုံတခုကို ဆောင်အံ့၊ ငါ မလာမီ မဆန့်ကျင်လင့်" ဟု ဆိုပြီး တောသို့ဝင်၏။

သူသည် ခုနစ်ရက်မပြည့်မီ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ကောင်းကင်ဖြင့် ဒိဋ္ဌမင်္ဂလိကာထံလာပြီး "ငါ့လင် မဟာဗြဟ္မာသည် ဤမှ ခုနစ်ရက်မြောက် လပြည့်နေ့၌ လကို ဖောက်ခဲ့၍လာမည်ဟု ပရိသတ်အလယ်၌ ပြောလော့" ဟု မှာခဲ့၍ ဟိမဝန္တာသို့ သွား၏။

ဒိဋ္ဌမင်္ဂလိကာသည် ဗာရာဏသီပြည် ထိုထိုအရပ်၌ လူအများ အလယ်တွင် ဘုရားလောင်းမှာခဲ့သည့်အတိုင်း ပြော၏။ လူအများသည် လပြည့်နေ့၌စုဝေး၍ စောင့်မျှော်နေကြ၏။ ဘုရားလောင်းသည် ဗြဟ္မာ့ကိုယ်ကို ဖန်ဆင်း၍

ကာသိတိုင်းတခုလုံးကို ထွန်းလင်းစေလျက် လပြည့်ဝန်းကိုဖောက်၍ ဆင်းလာပြီး ဗာရာဏသီပြည်ကို သုံးပတ်လှည့်၍ ဒုန်းစက္ကားရှာဆီသို့ ရှေးရှုဖြစ်၏။ ပုဏ္ဏားတို့သည် ထိုရှာသို့သွား၍ ဒိဋ္ဌမင်္ဂလိကာ၏အိမ်ကိုသုတ်သင်ပြီး တန်ဆာဆင်ကြ၏။

ဘုရားလောင်းသည် ကောင်းကင်မှဆင်း၍ အိမ်ထဲသို့ဝင်ပြီး အိပ်ရာပေါ်၌ နေ၏။ သူသည် ထိုခဏ၌ ဥတုလာသောဒိဋ္ဌမင်္ဂလိကာ၏ချက်ကို လက်မဖြင့်သုံးသပ်၍ ကိုယ်ဝန်တည်စေပြီး "သင်သည် ကိုယ်ဝန်ရပြီ၊ သင်တို့သားအမိသည် လာဘ်ပူဇော်အခြံအရံများမည်။ မမေ့မလျော့လင့်" ဟုမှာခဲ့၍ ဆုံးမပြီး အိပ်ရာမှထွက်၍ လူအများမြင်စဉ်ပင်ပျံတက်ပြီး လဝန်းထဲသို့ဝင်လေ၏။

နောက်တနေ့နံနက်၌ ပုဏ္ဏားတို့သည် စုဝေး၍ ဒိဋ္ဌမင်္ဂလိကာကို ရွှေထမ်းစင်ဖြင့် ယူဆောင်ရာ ဗာရာဏသီမြို့သို့ဝင်လျှင်ပင် "မဟာဗြဟ္မာ၏မယား" ဟုဆိုပြီး မြို့လုံးကျွတ်လူတို့လာ၍ ပူဇော်ကြသဖြင့် တဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ရ၏။ ပြည်သူတို့သည် ဒိဋ္ဌမင်္ဂလိကာကို ယူဆောင်၍ မြို့အလယ်၌မဏ္ဍပ်ကြီးကို ဆောက်ပြီး တင်းတိမ်ကာ၍ မြတ်သောနေရာ၌နေစေ၏။ ဒိဋ္ဌမင်္ဂလိကာသည် ထိုမဏ္ဍပ်၌ပင် သားကိုဖွား၍ 'မဏ္ဍဗျ' ဟု အမည်ပေး၏။ မဏ္ဍဗျသည် ရှစ်နှစ်အရွယ်ရောက်သော် ဇမ္မူဒိပ်အလုံးမှ ပုဏ္ဏားဆရာတို့ စုဝေးလာပြီး သူ့အား ဗေဒင်သုံးပုံကိုသင်ပေး၏။ မဏ္ဍဗျအရွယ်ရောက်ချိန်မှစ၍ နေ့စဉ် တသောင်းခြောက်ထောင်သော ပုဏ္ဏားတို့အား ထမင်းကျွေး၏။

ဘုရားလောင်းသည် သီလမရှိသော ပုဏ္ဏားတို့အားပူဇော်သည့် မဏ္ဍဗျကို ဆုံးမရန် လာ၍ "သင်သည် ဤသီလမရှိသည့် ပုဏ္ဏားယုတ်တို့ကို ပူဇော်ဘိ၏" စသည်ဖြင့် ပုဏ္ဏားများကို အကြိမ်ကြိမ်ကဲ့ရဲ့ပြောဆိုဆုံးမ၏။ သူ့အား မဏ္ဍဗျက အမျက်ထွက်၍ ဆဲရေးပြီး "ဤသူယုတ်ကို ပုတ်ခတ်၍ နှင်ထုတ်လော့" ဟု ခိုင်း၏။ ပုတ်ခတ်မည့်သူတို့လာစဉ်ပင် ဘုရားလောင်းသည်ကောင်းကင်သို့ပျံတက်ပြီး အရှေ့အရပ်သို့သွား၍ ခရီးကြာ၌ဆင်းသက်ပြီး ဆွမ်းခံ၍ ဇရပ်တခု၌ ဆွမ်းဘုဉ်းပေး၏။

မြို့စောင့်နတ်တို့သည် အမျက်ထွက်၍ မဏ္ဍဗျနှင့် ပုဏ္ဏားအားလုံးကို လည်၌ ကိုင်၍ တွန်းလွှဲကြ၏။ မဏ္ဍဗျ၏ ဦးခေါင်းသည် နောက်ပြန်၍ လက်ခြေတို့သည် ဖြောင့်တန်းခိုင်မာ၏။ ပုဏ္ဏားတို့သည် ခံတွင်းမှတံတွေးများကို အန်ကုန်လျက် တပြောင်းပြန်ပြန် လူးလဲကြ၏။ ထိုအကြောင်းကို ကြားလျှင် ဒိဋ္ဌမင်္ဂလိကာသည် သားထံသွား၍ ဖရိုဖရဲဖြစ်ပျက်နေသည်ကိုမြင်သော် "မာတင်္ဂသုခမိန်ကြောင့်ဖြစ်ရာ၏" ဟုကြံ၍ ကြွရာအရပ်မျက်နှာကို မေးသွား

သော် ဆွမ်းဘုဉ်းပေးနေသည့် ဘုရားလောင်းထံရောက်၍ ရှိခိုးလျက် သား၏ အဖြစ်အပျက်ကို လျှောက်၏။

ဘုရားလောင်းသည် စားကြင်းဆွမ်းကိုပေး၍ "ဆွမ်းတဝက်ကို သင့်သား၏ ခံတွင်းထဲထည့်လော့။ ကျန်ဆွမ်းကို အိုးကြီးများ၌ ရေဖြင့်ရော၍ ပုဏ္ဏားတို့၏ခံတွင်းများထဲ လောင်းလော့။ သူတို့အားလုံး အနာကင်းကြမည်" ဟု ဆို၍ ကောင်းကင်ဖြင့် ဟိမဝန္တာသို့ သွား၏။ ဒိဋ္ဌမင်္ဂလိကာသည် ဘုရားလောင်းဆိုတိုင်းပြု၍ လူအားလုံး အနာကင်းကြ၏။ သူမသည် သားအား အဖြစ်အပျက်အလုံးစုံကိုပြောပြ၍ ဆုံးမ၏။ထိုပုဏ္ဏားတို့သည် "ဒွန်းစဏ္ဍား၏ စားကြင်းကို စားသူများ" ဟု အကဲ့ရဲ့ခံရ၍ ရှက်သဖြင့် မဇ္ဈတိုင်းသို့ သွားပြီး မဇ္ဈမင်းထံ၌ နေကြ၏။ မဏ္ဍဗျကား ဗာရာဏသီပြည်၌ပင် နေ၏။

နောက် ဘုရားလောင်းသည် ထိုပုဏ္ဏားယုတ်တသောင်း ခြောက်ထောင်တို့ကို ဆုံးမရန် မဇ္ဈတိုင်းသို့သွား၍ မြို့တွင်း၌ ဆွမ်းခံ၏။ သူ့ကို ထိုပုဏ္ဏားတို့ မြင်သော် မင်းအား "ဤဝိဇ္ဇာခိုရ်ကိုဖမ်းပါလော့" ဟု ဆိုကြ၏။ မင်းချင်းတို့သည် မင်း၏အမိန့်ဖြင့် ဘုရားလောင်းကိုဖမ်း၍ သန်လျက်ဖြင့် ခုတ်သတ်ကြ၏။ ဘုရားလောင်းသည် သေ၍ ဖြဟ္မာပြည်၌ဖြစ်၏။ နတ်တို့သည် အမျက်ထွက်၍ မဇ္ဈတိုင်းတခုလုံးကို ပြာပူမိုးရွာစေပြီး ဖျက်ဆီးကြလေ၏။

သူတော်ကောင်းကိုဆဲရေးပြစ်မှားလျှင် ကြီးစွာဆင်းရဲမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ပိဏ္ဍောလမထေရ်ကို အမျက်ထွက်၍ ဆဲရေးသော ဥတေနမင်းကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။
ဇာတ်ပေါင်း–မဏ္ဍဗျလုလင်=ဥတေနမင်း။ ဘုရား=မဟာတဂ်သုခမိန်။]

၄၉၈၊ စိတ္တသမ္ဘူတဇာတ်

ရသေ့နှင့် မင်းအကြောင်း

ကောသမ္မီပြည်၌ ပုရောဟိတ်၏သား ဘုရားလောင်း'စိတ္တသုခမိန်'သည် အရွယ်ရောက်သော် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုပြီး စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။ အနှစ်ငါးဆယ်ကြာသော် သူသည် လှုန်ခဲ့သည့်သုံးဘဝတို့၌ သူ့ညီဖြစ်ခဲ့ပြီး သူအလှန်ချစ်သည့် ဥတ္တရပဉ္စာလတိုင်း'သမ္ဘူတ'မင်းထံ သွား၍ လှုန်ခဲ့သောဘဝများအကြောင်းကို ထုတ်ဖော်ပြောကြားလျက် 'ကာမတို့ကို စွန့်ပြီး ရသေ့ရဟန်းပြုရန်'အကြိမ်ကြိမ်တရားဟောဆုံးမပြီး ကောင်းကင်ဖြင့် ဟိမဝန္တာသို့ ကြ၏။

သမ္ဘာ။တမင်းသည် သားကြီးအား တိုင်းပြည်ကို အပ်နှင်း၍ ဘုရားလောင်းထံ သွားပြီး ရသေ့ရဟန်းပြုလေ၏။

ပညာရှိတို့သည် တဦးအကျိုးကိုတဦးက သည်ဗိုးလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အချင်းချင်း အလွန်ချစ်ကြသော(ကဿပ၏တပည့်)ရဟန်းငယ်နှစ်ပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း**—အာနန္ဒာ=သမ္ဘာ။တသုဓမိန်။ ဘုရား=စိတ္တသုခမိန်။]

၄၉၉။ သိဝိဇာတ်

မျက်လုံးလှူသောသိဝိမင်းအကြောင်း

သိဝိတိုင်း အရိဋ္ဌပုရပြည် ဘုရားလောင်း 'သိဝိ' မင်းသည် အလှူတင်းကုပ်ခြောက်ခုကိုဆောက်ပြီး နေ့စဉ် ဥစ္စာခြောက်သိန်းကို စွန့်လှူ၏။ တနေ့သ၌ သူသည် "ယနေ့ ငါသည် ကိုယ်တွင်းအလှူကိုလှူအံ့။ နှလုံးသည်းပုတ်မှစ၍ ငါ့ခန္ဓာကိုယ်မှ တစုံတခုကို တောင်းသောသူအား လှူအံ့" ဟု ကြံ၏။

သိကြားမင်းသည် မျက်စိကန်းပုဏ္ဏားအသွင်ဖြင့် သူ့ထံလာ၍ မျက်စိကို အလှူခံ၏။ ဘုရားလောင်းသည် ဆေးဆရာကိုခေါ်၍ သူ့လက်ျာမျက်လုံးကို ဆေးခတ်၍ ထုတ်စေပြီး ပုဏ္ဏားအား လှူ၏။ ပုဏ္ဏားသည် ထိုမျက်စိကို သူ့မျက်ကွင်းထဲ ထည့်သော် အမြင်ကိုရ၏။ နောက် ဘုရားလောင်းသည် လက်ဝဲမျက်စိကို ထုတ်နုတ်စေပြီး လှူပြန်၏။ ပုဏ္ဏားသည် ထိုမျက်စိကို သူ့မျက်ကွင်းထဲ ထည့်ပြီး နတ်ပြည်သို့ ပြန်၏။

ဘုရားလောင်းသည် "ကန်းသော ငါ့အား မင်းပြု၍ အကျိုးမရှိ" ဟုကြံ၍ အမတ်တို့အား တိုင်းပြည်ကိုအပ်ပြီး မိမိကို ဥယျာဉ်၌ ထားစေ၍ မိမိအလှူကို ဆင်ခြင်လျက်နေ၏။ သိကြားမင်းသည် လာ၍ ဘုရားလောင်းအား "သင်မင်းကြီးသည် မျက်စိတလုံးကိုတောင်းရာ နှစ်လုံးလှူသဖြင့်သစ္စာပြုလော့" ဟု ဆို၏။ ဘုရားလောင်းသည် သစ္စာပြုသော် မျက်စိနှစ်လုံးကိုရ၏။ သိကြားမင်းသည် ကောင်းကင်၌ရပ်လျက် မင်းကိုချီးမွမ်းပြောဆို၍ ပြန်၏။ ဘုရားလောင်းသည် အခြံအရံဖြင့် မြို့တွင်းသို့ဝင်၍ ပြည်သူတို့အား အလှူပေးစေပြီး ဥပုသ်နေ့တိုင်း တရားဟောလေ၏။

ပညာရှိသည် ဘုရားဖြစ်ရန်အတွက် ကိုယ်ခန္ဓာကိုပင် ကျူးဝံ့၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''ကောသလမင်းကြီးလှူသော 'အသဒိသဒါန' ကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- အာနန္ဒာ=ဆေ ဆရာ။ အနုရုဒ္ဓါ=သိကြားမင်း။ ဘုရား=သိဝိမင်း။]

၅၀၀၊ သိရိမန္တဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ်(ဇာ-၅၄၂)၌ အကျယ်လာ၏။]

၅၀၁၊ ရောဟဏမိဂဇာတ်

သမင်သုံးဦးနှင့် မုဆိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း'ရောဟဏ' ရှေသမင် (ရောဟဏမိဂ)သည် ညီတော်၊ နှမတော်နှင့်အတူ ဟိမဝန္တာဝယ် သမင်ရှစ်ထောင်း ခြံရံလျက်အိုင်တခုကိုမှီ၍နေပြီး မျက်မမြင်မိဘကို လုပ်ကျွေး၏။

တနေ့သ၌ ဗာရာဏသီမင်းသည် 'ရှေသမင်၏ တရားကို နာလိုသော ဒေမာမိဖုရားအတွက် ရှေသမင်းကို ဖမ်းယူလာရန်မုဆိုးတဦးကို စေခိုင်း၏။ထိုမုဆိုးသည် ဟိမဝန္တာသို့သွား၍ ဘုရားလောင်းရေသောက်ရာ အရပ်၌ ကျော့ကွင်းကို ထောင်၏။ ဘုရားလောင်းသည် ထိုကျော့ကွင်း၌မိပြီး ပြင်းစွာမြည်သော် အခြားသမင်တို့သည် ပြေးကြပြီး ညီနှင့် နှမတို့ကမူ အသက်ကိုစွန့်၍ မပြေးဘဲ အနီး၌ရပ်နေကြ၏။ မုဆိုးသည် မြည်သံကိုကြား၍ လာပြီး သမင်သုံးကောင်ကို မြင်သော် မေတ္တာစိတ်ဖြင့် ညီအစ်ကိုကဲ့သို့ ချစ်ခင်၍ ''သမင်နှစ်ကောင်တို့သည် အဘယ့်ကြောင့် မပြေးကြသနည်း'' ဟုမေး၏။ ထိုသမင်တို့က ''မိမိတို့သည် ညီအစ်ကိုမောင်နှမများ ဖြစ်ကြပြီးအချင်းချင်းချစ်ခင်ကြသဖြင့် မပြေးခြင်းဖြစ်၏'' ဟု ဆို၏။ မုဆိုးသည် နှစ်သက်ကြည်ညိုသဖြင့် ကျော့ကွင်းကို ဖြတ်၍ ဘုရားလောင်းကို လွှတ်၏။

ဘုရားလောင်းက ဖမ်းခြင်း၏ အကြောင်းကိုမေး၍သိရသော် မုဆိုးအား သူ၏ကိုယ်ကို လက်ဖြင့်သပ်၍ အမွေးများကို ယူစေပြီး ''ဤအမွေးများကို မင်းနှင့် မိဖုရားအားပြ၍ ဤဂါထာများဖြင့် တရားဟောလော့'' ဟု ဆိုပြီး ဂါထာများကို သင်ပေး၍ မိဘတို့ထံ ပြန်ကြ၏။ မုဆိုးသည် မင်းထံသွား၍ အကြောင်းစုံကို လျှောက်ကြားပြီး အမွေးများကိုပြ၍ ဘုရားလောင်းပေး

သောဂါထာများဖြင့်တရားဟော၏။မင်းသည် အလွန်နှစ်သက်၍ မုဆိုးအား ဥစ္စာစည်းစိမ် အခြံအရံများစွာကို ပေးလေ၏။

မိဘလုပ်ကျွေးသူကို လူမိုက်တို့ကပင် ချစ်မြတ်နိုးကြ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ်''ဒေဝဒတ်က နာဠာဂိရိဆင်ဖြင့် ဘုရားကို သတ်ရန် အားထုတ်ရာ၌ ဘုရားအတွက် အသက်ကို စွန့်သော အာနန္ဒာမထေရ်ကိုအကြောင်းပြု၍''ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း– ဆန္ဒအမတ်=မုဆိုး။ သာရိပုတ္တရာ=ဗာရာဏသီမင်း။ ခေမာဘိက္ခုနီမ=ခေမာမိဖုရား။ ဥပ္ပလဝဏ်=နှမတော်။ အာနန္ဒာ=ညီတော်။ ဘုရား=ရောဟဏရွှေသမင်။]

၅၀၂။ ဟံသဇာတ်

ဟသ်ာမင်းနှင့် ဟသ်ာစစ်သူကြီးအကြောင်း

ဗာရာဏသီပြည် 'ဗဟုပုတ္တက'မင်း လက်ထက် ဘုရားလောင်း 'ဓတရဋ္ဌ' ရွှေဟသ်ာ (ဟံသ)မင်းသည် ဟသ်ာကိုးသောင်း ခြံရံလျက် စိတ္တကူဋ်တောင်၌နေ၏။ ထိုအခါ 'ခေမာ' မိဖုရားက ရွှေဟသ်ာမင်း၏တရားကိုနာလိုကြောင်း ပြောသဖြင့် ဗာရာဏသီမင်းသည် 'ခေမာ'မည်သောအိုင်ကို ပြုလုပ်စေ၍ ဟသ်ာတို့၏အစာ စပါးမျိုးတို့ကို စိုက်ပျိုးစေပြီး မုဆိုးတဦးအား လာသည့်ရွှေဟသ်ာကို ဖမ်းယူစေရန် အစောင့်ထား၏။နောက်ဘုရားလောင်းသည် လာ၍ ထိုမုဆိုး ထောင်ထားသည့် ကျော့ကွင်း၌မိ၏။ သူ၏ 'သုမုခ' အမည်ရှိ ဟသ်ာစစ်သူကြီးသည် အသက်ကိုစွန့်၍ အနီး၌နေလျက် သူ့အား နှစ်သိမ့်စကား ပြောကြား၏။

သုမုခသည် လာသော မုဆိုးထံသွား၍ ဟသ်ာမင်း၏ဂုဏ်ကျေးဇူးများကို ပြောကြားသဖြင့် မုဆိုး၏စိတ်သည် နူးညံ့သွား၏။ နောက် မုဆိုးသည် ဘုရားလောင်း၏ တရားစကားကို ကြားနာရ၍ အလွန်နှစ်သက်သဖြင့် ဘုရားလောင်းကို ကျော့ကွင်းမှ လွှတ်၏။ ဘုရားလောင်းသည် ဖမ်းခြင်း၏အကြောင်းကိုမေး၍ သိရသော် မုဆိုးအား အကြိမ်ကြိမ်တိုက်တွန်းပြီးသူတို့ကို မင်းထံ ယူသွားစေ၏။ ဘုရားလောင်းသည် မင်းနှင့် မိဖုရားအား တရားစကားများကို ဟောကြားပြီး သုမုခနှင့်အတူ ပျံသွားလေ၏။

ပညာရှိသည် ပညာရှိကို အသက်ပေး၍စောင့်ရှောက်တတ်၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ် "ဘုရားအတွက် အာနန္ဒာ၏ အသက်စွန့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်၌ ါင်း—ဆန္ဒအမတ်=မုဆိုး။ သာရိပုတ္တရာ=ဗာရာဏသီမင်း။ ခေမာဘိက္ခုနီမ=ခေမာမိဖုရား။ အာနန္ဒာ=သုမုခ စစ်သူကြီး။ ဘုရား=ဤဟသ်ာမင်း။]

၅၀၃၊ သတ္တိဂုမ္ဗဇာတ်

မင်းနှင့် ကျေးညီနောင်အကြောင်း

ဥတ္တရပဉ္စာလမြို့ 'ပဉ္စာလ'မင်းလက်ထက် ဘုရားလောင်းသည် တောင်တခု ပေါ်ရှိ လက်ပံတောဋ္ဌကျေးမင်း၏ သားဖြစ်၍ 'ပပ္ပက' မည်၏။ သူ့ညီကား 'သတ္တိဂုမ္ဗ'မည်၏။ ထိုတောင်၏ လေညာဋ္ဌ ခိုးသူ ငါးရာတို့၏ရွာ ရှိ၍ လေကြောဋ္ဌ ရသေ့ငါးရာတို့၏ ကျောင်းရှိ၏။ ထိုကျေးသားနှစ်ဦးတို့ အတောင် ပေါက်ချိန်၌ ပြင်းထန်သော လေပွဲလာသဖြင့် 'သတ္တိဂုမ္ဗ'သည် ခိုးသူရွာ၌ ကျ၍ 'ပပ္ပက'သည် ရသေ့တို့၏ ကျောင်း၌ကျ၏။ သတ္တိဂုမ္ဗသည်ခိုးသူတို့၏ အလယ်၌ကြီးပြီး ခိုးသူတို့၏ အပြောအဆို အပူအမူကို လိုက်၍ ပြောဆို ပူမူ၏။ ပပ္ပကသည် ရသေ့တို့ထံ၌ကြီးပြီး ရသေ့တို့၏ အပြောအဆို အပူအမူကိုလိုက်၍ ပြောဆိုပူမူ၏။

တနေ့သ၌ သမင်လိုက်သော ပဉ္စာလမင်းသည် ရထားထိန်းနှင့် အတူ ရထားစီးပြီး ထိုခိုးသူရွာ အနီးသို့ရောက်၍ အပန်းဖြေနေ၏။ ထိုခဏ၌ ရွာမှ ထွက်လာသော သတ္တိဂုမ္ဗသည် မင်းကိုမြင်၍ ရွာမှ ထမင်းချက်အား "ဤမင်းကို အိပ်နေစဉ်သတ်၍ တန်ဆာတို့ကို ယူလော့" ဟု ဆို၏။ ထမင်းချက်က "သင်ရူးသလော၊မင်းတို့ကိုချဉ်းကပ်ရန် ခဲယဉ်း၏" ဟုဆို၏။ မင်းသည် ထိုသူနှစ်ဦး၏ စကားကိုကြားလျှင် "ဤအရပ်၌ ဘေးအန္တရာယ်ရှိမည်" ဟု ရထားထိန်းနှင့်အတူ လျင်စွာ ရထားစီးသွားသော် ရသေ့တို့၏ ကျောင်းသို့ရောက်၏။ ထိုအချိန်၌ ရသေ့တို့ သစ်သီးရှာ ထွက်နေသဖြင့် ကျောင်း၌ ကျန်ရစ်ခဲ့သော 'ပပ္ပက'က မင်းအား ခရီးဦးကြို၍ ပျားဥသော စကားတို့ဖြင့် "ဤရေကိုသောက်ပါ၊ ဤအစာကို စားပါ" ဟု ဧည့်ခံ၏။

ထိုအခါ မင်းက "ဤမည်သောရွာ၌နေသည့် ကျေးသားသည် သင်ကဲ့သို့ မဟုတ်ဘဲ 'ဤမင်းကိုသတ်၍ တန်ဆာတို့ကို ယူလော့' ဟု ကြမ်းကြုတ်သည့် စကားကို ဆို၏" ဟူ၍ ပြောပြ၏။ 'ပပ္ပက'သည် နောက်ကြောင်းကို အလုံးစုံ ပြန်ပြော၍ တရားဟော၏။ မင်းသည် ပြန်ရောက်လာသည့် ရသေ့တို့အား နေပြည်တော်သို့ကြွ၍နေရန် ပင့်ဖိတ်ပြီး ပြန်လေ၏။

လူမိုက်သည် လူမိုက်များနှင့်သာ ပျော်မွေ့တတ်၏။

မြတ်စွာဘုရားသည် 'မဒ္ဒကုစ္ဆိ' မည်သော လိုဏ်ဌာနေစဉ် ''ယုတ်မာသည့် ဒေဝဒတ်ကို ဘယ်ကြောင်းပြု၍'' ဤဇာတ်ကို ဟောတော်မူ။ ။ဇာတ်ပေါင်း-ဒေဝဒတ် = ဘတ္တိဂုမ္ဗ။ ဒေသနာဒ္ဒါ = မင်း။ ဘုရား - ပုပ္ဖကာ။]

၅၀၄။ ဘလ္လာတိယဇာတ်

မင်းနှင့် ကိန္နရီဒေဝီမောင်နှံအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း 'ဘလ္လာတိယ'မင်းသည် တနေ့သ၌ တိုင်းပြည်ကို မှူးမတ်တို့အား အပ်နှင်းပြီး လက်နက်ဘေးပါးကို ယူ၍ ခွေးတို့နှင့် အတူ ဟိမဝန္တာသို့သွားပြီးသားကောင်များကိုသတ်၍အသားကို မီးကျီးဖြင့် ကင်စားလျက် လှည့်လည်၏။

ဂန္ဓမာဒနတောင်သို့ရောက်သော်မြစ်ကမ်းနားဌာ အချင်းချင်း လည်ဖက်နမ်းရှုပ်၍ ငိုကြွေးမြည်တမ်းနေကြသည့် ကိန္နရာ ဖိုမ နှစ်ဦးကိုမြင်၏။ သူသည် လက်ဖျစ်တီး၍ ခွေးများကို ချုံထဲဝပ်စေပြီး ခြေသံ မကြားစေဘဲ ထို ကိန္နရာတို့ထံသွား၍ ''အဘယ့်ကြောင့် သင်တို့ ငိုကြွေးနေကြသနည်း'' ဟု မေး၏။

ကိန္နရီမက ''တနေ့သ၌ကျွန်ုပ်တို့နှစ်ဦးသည်ပန်းများကို လှည့်လည်ဆွတ်ခူးစဉ် မြစ်၏ကမ်းတဖက်စီ၌ ရှိနေကြ၏။ ထိုစဉ် မိုးသည်းထန်စွာ ရွာသဖြင့် ဤမြစ်၌ ရေပြည့်လျှံ၍ မကူးနိုင်ဘဲရှိ၏။ ကျွန်ုပ်တို့နှစ်ဦး ထိုညဉ့်ခဲခွာခဲ့ရပြီး တဦးကိုတဦး လျှပ်စစ်ရောင်ဖြင့်သာ ရံခါ မြင်ရ၏။ နောက်တနေ့ နေထွက်မှ ရေကျသွား၍ ကျွန်ုပ်တို့နှစ်ဦး ပြန်လည် တွေ့ဆုံကြရ၏။ ဤသို့ ဤအခါ ဤနေရာ၌ တညတာမျှ ခဲခွာရခြင်းကို အောက်မေ့၍ ငိုကြွေးမြည်တမ်းခဲ့ကြရာ ယနေ့ဆိုလျှင် အနှစ်ခုနစ်ရာပြည့်ရန် သုံးရက်သာ လိုတော့၏။ လူ့အသက်သည် တရာမျှသာရှိလျက် သင်မင်းကြီးသည် 'ချစ်စွာသောမိဖုရားနှင့် အဘယ့်ကြောင့်ကွေကွင်း၍ နေသနည်း'' ဟု ဆို၏။

ထိုအခါ မင်းသည် ''ငါကား မင်းစည်းစိမ်ကိုစွန့်၍ တောင်၌နေလျက် အလွန်ဆင်းရဲသည့် အမှုကို ပြုမိလေစ'' ဟု ကြံ၍ အမြန်ပြန်လေ၏။

လင်နှင့် မယားသည်ချစ်ခင်စွာ မကွေမကွာနေမှ ချမ်းသာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ''ကောသလမင်းကြီးနှင့် ငြင်းခုန်စကားများပြီး မတည့်သော မလ္လိကာ မိဖုရားကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင် —ကောသလမင်း=ကိန္နရာဖို။ မလ္လိကာ = ကိန္နရီမ။ ဘုရား = သလ္လတိယမင်း။]

၅၀၅၊ သောမနဿဇာတ်

ရသေ့ပျက်နှင့် မင်းသားအကြောင်း

ဘုရားလောင်း နတ်သားသည် တာဝတိ်သာမှ စုတေ၍ ကုရုကိုင်း ဥတ္တရပညာလမြို့ 'ရေဏု'မင်း၏ 'သုဓမ္မာ'မည်သော မိဖုရားဝမ်း၌ ပဋိသန္ဓေကို ယူ၍ ဖွားပြီးသော် 'သောမနဿ'မည်၏။ တနေ့သ၌ မင်းသည် ပုန်ကန်သည့် ပစ္စန္တရစ်ကို နှိမ်နင်းရန်သွားစဉ် ခုနစ်နှစ်သားရှိ ဘုရားလောင်းသည် ဥယျာဉ်သို့သွား၍ ဟင်းရွက်ခင်း၌ ရေလောင်းနေသည့် မင်းကိုးကွယ်ထားသော ရသေ့စဉ်းလဲကိုမြင်သော် "ဟင်းရွက်သည် သူကြွယ်၊ သင်သည် အဘယ်ကို ပြုသနည်း" ဟု ရှက်စေ၍ ပြန်လာ၏။

ရသေ့စဉ်းလဲသည် "ငယ်စဉ်ကပင် ငါ့ရန်သူဖြစ်သော ဤမြင်းကို ဖျက်ဆီးအံ့" ဟုကြံ၍မင်းလာမည့်အချိန်၌ကျောင်းတွင် ဖရိုဖရဲ ကြဲနေအောင် ပြုပြီး နာဟန်ဆောင်၍ ခေါင်းနှင့်တက္ခ ခြုံပြီး အိပ်၏။ ပစ္စန္တရစ်မှ ပြန်လာသောမင်းသည် ဦးစွာ ထိုရသေ့ထံ သွားပြီး ထိုအခြင်းအရာကို မြင်၍ မေး၏။ ရသေ့စဉ်းလဲက "သင့်သားသည် ငါ့ကို ဆဲရေး၍ ပုတ်ခတ်ပြီး ကျောင်း၌ ဤသို့ ဖျက်ဆီးသွား၏" ဟုဆို၏။မင်းသည် ပြင်းစွာအမျက်တွက်၍ သူသတ်တို့အား သားတော်ကို သတ်စေရန် "ဤသို့ယူဆောင်ခဲ့" ဟု ခိုင်း၏။ သူသတ်တို့သည် မင်းသားကို ထိုဥယျာဉ်သို့ ယူဆောင်လာ၏။

မင်းက မေးသော် ဘုရားလောင်းက "ဤရသေ့စဉ်းလဲသည် ဟင်းရွက်သည်တို့အား ဟင်းရွက်များကိုရောင်း၍ အသက်မွေး၏။ ထိုဟင်းရွက်သည်တို့ကိုခေါ်မေးလော့" ဟု ဆို၏။ မင်းကခေါ်မေးသော် ထိုဟင်းရွက်သည်တို့က 'မှန်ကြောင်း' ဝန်ခံ၏။ မင်းသည် သားအား 'မှားကြောင်း' ဝန်ခံ၍ သည်းခံစေ၏။ ဘုရားလောင်းသည် "ဤမင်းယုတ်ထံ၌ ငါမနေ" ဟု ထိုနေ့၌ပင် ဟိမဝန္တာသို့သွား၍ ရဟန်းပြု၏။ ရသေ့စဉ်းလဲသည်လည်း ထိုနေ့၌ပင် လူတို့က သတ်ပုတ်၍ သေလေ၏။

လူမိုက်သည် ပညာရှိကို သေကြောင်းကြိုလျှင် သူသာ သေရမည်။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်သည် ဘုရားအား သတ်ရန် အားထုတ်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း-ဒေဝဒတ်=ရသေ့စဉ်းလဲ။ မယ်တော်မာယာ = သုဓမ္မာမိဖုရား။
ဘုရား=သောမနဿမင်းသား။]

၅၀၆၊ စဓမ္မယျဇာတ်
နဂါးနှင့်အလမ္ဘာယ်အကြောင်း

မဂဓတိုင်း'မဂဓ'မင်းလက်ထက် ဘုရားလောင်းသည် အင်္ဂါတိုင်း, မဂဓတိုင်းနှစ်ခုအကြားရှိ 'စဓမ္မယျ'မည်သော မြစ်ဝယ် နဂါးပြည်၌ 'စဓမ္မယျ'နဂါးမင်းဖြစ်၏။သူ့မယားကား'သုမနာ'မည်၏။ သူသည် ဥပုသ်နေ့တိုင်း လူ့ပြည်သို့သွားပြီး တောင်ပို့တခု၌ "ငါ့ကို ပြုချင်သလို ပြုပါစေ"ဟု အဓိဋ္ဌာန်၍ ဥပုသ်ဆောက်တည်၏။

ဥပုသ်နေ့တနေ့၌ ထိုတောင်ပို့သို့ရောက်လာသည့် အလမ္ဘာယ်ပုဏ္ဏားလုလင်တဦးသည် သူ့ကိုမြင်၍ အလမ္ဘာယ်ပြုရန် မန္တန်မန်းပြီး အစွယ်များကိုချိုး၍ အရိုးများကိုကြေအောင် ကိုယ်ကို ရိုက်နှက် နင်းနယ်ပြီး ပခြုတ်ထဲထည့်၍ ယူသွား၏။ သူသည် ရှာနိုဂုံးစသည်တို့၌ လှည့်လည်အလမ္ဘာယ်ပြု၍ နဂါးကို ကစေခြင်းဖြင့် ဥစ္စာများစွာကိုရ၏။နောက်သူသည် နဂါးကို ဗာရာဏသီပြည်သို့ယူ၍ မြို့တံခါးရှာတို့၌ ကစေ၏။ ဥဂ္ဂသေနမင်းသည် ထိုအလမ္ဘာယ်ကို ခေါ်စေပြီး နောက်တနေ့ဥပုသ်နေ့၌ အလမ္ဘာယ်ပြစေရန် စည်လည်၍ လူတို့ကို မင်းယင်ပြင်၌ စုဝေးစေ၏။ ထိုလုလင်သည် နဂါးကို ကစေသော် လူတို့ကကောင်းချီးပေး၍ ဥစ္စာများစွာကို ပစ်ပေးကြ၏။

သုမနာမိဖုရားသည်တလပြည့်၍ဘုရားလောင်းပြန်မလာသော်သူမှာခဲ့သည့်အတိုင်း မင်္ဂလာရေကန်ကို ကြည့်၍ သွေးကဲ့သို့ နီရဲသော ရေကို မြင်လျှင် ဘုရားလောင်းအား အလမ္ဘာယ်ဖမ်းယူသွားသည်ကိုသိ၏။ သုမနာသည် အစဉ်အတိုင်းလိုက်သော် ထိုနေရာသို့ရောက်၍ ကောင်းကင်၌ ငိုကြွေးလျက် ရပ်၏။ ဘုရားလောင်းသည် သုမနာကိုမြင်လျှင် ရှက်၍ ပခြုတ်ထဲ ဝင်ပြီး အိပ်၏။ မင်းကမေးသော် သုမနာက ဘုရားလောင်းအကြောင်း အလုံးစုံကို ပြောကြား၏။ မင်းသည် အလမ္ဘာယ်အား နဂါးကို လွှတ်စေ၏။

ဘုရားလောင်းသည် လုလင် အသွင်ဖြင့် မြေပေါ်၌ မင်းကို ရှိခိုးလျက်နေသော် သုမနာသည် ကောင်းကင်မှဆင်း၍ သူ့အနီး၌နေ၏။ နောက် ဘုရားလောင်းသည် ဥဂ္ဂသေနမင်းကို နဂါးပြည်သို့ ဆောင်၍ ခုနစ်ရက်တိုင် နတ်၌ဖြစ်သော အစားအဝတ် ကာမဂုဏ်တို့ဖြင့် လုပ်ကျွေးပြီး မင်းအား ရွှေငွေစသည့် ရတနာ မြောက်များစွာကို ပေး၏။ မင်းနှင့် ပရိသတ်သည် ထိုဥစ္စာတို့ကိုယူ၍ ပြန်ကြလေ၏။

ပညာရှိသည် အသက်ကိုစွန့်၍ အမိဋ္ဌာန် ဥပုသ်ကို စောင့်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဥပုသ်ဆောက်တည်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**- ဒေဝဒတ် = အလမ္ဘာယ်ဆရာ။ရာဟုလာမယ်ဒေတာ် = သုမနာမိဖုရား။သာရိပုတ္တရာ=ဥဂ္ဂသေန မင်း။ ဘုရား = စမ္ဘေယျနဂါးမင်း။]

၅၀၇၊ မဟာပလောဘနဇာတ်

[ဤဇာတ်သည် စူဠပလောဘနဇာတ် (ဇာ-၂၆၃)နှင့် တူ၏။]

၅၀၈၊ ပဥ္စပဏ္ဍိတဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ် (ဇာ-၅၄၂)၌ အကျယ်လာ၏။]

၅၀၉၊ ဟတ္ထိပါလဇာတ်

ဟတ္ထိပါလရဿေနှင့် ပြည်သူများအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် 'ဧသုကာရီ' မင်း၏ ပုရောဟိတ်၏သား လေးယောက်အနက် သားအကြီးဆုံးဖြစ်၍ 'ဟတ္ထိပါလ'မည်၏။ မင်းသည် သားသမီး မရရှိ၍ ပုရောဟိတ် သားလေးဦး ကိုပင် သားကဲ့သို့ ချစ်၍ ၎င်းတို့ရဟန်းပြုကြမည်စိုးသဖြင့် နိုင်ငံတွင်းရှိ ရဟန်းများကို နှင်ထုတ်စေ၏။

ဘုရားလောင်းသည် အရွယ်ရောက်သော် မင်းကပေးသည့် မင်းအဖြစ်ကို ပယ်၍ ရဟန်းပြုရန် မြို့မှထွက်၏။ ထိုအကြောင်းကိုကြား၍ သူ့ညီသုံးဦးနှင့် တကွ လူမြောက်များစွာတို့သည် ရဟန်းပြုရန် သူ့နောက်သို့ လိုက်ကြ၏။ ဘုရားလောင်းသည် ထိုပရိသတ်နှင့်အတူ ဂင်္ဂါမြစ်နားသို့ သွား၍ ရေကို ကြည့်လျက် အာပေါကသိုဏ်းကိုပြုပြီး စျာန်ကိုဖြစ်စေ၏။ သူသည် ရဟန်းပြုကြမည့် ပုဂ္ဂိုလ်များကို စောင့်လျက် ထိုအရပ်၌ပင်နေ၏။ ဖခင်ပုရောဟိတ်, မိခင်ပုဏ္ဏား, မင်းကြီး, မိဖုရားတို့သည် တဦးပြီးတဦး မြောက်များစွာသော ရဟန်းပြုလိုသူများကိုခေါ်၍ ရောက်လာ၏။ နောက် ဗာရာဏသီပြည်သားတို့ အိမ်များကိုစွန့်ပြီးရဟန်းပြုရန်ရောက်လာကြ၏။ ထိုအခါဘုရားလောင်းသည် ကောင်းကင်၌နေလျက် တဆဲ့နှစ်ယူဇနာမျှရှိသောထိုပရိသတ်ကို တရားဟော ပြီး ဟိမဝန္တာသို့ ရှေ့ရှုခေါ်သွား၏။ ဗာရာဏသီပြည်ကြီး ဆိတ်သုဉ်းသွား ကြောင်း ကြားသော် တဆဲ့ရှစ်ယူဇနာမျှရှိသော ကာသိတိုင်းသားအပေါင်း သည် ရဟန်းပြုရန် ဘုရားလောင်းနောက်သို့ လိုက်ကြ၏။

သိကြားမင်းသည် ဝိသကြုံနတ်သားကို လွှတ်၍ ဟိမဝန္တာ၌ ထို ပရိသတ်အတွက် နေရာ, ပရိက္ခရာအလုံအလောက် စီရင်ထားစေ၏။ ဘုရား

လောင်းနှင့် ပရိသတ်အပေါင်းသည် ထိုကျောင်းသို့ဝင်၍ ရသေ့ရဟန်းပြုကြ၏။ ထိုအကြောင်းကို ကြား၍ ပြည်နိုးချင်းမင်း ခုနစ်ဦးတို့ ကြိုးစွာသော ပရိသတ်နှင့်အတူလာ၍ရဟန်းပြုကြသော် ဖန်ဆင်းထားသည့် သုံးဆဲ့ခြောက်ယူဇနာရှိသော ကျောင်းသည် ပြည့်သွား၏။ ဘုရားလောင်း၏ တရားကို ကြားနာ၍ တရားအားထုတ်သူတို့၏ သုံးပုံနှစ်ပုံသည် စျာန် အဘိညာဉ်ကို ရကြလေ၏။

ပဉ္စင္ဒရိသည် လူ့စည်းစိမ်ကို စွန့်၍ စိတ်ချမ်းသာမှုကို ရှာ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ဇာတ်ပေါင်း—သုဒ္ဓါဒနမင်း= သေကာရိမင်း။ မဟာမာယာ = မိဖုရားကြီး။ မဟာကဿပ = ပုရောဟိတ်။ ဘဒ္ဒကာပိလာနီထေရီ = ပုဏ္ဏားမ။ အနုရုဒ္ဓါ, မောဂ္ဂလ္လာန်, သာရိပုတ္တရာ = ညီသုံးယောက်။ ဘုရား = ဟံတ္ထိပါလ။]

၅၁၀၊ အယောဃရဇာတ်

အချုပ်မင်းသားနှင့် ပြည်သူများအကြောင်း

ဘီလူးမတဉီးသည် ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း၏ မိဖုရား နှစ်ကြိမ်တိုင် မွေးဖွားသည့် သားနှစ်ဦးကို ယူပြေး၍ စား၏။ သုံးဦးမြောက်၌ကား ဘုရားလောင်းသည် ထိုမိဖုရား၏ ဝမ်းတွင်း၌ ပဋိသန္ဓေကိုယူ၏။ ထိုနေ့မှစ၍ မိဖုရားကိုသံအိမ်၌ထားပြီး သားကိုဖွားစေ၏။ သားကို အယောဃရ(သံအိမ်)ဟု အမည်ပေးသည်။

ဘုရားလောင်းသည် အရွယ်ရောက်သည်အထိ ထိုသံအိမ်၌ပင် နေရပြီး အတတ်မျာကို သင်ယူရ၏။

မင်းသည် "သားကိုမင်းမြောက်အံ့" ဟု မြို့တော်ကို တန်ဆာဆင်စေ၍ သားတော်ကို လှည့်လည်ခိုင်း၏။ ဘုရားလောင်းသည် သူ့ကို သံအိမ်၌ထားရခြင်းအကြောင်းကို မေးမြန်းသိရှိသော် "ငါသည် ဆယ်လလုံးလုံး ငရဲနှင့်တူသည့် အိမ်ဝမ်း၌ နေခဲ့ရ၏။ မွေးသည့်နေ့မှစ၍ တဆဲ့ခြောက်နှစ်တိုင် ဤနှောင်အိမ်၌ နေရ၏။ ငါသည် ဘီလူးမဘေးမှ လွတ်သော်လည်း အုံခြင်း, သေခြင်းဘေးမှ မလွတ်နိုင်။ ယနေ့ပင် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုအံ့" ဟု ကြံ၏။ မြို့ကို လက်ျာရစ် လှည့်ပြီးသော် သူသည် ဖခင်အား အကျယ်တဝင့် တရားဟော၍ ရဟန်းပြုခွင့် တောင်းပြီး မြို့မှ ထွက်၏။ နောက် မင်းကြီး, မိဖုရား, ပဏ္ဍား, သူကြွယ်အားလုံးမှစ၍ အလုံးစုံသောမြို့နေလူအားလုံး ရဟန်း

ပြုရန် နောက်က လိုက်ကြ၏။ ဘုရားလောင်းသည် တဆဲ့နှစ်ယူဇနာရှိသော ထိုပရိသတ်ကြီးကိုယူ၍ ဟိမဝန္တာသို့သွား၏။ သိကြားမင်းသည် ဝိသကြံ့ နတ်သားအား ထိုပရိသတ်အတွက် နေရာ,ပရိက္ခရာ အလုံအလောက် စီရင် ထားစေ၏။ [ဤမှစ၍ ဟတ္ထိပါလဇာတ် (ဇာ-၅၀၉) နှင့် အလုံးစုံတူ၏။]

ပညာရှိသည် လူ့ဘဝကို နှောင်အိမ်ဟု ယူဆ၍ တောထွက်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဂိဇ္ဈကူဋ်တောင်၌နေစဉ် "မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— ဘုရား= အယောဃရမင်းသား။]



၅၁၁၊ ကိုဆန္ဒဇာတ်

ညစံ,နေခံ ပြိတ္တာကြီးအကြောင်း

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် အလှူပေး, သီလစောင့်, ဥပုသ်ဆောက်တည်၏။ မှူးမတ် စသည်တို့ကိုလည်း ထို့အတူ ပြုစေ၏။ ပုရောဟိတ်ကား တံစိုးစားသော တရားသူကြီးဖြစ်၍ ကုသိုလ်အရာ၌ ဥပုသ်တဝက် မျှသာ ဆောက်တည်ဘူးပြီး ဥပုသ်သည် မိန်းမတဦးအား သရက်သီးများကို လှူဘူး၏။

နောက် သူသေသော် ဟိမဝန္တာဝယ် မြစ်ကမ်းနားရှိ (သရက်သီးအလှူကြောင့်) သရက်ဥယျာဉ်ကြီးတွင် ရှေဗိမာန်၌ ဝေမာနိက ပြိတ္တာဖြစ်၏။ သူသည် (တဝက်စောင့်သည့် ဥပုသ်ကြောင့်) ညအခါ၌သာ ရှေဗိမာန်၌ နတ်သမီးတို့နှင့်အတူ နတ်စည်းစိမ်ကြီးစွာခံစားရ၏။ (တံစိုးစားခြင်းကြောင့်) နေ့အခါ၌နတ်အသွင်ကွယ်ပြီးမီးကျီးကဲ့သို့ ပူသော အလွန်ကြီးသည့်ခန္ဓာကိုယ် ရှိလျက် လက်နှစ်ဖက်မှာ လက်ချောင်းတခုတည်းစီသာ ပေါက်၍ ပေါက်တူးကြီး ပမာ ရှိသော လက်သည်းကြီး ရှိပြီး ထိုလက်သည်းဖြင့် သူ့ကျောကုန်းသားကို ခဲနုတ်စား၏။ ဒုက္ခကြီးစွာ ခံစားရသဖြင့် ပြင်းစွာ အော်မြည်တမ်းရ၏။

ထိုအခါ ဘုရားလောင်း ဗာရာဏသီမင်းသည် ရထေ့ရဟန်းပြု၍ ဂင်္ဂါမြစ်၏ အကြွဲ့ကျောင်းဆောက်၍နေ၏။ တနေ့သ၌ သူသည် ထိုသရက်ဥယျာဉ် မှ မျောလာသည့် သရက်သီးတလုံးကို စားရ၍ အရသာကို တပ်မက်ရကား မြစ်နား၌ "ဤသရက်သီးမျိုးကိုမရလျှင် ငါမထအံ့" ဟု ခြောက်ရက်လုံး အစာမစားဘဲ နေ၏။ မြစ်စောင့်နတ်သမီးသည် လာပြီး "အဘယ်ကို အလိုရှိ၍ (ကိုဆန္ဒ) ဤသို့ နေဘိသနည်း" ဟု မေး၍ အကြောင်းစုံကို ကြားသိသော် သူ့ကို ထိုသရက်ဥယျာဉ်သို့ ခေါ်ဆောင်သွား၏။

ဘုရားလောင်းသည် ထိုသရက်ဥယျာဉ်၌ သရက်သီးများကို စားလျက် လှည့်လည်သော် ထိုပြိတ္တာကြီးနှင့်တွေ့၍ မေး၏။ ထိုပြိတ္တာကြီးက သူ့ဘဝ

ဖြစ်စဉ် အလုံးစုံကို လျှောက်ကြားပြီး သူ့အား နှစ်စဉ် သရက်သီးမှည့်ဖြင့် လုပ်ကျွေး၏။ ဘုရားလောင်းသည် စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ထို ဥယျာဉ်၌ပင် နေလေ၏။

ဥပုသ်စောင့်ခြင်းသည် ကြီးစွာသောအကျိုးကို ပေးနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ဥပုသ်ဆောက်တည်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။**ဇာတ်ပေါင်း**–ဥပွလဝဏ်=မြစ်စောင့်နတ်သမီး။ ဘုရား=ရသေ့။]

၅၀၂။ ကုမ္ဘဇာတ်

လူနှင့် အရက်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဝယ် သစ်ပင်ကြီးတပင်၏ ခက်မသုံးခုတို့၏ ခွကြားရှိ အခေါင်းကြီး၌ ငှက်များစာသည့် စားကြွင်းနှင့် မိုးရေ ရောနှောခြင်းကြောင့် ကာလကြာသော် နီရဲ၍ထက်သော သေရည် ဖြစ်၏။ ငှက်တို့သည် ထိုသေရည်ကို သောက်၍ မူးယစ်ကြ၏။

မှဆိုးတဦးသည် ထိုသစ်ပင်ကြီးသို့ ရောက်၍ မူးယစ်သည့် ငှက်များကို မြင်သော် ထိုသေရည်ကို သောက်၍ ထိုမူးယစ်သည့် ငှက်များကို သတ်စား၏။ သူသည် အနီးနေ ရသေ့တဦးအား အရက်နှင့် ငှက်သားကို လှူ၏။ သူတို့ နှစ်ဦးသည် အရက်ကိုသောက်၍ ငှက်သား အမဲသားများကို စားကြ၏။ နောက် သူတို့သည် ရှေးဦးစွာ ပစ္စန္တရစ်မြို့၊ နောက် ဗာရာဏသီပြည်သို့ သွား၍ သေရည်လုပ်ပြီး မင်းများနှင့်တကွ လူတို့အား သောက်စေ၍ ပျက်စီးစေ၏။ နောက် သာကေတမြို့သို့ သွား၍ အိုးကြီးများ၌ သေရည်ကို ပြုလုပ်ပြီး 'သဗ္ဗမိတ္တ'မည်သော မင်းအား သေရည်ကို ဆက်၏။ မင်းသည် မင်းယင်ပြင်တွင် မဏ္ဍပ်ဆောက်၍ မှူးမတ်အပေါင်းခြံရံလျက် ရာဇပလ္လင်၌နေပြီး သေရည် သောက်ရန် အားထုတ်၏။

ဘုရားလောင်း သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် လာပြီး မင်းယင်ပြင် အထက် ကောင်းကင်၌ သေရည်အိုး (ကုမ္ဘ)ကို လက်ဝါးပြင်၌ ထား၍ ရပ်လျက် မင်းအား သေရည်သောက်ခြင်း၏ အပြစ်များကို အကျယ်တဝင့် ဟောကြားပြီး တဖန် သိကြားအသွင်ဖြင့် မင်းအား အဆုံးအမကို ပေးပြီး ပြန်၏။ မင်းသည် သေရည်ကို မသောက်ဘဲ သေရည်အိုးများကို ခွဲပစ်လေ၏။

သေရည်သည် လူကိုတခဏချင်း ဖျက်ဆီးနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဝိသာခါ၏ အဆွေခင်ပွန်း ဖြစ်ကြသော သေရည်သောက်ကြသည့် မိန်းမငါးရာတို့ကို အကြောင်းပြု၍" ဤဇာတ်ကို ဟောတော်၏။ ။ဇာတ်ပေါင်း–အာနန္ဒာ=သဗ္ဗမိတ္တာမင်း။ ဘုရား=သိကြားမင်း။]

၅၁၃၊ ဇယဒိသဇာတ်

လူဘီလူးနှင့် မင်းသားအကြောင်း

ဘုရားလောင်းသည် ကပိလတိုင်း ဥတ္တရပဉ္စာလမြို့ 'ဇယဒိသ'မင်း၏ သား ဖြစ်၍ 'အလီနသတ္တု'မည်၏။ သူအရွယ်ရောက်သော် မင်းသမီးတဦးကို မိဖုရား ပြု၍ အိမ်ရှေ့မင်းဖြစ်၏။ တနေ့သ၌ ဗိုလ်ပါနှင့်အတူ သမင်လိုက်သွား ရန် မြို့မှထွက်သည့် ဇယဒိသမင်းထံသို့ တက္ကသိုလ်မှ 'နန္ဒ'အမည်ရှိ ပုဏ္ဏားသည် တဂါထာလျှင် ဝင်္ဒတရာထိုက်သည့် 'သတာရဟ'ဂါထာလေးခုကို ယူဆောင်လာ၏။

မင်းသည် နန္ဒအား "ပြန်လာမှ ကြားနာအံ့" ဟု ဆို၍ နေအိမ်၌နေစေပြီး တောသို့ သွား၏။ သူသည် တနေရာ၌ ဗိုလ်ပါများကို ထားခဲ့ပြီး 'ချေ' ခေါ်သော သားကောင်နောက်သို့ လိုက်သော် တောအုပ်ကြီးတခုသို့ ရောက်၍ ပေါရိသာဒဘီလူး၏ ဖမ်းဆီးခြင်း ခံရ၏။ သူသည် နန္ဒပုဏ္ဏားကို သတိရပြီး ထိုအကြောင်းကို ဘီလူးအား ပြောပြ၍ "ငါသည် တရားနာပြီး နက်ဖြန် ပြန်လာအံ့" ဟူသော ကတိဖြင့် ပြန်လာ၏။ သူသည် ဗိုလ်ပါအခြံအရံဖြင့် မြို့သို့ သွား၍ ပုဏ္ဏားထံမှ တရားကို နာပြီးသော် သားတော် အိမ်ရှေ့မင်းကို ခေါ်ပြီး "သင်မင်းပြုရစ်လော့။ ငါဘီလူးထံ သွားရမည်" ဟု ဘီလူးအဖမ်း ခံရခြင်းနှင့် ပတ်သက်၍ ပြောပြ၏။

ဘုရားလောင်းသည် "ဖခင်မသွားနှင့်။ အသက်ကိုစွန့်၍ ဖခင်ကိုယ်စား ကျွန်ုပ်သွားအံ့" ဟု အကြိမ်ကြိမ် တောင်းပန် ပြောဆိုပြီး ဖခင်ပြောသည့် ခရီးဖြင့် ထိုဘီလူးထံ သွား၍ ကျောပေးထိုင်နေသည့် ဘီလူးရှေ့၌ ရပ်လျက် "ငါသည် ဖခင်ကိုယ်စား လာ၏။ ငါ့ကိုစားလော့" ဟု ဆို၏။ ဘီလူးသည် ကြောက်လန့်သဖြင့် "ဤမင်းသားကို ငါမစားဘဲ ဥပါယ်ဖြင့် ပြေးစေအံ့" ဟု ကြံ၍ သူ့အား ထင်းတို့ကိုဆောင်စေ၍ မီးကို မွေ့ခိုင်း၏။ ဘုရားလောင်းသည် မီးမွေ့ပြီး ဘီလူးနား၌ ရပ်၏။ ဘီလူးသည် အံ့သြ၍ ထိတ်လန့်ပြီး သူ့ကိုအကြိမ်ကြိမ်ကြည့်လျက် "အိမ်ပြန်လော့" ဟု ဆို၏။

ဘုရားလောင်းသည် ဘီလူးကိုကြည့်ပြီး အကဲကို စုံစမ်းသော် ဘီလူးအင်္ဂါ ချားနှင့် မညီညွတ်သည်ကို သိလျှင် "ဘိလူးမတဦးသည် ငါ့ဖခင်၏ နောင်ဆတော် သုံးဦးအနက် နှစ်ဦးကို စားခဲ့၍ တဦးကို ယူပြေးကြောင်း ငါကြားဘူး၏။ ဤဘီလူးသည် ထိုဘီလူးမ မွေးမြူထားသူပင် ဖြစ်ရာ၏" ဟု ဝေဖန်ကြံဆ၏။ နောက် ဘီလူးအား "သင်သည် ဘီလူးအစစ် မဟုတ်။ ငါ့ဖခင်၏ အစ်ကိုတည်း။ ငါနှင့် လိုက်ခဲ့၍ မင်းပြုလော့" ဟု ဆို၏။ ဘီလူးက "ငါဘီလူးအစစ် ဖြစ်၏" ဟု ဆိုသော် သူက "ငါ့ကိုမယုံလျှင် သင့်မှာ ယုံကြည်အပ်သူ ရှိသလော" ဟု မေး၏။ ဘီလူးက "ဤမည်သောအရပ်၌ ဒီဗ္ဗစက္ခုရသေ့ ရှိ၏" ဟု ဆို၏။ သူတို့ သွားကြသော် ထိုရသေ့က "သား ဘကြီးနှစ်ဦးတို့ ဘယ်အတွက် တော၌ လှည့်လည်ကြသနည်း" ဟု ဆို၍ ဆွမျိုး တော်စပ်ပုံကို ပြောပြ၏။ ဘီလူးသည် မလိုက်တော့ဘဲ ရသေ့ထံ၌ ရဟန်းပြုသဖြင့် ဘုရားလောင်းသည် ပြန်၍ ဖခင်မင်းအား "ပေါရိုဿဒသည် ဘီလူး မဟုတ်။ ဖခင်၏ နောင်တော်တည်း" စသည်ဖြင့် အလုံးစုံကို ပြောပြလေ၏။

မိဘလုပ်ကျွေးသူသည် ဘေးအပေါင်းမှ လွတ်ကင်းနိုင်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိဘကို လုပ်ကျွေးသည့် ရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— သာရိပုတ္တရာ=ဒီဗ္ဗစက္ခုရသေ့။ အင်္ဂုလိမာလ=ပေါရိုဿဒ။ ရာဟုလာမယ်တော်=အိမ်ရှေ့မိဖုရား။ ဘုရား=အိမ်ရှေ့မင်းသား။]

၅၁၄၊ ဆဒ္ဒန္တဇာတ်

ဆဒ္ဒန်ဆင်မင်း အကြောင်း

ဘုရားလောင်းသည် ဟိမဝန္တာဝယ် ကောင်းကင်သို့ပျံနိုင်သည့် ဆဒ္ဒန်(ဆဒ္ဒန္တ) ဆင်မျိုးဖြစ်၍ များစွာသော ကြာတော, သစ်တောများနှင့် တောင်ခုနစ်ထပ် ဝန်းရံထားသော ဆဒ္ဒန်အိုင်ကို အမှီပြုပြီး ဆဒ္ဒန်ဆင်မျိုး ရှစ်သောင်း ခြံရံလျက် "မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ" အမည်ရှိ မိဖုရားနှစ်ဦးနှင့် အတူ ရှေးဂုဏ်ဒေနကာ ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို လုပ်ကျွေး၏။ သူသည် မိုးအခါတွင် ရှေးဂုဏ်ဒေနေ၍ နွေအခါတွင် ညောင်ပင်ကြီးအရင်း ပါးပျဉ်းကြားဒေနေ၏။

တနေ့သဒ္ဒါ သူသည် မိဖုရားကြီးနှစ်ဦးနှင့်အတူ အင်ကြင်းတောသို့ သွား၍ အင်ကြင်းပင်ကိုဦးကင်ဖြင့် တိုက်လှုပ်ပြီး အင်ကြင်းပန်းများကို ကျစေသော် အင်ကြင်းပုဉ်တို့သည် မဟာသုဘဒ္ဒါပေါ်ကျ၍ ခါချဉ်များပါသည့် သစ်ခက်သစ်ရွက်ခြောက်တို့သည် စူဠသုဘဒ္ဒါပေါ် ကျ၏။

စုဠဿုဘဒ္ဒါသည် "သူချစ်သည့် မယားပေါ်မှာ ပန်းဝတ်မှုန် ပွင့်ချပ်များကို ကျစေပြီး ငါ့ပေါ်မှာမူ ခါချဉ်များပါသည့် သစ်ခက် သစ်ရွက်ခြောက်များကို ကျစေ၏" ဟု ဘုရားလောင်းကို ရန်ငြိုးဖွဲ့၏။ နောက် ဆင်တစီးက လာပေးသည့် ပဒုမာကြာပွင့်ကြီးကို ဘုရားလောင်းက မဟာသုဘဒ္ဒါအား ပေးသော် စုဠဿုဘဒ္ဒါသည် တခါ ရန်ငြိုးဖွဲ့ပြန်၏။ ထို့ကြောင့် သူမသည် တနေ့သ၌ သစ်သီးကြီးငယ်များကို ပစ္စေကဗုဒ္ဓါတို့အား လှူ၍ "ကျွန်ုပ်သည် ဤဘဝမှ စုတေသော် မဒ္ဒရာဇ်မင်း၏ 'သုဘဒ္ဒ' မည်သော သမီးဖြစ်၍ အရွယ်ရောက်သော် ဗာရာဏသီမင်း၏ မိဖုရားကြီး ဖြစ်ရပါလို၏။ ထိုအခါ ကျွန်ုပ်သည် မုဆိုးတဦးကို စေလွှတ်ပြီး ဤဆင်မင်းကို မြားဖြင့် ပစ်သတ်စေ၍ သူ့အစွယ်များကို ယူဆောင်နိုင်ရပါလို၏" ဟု ဆုတောင်း၏။

သူမသည် ထိုအခါမှစ၍ အစာမစားဘဲ ခြောက်ကပ်ပြီး မကြာမီသေသော် မဒ္ဒရာဇ်မင်း၏ 'သုဘဒ္ဒါ' မည်သော သမီးဖြစ်၍ အရွယ်ရောက်လျှင် ဗာရာဏသီမင်း၏ မိဖုရားဖြစ်၏။ ဇာတိဿရဉာဏ်ရသော သုဘဒ္ဒါသည် နာဟန်ပြု၍ မင်းကြီးအား "ကျွန်ုပ်သည် ဆဒ္ဒန်ဆင်မင်း၏ အစွယ်များကို ရလိုသော ချင်ခြင်းဖြစ်၏" ဟု ဆို၍ မုဆိုးများကို စည်းဝေးစေ၏။ သူမသည် ထိုမုဆိုးများထဲမှ ရွေးဘဝက ဘုရားလောင်း၏ ရန်သူဖြစ်ဘူးသော ကြမ်းကြုတ်၍ ခွန်အားကောင်းသည့် 'သောနုတ္တရ' မုဆိုးကို မြင်လျှင် ပြာသာဒ်ပေါ် ခေါ်သွား၏။ သူမသည် လေသွန်ပြုတင်းမှ မြောက်အရပ် ဟိမဝန္တာဆီသို့ လက်ကို ဆန့်လျက် ဆင်မင်းရှိရာအရပ်ကို မုဆိုးအား ညွှန်ပြပြောဆိုပြီး "ထိုအရပ်သို့သွား၍ ဆဒ္ဒန်ဆင်မင်းကို သတ်ပြီး အစွယ်များကို ယူခဲ့လော့" ဟု ဆို၏။

ထိုမုဆိုးသည် တောအထပ်ထပ်, တောင်အထပ်ထပ်တို့ကို အလွန်ခက်ခဲစွာ ကျော်ဖြတ်သွားရသဖြင့် ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်ကြာမှ ဘုရားလောင်း နေရာအရပ်သို့ ရောက်၏။ သူသည် ဘုရားလောင်း၏ နေရာကို မှတ်ပြီး ယင်း နေရာအောက်၌ လိုဏ်ခေါင်းတူး, အထက်၌ အပေါက်ကြီးဖောက်, ယင်း အထက်၌ ပျဉ်များကိုခင်း၍ မြားထွက်လောက်ရုံမျှ အပေါက်ကြီးကို ဖောက်ပြီး ယင်းအထက်၌ မြေမှုန့်အမှိုက်များဖြင့် ဖုံးထား၏။ နောက် သူသည် သက်နှံးကိုဝတ်၍ ထိုလိုဏ်ထဲဆင်းနေပြီး လာ၍နေသော ဘုရားလောင်းကို အောက်မှ လေးဖြင့် ပစ်၏။ မြားသည် ချက်မှကျော်သို့ ဖောက်ထွက်၏။

ဘုရားလောင်းသည် သည်းစွာ အော်သော် မိဖုရားနှင့် အခြံအရံ ဆင်တို့ပြေးလာပြီး ထိုအခြင်းအရာကို မြင်၍ အခြံအရံဆင်တို့သည် ရန်သူ အရှာထွက်ကြ၏။ ဘုရားလောင်းသည် မြားလာရာအရပ်ကို မှတ်၍ "ရန်သူသည်

မြေထဲ၌ရှိမည်”ဟုကြံ၍ မဟာသုဘဒ္ဒါကို ရန်သူရှာရန်ထွက်သွားစေ၏။နောက် သူသည် မြေကို ခြေဖြင့် ခြစ်၍ တွင်းပေါ်၌ ခင်းထားသည့် ပျဉ်ကို ခွာပြီး ထိုအပေါက်မှ မုဆိုးကိုမြင်၍ “သတ်အံ့”ဟု နှာမောင်းဖြင့် မုဆိုးကို ဆဲယူသော် သက်နိုးကိုရ၏။ သူသည် ရဟန္တာပစ္စေကဗုဒ္ဓါတို့၏ အဝတ်ကို မြင်လျှင် ကြည်ညိုစိတ်ဖြင့် ဒေါသကိုငြိမ်းစေပြီး မုဆိုးအား သတ်ခြင်း၏အကြောင်းကို မေး၏။ မုဆိုးထံမှ အကြောင်းစုံကို ကြားသိသော် သူသည် မုဆိုးအား “သုဘဒ္ဒါသည် ငါ့အစ္စယ်များကို အလိုရှိသည်မဟုတ်။ ငါ့ကို သတ်လို၍ ဤသို့ စေခိုင်း၏။ သင်သည် ငါ့အစ္စယ်များကို ဖြတ်ယူလော့”ဟု ဆို၏။

မုဆိုးသည် ဓားကိုမှတက်လာ၍ အစ္စယ်များကို လှဖြင့် ဖြတ်မရသော် ဘုရားလောင်းသည် နှာမောင်းဖြင့် လှကိုကိုင်၍ အစ္စယ်များကို လှယ်ကူစွာ ဖြတ်ပြီး “ဘုရားဖြစ်ရပါလို၏”ဟု ဆုတောင်း၍ လွှတ်၏။ နောက် “ငါ့မေတ္တာတန်ခိုးဖြင့် သင်သည် ခုနစ်ရက်အတွင်း ဗာရာဏသီပြည်သို့ ရောက်မည်”ဟု မုဆိုးအား လှတ်လိုက်ပြီး သေ၏။ နောက် ဆင်တို့ရောက်လာကြပြီး ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို ပင့်၍ အသုဘရွှေခြင်း ကိစ္စကို ပြုစေပြီးသော် ဘုရားလောင်းကို မီးဖြင့်သင်္ဂြိုဟ်ကြ၏။ မုဆိုးလည်း ခုနစ်ရက်အတွင်း ဗာရာဏသီပြည်သို့ ရောက်၍ ‘သုဘဒ္ဒါ’အား အစ္စယ်များကို ဆက်၏။ သုဘဒ္ဒါသည် အစ္စယ်တို့ကို မိမိပေါင်ပေါ်၌ တင်၍ကြည့်လျှင်ပင် ချစ်လင်ဖြစ်ခဲ့ဘူးသည့် ဘုရားလောင်းကို အောက်မေ့ပြီး ကြီးစွာပူဆွေး၍ နှလုံးကွဲပြီး ထိုနေ့၌ပင် သေလေ၏။

လင်ကောင်းကို မကျေနပ်၍ ရန်မူလျှင် မှားမည်သာတည်း။

[ရဟန်းမငယ်တဦးသည် လှန်စွာတင့်တယ်စမွာယ်သော ဘုရား၏ကိုယ်တော်ကိုကြည့်၍ ဇာတိသရဉာဏ်ဖြင့် ‘ဘုရား၏မယားဖြစ်ဘူး, မဖြစ်ဘူး’ကြည့်သော် ‘ဖြစ်ဘူး၏’ဟု မြင်၍ ပြင်းစွာ ရယ်၏။ တဖန် လင်၏အကျိုးစီးပွားကို ‘ပြု, မပြု’ကြည့်သော် လင်ဖြစ်သူ ဆဒ္ဒန်ဆင်မင်းကို ‘သတ်စေခဲ့၏’ဟု မြင်၍ ပြင်းစွာ ငိုကြွေး၏။ မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် “ထို ရဟန်းမငယ်ကို အကြောင်းပြု၍”ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ရဟန်းမငယ်=သုဘဒ္ဒါမိဖုရား။ ဘုရား = ဆဒ္ဒန်ဆင်မင်း။]

၅၁၅၊ သမ္ဘဝဇာတ်

ပညာရှိသူငယ်နှင့် ပုရောဟိတ်အကြောင်း

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို၌ မင်းပြုသော ဓနဥယကောရဗျမင်းသည် တနေ့သ၌ ‘ဓမ္မယောဂ’မည်သော ပြဿနာကိုသူ့ပုရောဟိတ်အားမေး၏။ပုရောဟိတ်

က "ကျွန်ုပ် မဖြေနိုင်ပါ။ ဗာရာဏသီပြည်ရှိ ဝိဓုရပညာရှိသည် ဖြေနိုင်မည်" ဟု ဆို၏။

မင်းသည် ဓမ္မယောဂပြဿနာ၏အဖြေကိုရေးရန် အဘိုးတသိန်းတန် ရွှေပြားနှင့် ပြဿနာကို ဖြေနိုင်သူအား ပေးရန် ရွှေစင်နိုက္ခ တထောင်နှင့်အတူ ဗိုလ်ပါအခြံအရံဖြင့် ပုရောဟိတ်ကို စေလွှတ်၏။ ပုရောဟိတ်သည် ဗာရာဏသီပြည်ရှိ ဝိဓုရအိမ်သို့သွား၏။ ဝိဓုရက "ငါ့သားကြီး 'ဘဒြကာရ' ဖြေနိုင်မည်" ဟု ဆို၏။ ဘဒြကာရကလည်း "ငါ့ညီ 'သဉ္ဇယ' ဖြေနိုင်မည်" ဟု ဆို၏။ သဉ္ဇယကလည်း "ခုနစ်နှစ်အရွယ်ရှိ ငါ့ညီ 'သမ္ဘဝ' ဖြေနိုင်မည်" ဟု ဆို၏။ ပုရောဟိတ်သည် မြေမှုန့်တို့ဖြင့် သူငယ်ချင်းအဖော်များနှင့်အတူ ကစားနေသည့် ဘုရားလောင်းသမ္ဘဝထံ သွား၍ "ငါသည် ဇမ္ဗူဒိပ်အလုံးဌ လှည့်လည်သော်လည်း ငါမေးသည့် ပြဿနာကို ဖြေနိုင်သူကို မရသဖြင့် သင်ချစ်သားထံ လာခဲ့ပါ၏" ဟု ဆို၏။

ထိုအခါ သမ္ဘဝသည် "ငါကား ဉာဏ်အားဖြင့် ကြီးမြတ်၏" ဟု ဟိရိသြတ္တပ္ပကိုရှု၍ မြေမှုန့်ကိုစွန့်ပြီး ပုရောဟိတ်မေးသည့် ဓမ္မယောဂပြဿနာကို ဖြေဆိုရန် နိဒါန်းအနေဖြင့် လမ်းမအလယ်၌ရပ်လျက် သာယာသော အသံဖြင့် တရားဟောသော သူ့အသံသည် တမြို့လုံးကို လွှမ်း၏။ မင်း, အိမ်ရှေ့မင်းစသည် လူတို့ စုဝေးလာကြ၏။ သမ္ဘဝသည် လူများအလယ်၌ တရားဒေသနာကို ဖြစ်စေလျက် ဓမ္မယောဂပြဿနာကို ဖြေကြား၏။ မင်းက သမ္ဘဝအား စည်းစိမ်အခြံအရံများစွာကိုပေး၏။ ပုရောဟိတ်သည် သူ့အား ရွှေစင်နိုက္ခတထောင်ဖြင့် ပူဇော်၍ ပြဿနာအဖြေကို ရွှေပြား၌ ဟသ်ပြဒါးဖြင့် ရေးယူပြီး ပြန်သွား၍ ကောရဗျမင်းအား ဆက်သလေ၏။

ပါရမီရှင်သည် ငယ်ပင်ငယ်သေလည်း ပညာရှိသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ဇနစဉ် "ဘုရား၏ 'ပညာပါရမီ' ကို အကြောင်းပြုပြီး" ဤ ဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—အာနန္ဒာ= ကောရဗျမင်း။ အနုဂုဒ္ဓ = ပုရောဟိတ်။ မဟာကဿပ = ဝိဓုရပညာရှိ။ မောဂ္ဂလ္လာန်=ဘဒြကာရလုလင်။ သာရိပုတ္တရာ=သဉ္ဇယလုလင်။ဘုရား=သမ္ဘဝ ပညာရှိ။]

၅၁၆၊ မဟာကပိဇာတ်

ကျေးဇူးကန်းနှင့် မျောက်မင်းအကြောင်း

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ကာသိကရွာမှ ပုဏ္ဏားတဦးသည် ဟိမဝန္တာတော၀ယ် မျက်စိလည်၍ ခုနစ်ရက်လုံး အစာ မစားရသဖြင့်

တည်ပင်တပင်ပေါ်တက်သော် လျှောကျပြီး ချောက်ကြီးထဲကျ၍ ဆယ်ရက်တိုင် နေရ၏။

ထိုတောဋ္ဌနေသောဘုရားလောင်းမျောက်(ကပိ)သည် ထိုပုဏ္ဏားကို မြင်၍ ထိုချောက်ကြီးထဲမှ ကယ်တင်ပြီး ကျောက်ဖျာငယ် တခုဋ္ဌထား၍ ပင်ပန်းသဖြင့် ခဏမျှအိပ်၏။ ထိုပုဏ္ဏားသည် ကျောက်တုံးဖြင့် သူ့ဦးခေါင်းကို ထုသတ်၏။ ဘုရားလောင်းသည် ခုန်တက်၍ သစ်ကိုင်းပေါ် နေလျက် "ငါသည် သင့်အား လမ်းကိုညွှန်ကြားလျက်သွားအံ့။ သင်သည် အောက်က လိုက်လာလော့" ဟု ဆို၍ ပုဏ္ဏားကို တောအုပ်မှ ထုတ်ဆောင်ခဲ့ပြီး ပြန်လာ၏။ ထိုပုဏ္ဏားသည် ဘုရားလောင်းကို ပြစ်မှားသဖြင့် နှုတ်၍ ပြိတ္တာဖြစ်သွား၏။ သူသည် ခုနစ်နှစ်လုံး ဆင်းရဲကြီးစွာ ခံစားရလျက် လှည့်လည်သော် ဗာရာဏသီပြည် မိဂဒါဇိန်ဥယျာဉ်သို့ ဝင်ရောက်လျှင် မြေမျိုခံရပြီး အဝီစိဋ္ဌ ဖြစ်လေ၏။

လူမိုက်သည် ကျေးဇူးရှင်ကို ပြစ်မှားသဖြင့် ပျက်စီးရ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန် ကျောက်တုံးဖြင့် လှိမ့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဒေဝဒတ်=လူပြိတ္တာ။ ဘုရား = မျောက်မင်း။]

၅၁၇၊ ဒကရက္ခသဇာတ်

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ်(ဇာ ၅၄၂)၌ အကျယ်လာ၏။]

၅၁၈၊ ပဏ္ဍရကဇာတ်

တက္ကတ္ဒန်းယုတ်နှင့် နဂါးမင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဂဠုန်မင်းနှင့် 'ပဏ္ဍရက' မည်သော နဂါးမင်း နှစ်ဦးသည် 'ကရမ္ဘိယ' သင်္ဘောဆိပ် အနီးနေ အဝတ်မဝတ်သည့် အစေလကတက္ကတ္ဒန်းထံသွား၍ ခစားကြ၏။ တနေ့သ၌ ဂဠုန်မင်းက တက္ကတ္ဒန်းအား "ကျွန်ုပ်တို့သည် နဂါးများကို မဖမ်းယူနိုင်ဘဲ ရေထဲ၌ သေကြ၏။ မဖမ်းယူနိုင်အောင် ပြုလုပ်ထားသည့် နဂါးတို့၏လျှို့ဝှက်ချက်ကို နဂါးမင်းအား မေးပေးပါ" ဟု လျှောက်၏။ တက္ကတ္ဒန်းသည် မိမိထံလာသည့် ထိုနဂါးမင်းအား "သူတပါးအား မပြောပါ" ဟု မှာသားဆို၍ ထိုလျှို့ဝှက်ချက်ကို သုံးရက်ဆက်မေး၏။

နဂါးမင်းက "ကျွန်ုပ်တို့သည် ကျောက်ခဲကြီးများကို မျိုထားပြီး ဝပ်ကြ၏။ ဂဠုန်တို့သည် ကျွန်ုပ်တို့ကို ဦးခေါင်းဌကိုင်၍ ဖမ်းယူသဖြင့် မချီမနိုင်ဘဲ ရေထဲမြုပ်ပြီး သေကြ၏။ အကယ်၍ အမြီးဌကိုင်ပြီး အောက်သို့ တဲ့လျားထား၍ ကျောက်ခဲများကို ခံတွင်းမှ အန်စေသော် ပေါ့ပါးသဖြင့် ရေမှထုတ်ယူနိုင်မည်" ဟု ဆို၏။ တက္ကတုန်းသည် မိမိထံလာသည့် ထိုဂဠုန်မင်းအား ထိုလျှို့ဝှက်ချက်ကို ပြောပြ၏။ ဂဠုန်မင်းသည် ထိုနေ့ဌပင် သွား၍ လေအဟုန်ဖြင့် ရေကိုခဲပြီး ထိုနဂါးမင်းကို အမြီးဌကိုင်၍ ဦးခေါင်းကိုစောက်ထိုးတဲ့လျားထားပြီး ခါယူသွား၏။ နဂါးမင်းသည် "ငါ့ဆင်းရဲကို ငါပင်ပြု၏" စသည်ဖြင့် ငိုကြွေးမြည်တမ်း၏။

ဂဠုန်မင်းက "သင်သည် တက္ကတုန်းအား မိမိလျှို့ဝှက်ချက်ကို ပြောပြီးမှ ယခု အဘယ့်ကြောင့် ငိုကြွေးသနည်း" စသည်ဖြင့် ကဲ့ရဲ့ပြောဆို၏။ နဂါးမင်းသည် ထိုတက္ကတုန်းကို ကဲ့ရဲ့ပြောဆိုသော် ဂဠုန်မင်းက "တက္ကတုန်းကို မကဲ့ရဲ့နှင့်။ သင့်ကိုယ်ကိုသာ ကဲ့ရဲ့လော့" ဟုဆို၍ သီလရှိသူ, သီလမရှိသူတို့၏ ဂုဏ်အင်္ဂါများကို ဟောကြားပြီး နဂါးမင်းကို လွှတ်လိုက်၏။ နောက်သူတို့နှစ်ဦး တက္ကတုန်းကျောင်းကို အတူသွား၍ ဂဠုန်မင်းသည် အပြင်၌ရပ်နေပြီး နဂါးမင်းကို တက္ကတုန်းထံ သွားစေ၏။ နဂါးမင်းက ထိုတက္ကတုန်းကို ကဲ့ရဲ့ပြောဆိုပြီး "သင့်ဦးခေါင်း ခုနစ်စိတ် ကွဲစေသတည်း" ဟု ကျိန်ဆဲသော် တက္ကတုန်း၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၍ မြေမျိုခံရပြီး အဝီစိဋ္ဌဖြစ်လေ၏။

ကတိမတည်, သစ္စာမရှိလျှင် ပျက်စီးမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "မုသား ဆိုသောကြောင့် ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ ဇာတ်ပေါင်း–ဒေဝဒတ်=တက္ကတုန်း။ သာရိပုတ္တရာ=နဂါးမင်း။ ဘုရား=ဂဠုန်မင်း။]

၅၁၉၊ သမ္မုလာဇာတ်

အနုမင်းသားနှင့် တော်ဝင်မယားအကြောင်း

ဗာရာဏသီပြည် ဘုရားအလောင်း ဗြဟ္မဒတ်မင်း၏သား 'သောတ္ထိသေန'မည်သော အိမ်ရှေမင်းသည် ကိုယ်၌ နူနာရောဂါစဲကပ်သဖြင့် "ငါသည် တော၌နေ၍ တယောက်တည်းသေအံ့" ဟု ဘခင်မင်းကို ပန်ကြား၍ မြို့မှထွက်၏။ သူမိဖုရား 'သမ္မုလာ'လည်း သူနှင့် အတူလိုက်၏။ သူတို့နှစ်ဦးသည် တော၌ကျောင်းဆောက်၍နေကြ၏။ သမ္မုလာသည် လင်ကိုနတ်ကဲ့သို့ရိုသေ၍ မယားဝတ်နှင့်အညီ အဖက်ဖက်မှ လိုလေသေးမရှိ လုပ်ကျွေးပြုစု၏။

တနေ့သ၌ သူမသည် တော၌ သစ်သီးရှာသွားသော် ဒါနောဃကွဘီလူးသည် သူမကိုမြင်လျှင် တပ်စွန်း၍ ဖြားယောင်းပြောဆိုပြီး လက်၌ဆဲကိုင်၏။ သမ္မုလာသည် ရှုံရှာစိုးရိမ်ထိတ်လန့်သဖြင့် နတ်တို့အား တိုင်တန်းပြောဆို၏။ သိကြားမင်းသည် ဝရဇိန်လက်နက်ကိုယူပြီး လျှင်စွာလာ၍ ခြိမ်းချောက်သဖြင့် ဘီလူးသည် သမ္မုလာကို လွှတ်လိုက်၏။ သမ္မုလာသည် ငိုကြွေးမြည်တမ်းလျက် နေဝင်မှ လရောင်ဖြင့် ကျောင်းရောက်၏။

သောဘိုသေနက "သင်သည် ယနေ့ အလွန်မိုးချုပ်မှလာ၏။ သင့်အဖို့ ငါထက်ချစ်အပ်သူကား အဘယ်နည်း" ဟုဆို၏။ သမ္မုလာက မိမိအား ဒါနောဘီလူးက ဖမ်းဆီးပုံအကြောင်းစုံကို လျှောက်ကြား၏။ သောတ်ထိသေနက "မိန်းမမည်သည် အမှုန်ကို ပြောခဲ၏။ အဘယ်သူသည် သင့်စကားကို ယုံမည်နည်း" ဟု ဆို၏။ ထိုအခါ သမ္မုလာသည် ရေအိုးကိုယူ၍ "ကျွန်ုပ်၏ စကားမှန်ပါလျှင် သင့်နှုနာ ပျောက်ပါစေသတည်း" ဟု သစ္စာပြု၍ လင့်ဦးခေါင်းပေါ် ရေကိုလောင်း၏။ ထိုခဏ၌ပင် သောတ်ထိသေန၏ နှုနာသည် ပျောက်ကင်း၏။ သူတို့နှစ်ဦးသည် နှစ်ရက်သုံးရက်နေပြီး ဗာရာဏသီပြည်သို့ သွားကြ၏။ ဘခင်မင်းသည် သူ့သားတော်အား မင်းအဖြစ်ကို ပေးပြီး ရဿေ့ ရဟန်းပြု၍ ဥယျာဉ်တော်၌နေလျက် စျာန်အဘိညာဉ်တို့ကို ဖြစ်စေလေ၏။

တော်ဝင်မယားသည် လင်ကိုနတ်ကဲ့ဆို ရှိသေ၍ လုပ်ကျွေး၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "လင်ဖြစ်သူ ကောသလမင်းကို နတ်ကဲ့သို့ လုပ်ကျွေးပြုစုသော မလ္လိကာ မိဖုရားကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း– မလ္လိကာ= သမ္မုလာ။ ကောသလမင်း= သောတ္ထိသေနမင်း။ ဘုရား–အဖရဿေ့]

၅၂၀၊ ဂဏ္ဍ (ဘဏ္ဍု) တိန္ဒုကဇာတ်

မတရားမင်းနှင့် ရက္ခစိုးနတ်အကြောင်း

ကပိလတိုင်း ဥတ္တရပဉ္စာလပြည် ပဉ္စာလမင်းသည် အဂတိ လိုက်စား၍ မတရားသဖြင့် မင်းပြု၏။ သူ့မှူးမတ်စသည်တို့လည်း တရားကိုမစောင့်ကြ။ ပြည်သူတို့သည် အခွန်ဖြင့် နှိပ်စက်ခံရ၍ ညအခါ အိမ်၌နေပြီး နေ့အခါ တောသို့ပြေးနေကြ၏။ နေ့အခါ မင်းသံတမန်တို့က လုယက်၍ ညအခါ ခိုးသူတို့က လုယက်ကြ၏။

ထိုအခါ မြို့ပြင်၌နေသော ဘုရားလောင်း တည်ပင်စောင့်နတ် (တိန္ဒုက) သည် ညအခါ မင်း၏ကျက်သရေတိုက်ခန်းသို့ဝင်ပြီး ကောင်းကင်၌ရပ်လျက် "သင် တရားကိုမစောင့်သဖြင့် သင့်တိုင်းပြည်တခုလုံး လုယက်ဖျက်ဆီးခံရ၍ ပျက်စီးပြီ" စသည်ဖြင့် တရားဟော၍ "လျင်မြန်စွာ တိုင်းပြည်၌လှည့်လည် စုံစမ်းလော" ဟုဆိုပြီး ပြန်၏။ ထိုအခါ မင်းသည်ထိတ်လန့်၍ မိုးသောက် ချိန်၌ တိုင်းပြည်ကို မှူးမတ်တို့အား အပ်နှင်းပြီး ပုရောဟိတ်နှင့်အတူ မြို့မှ ထွက်၍ လှည့်လည်သော် "လူအို၊မိန်းမအို၊လယ်ထွန်ယောကျ်ား၊ နို့ညစ်သူ၊ ရှာသူငယ်များ၊ ဖား"ဟူသော ပုဂ္ဂိုလ်တို့က မင်း၏အပြစ်ကို ပြောဆို၍ ကျိန်ဆဲကြသည်ကို ကြား၏။ မင်းသည် မိမိအပြစ်ကိုသိလျှင် မြို့သို့ပြန်၍ တရားနှင့်အညီ မင်းပြုလေ၏။

မင်း တရားမစောင့်လျှင် ပြည်သူတို့ ဆင်းရဲကြမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ်"ကောသလမင်းအား ဆုံးမ တော်မူခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ **။ဇာတ်ပေါင်း-**- ဘုရား=ဟည်ပင်စောင့်နတ်။]



၅၂၁၊ တေ သကုဏဇာတ်

မင်းနှင့် ပညာရှိငှက် သုံးဦးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် သားသမီး မရှိသဖြင့် "ဇီးကွက်ဖို၊ ဆက်ရက်မ၊ ကျေးဖို" ငှက်သုံးဦး (တေ သကုဏ)ကို သားသမီးအဖြစ် မွေးစား၍ "ငါ့သားတော်၊ သမီးတော်" ဟု ခေါ်သဖြင့် အမတ်တို့ကပြက်ရယ်ပြုကြ၏။

မင်းသည် ထိုငှက်တို့၏ ပညာစွမ်းကို အမတ်တို့အား သိစေလိုသဖြင့် ပရိသတ်အလယ်၌ ထိုငှက်တို့အား မင်းကျင့်တရားများကို မေး၏။ ဇီးကွက်ဖိုက မင်းကျင့်တရားများကို အကျယ်တဝင့် ဟောကြား၍၊ နောက် ဆက်ရက်မက မင်းကျင့်တရားများကို အကြောင်းနှစ်ရပ်၌သာ ထည့်သွင်း၍ ဟောကြား၏။ နောက် ကျေးသားသုခမိန်က မင်းကြီးမေးသမျှ ပြဿနာအားလုံးကို ဖြေကြားပြီး မင်းကြီးအား ဆုံးမစကားများကို ဟောကြား၏။ ပရိသတ်အပေါင်းသည် လွန်စွာအံ့သြပြီး ထိုငှက်တို့ကို ချီးမွမ်းကြ၏။

မင်းကြီးသည် ငှက်သုံးဦး အသီးသီးအား 'ဗိုလ်ချုပ်၊ ဘဏ္ဍာစိုး၊ စစ်သူကြီး' အရာများကို ပေး၏။ ထိုငှက်အသီးသီးသည် မိမိတာဝန်ကို ထမ်းဆောင်ပြီး မင်း၏အမှုကိစ္စများကို စီရင်ကြလေ၏။

ပါရမီရှိလျှင် ဘယ်ဘဝရောက်ရောက် ပညာရှိမည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ **ဇာတ်ပေါင်း**။ အာနန္ဒာ=ဗြဟ္မဒတ်မင်း။ ဥပလဝဏ်=ဆက်ရက်မ။ သာရိပုတ္တရာ=ဇီးကွက်။ ဘုရား=ကျေးသားသုခမိန်။]

၅၂၂၊ သရဘင်္ဂဇာတ်

သရဘင်္ဂရသေ့နှင့် ပြည်သူများအကြောင်း

ဘုရားအလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ 'ဇောတိပါလ' မည်၏။ သူသည် တက္ကသိုလ်ပြည်၌ အတတ်သင်၍ လေးအတတ်၌ ပါရဂူမြောက် တတ်မြောက်သင်ပြီး "ပစ်ပြီးမြားကို နောက်ပစ်သည့်မြားဖြင့်

ဖျက်ဆီးခြင်း'' အတတ်ကိုပြသဖြင့် 'သရဘင်' ဟု တွင်၏။ သူ့အား မင်းက စစ်သူကြီးအရာကိုပေး၏။

သူသည် တစုံတဦးကိုအသိမပေးဘဲ တောထွက်၍ 'ဂေါဓာဝရီ' မြစ်နား ရှိ သီးတောကြီးသို့သွားပြီး သိကြားမင်း ဖန်ဆင်းပေးသည့် ကျောင်း၌ အာဘိညာဉ်သမာပတ်တို့ကိုဖြစ်စေ၍ တဦးတည်းနေ၏။နောက် ဘခင်နှင့်တကွ လူမြောက်များစွာတို့လာ၍ သူ့ထံ၌ ရဟန်းပြုကြ၏။ အခြား မင်းတို့လည်း အခြံအရံများနှင့် အတူလာ၍ သူထံ၌ရဟန်းပြုကြ၏။ ရသေ့ ပရိသတ်သည် အလွန်ကြီးကျယ် များပြား၍ သီးတော၌ နေရာမလောက်သဖြင့် ဘုရား လောင်းသည် တပည့်ရသေ့ကြီး ခုနစ်ဦးအနက် 'အနုတိဿ'ရသေ့မှတပါး ကျန်တပည့်ရသေ့ကြီး ခြောက်ပါး အသီးသီးအား တိုင်းနိုင်ငံ ခြေးက်ခု အသီးသီးသို့ အခြံအရံ ရသေ့များကို ယူသွား၍ နေစေ၏။

'ဒဏ္ဍကီ'မင်း၏နိုင်ငံ၌ ပြည့်တန်ဆာ ရာထူးမှ အချခံရသောပြည့်တန်ဆာမ တဦးသည် စစ်သူကြီးကိုအမှီပြု၍ ဥယျာဉ်၌နေသည့် တပည့်ကြီး 'ကိသဝစ္ဆ' ရသေ့ကို 'သူယုတ်' ဟု ယူဆပြီး သူ့အပေါ်တံတွေးခွဲခန်းများကို ထွေးချ၍ အိမ်ပြန်သော် မကြာမီ ပြည့်တန်ဆာမ ဒဏ္ဍကို ပြန်ရ၏။ တဖန်ရာထူးမှအချ ခံရသော ပုရောဟိတ်သည် ထိုပြည့်တန်ဆာမ ပြောသည့်အတိုင်းပြု၍ ပုရော ဟိတ်အရာကို ပြန်ရ၏။ ထိုအခါ ပုရောဟိတ်သည် ပစ္စန္တရစ်ကိုနှိမ်ရန် စစ်သည် ဗိုလ်ပါနှင့်ထွက်သည့် ဒဏ္ဍကီမင်းအား ''သင်မင်းကြီးသည် စစ်အောင်လို့ သော် ဥယျာဉ်၌နေသည့် ရသေ့ယုတ်ပေါ် တံတွေးခွဲခန်းများကို ထွေးချ လော့'' ဟု ဆို၏။ မင်းနှင့်တကွ စစ်သည်ဗိုလ်ပါအပေါင်းသည် ပုရောဟိတ်ဆို တိုင်းပြုကြ၏။

စစ်သူကြီးကလာ၍ ရေချိုးသုတ်သင်ပေးသော် ရသေ့က ''ငါ့ကို ဤသို့ ပြစ်မှား၍ စိတ်ဆိုးကြသည့် နတ်တို့သည် မုန်စ်ရက်မြောက်နေ့၌ ဤမြို့ကို ဖျက်ဆီးကြမည်။ သင်သည် တိုင်းတပါးသို့ သွားနေလော့'' ဟု ဆို၏။ စစ်သူကြီးသည် ရသေ့ဆိုတိုင်းပြု၏။ ဘုရားလောင်းသည် ထိုအကြောင်းကို သိလျှင် ရသေ့ပျံနှစ်ပါးအား စေလွှတ်၍ ကိသဝစ္ဆရသေ့ကို ညောင်စောင်း ထမ်းစင်နှင့်ကောင်းကင်ဖြင့်ဆောင်ယူစေ၏။ မင်းသည် ပစ္စန္တရစ်ကိုနှိမ်နင်းပြီး ပြန်လာသော် နတ်တို့သည် ရွာငှီးစွာ ရတနာမိုးကိုရွာစေပြီး၊ နောက် လင်နက်မိုး၊ မီးကျီးမိုး၊ သဲမိုးများကို ရွာစေ၍ တပြည်လုံးကို ဖျက်ဆီးကြ ၏လေ၏။

သူတော်ကောင်းကိုသူယုတ်ထင်ပြီး ပြစ်မှားလျှင် ဖျက်စီးမည်သာ။

[မြတ်စွာဘုရားသည်ဝေဠုဝန်ကျောင်းဌာနေစဉ် "ဘုရားထံဌာပရိနိဗ္ဗာန်ပြု၍ပူဇော်သက္ကာရများစွာဖြင့် ပူဇော်ခြင်းခံရသော ရှင်မောဂ္ဂလ္လာန်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း- သာရိပုတ္တရာ၊ ကဿပ၊ အနုရုဒ္ဓါ၊ ကစ္စာယန၊ အာနန္ဒာ=ဘပည့် ရသေ့ကြီးခြောက်ပါး။မောဂ္ဂလ္လာန်=ကိသဝစ္ဆရသေ့။ ဘုရား=သရဘင်္ဂရသေ့။]

၅၂၃၊ အလမ္ဗုသာဇာတ်
နတ်သမီးနှင့် ရသေ့ငယ်အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ရသေ့သည် ဟိမဝန္တာဝယ် တောကျောင်းဌာနေ၏။ တနေ့သဋ္ဌ သုတ်နှင့်တကွသော သူ့ကျင်ငယ်ရေကို သမင်မတဲကောင်သောက်မိ၍ ကိုယ်ဝန်ရ၏။ သူသည် ထိုသမင်မက မွေးသည့်သူငယ်အား သားအဖြစ်ဖြင့် မွေးမြူ၍ 'ဣသိသိင်္ဂ' ဟု အမည်ပေး၏။ ရသေ့ငယ်သည် စျာန်ကစားလျက် ပြင်းထန်သောအကျင့်ကို ကျင့်၏။

ထိုအခါ သိကြားမင်းက "ဤရသေ့သည် ငါ့ကို သိကြားအဖြစ်မှ ရွေ့လျောစေလို၏" ဟု နှလုံးသွင်း၍ အလမ္ဗုသာ နတ်သမီးအား ထိုရသေ့ငယ်၏သီလကို အတင်း သွားဖျက်ဆီးခိုင်း၏။ နတ်သမီးသည် အလိုမရှိဘဲ ထိုရသေ့ထံသွား၍ ကာမဂုဏ်ဖြင့်ဖြားယောင်း၏။ ရသေ့ငယ်သည် ကိုလေသာဖြင့် နှောင်ဖွဲ့ခံရ၍ နတ်သမီးကိုကိုင်လျက် ငိုကြွေး၏။ ထိုအခါ နတ်သမီးက "ကျွန်ုပ်သည် နတ်သမီးဖြစ်၏။သိကြားမင်းကစေခိုင်း၍ ဤသို့ပြုရပါ၏" ဟု ဖွင့်ပြော၏။ ရသေ့ငယ်သည် "ဘခင်၏အဆုံးအမကို မလိုက်နာမိ၍ ဤသို့ပျက်စီးရ၏" ဟု ငိုကြွေးမြည်တမ်း၏။ နောက် သူသည် ကာမဂုဏ်ကိုပယ်၍ တဖန်စျာန်ကိုဖြစ်စေ၏။ နတ်သမီးသည် ကြောက်လန့်၍ ရသေ့ကိုကန်တော့ပြီး ပြန်သွားလေ၏။

သူတော်ကောင်းသည် မ,သ,တွဝါ အကဝ်ခံလျှင် အကျင့်ပျက်မည်သာ။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းဌာနေစဉ် "မယားဟောင်းဖြားယောင်း၍ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ဇာတ်ပေါင်း- မယားဟောင်း=အလမ္ဗုသာနတ်သမီး။ ငြိုးငွေ့သောရဟန်း=ဣသိသိင်္ဂရသေ့။ ဘုရား=အဘရသေ့။]

၅၂၄၊ သခ်ပါလဇာတ်
နဂါးမင်းနှင့် သူကြွယ်အကြောင်း

ရာဇဂြိုဟ်ပြည် ဒုယျောဒနမင်းလက်ထက် နဂါးပြည်၌ ဘုရားလောင်း 'သခ်ပါလ'နဂါးမင်းသည် ကြာသော် နဂါးစည်းစိမ်ကို အလိုမရှိသဖြင့် လူ့အဖြစ်

ကို ဆုတောင်းခြင်း ဥပုသ်နေ့တိုင်း လူပြည်သို့သွားပြီး တောင်ပို့တခုဌ်ခြင်း "ငါ့ကို သတ်လိုသူ သတ်ပစေ" ဟု အဓိဋ္ဌာန်၍ ဥပုသ်ဆောက်တည်၏။

တနေ့သဌ်ခြင်း မုဆိုးတဆဲ့ခြောက်ယောက်တို့သည် သူ့ကိုမြင်သော် ပြင်းစွာရိုက်ပုတ်၍ ရှစ်နေရာဌ်ခြင်း တံကျင်တို့ဖြင့်ထိုးဖောက်ပြီး ကြိမ်နှယ်တို့ဖြင့်သွင်း၍ ထမ်းပိုးများဖြင့် ထမ်းယူသွားကြ၏။ ထိုခဏဌ်ခြင်း လှည်းငါးရာဖြင့် ထိုအရပ်သို့ ရောက်လာသော မိဓိလာပြည်မှ 'အာဠာရ'မည်သော သူကြွယ်သည် ထိုမုဆိုးတို့အား ဥစ္စာများစွာပေး၍ နဂါးမင်းကို လွှတ်စေ၏။ ဘုရားလောင်းသည် နဂါးပြည်သို့သွားပြီး မကြာမီ အခြံအရံများစွာဖြင့်သွား၍ သူကြွယ်ကို နဂါးပြည်သို့ဆောင်ပြီး နတ်ဌ်ခြင်းဖြစ်သော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲစေ၏။ သူကြွယ်သည် နဂါးပြည်ဌ်ခြင်း တနှစ်နေပြီး ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုလေ၏။

ပညာရှိသည် အသေခံ၍ အဓိဋ္ဌာန်ဥပုသ်ကို စောင့်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်ခြင်းနေစဉ် "ဥပုသ်ဆောက်တည်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–သာရိပုတ္တရာ= အာဠာရသူကြွယ်။ ဘုရား=သဒ္ဓါပါလနဂါးမင်း။]

၅၂၅၊ စူဠသုတသောမဇာတ်

သုတသောမရသေ့နှင့် ပြည်သူများအကြောင်း

သုဒဿန (=ဗာရာဏသီ)ပြည် ဘုရားလောင်း 'သုတသောမ' မင်းသည် တရားသဖြင့် မင်းပြုပြီး 'စန္ဒာဒေဝီ' အမှူးရှိသော မိဖုရား တသောင်းခြောက်ထောင် အခြံအရံရှိ၏။ နောက် သူသည် သားသမီးတို့ဖြင့် ပွားများသော် လူဘောင်ဌ် မပျော်မွေ့။

တနေ့သဌ် သူသည် ဆံကိုသ,ရာ မိမိ၏ဦးခေါင်းမှ ဆေတ္တာသည် နှုတ်ပေးသည့် ဆံဖြူကိုမြင်လျှင် သံဝေဂရ၍ အလှန်ထိတ်လန့်၏။ သူသည် ဆံဖြူကို ယူ၍ ပြာသာဒ်မှဆင်းပြီး ရာဇပလ္လင်ဌ်ခြင်းနေလျက် စစ်သူကြီး, အမတ်များ, ပုရောဟိတ်များ, သူငေးငှးများကိုခေါ်၍ ဆံဖြူကိုပြပြီး "ယနေ့ ငါ ရဟန်းပြုအံ့" ဟု ကြေငြာ၏။ ပရိသတ်တို့သည် သူ့ခြေဌ်ဝပ်၍ ငိုကြွေးလျက် ရဟန်းမပြုရန် တောင်းပန်ကြ၏။ ထိုအကြောင်းကိုကြားလျှင် စန္ဒာဒေဝီမိဖုရား, မိခင်, ဘခင်, ညီ, သားကြီး, သားငယ် စသော ဆွေမျိုးတို့ လာ၍ ငိုကြွေးလျက် ရဟန်းမပြုရန် တောင်းပန်ကြ၏။

ဘုရားလောင်းသည် ပြာသာဒ်ပေါ်တက်၍ အလုပ်အကျွေးတဦးအား ယူခိုင်း၍ ရောက်လာသည့် သင်္ဘောကိုဝတ်၍ ပရိက္ခရာများကိုယူပြီး ပြာသာဒ်မှဆင်း၍ တိတ်တဆိတ် ထွက်သွား၏။ 'သုတသောမ မရှိ။ ရဟန်းပြုပြီ' ဟု အုတ်အုတ်ကျက်ကျက်ဖြစ်သော် မိဖုရား,မိခင်,ဘခင်,ညီတော်,သားတော်များ၊ စစ်သူကြီး အစရှိသော နန်းတွင်းနေသူများနှင့်တကွ မြို့သူ ဇနပုဒ်သူ အားလုံးသည် မိမိတို့၏သားသမီးများကို လက်ဆဲ့၍ ရဟန်းပြုရန် နောက်ကလိုက်ကြ၏။

ဘုရားလောင်းသည် တဆဲ့နှစ်ယူဇနာ ရှိသော ထိုပရိသတ်ကို ယူ၍ ဟိမဝန္တာဆီသို့ သွား၏။သိကြားမင်းသည် ဝိသကြုံနတ်သားအား ထိုပရိသတ်အတွက် နေရာ, ပရိက္ခရာ အလုံအလောက်စီရင်စေ၏။ [ဤမှစ၍ ဟတ္ထိပါလဇာတ် (ဇာ-၅၀၉)နှင့် အားလုံးတူ၏။]

ပညာရှိသည် ဆံပင်ဖြူကို သေမင်းတမန်ဟု အမှတ်ပြုလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "နိက္ခမပါရမီကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း** သုဒ္ဓါဒနမင်း=ဘခင်။ သီရိမဟာမာယာ=မိခင်။ရာဟုလာမယ်တော်=စန္ဒာဒေဝီမိဖုရား။သာရိပုတ္တရာ=သားကြီး။ ရာဟုလာ=သားငယ်။ မောဂ္ဂလ္လာန်=စစ်သူကြီး။ အာနန္ဒာ=ညီ။ ဘုရား=သုဘသောမမင်း။]



၅၂၄။ နိလိနိကာဇာတ်
မင်းသမီးနှင့် ရဿေငယ်အစ်ကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်ဘုရားလောင်းရဿေသည် ဟိမဝန္တာဌ် နေ၏။ [အလမ္ဗုသာဇာတ်(ဇာ-၅၂၃)အတိုင်း] ကွသိသိဂ် ရဿေငယ်သည် စျာန်ကစားလျက် ပြင်းထန်သော အကျင့်ကိုကျင့်၏။

သိကြားမင်းသည် "ဤရဿေ၏ သီလကို ဥပါယ်ဖြင့် ဖျက်ဆီးအံ့" ဟု ကာသိတိုင်း တခုလုံးဌ် သုံးနှစ်လုံး မိုးမရွာအောင် ပြုလုပ်၏။ ပြည်သူတို့သည် မင်းယင်ပြင်ဌ်စုဝေး၍ ကြေးကြော်ကြ၏။ မင်းသည် သီလစောင့်၍ ဥပုသ်ဆောက်တည်သော်လည်း မိုးကိုရွာစေရန် မတတ်နိုင်။ ထိုတခါ သိကြားမင်းသည် သန်ကောင်ချိန်တွင် တိုက်ခန်းဌ်ခနေသည့် ဗြဟ္မဒတ်မင်းထံ သွား၍ "ဟိမဝန္တာဌ် စျာန်ကစားလေ့ရှိသော ကွသိသိဂ် ရဿေငယ်သည် မိုးရွာသည်ကို မနှစ်သက်၍ မိုးမရွာအောင် ပြုလုပ်ထား၏။ သင့်သမီး နိလိနိကာကို လွှတ်၍ ထိုရဿေငယ်၏သီလကို ဖျက်ဆီးနိုင်လျှင် မိုးရွာမည်" ဟုဆို၏။

နောက်နေ့ဌ် မင်းသည် တိုင်းပြည်အတွက်ငဲ့ကွက်၍ သမီးတော် နိလိနိကာအား "ဟိမဝန္တာဌ်ခနေသော ကွသိသိဂ်ရဿေငယ်ကို ဖြားယောင်း၍ သီလကို ဖျက်ဆီးလော့" ဟုဆိုပြီး အပတ်တို့နှင့်အတူ စေလွှတ်၏။ အမတ်တို့သည် ပစ္စန္တရစ်သို့ရောက်၍ နေရစ်ခဲ့ပြီး ခရီးညှန်မုဆိုးနှင့်အတူ နိလိနိကာကို စေလွှတ်၏။ ရဿေ၏ ကျောင်းအနီးသို့ရောက်သော် နိလိနိကာသည် ဘုရားလောင်းရဿေကြီး သစ်သီးရှာထွက်သွားစဉ် ရဿေအသွင်ဖြင့် တန်ဆာဆင်လျက် တဦးတည်း ကျောင်းတွင်းသို့ဝင်၏။

ကွသိသိဂ် ရဿေသည် ထိုမင်းသမီးကို ရဿေမှတ်၍ ပျူပျူငှာငှာ လောကဝတ်ပြုပြီး ကျောင်းတွင်းဌ် အတူနေ၏။ မိန်းမကိုယ်ကို မမြင်ဘူးသော ကွသိသိဂ်သည် အဝတ်ကို ဖွင့်လှစ် ပြသော မင်းသမီး၏ အင်္ဂါဇာတ်ကိုမြင်လျှင် "သင့်ပေါင်ကြားဌ်ရှိသော ဤအနာကား အဘယ်အနာနည်း" ဟု မေး၏။ မင်းသမီးက "ကျွန်ုပ် သစ်သီးရှာသွားစဉ် ဝံတကောင်က

ပြေးလာ၍ ကိုယ်ကိုတွန်းလဲပြီး ကျွန်ုပ်၏ အင်္ကျီဇာတ်ကို နုတ်ယူ ပြေး၏။ ကျိုဝံကိုက်နာကို ကုပေးပါ”ဟုဆို၏။ ရဿေငယ်က “ဖန်ဆေးမျိုကုပေးအံ့” ဟုဆိုသော် မင်းသမီးက “ဖန်ဆေးရေဖြင့် မကုနိုင်ပါ။ သင့်အင်္ကျီဇာတ်ကို ကျိုဝံကိုက်နာထဲသို့ ထိုးသွင်းပြီးကုမှ ပျောက်နိုင်ပါ၏။ ကျိသို့ ကုပေးပါ”ဟုဆို၏။ ရဿေသည် မသိသဖြင့် မင်းသမီးဆိုတိုင်းပြု၍ မေထုန် မှိုဝဲသော် သူ့သီလပျက်စီး၍ စျာန်ကွယ်၏။

ရဿေငယ်သည် နှစ်ကြိမ်သုံးကြိမ် မေထုန်မှိုဝဲ၏။ မင်းသမီးသည်သူ့ကိစ္စပြီးသော် ရဿေငယ်အား “ကျွန်ုပ်သည့် ဤမည်သော နေရာ၌ ရှိသည့် ကျောင်းသို့သွားပါအုံ့။ သင်လိုက်ခဲ့ပါလော့”ဟု ဆို၍ အမတ်တို့ထံ ပြန်သွား၏။ အမတ်တို့သည် မင်းသမီးကိုခေါ်၍ ပြန်ကြ၏။ သိကြားမင်းသည် အလွန် နှစ်သက်၍ ထိုနေ့၌ပင် ကာသိတိုင်း တခုလုံး၌ မိုးကြိုးရွာစေ၏။ ဤသိသိဂ်သည် ပြန်လာသည့်ဖခင်ရဿေအား အကြောင်းစုံကို ပြောကြားပြီး ဖခင်၏အဆုံးအမ၌တည်၍ တဖန် စျာန်အဘိညာဉ်တို့ကို ဖြစ်စေလေ၏။

စည်းစိမ်မက်လွန်းလျှင် စိုးရိမ်ဧသဂကျာပါဒများမည်သ။။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် “မယားဟောင်းဖြားယောင်း၍ ငြိုးငွေ့သောရဟန်းတပါးကို အကြောင်းပြုပြီး” ဤဇာတ်ကို ဟော၏။။ **ဇာတ်ပေါင်း**—မယားဟောင်း=နိလိနိကာ။ ငြိုးငွေ့သောရဟန်း=ဤသိသိဂ်။ ဘုရား=ဘခင်ရဿေ။]

၅၂၇။ ဥမ္မာဒန္တီဇာတ်
သိဝိမင်းနှင့် ဥမ္မာဒန္တီအကြောင်း

ဘုရားလောင်း ‘သိဝိ’မင်းသည် သိဝိတိုင်း အရိဋ္ဌပုရမြို့၌ မင်းပြု၏။ ‘တံရိဝစ္ဆ’ သူဌေး၏ သမီး‘ဥမ္မာဒန္တီ’သည်နတ်သမီးကဲ့သို့ အလွန်လှပပြီး မြင်သမျှသော ယောကျ်ားတို့ကို ရူးသွပ်စေနိုင်၏။ ထိုသူဌေးသည် သိဝိမင်းထံ ကပ်၍ “ကျွန်ုပ်၏သမီး ‘ဥမ္မာဒန္တီ’ သည် နတ်သမီးကဲ့သို့ လှပ၍ သင်မင်းကြီးနှင့် သင့်တော်၏။ လက္ခဏာဖတ် ပုဏ္ဏားများကို စေလွှတ်၍ စုံစမ်းခိုင်းပါလော့” ဟုဆို၏။ မင်းကစုံစမ်းခိုင်းလိုက်သော ပုဏ္ဏားတို့သည် သူဌေးက ကျေးသည့်နို့ဃနာထမင်းကိုစားစဉ် ဥမ္မာဒန္တီသည် တန်ဆာဆင်၍ထွက်လာ၏။

ပုဏ္ဏားတို့သည် ဥမ္မာဒန္တီကိုမြင်လျှင် သတိကိုမထိန်းနိုင်ဘဲ ထမင်းလုပ်ကို ဦးဓေါင်းပေါ်၊ လက်ကတီးကြားတို့၌ထားလျက် ရူးကုန်၏။ ဥမ္မာဒန္တီက

"အရှုးတို့သည် ငါ့လက္ခဏာကို စုံစမ်း၏" ဟု ထိုပုဏ္ဏားတို့ကို လည်ခွိုကိုင်၍ နှင်ထုတ်စေ၏။ ပုဏ္ဏားတို့သည် ရှက်၍ မင်းထံသွားပြီး "ဥမ္မာဒန္တီသည် အမျက်ထွက်တတ်၏။ သူယုတ်မတည်း။ သင်မင်းကြီးနှင့် မသင့်တော်" ဟု ဆိုကြသဖြင့် သိဝိမင်းသည် ဥမ္မာဒန္တီကို မဆောင်ယူ။ ဥမ္မာဒန္တီသည် ထို အကြောင်းကိုကြားလျှင် "ဤမင်းကို မြင်ရပစေ။ သိစေမည်" ဟု သိဝိမင်း အား ရန်ငြိုးဖွဲ့၏။

သူဌေးလည်း ဥမ္မာဒန္တီကို သိဝိမင်း၏ အတူကြီးဘက် 'အဘိပါရက' စစ်သူကြီးအား ပေး၏။ နောက် တန်ဆောင်မုန်းလပြွဲနေ့၌ နက္ခတ်သဘင် ကျင်းပသော် သိဝိမင်းသည် ညအခါလထွက်ချိန်၌ 'နတ်ပြည်ကဲ့သို့ တန်ဆာ ဆင်၍ ဆီမီးရောင်ဖြင့်တောက်ပနေသော' မြို့တွင်း၌ ရထားစီး၍ မှူးမတ်များ ခြံရံလျက် လှည့်လည်၏။ ဥမ္မာဒန္တီသည် တန်ဆာဆင်၍ ကိုန္နရီမကဲ့သို့လေသွန် တံခါးဝကို မှီ၍ ရပ်လျက် မိမိအိမ်တံခါးသို့ ရောက်လာသည့် သိဝိမင်းကို ပန်းများဖြင့် ပစ်လိုက်၏။ သိဝိမင်းသည် ဥမ္မာဒန္တီကို မော်ကြည့်သော် ကိုလေသာတက္ကာဖြင့်ယစ်မူး၍ သတိမထားနိုင်ဘဲ ရှုးသွပ်လေ၏။

သိဝိမင်းသည် မြို့ကို မလှည့်နိုင်တော့ဘဲရထားထိန်း 'သုနန္ဒ' အား ရထားကို ပြန်လှည့်စေပြီး ပြဿာဒ်ပေါ်တက်၍ အိပ်ခန်း၌ အိပ်လျက် မြည်တမ်း၏။ မှူးမတ်တို့က ထိုအကြောင်းပြောပြ၍ စစ်သူကြီးသည် 'ဥမ္မာဒန္တီ' ကို မေးပြီး အကြောင်းစုံကိုကြားရသော် ကျွန်တယောက်ကို ခေါ်၍ "ဤမည်သော အရပ်၌ လူတို့ပူဇော်သည့် သစ်ပင်သို့ နေဝင်ချိန်သွား၍ အခေါင်းထဲဝင်နေ လော့။ နက်ဖြန် ငါတို့လာ၍ "ဤမင်းသည် အဘယ်သူကိုမှီ၍ မြည်တမ်း ယောင်ယမ်းသနည်း' ဟုမေးလျှင် 'ဥမ္မာဒန္တီကိုမှီ၍မြည်တမ်း၏။ ဥမ္မာဒန္တီကို မရသော် မင်းသေမည်' ဟုဆိုလော့" ဟု၍ သင်ပေးပြီး စေလွှတ်၏။ နောက် တနေ့နံနက် စစ်သူကြီးသည်အမတ်တို့နှင့်အံတူ ထိုသစ်ပင်သို့သွားပြီး ပူဇော်၍ မေးသော် ထိုကျွန်က စစ်သူကြီးသင်ပေးသည့်အတိုင်းဆို၏။ စစ်သူကြီးသည် အမတ်တို့နှင့်အတူပြန်လာပြီး မင်းထံသွား၍ ထိုအကြောင်းကို လျှောက် ကြားပြီး "ကျွန်ုပ်သည် သင်မင်းကြီးအား ဥမ္မာဒန္တီကို ပေးပါအံ့" ဟု ဆို၏။

ထိုအခါ သိဝိမင်းသည် "မိန်းမကိုမှီ၍ ငါရှူးသည်ကို နတ်များပင် သိလေပြီ" ဟု သတိကိုဖြစ်စေ၍ စစ်သူကြီးက အကြောင်း အမျိုးမျိုး ပြပြီး ပြောဆိုဆက်ဆံသည့် ဥမ္မာဒန္တီကို ပယ်၏။ နောက် စစ်သူကြီးသည် ဆက်ခါ ဆက်ခါ ဥမ္မာဒန္တီကို လက်ခံရန် လျှောက်သော် သိဝိမင်းက "သင်သည် ရှေးက ငါ့အကျိုးကို ကျင့်ဆောင်လျက် ယခုမူ ငါ့ကို ဆန့်ကျင်ဘက်ပြု၏။

ထပ်မပြောနှင့်'' ဟု ခြိမ်းခြောက်၏။ ထိုအခါ စစ်သူကြီးသည် တခွန်းမျှ ဆက်မပြောဝံ့ဘဲ မင်းကို ချီးမွမ်းပြောဆိုလေ၏။

တဏှာသည် သတိလက်လွတ်သူကို ရူးသွပ်စေသည်။

[မြတ်စွာဘုရားသည် ဇေဘဝန်ခကျောင်းဌေးနှစ်ဦး ''ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍'' ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—အာနန္ဒာ=ရသားထိန်း။ သာရိပုတ္တရာ=စစ်သူကြီး။ဥပပလဝဏ်=ဥမ္မာဒန္တီ။ဘုရား=သိဝိမင်း။]

၅၂၈၊ မဟာဗောဓိပရိပ္ပာဇကဇာတ်

ပရိဗိုဇ်နှင့် မင်းဆိုးအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာဒေသ ဘုရားလောင်း 'မဟာဗောဓိ' ပရိဗိုဇ်(ပရိပ္ပာဇက)သည် တနေ့သ၌ ဗာရာဏသီပြည်သို့သွား၍ မင်းကိုအမှီပြု၍ ဥယျာဉ်တော်၌ တဆဲ့နှစ်နှစ်တိုင် နေ၏။

ထိုမင်းမှာ ''အဟောတ္တိကဝါဒ၊ကွယ်သရဝါဒ၊ပုဗ္ဗေကတဝါဒ၊ဥစ္ဆေဒဝါဒ၊ခတ္တဗိဇ္ဇဝါဒ'' အသီးသီး ရှိသော အမတ် ငါးဦးရှိ၏။ ထိုအမတ်တို့သည် တရားသူကြီးများ ပြုလုပ်၍ တံစိုးစားပြီး မတရားသဖြင့် အမှုကိုစီရင်ကြ၏။

တနေ့သ၌ ဘုရားလောင်းသည် ၎င်းတို့ဆုံးဖြတ်သည့်အမှုတခုကို တဖန်တရားသဖြင့်စီရင်သော် မင်းက သူ့ကို နေ့စဉ်တရားစီရင်စေ၏။ ထိုအမတ်တို့က မကျေနပ်၍ ဂုံးတိုက်ကြသဖြင့် မင်းက သူတို့အား တံခါးကြားမှ ချောင်းပြီး ဘုရားလောင်းကို သတ်ခိုင်း၏။ နန်းတော်ရှိ 'ပိဂ်လ' မည်သော ခွေးသည် ထိုအကြောင်းကို ကြား၍ ဆွမ်းစားရန် ကြွလာသည့် ဘုရားလောင်းအား ''အမတ်တို့သည် တံခါးကြား၌ သင့်ကိုသတ်ရန် စောင့်နေ၏။ အမြန်ပဲသွားလော့'' ဟု ပြင်းထန်သောအသံဖြင့် ဟောင်၏။

ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ ဥယျာဉ်သို့ပြန်ပြီး အရပ်တပါးသို့ သွား၏။ နောက် ထိုအမတ်တို့သည် ပစ္စန္တရစ်ရွာ၌ ဘုရားလောင်းနေသည်ကို ကြားသော် မြို့သို့ သူပြန်မလာစေရန် ''သူ့အားကြည်ညိုသည့် မိဖုရားကိုသတ်အံ့'' ဟု ကြံ၍ မင်းအား ''ဗောဓိပရိဗိုဇ်နှင့် မိဖုရားတို့သည် သင်မင်းကြီးကိုသတ်၍ မင်းအဖြစ်ကိုယူရန် ဤသို့ ဤသို့ သတင်းစကားကုံပို၍ ဆက်သွယ်၏'' စသည်ဖြင့် ဂုံးတိုက်၏။

မင်းကယုံ၍ အမိန့်ပေးသဖြင့် ထိုအမတ်တို့သည် မိဖုရားကို သန့်လျက်ဖြင့် ဒဏ်ပိုင်းပိုင်းဖြတ်၍ သတ်ကြ၏။ မိဖုရားကြီး၏ သားလေးဦးတို့သည် မင်း၏

ရုန်သူများ ဖြစ်ကုန်၏။ ဘုရားလောင်းသည် ထိုသတင်းကို ကြားသော် "မင်းအား အသက်ကယ်အံ့" ဟု ကြံ၍ လူတို့ထံမှ မျောက်ရေကို တောင်းယူပြီး ဗာရာဏသီပြည်သို့ သွား၍ ဥယျာဉ်ထဲရှိကျောက်ဖျာပေါ်၌ မျောက်ရေကို ခင်းပြီး နေ၏။

မင်းသည် ထိုအကြောင်းကိုကြား၍ အမတ်တို့နှင့်အတူလာသော် ဘုရားလောင်းက မင်းအား စကားမပြောဘဲ မျောက်ရေကိုသာ သုံးသပ်နေ၏။ 'မျောက်ရေသုံးသပ်ခြင်း၏အကြောင်း' ကို မင်းကမေးသော်ဘုရားလောင်းက ထိုအမတ်တို့၏ ဝါဒများကို ဖျက်ဆီးလို၍ မုသားပါသည့် ပရိယာယ်ကို သုံးလျက် "ဤမျောက်သည် ငါ့အား အလွန်ကျေးဇူးများ၏။ ငါ့အား ဝတ်ကြီးဝတ်ငယ်ပြု၏။ ငါကား ထိုမျောက်သားကိုစားပြီး အရေကို အသုံးပြု၏" ဟု ဆို၏။ အမတ်တို့က သူ့ကို ပါဏာတိပါတကံဖြင့် စွပ်စွဲ၍ ပြက်ရယ်ပြုကြ၏။

ထိုအခါ ဘုရားလောင်းသည် မိမိပညာ၏ အစွမ်းဖြင့် ထိုအမတ်တို့၏ စကားကိုပင်ယူ၍ သူတို့၏ဝါဒငါးမျိုးလုံးကို နည်းအမျိုးမျိုးဖြင့် ရှင်းပြ၍ ဖျက်ဆီးပြီး မိမိ၏အယူဝါဒကိုလည်း အကျယ်တဝင့် ရှင်းလင်းဟောကြား၏။ ထိုအမတ်တို့ ပြန်မပြောနိုင်ဘဲ ဆိတ်ဆိတ်နေသော် ဘုရားလောင်းက မင်းအား "သင်သည် တိုင်းပြည်ကိုဖျက်ဆီးသည့် ဤခိုးသူကြီး ငါးဦးတို့နှင့်ပေါင်း၍ သူတို့၏ ဂုံးတိုက်စကားများကို နာယူပြီး လောကနှစ်ပါးတွင် ကြီးစွာသော ဆင်းရဲသို့ရောက်လေပြီ" စသည်ဖြင့် အံ့ကျယ်တဝင့်တရားဟော ဆုံးမ၏။ နောက် မင်းသား၊လေးဦးကိုဆုံးမ၍ ဘခင်မင်းကြီးအား ကန်တော့စေပြီး အဘမင်းနှင့် သားတော်တို့အား အဆုံးအမကိုပေး၍ ညီညွတ်သင့်မြတ်စေ၏။ မင်းသည် ထိုအမှတ်ငါးဦးကို တိုင်းပြည်မှ နှင်ထုတ်၏။ ဘုရားလောစ်းသည် နှစ်ရက် သုံးရက်နေပြီး ဟိမဝန္တာသို့ သွားလေ၏။

ပညာရှိသည် ပညာဖြင့် ပြားအပေါင်းမှ လွတ်အောင် လုပ်နိုင်၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ပညာပါရမီကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ပုရာဏကဿပ၊ မကွဲလိဂေါသာလ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တ=မိဆွာအယူရှိသော အမတ်ငါးယောက်။ အာနန္ဒာ=ပိဂ်လမည်သောခွေး။ ဘုရား=မဟာမောဓိပရိဗိုဇ်] ။



၅၂၉၊ သောဏကဇာတ်

မင်းနှင့် ပစ္စေကဗုဒ္ဓါအကြောင်း

ရာဇဂြိုဟ်ပြည် မဂဓမင်း၏သား ဘုရားလောင်း 'အရိန္ဒမ' မင်းသားသည် ပုရောဟိတ်၏သား 'သောဏက' နှင့်အတူ တက္ကသိုလ်ပြည်မှ အတတ်သင်ပြီး ပြန်လာသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်၌နေ၏။

ထိုနေ့သည် သားမရှိသည့် ဗာရာဏသီမင်း သေပြီး ခုနစ်ရက်မြောက်နေ့ ဖြစ်၍ အမတ်တို့က လွှတ်သည့် ဖုဿရထားသည် ထိုဥယျာဉ်တံခါး၌ ရပ်၏။ သောဏကသည် "ယနေ့ ငါ့အဆွေသည် မင်းဖြစ်၍ ငါ့အား စစ်သူကြီး အရာကိုပေးမည်။ ငါတောထွက်၍ ရဟန်းပြုအံ့" ဟု နေရာတခုဌ၌ ပုန်းနေ၏။ ပုရောဟိတ်သည် ဥယျာဉ်သို့ ဝင်၍ ဘုရားလောင်းကို မင်းမြောက်ပြီး အခြံအရံဖြင့် မြို့တွင်းသို့ ပင့်ဆောင်၏။

သောဏကသည် အင်ကြင်းပင်မှ ကြွက်သည့်ဖက်ရွက်ကို အာရုံပြုပြီး ဝိပဿနာကိုပွားများ၍ ပစ္စေကဗောဓိဉာဏ်ကိုရပြီး ဟိမဝန္တာ၌ နန္ဒမူလိုဏ်သို့ကြွ၏။ အနှစ်ငါးဆယ်ကြာသော် ဘုရားလောင်းသည် သားသမီးများစွာရရှိ၍ သူ့အဆွေကို သတိရတမ်းတသဖြင့် သောဏကပစ္စေကဗုဒ္ဓါသည် ကောင်းကင်ဖြင့်ကြွလာ၍ ဥယျာဉ်၌နေ၏။

ဘုရားလောင်းသည် ထိုအကြောင်းကိုကြား၍ သွားသော် ပစ္စေကဗုဒ္ဓါက သူ့အား 'ကာမတို့၏ အပြစ်များနှင့် တောထွက်ခြင်း၏ အကျိုးများ' ကို ပြလျက် တရားများစွာကိုဟောကြားပြီး ကောင်းကင်သို့ပျံတက်၍ နန္ဒမူလိုဏ်သို့ကြွ၏။ ထိုခဏ၌ပင် ဘုရားလောင်းသည် သားတော်ကြီး 'ဒီဃာဝု' မင်းသားကို မင်းပြုစေပြီး ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုလေ၏။

ပညာရှိသည် လောကီစည်းစိမ်ကိုစွန့်ပြီး တောထွက်လေ့ရှိ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "နိက္ခမပါရမီကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ရာဟုလာ=ဒီဃာဝုမင်းသား။ ဘုရား=အရိန္ဒမမင်း။]

၅၃၀၊ သံကိစ္စဇာတ်
အဘကိုသတ်သည့်မင်းအကြောင်း

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်သားဖြစ်ပြီး 'သံကိစ္စ'မည်၍ ပညာသင်ဘက်ဖြစ်သူ အိမ်ရှေ့မင်း ဗြဟ္မဒတ်မင်းသားထံ၌ ခစား၏။ တနေ့သ၌ သူသည် 'မင်းစည်းစိမ်ကိုတပ်မက်၍ ဘခင်ကိုသတ်ရန် ကြံစည်သည်'ထိုအိမ်ရှေ့မင်းသားကို ပိတုဃာတကကံမပြုရန် သုံးကြိမ်တား၍ မရသော် ရသေ့ရဟန်းပြုပြီး စျာန်အဘိညာဉ်တို့ကိုဖြစ်စေ၍ ရသေ့ငါးရာ ခြံရုံလျက် ဟိမဝန္တာဌ်နေ၏။

အိမ်ရှေ့မင်းလည်း ဘခင်ကိုသတ်ပြီး မင်းပြုလျှင် ပိတုဃာတကကံအတွက် ကြောက်လန့်၍ ငရဲ၌ ခံစားရဘိသကဲ့သို့ရှိသော် ဘုရားလောင်းကို သတိရ၍ သူ့ကျေးဇူးများကိုပြောဆို၏။ အနှစ်ငါးဆယ်လွန်သော် ဘုရားလောင်းသည် "မင်းက ငါ့ကိုအောက်မေ့၏"ဟုသိလျှင် ရသေ့ငါးရာခြံရုံလျက်ကောင်းကင်ဖြင့် ဗာရာဏသီသို့လာ၍ ဥယျာဉ်၌နေ၏။ ဥယျာဉ်စောင့်ထံမှ ထိုအကြောင်းကိုကြားသော် မင်းသည် လာ၍ "ကုသိုလ်,အကုသိုလ်ပြုသူတို့၏ လားရာဂတိများကား အဘယ်နည်း"ဟု မေး၏။

ဘုရားလောင်းက "အကုသိုလ်ပြုသူတို့သည် အပါယ်ငရဲသို့ရောက်ကြ၏" ဟု ငရဲကြီးရှစ်ထပ်၌ ခံစားရသည့် ဒုက္ခအမျိုးမျိုးကိုဆင်း၊ "ကုသိုလ်ပြုသူတို့သည် နတ်ပြည်သို့ရောက်ကြ၏"ဟု နတ်ပြည်၌စံစားရသည့် စည်းစိမ်ချမ်းသာတို့ကိုဆင်း ဖွင့်လှစ်၍ အကျယ်တဝင့်ဟောကြားပြီး မင်းအားကုသိုလ်များကိုပြုရန် ဆုံးမပြီး၍ ပြန်ကြ၏။ မင်းသည် ထိုနေ့မှစ၍ သက်သာရာကို ရရှိလေ၏။

စည်းစိမ်မက်လွန်းသူသည် မိဘကိုသတ်ရန် ဝန်မလေး။

[မြတ်စွာဘုရားသည် သရက်ဥယျာဉ်၌ နေစဉ် "အဇာတသတ်၏ပိတုဃာတကကံကိုအကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–အဇာတသတ်=ဗြဟ္မဒတ်မင်း။ ဘုရား=သံကိစ္စရသေ့။]



၅၃၁၊ ကုသဇာတ်
မင်းကုသနှင့် ပဘာဝတီအကြောင်း

မလ္လတိုင်း ကုသာဝတီပြည် သြက္ကာကရာဇ်မင်း၏ 'သီလဝတီ' မိဖုရားမှာ သိကြားမင်းပေးသည့် သားနှစ်ယောက်ရှိ၏။ သားကြီးသည် 'ကုသ'မည်၍ အရုပ်ဆိုးပြီး ပညာရှိ၏။ သားငယ်ကား 'ဇယမွတိ'မည်၍ အဆင်းလှပြီး ပညာမရှိ။

ကုသမင်းသားသည် ဆရာ့ထံ၌ အတတ်မသင်ရဘဲ မိမိဉာဏ်ဖြင့် အတတ်အားလုံးကို တတ်၏။ သူသည် အရွယ်ရောက်သော် 'ရဟန်းပြုအံ့'ဟု ဆို၏။ ဘခင်မင်းကြီးက အကြိမ်ကြိမ် ရဟန်းမပြုရန် ပြောသဖြင့် သူသည်ရှေစင်ဖြင့် မိန်းမရုပ်ကို ထုလုပ်ပြီး တန်ဆာဆင်၍ "ဤမိန်းမရုပ်နှင့်တူသည့် မိန်းမကို ရှာပေးနိုင်လျှင် မင်းပြုမည်"ဆို၏။ အမတ်တို့သည် မင်းကစေခိုင်း၍ ထိုရှစင်ရုပ်ကို ရွှေထမ်းစင်ဖြင့် ကာရံလျက်ယူဆောင်ပြီးရှေစင်ရုပ်နှင့်တူသည့်မိန်းမကို ရှာဖွေသော် အစဉ်သဖြင့် မဒ္ဒရာဇ်မင်း၏ သာဂလမြို့သို့ ရောက်၏။

သူတို့သည် ထိုရှစင်ရုပ်နှင့်အမျှ လှပသည့် မဒ္ဒရာဇ်မင်း၏ သမီး 'ပဘာဝတီ'ကိုတွေ့မြင်၍ မဒ္ဒရာဇ်မင်းအား ထိုရှစင်ရုပ်နှင့်တကွ လက်ဆောင်များစွာကိုပေးပြီး 'ပဘာဝတီကို' သြက္ကာကရာဇ်မင်း၏သား'ကုသ'မင်းသားအတွက်ပေးရန်လျှောက်ကြား၏။ မဒ္ဒရာဇ်မင်းက သဘောတူသော် ထိုအမတ်တို့သည် ကုသာဝတီပြည်သို့ ပြန်လာ၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။ သြက္ကာကရာဇ်နှင့် သီလဝတီမိဖုရားတို့သည် အခြံအရံများစွာဖြင့် မဒ္ဒရာဇ်မင်းထံသွား၍ ပဘာဝတီကို ကုသာဝတီပြည်သို့ ဆောင်ပြီး သားတော်ကုသအား မင်းမြှောက်၍ ပဘာဝတီကို မိဖုရားကြီးပြုစေ၏။

ကုသ နှင့် ပဘာဝတီတို့သည် နေ့အခါ၌ တဦးကိုတဦး မမြင်ကြရဘဲ ညအခါ၌သာ တွေ့ကြရ၏။ တနေ့သ၌ 'ကုသ'က "ပဘာဝတီကို မြင်လို၏"ဟု ဆို၍ မယ်တော်က သူ့ကို ဥယျာဉ်ရှိ မင်္ဂလာရေကန်၌ ပဒုမာကြာရွက်ဖြင့် ဦးခေါင်းကို ဆောင်း၍ ပဒုမကြာပွင့်ဖြင့် မျက်နှာကိုဖုံးကာလျက်

နေစေပြီး ပဘာဝတီကို ထိုရေကန်သို့ ခေါ်လာ၍ ပြ၏။ ပဘာဝတီသည် ရေကန်သို့ဆင်းပြီး ရေကစား၍ ထိုပဒုမာကြာပွင့်ကို ခူးရန် လက်ကို ဆန့်သော် ကုသက "ငါ ကုသမင်းတည်း" ဟုဆို၍ ပဘာဝတီလက်ကို ဆွဲ၏။ ပဘာဝတီသည် ကုသ၏မျက်နှာကိုမြင်လျှင် "ငါ့ကို ဘီလူးဖမ်းပြီ" ဟု မိန်းမောသွားပြီး "ဤလင်နှင့် ငါ မနေလို" ဟု သာဂလပြည်သို့ ပြန်၏။

နောက် ကုသမင်းသည် သာဂလပြည်သို့ လိုက်၍ 'ပဘာဝတီကို မြင်ရအောင်, မိမိကို ပြန်ချစ်လာအောင်' မဒ္ဒရာဇ်မင်း၏ 'ဆင်ထိန်း၊အိုးထိန်းသည်၊ ကျူးထရုံသည်၊ ပန်းကုံးသည်၊စားတော်ချက်' အဖြစ်ဖြင့် အလုပ်အသိမ်းသိမ်းကို ဆင်းရဲစွာလုပ်ကိုင်လျက် ခုနစ်လတိုင် အမျိုးမျိုးကြိုးစား၏။ ပဘာဝတီသည် ကုသကိုမြင်ရလျှင် မေတ္တာမတုံ့ပြန်ဘဲ အလွန်အမျက်ထွက်၏။ သူမ၏ မိဘတို့သည် ကုသရောက်နေသည်ကို မသိကြဘဲ ပဘာဝတီနှင့် ခူင်္ဂာမည်သော ကျွန်မတို့သာ သိကြ၏။ ကုသသည် ခုနစ်လတိုင် ကြိုးစား၍ မရသော် ကုသာဝတီသို့ ပြန်ရန်ကြံ၏။

ထိုအခါ သိကြားမင်းသည်ထိုအကြောင်းကိုသိလျှင်မဒ္ဒရာဇ်မင်း၏တမန်ပြု၍ခုနစ်ပြည်ထောင်သောမင်းအသိမ်းသိမ်းထံသွားပြီး "ပဘာဝတီသည်ကုသမင်းကိုစွန့်ပစ်၍ ပြန်လာ၏။ သင်တို့လာ၍ ပဘာဝတီကို ယူလှည့်ကြ" ဟု ဆို၏။ ထိုမင်းခုနစ်ပါးသည် အသိမ်းသိမ်း စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် သွားပြီး သာဂလမြို့သို့ရောက်၍ တွေ့ဆုံမိကြ၏။သူတို့သည် မဒ္ဒရာဇ်မင်းကို အမျက်ထွက်ပြီး မြို့ကိုဝိုင်း၍"ငါတို့အား ပဘာဝတီကိုပေးမည်လော၊ စစ်ထိုးမည်လော"ဟု မှာစာပို့၏။

မဒ္ဒရာဇ်မင်းက "ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ မင်းခုနစ်ဦးထံ ပို့စေ" ဟုဆို၏။ ပဘာဝတီသည် ထိုစကားကိုကြားလျှင် သေဘေးမှကြောက်ရကား မယ်တော်ထံသွား၍ ငိုကြွေး၏။ မယ်တော်သည်, မင်းကြီးထံသွား၍ ငိုကြွေးပြောဆို၏။ မင်းကြီးက "ပဘာဝတီသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသောမင်းကို ရလျက် လင်ကိုစွန့်၍ ပြန်လာ၏။ သူမသည် မိမိအဆင်းကို မှီ၍ မာန်မာန ခက်ထန်သဖြင့် ဤ'သေခြင်းအကျိုး'ကို ရ၏" ဟု မိန့်ဆို၏။ မယ်တော်သည် ပဘာဝတီထံ ပြန်လာပြီး "ကုသမင်းသည် ယခု ဤပြည်၌ရှိမူငါ့သမီးကလေးကို ကယ်ပေးမည်" စသည်ဖြင့် ကုသ၏ ဂုဏ်ကျေးဇူးများကို ပြောဆိုလျက် ငိုကြွေးမြည်တမ်း၏။ ပဘာဝတီက "ကုသသည် ဘခင်၏ စဖို့အိမ်၌ စဖို့အလုပ်ကိုလုပ်၍နေ၏" ဟု ပြောကြားပြီး လေသာပြူတင်းမှ လက်ကိုဆန့်၍ ကုသမင်းကိုပြ၏။

မယ်တော်သည် ပဘာဝတီအား "သင်သည် မိမိလင်ကို ကျွန်အဖြစ် ပြုဘိ၏" စသည် ဆဲရေး၏။ ထိုအခါမှ ပဘာဝတီသည် "ကုသကား ငါ့ကိုမှီ၍ ဤသို့ စဖို့သည် လုပ်ပြီး ဆင်းရဲစွာ နေရလေစ့" စသည်ဖြင့် ကုသ၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်း ပြောဆို၏။ မယ်တော်သည် မင်းကြီးထံ သွား၍ ထိုအကြောင်းကိုကြား၏။ မင်းကြီးသည် ပဘာဝတီကို ကဲ့ရဲ့ပြောဆိုပြီး ကုသမင်းထံ အမြန်သွား၍ လက်အုပ်ချီတောင်းပန်ပြီး ပြန်လာ၍ ပဘာဝတီအား "ကုသမင်းကို သွားကန်တော့ချေ" ဟုခိုင်း၏။ ပဘာဝတီသည် ကုသထံသွား၍ ကန်တော့၏။ ကုသသည် ရေချိုး သုတ်သင် တန်ဆာဆင်ပြီး ဆင်ဖြူကို စီးလျက် စစ်သည်ဗိုလ်ပါဖြင့်ထွက်၍ "ငါ ကုသမင်းတည်း။ အသက်ရှင်လိုသူတို့ ရင်ဖြင့် ဝပ်ကြလော့" ဟု သုံးကြိမ် ကြုံးဝါးကာ ရန်သူကို နှိမ်နင်း၍ မင်းခုနစ်ပါးကိုဖမ်းပြီး မဒ္ဒရာဇ်မင်းအား အပ်နှင်း၏။ သူ့အား မဒ္ဒရာဇ်မင်းက ထိုမင်းတို့ကို ပြန်အပ်၏။

ထိုအခါ ကုသမင်းသည် "ဤမင်းတို့ကို သတ်၍ အကျိုးမရှိ" ဟု ကြံပြီး ပဘာဝတီ၏ ညီမခုနစ်ဦးကို ထိုမင်းခုနစ်ပါးအား တဦးစီပေး၍ မိတ်ဖွဲ့ပြီး ပြန်လွှတ်၏။ ကုသမင်းသည် ပဘာဝတီကို ယူဆောင်၍ ကုသာဝတီမြို့သို့ ပြန်လေ၏။

မိန်းမမည်သည် အဆင်းနှင့်စည်းစိမ်ကိုမှီ၍ မာန်ထောင်တတ်၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "သာသနာ၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြုပြီး" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— အနုရုဒ္ဓါ=သိကြားမင်း။ အာနန္ဒာ=ညီတော် ဇယမ္ပတိ။ ခုဇ္ဇုတ္တရာ=ခုဇ္ဇာ။ ရာဟုလာမယ်တော် = ပဘာဝတီ။ ဘုရား = ကုသမင်း။]

၅၃၂။ သောဏနန္ဒဇာတ်

ညီနောင်ရသေ့နှစ်ပါးအကြောင်း

ဗြဟ္မဝဓုနမြို့(=ဗာရာဏသီပြည့်) 'မနောဇာ'မင်း လက်ထက် ဘုရားလောင်း 'သောဏ'ပဏ္ဍားနှင့် သူ့ညီ 'နန္ဒ'တို့သည် မိဘနှစ်ပါးနှင့်အတူ ရဟန်းပြုပြီး ဟိမဝန္တာဝယ် အိုင်ကြီးတခုကိုမှီ၍ တောအုပ်တခု၌ မိဘတို့ကို လုပ်ကျွေး၏။ နန္ဒသည် "ငါဆောင်ခဲ့သည့် သစ်သီးမျိုးကိုသာ မိဘများ စားစေအံ့" ဟု တောသို့သွား၍ ရရာသစ်သီးမျိုးကို ဦးစွာယူလာပြီး မိဘတို့အား ပေး၏။ မိဘတို့သည် ထိုသစ်သီးမျိုးကို စားပြီးသော် အဘိညာဉ်ရ ဘုရားလောင်း အဆင်းမှယူခဲ့သည့် အရသာရှိ သစ်သီးမျိုးကို မစားတော့ပေ။

ဘုရားလောင်းသည် 'ဤသို့ မပြုရန်' တားမရသည့် နန္ဒကို နှင်ထုတ်၏။ နန္ဒသည် သူ့ကိုကြောက်၍ မနေဝံ့သဖြင့် ထိုနေ့ဦးပင် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး "အစ်ကိုကို ကြီးကျယ်ခမ်းနားစွာ ကန်တော့အံ့" ဟု ကြံ၏။ သူသည် 'မနောဇာ' မင်းထံ သွားပြီး သွေးဆောင် ခေါ်ယူ၍ မိမိတန်ခိုးဖြင့် ဇမ္ဗူဒိပ်အလုံးရှိ မင်းတရာ့တပါးကို ထိုမင်း၏လက်အောက်ခံများ ဖြစ်စေ၏။ နောက် သူသည် မနောဇာ အမှူးရှိသော ထိုမင်းတရာ့တပါးတို့နှင့်အတူ စစ်သည် ဗိုလ်ပါများစွာ ခြံရုံလျက် သောဏ ကျောင်းသို့ ရွေးရှုလာ၏။ ထို အကြောင်းကိုသိလျှင် ဘုရားလောင်းသည် ထိုသူတို့အထက် ကောင်းကင်ဖြင့် ထမ်းပိုးကိုထမ်းလျက် လမ်းခရီးကိုညွှန်၍သွား၏။ ကျောင်းရောက်သော် နန္ဒသည် မိခင် ဖခင်နှင့် အစ်ကိုတို့ကို ရှိခိုးပြီး ပရိသတ်အား "ငါ့အစ်ကိုသည် မိဘအား ငါလုပ်ကျွေးသည်ကို တားမြစ်သဖြင့် ငါ့အား နတ်ရွာခရီး ပိတ်ဆီး သူတည်း" စသည်ဖြင့် ဆို၏။

ဘုရားလောင်းက "မိဘ၊ ညီ၊ နှမ၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းကို ပြုစု စောင့်ရှောက်ရန်မှာ သားကြီး၏ တာဝန်သာ ဖြစ်၏" စသည်ဖြင့် ချေပ ပြောဆို၏။ မင်းအားလုံးသည် အလွန်နှစ်သက်၍ ကောင်းချီးပေးကြ၏။ နန္ဒက တောင်းပန်၍ ဘုရားလောင်းက "သင့်ကို ငါသည်းခံ၏။ သင် မိဘကို လုပ်ကျွေးခွင့်ရမည်" ဟု ဆို၍ နန္ဒကို ချီးမွမ်းပြောဆို၏။ မယ်တော်က "ငါ့ကို နန္ဒ လုပ်ကျွေးပါစေ" ဟုဆိုသော် ဘုရားလောင်းက ဝန်ခံ၍ "နန္ဒ၊ သင်သည် ဝေစုကြီးကိုရ၏။ အမိမည်သည် အလွန်ကျေးဇူးကြီး၏။ မမေ့မလျော့ လုပ်ကျွေးလော့" ဟု နန္ဒကိုဆုံးမ၍ 'အမိ၏ ဂုဏ်ကျေးဇူးများ၊ အမိကိုလုပ်ကျွေးခြင်း၏ အကျိုးကျေးဇူးများ'ကို အကျယ်တဝင့်ဟောကြား၏။ မင်းအပေါင်းသည် တရားနာကြား၍ နှစ်သက်ဝမ်းမြောက်ကြပြီး ပြန်ကြလေ၏။

ပညာရှိသည် မိဘကျေးဇူးကိုအထူးသိ၍ လုပ်ကျွေးလေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေဘဝန်ကျောင်း၌ နေစဉ် "မိဘကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**— သုဒ္ဓါဒန = ဖခင်။ မယ်တော်မာယာ—မိခင်။ အာနန္ဒာ=နန္ဒရသေ့။ သာရိပုတ္တရာ = မနောဇာမင်း၊ ဘုရား=သောဏရသေ့။]

၅၃၃၊ ဥဋ္ဌဟံသဇာတ်
ဟသ်ာမင်းနှင့်ဟသ်ာစစ်သူကြီးအကြောင်း

မဟိံသကတိုင်း သာဂလမြို့ သာဂလမင်းလက်ထက် ဘုရားလောင်း'ဓတရဋ္ဌ' ဟသ်ာ(ဟံသ)မင်းသည် ဟသ်ာ ကိုးသောင်းကိုးထောင် ခြံရံလျက် စိတ္တကူဋ်တောင်တွင် ရွှေဂူ၌ နေ၏။

တနေ့သ၌ သူသည် အခြံအရံများနှင့်အတူ သာဂလမြို့နှင့် မနီးမဝေး အိုင်ကြီးအနီး၌ကျက်စားသော် မုဆိုးတဦး ထောင်ထားသည့် ကျော့ကွင်း၌ မိ၍ သည်းစွာမြည်၏။ ထိုအသံကိုကြားလျှင် အခြံအရံဟသ်ာတို့ ပျံပြေးသော် ဟသ်ာစစ်သူကြီး'သုမုခ'သည် သူ့အနားဌ "အရှင့်အတွက် အသက်စွန့်အံ့" စသည်ဖြင့် နှစ်သိမ့်စကားပြော၍နေ၏။ မုဆိုးသည်လာပြီး ဟသ်ာနှစ်ကောင်ကို မြင်၍မေးသော် သုမုခက တရားစကားဖြင့် ပြောဆို၏။ မုဆိုးသည် စိတ်နူးညံ့လာ၍ ဟသ်ာနှစ်ကောင်လုံးကို လွှတ်၏။

သုမုခက မေး၍ မုဆိုးက "ဥစ္စာအတွက် ဤသို့ပြုပါ၏" ဟုဆို၏။ သုမုခက အကြိမ်ကြိမ်တိုက်တွန်း၍ မုဆိုးသည် ဟသ်ာနှစ်ကောင်ကို သာဂလမင်းထံ ယူသွား၏။မင်းသည် ဘုရားလောင်းဟောသည့် တရားနာရ၍ အလွန်နှစ်သက်သဖြင့် မုဆိုးအား စည်းစိမ်ဥစ္စာ များစွာကို ပေး၏။ ဘုရားလောင်းသည် မင်းအားဆုံးမပြီး သုမုခနှင့်အတူ စိတ္တကူဋ်တောင်သို့ ပျံသွားလေ၏။

ပညာရှိသည် ပညာရှိကို အံ့သက်ပေး၍ ကာကွယ်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန်အားထုတ်စဉ် ဘုရားအတွက် အာနန္ဒာ၏အသက်စွန့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း–ဆန္ဒမထေရ်=မုဆိုး။ သာရိပုတ္တရာ=သာဂလမင်း။ အာနန္ဒာ=သုမုခ။ဘုရား=ရွှေဟသ်ာမင်း။]

၅၃၄၊ မဟာဟံသဇာတ်
ဟသ်ာမင်းနှင့် စစ်သူကြီးအကြောင်း

ဗာရာဏသီပြည် 'သံယမ'မင်းလက်ထက် ဘုရားလောင်း 'မဟာရဋ္ဌ'ရွှေဟသ်ာမင်းသည် ဟသ်ာကိုးသောင်းခြံရံလျက် စိတ္တကူဋ်တောင်၌ နေ၏။ ထိုအခါ

"ရှေဟသ်ာမင်း၏တရားကို နာလိုပါ၏" ဟု ခေမာမိဖုရားက ဆိုသဖြင့် သံယမမင်းသည် မြို့မှ မနီးမဝေးအရပ်၌ 'ခေမာ'မည်သောအိုင်ကို တူးစေ၍ ဟသ်ာတို့၏ အစာ စပါးအမျိုးမျိုးကို စိုက်ပျိုးစေပြီး 'ခေမာ'မည်သော မုဆိုးအား ရှေဟသ်ာမင်းကို ဖမ်းယူရန် ထား၏။ ဘုရားလောင်းသည် ဟသ်ာအပေါင်း ခြံရံလျက် နေ့စဉ် ထိုခေမာအိုင်သို့ လာ၍ ကျက်စား၏။

တနေ့သ၌ သူသည် ခေမာမုဆိုး ထောင်ထားသည့် ကျောက္ခင်း၌ မိ၍ သည်းစာ မြည်၏။ အခြံအရံ ဟသ်ာတို့ ကြောက်၍ ပျံ ပြေးသော် ဟသ်ာစစ်သူကြီး 'သုမုခ'သည် သူ့ အနီး၌ "အရှင့်အတွက် အသက်စွန့်အံ့" စသည်ဖြင့် နှစ်သိမ့်စကား ပြော၍နေ၏။ သူသည် လာနေသည့် မုဆိုးထံသွား၍ ဘုရားလောင်း၏ ဂုဏ်ကျေးဇူးများကို ပြောဆိုပြီး "ဟသ်ာမင်းအစား ငါ့ကိုသာ သတ်ပါ။ သင်သည် ထိုရှေဟသ်ာမင်းကို သတ်လျှင် အပါယ်ငရဲကျမည်" စသည်ဖြင့် တရားဟောပြီး ပြန်လာ၏။

ခေမာမုဆိုးသည် စိတ်နူးညံ့လာ၍ ဟသ်ာနှစ်ကောင်လုံးကို လွှတ်၏။ ဖမ်းခြင်း၏ အကြောင်းကို မေးမြန်းသိရှိ၍ သုမုခက အကြိမ်ကြိမ်တိုက်တွန်းသဖြင့် မုဆိုးသည် ထိုဟသ်ာနှစ်ဦးကို မင်းထံ ယူဆောင်သွား၏။ မင်းသည် မုဆိုးအား စည်းစိမ်ဥစ္စာများစွာကို ပေး၏။ ဟသ်ာနှစ်ဦးသည် မင်းနှင့်မိဖုရားအမှူးရှိသော ပရိသတ်အား တရားဟောပြီး၍ စိတ္တကူဋ်တောင်သို့ ပျံသွားလေ၏။

ပညာရှိသည် ပညာရှိကို အသက်ပေး၍ ကာကွယ်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် "ဒေဝဒတ်က ဘုရားအား သတ်ရန် အားထုတ်စဉ် ဘုရားအတွက် အာနန္ဒာ၏ အသက် စွန့်ခြင်းကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း—ဆန္ဒမထေရ် = မုဆိုး။ ခေမာဘိက္ခုနီ = ခေမာမိဖုရာ.။သာရိပုတ္တရာ = သံယမင်း။ အာနန္ဒာ= သုမုခ။ ဘုရား = ရှေဟသ်ာမင်း။]

၅၃၅။ သုစာဘောဇနဇာတ်
ဟိဒ္ဓိနှံတ်သမီးနှင့် ကောသိယရသေ့အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ရှေးဘဝက အလှူကြီးကိုပေးခဲ့၍ တာဝတိံသာ၌ သိကြားမင်းဖြစ်၏။ [ဗိဠာရကောသိယဇာတ်(ဇာ-၄၅၀)လာအတိုင်း] သိကြားမင်းသည် 'စန္ဒ၊ သူရိယ၊ မာတလိ၊ ပဉ္စသိခ' နတ်သားလေးပါးကို ခေါ်၍ ပုဏ္ဏာအသွင်ဖြင့် သွားပြီး ချုံထဲ၌

တယောက်တည်း နို့ဃနာကိုချက်နေသော အလှန်နှမြောသည့် ဗာရာဏသီသူဌေး'မစ္ဆရိယကောသိယ'ကို ဆုံးမ၍ အလှူကို ပေးစေ၏။ ထိုသူဌေးသည် ဥစ္စာအာဒါန်းကို စွန့်လှူပြီး ရသေ့ရဟန်းပြု၍ ဟိမဝန္တာတွင် ဂင်္ဂါမြစ်နှင့် ဗာတသရ အိုင်တို့၏ အကြားဌာ ကျောင်းဆောက်ပြီး ကြာမြင့်စွာ နေ၍ အိုခြင်းသို့ ရောက်၏။

သိကြားမင်း၏ 'အာသာ၊ သဒ္ဓါ၊ သိရီ၊ ဟိရီ' မည်သော သမီးလေးဦး တို့သည် အနဝဒတ်အိုင်၌ ရေချိုးပြီး ကျောက်ဖျာပေါ်၌ နေကြစဉ် သူတို့အထက်ဖြင့်သွားသည့် 'နာရဒ'ရသေ့ထံမှ ပင်လယ်ကသစ်ပင့်ကို တောင်းကြ၏။ နာရဒရသေ့က "မြင့်မြတ်သောနတ်သမီးအား ပေးအံ့။ ဘယ်နတ်သမီးမြတ်သည်ကို သိကြားမင်းအား မေးလော့" ဟု ဆို၏။ ထိုနတ်သမီးတို့ သွားမေးသော် သိကြားမင်းက "မြတ်သော သူတို့အား မလှူဘဲ မစားသည့်" ဟိမဝန္တာနေ ကောသိယရသေ့ထံ နတ်သုခဘုတ်(သုခဘောဇန)ကို ငါပို့စေအံ့၊သူ့ထံမှနတ်သုခဘုတ်ရသောနတ်သမီးသည်မြတ်သည်ဖြစ်မည်" ဟု ဆို၍ မာတလိနတ်သားအားနတ်သုခဘုတ်ကို ကောသိယရသေ့ထံ ပို့စေ၏။

ထိုခဏ၌ နတ်သမီး လေးဦး ထိုရသေ့ထံသွားပြီး ဟိရီမှ တပါးသော နတ်သမီး သုံးဦးက မိမိတို့၏ ဂုဏ်ကျေးဇူးများကို ပြောကြား၍ နတ်သုခဘုတ်ကို တောင်းကြ၏။ ဟိရီနတ်သမီးကမူ တောင်းရမည်ကို ရှက်သဖြင့် မတောင်းဘဲ နေ၏။ ရသေ့သည် ဟိရီနတ်သမီးအား ချီးမွမ်းပြောဆိုပြီး နတ်သုခဘုတ်ကို ပေး၏။ ထိုနောက်ပင် ကောသိယရသေ့သည် စုတေ၍ တာဝတိံသာဒ္ဒဗြဟ္မာဖြစ်၏။ သူ့အား သိကြားမင်းက ဟိရီနတ်သမီးကိုပေးလေ၏။

ပညာရှိသည် အစားကိုပင် သူတပါးအား မလှူဘဲ မစားပေ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "တစုံတဦးအား မလှူဘဲ မသုံးဆောင်သော အလှူဒါနကို အာလှန်အလိုရှိသည့်ရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း—ဥပပလဝဏ်=ဟိရိနတ်သမီး။ အလှူဒါနကို အလိုရှိသောရဟန်း = ကောသိယရသေ့။ အနုရုဒ္ဓါ=ပဥ္စသိခနတ်သား။ အာနန္ဒာ = မာတလိနတ်သား။ မဟာကဿပ = သူရိယနတ်သား။ မောဂ္ဂလ္လန်=စန္ဒနတ်သား။သာရိပုတ္တရာ=နာရဒရသေ့။ဘုရား=သိကြားမင်း။]

၅၃၆၊ မဟာကုဏ္ဍလဇာတ်

မိန်းမတို့ ယုတ်မာပုံဟောသည့် ငှက်မင်းအကြောင်း

ဘုရားလောင်း 'မဟာကုဏ္ဍာလ' ဥဩငှက်မင်းသည် တော၌'ကုဏ္ဍာလ'အိုင်ကြီးကို အမှီပြု၍ ဥဩငှက်မ သုံးထောင့်ငါးတို့နှင့် ပျော်မွေ့လျက် နေ၏။

သူ့ကို ဥဩဌက်မတို့က ကောင်းစွာလုပ်ကျွေးကြ၏။ ဥဩဌက်မ နှစ်ကောင်သည် တုတ်တံ၏အစွန်းနှစ်ဖက်၌ နှုတ်သီးဖြင့်ကိုက်ပြီး အလယ်၌ ငှက်မင်းကို ထား၍ ပျံကြစဉ် ကျန်ငှက်မတို့က ပတ်ပတ်လည်ဝန်းရံလျက် သွားကြ၏။

ဘုရားလောင်းက ထိုငှက်မတို့အား "သင်ငှက်မတို့သည် ယုတ်မာသောအကျင့်ရှိကုန်၏။ ကျေးဇူးကို မသိတတ်။ မာယာများကုန်၏။ ကာမကို အလွန်လိုက်စားကြ၏"ဟု စသည်ဖြင့် မိန်းမတို့၏အပြစ်များကို ဖော်ထုတ်၍ ကဲ့ရဲ့ခြိမ်းခြောက်၏။ ဤသို့ သူသည် ထိုမိန်းမတို့၏ အလိုသို့မလိုက်ဘဲ ထိုမိန်းမတို့ကိုသာ မိမိအလိုသို့လိုက်စေ၏။ တနေ့သ၌ ဘုရားလောင်းကဲ့သို့ ဥဩဌက်မသုံးထောင့်ငါးရာနှင့် မြေ့လျော်သော 'ပဉ္စာမုခ'အမည်ရှိ ဥဩဌက်မင်းသည် မနာမကျန်းဖြစ်စဉ် ထိုမိန်းမတို့က စွန့်ခွာပစ်ထားသဖြင့် မိန်းမတို့ကို ရှုံ့ရှာသောကြောင့် ဘုရားလောင်းထံ ရောက်လာ၏။

ဘုရားလောင်းက"သင့်အား မိန်းမတို့၏ ယုတ်မာပုံများကို ဟောအံ့"ဟု ဆို၍ ပဉ္စာမုခကိုခေါ်ပြီး ဟိမဝန္တာသို့သွား၏။ ဟိမဝန္တာနေ နတ်အပေါင်းသည်'ကုဏာလငှက်မင်း တရားဟောမည်'ဟု ကြွေးကြော်ကြ၏။ ဆိုမှအဆင့်ဆင့် ကြွေးကြော်ကြသဖြင့် နတ်ပြည်ခြောက်ထပ်မှ နတ်တို့သည်၎င်း၊ နဂါး၊ ဂဠုန်၊ကိန္နရာ၊ဝိဇ္ဇာဓိုရ်တို့သည်၎င်း၊ အာနန္ဒာမည်သော လင်းတမင်းစသည့် ငှက်အပေါင်းသည်၎င်း၊ နာဂဒရသေ့နှင့် အခြံအရံရသေ့တို့သည်၎င်း ထို နေရာသို့ ရောက်လာစုဝေးကြ၏။ ဘုရားလောင်းသည် ဇာတိဿရဉာဏ်ဖြင့် မိန်းမတို့၏ အပြစ်နှင့်ယှဉ်သော ရှေးဘဝ၌ သူဖြစ်ခဲ့ဘူးသည့် အောက်ပါအတိတ်ဘဝဖြစ်စဉ် ဝတ္ထုများဖြင့် တရားဟော၏။

(၁) ဗာရာဏသီမင်း၏ သမီး 'ကဏှာဒေဝီ'သည် ညီနောင်မင်းသားငါးဦးတို့ကို လင်ပြု၍ ကိလေသာနှင့် ပျော်ဇမ္ဗူသော်လည်း အားမရသဖြင့် သူမ၏အစေခံ ကုန်းကွသော ငဆွံနှင့် လွန်ကျူးပုံ။

(၂) မိန်းမတို့မည်သည် စိတ်မခိုင်သော သဘောရှိရကား တရားကျင့်သော'သစ္စကပါဒီ'ပရိဗိုဇ်မသည် ကာမဖြင့် ဖြားယောင်း၍ လွယ်ကူစွာရရှိပုံ။

(၃) ကာကဝတီဇာတ် (ဇာ-၃၂၇) လာအတိုင်း မိန်းမတို့မည်သည် အခွင့်သာလျှင် ကာမလွန်ကျူးတတ်ရကား ဗာရာဏသီမင်း၏'ကာကဝတီ' မိဖုရားသည် ဂဠုန်မင်းနှင့်၎င်း၊ စောင်းသမားနှင့်၎င်း လွန်ကျူးပုံ။

(၄) 'ဇဋိက'မည်သော ကောသလမင်း၏ 'ကုရုဒ်ဒေဝီ' မိဖုရားသည် စစ်သူကြီးနှင့်၎င်း၊ ထိုစစ်သူကြီး၏ကျွန်နှင့်၎င်း လွန်ကျူးပုံ။

(၅) ဗြဟ္မဒတ်မင်း၏ မယ်တော်သည် နိဂုံးတခုသို့ မကြာခဏ သွား၍ ပုဏ္ဏားလုလင်တဦးနှင့် လွန်ကျူးပုံ။

(၆) 'ကိန္နရ' မည်သော ဗာရာဏသီမင်း၏ 'ကိန္နရဒေဝီ' မိဖုရားသည် မင်းအိပ်ပျော်နေစဉ် ညတိုင်း ပြာသာဒ်မှ တိတ်တဆိတ်ဆင်း၍ မြို့တံတိုင်းအပြင်ရှိ အနှင်ဆွဲနှင့် လွန်ကျူးပုံ။

(၇) 'ပဉ္စပါဝိ'မည်သော မိန်းမသည် မြစ်၏ကမ်းတဖက်စီ၌ မြို့တည်၍ နေသည့်မင်းနှစ်ပါးနှင့် ခုနစ်ရက်စီအလှည့်ကျပျော်ပါးရသော်လည်း အားမရသဖြင့် သူ့ကို လှေနှင့် သည်ဆောင်ပေးရသည့် လှေသူကြီး တံငါသည်ကုန်းနှင့် လွန်ကျူးပုံ။

(၈) ဗြဟ္မဒတ်မင်း၏ 'ပိဂိယာနီ' မည်သော မိဖုရားသည် ညအခါ မင်းအိပ်ပျော်နေစဉ် တိတ်တဆိတ် နန်းတော်မှ ဆင်း၍ မြင်းထိန်းနှင့် လွန်ကျူးပုံ။

ဤသို့အတိတ်ဝတ္ထုများဖြင့် မိန်းမများ၏ အပြစ်များကို ဟောပြောပြီး လျှင် တဖန် မိန်းမတို့၏ ယုတ်မာသည့် သဘောများကိုလင်း၊ ကျေးဇူးမသိ တတ်ခြင်းများကိုလင်း၊ ကာမဂုဏ်တို့ကို တပ်မက်ခြင်းနှင့် ယုတ်မာခြင်းတို့ကို လင်း ဟောကြားပြန်၏။ ထိုအခါ တရားနာပရိသတ်အပေါင်းသည် ဘုရား လောင်းအား ကောင်းချီးပေးကြလေ၏။

မိန်းမမည်သည် မာယာများ၍ ယုတ်မာပြီး ကာမဂုဏ်ကိုမက်၏။

[မြတ်စွာဘုရားသည် ကုဏ္ဍလအိုင်အနီးဌာနေစဉ် "ကိလေသာတဏှာနှိပ်စက်၍ သာသနာဌာ ငြိုးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ခေါင်း**–ဥဒါယီ=ပုဏ္ဏမုခဥ္ဇဟြ။ **အာနန္ဒာ**= အာနန္ဒာမည်သော လင်းတ။ သာရိပုတ္တရာ=နရာဒရဿ့။ ဘုရား=ကုဏ္ဍာလင့ကမင်း။]

၅၃၇။ မဟာသုတသောမဇာတ်

သုတသောမမင်းနှင့် ပေါရိဏာဒအကြောင်း

ကုရုတိုင်းဣန္ဒပတ္တနဂိုရ်မြို့ ကောရဗျမင်း၏သား ဘုရားလောင်း'သုတသောမ' မင်းသားသည် အရွယ်ရောက်သော် တက္ကသိုလ်ပြည် ဒိသာပါမောက္ခထံ၌ မင်းသားတရာ့တပါးနှင့်အတူ အတတ်သင်ပြီး ပြန်လာ၏။ သူသည် ခရီး အကြား၌ ထိုမင်းသားတို့အား တရားဟောဆုံးမ၍ လွှတ်လိုက်၏။

ထိုမင်းသားတို့ မင်းဖြစ်ကြသောအခါ ဘုရားလောင်း၏ အဆုံးအမ၌ တည်ကြ၏။ ထိုမင်းများအနက် အမဲသား မပါဘဲ ထမင်း မစားသော ဗာရာဏသီမင်းသည် တနေ့သ၌ ထမင်းချက်'ရသက'ချက်ပေးသည့် လူသားကိုစားမိ၍ အရသာကိုတပ်မက်သဖြင့် ရသကအား"သူတပါးမသိစေဘဲယနေ့မှစ၍ လူသားကို ဥပါယ်ဖြင့် ရှာ၍ ချက်ပေးလော့"ဟု ခိုင်း၏။ ရသကသည် နှောင်အိမ်မှနေ့စဉ် လူတဦးစီကို ထုတ်သတ်၍ ချက်ပေး၏။ ထိုနှောင်အိမ်မှ လူတို့ ကုန်သော် သူသည် ခရီးအကြား၌ ဥစ္စာထုပ်ကို ချထား၍ပြီးဥစ္စာထုပ်ကို ကောက်ယူသူအား'ခိုးသူ'ဟု ဖမ်း၍သတ်၏။ နောက် သူသည်သန်ကောင်ချိန်တွင် မြို့တွင်းလမ်းများ၌ စောင့်ပြီး လူကို သတ်၍ ချက်ပေး၏။

လူတို့သည် သူတို့ဆွေမျိုးများ အသတ်ခံရသော် မင်းယင်ပြင်၌ စုဝေး၍ ကြွေးကြော်၏။ မင်းက မတုံ့ပြန်သော် 'ကာဠဟတ်' မည်သော စစ်သူကြီးသည် မြို့တွင်း၌ အစောင့်များကို ချ၍ လူသတ်သမားကို ဖမ်းစေသော် ရသကကို ဖမ်းမိ၏။ သူသည် ရသက ထံမှ အကြောင်းစုံကို ကြားရပြီး ရသကကို မင်းထံခေါ်သွား၍ မေးမြန်းသော် မင်းက သူ့အမှုကို ဝန်ခံ၏။ ထိုအခါ စစ်သူကြီးက 'ဇာတ်တူသား စား၍ ပျက်စီးရခြင်း' အကြောင်းကို အတိတ်ဝတ္ထုများဖြင့် တရားဟော၏။ မင်းကလည်း 'မိမိအလိုရှိသည့် ဝတ္ထုကို မရလျှင် အသက်ကို စွန့်တတ်ကြောင်း' ပုံဝတ္ထုများကို သာဓကပြု၍ 'လူသားကို မစားဘဲမနေနိုင်ကြောင်း' ပြန်လည် ချေပ ပြောဆို၏။

ဗာရာဏသီမင်းသည် သန်လျက်နှင့် ရသကကို ယူ၍ တောသို့ သွားပြီး ညောင်ပင်တပင်ရင်း၌နေ၏။ သူသည် တောခရီး၌ လူတို့ကို သတ်ပြီး ရသကအား ချက်ခိုင်း၍စား၏။ ထိုလူသားစားပေါရိသဒဿသည် တနေ့သ၌ လူသားကို မရသော် 'ရသက'ကို သတ်စား၏။ သူသည် တယောက်တည်း နေ၍ တနေ့သ၌ လှည်းငါးရာဖြင့် ကုန်သွယ်ရန်သွားသော ပုဏ္ဏားတဦးကို ဖမ်းယူပြီးရာ နောက်မှ လူတို့က လိုက်သဖြင့် စည်းရိုးတခုကို ခုန်သော် ရှားဂုတ် ပေါ်ကျ၍ ခြေဖဝါး၌ ထုတ်ချင်းပေါက်စူး၏။

သူသည် ပုဏ္ဏားကို လွှတ်ပြီး ပြန်၍အိပ်လျက် ညောင်ပင်စောင့်နတ်အား "သင်သည် ငါ့အနာကို ခုနစ်ရက်အတွင်း ပျောက်အောင် လုပ်နိုင်လျှင် သင့်အား မင်းတရာ့တပါးကို သတ်၍ ပူဇော်အံ့"ဟု တောင်းပန်ခြင်းကိုပြု၏။ အနာသည် အလိုလို ခုနစ်ရက်အတွင်း ပျောက်၏။ ပေါရိသဒဿသည် နှစ်ရက်သုံးရက် လူသားစားပြီး ရက္ခစိုးနတ်အား ပူဇော်ရန်အတွက် မင်းတရာ့တပါးကို ဖမ်းရန်ထွက်သော် ရှေးဘဝ၌ဘီလူးဖြစ်စဉ်က လူသားစားဘက် မိတ်ဆွ

ဘီလူးနှင့်တွေ့၍ သူ့ထံမှ 'ခဲ့နန်အာဒီး, လျင်မြန်ခြင်း, ဘုန်းတန်ခိုး, ကြောက်ဘွယ်အသံ'တို့ကို ဖြစ်စေသည့် မန္တရားကို ရ၏။ သူသည် ထိုမန္တရားအစွမ်းဖြင့် မင်းတရာကို ခုနစ်ရက်အတွင်း ဖမ်းဆီးယူဆောင်ပြီး လက်ဝါးပြင်တို့၌ဖောက်၍ ကြိုးဖြင့် သီပြီး ညောင်ပင်၌ ချိတ်ဆွဲ၏။

ပေါရိသာဒသည် "သုတသောမကား ငါဆရာတည်း။ သူ့ကိုဖမ်းလျှင် ဇမ္ဗူဒိပ်သည် အချည်းနှီးဖြစ်မည်။ သူ့ကို ချန်၍ ဤမင်းမျှားဖြင့် နတ်အား ပူဇော်အံ့" ဟု မီးညှိ၍ တံစိုးမျှားကို ချွန်နေ၏။ ထိုအခါ ညောင်ပင်စောင့်နတ်သည် သိကြားမင်းထံသွား၍ ထိုမင်းတို့ကို သတ်ခြင်းမှ ပေါရိသာဒကို တားမြစ်ပေးရန် တောင်းပန်၏။ သိကြားမင်းက "သုတသောမမင်းတဦးသာ ပေါရိသာဒကို ဆုံးမနိုင်၏။ 'သုတသောမမင်းကို ယူဆောင်၍ ပူဇော်လော့'ဟု ပေါရိသာဒအား ဆိုကြလော့" ဟု မိန့်ကြား၏။ ရုက္ခစိုးနတ်သည် သိကြားမင်း ဆိုတိုင်းပြု၏။ ပေါရိသာဒသည် ဣန္ဒပတ္တနဂိုရ်မြို့သို့ သွားပြီး မင်းဥယျာဉ်တွင်းရှိ မင်္ဂလာရောကန်သို့ဆင်း၍ ပဒုမာကြာရွက်ဖြင့် ဦးခေါင်းကို ဖုံးလျက်နေ၏။

နောက်တနေ့နံနက် ဘုရားလောင်း 'သုတသောမ'မင်းသည် ဥယျာဉ်၌ အစောင့်များစွာ ချထားစေပြီး ဗိုလ်ပါနှင့်တကွ ထိုရောကန်၌ ရေချိုးရန် မြို့မှထွက်၏။ထို့ခဏ၌ သူ့ထံသို့ တက္ကသိုလ်ပြည့်မှ 'နန္ဒ'မည်သော ပုဏ္ဏားသည် တဂါထာလျှင် တရုတန်သော 'သတာရဟ' ဂါထာလေးခုကို ဟူလော၏။ ဘုရားလောင်းက "နက်ဖြန်မှ တရားကိုနာအံ့" ဟု ဆို၍ နန္ဒအား နေရာ, အစားတို့ဖြင့် ပြုစုစေပြီး ဥယျာဉ်သို့ ထွက်၏။ သူသည် ရေချိုး, အဝတ်လဲပြီးသော် ပေါရိသာဒသည် ဟစ်ကြွေးကြေငြာလျက် ရေမှတက်၍ ဘုရားလောင်းကို ပခုံးပေါ်တင်ပြီး ပြေး၏။ ခရီးအကြာ၌ ဘုရားလောင်းသည် နန္ဒပုဏ္ဏားကို သတိရ၍ ထိုအကြောင်းကို ဖေပါရိသာဒအားပြောကြားပြီး အကြိမ်ကြိမ် ကျိန်ဆို၍ "တရားနာပြီးပြန်လာမည်" ဟူသော ကတိဖြင့် မြို့တော်သို့ ပြန်သွား၏။


ဘုရားလောင်းသည်ထိုသတာရဟဂါထာလေးခုကိုကြားနာပြီး နန္ဒပုဏ္ဏားအား ငွေလေးထောင်ဖြင့် ပူဇော်၍ မိဘများကို ပန်ကြားပြီး နောက်တနေ့ပြန်လာ၏။ ပေါရိသာဒက "သေခြင်းကို သင်မကြောက်ခြင်းသည် အဘယ်၏တန်ခိုးကြောင့်နည်း" ဟု မေး၏။ ဘုရားလောင်းက "ငါသည် သတာရဟဂါထာလေးခုကို ကြားနာပြီးပြီ။ သေခြင်းကို မကြောက်တော့။ ငါသည် အသက်ခံပြီး တမလွန်ဘဝသို့ သွားတော့အံ့" ဟု ဆို၏။ ထိုတရားကို နာလို

သော ပေါရိသာဒက အကြိမ်ကြိမ်တောင်းပန်၍ ဘုရားလောင်းက ထိုဂါထာမျှားကို ဟောကြား၏။ ထိုအခါ ပေါရိသာဒက "ငါသည် သင့်အားလေးဂါထာအတွက် ဆုလေးဆုကိုပေးအံ့။ တောင်းလော့"ဟု ဆို၏။ ဘုရားလောင်းက "သင်အသက်တရာရှည်သည်ကို ငါမြင်လို၏။ သင်ဖမ်းထားသည့်မင်းမျှားကိုမစားပါနှင့်။ ထိုမင်းမျှားကို သူတို့နိုင်ငံသို့ ပြန်ပို့ပါ" ဟူသော ဆုသုံးခုကိုတောင်းရာ လွယ်ကူစွာ ရရှိ၏။ နောက်ဆုံး ဖြစ်သည့်'သင်သည် လူသားကို မစားပါနှင့် ဆု'ကိုမူ ပေါရိသာဒက မပေး။

ဘုရားလောင်းသည် နည်းအမျိုးမျိုးဖြင့် တရား ဟောပြီး ဆုံးမသွန်သင်သော် နောက်ဆုံးတွင် ထိုဆုကို ရရှိ၏။ သူတို့နှစ်ဦးသည် ဖမ်းထားသည့်မင်းတရားကို လွှတ်၍ ကျန်းမာအောင်ပြုစုပြီး ရှေးဦးစွာ ဗာရာဏသီပြည်သို့သွား၍ ပေါရိသာဒကို တဖန် မင်းအဖြစ်၌ တည်စေ၏။ ထိုမင်းတရားတို့သည် မိမိနိုင်ငံသို့ ပြန်ကြ၏။ ဘုရားလောင်းလည်း မိမိနိုင်ငံသို့ ပြန်လေ၏။

လူမိုက်သည် ပညာရှိကို ဆည်းကပ်လျှင် ချမ်းသာရာ ရသည်သာ။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "အင်္ဂုလိမာလ မထေရ်ကို အကြောင်းပြု၍"ဤဇာတ်ကိုဟော၏။ **။ဇာတ်ပေါင်း**–အင်္ဂုလိမာလ=ပေါရိသာဒ။ သာရိပုတ္တရာ=စစ်သူကြီးကာဠဟတ်။ အာနန္ဒာ–နန္ဒပုဏ္ဏား။ မဟာကဿပ=ညောင်ပင်စောင့်နတ်။ အနုရုဒ္ဓါ=သိကြားမင်း။ ဘုရား=သုတသောမမင်း။]



၅၃၈၊ တေမိယဇာတ်

စကားမပြောသည့် တေမိမင်းသားအကြောင်း

ဘုရားလောင်းနတ်သားသည် သိကြားမင်းက တောင်းပန်၍ ဗာရာဏသီပြည် ကာသိကရာဇ်မင်း၏ မိဖုရားကြီး 'စန္ဒဒေဝီ'၏ ဝမ်းဌ် ပဋိသန္ဓေ နေ၏။ နတ်သားငါးရုတို့လည်း ထိုမင်း၏ အမတ်ငါးရုတို့၏ အိမ်အသီးသီး၌ မရှေးမနှောင်း ပဋိသန္ဓေကို ယူကြ၏။ သူတို့သည် တနေ့တည်းအတူ ဖွားကြ၏။ မင်းသည် သားတော်ကို 'တေမိယ'ဟု အမည်ပေး၍ သူ့ကိုပြုစုရန် နို့ထိန်း နှစ်ရာ့လေးဆယ်တို့ကို ခန့်ထား၏။ သူ့ထံ၌ အခြေအရံအဖြစ်ထားသည့် ဖွား ဘက်တော်သားငါးရုတို့အား လည်း နို့ထိန်းတဦးစီပေး၍ ကျွေးမွေးပြုစု စေ၏။

တလသား ရှိသော ဘုရားလောင်းသည် ဘခင်၏ ရင်ခွင်၌နေစဉ် "ခိုးသူ လေးယောက်အား တံကျင်လှိုင်းတစ်စေ"ဟု ဖခင်၏အမိန့်ကို ကြားရသော် ငရဲကျစေမည့် မကောင်းမှု မျှားပြားသည့် မင်းဘဝကို စက်ဆုပ် ရွံ ရှာ၍ မင်းဖြစ်ရမှာ အလွန်ကြောက်၏။

ထိုအခါ ရွေးဘဝ၌ သူ့မိခင်ဖြစ်ဘူးသူ ထီးချက်စောင့် နတ်သမီးသည် ထိုအကြောင်းကိုသိ၍ သူ့အား "ချစ်သား၊မင်းအဖြစ်မှ လွတ်မြောက်လိုလျှင် ကိုယ်၏အစွမ်းကို မပြလင့်။ ဆင်းရဲပင်ပန်းခံ၍ မဆွံ့သော်လည်း ဆွံ့သကဲ့သို့၊ နားမထိုင်းသော်လည်း နားထိုင်းသကဲ့သို့၊ နှုတ်မအသော်လည်း အသကဲ့သို့ နေသွားပါလော့။သင့်အလိုပြည့်မည်"ဟု ဆို၏။ သူသည် အလွန်နှစ်သက်၍ ထိုစကားသုံးခွန်းအတိုင်း မြဲစွာပြုကျင့်ရန် ဆုံးဖြတ်၏။

အမတ်သားသူငယ်တို့ နို့ဆာလျှင် အော်ဟစ်ကြသော်လည်း သူကနို့ငတ် ခြင်းဝေဒနာကို သည်းခံလျက် မငိုဘဲ အချိန်တန်၍ မိမိခံတွင်းထဲသို့နို့ရောက် မှ စို့သောက်၏။ သူသည်ပျော်ရွှင်လှုပ်ရှားမှုမပြုဘဲနို့ထိန်းသည်တို့ထားသည့်

အတိုင်းသာနေလျက် ဆွံ့အ,နားပင်းသကဲ့သို့ နေ၏။ နို့ထိန်းသည်တို့သည် ထိုအကြောင်းကို မင်းမိဖုရားတို့အား လျှောက်ကြားပြီး ဘုရားလောင်း၏ အလိုကို တဆယ့်ခုနစ်မျိုးဖြင့် တဆယ့်ခုနစ်နှစ်တိုင် အောက်ပါအတိုင်းစမ်းကြ၏။ဘုရားလောင်းကား ငရဲဘေးကိုတွေးကြောက်ပြီး လက်ငင်းဝေဒနာကို သည်းခံလျက် မတုန်မလှုပ် အသံမပြုဘဲ နေ၏။

(၁)သူ့ကို တလကျော်အရွယ်မှ တနှစ်သားအထိ နေ့တိုင်းလိုလိုနို့ အငတ်ထား၍ အလိုကို စမ်းကြ၏။ သူကား မငို။

(၂)နှစ်နှစ်အရွယ်တွင် သူ့ကို အမတ်သားတို့နှင့်အတူထား၍ မုံ့ခဲဘဲယ် အမျိုးမျိုးကို ခင်းကျင်းထား၏။ အမတ်သားတို့သည် ထိုမုံ့ခဲဘဲယ်များကို လုယက်စားကြသော်လည်း သူကား ဆိတ်ဆိတ်နေ၍ မိမိခံတွင်းထဲ ခဲ့မှ စား၏။

(၃)ထို့အတူသုံးနှစ်အရွယ်တွင်သစ်သီးများဖြင့်၎င်း၊(၄)လေးနှစ်အရွယ်တွင် ကစားစရာများဖြင့်၎င်း၊ (၅)နှစ်အရွယ်တွင် ခဲဘဲယ် ဘောဇဉ်များဖြင့်၎င်း အလိုစမ်းကြ၏။ သူကားမိမိကိုယ်ကိုဆုံးမ၍ ငြိမ်သက်စွာ နေ၏။

(၆)ခြောက်နှစ်အရွယ်တွင် သူနေရာတဲ့အမိုးကို မီးရှို့၍ သူ့ကိုထိတ်လန့်အောင်ပြု၏။ အမတ်သားတို့ ကြောက်လန့် အော်ဟစ် ပြေးကြသော်လည်း သူကမူ ငရဲမီးကို အာရုံပြု၍ ငြိမ်သက်စွာနေ၏။

(၇)ထို့အတူခုနစ်နှစ်အရွယ်တွင် မုန်ယစ်သော ဆင်ဖြင့်၎င်း၊(၈)ရှစ်နှစ်အရွယ်တွင် မြေဖြင့်၎င်း ငြိမ်းချောက်သော်လည်း သူ့ကိုမထိတ်လန့်စေ။

(၉)ကိုးနှစ်အရွယ်တွင် ပဲ့သဘင်ပြု၍ ကခြေသည်တို့ဖြင့် အလိုစမ်းကြ၏။ အမတ်သားတို့ ပျော်မြူးကြသော်လည်း သူကမူ မပျော်ရွှင်ဘဲ ငြိမ်သက်စွာ နေ၏။

(၁၀)ဆယ်နှစ်အရွယ်တွင် သန်လျက်နှင့် ခုတ်သည့်အမှုအရာကို ပြ၍၎င်း၊(၁၁)တဆယ့်တနှစ်အရွယ်တွင် ရုတ်တရက် အလန့်တကြား ခရုသင်းမှုတ်၍၎င်း၊(၁၂)တဆယ့်နှစ်နှစ်အရွယ်တွင် အလန့်တကြား စည်ကြီးတီး၍၎င်း၊(၁၃)တဆယ့်သုံးနှစ်အရွယ်တွင် သူ့ကိုအမှောင်ခန်းဦထား၍ရုတ်တရက် ဆီမီးတိုင် မီးခွက်များဖြင့် တပြိုင်နက် လင်းစေ၍၎င်း ထိတ်လန့်အောင် လုပ်သော်လည်း သူကားမတုန်လှုပ်ဘဲ ငြိမ်သက်စွာ နေ၏။

(၁၄)တဆဲ့လေးနှစ် အရွယ်တွင် သူ့ကိုယ်တခုလုံးကို တင်းလဲရည်ဖြင့် သုတ်လိမ်းပြီး ခြင်ယင်တို့အား ကိုက်ခဲစေ၍၎င်း၊ (၁၅)တဆဲ့ ငါးနှစ်အရွယ်တွင် သူ့ကိုအိမ်သာထဲထားပြီး ယင်တို့အား ကိုက်စေ၍၎င်း ညှဉ်းပန်းနှိပ်စက်သော် သူကမူ့ သည်းခံလျက် ငြိမ်သက်စွာ နေ၏။

(၁၆)တဆဲ့ခြောက်နှစ်အရွယ်တွင် သူ့ကိုသလွန်ပေါ်ထား၍ အောက်မှ မီးမယ်ဖျူးထားပြီး အခိုး,အပူရှိန်တို့ဖြင့် နှိပ်စက်သော်လည်း သူသည်အပူဒဏ်ကိုခံလျက် ငြိမ်သက်စွာ နေ၏။

(၁၇) တဆယ့်ခုနစ်နှစ်အရွယ်တွင်ကခြေသည်မတို့ဖြင့်ကာမဂုဏ်နှင့် ဖြားယောင်းစေသော်လည်း သူသည် မကြည့်ဘဲ ဣန္ဒြေမပျက် ငြိမ်သက်စွာ နေ၏။

ဤသို့ တဆယ့် ခုနစ်နှစ်တိုင် အရာ တဆယ့် ခုနစ်မျိုးဖြင့်အလိုစမ်းသော်လည်း သူ့ကို ထိတ်လန့်အောင်, အသံ ပြုအောင်, စကား ပြောအောင်, ဣန္ဒြေပျက်အောင် မလုပ်နိုင်ပေ။

ထိုအခါ မင်းကြီးသည် သားတော်ကို အားမရ၍ မေးမြန်းသော် လက္ခဏာဖတ် ပုရောဟိတ်တို့က "ဤအင်္ဂါ ခွတ်ယွင်းသည့် မင်းသားရှိလျှင် အရှင်မင်းကြီးနှင့် မိဖုရားတို့မှာ အသက်အန္တရာယ် ရှိမည်။ ခိုးသူတို့ ထက်ဝှမ်း ထီးနန်းအန္တရာယ် ဖြစ်မည်။ ထို့ကြောင့် ယခုပင် ဤမင်းသားကို ရထားဖြင့် သုသာန်သို့ ထုတ်ဆောင်၍ အပြင်လူများ မသိစေဘဲ မြေမြှုပ်၍ သတ်သင့်ပါ၏"ဟု လျှောက်ကြ၏။ မင်းကြီးလည်း သဘောတူ၏။

မိဖုရားသည် ထိုအကြောင်းကိုကြားသိသော် "သားတော် မွေးချိန်တွင် မင်းက လိုရာဆုကို ယူလော့"ဟူသော စကားကို အကြောင်းပြု၍ မင်းကြီးထံသွားပြီး သားတော်အား မင်းမြှောက်ပါဟူသော ဆုကို ထပ်ခါ ထပ်ခါ တဆင့်ပြီးတဆင့်တောင်းရာ မင်းကြီးက နောက်ဆုံးတွင် ခုနစ်ရက်သာ ထီးနန်းပေးရန် သဘောတူ၏။

မင်းနှင့် မိဖုရားတို့သည် သားတော်အား ဖွားဘက်တော် အမတ်ငါးရာ ခြံရုံစေလျက် ဘိုသိုက်သွန်း၍ ထီးနန်းပေး၏။ မယ်တော်သည် သားတော်အား သလွန်ပေါ်၌လျောင်းစေလျက် ခြောက်ညပတ်လုံး မအိပ်မစက် သနားစဘွယ် မျက်ရည်ယိုစီး ငိုကြွေးလျက် စကားပြောရန် အမျိုးမျိုး ပြောဆိုတောင်းပန်သော်လည်း ဘုရားလောင်းသည် အဓိဋ္ဌာန်မဖျက်လို၍ မတုန်မလှုပ်ပင် နေ၏။

ခုနစ်ရက်မြောက်နေ့၌မူ မင်းကြီးသည် ‘သုနန္ဒာ’ ရထားမှူးကို ခေါ်၍ “တေမိယ မင်းသားကို ရထားဖြင့်ထုတ်၍ လူသူဝေးရာ အရပ်၌ တွင်းတူးပြီး သူ့ဦးခေါင်းကို ရိုက်ခဲ့၍ မြေမြှုပ်လော့”ဟု အမိန့်ပေး၏။ မယ်တော်က ငိုကြွေး တောင်းပန်သော်လည်း ဘုရားလောင်းသည် စကားမပြောဘဲ ဆိတ်ဆိတ်ပင်နေ၏။ ရထားထိန်းသည် ဘုရားလောင်းကို ရထားပေါ်တင်၍ မြို့၏အရှေ့ သုံးယူဇနာဝေးသော တောအုပ်သို့သွား၏။

ဘုရားလောင်းကား “ယနေ့ ငါ့အလို ပြည့်တော့မည်”ဟု နှစ်သက်ရွှင်လန်း၏။ ရထားမှူးသည် ထိုတောအုပ်သို့ ရောက်လျှင် ရထားရပ်၍ ဘုရားလောင်း၏ ကိုယ်မှ မင်းဝတ်တန်ဆာများကို ချွတ်ယူ ထုပ်ဖဲ့လျက် ပုဆိုးနုံငယ်ပိုင်းဖြင့်သာ ဝတ်ပေးထားပြီး ရထားနှင့် မနိမ်းမဝေးတွင် တွင်းတူး၏။

ဘုရားလောင်းသည် လျောင်းရာမှထပြီး ကိုယ်လက်လှုပ်ရှား လူးလာသွားလျက် သူ့မှာ အားရှိမခို စမ်းသပ်၍ အားရှိကြောင်း သိလျှင် သိကြားမင်းပေးသည့် မင်းဝတ်တန်ဆာနှင့် နတ်ဝတ်တန်ဆာကို နှစ်ထပ် ဝတ်ဆင်၍ တွင်းတူးရာသို့ သွား၏။ သူသည် ရထားမှူးအား “မင်းစည်းစိမ်ကို အလို မရှိ၍ ငါသည် ဆုံ, အ, နားပင်းယောင် ဆောင်ခဲ့၏” စသည်ဖြင့် အကြောင်းစုံကို ထုတ်ဖော်ပြောကြား၍ တရားဟောပြီး “ငါသည် ဤအရပ်တွင် ရဟန်းပြု၍နေမည်။ သင်လည်းကြောင့်ကြမဲ့ ပြန်သွား၍ ငါ့အကြောင်းကို ငါမိဘတို့အား ပြောကြားလော့” ဟု မှာ၍ ရထားမှူးကို လွှတ်လိုက်၏။

သူသည် ရထားမှူး ထွက်ခွာသွားလျှင် သိကြားမင်းပေးသည့် ရဟန်းပရိက္ခာတို့ကို ဝတ်ပြီး သိကြားပင်းခိုင်း၍ ဝိသကြုံနတ် ဖန်ဆင်းပေးသည့် ကျောင်း၌ စျာန်ချမ်းသာဖြင့်နေ၏။ ပင်းကြီးနှင့်မိဖုရားတို့သည် ရထားမှူး ထံမှ အကြောင်းစုံကို ကြားရသော် “သားတော် သွားခေါ်၍ မင်းပြုစေအံ့”ဟုမူးမတ် ဖွားဘက်တော်,စစ်သည်ဗိုလ်ပါတို့ကိုသုံးရက်တိုင်စီစဉ်ကာ မြို့မှထွက်ပြီး သခ်ၤမ်းကျောင်းအနီးရောက်၍ သစ်တပ် တဲနန်းပြုပြီး စခန်းချ၏။

မင်းကြီးသည် စစ်သည်တို့ကို ထားခဲ့ပြီး မှူးမတ်အခြံအရံဖြင့် သွား၍ ဘုရားလောင်းအား “ငယ်ပါသေး၏။ မင်းပြု၍ ကာမဂုဏ်တို့ကိုခံစားပါဦး။ အရွယ်လွန်မှ ရဟန်းပြုပါ!”ဟု တောင်းပန်၏။ ဘုရားလောင်းက ကာမဂုဏ်

တို့၏ အပြစ်များကိုဂင်း၊ ရဟန်းပြုခြင်း၏အကျိုးထူးများကိုဂင်း ဖော်ပြလျက် တရားစကား အမျိုးမျိုးကို ဟောကြား၏။

ထိုအခါ မင်း, မိဖုရားနှင့်တကွ ပရိသတ် အားလုံးသည်ဂင်း၊ ပြည်လူ အားလုံးတို့သည်ဂင်း သူ့ထံတွင် ရဟန်းပြုကြ၏။ ထိုအကြောင်းကို ကြားကြသည့် ခုနစ်ပြည်ထောင်သော မင်းတို့သည် မှူးမတ်ဗိုလ်ပါ အပေါင်းနှင့် တကွလာ၍ သူ့ထံ၌ ရဟန်းပြုကြ၏။ ထိုပရိသတ် အားလုံးသည် စျာန်, အဘိညာဉ်တို့ကို ရကြ၍ စုတေသော် ဗြဟ္မာ့ပြည်၌ ဖြစ်ကြလေ၏။

ပညာရှိသည် မင်းစည်းစိမ်ကို ငဲ့ရကဲ့သို့ ထင်မှတ်၍ စတာထွက်လေ့ရှိ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ်"ရဟန်းတို့ခြိုးမှမ်းကြသည့်ဘုရား၏တောထွက်ခြင်း (နိက္ခမပါရမီ)ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**—ဥလပဝဏ်ထေရီ= ထီးချက်စောင့်နတ်သမီး။ သာရိပုတ္တရာ= ရထားမှူး။ အနုရုဒ္ဓါ=သိကြားမင်း။ အာနန္ဒာ=ဝိသကြုံနတ်သား။ မတ်တော်ခမည်းတော်=မယ်တော်, ခမည်းတော်။ ဘုရား=တေမိယမင်းသား။]

၅၃၉၊ မဟာဇနကဇာတ်

အာဇာနည် ဇနကမင်းအကြောင်း

ဝိဒေဟာရာဇ်တိုင်း မိထိလာပြည်၌ 'မဟာဇနက'မင်း၏သားကြီး 'အရိဋ္ဌဇနက' သည် မင်းဖြစ်၍ သူ့ညီ 'ပေါလဇနက'သည် အိမ်ရှေ့မင်းဖြစ်၏။ မင်းသည် တနေ့သ၌ အမတ်တဦးက အကြိမ်ကြိမ်ဂုံးတိုက်သည်ကို နာယူ၍ အိမ်ရှေ့မင်းကို ဖမ်းပြီး သံခြေကျဉ်းတို့ဖြင့် ချည်ခတ်၍ နှောင်အိမ်၌ ထား၏။

အိမ်ရှေ့မင်းသည်"ငါ့နောင်တော်၏ရန်သူမဟုတ်လျှင် နှောင်အိမ်တံခါးပွင့်၍ သံခြေကျဉ်းများ ပြတ်စေကုန်သတည်း"ဟု သစ္စာပြုသော် ထိုခဏ၌ပင် သစ္စာပြုတိုင်း ဖြစ်၏။ သူသည် မြို့မှထွက်ပြီး အရပ်စုန်ရွာတခု၌နေ၍ တဖြည်းဖြည်း ပစ္စန္တရစ်ရွာငယ်များကိုသိမ်းရုံးပြီး မိထိလာပြည်သို့ စစ်သည်မြောက်များစွာဖြင့်ချီ၍ မြို့ပြင်၌သစ်တပ်တည်လျက်နေ၏။ သူသည် နောင်တော်ထံသို့ "ပြည်ကိုပေးမည်လော၊စစ်ထိုးမည်လော"ဟုမှာစာပို့စေ၏။အရိဋ္ဌဇနကမင်းက'စစ်ထိုးမည်'ဟု စကားပြန်လိုက်ပြီး ဘုရားလောင်းပဋိသန္ဓေတည်၍ ကိုယ်ဝန် အရင့်အမာရှိသည့် မိဖုရားကြီးအား "ငါသည် ပေါလဇနကနှင့် စစ်ထိုးရအံ့။ သတင်းကို နားထောင်၍ ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရှောက်လော့"ဟု မှာထားခဲ့ပြီး စစ်သည်အလုံးအရင်းဖြင့် ထွက်၏။

မိဖုရားကြီးသည် 'စစ်ပွဲ၌ အရိုင်ဗဇနကမင်း ကျဆုံး၍ စစ်ရှုံးသည်'ကို ကြားလျှင် ရှေတိုက်မှ ရှေ ငှေကျောက်မျက်ရတနာတို့ကို ပုဆိုးဖြင့်ထုပ်၍ တောင်းတခု၌ ထည့်ပြီး ဆင်းရဲသူမအသွင်ဖြင့် တိတ်တဆိတ် မြို့မှ ထွက်သွား၏။ သူမသည် အရပ်တပါးသို့ မသွားဘူးသူ ဖြစ်၍ ဝေးဝေးမသွားဝံ့။ ထို့ကြောင့် မြို့ပြင်စရပ်တခု၌ ဝင်နား၍ သူကြားဘူးသည့် ယူဇနာခြောက်ဆယ် ဝေးသော ကာလစမ္ပာနဂိုရ်ပြည်သို့ သွားရာလမ်းကို ခရီးသွားတို့အား မေးလျက်နေ၏။ ထိုအခါ ဘုရားလောင်း၏ အာနုဘော်ကြောင့် သိကြားမင်းသည် ရထားပေါင်းချုပ်ကို ဖန်ဆင်း၍ ယောကျ်ားအိုအသွင်ဖြင့် ရထားကို နှင်လျက် ထိုစရပ်သို့လာ၏။ မိဖုရားကိုတင်၍ ကာလစမ္ပာနဂိုရ်ပြည်၏ တောင်တံခါးအနီးသို့ ယူဆောင်ပြီး "ဤအရပ်၌ဆင်း၍ မြို့တွင်းဝင်လော" ဟု ထားခဲ့ပြီး ပြန်လေ၏။

မိဖုရားသည် အနီးရှိ စရပ်တခု၌ ဝင်နားနေ၏။ ထိုခဏ၌ ထိုမြို့နေ ဒိသာပါမောက္ခ ဆရာ ပုဏ္ဏားကြီးသည် တပည့်ငါးရာ ခြံရံလျက် တောင်တံခါးဖြင့် ရေချိုးရန် ထွက်လာသော် မိဖုရားကြီးကိုမြင်လျှင် နှမငယ်အဖြစ်ဖြင့် ချစ်ခြင်းဖြစ်ပေါ်၏။ သူသည်တပည့်လုလင်တို့ကိုလွှတ်ရာသို့ဖဲခွာစေပြီး တယောက်တည်း စရပ်သို့ လာမေး၍ အကြောင်းစုံကို ကြားသိသော် "ငါသည် သင့်ကို နှမရင်းကဲ့သို့မှတ်၍ လုပ်ကျွေးမည်။ သင်ကလည်း ငါ့ကို မောင်ကြီးကဲ့သို့ မှတ်၍ ငါ့ခြေတို့ကို ဖက်လျက် 'ကာလရှည်စွာ ကဲ့နေပြီးမှ မောင်ကြီးကို တွေ့ရပေသည်'ဟု ငိုကြွေးမြည်တမ်းလော့" ဟု ဆို၏။ မိဖုရားလည်း သူဆိုတိုင်းပြု၏။

တပည့်လုလင်တို့ လာမေးကြသော် ပုဏ္ဏားကြီးက အကြောင်းစုံကို ပြောကြားပြီး လုလင်တို့အား ရထားပေါင်းချုပ်ကို ယူခိုင်း၍ မိဖုရားကို တင်ပြီး "ငါ့အိမ်သို့ ပို့၍ ပုဏ္ဏားမအား ငါ့နှမဖြစ်ကြောင်း ပြောပြလော့" ဟု ဆို၍ ပို့စေ၏။ ပုဏ္ဏားမလည်း "ငါ့ယောင်းမကို တွေ့ရပေ၏" ဟု ဝမ်းမြောက်၍ ကောင်းစွာ ပြုစု၏။ ပုဏ္ဏာားကြီးလည်း ရေချိုးပြီး အိမ်ပြန်၍ မိဖုရားအား ကောင်းစွာ လုပ်ကျွေးပြုစု၏။ မိဖုရားသည် များမကြာမီ သားတော်ကို ဖွားပြီး 'မဟာဇနက'ဟု အမည်ပေး၏။ကစား၀ါက် ကလေးသူငယ်တို့နှင့် ကစားစဉ် ရန်ဖြစ်၍ ဘုရားလောင်း မဟာဇနကမင်းသားက ရိုက်ပုတ်သော် ထိုသူငယ်တို့က 'မူဆိုးမသား'ဟု ဆဲကြ၏။

ထိုအခါဘုရားလောင်းက မိခင်အား "မိခင်၊ ကျွန်ုပ်၏ အဖကား အဘယ်သူနည်း" ဟု မေး၏။ မိခင်က "ဤပါမောက္ခဆရာကြီးသည် သင့်အဖတည်း"

ဟု ဆို၏။ နောက်တခါ ရှေးနည်းတူ အဆဲခံရသော် သူက "ငါမုဆိုးမ သားမဟုတ်၊ ဤပါမောက္ခဆရာသည် ငါ့အဖတည်း" ဟု ဆိုလျှင် ထိုသူငယ်တို့က "ဤဆရာသည် သင့်အဖ မဟုတ်" စသည်ဖြင့် ရှင်းပြကြ၏။ ထိုအခါ သူသည် မိခင်၏ ရင်ခွင်ကြားဌေးနေ၍ မိခင်၏ သားမြတ်စွန်းကို ကိုက်လျက် "မိခင်၊ ကျွန်ုပ်၏အဖကို မှန်မှန်ပြော့လော။ မပြောလျှင် သားမြတ်စွန်းကို ကိုက်ဖြတ်အံ့" ဟု ဆို၏။ မိခင်က အမှန်အတိုင်း ပြောပြ၏။ ထိုအခါမှစ၍ ဘုရားလောင်းသည် ထိုသူငယ်တို့ ဆဲသည်ကို သည်းခံ၏။ သူသည် ပါမောက္ခဆရာထံ၌ပင် အတတ်ပညာများကို သင်ယူ၍ အရွယ်ရောက်လျှင် အတတ်သင်ခြင်း ပြီးဆုံး၏။

ထိုအခါ သူသည် "ငါ့ဖခင်၏ ဥစ္စာ မိထိုလာပြည်ကို ငါလုံလအစုမ်းဖြင့် သိမ်းယူအံ့" ဟု ကြံ၍ မိခင်က အကြိမ်ကြိမ်တားသည်ကို ပယ်ပြီး သဘော်သား ခုနစ်ရာတို့နှင့်အတူ သဘော်စီး၍ သုဝဏ္ဏဘူမိသို့ သွား၏။ ခုနစ်ရက်မြောက်၌ ထိုသဘော်သည် ကဲ့ပျက်ပြီး သမုဒ္ဒရာ၌ နစ်မြုပ်၏။ သူသည် ထောပတ်စသည် အားရှိသည့် အစာများကို စား၍ လင်းယဉ်တိုင် ပေါ်တက်ပြီး မိထိုလာပြည်ရှိရာ အရပ်ကိုမှတ်၍ ခုန်ချပြီး မလျှော့သောဇဲလုံလသတ္တိဖြင့် ခုနစ်ရက်တိုင် ကူး၏။ နောက် မဏိမေခလာ နဟ်သမီးသည် လာ၍ အကြောင်းစုံကို မေးမြန်းသိရှိသော် သူ့ကို ပွေ့ပိုက်ယူသွားပြီး မိထိုလာပြည် မင်း၏ သရက်ဥယျာဉ်ဝယ် မင်္ဂလာကျောက်ဖျာပေါ်၌ သိပ်ထား၍ ပြန်သွား၏။

ထိုနေ့သည် ပေါလဇနကမင်း ကွယ်လွန်ပြီး ခုနစ်ရောက်မြောက်နေ့ ဖြစ်၏။ ထိုမင်းမှာ 'သီလဝတီ'မည်သော အဆိပညာ အမြော်အမြင်နှင့် ပြည့်စုံသည့် သမီးတဦးသာ ရှိ၏။ ထိုမင်းသည် မကွယ်လွန်မီက မှူးမတ်တို့အား "ငါ့သမီးနှစ်သက်သူ၊ ဗိုလ်ခြေတထောင်တာင်ရသည့် လေးကို တယောက်တည်း တင်နိုင်သည့် ကာယဗလရှိသူ၊ ပလ္လင်၏ ခေါင်းရင်းကိုသိ၍ တဆဲခြောက်ဌာနဉ် မြုပ်ထားသည့် ရှေအိုးများကို ဖော်ထုတ်နိုင်သည့် ဉာဏဗလရှိသူဖြစ်လျှင် မည်သူ့ကိုမဆို ငါ့သမီးနှင့် လက်ထပ်ပေး၍ မင်းပြုစေ" ဟု မှာထားခဲ့၏။

မှူးမတ်တို့သည် "စစ်သူကြီး၊ ရွှေတိုက်ဝန်၊ ထီးတော်မိုးအမတ်၊ သန်လျက်စဲ့ အမတ်တို့သည် မင်းသမီးနှင့် အကျမ်းဝင်ကြ၏။ ထိုသူတို့ကို မင်းသမီးနှစ်သက်ရာ၏" ဟု ကြံ၍ ထိုသူအသီးသီးကို မင်းသမီးထံ စေလွှတ်ကြ၏။ သီလဝတီသည် 'ထိုသူအသီးသီးမှာ အဆိပညာ,သမာဓိစသည် ရှိမရှိ' စမ်းသပ်ပြီး

မရှိကြောင်း တွေ့လျှင် ထိုသူအသီးသီးကို အရှက်ခွဲ၍ ပြေးစေ၏။ နောက် မှူးမတ်တို့သည် မင်းလောင်းကို ရှာဖွေရန် ဗုံသံရထားကို လှတ်၏။ ထိုရထားသည် သရက်ဥယျာဉ်သို့ သွားပြီး ဘုရားလောင်းအိပ်နေသည့် နေရာအနီး၌ ရပ်၏။ ပုရောဟိတ်နှင့် အမတ်တို့သည် အကျိုးအကြောင်း ပြောကြား၍ ဘုရားလောင်းကို မင်းမြောက်ပြီး နန်းတော်သို့ ပင့်ဆောင်ကြ၏။

ဘုရားလောင်းသည် နန်းဘော်တွင် မှူးမတ်အပေါင်း ခြံရုံလျက် မင်း၏ စံပါယ်ခြင်းဖြင့်နေ၍ တိုင်းပြည်အကြောင်း မေးမြန်းဆွေးနွေး၏။ သီလဝတီသည် မိမိအခန်းတွင်း၌ ဘုရားလောင်းကို စုံစမ်း၍ ယောကျ်ား အာဇာနည်ဖြစ်ကြောင်းသိလျှင် အလွန်နှစ်သက်ဝမ်းမြောက်နေ၏။ ဘုရားလောင်းသည် မှူးမတ်အခြံအရံဖြင့် မင်းသမီးထံ သွား၏။ နောက် မှူးမတ်တို့က မင်းကြီး မှာခဲ့သည့် စကားများကို လျှောက်ကြ၏။ သူသည် ဗိုလ်ခြေတထောင်တင်ရသည့်လေးကြီးကို တယောက်တည်းတင်ပြ၏။ နောက် မိမိဉာဏ်စွမ်းဖြင့် ပလ္လင်တော်၏ခေါင်းရင်းနေရာကို ပြောကြားပြီး တဆဲ့ခြောက်ဌာန၌ ပေါလဇနကမင်း မြုပ်ထားခဲ့သည့်ရွှေအိုးပေါင်းသုံးဆဲ့တလုံးကို ပြောကြား၍ ဖော်ထုတ်စေ၏။ သူသည် သီလဝတီကို မိဖုရားကြီးအရာ၌ ထား၍ ကာလစမ္ပာနဂိုရ်ပြည်၌နေသော မယ်တော်၊ ပါမောက္ခဆရာကြီးနှင့် သူ့အိမ်သား အားလုံးကို ခေါ်ဆောင်ပြီး စည်းစိမ်အခြံအရံများစွာပေး၍ လုပ်ကျွေးပြုစု၏။

ဘုရားလောင်းသည် စရပ်ငါးခုဆောက်၍ နေ့စဉ် အလှူကြီးကို ပေး၏။ ပေါလဇနကမင်းကြီးက နေ့စဉ် နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေးခဲ့သည့် ရှင်ပစ္စေက ဗုဒ္ဓါတို့အား လည်း နေ့စဉ် နန်းတော်၌ ဆွမ်းဖြင့် လုပ်ကျွေး၏။ သူသည် သီလဝတီမိဖုရားဖြင့်ရသော 'ဒီဃာစု' မင်းသားအား အရွယ်ရောက်သော် အိမ်ရှေ့အရာကိုပေးပြီး အနှစ်ခုနှစ်ထောင်တိုင် မင်းစည်းစိမ်ကို ခံစား၏။ နောက် တနေ့သ၌ သူသည် မှူးမတ်ဗိုလ်ပါအခြံအရံဖြင့် သရက်ဥယျာဉ်သို့ ထွက်ရာ 'အသီးမသီးသည့် သရက်ပင်မှာ နဂိုရ်အတိုင်းရှိပြီး အသီးသီးသည့် သရက်ပင်မှာ ကျိုးပဲ့ပျက်စီးနေသည်'ကို တွေ့မြင်သော် "ဤ မင်းစည်းစိမ်သည် အသီးသီးသည့် သရက်ပင်နှင့်တူ၍ ရန်သူနှင့် ဆက်ဆံ၏။ ရဟန်းဘဝသည် အသီးမသီးသည့် သရက်ပင်နှင့်တူ၍ ရန်သူနှင့် မဆက်ဆံ" ဟု နှလုံးသွင်း၍ ရဟန်းပြုလိုစိတ် ဖြစ်ပေါ်၏။ သူသည်နန်းတော်သို့ ပြန်ရောက်လျှင်ပင် စစ်သူကြီးကိုခေါ်၍ "ငါသည် ယနေ့မှစ၍ ပြာသာဒ်အထက်ဆင့်၌ တယောက်တည်းနေလို၍ ငါ့ထံသို့ ဝတ်ကြီးဝတ်ငယ် ပြုစုသူတို့မှတပါး အခြားတယောက်မျှ မဝင်စေနှင့်" ဟု အမိန့်ပေးပြီး အထက်ဘုံဆင့်၌နေ၏။

လေးလကြာသော် သူသည် စားတော်ကဲအား သူတပါး မသိစေဘဲ စေ့းတန်းမှ သင်္ဘောသုံးထည်နှင့် မြေသပိတ်ကို ဝယ်ယူခိုင်းပြီး သင်္ဘော်တ်၏။ နောက်တနေ့ အရုဏ်တက်လျှင် တပါးသူအား အသိမပေးဘဲ နန်းတော်မှဆင်း၍ တောသို့သွား၏။ ထိုခဏ၌ အကျိုးအကြောင်းမေးရန် လာသည့် မိဖုရားကြီးနှင့် မိဖုရားငယ် ခုနစ်ရာတို့သည် ရဟန်းအသွင်နှင့် ဆင်းလာသည့် မင်းကြီးကို 'ပစ္စေကဗုဒ္ဓါ'ထင်မှတ်၍ လမ်းလဲ့ပေးကြ၏။ နောက်မှ ရဟန်းပြုပြီး ဆင်းသွားသည်ကို သိရှိ၍ လိုက်သော် အရှေ့စမုခ်ဝတွင်မှပြီး ငိုကြွေးလျက် နောက်မှလိုက်ကြ၏။ မှူးမတ်ပြည်သူ အပေါင်းလည်း ထို အကြောင်းကိုကြားလျှင် နောက်မှ လိုက်ကြ၏။ သူတို့က နန်းတော်သို့ ပြန်ကြရန် ငိုကြွေးတောင်းပန်ကြသော်လည်း ဘုရားလောင်းက စကားတခွန်းမျှ ပြန်မပြောပေ။

မိဖုရားကြီးသည် စစ်သူကြီးအား ရှေ့ကဆီးကြို၍ အိမ်ဟောင်းမျှားကို မီးတိုက်ခိုင်းရှင်း၊ နောက် မြို့ရှာတိုင်းနိုင်ငံကို လူဆိုးခိုးသူတို့ ဆူညံအော်ဟစ် လုယက်ဖျက်ဆီးကြပုံကို ပြုခိုင်းရှင်း မြို့တော်သို့ ပြန်၍ ထီးနန်းကို စောင့်ရှောက်ရန် ငိုကြွေး တောင်းပန်ပြန်သော်လည်း မရပေ။ နောက် ဘုရားလောင်းသည် နောက်သို့လှည့်၍လမ်းပေါ်တွင် စည်းတားပြီး "ဤစည်းကြောင်း ဖြတ်သူကို အပြစ်ကြီးစွာ ပေးစေ"ဟု အမတ်တို့အား ပြော၍ ခရီးဆက်၏။ ထိုနေရာ၌ လူးလဲငိုကြွေးသည့် မိဖုရားကြီးကြောင့် စည်းကြောင်းပျက်သွားသော် ပရိသတ်အားလုံးသည် "စည်းကို ဖျက်အပ်ပြီ"ဟု ဆို၍ နောက်မှ လိုက်ကြပြန်၏။ ဘုရားလောင်းလည်း ထိုပရိသတ်ကို မတားနိုင်သဖြင့် ဟိမဝန္တာသို့ ရှေ့ရှု၍ ယူဇနာခြောက်ဆယ်တိုင်အောင် ကြွ၏။ ပရိသတ်တို့လည်း နောက်မှ ငိုကြွေးလိုက်ကြ၏။

ထိုအခါ ဟိမဝန္တာနေ 'နာရဒ'ရသေ့သည် ကောင်းကင်ဖြင့်လာ၍ ရပ်လျက် ဘုရားလောင်းအား "ကာမဂုဏ်တို့ကိုစွန့်၍ ရဟန်းတရား အားထုတ်လော့"ဟု အဆုံးအမကိုပေးပြီး ပြန်သွား၏။ နောက်ဟိမဝန္တာနေ 'မဂါဇိန်' ရသေ့လည်း ကောင်းကင်ဖြင့်လာ၍ သူ့အား အလားတူ အဆုံးအမကို ပေးပြီး ပြန်သွား၏။ ဘုရားလောင်းလည်း ဆက်သွား၍ ပရိသတ်တို့လည်း နောက်မှလိုက်ကြ၏။ ညအခါ၌ 'ထူဏ' မြို့အနီးရောက်သော် မှူးမတ်ပရိသတ်တို့ စခန်းချနေကြပြီး ဘုရားလောင်းသည် ထိုနေရာနှင့် မနီးမဝေး သစ်ပင်တပင်ရင်း၌ တည်းခို၏။

မိုးသောက်သော် မိဖုရားကြီးသည် မှူးမတ်တို့အား နောက်မှ တဖြည်းဖြည်း လိုက်ခဲ့ရန်ပြောပြီး တယောက်တည်း ဘုရားလောင်းနောက်သို့ အမှီလိုက်၏။ ဆွမ်းခံချိန် ထူးကဖြို့သို့ ရောက်သော် ဘုရားလောင်းသည် 'အိမ်တအိမ်မှအမဲကင်ကို ခိုးယူပြေးသည့်ခွေးသည် သူ့နှင့်ရင်ဆိုင်တွေ့ပြီးကြောက်၍ပစ်ချပြေးသည့်' အမဲကင်ကို ကောက်ယူပြီး ရေရှိရာသို့သွား၍ ဘုဉ်းပေး၏။ မိဖုရားကြီးမှု ကဲ့ရဲ့ပြစ်တင်၏။

မြို့ထဲ၌ ဘုရားလောင်းသည် လက်တဖက်၌ လက်ကောက်တခု၊ အခြားတဖက်၌ လက်ကောက်နှစ်ခု ဝတ်ဆင်လျက် သဲတို့ဖြင့် ကစားနေသည့် မိန်းမငယ်ကိုမြင်၍မေးပြီး "ထိုလက်ကောက် နှစ်ခုသည် အချင်းချင်း တိုက်ခိုက်မိ၍ မြည်ကြ၏။ ထို့အတူ သင်သည် ဤမိန်းမနှင့်အတူ နေလျှင် မကြာမီ ရဟန်းအဖြစ်၌ အန္တရာယ်ဖြစ်မည်"ဟု ဆိုသော် ထိုမိန်းမငယ်၏ စကားကို ယူ၍ဝင်း၊ နောက် မြားကို မီးကင်၍ မျက်စိတဖက်ကိုမှိတ်ပြီး မြားတံ ဖြောင့်မဖြောင့် ကြည့်နေသည့် လေးသမားကိုမြင်၍ မေးပြီး "မျက်စိနှစ်ဖက်ဖြင့် ကြည့်လျှင် စိတ်များသဖြင့် မြား ဖြောင့်,မဖြောင့်ကို မသိနိုင်။ ထို့အတူ ရှင်ရဟန်းသည် ဤမိန်းမနှင့် အတူနေလျှင် စိတ်များ၍ သမာဓိကို မရနိုင်။ ရဟန်းတရားကို အားမထုတ်နိုင်"ဟု ဆိုသော လေးသမား၏ စကားကိုယူ၍ဝင်း မိဖုရားအား ပြန်ရန်ဆုံးမ၏။

နောဂ် ဆက်လက်၍ဟိမဝန္တာတောကြီးအနီးရောက်လျှင် သူသည် လက်ဖြင့် မြက်ညှန့်ကို ဖြတ်ယူပြီးမိဖုရားအား "ဤမြက်ညှန့်သည် မြက်ပင်နှင့်တဖန် ပြန်ဆက် မရနိုင်သကဲ့သို့ ငါသည် ရဟန်းတရားကို အားထုတ်လို၍ သင်တို့ကို စွန့်ပြီးမှတဖန် သင်တို့နှင့် ပြန်မပေါင်းနိုင်။ ငါသည် တယောက်တည်း သွားအံ့။သင် နေရစ်လော"ဟုဆို၏။ ဤတွင် မိဖုရားသည် ပူဆွေးပြီး ပြင်းစွာရင်ကိုတီးလျက် ငိုကြွေး၍ မိန်းမောပြီး လဲသွားသော် ဘုရားလောင်းသည် ခြေရာကို ဖျောက်၍ တောကြီးထဲသို့ ဝင်ပြေး၏။ နောက်မှ လိုက်ကြသည့် မှူးမတ်တို့သည်မိဖုရားအနီး ဝိုင်းဝန်းစုရုံးလျက် ရေဖြင့် သွန်းခြင်း, ခြေလက်ဆုပ်နယ်ခြင်းတို့ကို ပြုကြ၏။အတန်ကြာလျှင် မိဖုရားသည် သတိရပြီး မှူးမတ်တို့အား "မင်းကြီးဘယ်မှာနည်း"ဟု မေး၍ ရှာစေသော် ဘုရားလောင်းကို ရှာမတွေ့တော့ပေ။

ထိုအခါ မိဖုရားသည် မှူးမတ်တို့နှင့်အတူ ထိုတောမှ ငိုယိုလျက် နေပြည်တော်သို့ ပြန်၏။ ဘုရားလောင်းသည် ထိုဟိမဝန္တာ၌ပင် ခုနစ်ရက်အတွင်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ အနှစ်သုံးထောင်ပတ်လုံး စျာန်ဖြင့်

မွေ့လျော်ပြီးနေ၏။ မိဖုရားကြီးလည်း သားတော် 'ဒီဃာဝု' မင်းသားအား မင်းမြောက်ပြီး မင်းဥယျာဉ်၌ပင် ရဟန်းပြု၍ မကြာမီ ပထမစျာန်ကိုရ၍ အနှစ်သုံးထောင်ပတ်လုံး နေလေ၏။

ပညာရှိသည် လူစည်းစိမ်ကို တံတွေးတမျှ ရှုံ့ချ၍ တောထွက်လေ့ရှိ၏။

[မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌နေစဉ် "ရဟန်းတို့ချီးမွမ်းသည့်ဘုရား၏ တောထွက်ခြင်း (နိက္ခမပါရမီ) ကို အကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း–ဥပ္ပလဝဏ်= မဏိမေခလာနတ်သမီး။ ခေမာထေရီ= ရွှေလက်ကောက်ရှင် မိန်းမငယ်။ မောဂ္ဂလ္လာန်=မိဂါဇိန်ရသေ့။သာရိပုတ္တရာ= နာရဒရသေ့။ အာနန္ဒာ=လေးသမား။ ရာဟုလာမိခင် ဗိမ္မာထေရီ= သီလဝတီမိဖုရား။ ရာဟုလာထေရ်=ဒီဃာဝုမင်းသား။ မယ်တော်, ခမည်းတော်= မယ်တော်, ခမည်းတော်။ ဘုရား=မဟာဇနကမင်းကြီး။]

၅၄၀၊ သုဝဏ္ဏသာမဇာတ်

မိဘကို လုပ်ကျွေးသူ သုဝဏ္ဏလျှံအကြောင်း

ဗာရာဏသီပြည်နှင့် မနီးမဝေး မြစ်တခု၏ ကမ်းတဖက်ရှိ တံငါရွာ နှစ်ရွာမှ အကြီးအကဲ တံငါကြီးနှစ်ဦးသည် မိမိတို့ အသီးသီး၏သား 'ဒုက္ကုလ'နှင့်သမီး 'ပါရိကာ'တို့ကို ထိမ်းမြားပေးကြ၏။ ဒုက္ကုလနှင့်ပါရိကာတို့သည် ဖြဟ္မာ့ပြည်မှ လာသူများ ဖြစ်၍ ကာမမှကိုမပြုကြဘဲမိဘများကို ပန်ကြားပြီး ဟိမဝန္တာသို့သွား၍ မြစ်တခုအနီး၌ ရဟန်းပြု၍ နေကြ၏။

နောင်တွင် သူတို့ မျက်စိကွယ်မည်ကိုမြင်သော သိကြားမင်းက လာပြော၍ ခိုင်းသဖြင့် ဒုက္ကုလသည် လုပ်ကျွေးပြုစုပေးမည့်သား ရရန်အတွက် ဥတုလာသည့် ပါရိကာ၏ ချက်ကို လက်ဖြင့် သုံးသပ်၏။ ဘုရားလောင်းနတ်သား သည် နတ်ပြည်မှ စုတေ၍ ပါရိကာ၏ဝမ်း၌ ပဋိသန္ဓေယူပြီး ဖွားသော် ရွှေအဆင်းရှိ၍ 'သုဝဏ္ဏသာမ' (သုဝဏ္ဏလျှံ)မည်၏။ မိဘတို့သည် သစ်သီးရှာသွားသော် သားကို ထားခဲ့၏။ ဘုရားလောင်းကို ကိန္နရာတို့ လာ၍ ရေချိုး, တန်ဆာဆင်ခြင်း စသည်တို့ကို ပြုစုပြီး ပြန်သွားကြ၏။ ဘုရားလောင်းသည် အရွယ်ရောက်သော် မိဘတို့ မျက်စိကွယ်မည်ကိုမြင်၍ မိဘတို့သွားသည့်လမ်းကို မှတ်ထား၏။

တနေ့သ၌ မိဘတို့သည် သစ်သီးရှာရာမှ ညနေချိန် ပြန်လာရာ သခ်မ်းကျောင်းနှင့် မနီးမဝေးအရပ်သို့ရောက်စဉ် မိုးကြီးရွာ၍ သစ်ပင်တပင်ရင်းရှိ

တောင်ပို့ပေါ် ရပ်ကြ၏။ သူတို့၏ကိုယ်မှ ချွေးနှင့်ရောသည့် ရေသည် ကျ၍ တောင်ပို့တွင်းရှိ မြွေဟောက်၏ နှာခေါင်းထဲသို့ ဝင်၏။ ထိုမြွေဟောက်က အမျက်ထွက်၍ နှာခေါင်းလေနှင့် မှုတ်သဖြင့် သူတို့မျက်စိကွယ်၍ ငိုကြွေးကြ၏။ ဘုရားလောင်းလည်း မိဘတို့ကို ကြိုဆိုရန်ထွက်လာသော် ထိုငိုကြွေးသံကို ကြား၍ မိဘများကို သွားခေါ်လာ၏။ သူသည် စကြံသွားရာ, ကျင်ကြီးကျင်ငယ်သွားရာ အရပ်စသည်တို့၌ ကြိုးတန်းကိုလုပ်၍ ကျောင်းသခင်မ်း၌ ထားပြီး အဖက်ဖက်မှ မလစ်ဟင်းအောင် လုပ်ကျွေးပြုစု၏။ သူသည်တောသို့ သစ်သီးရှာသွားသော် ကိန္နရာ ကိန္နရီတို့က သစ်သီးများကို ဆွတ်ခူးပေးပြီး မြစ်သို့ ရေခပ်သွားသော် သမင်တို့က ခြံရံလိုက်ပါ၍ ကူညီကြ၏။

တနေ့သ၌ သမင်သား အစားကြူးသော 'ပိဋ္ဌိယက္ခ' အမည်ရှိ ဗာရာဏသီမင်းသည် ဟိမဝန္တာသို့သွား၍ သမင်သားကိုစားလျက် ထိုမြစ်သို့ ရောက်လာ၏။ သူသည် ဘုရားလောင်း၏ ရေခပ်ဆိပ်၌ သမင်ခြေရာများကိုမြင်၍ သစ်ခက်တို့ဖြင့် တဲအုံလုပ်ပြီး ထိုအုံ၌ ပုန်းနေ၏။ ဘုရားလောင်းသည် ညနေခါနီးတွင် သမင်ပေါင်းခြံရံလျက် သမင်နှစ်ကောင်ပူး ကျောပေါ်၌ ရေအိုးကိုတင်၍ လက်ဖြင့်ကိုင်ကာ မြစ်ဆိပ်သို့ ရေခပ်သွား၏။ မင်းသည် သူ့ကို မြင်လျှင် "ဤအရပ်၌ လူကိုမမြင်စဘူး။ ဤသူကား လူလော, နတ်လော, နဂါးလော။ အဆိပ်လူးမြားဖြင့်ပစ်၍ အားနည်းအောင်ပြုပြီးမှ မေးအံ့" ဟုကြံ၍ အုံဆိပ်လူးမြားဖြင့် ပစ်၏။ ထိုမြားသည် ထုတ်ချင်းပေါက်ထွက်ပြီး ဘုရားလောင်းသည် လဲကျသွား၏။ သမင်တို့သည် ကြောက်၍ ထွက်ပြေးကြ၏။ ဘုရားလောင်းသည် မိဘတို့ကိုရှိခိုး၍ အမျိုးမျိုး ငိုကြွေး မြည်တမ်းသော် မင်းသည် "ဤသူကား လူယောကျ်ားမြတ် ဖြစ်ရာ၏။ ပစ်သူကိုမျှ အမျက်မထွက်။ သူ့မှာ မိဘနှစ်ပါးရှိရာ၏။ ငါသည် သူတော်ကောင်းကို ပြစ်မှားမိချေပြီ။ ငါသည် သူ့မိဘများကို သူလုပ်ကျွေးသည့်နည်းဖြင့် လုပ်ကျွေးအံ့" ဟု ကြံ၏။ သူသည် ဘုရားလောင်းထံ သွား၍ တောင်းပန်ပြီး "သင့်မိဘများကို ငါလုပ်ကျွေးပါအံ့" ဟုဆိုပြီး ငိုကြွေးနေ၏။

ထိုအခါ ဘုရားလောင်း၏ရှေးဘဝ၌ မိခင်ဖြစ်ဘူးသော ဂန္ဓမာဒနတောင်နေ 'ဗဟုသုန္ဒရီ' နတ်သမီးသည် လာ၍ မင်းအား "သင်သည် ငါ့သား၏ မိဘများကို သွားလုပ်ကျွေးလော့" ဟုဆို၏။ မင်းသည် ငိုကြွေးလျက် ရေပြည့်သော အိုးကိုယူပြီး ဘုရားလောင်းပြောသည့်လမ်းအတိုင်းသွား၍ သူ့ဘခင်ထံ ရောက်၏။ သူ့ခြေသံကိုကြားလျှင် ဒုက္ခလသည် "ငါ့သား၏ ခြေသံမဟုတ်" ဟု သိ၍ "အဘယ်သူနည်း" ဟု မေး၏။ မင်းသည် မိမိကိုကြောက်ရွံ့

ခန့်ညားအောင်ပြုလို၍ "ကျွန်ုပ်သည် ဗာရာဏသီပြည့်ရှင် မိဇ္ဈိယကမ္ဘမင်းတည်း" ဟုဆို၏။ ဒုက္ကုလသည် ထိုစကားကိုကြားလျှင် ရိုသေစွာပြောဆို၍ အစားအသောက်တို့ဖြင့် ဧည့်ဝတ်ပြု၏။ နောက်မှ မင်းက ဘုရားလောင်းကို အဆိပ်လူးမြားဖြင့်ပစ်သတ်မိကြောင်း ပြောကြား၏။ ထိုအခါ ကျောင်းဆရာမ်းသီးခြားနေသော ပါရိုကာသည် ထိုစကားကိုကြားလျှင် ကြိုးတန်းဖြင့်လာ၍ သားအကြောင်းကို ဒုက္ကုလအား မေး၏။ ဒုက္ကုလက ပါရိုကာအား "မင်းကြီးအား အမျက်မထွက်လင့်"စသည်ဖြင့် တရားဟော၏။ သူတို့နှစ်ဦးသည် လက်နှစ်ဖက်ဖြင့် ရင်ကိုထု၍ သား၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းလျက် သည်းစွာ ငိုကြွေးကြ၏။

မင်းသည် "သူတို့ကား သူတို့သားကိုသတ်သည့် ငါ့ကိုပင် အမျက်မထွက်ကြ"ဟု အလွန်အံ့သြလျက် "သင်တို့ မစိုးရိမ်လင့်။ သင်တို့သား လုပ်ကျွေးသည့်နည်းဖြင့် သင်တို့ကို လုပ်ကျွေးပါအံ့" ဟု နှစ်သိမ့်စကား ပြော၏။ ဒုက္ကုလနှင့် ပါရိုကာတို့က "သင်မင်းကြီးသည် ငါတို့ကို လုပ်ကျွေးဘို့ မလိုပါ။ ငါတို့ကို သားထံသာ ပို့ပေးပါ"ဟု တောင်းပန်ကြ၏။ ထိုအခါ နေဝင်လေပြီ။ မင်းသည် သူတို့ကို တားမရသဖြင့် ဘုရားလောင်းထံ ခေါ်ဆောင်သွား၏။ ဒုက္ကုလသည် သား၏ဦးခေါင်းကို မိမိပေါင်ပေါ်၌ဆင်း၊ ပါရိုကာသည် သား၏ခြေတို့ကို မိမိပေါင်ပေါ်၌ဆင်းထားပြီး အမျိုးမျိုးသောစကားတို့ဖြင့် ပြင်းစွာ ငိုကြွေး မြည်တမ်းကြ၏။ နောက် သား၏ရင်ပေါ် လက်ကို ထား၍ အငွေ့ကို စူးစမ်းသော် "အငွေ့ရှိသေး၏။ ငါ့သားမသေသေး။ အဆိပ်အဟုန်ကြောင့် မိန်းမောနေလတံ့။ အဆိပ်မရှိအောင် သစ္စာပြုအံ့"ဟု ဆို၍ အသီးသီး သစ္စာဆိုကြ၏။ ဘုရားလောင်းသည် လှုပ်ရှားလာ၍ အခြားဖက်သို့ စောင်းအိပ်၏။ နောက် အရုဏ်တက်ချိန်၌ ဗဟုသုဿုရိနတ်သမီးက ထပ်၍သစ္စာပြုသော် ဘုရားလောင်း၏အနာ ပျောက်ကင်းသည်နှင့်တပြိုင်နက် မိဘတို့လည်း မျက်စိအလင်းရကာ ထိုသူလေးဦးလုံး သခ်ၤမ်းကျောင်းသို့ ရောက်ပြီဖြစ်၏။

ထိုအခါ ဘုရားလောင်းက 'မင်းအား မိဘလုပ်ကျွေးသည့် အကျိုးနတ်ပြည်ရောက်ကြောင်း' တရားများကို အကျယ်တဝင့် ဟောကြား၏။ မင်းသည် ထိုအဆုံးအမကို နာခံ၍ ရိုသေစွာ ရှိခိုးပူဇော်ပြီး ပြန်သွား၏။ ဘုရားလောင်းနှင့် မိဘတို့လည်း အဘိညာဉ်သမာပတ်တို့ကို ရကြ၍ စုတေသော် ဗြဟ္မာ့ပြည်သို့ လားကြလေ၏။

မိဘလုပ်ကျွေးသူကို နတ်များက ချစ်ခင်၍ကူညီကြ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "မိဘကို လုပ်ကျွေးပြုစုသော ရဟန်းတပါးကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ် ပေါင်း–အာနန္ဒာ=ပိဋ္ဌိယကျွန်မင်း။ဥပ္ပလဝဏ်=ဗဟုသုန္ဒရီနတ်သမီး။ အနုရုဒ္ဓါ= သိကြားမင်း။ ကဿပမထေရ်= ဒုကူလ။ ပါရိကာ= ဘဒ္ဒကာပိလာနီထေရီ။ ဘုရား=သုဝဏ္ဏသာမ။]

၅၄၁။ နေမိဇာတ်

ငရဲပြည်သို့ သွားသည့် နေမိမင်းအကြောင်း

ဘုရားလောင်း ဗြဟ္မာမင်းကြီးသည် မိမိ၏ ရှေးဘဝကို ဆင်ခြင်၍ "ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မင်းပြုခဲ့သော 'မဂ္ဃဒေဝ'မင်းသည် ဦးခေါင်းမှ ဆံဖြူကိုမြင်၍ တောထွက်ရဟန်းပြုလာခဲ့သည်မှစပြီး ငါ၏သားစဉ်မြေးဆက်မင်းအပေါင်းသည် ငါကဲ့သို့ပင် ဦးခေါင်းမှ ဆံဖြူကို မြင်လျှင် တောထွက်ရဟန်းပြုခဲ့ကြသည်သာ ဖြစ်၍ ငါသည် 'ပဗ္ဗဇ္ဇဝံသ' ခေါ် ရဟန်းမျိုးကို တည်ထောင်ခဲ့သူ ဖြစ်၏။ ယခု လာမည့်မင်းမှာ ရဟန်းပြုမည် မဟုတ်။ ထို့ကြောင့် ငါတည်ထောင်ခဲ့သည့် 'ပဗ္ဗဇ္ဇဝံသ'မျိုးရိုးကို ငါသည်ပင် အဆုံးသတ်သင့်" ဟု ကြံပြီး ဗြဟ္မာ့ပြည်မှစုတေ၍ မိထိလာပြည့်ရှင် မင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေကိုယူ၏။ ဖွားသော် 'နေမိ' မင်းသားဟုခေါ်တွင်၏။

ဘခင် မင်းကြီးသည် ရှေးမင်းတို့ကဲ့သို့ပင် မိမိဦးခေါင်း၌ ဆံဖြူရောက်သည်ကို မြင်သော် သားတော် နေမိမင်းသားအား ထီးနန်းအပ်၍ ရဟန်းပြု၏။ ဘုရားလောင်း နေမိ မင်းသည် တရားသဖြင့် မင်းပြု၍ အလှူစရပ် ငါးခုဆောက်ပြီး နေ့စဉ် ဥစ္စာ ငါးသိန်းကိုလှူဒါန်း၏။ ငါးပါးသီလ မြဲ၍ ဥပုသ်နေ့တိုင်း ဥပုသ်သုံး၏။ ပြည်သူ အပေါင်းအား လည်း မိမိနည်းတူ ပြုကျင့်စေ၏။ မကြာခဏ အစည်းအဝေးသဘင်လုပ်၍ ပြည်သူတို့အား ငရဲဘေးဖြင့် ခြိမ်းချောက်ပြီး နတ်ပြည်ခရီးကို ညွှန်ကြားပြသ ဆုံးမခြင်းဖြင့် တရားဟော၏။ သူ၏ အဆုံးအမကို လိုက်နာ ကျင့်သုံးကြ၍ ပြည်သူတို့သည် သေလျှင် နတ်ပြည် ရောက်ကြသဖြင့် နတ်ပြည်သည် အလွန်စည်ပင် ပြန့်ပွား၏။

ထိုအခါ တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းသည် 'သုဓမ္မာ' သဘင်ဝယ် စည်းဝေးကြ၍ "နေမိမင်းကြီးသည် ငါတို့၏ ဆရာတည်း။ သူ့ကိုမှီ၍ ဤနတ်ပြည်စည်းစိမ်ကို ငါတို့ခံစားရ၏" စသည်ဖြင့် နေမိမင်းကြီး၏ ဂုဏ်ကျေးဇူးများကို အကြိမ်ကြိမ် ချီးမွမ်းပြောဆိုနေ၏။ ထိုအခါ လပြည့်နေ့၌

ဥပုသ်ဆောက်တည်နေသည့် ဘုရားလောင်းသည် 'ဒါနနှင့်သီလ မည်သည်က ပိုအကျိုးကြီးသည်'ကိုစဉ်းစားနေသော် သိကြားမင်းသည်လာ၍ကောင်းကင်၌ ရပ်လျက် "ဒါန၏အကျိုးထက် သီလ၏အကျိုးက သာ၍ မြတ်ကြောင်း" အတိတ်ဝတ္ထုတို့ဖြင့် အကျယ်တဝင့် ရှင်းလင်း ဟောကြား၏။ ပြန်လာ၍ သုဓမ္မာသဘင် နတ်ပရိသတ်အလယ် သိကြားမင်းနေရာ၌ ထိုင်လျက် နေမိမင်းထံ သွားခဲ့သည့်အကြောင်းကို ပြောကြား၏။ နတ်အပေါင်းက နေမိမင်းကြီးကို ပင့်ဆောင်ပေးရန် တောင်းပန် လျှောက်ကြားသဖြင့် သိကြားမင်းသည် မာတလိ နတ်သားအား ဝေဇယန္တာ ရထားဖြင့်သွား၍ နေမိမင်းကြီးကို ခေါ်ဆောင်ရန် စေလွှတ်၏။

မာတလိနတ်သားသည် သိန္ဓောမြင်းတကောင်ကသည့် ဝေဇယန္တာရထားဖြင့် နေမိမင်း၏ နန်းတော်သို့ ရှေးရှုသွား၏။ ထိုရထားကိုမြင်လျှင် လူတို့သည် မမြင်စဘူး ထူးကဲစွာမြင်ရ၍ အံ့သြကြ၏။ ဘုရားလောင်းသည် ရထားပေါ်ရောက်သော် မာတလိက "အရှင်မင်းကြီး၊ ယခုသွားရမည့် ခရီးမှာ ငရဲပြည်အနီးသို့ သွားသည့်လမ်းနှင့် အောက်နတ်ပြည် အနီးသို့ သွားသည့်လမ်း နှစ်ခုရှိရာ သွားလိုသည့်လမ်းကိုညွှန်ပြပါ၊ ကျွန်ုပ်ပို့ပါအံ့" ဟုလျှောက်၏။ ဘုရားလောင်းက "ငရဲပြည်, နတ်ပြည်နှစ်ခုလုံးကိုပင် ငါမြင်လို၏" ဟုဆို၏။ မာတလိသည် ဘုရားလောင်း ဦးစွာ သွားလိုသည့် ငရဲကြီးရှစ်ထပ်၏ ပထမဆုံး 'သဉ္ဇုဝ်းငရဲ'၏ အရုံဖြစ်သော 'ဥဿဒရက်ငရဲ' ပြည်သို့ ရှေးရှုနှင်လျက် ထိုငရဲမှစ၍ ကြောက်ဘွယ်လိလိပြင်းထန်လှသည့် ဆင်းရဲအမျိုးမျိုးကို ခံစားနေကြရသည့် ငရဲပြည်တဆဲငါးခုသို့ လှည့်လည်ပြသရာ အချိန်အတော်ကြာသွား၏။

ထိုအခါ သိကြားမင်းသည် "ဤသို့ ငရဲပြည်တို့ကို မာတလိ လိုက်လံပြသနေမည်ဆိုလျှင် နေမိမင်း၏ အသက်တမ်းသာ ကုန်ဆုံးမည်။ ငရဲပြည်တို့ကို ကုန်အောင် ပြနိုင်မည်မဟုတ်" ဟုကြံ၍ အလွန်လျင်မြန်သည့် 'မဟာဇဝန' နတ်သားကို မာတလိထံစေလွှတ်၍ 'ငရဲပြည်မှအမြန်ပြန်လှည့်၍ နတ်ပြည်သို့ တောက်လျှောက်လာရန်' ပြောကြားစေ၏။ မာတလိသည် ဘုရားလောင်းအား "ဤမျှနှင့်ပင် အားရ ကျေနပ်တော်မူပ၊" ဟု တောင်းပန်ပြီး ငရဲပြည်မှ တုံ့လည်ပြန်တက်၍ အထက်နတ်နန်းသို့ ကောင်းကင် ခရီးဖြင့် ရထားကိုနှင်လျက် မြင့်မိုရ်သတ္တရဇ္ဈန်သို့ မရောက်မီ လမ်းခုလပ်ရှိ နတ်သားနတ်သမီးတို့ပျော်စံနေကြသည့် အာကာသဌ ကောင်းကင် ဗိမာန် ရှစ်ခုကို ဘုရားလောင်းအား ပြသနေ၏။ ဤသို့ပြသနေစဉ် သိကြားမင်းသည် 'ကြာလှ

ချေပြီ'ဟု ကြံ၍ 'ဇဝနဿ' မည်သော တမန်နတ်သားကို မာတလိထံ လွှတ်၍ "ကောင်းကင်ဘုံဗိမာန်တို့ကို စေ့စပ်အောင်ပြုနေလျှင် အချိန်သာကုန်မည်။ ယခုအမြန် တာဝတိံသာသို့ လာခဲ့လော့" ဟု ပြောကြားစေ၏။

မာတလိသည် ဘုရားလောင်းကို တောင်းပန်ပြီး စတုမဟာရာဇ်နတ်မင်းကြီး လေးဦးစံရာ နတ်ပြည်သို့ ရထားကိုနှင်၍ ပြသပြီး တာဝတိံသာ နတ်ပြည်သို့နှင်၏။ တာဝတိံသာ နတ်ပြည်၏ လှပဆန်းကြယ် သာယာခမ်းနားကြီးကျယ်ပုံတို့ကို ပြသပြီး သုဓမ္မာဇရပ်၏ အရှေ့တံခါးသို့သွား၍ ရထားကို ရပ်၏။ ဘုရားလောင်းသည် ရထားမှဆင်း၍ သုဓမ္မာဇရုပ်သို့ဝင်၏။ သိကြားမင်းသည် သူ့ကို ရတနာပလ္လင်ပေါ်၌ စံနေစေပြီး နတ်စည်းစိမ်ဖြင့်ဖိတ်ကြား၏။ ဘုရားလောင်းက အကြောင်းပြ၍ ပယ်ပြီး သိကြားမင်း အမှူးရှိသော နတ်ပရိသတ် အပေါင်းအား "အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း" တို့၏ အကျိုးများကိုဂုဏ်း၊ "ဒါန မပြုခြင်း၊ သီလမရှိခြင်း၊ အယူမှားခြင်း" တို့၏ အပြစ်များကိုဂုဏ်း၊ ဤသို့ စသည်များစွာသော တရားစကားတို့ကို ခုနစ်ရက်တိုင် ဟောကြား ဆုံးမ ပြီးသော် သိကြားမင်းအား "ယခု ငါလူ့ပြည်သို့ ပြန်ချင်ပြီ" ဟုဆို၏။ သိကြားမင်းက ပို့ခိုင်းသဖြင့် မာတလိသည် ဘုရားလောင်းကို ဝေဇယန္တာရထားဖြင့် မိထိလာပြည်သို့ဆောင်၍ နန်းတော်၏ အရှေ့လေသာပြူတင်း၌ ရထားကို ဆိုက်၏။ ဘုရားလောင်းသည် ရထားမှ နန်းတော်ထဲဝင်၍ မာတလိကိုပြန်လွှတ်လိုက်၏။

ထိုအခါ မိဖုရား, သား, မြေး, ဆွေတော် မျိုးတော်, မှူး, မတ် စသည်ပြည်သူ အပေါင်းသည် စုဝေး ရောက်လာကြပြီး နတ်ပြည် အကြောင်းကို မေးမြန်းကြ၏။ ဘုရားလောင်းသည် "ငရဲပြည်၌ ဆင်းရဲဒုက္ခ ခံစားကြရပုံ၊ နတ်ပြည်၌ ချမ်းသာသုခခံစားကြရပုံ" တို့ကို အလုံးစုံပြောပြပြီး ဒါန စသော ကုသိုလ်တို့ကိုပြုကြရန် တရားဟော၏။ သူသည် နှစ်ပေါင်းတသိန်းမက ထီးနန်းစည်းစိမ်၌ စံပျော်ပြီး တတိယအရွယ်သို့ရောက်လျှင် ဦးခေါင်း၌ ဆံဖြူကိုမြင်သော် သားတော် အိမ်ရှေ့မင်းသား 'ကာလရဋ္ဌ' အား ထီးနန်းအပ်ပြီး သရက်ဥယျာဉ်၌ ရဟန်းပြု၍နေ၏။ သူသည် ဗြဟ္မဝိဟာရတရားတို့ကို ပွားများလျက် စုတေသော် ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဝဉ္ဇာရိသည် တောထွက်၍ တရားနှင့်သာ ပျော်မွေ့နေတတ်၏။

[မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီ၍ ဝိဒေဟတိုင်း မိထိလာပြည် ထိုသရက်ဥယျာဉ်သို့ ရောက်လျှင် "မိမိ၏ မယ္လဒေဝမင်းဘဝကိုအောက်မေ့၍ပြုံးတော်

မူသော်ရဟန်းတို့ကလျှောက်ထားတောင်းပန်သဖြင့်'' ဤဇာတ်ကို ဟော၏။ ။
ဇာတ်ပေါင်း–အနုရုဒ္ဓါ=သိကြားမင်း။အာနန္ဒာ=မာတလိနတ်သား။ မဟာမာယာဒေဝီ = မယ်တော်။ ဘုရား=နေမိမင်း။]

၅၄၂။ မဟာဥမင်္ဂ (မဟောသဓ) ဇာတ်

သုခမိန် စစ်ဘုရင် မဟောသဓအကြောင်း

(က) ပထမပိုင်း

မဟောသဓနှင့် သုခမိန် လေးဦး

ဝိဒေဟရာဇ်တိုင်း မိထိလာပြည် ဝိဒေဟရာဇ်မင်းလက်ထက် ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေ၍'ပါစိန ယဝ မဇ္ဈကုံး'ရှာ'သိရိဝဏ္ဍန' သူဌေးကြီး၏မယား'သုမနာဒေဝီ'၏ဝမ်း၌ ပဋိသန္ဓေကို ယူ၏။ တချိန်တည်း မှာပင် သူ၏အပေါင်းအဖော် နတ်သားတထောင်တို့သည် စုတေ၍ ထိုသူဌေးကြီး၏ဆွေမျိုး သူဌေးငယ်တို့၏ အိမ်များ၌ အသီးသီး ပဋိသန္ဓေကိုယူကြ၏။ ဘုရားလောင်း ပဋိသန္ဓေယူချိန်၌ ဝိဒေဟရာဇ်မင်းကြီးသည် ဆန်းကြယ်သည့် အိပ်မက်ကို မြင်မက်၍ မေးရာ သူ၏'သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ'မည်သော သုခမိန်လေးဦးတို့က''ကျွန်ုပ်တို့ သုခမိန် လေးဦးကိုလွှမ်း၍ အတုမရှိ ပညာကြီးသည့် သုခမိန်တဦး ပေါ်ထွန်းမည်''ဟု ဖတ်ကြား၏။

သိကြားမင်းသည် ဖွားမြင်သော ဘုရားလောင်း၏ လက်ထဲ၌ ရောဂါအားလုံး ပျောက်စေသည့် 'ဆေးတုံး'တခုကို ထည့်ပေးလိုက်၏။ မွေးစဉ်ပင် မိခင်က''ဤဆေးတုံးကို ဘယ်ကရသနည်း''ဟု မေးသော် ဘုရားလောင်းက ''ဤကား နတ်ဆေးတုံးတည်း။ ရောဂါအားလုံးကို ပျောက်စေ၏''ဟု ဆို၏။ သုမနာဒေဝီထံမှ ထိုအကြောင်းကို ကြား၍ သူဌေးကြီးသည် အလွန်အုံသြဝမ်းသာလျက် ထိုဆေးတုံးကိုသွေးလိမ်းရာ သူ၏ခုနစ်နှစ်တိုင်တိုင် ခံစားနေရသည့် ခေါင်းခဲနာသည် ခဏချင်းပျောက်၏။ ထိုအခါ သူသည် ကြေငြာ၍ လာသမျှလူနာတို့အား ထိုဆေးတုံးကိုသွေး၍ ရေမျှားစဉ် ဆေးရည်အငွေ့နံရုံမျှ ဖျော်ပေး၏။ ထိုနတ်ဆေးရည်ကို အနည်းငယ်မျှ ရှူရ, လိမ်းရုံဖြင့် လူနာအားလုံး ကျန်းမာသွားကြ၏။ ထို့ကြောင့် သူဌေးကြီးသည် သားအား''မဟောသဓ''ဟု အမည်ပေးပြီး မိမိသားနှင့်တနေ့တည်း သူဌေးငယ်တို့အိမ်၌ ဖွားကြသည့် ဖွားဘက်တော် သူငယ် တထောင်တို့အား အထိန်းတယောက်စီပေး၍ မိမိသား၏အခြံအရံအဖြစ်ဖြင့် ယူဆောင်စေ၏။

ဘုရားလောင်း 'မဟောသဓ' သည် ခုနစ်နှစ်သားအရွယ် ရောက်သော် ဖွားဘက်တထောင်တို့နှင့်အတူ ကစား၏။ ကစားရာအရပ်၌ အလွန်ကြီးကျယ် ခမ်းနား ဆန်းကြယ်လှပသည့် စရပ်ကြီးတခု၊ လေးထောင့်ကန်တခု၊ သစ်ပင် မျိုးစုံစိုက်ထားသည့် ဥယျဉ်ကြီးတခုတို့ကို ဖွားဘက်တော် တထောင်တို့နှင့် အတူပြုလုပ်၏။ သူသည် ထိုစရပ်၌နေလျက် ရောက်လာသူတို့အား အကျိုး အကြောင်းနှင့်စပ်သော စကားများကို ပြောဆို၍ သင့်သည် မသင့်သည် တို့ကို ကောင်းစွာ ဆုံးဖြတ်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သူ့အိပ်မက်အရ ထိုသုခမိန်ကိုရှာဖွေ ရန် အမယ်လေးဦးကို အရပ်လေးမျက်နှာသို့ စေလွှတ်၏။ မြို့အရှေ့ဘက်သို့ ထွက်ခွာသည့် အမတ်သည် ထို 'ပါစိန ယဝ မဇ္ဈကံ' ရှာသို့ ရောက်လာပြီး မဟောသဓပြုလုပ်သည့်စရပ်ကိုမြင်သော် 'စရပ်ကို ဆောက်လုပ်သူအကြောင်း' သူ၏အသက်ကို မေးမြန်းစုံစမ်း၏။ အလုံးစုံကို သိရှိသော် "ဤမဟောသဓ သည် မင်းကြီးအိပ်မက်နှင့်ညီသည့် သုခမိန် မခွတ်ဖြစ်၏" ကဲ့၍ မင်းခြင်း တဦးကို စေလွှတ်ပြီး ထိုအကြောင်းကို မင်းကြီးအား လျှောက်စေ၏။ မင်းကြီးက မဟောသဓကို ခေါ်လိုကြောင်းပြောသော် သေနက အမတ်သည် ဝန်တိုစိတ်ရှိ၍ "ဤမျှလောက်နှင့် သုခမိန် မမြောက်သေး" ဟု လျှောက် ထား၏။ ထို့ကြောင့် မင်းကြီးသည် မင်းခြင်းတဦးကို ထိုအမတ်ထံစေလွှတ်၍ "မဟောသဓ၏အမှုအရာ, ပညာရှိမရှိကိုသိသာအောင်စုံးစမ်းဆင်ခြင်လေဦး" ဟု ပြောကြားစေ၏။ ထိုအမတ်သည် ထိုရွာ၌နေလျက် မဟောသဓ၏ အမှု အရာ၊ ပညာရှိမရှိကို မပြတ်စုံးစမ်းလျက် တွေ့မြင်သည့်အခါတိုင်း မင်းခြင်း တဦးကို မင်းထံစေလွှတ် အကြောင်းကြားစေ၏။

အမှုပြဿနာ ၇-ခု

မဟောသဓသည် ခုနစ်နှစ် အရွယ်မှစ၍ မိမိ၏ ပညာအစွမ်းဖြင့် (၁) ပျံနေ သည့် စွန်ထံမှ သားတစ်ကို ကျစေခြင်း၊ ထို့နောက် (၂) နွားတရားစီရင် ခြင်း၊ (၃)လည်ရွဲတရား စီရင်ခြင်း၊(၄)ချည်ထွေးတရားစီရင်ခြင်း၊(၅)သား တရားစီရင်ခြင်း၊(၆)မယားခိုးတရားစီရင်ခြင်း၊(၇) ရထားတရား စီရင်ခြင်း ဟူသော ခက်ခဲလှသည့် ပြဿနာများကို ဖြေရှင်းဆုံးဖြတ်၏။ထိုအမတ်သည် ထိုအခွံသြဘွယ်ရာ အသီးသီးကို တွေ့ရှိတိုင်း မင်းကြီးထံ လူလွှတ်၍အကြောင်း ကြား၏။မင်းကြီးက 'မဟောသဓကို ခေါ်ဆောင်လိုကြောင်း' ပြောသော်

ဝန်တိုစိတ်ရှိသော သေနက သုခမိန်က "ဤပြဿနာများကို ဖြေရှင်းနိုင်ရုံမျှ ဖြင့် ပညာရှိ မဖြစ်သေး။ထိုထက်ခက်ခဲလှသည့် ပြဿနာများကိုမေးမြန်းပညာရှိ မရှိ စုံစမ်းဦးလော့။ပညာစမ်းဦးလော့" ဟုဆို၍ တားမြစ်၏။

ထို့ကြောင့် မင်းကြီးသည် မဟောသဓ၏ ပညာကိုစမ်းရန် လူလွှတ်စေ၍ အောက်ပါတို့ကို မေးမြန်းလုပ်ခိုင်း၏။

(၁) ညီညာစွာ ပြုလုပ်ထားသည့် တထွာမျှရှိ ရှားနှစ်တုံးကို ပို့၍ အရင်းအဖျား ခွဲခိုင်းခြင်း၊ (၂) ယောကျ်ား မိန်းမ တဦးစီ၏ ဦးခေါင်းခွံ နှစ်ခုကိုပို့၍ ကျားနှင့်မ အခွဲခိုင်းခြင်း၊ (၃)မြေဖို့မြေမနှစ်ကောင်ကိုပို့၍အဖို့ အမခွဲခိုင်းခြင်း၊ (၄) "ထိပ်၌ လပို့ပါသော ခြေနှစ်ဖက်၌ ချိုပါသော, တနေ့သုံးခါ မှန်မှန်တွန်သော ဥသဘကား အဘယ်နည်း"ဟု မေးခြင်း၊(၅) အကောက်ရှစ်ပါးရှိသော မိမိ၏ ပတ္တမြားတို့ကိုပို့စေပြီး ကြိုးဟောင်းကိုထုတ်၍ ကြိုးသစ်ကို အတပ်ခိုင်းခြင်း၊ (၆) နွားလားဥသဘကို သားဖွားခိုင်းပြီး သားငယ်နှင့်အတူ ထိုနွားလားဥသဘကို ဆက်သခိုင်းခြင်း၊ (၇) "ဆန်လဲမဟုတ်, ရေလဲမဟုတ်, ထမင်းလဲမဟုတ်,ခုံလောက်လဲ မဟုတ်, မီးလဲမဟုတ်, ထင်းလဲမဟုတ်,မိန်းမယောကျ်ားလဲ မဟုတ်" စသည်တို့ဖြင့် ထမင်းချဉ် ချက်၍ လမ်းမဟုတ်သည်ဖြင့် ဆက်သခိုင်းခြင်း၊(၈) သဲလွန်ကြိုးကို အလုပ်ခိုင်းခြင်း၊ (၉)ရေကန်တခုကို လုပ်၍ ဆက်သခိုင်းခြင်း၊ (၁၀) ဥယျာဉ်တခုကိုလုပ်၍ ဆက်သခိုင်းခြင်း။ ထိုပြဿနာ အားလုံးကို မဟောသဓသည် အဝုံမရှိသော ပင်ကိုယ်ဉာဏ်ဖြင့် ဖြေရှင်းလေ၏။

ဂဒြိပဉှ (၁၀)

ထိုအခါ မင်းကြီးသည် 'မဟောဿဓကိုခေါ်လိုကြောင်း'ပြောသော် သေနက က "ပါစိနယဝမဇ္ဈကုံး ရွာသားတို့က မြင်းကောင်းတစီးနှင့် သူဌေးကောင်း တဦးကို ငါ့ထံပို့ဆက်ရမည်'ဟု သင်မင်းကြီးက မင်းချင်းတဦးကို စေလွှတ်၍ ခိုင်းလော့။ မဟောသဓသည် ပညာရှိက လာလိမ့်မည်"ဟု အကြံပေး၏။ မင်းကြီးသည် သေနကဆိုတိုင်း ပြုလုပ်၏။ မဟောသဓသည် "ငါနှင့် အဘကို မင်းကြီးက မြင်လို၏"ဟုသိသဖြင့် ဖခင်အား "ဖခင်၊ မင်းကြီးက ဖခင်နှင့်ကျွန်ုပ်ကို တွေ့မြင်လို၏။ ဖခင်သည် လက်ဆောင်များနှင့် တကွ သူဌေးငယ်တထောင် ခြံရံလျက် မင်းကြီးထံ အလျင်သွားနှင့်ပါ။ရောက်လျှင် မင်းကြီးပေးသည့် နေရာ၌ နေနှင့်ပါ။ ကျွန်ုပ်နောက်မှ ရောက်လာသော်

မင်းကြီးက 'သုခမိန်၊ သင်နှင့် ထိုက်တန်သည့် နေရာကို ကြည့်၍နေလော့'ဟု ဆိုမည်။ ထိုအခါ ကျွန်ုပ်သည် ဖခင်၏ မျက်နှာကို ကြည့်ပါမည်။ ဤသို့ ကြည့်လျှင် ဖခင်က နေရာမှထပြီး 'ချစ်သား၊ ဤနေရာမှာနေလှည့်'ဟု ဆို၍ နေရာ ပြောင်းဆိုင်ပါ။ ဤသို့ပြုပြီးလျှင် ပြဿနာတခု ပြီးစီးမည်''ဟု ဆို၏။

ဖခင်သည် သားဆိုတိုင်း ပြု၏။ မဟောသဓသည် ဖွားဘက်တော် တထောင်ခြံရုံလျက် သွား၍ မြို့တော်၏ ကျုံးသို့ရောက်လျှင် အားရှိသည့် လုလင်ပျိုတို့အား ကျုံးရိုးပေါ်မှ မြည်းတကောင်ကို ဖမ်းစေ၍ ဖျာဖြင့် လိပ်ပြီး ပိုက်ခါ ယူလာစေ၍ မြို့တွင်းသို့ ဝင်၏။ သူသည် မင်းကြီးထံ 'သူရောက်ကြောင်း' လျှောက်စေပြီး ဖွားဘက်တော် တထောင်ခြံရုံလျက် နန်းတော်သို့ဝင်၍ မင်းကြီးအား ရှိခိုးလျက် ရပ်နေ၏။ မင်းကြီးက''သုခမိန်၊ သင်နှင့် သင့်တော်မည့်နေရာကို ကြည့်၍ နေလော့''ဟု ဆိုသော် ဖခင်နှင့် မဟောသဓတို့သည် အထက်ပါအစီအစဉ်အတိုင်းပြုကြ၏။

ထိုအခါ သုခမိန်လေးဦးတို့က လက်ခုပ်လက်ဝါးတီးပြီး ပြင်းစွာ ရယ်ကြလျက် ''အန္ဓဗာလ(လူမိုက်)ကို ပဏ္ဍိတ(ပညာရှိ)ထင်၍ အရှင်မင်းကြီး အခေါ်မှားခဲ့ပြီ''ဟု ဆိုကြ၏။ မင်းလည်း မျက်နှာမရွှင်ဖြစ်၏။ မဟောသဓ မေးသော် မင်းကြီးက''အမျိုးမြတ်သောသူသည် မိဘကို မဆိုထားဘိ အသက်ကြီးသည့် သားချင်းကိုပင် နေရာမှမထစေသင့်၊ သင်ကား ကျေးဇူးရှင်ဖခင်ကို နေရာမှ ထစေပြီး အဖနေရာကိုယူဘိ၏''ဟု ဆို၏။မဟောသဓက''မင်းကြီး နေရာတိုင်းမှာ သားထက် အဖမြတ်သည်ဟု ထင်မှတ်သလော''ဟု မေးရာ မင်းကြီးက''ထင်မှတ်၏''ဟု ဆို၏။

ထိုအခါ မဟောသဓသည် လုလင်ပျိုတို့အား ယူခဲ့သည့် မြည်း(ဂဒြဘ)ကို သွင်းယူလာစေပြီး မင်းကြီး၏ခြေရင်း၌ အိပ်စေလျက်''မင်းကြီး၊ဤမြည်းသည် အဘိုးမည်မျှ ထိုက်တန်သနည်း''ဟု မေး၏။ မင်းကြီးက''အလွန်ဆုံးရှစ်ကျပ်သာ ထိုက်၏''ဟုဆို၏။ နောက် မဟောသဓက ''ဤမြည်းနှင့် အာဇာနည် မြင်းမစပ်ယှက်၍မွေးသည့် အဿတို့ရ မြင်းကောင်းသည် အဘိုးမည်မျှ ထိုက်တန်သနည်း''ဟု မေးသော် မင်းကြီးက ''အဿတို့ရ်မြင်း၏ တန်ဘိုးကား အတိုင်းအဆမရှိ အလွန်ထိုက်၏''ဟု ဆို၏။ ထိုအခါ မဟောသဓက''နေရာတိုင်းမှာပင် သားထက် အဖက မြတ်သည်မဟုတ်။ဤသို့သော အရာကိုလိုက်၍ အယုတ်အမြတ်ကို ယူရပါမည်။ အရှင်မင်းကြီး၏ သုခမိန်တို့သည် ဤမျှလောက်ပင် မသိကြသလော''ဟု ပြက်ရယ်ပြုပြီး ဤမြည်းကို ဥပမာပြု၍ ''ကျွန်ုပ်တို့သားအဖတွင် အဖသည် ကျွန်ုပ်ထက်မြတ်က အဖကို

သာ ရွေးကောက်ယူပါ။ ယင်းသို့မဟုတ် အဖထက် ကျွန်ုပ်မြတ်လျှင် ကျွန်ုပ်ကို ပင် ရွေးကောက်ယူပါ''ဟု လျှောက်၏။ မင်းကြီးသည် မျက်နှာပြုံးရွှင်၍ အလွန်နှစ်သက်သွား၏။ မင်းပရိသတ် မှူးမတ်အပေါင်းတို့သည် လက်ခုပ်တီး၍ ကောင်းချီးပေးကြ၏။ သုခမိန်လေးဦးကား မျက်နှာအောက်ချမိုင်နေကြ၏။

မင်းကြီးသည် အလွန် နှစ်သက်ဝမ်းမြောက်၍ သိရီဝဟုနသူဌေးကြီးအား ''ငါသည် သင့်သားကို သားအရာ၌ထား၍ ကောင်းစွာမွေးမြူချီးမြှောက် အံ့''ဟု ဆို၍ သူဌေးကြီးအား စည်းစိမ်အခြံအရံများစွာကို ပေးပြီး ပြန် လွှတ်လိုက်၏။ မဟောသဓကို ခေါ်ယူထားပြီး သားအဖြစ်ဖြင့် မွေးမြူ၍ အိမ်ကြီးတခု၌ အလုပ်အကျွေးများနှင့် တကွ ဖွားဘက်တော် တထောင် ခြံရံလျက် နေစေ၏။ မဟောသဓသည် ထိုနေ့မှစ၍ မင်းကြီးအား မပြတ် ခစား၏။ ထိုအခါ မင်းကြီးမှာ သုခမိန်ငါးဦးဖြစ်သတည်း။

ကုနဒိသတိပဉ္ဇာ (၁၉)

မြို့တော်၏ တောင်တံခါးနှင့် မနီးမဝေးအရပ်ဝယ် ရေကန်နားရှိ ထန်း ပင်တပင်ပေါ်တွင် ကျီးသိုက်ထဲ၌ အလျှံ ပြောင်ပြောင်တောက်သည့် ပတ္တ မြားတလုံးရှိ၏။ ထိုပဒ္ဓတ္ထမြား၏ အရောင်သည် ထိုရေကန်၏ရေထဲ၌ ထင်နေ၏။ ထိုအခြင်းအရာကို မြင်ကြသောသူတို့က ''ဤရေကန်ထဲ၌ ပတ္တမြားရှိ၏''ဟု မင်းကြီးအား လျှောက်ကြ၏ မင်းကြီးသည် သေနကအား ''ထိုပဒ္ဓတ္ထမြားကို ဆယ်ယူလော့''ဟု ခိုင်း၏။ သေနကသည် မြို့သူမြို့သားအပေါင်းကို ခေါ်၍ ထိုရေကန်မှ ရေနှင့် ရုံညှန်များကို ထုတ်ပယ်စေပြီးနောက် မြေကိုတူး၍ ရှာ သော်လည်း ပတ္တမြားကို မရပေ။ ဤသို့ သုံးကြိမ်ပြု၏၊ ပတ္တမြားကို မရပေ။

ထိုအခါ မင်းကြီးက မဟောသဓအား ''ချစ်သား၊ ထိုပတ္တမြားကို ထုတ်ယူ နိုင်မည်လော''ဟု မေး၏။ မဟောသဓက ''ပညာရှိသူသည် ဘယ်အရာမဆို လွယ်ကူစွာ မပင်ပန်းဘဲ ပြုနိုင်၏။ ကျွန်ုပ် ထိုပတ္တမြားကို ထုတ်ယူ၍ ဆက်ပါ အံ့''ဟု လျှောက်၏။ မင်းကြီးသည် သုခမိန်ငါးဦးနှင့်အတူ ထိုရေကန်သို့သွား ၏။ မဟောသဓသည် ရေကန်၏ ကန်ဝိုးပေါ်၌ ရပ်လျက် ပတ္တမြားရောင်ကို ဆင်ခြင်ပြီး ဤပတ္တမြားသည် ရေထဲ၌ မရှိ။ ထန်းပင်ပေါ်ရှိ ကျီးသိုက်ထဲ၌ ရှိမည်''ဟု အဘတ်သိ၏။ သူသည် ရေပြည့်သော ခွက်ကိုယူပြီး ပတ္တမြားရောင် ခတ်မိဆု၌ ထား၍ မင်းကြီးအား ပြလျက် ပတ္တမြားသည် ရေထဲ၌ မရှိ။ ဤ ထန်းပင်ပေါ်ရှိ ကျီးသိုက်ထဲ၌ ရှိ၏''ဟု လျှောက်၏။ သူသည် မင်းချင်းတဦး

ကို ထိုထန်းပင်ပေါ် တက်ခိုင်း၍ ပတ္တမြားကို ယူဆောင်ခိုင်းပြီး မင်းကြီးအား ဆက်၏။ မြို့သူမြို့သားတို့သည် ဒုက္ခပေးသည့်သေနကကို ဆဲရေးပြီး မဟော သဓကို ချီးမွမ်းကြ၏။ မင်းကြီးသည် မဟောသဓအား ဆု၍၏။

ကကဏ္ဍကပဥ္စမ

တနေ့သ၌ မင်းကြီးသည် မှူးမတ်အခြံအရံနှင့်အတူ မဟောသဓကို ခေါ်၍ ဥယျာဉ်သို့ သွားသော် ဥယျာဉ်တံခါးရွက် အထက်ဖျား၌ နေသည့် ပုတ်သင် (ကကဏ္ဍက)တကောင်သည် ဆင်း၍ မြေ၌ဝပ်လျက် မင်းကြီးဆီသို့ ရှေ့ရှုနေ၏။ မင်းကြီးကမေးသော် မဟောသဓက "ဤပုတ်သင်သည် အရှင်မင်းကြီး ကို အလေးပြု၍ ခစားပါ၏"ဟုဆို၏။မင်းကြီးသည်နှစ်သက်၍ "ဤပုတ်သင် အား နေ့စဉ် အမဲသား လေးရွေးဘိုးကိုဝယ်၍ ပေးလော"ဟု မင်းချင်း တဦးအား တာဝန်ပေး၏။

ဥပုသ်နေ့ တနေ့၌ ထိုမင်းချင်းသည် အမဲသားကို ဝယ်မရ၍လေးရွေးခန့် အသပြာကို ဖောက်၍သိပြီး ထိုပုတ်သင်၏ လည်၌ဆွဲပေး၏။ ပုတ်သင်သည် ထိုအသပြာကိုမှီ၍ မာနထောင်လွှား၏။ ထိုနေ့၌ပင် မင်းကြီးသည် အခြံအရံ နှင့်အတူ မဟောသဓကိုခေါ်၍ ဥယျာဉ်သို့ထွက်ရာ ထိုပုတ်သင် ဆင်းပြီး အလေးမပြုသည်ကိုမြင်၍ မေးသော် မဟောသဓသည် ပညာဖြင့် ဆင်ခြင်၍ အကြောင်းစုံကို သိရှိပြီး မင်းကြီးအား အလုံးစုံကို ပြောကြား၏။ မင်းကြီး သည် ထိုမင်းချင်းကို မေးသော် သူပြောသမျှသည်မဟောသဓ ပြောသည်နှင့် ထပ်တူဖြစ်နေ၏။ မင်းကြီးသည် နှစ်သက်၍ မဟောသဓအား ဆု၍၏။

သိရိကာဠကဏ္ဍကပဥ္စမ

တက္ကသိုလ်ပြည် ဒိသာပါမောက္ခသည် 'အံ့သိပညာနှင့် ဘုန်းရှိသော' မိမိ သမီးကို သူ့တပည့်ကြီး 'ပိဂုံတ္တရ'အား ပေးစားလိုက်၏။ 'ပိဂုံတ္တရ' သည် ဘုန်းနည်းသူ ဖြစ်ရကား ထိုသတို့သမီးကိုမနှစ်သက်ဘဲနှင့် ဆရာကိုကြောက်၍ သာ ယူလာခဲ့ရပြီး မိထိလာပြည်သို့ ပြန်လာ၏။ မြို့တော်အနီးရောက်သော် သူသည် ရေသဖန်းပင်ကိုမြင်လျှင် တက်၍ ရေသဖန်းသီးကိုစားပြီး ဆင်းလာ ၏။ မိမိမယားကိုကားမပေး။ထို့ကြောင့်ထိုသတို့သမီးသည်ရေသဖန်းပင်ပေါ် တက်၍ အသီးများကို ဆွတ်စားနေစဉ် 'ပိဂုံတ္တရ'သည် အပင် ရင်းဝန်းကျင်၌ ဆူးကာရံပြီး မြို့နားရှိ မိမိနေရာသို့ပြေး၏။ ထိုသတို့သမီးသည် မဆင်းနိုင်၍ အပင်ပေါ်၌သာ နေရစ်ရ၏။

ထိုအခါ ဥယျာဉ်၌ ကစားပြီး ဆင်စီး ပြန်လာသော ဝိဒေဟရာဇ် မင်းကြီးသည် ထိုနေရာသို့ ထိုသတ္တိသမီးကိုမြင်သော် အမတ်တဦးကို စေလွှတ်၍ လင်ရှိမရှိ မေးမြန်းခိုင်း၏။ ထိုသတ္တိသမီးက "ကျွန်ုပ်၏ လင်သည် ကျွန်ုပ်ကို စွန့်သွားပြီ"ဟု ဆို၏။ မင်းကြီးသည် ထိုအကြောင်းကို ကြားသိရသော် ထိုရေသဖန်းပင်သို့ ဆင်ကိုကပ်ပြီး ထိုသတ္တိသမီးကို ယူ၍ နန်းတော်သို့ဆောင်ပြီး "ဥဒုမ္ဗရဒေဝီ"အမည်ဖြင့် မိဖုရားအရာ၌ ထား၏။

တနေ့သ၌ မင်းကြီးသည်ဥယျာဉ်သို့ သွားလို၍လမ်းကို သုတ်သင်ပြင်ဆင်ခိုင်း၏။'ပိဏ်တ္တရ'လည်း ထိုအရပ်သားဖြစ်၍ ခါးတောင်းကျိုက်ပြီးပေါက်တူးဖြင့် မြေကိုပေါက်၍ လမ်းကို ပြင်ဆင် သုတ်သင်ရ၏။ ထိုလမ်း ပြင်မပြီးမီ မင်းကြီးသည် မှူးမတ်များ ခြံရံလျက် ဥဒုမ္ဗရဒေဝီနှင့်အတူ ရထားစီး၍ ထွက်လာ၏။ ဥဒုမ္ဗရဒေဝီသည် 'ပိဏ်တ္တရ'ကို မြင်၍ ပြင်းစွာ ရယ်သော် မင်းကြီးက အမျက်ထွက်၍ "အဘယ့်ကြောင့် ရယ်သနည်း"ဟု မေး၏။ ဥဒုမ္ဗရဒေဝီက ထို'ပိဏ်တ္တရ'နှင့် ညားခဲ့သည့် အကြောင်းစုံကို ပြောပြ၏။ မင်းကြီးက "ဤကဲ့သို့ လှပသည့် မိန်းမကို . အဘယ်ယောကျ်ားသည် စွန့်ပစ်မည်နည်း။ သင် မုသားဆို၏"၏ ခြိမ်းခြောက်၍ မိဖုရားကိုသတ်ရန် သန်လျက်ကို ဆဲထုတ်၏။ မိဖုရားက "အရှင်မင်းကြီး ပညာရှိတို့ကို မေးပြီးမှ ကျွန်ုပ်ကို သတ်သင့်လျှင် သတ်ပါ။ သတ်ပြီးမှ နောင်တ မရပါစေလင့်" ဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် မဟောသဓကို ခေါ်၍ အကြောင်းမရှိဘဲ မေးသကဲ့သို့ "အကျင့်စာရိတ္တကောင်း၍ လင်ကို ချစ်မြတ်နိုးသော မိန်းမလှကို အလိုမရှိသည့် ယောကျ်ားရှိ၏ ဟူသော စကားကို သင်ယုံသလော"ဟု မေး၏။ မဟောသဓက "မင်းကြီး ကျွန်ုပ်ယုံ၏။ ဘုန်းရှိသော သူမြတ်(သိရီ)နှင့် သူယုတ်မာ (ကာဠကဏ္ဏီ)တို့သည် အလွန် အလှမ်းကွာသဖြင့် အချင်းချင်း အတူမနေနိုင်ပါ"ဟု လျှောက်၏။ မင်းကြီးသည် အမျက်ပြေသွားပြီး မဟောသဓအား နှစ်သက်၍ ဆုချသော် ဥဒုမ္ဗရဒေဝီက "ဤမဟောသဓကို မှီ၍ ကျွန်ုပ် အသက်ချမ်းသာရာ ရသဖြင့် သူ့ကို ကျွန်ုပ်၏ မောင်အရာ၌ ထားပါရစေ"ဟု ခွင့်တောင်း၏။ မင်းကြီးက ခွင့်ပြု၏။

ဇလ္လာကပဥ္ဉ

မင်းယင်ပြင်၌ သဘာဝအားဖြင့် ရန်ဘက်ဖြစ်ကြသည့် 'ဆိတ်(မဇ္ဇာက)နှင့် ခွေး' နှစ်ဦးသည် မိတ်ဖွဲ့နေကြ၏။ ထိုမိတ်ဖွဲ့ခြင်း၏ အကြောင်းရင်း

မှာ 'ဆိတ်'သည် ဆင်တင်းကုပ်သို့သွားပြီး ဆင်ရှေ့၌ ဆင်စာကျွေးသည့် မြက်ကို ဝင်စားသဖြင့် ၎င်းကို ဆင်ထိန်းတို့က ကျောက်ခဲနှင့်ထုပြီး ကျော၌ တုံတ်ဖြင့် ပြင်းစွာ ရိုက်နှက်ကြ၏။ ဆိတ်သည် နာကျင်၍ အော်မြည်လျက် ပြေး၍ နန်းတော်နံရံနား၌ အိပ်၏။ ထိုနေ့၌ပင် 'ခွေး'သည် မင်း၏ စဖို့အိမ်သို့ သွား၍ စဖို့သည် အပြင်သို့ ခဏထွက်ပြီး ချွေးသုတ်စဉ် အထဲဝင်၍ စလောင်းကို ဖွင့်ပြီး အမဲဟင်းကို စား၏။ စဖို့သည်သည် စလောင်းသံကို ကြား၍ ဝင်လာပြီး ထိုခွေးကို ကျောက်ခဲနှင့်ထု၍ နောက်မှလိုက်ပြီး တုတ်ဖြင့် ကျော၌ ပြင်းစွာ ရိုက်နှက်၏။ ခွေးသည် နာကျင်၍ ထိုဆိတ်နားသို့ ပြေးသွား၏။

သူတို့နှစ်ဦးသည် အချင်းချင်း အဖြစ်အပျက် မေးမြန်း သိရှိကြသော် အသက်မွေးနိုင်မည့်နည်းကို တိုင်ပင်ကြ၏။ 'ခွေး'က ဆင်တင်းကုပ်သို့သွားပြီး ဆင်စာမြက်ကို ဆိတ်အတွက် ယူပေး၍ 'ဆိတ်'က စဖို့အိမ်သို့ သွားပြီး ထမင်းအမဲများကို ခွေးအတွက် ယူပေး၏။ ဤနည်းဖြင့် အန္တရာယ်ကင်းစွာ အစာယူစားပြီး ချစ်ခင်စွာ အတူနေထိုင်ကြ၏။ မင်းကြီးသည် နန်းတော်၌ စကြံသွားစဉ် လေသာပြူတင်းမှ ထိုဆိတ်နှင့် ခွေးတို့ကိုမြင်လျှင် အလွန်အံ့ဩသဖြင့် ထိုအကြောင်းကို အခြေခံကာ ခက်ခဲသည့် ပြဿနာလုပ်ပြီး မဟောသဓအား "ခုနစ်လှမ်းမျှ အတူမသွား၊ အချင်းချင်းမြင်လျှင် ရန်မူကြစမြဲ သဘောရှိလျက် အချင်းချင်း ချစ်ခင်စွာ အတူနေကြသည့် သတ္တဝါနှစ်ဦးရှိ၏။ ထိုသတ္တဝါနှစ်ဦးကား အဘယ်နည်း"ဟု မေးပြီး ဖြေရန် အချိန်တရက် ပေး၏။

မဟောသဓသည် "မင်းကြီးကား တစုံတခုကိုမြင်၍ ဤပြဿနာလို မေး၏"ဟု သိသဖြင့် ဥဒုမ္ဗရဒေဝီထံသွား၍ "မင်းကြီးသည် မနေ့နှင့် ယနေ့ အဘယ်အရပ်တွင် ကြာမြင့်စွာ ရပ်သနည်း"ဟု မေး၏။ ဥဒုမ္ဗရဒေဝီက "မနေ့က စကြံရှည်၌ လေသာပြူတင်းမှ မျောက်ကြည့်လျက် ကြာမြင့်စွာ စကြံသွားသည်ကို မြင်၏"ဟု ဆို၏။ မဟောသဓသည် ပြန်လာပြီး ထိုပြူတင်းပေါက်နှင့် တည့်သည့်အရပ်ကို မျောက်ကြည့်သော် ထိုဆိတ်နှင့် ခွေးတို့ မိတ်ဖွဲ့နေသည်ကို မြင်လျှင် မင်းကြီးသည် ဤဆိတ်နှင့် ခွေးကိုပင် ပြဿနာပြု၍ ငါ့ကို မေး၏"ဟု သိပြီး အိမ်ပြန်၏။ သူသည် နောက်တနေ့ မင်းကြီးထံ ခစား၍ ထိုဆိတ်နှင့် ခွေး မိတ်ဖွဲ့နေခြင်းကို အကြောင်းရင်းနှင့်တကွ ရှင်းလင်းဖြေဆို၏။ မင်းကြီးသည် နှစ်သက်၍ သူ့အား ဆု၍။

သိရိမင်္ဂလာပြဿနာ

တနေ့သဒ္ဓိ မင်းကြီးသည် သုခမိန်ငါးဦးအား "ပညာရှိသူနှင့် စည်းစိမ်ရှိသူ(သိရီမင်္ဂလာ)တို့အနက် အဘယ်သူက ပိုမြတ်သနည်း" ဟု မေး၏။ မဟောသဓမ္မတပါး သုခမိန်လေးဦးက "စည်းစိမ် ရှိသူသည် ပညာရှိထက် မြတ်ကြောင်း" အကြောင်းအမျိုးမျိုး ဥပမာတို့ဖြင့် ရှင်းလင်း တင်ပြကြ၏။ မဟောသဓကမူ "ပညာ ရှိသူသည် စည်းစိမ် ရှိသူထက် မြတ်ကြောင်း" အကြောင်းအမျိုးမျိုး ဥပမာတို့ဖြင့် ရှင်းလင်းတင်ပြ၏။

ဤသို့ ပညာစွမ်းပြ၍ ငြင်းခုန်ပြောဆိုကြသော် မဟောသဓ က ပင် အနိုင်ရ၏။ မင်းကြီးက နှစ်သက်၍ မဟောသဓအား ဆု၂၅၀ ချီးမြှင့်၏။

အမရာဒေဝီကို ရှာခြင်း

မဟောသဓသည် တဆယ့်ခြောက်နှစ်အရွယ် ရောက်သော် အိမ်ထောင်ဘက်သတို့သမီးလောင်းကို ရှာဖွေရန် မင်းကြီးနှင့် မိဖုရားကို ပန်ကြားပြီး အပ်ချုပ်သမားအသွင်ဖြင့် မြို့တော်မြောက်တံခါးမှထွက်၍ 'ဥတ္တရယဝမဇ္ဈကုံး' ရှာသို့သွား၏။ ထိုရှာ၌ လယ်ယာလုပ်၍ အသက်မွေးရသော သူဌေးဟောင်း လင်မယားမှာ 'အမရာ'မည်သော သမီးတဦးရှိ၏။

အမရာသည် အရွယ်ရောက်၍ အဆင်းလှပြီး ဘုန်းပညာနှင့် ပြည့်စုံ၏။ သူမသည် အဘလယ်လုပ်ရာသို့ ယာဂုအိုးကိုရွက်လျက် ရှာမှထွက်ပြီး မဟောသဓလာသည့် လမ်းအတိုင်း သွား၏။ မဟောသဓသည် 'အမရာ'ကို ပန်းမဝေးကမြင်လျှင် တပ်မက်စိတ် ဖြစ်ပေါ်၍ 'ဘုန်းရှိသည့်မိန်းမ ဖြစ်မည်'ဟု သိ၏။ အမရာလည်း မဟောသဓကို မြင်လျှင် တပ်မက်စိတ် ဖြစ်ပေါ်၍ 'ဘုန်းပညာရှိသည့် ယောကျ်ား ဖြစ်မည်'ဟု သိ၏။ မဟောသဓသည် အဝေးကရပ်လျက် အမရာအား 'လင်ရှိ မရှိ' မေးလို၍ 'လက်ဆုပ်'ကို ပြ၏။ အမရာလည်း ထိုအကြောင်းကို သိပြီး 'လင်မရှိ'ဟုသိစေလို၍ 'လက်ဝါးဖြန့်'ပြ၏။

ထိုအခါ မဟောသဓသည် အမရာထံသွား၍ "အမရာ၏အမည်, ယဝကုသောက်မည့်သူ, အ၏ဘအလုပ်, အလုပ်လုပ်သည့် နေရာ, ယနေ့ အိမ်ပြန်မပြန်"တို့ကို မေးမြန်းသော် အမရာက ပရိယာယ်စကားဝှက်ဖြင့် ပြောသည်ကို မဟောသဓက ကောင်းစွာ နားလည်၏။ အမရာကျေးသည့် ယာဂုကို သောက်ပြီးသော် မဟောသဓသည် အမရာ၏အိမ်သို့ သွားရာလမ်းကို မေးပြီး အိမ်သို့ သွားနှင့်၏။ သူသည် အမရာ၏ အမိအား 'အမရာနှင့် တွေ့ခဲ့ကြောင်း'

ပြောပြပြီး "ကျွန်ုပ်သည် အပ်ချုပ်သမား ဖြစ်၏"ဟု ဆို၍ အိမ်ဦ ချုပ်စရာအဝတ်များကို ချုပ်ပြီးနောက် သူမ မိတ်ဆွေတို့၏ ချုပ်စရာ အဝတ်များကိုပါ ချုပ်ပေး၏။ အမရာနှင့် ဖခင်တို့လည်း ညနေပြန်လာကြ၏။ အမရာသည် မိဘတို့အား ကောင်းစွာ ကျွေးမွေးပြီး နေ့စဉ်ပြုသည့် ဝတ်ကြီးဝတ်ငယ်များကို ပြုလုပ်၏။ မဟောသဓသည် အမရာ၏ အမူအရာ, အကျင့်ဓလေ့များကို ကြည့်ရှုလို၍ ထိုအိမ်ဦ နှစ်ရက်သုံးရက်နေ၏။

တနေ့သဦ သူသည် အမရာအား ဆန်တခွက်ပေးပြီး "မုံ့ကြွပ်၊ ယာဂု၊ ထမင်း သုံးမျိုးရအောင် ချက်ပေးလော့"ဟု ဆို၏။ အမရာသည် ဆုံးမျိုးလုံးကို လုပ်ပေး၏။ မဟောသဓသည် ထိုသုံးမျိုးလုံးကို စားကြည့်၍ အလွန်အရသာရှိကြောင်း တွေ့ရသော်လည်း အမရာမှာ သည်းခံမှု ရှိမရှိ သိလို၍ "သင်သည် ယာဂု၊မုံကြွပ်၊ ထမင်းကိုမျှမလုပ်တတ်"ဟု ဆိုပြီး ထိုသုံးမျိုးလုံးကို ရောမွှေ၍ အမရာ၏ ဦးခေါင်းပေါ် လောင်းချပြီး "ယခု သင်သွား၊ တံခါးဝမှာနေခဲ့"ဟု မပိုင်မိကပင် နိုင်သံနှင့် ပြောဆို၏။ အမရာလည်း အမျက်တစုံတရာမရှိဘဲ မဟောသဓဆိုတိုင်းပြု၏။ နောက်မဟောသဓသည်အိတ်ထဲမှ ထမီကောင်းကိုထုတ်ပြီး အမရာအားပေး၍ ဝတ်ဆင်စေ၏။

မဟောသဓသည် အဝတ်ချုပ်၍ ရသည့် ဥစ္စာနှင့် ပါလာသည့် ငွေတထောင်ကို သူဌေးလင်မယားအားပေးပြီး မိမိအား 'အမရာ'ကို မယားအဖြစ်ပေးရန် ပန်ကြား၏။ သူဌေးလင်မယားက သဘောတူ၍ သူသည် 'အမရာ' ကိုခေါ်ပြီး မိထိလာပြည်သို့ ပြန်လာ၏။

လမ်းခရီးတွင် သူသည် အမရာ၏ပညာကို စမ်းလို၍ "ဤဘိနပ် စီး၍, ဤထီးဆောင်းလော့" ဟုဆိုပြီး ပေး၏။ အမရာသည် နေပူနေသော် ထီးကို မဆောင်းဘဲ သစ်ပင်များအောက်မှသွားသော် ထီးဆောင်း၏။ ဘိနပ်ကိုလည်း မြေကြီးပေါ်တွင်မစီးဘဲ ရေထဲဆင်းသွားသည့် အခါမှ စီး၏။ မဟောသဓက မေးသော် အမရာက "သစ်ပင်မှ သစ်ခက်ခြောက်များ မိမိအပေါ်ကျမည်စိုး၍ ထီးကိုဆောင်း၏။ ရေထဲ၌ ခလုတ်ဆူးငြောင့်စူးမှာစိုး၍ ဘိနပ်ကိုစီး၏"ဟု ရှင်းပြ၏။

မြို့သို့ ရောက်သော် မဟောသဓသည် အမရာ၏အကျင့် စာရိတ္တကို စုံစမ်းလို၍ တံခါးမှူးအိမ်၌ထားခဲ့ပြီး မိမိအိမ်သို့သွား၍ လုလင်ပျိုမင်းချင်းတို့ကိုခေါ်ကာ "ဤမည်သောအိမ်၌ရှိသည့်မိန်းမထံဤငွေတထောင်နှင့်သွား၍ ကာမဖြင့် ဖြားယောင်းလော့" ဟုခိုင်း၏။အမရာသည် ထိုလုလင်တို့ကိုငြင်းပယ်၏။ တဖန် မဟောသဓသည် မင်းချင်းတို့အား "အမရာကို မင်းအာဏာ

ပြ၍ လက်ကိုဆဲ့ပြီး ခေါ်ခဲ့"ဟု ခိုင်းပြီး မင်းသားအသွင်ဖြင့် ပြင်ဆင်ထား၏။ အမရာသည် မဟောသဓကိုမမှတ်မိဘဲ မင်းသားကိုမြင်လျှင် ရယ်လဲရယ်, ငိုလဲငို၏။ မဟောသဓက မေးသော် အမရာက "ရှေးဘုန်းကံကြောင့် အရှင့်သား ဤစည်းစိမ်ရသည်ကိုမြင်၍ ရယ်ပါ၏။လင်ရှိမယားကို နှိုင်ထက်စီးနင်းပြုသော် အရှင့်သားသည် ငရဲ၌ခံရမည်ကိုမြင်၍ ငိုပါ၏" ဟုရှင်းပြ၏။

မဟောသဓသည် အမရာကို ထိုတံခါးမှူးအိမ်သို့ ပြန်ပို့စေပြီး အပ်ချုပ်သမားအသွင်ဖြင့် ထိုအိမ်သို့သွား၍ အမရာနှင့် အိပ်စက်ပျော်မွေ့၏။ နောက်တနေ့ သူသည် အမရာကို ထိုအိမ်၌ပင် ထားခဲ့ပြီး မင်းကြီးနှင့် မိဖုရားတို့ထံသွား၍ မိန်းမကောင်း ရခဲ့ကြောင်း ပြောကြား၏။မင်းကြီးသည် မဟောသဓနှင့် အမရာတို့အား ကြီးကျယ်ခမ်းနားစွာဖြင့် ထိမ်းမြားပေး၏။

သဗ္ဗရတနစေတ

ထိုအခါ မဟောသဓကို မနာလိုသည့် သုခမိန်လေးဦးတို့သည် မဟောသဓ၏ ပျက်စီးကြောင်းကို ဤသို့ကြံကြ၏။ သူတို့လေးဦး အသီးသီးသည် မင်းကြီး၏"ပတ္တမြားဆံကျင်၊ဤပန်းကုံး၊ ကမ္မလာ၊ ဤခြေနင်း"တို့ကိုခိုးယူပြီးအသီးသီးကို 'ယက်တက်ရည်အိုး၊ပန်းတောင်း၊ဟင်းရွက်တောင်း၊ စပါးတောင်း' တို့၌ထည့်ပြီး ကျွန်မတယောက်စီကိုခေါ်၍ အမရာ၏အိမ်သို့ စေလွှတ်ပြီး အဘိုးနည်းနည်းဖြင့် ရောင်းချစေ၏။အမရာသည် ထိုကျွန်မအသီးသီး၏ အမူအရာကို အကဲခတ်ပြီး 'မရိုးသား'ဟုထင်မြင်၍ မိမိ၏ ကျွန်မများ ရှေ့တွင် ထိုအရောင်း ကျွန်းမများကို"ဘယ်သူက စေခိုင်းသည်"စသည်ဖြင့် မေမြန်း၍ နေ့စဲ့ အချိန်နှင့်တကွ ရေးမှတ်ပြီး ထိုယက်တက်ရည်အိုး စသည်တို့ကို ဝယ်ယူပြီးအတွင်းပစ္စည်းများကို စစ်ဆေးကြည့်ရှု၍ သိမ်းထား၏။

နောက် သုခမိန် လေးဦးတို့သည် မင်းကြီးထံသွား၍ 'မင်းကြီး၏ပတ္တမြားဆံကျင်၊ ဤပန်းကုံး၊ ကမ္မလာ၊ ဤခြေနင်းတို့ ရှိမရှိ မေးမြန်း၍ ကြည့်ရှုစေ၏။ မရှိကြောင်းကြားရသော် "ဤပစ္စည်းများကို အတွင်းလူသာယူမည်။ မဟောသဓသည် အရှင်မင်းကြီးကိုတော်လှန်လိုသောအကြံနှင့် ဤသို့ပြုသည်ထင်ပါ၏"ဟု ဂုံးတိုက်ပြောကြ၏။ မင်းကြီးသည် "မဟောသဓကို သတ်စေ"ဟု သူသတ်မှူးတို့ကို စေလွှတ်၏။ မဟောသဓ၏ အကျိုးကို လိုလားသည့် အတွင်းသားတို့သည် ထိုစကားကိုကြား၍ မဟောသဓထံ သွားပြောကြ၏။ မဟော်သဓသည် အမရာအား "ငါသည် မင်းကြီး အမျက်မပြေသရွေ့

တောင်မင်္ဂလာဘုံးရှာသို့ သွားနေအံ့။မင်းရေးသာ,မသာကို ပညာဖြင့်သိအောင်လုပ်၍ သတိဓိရိယရှိစေ" ဟု မှာခဲ့ပြီး ထိုရှာရှိ အိုးထိန်းသည်အိမ်သို့ သွား၍ အိုးထိန်းအလုပ်ကိုလုပ်နေ၏။ "မဟောသဓသည် မင်းအမျက်ကြောင့် ထွက်ပြေးပြီ"ဟု တပြည်လုံး သတင်းပျံ့နှံ့သွား၏။

ထိုအခါ သုမမိန်းလေးယောက်တို့သည် "အမရာကိုသိမ်းယူအံ့" ဟု ကြံ၍ အသီးသီး လက်ဆောင်များကို ပို့စေ၏။အမရာသည် ထိုလက်ဆောင်များကို ယူထားပြီး "ဤမည်သောအချိန်၌ လာခဲ့စေလော့" ဟု လက်ဆောင်ပို့သူ အသီးသီးကို ပြန်ကြား၏။ သူမသည်အိမ်အတွင်း၌ တွင်းကြီးတခု တူးစေ၍ မစင်များကို ရေနှင့်ဖျော်စေပြီး ထိုတွင်းထဲထည့်၍ တွင်းပေါ်၌ ယန္တရားစက်ပျဉ်ဖုံးထိုးပြီးမှ တွင်း၏လေးမျက်နှာ၌ ကဲလားကာရံထား၏။ သူမသည် တချိန်စီလာကြသည့် ထိုသုခမိန်လေးဦးအသီးသီးကို "သင်နှင့်မအိပ်မီ ရေချိုးပါဦး" ဟုဆို၍ ထိုအခန်းထဲသို့သွားစေပြီး ယန္တရားစက်ခလုတ်ကိုနှိပ်လိုက်၏။

သုခမိန် လေးဦးအသီးသီးသည် ထိုမစင်တွင်းထဲ၌ မတ်တတ်ရပ်လျက် တည်လုံးနေကြ၏။နံနက်လင်းသော် အမရာသည် ထိုသုခမိန်လေးဦးကို မစင်တွင်းမှထုတ်ယူစေပြီး ဆံမုတ်ဆိတ်များကိုရိတ်နုတ်စေ၍ အတွင်းကိုယ်အင်္ကျီကို ဖုံးမိရုံသာ ပုဆိုးနံငယ်ဖြင့် ဝတ်စေလျက် တကိုယ်လုံး ကော်ဖြင့်သုတ်၍ လဲဝါဂွမ်းများဖြင့် ပေ့ဒုးပေ့ဒုးဖြူအောင်ကပ်စေပြီး ဖျာလိပ်ခေါင်း၌ တဦးစီသွင်းထားစေ၏။သူမသည် ပတ္တမြားဆံကျင်စသည့် ပစ္စည်းလေးခုကိုလည်း ကမ္ဘည်းလိပ်စာ စာရင်းနှင့်တကွ၊ အမတ်လေးဦးကိုလည်း ဖျာလိပ် ကိုယ်စီနှင့်တကွ ထမ်းဆောင်ခိုင်းပြီး နန်းတော်သို့သွား၏။ တံခါးဝသို့ရောက်လျှင် "အရှင်မင်းကြီးနှင့်သာ ထိုက်တန်သည့် ရတနာလေးပါးနှင့်တကွ မျောက်ဖြူလေးစီးကို အမရာက ဆက်သလို၍ လာခဲ့ပါ၏" ဟု မင်းကြီးအား လျှောက်စေ၏။ မင်းကြီးက "ဝင်စေ" ဟုဆိုသော် အမရာသည် ဝင်လာ၍ ထိုပစ္စည်းများကို မင်းကြီးအားဆက်သ၏။ မင်းကြီးသည် ဖျာလိပ်လေးခုကို ဖွင့်ခွာစေသော် မျောက်ဖြူနှင့်တူသည့် သုခမိန်လေးဦးကိုမြင်လျှင် မူးမတ်များ, နန်းတွင်းသူများက "ဤမျောက်ဖြူလေးစီးတို့သည် အလွန်အံ့သြဘွယ်ရှိပေစွ" ဟုအကြိမ်ကြိမ်ဆိုလျက် လက်ခုပ်တီး၍ ရယ်ကြ၏။ ထိုသုခမိန်တို့လည်း ရှက်ခြင်းမကအရှက်ရကုန်၏။

အမရာသည် 'ထိုသုခမိန် လေးဦးတို့က မဟောသဓအပေါ် လုပ်ကြံပုံများ'ကို မင်းကြီးအား တခုမကျန် အလုံးစုံ လျှောက်ထား၏။ မင်းကြီးသည်

ထိုသုခမိန်လေးဦးကို ပြစ်တင်စကား အနည်းငယ်မျှ မပြောဘဲ အိမ်သို့ ပြန်လှတ်၏။။

ဘုရိပဥ္စ

ထိုအခါ မင်းကြီး၏ ထီးချက်စောင့်နတ်သမီးသည် မင်းကြီးအား မဟာသဓကိုပြန်ခေါ်စေရန် ဥပါယ်ဖြင့် ပြဿနာလုပ်ပြီး ညအခါတွင် မင်းကြီးထံလာ၍ ပြဿနာလေးခုကို မေးပြီး "သင်မင်းကြီးသည် ဤပြဿနာ လေးခုကို နက်ဖြန်ဖြေလော့" ဟု ဆို၏။ မင်းကြီးသည် နောက်တနေ့ ထိုပြဿနာတို့ကို မေးမြန်းသော် ထိုသုခမိန်လေးဦးတို့သည် အနည်းငယ်မျှမသိ,မဖြေနိုင်ကြပေ။ ထိုနေ့ကုန်၍ ညအခါရောက်သော် ထိုနတ်သမီးသည် လာ၍ တောက်ပြောင်သည့် သံတုတ်ကို မင်းကြီး ဦးခေါင်းပေါ် မိုးလျက် "ဤပြဿနာများကို မဟာသဓသာ ဖြေနိုင်မည်။ သူ့ကိုမေးလော့။ ငါမေးသည့်ပြဿနာများကို သင်မဖြေနိုင်လျှင် ဤသံတုတ်ဖြင့် သင့်ဦးခေါင်းကို ရှစ်စိတ်ကွဲအောင် ရိုက်ခဲ့အံ့" ဟု ခြိမ်းချောက်ပြီး ပျောက်ကွယ်၏။

နောက်တနေ့ မင်းကြီးသည် သုခမိန်လေးဦးအား "မဟာသဓကို လိုက်ရှာလော" ဟု အရပ်လေးမျက်နှာသို့ တဦးစီ စေလွှတ်၏။ သေနကသည် အိုးထိန်းသည်အိမ်သို့ရောက်၍ မဟာသဓအား "မင်းကြီးကခေါ်ခိုင်း၏" ဟု ဆို၏။ မဟာသဓသည် ရထားဖြင့် မြို့သို့ လိုက်သွားပြီး မိမိအိမ်သို့ သွား၍ ရေချိုးဝတ်စားပြီး မင်းကြီးထံသွား၏။ မင်းကြီးသည် မဟာသဓကို စုံစမ်းလို၍ "သင်သည် ဇမ္ဗူဒိပ်တခုလုံးကိုသိမ်းယူနိုင်သည့် အတုမရှိသောပညာစုံမ်း(ဘုရိပဥ္စ)ရှိလျက် ငါ့ထီးနန်းစည်းစိမ်ကို အဘယ့်ကြောင့် မသိမ်းယူသနည်း" ဟုမေး၏။

မဟာသဓက "မင်းစည်းစိမ်ကိုအလိုမရှိကြောင်း,သူတော်ကောင်းတရားကို မစွန့်လွှတ်ကြောင်း, မင်းကြီးမိမိအပေါ်ကျေးဇူးကြီးကြောင်း, ကျေးဇူးရှင်ကို မပြစ်မှားသင့်ကြောင်း" ဥပမာတို့ဖြင့် အကျယ်တဝင့် ရှင်းလင်းလျှောက်ထား၏။ မင်းကြီးသည် အလွန်နှစ်သက်၏။

ဒေဝတာပုဆိုတပဉ္စ

ထို့နောက် မင်းကြီးသည် ထီးချက်စောင့်နတ်သမီးက မေးသည့် (ဒေဝတာပုစ္ဆိတ)ပြဿနာလေးခုအကြောင်းကိုပြောပြ၍ "သင်ဖြေနိုင်လျှင်ဖြေလော့"

ဟုဆို၏။ မဟောသဓသည် ထိုပြဿနာလေးခုကို အကျယ်အားဖြင့်ဖြေဆို၏။ နတ်သမီးသည် အလွန်နှစ်သက်၍ သူ့အား ရတနာများစွာဖြင့် ပူဇော်၏။ မင်းကြီးလည်း အလွန်နှစ်သက်၍ သူ့အား စစ်သေနာပတိ ရာထူးကို ပေး၏။

ပဉ္စပဏ္ဍိတပဉှ

သေနာပတိရာထူး ရသည့် မဟောသဓကို မနာလိုသည့် ထိုသုခမိန်လေးဦးတို့သည် မဟောသဓအား ပျက်စီးစေရန် မင်းကြီးအား "အရှင်မင်းကြီး မဟောသဓသည် နှုတ်ဖြင့်သာ အရှင့်စီးပွားကိုလိုဟန် ပညာရှိလက္ခဏာနှင့် ပြောဆို၍ စိတ်ထဲကမူ မဖြောင့်မမှန် အကောက်ကြံသူ ဖြစ်ပါသည်" ဟု လျှောက်ကြ၏။ မင်းကြီးက မယုံသော် ၎င်းတို့က "မယုံလျှင် မဟောသဓအား ခေါ်၍ ရုဇမာယာဖြင့် သူမသိအောင် လျှို့ဝှက်အပ်သည့်စကားကို အဘယ်သူအား ပြောအပ်သနည်း" ဟု မေးပါ။ သူသည် အကောက်ကြံသူ မှန်လျှင် 'လျှို့ဝှက်အပ်သည့် စကားကို ဘယ်သူအားမျှ ထိုအကြံအမူ မပြီးစီးမီ မပြောအပ်' ဟုဆိုမည်။ထိုစကားကိုကြား၍မှ ကျွန်ုပ်တို့စကားကိုသင်မင်းကြီးယုံမည်" ဟု လျှောက်ကြ၏။

တနေ့သ၌ မင်းကြီးသည် သုခမိန်၎င်းဦး(ပဉ္စပဏ္ဍိတ)အား "သင်တို့အား ၎င်ပြဿနာတခုကိုမေးအံ့။ ဖြေလော့။ ထိုပြဿနာကား "လျှို့ဝှက်အပ်သော စကားကို အဘယ်သူအား ပြောအပ်မည်နည်း" ဟု မေး၏။

သေနက က "ချစ်မြတ်နိုးအပ်သည့် မိတ်ဆွေကောင်းအား ပြောအပ်၏" ဟုဆို၊ **ပုက္ကုသ** က "အစ်ကို ညီ စသည့်သားချင်းအား ပြောအပ်၏" ဟုဆို၊ **ကာမိန္ဒ** က "အဘ၏အကျိုးကို လိုလားသည့်သူ့အား ပြောအပ်၏" ဟုဆို၊ **ဒေဝိန္ဒ** က "ကျေးဇူးရှင်မိခင်အား ပြောအပ်၏" ဟုဆို ဆိုကြ၏။ **မဟောသဓ** ကမူ လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှသာလျှင် ကောင်း၏။သူတပါးအား မပြောအပ်" ဟု ဆို၏။

မင်းကြီးသည် နှလုံးမသာမယာ ဖြစ်၏။ သေနကသည် ရှင်လန်းသည့် မျက်နှာဖြင့် မင်းကြီးကိုကြည့်၏။ မဟော့သဓသည် ထိုမင်း, အမတ်တို့၏ အမူအရာကိုမြင်လျှင် "ဤသူ လေးဦးသည် ဤပြဿနာကို မမေးမီကပင် မင်းကြီးကို ဂုံးတိုက်စကားပြောပြီးမှ ၎င်အလိုကို စမ်းလို၍ ဤပြဿနာကို မေး၏" ဟု သိ၍ နန်းတော်မှထွက်ခဲ့ပြီး ဤသို့ကြံ၏။

ဤသူလေးဦးသည် 'မိတ်ဆွေ,သား,ချင်း,သား,မိခင်တို့အား လျှို့ဝှက်အပ်သည့် စကားကို ပြောအပ်၏'ဟုဆိုသည်မှာ အကြောင်းရှိမည်။ "စုံစမ်းအံ့" ဟု ကြံ၏။ နန်းတော်တံခါးဝ၌ သေတ္တာကို မျောက်ထားသကဲ့သို့သော ထမင်းစားပွဲခုံကြီးရှိ၏။ အမတ်လေးဦးတို့သည် နန်းတော်မှထွက်လျှင် နေ့တိုင်း ထိုထမင်းစားပွဲခုံပေါ်၌နေ၍ ဆွေးနွေးတိုင်ပင်ပြီးမှ အိမ်ပြန်ကြ၏။ ထို့ကြောင့် မဟောသဓသည် "ယနေ့ပင် ထိုသူတို့၏အမှုကိုသိအောင်လုပ်အံ့" ဟု ကြံပြီး ထိုထမင်းစားပွဲခုံကို မိမိအခြံအရံတို့အား မြောက်ချီစေပြီး "ထို အမတ်တို့ အိမ်ပြန်သော် ငါ့ကိုလာယူလှည့်" ဟု မှာ၍ အတွင်း၌ နေ၏။ ထိုအခါ သေနကသည် မင်းကြီးအား "မဟောသဓ၏စကားကို သင်မင်းကြီး ကြားပြီးပြီ။ သူသည် သင်မင်းကြီးကို မကောင်းကြံမည်။ သူ့ကိုအမြန် သုတ်သင်ရမည်"ဟု လျှောက်၏။ မင်းကြီးသည် သဘောတူ၍ သူ့အား သန်လျက်ကို ပေးပြီး "နက်ဖြန် မဟောသဓကို နန်းတော်သို့ဝင်သည့်အခါ ဤ သန်လျက်ဖြင့် လုပ်ကြံလော့"ဟုဆို၏။ သုခမိန်လေးဦးတို့သည် ပျော်ရွှင်ကြပြီး မင်းထံမှ ဖယ်ခွာ၍ ထိုထမင်းစားပွဲခုံ၌ တိုင်ပင်ကြ၏။ သေနကက "နက်ဖြန် ငါတို့သည်ဤသန်လျက်ဖြင့် မဟောသဓကို နန်းတော်သို့လာလျှင်သတ်ရမည်" ဟု ဆို၏။

ဤသို့ တိုင်ပင်ကြစဉ် "လျှို့ဝှက်အပ်သော အရာကိုပြောသင့်၏" ဟူသော စကားနှင့်ပတ်သက်၍ အချင်းချင်းမေးကြ ပြောကြ၏။

ရှေးဦးစွာ(၁)သေနကက"ငါသည် ဥယျာဉ်ထဲ၌ ဤမည်သော ပြည့်တန်ဆာမနှင့် ပျော်ပါးပြီး သူမကိုသတ်၍ တန်ဆာများကို ငါ့အိမ်၌သိမ်းထား၏။ ဒီအကြောင်းကို ငါ့မိတ်ဆွေတဦးသာသိ၏။ သူက မပြော၍ ငါ့အမှုမပေါ်။ ထို့ကြောင့် လျှို့ဝှက်အပ်သည့်အရာကို မိတ်ဆွေအား ပြောအပ်၏ဟု ငါဆို၏"ဟူ၍ ပြော၏။

(၂)ပုက္ကုသက "ငါ့ပေါင်၌ ကုဋ္ဌနှုနာ ရှိ၏။ ငါ့ညီတဦးသာသိ၏။ သူက မပြော၍ ဘယ်သူမှမသိ။ ထို့ကြောင့် ညီအားပြောအပ်၏ဟု ငါဆို၏"ဟူ၍ ပြော၏။

(၃)ကာမိန္ဒက "ငါသည် ဘီလူးဖမ်းစားခံရသဖြင့် လက္ခယ်နေ့တိုင်း ခွေးရူးကဲ့သို့ လှည့်ပတ်၍ အော်မြည်ရ၏။ထိုအကြောင်းကို ငါ့သားသာသိ၏။ ငါ့သားမပြော၍ ဘယ်သူမှမသိ။ ထို့ကြောင့် သားအားပြောအပ်၏ဟု ငါဆို၏"ဟူ၍ ပြော၏။

(၄)ဒေဝိန္ဒက "ကုသမင်းကြီးအား သိကြားမင်းကပေးခဲ့သည့် မင်္ဂလာပတ္တမြားလုံးသည် ဤမင်းကြီးမှာရှိ၏။ ထိုပတ္တမြားကို ငါခိုးယူပြီး အမိထံ၌ အပ်ထား၏။ အမိသည် ဘယ်သူ့ကိုမှ မပြော။ ထို့ကြောင့် အမိအား ပြောအပ်၏ဟု ငါဆို၏"ဟူ၍ ပြော၏။

မဟောသဓသည် ထိုစကားအားလုံးကို အပြည့်အစုံ ဓရေးမှတ်ထား၏။ နောက် သူတို့အိမ်ပြန်သော် ထိုအခြေအရံတို့က လာ၍ ထိုထမင်းစားပဲ့ကို မြောက်ပြီး မဟောသဓကို ထုတ်စေ၏။ မဟောသဓသည် အိမ်ပြန်၍ "ငါ့အား လုပ်ကြံမည့်အကြောင်းကို ငါ့နှမ ဥဒုမ္ဗရဒေဝီ သိမည်။ သိလျှင်ငါ့ထံ စကားပို့မည်"ဟု ကြံ၏။

ဥဒုမ္ဗရဒေဝီသည် မင်းကြီးထံမှ မဟောသဓအကြောင်းကို ကြားလျှင် မင်းကြီးအိပ်ပျော်သည့်အခါ တိုက်ခန်းထဲဝင်၍ "နက်ဖြန် သင့်ကို လုပ်ကြံမည်။ နန်းတော်သို့မလာနှင့်"စသည် ဓရေးသားပြီး ထိုစာကို ကတ္တဝါမုံထဲသွင်း၍ အိုးထဲထည့်ပြီး အိုးကိုကောင်းစွာဖုံး၍ တံဆိပ်ခတ်ပြီးမှ ကျွန်မတဦးကို မဟောသဓထံ ပို့ခိုင်း၏။ မဟောသဓသည် ထိုစာကိုဖတ်ပြီး ဝမ်းမြောက်စွာဖြင့် ကောင်းစွာအိပ်၏။ သုခမိန်လေးဦးသည် နံနက်စောစော နန်းတော်တံခါးကြားတွင် သန်လျက်ကိုင် စောင့်နေပြီး မဟောသဓ မလာ၍ မင်းကြီးထံ၌ ခစားနေကြ၏။မဟောသဓသည် နေမြင့်မှ အခြံအရံများစွာဖြင့် မင်းကြီးထံ သွား၏။ မင်းကြီးက "အဘယ့်ကြောင့် ယနေ့ နေမြင့်မှလာသနည်း" ဟုမေး၏။ မဟောသဓက "သင်မင်းကြီးက မိမိမယားအား လျှိုဝှက်အပ်သည်ကို ပြောခဲ့ပြီး။ ယင်းစကားကို ထိုမယားက မိမိထံ လူလွှတ်၍ပြောကြောင်း၊ ထိုအမတ်လေးဦးတို့သည်ထမင်းစားပဲခုံပေါ်၌ မိမိကို သန်လျက်ဖြင့်ခုတ်သတ်မည့် ကိစ္စကို တိုင်ပင်ကြခြင်းနှင့် သူတို့ကိုယ်တိုင်ပြုခဲ့သည့် ရာဇဝတ်မှုများကို ပြောကြားခြင်းတို့ကို သိပြီးဖြစ်ကြောင်း" အလုံးစုံလျှောက်ကြား၏။

ထိုအခါ မင်းကြီးသည် ထိုသုခမိန် လေးဦးတို့၏ ရာဇဝတ်မှုအပြစ်အနာအဆာများကို ကြားလျှင် ပြင်းစွာ အမျက်ထွက်၍ "ဤသူ လေးဦးကို မြို့မှထုတ်၍ သန်လျက်ဖြင့် လည်ဖြတ်သတ်စေ"ဟု အမိန့်ပေး၏။ မဟောသဓက အကြောင်းပြ၍ မသတ်ရန် တောင်းပန်သော် မင်းကြီးက "ဒါဖြင့်လျှင် ဤသူ လေးဦးကို နိုင်ငံမှ နှင်ထုတ်လော့"ဟု ဆို၏။ တဖန် မဟောသဓက "ဤသူတို့ကို အပြစ်ဒဏ်မပေးဘဲ ယခင်ရာထူးဌာနားထား၍ မင်းကြီးအား ခစားပါစေ"ဟု အကြောင်းပြ၍ တောင်းပန်သော် မင်းကြီးက သဘောတူ၏။

သုခမိန် လေးဦးတို့သည် ထိုအခါမှစ၍ မဟောသဓနှင့် တူပြိုင်မဆိုဝံ့ တော့ဘဲ ဆိတ်ဆိတ်သာ နေကြလေတော့သတည်း။

(၁) ဒုတိယပိုင်း

မဟောသဓနှင့်နိုင်ငံရေး

ဝိဒေဟရာဇ် မင်းကြီးသည် ထီးနန်း စည်းစိမ်၌သာ ကြောင့်ကြမဲ့ စိုးစံ၍ ပြည်ထဲရေးကို မဟောသဓက စီရင်ကွပ်ကဲ၏။ မဟောသဓသည် မြို့ဟောင်းကို ခဲ့ထွင်၍ မြို့သစ်အဖြစ် တည်ဆောက်၏။ မြို့တွင်းရှိ အိမ်ဟောင်း စရပ်ဟောင်းများကို အသစ်ပြုပြင်စေ၏။ ကျုံးသုံးထပ် ပြုလုပ်၏။ ဤသို့ စသည်ဖြင့် မြို့တော်ကို ရန်သူမလာနိုင်အောင်၊ လှပတင့်တယ်အောင် စီမံ၏။

ထို့နောက် သူသည် ဖွားဘက်တော် အမတ်တထောင်အနက် ဥပါယ်တမျဉ်၌ လိမ္မာလှသည့် ဖွားဘက်တော် တရာကို ရွေးကောက်ပြီး "သင်တို့ တဦးစီ နိုင်ငံတရာအသီးသီး၌ အခိုက်အတန့် နေကြလော့။ သင်တို့၏ သားမယားများကို ငါကောင်းစွာပြုစုအံ့။ သင်တို့နေရပ်ကို မသိစေဘဲ အတွင်းသားဖြစ်အောင် ခစားလျက် ထိုမင်းတို့၏ အမူအရာ အကြံအစည်ကို မပြတ်ကြည့်ရှုနားထောင်၍ အကြောင်းရှိလျှင် စကားအားလုံးကို ငါ့ထံ လွှတ်၍ ပို့လိုက်"ဟု မှာကြားပြီး လက်ဆောင်များနှင့်တကွ စေလွှတ်၏။ ထိုသူရဲကောင်း အမတ်တရာတို့သည် မဟောသဓဆိုတိုင်း ပြုကြ၏။

ဂုဇ္ဇနီဖြဟ္မဒတ်မင်း

ထိုအခါ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ "သခ်ပါလက"မည်သော စူဠဇ္ဇနီဖြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုမင်း၏ အမတ်ကြီးကား 'ကေဝဋ်' မည်၏။ စူဠဇ္ဇနီဖြဟ္မဒတ်မင်းသည် တရံရောအခါ စစ်သည်,သူရဲကောင်းတို့ကို စုရုံးလျက် လက်နက်များကို ပြင်ဆင်၏။ မဟောသဓက ထားသည့် သူလျှိုသည် ထိုအကြောင်းကို မဟောသဓထံ လူလွှတ် အကြောင်းကြား၏။ မဟောသဓသည် ထိုအကြောင်းကို အသေအချာသိရန် စုံစမ်းလို၍ မိမိ၏ အလှန် လိမ္မာပါးနပ် ပညာရှိလှသည့် 'ကျေးသား'ကို ထို ဥတ္တရပဉ္စာလရာဇ် ပြည်သို့ သူလျှိုလုပ်ရန် စေလွှတ်၏။

တနေ့သ၌ 'ကေဝဋ်'အမတ်သည် မင်းကြီးကို ဥယျာဉ်သို့ခေါ်သွားပြီး အင်ကြင်းပင်အောက်၌ ထိုင်ကြ၏။ ကျေးသားသည် ထိုအကြောင်းကိုကြား

သို၍ ထိုအင်ကြင်းပင်၏ အခက်ကြားတွင် ပုန်းနေ၏။ ကောင်ပုဏ္ဏားက မင်းကြီးအား "အရှင်မင်းကြီးသည် စစ်သည် များစွာတို့ဖြင့် မြို့ငယ် မင်း များကို ဝိုင်း၍ခြိမ်းခြောက်ပြီး လက်အောက်ခံနိုင်ငံများပြုပြီးလျှင် တိုင်းကြီး ပြည်ကြီး မင်းတရားကို ရှေးနည်းတူ ဝိုင်း၍ ခြိမ်းခြောက် ကျိုးနွံစေလော့။ ထိုမင်းတရားတို့ကို ဉယျာဉ်ထဲ၌ သေသောက်ပွဲ ကျင်းပပြီး သေရည်များကို အဆိပ်ခပ် တိုက်၍ သတ်လော့။ ထိုအခါ သင်မင်းကြီးသည် ဇမ္ဗူဒိပ်၌ ကေရာဇ်မင်း ဖြစ်မည် ကောန်တည်း" ဟု လျှောက်၏။ မင်းကြီးက သဘော တူ၏။ ကျေးသားသည် လျှိုဝှက်သတင်းကိုယူလာပြီး မဟောသဓအား ပြန် ကြား၏။ မဟောသဓသည် စူဠနီပြဟ္မဒတ်မင်းလာလျှင် ခုခံကာကွယ်နိုင်ရန် မြို့တွင်းရှိ သူဆင်းရဲဟူသမျှကို မြို့ပြင်၌ သူတို့ပျော်ရာ အရပ်တွင် နေစေ၍ ကျေးလက်,မြို့နယ်,ရွာ,နိဂုံး,ဇနပုဒ်တို့၌ နေသည့် ဥစ္စာရှိသူတို့ကို သိမ်းယူ ခေါ်ပြီး မြို့တွင်း၌နေစေ၏။ မြို့တွင်း၌ စပါးကျီများကိုလည်း စပါးအပြည့် သွင်းထားစေ၏။

စူဠနီပြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်ရှိ မိထိလာပြည်မှတပါး မင်းနေပြည် တော်အားလုံးကို အသီးသီး သူ့စစ်တပ်ဖြင့် ဝိုင်း၍ ခြိမ်းခြောက်ကာ စစ် မတိုက်ရဘဲ ခုနစ်နှစ် ခုနစ်လအတွင်း သိမ်းယူပြီး ထိုကိုးဆဲ့ကိုးဦးသော မင်း တို့နှင့် မဟာမိတ်ပြု၍ သူ့အခြံအရံအဖြစ် ပြုလုပ်၏။ မဟောသဓ၏သူလျှို သည် ထိုအကြောင်းအလုံးစုံကို မဟောသဓထံ လူလွှတ်၍ သတင်းပို့၏။ စူဠနီပြဟ္မဒတ်မင်းသည် ထို မင်း ကိုးဆဲ့ကိုးဦးဖြင့် ခြံရံလျက် မိမိနေပြည် တော်သို့ပြန်လာ၏။ နောက် သူသည် ထိုမင်း ကိုးဆဲ့ကိုးဦးအား သေရည်ကို အဆိပ်ခပ်တိုက်၍ သတ်ရန် "ဤမည်သော နေ့တွင် ဉယျာဉ်၌ သေရည် သောက်၍ အောင်သေသောက်မည်။ ကိစ္စအားလုံး စီရင်လော့" ဟု မိန့်ကြား ၏။ ထိုအကြောင်းကိုလည်း သူလျှိုအမတ်က မဟောသဓထံ သတင်းပို့၏။

မဟောသဓသည် ထိုမင်းတို့၏ အသက်ကိုကယ်ရန် ဖွားဘက်တော် သူရဲ တထောင်ကို ခေါ်၍ "ပဉ္စာလရာဇ်ပြည် ဉယျာဉ်တွင် သေသောက်ပွဲ ကျင်းပ မည့်နေ့၌ ထိုအဆိပ်ခပ်ထားသည့် သေရည်အိုးတို့ကို ခဲပစ်လော့။ စူဠနီပြဟ္မ ဒတ်မင်း၏ လူတို့ကိုလည်း မထေမဲ့မြင်ပြု၍ မိမိတို့ မိထိလာပြည်သားများ ဖြစ်ကြောင်းပြောပြီး ပြန်လာခဲ့ကြ" ဟု ဆို၍ စေလွှတ်၏။ ထိုသူရဲတို့လည်း မဟောသဓဆိုတိုင်း ပြုကြသော် စူဠနီပြဟ္မဒတ်မင်းသည် ပြင်းစွာ အမျက် ထွက်၏။ မင်းကိုးဆဲ့ကိုးဦးတို့လည်း အကြောင်းရင်းကို မသိကြ၍ "သောက် ပွဲကို လွှတ်ရသည်" ဟု အမျက်ထွက်ကြ၏။

စစ်ထိုးခြင်း

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် ထိုမင်းမျိုးခြံလျက် ကြီးကျယ်ကြောက်မက်ဘွယ်သော စစ်သည် ဗိုလ်ပါတို့နှင့်အတူ မိထိလာပြည်ကို သိမ်းယူရန် စစ်ချီ၍ ညအခါတွင် မိထိလာပြည်ကို စစ်တပ်,မြင်းတပ်,ရထားတပ်,တဆဲ့ရှစ်ခေါဘိဏီရှိ စစ်သည်အပေါင်းဖြင့် ဝန်းရံစေ၏။ ထိုစစ်သည်တို့၏ မီးရှူးအရောင်တို့ဖြင့် တပြည်လုံး ထိန်ထိန်လင်း၏။ စစ်သည်တို့၏အသံ, တိုက်စည်တိုက်မောင်း စသော တီးမှုတ်မျိုးစုံတို့၏ အသံဖြင့် တပြည်လုံး တုန်လှုပ်ချောက်ချား ပဲ့တင်ထပ်၏။ ဝိဒေဟရာဇ်မင်းသည် စူဠနီဗြဟ္မဒတ်မင်း လာသည်ကို သိ၍ ပြင်းစွာကြောက်၏။ ပြည်သူတို့လည်း ကိုးကွယ်ရာမဲ့ကြောက်ကြ၏။

မဟောသဓသည် စစ်သည် ဗိုလ်ပါတို့ကို နေရာတကျ ရန်သူမကပ်နိုင်အောင် စီစဉ်ပြီးသော် မင်းကြီးထံသွား၍ "အရှင်မင်းကြီး မကြောက်လင့်။ ရန်သူကို တွန်းလှန်ရန် ကျွန်ုပ်၏ တာဝန်တည်း" ဟု ဆို၍ နှစ်သိမ့်စေ၏။ နောက် သူသည် မြို့တွင်း၌ ပြည်သူတို့အား ပဲ့သဘင်လုပ်၍ တီးမှုတ်စေ၏။ စူဠနီဗြဟ္မဒတ်မင်းသည် ထိုပဲ့သဘင်အသံကိုကြား၍ မေးသော် မဟောသဓ၏ သူလျှိုအမတ်များက "ကျွန်ုပ်တို့ မြို့ထဲသွားစဉ် 'ဝိဒေဟရာဇ် မင်းကြီးသည် မြို့တော်ကို ရန်သူများဝိုင်းစဉ် ပဲ့သဘင်ကြီးစွာ ခံလိုစိတ်ရှိခဲ့၍ ဤသို့ပြု၏' ဟု ကြားခဲ့ရ၏" ဟူ၍ လျှောက်ကြ၏။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် ပြင်းစွာအမျက်ထွက်၍ "မိထိလာမြို့တော်ကို ဖိုဖျက်ကြလော့" ဟု မိန့်၏။ သူ့စစ်သည်တို့ မြို့ကိုဖျက်ရန် ဝိုင်းကြသော် မဟောသဓ၏ စစ်သည်တို့က မြို့ရိုးအထက်ပစ္စင်တို့မှ ညှန်နှစ်ရေများနှင့် ပက်ခြင်း၊ ကျောက်လုံး, သစ်တုံးများဖြင့် ပစ်ချခြင်း၊ မြား,လှံ,ချန်းတောင်းများဖြင့် ပစ်ခတ်ခြင်းပြု၍ နှိပ်စက်ကြ၏။ စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်တို့ များစွာ သေကြေပျက်စီးကြပြီး မြို့ကိုဝိုင်းရံ၍ လေးရက် ငါးရက်တိုင်တိုင် ဖျက်ရန် ကြိုးစားကြသော်လည်း မြို့ရင်းကိုမျှ မချဉ်းကပ်ဝံ့ကြပေ။

နောက် စူဠနီဗြဟ္မဒတ်မင်းသည် ကောဝဋ္ဋပဏ္ဍား အကြံပေးသည့်အတိုင်း မြို့ပြင်က ရေ၊ ဆန်စပါး၊ ထင်းများကို မြို့တွင်း မသွင်းနိုင်အောင် ပိတ်ဆို့ထားသော်လည်း မရပေ။ "ဝိဒေဟရာဇ်ပြည်ကို မရသော်လည်း ရှိစေတော့။ စစ်သည်ဗိုလ်ပါတို့၏ ပင်ပန်းပျက်စီးခြင်းကို ငါအလိုမရှိ။ ပြန်တော့မည်" ဟု မင်းကဆိုသော် ကောဝဋ္ဋပဏ္ဍားက "စစ်သည် ဗိုလ်ပါချင်း စစ်မတိုက်စေဘဲ

မင်းနှစ်ဦး၏ ပညာရှိနှစ်ဦးချင်း တရားစစ်ထိုးခြင်းကို ပြုအံ့။ တရားစစ်ရှုံးသည့် အမတ်၏မင်းသည် စစ်ရှုံးသည်ဖြစ်စေ။ ကျွန်ုပ်သည် မဟောသဓကို နိုင်အောင် စစ်ထိုးနိုင်ပါ၏"ဟု ဆို၏။ စူဠနီပြဟ္မဒတ်မင်းသည် သဘောတူ၍ ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းထံလွှတ်အကြောင်းကြား၏။ ဝိဒေဟရာဇ်မင်းသည် မဟောသဓနှင့်တိုင်ပင်ပြီး "နက်ဖြန်နံနက် အနောက်မြို့တံခါးဝ၌ တလင်းပြင်၌ တရားစစ်ထိုးစေအံ့"ဟု ပြန်ကြား၏။

ကေဝဋ္ဋပုဏ္ဏား

စူဠနီပြဟ္မဒတ်မင်းသည် မင်းပေါင်းတရာ ခြံရုံလျက် ကေဝဋ္ဋပုဏ္ဏားနှင့်အတူ ထိုနေရာသို့ သွား၍ နံနက်စောစောကပင် အသင့်စောင့်နေ၏။ မဟောသဓသည် တသိန်းတန် ပုဆိုးကိုဝတ်၍ စစ်ဘုရင်တို့ဝတ်သည့် တန်ဆာအပေါင်းဖြင့် တန်ဆာဆင်လျက် မင်းကြီးထံမှ ပတ္တမြားကို တောင်းယူပြီး ရထားစီး၍ ဖှားဘက်ရွေဘော် ဗိုလ်ပါအပေါင်းခြံရုံကာ နံနက် တချက်တီးကျော်မှထွက်၏။ သူသည် ရထားမှဆင်း၍ ပတ္တမြားလုံးကို လက်ဝါးပေါ်၌ တင်ပြလျက် ကေဝဋ္ဋပုဏ္ဏားဆီသို့ သွား၏။ ကေဝဋ္ဋပုဏ္ဏားသည် ထိုပတ္တမြားကိုမြင်လျှင် ဟန်မဆောင်နိုင်အောင် လိုချင်လှသဖြင့် "သင်သည် သင်တို့ပြည်သို့ ရောက်လာသည့် သုခမိန်ကို နှစ်လိုဘွယ် လက်ဆောင်ဖြင့် ည့ဝတ် ပြုသင့်၏"ဟု ဆို၏။

မဟောသဓကလည်း "သင့်အား လက်ဆောင်ပေးရန် ဤပတ္တမြားကို ယူခဲ့၏။ သင်အလိုရှိလျှင် ခံယူလော့"ဟု ဆို၍ ကေဝဋ္ဋပုဏ္ဏား၏ ဖြန့်ထားသည့် လက်ဝါးချောင်းများ ကြားထဲ ကျအောင်ပစ်လိုက်၏။ ထိုပတ္တမြားသည် လက်ချောင်းကြား လျှောကျ၍ မြေ၌ လိမ့်လျှောပြီး မဟောသဓ၏ ခြေရင်း၌ တည်၏။ မဟောသဓသည် ထိုပတ္တမြားကို ကုန်းကောက်ယူသည့် ကေဝဋ္ဋပုဏ္ဏား၏ ကျောကို လက်တဖက်ဖြင့် မထနိုင်အောင်ဖိနှိပ်ပြီး အခြားလက်ဖြင့် သူ့လည်ကုပ်ကိုကိုင်နှိပ်၍ "ဆရာပုရောဟိတ် ထလော့။ ကျွန်ုပ်ကား သင့်မြေးလောက်သာ ရှိ၏။ ကျွန်ုပ်ကို ရှိမခိုးပါနှင့်" ဟု ပရိသတ်အပေါင်းကြားအောင် ကြွေးကြော်လျက် သူ့နဖူးကို စုတ်မြဲသွေးထွက်အောင် မြေတလင်း၌ ပုတ်တိုက်ပြီး လည်ကုပ်ကို ကိုင်ညှစ်၍ ပစ်လိုက်ရာ တဥသဘဝေးသည့်အရပ်၌ ကျ၏။ ကေဝဋ္ဋပုဏ္ဏားသည် လျင်စွာထ၍ ကြောက်အားနှင့် ပြေး၏။ ပတ္တမြားကို မဟောသဓ၏ အခြံအရံ ဖှားဘက်တို့က ကောက်ယူထား၏။ စူဠနီပြဟ္မဒတ်မင်းနှင့် ပရိသတ်အပေါင်းသည် "ငါတို့ ပညာရှိသည်

မဟောသဓကို ရှိခိုးသဖြင့် ရှုံးလေပြီ။ ငါတို့ပြေးနိုင်မှ အသက်ချမ်းသာရာရမည်”ဟူ၍ သူတို့စီးသည့်မြင်းများကို အသီးသီးတက်စီး၍ပြေးကြ၏။

မဟောဓသည် မိမိအခြံအရံများနှင့်အတူ မြို့ထဲဝင်၏။ ကေဝဋ်ပုဏ္ဏားသည် မိမိမြင်းကိုစီး၍ နောက်မှလိုက်လျက် “အချင်းတို့၊ မပြေးကြနှင့်။ မဟောသဓကို ငါရှိခိုးသည်မဟုတ်၊ ရပ်ကြ၊ မကြောက်ကြနှင့်”ဟု အော်ပြီး မင်းအား စစ်သည်တို့ကို ပြန်စုရုံးရန် လျှောက်ထား၏။ မင်းသည် စစ်သည်အပေါင်းကို ပြန်စုရုံးပြီး ယခင်နေရာသို့ ပြန်လာ၍ မိထိလာပြည်ကို တဖန်စစ်ထိုးရန်ဝိုင်း၏။ မဟောသဓသည် ‘အနုကေဝဋ်’မည်သော အမတ်ပုဏ္ဏားတဦးကို ပရိယာယ်ဖြင့် ဒဏ်ခတ်နှင်ထုတ်၍ စူဠနီပြဟ္မဒတ်မင်းထံခစားစေပြီး အတွင်း၌ ‘သူ့လူကိုယ့်ဘက်သား’ လုပ်၍ ဖျက်ဆီးခိုင်း၏။ စူဠနီပြဟ္မဒတ်မင်းနှင့် စစ်သည် ဗိုလ်ပါအားလုံးသည် ပါလာသည့် လက်နက်ပစ္စည်းအားလုံးကို စွန့်ပစ်၍ပြေးကြ၏။

မင်းသမီးနှင့်မျှားခြင်း

ဤသို့စစ်ရှုံးပြီး၍ တနှစ်ကြာသော် ကေဝဋ်အမတ်သည် စူဠနီပြဟ္မဒတ်မင်းကို ပြာသာဒ်ပေါ်ခေါ်ပြီး “အရှင်မင်းကြီးသမီး ‘ပဉ္စာလစန္ဒီ’ ၏ တင့်တယ်လှပပုံများကိုလည်း၊ ထိုမင်းသမီးသည် ဝိဒေဟရာဇ်မင်းကြီးနှင့်သာ ထိုက်တန်ကြောင်းကိုလည်း စာဆိုတော်တို့အား သီချင်း တေးစသည် ဖွဲ့နွဲ့သီကုံးစေပြီး သဘင်သည်တို့အား နိုင်ငံအနှံ့အပြား လှည့်လည် သီဆိုခိုင်းပါလော့။ ထိုသီချင်းများကို ဝိဒေဟရာဇ်မင်း ကြားလျှင် သမီးတော်ကို တပ်မက်စွဲလမ်းလာမည်။ ထိုအခါ ကျွန်ုပ်က ဝိဒေဟရာဇ်မင်းထံ လက်ဆောင်များနှင့် သွား၍ ‘စူဠနီပြဟ္မဒတ်မင်း၏သမီးတော်ကို’ လက်ခံရန်မဟောသဓနှင့်အတူပဉ္စာလရာဇ် ပြည်သို့ ကြွတော်မူပါ’ဟု ဖြားယောင်းလျှောက်ကြား၍ ခေါ်ဆောင်အံ့။ လာသော် သူတို့နှစ်ဦးကို ကျွန်ုပ်တို့ သုတ်သင်ပစ်ကြလျှင် မိထိလာပြည်ကို လွယ်ကူစွာ သိမ်းပိုက်နိုင်မည်”ဟု နားဝင်အောင် အမျိုးမျိုး လျှောက်၏။ စူဠနီပြဟ္မဒတ်မင်းက သဘောတူ၍ ကေဝဋ်ဆိုတိုင်း ပြုစေ၏။ ‘ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလစန္ဒီကို တပ်မက်လာကြောင်း’ ကြားသိရသော် ကေဝဋ်ပုဏ္ဏားသည် မင်းနှင့်တိုင်ပင်၍ လက်ဆောင်များစွာဖြင့်သွား၏။ ဝိဒေဟရာဇ်နိုင်ငံအစွန်သို့ သူရောက်သော် နိုင်ငံအစွန်၌ နေကြသူတို့က ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းနှင့် မဟောသဓထံ အကြောင်းကြားကြ၏။

မဟောသဓကို ရှိခိုးသဖြင့် ရှုံးလေပြီ။ ငါတို့ပြေးနိုင်မှ အသက်ချမ်းသာရာရမည်"ဟူ၍ သူတို့စီးသည့်မြင်းများကို အသီးသီးတက်စီး၍ပြေးကြ၏။

မဟောဓသည် မိမိအခြံအရံများနှင့်အတူ မြို့ထဲဝင်၏။ ကေဝဋ္ဋပဏ္ဍားသည် မိမိမြင်းကိုစီး၍ နောက်မှလိုက်လျက် "အချင်းတို့၊ မပြေးကြနှင့်။ မဟောသဓကို ငါရှိခိုးသည်မဟုတ်၊ ရပ်ကြ၊ မကြောက်ကြနှင့်"ဟု အော်ပြီး မင်းအား စစ်သည်တို့ကို ပြန်စုရုံးရန် လျှောက်ထား၏။ မင်းသည် စစ်သည်အပေါင်းကို ပြန်စုရုံးပြီး ယခင်နေရာသို့ ပြန်လာ၍ မိထိလာပြည်ကို တဖန်စစ်ထိုးရန်ဝိုင်း၏။ မဟောသဓသည် 'အနုကေဝဋ္ဋ'မည်သော အမတ်ပဏ္ဍားတဦးကို ပရိယာယ်ဖြင့် ဒဏ်ခတ်နှင်ထုတ်၍ စူဠနီပြဟ္မဒတ်မင်းထံခစားစေပြီး အတွင်း၌ 'သူ့လူကိုယ့်ဘက်သား' လုပ်၍ ဖျက်ဆီးခိုင်း၏။ စူဠနီပြဟ္မဒတ်မင်းနှင့် စစ်သည် ဗိုလ်ပါအားလုံးသည် ပါလာသည့် လက်နက်ပစ္စည်းအားလုံးကို စွန့်ပစ်၍ပြေးကြ၏။

မင်းသမီးနှင့်မျှားခြင်း

ဤသို့စစ်ရှုံးပြီး၍ တနှစ်ကြာသော် ကေဝဋ္ဋအမတ်သည် စူဠနီပြဟ္မဒတ်မင်းကို ပြာသာဒ်ပေါ်ခေါ်ပြီး "အရှင်မင်းကြီးသမီး 'ပဉ္စာလစန္ဒီ' ၏ တင့်တယ်လှပပုံများကိုငင်း၊ ထိုမင်းသမီးသည် ဝိဒေဟရာဇ်မင်းကြီးနှင့်သာ ထိုက်တန်ကြောင်းကိုငင်း စာဆိုတော်တို့အား သီချင်း တေးစသည် ဖွဲ့နွဲ့သီကုံးစေပြီး သဘင်သည်တို့အား နိုင်ငံအနှံ့အပြား လှည့်လည် သီဆိုခိုင်းပါလော့။ ထိုသီချင်းများကို ဝိဒေဟရာဇ်မင်း ကြားလျှင် သမီးတော်ကို တပ်မက်စဲလမ်းလာမည်။ ထိုအခါ ကျွန်ုပ်က ဝိဒေဟရာဇ်မင်းထံ လက်ဆောင်များနှင့် သွား၍ 'စူဠနီပြဟ္မဒတ်မင်း၏သမီးတော်ကို'လက်ခံရန်မဟောသဓနှင့်အတူပဉ္စာလရာဇ်ပြည်သို့ ကြွတော်မူပါ'ဟု ဖြားယောင်းလျှောက်ကြား၍ ခေါ်ဆောင်အံ့။ လာသော် သူတို့နှစ်ဦးကို ကျွန်ုပ်တို့ သုတ်သင်ပစ်ကြလျှင် မိထိလာပြည်ကို လွယ်ကူစွာ သိမ်းပိုက်နိုင်မည်"ဟု နားဝင်အောင် အမျိုးမျိုး လျှောက်၏။ စူဠနီပြဟ္မဒတ်မင်းက သဘောတူ၍ ကေဝဋ္ဋဆိုတိုင်း ပြုစေ၏။ 'ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလစန္ဒီကို တပ်မက်လာကြောင်း' ကြားသိရသော် ကေဝဋ္ဋပဏ္ဍားသည် မင်းနှင့်တိုင်ပင်၍ လက်ဆောင်များစုဖြင့်သွား၏။ ဝိဒေဟရာဇ်နိုင်ငံအစွန်သို့ သူရောက်သော် နိုင်ငံအစွန်၌ နေကြသူတို့က ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းနှင့် မဟောသဓထံ အကြောင်းကြားကြ၏။

ရွက်ဘုယ် ကာစ အဝဝတ္ထုကို ပြင်ဆင်ပါအံ့။ ကျွန်ုပ်ချိန်းဆိုသည့် နေ့ရက်ကျမှ

ပဉ္စာလရာဇ်ပြည်သို့ ကြွခဲ့ပါ"ဟု လျှောက်၏။ မင်းကြီးက သဘောတူ၍ သူသည်မှူးမတ် စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် ယူဇနာ တရာဝေးသည့် ပဉ္စာလရာဇ်ပြည်သို့ သွား၏။

မြိုနန်းတည်ခြင်း

ဤသို့ သွားရာ ခရီးစဉ် တလျှောက်တွင် တယူဇနာရောက်တိုင်း ရွာတရွာစီတည်၍ အမတ်တဦးစီကို အုပ်ချုပ်ရန် အပ်နှံခဲ့ပြီး သွား၏။ ဤသို့သွား၍ ဂင်္ဂါမြစ်သို့ ရောက်လျှင် မဟောသဓသည် လှေအစင်း သုံးထောင်ကိုလုပ်စေ၍ သစ်ပျဉ်များကို သယ်သွား၏။ မြစ်သို့ရောက်လျှင် သူသည် "ဤအရပ်မှ နှစ်ဂါဝုတ်တိုင်အောင် ဥမင်ကျယ်ကို တူးပြီး အဆုံး၌ မြို့နန်းကို တည်အုံ။ ၎င်းမှသည် စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်အထိ တဂါဝုတ်ခန့်ကို ဥမင်ကွေ့ပြုလုပ်အုံ"ဟူ၍ ပိုင်းခြားသတ်မှတ်ပြီးမှ စူဠနီဗြဟ္မဒတ်မင်းထံ သွား၍ "ကျွန်ုပ်တို့၏ မင်းကြီးသည် ကျွန်ုပ်ချိန်းဆိုသည့်အခါတွင် ကြွလာမည်။ ကျွန်ုပ်၏ အရှင် တဲနေရန် နန်းတော်ကို ဆောက်လုပ်ရန် အလျင် လာခဲ့ပါ၏"ဟု လျှောက်၏။ မင်းကြီးသည် အလွန်နှစ်သက်၍ သူ့အား သံတဲ၌ နေစေပြီး "သုခမိန်၊ သင်သည် ဤပြည်တွင် နေသမျှကာလပတ်လုံး စိတ်ချမ်းသာစွာနေ၍ အလိုရှိသလို လုပ်ဆောင်လော့"ဟု ခွင့်ပြု၏။

မဟောသဓသည် ဥမင်ကွေ့၏ အပေါက်ဝအတွက် စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်လေ့ကားကို 'မကောင်း'ဟု ဆိုကာ အသစ်ပြင်ဆင်ပြီး မြို့တော်နှင့် ဂင်္ဂါမြစ်အကြား မြို့တော်မှ တဂါဝုတ်ခန့် ဝေးသည့် အရပ်၌ မြို့နန်းကို ဆောက်လုပ်ရန် စတင်၏။သူသည် စစ်သည်ဗိုလ်ပါများကို စုရုံးပြီး ဥမင်ကွေ့ မြို့နန်း, ကျုံးသုံးထပ်,ဥမင်ကျယ်စသည် ပြုရမည့်အလုံးစုံကို အတောင် ပမာဏ နှင့်တကွ နေရာကွက် မှတ်ခင်းကျင်းလျက် အလုပ်ကို စီမံခန့်ခဲ့၏။ဥမင်တူးရာ မြေစာတို့ကို မြစ်ထဲ၌ ဆင်များဖြင့် နင်းနယ် မွှေနှောက်စေ၏။ ဥမင်ကြီးနှင့် ဥမင်ကွေ့ ဆက်သည့်နေရာ၌ ကျုံးသုံးထပ်,တံတိုင်း, ပစ္စင်, တန်ဆောင်း, ရေကန် စသည်တို့နှင့်တကွ 'ဥပကာရီ'မည်သောမြို့ကို တည်စေ၏။ ဥမင်ကြီးအတွင်းယန္တရားစက်နှင့်တကွ ပြုလုပ်ထားသည့် တံခါးမကြီးများ, တံခါးငယ်များ,ဆီမီးတိုင်များ, မင်းတို့နေရာ တိုက်ခန်းများကို ပြုလုပ်၏။ ဖွင့်ရန် ပိတ်ရန် ယန္တရားစက်နှစ်သွယ်ကို ထိုတံခါးငယ်, တံခါးမများ၌တစပ်တည်း ထားခြင်းကြောင့် 'ဖွင့်စက်'ကိုနင်းလျှင် တံခါးအားလုံး တပြိုင်နက်ပွင့်၍ 'ပိတ်စက်'ကိုနင်းလျှင် တပြိုင်နက်ပိတ်ကြ၏။ ဥမင်ကြီး၏ နံရံများတွင် လှုပ

ဆန်းကြယ်သည့် ဆေးရေးပန်းချီများ, အရုပ်များကိုလည်း ပြုလုပ်စီရင်၏။ ဥမင်ကွေ့အတွင်း အထောင်မကသော ဆီမီးတိုကိုလည်း နေ့စဉ် မပြတ် ထွန်းထားစေ၏။ ဤသို့ ပြုဘွယ်ကိစ္စ အားလုံးကို လေးလအတွင်း အပြီးလပ်ဆောင်၏။

ထိုအခါ မဟောသဓသည် သံတမန်စေလွှတ်၍ ဝိဒေဟရာဇ်မင်းကြီးအား ဥပကာရီမြို့သို့ ကြွလာရန် ရက်ချိန်းပေး၏။ မင်းကြီးသည် သုခမိန်လေးဦးနှင့်အတူ အခြံအရံနှင့် ကြွလာ၏။ ဂင်္ဂါမြစ်နားသို့ ရောက်သော် မင်းကြီးအား မဟောသဓက ခရီးဦးကြိုပြု၍ ဥမင်ကို မသိစေဘဲ ဥပါကာရီမြို့တွင်းသို့ မှူးမတ် အခြံအရံနှင့်အတူ ပင့်ဆောင်၏။ မင်းကြီးသည် စူဠနီပြဟ္မဒတ် မင်းထံ အမတ်တဦးကိုလွှတ်၍ သူရောက်လာကြောင်း အကြောင်းကြား၏။

ထိုအချိန်သည် ညနေဖြစ်၏။ စူဠနီပြဟ္မဒတ်မင်းသည် "ယနေ့ ငါ့ရန်သူနှစ်ဦး ငါလက်တွင်းရောက်ပြီ" ဟု ရွှင်လန်းဝမ်းမြောက်လျက် စစ်သည်ဗိုလ်ပါတို့ကို စုရုံး၏။ နောက် သူသည် နန်းတော်အထက်ဆင့် ကျက်သရေတိုက်ခန်း၌ မိမိ၏ မယ်တော် 'စလကာဒေဝီ', မိဖုရားကြီး 'နန္ဒာဒေဝီ', သားတော် 'ပဉ္စာလစန္ဒာ', သမီးတော် 'ပဉ္စာလစန္ဒီ' ဤလေးဦးကိုအခြံအရံအစောင့်အရှောက်များနှင့်တကွ ထားခဲ့ပြီး မင်းပေါင်းတရာ ခြံရံလျက် တဆယ့်ရှစ်ခေါ် ဘိဏှိရှစ်သည်ဗိုလ်ပါ များစွာနှင့်အတူမြို့မှထွက်၍ ဥပကာရီမြို့ကို အထပ်ထပ်ဝန်းရံစေပြီး အသိန်းမကသော မီးရှူးတိုဖြင့် ထိန်ထိန်လင်းစေလျက် "ဤမြို့ကိုဖျက်ကြ, တက်ကြ, ဝိဒေဟရာဇ်မင်းနှင့် မဟောသဓတို့ကို ဖမ်းကြ" စသည်ဖြင့် တပြိုင်နက် အုတ်အုတ် ကျက်ကျက်အသံကို ဖြစ်စေ၏။

မဟောသဓသည် မြို့တံခါးကိုပိတ်စေပြီး မြို့စောင့်များခန့်ထားပြီးသော် သူရဲကောင်း သုံးရာကိုခေါ်၍ "ဥမင်ကွေဖြင့် စူဠနီပြဟ္မဒတ်မင်း၏ နန်းတော်သို့ သွား၍ 'မင်း၏မယ်တော်, မိဖုရား, မင်းသမီး, မင်းသား လေးဦးဖမ်းပြီး ဥမင်ကွေ့ဖြင့်ပင် ယူဆောင်၍ ဥမင်တံခါး၀ အတွင်း၌ ထားလော့။ နောက် မင်းကြီးနှင့် ငါတို့လာမှ ထိုသူတို့ကိုဥမင်မှထုတ်၍ ပြင်ပဂင်္ဂါမြစ်နားတံခါး၀သို့ ဆောင်ပြီး ပြဿဒ်စမုခ်ဦးပေါ်သို့ ထားနှင့်ရမည်" ဟု မှာ၍စေလွှတ်၏။ ထိုသူရဲတို့သည် မဟောသဓဆိုတိုင်း ပြုကြပြီး နန်းတော်မှ ရွှေငွေ ရတနာတို့ကို ဖွင့်လှစ်၍ ရွှေ ငွေ ရတနာများစွာတို့ကိုလည်း 'ယူလာခဲ့ကြ၏။ ယင်းကိစ္စပြီးကြောင်း ကြားသိသော် မဟောသဓသည် ဝိဒေဟရာဇ်မင်းထံ သွား၏။

မင်းသမီးကို နိုးထုတ်ခြင်း

ဝိဒေဟရာဇ်မင်းနှင့် သုခမိန် လေးဦးတို့သည် စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်များကို မြင်၍ ထိုစစ်သည်တို့၏ ကြွေးကြော်သံများကို ကြားလျှင် သေဘေးမှ ကြောက်လန့်နေကြ၏။ မင်းကြီးက "ချစ်သား မဟောသဓ၊ သင်သည် ငါတို့ကို မကယ်နိုင်ပြီလော။ သင်မှတပါး မည်သူမျှ မကယ်နိုင်" ဟု ဆို၏။ ထိုအခါ မဟောသဓသည် မိမိအား နှိပ်စက်ကဲ့ရဲ့ အထင်သေးခဲ့သည့် ဝိဒေဟရာဇ်မင်းကို မလျှပ်နိုင်အောင် ဖိနှိပ်ပြောလို၍ "မင်းကြီး၊ ဤသုခမိန် လေးဦးတို့သာ ပညာဉာဏ်ကြီး၍ ဤဘေးမှလွတ်အောင် တတ်နိုင်ပါမည်။ ကျွန်ုပ်ကား တောသား, ပညာနည်းသူဖြစ်၍ မတတ်နိုင်ပါ၊ မကယ်နိုင်ပါ" စသည်ဖြင့် ပြောဆို၏။

မင်းနှင့် သုခမိန်လေးဦးတို့က သူတို့၏အပြစ်များကို ဝန်ခံပြောဆိုပြီး ထိုဘေးမှကယ်တင်ရန် တောင်းပန်ပြောဆိုကြ၏။ မဟောသဓက "အရှင်မင်းကြီး ဤမျှလောက် ဘေးရန်ကိုပင် ကြောက်သလော။ ကျွန်ုပ်သည် ဤလာမည့်ဘေးကို သင်မင်းကြီးအား လျှောက်ထားခဲ့၏။ သင်မင်းကြီးကား မယုံ။ ထို့ကြောင့် ကျွန်ုပ်သည် အလျင်လာပြီး ဤဘေးကို ရှင်ဆိုင်ရန် အစစအရာရာကို ပြင်ဆင်စီရင်ထား၏။ သင်မင်းကြီး မကြောက်လင့်။ ယခုပင် သင်မင်းကြီးကို ဤဘေးမှ လွတ်စေအံ့" ဟု ဆို၍ နှစ်သိမ့်စေ၏။ နောက် သူသည် မင်းကြီးနှင့် မူးမတ်အပေါင်းကို ဥမင်၏ ကြီးကျယ် ခန်းနား လှပဆန်းကြယ်ပုံတို့ကို ပြသ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်း၏ 'မယ်တော်, မိဖုရား, သားတော်, သမီးတော်' လေးဦးကို အစောင့်အရှောက်များက ဥမင်တိုက်ခန်းမထုတ်၍ ဥမင်စမုခ်ဦး လက်ထပ်နန်းပြာသာဒ်ပေါ် တင်ထားနှင့်ကြ၏။ မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီးအား 'ပဥ္စာလစန္ဒီ' မင်းသမီးကို မိဖုရားကြီးအရာ၌ ဘိသိက်သွန်း၍ လက်ထပ်ပေး၏။ နောက် အသင့်ပြင်ထားသည့် လှေသုံးရာပေါ် မင်းကြီးနှင့် မှူးမတ်အခြံအရံများကိုတင်ပြီး "အရှင်မင်းကြီး မိထိုလာပြည်သို့ ကြွတော်မူလော့။ စူဠနီဗြဟ္မဒတ်မင်း၏ 'မယ်တော်, မိဖုရား, သားတော်' တို့ကို အထူးကောင်းစွာ ပြုစုစောင့်ရှောက်ပါလော့။ ကျွန်ုပ်သည် ခေတ္တနေရစ်၍ ပဥ္စာလရာဇ်မင်း၏ စစ်သည်အပေါင်းကို နှိမ်နှင်းပြီး အရှင်မင်း၏ ဘုန်းကျက်သရေကို ထွန်းပစေအံ့" ဟု လျှောက်၍ လွှတ်လိုက်၏။

မဟောသဓသည် ဥပကာရိမြို့သို့ဝင်၍ အိပ်၏။ နံနက်လင်းသော် စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်တို့သည် "ဝိဒေဟရာဇ်မင်းနှင့် မဟောသဓတို့ကို

အရှင်ဖမ်းကြလော့"စသည်ဖြင့် ကြွေးကြော်လျက် မြို့သို့ ချဉ်းကပ်လာကြ၏။ မဟောသဓ၏ သူလျှိုအမတ်တရာတို့လည်း စူဠနီဗြဟ္မဒတ်မင်းအနီးမှာ မရှိကြ။ မဟောသဓသည် နံနက်စာစား‌ပြီး ကောင်းစွာ ဝတ်စား ဆင်ယင်၍ လှံတံကိုစွဲကိုင်ပြီး နန်းတော်စမုခ်ဝ အရှေ့ လေသာပြူတင်းကို ဖွင့်လျက် စူဠနီဗြဟ္မဒတ်မင်းမြင်အောင် စကြံသွားနေ၏။

စူဠနီဗြဟ္မဒတ်မင်းသည် ပြင်းစွာအမျက်ထွက်၍ မဟောသဓကို ဖမ်းယူရန် မိမိစီးသည့်ဆင်ကို လျင်စွာ မြို့ရိုးတံခါးဆီသို့ စိုင်းလာ၏။ မဟောသဓသည် ပြူတင်းဦးရပ်လျက် စူဠနီဗြဟ္မဒတ်မင်း မခံနိုင်အောင် ပြက်ရယ်ပြု၍ ပြောဆို‌ပြီး "သင်မင်းကြီးနှင့် ကေဝဋ္ဋပဏ္ဍားတို့၏ တိုင်ပင်ကြံစည်ခြင်းကို ကျွန်ုပ် သိပြီးဖြစ်၍ ထိုဘေးမှ ကာကွယ်ရန် အလုံးစုံကို ပြင်ဆင်ပြီးဖြစ်၏။ သင်မင်းကြီး၏ 'မယ်တော်,မိဖုရား, သားတော်, သမီးတော်'တို့ကို ကျွန်ုပ်ယူဆောင်ပြီး ဝိဒေဟရာဇ်မင်းကြီးနှင့်အတူ မိထိလာမြို့သို့ပို့လိုက်ပြီ။ မယုံလျှင် နန်းတော်သို့ တမန်စေလွှတ်၍ စုံစမ်းလော့။ သင်သည်ကျွန်ုပ်ကိုသတ်လျှင် သင်၏ မယ်တော် စသည်ကို ဝိဒေဟရာဇ်မင်းကြီးက သတ်မည်" စသည်ဖြင့် ပြောဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည် အမတ်တဦးကိုလွှတ်၍ စုံစမ်းစေသော် 'နန်းတော်သည် သုသာန်သဖွယ်ဖြစ်နေကြောင်း' စသည် အလုံးစုံကို ကြားသိ၏။

ထိုအခါ မင်းကြီးသည် "မဟောသဓကို ငါသတ်လျှင် ငါ့မိဖုရားကြီး အသတ်ခံရမည်။ မဟောသဓသည်သာ ငါ့မိဖုရားကို ငါ့ထံပြန်ယူပေးနိုင်မည်။ မဟောသဓသာလျှင် ကိုးကွယ်ရာဖြစ်၏" ဟု ကြံ၍ မိုင်နေ၏။ မဟောသဓက "အရှင်မင်းကြီး၏ မယ်တော်,မိဖုရား,သားတော်တို့ကို ဤပြည်သို့ပြန်ရောက်အောင် ကျွန်ုပ်မှတပါး မည်သူမျှ မတတ်နိုင်။ မိထိလာပြည်သို့ ကျွန်ုပ် ပြန်သွားရလျှင် ထိုမင်းသုံးပါးကို ဤပြည်သို့ရောက်စေမည်။ မစိုးရိမ်လင့်" ဟု နှစ်သိမ့်စေ၏။ စူဠနီဗြဟ္မဒတ်မင်းသည် သဇ်ဘောတူ၍ မဟောသဓ၏ အုံသြမကုန်နိုင်အောင် ကြီးမားသည့် ဥဿဘညာကို ချီးမွမ်း၍ "ထိုမင်းလေးပါးကို အဘယ်သို့ ယူဆောင်သနည်း" ဟု မေး၏။ မဟောသဓက မိမိ ပြုစီရင်ထားသည့် အရာအားလုံးကို ပြောပြ၏။

နှစ်ပြည့်တပြည်

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းက "ငါသည် သင်ပြုလုပ်ထားသည့် ဥမင်ကိုကြည့်လို၏။ ငါ့အားပြပါ" ဟုဆို၏။ မဟောသဓက "သင်မင်းကြီး ကြည့်လိုလျှင်

မြို့တံခါးကိုဖွင့်ပါမည်။ လက်နက်ချ၍သာ ဗိုလ်ပါအခြံအရံနှင့်အတူ ဝင်ခဲ့ပါ" ဟုဆို၏။ မင်းကြီးသည် မဟောသဓ ဆိုတိုင်းပြု၏။ မဟောသဓသည် မင်းကြီးနှင့်အခြံအရံကို ဥမင်သို့ ခေါ်ဆောင်၍ စက်ခလုတ်ဖြင့် တံခါးအားလုံးဖွင့်ပုံပိတ်ပုံ စသည် အံ့သြဘွယ်ရာတို့ကို လိုက်လံ ပြသ၏။

မင်းကြီးသည် အလွန် နှစ်သက်အံ့သြလျက် မဟောသဓအား "သင်၏ ပညာစွမ်းကား အံ့သြဘွယ်ရှိစွ။ ငါ၏ မကောင်းကြံစီချက် အားလုံးကို လည်း သိပေ၏။ ယနေ့မှစ၍ သင့်အား ရန်မမူတော့ပါ။ သင်ပညာရှိအား ကြီးစွာပူဇော်လိုပါ၏။ သင်သည် သားမယားကိုခေါ်၍ ငါနှင့်အတူ ဤပြည်၌ အလိုရှိတိုင်း ကာမဂုဏ်တို့ကို ခံစားရှိနေပါ။ မိထိလာပြည်သို့ မသွားပါလင့်"ဟု ဆို၏။ မဟောသဓက "ကျွန်ုပ်သည် ကျေးဇူးရှင် ဝိဒေဟရာဇ် မင်းကြီးကို စွန့်ပစ်လို့ မဖြစ်နိုင်ပါ"ဟုဆို၏။ စူဠနီဗြဟ္မဒတ်မင်းက "နောင် ဝိဒေဟရာဇ်မင်း ကွယ်လွန်သော် ဤပြည်သို့ လာနေပါမည်ဟု ကတိပေးပါ" ဟု တောင်းဆို၏။ မဟောသဓက ကတိပေး၏။

မင်းကြီးသည် မဟောသဓကိုခေါ်၍ မှူးမတ် စစ်သည် အခြံအရံဖြင့် မြို့တော်သို့ပြန်၍ မဟောသဓအား ခုနစ်ရက်လုံး ပူဇော်သက္ကာရများစွာဖြင့် ပူဇော်ပြီးနောက် သူ့ကို ဆင် မြင်း ရထား စစ်သည်ဗိုလ်ပါ အခြံအရံများစွာနှင့်တကွ မိထိလာပြည်သို့ ပြန်ပို့၏။ မဟောသဓသည် ဝိဒေဟရာဇ်မင်းထံသွား၍ အကြောင်းစုံကိုလျှောက်ကြားပြီး "စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်၊ မိဖုရား၊ သားတော်တို့ကို ယခုအမြန် ပဉ္စာလရာဇ်ပြည်သို့ ပြန်ပို့မှသင့်မည်" ဟု လျှောက်၏။ မင်းကြီးသည် စစ်သည်ဗိုလ်ပါ အခြံအရံများစွာဖြင့် ထိုမင်းသုံးပါးကို ပြန်ပို့၏။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းနှင့် ဝိဒေဟရာဇ်မင်းတို့သည် မိတ်ဆွေ,ဆွေမျိုးဖြစ်ကြပြီး အချင်းချင်း လက်ဆောင်များကိုပေး၍ ချစ်ခင်စွာ နေကြလျက် ထိုတိုင်းပြည်နှစ်ခုမှာ 'ရှေပြားနှစ်ချပ် ဂဟေစပ်' သကဲ့သို့ ရောင်းဝယ်ဖောက်ကား မပြတ်သွားလာကြလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလစန္ဒီ မိဖုရားကို အလွန်နှစ်သက်မြတ်နိုးပြီး ဥဒုမ္ဗရဒေဝီနှင့် ထပ်တူထပ်မျှချီးမြှောက်၏။ ပဉ္စာလစန္ဒီသည် တနှစ်ကြာသော် ကိုယ်ဝန်ရ၍ သားကိုဖွားပြီး 'ဒီဃာဝု' မင်းသားဟု အမည်ပေး၏။ ဒီဃာဝုမင်းသား အရွယ်ရောက်သော် မင်းကြီး နတ်ရွာစံ၏။ မဟောသဓသည် ဒီဃာဝုမင်းသားအား မင်းမြှောက်၍ ထီးနန်းအပ်ပြီး "အရှင်မင်းကြီး၏ ဘိုးတော် စူဠနီဗြဟ္မဒတ်မင်းထံသို့ ပေးထားသည့် ကတိအတိုင်း သွားရပါမည်။ ထိုပြည်သို့ သွားသော်လည်း တိုင်းပြည်နှစ်ခုလုံး၏ အကျိုးကို

ကောင်းစွာ ဆောင်ရွက်ပါမည်''ဟု ပန်ကြားပြီး ပဉ္စာလရာဇ်ပြည်သို့ သွားနေ၍ စူဠနီပြဟ္မဒတ်မင်းကြီးထံ၌ ခစား၏။

ဒကရက္ခသုပဋ္ဌ

စူဠနီပြဟ္မဒတ်မင်း၏ နန်းတော်သို့ နေ့စဉ် လာ၍ ဆွမ်းစားသော 'ဘေရီ' အမည်ရှိ ပရိဗိုဇ်မသည် ''အတုမရှိ ပညာရှိ၏ဟု ကျော်ကြားသည့် မဟောသဓကို ပညာစမ်းအံ့'' ဟုကြံ၍ တနေ့သ၌ ဆွမ်းစားပြီး နန်းတော်မှ ထွက်လာသော် မင်းအား ခစားရန်လာသည့် မဟောသဓကို စကားဖြင့်နှုတ်မဆက်ဘဲ ''မင်း၏အချိုးအမြောက်ကို ရပြီလော'' ဟု မေးလို၍ လက်ဝါးကို ဖြန့်ပြ၏။ မဟောသဓသည် ထိုအမေးကိုသိ၍ ''မင်းကြီး၏ အချိုးအမြောက်ကို မရသေး'' ဟု ဆိုလို၍ လက်ကိုဆုပ်ပြ၏။ နောက် ပရိဗိုဇ်မသည် ထိုအကြောင်းကိုသိ၍ ''မင်း၏ အချိုးအမြောက်ကိုမခံရလျှင် အဘယ့်ကြောင့် ငါကဲ့သို့ 'ခေါင်းတုံး' ရိတ်၍ ရဟန်းမပြုသနည်း'' ဟု မေးလို၍ လက်ဖြင့် ဦးခေါင်းကို သုံးသပ်ပြီးပြ၏။

မဟောသဓလည်း ထိုအမေးကိုသိပြီး ''သားမယားများ ရှိသေး၍ရဟန်းမပြုနိုင်သေးပါ'' ဟု ဖြေလို၍ လက်ဖြင့် မိမိဝမ်းသို့ သုံးသပ်၏။ ပရိဗိုဇ်မသည် ထိုအဖြေကိုသိ၍ ဤသို့ စုံစမ်းပြီးသော် မိမိကျောင်းသို့ သွား၏။ နောက်တနေ့ ပရိဗိုဇ်မသည် နန်းတော်၌ ဆွမ်းစားပြီး မဟောသဓအကြောင်းကို ပြောပြသော် မင်းကြီးက မဟောသဓအား 'စစ်သူကြီး' အရာကိုပေး၍ ပြည်ထဲရေး ကိစ္စဟူသမျှကို အပ်နှင်း၏။ ထိုအခါ မဟောသဓသည် ''မင်းကြီးက ငါ့ကို အလွန်အမင်း ချီးမြှောက်သည်မှာ ငါ့ကို နှစ်သက်မြတ်နိုးလော၊ သို့မဟုတ် ရာဇပရိယာယ်ဖြင့် သတ်လို၍လော ဆိုသည်ကို ပရိဗိုဇ်မအား စုံစမ်းစေအံ့'' ဟု ကြံ၍ ဘေရီပရိဗိုဇ်မကျောင်းသို့သွားပြီး ထိုအကြောင်းကို ပြောကြား၏။ ပရိဗိုဇ်မက ''စုံစမ်းပေးမည်'' ဟု ဝန်ခံ၏။

နောက်တနေ့ ပရိဗိုဇ်မသည် နန်းတော်၌ ဆွမ်းစားပြီးသော် မင်းကြီးအား 'မေးစရာရှိ၏'ဟုဆို၍ အခြေအရံများကို ဖယ်ရှားစေပြီး ''ပြဿနာတခုကို မေးအံ့၊ ဖြေလော့'' ဟုဆို၍ ရေစောင့်ဘီလူးပြဿနာ (ဒကရက္ခသုပဋ္ဌ)ကို ဤသို့ မေး၏။

''မင်းကြီး၊ သမုဒ္ဒရာ၌ မျောလေကုန်သော 'မယ်တော် စလကာဒေဗီ, မိဖုရား နန္ဒာဒေဗီ, ညီတော် တိဒိဏ္ဍမန္တိ, ရဲဘက်တော် ဓနုသေခ, ကေဝဋ်

အမတ်, မဟောသဓနှင့် သင်မင်းကြီး' ဟူသော သင်တို့ ခုနစ်ဦး၏ လေ့ကို လူသားကိုရှာသည့် ရက္ခိုဿ်ဘီးလူးက ဖမ်းဆီး၏။ ထိုဘီလူးက 'မင်းကြီးတွင် ပါလာသည့် ဤလူခြောက်ယောက်ကို အစဉ်အတိုင်း ငါ့အား ပေးပါလျှင် သင့်ကိုလွှတ်မည်'ဟု ဆိုခြားအံ့။ အဘယ်သူမျှားကို အစဉ်အတိုင်း ပေးမည်နည်း။ မင်းကြီး သဘောအတိုင်း ဖြေလော့"

ထိုအခါ မင်းကြီးက "ရှေးဦးစွာမယ်တော်, နောက် မိဖုရား, နောက် ညီတော်, နောက် ရဲဘက်တော်, နောက် ကေဝဋ်ဒအမတ်တို့ကို ပေးပြီးလျှင် မဟောသဓကို ဘီလူးအား မပေးဘဲ ကျွန်ုပ်ပင် ဘီလူးခံတွင်းထဲဝင်၍ အစားခံအံ့။ ကျွန်ုပ်အသက်ရှင်စဉ် မဟောသဓကို မပေးလိုပါ" ဟု ဆို၏။

နောက် ပရဝိုဇ်မသည် မင်းကြီးဘုံး နန်းတွင်းသူ ပရိသတ်အပေါင်းကို စုဝေးခိုင်းပြီး ဤပြဿနာကိုပင် အကြောင်းပြချက်များနှင့်တကွ မေး၏။ မင်းကြီးသည် ထိုဘီလူးအား ပေးမည့် ငါးဦးတို့၏ အဖြစ်များကိုငင်း၊ ဘီလူးအား မပေးလိုသည့် မဟောသဓ၏ ဂုဏ်ကျေးဇူးများကိုငင်း ဖော်ပြ၍ အကျယ်တဝင့်ဖြေ၏။ နောက် ပရိဗိုဇ်မသည် မင်းကြီးအား ပြည်သူတို့ကို စည်းဝေးစေ၍ ထိုပြဿနာကိုပင် အကြောင်းပြချက်များနှင့်တကွ မေး၏။ မင်းကြီးလည်း ရှေးနည်းတူပင် အကြောင်းပြချက်များနှင့်တကွ အကျယ်တဝင့် ဖြေကြား၏။ ထိုနေ့မှစ၍ မဟောသဓသည် စူဠနီဗြဟ္မဒတ်မင်း၏ စည်းစိမ်နှင့် ထီးနန်းမှတပါး ထပ်တူစည်းစိမ်ကို စိုးစံလျက် အသက်ထက်ဆုံး မင်းကြီးနှင့် တိုင်းပြည်၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်သွားလေ၏။

ပညာအကျော် မင်းမဟော်ကား သူတော်စိတ်ထား လွန်ကြီးပွား၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေစဉ် "ရဟန်းတို့ ချီးမွမ်းသည့် ဘုရား၏ ပါရမီတော်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း— ဥပ္ပလဝဏ်=ပရိဗိုဇ်မ။ သုဒ္ဓါဒနမင်းကြီး= သိရိဝဇုနသူဌေးကြီး။ မယ်တော် မဟာမာယာဒေဝီ= မယ်တော် သုမနာဒေဝီ။ ရာဟုလာမိခင် ဗိမ္ဗာထေရီ=အမရာဒေဝီ။ မဟာကဿပ=သေနကအမတ်။ အမ္ဗဋ္ဌလုလင်=ပက္ကုသအမတ်။ကူဋဒန္တပုဏ္ဏား=ကာမိန္ဒအမတ်။ပိလောတိကလုလင် = ဒေဝိန္ဒအမတ်။ အာနန္ဒာ=ကျေးသား။ သာရိပုတ္တရာ=စူဠနီဗြဟ္မဒတ်မင်း။ ဒေဝဒတ်=ကေဝဋ်အမတ်။သုန္ဒရီအမျိုးသမီး=ပဥ္စာလစန္ဒီ။ မလ္လိကာမိဖုရား=သာလိကာမ။ ဒိဋ္ဌမင်္ဂလိကအမျိုးသမီး= ဥဒုမ္ဗရဒေဝီ။ လာဋဒေါဝိယ=ဝိဒေဟရာဇ်မင်း။ ဘုရား=မဟောသဓသုခမိန်။]

၅၄၃၊ ဘူရိဒတ္တဇာတ်
ဘူရိဒတ္တ နဂါးမင်းအကြောင်း

ဗာရာဏသီပြည်ဖြဟ္မဒတ်မင်း၏သားသည်ဖခင်မင်းကြီးက နှင်ထုတ်၍ ယမုနာဖြစ်နှင့် သမုဒ္ဒရာအကြား တောကြီးတခုဌ် ကျောင်းဆောက်၍ ရသေ့အသွင်ဖြင့် နေ၏။ သူသည် တနေ့သဌ် ကျောင်းသို့ရောက်လာသည့် မုဆိုးမ နဂါးမနှင့် ပေါင်းဖော်၍ အတူနေသော်'သာဂရ' မည်သောသားနှင့် 'သမုဒ္ဒဇာ' မည်သော သမီးကို ရ၏။

နောက် ဖခင်မင်းကြီး ကွယ်လွန်၍ အမတ်တို့က မင်းပြုရန် လာခေါ်သဖြင့် သူသည် သားသမီးနှစ်ဦးကို ယူ၍ မြို့တော်သို့ လိုက်သွားပြီး 'ကာသိကရာဇ်'မင်း အမည်ဖြင့် မင်းပြု၏။ နဂါးမကား နဂါးပြည်သို့ ပြန်သွားလေ၏။

နဂါးသွေးပါ၍ ရေထဲပျော်မွေ့သည့် ထိုသားသမီးနှစ်ဦးသည် တနေ့သဌ် ရေကန်ဌ် ရေကစားစဉ် လိပ်တကောင်ကို တွေ့၍ ဖမ်းယူပြီး ယမုနာဖြစ်ထဲဌ် ချ၏။ ထိုလိပ်သည် မျောရ်ရေအယဉ်ဖြင့် နဂါးပြည်သို့ ရောက်သွား၏။ ရေဌ် ကစားနေသည့်ဓတရင်ဌနဂါးမင်း၏သား နဂါးလုလင်တို့က ထိုလိပ်ကို ဖမ်းယူသွား၏။ လိပ်က နဂါးမင်းအား "ကျွန်ုပ်သည် ဗာရာဏသီမင်း၏ 'စိတ္တစူဠ'မည်သော တမန်တည်း။ အရှင်မင်းကြီးအား ငါတို့အရှင်သမီးတော်ကို ဆောင်နှင်းလို၍ ငါ့ကို စေလွှတ်လိုက်၏"ဟု မှသားဆို၏။ နဂါးမင်းသည် ယုံ၍ နဂါးလုလင်လေးဦးအား လိပ်နှင့်အတူ ဗာရာဏသီပြည်သို့ စေလွှတ်၏။ လမ်းခုလပ်တွင် လိပ်သည် ကြာအိုင်ကိုမြင်၍ "ငါသည် ထိုကြာအိုင်ဌ် ကြာဥများကို စားလို၏။ ငါ့ကို ထိုကြာအိုင်ဌ် ချပါ။ သင်တို့သွားနှင့်ကြ။ ငါ နောက်မှ လာမည်"ဟု ဆို၏။

နဂါးလုလင်တို့သည် လိပ်ဆိုတိုင်းပြု၍ ဗာရာဏသီမင်းထံ သွားပြီး အကြောင်းစုံကို လျှောက်ကြ၏။ ဗာရာဏသီမင်းသည် အမျက်ထွက်လျက်"ထိုလိပ်သည် ငါ့တမန် မဟုတ်။ ငါ့သမီးကို သင်တို့မင်းကြီး နဂါးယုတ်အား မပေးနိုင်"ဟု ဆို၏။ ထိုနဂါးလုလင်တို့ ပြန်၍ နဂါးမင်းအား အကြောင်းစုံကိုလျှောက်၏။ နဂါးမင်းသည် အမျက်ထွက်၍ နဂါးလုလင်တို့အား"ဗာရာဏသီ မြို့ထဲသို့ သွားပြီး မင်းကြီးအား သမီးကို မပေးလျှင် မြို့ကို ဖျက်ဆီးအံ့ဟု ခြိမ်းချောက်ပြီး သူ့သမီးကို ယူဆောင်ခဲ့"ဟု မှာ၍စေလွှတ်၏။ ထိုနဂါးလုလင်တို့သည် နဂါးမင်းဆိုတိုင်းပြုသော် ဗာရာဏသီမင်းသည် သမီး

တော် 'သမုဒ္ဒဇာ'ကို နဂါးမင်းထံ မှူးမတ်အခြံအရံနှင့်ပို့၏။ နဂါးမင်းသည် နဂါးအားလုံးအား မိမိကဲ့သို့ လူ့အသွင်ဖြင့်နေစေ၍ ထိုမင်းသမီးကို မိဖုရားမြောက်ပြီး နတ်အိပ်ရာ၌ ပေါင်းသင်းမွေ့လျော်၍ စည်းစိမ်ကို ခံစား၏။ သမုဒ္ဒဇာမိဖုရားလည်း လူ့ပြည်ဟူသော အမှတ်ဖြင့် နဂါးပြည်၌ တဓရဋ္ဌ နဂါးမင်းနှင့်အတူ မွေ့လျော် စံပျော်၏။

နောက် သမုဒ္ဒဇာသည် "သုဒဿန၊ (ဘုရားလောင်း)ဒတ္တာ၊ သုဘောဂ၊ အရိဋ္ဌ(ကာဏာရိဋ္ဌ)" ဟူ၍ သားလေးယောက်ရ၏။ သားများ အရွယ်ရောက်သော် နဂါးမင်းသည် ယူဇနာငါးရာရှိ နဂါးပြည်ကို ငါးစုခွဲ၍သားလေးဦးအား တရာစီကို အခြံအရံ မှူးမတ် မောင်းမပရိသတ်နှင့်တကွ ပေးပြီး မိမိအတွက် ယူဇနာ တရာမျှကိုသာ မင်းပြု၏။ ဘုရားလောင်း 'ဒတ္တာ'သည် လခွဲတကြိမ် မိဘများကို သွားဖူးပြီး ကျန်သုံးဦးက တလတကြိမ်သာသွားဖူး၏။ နဂါးပြည်၌ တစုံတရာ ပြဿနာရှိလျှင် ဘုရားလောင်းကသာ ဖြေဆို၏။

တနေ့သ၌ မိဘတို့သည် နဂါးပရိသတ်နှင့်တကွ တာဝတိံသာနတ်ပြည်သို့ သွား၍ သိကြားမင်းအား ခစားသောအခါ နဂါး, သိကြား ပရိသတ်အလယ်၌ ဖြစ်ပေါ်သည့် ပြဿနာတခုကို အခြား တစုံတယောက်မျှ မဖြေနိုင်သဖြင့် ဘုရားလောင်းက ပလ္လင်ပေါ်၌နေ၍ ဖြေဆို၏။ သိကြားမင်းသည် နှစ်သက်၍ ကြီးကျယ်သည့် ပညာနှင့် ပြည့်စုံသော 'ဒတ္တ'အား ရှေ့မှ 'ဘူရိ'ကို ထည့်ပြီး 'ဘူရိဒတ္တ'ဟု အမည်ပေး၏။

ထိုနေ့မှ စ၍ ဘုရားလောင်း'ဘူရိဒတ္တ'သည် သိကြားမင်းအား ခစားရ၏။ သူသည် သိကြားမင်း၏ စည်းစိမ်ကို မြင်လျှင် နတ်ပြည်၌ ဖြစ်လို၍ "နတ်ပြည်ရောက်ကြောင်း ဥပုသ်သီတင်းကို ဆောက်တည်အံ့" ဟု ကြံပြီး နဂါးပြည်သို့ ပြန်ရောက်လျှင် ဆိတ်ငြိမ်ရာ ဥယျာဉ်တခုတွင် ဥပုသ်ဆောက်တည်၍ နေ၏။ နောက် သူသည် (တိမ်မှတ်, မြူးတူးကြသည့် နဂါးမတို့ကြောင့်) သားမယားများအား "ငါလူ့ပြည်သို့ သွား၍ ယမုနာမြစ်နား ညောင်ပင်အနီး တောင်ပို့ထိပ်၌ ဥပုသ်ဆောက်တည်အံ့။ ဥပုသ်နေ့လွန်၍ အရုဏ်တက်လျှင် သင်တို့သည်လာပြီး အတီးအမှုတ်ဖြင့် ငါ့ကို လာခေါ်ကြ" ဟု မှာထားပြီး ထိုအရပ်သို့ သွား၍ "ငါ့ကို အလိုရှိသလို ပြု၍ သတ်ယူလိုသူ ယူပါစေ" ဟု အဓိဋ္ဌာန်ဥပုသ်ကို ဆောက်တည်၏။ ဤသို့ပင် နှစ်လရှည်စွာ ဥပုသ်သုံး၏။

ထိုအခါ ဗာရာဏသီမြို့ အနီးရှိရှာမှ 'နေသာဒ'အမည်ရှိ မုဆိုးပုဏ္ဏားတဦးသည် 'သောမဒတ္တ'မည်သော သားနှင့်အတူ သမင်လိုက်သွားရာ ဘုရားလောင်းနေရာအနီးသို့ အရောက်တွင် နေဝင်၍ အိမ်မပြန်နိုင်သဖြင့် သစ်ပင်

ပေါ်တက်ပြီး သစ်ခွကြားဌ အိပ်ကြ၏။ နံနက်လင်းသော် နဂါးမတို့သည် လာ၍ နတ်အသွင်ယူသော ဘုရားလောင်းကို ပန်းမွေ့ရာပေါ်ထား၍ လူ့အသွင်ဖြင့် တီးမှုတ် ဖျော်ဖြကြ၏။ ဘုရားလောင်းသည် လာကြသည့်သည့် မုဆိုးနှင့်သားအား မိမိအကြောင်းကို ပြောပြပြီး နဂါးပြည်သို့ ဆောင်၍ စည်းစိမ်ကြီးစွာကို ခံစားစေ၏။ တနှစ်ကြာသော် အိမ်ပြန်လိုသည့် ပုဏ္ဏားသားအဖကို လူ့ပြည်သို့ ပြန်ပို့ပေး၏။

ထိုအခါ ဗာရာဏပြည်၌ ကြေးမဆပ်နိုင်၍ တောသို့ပြေးသော ဆင်းရဲသား ပုဏ္ဏာ တဦးသည် ဟိမဝန္တာနေရသေ့တပါး၏ကျောင်းသို့ ရောက်လာ၍ ရသေ့အားဝတ်ကြီးဝတ်ငယ်ပြုစုလျက် နေ၏။ နောက် ရသေ့က မိမိအား ကျေးဇူးများသော ထိုပုဏ္ဏားအား 'ဂင်္ဂါနှင်မင်းတဦးထံမှ ရသည့် မြေနဂါးတို့ကို နိုင်နင်းသော' ဆေးနှင့် မန္တရားကို ပေး၏။ ထိုပုဏ္ဏားသည် ပြန်၍ ယမုနာ မြစ်နားသို့ ရောက်သော် ထိုမန္တာန်သရဇ္ဈာယ်လျက် သွား၏။ ရေကစား နေသည့် ဘုရားလောင်း၏ မောင်းမများစွာတို့သည် ထိုပုဏ္ဏား၏ မန္တာန်သရဇ္ဈာယ်သံကိုကြားလျှင် ကြောက်၍ ဘဲပြင်ပေါ်သူတို့ချထားသည့်ပတ္တမြားရှင်ကို မယူဘဲ မြေ၌ငုပ်ပြီး နဂါးပြည်သို့ သွား၏။ ထိုပုဏ္ဏားလည်း ထိုပတ္တမြားကို ယူ၍ သွား၏။

ထိုအခါ သားနှင့်အတူ သမင်လိုက်ထွက်လာသော နေသာဒ ပုဏ္ဏားသည် ထိုပုဏ္ဏားနှင့်တွေ့၍ သူ့လက်ထဲရှိ ပတ္တမြားရှင်ကို လိုချင်သဖြင့် သူနှင့်စကားစမြည်ပြော၏။ ထိုပုဏ္ဏားက "ငါသည် ဟိမဝန္တာနေ ရသေ့တပါးထံမှ နဂါးနိုင်မန္တာန်ကို ရခဲ့၏။ ငါသည် အလမ္ဘာယ် ဆရာကြီးဖြစ်၏" ဟု ဆို၏။ ထိုအခါ နေသာဒ ပုဏ္ဏားသည် သားက တားမြစ်သော်လည်း ထိုပတ္တမြားကို လိုချင်၍ "သင်သည် ငါ့အား ဤပတ္တမြားကိုပေးလျှင် ဘူရိဒတ်နဂါးမင်း၏ နေရာကို သင့်အား ပြအံ့" ဟု ဆို၏။ ထိုအလမ္ဘာယ် ပုဏ္ဏားက သဘောတူ၍ အတူသွားကြသော် သား 'သောမဒတ္တ'သည် အဖကို စွန့်၍ ဟိမဝန္တာသို့ ဝင်ပြီး ရသေ့ရဟန်းပြု၏။

နေသာဒပုဏ္ဏားသည် ဘုရားလောင်း၏ နေရာနှင့် မနီးမဝေး အရပ်သို့ ရောက်သော် "ဤနဂါးမင်းကို သင်ဖမ်းလော့၊ ငါ့အားလည်း ဤပတ္တမြားကို ပေးလော့" ဟု ဆို၏။ ထိုအလမ္ဘာယ်လည်း အလှန်နှစ်သက်၍ "အဆွေယူလော့" ဟု ဆိုပြီး နေသာဒပုဏ္ဏားလက်သို့ ပစ်ပေး၏။ ပတ္တမြားသည် နေသာဒလက်မှ လျှောကျပြီး မြေထဲသို့ဝင်၍ နဂါးပြည်သို့ ပြန်သွား၏။ နေသာဒ ပုဏ္ဏားသည် ငိုကြွေးလျက် တယောက်တည်း အိမ်သို့ ပြန်၏။

ထိုအလမ္ဗာယ်သည် နတ်ဆေးဖြင့် တကိုယ်လုံးလိမ်းလိမ်း၍ အနည်းငယ်စားပြီး မန္တာန်ကို စိပ်၍သွား၏။ ဘုရားလောင်းကို တကိုယ်လုံး ပုတ်ခတ် နှင်းနယ်၍ ပခြုတ်ထဲထည့်ပြီး ယူသွား၏။ သူသည် ရှာကြီး ရှာငယ်အစဉ်တိုင်း ဗာရာဏသီ မြို့တံခါးဝအထိ တဆယ့်ငါးရက်တိုင် ဘုရားလောင်းအား ကစေခြင်းဖြင့် ငွေညစ်များစွာကို ရ၏။ သူသည် "လာမည့်ဥပုသ်နေ့၌ နဂါးကို ကပြစေအံ့" ဟု 'သာဂရ' မင်းထံ လျှောက်ကြားစေ၏။ မင်းကြီးသည် စည်လည်စေ၍ ပြည်သူအပေါင်းကို စည်းဝေးစေ၏။

မယ်တော် သမုဒ္ဒာသည် ဥပုသ်နေ့တိုင်း လာနေကျဘုရားလောင်း မလာ၍ ပူဆွေးနေ၏။ နောက်တဆယ့်ငါးရက်အကြာတွင်မိမိထံ အဖူးအမြင် ရောက်လာသည့် သားတော်သုံးဦးအား 'ဘူရိဒတ္တ'အကြောင်းကို ပြောပြပြီး "ဘူရိဒတ္တ ဥပုသ်စောင့်သည့်နေရာကို လိုက်လံ စုံစမ်းရှာဖွေလော့" ဟု တဦးစီကို 'နတ်ပြည်၊ ဟိမဝန္တာ၊ လူ့ပြည်' သို့ တနေရာစီ ခွဲ၍ စေလွှတ်၏။ သားကြီး 'သုဒဿန' သည် ရသေ့အသွင်ဖြင့် လူ့ပြည်သို့သွားသော် သူ့မိထွေး၏ သမီးဖြစ်သည့် 'အဇမုခီ' နဂါးမလည်း ဖားငယ်အသွင်ဖြင့် သူ့ဆံကျစ်ကြားဌ၌ နေ၍ လိုက်သွား၏။

သုဒဿနသည် လူတို့ကိုမေးမြန်း၍ သွားရာ နောက်ဆုံးဌ၌ အလမ္ဗာယ် ပြမည့် မင်းယင်ပြင်သို့သွားပြီး ပရိသတ်၏ အကြားဌ၌နေ၏။ အလမ္ဗာယ် ဆရာသည် ရတနာပခြုပ်ကို ဖွင့်၍ "နဂါးမင်း ထွက်လော့" ဟု လက်ဖျစ်တီး၏။ ဘုရားလောင်းသည် ပရိသတ်ထဲတွင် နောင်တော် 'သုဒဿန'ကို မြင်လျှင် ပခြုပ်မှထွက်သွားပြီး သူ့ခြေဖမိုးပေါ်၌ ဦးခေါင်းတင်၍ ငို၏။ လူတို့က ကြောက်၍ ရှောင်လွှဲ ပြေးကြ၏။ နောက် ဘုရားလောင်းသည် ပခြုပ်ထဲပြန်ဝင်သော် အလမ္ဗာယ်က ဂါထာရွတ်၍ "ရှင်ရသေ့၊ သင့်ကို နဂါး ကိုက်သလော။ မကြောက်လင့်။ နဂါးဆိပ်ကျ မန္တန်ဖြင့် သင့်ကို ကုစားအံ့" ဟု ဆို၏။ သုဒဿနက "ငါ့ထက်တတ်သည့် မြွေဆရာမရှိ။ သင် နှင့် ပြိုင်အံ့။ သင်က ငါ့ကို မြွေဖြင့်တိုက်လော့။ ငါက သင့်ကို ဖားမငယ်ဖြင့် တိုက်မည်" ဟု ဆို၍ လက်ဝါးကို ဖြန့်ထားလျက် နှမတော် 'အဇမုခီ'ကို ခေါ်လိုက်၏။

အဇမုခီသည် ဆံကျစ်ကြားမှထွက်၍ ထိုလက်ဝါးပြင်၌ အဆိပ် သုံးစက်ကို ချပြီး ဆံကျစ်ကြားသို့ ပြန်ဝင်၏။ ရသေ့သည် ထိုအဆိပ်၏ အစွမ်းကို ပြောကြား၍ တွင်းတူးစေပြီး ထိုအဆိပ်ကို ချလိုက်ချ တွင်းနားနေသည့် အလမ္ဗာယ်သည် အဆိပ်ခိုးသင့်၍ တကိုယ်လုံး နှူးဖြူးသွား၏။ ဘုရားလောင်း

သည် ပခြုပ်မှ ထွက်၍ နတ်သားအသွင်ဖြင့် ရပ်၏။ သုဒဿန,အဇမုခီတို့လည်း ထို့အတူ ဖန်ဆင်း၍ ရပ်ကြ၏။ နောက်သုဒဿနက 'သာဂရ'မင်းအား "အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် သင် မင်းကြီး၏ နှမရင်း 'သမုဒ္ဒာ'၏ သားတည်း" စသည်ဖြင့် ရှင်းပြလျှောက်ထားကြ၏။ ထိုအခါ မင်းကြီးသည် ထိုတူ,တူမသုံးဦးကို နှန်းတော်သို့ခေါ်၍ ကြီးကျယ်စွာ ပူဇော်ပြီး "သင်တို့၏ ဘိုးတော်မင်းကြီးသည် ကျိမည်သော် တောအုပ်၌ နေ၏" ဟု ဆို၏။ နဂါး မောင်နှမသုံးဦးသည် မင်းကြီးနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောပြီး နဂါးပြည်သို့ ပြန်ကြ၏။

ထိုအခါ နေသာဒပုဏ္ဏားသည် အလမ္ဗာယ်နှုသည်ကို မြင်လျှင် "ငါသည် ငါ့အား ကျေးဇူးပြုဘူးသော ဘူရိဒတ္တနဂါးမင်း၏နေရာကို ဤ အလမ္ဗာယ် အား ပြခဲ့၏။ မိတ်ဆွေကို ဖြစ်မှားသည့် မကောင်းမှုသည် ငါ၌ ကောန်ရောက်မည်။ မရောက်မီ ယမုနာမြစ်သို့ သွား၍ ပယာဂဆိပ်၌ မကောင်းမှုကို ဆေးလျှော်အံ့" ဟုကြံ၍ ထိုမြစ်ဆိပ်သို့သွား၏။ "ငါသည် ဘူရိဒတ္တနဂါးမင်းကို ပြစ်မှားမိ၏။ ထိုမကောင်းမှုကို ဤမြစ်၌လျှော်အံ့" ဟု ဆို၍ ရေထဲဝင်ပ်၏။

ထိုခဏ၌ ဘုရားလောင်း၏ညီ 'သုဘောဂ' နဂါးမင်းသည် ထိုအရပ်သို့ ရောက်လာ၍ ထိုစကားကိုကြားလျှင် "ဘူရိဒတ္တနဂါးမင်းကိုပြစ်မှားသူတည်း" ဟု ထိုပုဏ္ဏား၏ခြေကို မြီးတူးဖြင့် ရစ်ဆွဲပြီး ရေ၌ နှစ်လိုက်, ဖော်လိုက်လုပ်၍ နှိပ်စက်၏။ နောက် လည်၌ကိုင်လျက် တွန်းငင်ထိုးကြိတ်,ဆဲရေးလျက် ဘုရားလောင်း၏ ပြာသာဒ်တံခါးသို့ခေါ်လာ၏။

ထိုအခါ 'ကာဏာရိဋ္ဌ'နဂါးမင်းသည် မိစ္ဆာဒိဋ္ဌိကိုယူသူဖြစ်၍ ပုဏ္ဏားအား ပုတ်ခတ်ဆဲရေးသည့် သုဘောဂကိုမြင်လျှင် "မညှဉ်းဆဲလင့်။ ပုဏ္ဏားတို့သည် ဗြဟ္မာ၏သားတည်း။ ဗြဟ္မာမင်းသည် သူ့အား ညှဉ်းဆဲသည်ကို မြင်လျှင် ငါတို့ နဂါးပြည်ကို ဖျက်ဆီးမည်။ ပုဏ္ဏားတို့၏ တန်ခိုးကား ကြီးမား၏" ဟု တားမြစ်ပြောဆိုလျက် နဂါးပရိသတ်ကို ခေါ်၍ 'ယင်ပူဇော်ခြင်းနှင့် ယင်ပူဇော်သည့်ပုဏ္ဏားတို့၏ကျေးဇူးများ'ကို အကျယ်တဝင့် ဟောပြော၏။

ထိုအခါ ဘုရားလောင်းသည် တရားပလ္လင်ပေါ်၌ နေလျက် နဂါးပရိသတ်တို့ကို စည်းဝေးစေပြီး "ယင်ပူဇော်ခြင်းသည် အကျိုးမရှိ။အကုသိုလ်များ၏။ အပါယ် ရောက်စေသည့်အမှု၊ နတ်ပြည်သို့မလားစေ" စသည်ဖြင့် မိစ္ဆာအယူဖြစ်သော ယင်ပူဇော်ခြင်း၏ အပြစ်များကို အကျယ်တဝင့် ဟောကြားပြီးနေသာဒ ပုဏ္ဏားကို နဂါးပြည်မှ နှင်ထုတ်စေလေ၏။

ပညာရှိသည် အမိဋ္ဌာန်ဥပုသ်ကို အသက်စွန့်၍ စောင့်လေ့ရှိ၏။

[မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ဥပုသ်သီတင်းသုံးသော ဒါယကာတို့ကိုအကြောင်းပြု၍" ဤဇာတ်ကို ဟော၏။ ။ဇာတ်ပေါင်း— ဒေဝဒတ်=နေသာဒမုဆိုး။အာနန္ဒာ=သားသောမဒ္ဒီ။ဥပ္ပလဝဏ် = အဇမုခီ။ သာရိပုတ္တရာ = သုဒဿနံ။ မောဂ္ဂလ္လာန် = သုဇာဝက။ သုနက္ခတ် = ကာဏာရိဋ္ဌ။ ဘုရား = ဘူရိဒတ္တနဲ့ဂါးမင်း]

၅၄၄၊ စန္ဒကုမာရဇာတ်

မင်းယုတ်နှင့် စန္ဒကုမာရမင်းသားအကြောင်း

ဘုရားလောင်းသည် ပုပ္ပဝတီ(ဗာရာဏသီပြည်)'ဝသဝတ္တီ'မင်းကြီး၏သားဖြစ်သူ'ကောရဇ်'မည်သော မင်း၏သား 'စန္ဒကုမာရ'အမည်ရှိ အိမ်ရှေ့မင်းဖြစ်၏။ ထိုမင်း၏ 'ခဏ္ဍဟာလ'အမည်ရှိ ပုရောဟိတ်သည် တံစိုးစား၍ မတရားသဖြင့် အမှုကို ဆုံးဖြတ်၏။

တနေ့သ၌ သူမတရားသဖြင့် ဆုံးဖြတ်သည့်အမှုကို ဘုရားလောင်းကတဖန် တရားသဖြင့် ဆုံးဖြတ်ပေး၏။ ထိုအကြောင်းကိုသိလျှင် ကောရဇ်မင်းသည် ပုရောဟိတ်ကို တရားသူကြီးရာထူးမှခွာ၍ အိမ်ရှေ့မင်းအား တရားသူကြီးအရာကို ပေး၏။ ပုရောဟိတ်သည် လာဘ်လာဘ မရတော့သဖြင့် ဘုရားလောင်းကို ရန်ငြိုးဖွဲ့၍ သတ်ရခွင့်ကို စောင့်နေ၏။ မင်းကား အလွန်ပညာနှည်း၏။

တနေ့သ၌ သူသည် တာဝတိံသာနတ်ပြည်ကို အိပ်မက်မြင်မက်၍ ပုရောဟိတ်အား "နတ်ပြည်သို့ငါရောက်လို၏။ နတ်ပြည်ရောက်ကြောင်း ကောင်းမှုကို ငါ့အား ညွှန်ပြလော့" ဟုဆို၏။ ပုရောဟိတ်က "မင်းကြီး သား, သမီး, မိဖုရား, သူကြွယ်, နွားလား, အာဇာနည်မြင်း စသည် လေးခုစီပါဝင်သည့် သဗ္ဗစတုက္ကယဇ် ဟူသော အတိဒါနကိုပြုလျှင် နတ်ပြည်သို့ ကောင်းရောက်မည်" ဟု လျှောက်၏။ထိုစကားကိုကြားလျှင် နန်းတွင်း၌ မှူးမတ် မိဖုရား မောင်းမပရိသတ်အပေါင်းသည် ကြောက်လန့်တုန်လှုပ်၍ ငိုကြွေးကြ၏။

မင်းက "ငါသည် ဤယဇ်ကိုပူဇော်ပြီး နတ်ပြည်သို့သွားအံ့" ဟုဆိုလျှင် ပုရောဟိတ်က "အရှင်မင်းကြီး ကျွန်ုပ်ဆိုတိုင်း နန်းတော်ကနေ စီရင်ပါ။ ကျွန်ုပ်သည် ယခုပင် ယဇ်ပူဇော်ရန် တွင်းကို စီရင်အံ့"ဟု မြို့မှထွက်၍ မြို့ပြင်အရှေ့မျက်နှာ၌ ယဇ်တွင်းကို စီရင်လျက် ဝင်းကာစေ၏။ မင်းကြီးလည်း မင်းတို့ကိုခေါ်၍"ငါသည် ငါ့မယား, သား, သမီး, သူငြေး, ဆင်,မြင်း, နွားလားတို့ကို လေးခုစီသတ်၍ ယဇ်ပူဇော်ပြီး နတ်ပြည်သို့သွားအံ့။ ၎င်းတို့ကို

ဆောင်ယူခဲ့”ဟု စေလွှတ်၏။ ထိုမင်းချင်းတို့သည် ရှေးဦးစွာ မင်းကြီး၏ မိဖုရားနှင့်တကွ သားတော်လေးပါး၊ နောက် သမီးတော်လေးပါး၊ နောက် မိဖုရားလေးပါး၊ နောက်သူဌေးလေးဦး၊ နောက်ဆင်တော်လေးစီး၊ နောက် နွားလားလေးကောင်၊ နောက် အာဇာနည်မြင်းလေးစီးတို့ကို ယူဆောင်လာကြ၏။

မင်းကြီးက “ငါ့သည် ဤသူအားလုံးကို ယင်ပူဇော်မည်။ ကိုစွအားလုံးကို ပြီးအောင်စီရင်၍ နေထွက်လျှင် ယင်ပူဇော်မည်။ ငါ့သား အိမ်ရှေ့မင်း၏ လည်ချောင်းသွေးဖြင့် အလျှင်ပူဇော်မည်”ဟု ဆို၏။ မင်းကြီး၏ခမည်းတော်‘ဝသဝတ္တီ’မင်းနှင့် မယ်တော် ‘ဂေါတမီ’တို့ လာ၍ “လူမိုက်၏စကားကို မယုံလင့်” စသည်ဖြင့် ဆုံးမ၍ တားမြစ်သော်လည်း မရပေ။ ထိုအခါ ဘုရားလောင်းက သနားစဖွယ် အသံသံသဲသဲသော စကားတို့ဖြင့် လျှောက်ထားတောင်းပန်သော် မင်းကြီးသည် သား၏ချစ်ခြင်းဖြင့် နှလုံးကွဲလုမတတ်ဖြစ်၍ ငိုကြွေးလျက် “နှတ်ပြည်သို့မရောက်လျှင် ရှိစေ၊ ငါ့သားတော်များကို မသတ်ပြီ”ဟု ကြုံ၍ မင်းသား မင်းသမီး စသည်အားလုံးကို လွှတ်စေ၏။

ထိုအခါ ယင်တွင်းစီရင်နေသည့် ပုရောဟိတ်သည် သူ့ကိုလာဆဲသည့် သူတဦးထံမှ ထိုအကြောင်းကိုကြား၍ လျင်မြန်စွာသွားပြီး ရှေးနည်းတူ သားတော် စသည်တို့ကို လွှတ်ခိုင်းပြန်၏။ တဖန် ယင်တွင်းစီရင်နေသည့် ပုရောဟိတ်သည် သူ့ကိုလာဆဲသည့်သူတဦးထံမှ ထိုအကြောင်းကိုကြား၍ မင်းကြီးထံ လျင်စွာသွားပြီး ရှေးနည်းအတူ လျှောက်ထားတိုက်တွန်းသော် မင်းကြီးသည် သားတော်စသည်တို့ကို ဖမ်းစေပြန်၏။

ထိုအခါ ဘုရားလောင်းက “မင်းကြီး၊ ခဏ္ဍဟာလ၏ စကားသည် မှန်လျှင် နှတ်ပြည်ကိုရောက်ကြောင်းခရီးကို သိသည့် ခဏ္ဍဟာလသည် အဘယ့်ကြောင့် သူ့သားသမီးများကို မသတ်သနည်း။ သူ့အသက်ကို သတ်သုတ်တို့

သည် အမှန်အား‌ဖြင့် နတ်ပြည်သို့မရောက်ဘဲ ငရဲသို့သာလား‌ကုန်၏”စသည်ဖြင့် အကျိုးနှင့်အကြောင်း ရှင်းလင်း၍ တောင်းပန်သော်လည်း မရပေ။

ထိုအခါ ဘုရားလောင်း၏သား‌တော် ‘ဝဿုလ’မင်းသား‌ငယ်က ငိုကြွေးတောင်းပန်သော် မင်း‌ကြီးသည် မြေး၏ငိုကြွေး‌သံကိုကြား‌လျှင် နှလုံး‌ကဲ့လှုမတတ်ဖြစ်၍ မျက်ရည်ကျပြီး မြေး‌ကိုပိုက်ခွေ‌လျက် သား‌တော် စသည်တို့‌ကို လှတ်စေပြန်၏။ ထို‌အကြောင်း‌ကိုကြား‌လျှင် ပုရောဟိတ်သည် အမြန်လာ၍ ရှေး‌နည်း‌တူ တိုက်တွန်း‌လျောက်ထား‌သော် မင်းမိုက်သည် ထို‌စကား‌ကို နာယူ၍ သား‌တော် စသည်တို့‌ကို ဖမ်းယူစေပြန်၏။ နောက် ပုရောဟိတ်သည် သူ့အကြံ အမြန်အောင်မြင်စေရန် မင်း‌ကြီး‌အား “မင်း‌ကြီး ကျွန်ုပ်သည် ရတနာတို့ဖြင့် ယဇ်တွင်း‌ကို စီရင်ပြီးပြီ။ နတ်ပြည်ရောက်‌ကြောင်း ယဇ်ပူဇော်ခြင်း‌ကိုပြုပါ”ဟု တိုက်တွန်း‌ပြောဆို၏။

မင်းသည် သား‌တော် အိမ်ရှေ့မင်း စသည်တို့‌ကို ဆောင်ယူ၍ ယဇ်တွင်းသို့ ထွက်၏။ ဘုရားလောင်း၏ ခုနစ်ရာသော မင်းသမီး စသည်တို့နှင့် ပြည်သူအပေါင်းသည် ငိုကြွေး‌လျက် နောက်မှလိုက်‌ကြ၏။ ဘုရားလောင်း၏ မယ်‌တော် ‘ဂဂါတမီ’နှင့် တကွ မိဖုရား‌ကြီး ‘စန္ဒာဒေဝီ’ စသော မိဖုရားလေးဦးတို့သည် အိမ်ရှေ့မင်း‌ကို အသက်ချမ်းသာပေးရန် မင်း‌ကြီး၏ခြေရင်း၌ ဝပ်၍ တောင်းပန်သော်လည်း မရပေ။ ယဇ်တွင်းသို့ရောက်သော် ဘုရားလောင်း‌က မင်း‌ကြီး‌အား ခြေရင်း၌ ငိုကြွေး၍ အကြိမ်‌ကြိမ်တောင်းပန်သော်လည်း မရပေ။ ဘုရားလောင်း၏ မယ်‌တော် ‘ဂဂါတမီ’နှင့် မိဖုရား‌ကြီး ‘စန္ဒာဒေဝီ’တို့သည် ရင်သား‌ကို ရိုက်တီး၍ မင်း‌ကြီးခြေရင်း၌ ဝပ်‌ကာ ငိုကြွေး‌ကြ၏။

ထို‌ဓာဝ၌ပင် ယဇ်တွင်းစီရင်ခြင်း‌ကိစ္စ အား‌လုံး ပြီးစီး၍ ဘုရားလောင်း‌ကို ယူဆောင်ပြီး ယဇ်တွင်းပေါ်၌ လည်‌ကို ညှတ်စေလျက် နေ၏။ ပုရောဟိတ်သည် ရှေ့ဆက်‌ကို ဘုရားလောင်း၏ လည်အောက်၌ထား‌စေပြီး သူ့လည်‌ကို ဖြတ်ရန် သန်လျက်‌ကို ထမ်း၍ ရပ်၏။

ထို‌အခါစန္ဒာဒေဝီသည်“ငါ့သစ္စာဖြင့် ငါ့လင်သည်ချမ်းသာစေသတည်း” ဟု လက်အုပ်ချီ၍ ပရိသတ်အလယ်၌ သစ္စာပြု၍ နတ်များ‌ကို တောင်းပန်၏။ ထို‌ဓာဝ၌ သိကြား‌မင်းသည်လာ၍ ရဲရဲတောက်သံတုတ်‌ကို လှည့်လည်လျက် မင်း‌ကြီး‌အား “ဟယ် မင်းယုတ်၊ သင့်ဦးခေါင်း‌ကို ရိုက်ခဲ့အံ့။ ဦးခေါင်းပြတ်မှာ‌ကြောက်လျှင် အပြစ်မရှိသည့် စန္ဒကုမာရ‌ကို မသတ်နှင့်” စသည်ဖြင့် ခြိမ်းချောက်၏။ မင်းနှင့်ပုရောဟိတ်တို့သည် ပြင်းစွာ ထိတ်လန့် ကြောက်ရွံ့သဖြင့် မင်းသား,မင်းသမီး စသည် အား‌လုံး‌ကို အနှောင်အဖွဲ့မှ လွှတ်စေ၏။

လူအပေါင်းသည် အုတ်ခဲ့ တယောက်တခုစီဖြင့် ပုရောဟိတ်ကို ပစ်ထု၍ သတ်ကြ၏။ နောက် မင်းကိုသတ်မည်ပြုကြသော် ဘုရားလောင်းက ဘခင်ကို ဖက်၍ အသက်ချမ်းသာပေးရန်တောင်းပန်၏။ ထိုလူတို့က "ဤမင်းယုတ်အား အသက်ကိုသာချမ်းသာပေးမည်။ ထီးနန်းကိုမူငါတို့မပေး။ မြို့ပြင်၌ဒုန်းစက္ကား လုပ်၍နေစေ" ဟု ဆိုလျက် မင်းဝတ်တန်ဆာတို့ကို ချွတ်၍ သစ်ခေါက်ဆိုး အဝတ်ကိုပေးပြီး ဒုန်းစက္ကားနေရာအရပ်သို့ ပို့စေ၏။ ဘုရားလောင်းသည် မင်းဖြစ်၍ ပုပ္ပဝတီပြည်၌ ထီးနန်းစိုးစံလျက် ဘခင်အား မြို့တွင်းသို့သာဝင်ခွင့်မပေးဘဲ အစဉ်အမြဲ ပေးကမ်းထောက်ပံ့လေ၏။

လူယုတ်သည် လူမိုက်ကိုသုံး၍ သူတော်ကောင်းကို ဖျက်ဆီးတတ်၏။

[မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်ဝယ်ဋ္ဌဝန်ကျောင်းအနီး ဂိဇ္ဈကူဋ်တောင်ယံ၌နေစဉ် "လေးသမားကြီးအား ဘုန်းကို လေးဖြင့်ပစ်သတ်ခိုင်းသော ဒေဝဒတ်ကို အကြောင်းပြု၍" ဤဇာတ်ကိုဟော၏။ ။ဇာတ်ပေါင်း– ဒေဝဒတ်= ခဏ္ဍဟာလပုဏ္ဏား။ လေးသမားကြီး= ကောရဗ်မင်း။ မဟာမာယာဒေဝီ= မယ်တော် ဂဂါတမီ။ ယသောဓရာ=စန္ဒာဒေဝီ။ ရာဟုလာ=ဝသုလမင်းသား။ ဘုရား=စန္ဒကုမာရမင်းသား။]

၅၄၅၊ နာရဒဇာတ်

မိန္ဆာမင်းနှင့် နာရဒပြဟ္မ အကြောင်း

ဝိဒေဟာရုဇ်တိုင်း မိထိလာပြည် 'အင်္ဂတိ' မင်းသည် တနေ့သော တန်ဆောင်မုန်းလပြည့်နေ့၌ ကြတ္တိကာနက္ခတ်သဘင်ဖြစ်သော မြို့တော်ကို နတ်ပြည်ကဲ့သို့ ဆင်ယင်၍ ပြာသာဒ်ထက်၌ အမတ်ပေါင်း ခြံရံလျက် ပျော်စံနေ၏။ သူသည် လပြည့်ဝန်းကိုကြည့်လျက် "ယခု ညကား အလွန် မွေ့လျော်ဘွယ်ရှိ၏။ အဘယ်ကိုပြု၍ ငါတို့ပျော်ကြအံ့နည်း။ သင်တို့နှစ်သက်ရာကို လျှောက်ကြလော့" ဟု ဆို၏။

ထိုအခါ စစ်သူကြီးအမတ်'အလာတ'က "စစ်သည်ဗိုလ်ပါများကို စုဝေးစေ၍ ရန်သူတို့ကို စစ်ထိုးခြင်းပြုပါလော့" ဟုဎင်း၊ 'သုမနာ' အမတ်ကြီးက "အစားအသောက်ကောင်းများကို စားသောက်၍ ကခြင်း, သီခြင်း စသည်ကာမဂုဏ်တို့ဖြင့် မွေ့လျော်ပါလော့" ဟုဎင်း၊'ဝိဇယ'အမတ်ကြီးက "ရဟန်း၊ ပုဏ္ဏားများကို ဆည်းကပ်၍ အရှင်မင်းကြီး၏ ယုံမှားခြင်းကို ပယ်ဖျောက်ပါလော့" ဟုဎင်း လျှောက်ကြ၏။

မင်းကြီးက "ဝိဇယ၏ အကြံကို နှစ်သက်၏" ဟုဆိုသော် အလာတအမတ်ကြီးက "မိဂဒါဝုန်တော၌ ပညာရှိဟု သမုတ်အပ်သော အဝတ်မဝတ်သည့်

'ကဿပ' တက္ကတ္ဥန်းဆရာသို့ ဆည်းကပ်သင့်၏''ဟု ဆို၏။ မင်းကြီးသည် နှစ်သက်၍ ရထားစီးပြီး မှူးမတ်အပေါင်း ခြံရံလျက် ကဿပတက္ကတ္ဥန်းထံသွားပြီး ''အဘယ်အကျင့်ကိုကျင့်၍ နတ်ပြည်သို့ ရောက်ရပါအံ့နည်း။ အဘယ်တရားမှ ယုတ်၍ အဝီစိငရဲသို့ကျသနည်း'' ဟု မေး၏။

တက္ကတ္ဥန်းက ''ကောင်းကျိုး,မကောင်းကျိုးဟူ၍မရှိ။ တမလွန်လောကမရှိ။ မိဘဆရာဟူ၍မရှိ။ သတ္တဝါအားလုံးသည် ထပ်တူပင်ဖြစ်ပြီး ကမ္ဘာကြီးရှစ်ဆယ့်လေးခုပြည့်ဘော် အလိုလို စင်ကြယ်ကြမည်။ ထိုအတောအတွင်း ကုသိုလ်ပြုဘို့မလို'' စသည်ဖြင့် ဥစ္ဆေဒဒိဋ္ဌိဝါဒကို ဟောကြား၏။

ထိုအခါ 'အလာတ' အမတ်ကြီးက ''ကျွန်ုပ်သည် ရှေးဘဝက နွားသတ်သမားဖြစ်ခဲ့ပြီး ငရဲမကျဘဲ ယခု အမတ်ကြီးဖြစ်၏''ဟုငင်း၊ 'ဗိဇက' အမည်ရှိကျွန်က ''ကျွန်ုပ်သည် ရှေးဘဝက သူဌေးကြီးဖြစ်၍ အလှူဒါန စသည်တို့ကိုပြုလေ့ရှိခဲ့သော်လည်း နတ်ပြည်မလားဘဲ ယခုကျွန်ဖြစ်၏''ဟုငင်း တက္ကတ္ဥန်း၏ စကားကို ထောက်ခံပြောဆို၏။

ထိုအခါ မင်းကြီးက တက္ကတ္ဥန်းအား ''အရှင်ဘုရားစကားသည်မှန်လှ၏။ ဆရာအဖြစ်ဖြင့် ကိုးကွယ်ပါအံ့။ ယနေ့မှစ၍ ဒါန စသည့် ကုသိုလ်တို့ကိုပြု၍ အချိန်မဖြုန်းတော့ဘဲ ကာမဂုဏ်ချမ်းသာများကိုသာ ခံစားအံ့'' ဟု ဆိုပြီး ရှိခိုး၍ပြန်၏။ သူသည် ထိုအမတ်သုံးဦးအား ပြည်ထဲရေးကိစ္စ အားလုံးကိုလွှဲအပ်၍ အလှူတင်းကုပ်များကို ဖျက်ဆီးပြီး စုန္ဒကူးနံ့သာ ပြာသာဒ်၌ ကာမဂုဏ်များကို ခံစားလျက် သူတပါး၏မယား,သမီးတို့ကိုပင် အနိုင်အထက် သိမ်းယူ၏။''မင်းကြီးသည် ကဿပတက္ကတ္ဥန်းကိုမှီ၍အယူများကို ယူသတတ်'' ဟု တပြည်လုံး အုတ်အုတ်ကျက်ကျက်ဖြစ်၏။

ထိုအခါ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်၌နေသည့် မင်းကြီး၏သမီးတော်'ရုဇာ' မင်းသမီးသည် ထိုအကြောင်းကိုကြားလျှင်''ငါသည် ဤဘဝသို့ မရောက်မီ နတ်သမီးဖြစ်ခဲ့စဉ်ကပင် ရှေးခုနစ်ဘဝနှင့် နောက်ခုနစ်ဘဝကို သိမြင်၏။ ရှေးဦးပြုခဲ့ဘူးသည့် မကောင်းမှု၏ အပြစ်ကိုပြု၍ နောက်ခုနစ်ဘဝကိုသိမြင်၏။ ရှေးဦး ပြုခဲ့ဘူးသည့် မကောင်းမှု၏ အပြစ်ကိုပြု၍ ဘခင်ကိုသိစေပြီး မိစ္ဆာအယူကိုစွန့်စေအံ့။ယခု မင်းကြီးထံမသွားသင့်သေး။ မင်းကြီးထံလခဲ့တကြိမ် သွားနေကျအတိုင်း ငါသည် ယနေ့မှ တဆယ့်လေးရက်မြောက် လမကွယ်မီအဖိတ်နေ့သို့ရောက်မှသွားအံ့'' ဟု ကြံ၏။ ထိုနေ့ရောက်သော် ရုဇာ မင်းသမီးသည် တန်ဆာဆင်၍သွားသော်မင်းကြီးက''ချစ်သမီးအလိုရှိရာကိုပေးအံ့'' ဟုဆို၏။ ရုဇာက,''နက်ဖြန်လကွယ်ဥပုသ်နေ့တည်း။ကျွန်ုပ်အား ပေးမြဲဥတထောင်ကို

ပေးပါ။ပေးလျှုမြဲတိုင်းရသေ့ ပုဏ္ဏား သူတောင်းစားတို့အား ပေးလျှုစွန့်ကြဲပါအံ့''ဟုဆို၏။

မင်းကြီးက''ချစ်သမီး၊တမလွန်လောကမရှိ။အဆင်းရဲခံ၍အလှုမပေးနှင့်။ကာမဂုဏ်ချမ်းသာကိုသာ ခံစားလော့''ဟုဆို၏။

ရူဇာက ကဿပတက္ကတွန်း၊ အလာတအမဟ်၊ ဗိဇက သူဆင်းရဲတို့၏မိစ္ဆာအယူတို့ကိုဖော်ပြပြီး''သူမိုက်ကို မှီဝဲခြင်း၏ အပြစ်နှင့် သူတော်ကောင်းကိုမှီဝဲခြင်း၏အကျိုးတို့ကိုဖော်ပြသည် နတ်ပြည်သို့လားစေကြောင်းများကိုဆင်း အကျယ်တဝင့် ဟော၏။ နောက် ဆက်လက်၍''ကျွန်ုပ်သည် တဝတိံသာ၌ နတ်သမီးဖြစ်စဉ်က နတ်သမီး မဖြစ်မီ ခဲ့နစ်ဘဝအတွင်း၊ ရှေပန်းထိမ်သည်၏သားဖြစ်စဉ်က သူတပါးသား မယား ပြစ်မှားခြင်းစသည့် အကုသိုလ်များကို ပြုခဲ့သဖြင့် ရောရဝငရဲကျခဲ့ရခြင်း၊ ဝေးစေ့အထုတ်ခံရသည့် ဆိတ်၊ မျောက်၊ နွား သုံးဘဝနှင့် နပုံးပဏ္ဍုတ်ဘဝ ဖြစ်ခဲ့ခြင်းများ''ကိုဆင်း၊''သူဌေးသား ဖြစ်ခဲ့သည့် ဘဝက ဒါန,သီက ကုသိုလ်များကို ပြုခဲ့သဖြင့် ယခင် နတ်သမီးဘဝနှင့် ယခုမင်းသမီးဘဝဖြစ်ပြီးသည့် နောက်ခုနစ်ဘဝတို့တွင် ကြွယ်ဝချမ်းသာသည့် အမျိုးသမီးခြောက်ဘဝတိုင်ဖြစ်ပြီး သတ္တမဘဝ၌ကား နတ်သားဖြစ်မည်''ဟူ၍ ၎င်းအတိတ်ဝတ္ထုများဖြင့် အကျယ်တဝင့် ရှင်းပြပြီး ''ကောင်းမှု မကောင်းမှုဟူသည် ပျောက်သွားသည်မရှိ။ အရိပ်သဖွယ် ထက်ကြပ်လိုက်ကုန်၏'' ဟူ၍ လျှောက်တား၏။

ထို့နောက် မင်းကြီးအား တရားမှာရှိသည့်အတိုင်းအမျိုးမျိုးသောတရားစကားတို့ကို နံနက်မှသည် ညဉ့်သုံးယာမ်ပတ်လုံးဟောကြားလျက် ''အရှင်မင်းကြီး၊ အချည်းနှီးသောမိစ္ဆာဒိဋ္ဌိတက္ကတွန်းစကားကို မယူပါလင့်။သူတော်ကောင်းတို့၏စကားကိုသာ နာယူပါလော့''ဟုဆို၏။ သို့သော်လည်း ရူဇာသည် မင်းကြီးအား အယူမှားကို စွန့်စေရန် မတတ်နိုင်။ ထိုအခါ ရူဇာသည် လက်အုပ်ချီ၍ အရပ်ရှစ်မျက်နှာတို့ကိုရှိခိုးလျက် ''ရဟန်း၊ပုဏ္ဏား၊နတ်၊ဗြဟ္မာတို့သည် ဤအရပ်သို့လာ၍ မိမိတို့၏ အစွမ်းဖြင့် ဘခင်၏မိစ္ဆာအယူကို စွန့်စေလျက် ပြည်သူတို့၏ ချမ်းသာကို ဆောင်ရွက်စေကုန်သတည်း''ဟု အဓိဋ္ဌာန်ပြု၍ ရှိခိုးတောင်းပန်၏။

ထိုအခါ ဘုရားလောင်း'နာရဒ'ဗြဟ္မာမင်းသည်ရဟန်းအသွင်ဖြင့်'အင်္ဂတိ'မင်းစံရာ ပြာသာဒ်ထဲသို့ ဝင်ရောက်လာ၍ ကောင်းကင်၌တည်၏။ ရူဇာသည် ရှင်ရသေ့ကို ရှိခိုးလျက် နေ၏။ မင်းကြီးသည် ရသေ့၏ အရှိန်အဝါဖြင့်

ကြောက်လန့်၍ မင်းနေရာမှလျှောကျပြီး အောက်၌တည်လျက် ရသေ့အား "လာသောအရပ်၊ အမျိုးအမည်၊ တန်ခိုးရသည့် အကြောင်း" တို့ကို မေး၏။ ရသေ့က "ငါသည် နတ်ပြည်မှလာ၏။ ငါ့ကို 'နာရဒ' ဟူ၍၎င်း၊ 'ကဿပ' ဟူ၍၎င်း လူတို့သိကြ၏။ ငါသည် ရှေးဘဝက 'သစ္စာ၊ ဓမ္မ၊ ဓိတိ၊ စာဂ' ဟူသော တရားများကို ပြုကျင့်ခဲ့၍ ဤတန်ခိုးကိုရ၏။ ငါသည် စိတ်ဖြင့် အလိုရှိတိုင်း ပြီး" ဟု ဆို၏။

မင်းကြီးသည် တမလွန်လောကကိုမယုံသဖြင့် "ကောင်းမှု၏ အကျိုးသည် ဘယ်မှာရှိအံ့နည်း" ဟုဆိုသော် ရသေ့က "တမလွန်လောက ရှိကြောင်း၊ ကုသိုလ်အကျိုး၊ အကုသိုလ်အကျိုးရှိကြောင်း ပြလျက် မင်းကြီးအား ငရဲအကြောင်းကို ဟောကြား၍ ငရဲဘေးဖြင့် ခြိမ်းချောက်ပြီး၊ တဖန် နတ်ပြည်အကြောင်းဟော၍ နတ်ပြည်ခရီးဖြင့်" နှစ်သိမ့်စေ၏။

မင်းကြီးသည် ငရဲဘေးဖြင့် ထိတ်လန့်တုပ်လှုပ်လျက် "အရှင်ဘုရားသာကိုးကွယ်ရာ ရှိပါ၏။ ကျွန်ုပ်အား ငရဲမကျအောင်, သုဂတိဘဝသို့ ရောက်အောင် မြတ်သောလမ်းကို ဟောကြားပါ" ဟုလျှောက်၏။ ထိုအခါ ရသေ့က မင်းကြီးအား ကောင်းမြတ်သော ကျင့်စဉ်တို့ကို ဟောကြားဆုံးမ၍ အယူမှားကို ပယ်စေပြီး သီလ၌ တည်စေပြီးသော် "ဤနေ့မှစ၍ သူမိုက်တို့ကို ပယ်ပြီး သူတော်ကောင်းတို့ကိုအမြဲဆည်းကပ်လျက်မမေ့မလျော့ကျင့်လော့" ဟု အဆုံးအမကိုပေး၍ ရုဇာမင်းသမီးအား များစွာချီးမွမ်းပြီး တန်ခိုးအာနုဘော် ကြီးစွာဖြင့် ပြဟ္မာ့ပြည်သို့ သွားလေ၏။

လူမိုက်စကားကိုနာယူလျှင် ဒုစရိုက်ပွား၍ အပယ်လားမည်သာ။

[မြတ်စွာဘုရားသည် 'ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ, ရသေ့သုံးဦး အမှူးရှိသော ရသေ့တထောင်ကိုခွတ်ပြီး ဗုဒ္ဓိသာရမင်းနှင့် ပရိသတ်ရှေ့၌ ထိုင်နေတော် မူစဉ် "ရဟန်းတို့က ဘုရားသည် ဥရုဝေလကဿပအား အယူမှားကိုပယ်၍ ဆုံးမတော်မူ၏ဟု ဘုရားဂုဏ်ကို ချီးမွမ်းကြသည်ကို အကြောင်းပြုပြီး" ဤဇာတ်ကို ဟော၏။ ။**ဇာတ်ပေါင်း**–ဒေဝဒတ်=အလာတအမတ်။ ဘဒ္ဒဇိ=သုမနာအမတ်။ သာရိပုတ္တရာ=ဝိဇယအမတ်။ မောဂ္ဂလ္လာန်=ဗိဇကကျွန်။ သုနက္ခတ်=ကဿပတကွဲတွန်း။ အာနန္ဒာ=ရုဇာမင်းသမီး။ ဥရုဝေလ ကဿပ=အင်္ဂတီမင်းကြီး။ ဘုရား=နာရဒပြဟ္မာမင်း။]

၅၄၆၊ ဝိဓုရဇာတ်
ဝိဓုရသုခမိန်နှင့် ပုဏ္ဏကဘီလူးအကြောင်း

ဘုရားလောင်းသည် ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည် 'ဓနဉ္ဇယ ကောရဗျ' မင်း၏ 'ဝိဓုရ'မည်သော အမတ်ဖြစ်၏။ ထိုမင်း၏ 'ကောရဗျ'မင်းသားသည် အရွယ်ရောက်သော် ဖခင်ကွယ်လွန်၍ တရားနှင့်အညီ မင်းပြု၏။ ကောရဗျမင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဒါန သီလစသော ကုသိုလ်တို့ကိုပြုကျင့်ပြီး ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်၍ ဥယျာဉ်၌ ရဟန်းတရားကို ပွားများ၏။ သိကြားမင်း, ဝရုဏမည်သော နဂါးမင်း, ဂဠုန်မင်း သုံးဦးတို့လည်း ထိုဥယျာဉ်သို့လာပြီး မိမိတို့ နေရာအသီးသီး၌နေ၍ ရဟန်းတရားများကို ပွားကြ၏။

ထိုမင်းလေးပါးတို့သည် ညနေအခါတွင် မင်္ဂလာ ကျောက်ဖျာပေါ်၌ စုဝေးနေလျက် 'သူ့သီလက မြတ်သည်၊ ငါ့သီလက မြတ်သည်'ဟု အငြင်းပွားကြပြီး ဘုရားလောင်းထံသွား၍ မိမိတို့၏ သီလအကြောင်းကို အသီးသီး ပြောကြား၏။

ဘုရားလောင်းက "သင်တို့၏ သီလအသီးသီးသည် အတူတူ မြတ်သည်သာတည်း"ဟု ဆုံးဖြတ်၏။ မင်းလေးပါးတို့သည် အလွန် နှစ်သက်ကြ၍ သူ့အား သိကြားမင်းက 'ဘွဲ့ဖြူပုဆိုး'ဖြင့်ဂုဏ်း၊ ဂဠုန်မင်းက 'ရွှေပန်းကုံး' ဖြင့်ဂုဏ်း၊ နဂါးမင်းက 'ပတ္တမြား'ဖြင့်ဂုဏ်း၊ ကောရဗျမင်းက 'ဆင်မြင်းစသည်'ဖြင့်ဂုဏ်း ပူဇော်ကြ၏။

တနေ့သ၌ 'ဝရုဏ' နဂါးမင်း၏ မိဖုရား 'ဝိမလာ'သည် ဝိဓုရသုခမိန်အကြောင်းကိုကြား၍ သူ့တရားကို နာလိုသာဖြင့် နာဟန်ပြုပြီး ပရိယာယ်ဖြင့် နဂါးမင်းအား "ကျွန်ုပ်သည် ဝိဓုရသုခမိန်၏ နှလုံးကို အလိုရှိ၏။ မရသော် သေရအံ့"ဟု ဆို၏။ နဂါးမင်းလည်း ဝိဓုရသုခမိန်၏ နှလုံးကို ဆောင်နိုင်မည့်သူကိုရှာမရ၍ ကြုံမိုင်နေ၏။နောက်လာမေးသည့်သူ့သမီး 'ဣန္ဒဝတီ'မင်းသမီးအား ထိုအကြောင်းကို ပြောကြားပြီး "ဝိဓုရသုခမိန်ကို ငါ့ထံရောက်အောင် ဆောင်နိုင်မည့် လင်ကို ရှာလော့"ဟု ဆို၏။

ဣန္ဒဝတီသည် ဟိမဝန္တာဝယ် 'ကာဠဂိရိ'မည်သော တောင်ညိုထိပ်၌ ပန်းမွှေ့ရာခင်း၍ ကလျက် "ငါအလိုရှိသော ဝိဓုရသုခမိန်၏ နှလုံးကို တရားသဖြင့် ဆောင်ပေးနိုင်သူသည် ငါ့လင်ဖြစ်မည်" စသည်ဖြင့် သီချင်းဆို၏။

ထိုအခါ ဝေဿဝဏ်နတ်မင်း၏တူ 'ပုဏ္ဏက'မည်သော ဘီလူးစစ်သူကြီးသည် မနောမယ သိန္ဓောမြင်းကိုစီး၍ ထိုအရပ်သို့ လာ၏။ သူသည် ထိုသီချင်းသံကို ကြား၍ တပ်စွန်းသဖြင့် "ငါသည် ငါ့ပညာစွမ်းဖြင့် တရားနှင့်အညီ ဝိဓုရသုခမိန်၏ နှလုံးသားကို ဆောင်အံ့။ သင်သည် 'ငါ့မယား ဖြစ်စေအံ့" ဟု ဆို၏။ ဣန္ဒဝတီက ပုဏ္ဏကကို မိဘများထံ ခေါ်သွား၏။ မိဘများက "ဤသို့ ဆောင်ပေးနိုင်လျှင် ပေးစားအံ့"ဟု သဘောတူ၏။

